www.dhammaransi.com

# ေတဒဓိဏ္ဍ ဘာသာဋီကာ

www.dhammaransi.com

အရှင်ဇနကာဘိဝံသ

၏

အမှတ်(၂၂)ကျမ်းစာ

# ဘောဇ္ဈင်္ဂဘာသာဋီကာ

၁၃၂၃-ခု

နယူးဘားမားပိဋကပုံနှိပ်တိုက်
အမရပူရမြို့။

www.dhammaransi.com

ပုံနှိပ်, ထုတ်ဝေသူ (မောင်ကျော်)

☆

(ကျော်) ပုံနှိပ်စက်
၈၄-လမ်း, ကုန်းခြံ-မန္တလေး။

www.dhammaransi.com



# ဗောဓိစန္ဒာ ဘာသာဋီကာ
## အချီနိဒါန်း

ဝိဘဇ္ဇဝါဒကော နာထော, ဗောဓိန္ဒိန နာယကော၊
အယံခေါ ဗျာချာ သဒ္ဒတ္ထ-ဗောဓိစန္ဒာယ စိန္တနာ။

နာထော-ငါ၏ ကိုးကွယ်, ငါ့ကိုကယ်၍, ငါ့နှယ် မခြား, လူနတ်များ၏, အားထားရာ သခင်, ဘုရားရှင် ကိုယ်တော်မြတ်သည်၊ ဝိဘဇ္ဇဝါဒကော- ပယ်သင့် ယူသင့်, ခွဲဝေချင့်၍, မလင့်ပုံသေ, ဟောတော်မူတတ်ပါပေ၏၊ ဗောဓိန္ဒိနံ - ခွဲခြားဝေဘန် , စဉ်းစားဉာဏ်ဖြင့်, အမှန်မြင်သိ , ပညာရှိတို့၏၊ နာယကော - ရှေ့သွားခေါင်းဆောင်, ဉာဏ်တော်ရောင်ဖြင့် , ထွန်းပြောင် ထိန်ညီး , အကြီး အကဲလည်းဖြစ်တော်မူပါပေ၏။

အယံ- ယခုခါဝယ်, အစုံခြယ်၍, အကျယ်ဖွင့်ရာ, ဤဋီကာသည်ကား၊ သဒ္ဒတ္ထဗောဓိစန္ဒာယ- သဒ္ဒတ္ထ ဗောဓိစန္ဒာ, မည်သညာဖြင့်, မြန်မာတင့်လွှမ်း, စာငယ်ကျမ်း၏၊ စိန္တနာ- အနက်မကွယ်, မိပ္ပါယ်မထောင့် , ဖြောင့်ဖြောင့် ပိုင်ပိုင် , နားလည်နိုင်ကြောင်း ဖြစ်သော၊ ဗျာချာ -နိဿယည်း အဓိပ္ပါယ် , ခပ်လွယ်လွယ်ဖြင့် , အကျယ်မှီရာ, ဘာသာဋီကာ တမျိုးပါတည်း။

**မရေးလိုဘဲ ရေးရခြင်း။** ။မိမိသည် အချိန်ကုန်ရ ဉာဏ်ဝင်စားရချင်းတူလျှင် ပိဋကတ်တော်၌သာလျှင် ဉာဏ်ဝင်စားလို အချိန်ကုန်စေလို၏၊ ပိဋကတ်တော်၏ အစွန်အဖျားကျသော ဤ သဒ္ဒါငယ်ကျမ်းမျိုး၌ အချိန်မကုန်စေလိုပါ၊ သို့ရာဝယ် မိမိကိုအားကိုးသော စာသင်သားတို့သည် ခေတ်အားလျော်စွာ စာမေးပွဲများကို ဖြေလိုကြသည်၊ ထို့ကြောင့် မိမိကို အားကိုးသော စာသင်သားများ အတွက် ဤ ဗောဓိစန္ဒာ ဘာသာဋီကာကို မရေးလိုဘဲလျက် ပို့ချရင်း ရေးသားရပါသည်။

**ကျမ်းဆရာ၏ နေရာ။** ။ဤသဒ္ဒတ္ထဗောဓိစန္ဒာကျမ်းဆရာ အရှင်သဒ္ဓမ္မသိရီသည် ''အရိမဒ္ဒန''မည်သော ပုဂံပြည်၌ သီတင်းသုံးစဉ် ဤဗောဓိစန္ဒာကျမ်းကို စီရင်သတတ်၊ မိမိတို့ ပုဂံသြောင်ဦးရောက်စဉ်က ထိုအရှင်၏ ဤကျမ်းကို ရေးသားရာဌာနဟု အသိအမှတ်ပြုအပ်သော

www.dhammaransi.com



အုဋ်တံတိုင်း အကာအရံကြီးကိုကပ်၍ အုဋ်ကျောင်း ခန်းဆောင်ငယ်များကို စီတန်းဆောက်ထားသောနေရာကို တွေ့မြင်ခဲ့ရပါသည်။

**ကျမ်းပြုချိန်။** ။ အရှင် အရဟံတို့ ပုဂံကြွရောက်ပြီးနောံ ပိဋကတ်ကျမ်းစာများကို လေ့လာကြရာဝယ် သဒ္ဒါနှင့်ဆိုင်ရာကိုလည်း အထူးလေ့လာကြရသော ခေတ်ဖြစ်ဟန် တူသည်၊ ထိုအချိန်မှာ ဤသဒ္ဒတ္ထဘေဒစိန္တာနှင့် အလားတူကျမ်းငယ်အများ ရေးသားရာဝယ် အခြားကျမ်းစာများ၏အဓိပ္ပါယ်အားလုံး ဤကျမ်း၌ပါဝင်နေသောကြောင့် ဤကျမ်းကိုသာအတည်ပြု၍ အခြားကျမ်းများကို ကွယ်ပျောက်စေကြသည် - ဟု တဆင့်ကြားရဘူးပါသည်၊ [ ထိုအချိန်မှာ " သဒ္ဒနီတိ " သဒ္ဒါကျမ်းကြီးလည်း ထင်ရှားစွာ ပေါ်လာပြီး ဖြစ်၏။]

**ဘာသာဋီကာ၏ မှီရာ။** ။မိမိသည် ဤကျမ်းကို ပို့ချသောအခါ ဆရာများထံမှ မှတ်မိသော အဓိပ္ပါယ်များကို မှီညာဏ်းပြုလျက် ယခုတွေ့ရသော ဋီကာ - ဒီပနီနှင့် မဟာဋီကာတို့ကို ကြည့်ရှု၍ ရေးသားပါသည်၊ အကယ်၍ မိမိ၏ ဉာဏ်မမှီမှု သတိချွတ်မှုကြောင့် အမှားအယွင်းကို တွေ့ကြပါလျှင် ပြင်ဆင်၍ ရှုစားနိုင်ကြပါစေသတည်း။

ဂစ္ဆတံ ခလနံ ကွာပိ, ဘဝတျေဝ ပမာဒတော၊
ဟသန္တိ ဒုဇ္ဇနာ တတ္ထ, သမာဒဟန္တိ သဇ္ဇနာ။

ကွာပိ-တစုံတရာ, ကုန်းသာမြေပြင်၌သော်မှလည်း၊ ဂစ္ဆတံ-ဧးဧးသာသာ , သွားလာရသူတို့၏၊ ပမာဒတော – သတိလွတ်ကင်း , မေ့လျော့ခြင်းကြောင့်၊ ခလနံ-ချွတ်ချော်တိမ်းပါး, လဲသွားခြင်းသည်၊ ဘဝတျေဝ – တရံတခါ , ဖြစ်တတ်သေးသည်သာ၊ တတ္ထ – ထိုသို့တိမ်းပါး, လဲသွားရာ၌၊ ဒုဇ္ဇနာ- စိတ်ထားသေးနုပ်, လူယုတ် လူညံ့တို့သည်၊ ဟသန္တိ – ပြောင်လှောင်အားရ, ရယ်မောကြကုန်၏၊ သဇ္ဇနာ-စိတ်ထားရင့်ပြီး, လူကြီး လူကောင်းတို့သည်ကား၊ သမာဒဟန္တိ-ကိုယ်ချင်းစာနာ, သနားစွာဖြင့်, ညာတာဖေးမ, ထူပေးကြလေကုန်၏။ [အမရကောသ နိဿယ။]

**အရှင် ဇနကာဘိဝံသ**

**၁၃၂၃-၃**

www.dhammaransi.com



# မှတ်ဘွယ်အကွဲရာစဉ် မာတိကာ

**အကြောင်းအရာ** **စာမျက်နှာ**


အကမ္မကစသည်၏ သဘော .... .... ၂၃၇
အညတ္ထာပေါဟန .... .... ၁၂၄
အတိတ် အနာဂတ်ကာလ .... .... ၃၀၆
အတ္တ၏အရကောက် .... .... ၄၁
အနိစ္စသဒ္ဒါကျမ်း ပြုရပုံ .... .... ၂၀
အနုဝါဒရုပ်နှင့် ဝိမိရုပ် .... .... ၂၁၃
အနုသာဝန .... .... ၉
အနေကပဒပုဒ် .... .... ၁၃
အနက် ၅ ပါးကို ၂ ပါး၌သွင်းပုံ .... .... ၁၂၆
အနက်မဲ့သဒ္ဒါမရှိ .... .... ၁၀၀
အနှင့် ကတ္တာ မြာဟ္မဏာတို့ တုလျာဓိကရဏဖြစ်ပုံ .... ၂၅၀
အပါဒါန်၏သဘော .... .... ၉၉
အပါဒါန် ၃ မျိုး .... ... ၁၀၂
အဘိဓိယတေ .... .... ၂
အဘေဒဝိဝါချုပစာ .... .... ၁၁၀
အယုတ္တတ္ထ၏ ယုတ္တတ္ထဖြစ်ပုံ .... .... ၂၅၆
အဿတ်တ္တာ=အသတ္တိတ္တာ .... .... ၂၇
အသမာသ၏လက္ခဏာ .... .... ၂၅၁
အဿရထော၌မှတ်ဘွယ် .... .... ၂၆၁
အာချာတပုဒ်၏ဝိဂ္ဂဟ .... .... ၃၁၆
အာချာတ်နှင့်ကိတ်တို့ ဟောနက်များ .... .... ၂၄၂
အာချာတ်၌ ကေသေသည်မရှိ .... .... ၃၁၀
အာချာတ်ကနာမ်ဖြစ်ပုံ .... .... ၃၁၄
အာချာတ်၌ ကြိယာပြဋ္ဌာန်းပုံ .... .... ၃၁၇
အာချာတ်နှင့် ကိတ်အထူး .... .... ၃၁၀
အာဓာရ ၄ ပါး .... ... ၁၀၆
အာဓာရ ၂ ပါး .... .... ၁၀၇
အာမေဍိတ၏ သဒ္ဒါနက် .... .... ၂၀၄
ဥတ္တ, အနုတ္တလက္ခဏာ ... .... ၁၉၅
ဥတ္တ, အနုတ္တလက္ခဏာ၏ပုံစံ .... .... ၁၉၆
ဥတုဇသဒ္ဒ .... .... ၄

www.dhammaransi.com




| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဥပကာရသဒ္ဒါ၏ အနက်မှန် .... .... | ၉ |
| ဥပဂူဟ .... .... | ၃၁၄ |
| ဥပလက္ခဏာနည်း .... .... | ၁၂၃ |
| ဥရကဏ္ဍာဒိ သိရဇော .... .... | ၇ |
| ကေသေသ်အကြောင်း .... .... | ၂၇၄ |
| ကေသေသ်၌ ဝိဂ္ဂြိဟ်နှင့် စသဒ္ဒါထည့်ရကျိုး .... | ၂၇၇ |
| ကေသေသ်ကို သုဒ္ဓနာမ်စသည်ဖြင့် အမျိုးမျိုးခေါ်ပုံ .... | ၂၇၉ |
| ဧဝဖလတ္တ .... .... | ၁၂၄ |
| ဩကာသ၏သဘော .... .... | ၁၀၄ |
| ဩဒနေ၁အတွက် မုချ—ဥပစာ .... .... | ၂၂၂ |
| ကတ္တားပုဒ်၏ ဝစနတ္ထ .... .... | ၈၇ |
| ကတ္တုကာရက ၃ မျိုး .... .... | ၈၈ |
| ကမ္မကာရက၏သဘော .... .... | ၉၁ |
| ကမ္မာဒိစတုက္ကပုံစံ .... .... | ၁၄၀ |
| ကာရက၏ ဝစနတ္ထ .... .... | ၇၃ |
| ကာရက အကာရကလက္ခဏာ .... .... | ၈၂ |
| ကာရကအပြား .... .... | ၈၆ |
| ကာရကနှင့် သာမညအထူး .... .... | ၁၁၁ |
| ကာရိတ်ကံ,ဓာတ်ကတ္တား .... .... | ၂၃၁ |
| ကာရိတ် ၃ ဆင့်သက်ရိုး .... .... | ၂၃၃ |
| ကာရိတ်ပစ္စည်းနှင့် ဥပသာရတို့က ဓာတ်ကိုအထူးပြုပုံ .... | ၂၃၈ |
| ကာလ၏ သဘောလက္ခဏာ .... .... | ၃၀၇ |
| ကရဏကာရက၏သဘော .... .... | ၉၀ |
| ကိတပုဒ်၏ ဝစနတ္ထ .... .... | ၃၂၉ |
| ကြိယာ .... .... | ၉၀ |
| ကြိယာအမျိုးမျိုး၌အနက်အားဖြင့် အစပ်ပြောင်းပုံ .... | ၃၅၇ |
| ကြိယာကာရကသမ္ဗန် .... .... | ၅၇ |
| ကြိယာကိုဒြဗ်ဟု ခေါ်ပုံ .... .... | ၃၂၈ |
| ကြိယာတခု၌ ကာရက ၆ ပါးမရှိရ .... .... | ၂၄ |
| ကတ္တားကံတို့ ဩကာသအမည်မခံပုံ .... | ၁၀၅ |
| ကြိယာသဒ္ဒါ၌ သကတ်—ဒြဗ်ခွဲ .... .... | ၁၇၃ |
| ကြိယာဝိသေသနအနက်၌ ဝိဘတ်သက်သုတ်သီးခြားမဆို .... | ၂၉၇ |

www.dhammaransi.com



**အကြောင်းအရာ** **စာမျက်နှာ**


ကြိယာ၀ိသေသနန္ဒ ပဌမာဒုတိယာ ၂ မျိုးသက် .... ၂၉၀
ကြိယာ၀ိသေသနန္ဒ နပုံသက ဒုတိယေကဝစနန္တပါဒ .... ၂၉၉
ကြိယာ၀ိသေသနန္ဒ တတိယန္တ, ဆဋ္ဌီယန္တရှိပုံ .... ၃၀၃,၄
ကြိယာ၀ိသေသန ၂ မျိုး .... .... ၃၀၅
ကြိယာပြား၍ ကာလပြားပုံ .... .... ၃၀၀
ကံ ၃ မျိုး .... .... ၉၃
ဂမကသမာသ်၌ အဆင့်ဆင့်စပ်ပုံ .... .... ၂၅၅
ဂုဏ၏ သဘောလက္ခဏာ .... .... ၄၇
ဂုဏသဒ္ဒါ၌ သကတ်ဒြဗ်ခွဲ .... .... ၁၆၉
စတုဗ္ဗဏ္ဏ ၂ မျိုး .... .... ၁၃၆
စိတ္တဇသဒ္ဒ .... .... ၄
ဆဋ္ဌီကံ, ဆဋ္ဌီကတ္တား .... .... ၃၄၅
ဇာတိ, ဇာတိ၏ နိစ္စတ္တ,မဟတ္တ .... .... ၄၄,၅
ဇာတိ ပဒတ္ထိကဝါဒ .... .... ၁၆၀
ဇာတိသဒ္ဒါ၌ သကတ်,ဒြဗ်ခွဲ .... .... ၁၆၀
ဇာတျွေရှုဋ္ဌိယာ .... .... ၁၀၇
ဇာတိ-အာဏာ-ဝိသယခေတ် .... .... ၁၉၀
တဂ္ဂုဏ, အတဂ္ဂုဏ ဗဟုဗ္ဗီဟိ .... .... ၂၄၇
တဒ္ဓတ္တော၌ "သော သော" ဝိစ္ဆာသည် သမာသ်မဟုတ် .... ၂၀၇
တဒ္ဓိတ်၌အာချာတ်ပုဒ်ဖြင့် ဝိဂ္ဂြိုဟ်လုပ်ရသော်လည်း .... ဖြစ်သာရပုံ .... ၂၁၀
တဒ္ဓိတ်တို့ ဝိသေသျှဟောပုံ .... .... ၂၆၀
တဒ္ဓိတ်တို့ ဝိသေသနဟောပုံ .... ၂၇၀
တဒ္ဓိတ်ပစ္စည်းကို ပဌမပုဒ်နောင်သက်ပုံ .... .... ၂၇၂
တဒ္ဓိတ်အမည်ရှိသော သဒ္ဒါများကိုကောက်ပြပုံ .... ၂၇၃
တျာဒျန္တ (အာချာတ်)ပုဒ်များ၏ဆဋ္ဌီကံကတ္တား .... ၃၄၆
တဝေတုံတို့၏ ကစ္စည်းအလို ကာလနှင့် သာခန .... ၃၅၀
တသီလစသည်ဝယ် တနှင့်သမာသ်တွဲနည်း .... ၃၄၃
တသီလာဒိပစ္စည်းများ ကတ္တုသာဓန၌သွင်း .... ၄၄၁
တာယေ တုံ စသော ပစ္စည်းတို့၏ မောဂ္ဂလ္လာန်အလို .... ကာလနှင့်သာခန .... ၃၄၉
တုနစသောပစ္စည်းတို့၏ အနက်အမျိုးမျိုး.... .... ၃၅၁

www.dhammaransi.com



| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| မာသဇာတော်၌ ဝါဒအမျိုးမျိုး | .... | .... | ၁၃၆ |
| မုချသဒ္ဒါ, ဥပစာသဒ္ဒါ | .... | ... | ၁၀၈ |
| မြင်းပေါ်မှလူကျရာ၌ အပါဒါန် | .... | .... | ၉၉ |
| ယထာကထဋ္ဌိ ဗျုပ္ပတ္တိ | .... | .... | ၁၉၃ |
| ရှိလျက် ဝတ္တိစ္ဆာမဖြစ်,မရှိဘဲလည်း ဝတ္တိစ္ဆာဖြစ်ပုံ | | .... | ၂၉၅ |
| ရှုပ်ဘူယတော်၌ ကမ္မကတ္တား, ဘာဝ ၂ ဝါဒ | | .... | ၂၉၁ |
| လိင်္ဂတ္ထ | .... | .... | ၆၅ |
| လိင်္ဂတ္ထငဲ့၍ ပဌမာဝိဘတ်သက် | .... | .... | ၂၁၄ |
| လိင်္ဂေကသေသ်စသော ၃ မျိုး | .... | .... | ၂၇၇ |
| လောကသိဒ္ဓအတိုင်း ဝိသေသန ဝိသေသျခွဲရ | | .... | ၂၁၂ |
| ဝတ္တိစ္ဆာအတိုင်း ရှေ့နောက်စဉ်နိုင်ပုံ | .... | .... | ၁၂၇ |
| ဝတ္တမာန်ကာလကို ဝိပ္ပကတခေါ်ပုံ | .... | .... | ၃၀၅ |
| ဝဒန္တပုဂ္ဂိုလ်၏ အဓိပ္ပါယ ၂ မျိုး | .... | .... | ၃၅၉ |
| ဝါကျ၏ လက္ခဏာ | .... | .... | ၁၇ |
| ဝါကျအစိတ် ၅ ပါး | .... | ... | ၂၀,၁ |
| ဝါကျတုန်းက ဝိသေသ,ပုဒ်ပြီးတော့ သာမည်ဟောပုံ | | .... | ၂၀၉ |
| ဝါစ္စ, ဝါစက | .... | .... | ၂၀၃ |
| ဝါဒ ၂ ရပ် နှိုးနှောပုံ | .... | .... | ၈ |
| ဝါဒီနံ ပဝရံ | .... | .... | ၂ |
| ဝါသိဋ္ဌောကို ပုံစံမထုတ်ပုံ | .... | .... | ၂၆၉ |
| ဝိဂ္ဂဟတ္ထ, အဝိဂ္ဂဟတ္ထ | .... | .... | ၁၈၃ |
| ဝိစ္ဆာနှင့် အာမေဍိတ် | .... | .... | ၂၈၄ |
| ဝိစ္ဆာ၌ ဒွိရုပ်ပြု | .... | .... | ၂၈၄ |
| ဝိဘတ်များကို ဇောတကဆိုပုံ | .... | ... | ၁၄၉ |
| ဝိဘတ်ပစ္စည်းနှင့်တကွ ဓာတ်ကိုအာချာတ် ဟု ခေါ်ရပုံ | | .... | ၃၁၆ |
| ဝိသေသျနှင့် ဝိသေသနလိန်စသည် တူ-မတူ | | .... | ၂၁၆ |
| ဝိသေသနနှင့် ဝိသေသျအမည်များ | .... | .... | ၂၁၄ |
| ဝိသေသနသမ္ဗန္ဓိနောင် ဆဋ္ဌီသက် | .... | .... | ၅၅ |
| ဝုစ်အမျိုးမျိုး | .... | .... | ၁၅၅ |
| သဘာတ္ထကို ဥုံးစွာပြရပုံ | .... | .... | ၁၁၉ |
| သကတ္တော၏ ဝစနတ္ထ | .... | .... | ၃၈ |
| သကတ် ၆ ပါးကို ဒြဗ်၌သွင်းပုံ | .... | .... | ၁၂၇ |

www.dhammaransi.com



**အကြောင်းအရာ** **စာမျက်နှာ**


သက္ကာယဟုတ္တာန နိဗ္ဗုတ္တိ၏အနက်မှန် .... .... ၃၆၂
သင်္ချာ .... .... ၇၂
သန္တသဒ္ဒါ၏ ဒဗ္ဗ, ကမ္မ, ဂုဏ၌ဖြစ်ပုံ .... .... ၁၉၀
သတ္တိ, ဒဗ္ဗ, သဒ္ဒကာရက .... .... ၈၀
သဒ္ဒဘေဒစသည် .... .... ၃
သဒ္ဒတ္ထဘေဒစိန္တာ .... (၂)၁၃၀
သဒ္ဒပဝတ္တိနိမိတ်အပြား .... .... ၁၈၁
သဗ္ဗကြိယာ, ဝိသေသကြိယာဗျာပိ .... .... ၈၈
သမ္ဗန္ဓ၏သဘော .... .... ၉၄
သမ္ဗန္ဓမဖြစ်ရာ ပုံစံ .... .... ၉၆
သမ္ဗန် ... .... ၄၉
သဒ္ဒါ၏ ပဥ္စကတ္တ .... .... ၃၇
သဒ္ဒါ၏ဘူတာ ဘူတတ္ထဝါစက .... .... ၃၆၅
သာဝတ္ထိံ ဂန္ဓာစရတိ၌ မှတ်ဘွယ် .... .... ၃၅၇
သာသညာယ ဟတော .... .... ၃၅၈
သံယောဂေါ ဇာယတေ၌မှတ်ဘွယ် .... .... ၃၆၃
သဒ္ဒါက အနက်ကိုသိစေရာ၌ အကြောင်း ၂ ပါး .... ၁၅
သဒ္ဒါကို နိစ္စစသည်ဟု ဆိုပုံ.... .... ၂၅(၃၁, ၃၄)
သဒ္ဒါတခု၌ ဒွိကတ္တအမြဲရပုံ .... .... ၁၃၅
သဒ္ဒါ ၅ မျိုး .... .... ၁၁၄
သမာသ်စသည်က သာမညဟော၍ ဝိဘတျန္တကဝိသေသဟော ၂၀၉
သမာသ်အပြား .... .... ၂၅၉
သမာသ်တဒ္ဓိတ်အထူး .... .... ၂၇၃
သာပေက္ခအဖြစ်ကိုမငဲ့လျှင် သမာသ်ဖြစ်နိုင်ပုံ .... ၂၅၂
သုက္ကော၌ အဘိန္နရူပစသည် .... .... ၁၈၉
သုတိ, သရူပ, သဒ္ဒတာ .... .... ၄၃
သုတိနှင့်ဇာတိကို ရှေ့ထားရပုံ .... .... ၁၂၀
သုပ္ပိက်နှင့်စပ်၍ မှတ်ဘွယ် .... .... ၁၄၃
သောယမိတိ သမ္ဗန္ဓူပစာ .... .... ၁၁၀

www.dhammaransi.com

# သဒ္ဒတ္ထဘေဒစိန္တာ

## ဘာသာဋီကာ

**၁။ သဒ္ဒတ္ထ ဘေဒဝါဒိနံ, ပဝရံ ဝရဝါဒိနံ၊
အဘိဝါဒိယ သဒ္ဒတ္ထ-ဘေဒစိန္တာ·ဘိဓီယတေ။**

၁။ (မဟာ - သဒ္ဓမ္မသိရီဆရာ ငါသည်၊ ) သဒ္ဒတ္ထ ဘေဒဝါဒိနံ- သဒ္ဒါအပြား, အနက်အပြား, သဒ္ဒါအပြားဖြင့် သိအပ်သော အနက်အပြားကို ပြောဟောလေ့ ရှိကုန်သော ဆရာတို့တွင်၊ ဝါ- တို့ထက်၊ ပဝရံ-မြတ်တော်မူထသော၊ ဝရဝါဒိနံ - မြတ်နိဗ္ဗာန်ကို ဟောတော်မူလေ့ရှိထသော၊ (ဗုဒ္ဓံ-မြတ်စွာဘုရားကို၊) **အဘိဝါဒိယ**–အန္တရာယ်ကင်းပျောက်, ကျမ်းပြီးမြောက်တို့ , ချီးမြှောက် ထောမနာ, လွန်စွာကြည်နူး,အထူးအားဖြင့်ရှိခိုးပြီး၍၊သဒ္ဒတ္ထဘေဒစိန္တာ-သဒ္ဒါအပြား, **အနက်အပြား**, သဒ္ဒါအပြားဖြင့်သိအပ်သော အနက်အပြားကို သိရာ သိကြောင်း၏ အဖြစ်ကြောင့် " သဒ္ဒတ္ထဘေဒစိန္တာ " မည်သောကျမ်းကို၊ **အဘိဓီယတေ**-ဆိုအပ်၏၊ ဝါ–ဆိုအပ်တော့လတ္တံ့။

**အနုသန္ဓေ ။** ။ ကျမ်း၏အစ၌ ပဏာမ မင်္ဂလာနှင့်တကွ ပဋိညာဉ်ကို ပြတော်မူလိုသော အရှင် သဒ္ဓမ္မသိရီဆရာသည် "သဒ္ဒတ္ထ ၊ ပေ ၊ ဘိဓီယတေ" ဂါထာကိုမိန့်၊ ထိုဂါထာ၌"သဒ္ဒတ္ထ၊ပေ၊အဘိဝါဒိယ"သည် ပဏာမ,"သဒ္ဒတ္ထဘေဒစိန္တာဘိဓီယတေ "ကား ပဋိညာဉ်တည်း၊ "သဒ္ဒတ္ထ ဘေဒဝါဒီတို့တွင် အမြတ်ဆုံး ဖြစ်လျက် ဝရဝါဒီ ဖြစ်တော်မူသော မြတ်စွာဘုရားကို ရှိခိုးပြီး၍ သဒ္ဒတ္ထဘေဒစိန္တာမည်သောကျမ်းကို ဆိုပေအံ့ "ဟူလို။

**သဒ္ဒတ္ထ၊ပေ၊ပဝရံ။** ။သဒ္ဒတ္ထဘေဒဝါဒိနန္တိ-သဒ္ဒဘေဒဝါဒီ အတ္ထဘေဒ ဝါဒီ သဒ္ဒတ္ထဘေဒဝါဒီတိ အာစရိယေဟိ ပဝရန္တိအတ္ထော၊ ဒွန္ဒတောပရံ သုယျမာနတ္တာ, ကေသေသတ္တာစ၊–(ဒီပနီ)၊ " သဒ္ဒေါစ+အတ္ထောစ သဒ္ဒတ္ထာ" ဟု ဒွန်, "သဒ္ဒတ္ထာစ+ သဒ္ဒတ္ထာစ သဒ္ဒတ္ထာ"ဟု ကေသေသ်ပြု၊ ကေသေသ်လည်း ဒွန်နှင့်သဘောတူပင်ဖြစ်သောကြောင့်"ဒွန္ဒတော ပရံ သုယျမာနတ္တာ" ဟု ဆိုသည်၊ ဒွန်နောက်က ဘေဒဝါဒီကို ဒွန်၏ပုဒ်တိုင်းမှာယှဉ်၍ အနက်ပေးပါ- ဟူလို၊ " သဒ္ဒတ္ထာနံ + ဘေဒေါ သဒ္ဒတ္ထဘေဒေါ၊ ဝဒန္တိသီလေနာတိ ဝါဒိနော၊ သဒ္ဒတ္ထဘေဒံ+ဝါဒိနော သဒ္ဒတ္ထဘေဒဝါဒိနော"ဟု ပြု။

www.dhammaransi.com



**ဝါဒိနံ ပဝရံ**။ ။ဝါဒီန်၌ နံဝိဘတ်ကို "ထက်" ဟု ပေးရသော ဝိဘတ္တိ ဝိဘဇနအပါဒါန်-ဟု ယူဆ၍ "ဝါဒိဟိ အာစရိယေဟိ" ဟု ဒီပနီဖွင့်၏၊ ပဝရံ ပုဒ်က အပါဒါန်ဇိုင်ငဲ့သောကြောင့် ကောင်းလည်း ကောင်းပါပေ၏၊ သို့သော် " အရဟတံ အာနန္ဒော ပည၀ါ" ကဲ့သို့ နိဒ္ဓါရဏအနက်လည်း ဖြစ်နိုင်သောကြောင့် "တို့တွင် " ဟုလည်း ပေးထားသည်၊ သဒ္ဒတ္ထဘေဒဝါဒီအများတွင် ဘုရားရှင်လည်း အပါအဝင် ဖြစ်တော်မူသည်—ဟူလို။

**ဝရဝါဒိနံ**။ ။ဝရဝါဒိနန္တိ—ဗုဒ္ဓံ၊ ဗုဒ္ဓေါ ဟိ ဝရံ (နိဗ္ဗာနံ) ဝဒတိ သီလေနာတိ ဝရဝါဒီ၊-(ဒီပနီ)၊ ဤအလို"ဝရဝါဒိနံ"သည် နာမဝါစက (ဘုရားရှင် နာမည်တော်ကို ဟောသော )ပုဒ်တည်း၊ မှန်၏—ဘုရားရှင်မှာ ဂုဏ်တော်ကြောင့် ရအပ်သော နာမည်တော်များ အသင်္ချေရှိသည်၊ " ဝရော ဝရညူ" ဟူသော ရတနသုတ် ပါဠိတော်၏အဋ္ဌကထာ၌ကား "ဝရညူတိ နိဗ္ဗာနညူ" ဟု ဖွင့်၏၊ ထို့ကြောင့် ဝရသဒ္ဒါသည် အမြတ်ဆုံး နိဗ္ဗာန်အနက်ကို ဟော၏။ [ဒဏ္ဍိနံကဲ့သို ဒုတိယန္တဖြင့် "ဝါဒိနံ"၌ ဒိဟု ရဿရှိစေ။]

**အထဝါ**။ ။သဒ္ဒတ္ထဘေဒဝါဒိနံ ပဝရံ, ဝရဝါဒိနံတိ ဒွယံပိ ဝိသေသနံ၊ ဝိသေသိတဗ္ဗံ ပန ဗုဒ္ဓံတိ အဇ္ဈာဟရိတဗ္ဗံ၊ ပဝရံပုဒ် ဝရဝါဒိနံပုဒ် ၂ ပုဒ်လုံးပင် ဝိသေသနဖြစ်၏၊ "ဗုဒ္ဓံ"ဟု ဝိသေသျကို ဆောင်ယူ ထည့်စွက်ပါ၊ ဤနည်း၌ "ဝရဝါဒိနံ" သည် ဂုဏဝါစကပုဒ်တည်း၊ နိဿယ၌ ဤအတိုင်း ပေးထားသည်၊ ရှေ့နည်းအလိုအားဖြင့်ကား— " ဗုဒ္ဓံ "ဟု မထည့်ဘဲ "ဝရဝါဒိနံ— မြတ်သောနိဗ္ဗာန်ကို ဟောတော်မူလေ့ရှိသော မြတ်စွာဘုရားကို"ဟု ပေးပါ။

**သဒ္ဒတ္ထဘေဒစိန္တာ**။ ။ "စိတိစိန္တာယံ ဇာနနေ"ဟူသော ဓာတ္ထသင်္ဂဟနှင့်အညီ စိန္တဓာတ်သည် ဇာနနအနက်ဟောတည်း၊ စိန္တေတိ ဝိဇာနာတိ ဧတေန ဧတ္ထဝါတိ စိန္တာ၊ [ စိန္တာသဒ္ဒါသည် အမြဲဣတ္ထိလိင်တည်း။] သဒ္ဒတ္ထကို ရှေ့အတိုင်း ဒွန်ဧကသေသ်ပြု၍ ဘေဒနှင့် ဆဋ္ဌီတပ္ပုရိသ် တွဲပြီးမှ " သဒ္ဒတ္ထဘေဒဿ+ စိန္တာ သဒ္ဒတ္ထဘေဒစိန္တာ " ဟု ပြု။ [ ကရဏသာဓ်, အဓိကရဏသာဓ်, နောက်ရှိလတ်, ရှေ့ပါဌ်ဆဋ္ဌီ တွဲမြဲတည်း။]

**အဘိဓီယတေ** ။ ။ " ဝိပုဗ္ဗော ဓာ—ကရောတျတ္ထေ, အဘိပုဗ္ဗောတု ဘာသနေ" နှင့်အညီ အဘိပုဗ္ဗ ဓာဓာတ်သည် ဘာသနအနက်ဟောတည်း၊ တေဝိဘတ်လည်း သမီပဝတ္တမာန် (ဆိုခါနီး, ဆိုတော့မည့်ဆဲဆဲ) အနာဂတ်အနက်ဟောတည်း၊ ထို့ကြောင့်"ဘာသိယိဿတေ မယာ " ဟု ဒီပနီဖွင့်၏၊ အဘိဝါဒိယ၌ တွာပစ္စည်းသည် ကစ္စည်းကျမ်း အလိုအားဖြင့် ကတ္တားဟောတည်း၊ သို့သော် အပဓာနကြိယာဖြစ်၍ သူ့ကိုမငဲ့ဘဲ ပဓာနဖြစ်သော အဘိဓီယတေကိုငဲ့၍ "မယာ"ဟု အဝုတ္တကတ္တား ထည့်ရသည်။

www.dhammaransi.com



### သဒ္ဒဘေဒစိန္တာအခန်း

## ၂။ သဒ္ဒေါ ပဟိ ဒုဗ္ဗိဓော စိတ္တ-ဇော-ကာရာဒေါ-တုဇောဒရ၊ သဒ္ဒါဒျတ္ထော-ပကာရတ္တာ, စိတ္တဇောပိစ ဂယှတေ။

၂။ ဟိ – ပဋိညာဉ်မှတပါး ပဋိညာတ ပကရဏကို ပြဆိုပေအံ့၊ (တနည်း )ဟိ – ချဲ့တော့အံ့၊ သဒ္ဒေါ - သဒ္ဒါသည်၊ အကာရာဒိ - အ အက္ခရာ အစရှိသော၊ စိတ္တဇော–စိတ္တဇသဒ္ဒါဂုင်း၊ ဥဒရသဒ္ဒါဒိ- ဝမ်း ရုတ်သံအစရှိသော၊ ဥတုဇော–ဥတုဇသဒ္ဒါဂုင်း၊ (ဣတိ–ဤသို့၊) ဒုဗ္ဗိ ဓော– ၂ ပါးအပြားရှိ၏၊(တတ္ထ-ထို ၂ ပါးတို့တွင်၊ စိတ္တဇဿ-စိတ္တဇ သဒ္ဒါ၏၊) အတ္ထောပကာရတ္တာ- အနက်အားလျော်သောကျေးဇူးကို ပြုတတ်သည်၏ အဖြစ်ကြောင့်၊ စိတ္တဇောဝ-စိတ္တဇသဒ္ဒါကိုသာ၊ ဣဓ- ဤ သဒ္ဒတ္ထဘေဒစိန္တာဟူသော စကားရပ်၌၊ ဂယှတေ-ယူအပ်၏။

၂။ **သဒ္ဒေါဟိ**။ ။ "သဒ္ဒတ္ထဘေဒစိန္တာ အဘိဓီယတေ"ဟူသော ပဋိ ညာဉ်အားလျော်စွာ ပဋိညာတ ပကရဏကို ပြုတော်မူလိုသော အရှင်သဒ္ဓမ္မ သိရီဆရာသည် " သဒ္ဒေါဟိ "စသည်ကိုမိန့်။ [ဤသို့ ကျမ်းတက်သော်လည်း ဟိသဒ္ဒါသည် ဝိတ္ထာရဇောတကသာတည်း၊ ပဋိညာတ– ဝန်ခံအပ်ပြီးသော + ပကရဏ – ကျမ်း။] တနည်း "သဒ္ဒတ္ထဘေဒစိန္တာ"ဟူသော အကျဉ်းစကား ရပ်၌ သဒ္ဒဘေဒ, အတ္ထဘေဒ, သဒ္ဒတ္ထဘေဒတို့ကို အကျယ်ပြလိုရာဝယ် ရှေးဦးစွာ သဒ္ဒဘေဒကို ပြလိုသောကြောင့် " သဒ္ဒေါဟိ " စသည်ကိုမိန့်။ [သဒ္ဒတ္ထဘေဒစိန္တာ၌ "သဒ္ဒတ္ထဘေဒ"သည် သင်္ခေပ, "သဒ္ဒေါ ဒုဗ္ဗိဓော" စသော တကျမ်းလုံးသည် ဝိတ္ထာရ၊ ဟိကား ဝိတ္ထာရဇောတက။]

**မှတ်ချက်**။ ။အရှင် သဒ္ဓမ္မသိရီဆရာသည် ဤကျမ်းကို သဒ္ဒဘေဒခဏ်း, အတ္ထဘေဒခဏ်း, သဒ္ဒတ္ထဘေဒခဏ်း, ပကိဏ္ဏကခဏ်း, ဟု ၄ ခဏ်းပိုင်းခြား၍ စီရင်ထား၏၊ ထိုတွင် ယခုပြမည့် ပဌမအခဏ်းသည် သဒ္ဒဘေဒခဏ်းတည်း။ [သဒ္ဒတ္ထဘေဒ–ပုဒ်၏ဝိဂ္ဂဟကို (၁၀၇) ဂါထာ၌ ဖွင့်ထားသည်။]

**သဒ္ဒဘေဒစသည်**။ ။သဒ္ဒဘေဒဟူသည် ဤအခဏ်း၌ လာလတ့်သော စိတ္တဇသဒ္ဒ ဥတုဇသဒ္ဒ စသောအပြားတည်း၊ "အတ္ထဘေဒ"ဟူသည် "သကတ္ထ ဒဗ္ဗလိင်္ဂါနိ"စသော (၂၆) ဂါထာ၌ လာလတ့်အတိုင်း သကတ်, ဒြဗ်, လိင်, သင်္ချာ, ကာရကတို့တည်း၊ "သဒ္ဒတ္ထဘေဒ"ဟူသည် (၁၁၂) ဂါထာစသည်၌ လာလတ့်အတိုင်း "ပဋိ – လိမ်မာသောမိန်းမ" ပုံစံဝယ် ပဋု + ဤ ဟူသော သဒ္ဒါအပြားဖြင့် သိအပ်သော လိမ်မာသူ၏ အဖြစ်ဟူသော ဂုဏ်သကတ်နှင့်

www.dhammaransi.com



ဧနီးမဒြဗ် စသော အနက်အပြား , စသည်တည်း။ [ ထွေစ သဒ္ဒဘေဒေါ–စိတ္တောတုဇာတျာဒိ၊ အတ္ထဘေဒေါစ–သကတ္တောတျာဒိ၊ သဒ္ဒတ္ထဘေဒေါတုပင္ဂီ, ပဋ္ဋု-သလ္လဝိဋ္ဌေါ, မာသဇာတော, သုပ္ပိဂ်ီတျာဒိ၊– ဋီကာ။ ]

**သဒ္ဒေါ ဒုဗ္ဗိဓော**။ ။" သဒ္ဒ "ဟူသည် ရုပ် (၂၈) ပါး၌ ပါသော သဒ္ဒ ( အသံ ) ရုပ်ပင်တည်း၊ ထို့ကြောင့် " သဒ္ဒေါ စိတ္တော-တုဇော "နှင့် အညီ စိတ္တဇသဒ္ဒ, ဥတုဇသဒ္ဒ, ဟု အကျဉ်းအားဖြင့် သဒ္ဒါ ၂ မျိုး ပြား၏၊ ထို သဒ္ဒ ၂ မျိုးလုံးနှင့်ဆိုင်အောင် သဗ္ဗတိ( သောတဝိညာဏာရမဏာဘာဝံ ဂစ္ဆတိ)-သောတဝိညာဉ်၏ အာရုံအဖြစ်သို့ ရောက်တတ်၏၊ ဣတိ – သဒ္ဒေါ " ဟုပြု၊ သတ္တတင်၌"သဗ္ဗ"သည် ပါဠိ၌"သဒ္ဒ"ဟု ဖြစ်၏၊ ထို"သဗ္ဗ"ကို မှီး၍"သဗ္ဗတိ" ဟု ဝိဂြိုဟ်ပြုသည်၊ သဗ္ဗဓာတ်, အပစ္စည်း၊ တနည်း–စုရာဒိ သဒ္ဒဓာတ်, ဏယ ပစ္စည်းကြ၍ "သဒ္ဒယတိ – အသံပြုတတ်၏၊ ဣတိ သဒ္ဒေါ"ဟုလည်း ပြုပါ၊ "သဒ္ဒီယတိ (ဥစ္စာရီယတိ) ရွတ်ဆိုအပ်၏၊ ဣတိ သဒ္ဒေါ"ဟု ပြုသော ဝိဂ္ဂဟ ကား နှုတ်ဖြင့်ရွတ်အပ်သော စိတ္တဇသဒ္ဒနှင့်သာ ဆိုင်သည်။

**စိတ္တဇော ကာရာဒိ**။ ။စိတ်ကြောင့်ဖြစ်သော (ပြောဆိုလိုသောစိတ်ကို အရင်းခံ၍ ဖြစ်သော) " စိတ္တဇသဒ္ဒ "ဟူသည် အ, အာ, စသော အက္ခရာ သံတည်း။ [ ပါဠိလို, မြန်မာလို, အင်္ဂလိပ်လိုစသည်ဖြင့် ပြောချင်ရာ ပြောအပ် သော အသံဟူသမျှသည် စိတ္တဇသဒ္ဒါချည်းတည်း။ ]

**ဥတုဇော ဥဒရသဒ္ဒါဒိ**။ ။ဝမ်းတွင်း၌ အအေအပူဥတုကြောင့် ရုတ်ရုတ် မြည်သံကို " ဥဒရသဒ္ဒ "ဟု ခေါ်၏၊ အာဒိဖြင့် လေသံ ရေသံ လျှောင်လှုပ်သံ စသော ကိုယ်ပအသံဟူသမျှကိုယူပါ၊ ["စိတ္တဇော+အကာရာဒိ၊ ဥတုဇော+ ဥဒရသဒ္ဒါဒိ"ဟု ပုဒ်ဖြတ်၊ ဥဒရေ+ပဝတ္တော+သဒ္ဒေါ-ရုတ်ရုတ် (ဂျုတ်ဂျုတ်) မြည်သံတည်း၊ ဥဒရသဒ္ဒေါ–သံ။ ]

**အတ္ထောပကာရကတ္တာ စိတ္တဇော**။ ။ ဤ သဒ္ဒတ္ထဘေဒစိန္တာ ဟူသော စကားဝယ်"သဒ္ဒ"အရ၌ စိတ္တဇသဒ္ဒါကိုသာယူရသည်၊ ဘာ့ကြောင့်နည်း.... ဆိုလိုအပ်သော အနက်အဓိပ္ပါယ်ကို အသံဖြင့်ပြောရာ၌ စိတ္တဇသဒ္ဒ (စကား ပြောသံ ) ၏သာ ထို အနက်အဓိပ္ပါယ်ကိုသိဘို့ရန် ကျေးဇူးပြုနိုင်သောကြောင့် တည်း၊ ("ဟိတ်ဆိုက်လေရာ, ကြိယာ၏, ကံကတ္တားကို, ဟိတ်၏သမ္ဘန်ခံမြဲ" နှင့်အညီ) "အတ္ထောပကာရကတ္တာ" ဟူသော ဟိတ်၏စပ်ရာဆိုက်ရာ ဂယှတော ကြိယာ၏ ကံပုဒ်ဖြစ်သော (စိတ္တဇော)ပုဒ်ကို " စိတ္တဇသဿ" ဟု ထိုဟိတ်၏ သမ္ဗန်အဖြစ်ဖြင့် ခံရသည်၊ စိတ္တဇောဝ၌ ဧဝဖြင့် ဥတုဇသဒ္ဒကိုကန့်။ [ ဤ ဂါထာဖြင့် " စိတ္တဇသဒ္ဒ, ဥတုဇသဒ္ဒဟု သဒ္ဒ ၂ မျိုးအပြားကိုပြသည် " ဟု မှတ်၊ ဥပကာရပုဒ်၏အနက်ကို (၅) ဂါထာ၌ ဖွင့်ပြအံ့။ ]

www.dhammaransi.com



**၃။ သောစ ကဏ္ဌာဒိဌာနေ·ဘိ- ဗျတ္တိတော တတ္ထ စိတ္တဇ၊**
**ပထဝီသတ္တိ ဝိညတ္တိ—ဘူသံဃဋ္ဋနဇော မတော။**

၃။ **သောစ**-ထို စိတ္တဇ သဒ္ဒါကိုလည်း၊ ကဏ္ဌာဒိဌာနေ - ကဏ္ဌ အစရှိသော ဌာန်၌၊ ဝါ - လည်ချောင်း အစရှိသော အရပ်၌၊ အဘိ ဗျတ္တိတော—ထင်ရှားခြင်းကြောင့်၊ တတ္ထ-ထို ကဏ္ဌအစရှိသောဌာန်၌၊ ဝါ- ထို လည်ချောင်း အစရှိသော အရပ်၌၊ စိတ္တဇပထဝီသတ္တိဝိညတ္တိ ဘူသံဃဋ္ဋနဇော - စိတ္တဇပထဝီဓာတ်၏ အစွမ်းသတ္တိ ဖြစ်သော ဝစီ ဝိညတ်ကြောင့် ကမ္မဇပထဝီ စိတ္တဇပထဝီ ဓာတ် ၂ ပါးတို့၏ ထိခိုက် ခြင်းကြောင့် ဖြစ်၏ဟူ၍၊ မတော- သိအပ်၏။

၃။ **သောစ၊ပေ၊မတော**။ ။ စိတ္တဇသဒ္ဒ၏ (ဖြစ်ရာအရပ်) ဌာန်တို့ကို ပြလိုသောကြောင့် " သောစ၊ပေ၊ မတော " ဟု မိန့်၊ " ထို စိတ္တဇသဒ္ဒါသည် ကဏ္ဌစသော ဌာန်၌ ဖြစ်၏" ဟု ရှေးဆရာတို့ အသိအမှတ် ပြုအပ်, ပြောဆို အပ်သည်—ဟူလို။

**ကဏ္ဌာ၊ပေ၊ဗျတ္တိတော**။ ။"အဘယ်ကြောင့် ကဏ္ဌအစရှိသော ဌာန်၌ ဖြစ်၏ " ဟု အသိအမှတ် ပြုကြပါသနည်း – ဟု မေးဘွယ် ရှိသောကြောင့် "ကဏ္ဌာဒိ၊ပေ၊အဘိဗျတ္တိတော"ဟု မိန့်၊ [ အဘိဗျတ္တိတောကို မတော၌စပ်။ ] " အ , အာ, က, ခ, ဂ, ဃ, င, ဟ " ဤ သဒ္ဒရှစ်လုံးကို ရွတ်ဆိုသော အခါ အ-စသော အသံသည် လည်ချောင်းအရပ်၌ ထင်ရှား၏၊ ဇ , ဉ , စ , ဆ— စသော သဒ္ဒရှစ်လုံးကို ရွတ်ဆိုသောအခါ ဇ—စသောအသံသည် အာစောက် (အာခေါင်း) အရပ်၌ ထင်ရှား၏၊ ဤသို့ စသည်ဖြင့် ထိုအက္ခရာ အသံတို့၏ ကဏ္ဌစသောအရပ်၌ ထင်ရှားသောကြောင့်"ထိုကဏ္ဌစသောအရပ်၌ဖြစ်၏" ဟု အသိအမှတ် ပြုအပ်သည်—ဟူလို။

**အမှာ**။ ။ ကဏ္ဌာဒိ၌ အာဒိဖြင့် တာလု, မုဒ္ဓ, ဒန္တ, ဩဋ္ဌ, နာသိကာ ဌာန်တို့ကိုရင်း, အချို့ဆရာတို့ အလိုအားဖြင့် ဥရ, သိရဌာန်တို့ကိုရင်း ယူပါ၊ ထိုဌာန်များကိုရင်း, ထိုဌာန်၌ဖြစ်သော အက္ခရာများကိုရင်း, ရူပသိဒ္ဓိ-ပုဒ်စစ် စသော ကျမ်းများ၌ ရှုပါ။

**ပထဝီ၊ပေ၊ သံဃဋ္ဋနဇော**။ ။ " ထို စိတ္တဇသဒ္ဒါသည် လည်ချောင်း စသော အရပ်ဝယ် အဘယ်အကြောင်းကြောင့် ဖြစ်ပါသနည်း"ဟု မေးဘွယ် ရှိသောကြောင့်"ဘူသံဃဋ္ဋနဇော"ဟုမိန့်၊"ကမ္မဇပထဝီနှင့်စိတ္တဇပထဝီဓာတ် တို့၏ ထိခိုက်ခြင်းကြောင့် ဖြစ်သည် "ဟူလို၊ ထို ဓာတ် ၂ ပါးသည် အဘယ့် ကြောင့် ထိခိုက်ကြသနည်း-ဟု ထပ်၍ မေးဘွယ်ရှိသောကြောင့်"ပထဝီသတ္တိ

www.dhammaransi.com



ဝိညတ္တိ" ဟု မိန့်၊ "ပထဝီဓာတ်၏ အစွမ်းသတ္တိ ဟု ခေါ်ရသော ဝစီဝိညတ်ကြောင့် ထိုဓာတ် ၂ ပါးတို့ ထိခိုက်ကြသည်" ဟူလို။

ဒီပနီ ။ ။ ဘူနံ (ကမ္မဇပထဝီ စိတ္တဇပထဝီ ဓာတူနံ) + သံဃဋ္ဋနံ ဘူသံဃဋ္ဋနံ၊ စိတ္တဇပထဝီသတ္တိဝိညတ္တိကာရဏာ+ ဘူသံဃဋ္ဋနံ စိတ္တဇပထဝီသတ္တိဝိညတ္တိဘူသံဃဋ္ဋနံ၊ ("ဝိညတ္တိကာရဏာ" ဟူသောပါဌ်ဖြင့် ဝိညတ္တိနှင့် ဘူသံဃဋ္ဋနံပုဒ်ကို ဟေတွတ္ထ တတိယာတပ္ပုရိသ်ပြုပါ – ဟု သိစေ၏၊) တတော+ဇာတော တတော ဇာတော၊ စိတ္တဇ၊ပေ၊ဘူသံဃဋ္ဋနဇော။

ရှင်းဦးအံ့ ။ ။ စကားမပြောဘဲနေသော အခါ၌လည်း လည်ချောင်းစသော အရပ်ဝယ် ကမ္မဇရုပ်တွေ ခဏတိုင်းဖြစ်နေကြ၏၊ [သင်္ဂြိုဟ် ရုပ်ပိုင်းက "ခဏေခဏေ သမုဋ္ဌာပေတိ" ကို ထောက်ပါ။] စိတ္တဇရုပ်များလည်း စိတ်၏ ဥပါဒ်တိုင်း လည်ချောင်းစသောအရပ်၌ ဖြစ်နေကြ၏၊ သို့သော် ထိုသို့ စကားမပြောဘဲနေသောအခါ၌ "ဝစီဝိညတ်" ဟု ခေါ်အပ်သော ဝိကာရရုပ်များ မဖြစ်ကြ၊ ထိုသို့ ဝစီဝိညတ် မဖြစ်သောကြောင့် ပထဝီဓာတ်ချင်းလည်း မထိခိုက်ကြ၊ ထိုသို့ မထိခိုက်သောကြောင့် အသံသဒ္ဒရုပ်လည်း မပေါ်လာချေ။

စကားပြောလိုသောစိတ် ဖြစ်သောအခါ၌ကား စိတ်ကြောင့် ဖြစ်သော စိတ္တဇရုပ်များတွင် ပထဝီဓာတ်သည် သတ္တိ လွန်ကဲနေ၏၊ ထို လွန်ကဲသော သတ္တိကိုပင် "ဝစီဝိညတ်" ဟု ခေါ်ရသည်၊ ထို ဝိညတ်ကို "ဝိကာရရုပ်–ထူးခြားသော အမူအရာ" ဟုလည်း ခေါ်၏၊ [အကျယ်ကို သင်္ဂြိုဟ်အဖွင့် ဝိညတ်ရုပ်ခဏ်းများမှာ ရှုပါ၊] ပထဝီဓာတ်၏ (သတ္တိ) ဖြစ်သော ဝစီဝိညတ် ပါလာသောကြောင့် လည်ချောင်းအရပ်၌ဖြစ်သော စိတ္တဇပထဝီဓာတ်ပေါင်းများစွာသည် (ဝိညတ်မပါသောကာလ၌ ဖြစ်ပုံမျိုးမဟုတ်ဘဲ) ထိုလည်ချောင်းအရပ်၌ပင် အမြဲဖြစ်လျက်ရှိသော ကမ္မဇပထဝီဓာတ် တို့နှင့် ပွတ်တိုက်လျက်ဖြစ်လေရာ (သစ်ကိုင်း ၂ ခုပွတ်မိရာ၌ အသံမြည်သကဲ့သို့) "အ-အာ" စသော အသံများ ထွက်ပေါ်လာရလေသည်၊ ထို့ကြောင့် "စိတ္တဇ၊ပေ၊သံဃဋ္ဋနဇော မတော" ဟု ဆိုသည်။

**မှတ်ချက်** ။ ။ စိတ္တဇပထဝီဓာတ်သည် လည်ချောင်းအရပ်၌ ရှိသော ဥတုဇအာဟာရ ပထဝီဓာတ်များနှင့်လည်း ထိခိုက်မည်သာ၊ သို့ရာဝယ် ကမ္မဇပထဝီနှင့် စိတ္တဇပထဝီတို့ ထိမှုသာ ပဓာနဖြစ်သောကြောင့် "ဘူသံဃဋ္ဋန" ၌ ဘူ (မြေ) ဟူရာဝယ် ကမ္မဇပထဝီနှင့် စိတ္တဇပထဝီကိုသာ ဒီပနီဖွင့်သွားလေသည်၊ တာလုဇစသော အက္ခရာသံများဖြစ်ပုံ၌လည်း ဤနည်းပင်။

www.dhammaransi.com



## ၄။ နာဘိတော ဥစ္စာရဏှ-သာဟာ-ဘူတပါဏော-ပရောပရိ၊ သံဃဋ္ဋနော-ရကဏ္ဍာဒိ-သိရဇော တျ-ပရေ ဝိဒူ။

၄။ (သော-ထို စိတ္တဇသဒ္ဒါသည်၊)နာဘိတော- ချက်မှစ၍၊ ဥစ္စာရဏှ-သာဟာဘူတပါဏော ပရောပရိ သံဃဋ္ဋနောရ ကဏ္ဍာဒိ သိရဇောတိ– ရွတ်ဆိုခြင်းငှါ အားထုတ်ခြင်းကြောင့် ဖြစ်သော ထွက်သက်လေ၏ အဆင့်ဆင့် ထိခိုက်ခြင်းကြောင့် ရင်ဘတ်, လည်ချောင်း အစရှိသောအရပ်, ဦးခေါင်းတို့၌ဖြစ်၏ဟူ၍၊ အပရေ-တပါးကုန်သော၊ ဝိဒူ- ဇိနိန္ဒဗုဒ္ဓိအစရှိသော ပညာရှိတို့သည်၊ (ဝဒန္တိ- ဆိုကြကုန်၏။)

၄။ **နာဘိတောတျာဒိ**။ ။အရှင် သဒ္ဓမ္မသိရီဆရာသည် မိမိ၏ ဝါဒကို ပြပြီး၍"အရှင်ဇိနိန္ဒဗုဒ္ဓိ"စသော အပရေဆရာတို့၏ဝါဒကို ပြလိုသောကြောင့် " နာဘိတော " စသည်ကို မိန့်၊"ရွတ်ဆိုဘို့ရန် အားထုတ်မှုကြောင့်ဖြစ်သော ထွက်သက်လေသည် ချက်မှစ၍ အထက်အထက်သို့တက်လေရာ....ရင်ဘတ်, လည်ချောင်း , အာစောက် , အာထိပ် , နှုတ်ခမ်း , ဦးခေါင်းတိုင်အောင် ဆက်ကာဆက်ကာ ထိခိုက်၏၊ ထို ထိခိုက်မှုကြောင့် (အ အာစသော) စိတ္တဇ အသံများဖြစ်၏"ဟု အပရေဆရာတို့ ဆိုကြသည်–ဟူလို။

**နာဘိတော**။ ။ ထွက်သက်လေ၏ အစ အလယ် အဆုံးကို ပြသော ဝိသုဒ္ဓိမဂ်အဋ္ဌကထာ (အနာပါနအဖွင့်) ၌ " ဗဟိနိက္ခမနဝါတဿ ဟိ နာဘိ အာဒိ (ချက်သည်အစ), ဟဒယံ မဇ္ဈံ (ရင်သည်အလယ်), နာသိကာ ပရိယောသာနံ ( နှာခေါင်းသည် အဆုံး )"ဟု ဆို၏၊ ထို့ကြောင့် " ထွက်သက်လေသည် ချက်မှစ၍ အထက်သို့ ထိခိုက်တက်သွားသည်"ဟု မှတ်။

**ဥစ္စာရဏှ၊ပေ၊သံဃဋ္ဋန**။ ။ထွက်သက်လေသည် အမြဲလည်းဖြစ်လျက်ရှိ၏၊ သို့သော် အက္ခရာတစုံတခုကို ရွတ်ဆိုလိုသောအခါကျမှ ရင်စသော အရပ်တို့၌ ထူးထူးခြားခြား ထိခိုက်သည်၊ ထို့ကြောင့် "ဥစ္စာရဏှ၊ပေ၊သံဃဋ္ဋနံ"ဟု မိန့်သည်။ [ဥစ္စာရဏာယ–ငှါ+ဥဿာဟော၊ ဥစ္စာရဏှဿာဟော၊ ဥစ္စာရဏှဿာဟေန + ဘူတာ ဥစ္စာရဏှဿာဟဘူတာ၊ ဥစ္စာရဏှဿာဟဘူတာစ+တေ+ပါဏာစာတိ ဥစ္စာရဏှဿာဟဘူတပါဏာ၊တေသံ+ဥပရူပရိသံဃဋ္ဋနံ ဥစ္စာ၊ပေ၊သံဃဋ္ဋနံ။]

**ဥရကဏ္ဍာဒိ သိရဇော**။ ။ဥရောစ+ ကဏ္ဍာဒယောစ– ကဏ္ဍစသော ဌာန် ၅ ပါး (၆)ပါးတို့လည်း + သိရောစ ဥရကဏ္ဍာဒိသိရာ၊ တေသု + ဇာတော ဥစ္စာရဏှ၊ပေ၊ သိရဇော၊ ဥစ္စာရဏှဿာဟဘူတပါဏောပရောပရိ သံဃဋ္ဋနေန+ ဥရကဏ္ဍာဒိသိရဇော ဥစ္စာ ၊ပေ၊သိရဇော၊ ဤဂါထာဖြင့်"အ

www.dhammaransi.com



၅။ သာသနဿုပကာရတ္တာ, မာဂဓေဝိဓ ဂယှတေ၊
သော ဟာနုဿာ၀နံ ပဋိ–သမ္ဘိဒါယစ ပစ္စယော။

၅။ ( မာဂဓဿ - မာဂဓသဒ္ဒါ၏၊ ) သာသနဿ – သာသနာတော်အား၊ ဥပကာရတ္တာ– လျော်သော ကျေးဇူးကို ပြုတတ်သည်၏ အဖြစ်ကြောင့်၊ ဣဓ-ဤ “ စိတ္တဇော ဝိဓ ဂယှတေ”ဟူသော စကားရပ်၌၊ မာဂဓော၀–မာဂဓ သဒ္ဒါကိုသာ၊ ဂယှတေ–ယူအပ်၏၊ ဟိ–မှန်၏၊ သော-ထို မာဂဓသဒ္ဒါသည်၊ အနုဿာ၀နံ-ကမ္မဝါစာသည်လည်း၊ ဟောတိ - ဟုတ်၏၊ ပဋိသမ္ဘိဒါယ–ပဋိသမ္ဘိဒါဉာဏ်အား၊ ပစ္စယောစ- ကျေးဇူးပြုတတ်သည်လည်း၊ ဟောတိ–ဟုတ်၏။

အာ”စသော အက္ခရာရှစ်လုံးသည် ကဏ္ဍဌာန်၌သာမက နာဘိ,ဥရ,သိရဌာန်တို့၌လည်းဖြစ်၏၊“တာလုဇစသော အက္ခရာများသည် မိမိတို့ ရိုးရာဌာန်များအပြင် နာဘိ ,ဥရ , သိရဌာန်တို့၌လည်း ဖြစ်ကြသည် ”ဟု ဆိုလိုသည်။ [ ဤစကားအရ နာဘိ, ဥရ, သိရ ဟု- ဌာန်သုံးမျိုးတိုးလာသည် ဟု မှတ်။]

**ဝါဒ ၂ ရပ် နှိုးနှော ပုံ။** ။အရှင်သဒ္ဓမ္မသိရီစသောဆရာတို့သည်“စိတ္တဇသဒ္ဒါ ( အက္ခရာ ) တို့၏ အထင်အရှား အသံထွက်ရာ ဌာနကို သတ်မှတ်၍ ကဏ္ဍစသော အရပ်၌ ဖြစ်သည် ”ဟု ဆိုကြသည်၊“နာဘိ, ဥရ, သိရ အရပ်များ၌ လုံးလုံး မဖြစ် ”ဟု မတားမြစ်လိုကြ၊ ထို့ကြောင့် “ ကဏ္ဍာဒိဌာနေ အဘိဗျတ္တိတော”ဟု အဘိဗျတ္တိ စကားလုံးကို သုံးစွဲကြသည်၊ အရှင်ဇိနိန္ဒဗုဒ္ဓိစသော ဆရာတို့ကား ထင်ရှား-မထင်ရှားကို မလိုက်ဘဲ ဖြစ်ထိုက်သမျှ ဌာန်အားလုံးကို ပြကြသည်၊ ထင်ရှားရာကိုသာ လိုက်၍ ဌာန်ကို သတ်မှတ်မည်ဆိုလျှင် ရှေ့ဝါဒ အတိုင်းပင် သဘောတူနိုင်စရာရှိ၏၊ ထို့ကြောင့် ၂ ဝါဒလုံး အချင်းချင်း မဆန့်ကျင်–ဟု နှိုးနှောကြသည်။

**[ ဆောင် ]** အက္ခရာများ, ဖြစ်ဘို့အားဖြင့်, ထင်ရှားရာမျှ, ထုတ်ဖေါ်ပြ၍, ကဏ္ဍစသည် , ဌာန်ခေါ်မည်၏၊ တလီထင်ရှား , မထင်ရှားလည်း , ဖြစ်ငြားမှန်လျှင် , ဌာန် ခေါ်ချင် , ချက် – ရင် – ဦးခေါင်းပါ။

---

၅။ **သာသနဿာတျာဒိ။** ။“ စိတ္တဇော ဝိဓ ဂယှတေ” ဟု ၂ နံပါတ်ဂါထာ၌ ဆိုခဲ့ပြီ၊ ထို စိတ္တဇသဒ္ဒါသည် မာဂဓ , သက္ကတ, ပြာကရိတ်, ဟိန္ဒီ, အင်္ဂလိပ် , မြန်မာသဒ္ဒါအားဖြင့် အလွန်များ၏၊ “ ထို စိတ္တဇသဒ္ဒါတို့တွင် အဘယ်သဒ္ဒါကို ယူရမည်နည်း” ဟု မေးဘွယ်ရှိသောကြောင့် “မာဂဓောဝိဓ

www.dhammaransi.com



ဂယှတေ ”ဟု မိန့်၊ “စိတ္တဇော ဝိဓ ဂယှတေ”ဟူသော ဤပါဠိ၌“မာဂဓသဒ္ဒါ ဖြစ်သောစိတ္တဇကိုသာယူပါ၊ မြန်မာသဒ္ဒါစသော စိတ္တဇကိုမယူပါနှင့်”ဟူလို။

**သာသနဿုပကာရတ္တာ**။ ။ “ အဘယ်ကြောင့် မာဂဓသဒ္ဒါကိုသာ ယူရမည်နည်း”ဟု မေးဖွယ်ရှိသောကြောင့်“သာသနဿုပကာရတ္တာ ” ဟု မိန့်၊ မာဂဓသဒ္ဒါက သာသနာတော်အားလျော်သော ကျေးဇူးကို ပြုတတ်သောကြောင့် မာဂဓသဒ္ဒါကိုသာ ယူရသည်– ဟူလို။ [ ဥပကာရ သဒ္ဒါသည် “အနုဂ္ဂဟ—လျော်သော အကျိုးကျေးဇူးကို ပြီးစေခြင်း”အနက်ကို ဟော၏–ဟု ထေ၀မနိမိဆို၏၊ အနုသည် အနုကူလအနက်ဟောတည်း၊ ထို အနက်ဥ္စစ်ဘို့ရန် “သာသနဿ—အား”ဟု သမ္ပဒါန် ပေးရသည်။

**သောတဟိ၊ ပေ၊ ပစ္စယော**။ ။ “ သာသနဿုပကာရတ္တာ ”ဟူသော ဟိတ်ကိုခိုင်မြဲစေလိုသောကြောင့် “ သောတဟိ၊ပေ၊ပစ္စယော ”ဟုမိန့်၊ “ဟိ” သည် ဒဠှီကရဏဇောတက၊ ထိုမာဂဓသဒ္ဒါသည် ကမ္မဝါစာလည်း ဟုတ်၏၊ ပဋိသမ္ဘိဒါဉာဏ် အားလည်း ကျေးဇူးပြုတတ်၏၊ ထို့ကြောင့် “ သာသနဿုပကာရတ္တာ”ဟူသော ဟိတ်သည် မှန်ကန်သော ဟိတ်ဖြစ်သည်–ဟူလို။

**အနုဿာဝနံ**။ ။အနု (အဘန်ဘန်)+သာဝိယတေ ဧတေနာတိ အနုဿာဝနံ – ရဟန်းခံပေးခြင်းစသော ကိစ္စကို အဘန်ဘန်ထပ်၍ သံဃာကို ကြားသိစေအပ်ကြောင်း ဖြစ်သောကြောင့် ကမ္မဝါစာကို “အနုဿာဝန”ဟု ခေါ်သည်၊ ထို ကမ္မဝါစာကို မာဂဓဘာသာဖြင့်သာ ရွတ်ဆိုရ၏၊ အခြား ဘာသာဖြင့်ရွတ်လျှင် ကံ မမြောက်၊ ထို့ကြောင့် “ သော + အနုဿာဝနံ– ထိုမာဂဓသဒ္ဒါသည် ကမ္မဝါစာလဲဟုတ်၏”ဟု ဆိုသည်၊ ကမ္မဝါစာ မရှိလျှင် ဥပသမ္ပဒစသောကံများ မဖြစ်နိုင်သောကြောင့် ဘုရားသာသနာတော်ကွယ်ပ ဘို့သာ ရှိတော့၏၊ မာဂဓဘာသာသည် ထိုသို့မကွယ်ပနိုင်အောင် သာသနာ တော်အား လျော်စွာ ကျေးဇူးပြု၏”ဟူလို။ [ “အနုဿာဝနံ (အနုဿာဝန ယုတ္တံ) -ကမ္မဝါစာနှင့်ယှဉ်၏”ဟု ဖွင့်ကြသည်ကို ဆင်ခြင်ပါ။]

**ပဋိသမ္ဘိဒါယ ပစ္စယော**။ ။ နိရုတ္တိပဋိသမ္ဘိဒါဉာဏ်သည် မာဂဓ ဘာသာဟူသော အသံကိုကြားရလျှင် ထိုသဒ္ဒါ၏ အမှားအမှန်ကို နားလည်, အတ္ထပဋိသမ္ဘိဒါကလည်း အတ္ထကိုနားလည်၍,ဓမ္မပဋိသမ္ဘိဒါကလည်း ဓမ္မကို နားလည်၏၊ သက္ကတဘာသာစသော အခြားအသံကိုကြားလျှင် နားမလည်၊ ထို့ကြောင့်“ မာဂဓသဒ္ဒါသည် ပဋိသမ္ဘိဒါဉာဏ်အား ကျေးဇူးပြုနိုင်၏”ဟု ဆိုသည်၊ ဤအဓိပ္ပါယ်ကိုကြည့်၍“ပစ္စယော”အရ “ အသံကို အာရုံပြုသော အာရမဏပစ္စည်းသာ မက,အနက်အဓိပ္ပါယ် အမှားအမှန်ကိုသိဘို့ရန် ကျေးဇူး ပြုသော ပကတူပနိဿယပစ္စည်းလည်း ရနိုင်သည်” ဟု မှတ်။ [“အာရမဏ ပစ္စယော”ဟု ဖွင့်ကြသည်ကို ဆင်ခြင်ပါ။]

www.dhammaransi.com



**၆။ အနိဋ္ဌိတေ ပဒေ ဝဏ္ဏော, ပရမတ္ထော သုနိဋ္ဌိတံ၊**
**ပဒံ ပညတ္တိသဒ္ဒေါတိ, သဒ္ဒေါ ဘဝတိ ဒုဗ္ဗိဓော။**

၆။ အနိဋ္ဌိတေ - ရွတ်ဆို၍ မပြီးသေးသော၊ ပဒေ - ပုဒ်၌၊ ဝါ- ပုဒ်တွင်၊ ဝဏ္ဏော- တလုံး တလုံးသော ဝဏ္ဏသည်၊ ပရမတ္ထော- ပရမတ္ထသဒ္ဒါမည်၏၊ သုနိဋ္ဌိတံ- ကောင်းစွာပြီးပြီးသော၊ ဝါ-အားလုံး ပြီးပြီးသော၊ ပဒံ - ပုဒ်သည်၊ ပညတ္တိသဒ္ဒေါ- ပညတ္တိသဒ္ဒါ မည်၏၊ ဣတိ-ဤသို့၊ သဒ္ဒေါ- မာဂဓသဒ္ဒါသည်၊ ဒုဗ္ဗိဓော - ၂ ပါးအပြား ရှိသည်၊ ဘဝတိ-၏။ ["ပဒေနှင့်ဝဏ္ဏော"ကို "အပေါင်းအာခေျရ+ အစိတ် အာဓေယ် "အဖြစ်ဖြင့် စပ်၊ တနည်း- " နိဒ္ဒါရဏသမုဒါယ+ နိဒ္ဓါရဏီယ"စပ်၊ အက္ခရာ ၂လုံးရှိသောပုဒ်၌ ၂လုံးရွတ်ပြီးသည်ကို ၎င်း, ၃-၄-၅စသည်ရှိသောပုဒ်၌ ထိုအက္ခရာအားလုံး ရွတ်၍ပြီးသည် ကို၎င်း ရည်ရွယ်၍ "သုနိဋ္ဌိတံ"ဟု သုသဒ္ဒါဖြင့် ဆိုသည်။]

၆။ အနိဋ္ဌိတေတျာဒိ။ ။ပရမတ္ထသဒ္ဒ, ပညတ္တိသဒ္ဒအားဖြင့် သဒ္ဒဘေဒ (သဒ္ဒ ၂ မျိုးအပြား) ကို ပြလို၍"အနိဋ္ဌိတေ"စသည်ကိုမိန့်၊ "ပုရိသော"ပုဒ်ကို ရွတ်ဆိုသောအခါ ရွတ်ဆို၍မပြီးသေးမီ "ပု" ဟူသောအသံ, "ရိ" ဟူသော အသံ"သော"ဟူသောအသံသည် "ပရမတ္ထသဒ္ဒ"မည်၏၊ ဘာ့ကြောင့်နည်း- ရွတ်ဆိုအပ်သောအသံသည် ရုပ် ၂၈ ပါးတွင် "သဒ္ဒရုပ်" ဟူသော ပရမတ္ထ တရား ဖြစ်သောကြောင့်တည်း၊ "ပုရိသော"ဟု ရွတ်၍ပြီးဆုံးသောအခါ ထို ပုရိသောသဒ္ဒါသည်"ပညတ္တိသဒ္ဒ"မည်၏၊ ဘာ့ကြောင့်နည်း-"အတ္ထံ ပညပေ တီတိ ပညတ္တိ"နှင့်အညီ "ပုရိသော"ဟု ရွတ်ပြီးမှသာ"ယောကျ်ား"ဟူသော အနက်ကို သိစေတတ်သောကြောင့်တည်း။ ["ပု+ရိ+သော" တလုံးစီ အသံ ဖြစ်ခိုက်၌ကား ထိုတလုံးစီက"ယောကျ်ား"ဟူသောအနက်ကို မသိစေနိုင်။]

အက္ခရာတလုံး သဒ္ဒါ။ ။ "ဂေါ"ဟူသော အက္ခရာတလုံးဖြင့် "နွား" ဟူသောအနက်တခုကို သိစေနိုင်သောကြောင့် " ဂေါ" သည် ပညတ္တိသဒ္ဒါ တည်း၊ ထိုသို့ တလုံးသာရှိသော ပညတ္တိသဒ္ဒါမျိုး၌ ဝီထိအစဉ်အားဖြင့် "ပရ မတ္ထသဒ္ဒ, ပညတ္တိသဒ္ဒ"ဟု ခွဲရသည်၊ "ဂေါ"ဟု ရွတ်ဆိုလိုက်သောအခါ ထို ဂေါဟူသောပစ္စုပ္ပန်အသံကို အာရုံပြုသော သောတဒွါရဝီထိဖြစ်၏၊ ထို့နောင် ချုပ်ပြီးသော ထို "ဂေါ" အသံကို အာရုံပြုသော မနောဒွါရဝီထိဖြစ်၏၊ ဤ ၂ ဝီထိ၏အာရုံဖြစ်သော "ဂေါ"အသံသည် ပရမတ္ထသဒ္ဒါတည်း၊ ထို့နောက် အသံကိုအာရုံမပြုဘဲ"ဂေါ"ဆိုသော နာမည်ပညတ်ကိုအာရုံပြုသော တတိယ မနောဒွါရဝီထိဖြစ်၏၊ ထို တတိယဝီထိဖြင့်သိအပ်သော " ဂေါ " ဟူသော

www.dhammaransi.com



**၇။ နေကာပိ သုတိယာ သဒ္ဒါ, လောကေနေကောတိ ဝုစ္စရေ၊ ကေတ္တဝါစကတ္တေနေ-ကောတိ သင်္ကေတဘာဝတော။**

၇။ **သုတိယာ**-နားဖြင့် ကြားရခြင်းအားဖြင့်၊ အနေကာပိ-တလုံး မက များသည်လည်း ဖြစ်ကုန်သော၊ သဒ္ဒါ- သဒ္ဒါတို့ကို၊ ဝါ-အသံ တို့ကို၊ လောကေန- လူအပေါင်းသည်၊ ဧကောတိ-တခုသော သဒ္ဒါ ဟူ၍၊ ဝုစ္စရေ-ဆိုအပ်ကုန်၏၊ (ကသ္မာ-နည်း၊) ကေတ္တဝါစကတ္တေန- တခုသောအနက်ကို ဟောတတ်သည်၏အဖြစ်ကြောင့်၊ ဝါ-တခုသော အနက်ကို ဟောတတ်သည့် အတွက်၊ ဧကောတိ - တခုသော သဒ္ဒါ ဟူ၍၊ သင်္ကေတဘာဝတော- လောက၌ မှတ်သားအပ်သည်၏အဖြစ် ကြောင့်တည်း။[သဝနံ-ကြားရခြင်း၊ သုတိ-ခြင်း။]

နာမည်သည် ပညတ္တိသဒ္ဒါတည်း၊ ဘာ့ကြောင့်နည်း— ထို "ဂေါ" ဟူသော နာမည်ပညတ်က နွားဟူသောအနက်ဒြပ်ကို သိစေတတ်သောကြောင့်တည်း။ [ ထို နာမည်ပညတ်ကို သိပြီးမှ နွားဟူသောအနက်ဒြပ်ကို စတုတ္ထမနောဒွါရ ဝီထိဖြင့် သိရသည်၊ "နွား"ဟူသော မြန်မာအသံကိုကြားရာ၌လည်း ပရမတ္ထ သဒ္ဒ ပညတ္တိသဒ္ဒကို ဤအတိုင်းခွဲပါ။]

သဒ္ဒံ ပဌမစိတ္တေန, တီတံ ဒုတိယစေတသာ၊
နာမံ တတိယစိတ္တေန, အတ္ထံ စတုတ္ထစေတသာ။

---

၇။ **နေကာပိ၊ပေ၊ ဝုစ္စရေ ။** ။ ပရမတ္ထသဒ္ဒါ ပညတ္တိသဒ္ဒါအားဖြင့် သဒ္ဒါအပြားကို ရှေးဦးစွာ ပြပြီး၍ ယခုအခါ ပညတ္တိ သဒ္ဒါတခု၏ အပိုင်း အခြားကို ပြလိုသောကြောင့်"နေကာ"စသော ဂါထာကို မိန့်သည်၊ [ နေကာ ကို"န+ဧကာ"ဟု ဖြတ်၊] "ဇူ+တ္တိ"ဟုငင်း "ပု+ရိ+သော"ဟု ငင်း နား၌ ကြားရခြင်း အားဖြင့် အက္ခရာ ၂ လုံး , ၃ လုံးဖြစ်၍ များသော်လည်း ထို သဒ္ဒါကို လူအပေါင်းက ( သဒ္ဒါကျမ်းကို စီရင်သော ရှေးလူကြီးများက ) သဒ္ဒါတခု (ပုဒ်တခု )ဟု ပြောဆိုအပ်သည်-ဟူလို။ [နေကာပိ၌ ပိဖြင့် ဧကော ကိုပေါင်း၊ တနည်း— သမ္ဘာဝနာ၊ "အက္ခရာအများကိုတောင်မှ တပုဒ်"ဟု ပိုင်းခြားထားလျှင် " ဂေါ ” စသော အက္ခရာတလုံးသာ ရှိသော သဒ္ဒါကို ပုဒ်တခု ဟု အထူးပြောဘွယ်မလိုတော့ပါ—ဟူလို။]

**ကေတ္တ၊ပေ၊ဘာဝတော။** ။"အဘယ့်ကြောင့် အနေကက္ခရသဒ္ဒါတို့ကို တပုဒ် ဟု ဆိုအပ်ပါသနည်း" ဟု မေးဘွယ် ရှိသောကြောင့် " ကေတ္တ၊ပေ၊ ဘာဝတော"ဟု မိန့်၊ "ဇူတ္တိ" ဟူသော အနေကက္ခရ သဒ္ဒါသည် "မိန်းမ"

www.dhammaransi.com



၈။ ကေကွရောပျနေကောပေ-ကဏ္ဍ၀ါစကသမ္မတော၊
သရော တံသဟိတော ဗျဉ္ဇ-နော စေ-ကက္ခရသမ္မ-တော။

၈။ ကေကွရောပိ - တလုံးသော အက္ခရာရှိသော သဒ္ဒါကိုင်း၊ အနေကောပိ- တလုံးမက များသော အက္ခရာရှိသောသဒ္ဒါကိုင်း၊ ကေဏ္ဍ၀ါစကသမ္မတော-တခုတည်းသောအနက်ကို ဟောတတ်၏ဟု သမုတ်အပ်၏၊ သရောစ-သရကိုင်း၊ တံသဟိတော-ထို သရနှင့်တကွ ဖြစ်သော၊ ဗျဉ္ဇနောစ-ဗျည်းကိုင်း၊ ကေက္ခရသမ္မတော-တလုံးသော အက္ခရာ ဟု သမုတ်အပ်၏။

ဟူသော အနက်တခုကိုသာ ဟောနိုင်၏၊"ပုရိသော"လည်း "ယောက်ျား" ဟူသော အနက်တခုကိုသာ ဟောနိုင်၏၊ ထိုသို့ တနက်စီကိုသာ ဟောနိုင် သည့်အတွက် သဒ္ဒါတခု ဟု သာ (တပုဒ် ဟု သာ) လောကဝှ သတ်မှတ်ထား သောကြောင့် အနေကက္ခရသဒ္ဒါ တို့ကိုလည်း တပုဒ် ဟုပင် ဆိုအပ်ကြသည်- ဟူလို။[ကေဏ္ဍ၀ါစကဋ္ဌာနသည်"သင်္ကေတဘာ၀တော"ဟိတ်၏အကူအညီ မူလီဟိတ်တည်း၊ သံပုဒ္ဒ ကိတခေတ်သည် ဉာဏအနက်ဟောတည်း၊"သံကေ တိယတေ-အသိအမှတ်ပြုအပ်၏၊ ဣတိ သင်္ကေတော"ဟု ပြု။]

---

၈။ **ကေ၊ပေ၊၀ါစကသမ္မတော။** ။"အက္ခရာတလုံးသာရှိသော ပုဒ်က (သဒ္ဒါက) အနက်တခုကိုသာ ဟောခြင်းသည် သင့်ပါစေတော့၊ အက္ခရာ အများရှိသောသဒ္ဒါက အဘယ့်ကြောင့် အနက်တခုကိုသာ ဟောရသနည်း" ဟု မေးဘွယ်ရှိသောကြောင့် " ကေကွရော ၊ပေ၊ ၀ါစကသမ္မတော "ဟု မိန့်၊ လောကီသဒ္ဒါဆရာတို့က "အက္ခရာတလုံးသာရှိသော သဒ္ဒါလည်း တနက်ကို ဟော၏၊ အက္ခရာအများရှိသော ဝိဘတျန္တသဒ္ဒါတခုလည်း တနက်ကိုသာ ဟော၏ "ဟု သမုတ်ထားကြ၏၊"သဒ္ဒါ"ဟူသည် ရှေးလူကြီးတို့သမုတ်အပ် သည့် အတိုင်း အနက်ကို ဟောရသည်၊ ထို့ကြောင့် တပုဒ် ဟု သတ်မှတ်ရာ၌ (တနက်ကိုဟောခြင်းမှတပါးသော) အကြောင်းကို ရှာဘွယ်မလိုပါ-ဟူလို။

**သရော၊ပေ၊သမ္မတော။** ။ပုဒ်တို့ကို"ကေက္ခရ အနေကက္ခရ"ဟု အက္ခ ရာဖြင့်ခွဲပြရာ၌ အဘယ်ကို"အက္ခရာတလုံး"ဟု ခေါ်ပါသနည်း-ဟု မေးဘွယ် ရှိသောကြောင့်"သရော၊ပေ၊သမ္မတော"ဟုမိန့်၊ အ-အာစသော သရကိုင်း, ထိုသရနှင့်တကွဖြစ်သော"က, ကာ, ကိ, ကီ, ကု, ကူ, ကေ, ကော"စသော ဗျည်းကိုင်း "အက္ခရာတလုံး"ဟု သမုတ်ထားသည် - ဟူလို ထို့ကြောင့် ဣတ္ထိ၌ ဣသည် အက္ခရာတလုံး, တ္ထိသည် အက္ခရာတလုံး"ဟု သိပါ၊

www.dhammaransi.com



၉။ အနေကေဝ သမာနေပိ, ပဒမေက-မိတျူစ္စတေ၊
ဆိန္နတ္တာ စိနိပါတေန, တေသံ စေကတ္တဘာဝတော။

၉။ (ပဒါနံ- ''ယံ+ကိံ+စိ'' ဟူသော ပုဒ်တို့၏၊) အနေကေဝ-များကုန်သည်၏အဖြစ်သည်သာလျှင်၊ သမာနေပိ-ဖြစ်ပါသော်လည်း၊ ဧကံ ပဒမိတိ- တပုဒ်ဟူ၍၊ ဥစ္စတေ – ဆိုအပ်၏၊ (ကသ္မာ- နည်း၊) စိနိပါတေန-စိနိပါတ်သည်၊ ဆိန္နတ္တာ-ပိုင်းဖြတ်အပ်သည်၏အဖြစ်ကြောင့်ငင်း၊ တေသံ-ထို ယံ, ကိံ, စိ, ဟူသောပုဒ်တို့၏၊ ဧကတ္တဘာဝတော စ- တခုသောအနက်ရှိသည်၏ အဖြစ်ကြောင့်ငင်းတည်း။

၉။ **အနေကေဝတျာဒိ**။ ။ ဤဂါထာသည် အနေကပဒပုဒ်ကိုပြသော ဂါထာတည်း၊ '' ယံ + ကိံ + စိ '' ပုဒ်၌ ယံနောင် သိဝိဘတ်, ကိံနောင် သိဝိဘတ် , စိနောင် သိဝိဘတ်တို့ကို ချေထားသောကြောင့် ဝိဘတျန္တပုဒ် ၃ ခု ဖြစ်၍ ပုဒ်တွေများသော်လည်း ''တပုဒ်''ဟုသာ ခေါ်ရသည်။

**ဆိန္နတ္တာ၊ပေ၊ဘာဝတော**။ ။''ပုဒ်တွေများပါလျက် အဘယ့်ကြောင့် တပုဒ်ထည်းဟု ဆိုရသနည်း'' ဟု မေးဘွယ်ရှိသောကြောင့် '' ဆိန္နတ္တာ၊ပေ၊ ဘာဝတော '' ဟု မိန့်၊ စိနိပါတ်ပုဒ်သည် ပုဒ်အဆုံး၌သာ နေလေ့ရှိ၏၊ ထို **စိနိပါတ်**ပုဒ်က ''ယံ + ကိံ + စိ'' ကို အဆုံးကနေ၍ တပုဒ်ထည်းအဖြစ်ဖြင့် ပိုင်းဖြတ်ထားသောကြောင့်ငင်း, ထိုသုံးပုဒ်အပေါင်းမှ '' အလုံးစုံ'' ဟူသော တနက်ကိုသာ ဟောနိုင်သောကြောင့်ငင်း '' ယံ+ ကိံ+ စိ '' ဟု ၃ ပုဒ်ရှိ၍ ပုဒ်တွေများသော်လည်း''ယံကိဉ္စိ''တပုဒ်ထည်း ဟု ဆိုရသည်–ဟူလို။

**မှတ်ချက်**။ ။ '' ဆိန္နတ္တာ စိနိပါတေန '' ဟူသောဟိတ်သည် စိနိပါတ်ဆုံးသော ''ကောစိ, ကေစိ, ယောကောစိ, ယေကေစိ''စသော အနေကပဒပုဒ်များနှင့်သာဆိုင်၏၊ နောက်၌လာမည့်''အပေတိ''စသောပုဒ်များနှင့်ကား မဆိုင်၊ '' တေသံ ဧကတ္တဘာဝတော'' ဟူသော ဟိတ်ကား''အနေကပဒပုဒ် အားလုံးနှင့်ဆိုင်သည် ''ဟု မှတ်။

**အနေကေ**။ ။အနေကေဝသမာနေ၌ ''အနေကေ''ကို''အနေကတ္တေ'' ဟု ဒီပနီဖွင့်၏၊ ထိုသို့ ဖွင့်သဖြင့် '' အနေကေ '' ၌ ဘာဝအနက်ကို ပဓာန ကောက်ရသော ''ဘာဝပဓာန''တနည်း–ဘာဝပုဒ်ချေထားသော ''ဘာဝ လောပ''ဟု သိစေ၏၊ ထိုသို့ဖွင့်ခြင်းမှာလည်း အနေကေနှင့် ပဒံတို့၏ ဝိဘတ် ချင်း မတူသောကြောင့် အနက်အရလည်း မတူအောင်ဖွင့်ခြင်းဖြစ်သည်၊ ဆရာ တို့ကား–ပဒံနှင့်အရတူအောင်''အနေကံဝသမာနမ္ပိ,ပဒမေက မိတျူစ္စတေ'' ဟု ငင်း, ''တဿ ဧကတ္တဘာဝတော''ဟုငင်း, ပြင်ဒတော်မူကြသည်။

www.dhammaransi.com



## ၁၀။ အာဘုသေ ဂတိယန္တေ၊ ကေ္ခရော ဣတ္ထိ ပုရိသော တိစ၊ အနေကော ယံကိဉ္စိ အပေတိ ဇော - ကတ္တံ နေကပဒသော စ။

၁၀။ **အာ**-အာသဒ္ဒါသည်၊ **ဘုသေ**-အလွန်အကဲ ဟူသော အနက်ရှိ၏၊ **ဣ**-ဣသဒ္ဒါသည်၊ **ဂတိယံ**-ဂတိအနက်၌၊ ( **ဝတ္တတိ**- ဖြစ်၏၊ ) **ဣတိ** - ဤ ပြယုဂ်၌၊ ( **အာ** - အာသည်၎င်း၊ **ဣ** - ဣသည်၎င်း၊ ) **ကေ္ခရော** - တလုံးသော အက္ခရာရှိသော သဒ္ဒါတည်း၊ **ဣတ္ထိတိစ** - ဣတ္ထိ ဟူသော သဒ္ဒါသည်၎င်း၊ **ပုရိသော တိစ** – ပုရိသော ဟူသော သဒ္ဒါသည်၎င်း၊ **အနေကော**-များသော အက္ခရာရှိသော သဒ္ဒါတည်း၊ **ယံကိဉ္စိ ဣတိ** - ယံကိဉ္စိ ဟူသည်လည်း ဖြစ်သော၊ **အပေတိ ဣတိ**- အပေတိ ဟူသည်လည်း ဖြစ်သော၊ **အနေကပဒသော စ** – များသော ပုဒ်၏လည်း၊ **ကတ္တံ**-တပုဒ်ထည်း၏ အဖြစ်သည်၊ **ဟောတိ**- ဖြစ်၏။ [ယံကိဉ္စိ- အလုံးစုံ၊ အပေတိ-ဖဲ၏။]

**ဒီပနီ**။ ။ပဒန္တိ စ သဒ္ဒေါတိ စ အနတ္ထန္တရံ-ပဒနှင့် သဒ္ဒသည် အနက်ထူး မရှိ၊ (အနက်တူပင်ဖြစ်၏-ဟူလို၊) ဤသို့ ဖွင့်ရခြင်းကား ရှေ့၌ "ပဉ္စတ္တိသဒ္ဒ" ဟု သဒ္ဒကိုသုံးစွဲခဲ့၍ ဤဂါထာ၌ "ပဒ" ဟု သုံးစွဲထားရကား ပဒနှင့်သဒ္ဒကို တမျိုးစီထင်မည်စိုးသောကြောင့် "အဓိပ္ပါယ်အနက်မှာ မထူး" ဟု ဖွင့်သည်။ [ရှေ့ဂါထာနှင့် ဤဂါထာကိုကြည့်၍"ကေက္ခရပုဒ်, အနေကက္ခရပုဒ်,အနေက ပဒပုဒ်" အားဖြင့် ပုဒ် ၃ မျိုး (သဒ္ဒါ ၃ မျိုး) ပြားသည် "ဟု သဒ္ဒတ္ထဘေဒ စိန္တာအခဏ်းအတွက် သဒ္ဒါအပြားကို မှတ်သားပါ။]

---

**၁၀။ အာဘုသေတျာဒိ**။ ။ [ " အာဘုသေ ဂတိယံ "၌ ဘုသေကို "ဘုသော+ဣ"ဟု ပုဒ်ဖြတ်။] ဤဂါထာသည် ပြခဲ့သော ၈-၉ ဂါထာတို့၏ ပုံစံတည်း၊"အာ"သဒ္ဒါသည် ဘုသအနက်တခုကို ဟောနိုင်၏၊ ဣသဒ္ဒါသည် ဂတိအနက်တခုကို ဟောနိုင်၏၊ ဤသို့ တလုံးတည်းဖြင့် တနက်ကို ဟောနိုင်သော အာသဒ္ဒါ ဣသဒ္ဒါတို့သည် ကေက္ခရသဒ္ဒါအတွက် ပုံစံများဖြစ်ကြသည်၊ "ဘူ-သတ္တာယံ,ခိ-ခယေ"စသည်ဖြင့် ဓာတ်နက်တို့ကိုပြရာ၌ ဘူ-ခိ-စသော တလုံးဓာတ်ဟူသမျှ အနက်တခုကိုဟောသော ကေက္ခရသဒ္ဒါချည်းတည်း။

**မှတ်ချက်**။ ။ " ဘုသော- ဂတိယံ " တို့သည် ပုံစံထုတ်လိုရင်း မဟုတ်, အာ-ဣတို့၏ (တနက်ကို ဟောနိုင်ကြောင်းပြလို၍ ) ဟောနက်ကို ထည့်ပြခြင်း သာတည်း၊ ပုံစံမှာ"အာ-ဣ" ၂ ပုဒ်သာတည်း၊"ဘုသော"ဟူရာ၌"ဘုသေ" ဟု ပုဒ်ဖြတ်၍ " ဘုသေ- အလွန်ဟူသော အနက်၌ "ဟု ပေးကြ၏၊ အနက်

www.dhammaransi.com



**၁၁။ သောတာလမ္ဗန မာပန္နော, သင်္ကေတေန ဝဝတ္ထိတော၊**
**အတ္ထဿ ဉာပကော သဒ္ဒေါ, နာသန္တေ ကာရဏဒ္ဓယေ။**

၁၁။ သဒ္ဒေါ- သဒ္ဒါသည်၊ သောတာလမ္ဗနံ- သောတဝိညာဉ်၏ အာရုံ၏အဖြစ်သို့၊ အာပန္နော-ရောက်သည်ဖြစ်၍၊ သင်္ကေတေန- (ဤသဒ္ဒါသည် ဤအနက်ကိုဟော၏ဟူသော)အမှတ်အသားဖြင့်၊ ဝဝတ္ထိတော-မှတ်သားအပ်ပြီးသည်ဖြစ်၍၊ (သမာနော – ဖြစ်လသော်၊ ဝါ- ဖြစ်မှ၊) အတ္ထဿ – အနက်ကို၊ ဉာပကော – သိစေတတ်၏၊ ကာရဏဒ္ဓယေ – သောတာလမ္ဗန မာပန္န , သင်္ကေတေန ဝဝတ္ထိတ ဟူသော အကြောင်း ၂ပါးအပေါင်းသည်၊ အသန္တေ-မရှိလသော်၊ အတ္ထဿ- အနက်ကို၊ နဉာပကော - မသိစေတတ်။

အဓိပ္ပါယ် မပျက်ပါ၊ သို့ရာတွင်"ဘုသော-အတိရေကတ္တော်တိ အဓိပ္ပါယော" ဟု ပဌမန္တဖွင့်သော ဋီကာနှင့်ကား"ဘုသော"ဟုသာ ရှိသင့်ပါသည်၊ ဂါထာ၌ကား "ဘုသော+ဣ" ကို သန္ဓိစပ်ထားသောကြောင့် " ဘုသေ " ဟုသာ ရှိရမည်၊ ဘုသော၌ ဩကို ချေ၊ ဣကို အေသဝဏ်ပြု။

ဣတ္ထိ ၊ ပေ ၊ အပေတိ ။ ။ ဣတ္ထိနှင့် ပုရိသောတို့၏ အနေကတ္ထရသဒ္ဒါ အတွက် ပုံစံဖြစ်ကြောင်း ထင်ရှားပြီ၊ ဗုဒ္ဓေါ, ဒသဗလော စသော နာမ်ပုဒ်, ဂစ္ဆတိ–ပစတိ, စသော အာချာတ်ပုဒ်တို့သည် အနေကဏ္ဍရ သဒ္ဒါတို့ချည်း တည်း၊ ယံကိဉ္စိနှင့် အပေတိတို့ကား အနေကပဒသဒ္ဒါအတွက် ပုံစံတို့တည်း၊ [ ယံကိဉ္စိ၏ အနေကပဒဖြစ်ပုံကို ပြခဲ့ပြီ။ ] အပေတိ၌ "အပ" ဥပသာရနောင် သိဝိဘတ်ကို ချေ ထားသောကြောင့် အပသည် ဝိဘတ္တျန္တပုဒ်, ဧတိ၌ ဣ ဓာတ်, တိဝိဘတ်ဖြစ်၍ ဝိဘတျန္တပုဒ်တည်း၊ ထိုဝိဘတျန္တ ၂ပုဒ်မှ အပဂမန (ဖဲခြင်း) တနက်ကိုသာ ဟောနိုင်သောကြောင့် အပေတိသည် အနေကပဒ ပုဒ်တည်း၊ "ဩလောကေတိ– ကြည့်၏၊ ဥပေတော– ပြည့်စုံ၏ "စသည်ဖြင့် ဥပသာရ ရှေးရှိသော အာချာတ်ပုဒ် ကိတ်ပုဒ်တို့သည် အနေကပဒသဒ္ဒါတွေ ချည်းသာ ဖြစ်ကြသည်။

---

၁၁။ **သောတာလမ္ဗနတျာဒိ** ။ ။ သဒ္ဒါ ( ပုဒ် ) အမျိုးမျိုးကို ပြပြီး၍ ၂ နံပါတ်ဂါထာ၌ "အတ္ထောပကာရဏ္ဍာ" ဟု ဆိုခဲ့သည့်အားလျော်စွာ "ထို သဒ္ဒါသည် အဘယ်အကြောင်း (အင်္ဂါ) စုံမှ အနက်ကို သိစေနိုင်ပါသနည်း" ဟု မေးဘွယ်ရှိသောကြောင့် "သောတာလမ္ဗန"စသော ဂါထာကိုမိန့်သည်၊ (၁) သောတာလမ္ဗနမာပန္န– နား၌ ကြားရခြင်း, (၂) "ဤသဒ္ဒါသည် ဤ

www.dhammaransi.com



အနက်ကို ဟော၏ ”ဟု အမှတ် ( သင်္ကေတ )ရှိဘူးခြင်း, ဤ အကြောင်း (အင်္ဂါ) ၂ ပါးစုံမှ သဒ္ဒါသည် အနက်ကိုသိစေနိုင်၏—ဟူလို။

**သောတလမ္ဗန မာပန္နော ။** ။နား၌ “ပု+ရိ+သော”ဟု တလုံးချင်း ကြားရသည်ကို “သောတဝိညာဉ်၏ အာရုံအဖြစ်သို့ရောက်သည်”ဟု ဆိုသည်။ [သောတအရ သောတဝိညာဉ်ကို ယူပါ၊ ဌာန ပသာဒ၏ သောတအမည်ကို ဌာနီဝိညာဉ်၌တင်စားသော ဌာနူပစာတည်း၊တနည်း—အကြောင်းပသာဒ၏ သောတ အမည်ကို အကျိုးဝိညာဉ်၌ တင်စားသောကြောင့် ကာရဏူပစာ ဟုလည်း ဆိုကြ၏။] အလမ္ဗနဓ္ဓလည်း “အာလမ္ဗနဘာဝ” ဟု ဆိုလိုလျက် ဘာဝပ္ပစ္စယ ချန်, ဘာဝလောပ ကြံပါ၊ “သဗ္ဗတိ သောတဝိညာဏာလမ္ဗနဘာဝံ ဂစ္ဆတီတိ သဒ္ဒေါ”၌ “အလမ္ဗနဘာဝံ”ဟု ဘာဝထည့်၍ ဝိဂ္ဂဟပြုသည်။]

**သင်္ကေတေန ဝဝတ္ထိတော။** ။“ပုရိသော”ဟူသော အသံကို မကြားမီ ရှေ့က ( ယခု နီးကပ်သော ရှေ့ကဖြစ်စေ , အတော်ဝေးသော ရှေးရှေးက ဖြစ်စေ )ပုရိသောသဒ္ဒါသည် “ယောက်ျား”ဟူသော အနက်ကိုဟော၏—ဟု သုတ နှပုဂ္ဂိုလ်သည် မှတ်သားခဲ့ဘူး၏၊ ထိုသို့ မှတ်သားဘူးခြင်း ဟူသော အကြောင်းနှင့်လည်းပြည့်စုံမှ ယောက်ျားဟူသောအနက်ကို ပုရိသောသဒ္ဒါက သိစေနိုင်သည်။

**နာသန္တေ ကာရဏာဒွယေ။** ။ထိုအကြောင်း ၂ ပါးတွင် တပါးပါးမရှိလျှင် (နား၌ မကြားရလျှင်, နား၌ကြားရသော်လည်း ဤသဒ္ဒါသည် ဤအနက် ကို ဟော၏ ဟု မမှတ်ဘူး ( မသင်ဘူး ) လျှင် အနက်ကို မသိစေနိုင်၊ ယခု အခါ ပါဠိဘာသာကို မသင်ဘူးသူတို့၏ ပါဠိစကားသံကို နား၌ ကြားရပါ လျက် အနက်ကိုမသိခြင်းမှာ ထိုအမှတ်သင်္ကေတ မရှိခြင်းကြောင့်တည်း၊ မိမိ တို့၏ ပြောရိုးဘာသာမှ တပါးသော ဘာသာစကားကို နား၌ကြားပါလျက် အနက်အဓိပ္ပါယ်ကို နားမလည်ခြင်းမှာလည်း သင်ယူမှတ်သားဘူးခြင်း မရှိ သောကြောင့်တည်း။

**မှတ်ချက်။** ။အသံ (သဒ္ဒ) သည် အရင်းခံဖြစ်သောကြောင့် “သောတာ လမ္ဗနမာပန္န” ကို အကြောင်းတခုဟု ဆိုထားသည်၊ စာဘတ် စာကြည့်ရာ၌ ကား “စက္ခုဝိညာဉ်၏အာရုံအဖြစ်သို့ ရောက်ခြင်း”ဟု “စက္ခွာလမ္ဗန မာပန္န” အကြောင်းကို လဲလှယ်ရသည်၊ ထို့ပြင်“သောတာလမ္ဗန မာပန္နော”စသော ၂ ပုဒ်သည် အကြောင်းအင်္ဂါ ၂ ပါးကိုပြသော ဝိသေသန ဖြစ်သောကြောင့် ဒီပနီ၌ “ အာဂတတ္တာ, ဝဝတ္ထိတတ္တာ ” ဟု ဟိတ်အနက်ကိုဖွင့်ပြသည်၊ ထို အဖွင့်ကိုယူ၍ကား “အပန္နော- အာပန္နတ္တာ”ဟုရင်း “ဝဝတ္ထိတော—ဝဝတ္ထိ တတ္တာ”ဟုရင်း နိဿယ၌ အနက်ပေးဘွယ်မလိုပါ။

www.dhammaransi.com



## ၁၂။ ဘေဒါဘေဒက ဘူတတ္ထံ, ပုဏ္ဏံ ဝေါဟာရနိဿိတံ၊ နာနာပဒံ ဝိဘာဝေတိ, ယံ တံ ဝါကျန္တိ ဝုစ္စတိ။

၁၂။ ဝေါဟာရနိဿိတံ- လူတို့၏ ပြောရိုးဆိုစဉ်၌မှီသော၊ ယံ နာနာပဒံ - အကြင် အမျိုးမျိုးသောပုဒ်သည်၊ ဘေဒါဘေဒကဘူတံ- ဝိသေသန ဝိသေသျဖြစ်၍ဖြစ်သော၊ ပုဏ္ဏံ-ဝဒန္တပုဂ္ဂိုလ်အလိုအတိုင်း ပြည့်စုံသော၊ အတ္ထံ- အနက်ကို၊ ဝိဘာဝေတိ- ထင်စွာပြတတ်၏၊ တံ နာနာပဒံ-ထို အမျိုးမျိုးသောပုဒ်ကို၊ ဝါကျန္တိ-ဝါကျဟူ၍၊ ဝုစ္စတိ- ဆိုအပ်၏။

၁၂။ **ဘေဒါဘေဒကဗျာဒိ**။ ။ပြခဲ့သောပုဒ်များကို ပေါင်းလိုက်လျှင် ဝါကျဖြစ်သောကြောင့် ထိုဝါကျကိုပြလိုသော ဆရာသည် "ဘေဒါဘေဒက" စသည်ကိုမိန့်၊ ပြောရိုးဆိုစဉ်၌မှီသော အကြင်ပုဒ်အပေါင်းသည် ဝိသေသန ဝိသေသျဖြစ်၍ ပြည့်စုံသောအနက်ကို ပြနိုင်၏၊ ထိုပုဒ်အပေါင်းကို "ဝါကျ" ခေါ်သည်–ဟူလို။

**ဝေါဟာရနိဿိတံ**။ ။ ဤ ဝေါဟာရနိဿိတံပုဒ်သည် နာနာပဒံ၏ ဝိသေသနတည်း၊ "နာနာပဒံ" အရ တွေ့ရာသောင်းပြောင်း ပုဒ်အပေါင်းကို မယူရ, လူတို့၏ ပြောရိုးဖြစ်သောပုဒ်အပေါင်းကို ယူပါ – ဟူလို၊ [ဝေါဟာရေ– လူတို့ပြောရိုးဆိုစဉ်၌ + နိဿိတံ, ဝေါဟာရနိဿိတံ။ ] ဤစကားဖြင့် "ကုသလာ, ရူပံ, စက္ခုမာ, ဒသ, ဒါဠိမာ" ကဲ့သို့"တပုဒ်နှင့်တပုဒ် ဆက်စပ်၍ ပြောရိုးမရှိသော ပုဒ်အပေါင်းကို ဝါကျ မခေါ်ရ"ဟု ပြသည်။ [ ကုသလာ– ကုသိုလ်တို့၊ ရူပံ–ရူပါရုံ၊ စက္ခုမာ– မျက်စိရှိသူ၊ ဒသ–ဆယ်လုံးကုန်သော၊ ဒါဠိမာ–သလဲသီးတို့၊....ဤပုဒ်များ၌ အနက်အဓိပ္ပါယ် ဆက်စပ်၍ မဖြစ်။]

**ဘေဒါဘေဒကဘူတံ**။ ။ [ဘေဒ– ခွဲခြားတတ် အထူးပြုတတ်သော ဝိသေသန+အဘေဒက-ဝိသေသနမဟုတ်,ဝိသေသျ။ ]"ဝိသေသန ဝိသေသျ" ဟူရာ၌ " မဟန္တော ပုရိသော" ကဲ့သို့ တုလျာဓိကရဏ ဝိသေသန ဝိသေသျ တမျိုးသာ မက, "တပဿာ ဥတ္တမော, ရညော ပုရိသော"စသော ဝိသေသန ဝိသေသျအမျိုးမျိုးကိုငင်း, "ပုရိသော ဂစ္ဆတိ"စသော ကာရကကြိယာများ ကိုငင်း ယူပါ။ [ ရညောသည် ဝိသေသနသမ္ဗန္ဓီ , ပုရိသောကား ဝိသေသျ သမ္ဗန္ဓီဟု ခွဲပါ၊"ဂစ္ဆတိ"ဟူရာဝယ်"ယောကျ်ားသွား, မိန်းမသွား, တိရစ္ဆာန် သွား"စသည်ဖြင့် သွားသူအမျိုးမျိုးနှင့် ရောနေသောကြောင့် " ပုရိသော " ဟု အထူးပြုရကား ပုရိသောကတ္တားသည် ဝိသေသန, ဂစ္ဆတိကြိယာသည် ဝိသေသျတည်း။]

www.dhammaransi.com



၁၃။ အနိဋ္ဌိတေ ပဒေ ဝဏ္ဏော, ဝါ·က္ခရံ နိဋ္ဌိတေ ပဒံ၊
ဝါကျံ တဿမုဒါယော တ-မဇ္ဈောညာပေက္ခလက္ခဏံ။

၁၃။ ဝါ-တနည်း၊ အနိဋ္ဌိတေ-ရွတ်ဆို၍ မပြီးသေးသော၊ ပဒေ-ပုဒ်၌၊ ဝါ-ပုဒ်တွင်၊ ဝဏ္ဏော-တလုံးတလုံးသော ဝဏ္ဏသည်၊ အက္ခရံ-အက္ခရာမည်၏၊ နိဋ္ဌိတေ - ရွတ်ဆို၍ ပြီးလသော်၊ ပဒံ - ပုဒ်မည်၏၊ တဿမုဒါယော-ထို ပုဒ်အပေါင်းသည်၊ ဝါကျံ-ဝါကျမည်၏၊ တံ-ထို ဝါကျသည်၊ အဇ္ဈောညာပေက္ခ လက္ခဏံ - အချင်းချင်း ငဲ့ခြင်း လက္ခဏာရှိ၏။

ပုဏ္ဏံ ။ ။ ရွတ်ဆိုသော ဝဒန္တပုဂ္ဂိုလ်၏အလိုအတိုင်း ပြည့်စုံလျှင် ပုဏ္ဏ ဖြစ်၏၊ ထို့ကြောင့် "နီလောပ္ပလံ-ပုဆိုးညို"ဟု ဆိုလျှင် ပုဏ္ဏဖြစ်၏၊ "ပုရိသော ဂစ္ဆတိ- ယောကျ်ားသွား၏"ဟု ဆိုလျှင်လည်း ပုဏ္ဏပင်တည်း၊ ဤသို့ ဝိသေသန + ဝိသေသျလည်းဖြစ်နိုင်သော (ဆိုလိုအပ်သည့်အတိုင်းလည်း) ပြည့်စုံသောအနက်အဓိပ္ပါယ်ကို ပြနိုင်သော ပုဒ်အပေါင်းကိုသာ "ဝါကျ"ဟု ခေါ်ပါ-ဟူလို၊ ဤကား-မဟာဋီကာကိုမှီ၍ ရေးအပ်သောအဓိပ္ပါယ်တည်း။

ဒီပနီ။ ။ဒီပနီ၌ကား " ဘေဒါဘေဒကဘူတံ အတ္ထံ ဝိဘာဝေတိ "ကို အဓိပ္ပါယ်တရပ်ယူ၍ " နီလဉ္စ + တံ + ဥပ္ပလဉ္စ " ဟူသော ဝိဂြိုဟ်ဝါကျ, "ရဇ္ဇော + ပုရိသော"ဟူသော ဝိဂြိုဟ်ဝါကျကို ပုံစံထုတ်၏၊ "ပုဏ္ဏံ အတ္ထံ ဝိဘာဝေတိ-ကြိယာ ကာရကတို့နှင့်ပြည့်စုံသောအနက်ကို ထင်ရှားပြ၏"ဟု အဓိပ္ပါယ်တရပ်ယူ၍ " ပုရိသော ဂစ္ဆတိ, ပစိတ္ဝာ ဩဒနော ဘုဉ္ဇတေ" ဟုပုံစံ တရပ်ထုတ်သည်၊ သို့သော် – ထိုကဲ့သို့ အဓိပ္ပါယ် ၂ ရပ်ခွဲဘို့ရာ စသဒ္ဒါ မပါ သောကြောင့် ထိုစကားသည် ဘေဒစိန္တာကျမ်းဆရာ၏ အလိုကျမည်မထင်။

---

၁၃။ အနိဋ္ဌိတေတျာဒိ ။ ။ ဝါကျ၏ လက္ခဏာကို တနည်းပြလို၍ "အနိဋ္ဌိတေ"စသည်မိန့်၊ "ပု+ရိ+သော"ဟု ရွတ်ဆိုခိုက်၌ ဖြစ်သော တလုံးတလုံးသော ဝဏ္ဏသည်"အက္ခရာ"မည်၏၊ ရွတ်၍ ပြီးပြီးသော "ပုရိသော" ဟူသော အက္ခရာအပေါင်းသည် " ပဒ " မည်၏၊ "ပုရိသော ဂစ္ဆတိ"ကဲ့သို့ သော ပုဒ်အပေါင်းသည် ဝါကျမည်၏၊ ထို ဝါကျသည် တပုဒ်နှင့် တပုဒ်ကို ငဲ့ခြင်းလက္ခဏာ (ဆက်သွယ်ခြင်းသဘော) ရှိရမည်။ [ " ကေကဝဏ္ဏော အက္ခရံ, အက္ခရသမူဟော ပဒံ , ပဒသမူဟော ဝါကျံ " ဟု ဆိုရိုးအတိုင်းပင် ဖြစ်သည်။ ] တဿ – ထိုပုဒ်၏ + သမုဒါယော – အပေါင်းတည်း၊ တဿမုဒါယော–ပေါင်း။

www.dhammaransi.com



**အဇ္ဈောဇ္ဈာပေက္ခလက္ခဏ်**။ ။ "အချင်းချင်း ငံ့" ဟူသည် တပုဒ်နှင့် တပုဒ် အနက်အဓိပ္ပါယ်အားဖြင့် ဆက်သွယ်နေခြင်း,သဒ္ဒထုံးစံအတိုင်း စာစပ်၍ ရခြင်းတည်း၊ ဥပမာ—"ပုရိသော မဂ္ဂံ ဂစ္ဆတိ"၌ ပုရိသောသည် ကတ္တာ အဖြစ်ဖြင့် ဂစ္ဆတိကို ငံ့နေ— ဆက်သွယ်နေ၏။ [ ကတ္တား+ကတ္တိ အဖြစ်ဖြင့် စာစပ်၍ရ၏၊ ]ဂစ္ဆတိကလည်း ကြိယာအဖြစ်ဖြင့် ပုရိသောကိုငံ့နေ-ဆက်သွယ် နေ၏၊ မဂ္ဂံနှင့် ဂစ္ဆတိတို့လည်း ကံ + ကြိယာအဖြစ်ဖြင့် ငံ့နေ — ဆက်သွယ် နေကြ၏၊ [ကမ္မ+ကမ္မီအဖြစ်ဖြင့် စာစပ်၍ရ၏၊ ] ထို့အတူ "နီလံ+ဥပ္ပလံ" တို့လည်း ဝိသေသန + ဝိသေသျ အဖြစ်ဖြင့် ငံ့နေကြ၏၊ ဤသို့ စသည်ဖြင့် သိပါလေ၊ ဤ"အဇ္ဈောဇ္ဈာပေက္ခလက္ခဏ်"ပါ၌ဖြင့် အချင်းချင်းမငံ့ကြသော " ကုသလာ, ရူပံ, စက္ခုမာ" ကဲ့သို့သော ပုဒ်အပေါင်းသည် "ဝါကျ" အမည် မရ—ဟု သိစေသည်။

**အဘိဓာန်** ။ ။ " ကောချာတော ပဒစယော, သိယာ ဝါကျံ သ ကာရကော" ( ၁၀၆ ) အဘိဓာန်ဂါထာ၌ " ပုရိသော+ဂစ္ဆတိ " ကဲ့သို့ အာချာတ်ကြိယာနှင့် ကာရကပါသော ပုဒ်အပေါင်းကို "ဝါကျ"ဟု ဆို၏၊ ထိုအဆိုကား "သမဏောစ ဗြာဟ္မဏောစ"— "ရာဇာ+ပုရိသော" ဤသို့ စသော ( ကြိယာနှင့် ကတ္တုစသော ကာရကတို့ လုံးလုံးမပါဘဲ သမ္ဗန်နှင့် လိင်္ဂတ္ထချည်းသာ ပါသော) ဝါကျ, "သတ္ထာရာ ဒေသိတော အယံ ဓမ္မော" ကဲ့သို့ အာချာတ်ကြိယာ မပါသော ဝါကျများကို မသိမ်းယူနိုင်ရကား "များ သောအားဖြင့် ဆိုအပ်သော စကားတည်း"ဟု မှတ်။

**မှတ်ချက်** ။ ။ ဤ ဘေဒစိန္တာ၌ ပြအပ်သော ဝါကျလက္ခဏာ ၂ မျိုး, အဘိဓာန်၌ ပြအပ်သော ဝါကျလက္ခဏာ တမျိုးအားဖြင့် ဝါကျလက္ခဏာ ၃ မျိုး ရှိ၏၊ ထိုတွင် ဘေဒစိန္တာပဌမနည်း၌ " ဘေဒါဘေဒက "အရ ရိုးရာ ဝိသေသန ဝိသေသျကိုသာဂင်း,"ပုဏ္ဏံ"အရ ကြိယာကာရက ပြည့်စုံခြင်းကို ဂင်း ယူ၍ ထိုပဌမနည်းနှင့်အဘိဓာန်နည်းသည်"သရာ သရေလောပံ"စသည် ကဲ့သို့ ဝိသေသန ဝိသေသျမပါ, "အက္ခိနာ ကာဏော "စသည်ကဲ့သို့ ကြိယာ ကာရကမပါသော ဝါကျတို့ကို မသိမ်းယူနိုင်၊ " အနိစ္စံဘေ ပဒေ " စသော ဒုတိယနည်းသာ ဝါကျအားလုံးကို သိမ်းကြုံးယူနိုင်၏—ဟု ဒီပနီ၌ ဆို၏။

သို့သော်—"ဘေဒါဘေဒက"အရ တုလျာဓိကရဏဝိသေသနသာ မကဘဲ ဘိန္နာဓိကရဏဝိသေသန, အဘိန္နဝိသေသန, " ပုရိသော ဂစ္ဆတိ " ကဲ့သို့ ကြိယာကို အထူးပြုသော ကာရကဝိသေသနနှင့်:တွဲဘက် ဝိသေသျတို့ကိုပါ ယူနိုင်သောကြောင့် ပဌမနည်းလည်း ဝါကျအားလုံးကို သိမ်းကြုံးနိုင်သည်ဟု မှတ်ပါ။

www.dhammaransi.com



၁၄။ ပဋိညာ ဥပမာ ဟေတု-ဥဒါဟရဏ နိဂ္ဂမ၊
ဝသေနာ·ဝယဝါ ပဥ္စ-ဝိဓာ ဝါကျေ ယထာရဟံ။

၁၄။ ဝါကျေ – ဝါကျ၌၊ ပဋိညာ ဥပမာ ဟေတု ဥဒါဟရဏ နိဂ္ဂမဝသေန – ပဋိညာဉ်, ဥပမာ, ဟိတ်, ဥဒါဟရုဏ်, နိဂုံး, တို့၏ အပြားအားဖြင့်၊ အဝယဝါ – အစိတ်အစိတ်သော အပိုင်းအခြားတို့သည်၊ ယထာရဟံ – ထိုက်သည်အားလျော်စွာ၊ ပဉ္စဝိဓာ – ငါးပါး အပြားရှိကုန်၏။

၁၄။ **ပတိညာတျာဒိ။** ။ဝါကျကိုပြသောအရာဝယ် သတ္တတ–န္ယာသ ကျမ်း၌ လာသော ဝါကျအစိတ်အပိုင်း ငါးပါးကိုလည်း ဗဟုသုတအဖြစ်ဖြင့် မှတ်သားစေလိုသောကြောင့် “ ပတိညာ ” စသော ဂါထာကိုမိန့်၊ ဝါကျ၌ “ပတိညာ”စသော အစိတ်အပိုင်းငါးပါးကို ထိုက်သလို ရနိုင်သည်–ဟူလို၊

**ပတိညာ။** ။အများပြောရိုးအားဖြင့် ဝန်ခံခြင်းအနက်ကို “ပဋိညာ”ဟု ခေါ်၏၊ ထို ပဋိညာဉ်မျိုးကို ဤဂါထာ၌ မဆိုလိုပါ၊ လိုရင်းပဓာန ဖြစ်သော ဝါကျအစိတ်အပိုင်းကိုသာ “ ပတိညာ ” ဟု ဆိုလိုသည်၊ ဥပမာ , ဟိတ်, ဥဒါဟရုဏ် , နိဂုံးတို့သည် ထို ပတိညာ၏ အခြံအရံတို့သာတည်း။

**ဥပမာ, ဟိတ်, ။** ။ ဥပမာ – ဟူသည် ( အများနားလည်ပြီးသော ) အလားတူ ဝတ္ထုတည်း၊ ဟိတ် – ဟူသည်လည်း သဒ္ဒါကျမ်းတို့၌ လာသော ဇနကဟိတ်, သမ္ပာပကဟိတ်,ဉာပကဟိတ်,တို့ပင်တည်း၊ ဉာပကဟိတ်လည်း သဘာဝ ဉာပက , ဗျတိရေကဉာပက , ကာရိယဉာပက, ဟု သုံးမျိုးပြား၏၊ ပုံစံကို ပုဒ်စစ်စသည်မှာ ရှုပါ။

**ဥဒါဟရဏ။** ။တခုလောက်ထုတ်ပြလျှင် အလားတူအများကိုလည်း သိစေနိုင်သော စကားသည် ဥဒါဟရဏ မည်၏၊ သဒ္ဒါကျမ်းက ဥဒါဟရုဏ် များပင်တည်း၊ မှန်၏ – ယဿိန္ဒြိယာနိ “ယဿ + ဣန္ဒြိယာနိ”ဟု တခုကို ထုတ်ပြလိုက်ခြင်းဖြင့် ရှေ့သရ ချေ၍ နောက်သရသို့ ကပ်ရသော အလားတူ ပုဒ်များကိုလည်း သိရသည်။

**နိဂမ။** ။ [ဆန်းတဲ့အောင် “နိဂ္ဂမ”ဟု ပြင်ကြ၏၊] “နိဂမျတေ အတြ (အနေန ဝါ) တိ နိဂမော”ဟု ထောမနိဓိ ဝိဂ္ဂဟပြု၏၊ အတြ – ဤဝါကျ၌၊ ဝါ–တနည်း၊ အနေန – ဖြင့်၊ နိဂမျတေ – (မူလအနက်ကို) ဆုံးဖြတ်သော အားဖြင့် သိအပ်၏၊ ဣတိ နိဂမော၊ မူလအနက်ကို ဆုံးဖြတ်ရာ အတည်ပြုရာ (ဆုံးဖြတ်ကြောင်း အတည်ပြုကြောင်း) ဖြစ်သော နေခံဆုံးဝါကျကို “နိဂုံး” ဟု ခေါ်သည်၊ “ကတမေ ဓမ္မာ ကုသလာ.... ဣမေ ဓမ္မာ ကုသလာ”ဟူရာ၌

www.dhammaransi.com



၁၅။ ယထာ မဟာနသေ ဓေ၀, မဂ္ဂိ ဒဟာနဝူမတော၊
မနျတေ ကတ္ထ ဓမ္မိနော-သိဒ္ဓိတော-စလမတ္တကော။

၁၅။ မဟာနသေ – စဖိုအိမ်၌၊ အဂ္ဂိ – မီးကို၊ ဒဟာနဝူမတော-ပူခြင်း, မီးခိုးကြောင့်၊ မနျတေ ယထာ-(မီးရှိမှန်းကို)သိအပ်သကဲ့သို့၊ ဓေ၀– ဤအတူ၊ (အဂ္ဂိ– မီးကို၊ ဒဟာနဝူမတော– ပူခြင်းမီးခိုးကြောင့်၊ မနျတေ – သိအပ်၏၊) ကတ္ထ – အဘယ်အရပ်၌၊ (အဂ္ဂိ- ကို၊ မနျတေ-သနည်း၊) ဓမ္မိနော - ဥပမေယျဖြစ်သော မီး၏၊ အသိဒ္ဓိတော - မထင်ရှားခြင်းကြောင့်၊ အစလမတ္တကေ—တောင်ထိပ်၌၊ အဂ္ဂိ-ကို၊ မနျတေ-၏၊ (ဇုတိ-ဤသို့၊ နိဒဿိယတေ -- ညွှန်ပြအပ်၏။)

" ဇူမေ ဓမ္မာ ကုသလာ "သည် မူလအနက်ကို ဆုံးဖြတ်ချက်ချရာ ဖြစ်သောကြောင့် "နိဂုံး"တည်း၊ ယခုကာလ၌ မူလစကားကိုပြန်၍ အုပ်ဖုံးရာဝါကျကို " နိဂုံး "ဟု ခေါ်၍ " နိဂမိယတိ အပ္ပိယတိ ( အပ်နှံ သွင်းဖုံးအပ်၏ ) ဧတ္ထ (ဧတေန ဝါ) တိ နိဂမော"ဟုလည်း ဝစနတ္ထပြုကြသည်။

**ယထာရဟံ။** ။"ယထာရဟံ–ထိုက်သည်အားလျော်စွာ"ဟု ဆိုသောကြောင့် ဝါကျတိုင်း၌ ဤအစိတ်အပိုင်း ၅ ပါးလုံး ရထိုက်သည် ဟု မမှတ်ရ၊ ၁ ပါး, ၂ ပါး, ၃ ပါး, ၄ ပါး, ရသည်လည်း ရှိ၏၊ ၅ ပါးလုံး ရသည်လည်း ရှိ၏၊ ဤသို့ ရထိုက်သလို ရကြ၏–ဟု ဆိုလိုသည်၊ ဆက်ဦးအံ့၊—ဤဝါကျာဝယဝတို့ကို တဝါကျထည်း၌ ရနိုင်သည် ဟု မဆိုလို၊ ပဋိညာနှင့် နိဂုံးသည် တဝါကျထည်း မဖြစ်နိုင်၊ ဥပမာ,ဟေတု,ဥဒါဟရဏ,တို့လည်း ရံခါ တဝါကျထည်း၌ စုမိ၍, ရံခါ ကိုယ့်ဝါကျနှင့်ကိုယ်လည်း ဖြစ်နိုင်သည် ဟု မှတ်။

---

၁၅။ **ယထာတျာဒိ။** ။ဝါကျာဝယဝ ၅ပါးလုံးပါသော ပုံစံကိုပြလို၍ "ယထာ"စသည်မိန့်၊ စဖိုအိမ်၌ မီးကိုပူခြင်းကြောင့်၎င်း, မီးခိုးကြောင့်၎င်း, မီးရှိမှန်း သိရသကဲ့သို့ , ဤ့အတူ မီးကို ပူခြင်းမီးခိုးကြောင့် ရှိမှန်း သိရ၏၊ (ဥပမာဖြစ်သော မီးသည် "စဖိုအိမ်ထည်းက မီး "ဟု ထင်ရှားသကဲ့သို့ ဥပမေယျမီးကား ဘယ်အရပ်ကမီးဟု မထင်ရှား၊) ထို့ကြောင့်"ကတ္ထ—အဘယ်အရပ်၌ မီးလဲ" ဟု မေးလျှင် " အစလမတ္တကေ— တောင်ထိပ်၌ မီး, ဝါ–တောင်ပေါ်က မီး"ဟု ညွှန်ပြပါ– ဟူလို။

**ဝါကျအစိတ် ၅ မျိုး။** ။"ယထာ မဟာနသေ အဂ္ဂိ"သည် ဥပမာ၊ ဓေ၀ံ သည် နိဂုံး၊ "ဓေ၀ံ အဂ္ဂိမနျတေ"၌ပါသော " အဂ္ဂိမနျတေ "သည် ပဋိညာ၊ "ဒနဟာဝူမတော"သည် ဟိတ်၊ "အစလမတ္တကေ"သည် ဥဒါဟရဏ်တည်း။

www.dhammaransi.com



[ဓမ္မိနော + အသိဒ္ဓိတော"ဟု ပုဒ်ဖြတ်၊ ဓမ္မသဒ္ဒါသည် ဂုဏ်ဝိသေသန အပဓာနကိုဟော၏၊ ဓမ္မီသဒ္ဒါကား ဂုဏ်ဝိသေသနရှိသော ပဓာနကိုဟော၏၊ ဤနေရာ၌ ဥပမေယျမီးသည် ဆိုလိုရင်းပဓာနဖြစ်သောကြောင့်"ဓမ္မီ"တည်း။]

**ရှင်းပြချက်။** ။ဥပမာသည် ယခုခေတ်၌ ဥပမာနဝါကျပင်ဖြစ်၍ ထင်ရှားပြီ၊ **"ဓဝံ အဂ္ဂိ မနျတေ"**ကို ယခုခေတ်၌ " ဥပမေယျဝါကျ" ဟု ခေါ်၏၊ ဤဝါကျာဝယဝ ၅ ပါးခွဲရာ၌ကား ဧဝံ (တထာ) ပုဒ်မျိုးသည် ဆိုခဲ့ပြီးဥပမာကို ပြန်၍ဖုံးသောကြောင့် "နိဂုံး"မည်၏၊ ဧဝံနောက်က"အဂ္ဂိမနျတေ"ကိုလည်း ဆိုလိုရင်းပဓာနဖြစ်သောကြောင့် " ပဋိညာ"ဟု ခေါ်သည်။

**ဒဟနရူမတော။** ။ ဤပုဒ်၏ ဟိတ်ဖြစ်ကြောင်းလည်း ထင်ရှားပြီ၊ ဤပုဒ်ကို ဥပမာ ဥပမေယျ ၂ ဘက်လုံး၌လိုက်စေ၍ အနက်ပေးပါ၊ ဘာ့ကြောင့်နည်း....စဖိုအိမ်ကမီးကို ပူခြင်းကြောင့်လည်း ရှိမှန်းသိရ,မီးခိုးကြောင့်လည်း ရှိမှန်းသိရသကဲ့သို့ , အခြားမီးကိုလည်း ပူခြင်းနှင့် မီးခိုးအတွက် ရှိမှန်းသိရသောကြောင့်တည်း။

**သဘာဝ, ကာရိယ။** ။ဟိတ်သုံးမျိုးတွင် "ဒဟန ရူမတော"သည် မီးရှိကြောင်းကို သိစေတတ်သောကြောင့် ဉာပကဟိတ်တည်း၊ ဉာပကဟိတ် ၃ မျိုးတွင်ကား " ဒဟန" သည် မီး၏သဘော (ထုံးစံ) ဖြစ်သော ပူခြင်းကိုဟောသောကြောင့် သဘာဝဉာပကဟိတ်၊ " ဓူမ " ကား မီးသည် ပြုအပ်သော (မီးကြောင့်ထွက်သော) အကျိုးမီးခိုးကိုဟောသောကြောင့် ကာရိယဉာပကဟိတ်တည်း။ [ ကာရိယ၌ ကရဓာတ်, ဏျပစ္စည်း၊ ကရိယတေ – ပြုအပ်၏၊ ဣတိ ကာရိယံ။]

**ကတ္ထ၊ပေ၊အစလမတ္ထကေ ။** ။ သဒ္ဒါကျမ်း၌ ဥဒါဟရဏ်ကိုပြလိုသောအခါ "တေန ကွတ္တော (ကွ+အတ္တော)"စသည်ဖြင့် ပုစ္ဆာထုတ်ပြီးမှ "သရာ သရေ လောပံ"ဟု ဥဒါဟရဏ်ကိုပြ၏၊"[တတ္တောဒန္တာ သရာအဠ"သုတ်၏ ဝုတ္တိကိုကြည့်ပါ၊] ထို့အတူ ဤ၌လည်း ဥပမေယျမီးကို"ဓဝံ အဂ္ဂိ မနျတေ"ဟု သာမညဆိုထားသဖြင့် မထင်ရှားသောကြောင့် " ကတ္ထ " ဟု ပုစ္ဆာထုတ်၍ " အစလမတ္ထကေ " ဟု မီး၏တည်ရာဌာနကို ဥဒါဟရဏ်အဖြစ်ဖြင့် ထုတ်ပြသည်၊ တောင်ပေါ်ကမီးကို ဥဒါဟရဏ် ထုတ်ပြသဖြင့် အခြား မီးဟူ**သ**မျှကိုလည်း "ဒဟနဓူမ"အကြောင်းရှိလျှင် "မီးရှိကြောင်း" သိရသည်–ဟူလို။ [ဋီကာ၌ "အသိဒ္ဓိတော" ကိုလည်း "ဗျတိရေကဟိတ်"ဟု ဆို၏၊ မိမိကား "ပုစ္ဆာထုတ်လို၍ အပိုထည့်ပြအပ်သော ဟိတ်"ဟုသာ ထင်သည်။

**မှတ်ချက်။** ။ဧဝံကို"နိဂုံး"ဟု သုံးစွဲခြင်းသည်"ဧဝံသဒ္ဒေါ ဥပမာကာရနိဂမနတ္ထော"ဟူသော ဖြပ္ပဗောလသုတ် "ဧဝံ မေ သုတံ"အဖွင့် ဋီကာတို့နှင့် သဘောတူပင် ဖြစ်၏၊ သို့သော် ဝါကျအရာ၌ သုံးစွဲလေ့ရှိသော နိဂုံးမျိုးကား

www.dhammaransi.com



၁၆။ ကြိယာယ သဟ အဗျော့ညံ့,ကာရကာန မပေက္ခတာ၊
ကြိယာကာရက သမ္ဗန္ဓော, န ဆဋ္ဌီဝိသယော အယံ။

၁၆။ ကာရကာနံ-ကာရကတို့၏၊ ကြိယာယ-ကြိယာနှင့်၊ သဟ-တကွ၊ အဗျော့ညံ့–အချင်းချင်း၊ အပေက္ခတာ-ငဲ့ခြင်း ရှိကုန်သည်၏ အဖြစ်သည်၊ ကြိယာကာရကသမ္ဗန္ဓော-ကြိယာကာရက သမ္ဗန်မည်၏၊ ဝါ - ကြိယာနှင့် ကာရကတို့၏ စပ်ခြင်းမည်၏၊ အယံ – ဤ ကြိယာ ကာရကသမ္ဗန်သည်၊ န ဆဋ္ဌီဝိသယော-ဆဋ္ဌီဝိဘတ်၏ သက်ရာအနက် မဟုတ်။ [ အပေက္ခနံ အပေက္ခာ၊ အပေက္ခာ ယေသံ အတ္ထိတိ အပေက္ခာ၊ အပေက္ခာနံ+ဘာဝေါ အပေက္ခတာ။]

မဟုတ်ပါ၊ ဝါကျအရာ၌ကား ပဓာနစကားကို ပြန်၍ အုပ်ဖုံးမှ " နိဂုံး "ဟု ခေါ်လေ့ ရှိသည်၊ ယောမနိမိတ်လည်း " ပဗ္ဗတော ဝဟ္နိမာ – တောင်သည် မီးရှိ၏"တို"ပဋိညာ"ဟု ဆို၍"တသ္မာ ဝဟ္နိမာ-ထို့ကြောင့် မီးရှိ၏"ဟု မူလ အနက်ကို ပြန်၍ ဖုံးသောစကားကို"နိဂမန"ဟု ဆိုသည်၊ ထို့ပြင် ဤဂါထာ၌ "ကတ္တု,ဓမ္မိနော, သိဒ္ဓိတော " ဟု အပိုစကားတွေ ပါနေသဖြင့် မရှင်းလင်း၊ ထို့ကြောင့် နိဂုံးဝါကျလည်း ရိုးရာကျ, အပိုလည်း မပါရအောင် အောက်ပါ ဂါထာကို ဆရာတို့ ပြင်တော်မူကြသည်။

ယထာ မဟာနသေ အဂ္ဂိ, မနျတေ ဒါဟရူမတော၊
တထာ သော ပဗ္ဗတဂ္ဂမှိ, ဧဝံ အဂ္ဂိနိ မနျတေ။

ဤဂါထာ၌ "ယထာ၊ပေ၊အဂ္ဂိ" သည် ဥပမာ၊"တထာ(အဂ္ဂိ) မနျတေ" သည် ပဋိညာ၊"ဒါဟရူမတော"သည် ဟိတ်၊"ပဗ္ဗတဂ္ဂမှိ"သည် ဥဒါဟရဏ်၊ "ဧဝံ၊ပေ၊မနျတေ"သည် နိဂုံး၊ ဤ နည်းကို မှီ၍ ဝါကျာဝယဝ ၁ ပါး,၂ ပါး, စသည်ရသော ဝါကျများကိုလည်း သိပါလေ၊ ဒီ၁နိ၌ " ယထာ မဟာနသေ အဂ္ဂိ ဒဟာနစူမတော မနျတေ၊ ( ကတ္တုအဂ္ဂိတိ ) အစလမတ္တကေ " ဝါကျ၌ " ဧဝံ "ဟု နိဂုံး မပါသောကြောင့် အဝယဝ ၄ ပါး ဟု ဆို၍ " သရာ သရေ လောပံ"ကိုကား"ပဋိညာ တခုသာ ပါသော ဝါကျ"ဟု ဆိုသည်။

---

၁၆။ ကြိယာယတျာဒိ။ ။ "ဝါကျံ တသယမုဒါယောတ–မဗျော့ညာ ပေက္ခလက္ခဏံ"ဟု ဆိုခဲ့သော (၁၃) ဂါထာ၌ "ပုဒ်တွေကို ပေါင်းလိုက်လျှင် ဝါကျဖြစ်၏၊ ထိုဝါကျသည် အချင်းချင်းငဲ့ခြင်း လက္ခဏာရှိ၏ "ဟု ဆိုအပ်ခဲ့ သော စကား၌ ဝါကျတခုတည်းဝယ် ကြိယာနှင့် ကာရကဟူသော ပုဒ်တို့၏ အချင်းချင်းငဲ့ခြင်းကို အဘယ်သို့ခေါ်ပါသနည်း-ဟုမေးဘွယ်ရှိသောကြောင့်

www.dhammaransi.com



**၁၇။ နာနတ္တာ သတ္တိယာ နာနာ, ကြိယာ ဟောတိ ယထာရဟံ၊ ကေကြိယာယ ဆန္နန္နံ, နတ္ထိ ကာရကတာ သဒါ။**

၁၇။ သတ္တိယာ-ကာရကသတ္တိ၏၊ နာနတ္တာ-ထူးသည်၏ အဖြစ်ကြောင့်၊ ယထာရဟံ - ထိုက်သည်အားလျော်စွာ၊ ကြိယာ - ကြိယာသည်၊ နာနာ- ထူးသည်၊ ဟောတိ-၏၊ တု- ဆက်ဦးအံ့၊ ကေကြိယာယ-တခုတည်းသောကြိယာ၌၊ သဒါ-အခါခပ်သိမ်း၊ဆန္နံ-၆ပါးသော သတ္တိတို့၏၊ ကာရကတာ- ကာရကတို့၏ အဖြစ်သည်၊ နတ္ထိ-မရှိနိုင်။

"ကြိယာယ"စသည် မိန့်၊ ကြိယာနှင့် ကာရကတို့၏ အချင်းချင်းငဲ့ချင်း(သဒ္ဒါသဘောအားဖြင့် အနက်အဓိပ္ပါယ် ဆက်သွယ်၍ ရခြင်းကို) "ကြိယာကာရကသမ္ဗန်" ခေါ်သည်-ဟူလို၊ "ပုရိသော မဂ္ဂံ ဂစ္ဆတိ "ဝါကျ၌ "ပုရိသော မဂ္ဂံ" ဟူသော ကာရကတို့၏ "ဂစ္ဆတိ"ကြိယာနှင့် ကတ္တာ+ ကတ္တိ, ကမ္မ+ ကမ္မိ, အဖြစ်ဖြင့် ဆက်သွယ်ခြင်း စသည်တည်း။ [ ကာရကာနံ + သမ္ဗန္ဓော ကာရကသမ္ဗန္ဓော၊ ကြိယာယ+ကာရကသမ္ဗန္ဓော ကြိယာကာရကသမ္ဗန္ဓော။ ]

**န ဆဋ္ဌီဝိသယော ။** ။ ဆဋ္ဌီဝိဘတ်သည် သမ္ဗန်အနက်၌သက်၍ သမ္ဗန်အနက်ကို ဟောရကား ဤကြိယာကာရကသမ္ဗန်သည် ဆဋ္ဌီဝိဘတ်၏သက်ရာ သမ္ဗန်ပါလော - ဟု မေးဘွယ်ရှိသောကြောင့် " န ဆဋ္ဌီဝိသယော - ဆဋ္ဌီဝိဘတ်၏သက်ရာ သမ္ဗန်အနက်မဟုတ်"ဟု တားမြစ်ရသည်၊ ဆဋ္ဌီဝိဘတ်၏ သက်ရာ သမ္ဗန်ကိုကား " သမ္ဗန္ဓော ကာရကေဟညော " စသော ( ၃၅ ) ဂါထာ၌ သိခြားပြလတ့ံ။

---

၁၇။ **နာနတ္တာတျာဒိ။** ။ကြိယာနှင့် ကာရကတို့ စပ်ရာဝယ် အဘယ့်ကြောင့် "ဂစ္ဆတိ - ပစတိ"စသည်ဖြင့် ကြိယာအမျိုးမျိုးဖြစ်ရပါသနည်း ဟု မေးဘွယ်ရှိသောကြောင့် "နာနတ္တာ၊ပေ၊ဟောတိ"ဟုမိန့်၊ ["သတ္တိ မုချေန ကာရကံ"ဟု(၆၁)ဂါထာ၌လာလတ့ံအတိုင်း ကာရကနှင့်သတ္တိကို သဘောတူဟု မှတ်ပါ။ ] ကာရကမည်သောသတ္တိက အမျိုးမျိုးရှိသောကြောင့် ထိုသတ္တိအတွက် ဖြစ်ရသောကြိယာလည်း အမျိုးမျိုးအစားစားရှိရသည်-ဟူလို။

**ယထာရဟံ။** ။ နွားလားကြီး၌ သွားစွမ်းနိုင်သော ကတ္တုသတ္တိရှိ၏၊ ထို သတ္တိကြောင့်"ဗလီဗဒ္ဒေါ ဂစ္ဆတိ"ဟု ဂစ္ဆတိကြိယာ ဖြစ်ရ၏၊ ကြိယာဖြင့် ရောက်အပ်သော ကြိယာပါပုဏ( ကမ္မ ) သတ္တိလည်း ရှိ၏၊ ထို သတ္တိကြောင့် " ဗလီဗဒ္ဒံ ပဿတိ " ဟု ပဿတိကြိယာ ဖြစ်ရ၏၊ ကြိယာကို အထူးပြီးစေနိုင်သော ( ကြိယာသာဓကတမ ) ကရဏသတ္တိကြောင့် "ဗလီဗဒ္ဒေန ဒါရုကန္ခံ

www.dhammaransi.com



**၁၀။ သဒ္ဒသန္တတိယံ သဒ္ဒေါ, ကာသာဒိဝ မကာရိယော၊
နိဗ္ဗောတိ ကေစိ တေသန္တု, နာပသဒ္ဒေါ ကဒါစိပိ။**

၁၀။ သဒ္ဒသန္တတိယံ - အစမထင် သဒ္ဒါအစဉ်၌၊ (ပဝတ္တော- ဖြစ်သော၊) သဒ္ဒေါ - သဒ္ဒါသည်၊ ဝါ - သဒ္ဒါကို၊ **အာကာသာဒိဝ-** ကောင်းကင် အစရှိသည်ကဲ့သို့၊ **အကာရိယော** - မပြုအပ် မပြုနိုင်၊

အာကမုတိ—န္သွားလားဖြင့် သစ်တုံးကို ဆွဲငင်၏”ဟု အာကမုတိကြိယာဖြစ်ရ ၏၊ ထို့အတူ သမ္ပဒါန်, အပါဒါန်, အဓိကရဏသတ္တိကြောင့် “ ဗလီဗဒ္ဒဿ တိဏံ ဒေတိ, ဗလီဗဒ္ဒမှာ သေဒေါ ပတတိ, ဗလီဗဒ္ဒေ နိသီဒတိ”၌ “ဒေတိ, ပတတိ နိသီဒတိ ” ဟူသော ကြိယာများ ဖြစ်ကြရသည်၊ ဤသို့ သတ္တိအား လျော်စွာ ကြိယာအမျိုးမျိုး ဖြစ်ရသည်ကို“ယထာရဟံ”ဟု ဆိုသည်။

**ကေ၊ပေ၊သဒ္ဒါ။** ။ပြခဲ့သောနည်းသည် ကာရကအသီးသီးနှင့် ကြိယာ အသီးသီး စပ်ပုံကို ပြသော စကားတည်း၊ ယခုအခါ ကြိယာတခု၌ ကာရက သတ္တိအများ စပ်နိုင်ပုံကို ပြလိုသောကြောင့် “ ကေကြိယာယ ” စသည် မိန့်၊ ကြိယာတခု၌ ကာရကအများလည်း စပ်နိုင်၏၊ သို့သော် ကြိယာတခုတည်း၌ ကာရက ၆ ပါးလုံးကား ဘယ်အခါမှ ပြ၍ မစပ်နိုင်၊ ၂ ပါး ၃ ပါး ၄ ပါးနှင့် အလွန်ဆုံး ၅ ပါးသာ စပ်နိုင်သည်—ဟူလို။]

**မှန်၏** — “ကေကြိယာယ ဆန္နံ နတ္ထိ ကာရကတာ”ဟု ကာရက ၆ ပါး ပြိုင်၍ဖြစ်မှုကို တားမြစ်သဖြင့်“ကေကြိယာယ ဒွိန္နံဝါ တိဏ္ဏံဝါ စတုန္နံဝါ ပဉ္စန္နံ ဝါ ကာရကတာ အတ္ထိ”ဟု ခွင့်ပြုရာရောက်သည်၊ ကာရက ၂ ပါး ပုံစံကား— ပုရိသော ဂါမံ ဂစ္ဆတိ၊ ၃ ပါး ပုံစံကား — ပုရိသော ဂါမံ ပါဒေန ဂစ္ဆတိ၊ ၄ ပါးပုံစံကား— ပုရိသော ဝိဟာရာ ဂါမံ ပါဒေန ဂစ္ဆတိ၊ ၅ ပါးပုံစံကား— ပုရိသော ဝိဟာရာ ဂါမံ ဝသနတ္ထာယ ပါဒေန ဂစ္ဆတိ ” ဤသို့စသည်ဖြင့် ပုံစံ ထုတ်ကြည့်ပါ။

**မဟာဋီကာ။** ။မဟာဋီကာ၌“ပုရိသော ဂေါဏာတော တိဏံ ဂေါဏာ ဿ ဟတ္ထေန ဒေါဏိယံ ခါရယတိ ” ဟု ထုတ်၏၊ [ ယောကျာ်းသည် နွား တကောင်မှ မြက်ကို အခြား နွားတကောင်အား လက်ဖြင့် နွားစားကျင်း၌ ဆောင်ပို့ပေး၏။ ] ထိုပုံစံဝယ် “ ဂေါဏာတော ” ဟူသော အပါဒါန်သည် ခါရယတိကြိယာ၌ မစပ်နိုင်၊ “ဂဟေတွာ” စသော ကြိယာတခုခုကိုထည့်မှ အစပ်ရနိုင်စရာရှိသည်၊ ထို့ပြင်—ထီးဆောင်းခြင်း, ကြွေးဆပ်ခြင်း အနက်ကို ဟောရာ၌သာ သမ္ပဒါန်ကိုငဲ့၍ အခြားနေရာ၌ သမ္ပဒါန်မငဲ့သော“ခါရယတိ” ကြိယာကို ဤနေရာ၌ သုံးစွဲပုံကိုလည်း စဉ်းစားကြပါလေ။

www.dhammaransi.com



နိစ္စော-မြဲ၏၊ ဣတိ-ဤသို့၊ ကေစိ-အချို့သော နိစ္စဝါဒီဆရာတို့သည်၊ (ဝဒန္တိ- ဆိုကြကုန်၏၊) တု- ဆက်ဦးအံ့၊ တေသံ- ထို နိစ္စဝါဒီဆရာတို့၏၊ ဝါဒေ- အယူ၌၊ ကဒါစိပိ – တရံတခါ၌လည်း၊ အပသဒ္ဒေါ - သဒ္ဒါပျက်သည်၊ န– မဖြစ်ရာသည် မဟုတ်ပါလော၊ (ဣတိ- ဤကား စောဒနာတည်း။)

၁၈။ **သဒ္ဒသန္တတိယံ တျာဒိ။** ။ဘေဒစိန္တာကျမ်းဆရာသည် ရှေးဦးစွာ ပရမတ္ထ ပညတ္တိအားဖြင့် သဒ္ဒဘေဒကိုပြ၏၊ ထို့နောက် အက္ခရာ, ပုဒ်,ဝါကျ တို့ကို အစဉ်အတိုင်းပြ၏၊ " ဝါကျသမူဟော ဂန္ထော " နှင့်အညီ ယခုအခါ ထို ဝါကျအပေါင်းဖြစ်သော သဒ္ဒါကျမ်းကို ပြခွင့်ရှိ၏၊ ထို့ကြောင့် သဒ္ဒါကျမ်းကိုပြရာဝယ် နိစ္စ–အနိစ္စဝါဒကိုအခြေတည်၍ ပြလိုသောကြောင့် "သဒ္ဒသန္တတိယံ သဒ္ဒေါ "စသောဂါထာကို မိန့်သည်။ ["သဒ္ဒါဟူသည် မြဲ၏ "ဟု ပြောလေ့ရှိသော "နိစ္စဝါဒီ" ဆရာ, မမြဲဟု ပြောလေ့ရှိသော "အနိစ္စဝါဒီ" ဆရာ, ၂ မျိုးလုံးကိုပြောလေ့ရှိသော "နေဝနိစ္စ နာနိစ္စဝါဒီ" ဆရာဟု ဆရာ ၃ မျိုးကို သိနှင့်ပါ။]

**သဒ္ဒ၊ပေ၊ နိစ္စော ။** ။[ ဤကား နိစ္စဝါဒီ ဆရာတို့၏ဝါဒကို ပြသော စကားတည်း၊ ] အစမရှိသော ကမ္ဘာအဆက်ဆက်ဝယ် ပြောဆိုအပ်သော သဒ္ဒါအဆက်ဆက်လည်း အစမရှိပင်ဖြစ်၏၊ "ပုရိသော" သဒ္ဒါတခုသည်ပင် ရှေးရှေး ကမ္ဘာအဆက်ဆက်၌လည်း"ပုရိသော"ချည်း ဖြစ်၏၊ ထို့ကြောင့် " ပုရိသော "သဒ္ဒါဖြစ်အောင် မည်သူတယောက်မျှ မပြုအပ်, ပြုဘွယ်လည်း မလို၊ ထို့ကြောင့် ပုရိသောနှင့်တကွ သဒ္ဒါဟူသမျှသည် မပျက်နိုင်ဘဲ အမြဲ ရှိပြီးဖြစ်သော နာမည်ပညတ်တည်း၊ ဥပမာ – ကောင်းကင်သည် မည်သူမျှ မပြုအပ်ဘဲ အမြဲရှိနေသကဲ့သို့တည်း၊ အာကာသာဒိ၌ အာဒိဖြင့် နိဗ္ဗာန်ကိုယူ။

**တေသံ ၊ ပေ၊ ကဒါစိပိ ။** ။[ ဤကား နိစ္စဝါဒဝယ် စောဒနာဘွယ် ရှိသောကြောင့် ထိုစောဒနာကို ကျမ်းဆရာကိုယ်တိုင်ပြသော စကားတည်း၊] "နိစ္စ"ဖြစ်သော အရာဝတ္ထုသည် ဘယ်အခါမှ မပျက်နိုင်၊ ထို့ကြောင့် " ဤ သဒ္ဒါလည်း နိစ္စဖြစ်လျှင် တခါတရံမျှ သဒ္ဒါပျက် (သဒ္ဒါအမှား) မရှိတော့ " ဟု မှတ်ရမည်လော – ဟု စောဒနာသည်။ [ " သဒ္ဒတော + မှန်ကန်သော သဒ္ဒါမှ+အပေတော–ကင်းသော သဒ္ဒါမှားတည်း၊ ဝါ – သဒ္ဒါပျက်တည်း၊ အပသဒ္ဒေါ-မှား၊ ဝါ–ပျက်"ဟု ဒီပနီဝိဂ္ဂဟ ပြု၏၊ ထောမနိဓိ၌ကား"အပ ကဋ္ဌော–မှန်ကန်သော မူလသဘောမှ ယုတ်လျော့သော + သဒ္ဒေါ– သဒ္ဒါ မှားတည်း၊ အပသဒ္ဒေါ "ဟု ပြုသည်။]

www.dhammaransi.com



၁၉။ အဿတိတ္တာ·လသတ္တာစ, အပ္ပသဒ္ဒေပိ သာရတာ၊
အတ္ထေသနေ ယထာမ္ဗုတိ, ၀ုတ္တေ·ပျမ္ဗာတိ မဉ္ဈတေ။

၁၉။ **အဿတိတ္တာ**-သတိမရှိခြင်းကြောင့်သော်ငှင်း၊ ဝါ-အမှတ်တမဲ့ ဖြစ်ခြင်းကြောင့်သော်ငှင်း၊ (တနည်း)အသတ္တိတ္တာ-မှန်အောင်ဆိုခြင်းငှါ မစွမ်းနိုင်သည်၏ အဖြစ်ကြောင့်သော်ငှင်း၊ **အလသတ္တာစ**-ပျင်းရိသည်၏ အဖြစ်ကြောင့်သော်ငှင်း၊ အပသဒ္ဒေ- မှားယွင်းသောသဒ္ဒါကို၊ ဝါ- သဒ္ဒါပျက်ကို၊ ( ဝုတ္တေ ) ပိ - ဆိုအပ်ပါသော်လည်း၊ **အတ္တေသနေ - အနက်ကို** ရှာခြင်းသည်၊ ( **သတိ** - ဖြစ်လသော်၊ ) **သာရတာ**-ကောင်းသော သဒ္ဒါ၏အဖြစ်ကို၊ ဝါ-သဒ္ဒါမှန်၏အဖြစ်ကို၊ မဉ္ဈတေ-**သိအပ်၏**၊ ယထာ-ဥဒါဟရဏ်ကား၊ **အမ္ဗုတိ - အမ္ဗုဟူ၍**၊ အပသဒ္ဒေ-မှားယွင်းသော သဒ္ဒါကို၊ ( ဝုတ္တေ ) ပိ - ဆိုအပ်ပါသော်လည်း၊ အတ္တေသနေ-**အနက်ကို** ရှာခြင်းသည်၊(သတိ-သော်၊) **အမ္ဗာတိ-အမ္ဗာ**ဟူ၍၊ **မဉ္ဈတေ** ယထာ-**သိအပ်သကဲ့သို့တည်း**။

**၁၉။ အဿတိတ္တာတျာဒိ ။** ။ [ ဤကား ထိုစောဒနာ၏ အဖြေတည်း။ ] သတိကင်းသောကြောင့်ဖြစ်စေ, ( တနည်း—မှန်အောင် မရွတ်စွမ်းနိုင်သောကြောင့်ဖြစ်စေ , ) သို့မဟုတ်— ပျင်းရိသောကြောင့်ဖြစ်စေ မှားယွင်းသောသဒ္ဒါ(သဒ္ဒါပျက်) ကို ဆိုမိစရာ ရှိပါ၏၊ သို့သော် ထိုသဒ္ဒါ၏ အနက်ကို ရှာတွေ့(စဉ်းစား) သောအခါ သဒ္ဒါပျက်လည်း သဒ္ဒါမှန်ဖြစ်လာရသည်။

**ယထာ၊ပေ၊အမ္ဗာတိ မဉ္ဈတေ။** ။ ဥပမာ—"အမ္ဗာ" ဟု ရွတ်ဆိုရမည်ဖြစ်ပါလျက် ပြခဲ့သော အကြောင်းတပါးပါးကြောင့် "အမ္ဗု " ဟု ရွတ်ဆိုမိသော်လည်း ကြားရသူက ထို အမ္ဗုသဒ္ဒါ၏အနက်ကို ရှာသောအခါ ( စဉ်းစားသောအခါ) "မိခင်"ကို ပြောတာဘဲ ဟု သိပါလိမ့်မည်၊ ထိုအခါ "အမ္ဗု" မဟုတ်, " အမ္ဗာ " ဖြစ်သည်—ဟု မူရင်းသဒ္ဒါကိုပင် သိရပါသည်၊ ဆိုလိုရင်းကား — ရွတ်ဆိုခိုက်၌ ပျက်သော သဒ္ဒါသည် မူလနိစ္စသဒ္ဒါ မဟုတ်၊ မူလနိစ္စသဒ္ဒါနှင့် ဆင်တူရိုးမှား သဒ္ဒါသာ ဖြစ်၏၊ အနက်မှန်ရှာသောအခါ တွေ့ရသိရသော သဒ္ဒါမှ မူလနိစ္စသဒ္ဒါဖြစ်သည်-ဟု ဆိုလိုသည်။

**အဿတိတ္တာ။** ။နတ္ထိ+သတိ ယဿာတိ အဿတိ၊ [အနုဿတိဂ၌သို့ သဉ္စ ဒွေဘော်။ ] အဿတိနော + ဘာဝေါ အဿတိတ္တံ၊ ဤစကားဖြင့် " နဂိုရ်က ပြီးသအောင် ရွတ်စွမ်းနိုင်ပါလျက် အမှတ်တမဲ့ ပေါ့ပေါ့ဆဆ ရွတ်မိသောကြောင့် သဒ္ဒါမှား ဖြစ်ရသည်"ဟု ပြ၏၊ တနည်း —"အသတ္တိတ္တာ"ဟု မူကွဲရှိ၏၊ နတ္ထိ+သတ္တိ ယဿာတိ အသတ္တိ – ရွတ်စွမ်းနိုင်သော သတ္တိမရှိသူ၊

www.dhammaransi.com



**၂၀။ အတ္ထေ သာရုတ္တမတ္တေန, နိစ္စတ္တေပိ ကရိယတေ၊**
**နိစ္စေန သာဒိသာနိစ္စံ, ရဂ်ဟတ္ထာဒယော ယထာ။**

၂၀။ နိစ္စတ္တေ-သဒ္ဒါတို့၏ မြဲကုန်သည်၏ အဖြစ်သည်၊ (သတိပိ-ဖြစ်ပါသော်လည်း၊)အတ္ထေ-နိစ္စသဒ္ဒါ၏ အနက်၌၊ သာရုတ္တမတ္တေန-အနက်ထင်ကြောင်း, ကောင်းသည်၏ အဖြစ်မျှကြောင့်၊ နိစ္စေန - နိစ္စသဒ္ဒါနှင့်၊ သဒိသံ- တူသော၊ အနိစ္စံ - **အနိစ္စ**ဖြစ်သော သဒ္ဒါကျမ်းကို၊ ကရိယတေ - ပြုအပ်၏၊ ယထာကိ - ဥပမာအဘယ်ကဲ့သို့နည်း၊ ရဂ်ဟတ္ထာဒယော ယထာ- (ရဂ်ဟတ္ထိ+အာဒယော ယထာ)- ဆေးဖြင့်ရေးအပ်သော ဆင်ရုပ်အစရှိသည်တို့ကဲ့သို့တည်း။

အသတ္တိနော + ဘာဝေါ အသတ္တိတ္တံ၊ နှုတ်ခမ်းပဲ့နေခြင်း, သွားခေါနေခြင်း စသည်ကြောင့် ဖြစ်စေ, ထိုသဒ္ဒါ၏အမှန်ကို သိသောဉာဏ် မရှိသောကြောင့် ဖြစ်စေ, ဤ အကြောင်းတပါးပါးကြောင့် သဒ္ဒါမှန်ဖြစ်အောင် မရွတ်စွမ်းနိုင်ခြင်းတည်း၊ ဥပမာ — သွားခေါသော ဘုန်းကြီးတပါးက သရဏဂုံပေးရာ၌ သွားနှင့်အောက်နှုတ်ခမ်း ထိနေသောကြောင့် "ဗုဒ္ဓံ" ဟု ပြီသအောင် မရွတ်နိုင်ဘဲ "ဝုဒ္ဓံ"ဟု ရွတ်သကဲ့သို့တည်း။

**အလသတ္တာ**။ ။အလသဿ + ဘာဝေါ အလသတ္တံ၊ ဤစကားဖြင့် "သတိလည်းရှိ,နှုတ်ခမ်းပါးစပ်လည်းကောင်း,အမှန်ကိုသိသောဉာဏ်လည်း ရှိပါလျက် ပျင်းပျင်းရိရိ ( မဆိုချင့်ဆိုချင်နှင့် )ဆိုမိသောကြောင့် အသံထွက် အမှားထွက်နေရသည်"ဟု ပြ၏။

---

၂၀။ **အတ္ထေတျာဒိ**။ ။သဒ္ဒါသည် နိစ္စဖြစ်လျှင် (နိစ္စဖြစ်သောကြောင့်) သဒ္ဒါကျမ်းကို ပြုဘွယ်မလိုသည် မဟုတ်ပါလော၊ ဥပမာ— " ဆိန္နဟတ္ထော" သဒ္ဒါသည် နိစ္စသဒ္ဒါဖြစ်နေလျှင် "ဆိန္နဟတ္ထော"ဟုသာ အမြဲရှိနိုင်၍"ဆိန္နာ+ ဟတ္ထာ ယဿ"ဟူသော ဝိဂ္ဂြိဟ်ဝါကျပြုလုပ်ဘို့ရာ ဆိန္နာ တပုဒ် ဟတ္ထာ တပုဒ် ခွဲ၍ မဖြစ်နိုင်၊ ထိုသို့ ခွဲ၍မဖြစ်လျှင် ဆိန္နဟတ္ထောပြီးဘို့ရန် သဒ္ဒါကျမ်းလည်း မလိုတော့၊ သို့ပါလျက် အဘယ့်ကြောင့် သဒ္ဒါကျမ်းကို ပြုအပ်ပါသေးသနည်း- ဟု မေးဘွယ်ရှိသောကြောင့် "အတ္ထေ သာရုတ္တမတ္တေန"စသည်ကို မိန့်။

**ဤဂါထာ၏ ဆိုလိုရင်းကား၊** — ဆင်အစစ်ကို သိကြဘို့ရန် ဆင်အရုပ် ရေးပြရသကဲ့သို့, ထို့အတူ ပါဠိတော်စသည်၌ လာသော သဒ္ဒါအစစ်၏ အနက်ကို သိဘို့ရန် ( အနက်ထင်မြင်ဘို့ရန် ) သဒ္ဒါအတုကို (လိန်, ဓာတ်, ပစ္စည်း, ဝိဘတ်တို့ဖြင့် ခွဲခြား၍) ပြုလုပ်ပြရသည်၊ ဆင်အရုပ်သည် ဆင်အစစ်

www.dhammaransi.com



၏ အတုဖြစ်သကဲ့သို့ သဒ္ဒါကျမ်း၌ရှိသော ပြယုဂ်ပုံစံများသည် သဒ္ဒါအတုများ ဖြစ်၏၊ ဆင်ရုပ်ဖြစ်အောင် ဆေးဖြင့် ရေးပြရသကဲ့သို့ သဒ္ဒါအတု ( သဒ္ဒါအရုပ်) ဖြစ်အောင်လည်း သဒ္ဒါကျမ်းသုတ်များဖြင့် စီရင် (ရုပ်တွက်) ၍ ပြရပါသည် – ဟူလို၊ ဤ စကားအရ " သဒ္ဒါကျမ်းလာသုတ်ဖြင့် ရုပ်တွက်ခြင်းဟူသည် သဒ္ဒါအရုပ်ဖြစ်အောင် တွက်ချက်ပြခြင်းတည်း"ဟု မှတ်။

**အတ္ထေ သာဓုတ္တမတ္ထေန။** ။အတ္ထေတိ နိစ္စသဒ္ဒါနံ အတ္ထေ၊ သာဓုတ္တံတိ သဒ္ဒပဋိရူပကာနံ သာဓုတ္တံ–အတုသဒ္ဒါတို့၏ ကောင်းကုန်သည်၏အဖြစ်၊ ထိုသာဓုတ္တဟူသည်လည်း **"နိစ္စသဒ္ဒတ္ထ** ဉာပကဟေတုဘာဝေါ–နိစ္စသဒ္ဒါတို့၏ အနက်ကို သိစေတတ် (အနက်ထင်စေတတ်) သော အကြောင်းပင်" တည်း၊ ရှဲဥုးအံ့—ပါဠိ၌လာသော " ဆိန္နဟတ္ထော " သည် သဒ္ဒါအစစ်ဖြစ်၍ သဒ္ဒါကျမ်း၌လာသော ဆိန္နဟတ္ထောကား သဒ္ဒါအတုတည်း၊ သဒ္ဒါကျမ်းလာ သုတ်များဖြင့် ဆိန္နဟတ္ထောကို ရုပ်စီရင်၍မပြလျှင်"ပြတ်သောလက်"ဟုသာ အနက်အလွဲ ထင်စရာရှိ၏၊ " ဆိန္နာ + ဟတ္ထာ ယဿ" ဟု ဝိဂ္ဂဟ်ဝါကျပြု၍ "ဆိန္နဟတ္ထော " ဖြစ်အောင် သမာသ်ရုပ်စီရင်၍ (ရုပ်တွက်၍) ပြသောအခါကျမှ "ပြတ်သောလက်ရှိသူ"ဟု အနက်အမှန် ထင်မြင်နိုင်သည်။

ဝါသိဋ္ဌောဟူသော နိစ္စသဒ္ဒါကို " ဝသိဋ္ဌဿ+ အပစ္စံ "ဟု ဝိဂ္ဂဟ်ဝါကျပြု၍ ရုပ်စီရင်သောအခါ " ဝါသိဋ္ဌော " ဟု ရုပ် (အရုပ်) ပြီး၏၊ ထိုအခါ " ဝသိဋ္ဌ၏သား " ဟူသော အနက်မှန်ကိုလည်း သိရ၏၊ ဤသို့ စသည်ဖြင့် အနက်အမှန် ထင်မြင်နိုင်ခြင်း၏ အကြောင်းကို " သာဓုတ္တ " ဟု ဆိုသည်။ [သာဓူနံ – ကောင်းသောသဒ္ဒါအတုတို့၏+ ဘာဝေါ – ဖြစ်ကြောင်းဖြစ်ရာ (နိစ္စသဒ္ဒါတို့၏အနက်ကို သိစေနိုင်သောသတ္တိ)တည်း၊ သာဓုတ္တံ။]

**နိစ္စတ္တေပိ၊ပေ၊ ယထာ။** ။သဒ္ဒါအစစ်တို့က နိစ္စဖြစ်သော်လည်း ထိုသာဓုတ္တမတ္တကြောင့် (သာဓုတ္တဂုဏ်ကလေးမျှ ရဘို့အတွက်) နိစ္စသဒ္ဒါစစ်နှင့်တူသော အနိစ္စသဒ္ဒါအတုတို့ကို ပြဘို့ရာ သဒ္ဒါကျမ်းကို ပြုစီရင်ရသည်၊ ဆင်အစစ်ကို သိဘို့ရာ ရင်္ဂဟတ္ထိ ( ဆင်အရုပ် ) ကို ပြုလုပ်၍ ပြရသကဲ့သို့တည်း။ [ " ရင်္ဂေန – ဆေးဖြင့်+ ကတော – ပြုလုပ်အပ် ရေးအပ်သော+ ဟတ္ထီ–ဆင်တည်း၊ ရင်္ဂဟတ္ထီ"ဟု ပြု၊ ဋီကာ၌ " ရင်္ဂေန စိတ္တကာရေန (ပန်းချီသွားသည်) +လိခိတာ ဟတ္ထာဒယော"ဟု ပြု၏၊ ရင်္ဂသဒ္ဒါသည် စိတ္တကာရအနက်ဟော မဟုတ်။ ]ဟတ္ထိအာဒယော၌ အာဒိဖြင့် နွားရုပ် လူရုပ်စသော ဆေးဖြင့်ရေးအပ်သောအရုပ်များကိုယူ၊ တနည်း – ရင်္ဂဟတ္ထိ၌ အာဒိဖြင့် ကဋ္ဌဟတ္ထိ ( သစ်သားဆင်ရုပ် ) မတ္တိကာဟတ္ထိ ( မြေညက်ဆင်ရုပ် ) စသည်နှင့်တကွ နွားရုပ်စသော အရုပ်များကိုယူ။]

www.dhammaransi.com



၂၁။ ဂုဠံဝ ဂိလိတော နိဂ္ဂ-ဟိတံ သိဒ္ဓေဒ-မုစ္စတေ၊
မရူဝ မရုဗိမ္ဗမှာ-သိဒ္ဓေဒံ သိဒ္ဓ-မုစ္စတေ။

၂၁။ (ဂုဠေ-ဂေါ်ငြိတလုံးကို၊) ဂိလိတေ-မျိုအပ်ပြီးသော်၊ နိဂ္ဂ ဟိတံ-ဖုက်ထားအပ်သော၊ ဂုဠံ-ဂေါ်ငြိတလုံးကို၊ (နိဒဿေတိဇာဝ-ထုတ်ပြသကဲ့သို့၊)တထာ-ထို့အတူ၊ ဇာဒံ-ဤသဒ္ဒါအတုကို၊ သိဒ္ဓေါ-မြဲသောသဒ္ဒါဟူ၍၊ ဥစ္စတေ-ဆိုအပ်၏၊ မရုဗိမ္ဗမှိ-နတ်ရုပ်၌၊ မရု-နတ်ဟူ၍၊ (ဥစ္စတေဇာဝ-ဆိုအပ်သကဲ့သို့၊ တထာ-တူ၊) အသိဒ္ဓံ-မမြဲသော၊ ဇာဒံ-ဤသဒ္ဒါအတုကို၊ သိဒ္ဓေါ-နိစ္စသဒ္ဒါအစစ်ဟူ၍၊ ဥစ္စတေ-၏။

၂၁။ ဂုဠံဝါဒိကျော။ ။ ဤဂါထာ၌ ဥပမာ ၂ ရပ်ပါ၏၊ ဤဥပမာ ၂ ရပ်ဖြင့် "သဒ္ဒါအတုများကိုပင်(သဒ္ဒါကျမ်းသင်ယူသူတို့က) သဒ္ဒါအစစ်ဟု မှတ်ထင်နေကြ၏"ဟု ထင်ရှားပြ၏၊ ထိုသို့ ပြသဖြင့် "သဒ္ဒါကျမ်းလာ အတု သဒ္ဒါများသည် သဒ္ဒါအစစ် ဟု ထင်ရလောက်အောင်ပင် သာဓက (အကောင်း ဂုဏ်) ရှိကြသည် ဟု လည်း သဒ္ဒါကျမ်း၏အကျိုးကိုပြသည်၊ ထိုသို့ပြခြင်းဖြင့် "ပါဠိတော် အဋ္ဌကထာ၌ လာသော သဒ္ဒါအစစ်များကို အနက်ထင်အောင် သဒ္ဒါအတုတွေကို ပြသော သဒ္ဒါကျမ်းကို ကြိုးကြိုးပမ်းပမ်း သင်ယူကြပါ" ဟုလည်း တိုက်တွန်းရာရောက်သည်။

**ဂုဠံဝ၊ပေ၊ဒမုစ္စတေ။** ။ [ ကျောက်လုံးကလေး စသော ဂေါ်ငြိလုံးကို "ဂုဠ"ဟု ခေါ်၏၊"ဂိဠိတေ"ဟူသော လက္ခဏာ၏ လက္ခဏာဝဏ္ဏ ကတ္တားကို "ဂုဠေ"ဟု ထည့်ရသည်၊ သိဒ္ဓေဒံကို"သိဒ္ဓေါ+ဇာဒံ"ဟု ဖြတ်၊ သိဒ္ဓသဒ္ဒါကား နိစ္စနှင့် အနက်တူတည်း။ ] လူလယ်တယောက်သည် ကလေးများနှင့် ကစား လို၍ ကျောက်လုံးကလေး တလုံးကို ဖုက်ထားပြီးလျှင် အခြားကျောက်လုံး ကလေးတလုံးကို လက်ဝါးပေါ်တင်ပြလျက်"ကြည့်ကြကွ, ဟောဒီကျောက်လုံး ကလေးကို ဝမ်းထည်းမျိုချပြီး ချက်ကထုတ်ပြမယ်"ဟုပြော၏၊ကလေးများက ကြည့်နေကြသည်၊ထိုအခါ လက်၌ပြထားသော ကျောက်လုံးကို မျိုချလိုက်၏၊ (သို့မဟုတ်,ပါးစပ်ထည်း သွင်း၍ ပါးစောင်ကပ်ထားလိုက်၏၊) ထို့နောက် လက်မနှင့် လက်ညှိုးအကြားစသည်၌ ဖုက်ထားသော ကျောက်လုံးကလေးကို ဗိုက်ထည်းမှ ဖြစ်ညှစ်၍ ချက်မှ ထုတ်ယူဟန်လုပ်ပြီး ပြ၏၊ ကလေးများက ထိုကျောက်လုံးကို တကယ်ပင် မျိုချလိုက်သောကျောက်လုံး ဟု ထင်ကြသည်။

ထို့အတူပင်"ဆိန္န+ဟတ္ထာ ယဿ" စသည်ဖြင့် ဝိဂ္ဂြိုဟ်လုပ်၍ ဝိဘတ် စသည်ချေလျက် ရုပ်စီရင်ပြီးလျှင် "ဆိန္နဟတ္ထော"ဟု ရုပ်ပြီးသော အခါ ထို သဒ္ဒါအတုကိုပင် ပါဠိတော်လာ"ဆိန္နဟတ္ထော"သဒ္ဒါ အစစ် ဟု ထင်မှတ်ကြ လေသည်၊"လူလယ်နှင့် သဒ္ဒါကျမ်းစီရင်သူ, မျိုချအပ်သော ကျောက်လုံးနှင့်

www.dhammaransi.com



၂၂။ အနိစ္စော ခဏိကော သဒ္ဒေါ, ယဋ္ဌာဒိဝိယ ကာရိယော၊
ဣစ္စေကေ သတ္တကာရာ တေ, ယေ နိစ္စာနိစ္စဝါဒိနော။

၂၂။ သဒ္ဒေါ - သဒ္ဒါကို၊ ဝါ-သဒ္ဒါသည်၊ အနိစ္စော-မမြဲ၊ ခဏိကော - တခဏ၌ ယှဉ်၏၊ ဝါ- တခဏမျှသာ ကြာ၏၊ ယဋ္ဌာဒိဝိယ- အိုး အစရှိသည်ကိုကဲ့သို့၊ ကာရိယော - ပြုအပ် ပြုနိုင်၏၊ ဝါ - ပြု၍ ရကောင်း၏၊ ဣတိ-ဤသို့၊ ဧကေ - အချို့ကုန်သော အနိစ္စဝါဒီဆရာ

သဒ္ဒါစစ်, ဝှက်ထားပြီးမှ ထုတ်ပြအပ်သော ကျောက်လုံးနှင့် သဒ္ဒါအတုတို့ တူကြသည်''ဟု ဥပမာနနှင့် ဥပမေယျကို ယှဉ်တွဲကြည့်ပြီးလျှင် ကလေးများနှင့် သဒ္ဒါသင်ယူသော စာသင်ငယ်တို့ တူကြပုံကိုလည်း သိပါလေ။

**မရူဝါ၊ပေ၊မုစ္စတေ။** ။''မရုဗိမ္ဗမှိ+အသိဒ္ဓိ+ဣဒံ''ဟု ၎င်း,သိဒ္ဓမုစ္စတေ၌''သိဒ္ဓေါ+ဥစ္စတေ''ဟု ၎င်း ဖြတ်၊ (မ်) အာဂုံ၊ ဒွ၏ ဩကို ချေ၊ ထိုကြေရာ၌ (အ) လာ။ ] သစ်သား, ကျောက်တုံးစသည်တို့ဖြင့် ပြုလုပ်အပ်သော နတ်အရုပ်ကို ကလေးများက နတ်အစစ် ဟု ထင်ကြ၏၊ ထို့ကြောင့် နတ်ရုပ်ကို ပန်းစသည်ဖြင့် ပူဇော်ပြီးသော အခါ''ဘိုးဘိုးကြီးနတ်ကို ငါပူဇော်ခဲ့တယ်'' စသည်ဖြင့် ပြောကြလေသည်၊ ထို့အတူ အနိစ္စဖြစ်သော သဒ္ဒါအတုကိုလည်း နိစ္စသဒ္ဒါစစ် ဟု ယူဆ၍ ရုပ်တွက်ပြီးသော အခါ '' ဆိန္နဟတ္ထော ဟူသော သမာသ်ရုပ်ကား ပြီး၏''ဟု ပြောစမှတ် ပြုကြသည်၊ ''ငါသည် ဆိန္နဟတ္ထော ဟူသော သမာသ်ရုပ်ကို စီရင်၍ ပြီးပြီ''ဟု ပြောကြလိုရင်းတည်း။

ဤ ဥပမာ၌လည်း နတ်ရုပ်နှင့် သဒ္ဒါကျမ်းလာ သဒ္ဒါတု, နတ်အစစ်နှင့် ပါဠိတော်၌ လာသော သဒ္ဒါစစ်, နတ်ရုပ်ကို ပူဇော်ရာဝယ် နတ်အစစ်ကို ပူဇော်သည် ဟု ထင်မှတ် ပြောဆိုမှုနှင့် သဒ္ဒါအတုကို ဓာတ်ပစ္စည်း ဝိဘတ်တို့ဖြင့် ရုပ်စီရင်ခြင်းကိုလည်း သဒ္ဒါအစစ်ကိုစီရင်ခြင်းဟု ထင်မှတ်မှု,''ဘိုးဘိုး နတ်ကြီးကို ပူဇော်ခဲ့တယ် '' ဟု ပြောမှုနှင့် ရုပ်တွက်၍ ပြီးသောအခါ '' ဆိန္န ဟတ္ထောပြီး၏''စသည်ဖြင့် ပြောဆိုမှုများ တူကြပုံကိုလည်း နှိုးနှောပါလေ။

**မှတ်ချက်။** ။ဤဂါထာကို ကောက်ချက်ချလျှင်''ပါဠိတော်အဋ္ဌကထာ၌ အနက်မှန်ကို နားမလည်သေးခင် (အနက်ဉာဏ်မကြီးသေးခင်) သဒ္ဒါကျမ်းသည် အနက်မှန် သိဘို့ရန် အရေးတကြီး သင်ယူထိုက်သော ကျမ်းဖြစ်၏၊ အနက်မှန်သိ၍ အနက်ဉာဏ်ကြီးသော အခါ၌ကား သဒ္ဒါကျမ်းသည် အရေး မကြီးတော့၊ ( သို့သော် သဒ္ဒါစည်းကမ်းကိုကား မကျော်လွန်စေရ)''ဟု မှတ်ချက်ရပေသတည်း။

www.dhammaransi.com



တို့သည်၊ ဝဒန္တိ- ဆိုကြကုန်၏၊ ယေ- အကြင်ဆရာတို့သည်၊ နိစ္စာနိစ္စ ဝါဒိနော - နိစ္စ ဟု ပြောလေ့ရှိကုန် , အနိစ္စ ဟု ပြောလေ့ရှိကုန်၏၊ တေ – ထို နိစ္စဝါဒီ အနိစ္စဝါဒီ ဆရာတို့သည်၊ သတ္ထကာရာ - သဒ္ဒါ ကျမ်းပြုဆရာတို့ ချည်းတည်း။

၂၂။ **အနိစ္စောတျာဒိ** ။ ။ အနိစ္စဝါဒီ ဆရာတို့၏ အယူကို ပြလို၍ "အနိစ္စော၊ပေ၊ကာရိယော"ဟူသော ၂ ပါဒကိုမိန့်၊ ဤ အနိစ္စဝါဒီဆရာတို့ သည် ရုပ် ၂၈ ပါး၌ ပါဝင်သော သဒ္ဒရုပ်ကို " သဒ္ဒါ " ဟု ယူဆ၍ "သဒ္ဒါ ဟူသည် အနိစ္စတည်း၊ ဥပါဒ် ဌီ ဘင် ဟူသော ခဏ ၃ ပါး အချိန်မျှသာ တည်ရှိ၏၊"အိုး"ဖြစ်အောင် တမင်္ဂလာပြုလုပ်ရသကဲ့သို့ ထိုသဒ္ဒါဖြစ်အောင် လည်း"(ရွတ်ဆိုသောအားဖြင့်) ပြုလုပ်အပ်၏, ပြုလုပ်၍ ရကောင်း၏" ဟု ဆိုလိုကြသည်။

**အနိစ္စော ခဏိကော** ။ ။ သဒ္ဒရုပ်တရားဖြစ်၍ ဥပါဒ်ပြီးလျှင် ပျက်ရ သောကြောင့် သဒ္ဒါဟူသည် အနိစ္စတည်း၊ ခဏော-ဥပါဒ်ခဏ ဌီခဏ ဘင်ခဏ ၌+နိယုတ္တော-ယှဉ်သည်တည်း၊ ခဏိကော-သည်၊ "ဖြစ်ပြီးလျှင် ပျက်ရသော ကြောင့် တခဏမျှသာကြာသည်"ဟူလို၊ ဤ ခဏိကောပုဒ်သည် အနိစ္စော၏ နောက်၌နေသော်လည်း အနိစ္စဖြစ်ခြင်း၏ အကြောင်းကိုပြသော ဟေတုမန္တ ဝိသေသနတည်း၊"တခဏမျှသာတည်သောကြောင့် အနိစ္စဖြစ်သည်"ဟူလို။

**ဃဋာဒိဝိယ ကာရိယော**။ ။အိုးလုပ်တတ်သူက (အိုးထိန်းသည်က) မြေညက်တွေကို ရေဖြင့်နယ်၍ အိုးဖြစ်အောင် ပြုလုပ်နိုင်သကဲ့သို့ , ထို့အတူ ရွတ်ဆိုသောပုဂ္ဂိုလ်က "ဆိန္ဒဟတ္တော"စသော အသံသဒ္ဒဖြစ်အောင် ပြုလုပ် အပ် ရွတ်ဆိုအပ်သည်၊ [" အာကာသာဒိဝ အကာရိယော "၏ ပြောင်းပြန် "ဃဋာဒိဝိယ ကာရိယော"ဟု ဆိုသည်၊ ဤကာရိယောဖြင့် သဒ္ဒါကျမ်းပြုအပ် သော "အပြု"ကို မဆိုလို၊ သဒ္ဒါဖြစ်အောင် ရွတ်ဆိုမှုကို " အပြု"ဟု ဆိုလို သည်၊ ဒိပနီ၌ "ကာရိယတ္တာ သတ္ထံ ကရောန္တိ"ဟု ဆိုသည်ကို စဉ်းစားပါ။]

**ဒိပနီအမှား**။ ။"သဒ္ဒေါ စိတ္တသဟဘူစိတ္တာနုပရိဝတ္တိတ္တာ အနိစ္စော" ဟု ဖွင့်၏၊ သဒ္ဒရုပ်သည် စိတ္တာနုပရိဝတ္တိမဟုတ်, ဝိညတ်ရုပ်သာ စိတ္တာနုပရိ ဝတ္တိဖြစ်၏၊ ထို့ကြောင့်"စိတ္တာနုပရိဝတ္တိတ္တာ" ဟူသောစကားသည် မှား၏၊ "စိတ္တာနုပရိဝတ္တိတရား" ဟု ထင်မှားသောကြောင့် "ခဏိကော" ကိုလည်း "ကေစိတ္တက္ခဏယုတ္တော – စိတ္တက္ခဏတချက်နှင့် ယှဉ်၏"ဟု ထပ်၍ ဖွင့်မှား လေသည်၊ အမှန်မှာ–"ရုပ်ထုံးစံအတိုင်း စိတ္တက္ခဏ ၁၇ ချက် (ခဏငယ် ၅၁ ချက်) နှင့် ယှဉ်၏" ဟု မှတ်၊ ထို "ခဏိကော"၏ ဆိုလိုရင်းမှာ – "တခဏ မျှသာကြာ၏"ဟု ဆိုလိုရင်းတည်း။

www.dhammaransi.com



၂၃။ နိစ္စတ္တေ ပိံသလာဒီနံ, သညာ ရုဠ္ဟိ ဝ မန္နတေ၊
အနိစ္စဝါဒီနံ ဝါဒေ, အန္ဝတ္ထာပိ ပတီယတေ။

၂၃။ ပိံသလာဒီနံ – ပိံသလအစရှိသော နိစ္စဝါဒီဆရာတို့၏၊ ဝါဒေ – အယူ၌၊ နိစ္စတ္တေ – သဒ္ဒါတို့၏ မြဲကုန်သည်၏အဖြစ်သည်၊ (သတိ-ဖြစ်လသော်၊) သညာ-သမာသနှင့်,ဂ·ပ·ဈ·လ·အစရှိသော အမည်ကို၊ ရုဠ္ဟိ ဝ–အထင်ရုဠ္ဟီအမည်ဟူ၍သာလျှင်၊ မန္နတေ-သိအပ်၏၊ အနိစ္စဝါဒီနံ – အနိစ္စဝါဒီဆရာတို့၏၊ ဝါဒေ – အယူ၌၊ အန္ဝတ္ထာပိ-အန္ဝတ္ထအမည်ကိုလည်း၊ ပတီယတေ-သိအပ်သေး၏။

**သဒ္ဒါကျမ်းပြုရပုံ။** ။ ဤ အနိစ္စဝါဒီဆရာတို့အလိုအားဖြင့် ထို ရွတ်ဆိုအပ်သော သဒ္ဒါအစစ်၏ အနက်အဓိပ္ပါယ်ကို နားလည်ဘို့ရန် လိန်ခတ် + ပစ္စည်းဝိဘတ်တို့ဖြင့် ခွဲခြား၍ပြီးစေအပ်သော သဒ္ဒါအတု ( သဒ္ဒါအရုပ် ) နှင့် ထို သဒ္ဒါအတု ( သဒ္ဒါအရုပ်ဖြစ်အောင် ) စီရင်သော သဒ္ဒါကျမ်းကို ပြုစုအပ် (ရေးစီရင်အပ်)သည်ဟု မှတ်ပါ။

**ဋ္ဌနွေတေ၊ပေ၊ဝါဒိနော။** ။ နိစ္စဝါဒီ, အနိစ္စဝါဒီ ဆရာ ၂ မျိုးတွင် အဘယ်ဝါဒကို "အသင့်" ဟု မှတ်ရမည်နည်း–ဟု မေးဘွယ်ရှိသောကြောင့် "ဋ္ဌနွေတေ၊ပေ၊ဝါဒိနော"ဟု မိန့်၊ ထိုဆရာ ၂ မျိုးတို့သည် ကျမ်းပြု ပညာရှိကြီးများချည်း ဖြစ်ကြ၏၊ နိစ္စဝါဒီဆရာတို့သည်"ပုရိသော"စသော အပေါင်း ပည္တတ္တိသဒ္ဒါကို " သဒ္ဒါ "ဟု ယူ၍"သဒ္ဒါဟူသည် မြဲ၏"ဟု ဆိုကြ၏၊ အနိစ္စဝါဒီဆရာတို့ကား"ပု"စသော ရွတ်ဆိုခိုက်အသံ သဒ္ဒရုပ်ကို"သဒ္ဒါ"ဟု ယူ၍ ရုပ်တရားဖြစ်သောကြောင့် " သဒ္ဒါဟူသည် မမြဲ " ဟု ဆိုကြ၏၊ ထို့ကြောင့် ဝါဒ ၂ မျိုးလုံးပင် (ကိုယ့်နည်းနှင့်ကိုယ်) အသင့်ချည်းဖြစ်သည်–ဟူလို။

---

၂၃။ **နိစ္စတ္တေ တျာဒိ။** ။ထိုဆရာတို့၏ နိစ္စဝါဒ အနိစ္စဝါဒကွဲပြားခြင်းကြောင့် သဒ္ဒါကျမ်း၌ သမာသ်အမည် တဒ္ဓိတ်အမည် စသည်နှင့် ဂ-ပ-ဈ-လ– ဃစသော အမည်တို့၏ အန္ဝတ္ထအမည် ရုဠ္ဟီအမည် ကွဲပြားပုံကို ပြလို၍ " နိစ္စတ္တေ "စသည်မိန့်၊ နိစ္စဝါဒီဆရာကို "ပိံသလ ( ပိသလ )"ဟု ခေါ်၏၊ ထိုဆရာတို့အလိုအားဖြင့် သမာသ်စသော ဂ–ပ– စသော အမည်ကို ရုဠ္ဟီအမည် ဟုသာ တထစ်ချသိပါ၊ အနိစ္စဝါဒီဆရာတို့အလိုအားဖြင့်ကား အန္ဝတ္ထအမည် လည်း ရှိပါသေး၏ – ဟူလို။ [ အနက်သို့ အစဉ်လိုက်သော ( အနက်အား လျော်သော ) အမည်သည် အန္ဝတ္ထအမည်တည်း၊ အနက်သို့ အစဉ်မလိုက်ဘဲ သက်သက်မှည့်အပ်သောအမည်သည် ရုဠ္ဟီအမည်တည်း။ ]

www.dhammaransi.com



၂၄။ **နိစ္စော နိက္ကာရဏော နိစ္စော, ကာရဏာနုဂတော-ရိတော။**
**နာယံ ကဏ္ဍာဒိဝုတ္တိတ္တာ, နိစ္စော ဝုမ္မေ တု ဝုတ္တိတော။**

၂၅။ **သင်္ကေတေန စ ဝုတ္တိတ္တာ, နာပျနိစ္စောတိ ဝုစ္စတေ၊**
**တေန သဒ္ဒန္တု သင်္ကေတ-ကာရဏတ္တံ ကရိယတေ,တိ။**

၂၄, ၅။ နိက္ကာရဏော-အကြောင်းမရှိသောအနက်ဟူသမျှကို၊ နိစ္စော – မြဲ၏ဟူ၍၊ ဤရိတော – ဆိုအပ်၏၊ ကာရဏာနုဂတော– အကြောင်းသို့ အစဉ်လိုက်သော အနက်ဟူသမျှကို၊ အနိစ္စော – မမြဲ ဟူ၍၊ ဤရိတော- ဆိုအပ်၏၊ အယံ–ဤသဒ္ဒါကို၊ ကဏ္ဍာဒိဝုတ္တိတ္တာ– လည်ချောင်းအစရှိသော အရပ်၌ ဖြစ်ခြင်းရှိသည်၏ အဖြစ်ကြောင့်၊

**ရုဠ္ဌီသညာ။** ။"သမသနံ + သမာသော"နှင့်အညီ ၂ ပုဒ်စသည်ကို ချဉ်းစပ်မှသာ သမာသ်အမည်သည် အန္ဝတ္ထအမည်ဖြစ်နိုင်၏၊"ဆိန္နဟတ္ထော" သဒ္ဒါသည် ကမ္မာအစဉ်အဆက်၌ အမြဲ "ဆိန္နဟတ္ထော"အဖြစ်ဖြင့် ပုဒ်တခု ဖြစ်နေသောကြောင့် ၂ ပုဒ်စပ်စရာမလို၊ ထို့ကြောင့် သဒ္ဒါကျမ်း၌ သဒ္ဒါအတုကို ရပ်စီရင်ဘို့ရာ "သမာသ်" ဟု မှည့်အပ်သောအမည်သည် သဒ္ဒါဆရာတို့၏ ထင်ရှားရာလိုက်၍ မှည့်အပ်သော အထင်ရုဠ္ဌီအမည်သာ ဖြစ်သည် – ဟူလို၊ ဘာအကြောင်းမျှ ရှာ၍မရသော "ဂ–ပ–ဓ–လ–ဃ "စသောအမည်တို့၏ အထင်ရုဠ္ဌီ အမည်ဖြစ်ကြောင်းကား အထူးဆိုဘွယ် မလို။

**အန္ဝတ္ထာပိ ။** ။ အနိစ္စဝါဒီတို့၏ အလိုအားဖြင့် "သမာသ" စသော အမည်သည် အန္ဝတ္ထအမည်လည်း ဖြစ်နိုင်သေး၏၊ မှန်၏၊–နဂိုရ်က"ဆိန္နာ+ ဟတ္ထာ"ဟု ၂ ပုဒ်ကွဲနေ၏၊ ထို ၂ ပုဒ်ကိုစပ်မှ "သမာသ်"ဟူသော အမည် ဖြစ်ရ၏၊ ထို့ကြောင့် " ချဉ်းစပ်အပ် " ဟူသော အနက်အားလျော်သော ကြောင့် " သမာသ "ဟူသောအမည်သည် အန္ဝတ္ထအမည်တည်း၊ တဒ္ဓိတ, အာချာတ, ကိတစသောအမည်တို့၏ အန္ဝတ္ထအမည်ဖြစ်ပုံကိုလည်း သိပါလေ၊ ပိဖြင့်"ဂ-ပ"စသောအမည်တို့၏ ရုဠ္ဌီအမည်အဖြစ်ကို ပေါင်းပ၏၊ ထို့ကြောင့် သဒ္ဒါကျမ်း၌အကြောင်းမရှိဘဲ ထိုထိုသုတ်၌ ခေါ်ဘို့သက်သက်မှည့်အပ်သော အမည်ဟူသမျှကို ဝါဒ ၂ မျိုးလုံး အလိုအားဖြင့်ပင်"ရုဠ္ဌီအမည်"ချည်းမှတ်။

---

၂၄, ၅။ **နိစ္စောတျာဒိ ။** ။ နေဝနိစ္စ နာနိစ္စဝါဒီဆရာတို့၏ ဝါဒကို ပြလို၍ "နိစ္စော"စသည်မိန့်၊ ဤဂါထာ၌ "နိစ္စော ၊ ပေ ၊ ရိတော "ဟူသော ၂ ပါဒဖြင့် နိစ္စ အနိစ္စအမည်ရသောတရားတိုင်း၏ ထုံးစံကိုပြ၏၊ အကြောင်း

www.dhammaransi.com



နိစ္စော – မြဲ၏ဟူ၍၊ န ဝုစ္စတေ – မဆိုအပ်၊ တု– ထိုမှတပါး၊ ဝုဍ္ဎေ– ရှေးလူကြီးသူမတို့၏ စကားအစဉ်အဆက်၌၊ ဝုတ္တိတော – ဖြစ်ခြင်း ကြောင့်၎င်း၊ သင်္ကေတေန – ရှေးလူကြီးသူမတို့၏ အမှတ်အသား အားဖြင့်၊ ဝုတ္တိတ္တာ စ–ဖြစ်ခြင်းရှိသည်၏အဖြစ်ကြောင့်၎င်း၊ အနိစ္စော တိပိ – မမြဲ ဟူ၍လည်း၊ န ဝုစ္စတေ – မဆိုအပ်၊ တေန– ထို့ကြောင့်၊ ( ထိုသို့ နိစ္စဟူ၍လည်း မဆိုအပ် , အနိစ္စဟူ၍လည်း မဆိုအပ်သည်၏

မရှိသော ကောင်းကင် , နိဗ္ဗာန် , ပညတ် , အရပ်ရပ်ကို “ နိစ္စ ”ဟု ခေါ်ရိုး ဖြစ်၏၊ အကြောင်းသို့ အစဉ်လိုက်သော ( အကြောင်းရှိမှ ဖြစ်နိုင်သော ) ရုပ်နာမ်တရားစုကို “အနိစ္စ”ဟု ခေါ်ရိုးထုံးစံဖြစ်သည်–ဟူလို။

**နာယံ၊ပေ၊နိစ္စော။** ။ဤသဒ္ဒသည် ကတ္တုစသောဌာန်၌ ရွတ်ဆိုလိုသော စိတ်ကြောင့်ဖြစ်ရကား စိတ်တည်းဟူသောအကြောင်းသို့ အစဉ်လိုက်၏၊ ထိုသို့ ကာရဏာနုဂတ – စိတ်ဟူသော အကြောင်းသို့ အစဉ်လိုက် သောကြောင့် “နိစ္စ”ဟု မဆိုနိုင်၊ “ အနိစ္စ ”သာ ဖြစ်သည်– ဟူလို။ [ “ ပု+ရိ+သော ” ဟူသော ရွတ်ဆိုခိုက်ဖြစ်သော ပရမတ္ထသဒ္ဒကိုရည်ရွယ်၍ ဆိုသည်။ ] ဤစကား ဖြင့် သဒ္ဒါ၏ နေဝနိစ္စဖြစ်ကြောင်းကို ပြ၏။ [ ကတ္တာဒိမှိ+ ဝုတ္တိ ယဿာတိ ကတ္တာဒိဝုတ္တိ (သဒ္ဒေါ) ။]

**ဝုဍ္ဎေ တု ဝုတ္တိတော။** ။ [“ နာပိ+အနိစ္စော ”ဟု ဖြတ်။ ] ရှေးလူကြီး တို့သည် “ပုရိသော”ဟု ရွတ်ဆိုခဲ့ကြ၏၊ ယခု ရွတ်ဆိုအပ်သော“ပုရိသော” သည် အသစ်အဆန်း မဟုတ် , ရှေးလူကြီးတို့ အစဉ်အဆက် ရွတ်ဆိုအပ်ခဲ့ သော ( ယခုလည်း ထိုအတိုင်း ထပ်၍ ရွတ်ဆိုအပ်သော) “ ပုရိသော ”ပင် တည်း၊ ဤသို့ ရှေးလူကြီးတို့၏ စကားအစဉ်၌ ဖြစ်သောကြောင့်၎င်း, ...

**သင်္ကေတေန စ ဝုတ္တိတ္တာ။** ။“ပုရိသော”ဟု ပြောသူတို့မှာ“ပုရိသော သဒ္ဒါသည် ယောကျ်ားဒြဗ်အနက်ကို ဟော၏ ” ဟု မှတ်သားအပ်ဘူးသော သင်္ကေတ ရှိ၏၊ ထိုသင်္ကေတအတိုင်း ( ပြောသူ၏နှုတ်မှာ ) “ ပုရိသော သဒ္ဒါ” ဖြစ်ရခြင်းကြောင့်၎င်း,....

ဤပြခဲ့သော အကြောင်း ၂ ပါးကြောင့် ပုရိသောသဒ္ဒါဖြစ်ဘို့ရာ နိတ္တာရဏ- အကြောင်းမရှိ, ရှေးကရှိပြီး ပုရိသောသဒ္ဒါကို ထပ်၍ပြောခြင်းသာ ဖြစ်၏– ဟူလို၊ ထို့ကြောင့် “ အနိစ္စ ” ဟုလည်း မဆိုလိုနိုင်၊ ဤစကားဖြင့် သဒ္ဒါ၏ “န+အနိစ္စ”ဖြစ်ကြောင်းကို ပြ၏၊ အဓိပ္ပါယ် ၊ရပ်ကို ပေါင်းစပ်လိုက်သော အခါ “နေဝနိစ္စ နာနိစ္စ ” ဟူသော ဝါဒတမျိုး ထင်ရှားပြန်သည်။ [ ဝုတ္တိ+ ယဿာတိ ဝုတ္တိ၊ ဝုတ္တိနော+ဘာဝေါ ဝုတ္တိတ္တံ။ ]

www.dhammaransi.com



အဖြစ်ဟူသော အကြောင်းကြောင့်၊ ) သင်္ကေတကရဏတ္ထံ- အမှတ်အသားကို ပြုခြင်းအကျိုးငှါ၊ သတ္တန္တံ - သဒ္ဒါကျမ်းကိုကား၊ ကရီယတေ - ပြုစီရင်အပ်၏၊ ဣတိ - အပြီးတည်း။ .... သဒ္ဒဘေဒစိန္တာ- သဒ္ဒါအပြားကိုသိရာသိကြောင်းဖြစ်သောအခဏ်းသည်၊ နိဋ္ဌိတာ- ပြီ။

**ဝုဒ္ဓေဝုတ္တိနှင့် သင်္ကေတေနဝုတ္တိ။** ။ပုရိသောသဒ္ဒါ၏ ရှေးရှေးလူကြီးတို့ ပြောရိုးဆိုစဉ် ဖြစ်ခြင်းကို "ဝုဒ္ဓေဝုတ္တိ" ဟု ဆိုသည်၊ ထို ဝုဒ္ဓေဝုတ္တိဖြစ်သော သဒ္ဒါကိုပင် ပြောဆိုသော ပုဂ္ဂိုလ်က "ယောကျ်ား အနက်ကို ဤ ပုရိသော သဒ္ဒါက သိစေနိုင်၏"ဟု မှတ်ထားအပ်ပြီးဖြစ်၍ ထိုအမှတ်သင်္ကေတအတိုင်း ပြောဆိုခြင်းကို "သင်္ကေတေန ဝုတ္တိ" ဟု ဆို၏၊ ဤသို့ ဝုဒ္ဓေဝုတ္တိ အတွက် အကြောင်းတမျိုး သင်္ကေတေနဝုတ္တိအတွက် အကြောင်းတမျိုး ဟု အကြောင်း ၂ မျိုးကိုခွဲပါ၊ ထိုသို့ခွဲမှ "သင်္ကေတေနစ"၌ စသဒ္ဒါဖြင့် ဝုဒ္ဓေဝုတ္တိကို ဆည်းစရာရှိနိုင်မည်။

**တေန၊ ပေ၊ ကရီယတေ။** ။သဒ္ဒါဟူသမျှကို "နေဝနိစ္စနာနိစ္စ"ဟု ဆရာဆို၏၊ နိစ္စဝါဒီဆရာတို့သည် "အတ္ထေ သာဓုတ္တ-နိစ္စသဒ္ဒါတို့၌အနက်ထင်ဘို့" အကျိုးငှါ သဒ္ဒါကျမ်းကိုပြုကြ၏၊ အနိစ္စဝါဒီဆရာတို့သည် မမြဲသောကြောင့်ပင် သဒ္ဒါအမှန်နားလည်ဘို့ရာ သဒ္ဒါကျမ်းကို ပြုကြ၏၊ ဆရာကား နေဝနိစ္စနာနိစ္စဝါဒီဖြစ်ပါလျက် အဘယ်အကျိုးငှါ သဒ္ဒါကျမ်းကို ပြုရပါသနည်း—ဟု မေးဘွယ်ရှိသောကြောင့် "တေနသတ္တန္တံ၊ သင်္ကေတကရဏတ္ထံ ကရီယတေ" ဟု မိန့်၊ (နေဝနိစ္စ နာနိစ္စဝါဒီဖြစ်သော ) ငါဆရာလည်း "ဤသဒ္ဒါသည် ဤအနက်ကိုဟော၏"ဟု အမှတ်သင်္ကေတကိုပြုပေးခြင်းအကျိုးငှါ သဒ္ဒါကျမ်းကို ပြုအပ် စီရင်အပ်သည်—ဟူလို။

**ဆက်ဦးအံ့**—"သင်္ကေတေန ဝုတ္တိတ္တာ"နှင့်အညီ ရှေးရှေးကလာခဲ့သော သဒ္ဒါများ၌ "ဤသဒ္ဒါသည် ဤအနက်ကို ဟော၏" ဟု သင်္ကေတရှိ၏၊ ထို သင်္ကေတကို ရှေးရှေးသဒ္ဒါကျမ်းများက ပြုခဲ့ကြသောကြောင့် နောက်နောက် ပုဂ္ဂိုလ်များက မှတ်ကြရသည်၊ ထိုသင်္ကေတသည် ကာလ ကြာသောအခါ မေ့ပျောက်သွားတတ်၏၊ ထို့ကြောင့် သဒ္ဒါကျမ်း အသစ်အသစ်ဖြင့် ထပ်၍ ထပ်၍ သင်္ကေတပြုပေးရသည်၊ ထို့ကြောင့် ပဌမသဒ္ဒါကျမ်းဖြစ်စေ နောင်နောင် သဒ္ဒါကျမ်းဖြစ်စေ သင်္ကေတကိုပြုပေးခြင်းအကျိုးငှါ စီရင်အပ်သောကျမ်းများချည်း ဖြစ်ကြသည်—ဟူလို။

**သဒ္ဒဘေဒစိန္တာအဖွင့် ပြီး၏။**

www.dhammaransi.com



**အတ္ထဘေဒစိန္တာ အခဏ်း**

၂၆။ သကတ္တ ဒဗ္ဗလိင်္ဂါနိ, သင်္ချာ ကမ္မာဒိကာရကံ၊
ဣတိ သဒ္ဒေဿ ဝိညေယျာ, ပဉ္စကတ္ထာ ယထာရဟံ။

၂၆။ သကတ္တဒဗ္ဗလိင်္ဂါနိ-သကတ်, ဒြပ်, လိန်တို့၎င်း၊ သင်္ချာ-ဧကတ္တ ဗဟုတ္တသင်္ချာ၎င်း၊ ကမ္မာဒိကာရကံ - ကံ အစရှိသော ကာရက ၇ ပါး၎င်း၊ ဣတိ-ဤအပြား အားဖြင့်၊ သဒ္ဒဿ - သဒ္ဒါ၏၊ အတ္ထာ-အနက်တို့ကို၊ ယထာရဟံ – ရထိုက်သည် အားလျော်စွာ၊ ပဉ္စကာ – ၅ ပါးတို့ဟူ၍၊ ဝိညေယျာ - သိအပ်ကုန်၏။

၂၆။ **သကတ္တာဒျာဒိ**။ ။ဤဂါထာဖြင့် "သကတ်, ဒြပ်, လိန်, သင်္ချာ, ကာရက "အားဖြင့် အနက် ၅ ပါးကိုသာ အချုပ်မှတ်သားနှင့်ပါ၊ သကတ်ခေါ်ပုံ ဒြပ်ခေါ်ပုံ စသည်နှင့်သကတ်အပြား ဒြပ်အပြား စသည်များကို ကျမ်းဆရာကိုယ်တိုင် ချဲ့ပါလိမ့်မည်။

**သင်္ချာ ကမ္မာဒိကာရကံ** ။ ။ သင်္ချာ၌ "ဧကတ္တ ဗဟုတ္တသင်္ချာ"ဟု ဒီပနီအတိုင်း ပေးသည်၊ " ဧကဝုစ် ဗဟုဝုစ်သင်္ချာ၎င်း "ဟု မပေးနှင့်၊ "ဝစန= ဝုစ်" ဟူသည် အနက်မဟုတ် သဒ္ဒါတည်း၊ သင်္ချာကား သဒ္ဒါမဟုတ် "တခုအဖြစ်, အများအဖြစ်"ဟူသော အနက်တည်း။ [ဧကဿ–တခုသောအနက်၏+ဘာဝေါ-ဖြစ်ကြောင်းဖြစ်ရာ"တစ်"ဟူသော အရေအတွက်သင်္ချာတည်း၊ ဧကတ္တံ–ချာ၊ ဗဟူနံ+ဘာဝေါ ဗဟုတ္တံ။] ကမ္မာဒိကာရကံ၌ ကာရက ၆ ပါးဟုသာ ပြောရိုးရှိသော်လည်း ဘာဝကိုထည့်၍ ၇ ပါးဟု ပြလတ္တံ့။

**ပဉ္စကတ္ထာ**။ ။"သဒ္ဒဿ အတ္ထာ ပဉ္စကာတိ ဝိညေယျာ"ဟု ဒီပနီအဖွင့်အတိုင်း အနက်ပေးသည်၊ " ပဉ္စကာ+အတ္ထာ "ဟု ပုဒ်ဖြတ်၊ ပဉ္စကာလည်း ဗဟုဝုစ်ဖြစ်၍ "ပဉ္စန္နံ+သမူဟော "ဟု သမူဟတဒ္ဓိတ် မလုပ်သင့်၊ "သမူဟ" ဆိုလျှင် အပေါင်းဖြစ်၍ ဧကဝုစ်ထားရလိမ့်မည်၊ ထို့ကြောင့် "ပဉ္စဝေ ပဉ္စကာ " ဟု သွတ္ထ၌ ကပစ္စည်းသက်၊ တနည်း – "ပဉ္စ + ပရိမာဏံ ယေသံတေ ပဉ္စကာ–၅ ပါး အတိုင်းအရှည်ရှိကုန်သော အနက်တို့" ဟုလည်း ပရိမာဏ အဿတ္ထိအနက်၌ ကပစ္စည်းသက်။

**ယထာရဟံ** ။ ။ အမြဲ ပဉ္စကတ္ထ ရသည်မဟုတ်၊ တချို့သဒ္ဒါ၌ ဒွိကတ္ထ, တချို့သဒ္ဒါ၌ တိကတ္ထ, စတုက္ကတ္ထလည်း ရ၏၊ နောက်၌ ဧကကတ္ထ, ဆက္ကတ္ထ တို့ကိုလည်း ပြလိမ့်ဦးလတ္တံ့၊ ထို့ကြောင့်"ယထာရဟံ"ဟု ဆိုသည်။

www.dhammaransi.com



၂၇။ အရိယတျ·တ္ထတေ ၀ါ·နေ-နာတျတ္ထော သော၀ သသံ ၀ါ၊
ဧသော သကော သကော၀·တ္ထော,သကတ္ထော သ ဝိသေသနံ။

၂၇။ (ယောအဘိဓေယျော - အကြင်အနက်ကို၊) အရိယတေ- သိအပ်၏၊ ဣတိ - ထို့ကြောင့်၊ ဝါ - ထိုသို့ သိအပ်သည်၏ အဖြစ်ကြောင့်၊ (သော အဘိဓေယျော- ထိုအနက်သည်၊) အတ္ထော-အတ္ထ မည်၏၊ ဝါ - တနည်း၊ အနေန - ဤ ဝိသေသနဖြင့်၊ ( ဝိသေသိတဗ္ဗံ- ဝိသေသျသည်၊) အတ္ထတေ - ဖြစ်၏၊ ဣတိ - ထို့ကြောင့်၊ ဝါ-ထိုသို့ ဝိသေသျ၏ ဖြစ်ကြောင်း၏ အဖြစ်ကြောင့်၊ သော-ထိုဝိသေသနသည်၊ အတ္ထော - အတ္ထမည်၏၊ သော၀ - မိမိဟူသော ဝိသေသျ၏ ဥစ္စာဖြစ်သော ဝိသေသနသည်ပင်၊ သကော - သကမည်၏၊ ဝါ - တနည်း၊ သဿ - မိမိဟူသော ဝိသေသျ၏၊ ဧသော- ဥစ္စာဖြစ်သော ဝိသေသန တည်း၊ သကော—မိမိဟူသော ဝိသေသျ၏ ဥစ္စာဖြစ်သော ဝိသေသန၊ သကော၀- မိမိဟူသော ဝိသေသျ၏ ဥစ္စာဖြစ်သော ဝိသေသနသည် ပင်၊ အတ္ထော— အနက်တည်း၊ သကတ္ထော – မိမိဟူသောဝိသေသျ၏ ဥစ္စာဖြစ်သော ဝိသေသနသည်ပင် အနက်၊ သ(သော)–ထို သကတ္ထ ဟူသည်၊ ဝိသေသနံ – ဝိသေသနတည်း။

**၂၇။ အရိယတျာဒိ။** ။သကတ္ထ ဒဗ္ဗစသော အနက် ၅ ပါးတွင် သကတ္ထ၏ အစိတ်အစိတ် ဝစနတ္ထနှင့်အရကောက်ကိုပြလိုသောကြောင့်"အရိယတျတ္ထတေ" စသည်မိန့်၊ ဤဂါထာ၌ "အရိယတျတ္ထတေ ဝါနေနာတျတ္ထော"ဖြင့် အတ္ထ၏ ဝစနတ္ထကိုပြ၏၊ " သော၀ ၊ပေ၊ သကော " ဖြင့် သက၏ ဝစနတ္ထကိုပြ၏၊ " သကော၀တ္ထော သကတ္ထော "ဖြင့် သကနှင့် အတ္ထ၏သမာသ်တွဲပုံကို ပြ၏၊ "သ ဝိသေသနံ"ဖြင့် သကတ္ထ၏အရကောက် (အဘိဓေယျ) ကိုပြသည်။

**အရိယ၊ပေ၊တျတ္ထော။** ။" အရိယတေတိ အတ္ထော "ဟု ကမ္မသာဓ် ဝစနတ္ထပြု၊ အရဓာတ်, ထပစ္စည်း၊"အရ-ဂတိမှိ "ဟု ဓာတ်ကျမ်းရှိ၏၊ ဂတိ အနက်ရှိလျှင် ဗုဒ္ဓိ (သိခြင်း) အနက်လည်းရှိ၏၊ [ ယေ ဂတျတ္ထာ, တေ ဗုဒ္ဓျတ္ထာ။ ] ထို့ကြောင့်"အရိယတေ"ကို"ဉာယတေ"ဟု ဒီပနီဖွင့်သည်၊ နိဿယ အတိုင်း အနက်ပေးပါ၊ တနည်း— အတ္ထဓာတ်, အပစ္စည်းဖြင့် " အတ္ထတေ (ပဝတ္တတေ) အနေနာတိ အတ္ထော"ဟု ကရဏသာဓ်ဝစနတ္ထပြု။ [ အခြား နေရာ၌"အတ္ထ"ဟု ဆိုလျှင် သကတ်ဒြဗ်စသောအနက် ၅ မျိုးလုံးရသော်လည်း ဤနေရာ၌ကား "သကတ်"ဟူသော အနက်တမျိုးကိုသာ ယူလိုသောကြောင့်

www.dhammaransi.com



၂၈။ သုတိ ဇာတိ ဂုဏော ဒဗ္ဗံ ,သမ္ဗန္ဓော စ ကြိယာ တထာ၊
ကြိယာကာရက သမ္ဗန္ဓော, တျော်ဝံ သတ္တဝိဓော·ထဝ ါ။

၂၉။ နေယျော အဋ္ဌဝိဓော သာဒိ-သျာဒိနာ စ သကတ္ထကော၊
ဝိသေသျာ ဝိသေသောတိ,တညုနာ သော ပတီယတေ၊

၂၈,၉။ သုတိ-သုတိငှ်း၊ ဇာတိ-ဇာတ်ငှ်း၊ ဂုဏော-ဂုဏ်ငှ်း၊ ဒဗ္ဗံ-ဒြပ်ငှ်း၊ သမ္ဗန္ဓော စ-သမ္ဗန်ငှ်း၊ ကြိယာ-ကြိယာငှ်း၊ တထာ-ထိုမှတပါး၊ ကြိယာကာရကသမ္ဗန္ဓော- ကြိယာကာရကသမ္ဗန်ငှ်း၊

"အနေန"အရ ဝိသေသနကိုစွဲ၍ အတ္ထတော်၏ကတ္တားကိုလည်း "ဝိသေသိတဗ္ဗ"ဟု ထည့်ရသည်။]

**သော ဝ၊ ပေ၊ သကော။** ။"သောဝေ+သကော"ဟု ပဌမနည်းပြု၊ က ပစ္စည်းကို သွတ္ထ၌သက်စေ၊ သ သဒ္ဒါ၏အနက်တွင်(၁၀၀)အဘိဓာန်၌"မိမိ, မိမိဥစ္စာ" ဟူသောအနက်တို့လည်း ပါ၏၊ ထိုတွင် မိမိအနက်၌ နပုံလိန်, မိမိ၏ ဥစ္စာအနက်၌ အဘိဓေယျလိန်လိုက်၍ ၃ လိန်ဟု ဆို၏၊ ဤ၌ အတ္တော၏လိန်သို့ လိုက်၍"သောဝေ"ဟုပုလ္လိန်ပြထားသောကြောင့်(မိမိ၏ဥစ္စာ)အနက်ဟော ပုဒ်သာ ဖြစ်သင့်၏၊ ဒီပနီ၌"သောဝ"ကို မိမိအနက်ဟောကြံ၍ "သယံဝေ" ဟု ဖွင့်သည်ကို စဉ်းစားပါ။

"သသ+ဝေသော"ဖြင့် သကောကို ဗဟုဗ္ဗီဟိပုဒ် ဟု သိစေ၏၊ ဤနည်း ဝယ် သသ၌"သ"သည် မိမိဟူသောအနက်ကို ဟော၏၊ မိမိဟူသည်လည်း (အရာဌာနအားလျော်စွာ )" ဝိသေသိတဗ္ဗ " ခေါ်သော ဝိသေသျတည်း၊ ထို့ကြောင့်"သသ"ကို"ဝိသေသိတဗ္ဗသခ်ါတသ အတ္တနော"ဟု ဖွင့်သည်၊ ၂ နည်းလုံး၌ပင် "သက"အရ ဝိသေသနကိုချည်း ယူရသည်။

**သကောဝတ္ထော။** ။ဤစကားဖြင့် သကနှင့် အတ္ထကို အဝဓာရဏ ကမ္မ ဓာရည်းတွဲပြ၏၊ "သကောဝ+အတ္ထော သကတ္ထော"ဟု တွဲ၍ ထို"သကတ္ထ" ဟူသည် "ဝိသေသနတည်း" ဟု အရကောက်ကို ပြလိုသောကြောင့် "သ+ ဝိသေသနံ"ဟု မိန့်သည်၊ ဤစကားဖြင့် "နောက်၌လာမည့် သကတ်အပြား ၇ ပါး, တနည်း—၈ ပါးသောအနက်များသည် ဝိသေသနချည်းဖြစ်သည်"ဟု အချုပ်မှတ်ပါ၊ ထိုအနက်များ၏ ဝိသေသနဖြစ်ပုံမှာလည်း ညည်ကောက်— ကောက်ခဏ်း၌ ထင်ရှား၏၊ ဥပမာ — ဆိန္ဓုဟတ္ထောပုဒ်ကို ညည်ကောက်ရာ၌ ပြတ်သောလက်ဒြဗ်၏ + ထို လက်ပြတ်ရှိသူယောကျ်ားဒြဗ်နှင့် သံ + သာမီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် "ဝိသေသနသကတ်မည်၏"ဟု သကတ်ကိုပင် ဝိသေသနအဖြစ်ဖြင့် ကောက်ပြရခြင်းမျိုးတည်း။

www.dhammaransi.com



ဇာတိဝေ-ဤအပြားအားဖြင့်၊ (သကတ္တကော-သကတ္တသည်၊)သတ္တဝိဓော — ၇ ပါးအပြားရှိ၏၊ အထဝါ - ထိုပြင်တနည်းကား၊ သာဒိသျာဒိနာ-သဒိသဘော အစရှိသည်နှင့်တကွ၊ သကတ္တကော-သကတ္တကို၊ အဋ္ဌဝိဓော-၈ ပါးအပြားရှိ၏ဟူ၍၊ နေယျော-သိအပ်၏၊ သော-ထို သကတ္တကို၊ ဝိသေသျသ- ဝိသေသျ၏၊ ဝါ-ကို၊ ဝိသေသောတိ-အထူးပြုတတ်သော ဝိသေသနအနက်ဟူ၍၊ တညုနာ – ထို သကတ်မြင်သိ ပညာရှိသည်၊ ပတီယတေ-သိအပ်၏။

၂၀, ၉။ ဤ ၂ ဂါထာဖြင့် သကတ် ၇ ပါး, တနည်း— ၈ ပါးရှိကြောင်းကိုသာ မှတ်သားခဲ့ပါ၊ ထို သုတိစသည်တို့၏ ဝစနတ္ထနှင့် အရကောက်ကို နေဘ်၌ ကိုယ်တိုင်ပြပါလိမ့်မည်။ [သာဒိသျနှင့် သဒိသဘာဝသည် အနက်တူ၏၊ "သဒိသဿ+ဘာဝေါ"ဟု ပြု၍ ဘာဝအနက်၌ ဏျသက်လျှင်"သာဒိသျံ"ဖြစ်၏။],

သာဒိသျာဒိ ။ ။ သကတ်ကို ၇ ပါးဟုသာ ပြလိုသော ဆရာတို့သည် သာဒိသျာဒိသကတ်ကို သမ္ဗန္ဓ၌သွင်းလိုကြ၏၊ မှန်၏—လူမိုက်ကို "နွား" ဟု ပြောဆိုရာ၌ လူမိုက်၏နွားနှင့် တူသည်၏အဖြစ်သည် တော်စပ်မှုသမ္ဗန်တည်း၊ ဤသည်ကောက် – ကောက်သောအခါ "လူမိုက်နှင့်နွား၏ တူသည်၏အဖြစ်" ဟူသောသဒိသ+သဒိသီသမ္ဗန်သည် သကတ်မည်၏-ဟုဆို၍ ဤသည်ကောက်ရ၏၊ ထို့ကြောင့် သာဒိသျကို သမ္ဗန္ဓသကတ်၌ သွင်းသောဆရာတို့ အလိုအားဖြင့် သကတ် ၇ ပါးသာရှိ၏၊ သီးခြားယူကြသော ဆရာတို့၏ အလိုအားဖြင့်ကား သကတ် ၈ ပါးရှိရသည်။ [ "အာဒိဖြင့် ဌာနီ+ဌာန, အဝယဝီ+အဝယဝ" စသည်၏အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်စသော ဥပစာဆိုင်ရာများကို ယူပါ။]

မေးဘွယ်။ ။ရှေ့ဂါထာ"သကတ္တော သ ဝိသေသနံ"နှင့်"ဝိသေသျဿ ဝိသေသောဝါ၊ပေ၊ပတီယတေ"ဟူသော စကား ၂ ရပ်သည်(သကတ္တဟူသည် ဝိသေသနတည်းဟူသော ) အနက်အားဖြင့် ထပ်နေသည် မဟုတ်ပါလော၊ ထိုသို့ ထပ်နေလျှင် ပုနရုတ္တိဒေါသ ရောက်ရာသည်မဟုတ်ပါလော- ဟု မေးဘွယ်ရှိ၏၊ အဖြေကား — "သကတ္တော သ ဝိသေသနံ" ဟူသော ရှေ့စကားဖြင့် " သကတ်ဟူသည် ဝိသေသနတည်း " ဟု သကတ်၏ အရကောက်သရုပ်မျှကိုသာ ပြ၏၊ " ဝိသေသျဿ ၊ပေ၊ ပတီယတေ " ဟူသော ဤစကားဖြင့် သကတ်၏သဘောကို ပြ၏၊ " သကတ်သည် ဝိသေသျခြဲမ်ကို အထူးပြုတတ်သော သဘောသတ္တိရှိသည်" ဟူလို။ [ပေဋ္ဌာ "သ ဝိသေသန"န္တိ ဧတေန သကတ္တဿ သရူပမတ္တံ ဒဿေတိ၊ ဣဓ"ဝိသေသျဿ ဝိသေသော"တိ ဣမိနာ ပန သကတ္တဿ သဘာဝံ ဒီပေတိ၊-ဒီပနီ။]

www.dhammaransi.com



၃၀။ သဒ္ဒေနုစ္စာရိတေနေ၀, ယံ၀တ္ထုံ ပတိပဇ္ဇတေ၊
တဿ သဒ္ဒဿ တံ၀တ္ထုံ, အတ္ထနာမေန မဉ္ဈတေ။

၃၀။ ဥစ္စာရိတေနေ၀-ရွတ်ဆိုအပ်သည်နှင့်တပြိုင်နက်ဖြစ်သော၊ သဒ္ဒေန-သဒ္ဒါဖြင့်၊ ယံ၀တ္ထုံ-အကြင်၀တ္ထုကို၊ ၀ါ-အကြင်အကြောင်းအရာကို၊ ပတိပဇ္ဇတေ-သိအပ်၏၊ တံ၀တ္ထုံ – ထို၀တ္ထုကို၊ ၀ါ – ထိုအကြောင်းအရာကို၊ တဿ သဒ္ဒဿ – ထိုသဒ္ဒါ၏၊ အတ္ထနာမေန– အနက်ဟူသော အမည်အားဖြင့်၊ ၀ါ– အနက်မည်၏ဟူ၍၊ မဉ္ဈတေ– သိအပ်၏။

၃၀။ **သဒ္ဒေနုစ္စာရိတေနေ၀ာဒိ**။ ။သကတ် ၇ ပါး, ၈ ပါးတို့တွင် အစဉ်အတိုင်းအားဖြင့် သုတိကို တခါထည်း ပြလိုသော်လည်း "သုတိ" ဟူသည် သဒ္ဒ (အသံ) ဖြစ်နေရကား အတ္ထ၌ သွင်းယူပုံကို နားမလည်မည်စိုးသောကြောင့် ရှေးဦးစွာ အတ္ထအမည်ရနိုင်သော အရာ၀တ္ထုများကို ပေါင်း၍ ပြလိုရကား "သဒ္ဒေန" စသော ဂါထာကို မိန့်သည်၊ သဒ္ဒါတခုခုကို ရွတ်ဆိုသောအခါ ရွတ်လျှင်ရွတ်ခြင်း ထိုသဒ္ဒါကြောင့် သိရသော အရာ၀တ္ထု အကြောင်းအရာဟူသမျှကို "အတ္ထ" ဟု အသိအမှတ်ပြုရသည်–ဟူလို။ [ယောသဒ္ဒေါ-အကြင်အသံကို၊ သူယတိ–နား၌ကြားအပ်၏၊ ဣတိ, သော (သဒ္ဒေါ) သုတိ၊ ရွတ်ဆိုသူကို ၀ဒန္တ, ကြားသူကို သုဏန္တ ဟု မှတ်နှင့်ပါ။]

**ဆိုလိုရင်းကား** — ၀ဒန္တပုဂ္ဂိုလ်က ရွတ်ဆိုလိုက်သည်နှင့် တပြိုင်နက် သုဏန္တပုဂ္ဂိုလ်၌ ကြားသိရသော အကြောင်းအရာဟူသမျှကို အတ္ထ၌ သွင်းယူရသည်၊ ထို့ကြောင့် ၀ဒန္တပုဂ္ဂိုလ်က "ပုရိသော" ဟု ရွတ်လိုသောအခါ "ပု" ဟု ရွတ်သည်နှင့်တပြိုင်နက် သုဏန္တပုဂ္ဂိုလ်မှာလည်း "ပု" ဟု ကြားသိရ၏၊ ထိုသို့ ရွတ်ဆို-ကြားသိရာ၌ ရွတ်ဆိုအပ်သော "ပု" အသံသည် သဒ္ဒ, နား၌ ကြားသိအပ်သော "ပု" အသံသည် အတ္ထ ဟု ခွဲပါ၊ "ရိ–သော" စသည် ရွတ်ဆိုခိုက်-ကြားသိရခိုက်၌ သဒ္ဒ–အတ္ထ ကွဲပြားပုံလည်း ဤနည်းပင်တည်း၊ ဤသို့လျှင် နား၌ ကြားသိရသော အသံကိုပင် "အတ္ထ" ဟု ခေါ်ဆိုရကား "သုတိကိုလည်း အတ္ထ၌ သွင်းယူနိုင်သည်" ဟု ဆိုလိုသည်။

**ဥစ္စာရိတေနေ၀ ပတိပဇ္ဇတေ**။ ။"ဥစ္စာရိတေနေ၀" ၌ ၀ေဖြင့်ရွတ်၍ ပြီးသော "ပုရိသော" စသောပုဒ်ကို ကန့်သည်၊ မှန်၏– "ပုရိသော" ဟု တပုဒ်လုံးပြီးမှ ယောကျ်ားဟူသောအနက်ကို သိရသော်လည်း "ပု" ဟူသော သုတိကိုကား "(ထိုသို့ တပုဒ်လုံး ပြီးအောင် မစောင့်ဘဲ) ၀ဒန္တပုဂ္ဂိုလ်က ရွတ်လျှင်ရွတ်ခြင်းပင် သိရသည်" ဟူလို။ [ပတိပဇ္ဇတေ၌ "ပတိပုဗ္ဗ + ပဒ– ဂတိမှ" ဓာတ်နောင် တေ၀ိဘတ် ယပစ္စည်းတည်း။]

www.dhammaransi.com



၃၁။ ဒီပတာ ဝိယ ဒီပေန, ဇဝံ သဒ္ဒေန ဒိပိတာ၊
**သရူပကျွာ သုတိ သဒ္ဒ–တာ သဒ္ဒါနုဂတာ သဒါ။**

၃၁။ ဒီပေန - ဆီမီးသည်၊ ဒီပတာ - ဆီမီး၏ အဖြစ်ကို၊ ( ဝါ- ဆီမီးဖြစ်ကြောင်းကို၊) ဒိပိတာဝိယ – ပြအပ်သကဲ့သို့၊ ဇဝံ- ဤအတူ၊ သဒ္ဒေန – သဒ္ဒါသည်၊ သရူပကျွာ-သရူပ ဟု ခေါ်ဆိုအပ်သော၊ သဒ္ဒတာ - အပေါင်းသဒ္ဒါ၏ ဖြစ်ကြောင်းဖြစ်ရာ ဖြစ်သော၊ ဝါ - ပညတ္တိသဒ္ဒါ၏ ဖြစ်ကြောင်းဖြစ်ရာ ဖြစ်သော၊ သဒါ - အခါခပ်သိမ်း၊ သဒ္ဒါနုဂတာ-သဒ္ဒါသို့အစဉ်လိုက်သော၊ သုတိ-**သုတိ**ကို၊ ဒိပိတာ-ပြအပ်၏။

**တံဝတ္ထုံ အတ္ထနာမေန ။** ။ ဝတ္ထုဟူသည် သဒ္ဒါ၏တည်ရာ အနက်အဓိပ္ပါယ် ( အကြောင်းအရာအားလုံး ) တည်း၊ ဝသတိ ဧတ္ထာတိ ဝတ္ထုံ၊ ဧတ္ထ–ဤအနက်၌၊ သဒ္ဒေါ – သည်၊ ဝသတိ – တည်နေရ၏၊ ဣတိ, ဝတ္ထု–မည်၏၊ "ဝတ္ထု"နှင့် "အတ္ထ"သည် ဤဂါထာ၌ သဘောတူ (အရကော်တူ) တည်း၊ ထို့ကြောင့် အတ္ထနာမေနကို တံဝတ္ထုံနှင့်တော့ အရ မပြားသော " အဘိန္နဝိသေသန " ဟုသာ မှတ်ပါ၊ ဒီပနီ၌ " ဝတ္ထုသင်္ခါတလက္ခဏာ " ဟု ဖွင့်သည်ကို စဉ်းစားကြပါလေ။

**မှတ်ချက်** ။ ။ ဤဂါထာ၌ "သဒ္ဒေါဉာပကဟေတု, အတ္ထောဉာပေတဗ္ဗဖလံ"ဟူသော ရှေးစကားကို အချုပ်မှတ်ထားပါ၊ သဒ္ဒါဟူသည် နားထောင်သူတို့ကို သိစေတတ်သော အကြောင်း၊ အနက်ဟူသည်ကား ထို သဒ္ဒါဖြင့် (နားထောင်သူတို့ကို) သိစေအပ် အသိပေးအပ်သော အကျိုးတည်း။

[**ဆောင်**] သိစေတတ်မှု, အသံစု, မှတ်ရှုသဒ္ဒခေါ်၊
ကြားသိမှုမှ, စ၍ထွေထွေ, သိစေအပ်သမျှ, ကျိုးဖလ
အတ္ထဟူ၍ခေါ်။

---

၃၁။ **ဒီပတာတျာဒိ**။ ။ဤ ဂါထာကား သုတိ၏ သရုပ် (အရကော်) ထင်ရှားအောင် ဥပမာကိုရင်း, သုတိ၏ ပရိယာယ်နာမည်များနှင့် သဘောကိုရင်း ပြသောဂါထာတည်း၊ ရှဲ့ဦးအံ့–"ဒီပတာဝိယဒီပေန"ဖြင့် ဥပမာကို ပြ၏၊ " ဇဝံ သဒ္ဒေန ဒိပိတာ"ဖြင့် သုတိဟူသည် ရွတ်ဆိုအပ်သော အသံဖြင့် ပြအပ်သော နား၌ကြားအပ်သောအသံတည်း-ဟု သုတိ၏သရုပ်ကို သိစေ၏၊ " သရူပကျွာ , သဒ္ဒတာ " တို့ဖြင့် သုတိ၏ ပရိယာယ် နာမည်များကို ပြ၏၊ သုတိကို"သရူပ"ဟုရင်း,"သဒ္ဒတာ"ဟုရင်း ခေါ်သည်-ဟူလို၊"သဒါ သဒ္ဒါနုဂတာ"ဖြင့် သုတိ၏သဘောကို ပြသည်။

www.dhammaransi.com



**ဒီပတာ ဝိယ ဒီပေန ။** ။ ဆီမီးထွန်းလိုက်သောအခါ ထိုဆီမီးသည် (ပတ်ဝန်းကျင်ရှိသမျှ အရာဝတ္ထုကို ပြရုံသာ မက) မိမိ၏ ဆီမီးဖြစ်ကြောင်း ကိုလည်း ထင်ရှားပြ၏၊ [ "ဒိပ်တာ ဝိယ"ဟု စာအများရှိ၏၊ ဋီကာ၌ "ဒီပ တာ=ဒီပဘာဝေါ"ဟု ဖွင့်သောကြောင့်"ဒီပတာ"ဟု ရှိမှ အဓိပ္ပါယ်လည်းရ, မူရင်းလည်း ကျမည်၊ " ဒိပိတာဝိယ " သည် မူရင်းဆိုလျှင် ဥပမေယျဝါကျ၌ လည်း " ဒိပိတာ " တပုဒ် ပါနေသောကြောင့် ဂါထာတခုဝယ် ထိုကဲ့သို့ ကြိယာတူ ၂ ခု ရှိခြင်းသည် မကောင်း။]

**ဧဝံ သဒ္ဒေန ဒီပိတာ။** ။ဤ ဥပမေယျဝါကျ၏အဓိပ္ပါယ်ကို "သဒ္ဒေနုစ္စာရိ တေနေဝ , ယံဝတ္ထု ပတိပဒျတေ " တုန်းကအတိုင်းသိပါ၊ မီးက မီးမှန်းကို သိစေသကဲ့သို့ ပုရိသောဝယ် " ပု " ဟု ရွတ်ဆိုလိုက်သည်နှင့်တပြိုင်နက် ထို သဒ္ဒါက"ပု"ဟူသောအသံကို ကြားစေ သိစေသည်-ဟူလို။ [ဆီမီးနှင့်"ပု"ဟု ဝဒန္တပုဂ္ဂိုလ်ရွတ်အပ်သောအသံ,ဆီမီး၏ ဆီမီးမှန်းကိုသိစေခြင်းနှင့် သုဏန္တ ပုဂ္ဂိုလ်ကို "ပု"ဟု ကြားသိစေခြင်းတို့ တူကြသည်။]

**သရူပက္ချာသုတိ။** ။သမာနံ+ရူပံ ယဿာတိ သရူပေါ၊ ယဿ-အကြင် ကြားအပ်သောအသံ၏၊ သမာနံ– ရွတ်အပ်သောအသံနှင့် တူသော၊ ရူပံ– သဘောသည်၊ အတ္ထိ, ဗုတ်, သရူပေါ၊ ရွတ်အပ်သောအသံနှင့် တထပ်ထည်း တူသောကြောင့် ကြားအပ်သောအသံကို "သရူပ"ဟု ခေါ်သည်၊ "သရူပေါ တိ + အာချာယတိတိ သရူပက္ချာ၊ [အာပုဗ္ဗ+ ချာဓာတ်၊ အပစ္စည်း၊ ဗုတ္တိ ဇောတက အာပစ္စည်းထပ်သက်၊(က်)လာ၍ ရဿပြုထားသည်။]သူယတီတိ သုတိ။ [ဋီကာ၌ "သဝနံ+သုတိ"ဟု ဘာဝသာဓ်ပြုသည်ကို စဉ်းစားပါ။]

**သဒ္ဒတာ။** ။သဒ္ဒဿ-ပုရိသောကဲ့သို့သောအပေါင်းသဒ္ဒါ၏+ဘာဝေါ- ဖြစ်ကြောင်းဖြစ်ရာ အစိတ်အစိတ် သဒ္ဒါတည်း၊ သဒ္ဒတာ – ပု + ရိ + သော စသော အစိတ်အစိတ်သဒ္ဒါ၊ (တနည်း) သဒ္ဒဿ – အနက်ကိုပြတတ်သော ပညတ္တိသဒ္ဒါ၏+ဘာဝေါ-ဖြစ်ကြောင်းဖြစ်ရာ ပရမတ္ထသဒ္ဒါတည်း၊ သဒ္ဒတာ- ဒ္ဒါ၊ ဤ နောက်နည်းကား "ဝေါ"ကဲ့သို့ အက္ခရာတလုံးတည်းရှိသော သဒ္ဒါ အတွက် ပြအပ်သောနည်းတည်း။

**သဒ္ဒါနုဂတာ။** ။သဒ္ဒံ–ဝဒန္တပုဂ္ဂိုလ် ရွတ်ဆိုအပ်သောသဒ္ဒါသို့ +အနု ဂတာ (ရွတ်တိုင်းရွတ်တိုင်း ကြားရသောအားဖြင့်) အစဉ်လိုက်သည်တည်း၊ သဒ္ဒါနုဂတာ– သည်။ [ဤဂါထာ၌ ဒီပနီဖွင့်ပုံမှာ "ဗုဒ္ဓါနိ၊ပေ၊သုတိနာမ" တိုင်အောင် မကောင်းလှ၊ မဟာဋီကာ၌လည်း ဤကျမ်းကယူအပ်သော အဓိ ပ္ပါယ်များကို ပယ်သွားလေ၏၊ ထိုသို့ အဓိပ္ပါယ်အယူအဆ မတူကြခြင်းမှာ လည်း"ဒိပတာဝိယ"ပါဌ်၌"ဒိပိတာဝိယ"ဟူသောပါဌ်မှားကို အတည်ယူ၍ အဓိပ္ပါယ်ပြောကြသောကြောင့် ဖြစ်သည်။]

www.dhammaransi.com



၃၂။ သဗလာဒီသု ဘိန္နေသု, ယာယ ဝတ္တန္တ႒ဘိန္နဓိ၊
သဒ္ဒါ သာ ဇာတိရေသာစ , မာလာ သုတ္တမိဝါ·န္ဝိတာ။

၃၂။ ယာယ - အကြင် သာမညသဘောဖြင့်၊ သဗလာဒီသု - ပျောက်ကျားသောနွား အစရှိကုန်သော၊ ဘိန္နေသု - ကွဲပြားသော အနက်ဒြဗ်တို့၌၊ အဘိန္နဓီသဒ္ဒါ - မကွဲပြားသောအသိဉာဏ်, သဒ္ဒါတို့သည်၊ ဝတ္တန္တိ-ဖြစ်ကုန်၏၊ သာ-ထို သာမညသဘောသည်၊ ဇာတိ-ဇာတိမည်၏၊ စ - ဆက်ဦးအံ့၊ မာလာ - ပန်းတို့သို့၊ သုတ္တံ- ပန်းသီကြိုးသည်၊ အန္ဝိတံဣဝ - အစဉ်လိုက်သကဲ့သို့၊ (တထာ- ထို့အတူ၊) ဧသော-ဤဇာတိသည်၊ (ဒဗ္ဗာနိ-ဒြဗ်တို့သို့၊) အန္ဝိတာ-အစဉ်လိုက်၏။

၃၂။ **သဗလာဒီသု ဗျာဒိ ။** ။ သုတိကို အကျယ်ပြပြီး၍ ဇာတိကို အကျယ်ပြလိုသောဆရာသည် ဇာတိ၏ ဝစနတ္ထကိုရင်း, သဘောကိုရင်း ပြလိုသောကြောင့် "သဗလာဒီသု"စသောဂါထာကို မိန့်၊ ထိုဂါထာ၌"သဗလာဒီသု၊ပေ၊သာ ဇာတိ"ဖြင့် ဝစနတ္ထကိုပြ၏၊"ဧသော၊ပေ၊အန္ဝိတာ"ဖြင့် ဇာတိ၏ သဘောကိုပြသည်။

**သဗလာဒီသု၊ပေ၊ဇာတိ။** ။"နွားဇာတ်, လူဇာတ်"စသည်ဖြင့် ဇာတိကို "ဇာတ်" ဟု မြန်မာပြန်ကြ၏၊ ထိုတွင် နွားဇာတ်ဟူသည် (ဦးခေါင်း, ဦးချို,နားရွက်, ကိုယ်, ခြေ, လက်,အမြီးတို့၏ ဖြစ်ပုံချင်းအားဖြင့်) တကောင်နှင့်တကောင် တူနေသောသဘောတည်း၊ ထိုသဘောကို " သာမည " ဟု ခေါ်သည်၊ [ သမာနာနံ—တူသောနွားတို့၏+ ဘာဝေါ—ဖြစ်ကြောင်းဖြစ်ရာ တူသောအခြင်းအရာတည်း၊ သာမညံ—ရာ၊ "ယောက်ျားတို့၏ တယောံနှင့် တယောက် တူသော အခြင်းအရာသည် ယောကျ်ားဇာတ်တည်း "၊ ဤသို့စသည်ဖြင့် ဇာတိ၏သဘောကို သိပါ။]

**ဆက်ဦးအံ့** — ပျောက်ကျားသော နွားတကောင်ကို မြင်ရသောအခါ ထို သာမညသဘောကိုကြည့်၍ "နွား "ဟု သိသောဉာဏ်, "နွား"ဟူသော မြန်မာသဒ္ဒါ ( ဂေါဟူသော ပါဠိသဒ္ဒါ )တို့ ဖြစ်ပေါ်လာကုန်၏၊ နက်သော နွားကိုမြင်ရာ၌လည်း ထိုအသိဉာဏ်နှင့်ထိုသဒ္ဒါပင်ဖြစ်ပေါ်လာ၏၊ ဤသို့လျှင် နွားအကောင်ဒြဗ်က နွားကြောင်နွားကျားစသည်ဖြင့် အမျိုးမျိုးကွဲပြားသော်လည်း ထိုအသိဉာဏ်သဒ္ဒါကား နွားဒြဗ်အပေါ်၌ မကွဲပြားချေ၊ ထိုသို့မကွဲမပြားသော အသိဉာဏ်သဒ္ဒါတို့၏ ဖြစ်ကြောင်းဖြစ်သောကြောင့် ပြခဲ့သော (တူသောအခြင်းအရာ) သာမညသဘောကို "ဘိန္နေသုပိ အတ္ထေသု အဘိန္နဓီသဒ္ဒါ ဇာယန္တိ ဧတာယာတိ ဇာတိ " ဟု ကရဏသာဓနဝစနတ် ပြုရသည်၊

www.dhammaransi.com



၃၃။ ယာ နိစ္စတ္ထာ မဟတ္ထာစ, သတ္တာ သတ္တဂဝါဒိသု၊
မဟာဝိသေသသာမည-မိစ္စေတံ ဟု ယထာက္ကမံ။

၃၃။ ယာသတ္တာ – အကြင် သာမညဇာတ်သည်၊ နိစ္စတ္ထာစ - မြဲသော သဘောလည်းရှိ၏၊ မဟတ္ထာစ - များသော သဘောလည်း ရှိ၏၊ ဧတံ - ဤ သာမညဇာတ်ကို၊ သတ္တဂဝါဒိသု - သတ္တဇာတ်, နွားဇာတ် အစရှိသည်တို့၌၊ ယထာက္ကမံ – အစဉ် အားလျော်စွာ၊ မဟာဝိသေသသာမညံဣတိ-မဟာသာမည, ဝိသေသသာမညဟူ၍၊ ဝါ - များသောဇာတ်, ထူးသောဇာတ်ဟူ၍၊ အာဟု- ရှေးဆရာတို့ ဆိုကြကုန်ပြီ။

ဇာတိ၌ ဇနဓာတ် တိပစ္စည်း၊ ထို့ကြောင့်“ဇာယန္တိ”ဟု ကြိယာထည့်ရသည်၊ [ဤ ဝိဂြိုဟ်၏ ဇာယန္တိနေရာဝယ် ဂါထာ၌ “ဝတ္တန္တိ”ဟု ရှိခြင်းသာ ထူး၏၊ ထို ဝတ္တန္တိကား ဇာယန္တိ၏ အနက်ဖွင့်တည်း၊ ထို ဂါထာကြည့်၍ ဇာတိ၏ ဝစနတ္ထကို နှုတ်ရကျက်ထားပါ။]

**သောဝ၊ပေ၊ အန္တိတာ** ။ ။ ပန်းသီကုံးရာ၌ ပန်းသီကုံးစရာချည်သည် တချောင်းထည်း ဖြစ်သော်လည်း ( ရာထောင်မက ) များသော ပန်းဖြဲဝ်သို့ လိုက်နိုင်သကဲ့သို့, ထို့အတူ နွားဇာတ်သည် တခုတည်း ဖြစ်သော်လည်း နွားဖြဲဝ်ရှိသမျှသို့ အစဉ်လိုက်ပါနိုင်၏၊ လူဇာတ်တခုတည်းက လူဖြဲဝ် အများသို့ အစဉ်လိုက်ပါပုံ စသည်ကိုလည်း ဇာတ်တိုင်းမှာ ချဲ့ထွင်ကြည့်ပါလေ။

**အမှာ**။ ။ဇာတိရေသာ၌ (ရ်) အက္ခရာ အပိုမလာလျှင်“ဇာတျောသာ” ဟု သန္ဓိစပ်၍ ဂါထာ၏အက္ခရာလုံးရေ မပြည့်ဘဲရှိရာ၏၊ ထို့ကြောင့်ဂါထာ၌ ဆန်းတဲ့အောင် ( ရ် ) လာထားသည်၊ မာလာသုတ္တံကို တပုဒ်ထည်းယူ၍ “မာလာသုတ္တံ–ပန်းသည်ချည်သည်”ဟု ပေးကြ၏, မကောင်းပါ၊ “မာလာ အနုဂတံ”ဟူသော ဒီပနီကိုကြည့်၍ မာလာတပုဒ်, သုတ္တံတပုဒ်ခွဲ၍ အနက်ပေး လိုက်သည်၊ အနုဂတံနောက်၌ “ မာလာသုတ္တံ ” ဟု ဒီပနီ၌ ရှိသည်ကား သာမန် ချည်ကို ယူမည်စိုး၍ သုတ္တံကို“မာလာသုတ္တံ”ဟု ဖွင့်ခြင်းဖြစ်သည်။

---

**၃၃။ ယာ နိစ္စတ္ထာ,မဟတ္ထာ**။ ။ဇာတိ၏အခြင်းအရာကိုပြလို၍“ယာ နိစ္စတ္ထာ”စသည်မိန့်၊ အတ္ထသဒ္ဒါသည် သဘာဝအနက်ဟောတည်း၊“ဇာတ်” ဟူသည် ပရမတ္ထတရား မဟုတ်၊ “ဂေါ”စသည်ဖြင့် ရှေးလူကြီးတို့ ခေါ်ဝေါ် အပ်သော ပညတ်သာတည်း၊“ပညတ်”ဟူသမျှလည်း သင်္ခါရတရား မဟုတ် သောကြောင့် “သဗ္ဗေ သင်္ခါရာ အနိစ္စာ”၌ မပါဝင်၊ ထို့ကြောင့် “ နွား ”

www.dhammaransi.com



အကောင်ဒြဗ်တွေ့သေကြေပျက်စီး၍ အနိစ္စဖြစ်ကြသော်လည်း န္တွားဇာတ်ကား မပျက်စီးသော သဘောရှိသည်၊ "နိစ္စော+အတ္ထာ+ယဿာ သတ္တာယာတိ နိစ္စတ္ထာ" ဟု ပြု၊ ထိုဇာတ်သည် လူဇာတ်, န္တွားဇာတ်, စသော အားဖြင့် မရေတွက်နိုင်အောင် မြားမြောင်သော သဘောလည်း ရှိ၏၊ "မဟန္တာ — များကုန်သော+အတ္ထာ-သဘောတို့သည်၊ ယာယ သတ္တာယာတိ မဟတ္တာ" ဟုပြု။ [အတ္ထ၏အနက်ဖြစ်သော သဘောကိုပင် ဒီပနီ၌ "အခြင်းအရာ"ဟု ယူ၍ "ဇူဒါနိ ဇာတိယာ အာကာရံ ဒဿေတုံ" ဟု ကျမ်းတက်သည်။]

**သတ္တာ။** ။ကြိယာအခန်း၌ အများနှင့်ဆက်ဆံသော သာမညကြိယာကို "**သတ္တာ**" ဟု ခေါ်သည်၊ ထို့ကြောင့် ဓာတ်အများနှင့် ဆက်ဆံသော ဘူဓာတ်ကို "ဘူ — သတ္တာယံ" ဟု သတ္တာသဒ္ဒါဖြင့် ဓာတ်နက်ဆိုရသည်၊ (၃၀၀) ဂါထာ၌လည်း ဤအဓိပ္ပါယ် ထင်ရှားဉုးလတ့ံ၊ ထို့ကြောင့် "ဤသတ္တာသဒ္ဒါသည် သာမညသဒ္ဒါ ဇာတိသဒ္ဒါတို့နှင့် အနက်တူ၏"ဟု မှတ်။ [သတ္တာယာတိ ဇာတိယာတျတ္ထော။] သတော—ထင်ရှားရှိသော ဝတ္ထု၏+ ဘာဝေါ—ဖြစ်ကြောင်း ဖြစ်ရာ ထင်ရှားဖြစ်ခြင်း တည်း၊ သတ္တာ — ခြင်း၊ ဤဂါထာ၌ "န္တွားဇာတ်" စသော အနက်သည် ပရမတ်သဘော အားဖြင့် ထင်ရှား မရှိသော်လည်း ပညတ်သဘောအားဖြင့်ကား (အများ ပြောဆိုဘို့ရန်) ထင်ရှားရှိသည်။

**သတ္တဂေါဒီသု၊ပေ၊ သာမညံ။** ။"သတ္တ (သတ္တာ)"ဟူသော ဇာတ်သည် သက်ရှိအားလုံးနှင့်ဆိုင်သော ဇာတ်တည်း၊ ထို့ကြောင့် သတ္တဇာတ်ကို "မဟာသာမည"ဟု ခေါ်၏၊ မဟန္တော စ-ကျယ်ဝန်း များပြားသည်လည်း ဟုတ်၏၊ သော — ထိုကျယ်ဝန်းများပြားသော အရာဟူသည်၊ သာမညံစ — အများနှင့် ဆက်ဆံသည်လည်းဟုတ်၏၊ ဣတိ မဟာသာမညံ၊ "ဂေါဇာတ်-န္တွားဇာတ်"သည် န္တွားဟူသောသတ္တာအထူးနှင့်သာဆိုင်သော ဇာတ်တည်း၊ ထို့ကြောင့် "ဝိသေသော စ+သော+သာမညဉ္စာတိ ဝိသေသသာမညံ" နှင့် အညီ ထူးသောဇာတ်မည်၏။

**အာဒိဖြင့်ယူဘွယ်။** ။"သတ္တာဒိ ဂေါဒိ" ဟု ၂ မျိုးခွဲ၍ သတ္တာဒိ၌ အာဒိဖြင့် သတ္တာမဟုတ်သော ရုက္ခ, ဝန, ပဗ္ဗတ, နဒီ စသော အများနှင့် သက်ဆိုင်သောဇာတ်ကိုယူ၊ ဂေါဒိ၌အာဒိဖြင့် ခဒိရ (ရှားပင်ဟူသောသစ်ပင် အထူး) မဟာဝုန်တော စသော တောအထူး, ဟိမဝန္တာတောင် စသော တောင်အထူး, ဂင်္ဂါမြစ်စသော မြစ်အထူး စသော တမျိုးနှင့်သာ ဆိုင်သော ဇာတ်ကိုယူ၊ ထိုအားလုံးပင် အများနှင့်ဆက်ဆံသော ရုက္ခစသည်ကို "မဟာသာမည"ဟုရင်း, ထူးသောဇာတ်နှင့်ဆက်ဆံသော ခဒိရစသည်ကို "ဝိသေသသာမည"ဟုရင်း အစဉ်အတိုင်းခွဲပါ။

www.dhammaransi.com



**၃၄။ ဒဗ္ဗသိတော တတောဘိန္နော,တဗ္ဗေဒညာဏဟေတုကော၊**
**ဝိပရာဝတ္တိဓမ္မောစ, နိဂ္ဂုဏော ဂမျတေ ဂုဏော။**

၃၄။ ဒဗ္ဗသိတော – ဒြဗ်၌ မှီသည်လည်းဖြစ်သော၊ တတော- ထို ဒြဗ်မှ၊ ဘိန္နော - ကွဲပြားသည်လည်း ဖြစ်သော၊ တဗ္ဗေဒညာဏ ဟေတုကော - ထို ဒြဗ်အထူးအပြားကို သိခြင်း၏ အကြောင်းလည်း ဖြစ်သော၊ ဝိပရာဝတ္တိဓမ္မောစ-ပြောင်းလွဲခြင်းသဘောရှိသည်လည်း ဖြစ်သော၊ နိဂ္ဂုဏော – ဂုဏ်တပါးမရှိသော၊ ( ပဒတ္ထော – ပုဒ်၏ အနက်ကို၊) ဂုဏော-ဂုဏ်ဟူ၍၊ ဂမျတေ-သိအပ်၏။

၃၄။ **ဒဗ္ဗသိတောတျာဒိ။** ။ဇာတိသကတ်ကိုပြပြီး၍ ဂုဏသကတ်ကို ပြလိုသောကြောင့် "ဒဗ္ဗသိတော"စသည်မိန့်၊ ဒဗ္ဗသိတ– စသော လက္ခဏာ ၅ပါးနှင့်ပြည့်စုံသော အနက်ကို "ဂုဏ်" ဟု အသိအမှတ်ပြုအပ်သည်-ဟူလို။

**ဂုဏ။** ။ဤ ဂုဏသဒ္ဒါသည် " အပဓာန " အနက်ဟောတည်း၊ ပဓာန အနက်ကိုကား "ဒဗ္ဗ"ဟု ခေါ်သည်၊ ထိုအပဓာနကိုပင် "ဂုဏ်–ဝိသေသန" ဟု ခေါ်၍ ပဓာနကို " ဂုဏီ, ဝိသေသျ "ဟုလည်း ခေါ်သည်၊ ဤစကားစဉ် အရ " ဂုဏ် "ဟူသည် ဝိသေသနတမျိုးဖြစ်ရကား ကောင်းဂုဏ် မကောင်း ဂုဏ် အလုံးစုံကိုပင်"ဂုဏ်"ဟုမှတ်ပါ။ [ "အတ္တနောဒဗ္ဗံ–မိမိတည်ရာဒြဗ်ကို+ ဂုဏောတိ မန္တေတိ- ပြောပြသိစေတတ်၏၊ ဣတိ ဂုဏော "ဟု ပြု၊ "ဂုဏ (စ)- မန္တဏေ"ဟု ဓာတ်ကျမ်းရှိ၏၊ ဋီကာ၌"ဂုဏ-ပကာသနေ"ဟု ဓာတ်နက်ဆို၍ "ဂုဏီယတေ ပကာသီယတေ ယေနာတိ ဂုဏော"ဟု အဝုတ္တကတ္တုသာဓန ပြု၏၊ ဒီပနီ၌လည်း"ဂုဏေတိ ပကာသေတီတိ ( မိမိတည်ရာဒြဗ်ကို ထင်ရှား ပြတတ်သောကြောင့်) ဂုဏော"ဟု ပါ၍မှန်ရှိစေ။ ]

**ဒဗ္ဗသိတော။** ။ဘုရားရှင်၏"အရဟံ"စသော ဂုဏ်တော်သည် ဘုရား ဒြဗ်တော်၌မှီ၏, တည်၏၊ "နီလော–ညိုသောပုဆိုး"ဟူရာ၌ အညိုဂုဏ်သည် ပုဆိုးဒြဗ်ပေါ်၌ တည်၏၊ "မာလော – လူမိုက် " ဟူရာ၌ အမိုက်ဂုဏ်သည် လူမိုက်ဒြဗ်ပေါ်၌ တည်၏၊ ဤသို့စသည်ဖြင့် ဂုဏ်၏ဒြဗ်၌မှီပုံကို သိပါ။ [ ဒဗ္ဗေ- ၌+သိတော နိဿိတော, ဒဗ္ဗသိတော။ ]

**တတော ဘိန္နော။** ။ဂုဏ်နှင့်ဒြဗ်တို့တခုတည်းမဟုတ်ဘဲ ကွဲပြားသည်ကို "တတောဘိန္န"ဟု ဆိုသည်၊ အရဟံစသော ဂုဏ်တော်သည် ဘုရားဒြဗ်တော် မဟုတ်,ဘုရားဒြဗ်တော်ကတခြား,အရဟံစသောဂုဏ်တော်ကတခြားတည်း၊ နီလော၌လည်း အညိုဂုဏ်က တခြား, ပုဆိုးဒြဗ်က တခြား၊ ဤသို့စသည်ဖြင့် ဒြဗ်မှ ကွဲပြားသည်ကို"တတော ဘိန္နော"ဟုဆိုသည်။

www.dhammaransi.com



**တဗ္ဗောဒညာလာဟေတုကော။** ။ဟိန္ဒူဘုရားကိုလည်း ဘဂဝါ, ငါတို့ဘုရားကိုလည်း ဘဂဝါ ဟု ခေါ်ဝေါ်ကြသဖြင့် ဘုရားဒြဗ် သာမညအားဖြင့် တူနေသော်လည်း " အရဟံ " ဟု အထူးပြုလိုက်သောအခါ " ဟိန္ဒူဘုရား မဟုတ်, ငါတို့ကိုးကွယ်ရာ အရဟံဂုဏ်တော်နှင့် ပြည့်စုံတော်မူသောဘုရား" ဟု အသိဖြစ်လာ၏၊ ပုဆိုးကို "ပဋော"ဟု သာမညအားဖြင့်ခေါ်လျှင် အဖြူ အနီ ပုဆိုးအားလုံးနှင့် ရောနေ၏၊ " နီလော ပဋော – ညိုသောပုဆိုး "ဟု အညိုဂုဏ်ဖြင့် အထူးပြုလိုက်သောအခါ အဖြူအနီစသော ပုဆိုးတို့မှ တမျိုး တခြားဖြစ်သော"ပုဆိုးညို"ဟုသိရ၏၊ ဤသို့ ဒြဗ်အထူးကို သိစေတတ်သော (သိခြင်း၏အကြောင်းဖြစ်သော) လက္ခဏာလည်း"ဂုဏ်"မှာ ပါရှိသည်။

**ဝိပရာဝတ္တိဓမ္မော။** ။ဝိပရာဝတ္တိ–ပြောင်းလွဲခြင်းဟူသော+ဓမ္မော– သဘောသည်၊ ယဿာတိ ဝိပရာဝတ္တိဓမ္မော၊ ပုဆိုးညို၌ ပုဆိုးဒြဗ်မပျက်မီပင် ကာလကြာသောအခါ သူ့ဘာသာလည်း အညိုရောင်ပြောင်း၍ အပြာရောင် စသည် ဖြစ်တတ်သည်၊ ဖွတ်လျှော်ခြင်း, ထပ်၍ ဆေးဆိုးခြင်းကြောင့်လည်း အညိုရောင် ( အညိုဂုဏ် ) ပြောင်းလွဲတတ်သည်၊ " မဟန္တော–မြတ်သော ယောက်ျား " ဟူရာ၌ သီလ စသော အမြတ်ဂုဏ်သည် ထိုသီလ စသည်က ပျက်ပြားသောအခါ အယုတ်ဂုဏ်သို့ ပြောင်းလွဲတတ်၏၊ ဗာလ–အမိုက်ဂုဏ် လည်း လူကောင်းသူကောင်းဖြစ်လာသောအခါ အမိုက်ဂုဏ်မှ အလိမ္မာဂုဏ် သို့ ပြောင်းလွဲတတ်၏၊ ဤသို့ စသည်ဖြင့် ပြောင်းလွဲခြင်းသဘော ရှိသည်ကို " ဝိပရာဝတ္တိဓမ္မ "ဟု ဆိုသည်၊ ဒီပနီ၌ " ဝိနာသသဘာဝေါ–ပျက်စီးခြင်း သဘောရှိ၏"ဟု ဖွင့်၏၊"ပြောင်းလွဲခြင်း"ဟူသောအနက်သာ ဝိပရာဝတ္တိ၏ သဒ္ဒတ္ထလည်းကျ, သဘာဝတ္ထလည်း ကျသည်။

**မပြောင်းလွဲသောဂုဏ်။** ။"ဝိပရာဝတ္တိဓမ္မောစ"၌ စဖြင့် "မပြောင်း လွဲခြင်းသဘော (မပျက်ခြင်းသဘောကို) ဆည်း၏"ဟု ဆို၍"အာကာသော သုညော"ပုံစံထုတ်၏၊ သုညော–အရာဝတ္ထုတို့မှ ကင်းဆိတ်သော၊ အာကာ သော – ကောင်းကင်၊ ဤပုံစံ၌ အာကာသ၏ သုညဂုဏ်သည် ဘယ်အခါမှ မပြောင်းလွဲ မပျက်စီးနိုင်"ဟု ဒီပနီမိန့်သည်။

**နိဋ္ဌုံကော။** ။"ဂုဏ်"ဟု ခေါ်အပ်သောအနက်မှာ အခြားဂုဏ်တမျိုး မရှိနိုင်၊ အကယ်၍ အခြားဂုဏ် (ဝိသေသန) တမျိုးရှိလာလျှင် မူလဂုဏ်သည် ဂုဏ်မဟုတ်တော့, ဒြဗ်ဖြစ်သွားပြီ၊ ဥပမာ– "လှသော+ယောက်ျား"ဟူရာ၌ " လှသော "သည် ဂုဏ်တည်း၊ " အလွန် + လှသော "ဟု ဆိုပြန်လျှင်ကား "အလွန်"သည် သူ့တပါးထက် လွန်ကဲခြင်းဂုဏ်ဖြစ်၍"လှသော"က "အလှ ဒြဗ်" ဖြစ်သွားသကဲ့သို့တည်း။

www.dhammaransi.com



**၃၅။ သမ္ဗန္ဓော ကာရကေဟာ·ညော, ကြိယာကာရက ပုဗ္ဗကော၊ သမ္ဗန္ဓိဗုဒ္ဓိဇနကော, သမ္ဗန္ဓိဒွယ နိဿိတော။**

၃၅။ ကာရကေဟိ-ရာဇာ ပုရိသဿ အစရှိသော ကာရက ၆ ပါးတို့မှ၊ အညော – တမျိုးတခြားသော၊ ကြိယာကာရကပုဗ္ဗကော – ပေးခြင်း ယူခြင်းစသောကြိယာ , ရာဇာ ပုရိသဿစသော ကာရကတို့လျှင် ရှေ့သွားရှိသော၊ သမ္ဗန္ဓိဗုဒ္ဓိဇနကော - သမ္ဗန္ဓိဒြပ်နှစ်ပါးကို သိခြင်းကိုဖြစ်စေတတ်သော၊ သမ္ဗန္ဓိဒွယ နိဿိတော-သမ္ဗန္ဓိဒြပ်နှစ်ပါး အပေါင်း၌မှီသော၊ (ပဒတ္ထော-ပုဒ်နက်ကို၊) သမ္ဗန္ဓော-သမ္ဗန်မည်၏ ဟူ၍၊ ဝိညေယျော-သိအပ်၏။

**၃၅။ သမ္ဗန္ဓော တျာဒိ။** ။သကတ် ၇ ပါးတွင် ဂုဏသကတ်ကိုပြပြီး၍, အစဉ်အတိုင်းဆိုလျှင် ဒဗ္ဗသကတ်ကို ပြခွင့်ရှိ၏၊ သို့သော် သကတ်အားလုံး ပြီးဆုံးသောအခါ ဒြပ်ကို သီးခြားပြရလိမ့်မည်၊ ထို့ကြောင့် ဒဗ္ဗကို ဤနေရာ၌ မပြသေးဘဲ ခုန်ကျော်၍ သမ္ဗန္ဓသကတ်ကိုပြလိုသောကြောင့် " သမ္ဗန္ဓော " စသော ဂါထာ ၅ ရပ်ကို မိန့်အပ်သတည်း။

**သမ္ဗန္ဓော။** ။သမ္ဗန္ဓနံ– ဆက်စပ်ခြင်း၊ သမ္ဗန္ဓော– ခြင်း၊ ထိုစပ်ခြင်းသည် အနက်တခု (ဒြပ်တခု)ထည်း၌ မဖြစ်နိုင်၊ မင်းဒြပ်+မင်းချင်းယောကျ်ားဒြပ်"စသည်ဖြင့် ဒြပ် ၂ ခုပေါင်းမိမှ ဖြစ်နိုင်၏၊ ထို့ကြောင့် ပျဉ်ပြား ၂ ချပ်ကို ကပ်၍ စပ်ခြင်းကဲ့သို့ ရှင်ဘုရင်နှင့် ထိုရှင်ဘုရင်ကိုခစားသော အမှုထမ်း ယောကျ်ားတို့၏ "မင်း + မင်းချင်းယောကျ်ား " အဖြစ်ဖြင့် ဆက်စပ်ခြင်း, သားနှင့်အမိ၏ "သား+အမိ" အဖြစ်ဖြင့် ဆက်စပ်ခြင်းစသည်ကို "သမ္ဗန်" ခေါ်သည်ဟု မှတ်၊ ဆက်စပ်မှုကို မြန်မာလို "တော်"ဟုငင်း, "စပ်"ဟုငင်း, " ဆက်သွယ် " ဟုငင်း ပြောကြ၏၊ ဥပမာ — ဤကလေးနှင့် ဤမိန်းမသည် "သား+ အမိတော်၏" "ဒီယောကျ်ားနှင့် ဒီမိန်းမဟာ ဘယ်လိုစပ်သလဲ, ဘယ်လိုအဆက်အသွယ် ရှိသလဲ" စသည်တည်း။

[ဆောင်] ပျဉ်ပျား ၂ ချပ်, ချင်းချင်းကပ်, စပ်၍နေသလို။
မင်းနှင့်ယောကျ်ား, သားနှင့်အမိ, စရှိ ၂ သွယ်,
တော်စပ်တွယ်, မှတ်ဘွယ်သမ္ဗန်ဆို။

**ကာရကေဟာညော။** ။ " ကာရကေဟိအညော" စသော ဝိသေသန ၄ ပါးဖြင့် သမ္ဗန်အနက်ကို ထင်ရှားအောင် ဗိုင်းဝန်း၍ ဝိသေသနပြသည်၊ သမ္ဗန်အနက်သည် ကာရက ၆ ပါးမှ တမျိုးတခြားဖြစ်သော အနက်တည်း၊ ဥပမာ–"ရာဇာပုရိသဿ ဌာနန္တရံ ဒဒါတိ"ဟူရာ၌ရာဇာ၏အနက်ဖြစ်သော

www.dhammaransi.com



ကတ္တုကာရက, ပုရိသဿ၏ အနက်ဖြစ်သော သမ္ပဒါနကာရက, ဌာနန္တရ၏ (ရာထူး–ဟူသော) အနက်ဖြစ်သော ကမ္မကာရက, ဤသို့စသော ကာရက ၆ ပါးလုံးသည် သမ္ဗန်မဟုတ်သေး–ဟူလို။

**ကြိယာကာရကပုဗ္ဗကော**။ ။“မင်း၏ + အချင်းယောက်ျား”ဟူရာ၌ “ မင်း+အချင်းယောက်ျား ”အဖြစ်ဖြင့် တော်စပ်ခြင်းဟူသော သမ္ဗန်မဖြစ်မီ ရှေ့က “ရာဇာ ဒဒါတိ – ရှင်ဘုရင်သည် ရာထူးပေး၏၊ ပုရိသော ဂဏှာတိ- ယောက်ျားက ထို ရာထူးကို ယူ၏ ” ဤသို့ပေးခြင်း ယူခြင်းကြိယာ , ရာဇာ ပုရိသော၏ အနက်ဖြစ်သော ကတ္တုကာရကတို့ ဖြစ်နှင့်ရ၏၊ ထိုသို့ ဖြစ်ပြီးမှ “မင်း( ၏ )အချင်းယောက်ျား”ဟု တော်စပ်မှုသမ္ဗန်ဖြစ်သည်၊ ထို့ကြောင့် “ ကြိယာကာရကပုဗ္ဗကော ”ဟု သမ္ဗန်၏သဘောကို ပြသည်၊ “ကြိယာစ– ပေးခြင်းယူခြင်း စသော ကြိယာတို့လည်း + ကာရကာနိ – မင်း. အချင်း ယောက်ျား စသော ကာရကတို့လည်း၊ ကြိယာ ကာရကာနိ – တို့၊ ပုဗ္ဗံ – ရှေးဦးစွာ + ဝတ္တန္တိ ပဝတ္တန္တိတိ ပုဗ္ဗဂါနိ၊ ဂကိုကပြု၍“ ပုဗ္ဗက ”ဟု ဖြစ်၏၊ ကြိယာကာရကာနိ+ပုဗ္ဗကာနိ ယဿာတိ ကြိယာကာရကပုဗ္ဗကော။

**မှတ်ချက်**။ ။နောက်ဂါထာ၌“ရာဇာ ဒဒါတိ, ပုရိသော ဂဏှာတိ”ဟု ရှိသောကြောင့် ကတ္တုကာရက ၂ ပါး ရှေ့သွားရှိပုံကိုဖွင့်ပြလိုက်သည်၊ ဒီပနီ၌ “ ရာဇာ ပုရိသဿ ဒဒါတိ ”ကို ရည်ရွယ်၍ “ရာဇာ ပုရိသဿတို့၏ အနက် ဖြစ်သော ကတ္တုကာရက သမ္ပဒါနကာရက ရှေ့သွားရှိ၏”ဟု ဆို၏။

**ယေဘုယျနည်း** ။ ။ “ ကြိယာနှင့်ကာရကတို့ ရှေ့က ဖြစ်ပြီးမှ သမ္ဗန် ဖြစ်ရသည် ”ဟူသောစကားသည် များသောအားဖြင့် ဆိုအပ်သော စကား တည်း၊ “ အမ္ဗဝနဿ–သရက်ဥယျာဉ်၏+အဝိဒူရေ–အနီး၌”ဟူသော ပုံစံ မျိုးဝယ် ရှေးက ကြိယာကာရကတို့ ဖြစ်ပြီး မရှိဘဲလည်း သရက်ဥယျာဉ်နှင့် အနီးဂုဏ်တို့၏ “သမိပီ+သမိပ”အဖြစ်ဖြင့် တော်စပ်မှုသမ္ဗန် ရှိနိုင်သည်သာ။

**သမ္ဗန္ဓိဗုဒ္ဓိဇနကော** ။ ။ ရှင်ဘုရင်နှင့် ယောက်ျားတယောက်ကို မြင်နေ ပါသော်လည်း အရှင်သခင်မှန်း,မင်းခစားယောက်ျားမှန်း မသိရသေး၊ သူတို့ ၂ ယောက်၏တော်စပ်ပုံကို ကိုယ်တိုင်မြင်ရသောကြောင့်ဖြစ်စေ, တယောက် ယောက်က ပြောသောကြောင့်ဖြစ်စေ တော်စပ်မှုသမ္ဗန်ကိုသိပြီးမှ “ဤမင်းသည် အရှင်သခင် , ဤသူကား အခစားယောက်ျား ” ဟု သိရသည်၊ ထို့ကြောင့် သမ္ဗန်သည် သမ္ဗန္ဓီဒြဗ် ၂ခုကိုသိစေတတ်သောသဘောသတ္တိရှိ၏-ဟုဆိုသည်။

**သမ္ဗန္ဓိဒွယနိဿိတော** ။ ။ “မင်း+အချင်းယောက်ျား”ဟု ဆက်စပ်မှု လည်း မင်းဒြဗ်, ယောက်ျားဒြဗ် ၂ ခုပေါင်းမိမှ ဖြစ်နိုင်သောကြောင့် “ သမ္ဗန္ဓီ ဒြဗ် ၂ ခုကိုမှီသည်”ဟု ဆိုသည်၊ [ဆက်စပ်ခြင်းရှိသော မင်းဒြဗ်, ယောက်ျား ဒြဗ်ကို “သမ္ဗန္ဓီ”ဟု ခေါ်သည်၊ သမ္ဗန္ဓော ယဿ အတ္ထီတိ သမ္ဗန္ဓီ။]

www.dhammaransi.com



၃၆။ သမ္ဗုန္ဓိဝိယ သမ္ဗန္ဓော, ရူပတော န ကုဒါစနံ၊
ဒဋ္ဌုံ သက္ကာတိ ဝိညူဟိ, မဉ္ဇတေ သော·နုမာနတော။

၃၆။ သမ္ဗုန္ဓိဝိယ- သမ္ဗုန္ဓိဒြပ်ကဲ့သို့၊ သမ္ဗန္ဓော-သမ္ဗန္ဓ်သည်၊ ဝါ- သမ္ဗန္ဓ်ကို၊ ရူပတော-သရုပ်သကောင်အားဖြင့်၊ ကုဒါစနံ-တရံတဆစ်မျှ၊ ဒဋ္ဌုံ- မြင်ခြင်းငှါ၊ န သက္ကာ-မတတ်ကောင်း၊ ဣတိ- ထို့ကြောင့်၊ သော-ထိုသမ္ဗန္ဓ်ကို၊ အနုမာနတော-လျော်စွာမှန်းဆသောအားဖြင့်၊ ဝိညူဟိ-ပါးနပ်သိမြင်, ပညာရှင်တို့သည်၊ မဉ္ဇတေ- သိအပ်၏။

**၃၆။ သမ္ဗုန္ဓိဝိယာဒိ။** ။"ထိုသမ္ဗန္ဓ်ကို မျက်စိဖြင့်ကြည့်၍ သိနိုင်ပါသလော, အဘယ်သို့သိရပါသနည်း"ဟု မေးဘွယ်ရှိသောကြောင့် "သမ္ဗုန္ဓိဝိယ" စသည်မိန့်၊ "မင်း + အချင်းယောကျ်ား" စသော သမ္ဗုန္ဓိဒြပ်များကို မျက်စိဖြင့်ကြည့်၍ သိနိုင်သကဲ့သို့, တော်စပ်မှုသမ္ဗန္ဓ်ကို မသိနိုင်ပါ၊ အကဲခတ်တတ် ပါးနပ်သောဉာဏ် ရှိသူတို့သာ"အနုမာနဉာဏ်"ဟူသော မှန်းဆတတ်သော ဉာဏ်အားဖြင့် သိနိုင်ပါသည်–ဟူလို။

**ဒဋ္ဌုံ သက္ကာတိ။** ။"သက္ကောတိ"ဟု စာအများရှိ၏၊ ထိုအတိုင်း အမှန်ယူလျှင် "သမ္ဗန္ဓော" သည် ကတ္တားဖြစ်၍ "သမ္ဗန္ဓ်သည် မြင်ခြင်းငှါ မစွမ်းနိုင်"ဟု မလိုအပ်သောအဓိပ္ပါယ် ထွက်နေ၏၊ သမ္ဗန္ဓ်မှာ နဂိုရ်ကပင် မြင်တတ်သောကတ္တားလေလားဟု ယုံမှားဘွယ်မရှိ၊ မြင်အပ်-မမြင်အပ် (မြင်ကောင်း, မမြင်ကောင်း) ကံအတွက်သာ ယုံမှားဘွယ်ရှိ၏၊ ထို့ကြောင့် ဒဋ္ဌုံစပ်ဘို့ရာ "ကေနစိ–တစုံတယောက်သည်"ဟု ပုဂ္ဂိုလ်ကတ္တားလာ၍ "ဒဋ္ဌုံ နသက္ကာ– ခြင်မြင်းငှါ မတတ်ကောင်း , ဝါ – မမြင်အပ် မမြင်ကောင်း" ဟု မှတ်ပါ၊ သက္ကာတိကို "သက္ကာ+ဣတိ"ဟု ပုဒ်ဖြတ်။

**အနုမာနတော။** ။အနု-အစဉ်လိုက်၍+မာန-နှိုင်းချိန်တတ်သောဉာဏ်၊ နောက်ဂါထာ၌ "ရာဇာ ဒဒါတိ, ဂဏှာတိ"ဟု လာလတ္တံ့အတိုင်း ပေးခြင်း ယူခြင်းကြိယာကို မြင်ရသောအခါ ထိုကြိယာကိုအစဉ်လိုက်၍ စဉ်းစားလျှင် "ဤမင်းနှင့် ဤယောကျ်ားသည် (အရှင်သခင်+မင်းခစားယောကျ်ား အဖြစ်ဖြင့်)တော်ကြ စပ်ကြ၏"ဟု သမ္ဗန္ဓ်ကိုသိနိုင်၏၊ အကြောင်းဖြစ်သော ပေးခြင်း ယူခြင်းကြိယာကိုမြင်၍ အကျိုးဖြစ်သောသမ္ဗန္ဓ်ကို ကာရဏူပစာ နာနန္တရိက နည်းဖြင့် သိနိုင်သည် – ဟူလို။ [ "တဿာ ကြိယံ အနုမာနေန သမ္ဗန္ဓော ဉာယတေ နာနန္တရိကဝသေနာတိ အဓိပ္ပါယော"။– ၃၇ ဂါထာ၌ ဖွင့်လတ္တံ့သော ဒီပနီ။]

www.dhammaransi.com



၃၇။ ရာဇာ ဒဒါတိ ဂဏှာတိ, ပုရိသော တိ ပဝတ္တတိ၊
ကြိယံ နိဿာယ သမ္ဗန္ဓော,အညောညာပေက္ခလက္ခဏော။

၃၇။ ရာဇာ-မင်းသည်၊ ဒဒါတိ– တစုံတခုကိုပေး၏၊ ပုရိသော–ယောကျ်ားသည်၊ ဂဏှာတိ – ယူ၏၊ ဣတိ– ဤသို့၊ ကြိယံ– ပေးခြင်းယူခြင်းကြိယာကို၊ နိဿာယ–မှီ၍၊ အညောညာပေက္ခ လက္ခဏော–အချင်းချင်း ငဲ့ခြင်းလက္ခဏာရှိသော၊ သမ္ဗန္ဓော – သမ္ဗန်သည်၊ ပဝတ္တတိ-ဖြစ်၏။

၃၈။ ကြိယာကာရကတော သေသေ, ဆဋ္ဌီ ဇာယတိ သာပန၊
သမ္ဗန္ဓမပိ ဇောတေတိ , ဥဘော့ သာ ဟိ ပလုဋ္ဌတေ။

၃၈။ ကြိယာကာရကတော - ကြိယာကို ပြီးစေတတ်သော ပုရိသော စသော ကာရကမှ၊ သေသေ-ကြွင်းသော ရာဇစသော သမ္ဗန္ဓိဒြပ်အနက်၌၊ ဆဋ္ဌီ–ဆဋ္ဌီဝိဘတ်သည်၊ ဇာယတိ-ဖြစ်၏၊ ဝါ-သက်၏၊

၃၇။ **ရာဇာတျာဒိ**။ ။"သမ္ဗန်သည် အဘယ်သို့ဖြစ်ပေါ်လာ၍ အဘယ်လက္ခဏာရှိပါသနည်း" ဟု မေးဘွယ်ရှိသောကြောင့် "ရာဇာ" စသည်မိန့်၊ "ရညော+ပုရိသော-မင်း၏+အချင်းယောကျ်ား"ဟူရာ၌ မင်းနှင့်ယောကျ်ားတို့၏ ဆက်သွယ်မှုသမ္ဗန်သည် "ရာဇာ ဒဒါတိ ပုရိသောဂဏှာတိ" ဟူသော ပေးခြင်းယူခြင်းကြိယာကြောင့် ဖြစ်ပေါ်လာသည်၊ အကယ်၍ ရှင်ဘုရင်သည် ယောကျ်ားအား ရာထူးကို မပေးလျှင်၎င်း , ပေးသော်လည်း ယောကျ်ားက မယူလျှင်၎င်း , ပေးခြင်း ယူခြင်းကြိယာကို မမှီရသောကြောင့် " မင်း၏ + အချင်းယောကျ်ား"ဟု သမ္ဗန်မဖြစ်နိုင်–ဟူလို။

**အညော၊ပေ၊လက္ခဏော**။ ။ထိုသို့ ပေးကြ ယူကြသောအခါ မင်းကလည်း"ငါ၏ အချင်းယောကျ်ား"ဟုငဲ့၏၊ ယောကျ်ားကလည်း"ငါ၏ အရှင်သခင်" ဟု ငဲ့၏၊ "စိတ်အားဖြင့် အာရုံပြုနေခြင်းကို ငဲ့ခြင်း"ဟု ဆိုလိုသည်၊ ဤသို့ အချင်းချင်းငဲ့ကြခြင်းသည် သမ္ဗန်၏ အထိမ်းအမှတ်လက္ခဏာပင်ဖြစ်၍ သမ္ဗန်သည် အညောညာပေက္ခလက္ခဏာရှိသည်။

---

၃၈။ **ကြိယာကာရကတော ဣျာဒိ**။ ။ "သမ္ဗန်"ဟု ခေါ်အပ်သော အနက်သည် ထို သမ္ဗန္ဓိဒြပ် ၂ ပါးကိုမှီ၍ ထိုဒြပ် ၂ ပါး၏အကြား၌ ဖြစ်လျှင် " သမ္ဗန်အနက်ကိုဟောသော ဆဋ္ဌီဝိဘတ်သည် အဘယ်ဌာန၌ သက်ရမည်နည်း , အဘယ်ဌာန၌သက်မှ ထိုသမ္ဗန်အနက်ကို ထွန်းပြနိုင်သနည်း " ဟု

www.dhammaransi.com



ပန-ထိုသို့ပင် ရှေ့သမ္ဗန္ဓီဒြဗ်အနက်၌ ဆဋ္ဌီဝိဘတ်သက်ပါသော်လည်း၊ သာ-ထို ဆဋ္ဌီဝိဘတ်သည်၊ သမ္ဗန္ဓမပိ-သမ္ဗန်ကိုလည်း၊ ဇောတေတိ-ထွန်းပြနိုင်၏၊ ဟိ-မှန်၏၊ ဥတ္တေ-သမာသ် တဒ္ဓိတ်တို့က သမ္ဗန်အနက်ကို ဟောအပ်ပြီးသည်၊ (သတိ-ဖြစ်လသော်၊) သာ-ထို ဆဋ္ဌီဝိဘတ်သည်၊ ပလုဇ္ဇတေ-ကြေပျောက်ရ၏။

မေးဘွယ်ရှိသောကြောင့် "ကြိယာကာရကတော"စသည်ကိုမိန့်၊ ဆဋ္ဌီဝိဘတ်သည် ကြိယာကိုပြီးစေတတ်သော "ပုရိသော"စသော ကာရကမှကြွင်းသော ရာဇစသော သမ္ဗန္ဓီဒြဗ်၌ သက်ရ၏၊ ထို သမ္ဗန္ဓီဒြဗ်၌ သက်မှလည်း ထို ဆဋ္ဌီဝိဘတ်က သမ္ဗန်အနက်ကို ထွန်းပြနိုင်သည်—ဟူလို။

**ကြိယာကာရကတော**။ ။"ရာဇ+ပုရိသ"ဟု သမ္ဗန္ဓီ ၂ ခုကို စဉ်းစားကြည့်ပါ၊ ထို ၂ ခုတွင် "ပုရိသ"သည်သာ "ရာဇပုရိသော+ဂစ္ဆတိ"၌ ဂမနကြိယာကို ပြီးစေနိုင်သော ကတ္တုကာရကဖြစ်၏၊ "ရာဇပုရိသံ+ပဿတိ"၌ ဒဿနကြိယာကို ပြီးစေနိုင်သော ကမ္မကာရက ဖြစ်၏၊ ဤသို့ စသည်ဖြင့် ကရဏ, သမ္ပဒါန, အပါဒါန, အဓိကရဏကာရကဖြစ်ပုံကို သိပါ၊ ထို့ကြောင့် "ကြိယာကာရက"အရ ရာဇနေရာ၌ ရှိသော "ပုရိသော"စသော ကာရကကို ဆိုသည်ဟုရင်း, "ကာရက"အရလည်း ကတ္တုကာရကသာ မက, ကာရက ၆ ပါးလုံး ရသည်ဟုရင်း မှတ်ပါ။ [ ရာဇပုရိသောကို ပုံစံထုတ်ထားသောကြောင့် "ပုရိသော" စသော ဟု ဆိုသည်၊ "ရာဇပုတ္တော" ဟု ဆိုလျှင် "ပုတ္တောစသော ကာရက"ဟု ဆိုပါ။]

**သေသေ ဆဋ္ဌီ ဇာယတိ**။ ။ရာဇ+ပုရိသ"ဟု သမ္ဗန္ဓီ ၂ ခုတွင် ပုရိသမှ ကြွင်းသော "ရာဇ"ဟူသော သမ္ဗန္ဓီကို "သေသ"ဟု ခေါ်သည်၊ ထို သေသ ဖြစ်သော ရာဇ (သမ္ဗန္ဓီ)၌ ဆဋ္ဌီဝိဘတ်သက်ရသည်—ဟူလို။ ["သေသေ"ဟု အာဓာရဖြင့် ဆိုသော်လည်း ထို သမ္ဗန္ဓီဒြဗ်ပေါ်၌ ဝိဘတ်သက်၍ မဖြစ်ရကား " တတောစ ဝိဘတ္တိယော' 'နှင့်အညီ ထို သမ္ဗန္ဓီဒြဗ်ကိုဟောသော ရာဇလိင်နောင် သက်ရသည်—ဟု မှတ်ပါ။]

**သာ ပန သမ္ဗန္ဓမပိ ဇောတေတိ**။ ။ရှေ့သမ္ဗန္ဓီဒြဗ်ဖြစ်သော ရာဇလိင် တခုနောင်သက်လျှင် သမ္ဗန္ဓီဒြဗ် ၂ ခု၏ ဆက်စပ်မှုသမ္ဗန်ကို ထွန်းပြနိုင်ပါ၏လော ( သမ္ဗန်အနက်ကို ဟောနိုင်ပါ၏လော )ဟု မေးဘွယ်ရှိသောကြောင့် "သာပန၊ပေ၊ဇောတေတိ"ဟု မိန့်၊ ရှေ့ သမ္ဗန္ဓီဒြဗ်ဟော ရာဇလိင် တခုနောင် သက်ရသော်လည်း သမ္ဗန္ဓီဒြဗ် ၂ ခု၏ ဆက်စပ်မှုသမ္ဗန်ကို သဟာစရဏနည်းအားဖြင့် ထွန်းပြနိုင်ပါ၏-ဟူလို။ [မင်းဟူသော သမ္ဗန္ဓီဒြဗ်၏ဆက်စပ်မှုသမ္ဗန်နှင့်အတူတကွဖြစ်ခြင်းကို " သဟာစရဏ "ဟု ဆိုသည်။] သမ္ဗန္ဓမပိ၌ အပိဖြင့်

www.dhammaransi.com



ကေတ္တဗဟုတ္တသင်္ချာကိုဆည်းပါ၊ ကေဝုစ်"သ"ဖြစ်လျှင် ကေတ္တသင်္ချာကိုလည်း ထွန်းပြနိုင်သေး၏၊ ဗဟုဝုစ် " နံ " ဝိဘတ်ဖြစ်လျှင် ဗဟုတ္တသင်္ချာ ကိုလည်း ထွန်းပြနိုင်သေး၏–ဟူလို။

**ဥဒ္တော့ သာ ဟိ ပလုစ္စတေ ॥** ॥ အခြားဝိဘတ် များသည် ကံဟော လိန်နောင်သက်လျှင် " ပုရိသံ–ကို" ဟု ကံအနက်ကိုသာ ထွန်းပြရ၏၊ အဓိကရဏဟော လိန်နောင်သက်လျှင်"ပုရိသေ-၌"ဟု အဓိကရဏအနက်ကိုသာ ထွန်းပြရ၏၊ ဤသမ္ဗန်အရာ၌ကား သမ္ဗန္ဓိဒြဗ်ဟောလိန်နောင်သက်သော ဆဋ္ဌီ ဝိဘတ်က သမ္ဗန္ဓိဒြဗ်အနက်သာ မကဘဲ "သမ္ဗန်အနက်ကို ထွန်းပြနိုင်၏ "ဟု ဆိုရာ၌ အဘယ်ကိုထောက်၍ ယုံကြည်လေဘံပါသနည်း ဟု မေးဘွယ်ရှိသော ကြောင့် "ဥဒ္တော့ သာ ဟိ ပလုစ္စတေ"ဟု မိန့်သည်၊ "သမာသ် တဒ္ဓိတ်တို့က သမ္ဗန်အနက်ကို ဟောသောအခါ ဆဋ္ဌီဝိဘတ်ကကြေပျောက်ရပုံကိုထောက်၍ သမ္ဗန်အနက်ကို ဆဋ္ဌီဝိဘတ်က ဟောကြောင်း ယုံကြည်လောက် ပါသည် " ဟူလို။ [ "သာဟိ"၌ ဟိသည် ဒဠှီကရဏဇောတက၊ ဉပကဟေတုဇောတက လည်း သင့်၏။ ]

**မှတ်ချက်။** ။"သမာသတဒ္ဓိတေဟိ ဥဒ္တော့ သတိ"ဟု ဒီပနီဖွင့်ရာ၌ သမ္ဗန် အနက်ကို အာချာတ်ကိတ်ဝါစကတို့က မဟော၊ သမာသ်တဒ္ဓိတ်ဝါစကတို့က သာ ဟောသောကြောင့် ထိုသို့ဖွင့်ရသည်ဟုမှတ်၊ ထို့ပြင်"ကာရက ၆ တန်, ဘောသမ္ဗန် " ဟု ဝါစ္စအနက်ရှစ်ပါးကို ဟောနိုင်သော ဝါစကသဒ္ဒါသည် (ပဌမာဝိဘတ်မှကြွင်းသော) ဝိဘတ် ၆ ပါးနှင့် သမာသ်တဒ္ဓိတ် အာချာတ် ကိတ်အားဖြင့် ၁၀ ပါးရှိ၏၊ ထိုတွင် သမာသ်စသော ၄ ပါးကို ဝါစကကြီး, ဝိဘတ် ၆ ပါးကို ဝါစကငယ် ဟု ခွဲခြား၍ , "ဝိဘတ်ဟူသော ဝါစကငယ် တို့သည် မိမိတို့ဟောအပ်သောအနက်ကို မိမိ့ထက်သတ္တိထက်သော ဝါစက ကြီးက ဟောလာလျှင် ရှောင်ဖယ်ပေးရ–ကြေပျောံရရိုးဖြစ်သည်"ဟုမှတ်ပါ။

**ဝါစကကြီးရောက်၍ ဆဋ္ဌီပျောက်ရပုံ ॥** ॥ " သမာသ် မစပ်ရသေးခင် ဆိန္ဒာ+ဟတ္ထာ ယဿ"ဟုဝါကျ အခိုက်၌ သမ္ဗန်အနက်ကို ယဿ၌ သဝိဘတ် က ဟောနေ၏၊ အညပဒတ္ထေသု ဗဟုဗ္ဗီဟိ, နာမာနံ သမာသော ယုတ္တတ္ထော သုတ်တို့ဖြင့် ဗဟုဗ္ဗီဟိသမာသ်တွဲစပ် ပြီးသောအခါ ထိုသမ္ဗန်အနက် သဝိဘတ် ထက် သတ္တိထက်သော သမာသ်ဝါစကကြီးက ဟောပြီးဖြစ်၍ သဝိဘတ် ကြေပျောက်ရသည်၊ "ဆိန္နဟတ္တော–လက်ပြတ်ရှိသူ"ဟူရာ၌ "၏"ဟု သမ္ဗန် အနက်ကို မြန်မာပြန်ရာ၌ မတွေ့ရသော်လည်း " ထိုသူ၏ + လက်ပြတ် " ဟု ( ယောက်ျားနှင့် လက်ပြတ်တို့၏ ) ဆက်စပ်မှု သမ္ဗန် အနက်ကိုကား ဆိန္န ဟတ္တော သမာသ်က ဟောပြသည်သာ။ [ ဝါသိဋ္ဌော ဟူသော တဒ္ဓိတ်ဝါစက ရောက်၍ ဝသိဋ္ဌဿ၌ သဝိဘတ်ကြေပျောက်ရပုံကိုလည်း သိပါလေ။ ]

www.dhammaransi.com



၃၉။ ဝိသေသျသ ဝိသေသေ ဝါ, သမ္ဗန္ဓိဒွယဇောတိတံ၊
သမ္ဗန္ဓံ ဇောတိတုံ ဆဋ္ဌီ, သဒ္ဒသတ္တိသဘာဝတော။

၃၉။ ဝါ- တနည်း၊ သမ္ဗန္ဓိဒွယဇောတိတံ - သမ္ဗန္ဓိဒြပ် ၂ ပါး အပေါင်းသည် ထွန်းပြအပ်သော၊ သမ္ဗန္ဓံ - သမ္ဗန်ကို၊ ဇောတိတုံ- ထွန်းပြခြင်းငှါ၊ ဝိသေသျသ - ဝိသေသျဖြစ်သော သမ္ဗန္ဓီ၏၊ ဝါ - ဝိသေသျဖြစ်သောသမ္ဗန္ဓီကို၊ဝိသေသေ-အထူးပြုတတ်သောဝိသေသန သမ္ဗန္ဓီ၌၊ ဆဋ္ဌီ- ဆဋ္ဌီဝိဘတ်သည်၊ ( ဇာယတ်- ဖြစ်၏၊ ဝါ- သက်၏၊ ကသ္မာ-နည်း၊) သဒ္ဒသတ္တိသဘာဝတော-ဆဋ္ဌီဝိဘတ်တည်းဟူသော သဒ္ဒါ၏ ဝိသေသန နောင်သက်မှ သမ္ဗန်အနက် ထွန်းပြ နိုင်သော အစွမ်းသတ္တိသဘော ရှိသည်၏အဖြစ်ကြောင့်တည်း။

**၃၉။ ဝိသေသျဿာဒါ။** ။ဝိသေသနသမ္ဗန္ဓီဟောသော လိန်နောင် ဆဋ္ဌီဝိဘတ် သက်ရခြင်း၏ အကြောင်းကို ရှေ့ဂါထာဖြင့်ပြပြီး၍, ယခုတဘန် အကြောင်းတမျိုးကို ပြပြန်လိုသောကြောင့်“ဝိသေသျဿ”စသော ဂါထာကို မိန့်၊ ဆဋ္ဌီဝိဘတ်သည် ဝိသေသနသမ္ဗန္ဓီကို ဟောသော လိန်နောင် သက်မှ သမ္ဗန္ဓီဒြပ် ၂ ပါး၏ ဆက်စပ်မှုသမ္ဗန်ကို ထွန်းပြနိုင်သော သတ္တိသဘောရှိ၏၊ ထို့ကြောင့် ဝိသေသနသမ္ဗန္ဓီကိုဟောသောလိန်၌ သက်ရသည်—ဟူလို။

**ဝိသေသျဿ ဝိသေသေ။** ။“ ရာဇပုရိသော ”၌ “ ပုရိသော ” သည် “ မင်း၏ အချင်းယောကျာ်း, ပုဏ္ဏား၏ မိတ်ဆွေယောကျာ်း, ဝေဿသုဒ္ဒ တို့၏ မိတ်ဆွေယောကျာ်း”ဤသို့ ယောကျာ်းအမျိုးမျိုးနှင့်ဆက်ဆံ၍ သာမန် ဖြစ်နေသောကြောင့် “ မည်သူ၏ ယောကျာ်း ” ဟု ထင်ရှားအောင် အထူး ပြုထိုက်သော ဝိသေသျတည်း၊ ရာဇသဒ္ဒါကား“ပုဏ္ဏား၏ယောကျာ်း”စသူ တို့နှင့် ကွဲပြားအောင်အထူးပြုတတ်သောကြောင့် ဝိသေသနတည်း၊“အခြား သူ၏+အချင်းယောကျာ်း မဟုတ်, မင်း၏+အချင်းယောကျာ်း”ဟူလို။

**သမ္ဗန္ဓိဒွယ ဇောတိတံ။** ။“ရာဇာ ဒဒါတိ, ပုရိသော ဂဏှာတိ” ပုံစံကို ကြည့်ပါ၊ မင်း၏ပေးခြင်း ယောကျာ်း၏ယူခြင်းကို မြင်ရသူ—ကြားရသူတို့က မင်းနှင့် ယောကျာ်း၏ ဆက်သွယ်မှုသမ္ဗန်ကို သိရသောကြောင့် မင်းနှင့် ယောကျာ်းဟူသော သမ္ဗန္ဓီဒြပ် ၂ ပါးက ထို ဆက်သွယ်မှုသမ္ဗန်ကို သိစေ၏၊ “သိအောင်ထွန်းပြအပ် ထင်ရှားပြအပ်ပြီးဖြစ်သည်” ဟူလို။

**သမ္ဗန္ဓံ ဇောတိတုံ ဆဋ္ဌီ ။** ။ ထိုသို့ သမ္ဗန္ဓီဒြပ် ၂ ပါးက ထွန်းပြအပ်ပြီး ဖြစ်သောသမ္ဗန်ကို ဆဋ္ဌီဝိဘတ်က ထပ်၍ထွန်းပြခြင်းငှါ ဝိသေသနသမ္ဗန္ဓီဒြပ်ကို ဟောသော လိန်နောင်သက်ရသည်။

www.dhammaransi.com



**၄၀။ ဓာတွတ္ထော ဝ ကြိယာနာမ, ကာစိဟာ ကာစ စေဋ္ဌကာ၊
ကာစ ကာယိကဗျာပါရော,သော ကြိယာတိ ပတီယတေ။**

၄၀။ ဓာတွတ္ထော ဝ - ဓာတ်၏အနက်သည်ပင်၊ ကြိယာနာမ - ကြိယာမည်၏၊ (သာ- ထို ကြိယာဟူသည်၊) ကာစ - အဘယ်နည်း၊ ဤဟာ-ဤဟာတည်း၊ (သာ-ထို ဤဟာဟူသည်၊) ကာစ- အဘယ်နည်း၊ စေဋ္ဌကာ - စေ့ဆော်ခြင်းတည်း၊ သာ- ထို စေဋ္ဌကာဟူသည်၊ ကာစ အဘယ်နည်း၊ ကာယိကဗျာပါရော-ကိုယ်၌ဖြစ်သော ဗျာပါရ တည်း၊ သော - ထို ကာယိကဗျာပါရကို၊ ကြိယာတိ - ကြိယာဟူ၍၊ ပတီယတေ-သိအပ်၏။[ ရှေးစာအုပ်များ၌"ကာစ ဇောဋ္ဌကာ"ဟုရှင်း

**သဒ္ဒသတ္တိ သဘာဝတော**။ ။အဘယ်ကြောင့် ဝိဿသနသမ္ဗန္ဓဖြစ်ဟော လိန်နောင်သက်ရသနည်း၊ ပုရိသောစသော ဝိသေသျသမ္ဗန္ဓဟော လိန်နောင် အဘယ့်ကြောင့် မသက်သနည်း– ဟု မေးဘွယ်ရှိသောကြောင့် " သဒ္ဒသတ္တိ သဘာဝတော " ဟု မိန့်သည်၊ ဆဋ္ဌီဝိဘတ်ဟူသော သဒ္ဒါမှာ ဝိသေသန လိန်နောင်သက်မှ သမ္ဗန်အနက်ကို ထွန်းပြနိုင်သော "သတ္တိသဘော-ထုံးစံ" ရှိ၍ ပုရိသနောင်သက်လျှင် ထိုသို့ သတ္တိမရှိသောကြောင့် ဝိသေသနသမ္ဗန္ဓ လိန်နောင်သက်ရသည်–ဟူလို။

**ဆက်ဉုးအံ့** — " ရညော+ပုရိသော " ဟု ရာဇနောင် ဆဋ္ဌီသက်လျှင် " မင်း၏ + ယောကျ်ား " ဟု မင်းနှင့်ယောကျ်ား၏ ဆက်သွယ်မှုသမ္ဗန်ကို ထွန်းပြနိုင်ပုံကိုရှင်း " ရာဇ ပုရိသဿ" ဟု ပုရိသနောင်သက်လျှင် "မင်း+ ယောကျ်ား၏"ဟု အနက်ထွက်၍ မင်းနှင့်ယောကျ်ား၏ ဆက်သွယ်မှုသမ္ဗန်ကို မထွန်းပြနိုင်ပုံကိုရှင်း ကြည့်ပါ၊ မြန်မာစကား၌ သမ္ဗန်အနက်ကိုထွန်းပြလိုလျှင် ရှေ့ဝိသေသနလိန်နောင်"၏"ဟူသောစကားကိုသုံးစွဲရ၏၊ထို (၏) ဟူသော စကားသည် ဆဋ္ဌီဝိဘတ်ပင်တည်း။ [ သဒ္ဒဿ-ဆဋ္ဌီဝိဘတ်ဟူသောသဒ္ဒါ၏+ သတ္တိ – ဟောစွမ်းနိုင်သော သတ္တိတည်း၊ သဒ္ဒသတ္တိယာ+ သဘာဝေါ သဒ္ဒ သတ္တိ သဘာဝေါ၊ ဤ၌ သဘာဝ ဟူသည် အစမထင်သော သဒ္ဒါအစဉ်ဝယ် ထင်ရှားခဲ့သော ထုံးစံတည်း၊ ထို့ကြောင့် " တဿ သဘာဝေါ သရူပေါ အနာဒိသိဒ္ဓေါ "ဟု ဋီကာဖွင့်သည်။]

---

**၄၀။ ဓာတွတ္ထောဝါတျာဒိ**။ ။သကတ်ရှစ်ပါးတွင် သမ္ဗန္ဓသကတ်ကို ပြပြီး၍ ကြိယာသကတ်ကို ပြလိုသောကြောင့် "ဓာတွတ္ထော ဝ ကြိယာနာမ" ဟုမိန့်၊ " ကြိယာ – ဟူသည် ဓာတ်နက်ပင်ဖြစ်သည် " ဟူလို၊ ရှဲ့ဉုးအံ့၊—

www.dhammaransi.com



"ကာစ ကာရကဗျာပါရော" ဟုဒင်း ရှိ၏၊ ထိုအတိုင်းဆိုလျှင် "ဇေဌ္ဌကာ-အကြီးအကဲတည်း၊ ကာရကဗျာပါရော – ကာရတို့၏ ဗျာပါရတည်း"ဟု ပေးပါ။]

"ဂမု–ဂတိမှိ၊ ပစ–ပါကေ"စသည်ဖြင့် ဓာတ်ကျမ်းတို့၌ "ဂတိမှိ–ပါကေ" စသောဓာတ်နက်များကိုပြထား၏၊ ထို"ဂတိမှိ-ပါကေ"တို့အရ"သွားခြင်း, ချက်ခြင်း"စသော ဓာတ်နက်ကိုပင် "ကြိယာ"ဟု ခေါ်ရသည်၊ ထို့ကြောင့် "သွားခြင်းကြိယာ, ချက်ခြင်း ( ကျက်ခြင်း ) ကြိယာ "ကိုဒင်း, ဘူဓာတ်၏ ထင်ရှားခြင်းကြိယာ – လဘဓာတ်၏ ရခြင်းကြိယာကိုဒင်း , ဤသို့စသော ကြိယာများကို "ဓာတ်နက်"ဟု သိပါ။

**ကာစီဟာ**။ ။[ ကာစ + ဤဟာ။ ] ယခုအခါ စာသင်သားတို့သည် သွားခြင်း ကျက်ခြင်း စသော ဓာတ်အနက်ကို " ကြိယာ " ခေါ်ကြောင်း နားလည်ကြပြီးဖြစ်၏၊ ရှေးအခါ၌မူ ဓာတ်နက်ကို ကြိယာဟု နားမလည်ကြ၊ ထို့ကြောင့် နားမလည်သူတို့အတွက် " ကာစ "ဟု ပုစ္ဆာထုတ်၍ "ဤဟာ" ဟု အဖြေပြသည်။

**ကာစ စေဋ္ဌကာ**။ ။ထို ဤဟာသည် စေဋ္ဌာအနက်,ဥယျာမ (အားထုတ်ခြင်း)အနက်, ဝါဉ္ဆာ (အလို) အနက်အားဖြင့် အနက် ၃ မျိုးကိုဟောသော ကြောင့်" ဤဟာ "ဟူသည် အဘယ်နည်း ဟု ပုစ္ဆာထုတ်၍ "စေဋ္ဌကာ"ဟု ဖြေသည်၊ စေ့ဆော်ခြင်းကို"ဤဟာ"ခေါ်သည်–ဟူလို၊ မှန်၏–"သွားခြင်း ကြိယာ " ဟူသည် သွားလိုသော စိတ်စေတနာ၏ လှုံ့ဆော်မှုကြောင့်ဖြစ်၏၊ ထိုအကြောင်းလှုံ့ဆော်မှု၏ " ဤဟာ– စေဋ္ဌကာ " အမည်ကို အကျိုးသွားခြင်း၌တင်းစား၍ အကျိုးသွားခြင်းကိုလည်း "ဤဟာ, စေဋ္ဌကာ= လှုံ့ဆော် ခြင်း=စေ့ဆော်ခြင်း"ဟု ဆိုထားသည်။

**မှတ်ချက်** ။ ။ ယခုစာအုပ်များ၌ " ဇေဋ္ဌကာ " ဟု ရှိ၍ ဋီကာ၌လည်း "ဇေဋ္ဌကာ-ပစာဟိ ပစာဟိတိ ဇူဃရဝစနေန ကထနံ-ချက်လော ချက်လော ဟု အစိုးရသူ ပိုင်နိုင်သူ အကြီးအကဲဖြစ်သူတို့၏ စကားဖြင့် ပြောဆိုခြင်းကို ဇေဋ္ဌကာခေါ်သည်" ဟု ဖွင့်မှားလေသည်၊ " ကျက်ခြင်း " ဟူသော ပစန ကြိယာသည် ထိုပြောခြင်းနှင့် လုံးဝမသက်ဆိုင်ရကား "ပါဠ်ပျက်ကို တွေ့၍ သင့်တော်အောင် ဖွင့်ရခြင်း"ဟု မှတ်ပါ။ [ ထောမနိဓိ၌ " ဤဟ - စေဋ္ဌနေ " ဟု ဖွင့်၍,"စေဋ္ဌ–ဤဟာယံ"ဟု အပြန်အလှန်ဖွင့်ခြင်းကြောင့် " ကာစီဟာ, ကာစ စေဋ္ဌကာ"ဟု ပါဠ်မှန်ရှိပါစေ၊ ဤဟာသဒ္ဒါ၏ အနက် ၃ မျိုးကိုလည်း ထောမနိဓိ၌ပင် ပြထားသည်၊ စေဋ္ဌဓာတ် ဟူသည်လည်း ပါဠိ၌ " စေတ – ဤဟာယံ"ဟူသော ဓာတ်ပင်တည်း။]

www.dhammaransi.com



## ၄၁။ သာ ဒဗ္ဗံဝ အယံဝါတိ, သရူပေနာပျ·ဒဿနာ၊ ပါဒုက္ခေပမုဒ္ဓုတ္တာဒိ-မနုမာနေန မဉ္စတေ။

၄၁။ သာ-ထိုကြိယာကို၊ ဒဗ္ဗံဝ-ဒြပ်ကိုကဲ့သို့၊ အယံဝါတိ-ဤအရာပင်တည်းဟူ၍၊ သရူပေန – သရုပ်သဏ္ဌာန်အားဖြင့်၊ အဒဿနာ–မမြင်အပ် မမြင်နိုင်သည်၊(သမာနာ)ပိ-ဖြစ်ပါသော်လည်း၊ ပါဒုက္ခေပမုဒ္ဓုတ္တာဒိ – ခြေကိုမြှောက်ခြင်း, ထမင်း၏ နူးညံ့သည်၏အဖြစ် အစရှိသည်ကို၊ အနုမာနေန-မှန်းဆသောအားဖြင့်၊ မဉ္စတေ-သိအပ်၏။

**ကာယိက ဗျာပါရော။** ။ "သွားခြင်း" ဟူသည် ကိုယ်၌ဖြစ်သော ဗျာပါရတည်း၊ ထမင်း၏ ကျက်ခြင်းကြိယာ၌လည်း"ကျက်အောင် ချက်မှု" ဟူသော ကာယိကဗျာပါရ ဖြစ်ရ၏၊ စကားပြောရာ၌ နှုတ်၏ ဗျာပါရလည်း ကာယိကဗျာပါရပင်တည်း၊ဘာ့ကြောင့်နည်း-နှုတ်ဟူသည် ကိုယ်တွင် ပါဝင်သောကြောင့်တည်း။ [ရှေးက"ကာရကဗျာပါရော"ဟု ပါဌ်ပျက်ကို တွေ့ရ၍ "ကာရကာနံ ဗျာပါရော" ဟု ဖွင့်ကြသည်၊ ထောမနိဓိ၌ "ဤဟာ, စေဋ္ဌာ, ကာယိကဗျာပါရ" တို့ကို အနက်တူ ဖွင့်ရကား ယခုပြခဲ့သည့် အတိုင်းသာ ပါဌ်မှန် ဟု မှတ်ပါ။]

**မှတ်ချက်** ။ ။ "ဝါကျအရာ၌ သဗ္ဗနာမ်ပုဒ်တို့သည် နောက်ပုဒ်လိန်သို့ လိုက်ရမည်"ဟူသော ဥပဒေကို ကိုးကား၍ "ကောစ ကာယိကဗျာပါရော, သာ ကြိယာတိ ပတီယတေ"ဟု ပြင်လိုကြ၏၊ ဝါကျတခုအတွင်း၌ နောက်ပုဒ်နှင့် တွဲ၍ အနက်ပေးရမည့် သဗ္ဗနာမ်ဖြစ်လျှင်သာ နောက်ပုဒ်လိန်သို့ လိုက်ရသည်၊ ဤ၌ကား ရှေ့ဝါကျက စေဋ္ဌကာ ကာယိကဗျာပါရောတို့ကို ငဲ့သောကြောင့် မူလစာ၌ရှိအတိုင်းသာ ပါဌ်မှန် ဟု မှတ်ပါ။ [ရူပသိဒ္ဓိဘာသာဋီကာ၌ ကမ္မဓာရဲသမာသ်ခဏ်း,တသဒ္ဒါ၏ လိန်လိုက်ပုံကိုလည်း ကြည့်ပါ။]

---

၄၁။ **သာ ဒဗ္ဗံဝေတျာဒိ။** ။ "ထိုကြိယာကို မျက်စိဖြင့် မမြင်နိုင်ရကား အဘယ်နည်းဖြင့် သိအပ်ပါသနည်း" ဟု မေးဘွယ်ရှိသောကြောင့် "သာ ဒဗ္ဗံဝ"စသည်မိန့်၊ ယောက်ျားဒြပ်ကို မျက်စိဖြင့် မြင်နိုင်သကဲ့သို့, ယောက်ျား၏ သွားခြင်းကြိယာစသည်ကို မျက်စိဖြင့် မမြင်နိုင်သော်လည်း မှန်းဆတတ်သော ဉာဏ် (စိတ်) ဖြင့် သိနိုင်ပါသည်–ဟူလို။

**သာ၊ ဧ၊ အဒဿနာ။** ။ယောက်ျား-ထမင်းစသောဒြပ်ကို"ယောက်ျားဆိုတာ ဟောဒီပုဂ္ဂိုလ်ဘဲ"စသည်ဖြင့် သရုပ်သဏ္ဌာန် (အကောင်-အထည်) အားဖြင့် မြင်နိုင်၏၊ ကြိယာကိုကား ထိုသို့ အကောင်အထည် မမြင်နိုင်၊

www.dhammaransi.com



၄၂။ မန္တဗ္ဗာ·ပျ·နုမာနေန, သုတာ သာဓနသတ္တိယာ၊
လောကသမ္မုတိယာ သိဒ္ဓါ, ဒဗ္ဗံ နိဿာယ မန္ဒတော။

၄၂။ (သာ-ထို ကြိယာကို၊) အနုမာနေန - မှန်းဆတတ်သော ဉာဏ်ဖြင့်၊ မန္တဗ္ဗာ-သိအပ်သည်၊(သမာနာ)အပိ-ဖြစ်ပါသော်လည်း၊ သာဓနသတ္တိယာ – ကာရကတို့၏ သတ္တိနှင့်တကွ၊ သုတာ – ထင်ရှား

[သရူပေနာပိမှ အပိကို အဒဿနာနှင့်တွဲ၍ " အဒဿနာ သမာနာပိ " ဟု အနက်မှတ်ပါ၊ အပိအတွက် လက္ခဏာအရုစ်အနက်ကို ပြသည်၊ ထို အဒဿနာ လည်း သာနှင့် အရတူ, ဇုတ္တိလိန်တည်း၊ "န+ဒဿီယတေတိ အဒဿနာ" ဟုပြု၊ ဋီကာဒီပနီတို့၌ " အဒဿနတော–အဒဿနတ္တာ"ဟု ဖွင့်ကြသည်ကို စဉ်းစားပါ။ ] ထို့ပြင် " သာ ဒဗ္ဗံဝ ဇူမာ " ဟု အချို့စာရှိ၏၊ ဇူမာသည် ဗဟုဝုစ်သာဖြစ်သောကြောင့် ဇူမာနေရာဝယ် " အယံ " ဟု ရှိပါစေ၊ ဒီပနီ၌လည်း"အယံ"ဟုပင် ရှိသည်။

**ပါဒုက္ခေပ မုဒုတ္တာဒိ°။** ။ သွားခြင်းကြိယာအတွက် " ပါဒုက္ခေပ " ကျက်ခြင်းကြိယာအတွက် "မုဒုတ္တ"ဟု ဆိုသည်၊ ယောကျ်ားသည် "ခြေကို အထက်မြှောက်လိုက် (ရှေ့တိုးပြီး) အောက်ချလိုက်" ပြုနေ၏၊ ထို ခြေမြှောက်ခြင်း ချခြင်းသည် သွားခြင်း မဟုတ်သေး၊ ထို မြှောက်ခြင်း ချခြင်းကို မျက်စိဖြင့် ကြည့်၍, သွားခြင်းကြိယာကို စိတ်ဖြင့်သိရသည်၊ အနု–(မြင်ရ ကြားရသော အရာဝတ္ထုကို) အစဉ်လိုက်၍+မာန – သိသောဉာဏ်ကို (စိတ်ကို) "အနု မာနသိ"ဟု ခေါ်သည်၊ ယခုကာလ၌ "မှန်းဆ၍သိခြင်း"ဟု ပြောကြသည်။

ထို့ပြင်— ထမင်းကျက် မကျက်ကိုသိဘို့ရာ ချက်အပ်ပြီးသော ထမင်းကို လက်ဖြင့် စမ်း၍ကြည့်၏၊ စမ်း၍ကြည့်အပ်သော ထိုထမင်းသည် ကျက်ခြင်း ကြိယာ မဟုတ်သေး၊ စမ်းကြည့်အပ်သော ထိုထမင်း၏ နူးနူးနပ်နပ်ရှိပုံကို အစဉ်လိုက်၍ ကျက်ခြင်းကြိယာကို သိရသည်။ [အနု–(နူးနူးနပ်နပ်ရှိပုံကို) အစဉ်လိုက်၍+မာန–ကျက်ခြင်းကြိယာကို သိသောဉာဏ် (စိတ်)၊ ပါဒဿ- ခြေကို + ဥက္ခေပနံ – မြှောက်ခြင်း၊ မုဒုနော – နူးနပ်သောထမင်း၏+ ဘာဝေါ-ဖြစ်ကြောင်းဖြစ်ရာနူးနပ်ခြင်း (နူးညံ့ခြင်း) တည်း၊ မုဒုတ္တံ–ခြင်း။]

---

**၄၂။ မန္တဗ္ဗာတျာဒိ ။** ။ ရှေ့ဂါထာ၌ "ကြိယာကို အနုမာနဉာဏ်ဖြင့် မှန်းဆ၍သိအပ်၏"ဟု ဆိုသောကြောင့် "ကြိယာ-မည်သော ထိုအနက်သည် မထင်မရှား ဖြစ်နေပါသလား, အဘယ်ကိုမှီ၍ သိရပါသနည်း"ဟု မေးဘွယ် ရှိ၏၊ ထို့ကြောင့်" မန္တဗ္ဗာပိ " စသည်မိန့်၊ " ကြိယာကို အနုမာနဉာဏ်ဖြင့်

www.dhammaransi.com



သည်၊ လောကသမ္မုတိယာ – လူအပေါင်း၏ သမုတ်ခြင်းအားဖြင့်၊ သိဒ္ဓါ-ပြီးစီးထင်ရှားသည်၊ (ဟုတွာ-ဖြစ်၍၊)ဒဗ္ဗံ-ယောက်ျားစသော ဒြဗ်, ထမင်းစသောဒြဗ်ကို၊ နိဿာယ-မှီ၍၊ မနုတေ-၏၊

မှန်းဆ၍ သိအပ်သည် ”ဟု ဆိုသော်လည်း “မထင်မရှား သိရခြင်း မဟုတ်, ယောက်ျား-ထမင်းစသော ဒြဗ်ကိုမှီ၍ ထင်ထင်ရှားရှားပင် သိအပ် သိနိုင်ပါ သည် ”ဟူလို။

**သုတာ သာဓနသတ္တိယာ**။ ။ [ကာရကကိုပင် သာဓန ဟု ဆိုသည်။] “ပုရိသော မဂ္ဂံ ဂစ္ဆတိ”ဟူသောဝါကျ၌ ယောက်ျားတည်းဟူသော ကတ္တု၊ ကာရက၏ သွားစွမ်းနိုင်သောသတ္တိနှင့်တကွ သွားခြင်းကြိယာသည်ထင်ရှား ၏၊ ထိုသွားစွမ်းနိုင်သော ကာရကသတ္တိမရှိလျှင် သွားခြင်းကြိယာသည်လည်း မထင်ရှားနိုင်၊ “ ဩဒနံ ပစတိ ” ဟူသော ဝါကျ၌ ထမင်း တည်းဟူသော ကမ္မကာရက၏ ကြိယာပါပုဏနသတ္တိနှင့် တကွ ကျက်ခြင်း ကြိယာသည် ထင်ရှား၏၊ မီး၏နည်းပါးခြင်းစသည်တို့ကြောင့် ထမင်း၌ကျက်စွမ်းနိုင်သော သတ္တိမရှိလျှင် ထိုကျက်ခြင်းကြိယာသည် မထင်ရှား၊“ဒတ္တေန ဝီဟိံ လုနာတိ” ဟူသောဝါကျ၌ တစင်၏ ကြိယာသာဓကတမသတ္တိနှင့်တကွ ရိတ်ခြင်းကြိယာ ထင်ရှားပုံစသည်ကို ချွတ်ကြည့်ပါ။

**လောကသမ္မုတိယာ သိဒ္ဓါ**။ ။ ခြေကိုမြှောက်၍ ရှေ့တိုးပြီးလျှင် အောက်သို့ ချခြင်းကို လူတို့က “သွားခြင်း”ဟု သမုတ်ထား၏၊ ထမင်း၏ နူးနပ်ခြင်းကို လူတို့က“ကျက်ခြင်း”ဟု သမုတ်ထား၏၊ ပစ္စည်းတစုံတခု၏ မိမိပိုင်အဖြစ်ဖြင့် ရောက်လာခြင်းကို“ရခြင်း”ဟု သမုတ်ထား၏၊ ဤသို့“ကြိယာ”ဟူသမျှသည် လူအများ၏ သမုတ်ခြင်းအားဖြင့် ပြီးစီးထင်ရှားလျက်ရှိသည်။

**မှတ်ချက်**။ ။“သုတာ”အရ“ထင်ရှားခြင်း”ဟူသည် သဘောအားဖြင့် ထင်ရှားခြင်းတည်း၊ “သိဒ္ဓါ”အရ ပြီးစီးထင်ရှားခြင်းကား နာမည်အားဖြင့် ထင်ရှားခြင်းတည်း၊ ဤသို့ ထင်ရှားပုံ ၂ မျိုးကို ခွဲခြား၍ သုတာနှင့် သိဒ္ဓါ အတွက် အဓိပ္ပါယ်မှတ်ပါ။

**ဒဗ္ဗံ နိဿာယ**။ ။“ယောက်ျားသည်သွား၏”ဟူရာ၌ သွားခြင်းကြိယာ သည် ယောက်ျားဒြဗ်ကို မှီ၏၊ “ ထမင်းသည်ကျက်၏ ” ဟူရာ၌ ကျက်ခြင်း ကြိယာသည် ထမင်းဒြဗ်ကို မှီ၏၊ “ ဖဿသည် ဖြစ်၏ ” ဟူရာ၌ ဖြစ်ခြင်း ကြိယာသည် ဖဿဟူသောတရားဒြဗ်ကို မှီ၏၊ ဤသို့စသည်ဖြင့် ဒြဗ်တခုခုကို မှီ၍ (ဒြဗ်နှင့်ကပ်၍) ကြိယာကို အထင်အရှားသိအပ်သည်။

www.dhammaransi.com



၄၃။ အဒဗ္ဗာ ကတ္တုကမ္မဋ္ဌာ, ကာရကင်္ဂါမသာဓိယာ၊
ကြိယာနာမာတိ ဝိညေယျာ, တညုနာတျပရေ ဝိဒူ။

၄၃။ အဒဗ္ဗာ-ဒြဗ်မှ တမျိုးတခြားသော၊ ဝါ-ဒြဗ်မဟုတ်သော၊ ကတ္တုကမ္မဋ္ဌာ - ပုရိသော စသော ကတ္တား, ဩဒနံစသော ကံတို့၌ တည်သော၊ ကာရကင်္ဂါမသာဓိယာ-ကာရကအပေါင်းသည် ပြီးစေအပ်သော ပုဒ်အနက်ကို၊ ကြိယာနာမာတိ - ကြိယာမည်၏ ဟူ၍၊ တညုနာ-ထို ကြိယာမြင်သိ, ပညာရှိသည်၊ ဝိညေယျာ - သိအပ်၏၊ ဣတိ-ဤသို့၊ အပရေ-တပါးကုန်သော၊ ဝိဒူ-ပညာရှိတို့သည်၊ ဝဒန္တိ-ဆိုကြကုန်၏။ [ သမ္ဗန္ဓစိန္တာကျမ်းကိုစီရင်သော ဆရာကိုပင် "အပရေ ဝိဒူ" ဟု ဆိုသည်။ ]

**၄၃။ အဒဗ္ဗာတျာဒိ။** ။အပရေဆရာတို့၏ ဝါဒကို ပြလို၍ "အဒဗ္ဗာ" စသည်မိန့်၊ "ကြိယာ" ဟူသည် ဒြဗ်မှတမျိုးတခြား ဖြစ်၏၊ ကတ္တား၌ ဖြစ်စေ, ကံ၌ဖြစ်စေ တည်၏၊ ကာရကအပေါင်းသည် ပြီးစေအပ် ဖြစ်စေအပ်၏" ဟု အပရေဆရာတို့ ဆိုကြသည်။

**အဒဗ္ဗာ။** ။ကြိယာသည် ဒြဗ်ကို မှီရကား "ဒြဗ်ကိုပင် ကြိယာခေါ်လေသလား" ဟု ယုံမှားဘွယ်ရှိသောကြောင့် "အဒဗ္ဗာ" ဟု မိန့်သည်၊ "ပုရိသော ဂစ္ဆတိ" ၌ "သွားခြင်းကြိယာသည် ယောကျ်ားဒြဗ် မဟုတ်, ယောကျ်ားဒြဗ်မှ တမျိုးတခြားဖြစ်သည်" ဟူလို။

**ကတ္တုကမ္မဋ္ဌာ။** ။ "ပုရိသော ဂစ္ဆတိ" ၌ သွားခြင်းကြိယာသည် ယောကျ်ားတည်းဟူသောကတ္တားပေါ်၌ တည်ရ၏၊ "ဩဒနံ ပစတိ-ထမင်းကို ကျက်အောင်ချက်၏" ဟူရာ၌ ကျက်ခြင်းကြိယာသည် ထမင်းတည်းဟူသော ကံပေါ်၌ တည်ရ၏၊ [ ဆန်ဆေးခြင်း, ထမင်းအိုးတည်ခြင်း, မီးထိုးခြင်း, ထမင်းရည်ငှဲ့ခြင်း,စသော ချက်ခြင်းကြိယာကား စဖိုသည်ဟူသောကတ္တား၌ တည်သည်။ ]

**ကာရကင်္ဂါမသာဓိယာ။** ။ "ကရောတိ (ကြိယံအဘိနိပ္ဖါဒေတိ) တိ ကာရကံ" နှင့် အညီ-ကာရကဟူသမျှသည် ကြိယာကို ပြီးစေ ဖြစ်စေနိုင်ရကား "ကာရကအပေါင်းက ပြီးစေအပ်သော အနက်ကို ကြိယာခေါ်သည်" ဟု ဆိုသည်၊ "ပုရိသော ဂစ္ဆတိ, ဩဒနံ ပစတိ" စသည်၌ ကတ္တုကာရက, ကမ္မကာရကတို့က ဆိုင်ရာကြိယာ ပြီးစေပုံ, "ဒဏ္ဍေန ဝိဟိံ လုနာတိ" ၌ တစင်ဟူသော ကရဏကာရကက ရိတ်ခြင်းကြိယာ ပြီးစေပုံ စသည်ဖြင့် ကာရက ၆ ပါးလုံးက ဆိုင်ရာကြိယာပြီးစေပုံကို သိပါ။

www.dhammaransi.com



**မုချ ဥပစာအားဖြင့် ပြီးစေပုံ။** ။ကာရကတို့၏ကြိယာကို ပြီးစေရာ၌ ကတ္တုကာရကသည် မိမိကိုယ်တိုင် ပဓာနအဖြစ်ဖြင့် ပြီးစေ၏၊ ထို့ကြောင့် ကတ္တုကာရကသည် မုချအားဖြင့် ကြိယာကို ပြီးစေနိုင်၏၊ ကံအစရှိသော ကာရကတို့ကား ကတ္တုကာရက၏ ကြိယာကို ပြီးစေရာ၌ အကြောင်းအထောက် အပံ့မျှသာ ဖြစ်ကြ၏၊ ထို့ကြောင့် " ကံအစရှိသော ကာရကတို့သည် ဖလူပစာရအားဖြင့် ကြိယာကို ပြီးစေနိုင်ကြသည်"ဟု မှတ်။

**ကာရကပေါင်းမိမှ ပြီးစေသည်မဟုတ်။** ။"ကာရကဂ္ဂါမသာမိယာ" ဟု ဆိုသောကြောင့်"ကာရက ၂ ခု ၃ ခု စသည် ပေါင်းမိမှ ကြိယာကို ပြီးစေ ဖြစ်စေသည် " ဟု ယူမှားဘွယ် ရှိ၏၊ အမှန်မှာ ကာရကအများ ပေါင်းမိမှ ကြိယာကို ဖြစ်စေသည် မဟုတ်,"ဖသော ဟောတိ"စသည်၌ ဖဿဟူသော ကတ္တုကာရကတခုတည်းသည်ပင် ဖြစ်ခြင်းကြိယာကို ပြီးစေနိုင်သည်၊"ကာရကဂ္ဂါမ " ဟု အပေါင်းနာမည်ကို တပ်ထားခြင်းကား အပေါင်းကာရက၏ "ကာရကဂ္ဂါမ"အမည်ကို အစိတ်၌တင်စားသော ကေဒေသူပစာတည်း။

**ဋီကာ။** ။ဋီကာ၌ကား"ဒေဝဒတ္တော ယဇ္ဇတ္ထံ အဂ္ဂိံကဋ္ဌေဟိ ထာလိယံ ဩဒနံ ပစတိ– ဒေဝဒတ်သည် ယဇ်ပူဇော်ခြင်းငှါ မီးကို ထင်းတို့ဖြင့် ထမင်းအိုး၌ ထမင်းကိုချက်၏"ဟု ကာရက ၆ ပါးလုံးပါသော ဝါကျပုံစံကို လုပ်ပြ၏၊ ထိုပုံစံ၌ အဂ္ဂိံကဋ္ဌေဟိတို့၏ စပ်ဘွိုရာ ကြိယာမပါရှိသာ မက, ထိုကဲ့သို့ "ကာရကအပေါင်းက ကြိယာကိုပြီးစေသည်" ဟူသော အဓိပ္ပါယ်ကိုလည်း ကျမ်းဆရာကိုယ်တိုင်က ပြလိုခြင်း မဟုတ်နိုင်ကြောင်း ထင်ရှားသည်၊ မှန်၏– ထို (၁၇) ဂါထာ၌"ကြိယာတခုတည်းဝယ် ကာရက ၆ ပါးပေါင်း၍မရှိနိုင်" ဆိုထားပြီးဖြစ်သည်။

မှန်၏၊–ရှေ့(၁၇) ဂါထာ၌လည်း"ကေကြိယာယ ဆန္နံတု,နတ္ထိ ကာရကတာ သဒါ–ကြိယာတခုတည်း၌ ကာရက ၆ ပါးလုံး မရှိနိုင် " ဟု ဆိုခဲ့သောကြောင့်လည်း ဋီကာ လုပ်ပြအပ်သော ထိုပါဌ်သည် ဘေဒစိန္တာဆရာ၏ အလိုကျ မဟုတ်နိုင်ပါ။

**အမှာ။** ။ သကတ် ၇ ပါးတွင် ကြိယာသကတ်၏ နောက်၌ ကြိယာကာရကသမ္ဗန္ဓသကတ်ရှိ၏၊ ထိုကြိယာကာရကသမ္ဗန္ဓသကတ်ကို ရှေ့( ၁၆ ) နံပါတ်ဂါထာ၌ ပြခဲ့ပြီးဖြစ်သောကြောင့် ထပ်၍ပြဘွယ် မလို၊ သကတ် ၈ ပါး ပြရာ၌ကား "သာဒိသျ (သဒိသဘော)စသော သကတ်"ဟု ရှိသေး၏၊ ထို သာဒိသျ စသော သကတ်လည်း သမ္ဗန္ဓသကတ်တွင် ပါဝင်ပြီဖြစ်၍ အထူး ပြဘွယ် မလို၊ သမ္ဗန္ဓသကတ်၌ ပါဝင်နိုင်ကြောင်းကိုလည်း ( ၂၉ )ဂါထာ အဖွင့်၌ ပြခဲ့ပြီ။

www.dhammaransi.com



၄၄။ ယံယံ ဝိသေသျတေ ဘာံဘာံ, ဒဗ္ဗံ တံ သဝိသေသနံ၊
ဝိသေသျံ နိဿယော ဝါ·ဏ္ဏော,ဝိသေသျော သဝိသေသနော။

၄၄။ ယံယံ-အကြင်အကြင်ပဓာနဝတ္ထုကို၊ ဝိသေသျတေ-အထူးပြုအပ်၏၊ တံတံ- ထိုထို ပဓာနဝတ္ထုသည်၊ ဒဗ္ဗံ- ဒြဗ်မည်၏၊ တံ- ထိုဒြဗ်ဟူသည်၊ သဝိသေသနံ-ဝိသေသနနှင့်တကွ ဖြစ်သော၊ ဝိသေသျံ-ဝိသေသျတည်း၊ ဝါ-တနည်း၊ နိဿယော - ဓာတ်စသည်တို့၏ မှီရာဖြစ်သော၊ သဝိသေသနော - ဝိသေသနနှင့် တကွဖြစ်သော၊ ဝိသေသျော-ဝိသေသျဖြစ်သော၊ အဏ္ဏော-အနက်သည်၊ ဒဗ္ဗံ-ဒြဗ်မည်၏။

၄၄။ **ယံယံတျာဒိ** ။ ။ "သကတ္တဒဗ္ဗလိင်္ဂါနိ" ဟု အတ္တ ၅ ပါးကို ခေါင်းစဉ်ခဲ့သည်အားလျော်စွာ သကတ်အပြားကိုပြပြီး၍ ဒြဗ်အပြားကို ပြလိုသောကြောင့် "ယံယံ" စသော ဂါထာကိုမိန့်၊ ဤဂါထာဖြင့် ဒြဗ်၏ သရုပ်သကောင်ကိုပြသည်၊ ထိုသို့ပြရာဝယ် ပဌမနည်းဖြင့်"ဝိသေသျအနက်ဟူသမျှကို ဒြဗ်ခေါ်သည်" ဟု ပြ၏၊ ဒုတိယနည်းဖြင့် "ဓာတ်စသည်တို့၏ မှီရာဝိသေသျကိုသာ ဒြဗ်ခေါ်သည်"ဟု ပြသည်။

**ယံယံ၊ပေ၊ဝိသေသျံ** ။ ။ "သကတ္တော သဝိသေသနံ" ဟု (၂၇) ဂါထာ၌ သကတ်ကို ဝိသေသနဟု ဆိုခဲ့ပြီ၊ ထို သကတ်ဟူသော ဝိသေသနအနက်က အထူးပြုအပ်သော ဝိသေသျအနက်ကို "ဒြဗ်" ဟု ခေါ်သည်၊ ထိုဒြဗ်သည် ဘယ်အခါမှ ဝိသေသနသကာတ်နှင့် ခွဲ၍မဖြစ်၊ ဝိသေသနသကတ်လည်း ဝိသေသျဒြဗ်နှင့်ခွဲ၍ မဖြစ်နိုင်၊ ထို့ကြောင့်"သဝိသေသနံ ဝိသေသျံ"ဟုငြင်း,"ဝိသေသျော သဝိသေသနော"ဟုငြင်း ဆိုသည်။ [သ ဝိသေသနံတိဝါ သဝိသေသနောတိဝါ ဣမေဟိ ပန သကတ္တဒဗ္ဗာနံ အညမညံ အဝိယောဂိဘာဝံ (ကွဲကွာခြင်း မရှိကုန်သည်၏အဖြစ်ကို) ဒဿေတိ၊–ဒီပနီ။]

**နိဿယော ဝါဏ္ဏော**။ ။ဤနည်း၌"နိဿယော"ဟူသောစကားသာ ပို၏၊ "နိဿယော"ဟု ဆိုသောကြောင့် "ဂေါ- နွား၊ ဓဝလော- ဖြူသောနွား၊ ဂစ္ဆာ–သွားသောနွား၊ ဝိသာဏီ– ဦးချိုရှိသောနွား၊ ဇိတ္တော–ဇိတ္တမည်သောနွား"ဟု ပုံစံထုတ်ပါ၊ ထိုတွင် ဂေါဖြင့် နွားဇာတ်၏မှီရာ နွားဒြဗ်ကိုပြ၏၊ ဓဝလောဖြင့် အဖြူဂုဏ်၏မှီရာ နွားဒြဗ်ကိုပြ၏၊ ဂစ္ဆာဖြင့် သွားခြင်းကြိယာ၏မှီရာ နွားဒြဗ်ကိုပြ၏၊ ဝိသာဏီဖြင့် ဦးချိုဒြဗ်၏မှီရာ နွားဒြဗ်ကိုပြ၏၊ ဇိတ္တောဖြင့် ဇိတ္တအမည်၏မှီရာ နွားဒြဗ်ကိုပြသည်-ဟု မှတ်။ [ဇိတ္တောနေရာ၌ "ဒေဝဒတ္တော"ဟုလည်း တွေ့ရ၏၊ နောက်၌ နာမည်ကိုပြရာဝယ် "ဇိတ္တော-ဍိတ္တော"တို့ကို ပုံစံထုတ်လတ့်။]

www.dhammaransi.com



## ၄၅။ ဒွန္ဒဋ္ဌ ဝိသေသာတိ, ဒဗ္ဗံ တန္တု စတုဗ္ဗိဓံ၊ ဇာတိ ဂုဏ ကြိယာဒဗ္ဗ-ဘေဒေနေဝ ပဘိဇ္ဇတေ။

၄၅။ ဋ္ဌေ-ဤဝိသေသျ၌၊ ဝိသေသာ-ဝိသေသနတို့သည်၊ ဒွန္ဒ-ဖြစ်ရကုန်၏၊ ဣတိ-ထို့ကြောင့်၊ ဝါ-ထိုသို့ ဝိသေသနတို့၏ ဖြစ်ရာ၏ အဖြစ်ကြောင့်၊ (တံ-ထိုဝိသေသျသည်၊) ဒဗ္ဗံ-ဒြဗ်မည်၏၊ တု-ဆက်ဦး အံ့၊ တံ-ထိုဒြဗ်သည်၊ စတုဗ္ဗိဓံ- ၄ ပါးပြားသည်၊ (ဟုတွာ- ဖြစ်၍၊) ဇာတိ ဂုဏ ကြိယာ ဒဗ္ဗဘေဒေနေဝ-ဇာတ်,ဂုဏ်,ကြိယာ, ဒြဗ်တို့၏ အပြားအားဖြင့်ပင်လျှင်၊ ပဘိဇ္ဇတေ-ပြား၏။

**၄၅။ ဒွန္ဒဋ္ဌာတျာဒိ။** ။"ဒြဗ်ဟူသည် အဘယ်နည်း, အဘယ်မျှ ပြားပါသနည်း" ဟု မေးဘွယ်ရှိသောကြောင့် "ဒွန္ဒဋ္ဌ" စသည်မိန့်၊ ဝိသေသနသကတ်တို့၏ဖြစ်ရာ ဝိသေသျကို ဒဗ္ဗ ဟု ခေါ်ရသည်၊ ထိုဒြဗ်သည် ဇာတိ, ဂုဏ. ကြိယာ, ဒဗ္ဗအားဖြင့် ၄ ပါးပြားသည်— ဟူလို။ [ တချို့ဆရာ တို့က နာမကိုထည့်၍ ဒြဗ်အပြား ၅ ပါး ဟု ဆိုကြ၏၊ ထိုနာမဟူသည်လည်း နာမည်ဒြဗ်တမျိုးပင်ဖြစ်၍ ဤဆရာက နာမကို ဒဗ္ဗ၌ သွင်းယူသည်။]

**ဒွန္ဒဋ္ဌ။** ။ယခုစာအုပ်များ၌ "ဒုယှန္ဒဋ္ဋ" ဟု တွေ့ရ၏၊ ဂတိအနက်ရှိသော ဒုဓာတ်သည် ဘူဝါဒိဂိုဏ်း၌သာ ဖြစ်သောကြောင့်ရင်း, ထောမနိမိ၌ ဒြုဓာတ်သည် ပါဠိ၌ ဒုဓာတ်ဖြစ်လာ၍, ထိုဒြုမှ "ဒြဝတိ"ဟု ရုပ်ဖြစ်ရသကဲ့သို့ ဒုမှလည်း"ဒဝတိ"ဟု ရုပ်ဖြစ်ရသောကြောင့်ဖင်း"ဒွန္ဒဋ္ဌ"သာ ပါဠ်မှန်တည်း၊ "ဒွန္တိ ဝိသေသာ ဧတ္ထာတိ ဒဗ္ဗံ"ဟု ပြု၊ ထို့ပြင်— ထောမနိမိ၌ ဒြုဓာတ်နောင် ယတ်ပစ္စည်းသက်, ဥကို ဩပြု, ဩကို အဝပြု၍ "ဒြဗျ" ဟု ရှိ၏၊ ပါဠိ၌ "ဒဗ္ဗ"ဟု ပြီးရသည်၊ ဋီကာ၌ "ဏျပစ္စည်းသက်၍, ဘူတောဗ္ဗသုတ်၌ အဗ္ဗဟူသော ယောဂဝိဘာဂဖြင့် ဓာတွန်ဥနှင့်တကွ ဏျကို အဗ္ဗပြု"ဟု ဆို၏၊ စဉ်းစားပါ။

**မေးဘွယ်။** ။သကတ်အပြား၌လည်း "ဇာတိ, ဂုဏ, ကြိယာ, ဒဗ္ဗ"တို့ ပါခဲ့၏၊ သို့ဖြစ်လျှင် သကတ်၌ပါသော ဇာတိစသည်နှင့် ဤ ဒြဗ်၌ပါသော ဇာတိစသည်တို့ အဘယ်သို့ထူးကြသနည်း ဟု မေးဘွယ်ရှိ၏၊ အဖြေကား— "သကတ္တော သ ဝိသေသနံ"နှင့်အညီ, ဝိသေသနဖြစ်သော ဇာတိစသည်ကို သကတ် ဟု ခေါ်၍, ဝိသေသျဖြစ်သော ဇာတိစသည်ကို ဒြဗ်ဟု ခေါ်ရသည်၊ ဤသို့ ဝိသေသနအဖြစ်, ဝိသေသျအဖြစ်အားဖြင့် ထူးကြပါသည်။ [ (၁၄၅မှ ၁၄၉ တိုင်အောင်) ဂါထာတို့၏ အဓိပ္ပါယ်နှင့် တွဲစပ်ကြည့်ပါ။]

www.dhammaransi.com



၄၆။ ကောကာရော ပုမတ္တာဒိ, ဗုဒ္ဓိယာ ပရိကပ္ပိတော၊
ဝေါဟာရတ္ထော၀ လိင်္ဂတ္တော, ပုမဘာ၀ါဒယော ယထာ။

၄၆။ ဗုဒ္ဓိယာ-အသိဉာဏ်ဖြင့်၊ ဝါ-စိတ်ဖြင့်၊ ပရိကပ္ပိတော-ကြံဆအပ်သော၊ ဝေါဟာရတ္ထော-ခေါ်ဝေါ်ပြောဆိုရိုးအနက်ဖြစ်သော၊ ပုမဘာ၀ါဒယောယထာ-ပုရိသိန္ဒြေအစရှိသည်တို့ကဲ့သို့၊ ပုမတ္တာဒိ-ပုမတ္တ အစရှိသော၊ ဝါ- ပုမသဒ္ဒါ, ယောကျ်ား ဟု သိသောဉာဏ်၏ ဖြစ်ကြောင်းဖြစ်ရာအစရှိသော၊ ကောကာရော၀-တမျိုးသောအခြင်းအရာသည်ပင်၊ လိင်္ဂတ္တော-လိန်ဟူသော အနက်မည်၏။

**၄၆။ ကောကာရောတျာဒိ** ။ ။ "သကတ္ထဒဗ္ဗလိင်္ဂါနိ" ဟူသော ခေါင်းစဉ်အရ ဒြဗ်ကို ပြပြီး၍ လိင်ကို ပြလိုသောကြောင့် "ကောကာရော" စသည်ကို မိန့်၊ ထိုဂါထာ၌"ကောကာရော လိင်္ဂတ္ထော"သည် လိုရင်းတည်း၊ "သန့်ရှင်းသောအခြင်းအရာ"စသော အခြင်းအရာ (အမူအရာ) တမျိုးသည် "လိင်"မည်၏–ဟူလို။

**ပုမတ္တာဒိ ကောကာရော။** ။ပုမဿ-ယောကျ်ား ဟု သိသောဉာဏ်, ပုမသဒ္ဒါ၏+ဘာဝေါ–ဖြစ်ကြောင်း ဖြစ်ရာ အခြင်းအရာတည်း၊ ပုမတ္တံ–ရာ၊ လူတယောက်၏ သွားမှု စားမှု စကားပြောမှု စသည်တို့၌ "ဝိသဒါကာရ–ရှင်းလင်းသောအခြင်းအရာ"တမျိုးရှိ၏၊ထိုအခြင်းအရာကိုကြည့်၍"ဤသူဟာ ယောကျ်ား"ဟု သိရ၏၊ ပါဠိလို ပြောလျှင်"အယံ ပုမာ"ဟု ပြောရ၏၊ဤသို့ "ယောကျ်ား"ဟုသိသောဉာဏ်နှင့် ပုမသဒ္ဒါ၏ ဖြစ်ပေါ်လာကြောင်းဟူသည် သန့်ရှင်းသော အခြင်းအရာတည်း၊ ထို သန့်ရှင်းသော ( ရှင်းလင်းသော ) အခြင်းအရာကို "ပုံလိန်"ဟု ခေါ်သည်။

**အာဒိဖြင့်ယူဘွယ်။** ။ပုမတ္တာဒိ၌ အာဒိဖြင့် ဣတ္ထိတ္တဟူသော အဝိသဒါကာရ, နပုံသကတ္တဟူသော နေဝဝိသဒနာဝိသဒါကာရတို့ကို ယူပါ၊ [ အဝိသဒ– မသန့်ရှင်းသော+ အာကာရ– အခြင်းအရာ၊ နေဝဝိသဒ– သန့်ရှင်းသည်လည်းမဟုတ်သော+ နာဝိသဒ(န+ အဝိသဒ) -မသန့်ရှင်းလည်းမဟုတ်သော+ အာကာရ၊ ] သွားမှုစသည်တို့၌ မရှင်းလင်းသော အခြင်းအရာတမျိုးသည် ဣတ္ထိတ္တ (မိန်းမဟု သိသောဉာဏ်,ဣတ္ထိသဒ္ဒါ၏ ဖြစ်ကြောင်း) တည်း၊ ထို မရှင်းလင်းသောအခြင်းအရာကို "ဣတ္ထိလိန်"ဟု ခေါ်၏၊ သွားမှုစသည်၌ ရှင်းသည်လည်း မဟုတ်, မရှင်းသည်လည်း မဟုတ်သော အခြင်းအရာ တမျိုး သည် နပုံသကတ္တ (နပုံး ဟု သိသောဉာဏ် နပုံသကသဒ္ဒါ၏ ဖြစ်ကြောင်း) တည်း၊ ထိုအမူအရာကို "နပုံလိန်"ဟု ခေါ်သည်။

www.dhammaransi.com



၄၇။ ယေန ယံ သာဒိသံနာမ, တမေဝ နစ တံ ဘဝေ၊
ဘိန္နာနံ သဒိသတ္တေန, တေသံ ခမာပမတာ ဘဝေ။

၄၇။ ယံ – အကြင် သားအစရှိသော ဝတ္ထုသည်၊ ယေန – အကြင် အဘအစရှိသော ဝတ္ထုနှင့်၊ သဒိသံနာမ – တူသည်မည်သည်၊ ဘဝေ – ဖြစ်၏၊ စ – ထိုသို့ပင် တူပါသော်လည်း၊ တံ – ထို သားအစရှိသော

**ဗုဒ္ဓိယာ ပရိကပ္ပိတော**။ ။[သဒ္ဒါကျမ်းတို့၌ "ဗုဒ္ဓိ" အရ ဉာဏ်, သညာ, စိတ်တခုခုကို သင့်သလိုယူရသည်။ ] ထိုအခြင်းအရာသည် မျက်စိဖြင့်လည်း မမြင်နိုင်, လက် စသည်ဖြင့်လည်း စမ်း၍မရ၊ စိတ်မှန်းဖြင့်သာ "ဒီသွားပုံက ရှင်းလင်းသည်, ဒီသွားပုံက မရှင်းလင်း, ဒီသွားပုံကတော့ ရှင်းသည်လည်း မဟုတ်, မရှင်းလည်းမဟုတ်" ဟု အတော်အတန် အကဲခတ်တတ် ပါးနပ်သူ တို့သာ ကြံဆ၍သိနိုင်သည်။

**ဝေါဟာရတ္ထော ဝ**။ ။ထို ဝိသဒါကာရစသော အခြင်းအရာသည် ပရမတ္ထတရား မဟုတ်၊ လူအများတို့က ဒီလိုသွားပုံကို "သန့်ရှင်းသည်" ဟုရင်း ဒီလိုသွားပုံကို "မသန့်ရှင်း" ဟုရင်း, ခေါ်ဝေါ် ပညတ်ထားသော ပညတ် အနက်တမျိုးသာတည်း။

**လိင်္ဂတ္ထော**။ ။လိင်္ဂေါ စ + သော+ အတ္ထော စာတိ လိင်္ဂတ္ထော၊ ထိုလိင် သည် သကတ္တစသော ငါးပါးတွင် ပါဝင်ရကား (သဒ္ဒါမဟုတ်) အနက်တမျိုး တည်း၊ လိင်္ဂမည်ခြင်း၏ အကြောင်းကိုကား (၄၉) ဂါထာ၏ဒီပနီ၌ "လိဂ္ဂိ ယတေ ဂမျတေ ပုန္နံသာဒိဒဗ္ဗံ အနေနာတိ လိင်္ဂံ = ယောကျ်ားစသော ဒြပ်ကို သိအပ်ကြောင်းဖြစ်သောကြောင့် လိင်္ဂမည်၏" ဟု ဆိုသည်။ [ ဂတိအနက် ဟော လိဂိဓာတ်, အပစ္စည်း။ ] လိင်္ဂ၏ ဝိဂ္ဂဟအမျိုးမျိုးကို "လိင်္ဂ၌ နိပစ္စတေ" သုတ်အဖွင့်များ၌ ရှုပါ။

**ပုမဘာဝါဒယော**။ ။ပုမသဿ – ပုမဟု သိသောဉာဏ်, ပုမသဒ္ဒါ၏+ ဘာဝေါ-ဖြစ်ကြောင်းဖြစ်ရာတည်း၊ ပုမဘာဝေါ– ရာ၊ ဤသို့ ဝိဂ္ဂဟပြုရသော ကြောင့် ပုမတ္တနှင့် ပုမဘာဝသည် တူ၏၊ သို့သော် ဤ ပုမဘာဝ အရ၌ကား ဝိသဒစသော အခြင်းအရာ ပညတ်ကို မကောက်ရဘဲ, ပုရိသိန္ဒြေ (ပုရိသဘာဝ ရုပ်) ဟူသော ပရမတ်တရားကို ကောက်ရသည်၊ အာဒိဖြင့် ဣတ္ထိဘာဝ, နပုံ သကဘာဝကိုယူ၊ ဣတ္ထိဘာဝရုပ်ဟူသော ပရမတ်သည် ဣတ္ထိဘာဝမည်၏၊ ထို ဘာဝရုပ် ၂ မျိုးလုံးမရှိခြင်းသည် နပုံသကဘာဝမည်၏။ [ ဧတ္ထဟိ ပုမ ဘာဝါဒိကော ပရမတ္ထောဝိယ, ပုမာဒိဟေတုကော = ပုမတ္တာဒိကော ဧကော ပညတ္တိတိ ဒဋ္ဌဗ္ဗံ၊ -ဋီကာ။ ]

www.dhammaransi.com



ဝတ္ထုသည်၊ တမေဝ-ထို အဘအစရှိသော ဝတ္ထုသည်ပင်၊ နဘာဝေ- မဖြစ်နိုင်၊ ဘိန္နာနံ – ကွဲပြားကုန်သော သားနှင့်အဘအစရှိကုန်သော ဝတ္ထုတို့၏၊ သဒိသတ္တေန- တူကုန်သည်၏ အဖြစ်ကြောင့်၊ တေသံ-ထို သားနှင့် အဘ အစရှိသောဝတ္ထုတို့၏၊ ဥပမတာ- ဥပမေယျ, ဥပမာန တို့၏ အဖြစ်သည်၊ ဘဝေ-ဖြစ်၏။

၄၇။ **ယေန ယံ တျာဒိ။** ။ရှေ့ဂါထာ၌"ပုမတ္တာဒိ"ဟူသော ဥပမေယျ နှင့်"ပုမဘာဝါဒယော ယထာ"ဟူသော ဥပမာနတို့သည်သဒ္ဒါအနေအားဖြင့် ဘာဝအနက်ဟောချည်းဖြစ်၍ တူနေရကား အနက်အရလည်း တူသည်မဟုတ် လော၊ ထိုသို့ အနက်တူပါလျှင် ဥပမေယျ ဥပမာန ပြုလုပ်နိုင်ပါသလော "ဟု စောဒနာဘွယ်ရှိသောကြောင့် "ယေန ယံ"စသည်ကိုမိန့်။

"သားသည် အဘနှင့်တူ၏"ဟု ဆိုရာ၌"သားသည်ပင်အဘ, အဘသည် ပင် သား"ဟု တယောက်ထည်းမဟုတ်၊ သားသည်လူတယော်, အဘလည်း လူတယောက် ဟု ၂ ယောက်ကွဲပြား၏၊ သားအဘနှစ်ယောက်တို့ ရုပ်ချင်း တူသောကြောင့်သာ ဥပမေယျ ဥပမာနအဖြစ်ဖြင့် ပြရသည်၊ ထို့အတူ ပုမတ္တ– ပုမဘာဝ တို့လည်း သဒ္ဒါချင်း တူစေကာမူ အနက်အားဖြင့် အတူမဟုတ်၊ "ပုမတ္တ" အရသည် ဝိသဒါကာရ ပညတ်ဖြစ်၍, " ပုမဘာဝ "အရကား ပုရိ သိန္ဒြေ (ပုရိသဘာဝရုပ်) ပရမတ်ဖြစ်သည်၊ ထို ၂ မျိုးလုံးပင်"ယောကျ်ား"ဟု သိသောဉာဏ်နှင့် ပုမသဒ္ဒါ၏ ဖြစ်ကြောင်းဖြစ်ရာချင်းကား တူ၏၊ ထို့ကြောင့် ပုမတ္တကို ဥပမေယျ, ပုမဘာဝကို ဥပမာနအဖြစ်ဖြင့် ပြရသည်–ဟူလို။

**ယေန၊ပေ၊ ဘဝေ။** ။" ယံ ပုတ္တာဒိဝတ္ထု ယေန ပိတာဒိဝတ္ထုနာ"ဟု အာဒိဖြင့် ဖွင့်သောကြောင့် "ဥပမေယျဝတ္ထုနှင့် ဥပမာနဝတ္ထု " ဟု ၂ မျိုး ခွဲ၍ ပြသမျှ၌ "(မည်သည့်ဥပမေယျ ဥပမာနမဆို) အရာဝတ္ထုကွဲပြားရိုးထုံးစံ ဖြစ်သည်"ဟု ပြသည်၊"သမီးသည် အမိနှင့်တူ၏၊ ဘုရား၏မျက်နှာတော်သည် လမင်းနှင့်တူ၏"စသည်ဖြင့် ဥပမေယျ, ဥပမာနဝတ္ထု ၂ ပါးတို့ နေရာတိုင်း၌ ကွဲပြားပုံကို ကြည့်၍ ရှေ့ဂါထာဝယ် ပုမတ္တ ဟူသော ဥပမေယျနှင့် ပုမဘာဝ ဟူသော ဥပမာနတို့၏ အနက်အရအားဖြင့် ကွဲပြားပုံကိုသိပါ–ဟူလို။

**ဥပမတာ ။** ။ ဥပမေယျဝတ္ထု, ဥပမာနဝတ္ထု ၂ ခုတို့၏ တူသည်၏ အဖြစ်ကို "ဥပမာ"ဟု ခေါ်သည်၊ ထို့ကြောင့် ဥပမတာကို " ဥပမေယျော ပမာနဘာဝေါ–ဥပမေယျဥပမာနတို့၏ အဖြစ်"ဟု ဖွင့်သည်၊ ဥပမာယေဝ– ဥပမေယျဝတ္ထု ဥပမာနဝတ္ထု ၂ ခုတို့ တူသည်၏ အဖြစ်သည်ပင်၊ ဥပမတာ– မည်၏၊ တာပစ္စည်း သွတ္ထ၌သက်။

www.dhammaransi.com



## ၄၀။ သန္တာနေ ပုမဘာဝါဒိ, သဟိတော ပရိကပ္ပိတော။ မဟန္တကရသဏ္ဌာနာ-ဒျဋ္ဌသာလိနိယာ မတော။

၄၀။ သန္တာနေ-ယောကျ်ားစသူတို့၏ ခန္ဓာအစဉ်၌၊ပုမဘာဝါဒိ သဟိတော-ပုရိသိန္ဒြေ အစရှိသည်နှင့်တကွဖြစ်သော၊ပရိကပ္ပိတော-ကြံဆအပ်သော၊ ဝါ-ကြံဆ၍သိအပ်သော၊ မဟန္တကရသ ဏ္ဌာနာဒိ-ကြီးသော လက်သဏ္ဌာန် အစရှိသည်ကို၊ အဋ္ဌသာလိနိယာ – အဋ္ဌသာလိနီ၌၊ ဝါ– အဋ္ဌသာလိနီ အလိုအားဖြင့်၊ (လိင်္ဂ–လိင်္ဂမည်၏ဟူ၍၊) မတော-သိအပ်၏။

**၄၀။ သန္တာနေတျာဒိ ။** ။ အဋ္ဌသာလိနီ အဋ္ဌကထာ၌ လာသော "လိင်"အရကို ပြလို၍"သန္တာနေ၊ပေ၊မတော"ဟု မိန့်သည်၊ အဋ္ဌသာလိနီ, ရူပကဏ္ဍ,ဣတ္ထိန္ဒြိယ နိဒ္ဒေသ၌ " လိင်္ဂံ သဏ္ဌာနံ" ဟု စတည်ပြီးလျှင် မိန်းမတို့၏ လက်ခြေမျက်နှာ ပုံသဏ္ဌာန်တို့ သေးသွယ် ငယ်လျပုံကိုရင်း,ယောကျ်ားတို့၏ လက်ခြေ မျက်နှာ ပုံသဏ္ဌာန်တို့ ကြီးမားပုံကိုရင်း ဖွင့်၏၊ ထို့ကြောင့် "ကြီးမားသော လက် ခြေ မျက်နှာ ပုံသဏ္ဌာန်သည် ပုံလိန်တည်း၊ သေးငယ်သော လက် ခြေ မျက်နှာ ပုံသဏ္ဌာန်သည် ဣတ္ထိလိန်တည်း " ဟု ခွဲပါ၊ အဋ္ဌသာလိနီ၌ မလာသော်လည်း " လက် ခြေ မျက်နှာတို့၏ အလယ်အလတ် ပုံသဏ္ဌာန်ကို နပုံလိန်"ဟု ဆိုလိုသည်။

**ပုမဘာဝါဒိ သဟိတော ။** ။ ထို ကြီးမားသော လက်စသည်တို့သည် ပဋိသန္ဓေတည်စဉ်ကပါလာသောပုရိသဘာဝရုပ် (ပုရိသိန္ဒြေ) ကြောင့်ဖြစ်၏၊ ပုရိသဘာဝရုပ်သည် မျိုးစေ့နှင့်တူ၏၊ ကြီးမားသော လက်ခြေ စသည်ကား မျိုးစေ့ကြောင့် ပေါ်ထွက်လာသော သစ်ပင် အကိုင်းအခက်နှင့် တူသည်၊ ထို့ကြောင့် အရင်းခံဘာဝရုပ်နှင့်တကွ ကြီးသောလက်စသည်ကို"ပုံလိန်"ဟု ဆိုသည်၊ "ဣတ္ထိဘာဝရုပ်နှင့်တကွ သေးငယ်သောလက်စသည်ကို ဣတ္ထိလိန်" ဟုရင်း " ဘာဝရုပ် မပါသော အလယ်အလတ် လက် စသည်ကို နပုံလိန် " ဟုရင်း မှတ်ပါ။

**ပရိကပ္ပိတော ။** ။ မျက်စိဖြင့် ရူပါရုံကိုသာ မြင်နိုင်၏၊ ပုံသဏ္ဌာန်ကို မမြင်နိုင်၊ လက်စသည်၌ တည်သော ရူပါရုံကို မျက်စိဖြင့် မြင်ပြီးမှ ထို ရူပါရုံ၏ တည်ရာ လက်စသည်၏ ကြီးပုံ သေးငယ်ပုံကို မနောဒွါရဝီထိဖြင့် သိရ၏၊ ထို့ကြောင့် ကြီးသောလက်ခြေ သဏ္ဌာန်စသည်ကို"ပရိကပ္ပိတော-မျက်စိဖြင့် မမြင်ရဘဲ, မနောဒွါရဖြင့် ကြံဆ၍သိအပ်သော အရာဝတ္ထု"ဟု ဆိုသည်။

www.dhammaransi.com



၄၉။ ဝိသဒါဒိပ္ပဘေဒေန, တိဝိဓော ဂမနာဒိကော၊
လိင်္ဂတ္တော တျပရေ ကေစိ, မသုကေသာဒယောတိစ။

၄၉။ ဝိသဒါဒိပ္ပဘေဒေန - သန့်ရှင်းသော အခြင်းအရာ အစရှိသည်တို့၏ အပြားအားဖြင့်၊ တိဝိဓော – ၃ ပါး အပြားရှိသော၊ ဂမနာဒိကော-သွားခြင်း အစရှိသော အမူအရာ ကြိယာသည်၊ လိင်္ဂတ္တော-လိန်ဟူသော အနက်မည်၏၊ ဣတိ- ဤသို့၊ အပရေ - အခြားသော ဆရာတို့သည်၊ (ဝဒန္တိ -ဆိုကြကုန်၏၊) ကေစိ- အချို့ ဆရာတို့သည်၊ မသုကေသာဒယော-မုတ်ဆိတ်, ဆံပင်အစရှိသည်တို့သည်၊ လိင်္ဂတ္တော – လိန် ဟူသော အနက်မည်၏၊ ဣတိစ – ဤသို့လည်း၊ (ဝဒန္တိ-ဆိုကြကုန်၏။)

**၄၉။ ဝိသဒါတျာဒိ။** ။ဤဂါထာဖြင့် အပရေဝါဒ, ကေစိဝါဒဟူသော ဝါဒ ၂ မျိုးကိုပြ၏၊ ထိုတွင် အပရေဝါဒ၌ ဝိသဒ-သန့်ရှင်းသော (ဂမနာဒိ) သွားပုံ ထိုင်ပုံစသော အမူအရာကြိယာကို ပုလ္လိန် , အဝိသဒ—မသန့်ရှင်းသော သွားပုံ ထိုင်ပုံစသော အမူအရာကြိယာကို ဣတ္ထိလိန် , နေဝဝိသဒနာဝိသဒ—သန့်ရှင်းလည်း မဟုတ် မသန့်ရှင်းလည်း မဟုတ်သော အမူအရာကြိယာကို နပုလ္လိန် ဟု ဆိုသည်။

**မှတ်ချက်။** ။(၄၆)ဂါထာ၌ သွားခြင်း, ထိုင်ခြင်းစသော ကြိယာ၏ သန့်ရှင်း – မသန့်ရှင်းသော အခြင်းအရာအာကာရကို "လိင်္ဂ" ဟု ဆိုခဲ့၏၊ ["ကောကာရော"စသည်ဖြင့် အခြင်းအရာအာကာရကို အရကောက်ထားပုံ ကြည့်ပါ။] ဤဂါထာ၌ သန့်ရှင်းသောအားဖြင့် သွားခြင်းကြိယာ စသည်ကို "လိင်္ဂ"ဟု ဆိုသည်၊ ["ဂမနာဒိကော"ဟု သွားခြင်းစသော ကြိယာကို အရကောက်ပုံကြည့်ပါ။] ဤသို့ "ဝိသဒ" စသည်ကို သုံးစွဲထားချင်းတူသော်လည်း အခြင်းအရာအာကာရကို အရကောက်ရခြင်း, ကြိယာကို အရကောက်ရခြင်း အားဖြင့် အဓိပ္ပါယ်ကွဲပြားပုံကို မှတ်ပါ။

**အမှာ။** ။ဤဝါဒကို ရူပသိဒ္ဓိဝါဒ ဟု ဋီကာဆရာဆို၏၊ သို့သော် ရူပသိဒ္ဓိ,န သိဿမနပုံသကာနိသုတ်၌ ဆိုပုံမှာ ဤဝါဒနှင့်မတူပါ၊ "ဝိသဒါ ဝိသဒါ ကာရ—ဝေါဟာရောဘယ မုတ္တကာ"ဟု ဆိုသောကြောင့် (၄၆)ဂါထာ ဆိုပုံ နှင့်သာ တူပါသည်၊ ရူပသိဒ္ဓိအဖွင့်များကို ကြည့်ပါ။

**ကေစိ၊ ပေ၊ တိစ။** ။မသုသည် ပုလ္လိန်အတွက် သရုပ်ပြ, ကေသာကား ဣတ္ထိလိန်အတွက် သရုပ်ပြတည်း၊ အာဒိဖြင့် နှုတ်ခမ်းမွေး, သားမြတ်တို့ကိုယူ၊ မုတ်ဆိတ် နှုတ်ခမ်းမွေးတို့ကိုမြင်ရလျှင် "ယောက်ျား"ဟု သိရ၏၊ ထို့ကြောင့်

www.dhammaransi.com



## ၅၀။ ဓောသောတက္ကိ သိဒ္ဓတ္ထ-မတ္တံ စန္ဒြာဒိ သွိန္ထိတံ၊ ကလာပါဒိသွ-နိပ္ဖန္န-သဒ္ဒတ္ထော တညုနိဋ္ဌိတော။

၅၀။ ဓောသောတက္ကိ-ဓော, သော, တော်ဟူ၍၊ သိဒ္ဓတ္ထ မတ္တံ-ပြီးပြီးသောနိပ္ဖန္နသဒ္ဒါ၏အနက်မျှကို (လိင်္ဂတ္ထော-လိင်္ဂတ္ထမည်၏ဟူ၍၊) စန္ဒြာဒိသု-စန်းကျမ်းအစရှိသောကျမ်းတို့၌၊ ဣ န္ထိတံ- အလိုရှိအပ်၏၊ ကလာပါဒိသု-ကလာပ်အစရှိသော ကျမ်းတို့၌၊ အနိပ္ဖန္နသဒ္ဒတ္ထော-မပြီးသေးသော အနိပ္ဖန္နသဒ္ဒါ၏ အနက်ကို၊ ( လိင်္ဂတ္ထော – ဟူ၍၊ ) တညုနာ-ထို လိင်္ဂတ္ထမြင်သိ ပညာရှိသည်၊ ဣန္ဒိတော–အပ်၏၊

မှတ်ဆိတ် နှုတ်ခမ်းမွေးတို့သည် (ယောကျ်ားဟုသိရကြောင်းဖြစ်၍) ပုမလိင်-ပုလ္လိင်တည်း၊ ရှည်သောဆံပင်, ကြီးသော သားမြတ်ကို မြင်ရလျှင်"မိန်းမ"ဟု သိရ၏၊ ထို့ကြောင့် ဆံပင်ရှည်နှင့် ကြီးသော သားမြတ်တို့သည် ဣတ္ထိလိင်-ဣတ္ထိလိင်တည်း၊ ဆံပင်လည်းမရှည်, မှတ်ဆိတ်လည်းမရှိလျှင် နပုံဟု သိမှတ်ကြောင်းဖြစ်၍ နပုံသကလိင်–နပုလ္လိင်တည်း။

ထနကေသဝတီ ဣတ္ထီ, မဿုဝါ ပုရိသော သိယာ၊
ဥဘိန္နမန္တရံ တော်, ဣတရောဘယမုတ္တကော။

**မှတ်ချက်**။ ။ဤပြခဲ့သောဝါဒတို့သည် သက်ရှိသူသတ္တဝါ၌ ရဆိုက်သော လိင်တို့ကိုပြသော ဝါဒတို့တည်း၊ ထို ဝါဒအားလုံးပင် "လိင်္ဂိယတေ အနေနာတိလိင်ံ"နှင့်အညီ ယောကျ်ားဖြစ်, မိန်းမဖြစ်, နပုံဖြစ်တို့ကိုသိအပ်ကြောင်းဖြစ်ရကား ကိုယ့်နည်းနှင့်ကိုယ် သင့်ကြသည်ချည်းသာ၊ သို့သော် ယခုအခါ၌ကား သက်ရှိသတ္တဝါ၏ သကတ်, ဒြဗ်, လိနကိုကေံလျှင် " သန့်ရှင်းသော အခြင်းအရာ ဝိသဒါကာရသည် ပုလ္လိင် " ဟု အများကောက်ရိုး ပြုကြသော ကြောင့် "ပဉ္စမဆုံးဝါဒသာလျှင် ယခုအခါ တွင်ကျယ်သည်"ဟုမှတ်၊ သက်မဲ့ သတ္တဝါ၏ လိင်အတွက်ကား တမျိုးမှတ်ရလိမ့်ဦးမည်။

---

၅၀။ ဓော ၊ သော ၊ သွိန္ထိတံ ။ ။ ဤ ၂ ပါဒဖြင့် သတ္တတစန်းကျမ်းကို စီရင်သော သိရိဓမ္မဒါသ ဆရာစသော ပုဂ္ဂိုလ်တို့၏ ဝါဒကို ပြ၏၊ ထို ဆရာတို့ကား သက်ရှိဖြစ်ဖြစ် သက်မဲ့ဖြစ်ဖြစ် "ဓော"ဟု ညွှန်ပြအပ်သော အနက်သည် ပုလ္လိင်တည်း၊ ထို့ကြောင့် သက်ရှိယောကျ်ားကို"ဓော (ပုရိသော)" ဟု ၎င်း, သက်မဲ့သစ်ပင်ကို " ဓော ( ရုက္ခော )"ဟု ၎င်း, ညွှန်ပြသည်၊ "သော" ဟု ညွှန်ပြအပ်သော အနက်သည် ဣတ္ထိလိင်၊ ထို့ကြောင့် သက်ရှိ မိန်းမကို "သော(ဣတ္ထီ)"ဟု ၎င်း သက်မဲ့မြစ်ကို "သော (နဒီ )" ဟု ၎င်

www.dhammaransi.com



ညွှန်ပြရသည်၊ "တေံ" ဟု ညွှန်ပြအပ်သော အနက်သည် နပုလ္လိင်တည်း၊ ထို့ကြောင့် သက်ရှိအမျိုးကို "တေံ (ကုလံ)" ဟုငင်း, သက်မဲ့ ဥစ္စာကို "တေံ (ခန်·)"ဟု ငင်း ညွှန်ပြရသည်။

**သိဒ္ဓတ္ထမတ္တံ။** ။သိဒ္ဓသ–ပြီးပြီးသော (ရုပ်တွက်၍ ပုရိသော ဟု ပြီးပြီးသော) နိပ္ဖန္နသဒ္ဒါ၏ + အတ္ထော – အနက်တည်း၊ သိဒ္ဓတ္ထော– နက်၊ မတ္တသဒ္ဒါသည် သာမညအနက်ကို ဟော၏၊ ထိုမတ္တဖြင့် ကာရကသင်္ချာ ဟူသော ဝိသေသအနက်တို့ကို တာ မြစ်သည်၊ ထို့ကြောင့် ဤဆရာ အလိုအားဖြင့် ပုရိသောကဲ့သို့ ပဌမာဝိဘတ်ဖြင့် ရုပ်ပြီးပြီးသော နိပ္ဖန္နသဒ္ဒါ၏ သကတ်,ဒြပ်, လိန် ဟူသော အနက်ကို "လိင်္ဂတ္ထ" မည်၏ ဟု မှတ်။ [ ဒုတိယာစသော ဝိဘတ်ဖြင့် "ပုရိသံ" စသော နိပ္ဖန္နပုဒ်များ၌ ကမ္မကာရကပါနေပြီးဖြစ်၍ ထို ပုရိသံစသော နိပ္ဖန္နသဒ္ဒါ၏ အနက်ကို မဆိုလို။]

ချဲ့ဦးအံ့ — ယောကျ်ားဇာတ်ဟူသော သကတ်နက်,ယောကျ်ားဒြပ်နက်, ဝိသဒါကာရပုလ္လိန်နက် ဟူသော အနက် ၃ ပါးသည် "ပုရိသော, ပုရိသာ, ပုရိသံ, ပုရိသေ ၊ပေ၊ ပုရိသသ္မိံ, ပုရိသေသု" ဟူသော သဒ္ဒါအားလုံးနှင့် ဆက်ဆံ၏၊ ထို့ကြောင့် ထိုအနက် ၃ ပါးကို သဒ္ဒါအများနှင့်ဆက်ဆံသော ကြော င့် သာမညအနက် ဟု ခေါ်၏၊ သင်္ချာနှင့် ကမ္မကာရကစသော ကာရက အနက်တို့ကား ပုရိသံ ပုရိသေ စသောပုဒ်၌သာ ရနိုင်၏၊ ထို့ကြောင့် သင်္ချာ ကာရကအနက်များကို ဝိသေသအနက် ဟု ခေါ်သည်။

**ကလာပါဒီသု အနိပ္ဖန္နသဒ္ဒတ္ထော။** ။"ကလာပ်"ဟုငင်း,"ကာတန္တ" ဟုငင်း ခေါ်အပ်သော သက္ကတသဒ္ဒါကျမ်းကို စီရင်သော "သဗ္ဗဝမ္မ"စသော ဆရာတို့ကား ရုပ်မပြီးသေးသော "ပုရိသ" စသော သဒ္ဒါ၏ အနက်ကို "လိင်္ဂတ္ထ"ဟု ဆိုသည်၊ ထို ပုရိသ၏ အနက်လည်း ယောကျ်ားဇာတ်ဟူသော သကတ်, ယောကျ်ားဒြပ်, ဝိသဒါကာရပုလ္လိန်, ဤအနက် ၃ ပါးပင်တည်း၊ ဤသို့လျှင် စန်းကျမ်းနှင့်ကလာပ်ကျမ်းတို့၏ ဆိုပုံ၌ နိပ္ဖန္နသဒ္ဒါနှင့်အနိပ္ဖန္နသဒ္ဒါ သာ ကွဲ၍ အနက်မှာသကတ်, ဒြပ်,လိန်ဟူသောအနက်အားဖြင့် တူကြသည်၊ လိင်္ဂတ္ထအကျယ်ကို လိင်္ဂတ္ထေပဌမာသုတ်အဖွင့် ရူပသိဒ္ဓိစသည်၌ ရှုပါ။

**မှတ်ချက်။** ။"သကတ်,ဒြပ်,လိန်,သင်္ချာ,ကာရက"ဟု အနက် ၅ပါးကို ပြရာ၌"လိင်္ဂတ္ထ"ဟူသည် ၄၆, ၈, ၉ ဂါထာတို့၌ ပြအပ်သော ဝိသဒါကာရ စသော အနက်သာတည်း၊ ဤ ၅၀ ဂါထာ၌ပြအပ်သော လိင်္ဂတ္ထမှာ လိင်္ဂတ္ထေ ပဌမာသုတ်၌ သုံးစွဲအပ်သော (လိင်မည်သောနာမ်၏အနက်) လိင်္ဂတ္ထတည်း၊ "လိင်္ဂတ္ထချင်း နာမည်တူသောကြောင့် စကားစပ်လျဉ်း၍ ထည့်သွင်းပြခြင်း ဖြစ်သည်"ဟု မှတ်ပါ။

www.dhammaransi.com



၅၁။ သခ်ေကတ္တံ ဗဟုတ္တဉ္စ, သာသနေ သက္ကတေ ပန၊
ဒွိတ္တဉ္စ ပကတိပိတ္ထာန, သချာ ဝုစ္စတိ တညုနာ၊

၅၁။ သာသနေ-သာသနာတော်၌၊ ဧကတ္တံ-တခု၏ အဖြစ်သည်ငင်း၊ ဗဟုတ္တံ-၂ ခုစသား, အများ၏အဖြစ်သည်ငင်း၊ သချာ-သချာ မည်၏၊ သက္ကတေ ပန-သက္ကတ၌ကား၊ ဒွိတ္တဉ္စ- ၂ ခု၏အဖြစ်ကိုလည်း၊ ပကတိပိတ္ထာန-ထည့်၍၊ သချာ-သချာကို၊ တညုနာ- ထို သချာမြင်သိ, ပညာရှိသည်၊ ဝုစ္စတိ-ဆိုအပ်၏။

၅၂။ ကမ္မာဒိကာရကံနာမ, ဘာဝသတ္တမကာရကံ၊
ကတ္တုသာဓနတော ဥေယျံ, ဘာဝသာဓနတောပိဝါ။

၅၂။ ဘာဝသတ္တမကာရကံ - ဘာဝကာရကလျှင် ၇ ခုမြောက်ရှိသော ကာရကသည်၊ ကမ္မာဒိကာရကံနာမ - ကမ္မာဒိကာရက မည်၏၊ ဝါ-ကံအစရှိသော ကာရကမည်၏၊ (တံ-ထိုကမ္မာဒိကာရကကို၊)ကတ္တုသာဓနတော- ကတ္တုသာဓနအားဖြင့်ငင်း၊ ဘာဝသာဓနတောပိ ါ- ဘာဝသာဓနအားဖြင့်ငင်း၊ ဥေယျံ-သိအပ်၏။

၅၁။ သခ်ေကတ္တံ ဗျာဒိ ။ ။ ဤဂါထာ၌ အထူးမှတ်ဘွယ်မှာ ပါဠိနှင့် သက္ကတတို့သချာထားပုံချင်း မတူပုံသာတည်း၊ ပါဠိ၌''၁-သချာကို ဧကတ္တ, ၂-မှစ၍ အများသချာကို ဗဟုတ္တ''ဟု ၂ မျိုးသာခွဲ၏၊ သက္ကတ၌ကား''၁-သချာကို ဧကတ္တ, ၂-သချာကို ဒွိတ္တ, ၃-မှစ၍ အများသချာကို ဗဟုတ္တ ဟု ခွဲသည်၊ ဝိဘတ်ကိုလည်း''ဧကဝစန,ဒွိဝစန, ဗဟုဝစန''ဟု ၃မျိုးထားသည်။ [ဧကဿ - တခုသော အနက်၏+ ဘာဝေါ - ဖြစ်ကြောင်းဖြစ်ရာ''တ်'' ဟူသော အရေအတွက်သချာတည်း၊ ဧကတ္တံ-ချာ။]

---

၅၂။ ကမ္မာဒိ၊ပေ၊တောပိဝါ။ ။သကတ်,ဩဇ်, လိင်,သချာဟူသော အနက် ၄ ပါးကို အကျယ်ပြပြီး၍ ကာရကကို ပြလိုသောကြောင့် '' ကမ္မာဒိ ကာရကံနာမ '' စသည်မိန့်၊ ကာရက ၆ ပါးဟု မှတ်သားရိုးရှိသော်လည်း ဤနေရာ၌ကား ဘာဝကိုထည့်၍ ကာရက ၇ ပါးဟု သိပါ၊ ထိုကာရကပုဒ်ကို ကတ္တုသာဓနဝိဂ္ဂဟလည်း ပြုရ၏၊ ဘာဝသာဓနဝိဂ္ဂဟလည်း ပြုရ၏- ဟူလို။ [ ကတ္တုသာဓနပြုပုံကို ၅၃ ဂါထာ၌, ဘာဝသာဓန ပြုပုံကို ၅၅ ဂါထာ၌ ကိုယ်တိုင်ပြလတ္တံ။]

www.dhammaransi.com



၅၃။ ဒဗ္ဗဂုဏကြိယာဇာတိ-နာမဘေဒေန ပဉ္စကော၊
ယော ကာရေတိ ကြိယံ ကဋ္ဌု-ကမ္မဋ္ဌန္တိ သ ကာရကော။

၅၃။ ဒဗ္ဗဂုဏကြိယာဇာတိနာမဘေဒေန - ဒြဗ်, ဂုဏ်,ကြိယာ, ဇာတ်, နာမ်တို့၏အပြားအားဖြင့်၊ ပဉ္စကော-ငါးပါးအတိုင်းအရှည် ရှိသော၊ ယော-အကြင်ပုဒ်နက်သည်၊ ကတ္တုကမ္မဋ္ဌံ - ကတ္တား၌တည် ကံ၌တည်သော၊ ကြိယံ- ကြိယာကို၊ ကရောတိ - ပြုလုပ်တတ်၏၊ ဝါ- ပြီးစေတတ်၏၊ ဣတိ- ထို့ကြောင့်၊ ဝါ-ထိုသို့ ကြိယာကို ပြုလုပ်တတ် ပြီးစေတတ်သည်၏ အဖြစ်ကြောင့်၊ သ( သော ) - ထို ပုဒ်နက်သည်၊ ကာရကော-ကာရကမည်၏။

၅၃။ ဒဗ္ဗ၊ပေ၊ကာရကော။ ။"ကတ္တုသာဓနတော ဧဝ ယံ့"ဟူသော စကားအရ ကာရကောပုဒ်ကို ကတ္တုသာဓန ,ဝိဂ္ဂဟပြု၍ ပြလိုသောကြောင့် "ဒဗ္ဗ"စသည်မိန့်၊ ဤဂါထာ၌"ကရောတီတိ ကာရကော"သာ လိုရင်းတည်း၊ "ကရောတိ" ဟူသော ကတ္တုသာဓနဝစနတ္တကြောင့် "ကာရက"မည်သည် ဟူလို။ [" ပြု "ဟူသည် ကိစ္စတခုကို ပြီးအောင် လုပ်ခြင်းတည်း၊ ထို့ကြောင့် ကရောတိကို "အဘိနိပ္ဖါဒေတိ-ပြီးစေ၏"ဟု ဖွင့်ကြသည်။]

ပဉ္စကော ယော ။ ။"ဝိသာဏီ ဂစ္ဆတိ "၌ ဝိသာဏီသည် ဒဗ္ဗသဒ္ဒါ တည်း၊ ထိုဝိသာဏီ၏ ပုဒ်နက်ဖြစ်သော နွားဒြဗ်သည် သွားခြင်းကြိယာကို ပြုလုပ်တတ် ( သွားတတ် )၏၊ "ဓဝလော-ဖြူသောနွား "ဟူသော ဂုဏ သဒ္ဒါ၏ အနက်, "ဂန္တာ-သွားတတ်သော နွား" ဟူသော ကြိယာသဒ္ဒါ၏ အနက်,"ဂေါ-နွား"ဟူသော ဇာတိသဒ္ဒါ၏အနက်,"စိတ္တော-စိတ္တမည်သော နွား"ဟူသော နာမသဒ္ဒါ၏ အနက်များလည်း သွားခြင်းစသော ကြိယာကို ပြုလုပ်တတ်ကြသည်၊ "ပဉ္စ+ပရိမာဏံ ယဿာတိ ပဉ္စကော"ဟုပြု။ ["ပဉ္စ ပရိမာဏော ယောပဒတ္ထော"—ဋီကာ။]

ကတ္တုကမ္မဋ္ဌံ ကြိယံ။ ။ "ပုရိသော မဂ္ဂံ ဂစ္ဆတိ" စသည်၌ သွားခြင်း ကြိယာသည် "ယောကျ်ား"ဟူသောကတ္တား၌ တည်၏၊ "ပုရိသော ဩဒနံ ပစတိ"၌ ကျက်ခြင်းကြိယာသည် ဩဒနံဟူသောကံ၌ တည်၏၊ ဤသို့ ကြိယာ ဟူသမျှ ကတ္တား၌ဖြစ်စေ, ကံ၌ဖြစ်စေ တည်ရသောကြောင့် " ကတ္တု ကမ္မဋ္ဌံ ကြိယံ"ဟု ဆိုသည်။ [ ဖလကြိယာ, ဗျာပါရကြိယာဟု ကြိယာ ၂ မျိုးရှိပုံကို ကစ္စည်းဘာသာဋီကာ"ယော ကရောတိ သကတ္တာ"သုတ်အဖွင့်၌ကြည့်ပါ။]

ကာရကံနှင့် ကာရကော။ ။ရှေ့ဂါထာ၌"ကာရကံ"ဟု နပုလ္လိန်ထား၍ ဤဂါထာ၌ " ကာရကော " ဟု ပုလ္လိန်ထားပြန်ရာ အဘယ်သို့မှတ်ရပါမည်

www.dhammaransi.com



**၅၄။ လောကေနာ·ဝိဇ္ဇမာနေပိ, ဝိဇ္ဇမာနောတိ သမ္မတော၊
ဉာတိချာယေန ဘာဝေါပိ,ကတ္တုသာဓနတော မတော၊**

၅၄။ လောကေန- လူအပေါင်းသည်၊ အဝိဇ္ဇမာနောပိ–ထင်ရှား မရှိသော အနက်ကိုလည်း၊ ဝိဇ္ဇမာနောတိ- ထင်ရှား ရှိ၏ဟူ၍၊ သမ္မတော – သမုတ်အပ်၏၊ ဉာတိ ချာယေန- ဤသို့သောနည်းလမ်းဖြင့်၊ ဘာဝေါပိ – ဘောကိုလည်း၊ ကတ္တုသာဓနတော – ကတ္တုသာဓန အားဖြင့်၊ မတော–ကာရက ဟု သိအပ်၏။

နည်း – ဟု မေးဘွယ်ရှိ၏၊ အဖြေကား— "ကြိယာနိမိတ္တံ– ကာရကံ" နှင့် အညီ"နိမိတ္တံ"ဟူသော နပုလ္လိင်အနက်ကိုရည်ရွယ်၍ "ကာရကံ" ဟု နပုလ္လိင် ထားခဲ့သည်၊ ဤဂါထာ၌ "ယော ပဒတ္ထော"ဟု "အတ္ထော"ဟူသော ပုလ္လိင် အနက်ကိုရည်ရွယ်၍"ကာရကော"ဟု ပုလ္လိင်ထားသည်ဟု မှတ်ပါ။ [ဒီပနီ၌ " ကတ္တုသာဓနေ ဏွုပစ္စယော ပုလ္လိင်ေ ဝတ္တတီတိ ကာရကောတိ ဝုတ္တံ" ဟု ဆို၏၊ ကာရကံ၌လည်း ကတ္တုသာဓနဟော ဏွုပစ္စည်းပင်ဖြစ်၏၊ ထို့ကြောင့် ထို ဒီပနီစကားကို စဉ်းစားပါ။]

---

**၅၄။ လောကေနာတျာဒိ။** ။"ဘာဝ" ဟူသည် ကြိယာတည်း၊ ထို ကြိယာသည် သရုပ်သကောင် (အကောင်အထည်) ထင်ရှားမရှိ၊ ထိုသို့ သရုပ် သကောင် အထင်အရှားမရှိလျှင် ကြိယာတပါးကို မပြုလုပ် မပြီးစေနိုင်၊ ထိုသို့ မပြုလုပ် မပြီးစေနိုင်လျှင် အဘယ်နည်းဖြင့် " ကြိယံ ကရောတိ " ဟူသော ကတ္တုသာဓ်အရ "ဘာဝသည် ကာရက မည်နိုင်ပါသနည်း " ဟု မေးဘွယ် ရှိသောကြောင့် "လောကေန၊ပေ၊မတော"ဟု မိန့်သည်။

ဤလူ့ လောကသည် ထင်ရှားမရှိသော အရာကိုလည်း ထင်ရှားရှိသည့် အနေအားဖြင့် သမုတ်ကြ ( အများအသိအမှတ်ပြုကြ )၏၊ ဥပမာ – ယုန်မှာ ဦးချိုမရှိသော်လည်း"သသ ဝိသာဏံ–ယုန့်ချို"ဟု ခေါ်ဆိုသမုတ်ထားကြပုံ များတည်း၊ ဤသို့သောလောကပြောရိုးနည်းလမ်းအားဖြင့် ကြိယာတပါးကို ပြုလုပ်တတ်-ပြီးစေတတ်သော သတ္တိမရှိသော ဘာဝသာဓနကိုလည်း သတ္တိရှိ သကဲ့သို့ တင်စား၍ တဒ္ဓမ္မူပစာရအားဖြင့်"ကြိယံ ကရောတိ"ဟူသော ကတ္တု သာဓ်ဝစနတ်အရ "ကာရက"ဟု ခေါ်ဆိုရသည်–ဟူလို။

**ဝုဋ္ဌိနိရုတ္တိ** ။ ။"ဘယံ ဇာယတိ – ကြောက်ခြင်းသည် ဖြစ်၏ "ဟူရာ၌ ဘယံသည် ဘာဝသာဓနတည်း၊ ထို ဘာဝသာဓနေအနက်ကို ပြတတ်သော ကြောင့် "ဘာဝသာဓနတ္ထံ ကရောတီတိ ကာရကံ "နှင့်အညီ ဘာဝသာဓန

www.dhammaransi.com



၅၅။ ကရဏံ ဝါ ကြိယာ ကာရော,ကာရော ဧဝ စ ကာရကော၊
တေနေဝ ကာရကော သတ္တိ-ကြိယာဘေဒေ န ဒွိဓာ။

၅၅။ ဝါ-တနည်း၊ ကရဏံ-ပြုခြင်း၊ ကာရော-ပြုခြင်း၊ ကြိယာ-ကြိယာတည်း၊ စ-ဆက်ဦးအံ့၊ ကာရောဧဝ-ကြိယာသည်ပင်၊ ကာရကော - ကာရကမည်၏၊ တေနေဝ - ထို သာဓန ၂ ပါးကြောင့်ပင်၊ ကာရကော-ကာရကသည်၊ သတ္တိကြိယာဘေဒေန-သတ္တိကာရက, ကြိယာကာရကတို့၏ အပြားအားဖြင့်၊ ဒွိဓာ- ၂ ပါး အပြားရှိ၏။

ကိုပင်"ကာရက"ဟုလည်း ခေါ်ရသည်။ [ ဘာဝသာဓန၏ ကာရကအမည် ရဘို့ရန် ကတ္တုသာဓနဝိဂ္ဂြိုဟ်ပြုရာ၌"ကြိယံ ကရောတီတိ ကာရကံ"ဟု မပြုဘဲ " ဘာဝသာဓနတ္တံ ကရောတီတိ ကာရကံ " ဟု ပြုပါ – ဟူလို။ ] ဤကား ဋီကာ၌လာသော စူဠနိရုတ္တိကျမ်း၏ အဓိပ္ပါယ်တည်း၊ ထိုစူဠနိရုတ္တိ အဆိုကို "လောကေနာဝိဇ္ဇမာနေနာပိ"ဂါထာမှ တမျိုးတခြားသောနည်း ဟု မှတ်ပါ။

---

၅၅။ **ကရဏံဝါချဲ့ဒီ**။ ။"ဘာဝသာနေတောပိဝါ"ဟု ဆိုအပ်သော စကားအရ ဘာဝသာဓနအားဖြင့် ကာရကအမည်ရပုံကို ပြလိုသောကြောင့် " ကရဏံဝါ "စသည်မိန့်၊ "ကရဏံ ကာရော" ဟု ဘာဝသာဓနပြု၊ [ ကရ ဓာတ် + ဏပစ္စည်း။ ] ထို့နောင် " ကာရောဧဝ ကာရကော " ဟု သွတ္ထ၌ ကပစ္စည်းသက်၍"ကာရက"ဟု ပြီးသည်။

**မှတ်ချက်**။ ။"ကရောတီတိ ကာရကော"ဟု ကတ္တုသာဓနပြုခြင်းသည် ကာရက ၇ပါးလုံးအတွက် ပြုခြင်းတည်း၊ ထိုသို့ပြုရာ၌ ဘာဝကာရကအတွက် ပြုတတ်သောသတ္တိ မရှိပါဘဲ သတ္တိရှိသကဲ့သို့ တင်စားသော တဒ္ဓမ္မူပစာရ နည်းအားဖြင့် ကာရကမည်၏–ဟု ( ရှေ့ဂါထာအလို )မှတ်ပါ၊ ဤဂါထာ၌ ဘာဝသာဓနပြုခြင်းကား "ဘာဝကာရက တပါးတည်းအတွက် (ကြိယာကို အရကောက်ဘို့ရာ) ပြုခြင်းတည်း"ဟု မှတ်ပါ။

**တေနေဝ၊ပေ၊ ဒွိဓော**။ ။ဤ ၅၃,၅၅ ဂါထာပုဒ်၌ ပြအပ်သောဝါဒ အရ ကာရကသည် သတ္တိကာရက, ကြိယာကာရကဟု ၂ မျိုးပြားကြောင်းကို သိရ၏၊ ထိုတွင် သတ္တိကာရကဟူသည် (မုချသတ္တိရှိသော) ရှေ့ကာရက ၆ ပါးတည်း၊[ တဒ္ဓမ္မူပစာရအားဖြင့် တင်စားအပ်သောသတ္တိပါဆိုလျှင် ကာရက ၇ ပါးလုံးပင်တည်း။ ] ကြိယာကာရကကား ဘာဝကာရက ၁ ပါးသာ ဖြစ်သည်။

www.dhammaransi.com



**၅၆။ နနုဝိနာ၀ ဒဗ္ဗာဒိံ, သတ္တိနာမ န ဒိဿတိ၊**
**ဒိဋ္ဌံ ၀တ္ထုံ ဝိဟာယေတ္ထ, အဒိဋ္ဌံ ကိံနု ဉာတ္ထသိ။**

၅၆။ ဒဗ္ဗာဒိံ-ဒြဗ်အစရှိသော၀တ္ထုကို၊ ဝိနာ-ကြဉ်၍၊ သတ္တိနာမ-သတ္တိမည်သည်၊ န ဒိဿတိဧဝ နနု- မထင်ရှားသည်သာလျှင် မဟုတ်ပါလော၊ ဧတ္ထ-ဤ ကာရကသဒ္ဒါ၏ အရကို ကောက်ပြရာ၌၊ ဒိဋ္ဌံ-တိုက်ရိုက် တွေ့မြင်အပ်သော၊ ၀တ္ထုံ - အထည် ၀တ္ထုကို၊ ဝိဟာယ-ပယ်စွန့်၍၊ အဒိဋ္ဌံ - တိုက်ရိုက် မတွေ့မြင်အပ်သော သတ္တိကို၊ ကိံ-အဘယ့်ကြောင့်၊(ကာရကောတိ-ကာရကမည်၏ ဟူ၍၊) ဉာတ္ထသိ-အလိုရှိဘိသနည်း၊(ဣတိ-ဤကား စောဒနာတည်း။)

**၅၇။ ဒဗ္ဗဿ ယံ ကရောတျေတံ, သာမတ္ထျံ သတ္တိ တာယ တု၊**
**ကတ္တုတာ ယဿ တဿေ၀, ဘဝေယျ ကရဏာဒိတာ။**

၅၇။ ဒဗ္ဗဿ- ဒြဗ်၏၊ ယံ-အကြင် စွမ်းနိုင်သည်၏ အဖြစ်သည်၊ (ကြိယံ-ကြိယာကို၊) ကရောတိ-ပြုလုပ်တတ်၏၊ ၀ါ-ပြီးစေတတ်၏၊

၅၆။ **နနု ၊ ပေ ၊ ဉာတ္ထသိ ။** ။ ဤဂါထာသည် စောဒနာပုံကိုပြသော ဂါထာတည်း၊ " ဒဗ္ဗဂုဏကြိယာဇာတိ- နာမဘေဒေန ပဉ္စကော" ဟု ၅၃ ဂါထာ၌ ဆိုခဲ့သော ဒြဗ်စသည်တို့သာ အထင်အရှား တွေ့ရ၍ သတ္တိကိုအထင် အရှားမတွေ့ရသည် မဟုတ်ပါလော၊ သို့ပါလျက် ထင်ရှားသော ဒြဗ်စသော ၀တ္ထုကိုဖယ်၍ မထင်ရှားသောသတ္တိကို အဘယ့်ကြောင့် ကာရက ဟု ဆိုလိုပါသနည်း၊—ဤကား စောဒနာပုံတည်း။

**ဒဗ္ဗာဒိံ, ၀တ္ထုံ ။** ။ ဒဗ္ဗာဒိံ၌ အာဒိဖြင့် ၅၃ ဂါထာ၌ပြခဲ့သော ဂုဏ, ကြိယာ, ဇာတိ, နာမတို့ကိုယူ၊ ဒိဋ္ဌံ၀တ္ထုံ၀ယ် ၀တ္ထုအရ၌လည်း ထိုဒြဗ်စသော ၅ ပါးလုံးပင်ဖြစ်သင့်၏၊ ထို့ကြောင့် ဒီပနီနှင့် ဋီကာတို့၌ "ဒိဋ္ဌံ ဒဗ္ဗံ"ဟု ၀တ္ထု အတွက်ဒြဗ်ကိုသာ ဖွင့်ခြင်းကို နောက်ဂါထာ၌ "ဒဗ္ဗဿ ယံ ကရောတိ" ကို ကြည့်၍ဖွင့်ခြင်းဟု မှတ်၊ ထို "ဒဗ္ဗဿ" အရလည်း ၄ မျိုး , တနည်း ၅ မျိုး ပြားသောဒြဗ်ကိုပင် အရကောက်ပါ၊ ထို့ကြောင့် ဒဗ္ဗာဒိံနှင့် ၀တ္ထုပုဒ်တို့အရ "ဒြဗ်, ဂုဏ်, ကြိယာ, ဇာတ်, နာမ် ၅ မျိုးချည်း ရသည်"ဟု မှတ်။

---

၅၇။ **ဒဗ္ဗဿတျာဒိ ။** ။ ဤကား အဖြေဂါထာတည်း၊ န္တွားဒြဗ်မှာ (မကျိုးမကာဏ်းလျှင်) သွားစွမ်းနိုင်သော သတ္တိရှိ၏၊ ထိုသတ္တိကြောင့် န္တွား ဒြဗ်သည် သွားခြင်းကြိယာကို ပြု၏၊ ထိုအစွမ်းကို " သတ္တိ " ဟု ခေါ်သည်။

www.dhammaransi.com



တောံသာမတ္ထံ့–၅်စွမ်းနိုင်သည် အဖြစ်သည်၊ သတ္တိ-သတ္တိမည်၏၊ တု–ဆက်ဥုးအံ့၊ **တာယ**(**သတ္တိယာ**) - ထို သတ္တိကြောင့်၊ ယဿ-အကြင် ဒြပ်၏၊ **ကတ္တုတာ**-ကတ္တား၏ အဖြစ်သည်၊(ဟောတိ- ၏၊)တဿဝ-ထို ဒြပ်၏ပင်၊ ကရဏာဒိတာ - ကရဏာအစရှိသည်၏ အဖြစ်သည်၊ ဘဝေယျ-ဖြစ်နိုင်၏၊(ဣတိ-၅်ကား **အဖြေ**တည်း။)

[" သွားစွမ်းနိုင်သော သတ္တိမရှိလောက်အောင် ကျိုးနေသော နွားဒြပ်သည် သွားခြင်းကြိယာကို မပြုနိုင်" ဟု ဗျတိရေကနည်းအားဖြင့် ပြောင်းပြန်ပြန်၍ လည်းကြည့်ပါ။]

**တာယ ကတ္တုတာ**။ ။ထို သွားစွမ်းနိုင်သော သတ္တိကြောင့် နွားဒြပ်မှာ ကတ္တား ( ကတ္တုကာရက ) ဟု အမည်ရ၏၊ အစစ်အမှန်အားဖြင့် သတ္တိ သာလျှင် မုချ ကတ္တုကာရက ဖြစ်၏၊ ဌာနီသတ္တိကို ဌာနဒြပ်ပေါ်တင်စား၍ နွားဒြပ်လည်း ဌာန္ယူပစာရအားဖြင့် ကတ္တုကာရက အမည်ရသည်– ဟူလို။ (၆၁)ဂါထာ၌ ၅်အဓိပ္ပါယ် လာဥုးလတ့်။ [ကတ္တုတာ၌ တာပစ္စည်းသည် နာမဘာဝအနက်ကို ဟော၏၊ ကတ္တုနော–ကတ္တုသဒ္ဒါ,ကတ္တားဟု သိသော ဉာဏ်၏ + ဘာဝေါ – ဖြစ်ကြောင်းဖြစ်ရာ ကတ္တားဟူသော အမည်သညာ တည်း၊ ကတ္တုတာ–ကတ္တားဟူသောအမည်သညာ။]

**ကရဏာဒိတာ**။ ။"တာယသတ္တိယာ"ကိုလိုက်စေ၊ ထိုသတ္တိကြောင့်ပင် နွားဒြပ်မှာ ကရဏ, ကမ္မ, သမ္ပဒါန, အပါဒါန, ဩကာသကာရက ဟူသော အမည်များလည်း ဖြစ်ကြသည်၊ " တာယသတ္တိယာ " ဟု ဆိုသောကြောင့် " သတ္တိတခုတည်းကြောင့် ကရဏကာရကစသောအမည်များ ဖြစ်ကြသည် " ဟု မမှတ်လင့်၊ ကရဏကာရကအမည်ရကြောင်းသတ္တိသည် တမျိုးတခြား, ကမ္မစသော ကာရက အမည်ရကြောင်းသတ္တိလည်း တမျိုးတခြားစီပင်တည်း၊ သတ္တိချင်းတူသောကြောင့် " တာယသတ္တိယာ " ဟု ကေဝုစ်ထားသည်။ [ထို ကတ္တုသတ္တိစသော သတ္တိ ၆ ပါးကို နောက် (၆၆)ဂါထာ၌ ပြအံ့။]

**သတ္တိ**။ ။သကဓာတ်,တ္တိပစ္စည်းဖြင့် သက္ကတ၌ သတ္တိသည် ပါဠိ၌သတ္တိဟု ဖြစ်လာ၏၊ [သကဓာတ် တိပစ္စည်းတည်း။] ထို့ကြောင့် "သက္ကောတိ တော ယာတိ သတ္တိ"ဟုပြု၊ တောယ–၅်အစွမ်းဖြင့်၊ ဒဗ္ဗံ–ဒြပ်သည်၊ သက္ကောတိ–သွားမှုစသည်ကို ပြုစွမ်းနိုင်၏၊ **ဣတိ**–၅် သွားခြင်း စသောအမှုကို ပြုစွမ်းနိုင် ကြောင်း၏အဖြစ်ကြောင့်၊ **သာ**–ထိုအစွမ်းသည်၊ သတ္တိ–မည်၏၊ဋီကာ၌ကား "**သန္တ**–သင်္ဂေ"ဟူသောဓာတ်ဖြင့်"**သန္တ**တိ အလ္လီယတိ တောယာတိ သတ္တိ" ဟု ပြုလေသည်။

www.dhammaransi.com



၅၈။ ကတ္တာဒိ သတ္တိယောဂေန, ဒဗ္ဗာဒျေကမ္ပိ ဘိဇ္ဇတေ၊
ယထေကောပိ ပဋော နီလ-ပီတာဒိဂုဏယောဂတော။

၅၈။ ပဋော-အဝတ်သည်၊ ဧကော-တထည်တည်းသည်၊(သမာနောပိ-ဖြစ်ပါသော်လည်း၊) နီလပီတာဒိဂုဏယောဂတော - အညို အရွှေ အစရှိသော ဂုဏ်တို့နှင့် ယှဉ်ခြင်းကြောင့်၊ ဘိဇ္ဇတေ ယထာ-အမျိုးမျိုးပြားရသကဲ့သို့၊(တထာ-ထို့အတူ၊)ဒဗ္ဗာဒိ-ဒြပ်အစရှိသော ဝတ္ထုသည်၊ ဧကံ-တမျိုးတည်းသည်၊ (သမာနံပိ-လည်း၊) ကတ္တာဒိ သတ္တိယောဂေန - ကတ္တုအစရှိသော သတ္တိတို့နှင့် ယှဉ်ခြင်းကြောင့်၊ ဘိဇ္ဇတေ-အမျိုးမျိုးပြားရ၏။

**၅၈။ ကတ္တာဒိတျာဒိ။** ။၅၇ ဂါထာ၌"ဒဗ္ဗဿ ကတ္တုတာ, တဿေဝ ကရဏာဒိတာ"စကားအရ "ဒြပ်တခုထည်းဖြစ်ပါလျက် အဘယ်နည်းဖြင့် ကတ္တား ကရိုဏ်းစသည် ကွဲပြားနိုင်သနည်း" ဟု မေးဘွယ်ရှိသောကြောင့် "ကတ္တာဒိ သတ္တိယောဂေန" စသည်မိန့်၊ ဒြပ်တခုထည်းပင်ဖြစ်သော်လည်း ကတ္တုသတ္တိစသော သတ္တိအမျိုးမျိုးနှင့် ယှဉ်ရသောကြောင့် ကတ္တား ကရိုဏ်း စသောအားဖြင့် အမျိုးမျိုးပြားရသည် – ဟူလို။ [ ဒဗ္ဗာဒိ၌ အာဒိဖြင့် ဂုဏ ကြိယာ ဇာတိ နာမတို့ကိုယူ။]

**ယထေကောပိ၊ပေ၊ယောဂတော။** ။အဝတ်သည် နဂိုရ်က အဖြူရောင်ရှိအံ့၊ "သြဒါတော– ဖြူသောအဝတ်"ဟု ဖြစ်၏၊ ထိုအဝတ်ကို အညိုဆေးဆိုးလျှင် "နီလော– ညိုသောအဝတ်"ဟု ဖြစ်ပြန်၏၊ အညိုရောင်ကို မကြိုက်သေး၍ ဆေးကိုချွတ်ပြီးနောက် အဝါရောင်ဆိုးပြန်လျှင် "ပီတော-ဝါသော (ရွှေသော) အဝတ်"ဟု ဖြစ်ပြန်၏၊ ဤသို့လျှင် အဝတ်တထည်ထည်း ဖြစ်ပါလျက် အရောင်အမျိုးမျိုးနှင့် တွဲယှဉ်ရသောကြောင့် အဝတ်နာမည်အမျိုးမျိုးပြားရသကဲ့သို့ , ထို့အတူ ဒြပ်တမျိုးတည်း ဖြစ်ပါသော်လည်း ကတ္တု သတ္တိစသော သတ္တိအမျိုးမျိုးနှင့် ယှဉ်ရသောကြောင့် ကတ္တား ကရိုဏ်းစသည်ဖြင့် အမည်အမျိုးမျိုးပြားရသည်။

**ဒဗ္ဗာဒိ၌ အာဒိအရ။** ။"ဓဝလ-(နွား၏) အဖြူဂုဏ်, ဂမန-(နွား၏) သွားခြင်းကြိယာ၊ ဂေါ–နွားဇာတ်၊ စိတ္တော–စိတ္တမည်သောနွား"စသည်ကို ယူ၍ ထို ဂုဏ်စသည်တို့၌လည်း "ဓဝလော ဘဝတိ–အဖြူဂုဏ်ဖြစ်၏၊ ဓဝလံ ပဿတိ – အဖြူဂုဏ်ကို ကြည့်၏၊ ဓဝလေန သောဘတိ – အဖြူဂုဏ်ဖြင့် တင့်တယ်၏၊ ဓဝလဿ ရောစတေ– အဖြူဂုဏ်အား နှစ်သက်၏၊ ဓဝလမှာ ဝိဂတော–အဖြူဂုဏ်မှကင်း၏၊ ဓဝလသ္မိံ ပတိဋ္ဌိတော-အဖြူဂုဏ်၌တည်၏" ဤသို့ သတ္တိအမျိုးမျိုးနှင့်ယှဉ်၍ ကတ္တား ကရိုဏ်းစသည်ပြားပုံကို သိပါ။

www.dhammaransi.com



၅၉။ ဗုဒ္ဓေါ စရတိ ဘောဗုဒ္ဓ, ဗုဒ္ဓံ အနုစရာဟိ တွံ၊
ဗုဒ္ဓေန ဒေသိတော ဓမ္မော, ဓမ္မော ဗုဒ္ဓေန တိဋ္ဌတေ။

၆၀။ ဓမ္မဋ္ဌော ဒေတိ ဗုဒ္ဓဿ, ဓမ္မော ဗုဒ္ဓါ ဝိနိဂ္ဂတော၊
ဓမ္မော ဗုဒ္ဓဿ ပသတ္ထော, လောကော ဗုဒ္ဓေ ပသီဒတိ၊

၅၉,၆၀။ ဗုဒ္ဓေါ-မြတ်စွာဘုရားသည်၊ စရတိ-လှည့်လည်တော်မူ၏၊ ဘောဗုဒ္ဓ – အို မြတ်စွာဘုရား၊ ( မည်သည့်ကြိယာ၌မျှ မစပ်ဘဲ ရပ်ထားလိုက်ပါ။) တွံ-သင်သည်၊ ဗုဒ္ဓံ-ဘုရားသို့၊ အနုစရာဟိ-အစဉ်လိုက်ပါလော၊ ဗုဒ္ဓေန-မြတ်စွာဘုရားသည်၊ ဓမ္မော-တရားကို၊ ဒေသိတော-ဟောတော်မူအပ်ပြီ၊ ဓမ္မော-သည်၊ ဗုဒ္ဓေန - ဖြင့်၊ တိဋ္ဌတေ-တည်၏၊ ဓမ္မဋ္ဌော-တရား၌တည်သောသူတော်ကောင်းသည်၊ ဗုဒ္ဓဿ-အား၊ ဒေတိ-ပေးလှူ၏၊ ဓမ္မော-သည်၊ ဗုဒ္ဓါ-မှ၊ ဝိနိဂ္ဂတော-ထွက်ပေါ်လာ၏၊ ဗုဒ္ဓဿ - ၏၊ ဓမ္မော – ကို၊ ပသတ္ထော – ချီးမွမ်းအပ်၏၊ လောကော-သတ္တာအပေါင်းသည်၊ ဗုဒ္ဓေ- ၌၊ ပသီဒတိ-ကြည်ညို၏။

၅၉, ၆၀။ ဤ ၂ ဂါထာကား ဒြဗ်တပါးတည်းက သတ္တိအမျိုးမျိုးနှင့် ယှဉ်ရသောကြောင့် အမျိုးမျိုး ပြားပုံကိုပြသော ဥဒါဟရဏ်ဂါထာတို့တည်း။

၁။ "ဗုဒ္ဓေါစရတိ"သည် ဝုတ္တကတ္တုသတ္တိနှင့် ယှဉ်သောကြောင့် ဝုတ္တကတ္တုကာရကဖြစ်ပုံတည်း။

၂။ "ဘောဗုဒ္ဓ"သည် ကြိယာ၌ မစပ်ရသဖြင့် ကြိယာကို မပြီးစေတတ်ရကား ကာရကသတ္တိ မဟုတ်၊ "အာလုပ်"ခေါ် အကာရကပုံစံတည်း။

၃။ "ဗုဒ္ဓံအနုစရာဟိ" သည် ကမ္မသတ္တိနှင့် ယှဉ်သောကြောင့် ကမ္မကာရကဖြစ်ပုံကိုပြသော ပုံစံတည်း။ [ဘောဗုဒ္ဓ–ဟူသော အာလုပ်နှင့်တွဲဘက်၍ အနက်ပေးပြီးလျှင်"ဗုဒ္ဓံ-ရှေးနောင်ခေတ်ဘုရားသို့"ဟု အနက်ပေးကြ၏၊ သို့သော် ဒြဗ်တမျိုးတည်းက အမျိုးမျိုးပြားပုံကို ပြသော ပုံစံများ ဖြစ်၍ ဘုရားဒြဗ်တော် ၂ ဆူဖြစ်နေရကား ထိုအနက်သည် မသင့်။]

**ဗုဒ္ဓေနစသည်။** ။ဗုဒ္ဓေနစသည်၌လည်း နိဿယအနက်ပေးပုံကိုကြည့်၍ အဝုတ္တကတ္တုသတ္တိ,ကရဏသတ္တိစသည်နှင့် ယှဉ်ပုံကိုသိပါ။ ["ဗုဒ္ဓဿ ဓမ္မော" ကား ကာရကသတ္တိ မဟုတ်, "သမ္ဗန်"ဟူသော အကာရကဖြစ်ပုံကို ပြသော ပုံစံတည်း။

www.dhammaransi.com



**၆၁။ ကာရကတ္တာ ကြိယာယေ၀, သတ္တိမုချေန ကာရကံ။**
**ဒဗ္ဗံ ဌာနျူပစာရေန, တဿာ အာဓာရဘာ၀တော။**

၆၁။ ကြိယာယ-ကြိယာကို၊ ကာရကတ္တာ-ပြုတတ်သည်၏အဖြစ်ကြောင့်၊ ဝါ - ပြီးစေတတ်သည်၏ အဖြစ်ကြောင့်၊ သတ္တိ၀ေ – သတ္တိသည်သာလျှင်၊ မုချေန - မုချအားဖြင့်၊ ဝါ – အစစ်အမှန် အားဖြင့်၊ ကာရကံ – ကာရကမည်၏၊ ဒဗ္ဗံ - ဒြပ်သည်၊ တဿာ - ထို သတ္တိ၏၊ အာဓာရဘာ၀တော - တည်ရာ၏ အဖြစ်ကြောင့်၊ ဌာနျူပစာရေန- ဌာနျူပစာရနည်းအားဖြင့်၊ ကာရကံ-ကာရက မည်၏။

၆၁။ **ကာရကတ္တာ၊ပေ၊ဘာ၀တော**။ ။မုချကာရက ဥပစာကာရကကို ခွဲပြလို၍ "ကာရကတ္တာ"စသည်မိန့်၊ "ပုရိသော မဂ္ဂံ ဂစ္ဆတိ-ယောကျ်ားသည် လမ်းကိုသွား၏"ဟူရာ၌ သွားခြင်းကြိယာကို ယောကျ်ားဒြပ်က ပြီးစေသည် မဟုတ်, သွားစွမ်းနိုင်သောသတ္တိကသာ ပြီးစေသည်၊ မှန်၏—ကျိုးပဲ့နေသော, သို့မဟုတ်—ဒူလာစွဲ၍ ပုံလဲနေသော ယောကျ်ားဒြပ်သည် သွားခြင်းကြိယာကို မပြီးစေနိုင်၊ ကျန်းကျန်းမာမာနှင့် ဓာတ် ၄ ပါး ညီညွတ်သော အခါ၌ကား သွားစွမ်းနိုင်သော သတ္တိတမျိုး ရှိ၏၊ ထို သတ္တိကသာ သွားခြင်း ကြိယာကို ပြီးစေနိုင်သည်၊ ထို့ကြောင့် သတ္တိကို မုချ(အစစ်အမှန်)"ကာရက"ခေါ်သည် ဟုမှတ်၊ ယောကျ်ားဒြပ်ကိုကား ထိုသတ္တိ၏ တည်ရာဖြစ်သောကြောင့် ဌာနီ သတ္တိ၏ ကာရကအမည်ကို ဌာနဒြပ်၌ တင်စားသော ဌာနျူပစာရအားဖြင့် "ကာရက"ဟု ခေါ်ရသည်။ [နောက်ဂါထာ၌ လာလတံ့အတိုင်း ပုရိသော သဒ္ဒါကား အနက်ကိုအကြောင်းပြု၍ ကာရကူပစာရအားဖြင့်ကာရကအမည် ရသည်၊ ထို့ကြောင့် ယခုအခါ၌ ပုရိသောကို ကတ္တုကာရက ဟု နားလည် နေကြရသည်။

**အမှာ** ။ ။ကြိယာယေ၀၌ ဧ၀ကို သတ္တိနောင်ရွှေ့၍ "သတ္တိဧ၀" ဟု အနက်ပေးဘို့ရန် ဒီပနီ၌"သတ္တိယေ၀ကြိယာယ ကာရကတ္တာ မုချေနကာရကံ နာမ"ဟု ဖွင့်၏၊ "တဒါ ဓာရဏဘာ၀တော"ဟု စာရှိသော်လည်း"အာဓာ ရဏ " ဟု ထားရိုး မရှိသောကြောင့်၎င်း, " တဿာ သတ္တိယာ အာဓာရ ဘာ၀တော"ဟု ဋီကာဖွင့်သောကြောင့်၎င်း"တဿာ အာဓာရဘာ၀တော" ဟု ဆရာတို့ပြင်တော်မူကြသည်၊ ထို့ပြင်— "ဒဗ္ဗံ ဌာနျူပစာရေန"၌ ဒဗ္ဗအရ လည်း ယောကျ်ားစသော အကောင်အထည်သာ မက, ဒဗ္ဗအပြား၌ပြခဲ့သော ဂုဏ ကြိယာ ဇာတိ (နာမ) တို့ကိုလည်း ယူပါ။

www.dhammaransi.com



၆၂။ သဒ္ဒေါ်တ္ထံ ဝဒတီတျေတ္တ, သဒ္ဒေါ ဒမ္ဗေဝ ဂယှတေ၊
အတ္ထသာဝါ စကော သဒ္ဒေါ,ပျတ္တဒ္ဓါရေန ကာရကော။

၆၂။ သဒ္ဒေါ – ပုရိသော အစရှိသော သဒ္ဒါသည်၊ အတ္ထံ – ယောကျ်ားအစရှိသော အနက်ကို၊ ဝဒတိ - ဟော၏၊ ဣတိ ဧတ္တ - ဤ ပြယုဂ်၌၊ သဒ္ဒေါ - ပုရိသော အစရှိသော သဒ္ဒါကို၊ ဒမ္ဗေဝ – ဒြဗ်၌ သာလျှင်၊ ဂယှတေ-သွင်းယူအပ်၏၊ အတ္ထသာ-အနက်ကို၊ ဝါစကော-ဟောတတ်သော၊သဒ္ဒေါပိ-သဒ္ဒါသည်လည်း၊ အတ္ထဒ္ဓါရေန-အနက်ဟူသော အကြောင်းကြောင့်၊ ဝါ - ကာရကရူပစာရအားဖြင့်၊ ကာရကော-ကာရကမည်၏။

၆၂။ **သဒ္ဒေါ၊ပေ၊ဂယှတေ။** ။ "သဒ္ဒေါ အတ္ထံ ဝဒတိ"ပြယုဂ်၌ ပါဠိဖြစ်သော"သဒ္ဒေါ"၏အနက်ဖြစ်သောပုရိသောစသောသဒ္ဒါသည် ဒြဗ်အပြား ၄ ပါး ၅ ပါးတို့တွင် မပါဝင်လျှင် ကာရကအမည်မရဘဲ ရှိရာ၏၊ ဘာ့ကြောင့်နည်း၊...."ဒဗ္ဗံ ဌာနျူပစာရေန"ဟု ဆိုရကား ဒဗ္ဗတွင်း၌ ပါဝင်မှသာ ဌာနျူပစာရအားဖြင့် ကာရကအမည် ရနိုင်သောကြောင့်တည်း၊ ထို့ကြောင့် "ဒြဗ်အပြားတွင် အဘယ်၌သွင်းမည်နည်း"ဟု မေးဘွယ်ရှိသောကြောင့်"သဒ္ဒေါ၊ပေ၊ဂယှတေ"ဟု မိန့်သည်၊ " သဒ္ဒေါ၏အနက်ဖြစ်သော ပုရိသောစသော သဒ္ဒါကို ဒြဗ်၌သွင်းပါ"ဟူလို၊ မှန်၏–"ဂေါ"စသော အက္ခရာတလုံးဖြစ်စေ, ပုရိသောစသော အက္ခရာအများဖြစ်စေ, ဂုဏ်, ဇာတ်, ကြိယာ, နာမ်တို့ကဲ့သို့ အကောင်အထည် မထင်မရှား မဟုတ်, အကောင်အထည် ထင်ရှားသော သဒ္ဒရုပ်ဒြဗ်များသာ ဖြစ်သည်။

**အတ္ထဿ၊ပေ၊ကာရကော။** ။ဤ ၂ ပါဒဖြင့် သဒ္ဒါဟူသမျှ၏ ကာရက အမည်ရပုံကို ပြသည်၊ " ပု°သော မဂ္ဂံ ဂစ္ဆတိ "၌ ပုရိသောသဒ္ဒါ ဖြစ်စေ, " သဒ္ဒေါ အတ္ထံ ဝဒတိ "၌ " သဒ္ဒေါ " ဟူသော သဒ္ဒါဖြစ်စေ, အနက်ကို အကြောင်းပြု၍ ကာရကရူပစာရအားဖြင့် ကာရကအမည်ရသည်၊ ဤစကားစဉ်အရ"သဒ္ဒေါ အတ္ထံ ဝဒတိ"၌ မုချ,ဌာနျူ, ကာရကရူပစာရအားဖြင့် ကာရက အမည်ရပုံကိုကော်ကြည့်ရာ၏၊ ပုရိသောစသောသဒ္ဒါ၏ အနက်ကိုဟောစွမ်းနိုင်သောသတ္တိသည် မုချအားဖြင့် ကတ္တုကာရက မည်၏၊ ပုရိသောစသော သဒ္ဒါသည် ထိုသတ္တိ၏ တည်ရာဖြစ်၍ ဌာနျူပစာရအားဖြင့် ကာရကမည်၏၊ သဒ္ဒေါ အတ္ထံ၌ သဒ္ဒေါကား မိမိ၏ဟောနက်ဖြစ်သော ပုရိသောစသော သဒ္ဒါကို အကြောင်းပြု၍ ကာရကရူပစာရအားဖြင့် ကာရကမည်၏။ [ ရှေ့ဂါထာ၌ "ပုရိသော မဂ္ဂံ ဂစ္ဆတိ"ကို ပုံစံထုတ်၍ ပုရိသောအတွက် ကောက်ပြခဲ့ပြီ။]

www.dhammaransi.com



၆၃။ ကြိယာနိမိတ္တမေကန္တံ, ကြိယတ္တံ ကာရကီရိတံ၊
ကြိယာနိမိတ္တမတ္တံပိ, မကြိယတ္တ မကာရကံ။

၆၃။ ကြိယာနိမိတ္တံ-ကြိယာ၏ အကြောင်းသည်၊ (ဟုတ္ဂာ-၍၊) ဧကန္တံ-စင်စစ်၊ ကြိယတ္တံ-ကြိယာဟူသော အကျိုးရှိသော အနက်ကို၊ ကာရကံ-ကာရကဟူ၍၊ ဤရိတံ-ဆိုအပ်၏၊ ကြိယာနိမိတ္တံ-ကြိယာ၏ အကြောင်းမျှသည်၊ ( သမာနံပိ-ဖြစ်ပါသော်လည်း၊ ) အကြိယတ္တံ-ကြိယာဟူသော အကျိုးမရှိသောအနက်ကို၊ အကာရကံ-အကာရက ဟူ၍၊ ဤရိတံ-ဆိုအပ်၏။

**၆၃။ ကြိယာ၊ပေ၊မကာရကံ။** ။ကာရက၏လက္ခဏာနှင့် အကာရက၏ လက္ခဏာကိုပြလို၍ "ကြိယာ၊ပေ၊ မကာရကံ"ဟု မိန့်သည်၊ နိဿယအတိုင်း မြန်မာပြန်ပါ၊ ဆိုလိုရင်းကား — ကြိယာ၏ အကြောင်းဖြစ်ခြင်း ့ စင်စစ် ကြိယာဟူသော အကျိုးရှိခြင်းအားဖြင့် ကာရက၏ လက္ခဏာ ၂ ပါးရှိသည်၊ "ကြိယာ၏ အကြောင်းမျှဖြစ်စေကာမူ ကြိယာဟူသော အကျိုးမရှိခြင်း"ဟု အကာရကလက္ခဏာမှာ ၁ ပါးသာရှိသည်—ဟူလို။

**ကြိယာ၊ပေ၊ ကာရကီရိတံ။** ။"ပုရိသော ဂစ္ဆတိ"ပုံစံ၌ ယောက်ျား၏ သွားစွမ်းနိုင်သောသတ္တိသည် သွားခြင်းကြိယာ၏ အကြောင်းလည်း ဟုတ်၏၊ ထိုသတ္တိကြောင့် သွားနိုင်ရကား ထိုသတ္တိမှာ သွားခြင်းကြိယာ ဟူသော အကျိုးလည်းရှိ၏၊ ဤသို့လက္ခဏာ ၂ ပါးနှင့်ပြည့်စုံသောကြောင့် ယောက်ျား၏ သွားနိုင်သောသတ္တိသည် ကတ္တုကာရက မည်၏၊ ဤသို့စသည်ဖြင့် အခြား ကာရကများ၌လည်း ဤနည်းမှီး၍ သိပါ။

**မှတ်ချက်။** ။"ဧကန္တံ ကြိယတ္တံ=ဧကန်မုချ တိုက်ရိုက်အားဖြင့် ကြိယာ အကျိုးရှိခြင်း" ဟု ဆိုသောကြောင့် အကြား၌ အကြောင်းတခု ခြားပြီးမှ သွယ်ဝိုက်၍ ကြိယာအကျိုးရှိခြင်းကို"ဧကန္တကြိယတ္တ"ဟု မဆိုလိုကြောင်းကို သတိပြုခဲ့ပါ။

**ကြိယာနိမိတ္တ မတ္တံပိ။** ။၆၅ ဂါထာ၌ ပြအပ်လတ့်သော ဘာဝလက္ခဏာ စသော အနက်များသည် ကြိယာ၌စပ်ဆိုက်ရသောကြောင့် (ကြိယာ၌စာစပ် ရသောကြောင့်) ကြိယာ၏အကြောင်းကား ဟုတ်ပါပေ၏၊ သို့သော် ကြိယာ အကျိုးရတို့မှာ ဧကန်မဟုတ်သောကြောင့်"ဧကန္တံ ကြိယတ္တံ"ဟူသော လက္ခဏာနှင့် မညီညွတ်ရကား ကာရက ဟု မဆိုရ၊ "အကာရက"သာ ဖြစ်သည်၊ မတ္တံပိ၌ အပိသည် ကြိယာ၏အကြောင်းဖြစ်ခြင်းကို မြှောက်သော အနုဂ္ဂဟတ္ထ

www.dhammaransi.com



၆၄။ သာမျာ·လပန နိဒ္ဒါရ-ဏာ ဘာဂျာဒိ·မကာရကံ၊
ကြိယာယော တဒါ ယောဂါ-ဘာဝတော တျုပလက္ခယေ။

၆၄။ **သာမျာလပန နိဒ္ဒါရဏာဘာဂျာဒိ** - သာမိ, အာလုပ်, နိဒ္ဒါရဏာဘာဂီ အစရှိသော အနက်ကို၊ တဒါ- ထိုသာမိ, အာလုပ်, နိဒ္ဒါရဏာဘာဂီအစရှိသည်တို့၏ အခိုက်အတန့်၌၊ ကြိယာယ-ကြိယာနှင့်၊ **ယောဂါ·ဘာဝတောဝေ** - ယှဉ်ခြင်း၏ မရှိခြင်းကြောင့်ပင်၊ အကာရကံ-အကာရကဟူ၍၊ ဥပလက္ခယေ-မှတ်ရာ၏။

ဇော်တကတည်း၊ "ကြိယာ၏အကြောင်း ဖြစ်တောင်မှ အကာရက မည်ရသေး၏၊ ကြိယာ၏အကြောင်းမျှ မဖြစ်သော (၆၄ ဂါထာ၌လာသော) သမ္ဗန်စသည်တို့၏ အကာရကမည်ကြောင်းမှာ ဆိုဘွယ်ရာ မလို" ဟု ဂရုဟာကို ဆည်းပါ၊ ဒီပနီ၌ကား–"အပိသဒ္ဒေါ ဝက္ခမာနလက္ခဏံ (ဆိုအပ်လတ္တံ့သော လက္ခဏာရှိသော) အကာရကံ( သမ္ဗန်စသော အကာရကကို) အပေက္ခတိ" ဟု အပိအတွက် အပေက္ခာအနက် ဟု ဆို၏၊ စဉ်းစားကြပါလေ။

---

၆၄။ **သာမျာ၊ပေ၊ လက္ခယေ**။ ။ ဆိုအပ်ခဲ့သော ကာရကလက္ခဏာ ၂ မျိုးလုံး မရှိသော အာကာရကတို့ကို ပြသော ဂါထာတည်း၊ မှန်၏ — "ရညော ပုရိသော" ဟူသော သမ္ဗန်၏ပုံစံ၌ ရညောသည် ပုရိသော၌သာ စပ်၏၊ ကြိယာ၌ လုံးဝစပ်ခြင်း မရှိ၊ ဤသို့ ကြိယာနှင့် မစပ်သောကြောင့် ကြိယာ၏ အကြောင်းမျှ မဖြစ်ရကား အကာရကတည်း၊ "ဘောပုရိသ– အိုယောကျ်ား "ဟူသော အာလုပ်အနက်လည်း ကြိယာနှင့်မစပ်၊ ထို့ကြောင့် အကာရကတည်း။

**နိဒ္ဒါရဏာဘာဂီ**။ ။တေသို့–ဤအပေါင်း၌၊ နိဒ္ဒါရဏာဘာဂေါ-ခွဲထုတ်ဘို့ရာ အဘို့ဘာဂသည်၊ အတ္ထိ, ဃာတ်, နိဒ္ဒါရဏာဘာဂီ၊ ဤ ဝစနတ္ထနှင့် အညီ "ကဏှာ ဂါဝီနံ "၌ ကဏှာကဲ့သို့ ခွဲထုတ်ဘို့ရာ အဘို့ဘာဂရှိသော ဂါဝီနံကို နိဒ္ဒါရဏာဘာဂီ ဟု ခေါ်၏၊ နိဒ္ဒါရဏာသမုဒါယဟုလည်း ခေါ်၏၊ ထို ဂါဝီနံလည်း ကဏှာ၌သာစပ်၍ ကြိယာ၌ မစပ်ရသောကြောင့် အကာရကမည်၏၊ ဘာဂျာဒိ (ဘာဂီ+အာဒိ) ၌ အာဒိသဒ္ဒါဖြင့် "ဂေါတ္တေန ဂေါတမော"၌ ဂေါတ္တေနကဲ့သို့သော ဝိသေသန, "အဂ္ဂိနာ ကာဏော"၌ အဂ္ဂိနာကဲ့သို့သော အင်္ဂဝိကာရ, တိဒဏ္ဍကေန ပရိဗ္ဗာဇကံ"၌ တိဒဏ္ဍကေနကဲ့သို့သော ဣတ္ထမ္ဘူတလက္ခဏ စသည်ကိုယူ။

www.dhammaransi.com



၆၅။ ဘာဝလက္ခဏ ဟေတွာဒိ,ကြိယတ္ထဿ အဘာဝတော၊
တံယောဂေ တံနိမိတ္တေပိ, ကာရကန္တိ န ဝုစ္စတိ။

၆၅။ ဘာဝလက္ခဏဟေတွာဒိ – ဘာဝလက္ခဏ , ဟိတ် အစ ရှိသော အနက်ကို၊ ကြိယတ္ထဿ-ကြိယာဟူသော အကျိုး၏၊အဘာဝ တော-မရှိခြင်းကြောင့်၊ တံယောဂေ- ထို ကြိယာနှင့် ယှဉ်ခြင်းသည်၊ တံ နိမိတ္တေ–ထို ကြိယာ၏ အကြောင်းသည်၊(သတိပိ - ဖြစ်ပါသော် လည်း၊) ကာရကန္တိ–ကာရက ဟူ၍၊ န ဝုစ္စတိ-မဆိုအပ်။

၆၅။ ။"ကြိယာနိမိတ္တမတ္တံပိ အကြိယတ္ထမကာရကံ"ဟု ၆၃ ဂါထာ၌ ဆိုအပ်ခဲ့သောစကားရပ်၏ သရုပ်ကိုပြသောဂါထာတည်း၊ ဘာဝလက္ခဏနှင့် ဟိတ် (ဟေတွာဒိ၌ အာဒိဖြင့်ယူအပ်သော) နိမိတ်တို့သည် ကြိယာ၌ စာစပ် ရသဖြင့် ကြိယာနှင့်ယှဉ်ရ , ကြိယာ၏ အကြောင်းနိမိတ် ဖြစ်ရသော်လည်း ကြိယာဟူသောအကျိုးမရှိသောကြောင့် ကာရကဟု မဆိုရ၊ "အကာရကသာ ဖြစ်သည်"ဟူလို။

**ဘာဝလက္ခဏပုံစံ**။ ။"ဂေါသု ဒုယှမာနာသု ဂတော ပုရိသော"သည် ဘာဝလက္ခဏ၏ပုံစံတည်း၊ "ဒုယှမာနာသု" အရ ဒုယှန ( နို့ညှစ်ခြင်း) ကြိယာသည် "ဂတော" အရ ဂမနကြိယာကို မှတ်သားကြောင်းဖြစ်၏၊ "ဘယ်အချိန်သွားတုန်း"ဟု မေးလျှင်"နို့ညှစ်အပ်ကုန်သည်ရှိသော်(နို့ညှစ် ချိန်)သွား၏"ဟု နို့ညှစ်ခြင်းကြိယာဖြင့် သွားခြင်းကိုမှတ်သား၍ ပြောပြ ရ၏၊ ထို့ကြောင့် ဒုယှနကြိယာကို လက္ခဏ (ဘာဝလက္ခဏ) ဟုခေါ်သည်။ [ဘာဝဿ–(ဂတောစသော ) လက္ခကြိယာကို + လက္ခဏံ – မှတ်သား ကြောင်း ကြိယာတည်း၊ ဘာဝလက္ခဏံ–ကြိယာတပါးကိုမှတ်သားကြောင်း ကြိယာ၊ ဒီပနီကား "ဘာဝေါစ– ကြိယာလည်း ဟုတ်၏+သော+လက္ခဏ ဉ္စာတိ ဘာဝလက္ခဏံ"ဟု ပြုစေလို၏။]

**တံယောဂေပိ**။ ။ထို "ဒုယှမာနာသု" သည် ဂတော၌(လက္ခဏ+ လက္ခအဖြစ်ဖြင့် ) စာစပ်ရသောကြောင့် ကြိယာနှင့်ယှဉ်ရ စပ်ရသည်ကား မှန်ပေ၏၊ သို့သော်လည်း ယောကျ်ားသည် နို့ညှစ်ခြင်းကြောင့် သွားသည် မဟုတ်, သူ့ကိစ္စကြောင့် သူ့ဘာသာသွားသည်၊ သို့ဖြစ်လျှင် "ကြိယတ္ထဿ အဘာဝတော – နို့ညှစ်ခြင်း၌ သွားခြင်းကြိယာဟူသော အကျိုး မရှိသော ကြောင့် ဒုယှမာနာသုဟူသော ဘာဝလက္ခဏကို ကာရကဟု မဆိုရ၊ အကာ ရကသာဖြစ်သည်။ ["တံယောဂေပိ"သည် ဘာဝလက္ခဏအတွက် လက္ခဏ အရုပ်ပုဒ်တည်း၊ "ထိုကြိယာနှင့်ယှဉ်သော်လည်း ကာရက ဟု မဆိုရ"ဟူလို၊ တဿ–ထိုကြိယာနှင့်+ယောဂေါ- ယှဉ်ခြင်းတည်း၊ တံယောဂေါ–ခြင်း။]

www.dhammaransi.com



**ဟေတုပုံစံ ။** ။ အန္နေန ဝသတိ၊ ဤကား ဟေတုပုံစံတည်း၊ အန္န — (အစာ)သည် နေခြင်း၏အကြောင်းတည်း၊ "ဘာ့ကြောင့်နေသနည်း"ဟု မေးလျှင် "အစာကြောင့်+နေ၏"ဟု ဖြေရ၏၊ ဤသို့လျှင် အန္နသည် တံ နိမိတ္တ — ထိုကြိယာ၏အကြောင်းဖြစ်၏၊ သို့သော်လည်း ထိုအစာသည် နေခြင်း ကြိယာနှင့် အတူတကွ မဖြစ်၊ အတူတကွ မဖြစ်လျှင် နေခြင်းကြိယာဟူသော ဧကန်အကျိုးရှိသည် မဟုတ်၊ နေပြီးနောက် အတော်ကြာမှ စားရမည့် ထမင်း ကြောင့် မြော်လင့်၍နေနှင့်ခြင်း ဖြစ်ရကား အန္နက တခြား, ဝသနကြိယာက တခြားဖြစ်၏၊ ထို့ကြောင့်"ကြိယတ္ထဿ အဘာဝတော"အရ ဟိတ်ကိုလည်း အကာရကဟု ဆိုရသည်။

**ကြိယာနှင့်တကွဖြစ်မှ ကာရကခေါ်ရသည်။** ။"ပုရိသော မဂ္ဂံ ပါဒေန ဂစ္ဆတိ"၌ ကာရက ၃မျိုးပါ၏၊ယောက်ျားဟူသောကတ္တားသည် သွားတုန်း ဆဲဆဲ၌ သွားခြင်းကြိယာ နှင့်လည်း တကွဖြစ်၏၊ လမ်းပေါ်၌ သွားရသော ကြောင့် လမ်းဟူသော ကံသည်လည်း သွားခြင်းကြိယာနှင့် တကွဖြစ်၏၊ ခြေဖြင့်သွားရသောကြောင့် ခြေဟူသောကရိုဏ်းလည်း သွားခြင်းကြိယာနှင့် တကွဖြစ်၏၊ ဤသို့ ကြိယာနှင့် အတူတကွဖြစ်မှသာ"ကေဝလံ ကြိယတ္ထံ—ကေန် ကြိယာဟူသော အကျိုးရှိသည်"ဟု ဆိုရသည်၊ ပြခဲ့သော ဟေတုပုံစံ၌ကား ထမင်းသည် နေခြင်းကြိယာနှင့် အတူတကွ မဖြစ်၊ နေခြင်းက ရှေ့, စားရမည့် ထမင်းက နောက်မှဖြစ်နေ၏၊ ထို့ကြောင့် "ကေဝလံ ကြိယတ္ထံ"ဟု မဆိုနိုင် ရကား အန္နေနသည် ကရဏကာရက အမည်မရဘဲ အကာရကသာ မည်ရ လေသည်။

**နိမိတ်ပုံစံ။** ။ကုဉ္စရော ဒန္တေသု ဟညတေ၊ ဤပုံစံ၌ ဒန္တေသုသည် ဟည တေ၌ ("အစွယ်တို့ကြောင့်+သတ်အပ်"ဟု နိမိတ်+နိမိတ္တဝန္တအဖြစ်ဖြင့်) စာစပ်ရ၍ ကြိယာ၏ နိမိတ္တ ဖြစ်ပါသော်လည်း သတ်ခြင်း ကြိယာနှင့် အတူ တကွ မဖြစ်, ဆင်ကောင်ဒြမ်သည်သာ သတ်ခြင်းကြိယာနှင့်အတူတကွဖြစ်၏၊ ထို့ကြောင့် ကေဝလံ ကြိယတ္ထံ — စင်စစ် ကြိယာဟူသော အကျိုး မရှိရကား ကာရက ဟု မဆိုရ, အကာရကသာ ဖြစ်ရသည်။

**မှတ်ချက်။** ။" တံ နိမိတ္တေပိ"၌ ပိသည် ဟေတွာဒိအတွက် လက္ခဏာ အရုစိပုဒ်တည်း၊ ဟိတ်နှင့် နိမိတ်သည် ကြိယာ၏ အကြောင်းဖြစ်သော်လည်း ကာရက ဟု မဆိုရ—ဟူလို၊ "သော်" ဟု လက္ခဏာအနက်ရင်း, "လည်း" ဟု မနှစ်သက်အပ်သော အရုစိအနက်ရင်း, ပေးရသောပုဒ်ကို "လက္ခဏာအရုစိ" ဟု ခေါ်သည်။]

www.dhammaransi.com



## ၆၆။ ကာရကော ဆဗ္ဗိဓော ကတ္တု-ကာရဏကမ္မသမ္ပဒါ၊ နာဝဓော ကာသဘေဒေန, သတျာဝတ္ထပ္ပဘေဒတော။

၆၆။ ကာရကော – ကာရကသည်၊ သတျာဝတ္ထပ္ပဘေဒတော – သတ္တိအခိုက် အတန့်၏ ပြားခြင်းကြောင့်၊ ကတ္တုကရဏကမ္မသမ္ပဒါ နာဝဓောကာသဘေဒေန – ကတ္တုကာရက, ကရဏကာရက, ကမ္မကာရက, သမ္ပဒါနကာရက, အဝဓိကာရက, ဩကာသ ကာရက တို့၏ အပြားအားဖြင့်၊ ဆဗ္ဗိဓော – ၆ ပါး အပြားရှိ၏။

၆၆။ ။ဤဂါထာဖြင့် ကာရက ၆ ပါးအပြားကို ပြ၏၊ [ ဆန်းကြောင့် "ကရဏကွ" ဟု ကချွေတော်ပြုထားသည်၊ ] အပါဒါန ကာရကကိုပင် မောဂ္ဂလ္လာန်စသော ကျမ်းများ၌ "အဝဓိ" ဟု နာမည်တပ်၏၊ ထို့ကြောင့် ဤဂါထာ၌လည်း "အဝဓိ" ဟု ဆိုထားသည်၊ အဝဓိ, သီမာ, မရိယာဒါသဒ္ဒါ တို့သည်၊ ( အပိုင်းအခြား အနက်အားဖြင့် ) တူသောအနက်ရှိကြကုန်၏၊ ထို့ကြောင့် "အဝဒဓာတိ (ပရိစ္ဆိန္ဒတိ) – ကြိယာကို ပိုင်းခြားတတ်၏၊ ဣတိ အဝဓိ" ဟု ပြု၊ "ဂါမာ အပေန္တိ" ၌ ဂါမသည် ဖဲခြင်းကြိယာကို ("ဤရွာမှ ဖဲသွား၏" ဟု) ပိုင်းခြားတတ်၏၊ ထို့ကြောင့် အဝဓိအမည်ရသည်။

တနည်း။ ။ "အဝဓီယတေ ယတောတိ အဝဓိ" ဟု အပါဒါနသာဓန လည်း ပြုကြ၏၊ ယတော – အကြင်ရွာအစရှိသော အရပ်မှ၊ အဝဓီယတေ – တစုံတခုသောဝတ္ထုကို ပိုင်းခြားအပ်၏၊ ဣတိ – ထိုသို့ပိုင်းခြားခဲ့ရာ၏ အဖြစ် ကြောင့်၊ သော – ထို ရွာအစရှိသောအရပ်သည်၊ အဝဓိ – မည်၏။ [ ယတော ဝဓိယတေ ကိဉ္စိ, ကြိယာပုဗ္ဗံ ကုတောစန။ ...အမှတ်မရှိသောအနက်မှ တစုံ တခုသောဝတ္ထုကို ကြိယာရှေးရှိသည်ဖြစ်၍ ( ဂမန-ဒါနစသော ကြိယာကို အကြောင်းပြု၍ ) သူတပါးသည် ပိုင်းခြားအပ်၏။... ( မောဂ္ဂလ္လာန်နိဿယ၌ လာသော ) ဟရိကာရိကာ။ ]

သတျာဝတ္ထပ္ပဘေဒတော။ ။ [ သတ္တိ + အဝတ္ထာ – သတ္တိ၏အခိုက် အတန့်၊ ] "ဗုဒ္ဓေါဧရတိ" စသော ဂါထာကိုပြန်ကြည့်ပါ၊ ထိုဂါထာ၌ ဘုရား ဒြဗ်တော်အားဖြင့် တဆူတည်း ဖြစ်သော်လည်း "ဗုဒ္ဓေန ဒေသိတော" ၌ ဟောတော်မူစွမ်းနိုင်သော သတ္တိအခိုက်ဝယ် "ဗုဒ္ဓေန" ဟု ကတ္တုကာရက ဖြစ်၏၊ "ဗုဒ္ဓံ အနုစရာဟိ" ၌ အစဉ့်လိုက်အပ်သည်၏ အဖြစ်ဟူသော (ကြိယာ ပါပုဏန) သတ္တိအခိုက်ဝယ် "ဗုဒ္ဓံ" ဟု ကမ္မကာရကဖြစ်၏၊ ဤနည်းအတိုင်း "ဗုဒ္ဓေန တိဋ္ဌတေ, ဗုဒ္ဓဿ ဒေတိ, ဗုဒ္ဓါ ဝိနိဂ္ဂတော, ဗုဒ္ဓေ ပသီဒတိ" တို့၌လည်း ကရဏကာရကစသည် ဖြစ်ပုံကို သိပါ။

www.dhammaransi.com



၆၇။ သဗ္ဗဘာဝါ·ဝိနာဘာဝိ, ကရဏာဒိပုရေက္ခတော၊
ယော ကရောတျတ္တကမ္မင့်ံ, ကြိယံ ကတ္တာ သ ကာရကော။

၆၇။ သဗ္ဗဘာဝါဝိနာဘာဝိ-အလုံးစုံသော ကြိယာတို့နှင့် မကင်း မူ၍ ဖြစ်လေ့ရှိသော၊ ကရဏာဒိပုရေက္ခတော-ကရဏအစရှိသော ကာရကတို့သည် ရှေ့သွားပြုအပ်သော၊ ယော-အကြင်ကာရကသည်၊ အတ္တကမ္မင့်-မိမိ၌တည်,ကံ၌တည်သော၊ကြိယံ-ကြိယာကို၊ကရောတိ-ပြုတတ်၏၊ သ(သော)-ထို ကာရကသည်၊ ကတ္တာ—ကတ္တားမည်၏။

၆၇။ ။ဤဂါထာဖြင့် ကတ္တုကာရက၏ သဘောကိုဥင်း, ဝစနတ္ထကိုဥင်း ပြ၏၊ ချဲ့ဥုးအံ—"သဗ္ဗ၊ပေ၊ပုရေက္ခတော"ဖြင့် ကတ္တုကာရက၏ သဘောကို ပြ၏၊ ကတ္တုကာရကသည် အားလုံးသော ကြိယာတို့နှင့် ကင်း၍ မဖြစ်. "ကြိယာတိုင်းမှာ ကတ္တုကာရက အမြဲပါရှိသည်" ဟူလို၊ ကရဏကာရက စသော ကာရက ၅ ပါးသည် ကတ္တုကာရကကို ရှေ့သွားပြုရ၏၊ ကြိယာကို ပြီးစေရာဝယ် ကရဏ စသည်တို့ထက် ကတ္တုကာရကက ပဓာနဖြစ်သည်ကို "ရှေ့သွား "ဟု ဆိုသည်။ [သဗ္ဗဘာဝေဟိ—အလုံးစုံသော ကြိယာတို့နှင့်+ အဝိနာဘာဝိ-မကင်းမူ၍ဖြစ်လေ့ရှိသည်တည်း၊ သဗ္ဗဘာဝါဝိနာဘာဝိ-သည်၊ ကရဏာဒိဟိ+ပုရေက္ခတော ကရဏာဒိ ပုရေက္ခတော။]

**ယော၊ပေ၊ကတ္တာ**။ ။ဤစကားဖြင့် ကတ္တာ၏ဝစနတ္ထကိုပြ၏၊ "ကရောတီတိ ကတ္တာ"ဟု ဝနတ္ထပြုပါ—ဟူလို၊ "ကရောတိ—ပြု"ဟူသည် "တစုံတခု သော ကြိယာကို ပြီးစီးစေခြင်း—ပြီးအောင် ပြုလုပ်ခြင်း"တည်း၊ ထို့ကြောင့် ကရောတိကို "အဘိနိပ္ဖါဒေတိ – ပြီးစီးစေတတ်၏"ဟု အနက်ဖွင့်ကြသည်၊ အတ္တာစ-မိမိဟူသော၊ကတ္တားလည်း+ကမ္မဉ္စ—ကံလည်း၊ အတ္တကမ္မံ-မိမိ, ကံ၊ အတ္တကမ္မနိ+တိဋ္ဌတီတိ အတ္တကမ္မဋ္ဌာ။

**ဆက်ဥုးအံ့** ။ ။ "ပုရိသော မဂ္ဂံ ဂစ္ဆတိ "၌ သွားခြင်းကြိယာသည် ယောကျာ်းဟူသော ကတ္တား၌တည်၏၊"ပုရိသော ဩဒနံ ပစတိ"၌ ကျက်ခြင်း ကြိယာသည် ထမင်းတည်းဟူသော ကံ၌ တည်၏၊ ဤသို့လျှင် မိမိတည်းဟူ သော ကတ္တား၌တည်သော သွားခြင်း စသော ကြိယာကို ဖြစ်စေ, ထမင်း စသောကံ၌ တည်သော ကျက်ခြင်း စသော ကြိယာကိုဖြစ်စေ ယောကျာ်း စသော ကတ္တားသည်သာ ပြီးစီးစေနိုင်၏၊ ထို့ကြောင့် "ကတ္တုကာရက"ကို ကြိယာကို ပြီးစေတတ်သော ( ကြိယာကို ပြီးအောင် ပြုလုပ်တတ်သော ) ကာရက ဟု ခေါ်ရသည်။

www.dhammaransi.com



၆၀။ ကတ္တာ သဗ္ဗကြိယာဗျာပီ, သေသံ ကမ္မာဒိပဉ္စကံ၊
ဝိသေသကြိယာဗျာပီတိ, ကာရကံ ဒုဗ္ဗိဓံ မတံ။

၆၀။ ကတ္တာ- ကတ္တုကာရကသည်၊ သဗ္ဗကြိယာဗျာပီ - အလုံးစုံသော ကြိယာတို့၌ ပြန့်နှံ့ခြင်းရှိ၏၊ သေသံ-ကတ္တုကာရကမှ ကြွင်းသော၊ ကမ္မာဒိပဉ္စကံ – ကံ အစရှိသော ကာရက ငါးပါး အပေါင်းသည်၊ ဝိသေသကြိယာဗျာပိ – ထူးသော ကြိယာတို့၌ ပြန့်နှံ့ခြင်းရှိ၏၊ ဣတိ-ဤသို့၊ ကာရကံ- ကာရကကို၊ ဒုဗ္ဗိဓံ – ၂ ပါး အပြားရှိ၏ ဟူ၍ မတံ-သိအပ်၏။

၆၉။ ကတ္တာယံ တိဗ္ဗိဓော သုဒ္ဓ–ဟေတု ကမ္မပ္ပဘေဒတော၊
ဒွေဓာ ကရောတိ ကာရေတိ, ပိယတေ ပါနီယံ သယံ။

၆၉။ အယံ ကတ္တာ - ဤ ကတ္တားသည်၊ သုဒ္ဓဟေတုကမ္မပ္ပဘေဒတော – သုဒ္ဓကတ္တား , ဟေတုကတ္တား , ကမ္မကတ္တားတို့၏ အပြားအားဖြင့်၊ တိဗ္ဗိဓော - သုံးပါးအပြားရှိ၏၊ ဒွေဓာ ကရောတိ ကာရေတိ ပိယတေ ပါနီယံ သယံ - ဒွေဓာ ၊ပေ၊ သယံတို့ကား ပုံစံတည်း။

၆၀။ ။ဤဂါထာဖြင့် ကာရက ၂ မျိုးပြားပုံကိုပြ၏၊ "ကတ္တုသုညာကြိယာနာမနတ္ထိ" နှင့်အညီ ကြိယာဟူသမျှ၌ ကတ္တားပါရှိရ၏၊ ထို့ကြောင့် ကတ္တုကာရကသည် သဗ္ဗကြိယာဗျာပီ ကာရကမည်၏၊ ကံစသော ကာရက ၅ ပါးကား ဝိသေသကြိယာ ဗျာပီကာရကမည်၏။ [ ဗျာပနံ–ပြန့်နှံ့ခြင်း၊ ဗျာပေါ–ခြင်း၊ ( ထိုကြိယာ၌ ပါဝင်နိုင်ခြင်းကိုပင် " ပြန့်နှံ့ခြင်း " ဟု ဆိုသည်၊) ဗျာပေါ ယဿ အတ္ထီတိ ဗျာပီ ( ကတ္တာကိုငဲ့၍ ပုလ္လိန်, သေသံငဲ့လျှင်ကား "ဗျာပိ"ဟု နပုလ္လိန် )၊ သဗ္ဗကြိယာသု + ဗျာပီ သဗ္ဗကြိယာဗျာပီ၊ ဝိသေသကြိယာသု+ဗျာပိ ဝိသေသကြိယာဗျာပိ။ ]

မှန်၏— ကမ္မကာရကသည် "ဩဒနံ ပစတိ"စသည်ဖြင့် ကံပါမှ အဓိပ္ပါယ်ပြည့်စုံသော သကမ္မက ကြိယာများ၌သာ ပြန့်နှံ့၏၊ သယတိ တိဋ္ဌတိစသော အကမ္မကကြိယာများ၌ မပြန့်နှံ့၊ ကရဏစသော ကာရကများလည်း "ဒါတ္တေန ဝီဟိံ လုနာတိ , ဘိက္ခုဿ ဒီယတေ, ဂါမာ အပေန္တိ , တိလေသု တေလံ တိဋ္ဌတိ "စသည်ဖြင့် မိမိနှင့်စပ်ဆိုင်ရာ ကြိယာအထူး၌သာ ပြန့်နှံ့ ( ပါဝင် ) နိုင်၏၊ ထို ကြိယာအားလုံး၌ပင် "ပုရိသော" စသော ကတ္တားကား ပါဝင်နိုင်သည်။

www.dhammaransi.com



[ဒတွာ - ဒေဝဒတ်သည်၊ ကရောတိ – ကိုယ်တိုင် ပြုတတ်၏၊ ယညဒတ္တော-သည်၊ ဒတ္တံ–ဒေဝဒတ်ကို၊ ကာရေတိ–ပြုစေတတ်၏၊ ပါနီယံ-သောက်ရေသည်၊ သယံ–ကိုယ်တိုင်၊ ပိယတေ–သောက်တတ်၏။]

၆၉။ ။ကတ္တုကာရက၏ ၃ ပါးပြားပုံကိုပြလိုသောကြောင့် "ကတ္တာယံ" စသည်မိန့်၊ ကတ္တုကာရကသည် "သုဒ္ဓကတ္တား, ဟေတုကတ္တား, ကမ္မကတ္တား" ဟု ၃ မျိုး ပြားသည်၊ " ဒတ္တော ကရောတိ "၌ ဒတ္တောသည် သုဒ္ဓကတ္တား " ယညဒတ္တော ဒေဝဒတ္တံ ကာရေတိ"၌ ယညဒတ္တောသည် ဟေတုကတ္တား၊ [ဂါထာဖြစ်၍ ပုံစံကိုချုံးထားသည်၊ ]ပိယတေ "ပါနီယံ"၌ ပါနီယံသည် ကမ္မကတ္တားတည်း။

**သုဒ္ဓကတ္တား**။ ။သုဒ္ဓေါ – ဟိတ်အနက် ကံအနက်တို့နှင့် မရောမယှက် သက်သက်သော (နေ့ပုံစံများကဲ့သို့ ဟိတ်အနက် ကံအနက်မပါသော) + ကတ္တာ-ကတ္တားတည်း၊ သုဒ္ဓကတ္တာ-တ္တား၊ ဤ သုဒ္ဓကတ္တားသည် သူတပါး မခိုင်းဘဲ ကိုယ်တိုင်ပြုတတ် သောကြောင့် " သယံကတ္တား "လည်း မည်၏၊ [ "ဒတ္တော"၌ ဒေဝဒတ္တော ဟု ဆိုလိုလျက် "ဒေဝ"ဟူသောပုဒ်ကို ချေထား သော ပုဗ္ဗပဒလောပ တပ္ပုရိသ်သမာသ်တည်း။]

**ဟေတုကတ္တား**။ ။ "ယညဒတ္တော ဒေဝဒတ္တေန (သည်, ဝါ– ကို၊) ကမ္မံ ကာရေတိ"၌ ယညဒတ်၏အပြုခိုင်းမှုကြောင့် ဒေဝဒတ်သည် အလုပ်ကို လုပ်ရ၏၊ ထို့ကြောင့် ယညဒတ်သည် ဒေဝဒတ် ပြုလုပ်ရခြင်း၏အကြောင်း ဖြစ်သောကြောင့်"ဟေတု"လည်းဟုတ်၏၊ ပြုစေခြင်း (ပြုဘို့ရန်စေခိုင်းခြင်း) ကြိယာကို ပြီးစေတတ်သောကြောင့် ကတ္တားလည်း ဟုတ်၏။ [ ဟေတုစ + သော + ကတ္တာစာတိ ဟေတုကတ္တာ၊ ] စေခိုင်းတတ်သောကြောင့် "ပယောဇကကတ္တား"လည်း ခေါ်၏၊ ဒီပနီ၌ "ဒတ္တော ကာရေတီတိ ယောဇနာ"ဟု ဆိုသော်လည်း သဒ္ဒါကျမ်းတို့၌ ကာရိတ် ဝင်လာသောအခါ သုဒ္ဓကတ္တားက ကာရိတ်ကံ ခတ်ကတ္တား ဖြစ်ရိုး ထုံးစံတည်း၊ ထို့ကြောင့် " ယညဒတ္တော ဒေဝဒတ္တေန (ဒေဝဒတ္တံ) ကမ္မံ ကာရေတိ"ဟု ပုံစံထုတ်သည်။

**ကမ္မကတ္တာ**။ ။ပါနီယံ ပိယတေ၊ ဤပုံစံ၌ သောက်ရေသည် သော်အဇပ် သော (ကံ) ပင်တည်း၊ တရံတခါမျှ သောက်တတ်သော ကတ္တုသတ္တိမရှိ၊ သို့သော် အလွန်ရေငတ်သောအခါ သော်ရသည်ရှိသော် သောက်၍ လွယ်ကူ လှသောကြောင့် ရေသည် သူ့ဘာသာ သောက်တတ်သကဲ့သို့ ဖြစ်ရကား (မသောက်တတ်သော်လည်း သောက်တတ်သကဲ့သို့ တင်စား၍ တဒ္ဒူပစာရ အားဖြင့်) "သောက်တတ်သောကတ္တား "ဟု ခေါ်ထားသည်၊ ထို့ကြောင့် ကတ္တုသတ္တိပေါ်အောင် " ပိယတေ – သောက်တတ်၏ " ဟု ပေးရသည်။

www.dhammaransi.com



၇၀။ ယံ ကြိယာသာဓနေ ကတ္တု-ပကာရံ တိသယေန တံ၊
ကရဏံ ကတ္တုတော·ညေသ, မဓိကန္တိ မုဒီရိတံ။

၇၀။ ယံ-အကြင် ကာရကသည်၊ ကြိယာသာဓနေ - ကြိယာကို ပြီးစေခြင်း၌၊ အတိသယေန- အလွန်အကဲအားဖြင့်၊ ကတ္တု- ကတ္တား အား၊ ဥပကာရံ-လျော်သောကျေးဇူးကို ပြုတတ်၏၊ တံ-ထိုကာရက သည်၊ ကရဏံ-ကရိုဏ်းမည်၏၊ တံ- ထို ကရိုဏ်းကို၊ ကတ္တုတော- ကတ္တုကာရကမှ၊ အညေသံ-အခြားသော ကာရကတို့ထက်၊ အဓိက န္တိ-သတ္တိလွန်ကဲ၏ဟူ၍၊ ဥဒီရိတံ-ဆိုအပ်၏။

[ကမ္မမေဝ—အစစ်အမှန် ကံဖြစ်ပါလျက်ပင်+ ကတ္တာ — တင်စားအပ်သော ကတ္တားတည်း၊ ကမ္မကတ္တာ— ကံသည်ပင် ကတ္တား။ ] ဤကတ္တား ၃ မျိုး၏ အကျယ်ကို ရူပသိဒ္ဓိဘာသာဋီကာ " ယော ကရောတိ သကတ္တာ " စသော သုတ်တို့မှာ ရှုပါဦး။

---

၇၀။ ကရဏကာရက၏ သဘောကိုပြလို၍ " ယံ ကြိယာ "စသည်မိန့်၊ [" ဒတ္တေန ကမ္မံ ကရီယတေ." စသည်ဖြင့် တတိယာဝိဘတ်သည် ကတ္တား အနက်ကိုဟော၏၊ ထို့ကြောင့် " တတိယာဝိဘတ်၏ အနက်ချင်းတူရကား ကတ္တုကာရက၏အခြားမဲ့၌ ကမ္မကာရကကို မပြသေးဘဲ ကရဏကာရကကို ပြသည် "ဟု မှတ်။]

ယံ၊ **ပေ၊ တိသယေနတံ** ။ ။ "ပုရိသော ဒါတ္တေန ဝီဟိံ လုနာတိ"၌ ရိတ်ခြင်းကြိယာကို ယောကျ်ားသည် ပြီးစေ၏၊ ထိုသို့ ပြီးစေရာ၌ " တစဉ် " သည် ယောကျ်ားအား အလွန်ကျေးဇူးများသကဲ့သို့ ထို့အတူ ကတ္တားအား အလွန်ကျေးဇူးများသော ကာရကကို " ကရဏ ကာရက " ဟု ခေါ်သည်။ [" ကရောတိ အနေနာတိ ကရဏံ "ဟုပြု၊ အနေန— ဤ တစဉ်စသည်ဖြင့်၊ ကရောတိ-ရိတ်ခြင်းကြိယာကို ပြုရ၏၊ ဣတိ-ထိုသို့ ပြုကြောင်း၏အဖြစ်ကြောင့်၊ တံ—ထို တစဉ်စသော အနက်သည်၊ ကရဏံ—ကရိုဏ်းမည်၏။]

**ကတ္တုတော၊ ပေ၊ အဓိကံ** ။ ။ " ကရိုဏ်းသည် ကတ္တား၏ အလုပ်ကို ကူညီသောအားဖြင့် ကတ္တားအား ကျေးဇူးပြုရသောကြောင့် ပဓာနဖြစ်သော ကတ္တားလော် သတ္တိမထက်ချေ၊ ကတ္တားမှ တပါးသော ကျန် ကာရကငါးပါး ထက်ကား သတ္တိလွန်ကဲသည် "ဟု ဆိုအပ်လေသည်။

www.dhammaransi.com



၇၁။ ဗာဟိရဇ္ဈတ္တတော ဗာဟျ–ဇ္ဈတ္တရေနစ ဒုဝိဓံ၊
ဝိဟိံ လုနာတိ ဒါတ္တေန, စက္ခုနာ စန္ဒ·မိက္ခတေ။

၇၁၊ (ကရဏံ - ကရဏကာရကသည်၊) ဗာဟိရဇ္ဈတ္တတော– ဗာဟိရ ကရိုဏ်း , အဇ္ဈတ္တကရိုဏ်း အားဖြင့်၎င်း၊ ဗာဟျဇ္ဈတ္တရေ နစ- ဗာဟျကရိုဏ်း, အဇ္ဈတ္တရ ကရိုဏ်းအားဖြင့်၎င်း၊ ဒုဝိဓံ-၂ ပါး အပြားရှိ၏၊ ဝိဟိံ လုနာတိ ဒါတ္တေန, စက္ခုနာ စန္ဒ·မိက္ခတေ- ဝိဟိံ ၊ပေ၊မိက္ခတေတို့ကား ပုံစံတည်း၊ ဝိဟိံ–ကောက်ကို၊ ဒါတ္တေန-တစဉ် ဖြင့်၊ လုနာတိ-ရိတ်၏၊ စက္ခုနာ–မျက်စိဖြင့်၊ စန္ဒံ- လကို၊ ဣက္ခတေ– ကြည့်ရှု၏။

၇၂။ ယံကြိယာယာ·ဘိဂန္တဗ္ဗံ,တံ ကမ္မံ ယံ ကရီယတေ၊
ဣတိ သတ္တိ တဒါ ကမ္မံ, ကရဏန္တိ ကြိယာ တထာ။

၇၂။ ယံ-အကြင် ကာရကကို၊ ကြိယာယ - ကြိယာသည်၊ အဘိ ဂန္တဗ္ဗံ–ကပ်ရောက်အပ်၏၊(တနည်း)ကြိယာယ–နှင့်၊ အဘိဂန္တဗ္ဗံ– စပ်အပ်၏၊ တံ-ထိုကာရကသည်၊ ယံ ကရီယတေဣတိ-ယံကရီယတေ ဟူသော ဝစနတ္ထကြောင့်၊ ကမ္မံ-ကမ္မမည်၏၊[ယံ-အကြင်ကာရကကို၊ ကရီယတေ– ပြုအပ်၏၊ ဝါ- စပ်အပ်၏၊ ဣတိ-ထို့ကြောင့်၊ တံ- ထို ကာရကသည်၊ ကမ္မံ – ကမ္မမည်၏၊ ] တဒါ - ကမ္မသာဓ်ဝစနတ်ပြုရာ ထိုအခါ၌၊ သတ္တိ-ကြိယာပါပုဏနသတ္တိသည်၊ ကမ္မံ-မည်၏၊ တထာ- ထိုမှတပါး၊ ကရဏံ-ပြုခြင်း၊ ဣတိ– ဤ ဘာဝသာဓ်ဝစနတ္ထကြောင့်၊ ကြိယာ- ကြိယာသည်၊ ကမ္မံ-မည်၏။

၇၁ ။ ။ ကရဏကာရကသည် ဗာဟိရ (ဗာဟိယ) ကရိုဏ်း အဇ္ဈတ္တ ကရိုဏ်းအားဖြင့် ၂ ပါးပြား၏၊ ဗာဟိရ (ယ) ကရိုဏ်းကို ဗာဟျကရိုဏ်းဟု ၎င်း , အဇ္ဈတ္တကရိုဏ်းကို အဇ္ဈတ္တရကရိုဏ်း ဟု၎င်း ခေါ်သေး၏၊ ထိုတွင် ဒါတ္တေနသည် ခန္ဓာကိုယ်၏ အပြင်ပ၌ ဖြစ်သောကြောင့် ဗာဟိရ ( ဗာဟျ ) ကရိုဏ်းတည်း၊ စက္ခုနာသည် ခန္ဓာကိုယ်တွင် ပါဝင်သောကြောင့် အဇ္ဈတ္တ (အဇ္ဈတ္တရ) ကရိုဏ်းတည်း။

---

၇၂ ။ ။"ယံ ကြိယာဘိဂန္တဗ္ဗံ, တံ ကမ္မံ"ဖြင့် ကမ္မကာရက၏သဘောကို ပြ၏၊ "ကြိယာသည် ကပ်ရောက်အပ်သော အနက်ကို ကမ္မကာရကခေါ်သည်" ဟူလို၊ "အဘိဂန္တဗ္ဗ–ကြိယာသည် ကပ်ရောက်" ဟူသည် ကြိယာက ကံ၌ေ

www.dhammaransi.com



ရေခံနေ ကပ်နေ စပ်နေခြင်းတည်း၊ "မဂ္ဂံ ဂစ္ဆတိ"၌ သွားခြင်းကြိယာသည် လမ်းပေါ်၌ ကပ်လျက် စပ်လျက် အပ်လျက်ရှိ၏၊ ထို့ကြောင့် ကပ်သံ စပ်သံ ရောက်သံ ပါအောင် ကံဟော အနက်ပေးရာ၌ "အပ်" ဟု ပေးရသည်။ ["ကျောချင်းကပ် ရင်ချင်းအပ်" ဟူရာ၌ စပ်နေခြင်းကိုပင် "ကပ်=အပ်" ဟု ခေါ်သကဲ့သို့တည်း။]

**ယံ ကရီယတေ ၊ ပေ ၊ ကမ္မံ ။** ။ ဤစကားဖြင့် ကမ္မပုဒ်၏ ဝစနတ္ထနှင့် အရကောက်ကိုပြ၏၊ ကမ္မံ၌ ကရဓာတ် ကံဟော ရမ္မပစ္စည်းဖြစ်၍ "ကရီယတေတိ ကမ္မံ" ဟု ကမ္မသာဓ် ဝစနတ်ပြုပြီးလျှင် ကြိယာပါပုဏန (ကြိယာသည် ရောက်အပ်သည်၏အဖြစ်ဟူသော) သတ္တိကို အရကောက်ပါ-ဟူလို။

**ကရီယတေ။** ။ကရီယတေ၌ ကရဓာတ် ဖြစ်သော်လည်း ကရဓာတ်က အလုံးစုံသော ဓာတ်နက်၌ ပြန့်နှံ့သောကြောင့် ကရီယတေကို မောဂ္ဂလ္လာန် ပဉ္စိကာ၌ "ပါပုဏီယတေ"ဟု ဖွင့်၍ ဗာလာဝတာရ၌ "သမ္ဗန္ဓီယတေ"ဟု ဖွင့်သည်၊ ပဉ္စိကာအဖွင့်ကို လိုက်၍ ကမ္မသတ္တိကို "ကြိယာပါပုဏနသတ္တိ - ကြိယာသည် ရေခံအပ်သည်၏အဖြစ်ဟူသောသတ္တိ"ဟု ခေါ်လေ့ရှိကြသည်။

**မေးဘွယ်။** ။သမ္ဗန္ဓီတဗ္ဗံ - ကြိယာနှင့်စပ်အပ်သော အနက်ကို "ကံ" ဟု ခေါ်လျှင် ကတ္တား ကရိုဏ်းစသော ကာရကများလည်း ကြိယာနှင့်စပ်အပ် သည်ချည်း ဖြစ်သောကြောင့် "ကမ္မ" ဟူသောအမည်သည် ထို ကာရက အားလုံးနှင့် ဆိုင်နေသည်မဟုတ်လော-ဟု မေးဘွယ်ရှိ၏၊ အဖြေကား-ကတ္တု စသော ကာရကများသည် ကြိယာဘိနိပ္ဖါဒနသတ္တိ စသော သတ္တိထူးများဖြင့် မှတ်သားအပ်သောကြောင့် ကတ္တုစသောအမည်ထူးကိုရပြီးဖြစ်ရကား"ကမ္မ" အမည်ကို မခံယူကြ၊ ကမ္မကာရကကား ကြိယာနှင့်စပ်ခြင်းဟူသော သတ္တိမျှ ဖြင့်သာ မှတ်သားရသောကြောင့် "ကမ္မ" ဟူသောအမည်မှတပါး အခြား အမည်ကို မရနိုင်တော့ချေ။

**ကရဏီတိကြိယာ။** ။ကမ္မသာဓနေမပြုဘဲ "ကရဏံ ကမ္မံ" ဟု ဘာဝ သာဓနေပြုလျှင် ပြုခြင်းကြိယာကို အရကောက်ရသည်၊ "ကမ္မ"အရ ကြိယာကို အရကောက်ရသောဌာနကား "ကမ္မပ္ပဝစနီယ ယုတ္တေ" သုတ်၌လာသော ကမ္မတည်း၊ မှန်၏-ကမ္မပ္ပဝစနီယကို သတ္တတသဒ္ဒါကျမ်း၌ "ကမ္မံ (ကြိယံ) ပဝုတ္တဝန္တောတိ ကမ္မပ္ပဝစနီယာ"ဟု ဖွင့်ကြ၏၊ အကျယ်ကို ကစ္စည်းဘာသာ ဋီကာ ကမ္မပ္ပဝစနီယသုတ်အဖွင့်မှာ ရှုပါ၊ ဘာဝသာဓန ဝိဂ္ဂဟပြုခြင်းသည် ဤ ကမ္မကာရကနှင့်မဆိုင်၊ ကမ္မပုဒ်ကို ရသင့်သမျှ ဝိဂ္ဂြိုဟ်လုပ်၍ (အတ္ထုဒ္ဓါရ အဖြစ်ဖြင့်) ပြခြင်းသာတည်း။

www.dhammaransi.com



၇၃။ နိပ္ဖတ္တိ ဝိကတိ ပတ္တိ, ဘေဒါ ကမ္မံ တိဓာ မတံ၊
ကဋံ ကရောတိ ဗျာပေတိ, ကဋ္ဌာ·ဒိစ္စံ နမဿတိ။

၇၃။ ကမ္မံ–တံကို၊ နိပ္ဖတ္တိ ဝိကတိ ပတ္တိဘေဒါ-နိပ္ဖတ္တိကံ,ဝိကတိကံ, ပတ္တိကံတို့၏ အပြားအားဖြင့်၊ တိဓာ-သုံးပါး အပြားအားဖြင့်၊ မတံ-သိအပ်၏၊ ကဋံကရောတိ ဗျာပေတိ ကဋ္ဌာ ဒိစ္စံ နမဿတိ–ကဋံ ကရောတိ ၊ ပေ ၊ နမဿတိတို့ကား ပုံစံတည်း၊ ကဋံ – သင်ဖြူးကို၊ ကရောတိ-ပြု၏၊ ကဋ္ဌံ-ထင်းကို၊ ဗျာပေတိ-လောင်စေ၏၊ ဝါ-မီးရှို့၏၊ အာဒိစ္စံ-နေကို၊ နမဿတိ–ရှိခိုး၏။

၇၃ ။ ။ ကံသုံးမျိုးပြားပုံကို ပြသောဂါထာတည်း၊ " နိပ္ဖါဒိယတေ–ဖြစ်စေအပ် (ဖြစ်အောင်ပြုလုပ်အပ်)၏၊ ဣတိ နိပ္ဖတ္တိ"နှင့်အညီ, ပြုလုပ်အပ်သောကံကို"နိပ္ဖတ္တိကံ"ဟုခေါ်၏၊"ကဋံ ကရောတိ"ပုံစံ၌ ကဋသည် သင်ဖြူးဖြစ်အောင် ပြုလုပ်အပ်သောကြောင့် နိပ္ဖတ္တိကံမည်၏။

**ဝိကတိကံ**။ ။ဝိကရိယတေ – ပင်ကိုယ်သဘောမှ ထူးအောင် ပြုအပ်၏၊ ဣတိ ဝိကတိ၊"ကဋ္ဌံ ဗျာပေတိ"ပုံစံ၌ ထင်းကို ထင်းအဖြစ်မှထူးခြား၍ မီးကျီးဖြစ်အောင် ပြုအပ်သောကြောင့် ကဋ္ဌသည် ဝိကတိကံမည်၏၊ [ဝိ–တမျိုးတဖုံပြောင်းအောင်+ကတိ–ပြုအပ်သောကံ။]

**မှတ်ချက်**။ ။"ကဋံ ကရောတိ,ကဋ္ဌံ ဗျာပေတိ"ဤပုံစံ ၂ ရပ်ကိုကြည့်လျှင် ဖြစ်အောင် ပြုအပ်သော ကံကို ( သင်ဖြူးဖြစ်အောင်စသည်ဖြင့် ပြုအပ်သောကံကို) နိပ္ဖတ္တိကံဟု ခေါ်၍ တမျိုးတဖုံပြောင်းသွားအောင် ပြုအပ်သောကံကို ဝိကတိကံ ဟု ခေါ်ကြောင်း ထင်ရှား၏၊ သို့သော် အဖွင့်များ၌ကား ရှေ့က ပကတိကံ မရှိလျှင် နိပ္ဖတ္တိကံ, ရှေ့က ပကတိကံရှိလျှင် ဝိကတိကံ ဟု ခွဲခြား၍ ပြခဲ့သော နိပ္ဖတ္တိကံပုံစံ၌ " ဗီရဏာနိ – သင်မြက်တို့ကို၊ ကဋံ – သင်ဖြူးကို၊ ကရောတိ– ၏"ဟု သင်ဖြူးယက်ဘို့ရာ ပင်ကိုယ်ပကတိဖြစ်သော ဗီရဏာနိသည် ပကတိကံ, ကဋံသည် ဝိကတိကံဟုဆို၏၊ " ကဋ္ဌံ အင်္ဂါရံ(မီးကျီးကို) ကရောတိ"၌ ကဋ္ဌသည် ပကတိကံ, အင်္ဂါရံသည် ဝိကတိကံဟု ဆို၍ အင်္ဂါရံ မပါဘဲ ကဋ္ဌချည်းဖြစ်လျှင် နိပ္ဖတ္တိကံ ဟု ဆိုလိုသတတ်။

နိပ္ဖတ္တေ ဝိကတ္တေ, ဘေဒေန နောပလဗ္ဘတေ၊
ယံ့တု နောနိယတံ ပုဗ္ဗံ,တံ နိပ္ဖတ္တိတိဟ်ာယတေ။

နိပ္ဖတ္တေ – နိပ္ဖတ္တိကံကိုရင်း၊ ဝိကတ္တေ – ဝိကတိကံကိုရင်း၊ ဘေဒေန–အထူးအပြားအားဖြင့်၊ နောပလဗ္ဘတေ-မရအပ်၊ [ထိုကံ ၂မျိုး မထူးဟူလို၊] တု–ထူးပုံကား၊ ယံ–အကြင်ကံသည်၊ ပုဗ္ဗံ–ရှေ့ကံတပါးကို၊ (ပကတိကံကို)

www.dhammaransi.com



၇၄။ သမ္မာ ပဒီယတေ ယဿ, သမ္ပဒါနံ တဒုစ္စတေ၊
ဝတ္ထုဿဝါ ပဋိဂ္ဂါဟ–လက္ခဏံ တံ ကြိယာယဝါ။

၇၄။ ယဿ - အကြင်ကာရကအား၊ **သမ္မာ**–ကောင်းစွာ၊ ပဒီယတေ – ပေးအပ်၏၊ တံ–ထို ကောင်းစွာပေးရာ ကာရကကို၊ သမ္ပ **ဒါနံ**–သမ္ပဒါန်ဟူ၍၊ ဥစ္စတေ–ဆိုအပ်၏၊ တံ–ထို သမ္ပဒါန်သည်၊ ဝတ္ထုဿဝါ – ဝတ္ထုကိုသော်၎င်း၊ ကြိယာယဝါ – ကြိယာကိုသော်၎င်း၊ ပဋိဂ္ဂါဟလက္ခဏံ–ခံယူခြင်း **လက္ခဏာ**ရှိ၏။

နေ၁ နိယိတံ–မမှီ၊ (ရှေမှာ ပကတိကံ မရှိ)၊ တံ-ထိုကံကို၊နိပ္ဖတ္တိတိ-နိပ္ဖတ္တိကံ ဟူ၍၊ ဣဟ–ဤကံအရာ၌၊ ဣဿတေ–အလိုရှိအပ်၏။

**ပတ္တိကံ**။ ။"အာဒိစ္စံ နမဿတိ"ပုံစံ၌ ဖြစ်စေအပ်သော နိပ္ဖတ္တိသဘော လည်းမရှိ၊ ထူးသွားအောင်ပြုအပ်သောဝိကတိသဘောလည်း မရှိ၊ သက်သက် ကြိယာပါပုဏန (ရှိခိုးခြင်းကြိယာဖြင့်ရောက်အပ်သော )သဘောသာ ရှိ၏၊ ထို့ကြောင့် အာဒိစ္စံသည် ပတ္တိကံသာမည်၏၊ ဤစကားအရ"နိပ္ဖတ္တိ ဝိကတိကံ မဟုတ်လျှင် ပတ္တိကံချည်း"ဟု မှတ်။

**အမှာ**။ ။ ဝုတ္တကံ–အဝုတ္တကံ, ပဓာနကံ–အပဓာနကံ, ကထိတကံ–အကထိတကံ, ပကတိကံ– ဝိကတိကံ, ဣစ္ဆိတကံ– အနိစ္ဆိတကံ, နေဝိစ္ဆိတ နာနိစ္ဆိတကံ,စသော ကံအပြားများရှိသေး၏၊ ရူပသိဒ္ဓိနှင့်ပုဒ်စစ်ကို ကြည့်ကြပါလေ။

---

**၇၄။ သမ္မာ၊ပေ၊ဥစ္စတေ**။ ။ဤစကားဖြင့် သမ္ပဒါနပုဒ်၏ ဝစနတ္ထနှင့် သဘောကိုပြ၏၊"သံ+ပ+ဒါန"ဟု ခွဲ၍ သံကို "သမ္မာ"ဟု၎င်း၊ ပ+ဒါနကို "ပဒီယတေ ယဿ"ဟု၎င်း အနက်ဖွင့်သည်၊ "သမ္မာ ပဒီယတေ ယဿာတိ သမ္ပဒါနံ " ဟု ဝစနတ္ထပြု၍ ကောင်းစွာ+အပြားအားဖြင့် ပေးရာဖြစ်သော အနက်သဘောကို "သမ္ပဒါနကာရက"ခေါ်ပါ–ဟူလို။

**ဝတ္ထုဿ၊ပေ၊ဝါ**။ ။ ဤစကားဖြင့် သမ္ပဒါန်၏ လက္ခဏာကိုပြ၏၊ သမ္ပဒါန်မည်သည် "သမဏဿ စီဝရံ ဒဒါတိ " ၌ကဲ့သို့ ဝတ္ထုကို ခံယူခြင်း လက္ခဏာသော်လည်းရှိ၏၊ "သမဏဿ ရောစတေ သစ္စံ" ၌ နှစ်သက်ခြင်း ကြိယာကို ခံယူခြင်းကဲ့သို့ ကြိယာကိုခံယူခြင်းလက္ခဏာသော်လည်း ရှိရသည်၊ "ဝတ္ထုပဋိဂ္ဂါဟက, ကြိယာပဋိဂ္ဂါဟကဟု သမ္ပဒါန် ၂ မျိုးပြားသည်"ဟူလို။

www.dhammaransi.com



၇၅။ ပူဇာနုဂ္ဂဟကာမေန, ဒိန္နံ သမ္မာတိ မည္ဗတေ၊
ဒိန္နဿ သာမိကတ္တေပိ, သမ္ပဒါနံ တဒုစ္စတေ။

၇၅။ ပူဇာနုဂ္ဂဟကာမေန – အငယ်က ပူဇော်လို, အကြီးက ချီးမြှောက်လိုသည်၊(ဟုတ္ဘာ–ဖြစ်၍၊) ဒိန္နံ–ပေးအပ်သော ဝတ္ထုကို၊ သမ္မာတိ– သမ္မာဟူ၍၊ ဝါ– ကောင်းစွာ ပေးအပ်၏ ဟူ၍၊ မည္ဗတေ-သိအပ်၏၊ ဒိန္နဿ-ပေးအပ်သောဝတ္ထု၏၊ သာမိကတ္တေပိ-ဥစ္စာရှင်၏ အဖြစ်သည်လည်း၊ (သတိ–ဖြစ်လသော်၊ ဝါ–ဖြစ်မှ၊) တံ- ထိုပေးရာ ကာရကကို၊ သမ္ပဒါနံ–သမ္ပဒါန်ဟူ၍၊ ဥစ္စတေ- ဆိုအပ်၏။

၇၅။ ပူဇာ၊ပေ၊မည္ဗတေ ။ ။ ရှေ့ဂါထာ၌ "သမ္မာ + ပဒီယတေ – ကောင်းစွာ + ပေးအပ်" ဟူရာဝယ် အဘယ်သို့သောအလိုဆန္ဒဖြင့် ပေးမှ "ကောင်းစွာ+ပေး" ဖြစ်သနည်းဟု မေးဘွယ်ရှိသောကြောင့် "ပူဇာ၊ပေ၊ မည္ဗတေ "ဟု မိန့်သည်၊ ငယ်သူ (သို့မဟုတ်) ဂုဏ်အားဖြင့်နိမ့်သူက ကြီးသူ (သို့မဟုတ်) ဂုဏ်ကြီးမြင့်သူအား ပူဇော်လိုသောဆန္ဒဖြင့် ပေးခြင်း, ကြီးသူ- ဂုဏ်မြင့်သူက ငယ်သူ– ဂုဏ်နိမ့်သူအား ချီးမြှောက်လိုသောဆန္ဒဖြင့် ပေးခြင်းကို "ကောင်းစွာ+ပေးခြင်း"ဖြစ်သည်–ဟူလို။

ဒိန္နဿ၊ပေ၊တဒုစ္စတေ။ ။ပူဇော်လို ချီးမြှောက်လို၍ပေးလျှင်"သမ္ပဒါန်" ဟု ခေါ်နိုင်ပြီလော-ဟု မေးဘွယ်ရှိသောကြောင့် " ဒိန္နဿ၊ပေ၊တဒုစ္စတေ" ဟု မိန့်သည်၊ ပူဇော်လို ချီးမြှောက်လို၍ ပေးရုံမျှဖြင့် သမ္ပဒါန်မခေါ်နိုင်သေး၊ ပေးရာပုဂ္ဂိုလ်က ဥစ္စာရှင်လည်းဖြစ်မှ (အပိုင်လည်းရမှ) သမ္ပဒါန်ခေါ်နိုင်၏– ဟူလို၊ မှန်၏–တပည့်က ပူဇော်လို၍ ဆရာ့အား ပေးစေကာမူ ဆရာက ထို ဝတ္ထုကို လက်မခံလျှင် ဆရာသည် ဥစ္စာရှင်မဖြစ်သောကြောင့် သမ္ပဒါန် မဖြစ်။

သာမိကတ္တေပိ ။ ။ သာမိကတ္တေပိ– ၌ ပိသည် ရှေ့က သမ္မာအပေး၌ ပေါင်းသော သမ္ပိဏ္ဍနတည်း၊ သမ္မာအပေးဖြစ်ရုံသာမက ထိုဝတ္ထုကိုလက်ခံ၍ ဥစ္စာရှင်လည်းဖြစ်မှ "သမ္ပဒါန်"ဟုခေါ်ရသည်–ဟူလို၊ ဒီပနီ၌ကား–ယဿ ပဋိဂ္ဂါဟကဿ ( အကြင်ခံယူသူကို ) ပူဇာယ သင်္ဂဟာယ ကရဏေပိ သတိ, ယေန ပဋိဂ္ဂါဟကေန ဒိန္နဿဝတ္ထုနော သာမိကတ္တေပိ လဒ္ဓေ (ဥစ္စာရှင်အဖြစ်ကို ရအပ်သော်ငြား ) ဒိန္နံ သမ္မာတိ မည္ဗတေ" ဟု ဖွင့်၏၊ ထို ဒီပနီအလိုမှာ ပိသည် ပူဇာနုဂ္ဂဟကိုပေါင်းသော သမ္ပိဏ္ဍနတည်း၊"ပူဇော်လို ချီးမြှောက်လို ရုံသာ မက, ဥစ္စာရှင်လည်းဖြစ်မှ သမ္ပဒါန်ဖြစ်သည် "ဟူလို။

www.dhammaransi.com



## ၇၆။ ရဇကဿ ဒဒေ ဝတ္ထံ, ရညော ဒဏ္ဍာန္တိအာဒိသု၊ နဘာဝေ သမ္ပဒါနတ္တံ, ပူဇာဒီနံ·မဘာဝတော။

၇၆။ ရဇကဿ-ကဝါသည်၏၊(ဟတ္ထေ-လက်၌၊) ဝတ္ထံ-အဝတ်ကို၊ ဒဒေ-ပေး၏၊ ရညော-မင်း၏၊ ဒဏ္ဍံ- ဒဏ်ငွေကို၊ ဒဒေ - ပေး၏၊ ဣတိ အာဒီသု- ဤသို့ အစရှိသော ပြယုဂ်တို့၌၊ ပူဇာဒီနံ - ပူဇော်ခြင်း အစရှိသည်တို့၏၊ အဘာဝတော – မရှိခြင်းကြောင့်၊ သမ္ပဒါနတ္တံ – သမ္ပဒါန်၏အဖြစ်သည်၊ န ဘဝေ-မဖြစ်။

၇၆။ ဤဂါထာဖြင့် သမ္ပာအပေးမဟုတ်သောကြောင့် သမ္ပဒါန်မဖြစ်သော ပုံစံများကိုပြ၏၊"ရဇကဿ ဝတ္ထံ ဒဒါတိ, ရညော ဒဏ္ဍံ ဒဒါတိ"ဟု ပုံစံထုတ်လိုရင်းတည်း၊ ဤပုံစံများ၌ "ဒဒါတိ" ဟု သမ္ပဒါန်ငဲ့ရိုး ဖြစ်သော ဒါဓာတ်ပါသော်လည်း ပူဇော်လိုချီးမြှောက်လို၍ ပေးခြင်းမဟုတ်သောကြောင့် သမ္ပဒါန်မဖြစ်၊ ထို့ကြောင့်"ရဇကဿ (ဟတ္ထေ) ဝတ္ထံဒဒါတိ"ဟု ဟတ္ထေထည့်၍ရင်း, "ရညော—မင်း၏"ဟုရင်း, သမ္ဗန်အနက်ပေးရသည်။

**မှတ်ချက်။** ။ဋီကာ၌ကား မင်း၏ အပိုင်ဥစ္စာဖြစ်သော ဒဏ်ငွေမဟုတ်, ယောကျာ်း၏ ဒဏ်ငွေဖြစ်သောကြောင့် "ရညော"ကို ဒဏ္ဍံ၌ မစပ်စေဘဲ "ရညော ပုရိသော ဒဏ္ဍံ ဒဒါတိ"ဟု ပုရိသောထည့်ပါဌ်၌ စပ်စေလေသည်။

**အာဒိဖြင့် ယူဘွယ်။** ။ဒဏ္ဍာန္တိအာဒီသု၌ အာဒိဖြင့်"ပဟာရကဿ ပိဋ္ဌိံ ဒဒါတိ – ရိုက်သူ၏ (ဘက်သို့) ကျောက်ကုံးကိုပေး၏"စသည်ကိုရင်း, ပူဇာဒိနံ၌ အာဒိဖြင့် အနုဂ္ဂဟစသည်ကိုရင်း ယူပါ ဟု ဋီကာဖွင့်သည်။

**သမ္ပဒါန်ဖြစ်သည် ဟု ယူပုံ။** ။"ရဇကဿ ဒဒေ ဝတ္ထံ"စသော ပုံစံ၌ သဒ္ဒတ္ထသဒ္ဒါကျမ်းတို့ အလိုအားဖြင့် သမ္ပဒါန်မဖြစ် ဟု ဆိုသော်လည်း ပါဠိအဋ္ဌကထာအလိုမှာ သမ္ပဒါန်ဖြစ်သည်ပင်၊ " ဘိက္ခုဿ ပဟာရံ ဒဒေယျ = ရဟန်းအား ပုတ်ခတ်ခြင်းကိုပေးအံ့" (ပါစိတ်ပါဠိတော်)၊ ခေကာ ပုရိသော ကိလိဋ္ဌ ဝတ္ထံ ရဇကဿ အဒါသိ–ယောကျာ်းတယောက်သည် ညစ်ပေသော အဝတ်ကို ကဝါသည်အား ပေး၏-(အဋ္ဌသာလိနီ) စသည်ကား ပုံစံ။

ထိုဂဲ့သို့ သမ္ပာမဟုတ်ရာ၌"သမ္ပာ ပဒီယတေ ယဿ"ဟူသော ဝိဂ္ဂဟနှင့် မလျော်ရကား စတုတ္ထီသဝိဘတ်သက်ရချင်း တူသောကြောင့် သဒိသူပစာ သမ္ပဒါန် ဟု မှတ်၊ သတ္တဝေ–ရန်သူအား၊ ဘယံ–ဘေးကို၊ ဒဒါတိ–ပေး၏၊ ဣစ္စ် အာဒိ ပယောဂေါတု-ဤသို့အစရှိသောပြယုဂ်သည်ကား၊ ဥပစာရာတ်-ဥပစာအားဖြင့်၊ ဘဝေ-သမ္ပဒါန်ပြယုဂ်ဖြစ်၏။..(မုဒ္ဓဗောဓဋီကာ)။[အခြားပိဂ္ဂဟတမျိုးကို ကစ္စည်းဘာသာဋီကာ-ယဿဒါတုကာမေသုတ်မှာ ရှုပါ။]

www.dhammaransi.com



## ၇၇။ အနုမတ္ယာ·နိရာကတ္တာ-ရာဓကေ ဘေဒတော တိဓာ၊ သမ္ပဒါနံ ဒဒေ ဘိက္ခု-နော ရုက္ခဿ·တ္ထိကဿစ။

၇၇။ သမ္ပဒါနံ - သမ္ပဒါန်သည်၊ အနုမတျာ·နိရာကတ္တာ·ရာဓကေ ဘေဒတော- အနုမတိသမ္ပဒါန်, အနိရာကတ္တု သမ္ပဒါန်, အာရာဓက သမ္ပဒါန်တို့၏ အပြားအားဖြင့်၊ တိဓာ-သုံးပါးပြား၏၊ ဒဒေ ဘိက္ခု နောစ - ဒဒေဘိက္ခုနောသည်ငှ်း၊ ရုက္ခဿစ - ရုက္ခဿသည်ငှ်း၊ အတ္ထိကဿစ-အတ္ထိကဿသည်ငှ်း၊ဥဒါဟရဏံ-ဥဒါဟရဏ်တည်း၊ [ဘိက္ခုနော-အား၊ စီဝရံ-ကို၊ ဒဒေ-ပေး၏၊ ရုက္ခဿ-သစ်ပင်အား၊ ဇလံ-ရေကို၊ ဒဒေ- လောင်းပေး၏၊ အတ္ထိကဿ - တောင်းယမ်းသူ အား၊ ဘတ္တံ-ထမင်းကို၊ ဒဒေ-ပေး၏။]

၇၇။ သမ္ပဒါန် ၃ မျိုးပြားပုံကိုပြသော ဂါထာတည်း၊ ထိုတွင် ခွင့်ပြုတတ်သော(ခွင့်ပြုရာရောက်သော) သမ္ပဒါန်သည် အနုမတိသမ္ပဒါန်မည်၏၊ ပေးသည်ကို မပယ်ရှားတတ်သောသမ္ပဒါန်သည် အနိရာကတ္တုသမ္ပဒါန်မည်၏၊ [နိ+အာကရောတိ-ကင်းအောင်ပြုတတ် ပယ်ရှားတတ်၏၊ ဣတိ နိရာကတ္တာ၊ န+နိရာကတ္တာ အနိရာကတ္တာ၊] ဥစ္စာရှင်ကို နှစ်သက်စေတတ် (နှစ်သက်အောင် ဂုဏ်ကို ချီးမွမ်းတတ်) သော သမ္ပဒါန်သည် အာရာဓက သမ္ပဒါန်မည်၏။ [အာရာဓေတိ-နှစ်သက်စေတတ်၏၊ ဣတိ အာရာဓကော။]

ပုံစံများ ။ ။“ဘိက္ခုဿ စီဝရံ ဒေတိ ”၌ ဘိက္ခုသည် လှူအပ်သော သင်္ကန်းကို ခွင့်ပြုသောအားဖြင့် လက်ခံ၏၊ ထို့ကြောင့် အနုမတိသမ္ပဒါန် ဖြစ်၏၊ “ ရုက္ခဿ ဇလံ ဒေတိ ”ဝယ် ရုက္ခသည် ခွင့်ပြုတတ်သောစိတ် မရှိ၊ လောင်းအပ်သောရေကို ကင်းအောင်မပြု, ဖယ်၍ မပစ်၊ ထို့ကြောင့် အနိရာကတ္တာမည်၏၊ [ဘိက္ခုဿတုန်းက သင်္ကန်းကို ကင်းအောင် မပြုသော်လည်း ခွင့်ပြုမှုသဘောက ပို၍ထင်ရှားသောကြောင့် အနုမတိ ဟု ဆိုရသည်။]

အတ္ထိကသဒ္ဒါသည် တောင်းစားသူကိုဟော၏၊ ထို့ကြောင့်“အတ္ထိကဿ ယာစကဿ”ဟု ဋီကာဖွင့်သည်၊ တောင်းစားသူသည် ပေးသူကိုနှစ်သက်စေတတ်၏၊ နှစ်သက်လောက်အောင်“အိုးအိမ်ကြီးရှင်တို့ ဒါနရှင်တို့”စသည်ဖြင့် နှစ်သက်စရာ စကားများကို ပြောဆို၍ တောင်းတတ်၏၊ တောင်း၍ရသော အခါလည်း နှစ်သက်လောက်အောင် ဆုပေးစကားပြောတတ်၏၊ ထို့ကြောင့် အာရာဓကသမ္ပဒါန်မည်၏။[“အတ္ထ-ယာစနေ”ဟုဓာတ်ကျမ်းရှိသောကြောင့် “အတ္ထိကဿ”ဟု ပါဌ်မှန်ရှိပါစေ၊ “အဋ္ဌိကဿ”ဟု ပါဌ်ပျက်တတ်သည်။]

www.dhammaransi.com



**၇၀။ သမ္ပဒါနံ ဒွိဓာ ကာယ-စိတ္တသမ္ပတ္တိ ပုဗ္ဗတော၊**
**ဘိက္ခုဿ စီဝရံ ဒေတိ, ဗလိံ နာရာယဏဿစ။**

၇၀။ သမ္ပဒါနံ - သည်၊ ကာယစိတ္တသမ္ပတ္တိ ပုဗ္ဗတော - ကာယသမ္ပတ္တိပုဗ္ဗသမ္ပဒါန်, စိတ္တသမ္ပတ္တိပုဗ္ဗသမ္ပဒါန် အားဖြင့်၊ ဒွိဓာ- ၂ ပါးပြား၏၊ ဘိက္ခုဿ စီဝရံ ဒေတိစ - ဘိက္ခုဿစီဝရံဒေတိသည်ငှင်း၊ ဗလိံနာရာယဏဿစ-ဗလိံနာရာယဏဿသည်ငှင်း၊ ဥဒါဟရဏံ- ဥဒါဟရုဏ်တည်း၊ [ ဘိက္ခုဿ – ရဟန်းအား၊ စီဝရံ- ကို၊ ဒေတိ- ပေး၏၊ နာရာယဏဿ – ဗိဿဏိုး နတ်မင်းအား၊ ဗလိံ – ပူဇော်ဘွယ်ကို၊ ဒေတိ- ၏။]

၇၀။ ။ကာယသမ္ပတ္တိ ပုဗ္ဗသမ္ပဒါန်, စိတ္တသမ္ပတ္တိ ပုဗ္ဗသမ္ပဒါန် အားဖြင့် သမ္ပဒါန် ၂ မျိုးပြားပုံကို ပြသောဂါထာတည်း၊ ကာယေန + သမ္ပတ္တိ ကာယသမ္ပတ္တိ – ကိုယ်ဖြင့် ကောင်းစွာရောက်ခြင်း၊ ကာယသမ္ပတ္တိ+ပုဗ္ဗံ ယဿာတိ ကာယသမ္ပတ္တိပုဗ္ဗံ၊ ယဿ—အကြင် သမ္ပဒါန်၏၊ ပုဗ္ဗံ—(မပေးမီ)ရှေ့၌၊ ကာယသမ္ပတ္တိ-ကိုယ်ဖြင့်ကောင်းစွာရောက်ခြင်းသည်၊ အတ္ထိ, ဇာတိ, တံ—ထိုသမ္ပဒါန်သည်၊ ကာယသမ္ပတ္တိပုဗ္ဗံ – ကာယသမ္ပတ္တိပုဗ္ဗ မည်၏၊ စိတ္တသမ္ပတ္တိပုဗ္ဗလည်း နည်းတူ။

ပုံစံ။ ။"ဘိက္ခုဿ စီဝရံ ဒေတိ"၌ သင်္ကန်းမလှူမီ ရဟန်းထံရောက်အောင် ကိုယ်ဖြင့်ရှေးဦးစွာ သွားရ၏၊ ထို့ကြောင့် သင်္ကန်းလှူရာဖြစ်သော ရဟန်းသည် ကာယသမ္ပတ္တိပုဗ္ဗသမ္ပဒါန် မည်၏။ [ဤပုံစံ၌ ပေးလှူလိုသောစိတ်သည် မလှူမီ ရှေးဦးစွာ ဖြစ်ရသေးသောကြောင့် "စိတ္တသမ္ပတ္တိပုဗ္ဗ"ဟု ဆိုနိုင်သော်လည်း ကိုယ်ဖြင့်သွားရောက်ခြင်းက ထင်ရှားသောကြောင့် "ကာယ သမ္ပတ္တိပုဗ္ဗ"ဟု နာမည်တပ်ရသည်။]

"ဗလိံနာရာယဏဿ ဒေတိ"၌ ဗိဿဏိုးနတ်မင်းကို "နာရာယဏ"ဟု ထေါမနိဓိဖွင့်၏၊ ဒီပနီ၌ " ဝါသုဒေဝ " ဟု ဖွင့်၏၊ ထို ဝါသုဒေဝကိုလည်း "ဗိဿဏိုး"ဟုပင် ထေါမနိဓိ ဖွင့်၏၊ ထိုနတ်အား ပူဇော်ရာ(နတ်တင်)ရာ အခါ၌ ကိုယ်ဖြင့် နတ်အထံသို့ မရောက်နိုင်၊ စိတ်ဖြင့်သာ ရောက်နိုင်၏၊ ထို့ကြောင့် " စိတ္တသမ္ပတ္တိပုဗ္ဗ သမ္ပဒါန် " ဟု ဆိုသည်။ [ " ကမ္မာဘိပ္ပေတ သမ္ပဒါန်, ကြိယာဘိပ္ပေတသမ္ပဒါန်, ကာရကန္တရပ္ပတ္တ သမ္ပဒါန် " စသော သမ္ပဒါန်အပြားကို ပုဒ်စစ်မှာ ရှုပါ။]

www.dhammaransi.com



## ၇၉။ သမေပျ ဂမေ ဒွိန္နံ, ပုဗ္ဗရူပါ ယ·ဒဿတံ၊ ဝုစ္စတေ တ·ဒပါဒါန-မေတဿာဝဓိလက္ခဏံ။

၇၉။ ဒွိန္နံ-ဂါမမုနိ အစရှိသော ၂ မျိုးသော ဝတ္ထုတို့၏၊ အပဂမေ – ကင်းကွာခြင်းသည်၊ သမေပိ – တူမျှပါသော်လည်း၊ ယံ-အကြင် ရွာအစရှိသောဝတ္ထုသည်၊ ပုဗ္ဗရူပါ–တည်မြဲတိုင်းသော ရှေ့သဘောမှ၊ အဒဿတံ-မရွေ့လျော၊ တံ–ထို ရွာအစရှိသော ဝတ္ထုကို၊ အပါဒါနံ-အပါဒါနံဟူ၍၊ ဝုစ္စတေ-ဆိုအပ်၏၊ စ-ဆက်ဦးအံ့၊ ဧတံ-ဤအပါဒါန်သည်၊ အဝဓိလက္ခဏံ-ပိုင်းခြားခြင်းလက္ခဏာရှိ၏။

၇၉။ ။ အပါဒါန်၏ သဘောနှင့် လက္ခဏာကိုပြသော ဂါထာတည်း၊ "သမေ၊ပေ၊တဒပါဒါနံ"ဖြင့် အပါဒါန်၏သဘောကိုပြ၏၊ "အပ+အာဒါန" ဟု ခွဲ၊ အပနေတွာ အာဒဒါတိ ဧတဿာတိ အပါဒါနံ၊ ဧတဿ – ဤရွာ အစရှိသော ကာရကမှ၊ အပနေတွာ – ဖဲခွါ၍၊ အာဒဒါတိ– အခြားဝတ္ထုကို ယူတတ်၏၊ ဣတိ–ထိုသို့ ဖဲ့ခွါရာ၏အဖြစ်ကြောင့်၊ အပါဒါနံ–မည်၏။

**သမေ၊ပေ၊တဒပါဒါနံ** ။ ။ "ဂါမာ အပေန္တိ မုနယော– ရသေ့မုနိတို့သည် ရွာမှဖဲကုန်၏" ဟူသောပုံစံ၌ မုနိတို့သည် ရွာနှင့်ကင်းကွာသွားကုန်၏၊ ရွာလည်း မုနိတို့နှင့် ကွဲကွာနေရစ်၏၊ ဤသို့ ရွာ – မုနိ ၂ ဘက်လုံးတို့၏ ကွဲကွာခြင်းအားဖြင့်တူကြသော်လည်း နဂိုရ်အနေမှ မရွေ့သော ရွာစသည်ကို "အပါဒါန်"ဟု ဆိုရသည်။

**မြင်းပေါ်မှလူကျ**။ ။ "မြင်းစီးယောက်ျားသည် ပြေးနေသောမြင်းမှ ကျရစ်၏" ဟူရာ၌ မြင်းသည် နဂိုရ်ပြေးမြဲသဘောမှ မပြောင်းဘဲ ပြေးမြဲ ပြေးနေ၏၊ လူသာလျှင် စီးမြဲသဘောမှ ရွေ့လျော၏၊ ထို့ကြောင့် မြင်းနှင့်လူ ၂ မျိုးတို့၏ ကွဲကွာခြင်းတူသော်လည်း မြင်းကိုသာ အပါဒါန်ဟု ဆိုရသည်။

**ဧတဿာဝဓိလက္ခဏံ**။ ။အဝဓဓာတိ ပရိစ္ဆိန္ဒတီတိ အဝဓိ၊ ဤသို့ ကဏ္ဍ သာဓ်ပြု၍ ပိုင်းခြားတတ်သည်၏ အဖြစ်ဟူသော ပိုင်းခြားခြင်း ကြိယာကို ဘာဝပ္ပဓာန နည်းအားဖြင့် ယူပါ၊ အဝဓိ – ပိုင်းခြားတတ်သည်၏ အဖြစ်ဟူသော+လက္ခဏံ ယဿာတိ အဝဓိလက္ခဏံ၊ ရွာနှင့် မုနိတို့ကို မရောစေဘဲ ပိုင်းခြားခြင်း ( ခွဲခြားခြင်း )သည် ဤ အပါဒါန်၏ အမှတ်အသားတည်း။ [အရာဝတ္ထု ၂ မျိုးကို တခြားစီဖြစ်အောင် ပိုင်းခြားခြင်း အမှတ်အသားသည် ကတ္တုစသောကာရကများ၌ မရှိရကား ဤ ပိုင်းခြားခြင်းကိုပင် အပါဒါန်၏ ထူးခြားသော အမှတ်လက္ခဏာ ဟု ဆိုရသည်။]

www.dhammaransi.com



အနုမေယျဝိသယဥ္စ - မှန်းဆအပ်သော အပါဒါနသညာ၏ ဖြစ်ရာ ကြိယာရှိသော၊ ကိဥ္စိ—အချို့သော အပါဒါန်ငှင်း၊ (ဣတိ- ဤသို့၊) အပါဒါနံ – အပါဒါန်ကို၊ တိဓာ – သုံးပါး ပြား၏ ဟူ၍၊ မတံ – သိအပ်၏။

၁၂။ မုနယော-ရသေ့တို့သည်၊ ဂါမာ-ရွာမှ၊ အပေန္တိ-ဖဲကုန်၏၊ ကုသုလာ-ကျီမှ၊ (နီဟရိတွာ-ထုတ်ဆောင်၍၊) တဏ္ဍုလံ – ဆန်ကို၊ ပစေ-ချက်၏၊ ဣမေ-ဤမထုရာပြည်သားတို့သည်၊ ပါဋလိပုတ္တကေဟိ-ပါဋလိပုတ်ပြည်သားတို့ထက်၊ အဘိရူပတရာ - သာ၍ လွန်ကဲသော အဆင်းရှိကုန်၏၊(ဣတိ- ဤသည်တို့ကား ဥဒါဟရဏ်တည်း။)

၁၁ , ၂။ အပါဒါန်သုံးမျိုး ပြားပုံကို ပြသောဂါထာတည်း၊ နိဒ္ဒိဋ္ဌော+ ဝိသယော ယဿာတိ နိဒ္ဒိဋ္ဌဝိသယော၊ ယဿ—အကြင်အပါဒါန်၏၊နိဒ္ဒိဋ္ဌော-တိုက်ရိုက် ညွှန်ပြအပ်သော၊ ဝိသယော – အပါဒါန်အမည်၏ဖြစ်ရာ ကြိယာ သည်၊ အတ္ထိ, ဣတိ, နိဒ္ဒိဋ္ဌဝိသယံ၊"ဂါမာ အပေန္တိမုနယော"ကား ပုံစံတည်း၊ ဤ၌ "အပေန္တိ"ဟု ကြိယာတိုက်ရိုက်ရှိသောကြောင့် ဂါမာသည် နိဒ္ဒိဋ္ဌဝိသယ အပါဒါန်ဖြစ်၏၊ [ အပါဒါနသညာဝိသယဿ ကြိယာဝိသေသဿ နိဒ္ဒိဋ္ဌတ္တာ နိဒ္ဒိဋ္ဌဝိသယံ၊—ရူပသိဒ္ဓိ (ကာရက)။]

ဝိသယ ။ ။ "ဝိသေသေန + သေန္တိ ဧတ္ထာတိ ဝိသယော" နှင့်အညီ အပါဒါန်သညာ၏ အထူးဖြစ်ရာကြိယာကို "ဝိသယ" ဟု ခေါ်၏၊ အပေန္တိ ကြိယာကြောင့် ဂါမာသည် အပါဒါန်အမည်ရ၏၊ အပေန္တိ ကြိယာမရှိလျှင် ဂါမာသည် အပါဒါန် အမည်မရနိုင်၊ ထို့ကြောင့် အပေန္တိသည် အပါဒါန သညာ၏ အထူးအားဖြင့်ဖြစ်ရာ ကြိယာတည်း။ [အချို့က "အပါဒါန်ပုဒ်၏ စာစပ်ရာကို "ဝိသယ"ဟု ခေါ်ကြ၏၊ ထိုအယူကို ရူပသိဒ္ဓိ – ယသ္မာဒပေတိ သုတ်အဖွင့်၌ "ဝါဒန္တရ"ဟု ခေါင်းတပ်၍ စိစစ်ထားသည်။]

ဥပါတ္တဝိသယ။ ။ [ဥပ+အာတ္တ၊ အာတ္တ၌ အာပုဗ္ဗဒါဓာတ် တပစ္စည်း၊ အာဒီယတေတိ အာတ္တံ၊ ဥပဂန္တ္ဝာ+ အာတ္တံ= ကပ်၍ ယူအပ်သောကြိယာ။] တိုက်ရိုက် မပါသောကြောင့် ကပ်၍ယူအပ်သော ( ဆောင်ယူအပ်သော ) ကြိယာကို ဥပါတ္တဝိသယ ဟု ခေါ်၏၊ ဤ ဥပါတ္တကိုပင် " အဇ္ဈာဟရိတဗ္ဗ—ဆောင်ယူထိုက်သောကြိယာ " ဟု ၎င်း, "ပါဌသေသ—ပါဌ်ကြွင်း" ဟု၎င်း ခေါ်သည်။ [" ဥပ္ပတ္တဝိသယ, ဥပ္ပတ္တိဝိသယ "ဟု ရှိကြသည်ကား ပါဌ်ပျက် ချည်းသာ။]

www.dhammaransi.com



၇၃။ ကြိယာနိဿယဘူတာနိ, ကတ္တုကမ္မာနိ တိဋ္ဌရေ၊
ယတ္ထော ကာသော တိ သော ယေ၀, ပရံပရူပစာရတော။

၇၃။ ယတ္ထ – အကြင် ကာရကဌ်၊ ကြိယာနိဿယဘူတာနိ – ကြိယာ၏မှီရာဖြစ်၍ဖြစ်ကုန်သော၊ ကတ္တုကမ္မာနိ- ကတ္တားကံတို့သည်၊ တိဋ္ဌရေ – တည်ကုန်၏၊ သော ယေ၀ – ထို ကြိယာ၏ မှီရာဖြစ်သော

**ကုသုလာ တဏ္ဍုလံ ပစေ။** ။ဤ၌ "ကျီမှ ဆန်ကိုချက်ရာ၏"ဟု ဆိုလျှင် မြန်မာလို အဓိပ္ပါယ်နားလည်နိုင်သော်လည်း " ကုသုလာ " ၏ အပါဒါန သည္ဘာမှည့်ဘို့ရာ ကြိယာမပါသေး၊ ထို့ကြောင့် "ကုသုလာ—မှ၊ နီဟရိတွာ— ထုတ်ဆောင်၍ " ဟု နီဟရဏကြိယာ ထည့်ရသည်၊ ဤသို့ အပါဒါနအမည် ရဘို့ရာကြိယာကို ဆောင်ယူရသောကြောင့် ကုသုလာသည် ဥပါတ္တဝိသယ အပါဒါနိအမည်ရသည်၊ "ဝလာဟကာ ဝိဇ္ဇောတတေ စန္ဒော— တိမ်တိုက်မှ (ထွက်၍) လသည် တောက်၏"လည်း "နိက္ခမိတွာ"ဟု ထည့်ရသော ဥပါတ္တ ဝိသယ အပါဒါနိပင်တည်း။

**အနုမေယျဝိသယ။** ။အနု + မာဓာတ်, ဏျကို ယျပြု၊ "အနုမာန" ပုဒ်ကဲ့သို့ " မှန်းဆ"ဟူသော အနက်ဟောတည်း၊ တိုက်ရိုက်လည်း ကြိယာ မပါ , ထုတ်ယူစရာ ( ထည့်စရာ ) ကြိယာလည်း မရှိ၊ သို့သော် အပါဒါန် မှည့်ဘို့ရာ မှန်းဆအပ်သောကြိယာကား ရှိ၏၊ ထိုသို့ မှန်းဆအပ်သောကြိယာ ရှိသောအပါဒါန်သည် အနုမေယျဝိသယ အပါဒါန်မည်၏။

**ပါဋလိပုတ္တကေဟိ အဘိရူပတရာ။** ။[ဂါထာဖြစ်၍"တရ"ပါနေ၏၊ အခြားကျမ်းများ၌ "အဘိရူပါ" ဟုသာ ရှိ၏၊] ဤပုံစံ၌ "ပါဋလိပုတ္တကေ ဟိ"ကို အပါဒါန်မှည့်ဘို့ရာ ကြိယာမရှိ၊ ကြိယာမရှိလျှင် "ကာရကံ ကြိယံ အဘိနိပ္ဖါဒေတိ"နှင့် မညီသောကြောင့် ကာရကအမည် မရနိုင်၊ ထို့ကြောင့် မှန်းဆအပ်သောကြိယာတခု ရှိရဦးမည်၊ ထိုကြိယာကား ဥက္ကံသ (သာလွန် ခြင်း) ကြိယာတည်း၊ ချဲ့ဦးအံ့ — "ဤ မထုရာပြည်သားတို့သည် ပါဋလိပုတ် ပြည်သားတို့ထက် အထူးအားဖြင့် အလွန် အဆင်းလှကုန်၏" ဟု ဆိုလျှင် "ပါဋလိပုတ်ပြည်သားတို့ထက် မထုရာပြည်သားတို့က ကံအားဖြင့်ငှင်း, ဥတု ရေမြေ အာဟာရအားဖြင့်ငှင်း, အပြုအပြင်အားဖြင့်ငှင်း, ဥက္ကံသ— သာလွန် ၏"ဟု မှန်းဆ၍ သိနိုင်၏၊ ဤသို့ မှန်းဆ၍သိအပ်သော ဥက္ကံသကြိယာသည် ပါဋလိပုတ္တကေဟိ၏ အပါဒါန် အမည်ရဘို့ရာ အကြောင်းတည်း။ [ ဧတ္ထ အဘိရူပတရဂ္ဂဟဏေန ဥက္ကံသန္တိ ကြိယာ အနုမာနိတဗ္ဗာ။ ] အကျယ်ကို ရူပသိဒ္ဓိ-"ယသ္မာဒပေတိ "သုတ်အဖွင့်မှာ ရှုပါ။

www.dhammaransi.com



ကတ္တားကံတို့၏တည်ရာ ကာရကကိုပင်၊ ပရံပရူပစာရတော-အဆက်ဆက် တင်စားအပ်သော ဥပစာရအားဖြင့်၊ ဩကာသောတိ - ဩကာသဟူ၍၊ ဝုစ္စတေ-ဆိုအပ်၏။

၇၃။ ဩကာသကာရက၏ သဘောကိုရင်း, ဩကာသအမည်ရခြင်း၏ အကြောင်းကိုရင်း, ပြသောဂါထာတည်း၊ မှန်၏ – "ကြိယာ၊ပေ၊ယတ္ထော ကာသောတိ" ဖြင့် ဩကာသကာရက၏ သဘောကိုပြ၏၊ ကြိယာ၏မှီရာ ဖြစ်သော ကတ္တားကံတို့၏ တည်ရာသဘောရှိသောကာရကကို "ဩကာသ" ဟု ခေါ်ရသည်–ဟူလို၊ "သောဃေဝ ပရမ္ပရူပစာရတော"ဖြင့် "ဩကာသ အမည်သည် မုချမဟုတ်, ဥပစာအမည်ဖြစ်သည်"ဟု ပြသည်။

**ကြိယာ၊ပေ၊တိဋ္ဌရေ**။ ။ဒေဝဒတ္တော ကဋေ နိသီဒတိ–ဒေဝဒတ်သည် သင်ဖြူး (ဖျာ)ပေါ်၌ ထိုင်၏၊ ဤပုံစံ၌ ထိုင်ခြင်းကြိယာသည် ဒေဝဒတ်ပေါ်၌ မှီ၏၊ ဒေဝဒတ်ဟူသောကတ္တားကား သင်ဖြူးပေါ်၌ တည်၏၊ ဤသို့လျှင် ကဋ (သင်ဖြူး) သည် ထိုင်ခြင်းကြိယာ၏မှီရာဖြစ်သော ဒေဝဒတ် တည်းဟူသော ကတ္တား၏ တည်ရာဖြစ်သောကြောင့် ဩကာသကာရက အမည်ရသည်။

ထာလိယံ ဩဒနံ ပစတိ–ထမင်းအိုး၌ ထမင်းကိုချက်၏၊ ဤပုံစံ၌ ချက်ခြင်း ကြိယာသည် ဩဒနံဟူသောကံ၌ မှီ၏၊ ဩဒနံဟူသော ကံကား ထမင်းအိုး၌ တည်၏၊ ဤသို့လျှင် ထာလီသည် ချက်ခြင်းကြိယာ၏ မှီရာဖြစ်သော ဩဒနံ ဟူသောကံ၏ တည်ရာဖြစ်သောကြောင့် ဩကာသကာရက အမည်ရသည်၊ [ ဩကာသပုဒ်နှင့် အာဓာရပုဒ်တို့၏ ဝစနတ္ထကို ကစ္စည်းဘာသာဋီကာ "ယောဓာရော တ မောကာသံ"သုတ်အဖွင့်မှာ ရှု။]

**ပရမ္ပရူပစာရတော**။ ။"ကရောတိ ကြိယံ အဘိနိပ္ဖါဒေတီတိ ကာရကံ" နှင့်အညီ ကြိယာကို ပြီးစေတတ်မှ ကာရကအမည် ရနိုင်၏၊ ဤပုံစံများဝယ် ကြိယာသည် ကတ္တားကံ၌ တည်သောကြောင့် "ဒေဝဒတ္တ ဩဒန" ဟူသော ကတ္တားကံတို့သာ ဩကာသအမည် ရသင့်သည် မဟုတ်ပါလော၊ အဘယ် နည်းဖြင့် ကြိယာ၏ မှီရာမဟုတ်သော ကဋ – ထာလီတို့က ဩကာသအမည် ရသနည်း–မေးဘွယ်ရှိသောကြောင့် "ပရမ္ပရူပစာရတော"ဟု မိန့်သည်။

**ဆိုလိုရင်းကား** — "ဒေဝဒတ္တော ကဋေ နိသီဒတိ "၌ ထိုင်ခြင်းကြိယာ သည် ဒေဝဒတ်၌ တည်သောကြောင့် ဒေဝဒတ်သာ မုချအားဖြင့် ဩကာသ မည်၏၊ သို့သော်"ဒေဝဒတ်၏ ဩကာသအမည်ကို ကဋ၌တင်စားလိုက်သော အခါ ကဋလည်း အဆက်ဆက်တင်စားခြင်းအားဖြင့် ဩကာသအမည် ရနိုင် သည်"ဟူလို၊ ဥပစာ ၁၂ ပါးတွင်ကား ဌာနီဒေဝဒတ်၏ ဩကာသအမည်ကို

www.dhammaransi.com



၇၄။ လဒ္ဓနာမ ဝိသေသတ္တာ, နေသံ နောကာသတာ သိယာ၊
သာမညဿ ဝိသေသောဝ, ဗာဓကောတိ ဟိ ဝုစ္စတေ။

၇၄။ နေသံ-ထိုကတ္တားကံတို့၏၊ လဒ္ဓနာမ ဝိသေသတ္တာ-ရအပ်ပြီးသော ကတ္တားဟူသော အမည်ထူး, ကံဟူသော အမည်ထူးရှိကုန်သည်၏ အဖြစ်ကြောင့်၊ ဝါ – ကတ္တား ကံဟူသော အမည်ထူးကို ရကုန်ပြီး၏ အဖြစ်ကြောင့်၊ ဩကာသတာ-ဩကာသ၏ အဖြစ်သည်၊ ဝါ-ဩကာသ အမည်သည်၊ န သိယာ - မဖြစ်တော့ရာ၊ ဟိ - မှန်၏၊ သာမညဿ - သာမည အစီအရင်ကို၊ ဝိသေသောဝ - ဝိသေသ အစီအရင်ကသာ၊ ဗာဓကောတိ- တားမြစ်နိုင်၏ဟူ၍၊ ဝုစ္စတေ -ဆိုအပ်၏။

ဌာနဖြစ်သော ကဋ္ဌ၌ တင်စားသောကြောင့် ဌာနျူပစာတည်း၊ ပရဿ – တပါးသော ဒေဝဒတ္တ၏+ နာမံ – ကြိယာ၏တည်ရာ ဩကာသအမည်ကို+ ပရမှိ– တပါးသော ကဋ္ဌ+ဥပစာရော–တင်စား၍ ခေါ်ခြင်းတည်း၊ ပရမ္ဘူပစာရော–ခြင်း။ [ "ထာလိယံ ဩဒနံ ပစတိ"၌လည်း ဤနည်းမှီး၍ သိပါ၊ ကစ္စည်းဘာသာဋီကာ၌လည်း ပြထားသည်။]

---

၇၄။ **လဒ္ဓ၊ပေ၊သိယာ။** ။ကတ္တားကံတို့က (ကြိယာ၏မှီရာ ဩကာသ မှန်ပါလျက်)ဩကာသအမည်မခံခြင်း၏အကြောင်းကိုပြသော ဂါထာတည်း၊ ဤဂါထာ၌ ဩကာသအမည် မခံခြင်း၏အကြောင်းကား " လဒ္ဓနာမဝိသေသတ္တာ "တည်း၊ ကတ္တားသည် ကတ္တားဟူသော နာမည်ထူးကို ရပြီးဖြစ်၏၊ ကံလည်း ကံဟူသော နာမည်ထူးကို ရပြီးဖြစ်သည်၊ ထို့ကြောင့် ကတ္တားနှင့် ကံတို့သည်( ကတ္တားနှင့်လည်းဆိုင် , ကံနှင့်လည်းဆိုင် , အာဓာရနှင့်လည်း ဆိုင်သောကြောင့် ) သာမညဖြစ်နေသော ဩကာသနာမည်ကို လက်မခံကြတော့၊ "ကတ္တားကံဟူသော ဝိသေသနာမည်က ဩကာသဟူသော သာမည နာမည်ကို တားမြစ်ထားသည်"ဟူလို။

**သာမညဿ၊ပေ၊ဝုစ္စတေ။** ။မှန်၏-လောက၌ ဝိသေသနာမည်ကသာ သာမညနာမည်ကို တားမြစ်ရိုးရှိ၍, သာမညနာမည်က ဝိသေသနာမည်ကို တားမြစ်ရိုး မရှိ၊ ဥပမာ — ရဟန်းဟူသော ဝိသေသနာမည်က လူဟူသော သာမညနာမည်ကို တားမြစ်နိုင်၍ , လူ ဟူသော သာမညနာမည်က ရဟန်း ဟူသော ဝိသေသနာမည်ကို မတားမြစ်နိုင်သကဲ့သို့တည်း။ [ သဒ္ဒါကျမ်းတို့၌ " သရာ သရေ လောပံ " စသော ရှေးရှေးသုတ်၏ သာမည အစီအရင်ကို "ဝါပရော အသရူပါ"ဟူသော နောက်နောက်သုတ်၏ ဝိသေသအစီအရင်က တားမြစ်ခြင်းလည်း ဤသဘောပင်တည်း။]

www.dhammaransi.com



၁၅။ အာဓာရော စတုဓာဗျာပိ-ကော တိလေသုပသိလေသိကော၊
ထာလီ ဝေသယိကော-ကာသော,ဂင်္ဂါ သာမီပိကောတိစ။

၁၅။ အာဓာရော-အာဓာရသည်၊ ဗျာပိကော-ပြန့်နှံ့ခြင်းရှိသော၊ တိလံ-နှမ်းဖြင့်း၊ ဩပသိလေသိကော-ကပ်ယှဉ်ခြင်းရှိသော၊ ထာလီ-ထမင်းအိုးဖြင့်း၊ ဝေသယိကော - အထူးဖြစ်ရာနယ်ဟူသော၊ အာကာသော- ကောင်းကင်ဖြင့်း၊ သာမီပိကော - အနီးရှိသော၊ ဂင်္ဂါ-ဂင်္ဂါမြစ်ဖြင့်း၊ ဣတိ-ဤသို့၊ စတုဓာ-လေးပါးပြား၏။

**၁၅။ အာဓာရော စတုဓာ။** ။ဩကာသကာရကကို အာဓာရကာရက ဟုလည်း ခေါ်နိုင်သောကြောင့် ထိုအာဓာရကာရက ၄မျိုးပြားပုံကို ပြသော ဂါထာ တည်း၊ ဗျာပိကာဓာရသည် တိလံ, ဩပသိလေသိကာဓာရသည် ထာလီ, ဝေသယိကာဓာရသည် အာကာသော, သာမီပိကာဓာရသည် ဂင်္ဂါ တည်း၊ တိလံစသည်ကား အကျဉ်းချုပ်ပြထားသော စကားတည်း၊ အကျယ် အားဖြင့် "တိလေသု တေလံ တိဋ္ဌတိ, ထာလိယံ ဩဒနံ ပစတိ, အာကာသေ သကုဏာ ပက္ခန္ဒန္တိ,ဂင်္ဂါယံ ဃောသော တိဋ္ဌတိ"ဟု ပုံစံထုတ်လိုရင်းတည်း။

**ဗျာပိကာဓာရ။** ။ဗျာပနံ-ပြန့်နှံ့ခြင်း၊ ဗျာပေါ-ခြင်း၊ ဗျာပေါ ယတ္ထ အတ္ထီတိ ဗျာပိကော၊[အာဓာရ၌တည်သောဝတ္ထုကို အာဓေယျ(အာဓေယ်) ဟု ခေါ်၏၊ ] အာဓေယ်၏ ပြန့်နှံ့ခြင်းရှိသော အာဓာရသည် " ဗျာပိက အာဓာရ"မည်၏၊ "တိလေသု တေလံ တိဋ္ဌတိ=နှမ်းတို့၌ ဆီသည် တည်၏" ဤပုံစံ၌ တေလံသည် အာဓေယ်တည်း၊ ထိုအာဓေယ်ဖြစ်သော ဆီသည် နှမ်း တခုလုံး၌ ပြန့်နှံ့သောကြောင့် တိလသည် ဗျာပိကာဓာရ မည်၏၊ [သတ္တတ၌ "ဗျာပက အဘိဗျာပက"ဟုရှိ၏၊ ထိုမူကွဲနှင့်တကွ သကလဗျာပက ဧကဒေသ ဗျာပက ဟု ၂ မျိုးပြားပုံကိုပါ ရူပသိဒ္ဓိ—ယောဓာရောသုတ်အဖွင့်မှာ ရှုပါ။]

**ဩပသိလေသိကာဓာရ။** ။ဥပသိလိဿနံ-ကပ်ငြိခြင်း၊ဥပသိလေသော-ခြင်း၊ ဥပသိလေသော ယတ္ထ အတ္ထီတိ ဩပသိလေသိကော၊ ထာလိယံ ဩဒနံ ပစတိ၊ ဤပုံစံ၌ ထမင်းအိုးသည် ထမင်း၏ ငြိကပ်၍တည်ရာဖြစ်သောကြောင့် "ဩပသိလေသိက'အာဓာရ"မည်၏၊ အလ္လီယန—အနလ္လီယန ဩပသိလေသိကာဓာရအပြားကို ရူပသိဒ္ဓိဘာသာဋီကာ၌ အမိပ္ပါယ်နှင့်တကွ ပြထားပြီ။

**ဝေသယိကာဓာရ။** ။ "ဝိသေသေန+သေန္တိ ပဝတ္တန္တိ ဧတ္ထာတိ ဝိသယော"နှင့်အညီ အထူးသဖြင့်ဖြစ်ရာအရပ်,အာရုံ,ကာလစသည်ကို"ဝိသယ" ဟု ခေါ်၏၊ "နယ်ပယ်" ဟုလည်း မြန်မာပြန်ကြ၏၊ ဝိသယောဧဝ ဝေသယိ ကော(သွတ္ထ၌ ဏိကသက်)၊ အာကာသေ သကုဏာ ပက္ခန္ဒန္တိ-ကောင်းကင်၌

www.dhammaransi.com



၈၆။ ပဓာနပရိကပ္ပါနံ, ဝသာ ခါရော ဟိ ဒုဗ္ဗိဓော၊
မုချောပစာရတော ဝါပိ, တိလဂဂ်ါဒယော ယထာ။

၈၆။ ဟိ-ဂင်္ဂါယံကို အာဓာရဆိုခြင်းသည် မှန်၏၊ အာဓာရော-အာဓာရသည်၊ ပဓာန ပရိကပ္ပါနံ-ပဓာနာဓာရ ပရိကပ္ပါဓာရတို့၏၊ ဝသာ – အပြားအားဖြင့်၎င်း၊ မုချောပစာရတော ဝါပိ - မုချာဓာရ ဥပစာရာဓာရအားဖြင့်၎င်း၊ ဒုဗ္ဗိဓော - ၂ ပါး အပြားရှိ၏၊ ယထာ-ဥဒါဟရုဏ်ကား၊ တိလဂဂ်ါဒယော-တိလဂင်္ဂါအစရှိသည်တို့တည်း။

ငှက်တို့သည် ပျံကုန်၏၊ ဤပုံစံ၌ ကောင်းကင်အရပ်သည် ငှက်တို့၏ပျံသန်းရာ အထူးအရပ် (နယ်) တည်း၊ ထို့ကြောင့် အာကာသေသည် ဝေသယိက အာဓာရမည်၏၊ [ဒေသန္တရာဝစ္ဆေဒ, အညတ္ထာဘာဝ ဝိသယာဓာရအပြား ကို ရူပသိဒ္ဓိဘာသာဋီကာ၌ ရှုပါ။]

**သာမီပိကာဓာရ ။** ။ သမီပေ + နိယုတ္တော သာမီပိကော – အနီး၌ ယှဉ်သောအရပ်၊ ဂင်္ဂါယံ ဃောသော တိဋ္ဌတိ= ဂင်္ဂါမြစ်၌ နွားကျောင်းသား ရွာသည် တည်၏၊ [ဃောသောကို"ဂေါပဂါမ"ဟု ထောမနိဓိဖွင့်၏၊ တချို့ အရာ၌ "ဝဇော–နွားခြံ"ဟုလည်း ဖွင့်၏၊] ဤပုံစံဝယ် ဂင်္ဂါမြစ်ထည်း၌ ရွာ (ခြံ) မတည်နိုင်၊ ဂင်္ဂါမြစ်နှင့်ဆက်စပ်နေသော ကမ်းနား၌သာ တည်နိုင်၏၊ ထို့ကြောင့် ဂင်္ဂါယံသည် သမီပအနက်၌ သတ္တမီသက်ထားသော သာမီပိကာဓာရတည်း၊ "ဂင်္ဂါယံ–ဂင်္ဂါမြစ်အနီး၌"ဟု အနက်ပေး။

---

**၈၆။ ပဓာန၊ပေ၊ဒုဗ္ဗိဓော။** ။ဤဂါထာသည် ဂင်္ဂါယံမှထွက်လာသော ဂါထာတည်း၊ " ဂင်္ဂါယံကို အာဓာရဆိုခြင်းသည် မှန်၏ " ဟူလို၊ ပဓာန အာဓာရ, ပရိကပ္ပအာဓာရ ဟု အာဓာရ ၂ မျိုး ပြား၏၊ မူရင်းအနက်သည် ပဓာန, ထိုအနက်မှတပါးသော ဆက်သွယ်အပ် ကြံဆအပ်သောအနက်သည် ပရိကပ္ပတည်း၊ ပဓာနနှင့် မုချ , ပရိကပ္ပနှင့် ဥပစာရသည် အနက်အရတူ၏၊ " တိလေသု တေလံ တိဋ္ဌတိ " ၌ တိလေသုသည် မုချအားဖြင့် ဆီ၏တည်ရာ ဖြစ်သောကြောင့် ပဓာန ( မုချ ) အာဓာရ မည်၏၊ " ဂင်္ဂါယံ ဃောသော တိဋ္ဌတိ " ၌ ဂင်္ဂါမြစ်သည် အစစ်အမှန် အားဖြင့် နွားကျောင်းသား ရွာ၏ တည်ရာမဟုတ်, ရေ၏တည်ရာဖြစ်၏၊ ဂင်္ဂါအမည်ကို ကမ်းနားပေါ်၌တင်စား ထားသောသမီပူပစာရအားဖြင့် ကမ်းနားအရပ်ကို ဂင်္ဂါဟုခေါ်ထားသည်၊ ထို့ကြောင့် ဂင်္ဂါယံသည် ပရိကပ္ပ (ဥပစာရ) အာဓာရတည်း။

www.dhammaransi.com



၈၇။ မုချာ·မုချ၀သေနေ၀ံ , သဗ္ဗော သဒ္ဒေါ ပဘိဇ္ဇတေ၊
ဂင်္ဂါယံ နှာယတေ ဂင်္ဂါ-ယံ သဿန္တိ ယထာက္ကမံ။

၈၇။ ဧ၀ံ-ဤဆိုအပ်ပြီးသောနည်းဖြင့်၊ သဗ္ဗော-အလုံးစုံသော၊ သဒ္ဒေါ- သဒ္ဒါသည်၊ မုချာ·မုချ၀သေန- မုချသဒ္ဒါ, ဥပစာသဒ္ဒါတို့၏ အပြားအားဖြင့်၊ ပဘိဇ္ဇတေ - ကွဲပြား၏၊ ဂင်္ဂါယံ - ဂင်္ဂါမြစ်၌၊ နှာယတေ-ရေချိုး၏၊ ဂင်္ဂါယံ-၌၊ သဿံ-ကောက်ပင်သည်၊ တိဋ္ဌတေ-တည်၏၊ ဣတိ - ဤကား၊ ယထာက္ကမံ - အစဉ်အတိုင်းသော ဥဒါဟရဏ်တည်း။

၈၇။ မုချာ၊ပေ၊ပဘိဇ္ဇတေ။ ။အာစရိယ၏ မုချ-ပရိကပ္ပ ၂ မျိုးပြားပုံနှင့် စပ်၍ အခြားသော သဒ္ဒါများလည်း ထိုကဲ့သို့ ၂ မျိုးပြားနိုင်ကြောင်းကို ပြလိုသောကြောင့် ဤဂါထာကိုမိန့်သည်၊ "မုခေ (ပဓာနေ) + ဘ၀ံ မုချံ"နှင့်အညီ အစစ်အမှန် ပဓာနအနက်ကိုဟောသော သဒ္ဒါသည် မုချသဒ္ဒါမည်၏၊ ဥပစာ တင်စားအပ်သောအနက်ကို ဟောသောသဒ္ဒါသည် အမုချသဒ္ဒါမည်၏။

ပုံစံ။ ။"ဂင်္ဂါယံ နှာယတေ—ဂင်္ဂါမြစ်၌ ရေချိုး၏"ပုံစံ၌ ဂင်္ဂါမြစ်သည် မုချရေချိုးရာအရပ် ဖြစ်သောကြောင့် ဂင်္ဂါယံသည် မုချသဒ္ဒါတည်း၊ "ဂင်္ဂါယံ သဿံ တိဋ္ဌတိ"၌ ကောက်ပင်သည် ဂင်္ဂါမြစ်ထည်း၌ မတည်နိုင်, မြစ်၏အနီး ဖြစ်သော လယ်မြေ၌သာ တည်နိုင်၏၊ ထို့ကြောင့် ဤပုံစံ၌ ဂင်္ဂါယံသည် အမုချ (သမီပူပစာ) သဒ္ဒါတည်း၊ ဤနည်းအားဖြင့် သဒ္ဒါဟူသမျှ မုချသဒ္ဒါ, ဥပစာသဒ္ဒါအားဖြင့် ၂ မျိုးပြားနိုင်သည်—ဟူလို။

အမှာ။ ။တတိယပါဒအဆုံးနှင့် စတုတ္ထပါဒ အစ၀ယ် အလယ်၌ ရပ်နား၍ ရွတ်ရသောထုံးစံ ရှိ၏၊ သို့ပါလျက်"ဂင်္ဂါ—ယံ"ဟု ရပ်၍ မဖြစ်အောင် ရေးစီထားသောကြောင့် အလင်္ကာကျမ်းလာ ယတိဟီနဒေါသ ရောက်၏၊ ထို့ကြောင့် " ဂင်္ဂါယံ နှာယိ ဂင်္ဂါယံ , သဿံ ဌာတိ နိဒဿနံ " ဟု ဆရာတို့ ပြင်ကြသည်။

ဋီကာ ။ ။ကာရကသဒ္ဒါသည် ကြိယာကို ပြီးစေတတ်သော ကတ္တုကာရကကို ဟောရာ၌ မုချသဒ္ဒါဖြစ်၏၊ ကံအစရှိသော ကာရကတို့သည် သူတို့ကိုယ်တိုင် ကြိယာကိုမပြီးစေတတ်ဘဲ ကြိယာပြီးခြင်း၏ အကြောင်းသာ ဖြစ်ကြ၏၊ ထို့ကြောင့် ကံအစရှိသောကာရကကို ကာရကသဒ္ဒါက ဟောရာ၌ အမုချ ( ဖလူပစာ ) သဒ္ဒါတည်း၊ မြာဟ္မဏသဒ္ဒါသည် ပုဏ္ဏားအစစ်ကို ဟောရာ၌ မုချသဒ္ဒါ, ပုဏ္ဏားနှင့်တူသော (ပုဏ္ဏားတု) ကို ဟောရာ၌ အမုချ (သဒိသူပစာ) သဒ္ဒါတည်း၊ ဤသို့ ဋီကာ၌ ပြထားသည်။

www.dhammaransi.com



**၈၈။ ဘူတမတ္ထံ·မတိက္ကမ္မ, ယေနာဘူတံ·မပေက္ခတိ၊**
**ဘူတတ္ထသောကဒေသံဝါ, သော ပစာရောတိ ဝုစ္စတိ။**

၈၈။ ယေန – အကြင်သီဟ အစရှိသောဝေါဟာရဖြင့်၊ (ဝတ္တု ကာမော – ပြောဆိုလိုသောပုဂ္ဂိုလ်သည်၊) **ဘူတံ** – ဟုတ်မှန်သော၊ **အတ္ထံ**- ခြင်္သေ့စသော အနက်ကို၊ **အတိက္ကမ္မ**- ကျော်လွန်၍၊ **အဘူတံ**– မဟုတ်မမှန်သော၊ **အတ္ထံ**-ယောကျ်ားစသောအနက်ကို၊ **အပေက္ခတိ**- ရှုငဲ့၏၊ **ဝါ**-ရှုငဲ့၍ပြောဆို၏၊ **ဝါ**-တနည်း၊ **ဘူတတ္ထဿ**-ဟုတ်မှန်သော ခြင်္သေ့ အစရှိသောအနက်၏၊ **ဧကဒေသံ** - တစိတ်တဒေသဖြစ်သော၊ (**အတ္ထံ**–ရဲရင့်ခြင်းစသော အနက်ကို၊) **အပေက္ခတိ**- ရှုငဲ့၏၊ **ဝါ**-ရှုငဲ့၍ ပြောဆို၏၊ **သော** - ထို သီဟစသော ဝေါဟာရကို၊ **ဥပစာရောတိ**– ဥပစာဟူ၍၊ **ဝုစ္စတိ**-ဆိုအပ်၏။

၈၈။ **ဘူတ၊ပေ၊ဝုစ္စတိ**။ ။၈၆ ဂါထာ၌ "မုချောပစာရတော"ဟူသော စကားဝယ် အဘယ်ကို "ဥပစာရ" ခေါ်ပါသနည်း–ဟု မေးဘွယ်ရှိသော ကြောင့်"ဘူတမတ္ထ"စသော ဂါထာကိုမိန့်သည်၊ သီဟစသော အကြောင်းအခေါ် အဝေါ်ဖြင့် လူတယောက်ကိုပြောလိုသူသည်(ပြောဆိုရိုး အနည်းအလာအားဖြင့်) မှန်သော အနက်ကိုကျော်၍ မမှန်သော အနက်ကို ငဲ့လျက်ပြော၏၊ သို့မဟုတ်– မှန်သောအနက်၏ တစိတ်တဒေသကို ငဲ့လျက်ပြော၏၊ ထိုအခေါ်အဝေါ်ကို "ဥပစာရ"ဟု ဆိုရသည်၊ ဤပြောပုံကို နောက်ဂါထာ၌ ထင်ရှားပြလိမ့်မည်၊ ဤဂါထာဖြင့်"ဘူတောပစာရ, ဘူတေကဒေသောပစာရ"ဟု ဥပစာ ၂ မျိုး ကိုသာ မှတ်ခဲ့ပါ။ [ ဘူတောပစာရကို " အဘူတောပစာရ " ဟုလည်း ခေါ်ကြ၏။]

**ဥပစာရ**။ ။အဘိဓာန် (၁၀၀၁) ဂါထာ၌ ဥပစာရသဒ္ဒါ၏ အနက် တို့တွင် အညာရောပန (ဟောရိုးအနက်မှ တပါးသောအနက်၌တင်စားခြင်း) အနက်ပါ၏၊ ဤဂါထာ၌ကား အခြားအနက်၌တင်စား၍ ပြောဆိုကြောင်း စကား(သဒ္ဒါ)ကို "ဥပစာရ" ဟု ခေါ်ပါ၊ [ဒိပနီ၌ "အညသ္မိံ ပုရိသာဒိ အတ္ထေ ဥပစရီယတေ ဝေါဟရီယတေတိ ဥပစာရော" ဟု ကမ္မသာဓ်ပြုသော် လည်း "ယေန+အပေက္ခတိ"ကို ထေ့၍ "ဥပစရီယတေ ဝေါဟရီယတေ ယေနာတိ ဥပစာရော"ဟု ကရဏသာဓ် ပြုသင့်မည်ထင်သည်၊ ဥပ+စရ–ဏ ပစ္စည်း၊ ဥပရှေးရှိသောကြောင့် စရဓာတ်လည်း ခေါ်ဝေါ် ပြောဆိုခြင်း (ဝေါဟာရ) အနက်ကို ဟောနိုင်သည်။]

www.dhammaransi.com



၈၉။ သီဟော ဂါယတိ သီဟောယံ, မာဏဝေါစ္စာဒိ ဒုဗ္ဗိဓော၊
အဘေဒပ်ဝါချာ သောယ, မိတိသမ္ဗန္ဓတော ပျယ်။

၈၉။ သီဟော – သီဟမည်သော ယောက်ျားသည်၊ ဂါယတိ – သီချင်းဆို၏၊ သီဟော - သီဟမည်သူသည်၊ အယံ မာဏဝေါ – ဤလုလင်တည်း၊ ဣစ္စာဒိ–ဤသို့အစရှိသည်ကား၊ ဥဒါဟရဏံ– ဥဒါဟရဏ်တည်း၊ အယံ – ဤ ဥပစာသည်၊ အဘေဒပ်ဝါချာ – အဘေဒပ်ဝါချုပစာအားဖြင့်ရင်း၊ ဝါ– မကွဲမပြား တသားထည်း ပြောဆိုခြင်းအားဖြင့်ရင်း၊သောယမိတိသမ္ဗန္ဓတော-သောယမိတိသမ္ဗန္ဓုပစာအားဖြင့်ရင်း၊ ဝါ-သော+ အယံဟု ဆက်စပ်၍ပြောဆိုခြင်းအားဖြင့်ရင်း၊ ဒုဗ္ဗိဓော-၂ ပါးအပြားရှိ၏။

၈၉။ "သီဟော ဂါယတိ" ကား "ဘူတမတ္ထ မတိက္ကမ္မ, ယေနာဘူတမပေက္ခတိ" ၏ ပုံစံတည်း၊ သီဟောသဒ္ဒါ၏ ခြင်္သေ့ ဟူသော အနက်သည် မှန်သောအနက် ( ဘူတအတ္ထ )တည်း၊ ဤပုံစံ၌ ထို အနက်ကို ကျော်လွန်၍ (ထိုအနက်ကို မဆိုလိုဘဲ) မမှန်သော ယောက်ျားအနက်ကို ငဲ့လျက်ပြော၏၊ ထို့ကြောင့် သီဟောသဒ္ဒါသည် ဥပစာသဒ္ဒါတည်း၊ [ ဋီကာ၌ ဤဥပစာကို "အဘူတတ္ထုပစာရ"ဟု တွေ့ရ၏၊ ဒိပနီ၌ "အဘူတောပစာရ"ဟု တွေ့ရ၏၊ ဌာနနာမည်ကို ဌာနီပေါ် တင်စားရာ၌ "ဌာနူပစာရ" ဟု ဆိုရသကဲ့သို့ ဟုတ်မှန်သော သီဟနာမည်ကို မဟုတ်မမှန်သော ယောက်ျားပေါ်၌ တင်စားသောကြောင့် "ဘူတောပစာရ, ဘူတတ္ထောပစာရ" ဟုသာ ခေါ်သင့်မည် ထင်သည်။]

**သီဟောယံ မာဏဝေါ။** ။ "ဘူတတ္ထေကဒေသံ အပေက္ခတိ"၏ ပုံစံတည်း၊ ခြင်္သေ့သည် ရဲရင့်၏၊ လုလင်လည်း ရဲရင့်၏၊ ထို့ကြောင့် ခြင်္သေ့နှင့် လုလင်သည် ကိုယ်အနေအားဖြင့် မတူသော်လည်း ရဲရင့်ခြင်းအားဖြင့် တစိတ်တဒေသ တူ၏၊ ထိုသို့ ဟုတ်မှန်သောအနက်၏ တစိတ်ကိုငဲ့၍ လုလင်အပေါ်၌ သီဟဟူသောအမည်ကိုတင်စားလျက် ခေါ်ဝေါ်ပြောဆိုကြောင်းစကားသည် ဘူတတ္ထေကဒေသူပစာရတည်း၊ ဥပစာ ၁၂ ပါးတွင်ကား ရဲရင့်ခြင်း တူသောကြောင့် "သဒိသူပစာရ" ဟု ခေါ်သည်။

**အဘေဒ၊ပေ၊ သမ္ဗန္ဓတော ။** ။ "ဘူတောပစာရ ( ဋီကာ – ဒိပနီစာရှိအတိုင်း အဘူတောပစာရ – အဘူတတ္ထောပစာရ ) ကိုပင် "အဘေဒပ်ဝါချုပစာရ" ဟု ရင်း , ဘူတေကဒေသူပစာရကိုပင် "သော အယံတိ သမ္ဗန္ဓုပစာရ"ဟုရင်း တနည်း နာမည်တပ်၍ ပြသည်၊"သီဟော ဂါယတိ"

www.dhammaransi.com



၉၀။ ပရာဘာဝပဒါပေက္ခံ, သ အမာဒိတု ကာရကံ၊
ပစ္စယဿ သမာတုဿ, အဉ္ဇဘူတန္တု သာခနံ၊

၆၀။ တု-ကာရကနှင့် သာဓနအထူးကို ဆက်၍ပြဦးအံ့၊ ပါစကံ ပဿတီတိဧတ္ထ - ပါစကံ ပဿတိအစရှိသော ဤပြယုဂ်၌၊ ပရာဘာဝ ပဒါပေက္ခံ-ပစနကြိယာမှ တပါးသောပဿတိစသော ကြိယာပုဒ်ကို ငဲ့ခြင်းရှိသော၊ သ အမာဒိ-အံ အစရှိသောဝိဘတ်နှင့် တကွဖြစ်သော

ပုံစံ၌ သီဟောသည် ခြင်္သေ့နှင့် ယောက်ျားကို မခွဲခြားဘဲ ခေါ်ဝေါ်ကြောင်း ဖြစ်သောကြောင့် အဘေဒဝိဝါချူပစာရတည်း၊ [ အဘေဒဿ - မခွဲ မခြား တသားတည်းကို+ဝိဝါချာ(ဝိ+အဝ+အာ+ချာ)-အထူးသဖြင့် သက်ဝင် တင်စား၍ ပြောဆိုခြင်း၊ ] "သီဟော အယံ မာဏဝေါ" ပုံစံ၌ သီဟောကို သော ဟု ၎င်း,အယံမာဏဝေါကို"အယံ"ဟု၎င်း ညွှန်းပြ၍"သော+အယံ" ဟု ဆက်သွယ်လျက် ပြောဆိုကြောင်း ဖြစ်သောကြောင့် " သီဟော အယံ မာဏဝေါ"ကို "သောယံ ဇာတိ သမ္ဗန္ဓူပစာရ"ဟု ဆိုသည်။

**အမှာ**။ ။ "သိလာပုတ္တကဿ သရီရံ"ကဲ့သို့ အဘေဒကို ဘေဒကဲ့သို့ တင်စားသော အဘေဒဘေဒူပစာမှ တပါး ကျန်ဥပစာများကို " အဘေဒ ဝိဝါချူပစာရ" ဟု လည်း ခေါ်နိုင်စရာရှိသည်၊ "မဇ္ဈာ ဥက္ကုဋ္ဌိံ ကရောန္တိ" ဟူသော ဌာနူပစာ၌ "တေ+ဇာမေ"ဟု ဆက်သွယ်၍ ပြောလျှင် သောယံတိ သမ္ဗန္ဓူပစာလည်း ဖြစ်နိုင်စရာရှိ၏၊"တေ-ထို မဉ္စတို့ဟူသည်၊ + ဇာမေ-ဤ မဉ္စ ပေါ်ကလူတို့ဘည်း"ဟု အနက်ပေး၊ သို့ဖြစ်လျှင် အဘေဒဘေဒူပစာမှတပါး ကျန်ဥပစာများကို "သောယံတိသမ္ဗန္ဓူပစာ"ဟုလည်း ခေါ်နိုင်စရာရှိသည်။

၉၀။ ။"သကတ္တ ဒဗ္ဗလိင်္ဂါနိ, သင်္ချာ ကမ္မာဒိကာရကံ"ဟူသော အနက် ငါးပါးတို့ကို အကျယ်ပြရာ၌ ယခုအခါ နောက်ဆုံးဖြစ်သော ကာရက၏ အကျယ်ကိုပါ ပြ၍ပြီးပြီ၊ ဤ ကာရကဟူသည် ကြိယာကို ပြီးစေတတ်သော သတ္တိတည်း၊ သာဓနဟူသည်လည်း"သာဓေတီတိ သာခနံ"နှင့်အညီ ကြိယာ ကိုပြီးစေတတ်သော သတ္တိပင်တည်း၊ ထို့ကြောင့် "ကာရကနှင့် သာဓနသည် အဘယ်သို့ထူးသနည်း"ဟု မေးဘွယ်ရှိရကား "ပရာဘာဝ"စသည်ကို မိန့်။

**အမှာ**။ ။ " အံစသော ဝိဘတ်၏အနက်သည် ကာရက, ဏွုစသော ကိတ်ပစ္စည်း၏အနက်သည် သာခနေ"ဟု မူရင်းမှတ်ပါ၊ သို့သော် ဝိဘတ်ပစ္စည်း တို့သည် သူတို့ချည်းသက်သက် မနေနိုင်ရကား လိန်ခာတ်တို့နှင့်တွဲဘက်၍၎င်း ကြိယာရှိမှကာရကဖြစ်နိုင်ရကား ကြိယာနှင့်တွဲဘက်၍၎င်း"ပါစကံ ပဿတိ"

www.dhammaransi.com



ပါစကသဒ္ဒါ၏ အနက်သည်၊ **ကာရကံ** - ကာရကမည်၏၊ သ ဓာတု **ဿ** - ဓာတ်နှင့်တကွဖြစ်သော၊ **ပစ္စယဿ** – ဏွုစသောပစ္စည်း၏၊ အတ္ထဘူတံတု - အနက်ဖြစ်၍ဖြစ်သော အရာသည်ကား၊ **သာဓနံ**- သာဓနမည်၏။

ဟု ပုံစံထုတ်လေ့ရှိသည်၊ ဤပုံစံ၌ ပါစကံဝယ် အံဝိဘတ်သည် ကံကို ငဲ့သော (ပဿတိကဲ့သို့) ကြိယာရှိမှ သက်နိုင်၏၊ ထိုသို့ကြိယာမရှိလျှင် လိင်္ဂတ္ထမျှသာ ဖြစ်၍ ပဌမာဝိဘတ်သာသက်ခွင့်ရှိသည်၊ ဤအားလုံးကို ရှေးဦးစွာနားလည်ပြီးမှ ဂါထာ၏ဆိုလိုရင်းကို သဘောပေါက်နိုင်ပါလိမ့်မည်။

**ပရ၊ ပေ၊ ကာရကံ။** ။ပစနကြိယာမှ တပါးသော “ပဿတိ”ဟူသော ကြိယာပုဒ်ကိုငဲ့သော အံဝိဘတ်နှင့်တကွသော ပါစကံသဒ္ဒါ၏အနက်သည် ကမ္မကာရကတည်း။ [အနက်က မုချကာရကဖြစ်၍ “အနက်”ဟု ဆိုသည်၊ ထိုအနက်ကိုအကြောင်းပြု၍ ပါစကံသဒ္ဒါလည်း ကမ္မကာရကပင်တည်း။]

**အာဒိဖြင့် ယူအပ်။** ။သ အမာဒိ၌ အာဒိဖြင့်“ပါစကေန အဿံ ကီဏာတိ-စဖိုသည်ဖြင့် မြင်းကိုဝယ်၏ (လဲလှယ်၏)”၌ ကီဏာတိကြိယာတပါးကို ငဲ့သော နာဝိဘတ်နှင့်တကွ ပါစကေန၏အနက်သည် ကရဏကာရကတည်း၊ ဤသို့စသည်ဖြင့်“ပါစကေန ဘုဉ္ဇတေ (ကတ္တုကာရက), ပါစကဿ ဒေတိ (သမ္ပဒါနကာရက), ပါစကသ္မာ သေဒေါ ပဘတိ (အပါဒါနကာရက), ပါစကသ္မိံ ဝတ္ထုံ ပတိဋ္ဌာတိ”၌ ပတိဋ္ဌာနကြိယာတပါးကို ငဲ့သော သ္မိံဝိဘတ်နှင့်တကွသော ပါစကသ္မိံ၏အနက်သည် ဩကာသကာရကတည်းဟု သိပါ။

**ပစ္စယဿ၊ ပေ၊ သာဓနံ။** ။ကြိယာတပါးကိုလည်း မငဲ့သေး, အံစသော ကာရကအနက်ဟော ဝိဘတ်များလည်း မသက်ရသေးသော ပစဓာတ် ဏွုပစ္စည်းဖြင့် “ပါစကော”ဟု ပြီးခိုက်ပုဒ်၏ အနက်သည် ကတ္တုသာဓနတည်း၊ “ပစိတော—ချက်အပ်သောထမင်း”ဟူရာ၌ ပစဓာတ် တ ပစ္စည်းဖြင့် ပြီးခိုက်ပုဒ်၏ အနက်သည် ကမ္မသာဓနတည်း၊ ဤသို့စသည်ဖြင့် ကြိယာတပါးကို မငဲ့သေးသော ကိတ်ပြီးပုဒ်၏အနက်ကိုပင် ကရဏသာဓနစသည်ဖြင့်ခေါ်ရသည်။

[**ဆောင်**] ကြိယာပုဒ်ပါ၌, ငဲ့တုံလတ်သည့်, ဝိဘတ်ရောဘက်, နာမ်ပုဒ်
နက်ကို, ခေါ်ဆိုလေရ, ကာရကရှင့်၊ ဓာတ်နှင့် ရောဘက်,
ပစ္စည်းနက်မှာ, ဆက်ဆက်မှတ်ကြ, သာဓနသည်, ဘေဒ-စိန္တာ
အမိန့်တည်း။

www.dhammaransi.com



၉၁။ ဝါကျေဝါကာရကော ယော တံ,ပသိဒ္ဓေ ယဥ္စသာဓနံ၊
ကာရကံ ပုန မေတသ္မိံ, အယမေသံ ဝိသေသတာ။

၉၂။ ပစ္စတေ ဩဒနော ယေန, ဣတိ သော ပါစကော·ဒနော၊
ဘုဉ္ဇတေ ပါစကေနေဝ, မာဒျုဒါဟရဏံ မတံ။

၉၁။ ဝါ-တနည်း၊ဝါကျေ-ပစ္စတေယေနဟူသော ဝိဂ္ဂြိုဟ်ဝါကျ၌၊ ယော ကာရကော-အကြင်ယေနဖြင့်ညွှန်ပြအပ်သောကတ္တုကာရကသည်၊ အတ္ထိ-ရှိ၏၊ တံ-ထို ယေနဖြင့်ညွှန်ပြအပ်သော ကတ္တုကာရကသည်၊ ပသိဒ္ဓေ – ပါစကောဟု ကိတ်ပြီးလသော်၊ ဝါ – ပါစကောဟု ကိတ်ပြီးပုဒ်၌၊ သာဓနံ – သာဓနသည်၊ ဘဝေ– ဖြစ်၏၊ ဧတသ္မိံ – ဤ ကိတ်ပြီးပုဒ်၌၊ ယဉ္စ သာဓနံ–အကြင် သာဓနသည်လည်း၊ အတ္ထိ–ရှိ၏၊ တံ–ထို သာဓနသည်၊ ပုန–တဖန်၊ ကာရကံ–ကာရက ဖြစ်သည်၊ ဘဝေ – ဖြစ်ပြန်၏၊ အယံ– ဤကာရက၏ သာဓနဖြစ်ခြင်း, သာဓန၏ ကာရကခြောက်တန် ဖြစ်နိုင်ပြန်ခြင်းသည်၊ ဧသံ–ဤကာရကသာဓန တို့၏၊ ဝိသေသတာ–ထူးကုန်သည်၏ အဖြစ်တည်း။

၉၂။ ယေန-အကြင်စဖိုသည်သည်၊ ဩဒနော-ထမင်းကို၊ပစ္စတေ-ချက်အပ်၏၊ ဣတိ – ထိုသို့ချက်ဘတ်သည်၏ အဖြစ်ကြောင့်၊ သော-ထို စဖိုသည်သည်၊ ပါစကော–ပါစကမည်၏၊ ပါစကေန-စဖိုသည်သည်၊ ဩဒနော-ထမင်းကို၊ ဘုဉ္ဇတေ-စားအပ်၏၊ ဧဝမာဒိ-ဤသို့အစရှိသော၊ ဥဒါဟရဏံ–ဥဒါဟရုဏ်ကို၊ မတံ–သိအပ်၏။

၉၁,၉၂။ ၉၁ ဂါထာဖြင့် ကာရကနှင့်သာဓနအထူးကို တနည်းပြ၍, ၉၂ ဂါထာဖြင့် ထိုနည်းအရ ပုံစံကိုပြသည်။ [ "ယော ပစတီတိ ပါစကော" ဟု ဝုတ္တကတ္တုသာဓနပြုလျှင် "ယော"သည် အစစ်အမှန်အားဖြင့် ကတ္တားကို မဟော, လိင်္ဂတ္ထမျှသာ ရှိ၏၊ ထို့ကြောင့် အဝုတ္တကတ္တုသာဓန ပြုရသည်။ ]
" ပစ္စတေ ဩဒနော ယေန "ဟူသော ဝိဂ္ဂြိုဟ်ဝါကျအခိုက်၌ ယေနဖြင့် ညွှန်ပြအပ်သော စဖိုသည်၏ ချက်စွမ်းနိုင်သော သတ္တိသည် ကတ္တုကာရကတည်း၊ ထို ကတ္တုသတ္တိသည်ပင် "ပါစကော"ဟု ကိတ်ပြီးသောအခါ ကတ္တုသာဓန ဖြစ်လာ၏၊ ထိုပါစကောဟူသော ကတ္တုသာဓနသည်ပင် "ပါစကံ ပဿတိ, ပါစကေန-သည်၊ ဘုဉ္ဇတေ၊ ပါစကေန အဿံ ကီဏာတိ,ပါစကဿ ဒဒါတိ, ပါစကမှာ သေဒေါ ပဘတိ, ပါစကသ္မိံ ဝတ္တံ ပတိဋ္ဌိတံ"ဟု ကာရက ၆မျိုးလုံး ဖြစ်နိုင်ပြန်၏၊ ဤသို့ ဝါကျအခိုက်၌ ကာရက၏ ကိတ်ပြီးသောအခါ သာဓန

www.dhammaransi.com



၉၃။ ဒဗ္ဗဂုဏကြိယာနာမ, ဇာတိဘေဒေန ပဉ္စဓာ၊
အတ္ထော အတ္ထမုခေနေဝ, သဒ္ဒေါပိ·တျပရေ၀ိဒူ။

၉၃။ အတ္ထော – အနက်သည်၊ ဒဗ္ဗဂုဏကြိယာနာမ ဇာတိဘေဒေန- ဒြဗ်,ဂုဏ်,ကြိယာ,နာမ်, ဇာတ်တို့၏ အပြားအားဖြင့်၊ ပဉ္စဓာ- ၅ ပါး ပြား၏၊ အတ္ထမုခေနေဝ–အနက်ဟူသော အကြောင်းကြောင့် ပင်၊ သဒ္ဒေါပိ–သဒ္ဒါသည်လည်း၊ ပဉ္စဓာ–၅ပါးပြား၏၊ ဣတိ- ဤသို့၊ အပရေ–တပါးကုန်သော၊ဝိဒူ-ပညာရှိတို့သည်၊ဝဒန္တိ-ဆိုကြကုန်၏။

ဖြစ်ခြင်း,ထိုသာဓနက တဘန် ကာရက ၆ တန်ဖြစ်နိုင်ပြန်ခြင်းသည် ကာရက နှင့် သာဓနတို့၏ ထူးခြားချက်တည်း။

မှတ်ချက်။ ။"ပဋတေ ဩဒနော ယေန"စသည်ဖြင့် ကတ္တုကာရက၏ ကတ္တုသာဓနဖြစ်ပုံကိုပြသကဲ့သို့"လုနာတိ အနေနာတိ လဝိတ္တံ(ရိတ်ကြောင်း တစဉ်)"ဟု ပုံစံထုတ်၍"လုနာတိ အနေန"ဟူသောဝါကျ၌ "အနေန"အရ ကရဏသတ္တိသည် လဝိတ္တံ ဟု ကိတ်ပြီးသော အခါ ကရဏသာဓန ဖြစ်၏၊ ထို ကရဏသာဓနသည်ပင်"လဝိတ္တံ ပဿတိ, လဝိတ္တေန ကတံ–တစဉ်သည် ပြုအပ်၏"စသည်ဖြင့် ကာရက ၆ ပါး ဖြစ်နိုင်ပုံကိုလည်း ချဲ့ထွင်ကြည့်ပါ။

[ဆောင်] ဝိဂြိုဟ်တွင်းရှိ, ထိုသတ္တိကို, ခေါ်ဘိ ကာရက, ကိတ်ပြီးမှမူ, သာဓနဟူ၏၊ မှတ်ယူသာဓန, ဖြစ်ပြီးမှလည်း, ကာရကာ ၆ တန်, ဖြစ်နိုင်ပြန်သည်, မှတ်ရန်တနည်း, အထူးတည်း။

---

၉၃။ အတ္ထဘေဒစိန္တာ အစ(၂၆)ဂါထာ၌ " သဒ္ဒါတခု၏ ဟောနက်သည် သကတ်, ဒြဗ်, လိင်, သင်္ချာ, ကာရကအားဖြင့် ၅ ပါးရှိ၏"ဟု ဆိုပြီး လျှင် ထို ၅ ပါးလုံး၏အကျယ်ကိုပြ၍ ပြီးဆုံးပေပြီ၊ ယခုအခါ"သဒ္ဒါအမျိုးမျိုး အတွက် အနက် ၅ မျိုး ရှိ၏" ဟုဋ္ဌင်း "ထိုအနက် ၅ မျိုးကို အကြောင်းပြု၍ ကာရဏူပစာရအားဖြင့် သဒ္ဒါလည်း ၅ မျိုး ရှိ၏"ဟု ၎င်း ပြောဆိုကြသော အပရေဆရာတို့၏ဝါဒကို ပြလိုသောကြောင့် "ဒဗ္ဗဂုဏ" စသော ဂါထာကို မိန့်သည်။ [သဒ္ဒေါပိ၌ ပိသည် အတ္ထော၌ပေါင်းသော သမ္ပိဏ္ဍနာ။]

ဤဝါဒက ရှေ့ဝါဒကို မတား။ ။ဤ အပရေဝါဒကား " ဒဗ္ဗသဒ္ဒါ အတွက် ဒြဗ်အနက်တမျိုး,ဂုဏသဒ္ဒါအတွက် ဂုဏ်အနက်တမျိုး"ဤသို့စသည် ဖြင့် သဒ္ဒါတခုအတွက် အနက်တမျိုးကိုပြသောဝါဒတည်း၊ ဤဝါဒဖြင့်"ရှေက ပြခဲ့သော ဒဗ္ဗစသောသဒ္ဒါ၌ ရထိုက်သော သကတ်စသော ပဉ္စကတ္ထကိုလည်း မတားမြစ်"ဟု မှတ်ပါ။

www.dhammaransi.com



၉၄။ ဝိသာဏီ ဝဝလော ဂန္တာ, စိတ္တော ဂေါတိစ တညုနာ၊
ဒဗ္ဗာဒိ ဒဗ္ဗသဒ္ဒါဒိ, ပစ္စေကံ ဝေါဟာရိယတေ။

၉၄။ ဝိသာဏီ - ဦးချိုရှိသောနွား၊ ဓဝလော - ဖြူသောနွား၊ ဂန္တာ - သွားတတ်သောနွား၊ စိတ္တော- စိတ္တမည်သောနွား၊ ဂေါ- နွား၊ ဣတိစ- ဤသို့လည်း၊ တညုနာ- ထိုအနက်သဒ္ဒါ, နှစ်ဖြာမြင်သိ, ပညာရှိသည်၊ ဒဗ္ဗာဒိ-ဒြပ်အစရှိသော အနက်ကိုင်း၊ ဒဗ္ဗသဒ္ဒါဒိ-ဒဗ္ဗသဒ္ဒါအစရှိသည်ကိုင်း၊ ပစ္စေကံ - အသီးအသီး၊ ဝေါဟာရိယတေ- ခေါ်ဝေါ်ပြောဆိုအပ်၏။

၉၄။ **ဒဗ္ဗသဒ္ဒါ။** ။ဒြပ်ကိုအကြောင်းပြု၍ဖြစ်သောသဒ္ဒါသည် ဒဗ္ဗသဒ္ဒါတည်း၊ "ဝိသာဏီ – ဦးချိုရှိသောနွား (ဦးချိုရှည်သောနွား)" ဟူသောပုံစံ၌ ဦးချိုဒြပ်သည် ဝိသာဏီသဒ္ဒါဖြစ်ခြင်း၏အကြောင်းတည်း၊ ထို့ကြောင့် "ဦးချိုသည် ဒြပ်အနက်, ဝိသာဏီသည် ဒဗ္ဗသဒ္ဒါ"ဟု ခွဲပါ။

**ဓဝလော, ဂန္တာ ။** ။"အဖြူသည် ဂုဏ်ဟူသောအနက်တမျိုးတည်း၊ ထိုဂုဏ်ကို အကြောင်းပြု၍ဖြစ်သော " ဓဝလော " သည် ဂုဏသဒ္ဒါဖြစ်၏၊ သွားခြင်းသည် ကြိယာအနက်တည်း၊ ထိုကြိယာကိုအကြောင်းပြု၍ ဖြစ်သော " ဂန္တာ "သဒ္ဒါသည် ကြိယာသဒ္ဒါတည်း။

**နာမ, ဇာတိ။** ။"စိတ္တ"ဟူသည် နွားတကောင်၏နာမည်တည်း၊ ထိုနာမည်ကိုအကြောင်းပြု၍ဖြစ်သော "စိတ္တော"သဒ္ဒါသည် နာမသဒ္ဒါတည်း၊ နွားတို့၏ တကောင်နှင့်တကောင် တူသော အခြင်းအရာသည် ဇာတ်တည်း၊ ထိုဇာတ်ကို အကြောင်းပြု၍ နွားဟူသမျှကို " ဂေါ " ဟု ခေါ်ဝေါ်ကြောင်းဖြစ်သော "ဂေါ"သဒ္ဒါသည် ဇာတိသဒ္ဒါတည်း၊

**မှတ်ချက်။** ။"ဂစ္ဆတီတိဂေါ"ဟု ဝိဂ္ဂြိုဟ်ပြုသောအခါ မူလက သွားခြင်းကြိယာကိုအကြောင်းပြု၍ ဂေါသဒ္ဒါ ဖြစ်ပေါ်လာသော်လည်း ယခုအခါ၌ သွားသည်ဖြစ်စေ, မသွားသည်ဖြစ်စေ နွားအမျိုးဇာတ်ပါရှိသော သတ္တဝါဟူသမျှကို "ဂေါ"ဟု ခေါ်ရသောကြောင့် "ဂေါ"သည် ယခုအခါ၌ ဇာတိသဒ္ဒါဖြစ်ရတော့၏။

**ပဉ္စကဋ္ဌ ။** ။ " ဂေါ " ဟူသော ဤဇာတိသဒ္ဒါ၌ နွားဇာတ်သည် ဇာတိသကတ်, နွားဒြပ်သည် ဒြပ်,နွားထီးအတွက် ဝိသဒါကာရသည် ပုလ္လိန်, တကောင်ထည်းဖြစ်လျှင် ဧကဝုစ်သင်္ချာ, " ဂေါဂစ္ဆတိ"စသည်၌ သွားခြင်းကြိယာကို ပြီးစေတတ်သောသတ္တိသည် ကတ္တုကာရက၊ ဤသို့စသည်ဖြင့် ရှေး၌ပြခဲ့သော ပဉ္စကဋ္ဌတို့ကို သဒ္ဒါတိုင်းမှာ များသောအားဖြင့် ရနိုင်ပုံကိုသိပါ။

www.dhammaransi.com



၉၅။ နိရုတ္တိပဋိသမ္ဘိဒါ, ပါဠိဝ္ဟယေကေကမက္ခရံ၊
ဝိသေသုပ္ပတ္တိယာ နာမ-ပညတ္တီတိ ဟိ ဝုစ္စတေ။

၉၅၊ နိရုတ္တိပဋိသမ္ဘိဒါပါဠိဝ္ဟယံ - နိရုတ္တိပဋိသမ္ဘိဒါကို ပြသော ပါဠိတော်၌၊ ဧကေကံ - တလုံး တလုံးသော၊ အက္ခရံ - အက္ခရာကို၊ ဝိသေသုပ္ပတ္တိယာ-ထူးသောအားဖြင့် ဖြစ်ခြင်းကြောင့်၊နာမပညတ္တီတိ-နာမပညတ်ဟူ၍၊ ( ဘဂဝတာ - မြတ်စွာဘုရားသည်၊ ) ဝုစ္စတေ-ဟောတော်မူအပ်၏။

၉၅။ ။(၉၃) ဂါထာ၌လာသော အတ္ထ ၅ မျိုးတို့တွင် ဒဗ္ဗကို (၄၅) ဂါထာ၌ရင်း, ဂုဏကို (၃၄) ဂါထာ၌ရင်း , ကြိယာကို (၄၀) ဂါထာ၌ ရင်း, ဇာတိကို ( ၃၂ ) ဂါထာ၌ရင်း, ပြီးဖြစ်၏၊ နာမကိုကား အကျယ် မပြရသေး၊ ထို့ကြောင့် နာမ၏သရုပ်သဘောကိုပြလို၍ "နိရုတ္တိ"စသည်ကို မိန့်သည်၊ နိရုတ္တိပဋိသမ္ဘိဒါကိုပြသော ပါဠိတော်၌ (ပုရိသောကဲ့သို့ ပုဒ်တပုဒ် တွင် (ပု) ဟူသော (ရိ) ဟူသော (သော) ဟူသောအက္ခရာတလုံးတလုံးကို "နာမပညတ်"ဟု ဟောတော်မူအပ်၏၊ ထို့ကြောင့် "ပု" စသော အက္ခရာ တလုံးတလုံးကို "နာမ" ခေါ်သည်ဟု မှတ်ပါ—ဟူလို။

**နိရုတ္တိ ပဋိသမ္ဘိဒါ ပါဠိ။** ။ဝိဘင်းပါဠိတော်၌ "ပဋိသမ္ဘိဒါ ဝိဘင်း" ဟု ပါရှိ၏၊ ထိုဝိဘင်း၌ "ယာယ နိရုတ္တိယာ တေသံဓမ္မာနံ ပညတ္တိ ဟောတိ၊ တတြ ဓမ္မနိရုတ္တာဘိလာပေ ဉာဏံ နိရုတ္တိပဋိသမ္ဘိဒါ "ဟူသော ပါဠိတော်, "နိရုတ္တိပဋိသမ္ဘိဒါ ပစ္စုပ္ပန္နာရမဏာ" ဟူသော ပါဠိတော်များ ပါရှိ၏၊ ထို ပါဠိတော်များကို "နိရုတ္တိပဋိသမ္ဘိဒါပါဠိ" ဟု ဆိုသည်။ [ အကြင် သဒ္ဒါ (နာမည်) ဖြင့် ထိုဓမ္မတို့ကို သိစေရခြင်း ဖြစ်၏၊ ဓမ္မတို့ကို ထုတ်ဖော်ပြောဆို ကြောင်း ထိုသဒ္ဒါ၌ဖြစ်သောဉာဏ်သည် နိရုတ္တိပဋိသမ္ဘိဒါမည်၏။]

**ဆက်ဦးအံ့**—ဖဿ, ဝေဒနာ,စသော ဓမ္မတို့ကိုသိစေကြောင်း"နိရုတ္တိ" ဟူသည် "ဖဿော ဝေဒနာ"စသော **သဒ္ဒပညတ်**များတည်း၊ သဒ္ဒပညတ်နှင့် နာမပညတ် ဟူသည်လည်း သဘောတူပင် ဖြစ်၏၊ [သင်္ဂြိုဟ် , ပစ္စည်းပိုင်း, သဒ္ဒပညတ်အခဏ်းကို ထောက်ပါ၊] "နိရုတ္တိပဋိသမ္ဘိဒါဉာဏ်သည် ပစ္စုပ္ပန် သဒ္ဒကို အာရုံပြု၏ " ဟူသော နောက်ပါဠိတော်ကို ထောက်လျှင် " ထိုနာမ ပညတ်ဟူသည်လည်း ရွတ်ဆိုအပ်ခိုက် ပစ္စုပ္ပန်ဖြစ်သော ( ဖဿ ) ဟူသော (သော) ဟူသော အက္ခရာတလုံး တလုံးတည်း"ဟု သိရ၏၊ "ရွတ်ပြီးသော အခါ အတိတ်ဖြစ်သွားပြီ " ဟူလို၊ ထို့ကြောင့် (ပု) (ရိ) (သော) ဟု တလုံး တလုံးသောအက္ခရာကို "နာမ" ခေါ်သည်—ဟု မှတ်ပါ။

www.dhammaransi.com



၉၆။ အက္ခရာဝဠိသန်ါတော , သမူဟော ပရိဗျတ္တိယာ၊
နာမန္တိ ကေစိ ယဒ္ဓေဝံ, သုတျက္ခရသမူဟာတော။

၉၇၊ နာမတာပတ္တိ သဗ္ဗေသံ, ဓမ္မသဒ္ဒါဒိနံ သိယာ၊
နာမန္တု လောကသင်္ကေတ, မေကံ သညီနိဒဿနံ။

၉၆,၇။ အက္ခရာဝဠိသန်ါတော-အက္ခရာအစဉ်ဟု ဆိုအပ်သော၊ သမူဟော-အပေါင်းသည်၊ ပရိဗျတ္တိယာ - အနက်ကို ထင်စွာပြတတ်သည်၏အဖြစ်ကြောင့်၊ နာမံ-နာမမည်၏၊ ဣတိ-ဤသို့၊ ကေစိ-အချို့ဆရာတို့သည်၊(ဝဒန္တိ—ဆိုကြကုန်၏၊)ယဒ္ဓေဝံ-ယင်းသို့ ဖြစ်လသော်၊ သဗ္ဗေသံ-အလုံးစုံကုန်သော၊ ဓမ္မသဒ္ဒါဒိနံ-ဓမ္မသဒ္ဒါ အစရှိသည်တို့၏၊ နာမတာပတ္တိ - နာမ၏အဖြစ်သို့ ရောက်ခြင်းသည်၊ သိယာ – ဖြစ်ရာ၏၊ တု—စင်စစ်ကား၊ နာမံ-နာမည်ဟူသည်၊ သညီနိဒဿနံ–သညီဒြဗ်ကို ထင်ရှားပြတတ်သော၊ ဧကံ-တမျိုးသော၊လောကသင်္ကေတံ-လူတို့၏ အမှတ် အသားတည်း။

**ဝိသေသုပ္ပတ္တိယာ**။ ။(ပု) ဟူသော အသံသဒ္ဒနှင့် (ရိ) ဟူသော အသံသဒ္ဒသည် နား၌ ကြားရခြင်းအားဖြင့် မတူချေ၊ ထိုသို့ ကြားရခြင်းအားဖြင့် ထူးခြား ကွဲလွဲလျက် ဖြစ်ခြင်းကို"ဝိသေသုပ္ပတ္တိ"ဟု ဆိုသည်၊ "ပုရိသော" ဟု ပြွတ်သိပ်၍ တသံထည်း မကြားရဘဲ, " ပု+ရိ+ သော " ဟု တလုံးနှင့် တလုံး မတူဘဲကြားရခြင်းကြောင့် တလုံးစီကို"နာမ"ဟု ခေါ်ရသည်—ဟူလို၊ ["သဝနဝသေန ဝိသေသုပ္ပတ္တိယာ"—ဒီပနီ။]

---

**၉၆ , ၇** ။ ။ ပါဠိတော်၌လာသော " နာမ "မှ တပါး အဋ္ဌကထာ၌ လာသော နာမကို ပြလို၍ "အက္ခရာ၊ပေ၊နာမန္တိ ကေစိ"ဟု မိန့်သည်၊ ဤ၌ "ပုရိသော-ဟူသော အက္ခရာအပေါင်းသည် နာမမည်၏ "ဟု ဆိုအပ်သော စကားသည် ပုဂ္ဂလပညတ်စသော အဋ္ဌကထာစကားတည်း၊ ထို့ကြောင့် အဋ္ဌကထာ ဆရာကိုပင် "ကေစိ"ဆိုသည် ဟု မှတ်ပါ၊ [ ကေစိ အဋ္ဌကထာစရိယာ ပုရိသောတျာဒိအက္ခရသမူဟောသု ပုရိသာဒိအတ္ထဿ ပရိဗျတ္တိဘာဝတော အက္ခရာဝဠိသန်ါတော အက္ခရသမူဟော နာမံနာမာတိ ဝဒန္တိ။—ဒီပနီ။]

**ဆက်ဦးအံ့** —အများသိအပ်ပြီးသော သင်္ကေတ၌ "နာမ – နာမကမ္မ " စသည်ဖြင့် ပြအပ်သော သဒ္ဒပညတ် ဟု ခေါ်အပ်သော နာမပညတ်သည် ဝိဇ္ဇမာနပညတ် , အဝိဇ္ဇမာန ပညတ်စသောအားဖြင့် ၆ ပါးပြား၏၊ ထိုတွင်

www.dhammaransi.com



"ရူပ,ဝေဒနာ"စသည်ကို ဝိဇ္ဇမာနပညတ်,"ဘူမိ ပဗ္ဗတော, ဇုတ္တိ ပုရိသော" စသည်ကို အဝိဇ္ဇမာနပညတ်၊ ဤသို့စသည်ဖြင့် ခွဲထား၏၊ ထိုပညတ်များသည် အက္ခရာတလုံးတလုံးမဟုတ်,"ဖသော,ပုရိသော"စသော အက္ခရာအပေါင်း တည်း၊ထိုသို့ပုဒ်တပုဒ်ဖြစ်အောင် အက္ခရာတွေပေါင်းမိမှလည်း"ယောကျ်ား" စသော အနက်ကို ထင်ရှားပြနိုင်၏၊ ထို့ကြောင့်"ပုရိသော–စသော အက္ခရာ အပေါင်း ( ပုဒ် ) တပုဒ်ကို နာမ ခေါ်သည်" ဟု အဋ္ဌကထာဆရာတို့ ဆိုကြ သည်–ဟူလို။

**ယဒ္ဒေါဝံ။** ။ပါဠိတော် အဋ္ဌကထာတို့၌ ပြအပ်သော နာမသည် "ဒဗ္ဗ, ဂုဏ, ကြိယာ, နာမ, ဇာတိ"ဟု အတ္ထ ၅ မျိုးမခွဲဘဲ သာမညအားဖြင့် သဒ္ဒါ ဟူသမျှကိုခေါ်သော နာမတည်း၊ ဤဘေဒစိန္တာ၌ကား အတ္ထ ၅ မျိုးကိုခွဲခြား ပြသောအရာ ဖြစ်သည်၊ ထို့ကြောင့် ပဋိသမ္ဘိဒါဝိဘင်းပါဠိတော်နှင့် အဋ္ဌ ကထာတို့၌ လာသောနာမကို"သူ့နေရာ၌သူ သင့်သော်လည်း အတ္ထ ၅မျိုးကို ခွဲပြနေသော ဤဘေဒစိန္တာအရာ၌ မသင့်"ဟု ပယ်ချလိုသောကြောင့်"ယဒ္ဒေါ ဝံ"စသည်ကို မိန့်သည်။

**သုတျက္ခရ၊ပေ၊သိယာ။** ။ပါဠိတော်အလိုအားဖြင့် တလုံး တလုံးသော သုတိကို နာမဟု ခေါ်လျှင်ငြင်း, အဋ္ဌကထာအလိုအားဖြင့် အက္ခရာအပေါင်း ဖြစ်သောပုဒ်ကို နာမဟု ခေါ်လျှင်ငြင်း, ဒဗ္ဗ, ဂုဏ-စသော သဒ္ဒါ ၅ မျိုးလုံးပင် နာမသဒ္ဒါချည်း နာမည်ရလေရာ၏၊ သဒ္ဒါ ၅ မျိုး – အတ္ထ ၅ မျိုး ခွဲစရာ မရှိ တော့ပြီ၊မှန်၏–"ဝိ+သာ+ဏီ"ဟု ရွတ်ဆိုခိုက်၌ အက္ခရာတလုံးတလုံးသည် (သုတ်)ဖြစ်၏၊ " ဝိသာဏီ"ဟု ပေါင်းမိသောအခါ အက္ခရာအပေါင်းဖြစ် သည်။ [ သုတိအခဏ်း၌ ရွတ်ဆိုခိုက်ဝယ် အက္ခရာတလုံးတလုံးကို သုတိ ဟု ခေါ်ကြောင်း ပြခဲ့ပြီ။]

**နာမန္တု၊ပေ၊ သညီနိဒဿနံ ။** ။ ထိုသို့ ရှေ့ ၂ ဝါဒသည် ဤနေရာ၌ မသင့်လျှင် ဤနေရာ၌ အဘယ်အနက်ကို " နာမ " ဟု မှတ်ရမည်နည်းဟု မေးဘွယ်ရှိသောကြောင့် " နာမန္တု၊ပေ၊နိဒဿနံ" ဟု မိန့်သည်၊ "နာမ" ဆိုသည်မှာ အမည်သညာရှိသောဒြဗ်ကို ညွှန်ပြသော အမှတ်အသားတမျိုးပင် ဖြစ်သည်– ဟူလို၊ ဤသူ့ကို " စိတ္တ " ဟု ခေါ်ပါ , ဤသူ့ကို " ဒတ္တ " ဟု "မောင်ဘ"ဟု ခေါ်ပါ စသည်ဖြင့် မိဘတို့က သတ်မှတ်ထားသောအမည်ကို " လောကသင်္ကေတ " ဟု ဆိုသည်၊ ထိုနာမည်သည် နာမည့်ရှင်ကို ညွှန်ပြ တတ်၏၊ "တိဿ" ဟူသောအမည်သည် ထိုအမည်ရှိသောတိဿကို ညွှန်ပြ တတ်၏–ဟူလို။ [သညာရှိသော အရာဝတ္ထုကို "သညီ"ဟု ခေါ်သည်။]

www.dhammaransi.com



၉၀။ သကတ္ထော၀ါဒိတော ဗုဒ္ဓိ, နာပ္ပတီတ ဝိသေသနာ၊
ယေဘုယျေန ဝိသေသျေတိ, ဉာယတော ပတိပဇ္ဇတေ။

၉၀။ အပ္ပတီတဝိသေသနာ - မသိအပ်သော ဝိသေသနရှိသော၊ ဝါ - ဝိသေသနကို မသိရသေးသော၊ ဗုဒ္ဓိ - အသိဉာဏ်သည်၊ ယေဘုယျေန-များသောအားဖြင့်၊ ဝိသေသျေ-ဝိသေသျ၌၊ န (ဥပ္ပဇ္ဇတိ)- မဖြစ်နိုင်၊ ဣတိ ဉာယတော - ဤသို့သော နည်းလမ်းကြောင့်၊ သကတ္ထော-ဝိသေသနဖြစ်သော သကတ်ကိုသာ၊ အာဒိတော-ဒြပ် အစရှိသည်တို့၏ ရှေးဦးအစ၌၊ ပတိပဇ္ဇတေ-သိအပ်၏။

၉၀။ ။ သကတ်စသော အနက်များကို အကျယ်ပြပြီး၍ ယခုအခါ ထို သကတ်စသည်တို့၏ ရှေ့နောက်စဉ်ပုံကို ပြလိုသောကြောင့် "သကတ္ထော၀ါဒိ တော"စသည်ကိုမိန့်၊ "သကတ္ထော သဝိသေသနံ"နှင့်အညီ သကတ်ဟူသည် ဝိသေသနတည်း၊ များသောအားဖြင့် ထို ဝိသေသနသကတ်ကို မသိသေးဘဲ ဝိသေသျဒြပ်ကို အလျင် (ရှေးဦးစွာ) သိရိုးထုံးစံ မရှိ၊ "ဝိသေသနသကတ်ကို အလျင်သိပြီးမှ ဝိသေသျဒြပ်ကိုသိရသည်"ဟူလို၊ ထို့ကြောင့် အလျင်သိအပ်ရိုး ဖြစ်သောသကတ်ကို ("သကတ္ထ ဒဗ္ဗလိင်္ဂါနိ,သင်္ချာကမ္မာဒိ ကာရကံ"ဟူသော ဂါထာ၌) ရှေးဦးစွာ ခေါင်းစဉ်၍ပြခဲ့ရသည်။

**နာပ္ပတီတ ဝိသေသနာ** ။ ။ ပတိ + ဣဓာတ်သည် သိခြင်းအနက်ကို ဟော၏၊ ပတီတံ + ဝိသေသနံ ယဿာ ဗုဒ္ဓိယာတိ ပတီတဝိသေသနာ၊ န+ ပတီတဝိသေသနာ အပ္ပတီတဝိသေသနာ (ဗုဒ္ဓိ)၊ဝတ္တုပုဂ္ဂိုလ်က"နီလုပ္ပလံ- ညိုသောကြာ "ဟု ပြောသောအခါ သုဏန္တ (နားထောင်သော) ပုဂ္ဂိုလ်မှာ "အညို "ဟူသော ဝိသေသန၌ ရှေးဦးစွာ အသိဉာဏ်ဖြစ်၏၊ ထို့နောက်မှ "ကြာ"ဟူသောဝိသေသျ၌ အသိဉာဏ်ဖြစ်သည်၊ ဝတ္တုပုဂ္ဂိုလ်က"ဒေဝဒတ္တံ အာနယ ဃဋ္ဋဓာရကံ" ဟု ဝိသေသနကို နောက်ချ၍ပြောစေကာမူ, သုဏန္တ ပုဂ္ဂိုလ်မှာ " အိုးကို ဆောင်ယူသော + ဒေဝဒတ် " ဟု " ဃဋ္ဋဓာရကံ " ဝိသေသနပေါ်၌ အသိဉာဏ် အလျင်ဖြစ်၏၊ ဤသို့ ဝိသေသနကို အစစွာသိရိုး ထုံးစံရှိသည်ကိုပင် "ဉာယ+နည်းလမ်း"ဟု ဆိုသည်။

**ယေဘုယျေန**။ ။ဝိသေသနကို အလျင်သိရိုးရှိသော်လည်း " တထူပမံ ဓမ္မဝရံ " ဟူသော ရတနသုတ်ပါဠိတော်ဝယ် " ဓမ္မဝရံ – တရားမြတ် " ဟု ဝရံဟူသော ဝိသေသနက နော်ကျနေရာ၌ အသိဉာဏ်လည်း"ဓမ္မ"ဟူသော ဝိသေသျ၌ ရှေးဦးစွာဖြစ်၍ " ဝရ "ဟူသောဝိသေသန၌ နောက်မှ ဖြစ်၏၊ ထို့ကြောင့် "ယေဘုယျေန"ဟု ဆိုသည်။

www.dhammaransi.com



**၉၉။ သဒ္ဒသော ဝါနုသင်္ဂတ္တာ, နေယျတ္တာ တဿရူပတော၊**
**သာမညတ္တာစ အာဒေါ ဝ, သုတိဇာတိစ မန္နတေ။**

၉၉။ သဒ္ဒသော – ရွတ်ဆိုအပ်သော အသံသို့သာလျှင်၊ အနုသင်္ဂတ္တာ – အစဉ် ငြိကပ် လိုက်ပါတတ်သည်၏ အဖြစ်ကြောင့်၎င်း၊ တဿ ရူပတော – ထို ရွတ်ဆိုအပ်သော အသံ၏ သရုပ်သကောင်၏ အဖြစ်ဖြင့်၊ (ဘာဝပ္ပဓာန, ဘာဝလောပကြိ၊) နေယျတ္တာ – သိအပ်သည်၏ အဖြစ်ကြောင့်၎င်း၊ သုတိ-သုတိကို၊ အာဒေါ ဝ – အစ၌ပင်၊ မန္နတေ-သိအပ်၏၊ သာမညတ္တာ-အများနှင့်တူသည်၏အဖြစ်ကြောင့်၊ ဝါ–အများနှင့် ဆက်ဆံ သာမန်၏ အဖြစ်ကြောင့်၊ ဇာတိ– ဇာတိကို၊ အာဒေါ ဝ-ပင်၊ မန္နတေ- ၏။

၉၉ ။ ။ " သကတ် ၇ ပါးတို့တွင် အဘယ့်ကြောင့် သုတိကို၎င်း, ဒြဗ် ၄ ပါးတို့တွင် အဘယ့်ကြောင့် ဇာတိကို၎င်း ရှေးဦးစွာ ထားရပါသနည်း" ဟု မေးဘွယ်ရှိသောကြောင့်"သဒ္ဒသော ဝ"စသည် မိန့်၊ ဤ ဂါထာ၏ ဆိုလိုရင်းကား-ရှေးဦးစွာ သိအပ်သော အနက်ဖြစ်သောကြောင့် သုတိနှင့် ဇာတိကို ရှေးဦးစွာ ခေါင်းစဉ်ထားသည်–ဟု ဆိုလိုသည်။

**သဒ္ဒသော ဝါနုသင်္ဂတ္တာ။** ။ သုတိဟူသည် ဝဒန္တပုဂ္ဂိုလ်က ရွတ်လိုက်သည်နှင့် တပြိုင်နက် နားဥ္စ ကြားအပ်သော အသံ ( သဒ္ဒ ) တည်း၊ ဤသို့ ရွတ်အပ်တိုင်း ရွတ်အပ်တိုင်းသော သဒ္ဒသို့ သုတိက အစဉ်လိုက်ပါနေသောကြောင့်၎င်း,....

**နေယျတ္တာ တဿရူပတော။** ။[တဿ+သရူပံ တဿရူပံ၊] "ပု+ရိ+သော"သည် ကြားအပ်သော အသံ(သုတိ)၏ သရုပ်ကောင်တည်း၊ ထိုသို့ အသံ၏ သရုပ်သကောင် အဖြစ်ဖြင့် သိအပ်သောကြောင့်၎င်း, "ရွတ်လိုက်သည်နှင့်တပြိုင်နက် ထိုအသံ၏ သရုပ်သကောင် ပေါ်လာသောကြောင့်၎င်း" ဟူလို။.... ဤအကြောင်း ၂ ပါးဖြင့် " သုတိသည် ရှေးဦးစွာ သိအပ်သော အနက်ဖြစ်၏ " ဟု ပြ၏၊ ထို အကြောင်း ၂ ပါးကြောင့် သုတိကို သကတ် ၇ ပါးတွင် ခေါင်းစဉ်၌ အစဆုံး ထားရသည်–ဟူလို။

**သာမညတ္တာစ ဇာတိ ။** ။ သာမညတ္တာ ဟူသော ဟိတ်သည် ဇာတိ အတွက် ဟိတ်တည်း။ [ဇာတိကို " သာမည " ဟု ၃၃ ဂါထာ၌ ဆိုခဲ့ပြီ။] အများနှင့်ဆက်ဆံ၍ သာမန်ဖြစ်နေသော အနက်ကို ရှေးဦးစွာ ပြရိုးတည်း၊ ထို့ကြောင့် " ဇာတိဂုဏကြိယာဒဗ္ဗ-ဘေဒေနေဝ ပဘိဇ္ဇတေ "၌ ဇာတိကို ဂုဏစသည်တို့၏ ရှေးဦးစွာ ပြထားသည်။

www.dhammaransi.com



## ၁၀၀။ ဝိသေသာနုဂတံ ဒဗ္ဗံ, သာမညာနုဂတဥ္စ တံ၊ ပဉ္စုတ္တံ လိင်္ဂသင်္ချာနံ, နိယမယတ္တာစ အာဒိတော။

၁၀၀။ ဒဗ္ဗံ–ဒြဗ်သည်၊ ဝိသေသာနုဂတံ – ဝိသေသနသို့ အစဉ်လိုက်၏၊ သာမညာနုဂတဥ္စ–သာမညဇာတ်သို့လည်း အစဉ်လိုက်၏၊ (တသ္မာ- ထို့ကြောင့်၊) တံ–ထိုဒြဗ်ကို၊ ပဉ္စာ–ဝိသေသနသကတ်၏ နောဝ်၌၊ဥတ္တံ-ဆိုအပ်ပြီ၊ လိင်္ဂသင်္ချာနံ-လိန်သင်္ချာတို့၏၊ နိယမယတ္တာစ-မိရာ၏ အဖြစ်ကြောင့်ကား၊ အာဒိတော - လိန်သင်္ချာတို့၏ အစ၌၊ ဥတ္တံ-ဆိုအပ်ပြီ။

၁၀၀။ ။ သကတ်၏ အခြားမဲ့၌ ဒြဗ်ကို ထားရခြင်း၏ အကြောင်းကို ပြလို၍ "ဝိသေသာ•နုဂတံ ဒဗ္ဗံ" ဟု မိန့်သည်၊ ဒြဗ်သည် ဝိသေသနရှိလျှင် ဝိသေသနသို့ အစဉ်လိုက်၏၊ ဝိသေသန မရှိလျှင် သာမညဇာတ်သို့ အစဉ်လိုက်၏၊ ထို့ကြောင့် ဝိသေသနသကတ်၏ အခြားမဲ့၌ ဒြဗ်ကို ထားရသည်၊ လိန်, သင်္ချာတို့ကား ဒြဗ်ကို မှီရသောကြောင့် မှီရာဒြဗ်ကို လိန် သင်္ချာတို့၏ ရှေ့က ထားရသည်။

**ဝိသေသာ•နုဂတံ** ။ ။ "နီလုပ္ပလံ"၌ နီလံကဲ့သို့ ဝိသေသန ရှိရာဝယ် ကြာဒြဗ်ကဲ့သို့သော ဒြဗ်သည် ဝိသေသန၏ နောက်လိုက်တည်း။ [အညိုဂုဏ် ဝိသေသနကို ရှေးဦးစွာသိပြီးမှ ကြာဒြဗ်ကိုသိရသောကြောင့် (အသိအားဖြင့် နောက်ကျရကား) ဒြဗ်ကို "ဝိသေသန၏ နောက်လိုက်"ဟု ဆိုသည်။]

**သာမညာနုဂတဥ္စ**။ ။ [သာမညဟူသည် ဇာတ်ပင်တည်း။] ပုရိသော ကဲ့သို့ ဝိသေသနမရှိရာ၌"ယောက်ျားတို့၏ တယောဝ်နှင့်တယောက်တူသည်၏ အဖြစ်" ဟူသော သာမညဇာတ်ကို သိပြီးမှ ယောက်ျားဒြဗ်ကို သိရ၏၊ ဤ စကားဖြင့်လည်း ( ဇာတ်သည် ဝိသေသန, ဒြဗ်သည် ဝိသေသျဖြစ်ရကား) ဒြဗ်သည် ဝိသေသန၏ နောဝ်လိုက်ပင်ဖြစ်၏၊ ထို့ကြောင့် ဝိသေသနဖြစ်သော သကတ်၏အခြားမဲ့၌ ဒြဗ်ကို စဉ်ရသည်။

**ပဉ္စုတ္တံ၊ပေ၊အာဒိတော**။ ။ယောက်ျားစသော ဒြဗ်၏ သန့်ရှင်းသော အခြင်းအရာစသည်ကို လိန်ဟုငင်း, တယောက်ထည်း၏ အဖြစ်, အများ၏ အဖြစ်ကို ဧကတ္တသင်္ချာ, ဗဟုတ္တသင်္ချာဟုငင်း ခေါ်ရကား လိန်နှင့် သင်္ချာတို့သည် ဒြဗ်ကို မှီကြရ၏၊ လောက၌လည်း မှီရာနှင့် မှီသူသည် မှီရာက အလျင် ရှိရမြဲတည်း၊ ထို့ကြောင့် မှီရာဒြဗ်၏နောက်မှ မှီတတ်သော လိန်နှင့် သင်္ချာကို စဉ်၍ ထားရသည်။

www.dhammaransi.com



**၁၀၁။ ဒဗ္ဗဿော ဝါဓိနတ္တာ တံ, ပစ္ဆာ လိင်္ဂံ တတော ပရံ၊ သင်္ချာစ တဒဓီနေပိ, ပရသင်္ချာနိဝတ္တိတော။**

၁၀၁။ ဒဗ္ဗဿ-ဒြပ်၏၊ အဓိနတ္တာဝ-စပ်သော ဥစ္စာ၏ အဖြစ်ကြောင့်ပင်၊ **တံပစ္ဆာ**- ထိုဒြပ်မှ နောက်၌၊ လိင်္ဂံ - လိင်ကို၊ ဥတ္တံ- ဆိုအပ်ပြီ၊ **သင်္ချာစ**-သင်္ချာကိုကား၊ တဒဓီနေပိ-ထို ဒြပ်၏ စပ်သော ဥစ္စာဖြစ်ပါသော်လည်း၊ပရသင်္ချာနိဝတ္တိတော-တပါးသောသင်္ချာကို တားမြစ်ရခြင်းကြောင့်၊ တတော- ထိုလိင်မှ၊ ပရံ- နောက်၌၊ ဥတ္တာ- ဆိုအပ်ပြီ။ [အဓိနသဒ္ဒါသည် သမ္ဗန်ကိုငဲ့သော သဒ္ဒါတည်း။]

၁၀၁။ ။ဒြပ်နောင်၌လိင်ကိုရင်း,လိင်နောက်မှ သင်္ချာကိုရင်း စဉ်ရခြင်း၏ အကြောင်းကိုပြလို၍ "ဒဗ္ဗဿော ဝါဓီနတ္တာ"စသည်ကို မိန့်၊ ပြခဲ့သည့်အတိုင်း လိင်သည် ဒြပ်၏စပ်သောဥစ္စာဖြစ်၏၊"ဒြပ်နှင့်စပ်နေ၏"ဟူလို၊ထို့ကြောင့်ပင် ဒြပ်၏နောင်၌ လိင်ကိုစဉ်ရသည်၊ သင်္ချာလည်း ဒြပ်နှင့်ဆက်စပ် နေ၏၊ သို့သော် အခြားမသာသင်္ချာတမျိုးကို တားမြစ်မှု ဗျာပါရတခု အပိုပါနေသောကြောင့် လိင်၏နောက်မှ သင်္ချာကို စဉ်ပြရသည်။ [တဿ+ပစ္ဆာ တံပစ္ဆာ။]

**ပရသင်္ချာနိဝတ္တိတော**။ ။"ပုရိသော"၌ ဧကတ္တသင်္ချာသည် ဗဟုတ္တသင်္ချာကို ဆုတ်နစ်စေရ-တားမြစ်ရခြင်းဟူသော ဗျာပါရတခု အပိုပါနေ၏၊ "ပုရိသာ"၌ ဗဟုတ္တသင်္ချာလည်း ဧကတ္တသင်္ချာကို ဆုတ်နစ်စေရ, တားမြစ်ရခြင်းဟူသော ဗျာပါရတခု အပိုပါနေ၏၊ တာဝန် အပိုပါသော ပုဂ္ဂိုလ် (အရာဝတ္ထု)သည် တာဝန်မရှိသူလောက် အလျင်မရောက်နိုင်ကဲ့သို့ ထို့အတူ တာဝန်အထူးမရှိသော လိင်လောက် အရောက်မမြန်ရကား လိင်၏နောက်မှ သင်္ချာကိုစဉ်ရသည်။

**စဉ်းစားဘွယ်**။ ။လိင်လည်း ပုလ္လိင်ဆိုလျှင် ဣတ္ထိလိင်နပုံလိင်များကို တားမြစ်ရသေး၏၊ ထို့ကြောင့်"ပရသင်္ချာ နိဝတ္တိတော"ဟူသောအကြောင်းပြကို စဉ်းစားသင့်၏၊ ထို အကြောင်းပြမျိုးကို ပြရလျှင် လိင်အတွက်လည်း "ပရလိင်္ဂနိဝတ္တိတော"ဟု ပြဋ္ဌင့်ရှိသည်၊ မိမိအယူမှာ—လိင်သည် ဒြပ်၌ကပ်၍ ပါနေသော အတွင်းနက်တည်း၊ သင်္ချာကား အပြင်နက်တည်း၊ မှန်၏ —လိင်ဟူသည် "ပုရိသ"ဟူသော အတွင်းပကတိ၏ အနက်ဖြစ်၏၊ သင်္ချာကား "ဝိဘတ်" ဟူသော အပြင်သဒ္ဒါ၏ အနက်ဖြစ်သည်၊ ထို့ကြောင့် "အတွင်းကျသောလိင်ကို ရှေ့, အပြင်ကျသော သင်္ချာကို နောက်ထားရသည်"ဟု ဆိုမှ သဘာဝကျမည်ထင်သည်။

www.dhammaransi.com



၁၀၂။ သဒ္ဒေါ·ပလက္ခဏာဒီဟိ, ပတီတတ္ထေ နိဝတ္တိတံ။
ကာရောတေ ဝဖလတ္ထေန, အညတ္ထာပေါဟနေနဝါ။

၁၀၂။ သဒ္ဒေါ-သဒ္ဒါသည်၊ ဥပလက္ခဏာဒီဟိ-ဥပလက္ခဏနည်း အစရှိသည်တို့ဖြင့်၊ ပတီတတ္ထေ-သိအပ်သောအနက်သည်၊(သမ္ဘတ္တေ-ရောက်လသော်၊ ) ဧဝဖလတ္ထေန - ဧဝ၏ အကျိုးရှိသော သဒ္ဒါ၏ အဖြစ်ဖြင့်သော်ငှင်း၊ အညတ္ထာပေါဟနေနဝါ-တပါးသောအနက်ကို ပယ်ရှားခြင်းဖြင့်သော်ငှင်း၊ နိဝတ္တိတံ- တားမြစ်ခြင်းကို၊ ကရောတိ- ပြုနိုင်၏။

၁၀၂ ။ ။ "သဒ္ဒါတို့သည် အဘယ်နည်းဖြင့် အပြန်အလှန် တားမြစ်နိုင်ပါသနည်း" ဟု မေးဘွယ်ရှိသောကြောင့် ရှေ့နောက်စဉ်ပုံတွင် မပါသော "သဒ္ဒေါ"စသောဂါထာကို (ကြားစကားအဖြစ်ဖြင့်) မိန့်သည်၊ ဥပလက္ခဏ နည်းစသည်တို့ဖြင့် အပိုသိအပ်-အပိုယူအပ်သော အနက်ကို သဒ္ဒါသည် ဧဝ ဖလအားဖြင့်ဖြစ်စေ,အညတ္ထာပေါဟနနည်းအားဖြင့်ဖြစ်စေတားမြစ်နိုင်သည်။

**ဥပလက္ခဏာဒီဟိ**။ ။လဒ္ဓါတပတ္တော ရာဇကုမာရော—ထီးဖြူတော်ကို ရသော မင်းသား၊ ဤပုံစံ၌ လဒ္ဓါတပတ္တောသည် ထီးဖြူတော်တမျိုးကိုသာ မှတ်သား၍ပြသော ဥပလက္ခဏ စကားတည်း၊ ထို့ကြောင့် ဤစကားဖြင့် "မင်းသားသည် ထီးဖြူသာ မက,ရွှေခြေနင်း,သားမြီးယပ်စသော မင်းမြောက် တန်ဆာအားလုံးနှင့် မင်းစည်းစိမ်ကိုပါ ရ၏" ဟူသော အနက်ကိုသိရသည်။

**အာဒိဖြင့်ယူဘွယ်**။ ။"ရာဇာ အာဂစ္ဆတိ— ရှင်ဘုရင် လာ၏" ဤပုံစံ၌ ပဓာနဖြစ်သောရာဇကို ခေါင်းတပ်၍ ပဓာနနည်းအားဖြင့်ဆို၏၊ ထို့ကြောင့် ရာဇာဟူသော စကားဖြင့် "အပဓာနဖြစ်သော နောက်လိုက် မင်းမှုထမ်း များလည်း ပါလာ၏" ဟူသောအနက်ကို သိရ၏၊ "ခဒိရဝနံ-ရှားပင်တော" ဤပုံစံ၌ ရှားပင်တွေများသောကြောင့် ယေဘုယျနည်းအားဖြင့်"ရှားတော" ဟု ဆိုထားသည်၊ ဤစကားဖြင့် ရှားပင်လောက် မများသော "ဆီးဖြူ, ရှစ်ရှား , ဖန်ခါးပင်များလည်း ထိုတောမှာ ရှိ၏" ဟူသောအနက်ကိုလည်း သိနိုင်၏၊ ဤသို့စသော နည်းများကို ဥပလက္ခဏာဒီ၌ အာဒိဖြင့်ယူပါ။

**နိဝတ္တိတံ**။ ။နိ+ဝတုဓာတ်, တပစ္စည်း, ဣအာဂုံ, ကာရိတ်ကြေ၊ နိဝတ္တနံ— ဆုတ်နစ်စေခြင်း၊ ဝါ— တားမြစ်ခြင်း၊ နိဝတ္တိတံ — ခြင်း၊ [ သဒ္ဒတ္ထ၌ "ဝရ်တု"ဟု ရှိသောကြောင့် ( တ ) ဒွေဘော်လာ၊ ဝတ္တုဓာတ်လည်း ကြံကြ၏။ ] ဒီပနီ၌ နိ+ဝုဓာတ်ကြံ၍ "နိဝုတ္တိ"ဟု ပြီးစေပြီးမှ "နိဝုတ္တိဝေ နိဝုတ္တိတာ" ဟု ကြံ၏၊ ဝုတ္တိ၌ သဒ္ဒထုံးစံအတိုင်း (တ) တလုံးရဘို့ ခဲယဉ်း၏။

www.dhammaransi.com



**ဝေဖလဓွန**။ ။"ပုရိသော အာဂစ္ဆတိ"ဟု ကေဝလသဉ်္ချာဖြင့်ဆိုရာ၌ "ယောကျ်ားတယောက်ကိုမှတ်၍ ဥပလက္ခဏာနည်းဖြင့် ဆိုခြင်းဖြစ်သည်၊ အခြားယောကျ်ားများလည်း လာကြပါသေး၏"ဟု ယူလျှင် ကေဝလသင်္ချာ သည် ဗဟုတ္တသင်္ချာကို မတားနိုင်ရာ၊ "ထိုအခါ အဘယ်နည်းဖြင့် အခြား သင်္ချာကို တားမည်နည်း"ဟု မေးဘွယ်ရှိသောကြောင့် "ဝေဖလဓွန"ဟု မိန့်၊ ထိုဗဟုတ္တသင်္ချာကို ဝေဖလ၏အဖြစ်ဖြင့် တားမြစ်နိုင်သည်—ဟူလို။

"ဝေသ+ဖလံ ဝေဖလံ— ဝေသဒ္ဒါ၏အကျိုး၊ အခြားအနက်နှင့် မရောခြင်းကို "ဝေ၏အကျိုး" ဟု ဆိုသည်၊ ဝေဖလံ ယဿိတံ ဝေဖလော=ဝေ၏ အကျိုးရှိသော "ပုရိသောဝေ" ဟူသောသဒ္ဒါ၊ ဝေဖလဿ+ဘာဝေါ ဝေ ဖလတ္တံ၊ "ဝေ၏ အကျိုးရှိသောသဒ္ဒါ၏အဖြစ်"ဟူသည် ဗဟုဗ္ဗီဟိသမာသ် မပြုမီကရအပ်သော"အခြားအနက်နှင့်မရောခြင်းအနက်"ပင်တည်း၊ ဥပမာ— "ဒဏ္ဍိတ္တံ-ဒုတ်ရှိသူ၏အဖြစ်"ဟူရာ၌ မူလဒုတ်ကိုရသကဲ့သို့တည်း၊ "ပုရိသော ဝေ" ဟု ဝေသဒ္ဒါ တိုက်ရိုက်ရှိလျှင်သော်၎င်း, တိုက်ရိုက် မရှိရာ၌ "သဗ္ဗပဒံ သာဝဓာရဏံ"နှင့်အညီ အဝဓာရဏအနက်ကို ယူ၍သော်၎င်း "ယောကျ်ား တယောက်+သွား၏"ဟု ဆိုလျှင် "ယောကျ်ားအများ မသွား"ဟု ဗဟုတ္တ သင်္ချာကို တားမြစ်နိုင်သည်။

**အညတ္ထာပေါဟနေန**။ ။ အညတ္ထဿ + တပါးသော အနက်ကို + အပေါဟနံ(အပ+ဉုဟနံ) —ပယ်ရှားခြင်းတည်း၊ အညတ္ထာပေါဟနံ-ခြင်း၊ "ယောကျ်ားတယောက်သည်+သွား၏"ဟု ဆိုသဖြင့် "ယောကျ်ားအများ သွားသည်မဟုတ်"ဟု အခြားအနက်ကို ပယ်နိုင်ခြင်းသည် အညတ္ထာပေါဟန နည်းတည်း။

**အချုပ်မှတ်ဘွယ်**။ ။ အနက်အဓိပ္ပါယ်ကိုယူရာ၌ ဝဒန္တပုဂ္ဂိုလ်၏အလို အတိုင်း (အာဘော်ကျအောင်) ယူရသည်၊ ဝဒန္တပုဂ္ဂိုလ်က ဥပလက္ခဏာနည်း စသည်တို့ဖြင့်ဆိုလိုလျှင် ရသင့်ရာအနက်များကိုယူရသည်၊ ဝဒန္တပုဂ္ဂိုလ်က ဝေ သဒ္ဒါ တိုက်ရိုက်ထည့်၍ဖြစ်စေ မထည့်သော်လည်း ရသင့်၍ဖြစ်စေ, သို့မဟုတ် အညတ္ထာပေါဟနနည်းအားဖြင့်ဖြစ်စေ ဆိုထားလျှင် ထိုဝဒန္တပုဂ္ဂိုလ်၏အလို ကျအောင် အခြားအနက်များကို တားမြစ်ရသည်ဟု မှတ်ပါ။

**နည်း ၂ ပါးအထူး**။ ။ဝေဖလ၌ အခြားအနက်နှင့် မရောယှက်ခြင်းသာ လိုရင်းတည်း၊ အခြားအနက်ကို တမင်လာ တားမြစ်နေဘွယ်မလို၊ သို့သော် "အခြားအနက်နှင့် မရော" ဟု ဆိုလျှင်ပင် အခြားအနက်ကို သွယ်ဝိုက်၍ တားပြီးဖြစ်နေတော့သည်၊ အညတ္ထာပေါဟနနည်းကား အခြားအနက်ကို တိုက်ရိုက်တားမြစ်သည်၊ ဤကား နည်း ၂ ပါး၏အထူးတည်း။

www.dhammaransi.com



၁၀၃။ ဒဗ္ဗာဓိနေပိ ဘာဝဿာ-ပေက္ခတ္တာ သာခနံ တတော၊
ဒွေဝ ပရာဓိနတ္တာကံ-မ္မာဒိသင်္ချာ စတုတ္ထကာ။

၁၀၃။ သာခနံ- ကာရကကို၊ ဒဗ္ဗာဓိနေ-ဒြပ်၏စပ်သော ဥစ္စာသည်၊ (သမာနေပိ-ဖြစ်ပါသော်လည်း၊)ဘာဝဿ-အပြင်ကြိယာကို၊ အပေက္ခတ္တာ-ငဲ့နေရသည်၏အဖြစ်ကြောင့်၊ တတော-ထိုသင်္ချာမှ နောက်၌၊ (ဥတ္တံ-ဆိုအပ်ပြီ၊) ဒွေ-၂ ပါးကုန်သော သင်္ချာကာရကတို့ကို၊ အပရာဓိနတ္တာဝေ- တပါးသောအနက်၏ စပ်သောဥစ္စာတို့၏အဖြစ်ကြောင့်ပင်၊ ကမ္မာဒိသင်္ချာ စတုတ္ထကာ - ကမ္မာဒိစတုတ္ထက, သင်္ချာစတုတ္ထကတို့ကို၊ ဝါ-ကမ္မာဒိကာရကလျှင် ၄ ခုမြောက်ရှိသော အနက်အပေါင်း, သင်္ချာလျှင် ၄ ခုမြောက်ရှိသော အနက်ပေါင်းတို့ကို၊ (ကတာ- ပြုအပ်ကုန်ပြီ။)

**၁၀၃**။ ။သင်္ချာတိုင်အောင် ရှေ့နေခံစဉ်ပုံကိုပြပြီး၍ ယခုအခါ ကာရကကို သင်္ချာ၏နေခံ၌ ထားပုံကိုပြရာဝယ် "ကာရကလည်း ယောကျ်ားစသော ဒြပ်၏ သတ္တိဖြစ်၍ ဒြပ်နှင့်စပ်နေသည် မဟုတ်လော၊ သို့ပါလျက် လိင်သင်္ချာတို့ကဲ့သို့ ဒြပ်နှင့် နီးကပ်စွာမထားဘဲ အဘယ့်ကြောင့် သင်္ချာ၏နောက်၌ ထားရသနည်း"ဟု မေးဘွယ်ရှိသောကြောင့် "ဒဗ္ဗာဓိနေပိ ၊ ပေ ၊ တတော" ဟု မိန့်သည်၊ ကာရကသည် ဒြပ်နှင့်စပ်သော်လည်း ဒြပ်၏အပြင်ဘက်က ကြိယာတပါးကို ငဲ့ရသေးသောကြောင့် သင်္ချာ၏နောက်၌ ထားရသည်–ဟူလို။

**သင်္ချာနှင့် ကာရက ရှေ့နောက်** ။ ။ ကေဝုစ်သင်္ချာသည် ဗဟုဝုစ်ကို တားမြစ်သော်လည်း ထို ဗဟုဝုစ် သင်္ချာနှင့် အဆက်အသွယ် မရှိ၊ ကာရကကား ကြိယာနှင့် အမြဲငဲ့လျက် (ဆက်သွယ်လျက်) နေ၏၊ ထို့ကြောင့် သင်္ချာသည် ဒြပ်နှင့် နီး၏၊ ကာရကကား ကြိယာတပါးငဲ့မှု များပါရများနေသဖြင့် ဒြပ်နှင့်ဝေးသကဲ့သို့ဖြစ်၏၊ ထို့ကြောင့် ကာရကကို သင်္ချာနေခံ၌ ထားရသည်။

**ဒွေဝ၊ပေ၊စတုတ္ထကာ**။ ။ဤဂါထာ၏ နောက်ထက်ဝက်ဖြင့် သင်္ချာနှင့် ကာရကတို့၏ ပရာဓီနဖြစ်ပုံ(သူတပါးနှင့် ဆက်စပ်နေပုံ) ကို ခိုင်မြဲစေသည်၊ ကံအစရှိသော ကာရကတို့၏ ကြိယာတပါးနှင့် ဆက်စပ်နေခြင်း, သင်္ချာ၏ ပရသင်္ချာနှင့် ဆက်စပ်နေခြင်းကြောင့်ပင် လိင်္ဂတ္ထဝိဝရစသောကျမ်း၌ ပဉ္စက ဟု မသုံးဘဲ"သကတ်, ဒြပ်, လိင်, သင်္ချာ"ဟု သင်္ချာကိုအဆုံးထား၍"သင်္ချာ စတုတ္ထက"ဟုငှင်း," သကတ်, ဒြပ်, လိင်, ကာရက"ဟု ကာရကကို အဆုံးထား၍ "ကမ္မာဒိကာရက စတုတ္ထက"ဟုငှင်း သုံးစွဲလေသည်။

www.dhammaransi.com



၁၀၄။ လိင်္ဂဒယော တယော ဒဗ္ဗေ, ဒဗ္ဗာဓာရဏာဘာဝတော၊
ဒဗ္ဗံ ဒဗ္ဗဝိသေသတ္တာ, သကတ္တေ သင်္ဂဟံ ဂတာ။

၁၀၄။ လိင်္ဂဒယော-လိန်အစရှိကုန်သော၊ တယော-သုံးပါးသော အနက်တို့သည်၊ ဒဗ္ဗာဓာရဏာ ဘာဝတော – ဒြဗ်ဟူသော တည်ရာ ရှိကုန်သည်၏အဖြစ်ကြောင့်၊ ဒဗ္ဗေ–ဒြဗ်၌၊ သင်္ဂဟံ–သွင်းယူအပ်ကုန် သည်၏အဖြစ်သို့၊ ဂတာ-ရောက်ကုန်၏၊ ဒဗ္ဗံ-ဝိသေသနဒြဗ်သည်၊ ဒဗ္ဗ ဝိသေသတ္တာ–ဝိသေသျဒြဗ်ကို အထူးပြုတတ်သည်၏ အဖြစ်ကြောင့်၊ သကတ္တေ-သကတ်အနက်၌၊ (သင်္ဂဟံ- သို့၊ ဂတံ- ရောက်၏၊) [ဒဗ္ဗံ ကြည့်၍ ဂတံဟု ထည့်သည်၊ "ဂတာ" ဟု စာရှိသည်ကား "လိင်္ဂ ဒယော တယော" ကို ငဲ့သောကြောင့်တည်း၊ "ဒဗ္ဗာဓာရဏာဘာဝ တော" ၌ "ဒဗ္ဗအာဓာရဘာဝတော"ရှိလျှင် ကောင်း၏။]

၁၀၅။ တဿ ရူပါဒိနာ ယေဝ, ဝိသေသျတ္တာ ဆဗ္ဗေဝတု၊
ဇာတျာဒယော သကတ္ထာပိ, ဒဗ္ဗေ သုတျာဟျဒဗ္ဗတာ။

၁၀၅။ တဿ ရူပါဒိနာ ယေဝ - ထို သုတိအစရှိသော အနက် သည်ပင်၊ ဝိသေသျတ္တာ – အထူးပြုအပ်ကုန်သည်၏ အဖြစ်ကြောင့်၊ ဆဗ္ဗေဝ – ၆ ပါးသာလျှင် ဖြစ်ကုန်သော၊ သကတ္ထာပိ - သကတ်တို့ သည်လည်း၊ ဒဗ္ဗေ-ဒြဗ်၌၊ သင်္ဂဟံ ဂတာ၊ [သုတိ-သုတိသည်၊ သင်္ဂဟံ-

၁၀၄။ ။ယခုအခါ သကတ်,ဒြဗ်စသောအနက် ၅ ပါးတို့ကို သကတ်နှင့် ဒြဗ် ၂ မျိုး၌သွင်း၍ အကြောင်းနှင့်တကွ ပြလိုသောကြောင့် "လိင်္ဂဒယော" စသည်ကို မိန့်၊ လိန်, သင်္ချာ, ကာရက အနက်သုံးပါးသည် ဒြဗ်၌တည်သော ကြောင့် ထိုသုံးပါးကို ဒြဗ်၌ သွင်းယူရ၏၊ ဒြဗ်သည်လည်း အခြားဒြဗ်တပါးကို အထူးပြုသောအခါ ဝိသေသန ဖြစ်၏၊ ဝိသေသန ဖြစ်လျှင်လည်း သကတ်၌ သွင်းယူရသည်။

မှတ်ချက်။ ။"ဒဏ္ဍီ — ဒုတ်ရှိသောယောကျ်ား" ဟူရာ၌ ဒုတ်ဒြဗ်သည် (ဒုတ်ရှိသူကို အထူးပြုတတ်သောကြောင့်) ဝိသေသနတည်း၊ ဝိသေသန ဟူသမျှကိုလည်း "သကတ်"ဟု ခေါ်ရကြောင်းကို "သကတ္တော သဝိသေသနံ" ဟု (၂၇) ဂါထာ၌ ဆိုခဲ့ပြီ၊ ထို့ကြောင့် ဝိသေသနဖြစ်သောဒြဗ်ကို သကတ်၌ သွင်းယူရသည်-ဟုဆိုလိုသည်၊ ဤစကားအရ "ပဒ္ဓကတ္တကို အကျဉ်းချုံးသော အခါ သကတ်နှင့်ဒြဗ် ၂ မျိုးသာကျန်တော့သည်"ဟု မှတ်။

www.dhammaransi.com



သို့၊ န ဂတာ-မရောခံ၊ ဆဋ္ဌေဝဍ် ဝေဝ်၏ နိဝဒ္ဓေတွတဗ္ဗတ္တကိုထည့်သည်။]
ကသ္မာ -နည်း၊ ဟိယသ္မာ - အကြင့်ကြောင့်၊ သုတျာ– သုတိ၏၊ အဒဗ္ဗ
တာ– ဒြပ် မဟုတ်သည်၏ အဖြစ်သည်၊ ဟောတိ-ဖြစ်၏။ (တသ္မာ–
ထို့ကြောင့်တည်း။)

၁၀၆။ ဝတ္တိစ္ဆာနုပရောဓေန , ပုဗ္ဗာပရ ဝိလောကနံ၊
ကာတဗ္ဗံ ကိံ ကမေသေန, ပဋ္ဌာသတျာဒိဘာဝတော။

၁၀၆။ ဝတ္တိစ္ဆာနု ပရောဓေန-ရွတ်ဆိုသောကျမ်းဆရာ၏ အလို
အားလျော်သဖြင့်၊ ပုဗ္ဗာပရ ဝိလောကနံ - ရှေ့နောက် ကြည့်ခြင်းကို၊
ကာတဗ္ဗံ-ပြုထိုက်၏၊ ကမေသေန- သဒ္ဒါတို့၏ဖြစ်စဉ်ကို ရှာခြင်းဖြင့်၊
ကိံ - အဘယ်အကျိုးရှိအံ့နည်း၊ ( နိပ္ပယောဇနံ- အကျိုးမရှိ-ဟူလို၊)

၁၀၅။ ။သုတိမှတပါးသော သကတ် ၆ ပါး၏ ဒြပ်၌ သွင်းယူရပုံကို
ပြလိုသောကြောင့် "တဿရူပါဒိနာ"စသည်မိန့်၊ [သရူပံ+အာဒိ ယဿာတိ
သရူပါဒိ ( အတ္တော )၊ သော ယေဝ + သရူပါဒိ တဿရူပါဒိ။ ] ရှေ့၌
"သကတ္တော သဝိသေသနံ"ဖြင့် ဝိသေသနကို သကတ်ဟုရင်း " ဒဝန္တေ၂တ္တ
ဝိသေသာတိ ဒဗ္ဗံ"ဖြင့် ဝိသေသန၏ဖြစ်ရာ ဝိသေသျဟူသမျှကို"ဒြပ်"ဟုရင်း
ဆိုခဲ့ပြီ၊ ထိုစကားအရ....

သကတ် ၇ ပါးတွင် သုတိက ဇာတိကို အထူးပြုသောအခါ သုတိသည်
သကတ်, ဇာတ်သည် ဒြပ်ဖြစ်၏၊ ဇာတ်က ဂုဏ်ကိုဖြစ်စေ ဒြပ်ကိုဖြစ်စေ အထူး
ပြုသောအခါ ဇာတ်သည် သကတ် , ဂုဏ် – သို့မဟုတ် ဒြပ်သည် ဒြပ်ဖြစ်၏၊
ဂုဏ်က ဒြပ်ကို အထူးပြုသောအခါ ဂုဏ်သည် သကတ် ,ဒြပ်သည် ဒြပ်ဖြစ်၏၊
ဒဏ္ဍီဝယ် ဒုတ်ဒြပ်က ယောကျာ်းဒြပ်ကို အထူးပြုသောအခါ၌ ဒုတ်ဒြပ်သည်
သကတ် , ယောကျာ်းဒြပ်သည် ဒြပ်ဖြစ်၏၊ ဤသို့စသည်ဖြင့် ဇာတ်စသော
သကတ်တို့ကို ဒြပ်၌သွင်းယူရ၏၊ သုတိကား သူ့ကို အထူးပြုမည့် ဝိသေသန
မရှိတော့ရကား ဘယ် အခါမှ ဝိသေသျဒြပ်မဖြစ်နိုင်။[ဤသို့ ဇာတ်စသည်တို့ကို
ဒြပ်၌ သွင်း၍ကောက်ယူရပုံသည် "ယာယ ဇာတျာ ဝိသေသျံဟိ" (၁၄၅)
စသောဂါထာများ၌ ထင်ရှားလတ့ံ။]

---

၁၀၆။ ။"သကတ္တော ဝါဒိတောဗုဒ္ဓိ"စသည်ဖြင့် သကတ်ဒြပ် လိန်သချာ
ကာရကတို့၏ ရှေ့နောက်စဉ်ပုံကို ပြခဲ့ပြီ၊ ထိုသို့ ရှေ့နောက်စဉ်ပုံကို ဉာဏ်ဖြင့်
ကြည့်ရှုစိစစ်ရာ၌"ဝဒန္တုပုဂ္ဂိုလ်၏ အလိုကျအောင်သာ စိစစ်ရ၏၊ ဖြစ်ပုံအစဉ်

www.dhammaransi.com



(ကသ္မာ-အဘယ့်ကြောင့်နည်း၊)ပစ္စာသတျာဒိဘာဝတော-ပစ္စာသတ္တိ အစရှိသောနည်းတို့၏ ရှိကုန်သည်၏ အဖြစ်ကြောင့်တည်း။.... ဇာတိ–အတ္ထဘေဒစိန္တာကို ဆိုရာစကားရပ် အပြီးသတ်သတည်း။ [ "ပစ္စာသတျာဒိဘာဝတောတိ "ဟု ဇာတိပါမှ ကောင်းသည်။]

ဟူသော ဥပ္ပတ္တိက္ကမကို ရှာဘွယ်မလို" ဟု ရှေ့နေခံစဉ်ပုံ စိစစ်ရာ၌ နည်းလမ်း ညွှန်ပြလိုသောကြောင့် "ဝတ္တိစ္ဆာနုပရောဓေန" စသည်ကိုမိန့်သည်။ [ ဝတ္တု၊ နော– ပြောဆိုသောကျမ်းဆရာ၏ + ဣစ္ဆာ– အလိုတည်း၊ ဝတ္တိစ္ဆာ– လို၊ ဝတ္တိစ္ဆာယ -အား+အနုပရောဓော–မဆန့်ကျင်ခြင်းတည်း၊ ဝါ–လျော်ခြင်း တည်း၊ ဝတ္တိစ္ဆာနုပရောဓော–ခြင်း။]

ရှုဥုး အံ့ — အစဉ်သည် (၁) ပယ်စဉ်ဟူသော ပဟာနက္ကမ, (၂) ဘုံစဉ် ဟူသော ဘူမိက္ကမ, (၃) ဖြစ်စဉ်ဟူသော ဥပ္ပတ္တိက္ကမ , (၄) ကျင့်စဉ်ဟူသော ပတိပတ္တိက္ကမ , ( ၅ ) ဟောစဉ်ဟူသော ဒေသနာက္ကမအားဖြင့် ၅ မျိုးရှိ၏၊ ထိုသို့ရှေ့နေခံစဉ်နည်း ငါးမျိုးရှိသောကြောင့် ဝဒန္တပုဂ္ဂိုလ် ( ကျမ်းဆရာ ) ၏ ဆိုလိုရင်းနှင့် မဆန့်ကျင်အောင် ရှေ့နောက်ထားပုံကို စိစစ်ရမည်၊ ဤနေရာ၌ "သကတ်, ဒြပ်, လိန်, သချာ, ကာရက"တို့ကို ရှေ့နောက်စဉ်ပုံမှာ သဒ္ဒါဆရာ တို့၏ ပြောစဉ်ဖြစ်သော ဒေသနာက္ကမတည်း။

**ကိံ ကမေသေန**။ ။ကမသ္မ– ဖြစ်စဉ်ကို+ သေသော– ရှာခြင်း၊ ကမေ သော– ခြင်း၊ [ ကမေသေန– သဒ္ဒါနံ ဥပ္ပတ္တိက္ကမဿ သေနေန၊ ကိံ ပယော ဇနံ – အဘယ်အကျိုး ရှိအံ့နည်း – ဒီပနီ၊ ] သကတ်ပြီးမှ ဒြပ်ဖြစ် , ဒြပ်ပြီးမှ လိန်ဖြစ် , ဤသို့ စသောအားဖြင့် ဖြစ်စဉ်ကို ရှာနေခြင်းဖြင့် အကျိုးမရှိပါ – ဟူလို၊ ဘာ့ကြောင့်နည်း။....

**ပစ္စာသတျာဒိဘာဝတော**။ ။အနီးကစ၍ ဆိုရသော ပစ္စာသတ္တိနည်း, ဝဒန္တပုဂ္ဂိုလ်၏ အလိုအတိုင်း ( ဆိုချင်တိုင်း ဟောပြောချင်တိုင်း ) ဆိုအပ် သော ဒေသနာက္ကမနည်း, ဤသို့စသည်ဖြင့် ရှိနိုင်သောကြောင့် ဥပ္ပတ္တိက္ကမကို ရှာခြင်းဖြင့် အကျိုးမရှိပါ။ [ပတိ အာပုဗ္ဗ, သဒဓာတ်, တပစ္စည်းဖြင့်ပြီးသော ပစ္စာသန္နပုဒ်သည် "အနီး" အနက်ကို ဟောသကဲ့သို့ တပစ္စည်းနှင့် တိပစ္စည်း ဟု ပစ္စည်းချင်းသာထူးသော ပစ္စာသတ္တိပုဒ်လည်း အနီးအနက်ကို ဟော၏၊ ဖြစ်စဉ်အတိုင်း မစဉ်ဘဲ အနီးမှစ၍ စဉ်ခြင်းကို " ပစ္စာသတ္တိ နည်းအားဖြင့် စဉ်ခြင်း"ဟု ဆိုသည်။]

## အတ္ထဘေဒစိန္တာ အဖွင့်
## ပြီး၏။

www.dhammaransi.com



## သဒ္ဒတ္ထဘေဒစိန္တာ အဖွင့်

**၁၀၇။ အဘိန္နေန ပဒေန•တ္ထော, ပုဘိန္နော၀ ပတီယတေ၊**
**ဗုဒ္ဓိယာ•ဘေဒိတတ္ထာ၀ , စိတြဂေါသာဒယော ယထာ။**

၁၀၇။ အဘိန္နေန–ဉာဏ်ဖြင့်မခွဲခြားအပ်သော၊ ပဒေန-ပုဒ်ဖြင့်၊ အတ္ထောပိ-အနက်ကိုလည်း၊ အဘိန္နော၀–မကွဲ မပြားသော အနက်ကိုသာလျှင်၊ ပတီယတေ-သိအပ်၏၊ (ကသ္မာ-အဘယ့်ကြောင့်နည်း၊) ဗုဒ္ဓိယာ - အသိဉာဏ်ဖြင့်၊ အဘေဒိတတ္တာ၀ - မခွဲခြားအပ်သည်၏ အဖြစ်ကြောင့်သာတည်း၊(ကိမိဝ-အဘယ်ကဲ့သို့နည်း၊)စိတြဂေါသာဒယော ယထာ - စိတြဂေါ, စိတြအဿော အစရှိသော ပြယုဂ်တို့၌ စိတြသဒ္ဒါ ကဲ့သို့တည်း။ [ စိတြဂေါ - ဆန်းကြယ်သောနွား၊ စိတြအဿော–ဆန်းကြယ်သော မြင်း။]

၁၀၇။ ။အတ္ထဘေဒကိုပြပြီး၍ ယခုအခါ သဒ္ဒတ္ထဘေဒကိုပြလိုသောဆရာသည်“အဘိန္နေန” စသောဂါထာကိုမိန့်၊ “စိတြဂေါ-ဆန်းကြယ်သောနွား” ဟူရာ၌ စိတြ၏အနက်ကို “အဖြူရောင်ဖြစ်၍ ဆန်းကြယ်သည်, အနက်ရောင် ဖြစ်၍ ဆန်းကြယ်သည်”ဟု ဉာဏ်ဖြင့် မခွဲခြားလျှင် “ဆန်းကြယ်” ဟူသော အနက်တမျိုးကိုသာ သိရသကဲ့သို့, ထို့အတူ“ပုရိသံ ပဿတိ”ဝယ်“ပုရိသံ” ပုဒ်၌“ပုရိသတခြား, အံတခြား”ဟု ဉာဏ်ဖြင့်မခွဲခြားလျှင်“ယောကျ်ားကို” ဟူသော အနက်တခုကိုသာ သိရသည်–ဟူလို။

**အဘိန္နေန ပဒေန**။ ။ပုရိသံ၌ ပုရိသသည် ပကတိ (လိင်)၊ အံဝိဘတ်ကား ပစ္စယ၊ ဤသို့ ဉာဏ်ဖြင့် မခွဲခြားအပ်သောပုဒ်ကို “ အဘိန္နပဒ ” ဟု ခေါ်သည်၊ ထိုသို့ ပုဒ်ကိုမခွဲခြားလျှင်....

**အတ္ထောပိ အဘိန္နော၀**။ ။ [ ပိဖြင့်မခွဲခြားအပ်သော သဒ္ဒါ၌ပေါင်း။] ပုရိသံ၏ အနက်ကိုလည်း “ ယောကျ်ားကို ” ဟူသော မခွဲခြားအပ်သော အနက်တခုကိုသာ သိရ၏၊ ဘာ့ကြောင့်နည်း–( ဗုဒ္ဓိယာ အဘေဒိတတ္တာ ) အသိဉာဏ်က “ ပုရိသ၏အနက် , အံဝိဘတ်၏အနက် ” ဟု မခွဲခြားဘဲ တခုတည်း သိသောကြောင့်တည်း။

**စိတြဂေါသာဒယော ယထာ**။ ။“ စိတြဂေါ, စိတြအဿော ” ဟု ဥပမာ ၂ မျိုးမှတ်ပါ၊“စိတြဂေါ”၌ စိတြအရ“ဘယ်ပုံဘယ်နည်း ဆန်းကြယ်သည်၊ဖြူသောကြောင့်ဆန်းကြယ်သည်,နက်သောကြောင့် ဆန်းကြယ်သည်” ဟုဉာဏ်အားဖြင့်ခွဲခြား၍မစဉ်းစားလျှင် စိတြအတွက်“ဆန်းကြယ်”ဟူသော အနက်တခုသာ သိရသကဲ့သို့တည်း၊ “စိတြအဿော-ဆန်းကြယ်သောမြင်း”

www.dhammaransi.com



၁၀၈။ စိတြဂါဒီသု သုက္ကာဒိ, ဗုဒ္ဓိယာ ဘေဒိတံ ယထာ၊
ပကတိပစ္စယေ ဘိန္နေ, ဘိန္နတ္ထော၀ ပတီယတေ။

၁၀၈။ စိတြဂါဒီသု-စိတြဂုဂါအစရှိသောပြယုဂ်တို့၌၊သုက္ကာဒိ-အဖြူအစရှိသော ဆန်းကြယ်မှုကို၊ ဗုဒ္ဓိယာ-အသိဉာဏ်ဖြင့်၊ ဘေဒိတံ ယထာ-ခွဲခြားအပ်သကဲ့သို့၊ (တထာ-ထို့အတူ၊) ပကတိပစ္စယေ-ပကတိနှင့်ပစ္စည်းကို၊ ဘိန္နေ-ဉာဏ်ဖြင့် ခွဲခြားအပ်သော်၊ဘိန္နတ္ထော၀-ကွဲပြားသော အနက်ကိုသာ၊ ပတီယတေ-သိအပ်၏။

ဟူရာ၌လည်း နည်းတူ။ [“စိတြဂေါ,စိတြအသော”၌ ဂေါ,အသောတို့မှာ အထည်ဒြပ် ပေါ်အောင် အပိုထည့်ခြင်း သာတည်း၊ “ စိတြ သဒ္ဒါသာ ဤနေရာ၌ လိုရင်း”ဟု မှတ်ပါ။]

၁၀၈။ ။“စိတြဂေါ”ပုံစံ၌ စိတြ အတွက်“ အဖြူရောင်ဖြစ်၍ ဆန်းကြယ်သည်, သို့မဟုတ် အနက်ရောင်ဖြစ်၍ ဆန်းကြယ်သည်” ဟု ဉာဏ်ဖြင့် ခွဲခြားကြည့်လျှင် ၎င်း ဆန်းကြယ်ပုံသည် စိတ်ထည်း၌ ကွဲကွဲပြားပြားထင်လာသကဲ့သို့ ထို့အတူ ပုရိသံ၌“ပု သသည် ပကတိ, အံဝိဘတ်ကား ပစ္စယ”ဟု ဉာဏ်ဖြင့် ခွဲခြား၍ကြည့်လျှင် ပုရိသအတွက် သကတ် ဒြပ် လိင်ဟူသော အနက် ၃ ပါးကိုရင်း, အံဝိဘတ်အတွက် ကေဝုစ်သင်္ချာနှင့် ကမ္မကာရကဟူသော အနက် ၂ ပါးကိုရင်း, ဤသို့ ကွဲပြားသောအနက်ကို သိရသည်။

**သဒ္ဒတ္ထဘေဒစိန္တာ။** ။ဤ ပြခဲ့သောအဓိပ္ပါယ်ကို ကြည့်၍ “ရှေးဦးစွာ သဒ္ဒါကို ခွဲခြားခြင်းဟူသော သဒ္ဒဘေဒ,ထို သဒ္ဒဘေဒဖြင့် သိအပ်သော အနက်အပြားဟူသော အတ္ထဘေဒ ”ဟု ဘေဒ ၂ မျိုးကို မှတ်ပါ၊ သဒ္ဒဿ – ကို၊ ဘေဒေါ- ခွဲခြားခြင်း၊ သဒ္ဒဘေဒေါ-ခြင်း၊ အတ္ထဿ-၏၊ ဘေဒေါ–အပြားတည်း၊ အတ္ထဘေဒေါ–ပြား၊ ရှေ့ဘေဒကို “ဘိန္ဒနံဘေဒေါ”ဟုရင်း, နောက်ဘေဒကို “ဘိန္ဒတိ- ကွဲပြားတတ်၏၊ ဣတိ ဘေဒေါ”ဟုရင်း ပြု၊ ထို့နောက်မှ “ သဒ္ဒဘေဒေန+ ဉာတဗ္ဗော + အတ္ထဘေဒေါ သဒ္ဒတ္ထဘေဒေါ ” ဟု ပြုပါ။ သဒ္ဒဘေဒေန–သဒ္ဒါကို ခွဲခြားခြင်းဖြင့်+ ဉာတဗ္ဗော– သိထိုက်သော+ အတ္ထဘေဒေါ– အနက်အပြားတည်း၊ သဒ္ဒတ္ထဘေဒေါ – သဒ္ဒါကို ခွဲခြားခြင်းဖြင့် သိထိုက်သော အနက်အပြား၊ “ သဒ္ဒဘေဒအတ္ထဘေဒေါ” ဟု ဆိုသင့်လျက် ရှေ့ဘေဒကို ကေဒေသသရူပေကသေသ ပြုသော အားဖြင့် ချေထားသည်၊ သဒ္ဒတ္ထဘေဒဿ+ စိန္တာ သဒ္ဒတ္ထဘေဒစိန္တာ။

www.dhammaransi.com



၁၀၉။ ပကတိ လိင်္ဂခေတ္တေ၀, ဝိဘတ္တိပစ္စယာ ပန၊
ပစ္စယော ကေစိ ဿျာဒျန္တ–တျာဒျန္တာ ပကတိတိစ။

၁၀၉။ ပကတိ–ပကတိဟူသည်၊ လိင်္ဂခေတ္တေ၀– လိန်ခေတ်သာတည်း၊ ဝိဘတ္တိပစ္စယာပန - ဝိဘတ်ပစ္စည်းတို့သည်ကား၊ ပစ္စယော-ပစ္စယမည်၏၊ ကေစိ – အချို့ဆရာတို့သည်၊ ဿျာဒျန္တ တျာဒျန္တာ-သိ အစရှိသော နာမ်ဝိဘတ် အဆုံးရှိသော သဒ္ဒါ , တိ အစရှိသော အာချာတ်ဝိဘတ်အဆုံးရှိသော သဒ္ဒါတို့သည်၊ ပကတိ-ပကတိမည်၏၊ ဣတိစ- ဤသို့လည်း၊ (ဝဒန္တိ- ဆိုကြကုန်၏။)

၁၀၉။ ။"ပကတိပစ္စယေ ဘိန္နေ" ဟူသော ရှေ့ဂါထာလာ စကားနှင့်စပ်၍ ပကတိနှင့်ပစ္စယတို့၏ သရုပ်သကောင်ကို ပြလိုသောကြောင့်"ပကတိ" စသည်မိန့်၊ [ဆန်းကြောင့် "ပကတိ "ဟု ဒီဃပြုသည်၊] "ပုရိသ" စသော လိန်"ဂမု"စသောခေတ်များကို "ပကတိ"ဟု ခေါ်၏၊ ဤအခေါ်ကို"ပကတိ စသ သရန္တဿ"သုတ်၌ တွေ့နိုင်၏၊ အံစသောဝိဘတ် , တိစသောဝိဘတ်, ယုစသော ကိတ်ပစ္စည်း , ဏစသော တဒ္ဓိတ်ပစ္စည်းများကို " ပစ္စယ " ဟု ခေါ်သည်၊ ဤအခေါ်ကို "ဓာတုလိင်္ဂေဟိ ပရာပစ္စယာ"သုတ်၌ တွေ့နိုင်၏။

**ပကတိ**။ ။"ပဌမံ+ကရိယတေတိ ပကတိ"နှင့်အညီ ပဌမဆုံးဖြစ်သော အထည်ကိုယ်သဒ္ဒါကို " ပကတိ – ပင်ကိုယ် " ဟု ခေါ်၏၊ ထို့ကြောင့် ရုပ်တွက်ရာ၌"ပုရိသလိန်တည်,ဘူတည်"စသည်ဖြင့်ပင်ကိုယ်ရုပ်ကိုတည်ရသည်။ [ "ပကရိယတေ ဣတောတိ ပကတိ=အပြားအားဖြင့် ပြုအပ်ခဲ့ရာဖြစ်သော မူလသဒ္ဒါ"ဟုလည်း ပြုကြ၏။]

**ပစ္စယော**။ ။"ပတိ–ပကတိကိုစွဲမှီ၍+အယတိ–ဖြစ်တတ်၏"နှင့်အညီ ပကတိကိုမှီ၍ ပကတိနောင်သက်ရသော ပစ္စည်းဝိဘတ်သည် ပစ္စယ မည်၏။ [ကစ္စည်းဘာသာဋီကာ"ဓာတုလိင်္ဂေဟိ ပရာပစ္စယာ"သုတ်၌"ပတီယတေ အတ္ထော ယေနာတိ ပစ္စယော"ဟု ပစ္စယောပုဒ်ကို ဝိဂ္ဂဟတမျိုးပြ၍ အဓိပ္ပါယ် တမျိုးပြထားသေး၏, ရှုလေတော့။]

**ကေစိ၊ပေ၊ပစ္စယေတိစ**။ ။မဉ္ဇူသာဋီကာ, နျာသဋီကာ ကျမ်းဆရာတို့ကား "ပုရိသော"စသော ဿျာဒျန္တပုဒ်များကိုရင်း, "ဂစ္ဆတိ" စသော တျာဒျန္တပုဒ်များကိုရင်း, "ပကတိ"ဟု ဆိုကြသေး၏၊ ထိုအဆိုကား ပကတိနှင့် ပစ္စယကို မခွဲခြားသောကြောင့် "ပကတိပစ္စယေ ဘိန္နေ" ဟူသော စကားနှင့်ရင်း,"ဘေဒိတေ တဒ္ဓိတာချာတ "စသော ဆိုအပ်လတ္တံ့စကားနှင့်ရင်း မညီ။

www.dhammaransi.com



၁၁၀။ ဘေဒိတေ တဒ္ဓိတာချာတ-ကိတကာဒိက ပစ္စယေ၊
သမာသေ သျာဒိကေ ဓာတု-လိင်္ဂေ စတ္တော ပဘိဇ္ဇ ေ ဟ။

၁၁၀။ တဒ္ဓိတာချာတ ကိတကာဒိက ပစ္စယေ - တဒ္ဓိတ်ပစ္စည်း, အာချာတ်ပစ္စည်း,ကိတ်ပစ္စည်းအစရှိသောပစ္စည်းကိုငှ်း၊ သမာသေ-သမာသ်ပုဒ်ကိုငှ်း၊ သျာဒိကေ – သိအစရှိသော နာမ်ဝိဘတ်ကိုငှ်း၊ ( တိ အစရှိသည်ကား " အာချာတပစ္စယေ"၌ ပါခဲ့ပြီ၊) ဓာတုလိင်္ဂေ စ-ဓာတ်လိန်ကိုငှ်း၊ ဘေဒိတေ- ခွဲခြားအပ်သော်၊ အတ္တော–အနက်သည်၊ ပဘိဇ္ဇတေ–ကွဲပြား၏။

၁၁၀။ ။"ပကတိပစ္စယေ ဘိန္နေ"ဟူသော စကားအရ ပကတိနှင့်ပစ္စယ ခွဲပုံကို အကျယ်ပြလို၍ "ဘေဒိတေ"စသည်ကိုမိန့်၊ "တဒ္ဓိတ ၊ပေ၊ ပစ္စယေ"၌ တဒ္ဓိတပစ္စယ , အာချာတပစ္စယ , ကိတကပစ္စယ ဟု ပစ္စယပုဒ်ကို လိုက်စေ၊ ကိတကာဒိ၌ အာဒိဖြင့် အာ, ဤ, ဇူနီ ပစ္စည်းတို့ကိုယူ။

**တဒ္ဓိတပစ္စယ**။ ။ဝါသိဋ္ဌော၌ "ဝသိဋ္ဌနောင် အပစ္စအနက်၌ ဏပစ္စည်း"ဟု တဒ္ဓိတ်ပစ္စည်းကို လိန်ဟူသောပကတိမှ ခွဲရာ၏။

**အာချာတပစ္စယ**။ ။ဂစ္ဆတိ၌ ဂမုဓာတ်နောင် " တိဝိဘတ် " ဟု ဓာတ်ဟူသောပကတိမှ ခွဲရာ၏။ [ဝိဘတ်ကိုပင်"ပစ္စယ"ဟု ဆိုသည်။]

**ကိတကပစ္စယ**။ ။ပါစကော၌ ပစဓာတ်နောင်, ဏွုပစ္စည်း ဟု ဓာတ်ဟူသောပကတိမှ ခွဲရာ၏။ [ အာဒိအရ– ကညာ၌ "ကညလိန်နောင် အာပစ္စည်း"စသည်ဖြင့် ခွဲပုံကိုယူပါ။

**သမာသေ**။ ။ရာဇပုရိသော၌ "ရညော+ပုရိသော"ဟု ခွဲ။

**သျာဒိကေ**။ ။ပုရိသော၌ " ပုရိသနောင် သိဝိဘတ် " ဟုငှ်း, ပုရိသံ၌ "ပုရိသနောင် အံဝိဘတ်"ဟုငှ်း, ပကတိဟူသောလိန်မှ သိစသော ဝိဘတ်ကိုခွဲရာ၏။[ဤတိုင်အောင်"ပစ္စယ"နှင့်စပ်၍ ခွဲခြားပုံကိုပြ၏။]

**ဓာတုလိင်္ဂေ**။ ။ဂစ္ဆတိဝယ် "ဂမုဓာတ်"ဟုငှ်း, ပုရိသောဝယ် "ပုရိသလိန်"ဟုငှ်း ပစ္စယမှ လိန်ဓာတ်ဟူသော ပကတိကို ခွဲရာ၏။

ဤကား ပကတိဟု ခေါ်အပ်သောလိန်ဓာတ်နှင့် ပစ္စယဟု ခေါ်အပ်သော ပစ္စည်းဝိဘတ်တို့ကို ဉာဏ်ဖြင့်ခွဲခြား၍ ကြည့်ပုံတည်း။

www.dhammaransi.com



**၁၁၁။ ဒွိကော တိကော စတုက္ကောပိ, ပဉ္စကောဝါပိ ဝိညုနာ၊**
**အတ္တော သဒ္ဒဿ ဝိညေယျော, သဒ္ဒဘေဒတ္ထဒဿိနာ။**

၁၁၁။ သဒ္ဒဘေဒတ္ထဒဿိနာ – သဒ္ဒါကို ခွဲခြားခြင်းဖြင့် အနက်အပြားကို မြင်သော၊ ဝိညုနာ – ပညာရှိသည်၊ သဒ္ဒဿ - သဒ္ဒါ၏၊ အတ္တော-အနက်ကို၊ ဒွိကောပိ – ၂ ပါး အပေါင်းဖြစ်သော အနက်ကိုဎင်း၊ တိကောပိ - ၃ ပါး အပေါင်းဖြစ်သော အနက်ကိုဎင်း၊ စတုက္ကောပိ-၄ ပါး အပေါင်းဖြစ်သော အနက်ကိုဎင်း၊ ပဉ္စကောပိ-၅ပါး အပေါင်းဖြစ်သော အနက်ကိုဎင်း၊ ဝါ- ကေကဆက္က အနက်ကိုဎင်း၊ ဝိညေယျော-သိထိုက်၏။

၁၁၁။ ။"ပြခဲ့သောနည်းဖြင့် သဒ္ဒါကို ခွဲခြား၍ကြည့်သောအခါ အဘယ်သို့သော အနက်အပြားကို သိရပါသနည်း" ဟု မေးဘွယ် ရှိသောကြောင့် "ဒွိကော"စသည်မိန့်၊ သဒ္ဒါကိုခွဲခြား၍ ထိုသဒ္ဒါအပြားဖြင့် အနက်အပြားကို ကြည့်သော ထိုပညာရှိသည် ဒွိကတ္ထ, တိကတ္ထ, စတုက္ကတ္ထ, ပဉ္စကတ္ထ,ဟူသော အနက်အပြားကို သိရသည်– ဟူလို။ [ ဒွိန္နံ+သမူဟော ဒွိကော–၂ နက်တို့၏ အပေါင်း၊ ဒွိက၁+ တံ+အတ္တော၁စာတိ ဒွိကတ္တော။ ]

**ဋီကာ**။ ။ ကေစိဆရာတို့က သဒ္ဒါ၏အနက်ကို "ဒွိကတ္ထ"ဟု ယူ၍, အပရေဆရာတို့က"တိကတ္ထ"ဟုဎင်း,အညေဆရာတို့က"စတုက္ကတ္ထ"ဟုဎင်း, ကေစ္စေဆရာတို့က "ပဉ္စကတ္ထ" ဟုဎင်း ယူသည်ဟု ဋီကာ၌ ခွဲထားသည်။

**ပဉ္စကောဝါပိ**။ ။ယခုစာများ၌ "ပဉ္စကောစာပိ" ဟု ရှိသော်လည်း "ဝါသဒ္ဒေန ဥပရိ ဝက္ခမာနေ( ၁၂၇ ဂါထာ၌ ဆိုအပ်လတံ့ ဖြစ်ကုန်သော) ကေကဆတ္တေ သမုစ္စေတိ"ဟု ဒီပနီရှိသောကြောင့်ဎင်း,"ဝါပိတိ နိပါတသမုဒါယေန"ဟု ဋီကာရှိသောကြောင့် "ပဉ္စကောဝါပိ" ဟု ပါဌ်မှန်ရှိစေ၊ ထိုဝါသဒ္ဒါသည် ( ဋီကာအလို "ဝါပိ"ဟူသော နိပါတ်အပေါင်းသည်) ကေကအနက်, ဆတ္တအနက်ဟူသော တိုက်ရိုက်မဆိုအပ်သော အနက်များကို ဆည်းသော အဝုတ္တသမုစ္စည်းတည်း။

**သဒ္ဒဿ**။ ။ဤကျမ်းဆရာက "သဒ္ဒဿ"ဟု သဒ္ဒါသာမညကို ဆိုသောကြောင့် အာချာတ်သဒ္ဒါကိုလည်း သိမ်းယူစေလို၏၊ လိင်္ဂတ္ထဝိဝရဏကျမ်း၌ကား လိင်အနက်ကိုသာ ဖွင့်ပြသောကျမ်းဖြစ်၍ " အတ္တော လိင်္ဂဿ " ဟု ဆို၏၊ ထိုအလို အာချာတ်ကို မယူစေရ။

www.dhammaransi.com



၁၁၂။ ဝါစကတ္တိတ္တိလိင်္ဂသိ–ကာရာဒိနံ ပတိယတော၊
သဒ္ဒမဝ္ဆေန သဒ္ဒဓ္ဆော, ဒွိကော ပန္တိတိ အာဒိသု။

၁၁၂။ ပန္တိ - လိန်မာသော မိန်းမ၊ ဣတိအာဒိသု - ဤသို့ အစရှိသော ပြယုဂ်တို့၌၊ ဤကာရာဒိနံ - ဤ အက္ခရာ အစရှိသည်တို့၏၊ ဣတ္တိလိင်္ဂဿ - ဣတ္ထိလိန်ကို၊ ဝါစကတ္တာ - ဟောတတ်ကုန်သည်၏ အဖြစ်ကြောင့်၊ သဒ္ဒမဝ္ဆေန-သဒ္ဒါမျှဖြင့်၊ ဝါ-ပစ္စည်းဝိဘတ် ကြိယာနှင့်မစပ်သော ပဋ္ဌမစသော သဒ္ဒါမျှဖြင့်၊ ဒွိကော- ၂ ပါး အပေါင်းဖြစ်သော၊ သဒ္ဒဓ္ဆော-သဒ္ဒါ၏အနက်ကို၊ ပတိယတေ-သိအပ်၏။

၁၁၃။ ဓောတကတ္တိတ္တိလိင်္ဂသိ–ကာရာဒိနံ ပတိယတော။
သဒ္ဒမဝ္ဆေန သဒ္ဒဓ္ဆော, တိကော ပန္တိတိ အာဒိသု။

၁၁၃။ ပန္တိ- လိမ္မာသော မိန်းမ၊ ဣတိအာဒိသု – ဤသို့ အစရှိသော ပြယုဂ်တို့၌၊ ဤကာရာဒိနံ-ဤအက္ခရာ အစရှိသည်တို့၏၊ ဣတ္ထိ

၁၁၂။ ။"ပဏ္ဍိ"၌ "ပဏ္ဍ+ဤ"ဟု ပကတိနှင့်ပစ္စယကိုခွဲ၊ ဤပစ္စည်းသည် ဣတ္ထိလိန်ကိုဟောနိုင်သော ဝါစကသဒ္ဒါဟု ယူလျှင် ပဏ္ဍလိန်သက်သက်ဖြင့် "လိမ္မာသူ၏အဖြစ်ဟူသောဂုဏ်သည် သကတ်. လိမ္မာသောမိန်းမသည် ဒြဗ်" ဟု အနက် ၂ ပါးသာသိရ၏။ [ဤပစ္စည်းကို ဝါစကသဒ္ဒါဟု ယူသောဆရာတို့ အလိုအားဖြင့် ရှေ့သုတ်မှ "ဣတ္ထိယံ" လိုက်လာသော "နဒါဒိတော ဝါ ဤ" သုတ်ကို "ဣတ္ထိယံ–ဣတ္ထိလိန်၌၊ နဒါဒိတော–နဒီသဒ္ဒါ အစရှိသည်မှနောင်၌၊ ဤ-ဤပစ္စည်းသက်"ဟု သုတ်နက်ပေး၍ "ဣတ္ထိလိန်ကို ဤပစ္စည်းကဟော၏" ဟု အဓိပ္ပါယ်မှတ်ပါ။]

အာဒိနှင့်မဆ္ထ။ ။အာဒိသု၌ အာဒိဖြင့် ကညာ (ကည+အာ), ဂဟပတာနိ (ဂဟပတိ+ဇာနိ) တို့ကိုယူ၍ သတ္တိသွီးဇာတ်သည် သကတ်, အမ်မိရှင်မဇာတ်သည် သကတ်ဟု ကောက်၍ ဒြဗ်မှာ မိန်းမဒြဗ်ချည်းသာတည်းဟု မှတ်။ [သဒ္ဒမဝ္ဆေန၌ မတ္တသဒ္ဒါသည် ဝေအနက်ကို ဟော၏၊ ထို မတ္တဖြင့် ( ဤ ) စသောပစ္စည်း,သိစသောဝိဘတ်, ကြိယာငဲ့မှုတို့ကို ကန့်၊ "ထို ပစ္စည်းဝိဘတ် ကြိယာနှင့် မစပ်သောသဒ္ဒါမျှဖြင့်"ဟူလို ]

၁၁၃။ ။ " ပဏ္ဍိ၌ ဤပစ္စည်းသည် ဝါစကသတ္တိ မရှိ၊ နဂိုရ်ရှိပြီးသော ဣတ္ထိလိန်ကို ထွန်းပြရုံသာ ထွန်းပြတတ်၏ " ဟု ယူလျှင် ပဏ္ဍသဒ္ဒါရင်းကပင် သကတ်ဒြဗ်နှင့် ဣတ္ထိလိန်ကို ဟောရရောက်သောကြောင့် ထိုပဏ္ဍသဒ္ဒါမျှဖြင့်

www.dhammaransi.com



လိင်္ဂဿ - ဇုတ္တိလိင်ကို၊ ဓာတကတ္တာ - ထွန်းပြတတ်ကုန် သည်၏ အဖြစ်ကြောင့်၊ သဒ္ဒမတ္တေန - ပစ္စည်းဝိဘတ်, ကြိယာနှင့် မစပ်သော ပဌမာ သဒ္ဒါမျှဖြင့်၊ တိကော - ၃ ပါးအပေါင်းဖြစ်သော၊ သဒ္ဒတ္ထော- သဒ္ဒါ၏အနက်ကို၊ ပတီယတေ-သိအပ်၏။

၁၁၄။ သကတ္တံ တေန ဂန္တုမ္ဘံ, ဒဗ္ဗံ တံနိဿိတမ္ပိစ၊
လိင်္ဂံမေသော တိကော ဘေဒေါ, နိစ္စံ သဒ္ဒေ ပတိဋ္ဌိတော။

၁၁၄။ (တထာဟိ-ထို စကားမှန်၏၊) သကတ္တံ - သကတ်ဂုဏ်း၊ တေန - ထို သကတ်ဖြင့်၊ ဂန္တုမ္ဘံ - သိထိုက်သော၊ ဒဗ္ဗံ- ဒြဗ်ဂုဏ်း၊ တံနိဿိတံ- ထို ဒြဗ်၌မှီသော၊ လိင်္ဂမ္ပိစ - လိင်ဂုဏ်း၊ (ဇုတိ - ဤသို့၊) တိကော-၃ ပါး အပေါင်းဖြစ်သော၊ ဧသောဘေဒေါ - ဤ အနက် အပြားသည်၊ နိစ္စံ-အမြဲ၊ သဒ္ဒေ-သဒ္ဒါတခု၌၊ ပတိဋ္ဌိတော-တည်၏။ [ဒီပနီ၌ တိကောဘေဒေါကို "တိကော+အဘေဒေါ"ဟု ပုဒ်ဖြတ်၏၊ ထိုအလို" တိကော- ၃ ပါးအပေါင်းဖြစ်သော၊ ဧသော - ဤအနက် သည်၊ အဘေဒေါ-မကွဲမပြားသည်၊ ဟုတွာ-၍၊ နိစ္စံ-အမြဲ၊ သဒ္ဒေ-၌၊ ပတိဋ္ဌိတော- ၏"ဟု ပေး။]

အနက် ၃ ပါးကို သိရသည်။ [ဤနည်းအလို "ဇုတ္တိယံ – ၌၊ ဝတ္တမာနာ– ဖြစ်သော၊ နဒါဒိတော –မှနောက်၌၊ ဤ–ဤပစ္စည်းသက်"ဟု "နဒါဒိတော ဝါဤ" သုတ်ကို ဝတ္တမာနာ ထည့်၍အနက်ပေးရသည်၊ နဝိုရ်က ဇုတ္တိလိင်၌ ဖြစ်သော(ဟောသော) နဒီစသောသဒ္ဒါနောင် ဤပစ္စည်းသက်"ဟူလို။]

---

၁၁၄။ ။ဤဂါထာသည် " ပဌမာသဒ္ဒါက အနက် ၃ ပါး ဟောနိုင်၏ " ဟူသော ရှေ့စကားကိုထောက်ခံသော ဒဋ္ဌီကရဏဝါကျတည်း၊–ရှေ့ဂါထာ၌ "ပဌမာသဒ္ဒါက အနက် ၃ပါးဟော၏"ဟူသောစကားသည် မှန်၏၊ သကတ်, ထိုသကတ်ဖြင့် သိထိုက်သောဒြဗ်, ထိုဒြဗ်၌မှီသောလိင်, ဤအနက် ၃ပါးသည် သဒ္ဒါတခု၏ ဟောနက်အဖြစ်ဖြင့် အမြဲတည်ရှိသည်။ ["အကြင်အခါ ကေတ္တ ဗဟုတ္တ သင်္ချာတခုခုနှင့် တကွ ကြိယာကို ငဲ့၏၊ ထိုအခါ ကြိယာငဲ့မှုကြောင့် ကာရကအနက်လည်း ပါဝင်ရကား သဒ္ဒါတခုအတွက် (သင်္ချာနှင့် ကာရကကို ထည့်၍) အနက်ပဉ္စက ရသည်" ဟု မှတ်၊ ပုရိသော ဂစ္ဆတိဝယ် ပုရိသော၏ ပဉ္စကတ္တကို ကောက်ပြကြပါလေ။]

www.dhammaransi.com



**၁၁၅။ စတုက္ကော ဒုဗ္ဗိဓော မာသ-ဇာတော စ္စာဒေါ ပတီယတေ၊**
**သင်္ချာစတုတ္ထကော သော ၀, မာသိကောတိစ ကေနစိ။**

၁၁၅။ စတုက္ကော - စတုက္ကတ္ထသည်၊ ဝါ – ၄ ခုတို့၏ အပေါင်း ဖြစ်သော အနက်သည်၊ ဒုဗ္ဗိဓော - သင်္ချာစတုတ္ထက , ကမ္မာဒိစတု တ္ထက အားဖြင့် ၂ ပါး အပြားရှိ၏၊ ( တတ္ထ - ထို ၂ ပါး တို့တွင်၊ ) သင်္ချာစတုတ္ထကော- သင်္ချာစတုတ္ထကကို၊ ဝါ- သင်္ချာလျှင် ၄ ခုမြောက် ရှိသော အနက်အပေါင်းကို၊ မာသဇာတော စ္စာဒေါ-မာသဇာတော အစရှိသော ပြယုဂ်၌၊ ပတီယတေ - သိအပ်၏၊ သော ၀ - ထို သင်္ချာ စတုတ္ထကကိုပင်၊ မာသိကော - မာသိကော ဟူသော ပြယုဂ်၌၊ ပတီ ယတေ-သိအပ်၏၊ ဣတိစ-ဤသို့လည်း၊ ကေနစိ-အချို့ပညာရှိသည်၊ ဝုတ္တံ-ဆိုအပ်ပြီ။

**၁၁၆။ ကိံပမာဏော ကုမာရဿ,ကာလော တျူတ္တေ ဝိသဇ္ဇနာ၊**
**မာသော ဇာတဿ အဿာတိ,အညထာ တိံသရတ္တိယာ။**

၁၁၆။ ကုမာရဿ- သတိုးသား၏၊ ကာလော - မွေးဖွားပြီးရာ အသက်ကာလသည်၊ ကိံပမာဏော – အဘယ်မျှ အတိုင်းအရှည် ရှိသနည်း၊ ဣတိ-ဤပြဿနာကို၊ ဥတ္တေ-ပြောဆိုအပ်သော်၊ မာသော

၁၁၅။ ။တိကတ္ထကိုပြပြီး၍ စတုက္ကတ္ထကို ပြလိုသောကြောင့် “စတုက္ကော ဒုဗ္ဗိဓော ” စသည်မိန့်၊ သင်္ချာစတုတ္ထက, ကမ္မာဒိစတုတ္ထက ဟု စတုက္က ၂ မျိုး ပြား၏၊သင်္ချာစတုတ္ထကကို “မာသဇာတော”ပုံစံ၌သိရ၏၊ အချို့က “မာသိ ကောပုံစံ၌သိအပ်၏”ဟုဆို၏။[ကမ္မာဒိစတုက္ကမှာ ၁၁၉ ဂါထာ၌လာလတံ့။]

**မာသဇာတော။** ။“မွေးဖွားပြီး၍ တလအတိုင်းအရှည်ရှိသောသတိုသား” “မွေးဖွားပြီး၍ တလပြည့်သောကလေး”ဟူလို၊ မာသိကော၌လည်း“မာသော ပရိမာဏံ ယဿာတိ မာသိကော” ဟု ပြု၍ “ တလအတိုင်းအရှည် ရှိသော သတို့သား”ဟုပင် ပေးပါ၊ ဤပုံစံ၌ တလအတိုင်းအရှည်၏ သတို့သားဖြစ်နှင့် (ပရိမာဏ+ပရိမာဏဝန္တ အဖြစ်ဖြင့် ) စပ်ခြင်းသမ္ဗန်သည် သကတ်၊ (သမ္ဗန္ဓ သကတ်–ဟူလို၊) သတို့သားဖြစ်သည် ဒြဗ်, သန့်ရှင်းသော အခြင်းအရာသည် ပုလ္လိန်,တလအရေအတွက်သည် သင်္ချာ, ဤသို့အားဖြင့် အနက် ၄ ပါးရသည်။ [ဤ၌ ကေဝဋ္ဋဗဟုတ္တသင်္ချာ မဟုတ်,ပရိမာဏ (အတိုင်းအရှည်အရေအတွက်) သင်္ချာတမျိုးပဲ မှတ်ပါ။]

www.dhammaransi.com



ဇာတဿ အဿာတိ- မာသော ဇာတဿ အဿဟူ၍၊ ဝိသဇ္ဇနာ-အမဖြေသည်၊ ဟောတိ- ဖြစ်၏၊ ဇာတဿ- မွေးဖွားပြီးသော၊ အဿ- ထိုသတိုးသား၏၊ မာသော-တလသည်၊ အတ္ထိ-ရှိ၏၊(ဣတိ- ကြောင့်၊ သော- ထို သတိုးသားသည်၊ မာသဇာတော- မာသဇာတ မည်၏၊) အညထာ - တပါးသော အခြင်းအရာအားဖြင့် ဖြစ်လသော်၊ ဝါ - ထိုကဲ့သို့ ပုစ္ဆာမထုတ်ဘဲ" မာသော ဇာတဿ အဿ "ဟု ဆိုအပ်သော်၊ မာသောတိဣဒံ-မာသောဟူသော ဤအမည်သည်၊တိံသရတ္တိယာ-ညဉ့် ၃၀ ၏၊ နာမမတ္တံ-အမည်မျှသည်၊ ဘဝေယျ-ဖြစ်ရာ၏။

၁၁၆။ ။ မာသဇာတောပုဒ်နှင့်စပ်၍ ဝိဂ္ဂဟနှင့်အဓိပ္ပါယ်ကို ပြလိုသောကြောင့် " ကိံပမာဏော " စသည်ကိုမိန့်၊ " ကိံပမာဏော ကုမာရဿ ကာလော-သတိုးသား၏မွေးဖွားပြီးရာ အချိန်အခါသည် အဘယ်မျှ အတိုင်းအရှည်ရှိသနည်း (ဘယ်လောက်ကြာပြီနည်း) "ဟု တစုံတယောက မေးသော အခါ"မာသော ဇာတဿ အဿ—မွေးဖွားပြီးသော ဤသတိုးသား၏ တလ ရှိပြီ "ဟု ဖြေသော ဝိဂ္ဂြဟ်ဝါကျအတွက် " မာသဇာတော "ဟု သမာသ်ပုဒ် ဖြစ်ရသည်—ဟူလို၊ ဤအလို "မာသဇာတော — မွေးဖွားပြီး၍ တလရှိသော သတိုးသား"ဟု ပေး။

**အညထာ တိံသရတ္တိယာ**။ ။"ကိံပမာဏော ကုမာရဿ ကာလော" ဟူသော ပြဿနာကို ဖြေဆိုသော အရာမဟုတ်ဘဲ " မာသော ဇာတဿ အဿ " ဟု အလွတ်ဆိုသောအရာဖြစ်လျှင် " မာသ " အရ သတိုးသား၏ အသက်ရှည်ရာကာလ ဟူသော ကာလဝိသေသ မရဘဲ " ညဉ့် ၃၀ (တလ) ဟူသောကာလသာမညသာ"ရစရာရှိသည်၊ ထို့ကြောင့် ပြဿနာကိုဖြေသော အရာ၌ သုံးစွဲအပ်သော"မာသော ဇာတဿ အဿ"ဟု မှတ်ပါ—ဟူလို။

**ဒီပနီ**။ ။ ဣမာယစ ဂါထာယ ဗဟုဗ္ဗီဟိ ဝိဂ္ဂဟဉ္စ ဒဿေတိ၊ တာဒိသံ ပုစ္ဆံ ကတွာ ဝိသဇ္ဇနတ္တာ မာသောတိ ဣဒံ နတိံသာဟဿ နာမမတ္တံ,အထခေါ ဇာတအာယုကာလဿ ပရိမာဏံတိ ဝိညာယတိ၊(မာသအရ ရက်ပေါင်း၃၀ သာမညကို မဆိုလို့,သတိုးသား၏အသက်ရှည်ရာကာလဖြစ်သောရက်ပေါင်း ၃၀ ဝိသေသကို ဆိုလိုသည်—ဟူလို၊ ) တသ္မာ ပရိမာဏပဒံ အဇ္ဈာဟရိတွာ သမ္ဗန္ဓိတဗ္ဗန္တိ အဓိပ္ပါယဉ္စ ဒဿေတိ။

ဤဒီပနီအလို ပရိမာဏပုဒ်ကိုထည့်၍"အဿ-ထိုသတိုသား၏၊ ဇာတဿ-(ဇာတအာယုကာလဿ) — မွေးဖွားပြီးရာကာလ၏၊ ပရိမာဏံ — အတိုင်းအရှည်သည်၊ မာသော — တလတည်း၊ ဣတိ— ထိုသို့ မွေးဖွားပြီးရာကာလ၏

www.dhammaransi.com


၁၁၇။ ပဒဒွယမပေက္ခိတွာ, ပရိမာဏံ ဝိသေသတော၊
သချ္ယာ ပဌေ၀ ဒွိမာသ-ဇာတတာဒေါ ဒိဂုနာပိ ဝါ။

၁၁၇။ ပဌေ၀-ကိံပမာဏော ကုမာရဿကာလော ဟူသော ပြဿနာမေးရာ၌သာ၊ ပဒဒွယံ- မာသ + ဇာတဟူသော ပုဒ် ၂ ပါး အပေါင်းကို၊ ဝါ- ကိံပမာဏော ကာလော ဟူသော ပုဒ် ၂ ပါး အပေါင်းကို၊ အပေက္ခိတွာ-ရှုငဲ့၍၊ ဝါ- အထောက် အထားလုပ်၍၊ ပရိမာဏံ-တလဟူသော အတိုင်းအရှည်ကို၊ ဝိသေသတော - အထူး အားဖြင့်၊သချ္ယာ-သချ္ယာဟူ၍၊(မရှတေ-သိအပ်၏၊)ဒွိမာသဇာတတာဒေါ- ဒွိမာသဇာတော အစရှိသော ပြယုဂ်၌၊ ဒိဂုနာပိဝါ- ဒိဂုသမာသ်ဖြင့် မူလည်း၊ သချ္ယာ-သချ္ယာကို၊(မရှတေ-၏။)

တလအတိုင်းအရှည် ရှိသည်၏အဖြစ်ကြောင့်၊ သော- ထိုသတိုးသားသည်၊ မာသဇာတော - မည်၏"ဟု ပေးရလိမ့်မည်၊ နိဿယ၌ကား ဒီပနီအဖွင့်ကို သဘောမတူသောကြောင့် ပရိမာဏံပုဒ်ကို မထည့်ဘဲရင်း , ဇာတသနှင့် အဿကို ("သတ္တာဟံ ပရိနိဗ္ဗုတဿ အဿ"ကဲ့သို့) အရတူဟုရင်း, ကြံ၍ အနက်ပေးသည်။ [ "ပရိနိဗ္ဗုတဿ-ပရိနိဗ္ဗာန်စံတော်မူပြီးသော၊ အဿ- ထိုဘုရားရှင်၏၊ သတ္တာဟံ-ခုနစ်ရက်သည်၊ အတ္ထိ-ရှိ၏"ဟုပေးရိုးရှိသည်။]

---

၁၁၇။ ။မာသဇာတော၌ သချ္ယာအနက်ရပုံကိုပြလို၍ "ပဒဒွယ"စသည် မိန့်၊ ပဒဒွယံကို ဋီကာ၌ ပဒဒွယံ မာသဇာတောတိ ပဒသိဒ္ဓေ(ရုပ်ပြီးပုဒ်၌) "မာသော ဇာတောတိစာတိ ပဒဒွယသမူဟံ" ဟု ဖွင့်၏၊ ဒီပနီ၌ကား ဝုတ္တံ ထည့်၍" ဝုတ္တံ ကိံပမာဏောတိစ ကာလောတိစ ပဒဒွယံ " ဟု ဖွင့်၏၊ ဤ၌ ဋီကာအလို ရေးမည်။

**ပဒဒွယမပေက္ခိတွာ။** ။"မာသ- တလ+ဇာတ- မွေးဖွားပြီး" ဤပုဒ် ၂ ခုကို ညက်ဖြင့်ရှု၍ အထောက်အထားပြုသော အခါ.... "မာသ" အရ "ရက်ပေါင်း၃၀ တလ "ဟူသော သာမညမာသ မဟုတ်, "သတိုးသား၏ အသက်တလဟူသော အတိုင်းအရှည် သချ္ယာဝိသေသ"ဟု သိရသည်-ဟူလို။

**ပရိမာဏံ ဝိသေသတော သချ္ယာ။** ။ကေဝလ ဗဟုတ္တ ဟူသော သချ္ယာ ရိုးရာ မဟုတ်သောကြောင့် ပရိမာဏကို"သချ္ယာဝိသေသ"ဟု ဆိုသည်၊ ဋီကာ ၌ကား ပရိမာဏသည် (၁)မာသပရိမာဏ-လအရေတွက်, (၂) ဝိတ္ထာရာ ယာမ ပရိမာဏ (အိုး ပုဆိုးစသည်တို့၏အလျားအနံ ပမာဏအရေအတွက်),

www.dhammaransi.com



**၁၁၀။ မာသံ ဇာတဿ အဿာတိ-ဣတ္ထန္တန္တံ ဒွိ အနာဒရေ၊**
**ဆဋ္ဌီတျေကေ ပရေ မာသော, ဇာတော အဿာတိ ပဏ္ဍိတာ။**

၁၁၀။ အဿ – ထို သတိုးသားသည်၊ ဇာတဿ- ဖြစ်စဉ်၊ ဝါ- မွေးဖွား၍ ကြီးပွားစဉ်၊ မာသံ - တလသည်၊ အတိက္ကန္တံ – လွန်ပြီ၊ ဣတိ - ထို့ကြောင့်၊ သော–ထို သတိုးသားသည်၊ မာသဇာတော– မည် ၏၊ ဣတိ အတြ - ဤ ပြယုဂ်၌၊ အနာဒရေ – အနာဒရအနက်၌၊ ဆဋ္ဌီ- ဆဋ္ဌီဝိဘတ်သည်၊ ဟောတိ–၏၊ ဣတိ-သို့၊ ဧကေ–အချို့ပညာ

(၃) ခေတ္တာဒိပရိမာဏ ( မျိုးစေ့ကျမှုကိုကြည့်၍ လယ်ယာတို့ကို တိုင်းတာကြောင်းအရေအတွက်), (၄) ကပ္ပါဒိပရိမာဏ (အာယုကပ်စသော ကာလအရေအတွက်),ဟု လေးမျိုးပြပြီးလျှင် မာသအရေအတွက်ကို (အရေအတွက် ၃ မျိုးမှ ထူးခြားသောကြောင့်) "ဝိသေသသင်္ချာတမျိုး"ဟု ဖွင့်ဆိုလေသည်၊ ကျမ်းဆရာ၏အာဘော်ကျမည် မထင်။

ပဌော ။ ။ ဤပုဒ်ကို ဒီပနီ၌ ဝုတ္တံထည့်၍ ပဒဌယ်ံ၌စပ်၏၊ ဋီကာ၌ကား စပ်ပုဒ်မထင်ရှား၊ "မန္တေတေ" ထည့်၍ "ကိံ ပမာဏော ကုမာရဿ ကာလော"ဟု ပြဿနာရှိရာ၌သာ မာသကို "ပရိမာဏဝိသေသသင်္ချာ"ဟု သိအပ်သည်၊ ပြဿနာ မရှိရာ၌ကား မာသအတွက် "ရက်ပေါင်း ၃၀ တလ ဟူသော အနက်သာမည့ကိုသာ သိနိုင်သည်"ဟု အမိပ္ပါယ်မှတ်ပါ။

ဒွိမာသ၊ပေ၊ဒိဂုနာပိဝါ။ ။ဒွေ+မာသာ ဒွိမာသံ–၂ လ၊ ဤကား ဒိဂုသမာသ်တည်း၊ ဒွိမာသံ ဇာတဿ အဿာတိ ဒွိမာသဇာတော– မွေးဖွားပြီး၍ ၂ လရှိသော သတိုးသား၊ ဤပုံစံ၌ကား ပြဿနာရှေ့သွားရှိဘို့ မလို၊ ဒိဂုသမာသ် အတွင်းငုပ်လျက်နေသောကြောင့် "သင်္ချာပုဗ္ဗော ဒိဂု"အရ ၂ လကို အရေအတွက်သင်္ချာဟု သိနိုင်ပြီ – ဟူလို၊ ဤ ဒွိမာသောပုဒ်၌လည်း သကတ်စသောအနက် ၄ ပါးကို ကော်ပြပါ။ [ ပိဝါ၌ ဝါသည် ရှေးနည်းမှ တနည်းပြသောဝိကပ္ပနတ္ထ၊ ဒီပနီ၌ ပဒပူရဏဆိုသည်ကို မမှတ်အပ်၊ ပိကား သင်္ချာကို သိရခြင်းတူသောကြောင့် ရှေးအနက်၌ပေါင်းသော သမ္ပိဏ္ဍနတည်း။ ]

---

၁၁၀။ ။ဧကေဆရာကို ဋီကာ၌ "ဘူတဓမ္မြဆရာ "ဟု ဆို၏၊ ထိုဆရာတို့၏ဝါဒကို ပြလို၍ "မာသံ၊ပေ၊ဆဋ္ဌီတျေကေ"ဟု မိန့်၊ ဧကေဆရာတို့ကား "အတိက္ကန္တံ"ဟု ကြိယာထည့်၍ အဿနှင့် ဇာတဿတို့၌ အနာဒရဆဋ္ဌီဟု ဖွင့်ကြ၏၊ အနက်ကို နိဿယအတိုင်းပေးပါ၊ " မာသဇာတော – မွေးဖွားပြီး၍ ကြီးပွားစဉ် လွန်သောတလရှိသော သတိုးသား"ဟု ပေး။

www.dhammaransi.com



ရှိတို့သည်၊ ဝဒန္တိ- ဆိုကြကုန်၏၊ အပရေ - ကေဆရာတို့မှ တပါး ကုန်သော၊ ပဏ္ဍိတာ-ပညာရှိတို့သည်၊ အဿ - ထို သတိုးသား၏၊ မာသော-တလသည်၊ ဇာတော-ပြည့်ပြီ၊ ဣတိ-ကြောင့်၊ သော-ထို သတို့သားသည်၊ မာသဇာတော-မည်၏၊ ဣတိ-သို့၊ ဝဒန္တိ-ကုန်၏။

၁၁၉။ **သလ္လဝိဒ္ဓေါတိအာဒီသု, နေယျော ကမ္မာဒိကာရကာ၊**
**စတုက္ကော သလ္လသဒ္ဒေါ သာ-ပေက္ခတော ယောဂတောပိဝါ။**

**၁၁၉။** သလ္လဝိဒ္ဓေါတိအာဒီသု-သလ္လဝိဒ္ဓေါအစရှိသော ပြယုဂ်တို့ ၌၊ ကမ္မာဒိကာရကစတုက္ကော-ကမ္မာဒိကာရကစတုက္ကကို၊ နေယျော- သိအပ်၏၊ သလ္လသဒ္ဒေါ-သလ္လသဒ္ဒါကို၊ သာပေက္ခတောဝါ - ဝိဒ္ဓ သဒ္ဒါက ငဲ့ခြင်းရှိသည်၏ အဖြစ်ကြောင့်၎င်း၊ ယောဂတောပိဝါ- ယှဉ်ဘက်ဖြစ်ခြင်းကြောင့်၎င်း၊ (ဝုတ္တော-ဆိုအပ်ပြီ။)

**အပရေပဏ္ဍိတာ။** ။ကေဝါဒမှတပါးသော အပရေဝါဒကို ပြပြန်လို၍ "အပရေ"စသည်မိန့်၊ ဤ အပရေဟူသည် ရူပသိဒ္ဓိဗုဒ္ဓပိယဆရာနှင့် သဒ္ဒဝမ္ မ ဆရာတို့တည်း၊ ဇာတောကိုလည်း ကလာပ်ဝုတ္တိပဉ္စိကာ၌ "သမ္ဘူတော "ဟု ၎င်း, ဒီပနီ၌ "သမ္ပုဏ္ဏော"ဟု၎င်း ဖွင့်ကြ၏၊ အဿကို ဒီပနီ၌ စတုတ္ထီဟု ဖွင့်သည်ကား မကောင်း၊ ရူပသိဒ္ဓိ၌ ဆဋ္ဌီအရာမှာ ထုတ်အပ်သော ပုံစံဖြစ် သည်။ [အားလုံးဝါဒတို့၌ မာသောပုဒ်အတွက် ပရိမာဏသချ်ာဝိသေသကို ယူရခြင်းသာ လိုရင်းဖြစ်သည်။] ဤမာသဇာတောနှင့်စပ်၍ မှတ်ဘွယ်များကို ရူပသိဒ္ဓိဘာသာဋီကာ ဆဋ္ဌီဗဟုဗ္ဗိဟိအခဏ်းမှာ ရှုပါဦး။

---

**၁၁၉။** ။သချ်ာစတုတ္ထက ပုံစံကို ပြပြီး၍ ကမ္မာဒိစတုတ္ထကပုံစံကို ပြလို သောကြောင့် "သလ္လဝိဒ္ဓေါ"စသည်မိန့်၊ သလ္လဝိဒ္ဓေါ၌ "ဝိဒ္ဓေါ"သာ လိုရင်း ပုံစံတည်း၊ သလ္လသဒ္ဒါကိုကား "အဘယ်ဖြင့် ပစ်ခွင်းအပ်သနည်း" ဟု မေးဘွယ်ရှိ၍"ဝိဒ္ဓသဒ္ဒါက သလ္လသဒ္ဒါကို အမြဲငဲ့နေသောကြောင့်၎င်း,သမာသ် အရာဝယ် "သလ္လ" ပုဒ်နှင့်ယှဉ်ဘက် ( ယှဉ်တွဲရိုး ) ဖြစ်သောကြောင့်၎င်း, သလ္လသဒ္ဒါကို အပိုတွဲဘက်အဖြစ်ဖြင့် ဆိုထားသည်"ဟု ဖြေသည်။

**သလ္လဝိဒ္ဓေါတိအာဒီသု။** ။ဝိဒ္ဓေါ၌ (ဝိဓဓာတ်တပစ္စည်း၊) ပစ်ခွင်းခြင်း ကြိယာသည် သကတ်, ပစ်ခွင်းအပ်သော သားကောင်သည်ဒြဗ်,ပုလ္လိင်,တ- ပစ္စည်းသည် ဟောအပ်သော ကံအနက်သည် ကမ္မကာရက၊ ဤသို့ အနက် ၄ ပါးရသည်၊ အာဒိဖြင့် "ဂတော-သွားတတ်သူ၊ ဂစ္ဆတီတိ ဂတော (ကတ္တု၊

www.dhammaransi.com



**၁၂၀။ လိင်္ဂတ္တဝိဝရေ သုပ္ပ-ကမိစ္စာဒီသု ပဉ္စကော၊**
**လိင်္ဂတ္ထော ပဉ္စကတ္တေတု, သောပ္ပန္နာ၂ာဒီသုဒါဟဋော။**

၁၂၀။ လိင်္ဂတ္တဝိဝရေ-လိင်္ဂတ္တဝိဝရကျမ်း၌၊ သုပ္ပကမိစ္စာဒီသု-သုပ္ပကံ အစရှိသော ပြယုဂ်တို့၌၊ ပဉ္စကော - ၅ ပါးတို့၏ အပေါင်းဖြစ်သော၊ လိင်္ဂတ္ထော-လိန်၏ အနက်ကို၊ ဥဒါဟဋော-ထုတ်ဆောင်အပ်ပြီ၊ ပဉ္စကတ္တေ တု - ပဉ္စကတ္တ ကျမ်း၌ကား၊ သောပ္ပန္နာ၂ာဒီသု-သောပ္ပံ အစရှိသော ပြယုဂ်တို့၌၊ ပဉ္စကော- သော၊ လိင်္ဂတ္ထော-ကို၊ ဥဒါဟဋော-အပ်ပြီ။

**၁၂၁။ သုပ္ပေနေဝ ပမာဏေန, ကီတံ ဘဏ္ဍာန္တိ သုပ္ပိကံ၊**
**ဝိသေသန ဝိသေသျာနံ, ဝါစကတ္တာ·တြ ပဉ္စကော။**

၁၂၁။ သုပ္ပေနေဝ – မန်းဖြင့်သာလျှင်၊ ( ဇန်း , စကောဖြင့်သာလျှင်၊)ပမာဏေန-နှိုင်းချင့်အပ်သောဥစ္စာဖြင့်၊ ကီတံ-ဝယ်အပ်သော၊ ဘဏ္ဍံ-ဘဏ္ဍာတည်း၊ ဣတိ-ကြောင့်၊ သုပ္ပိကံ-သုပ္ပိကမည်၏၊ အတြ-ဤသုပ္ပိကံ ပြယုဂ်၌၊ ဝိသေသနဝိသေသျာနံ- သုပ္ပေနဟူသော

ကာရက )၊ ဝစနံ– ပြောဆိုအပ်ကြောင်းစကား၊ ၎စ္စတိ အနေနာတိ ဝစနံ ( ကရဏ ကာရက )၊ ပိယာယတိ ယဿာတိ ပိယော – ချစ်ခြင်းကို ပြုရာ (ချစ်စရာ) ပုဂ္ဂိုလ် (သမ္ပဒါနကာရက) ၊ နိဒ္ဒါရဏံ-ထုတ်ဆောင်ရာအပေါင်း၊ နိဒ္ဒါရိယတိ တေသ္မာတိ နိဒ္ဒါရဏံ (အပါဒါန ကာရက) ၊ဌာနံ-တည်ရာအရပ်၊ တိဋ္ဌတိ ဧတ္ထာတိ ဌာနံ (ဩကာသကာရက) တို့ကို ယူ။

ဤပုဒ်တို့၌ သွားခြင်း, ချစ်ခြင်း, ထုတ်ဆောင်ခြင်း, တည်ခြင်း, ကြိယာတို့ကို သကတ် ဟု ကောက်၍ သွားတတ်သူ , စကားဒြဗ် , ချစ်စရာပုဂ္ဂိုလ်, ထုတ်ဆောင်ရာ အပေါင်း, တည်ရာအရပ်တို့ကို ဒြဗ် ဟု ကောက်ပါ၊ လိန်နှင့် ကာရကတို့ကား ထင်ရှားပြီ။

---

၁၂၀။ ။လိင်္ဂတ္တဝိဝရဏကျမ်း၌ သုပ္ပိကံကို (အာဒိဖြင့် ဒေါဏိကံကို) ပဉ္စကတ္တပုံစံအဖြစ်ဖြင့် ထုတ်၏၊ ပဉ္စကတ္တကျမ်း၌ကား သောပ္ပံကို (အာဒိဖြင့် သုပနံ, နိသီဒနံတို့ကို) ပဉ္စကတ္တပုံစံအဖြစ်ဖြင့် ထုတ်သည်၊ ထိုပုံစံများအတွက် နောက်၌ အကျယ်လာလတ့ံ။

www.dhammaransi.com



ဝိသေသန,ကီတံဟူသော ဝိသေသျတို့ကို၊ ဝါစကတ္တာ-ဏီကပစ္စည်းက ဟောတတ်သည်၏ အဖြစ်ကြောင့်၊ ပဉ္စကော- ၅ ပါးတို့၏ အပေါင်း ဖြစ်သော၊ လိင်္ဂတ္တော-လိင်၏ အနက်ကို၊ လဗ္ဘတိ-ရအပ်၏။

၁၂၁။ ။"သုပ္ပိကံ,သောပ္ပံ"ဟူသော ပဉ္စကတ္တပုံစံ ၂ မျိုးတွင် သုပ္ပိကံကို အကျယ်ပြလို၍ "သုပ္ပေနေဝ" စသည်မိန့်၊ " သုပ္ပေန + ကီတ န္တိ သုပ္ပိကံ " ဟုသာ ပြုစေလိုရင်းတည်း၊"သုပ္ပေန ပမာဏေန"ဟု ပမာဏသဒ္ဒါထည့်ထား ခြင်းကား သုပ္ပေနအတွက် အနက် ထင်ရှားအောင် ထည့်ခြင်းတည်း၊ ထို ပမာဏေနကိုလည်း ဒီပနီ၌"ပမိတေန "ဟု ဖွင့်သောကြောင့် "ပမာဏေန– နှိုင်းချင့်အပ်သော ဥစ္စာဖြင့် " ဟု ကံအနက်ပေးရသည်။ [ " သုပ္ပေန–မန်း (စကော)ဖြင့် နှိုင်းချင့်အပ်သောဥစ္စာဖြင့်+ကီတံ – ဝယ်အပ်သော ဘဏ္ဍာ တည်း၊ သုပ္ပိကံ–ဏ္ဍာ"ဟု ပေး။]

**ဝိသေသန၊ပေ၊ ဝါစကတ္တာ။** ။တဒ္ဓိတ်ပစ္စည်းများ၏ထုံးစံမှာ ရှေ့ဝိသေ သနပုဒ်၏ အနက်ကိုရင်း, နောက်ဝိသေသျပုဒ်၏ အနက်ကိုရင်း ဟောလေ့ရှိ၏၊ ဥပမာ–"ဝသိဋ္ဌဿ+အပစ္စံ ဝါသိဋ္ဌော–ဝသိဋ္ဌ၏သား" ဟူရာ၌ ဏပစ္စည်း သည် ရှေ့ဝသိဋ္ဌဿဟူသော ဝိသေသနသမ္ဗန်၏အနက်, နောက် အပစ္စံဟူသော ဝိသေသျသမ္ဗန်၏အနက်,ဤ ၂ မျိုးလုံးကို ဟောသကဲ့သို့တည်း။ [ဝသိဋ္ဌဿကို ဝိသေသနသမ္ဗန်, အပစ္စံကို ဝိသေသျသမ္ဗန်ဟု ခေါ်သည်။]

ဤ သုပ္ပိကံ၌လည်း " သုပ္ပေန " ဟူသော ရှေ့ဝိသေသန, ကီတံဟူသော နောက်ဝိသေသျ၏ အနက်ကို ဏီကပစ္စည်းက ဟောသည်၊ ထိုသို့ ရှေ့ပုဒ်အနက် နောက်ပုဒ်အနက် ၂ မျိုး ဟောနိုင်ကြောင်းကိုလည်း " တေန ကတာဒိ၊ပေ၊ ဇီဝိကတ္တေသုစ " သုတ်၌ " တေန+ကတ–ထိုဖြင့်+ပြုအပ် " စသော ရှေ့ပုဒ် နောက်ပုဒ်၏ အနက်၌ ဏီကပစ္စည်းသက်ရသည်–ဟု သုတ်က ဆိုထားသော ကြောင့် သိနိုင်သည်။

**ဒွိတြ ပဉ္စကော ။** ။ ထို့ကြောင့် " သုပ္ပေန "ဟူသော ကရိဏ်းနှင့် "ကီတံ"အရ ဝယ်ခြင်းကြိယာတို့၏ ကရဏ+ကရဏီ (ကရိဏ်း+ကြိယာ) အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် သကတ် , ဝယ်အပ်သောဘဏ္ဍာသည် ဒြဗ်, ဘဏ္ဍာကို သဒ္ဒါဆရာတို့က နပုံလိင်ဟု သတ်မှတ်အပ်သောကြောင့် ဘဏ္ဍာကို အရကောက်ရသော သုပ္ပိကံ၌လည်း သင်္ချာ, တမန်း (တစကော) အတိုင်းအရှည်သည် သချာ,ကီတံ၌ တပစ္စည်းဟောအပ်သော ကံအနက်သည် ကမ္မကာရက၊ ဤသို့ သုပ္ပိကံ၌ အနက် ၅ ပါးရသည်။ ["ဒေါဏေန + ကီတံ ဒေ ဏိကံ"ကိုလည်း ကောက်ပြပါလေ ]

www.dhammaransi.com



## ၁၂၂။ ဥတ္တရပဒလောပေါ၀ါ, တဒ္ဓိတန္တောဂမော၀ါ၊ ပကတိပ္ပစ္စယေဟော၀, စရိတတ္ထကဘာ၀တော။

၁၂၂။ ဥတ္တရပဒလောပေါ၀ါ-ပမာဏဟူသောနောက်ပုဒ်ကျေခြင်းကိုသော်၎င်း၊ တဒ္ဓိတန္တောဂမော၀ါ – ပမာဏတဒ္ဓိတ် အတွင်း၌ ၀င်ခြင်းကိုသော်၎င်း၊ ဧ၀ယော- သိအပ်၏၊ ၀ါ - တနည်း၊ ပကတ် ပ္ပစ္စယေဟော၀ – သုပ္ပဟူသော ပကတိ, ဏိကဟူသော ပစ္စည်းတို့ဖြင့်သာလျှင်၊ စရိတတ္ထကဘာ၀တော – သိအပ်သော အနက် ရှိသည့်၏ အဖြစ်ကြောင့်၊(ပမာဏေနာတိ-ပမာဏေနပုဒ်ကို၊ ၀ုတ္တံ-ဆိုအပ်ပြီ။)

၁၂၂။ သုပ္ပေနပုဒ်၌ ပမာဏသဒ္ဒါ မပါသောကြောင့် "အတိုင်းအရှည်" ဟူသော ပမာဏအနက်ကို တိုက်ရိုက် မရနိုင်၊ အဘယ်နည်းဖြင့် "ပမာဏ အနက်ကို ရပါသနည်း" ဟု မေးဘွယ်ရှိသောကြောင့် "ဥတ္တရပဒ လောပေါ ၀ါ" စသည်မိန့်၊ ဤဂါထာ၌ ပမာဏအနက်ရဘို့ရန် ၃ နည်းပြထားသည်။

**ဥတ္တရပဒ လောပေါ၀ါ ။** ။ သုပ္ပေန + ပမာဏံ သုပ္ပံ၊ ဤသို့ သုပ္ပံ၌ ပမာဏနောက်ပုဒ်ကို ချေထားသော " ဥတ္တရပဒလောပ တပ္ပုရိသ်သမာသ်" ကြံ၍ "သုပ္ပေန–တမန်း (တစကော) ဖြင့် နှိုင်းချင့်အပ်သောဥစ္စာဖြင့် + ကီတံ သုပ္ပိကံ"ဟု ပြုလျှင် ပမာဏသဒ္ဒါကို မမြင်ရသော်လည်း အနက်၌ရနိုင်သည်။

**တဒ္ဓိတန္တောဂမော၀ါ။** ။[ပိဖြင့် ရွှေနည်းပေါင်း၊ ၀ါကား နည်း တမျိုးကို ပြသော၀ိကပ်၊]သုပ္ပေန+ပမာဏံ သုပ္ပံ၊ (ပမာဏတဒ္ဓိတ်၊)ပမာဏ အနက်၌ ဏ ပစ္စည်းသက်၊ ["သာဂရေဟိ+ နိဗ္ဗတ္တော သာဂရော–သာဂရ မင်းသားတို့ ဖြစ်စေအပ်သောသမုဒ္ဒါသည် သာဂရမည်၏" ဟူရာ၌ သာဂရ ပုဒ်ပြီးပုံးမျိုးတည်း။] ထိုနောက်မှ " သုပ္ပေန+ကီတံ သုပ္ပိကံ "ဟု ဆက်၊ သုပ္ပံ တုန်းက တဒ္ဓိတ် ဏပစ္စည်း သက်ခဲ့ရသောကြောင့် သုပ္ပိကံ တဒ္ဓိတ်ပုဒ်တွင်း၌ တဒ္ဓိတ်တခု ၀င်နေသောအားဖြင့်လည်း ပမာဏပုဒ်အနက်ကို ရနိုင်သည်။

**ပကတိ၊ပေ၊ဘာ၀တော။** ။[ဤ၌လည်း ၀ါသဒ္ဒါလိုက်စေ။] သုပ္ပသည် ပကတိ, ဏိကသည် ပစ္စယ၊ ထို ပကတိနှင့်ပစ္စယတို့က "ပမာဏေန ကီတံ" အနက်ကို ထင်ရှားပြနိုင်၏၊ ပြပုံကား– "သုပ္ပ-မန်း (ဗန်း) + ကီတံ-၀ယ်"ဟု ဆိုလျှင် " ဗန်းဖြင့်၀ယ်အပ် " ဟု အနက်ထွက်၏၊ သို့သော် ဗန်းဖြင့်၀ယ်လို့ မဖြစ်နိုင်၊ ထို့ကြောင့် "ဗန်းဖြင့်ချင့်၍ တဗန်းပမာဏရှိသော ဆန်စသည်ဖြင့် ၀ယ်အပ်"ဟုပမာဏအနက်ကိုထင်ရှားပြနိုင်သည်၊ ဤနည်း ၃မျိုးဖြင့် ပမာဏ သဒ္ဒါ တိုက်ရိုက် မတွေ့ရသော်လည်း ပမာဏအနက် ရနိုင်၏–ဟု ပြသည်။

www.dhammaransi.com

 သဒ္ဒတ္ထဘေဒစိန္တာ

၁၂၃။ **သုပနံ သုပိနံ သောပ္ပ-မိတိဘာဝေါယ မတြ ဟိ၊**
**ပုံ နပုံသက-မေကတ္တံ, တဿ သာမညဘာဝတော။**

၁၂၃။ သုပနံ သုပိနံ-အိပ်ခြင်း၊ သောပ္ပံ-အိပ်ခြင်း၊ ဣတိ-ဤသို့၊ အယံဘာဝေါ – ဤ ဘာဝသာဓနကို၊ ဧဝ ယောျ – သိအပ်၏၊ ဟိ-ဆက်ဦးအံ့၊ အတြ- ဤ ဘာဝသာဓန၌၊ ပုံ နပုံသကံ-ပုံလိင် နပုံလိင် သည်ရင်း၊ ဧကတ္တံ-တနက်ထည်း၏အဖြစ်သည်ရင်း၊ ဟောတိ-ဖြစ်၏၊ ( ကသ္မာ - အဘယ့်ကြောင့်နည်း၊ ) တဿ - ထို ဘာဝသာဓန၏၊ သာမညဘာဝတော – သာမည၏ အဖြစ်ကြောင့်တည်း။

၁၂၃။ ပဉ္စကတ္တ၌ "သုပ္ပိကံ သောပ္ပံ"ဟု ပုံစံ ၂ ခု ပြခဲ့ရာတွင် သုပ္ပိကံ၌ ပဥ္စကတ္တရပုံကို ပြပြီး၍ ယခုအခါ သောပ္ပံ၌ ပဉ္စကတ္တရပုံကို ပြလိုသောကြောင့် "သုပနံ" စသည်မိန့်၊ သုပနံကို သုပိနံဟု ဖွင့်သည်၊ သုပနံသာ လိုရင်းတည်း၊ "သုပနံ– အိပ်ခြင်း၊ သောပ္ပံ–အိပ်ခြင်း" ဟု ဘာဝသာဓနပြု။ [ သောပ္ပံ၌ သုပဓာတ်, ဏျပစ္စည်း။]

**ပုံနပုံ၊ပေ၊သာမညဘာဝတော ။** ။ ဘာဝသာဓန၌ ကြိယာကို အရကောက်ရ၏၊ ကြိယာဟူသည်လည်း " ယောက်ျား၏အိပ်ခြင်း , မိန်းမ၏ အိပ်ခြင်း " စသည်ဖြင့် အများနှင့်ဆက်ဆံသော သာမညအနက်တည်း၊ ထို သာမညအနက်၌ ပုလ္လိင်ဖြစ်စေ နပုလ္လိင်ဖြစ်စေ တမျိုးမျိုးထားရရိုးတည်း၊ ဤ သောပ္ပံ ၌ကား နပုလ္လိင် ထားသည်၊ သာမည ဖြစ်သောကြောင့်ပင် ဧကတ္တ သချ်ာသာ ရှိရသည်။

**ဒီပနီ။** ။ဣတ္ထိလိင်ဟော ပစ္စည်းသက်ရာ၌ကား ပစ္စည်းလိုက်၍"ဇာတိ– ဖြစ်ခြင်း"ဟု ဣတ္ထိလိင်ဖြင့်လည်း ညွှန်ပြရာ၏၊ ထို့ကြောင့် "ပုံ နပုံသကံ " ဟူသော ဂါထာလာစကားကို ယေဘုယျအားဖြင့် ဆိုသည်ဟု ဒီပနီဖွင့်သည်။ [တချို့က"အတြဟိ"၌ "အတြထိ"ဟု ပြင်၍"ထိ ပုံနပုံသကံ"ဟု ဖွင့်ကြ၏၊ ကျမ်းဆရာ၏အာဘော် မဟုတ်ပါ။]

**ပဉ္စကတ္တကောက်ပုံ။** ။"သောပ္ပံ"၌ သတ္တာအများ၏အိပ်ခြင်း သာမည သည် သကတ် , မိမိဆိုလိုအပ်သော သတ္တာတယောက်၏ အိပ်ခြင်း ဝိသေသ သည်ဒြပ်,သဒ္ဒါဆရာတို့ သတ်မှတ်အပ်သော သင်္ကေတနပုံလိင်,ဧကတ္တသချ်ာ, ဘာဝကာရက၊ ဤသို့အားဖြင့် အနက် ၅ ပါးရသည်။ [ ဣတ္ထ သဗ္ဗသာဓ ရဏာသုပနကြိယာ သာမည်၊ ကာဝိပန အမိပ္ပေတသုပနကြိယာ ဝိသေသို၊– (ဒီပနီ)၊ သာမညနှင့် သကတ်, ဝိသေသနှင့်ဒဗ္ဗသည် သဘောတူတည်း။]

www.dhammaransi.com



၁၂၄။ ကြိယာပဒ•မပေက္ခာယ, ပုရိသာဒိသ္မ•မာဒိနံ၊
ဇောတနေ ပကတျတ္ထတ္တာ, ပဌ္ဌမော ပဌ္ဌတေ သဒါ။

၁၂၄။ ကြိယာပဒံ-ပဿတိစသောကြိယာပုဒ်ကို၊ အပေက္ခာယ-ရှုငဲ့၍၊ ပုရိသာဒိသု - ပုရိသံ အစရှိသော ပြယုဂ်တို့၌၊ အမာဒိနံ - အံ အစရှိသော ဝိဘတ်တို့၏၊ ဇောတနေ – ထွန်းပြခြင်းသည်၊ ( သတိ - ရှိလသော်၊)ပကတျတ္ထတ္တာ - ပုရိသဟူသော ပကတိလိင်္ဂ၏ အနက်၏ အဖြစ်ကြောင့်၊ ပဌ္ဌမော - ငါးပါး အပေါင်းဖြစ်သော အနက်ကို၊ သဒါ-အခါခပ်သိမ်း၊ ပဌ္ဌတေ-သိအပ်၏။

၁၂၄။ ။"သုပ္ပိုက်စသော တဒ္ဓိတ်, သောပ္ပံစသော ဘာဝသာခန္ဓာ ပဌမကတ္တကို ရနိုင်သလော"ဟု မေးဘွယ်ရှိသောကြောင့်"ကြိယာပဒ"စသည် မိန့်၊ "ပဿတိ စသော ကြိယာပုဒ်ကိုငဲ့သော ပုရိသံ စသော နာမ်ပုဒ်၌လည်း ပဌမကတ္တကို အမြဲရနိုင်၏" ဟူလို။

**ဇောတနေ ပကတျတ္ထတ္တာ** ။ ။ "ပုရိသံ ပဿတိ" ပုံစံ၌ ပုရိသံဝယ် အံဝိဘတ်သည် ပုရိသပုဒ်ကဟောအပ်ပြီးသော ကေတ္တသင်္ချာနှင့် ကမ္မကာရက အနက်ကို ထွန်းပြရုံသာ ထွန်းပြတတ်၏။ [၁၂၀" ဝိဇ္ဇမာနေပိ သုတ္တာဒိ" ဂါထာ၏အဓိပ္ပါယ်ကို လှမ်းကြည့်ပါ၊] ထို့ကြောင့် ပုရိသပုဒ်ဝယ်....

(၁) တယောံနှင့် တယောံ တူသောအခြင်းအရာ ဟူသော ယောကျ်ား ဇာတ်သည် သကတ်, (၂) ယောကျ်ား၏ မျက်စိ နား နှာစသော ကိုယ်အင်္ဂါ အပေါင်း (ပုရိသပိဏ္ဍ) သည် ဒြဗ်, (၃) သွားခြင်းစသည်တို့၏ သန့်ရှင်းသော အခြင်းအရာသည် ပုံလိင်, (၄) တယောက်ထည်းအဖြစ်သည် ကေတ္တသင်္ချာ, (၅) ပဿတိကြိယာဖြင့် ရောက်အပ်သော ကြိယာပါပုဏန သတ္တိသည် ကမ္မကာရက၊ ဤသို့အားဖြင့် ပဌမကတ္တရနိုင်သည်၊ ပုရိသေ—စသော ဗဟုဝုစ်, ပုရိသေန-စသော ကတ္တုကာရက ကရဏကာရကဟောပုဒ် စသည်တို့၌လည်း ပဌမကတ္တကို ကောက်ပြကြပါလေ။

**သဒါ**။ ။"အခါခပ်သိမ်း ပဌမကတ္တကို သိအပ်၏"ဟု ဆိုသောကြောင့် ဤဘေဒစိန္တာ ဆရာသည် "ပုရိသသဒ္ဒါ၌ ပဌမကတ္တအမြဲရ၏" ဟု ဆိုလိုဟန် တူ၏၊ မောဂ္ဂလ္လာန်ပဋ္ဌိကာဦကား"အံစသောဝိဘတ်တို့က သင်္ချာနှင့် ကာရက ကို ဟောလျှင်(ဝါစကတပ်၏—ဟု ယူလျှင်) ပုရိသ၏အနက်သည်"သကတ်, ဒြဗ်,လိင်"အားဖြင့် ၃ ပါးသာ၊ ဝိဘတ်တို့က ဇောတကမျှသာဟု ယူလျှင်သာ "ပုရိသ၌ ပဌမကတ္တ ရနိုင်၏"ဟု ဆို၍ တိကတ္တကိုဋ်း ပဌမကတ္တကိုဋ်း ၂ မျိုး လုံးကိုပင်(သူ့နည်းနှင့်သူ) ရနိုင်၏—ဟု ယူသည်။

www.dhammaransi.com



၁၂၅။ ဝါစကတ္ထမပေက္ခါယ,ပစ္စယာနံ ဒွိကာဒိကော၊
ဝိသေသနဝိသေသျာဒိ-ဘာဝတော ဓာတုအာဒိကော။

၁၂၅။ ဓာတုအာဒိကော-အစ၌ ဓာတ်ရှိသော ပစတိအစရှိသော အာချာတ်ပုဒ်၌၊ပစ္စယာနံ-တိအစရှိသောဝိဘတ်ပစ္စည်းတို့၏၊ဝါစကတ္ထံ-ဟောတတ်ကုန်သည်၏အဖြစ်ကို၊ အပေက္ခါယ–ရှုငဲ့၍၊ ဝိသေသနဝိသေသျာဒိဘာဝတော-ဝိသေသနဝိသေသျ အစရှိသည်တို့၏အဖြစ်ဖြင့်၊ ဒွိကာဒိကော-ဒွိကအစရှိသော အနက်ကို၊ ပဋ္ဌတေ-သိအပ်၏။

၁၂၅။ ။ပစတိစသော အာချာတ်ပုဒ်တို့၌ ရထိုက်သော အနက်များကို ပြလို၍"ဝါစကတ္ထ"စသည်မိန့်၊ ဤဂါထာ၌ တိစသော အာချာတ်ဝိဘတ်များကိုပင်"ပစ္စယာနံ"ဟု ဆိုထားသည်၊ "တိစသော အာချာတ်ဝိဘတ်တို့သည် ဝါစက တပ်၏"ဟု ယူလျှင် ပစ စသော ဓာတ်သက်သက်ဖြင့် အနက် ၂ ပါး ကိုသာ သိနိုင်သည်–ဟူလို။

**ဝိသေသန၊ပေ၊ဘာဝတော။** ။ [ဤပုဒ်သည် ထိုအနက် ၂ ပါး၏ သရုပ်ကိုပြသော သရူပကျွာဝိသေသနတည်း၊] ပစဓာတ်၌ အများနှင့်ဆက်ဆံသော ချက်ခြင်းကြိယာသာမညသည် သကတ်, "သူဒေါ ပစတိ"စသည်ဖြင့် မိမိဆိုလိုအပ်သော စဖိုသည်၏ ချက်ခြင်းကြိယာဝိသေသသည် ဒြဗ် , ဤသို့ အနက် ၂ ပါးသာ ရသည်။ [ဝိသေသနနှင့် သကတ်, ဝိသေသျနှင့်ဒြဗ်သည် သဘောတူတည်း။]

**ဒွိကာဒိကော။** ။ဤအာဒိဖြင့် စတုက္ကတ္ထကိုယူ၊ သို့သော် စတုက္ကတ္ထ ဟု ယူလျှင် တိစသောဝိဘတ်တို့သည် ဝါစက မဟုတ်, ဇောတက (ပစဓာတ်၏ ဟောနက်ဖြစ်သော ကာရကနှင့် သချာကို ထွန်းပြသည်) ဟု မှတ်ရမည်၊ ထို့ကြောင့် ပစတိ၌ ပစဓာတ်ဝယ် ယခင်အနက် ၂ ပါးအပြင် ကေတ္တုသချာနှင့် ကတ္တုကာရကထည့်၍ စတုက္ကတ္ထရသည်။ [ ဤအာဒိဖြင့် တိကတ္ထကို မယူရ, အာချာတ်က လိင်ကိုမဟောသောကြောင့် တိကတ္ထ မရနိုင်။]

**ဓာတုအာဒိကော။** ။"ဓာတု+အာဒိမှိ ယဿာတိ ဓာတုအာဒိကံ"ဟု ဝိဂ္ဂဟပြု၍ အစ၌ဓာတ်ရှိသော (ပစတိစသော) အာချာတ်ပုဒ်ကို အရကောက်ပါ၊ ပါစကစသော ကိတ်ပစ္စယန္တတို့မှာ လိင်အရတွင် ပါဝင်လေပြီ၊ ဒီပနီ၌ကား " ဓာတု+ အာဒိ ယဿ" ဟု ဝစနတ္ထပြု၍ ထိုအာဒိဖြင့် " ပဗ္ဗတာယတိဝယ် ပဗ္ဗတာယ-စသော နာမဓာတ်ကို သိမ်းယူ၏"ဟု ဖွင့်သည်ကား မကောင်းလှ၊ နာမဓာတ်လည်း ဓာတ်သဘောရှိ၍ ဓာတုအရ၌ပင် ပါဝင်နိုင်ပြီ။

www.dhammaransi.com



၁၂၆။ ကေကောတိစ ကေစ္စေ, ပစ္စယာနန္တ၊ ဇောတနေ၊
ခတ္တာဒိကေ တိကာဒျတ္ထော, နေတဗ္ဗော သမယညုနာ။

၁၂၆။ ခတ္တာဒိကေ – အစ၌ ခတ်ရှိသော ပစတိအစရှိသော အာချာတ်ပုဒ်၌၊ ကေစ္စေ- အချို့ဆရာတို့သည်၊ ကေကော- ခတ်နက်အားဖြင့် တပါးသာတည်း၊ ဣတိစ-ဤသို့လည်း၊ ဝဒန္တိ-ဆိုကြကုန်၏၊ တု-ထိုမှတပါး၊ ပစ္စယာနံ-တိစသောဝိဘတ်ပစ္စည်းတို့၏၊ ဇောတနေ-ထွန်းပြခြင်းသည်၊ (သတိ–သော်၊)တိကာဒျတ္ထော-တိကအစရှိသော အနက်ကို၊ သမယညုနာ–သဒ္ဒါအနက် အပေါင်းကို သိသော ပညာရှိသည်၊ (သမယသဒ္ဒါ သမူဟအနက်ဟော၊) ဝါ- ထိုးထွင်း၍ သိအပ်သော သဒ္ဒါအနက်ကိုသိသော ပညာရှိသည်၊ (သမယသဒ္ဒါ ပဋိဝေဓ အနက်ဟော၊) နေတဗ္ဗော–သိထိုက်၏။

၁၂၇။ ပဒပူရဏသန္ဓိသု, ကေကော ဒေါဏိကာဒိသု၊
သင်္ချာပမာဏ ဘေဒေန, ဆက္ကော စာတျ ပရေ ဝိဒူ။

၁၂၇။ ပဒပူရဏသန္ဓိသု-သုတ္တန္တစသော ပဒပူရဏ,အဘိရတိမိစ္ဆေယျစသော သန္ဓိတို့၌၊ ကေကော- တပါးသော အနက်ကို၊ နေတဗ္ဗော-သိထိုက်၏၊ ဒေါဏိကာဒိသု- ဒေါဏိကံ အစရှိသော ပြယုဂ်တို့၌၊ သင်္ချာပမာဏဘေဒေန– သင်္ချာပမာဏတို့၏ အပြားအားဖြင့်၊ ဆက္ကော စ-၆ ပါး အပေါင်းဖြစ်သော အနက်ကိုလည်း၊ နေတဗ္ဗော-

၁၂၆။ ။"ပစတိ" စသော အာချာတ်ပုဒ်၌ ကေစ္စေဆရာတို့၏ အနက်ကောက်ယူပုံတို့ကို ပြလိုသောကြောင့် "ကေကောတိစ" စသည်မိန့်၊ ပစတိစသောအာချာတ်ပုဒ်၌ ဝိဘတ်ဟူသော ပစ္စည်းတို့က ဝါစကသတ္တိရှိသည် ဟုယူလျှင် ပစခတ်အတွက် "ချက်ခြင်း" ဟူသော အနက်တပါးသာ ရ၏၊ [ရှေ့ဂါထာ၌ပြခဲ့သော "ဒွိကတ္တ-မရ"ဟူလို၊] "တိစသောဝိဘတ် (ပစ္စည်း) တို့က ထွန်းပြရုံသာ"ဟု ယူလျှင်"၁–ခတ်နက်, ၂–သင်္ချာ, ၃–ကာရက" အားဖြင့် တိကတ္တရသည်။

**စ, အာဒိအနက်**။ ။ကေကောတိစ၌ စဖြင့် ရှေ့ဂါထာ၌ပြခဲ့သော ဒွိကတ္တကိုဆည်း၏၊ တိကာဒိ၌ အာဒိဖြင့်လည်း ရှေ့ဂါထာ၌ပြခဲ့သော "သကတ်,ဒြပ်, သင်္ချာ,ကာရက"ဟူသော စတုက္ကတ္တကို ယူရသည်။

www.dhammaransi.com



သိထိုက်၏၊ ဣတိ- ဤသို့၊ အပရေ - တပါးကုန်သော၊ ဝိဒူ-ပညာရှိတို့သည်၊ ဝဒန္တိ-ဆိုကုန်၏။

ဣတိ- သဒ္ဒတ္ထဘေဒစိန္တာ အပြီးတည်း။

၁၂၇။ ။အပရေဝါဒကို ပြလို၍ "ပဒပူရဏ"စသည်မိန့်၊ "သုတ္တန္တ"၌ အန္တသဒ္ဒါသည် သုတ္တပုဒ်ကို ပြည့်ဖြိုးတိုးပွားလာစေတတ်သောကြောင့်"ပဒပူရဏသဒ္ဒါ" မည်၏။ [ဋီကာ၌ "ပဒပူရဏတ္ထနိပါတ်"ဟု ဆို၏၊ သို့သော် အန္တသည် နိပါတ် မဟုတ်, အန္တ-ဟူသော နာမ်ပုဒ် တမျိုးသာ ဖြစ်သည်၊ "အဘိရတိမိစ္ဆေယျ" ဟုရင်း "တတြာယံ"ဟုရင်း ဤသို့စသည်ဖြင့် သန္ဓိစပ်ထားသော ပုဒ်အားလုံးကို "သန္ဓိ"ဟု ခေါ်သည်။

**ကေကော**။ ။"သုတ္တန္တ"ဟု ဆိုလိုက်သောအခါ "သုတ္တ"ဟု ဆိုခြင်းထက် အက္ခရာတိုးပွား၍ စကားချောမော၏၊ "အဘိရတိံ + ဣစ္ဆေယျ" ပုဒ် ၂ ရပ်ကို အကြားမရှိအောင် "အဘိရတိမိစ္ဆေယျ" ဟု စပ်လိုက်သော အခါလည်း ထိုပုဒ် ၂ ပါးသည် ပြေပြစ် ညက်ညော ချောမော၏၊ ဥပမာ— ပျဉ် ၂ ချပ်ကို အကြားမရှိအောင် စပ်လိုက်သော အခါ ချောမောသကဲ့သို့ တည်း၊ ထိုသို့ ပြေပြစ်ညက်ညော ချောမောခြင်းသည်ပင် အနက်တမျိုး ဖြစ်ရကား"သုတ္တန္တ-တတြာယံ"တို့၌"ဝါစာသိလိဋ္ဌ (စကားချောခြင်း) အနက် တပါးသာ ရ၏" ဟု မှတ်။

**ဒေါ်ဏိကံ**။ ။သုပ္ပိကံပုံစံ၌ ပမာဏကို သင်္ချာ ဟု ခေါ်၍"ပဥ္စကတ္ထ"ဟု ကောက်ပြခဲ့၏၊ ဒေါဏိကံကိုလည်း အလားတူဟု ညွှန်ပြခဲ့၏၊ ဤအပရေဆရာတို့ကား "ပမာဏတခြား သင်္ချာတခြား" ဟု ပမာဏနှင့်သင်္ချာကို ခွဲ၍ယူပြီးလျှင်"ဒေါဏိကံ၌ ဆတ္တတ္ထရသည်"ဟု ဆိုသည်။

**ဆတ္တတ္ထ**။ ။ဤအလို "တစိတ်အရေအတွက်နှင့်+ဝယ်ခြင်းကြိယာတို့၏ (ကရိဏ်း+ကြိယာအဖြစ်ဖြင့်) စပ်ခြင်းဟူသော ကြိယာကာရကသမ္ဗန်သည် သကတ်, ဘဏ္ဍာဒြဗ်သည် ဒြဗ်, သင်္ကေတနပုံလိန်,တမန်း (တစကော) အရေအတွက်ဟူသော ပမာဏ,ကေဝုစ်သင်္ချာ,ကိတံအရ တပစ္စည်းသည် ဟောအပ်သော ကမ္မကာရက,ဟု အနက် ၆ ပါး ရသည်။ [ဒေါဏိကာဒိသုဉ္စ အာဒိဖြင့် သုပ္ပိကံစသည်ကို ယူပါ။]

**သဒ္ဒတ္ထဘေဒစိန္တာ အဖွင့်**
**ပြီး၏။**

www.dhammaransi.com



### ပကိဏ္ဏကအခဏ်း

**၁၂၀။ ဝိဇ္ဇမာနေပိ သုက္ကာဒိ, ယထာ ဒီပါဒိကေ သတိ၊**
**ဗျတ္တိ·မာယာတိ ကမ္မာဒိ–အတ္ထော ဧဝံ ဝိဘတ္တိယံ။**

၁၂၀။ (ယသ္မာ-အကြင့်ကြောင့်၊ အန္ဓကာရေ–အမှောင်ခန်း၌၊) သုက္ကာဒိ – အဖြူအစရှိသော အသုံးအဆောင်သည်၊ ဝိဇ္ဇမာနေပိ– ထင်ရှားရှိပါသော်လည်း၊ ဒီပါဒိကေ – ဆီမီးအစရှိသော အရောင် အလင်းသည်၊ သတိ – ရှိသော်သာ၊ ဝါ-ရှိမှသာ၊ ဗျတ္တိံ – ထင်ရှား ခြင်းသို့၊ အာယာတိ ယထာ – ရောက်နိုင်သကဲ့သို့၊ ဧဝံ – ဤ အတူ၊ ( ပကတိယံ–ပုရိသစသော ပကတိ၌၊ ) ကမ္မာဒိအတ္ထော - ကံ အစ ရှိသော အနက်သည်၊ ( ဝိဇ္ဇမာနေပိ - ထင်ရှားရှိပါသော်လည်း၊) ဝိဘတ္တိယံ – ဝိဘတ်သည်၊ သတိဧဝ – ရှိသော်သာ၊ ဝါ - ရှိမှသာ၊ ဗျတ္တိံ-သို့၊ အာယာတိ–ရောက်နိုင်၏။

၁၂၀။ ။ပကတိ+ပစ္စယ ၂ မျိုးတို့သည် အချင်းချင်းကင်း၍ မဖြစ်နိုင်ကြ၊ ထို့ကြောင့် လိန်-ဓာတ်ဟူသော ပကတိတို့၏ ဒွိကတိကစသော အနက်များကို ပြပြီး၍ ယခုအခါ၌ " ပစ္စယ " မည်သော သိစသော တိစသောဝိဘတ်တို့၏ အနက်ကိုပြလိုသောကြောင့် "ဝိဇ္ဇမာနေပိ" စသော ၃ ဂါထာကိုမိန့်သည်၊ ဤ ပြအပ်လတ့်သောအခဏ်းကို " ပကိဏ္ဏကအခဏ်း "ဟု နာမည်တပ်ကြသော် လည်း ကျမ်းဆရာကိုယ်တိုင် ပေးအပ်သောအမည် ဟုတ်ဟန်မတူ၊ ပကတိနှင့် အတ္ထ ဟူသော သဒ္ဒတ္ထကို ပြပြီး၍ ပစ္စယနှင့်အတ္ထကို ပြရာအခဏ်း ဖြစ်သော ကြောင့် သဒ္ဒတ္ထဘေဒစိန္တာ အခဏ်းပင် ဖြစ်သင့်သည်။

**ဝိဇ္ဇမာနေပိ။** ။"အမှောင်ခန်းအတွင်း၌ အဖြူ, အနီ (ခေါင်းအုံး, စောင်) စသော အသုံးအဆောင်များရှိသည်"ဟု ဆိုကြစို့၊ထိုအသုံးအဆောင် များသည် မီးရောင်မရှိလျှင် မထင်ရှားကြ , မီးရောင်ရှိမှ ထင်ရှားကြသကဲ့သို့ ထို့အတူ "ပုရိသ"စသော ပကတိ၌ "သကတ်, ဒြဗ်, လိန်, သချျာ,ကာရက" အားဖြင့် အနက်၅ ပါးရှိ၏၊ သို့သော် သချျာကာရကအနက်များသည် ဝိဘတ် မရှိလျှင် မထင်ရှားကြ, ဝိဘတ်ရှိမှ ထင်ရှားနိုင်ကြသည်–ဟူလို။

**မှတ်ချက်၊** ။သုက္ကာဒိကို"သုက္ကာဒိဝတ္ထု"ဟု နပုံလိန်ဖြင့် ဖွင့်ကြခြင်းသည် "ဝိဇ္ဇမာနေပိ"ဟူသော ပုံလိန်နှင့် မလိုက်လျော၊ ကျမ်းဆရာကား အတ္ထော ငဲ့၍ "ဝိဇ္ဇမာနေပိ" ဟု ထားဟန် တူသည်၊ ဒီပနီ၌ ဤဂါထာကို ကာရဏ ဝါကျ, နောက်ဂါထာကို ဖလဝါကျဟု ယူဆ၍ ယသ္မာ–တသ္မာထည့်ထားသည့် အတိုင်း နိဿယ၌လည်း ထည့်ထားသည်။

www.dhammaransi.com



၁၂၉။ လိင်္ဂတ္ထေ ပဋ္ဌမေ သင်္ချာ-စတုက္ကေစ ဝိဘတ္တိယော၊
သင်္ချာကမ္မာဒိကာနံပိ, အဗျတ္တာနံဝ ဇောတိကာ။

၁၂၉။ (တသ္မာ-ထို့ကြောင့်)ပဌမေ-ပဌမဖြစ်သော၊ လိင်္ဂတ္ထေစ - လိန်အနက်၌၎င်း၊ သင်္ချာစတုက္ကေ - သင်္ချာစတုက္ကဖြစ်သော၊ လိင်္ဂတ္ထေစ-၌၎င်း၊ ဝိဘတ္တိယော-ဝိဘတ်တို့သည်၊ အဗျတ္တာနံဝ-မထင်ရှားသည်သာလျှင်ဖြစ်ကုန်သော၊ သင်္ချာကမ္မာဒိကာနံ-သင်္ချာ,ကံအစရှိသော ကာရကတို့ကို၊ [အာဒိဖြင့် ကတ္တား ကရိုဏ်း စသည်တို့ကို၊] ဇောတိကာပိ - ထွန်းပြတတ်ကုန်သည်လည်း၊ (ဟောန္တိ- ကုန်၏။)

၁၃၀။ ဒုကေ တိကေစ ကမ္မာဒိ-စတုက္ကေစ ဝိဘတ္တိယော၊
သင်္ချာကမ္မာဒိကာနမ္ပိ, ဝါစိကာ တိစ ဝုစ္စရေ။

၁၃၀။ ဒုကေ-ဒုကဖြစ်သော၊ (လိင်္ဂတ္ထေစ-လိန်အနက်၌၎င်း၊) တိကေ- တိကဖြစ်သော၊ ( လိင်္ဂတ္ထေစ - ၌၎င်း၊ ) ကမ္မာဒိစတုက္ကေ- ကမ္မာဒိစတုက္ကဖြစ်သော၊ (လိင်္ဂတ္ထေစ-၌၎င်း၊) ဝိဘတ္တိယော- ဝိဘတ်

၁၂၉ ။ ။ ထိုသို့ ဝိဘတ်တည်းဟူသော မီးရောင်ရှိမှ သင်္ချာကာရကအနက်တို့၏ ထင်ရှားနိုင်ခြင်းကြောင့်(၁၂၄) ဂါထာ၌ပြခဲ့သော ပုရိသံပုံစံဝယ် ပုရိသဟူသော လိင်္ဂတ္ထအတွက် အနက် ၅ ပါးရသော်လည်း ဧကဝုစ်သင်္ချာနှင့် ကမ္မကာရကအနက် ၂ ပါးမှာ အံဝိဘတ်ကြောင့်သာ ထင်ရှား၏၊ (၁၁၅) ဂါထာ၌ပြခဲ့သော "မာသဇာတော+ မာသိကော" ဟူသော သင်္ချာစတုက္ကပုံစံတို့၌လည်း ပရိမာဏသင်္ချာကို သိဝိဘတ်က ထွန်းပြ၏။

ယထာလာဘနည်း။ ။ "သင်္ချာ ကမ္မာဒိကာနံပိ ဝိဘတ္တိယော ဇောတိကာ" ဟူသောစကားသည် ယထာလာဘနည်းအားဖြင့် ဆိုအပ်သောစကားတည်း၊ ပုရိသံစသည်၌သာ ပုရိသအနက်တွင် ပါဝင်ပြီးဖြစ်သော သင်္ချာနှင့် ကာရကတို့ကို အံဝိဘတ်က ထွန်းပြရသည်၊ မာသဇာတော၌ကား ပရိမာဏသင်္ချာသာရှိ၍ ကာရကအနက်မရှိသောကြောင့် ဝိဘတ်က ထွန်းပြဘွယ်မလို၊ ထို့ကြောင့် ပဌမကတ္တပုံစံ၌ သင်္ချာကာရက ၂ မျိုးလုံးကို၎င်း, သင်္ချာစတုက္ကပုံစံ၌ (ကာရကမပါဘဲ) သင်္ချာကိုသာ၎င်း ထွန်းပြသည် — ဟု သင်္ချာကမ္မာဒိကာနံ၌ ယထာလာဘနည်းအားဖြင့် ရသင့်သလို အဓိပ္ပါယ်ယူပါ၊ သင်္ချာ စတုက္က၌ မာသဇာတောစသည်ဝယ် မရှိသော ကံစသောကာရကကို ဝိဘတ်က ဝါစိက (ဟောသည်) ဟု မှတ်။ [ဝိဘတ္တိယော ဇောတိကာပိ ယထာလာဘဝသေန၊— (ဒီပနီ)၊ ဇောတိကာပိ၌ ပိဖြင့် ဝါစိကာကို ဆည်း။]

www.dhammaransi.com



တို့သည်၊ သင်္ချာကမ္မာဒိကာနံ-သင်္ချာ, ကံအစရှိသော ကာရကတို့ကို၊ ဝါစကာပိ - ဟောတတ်ကုန်သည်လည်း၊ (ဟောနိုင်-န်၏၊) ဇောတိစ-ဉ္စကားတို့ကိုလည်း၊ ဝုစ္စရေ-ဆိုအပ်ကုန်၏။

၁၃၀။ ။ဝိဘတ်တို့၏ ဝါစကသတ္တိရှိပုံကို ပြလိုသောကြောင့်"ဒုကေ" စသည်မိန့်၊ ဒုကတ္တ, တိကတ္တပုံစံမှာ"ပဋိ"တည်း၊ (၁၀၂, ၁၁၃-ဂါထာတို့ကို ပြန်ကြည့်ပါ၊)ထိုပုံစံ၌"ပဋိ-လိမ်မဲ့သောမိန်းမကို"ဟု အံဝိဘတ်သက်လိုက်မှ ထိုဝိဘတ်က ကေဝုစ်သင်္ချာနှင့်ကမ္မကာရကကို ဟောရသည်–ဟူလို။ [ပကတိ လိန်၌ မရှိသေးသောအနက်ကိုဟောရလျှင်"ဝါစိကာ"ဟုရင်း,ရှိပြီးအနက်ကို ထွန်းပြရလျှင် "ဇောတိကာ"ဟုရင်း, ခွဲပါ။]

**မှတ်ချက်။** ။ဝိဘတ်တို့ကို ဝါစကသတ္တိ(သင်္ချာနှင့်ကာရကကိုဟောစွမ်း နိုင်၏)ဟု ယူသော ဆရာတို့၏ဝါဒအတိုင်း ဆိုလျှင် ပုရိသံ၌လည်း သကတ်, ဒြပ်, လိန် ဟူသော တိကတ္တသာ ရ၍, သင်္ချာကာရကတို့ကို အံဝိဘတ်က ဟောသည်-ဟု ယူရမည်၊ ဝိဘတ်တို့ကို ဇောတကသာဟု ယူလျှင် ပဋိပုဒ်ရင်း၌ သကတ်, ဒြပ်, လိန်, သင်္ချာ, ကာရက ၅ ပါးပင် ရနိုင်သည်သာ။ [ပိကို ဝါစိ ကာနှင့် တွဲ၍ ထိုပိဖြင့် ဇောတိကာကို ဆည်းပါ၊ စသဒ္ဒါကား ရှေ့ဂါထာ၌ လာသောစကားကို ပေါင်းသော သမ္ပိဏ္ဍနတည်း။]

**ကမ္မာဒိစတုက္ကေ။** ။ (၁၁၉)ဂါထာ၌ ပြခဲ့သော သလ္လဝိဒ္ဓေါစသော ပုံစံ၌ ကံစသောကာရကအနက်က ရှိပြီးဖြစ်၍ သင်္ချာအနက်ကိုသာ ဝိဘတ်က ဟောရသောကြောင့် ဤဂါထာ၌လာသော."သင်္ချာကမ္မာဒိကာနံ"ကိုလည်း ယထာလာဘနည်းဟုပင် ဒီပနီဖွင့်သည်၊ ဒုက တိကတို့၌ သင်္ချာနှင့် ကာရက ၂မျိုးလုံးကို ဝါစိကာဟု ယူ၍, ကမ္မာဒိစတုက္က၌ သင်္ချာကိုသာ ဝါစိကဟုရင်း, ကာရကအနက်ကို ဇောတိကဟုရင်း ယူပါ။ ["ကမ္မာဒိစတုက္ကေ ဟိ သင်္ချာယ ဧဝ ဝါစိကာ၊ ကမ္မာဒိနံ ပန ဇောတိကာ"–ဒီပနီ။]

**အမှာ။** ။သင်္ချာစတုက္က၌ သင်္ချာဟူသည် ရိုးရာဖြစ်သော ကေဝလဗဟုတ္တ သင်္ချာမျိုးမဟုတ်၊ ပရိမာဏသင်္ချာတည်း၊ ထိုသင်္ချာသည် မာသဇာတဟူသော ပကတိလိန်၏ အနက်သာ ဖြစ်၏၊ သလ္လဝိဒ္ဓေါ၌လည်း ကံအနက်သည် ဝိဒ္ဓ၌ တ၏အနက်ဖြစ်၏၊ ထိုအနက်များကို ဝိဘတ်က ထွန်းပြဘွယ်လိုမည် မထင်၊ သို့သော် ကျမ်းဆရာကိုယ်တိုင်က "ပရိမာဏသင်္ချာကို ထွန်းပြသည်, ကံအစ ရှိသော အနက်ကို ဟောသည်" ဟု ဆိုထားသောကြောင့် ဋီကာ — ဒီပနီ တို့လည်း ထိုဆိုထားသည့်အတိုင်း ဖွင့်ကြရဟန်တူသည်။

www.dhammaransi.com



၁၃၁,၂။ သဒ္ဒေါ သကတ္ထမာဒေါ၀, ၀တွာ ဇာတိ ဂုဏ ကြိယံ၊
ဒဗ္ဗံ တံနိဿယံ ပစ္ဆာ, လိင်္ဂမိတ္ထာဒိကံ တတော။
တတော·ကတ္တာဒိကံ သင်္ချံ, ကမ္မာဒိံ သာမိသတ္တမံ၊
တတော ၀ဒေတိ လိင်္ဂတ္ထော, ပဉ္စကော တျ·ပရေ ဝိဒူ။

၁၃၁,၂။ သဒ္ဒေါ-သဒ္ဒါသည်၊ ဇာတိ ဂုဏ ကြိယံ-ဇာတ်, ဂုဏ်, ကြိယာဟူသော၊ သကတ္ထံ – သကတ္ထကို၊ အာဒေါ၀– အစ၌သာလျှင်၊ ၀တွာ-ဟောပြီး၍၊ တံနိဿယံ-ထိုသကတ်၏မှီရာဖြစ်သော၊ ဒဗ္ဗံ-ဒြဗ် ကိုင်း၊ တတောပစ္ဆာ - ထိုမှနောက်၌၊ ဣတ္ထာဒိကံ - ဣတ္ထိလိန် အစ ရှိသော၊ လိင်္ဂံ-လိန်ကိုင်း၊ တတောပစ္ဆာ - ထိုမှနောက်၌၊ ကတ္တာ ဒိကံ- ကေတ္တာအစရှိသော၊ သင်္ချံ – သင်္ချာကိုင်း၊ တတောပစ္ဆာ–၌၊ သာမိသတ္တမံ - သာမိလျှင် ခုနစ်ခုမြောက်ရှိသော၊ ကမ္မာဒိံ - ကံ အစ ရှိသော ကာရက ဖ ပါးကိုင်း၊ ၀ဒေ-ဟော၏၊ ဣတိ–ထို့ကြောင့်၊ လိင်္ဂတ္ထော – လိန်၏အနက်သည်၊ ပဉ္စကော – ငါးပါးအပေါင်းသာ တည်း၊ ဣတိ-သို့၊ အပရေ–အခြားကုန်သော၊ ဝိဒူ–တို့သည်၊ ၀ဒန္တိ-ဆိုကြကုန်၏။

၁၃၁,၂။ ။အရှင်သဒ္ဓမ္မသိရီဆရာသည် မိမိ၏သမာနဝါဒကို (၁၁၄) ဂါထာ၌ "သကတ္ထံ တေန ဂန္တဗ္ဗံ"စသည်ဖြင့် ဝိဘတ်တို့၏အနက်တိုင်အောင် ပြပြီး၍ ယခုအခါ၌ အပရေဝါဒကို ပြလိုသောကြောင့် " သဒ္ဒေါ သကတ္ထ " စသည်မိန့်သည်၊ ဤဝါဒ၌ " ဇာတိ ဂုဏ ကြိယံ " အရ သဒ္ဒါများကို ဇာတိသဒ္ဒါ, ဂုဏသဒ္ဒါ, ကြိယာသဒ္ဒါ"ဟု ၃ မျိုးခွဲရာ၏၊ ဒဗ္ဗသဒ္ဒါ နာမသဒ္ဒါတို့ကို ဇာတိသဒ္ဒါ၌ သွင်းပြီးလျှင် ထို ဇာတိသဒ္ဒါကိုပင် ဒြဗ်သဘောဖြင့် ထင်ရှား သောအခါ ဒဗ္ဗသဒ္ဒါဟု ဆို၍, နာမည်သဘောအားဖြင့် ထင်ရှားသောအခါ နာမသဒ္ဒါ ခေါ်ရသည်ဟု ယူလိုသတတ်။

**သဒ္ဒေါ၊ပေ၊ကြိယံ။** ။[၁၁၄ ဂါထာကိုကြည့်ပါ။] "ဂေါ" ဟူသော ဇာတိသဒ္ဒါသည် နွားဇာတ်ကို ပဌမဟော၏၊ " သုက္ကော " ဟူသော ဂုဏ သဒ္ဒါသည် အဖြူဂုဏ်ကို ပဌမဟော၏၊ "ပါစကော" ဟူသော ကြိယာသဒ္ဒါ သည် ချက်ခြင်းကြိယာကို ပဌမဟော၏။

**ဒဗ္ဗံ ပစ္ဆာ။** ။ထို့နောက် ထို ဇာတ် ဂုဏ် ကြိယာတို့၏ တည်ရာဒြဗ်ကို ဟော၏၊ ဂေါသဒ္ဒါသည် နွားဇာတ်၏တည်ရာ နွားဒြဗ်ကိုဟော၏၊ သုက္ကော သဒ္ဒါသည် အဖြူဂုဏ်၏တည်ရာ ပုဆိုးဒြဗ်ကို ဟော၏၊ ပါစကောသဒ္ဒါသည် ချက်ခြင်းကြိယာ၏တည်ရာ စဖိုသည်ဒြဗ်ကို ဟော၏။

www.dhammaransi.com



၁၃၃,၄။ လိင်္ဂတ္ထံ ပန ဇောတေန္တိ,သင်္ချာကမ္မာဒိကာရကံ၊
သမ္ဗန္ဓဉ္စ ဝိဘတ္တိတ္ထိ-ပစ္စယာ စ ယထာရဟံ။
တေသံ ဝိသေသာ ဝုတ္တိတ္ထာ, တေဟိ ပါကဋဘာဝတော၊
ဂေါ သုဒ္ဓတ္ထာ ပါစကော ဒဏ္ဍီ, ဂဝံ ဂေါဏာယ ဒဏ္ဍိနီ။

၁၃၃,၄။ ပန-ဆက်ဦးအံ့၊ ဝိဘတ္တိ – ဝိဘတ်တို့သည်၎င်း၊ ဣတ္ထိပစ္စယာ စ - ဣတ္ထိပစ္စည်းတို့သည်၎င်း၊ ယထာရဟံ – ထိုက်သည့်အားလျော်စွာ၊ လိင်္ဂတ္ထံ-လိင်္ဂ၏အနက်,လိင်္ဂဟူသော အနက်ကို၎င်း၊ သင်္ချာကမ္မာဒိကာရကံ - သင်္ချာ, ကံ အစရှိသော ကာရကကို၎င်း၊ သမ္ဗန္ဓဉ္စ-သမ္ဗန်ကို၎င်း၊ ဇောတေန္တိ - ထွန်းပြတတ်ကုန်၏၊ (ကသ္မာ–နည်း၊)

**လိင်္ဂ၊ ပေ၊ သတ္တမံ။** ။ထိုသို့ ဒြဗ်ကိုဟောပြီးနောက်မှ ဣတ္ထိလိင်စသောဆိုင်ရာလိင်ကိုဟော၏၊ထို ဂေါ–သုဒ္ဓော–ပါစကော သဒ္ဒါတို့ကား ပုလ္လိင်ကိုချည်းဟောကြ၏၊ ထိုသို့ လိင်ကိုဟောပြီးနောင်၌ ဧကတ္တဖြစ်စေ,ဗဟုတ္တဖြစ်စေ သင်္ချာတခုခုကိုဟော၏၊ ထိုနောက်မှ " ဂဝံ " ဆိုလျှင် ကမ္မကာရကကို၎င်း, "ဂဝေန"ဆိုလျှင် ကတ္တုကာရက (ကရဏ ကာရက) ကို၎င်း,ဤသို့စသည်ဖြင့် ကာရကကိုဟော၏၊ " ဂေါဏာယ " ဆိုလျှင် ကာရကမဟုတ်သော သမ္ဗန် (သာမိ) အနက်ကိုဟော၏၊ ထို့ကြောင့် "သဒ္ဒါဟူသမျှသည် အမြဲအားဖြင့် အနက် ၅ ပါးရသည်သာ"ဟု အပရေဆရာတို့က ဆိုကြသည်။

---

၁၃၃,၄။ ။"အပရေဆရာတို့အလိုအားဖြင့် ပကတိသဒ္ဒါရင်းက အနက် ၅ ပါးကို ဟောပြီးဖြစ်လျှင် ဝိဘတ်နှင့် ဣတ္ထိပစ္စည်းတို့သည် အဘယ်အကျိုးရှိကုန်သေးသနည်း"ဟု မေးဘွယ်ရှိသောကြောင့် "လိင်္ဂတ္ထံပန" စသည်ကိုမိန့်၊ ဝိဘတ်တို့တွင် ပဌမာဝိဘတ်သည် ပကတိလိင်၏အနက်ဖြစ်သော လိင်္ဂတ္ထကို ထွန်းပြ၏၊ ဣတ္ထိပစ္စည်းသည် လိင်၏အနက်တွင် ပါဝင်သော ဣတ္ထိလိင်စသောအနက်ကို ထွန်းပြ၏၊ ဆဋ္ဌီမှတပါး ဒုတိယာစသော ဝိဘတ်များသည် ကံစသောကာရကအနက်ကိုထွန်းပြ၏၊ ဆဋ္ဌီဝိဘတ်ကား သမ္ဗန်ကိုထွန်းပြ၏၊ ထို ဝိဘတ်များသည်ပင် ဧကဝုစ်ဖြစ်လျှင် ဧကတ္တ, ဗဟုဝုစ်ဖြစ်လျှင် ဗဟုတ္တ သင်္ချာကို ထွန်းပြ၏၊ ဤသို့"ယထာရဟံ"အရ ထိုက်သလို ထွန်းပြပုံကို သိပါ။

**ဒီပနီ။** ။ဒီပနီ၌"ဣတ္ထိလိင်္ဂသင်္ခါတံ လိင်္ဂတ္ထံ"ဟု တမျိုးသာဖွင့်၏၊ ပဌမာဝိဘတ်က ပကတိလိင်၏ အနက်ကိုလည်း ထွန်းပြရသေး၏၊ ထို့ကြောင့် "ပကတိသင်္ခါတလိင်္ဂဿ+အတ္ထံစေဝ, ဣတ္ထိလိင်္ဂသင်္ခါတံ အတ္ထံစ" ဟု ၂ မျိုးဖွင့်သင့်သည်။

www.dhammaransi.com



တေသံ–ထို ဝိဘတ်, ဇုတ္တိပစ္စည်းတို့၏၊ ဝိသေသ ဝုတ္တိတ္တာ-ထူးသော အနက်၌ဖြစ်ခြင်းရှိကုန်သည့်အတွက်၊ **တေဟိ**-ထိုဝိဘတ်,ဇုတ္တိပစ္စည်း တို့ဖြင့်၊ ပါကဋဘာဝတော- လိင်္ဂတ္ထစသော အနက်တို့၏ ထင်ရှားကုန် သည်၏ အဖြစ်ကြောင့်တည်း၊ ဂေါ- နွား၊ သုက္ကော– ဖြူသော ပုဆိုး၊ ပါစကော-ချက်တတ်သော စဖိုသည်၊ ဒဏ္ဍီ-ဒုတ်ရှိသောယောကျ်ား၊ ဂဝံ–နွားကို၊ ဂေ ဏာသ – နွား၏၊ ဒဏ္ဍိနီ – ဒုတ်ရှိသော မိန်းမ၊ ဇုတိ–ဤကား ပုံစံတည်း။

**တေသံ၊ပေ၊ပါကဋဘာဝတော**။ ။“အဘယ်ကြောင့် ထိုကဲ့သို့ ထွန်းပြ နိုင်ကြသနည်း”ဟု မေးဘွယ်ရှိသောကြောင့် “တေသံ၊ပေ၊ဘာဝတော” ဟု မိန့်သည်၊ ထိုဝိဘတ် ထိုပစ္စည်းတို့က လိင်္ဂတ္ထစသော ထူးသောအနက်၌ဖြစ်ခြင်း ရှိကြ (သက်ကြရ) သည့်အတွက်, ထိုဝိဘတ် ထိုပစ္စည်းတို့ဖြင့် လိင်္ဂတ္ထစသော အနက်များ ထင်ရှားသောကြောင့် ထိုလိင်္ဂတ္ထစသော အနက်များကို ထွန်းပြ နိုင်ကြသည်–ဟူလို။

**ဝိသေသဝုတ္တိတ္တာ**။ ။ဝိသေသေ + ဝုတ္တိ ယေသန္တိ ဝိသေသဝုတ္တိနော၊ ပဌမာဝိဘတ်သည် လိင်္ဂတ္ထေ ပဌမာသုတ်ဖြင့် လိင်္ဂတ္ထ၌သက်၏၊ ဒုတိယာ ဝိဘတ်သည် ကမ္မတ္ထေဒုတိယာသုတ်ဖြင့် ကံအနက်၌သက်၏၊ ဤသို့ စသည်ဖြင့် ၎င်း, ဇုတ္တိပစ္စည်းတို့သည် ဇုတ္တိယမတော အာပစ္စယောစသော သုတ်တို့ဖြင့် ဇုတ္တိလိန်၌သက်ကြ၏၊ ဤသို့ မိမိဆိုင်ရာ ထူးသောအနက်၌ ဖြစ်ရ သက်ရခြင်း ရှိသည်ကို “ဝိသေသဝုတ္တိ”ဟု ဆိုသည်၊ ဝိသေသဝုတ္တီနံ+ဘာဝေါ ဝိသေသ ဝုတ္တိတ္တံ၊ တသ္မာ ဝိသေသဝုတ္တိတ္တာ၊ ဤဟိတ်သည် “ တေဟိ ပါကဋဘာဝ တော”ဟူသောမူလဟိတ်၏ အကူအညီဖြစ်သော မူလီဟိတ်တည်း။

**တေဟိ ပါကဋဘာဝတော**။ ။ထိုသို့ ဆိုင်ရာဝိသေသအနက်၌ သက်ကြ သည့်အတွက် ပဌမာဝိဘတ်ဖြင့် လိန်အနက် ထင်ရှား၏၊ ဒုတိယာဝိဘတ်ဖြင့် ကံအနက် ထင်ရှား၏၊ ဆဋ္ဌီဝိဘတ်ဖြင့် သမ္ဗန်အနက် ထင်ရှား၏၊ အာ, ဤ, ဇုနီပစ္စည်းများဖြင့် ဇုတ္တိလိန် ထင်ရှား၏၊ ထိုသို့ ထင်ရှားသောကြောင့် “ ထို ဝိဘတ် ထိုပစ္စည်းများက လိင်္ဂတ္ထစသော အနက်များကို ထွန်းပြနိုင်ကြသည်” ဟု သိရသည်။

**ဂေါ၊ပေ၊ဒဏ္ဍိနီ**။ ။ဂေါ– သုက္ကောစသည်တို့ကား ပုံစံတည်း၊ “ဂေါ သုက္ကော ပါစကော”တို့ကို ရှေ့ဦးပြခဲ့ပြီ၊ ဒဏ္ဍီဟူသော ပဌမန္တပုဒ်ကား “ဒုတ် ရှိသူ ” ဟူသော လိင်္ဂတ္ထသာမညကို ထွန်းပုံပြသောပုံစံတည်း၊ [ “ဒဏ္ဍီ ပုရိ သော”တိ ဧတ္ထ လိင်္ဂတ္ထံပန ဇောတေန္တီတိ ပဒဿ ဥဒါဟရဏံ”-ဋီကာအတိုင်း တည်း၊ ဒီပနီ၌ “ဒဏ္ဍီတိဧတ္ထ သဉ္ဇောတနေ ဥဒါဟရဏံ”–ဟု ဖွင့်သည်ကို

www.dhammaransi.com



## ၁၃၅။ ဗဟုတ္ထာနမ္ပိ ကေဋ္ဌေ, သမာရောပနတော ဗဟု– ဝစနံ ဒေသနာသောတေ, ပတိတတ္တာစ မၛ္ဈတေ။

၁၃၅။ ဗဟုတ္ထာနမ္ပိ - များစွာသော အနက်တို့ကိုလည်း၊ ကေဋ္ဌေ–တခုသော အနက်၌၊ သမာရောပနတော–တင်စားခြင်းကြောင့်၎င်း၊ ဒေသနာသောတေ– ဗဟုဝုစ်ဒေသနာအယဉ်၌၊ ပတိတတ္တာစ–ကျရောက်သည်၏အဖြစ်ကြောင့်၎င်း၊ ဗဟုဝစနံ-ဗဟုဝုစ်ကို၊ မၛ္ဈတေ-သိအပ်၏။

စဉ်းစားပါ။] "ဂဝံ–နွားကို"ကား ကေတ္တသင်္ချာနှင့် ကမ္မကာရက ထွန်းပုံကိုပြသော ဥဒါဟရဏ်တည်း၊ ဥပလက္ခဏနည်းအားဖြင့် ဂဝံတပုဒ်ကိုမှတ်၍ ထုတ်ပြသည်၊ စုံစုံလင်လင်ထုတ်မူကား "ဂါဝေါ, ဂဝေန, ဂေါဟိ" စသည်ဖြင့် ကာရက ၆ ပါး, သင်္ချာ ၂ ပါးအတွက် ပုံစံ ၁၂ မျိုး ထုတ်ရလိမ့်မည်၊ ဂေါဏ သသည် သမ္ဗန်ထွန်းပုံကိုပြသော ဥဒါဟရဏ်တည်း၊ ဒဏ္ဍိနီကား ဇုတ္တိလိင် ထွန်းပုံကိုပြသောဥဒါဟရဏ်တည်း၊ ဤ ဒဏ္ဍိနီ၌လည်း ဥပလက္ခဏပင်တည်း၊ ထို့ကြောင့် "ကညာ, နဒီ" စသော အာ–ဤ ပုံစံများကိုပါ သိပါလေ။

**ပရိဘာသာအနက်ပေး။** ။"ကေမ္ပိ ဝတ္တဗ္ဗေ ကေဝစနံ၊ ဗဟုမ္ပိ ဝတ္တဗ္ဗေ ဗဟုဝစနံ"ဟု ပရိဘာသာရှိ၏၊ ထိုပရိဘာသာ၌ ဝိဘတ်တို့ကို "ဇောတိက" ဟု ယူလျှင် ဝတ္တဗ္ဗေ၏ကတ္တားကို "သဒ္ဒေန"ဟု ထည့်၍ "ကေမ္ပိ–တခုသော အနက်ကို၊ သဒ္ဒေန– ပုရိသစသော သဒ္ဒါသည်၊ ဝတ္တဗ္ဗေ– ဟောထိုက်သော်၊ ကေဝစနံ-(ထွန်းပြဘို့ရန်) ကေဝုစ်ဝိဘတ်သက်"ဟု အနက်ပေးရမည်ဟု၎င်း, ဝိဘတ်တို့ကို "ဝါစိကာ"ဟု ယူလျှင် "ဝိဘတ္တိယာ"ဟု ကတ္တားထည့်၍ "ကေမ္ပိ-ကို၊ ဝိဘတ္တိယာ-ဝိဘတ်သည်၊ ဝတ္တဗ္ဗေ-ဟောထိုက်သော်၊ ကေဝစနံ-သက်"ဟု အနက်ပေးရမည်ဟု၎င်း ဖွင့်ကြ၏၊ ဝတ္တဗ္ဗေ၏ ကတ္တားကို "ဝဒန္တေန-ရွတ်ဆိုသောပုဂ္ဂိုလ်သည်"ဟုထည့်လျှင် ဝိဘတ်တို့က ဝါစိကာဖြစ်ဖြစ် ဇောတိကာဖြစ်ဖြစ် ကတ္တားကို ပြောင်းလွှဲ၍ထည့်ဘွယ် မလို။

---

၁၃၅။ ။ဝိဘတ်၏အနက်နှင့်စပ်၍ ဝစနဝိပ္ပလ္လာသ (ဝုစ်ဖေါက်ပြန်မှု ရှိတတ်ပုံ) ကို ပြလိုသောကြောင့် "ဗဟုတ္ထာနံပိ" စသော ၂ ဂါထာကိုပြသည်၊ [" ဗဟုတ္ထာနမ္ပိတိ အာဒယော ဒွေဂါထာ ဝိဘတ္တိပ္ပသင်္ဂေန ဝစနဝိပ္ပလ္လာသ ဿပိ ဒဿနတ္ထံ ဝုတ္တာ"-ဒီပနီ။] ဝစနဝိပ္ပလ္လာသ ဟု ဆိုသော်လည်း နိဿယ အနက်ပေးသောအခါ ကေဝုစ်ကို ကေဝုစ်အတိုင်း ဗဟုဝုစ်ကို ဗဟုဝုစ်အတိုင်း ပေးရသည်။

www.dhammaransi.com



၁၃၆။ သတ္တေ့တ္တနိ ဂုရုသုစေ-တိလက္ခဏာ့မုဒါဟဋံ၊
မယံ ဂစ္ဆာမ တုမှေစ-ဂစ္ဆထာတိ ယထာက္ကမံ။

၁၃၆။ သတ္တေ – သက္ကတ သဒ္ဒါကျမ်း၌၊ အတ္တနိ ဂုရုသုစေတိ – "အတ္တနိဂုရုသုစ"ဟူသော၊လက္ခဏံ-သုတ်ကို၊ဥဒါဟဋံ-ထုတ်ဆောင်အပ်ပြီ၊ မယံ-ငါတို့သည်၊ ဂစ္ဆာမ-သွားကုန်၏၊ တုမှေစ-အရှင်ဘုရားတို့သည်လည်း၊ ဂစ္ဆထ- ကြွတော်မူကြပါကုန်၊ ဣတိ-ဤသည်ကား၊ ယထာက္ကမံ-အစဉ်အတိုင်းသော ဥဒါဟရုဏ်တည်း။

**ဗဟွတ္ထာနံပိ၊ပေ၊ ရောပနတော။** ။သားတယောက်ထည်း ဖြစ်သော်လည်း ထိုတယောက်၌ မျက်စိ, နား, နှာခေါင်း စသော အင်္ဂါအစိတ်အပိုင်းဟူသော အနက်အများကိုတင်စား၍ ဗဟုဝုစ်ထားနိုင်၏၊ ပုံစံကား– "သန္တိ ပုတ္တာ ဝိဒေဟာနံ– ဝိဒေဟတိုင်းသားတို့မှာ "ဒီဃာဝု"မည်သော သားများ ရှိကြ၏" စသည်တည်း၊ ဤပုံစံ၌"ပုတ္တာ"ဟု ဆိုသော်လည်း သားတယောက်ထည်းသာတည်း။

**ဒေသနာသောတေ ပတိတတ္တာ။** ။ ဓမ္မသင်္ဂဏီ မာတိကာဒေသနာတော်၌ "ကုသလာ ဓမ္မာ, အကုသလာ ဓမ္မာ" စသည်ဖြင့် ဗဟုဝုစ်ချည်း ဟောတော်မူ၏၊ ဤသို့ ဗဟုဝုစ်ဒေသနာတော် အယဉ် (အစဉ်)၌ ကျရောက် ( ပါဝင် ) ရသောကြောင့် အနက်က ရူပါရုံတပါး , နိဗ္ဗာန်တပါးတည်း ဖြစ်သော်လည်း"အနိဒဿနာ ဓမ္မာ, အပစ္စယာ ဓမ္မာ (အသင်္ခတာ ဓမ္မာ)" ဟု ဗဟုဝုစ်ဖြင့်ဟောတော်မူရသည်။ [ ဤပုဒ်များ၌"ဗဟုမှိဝတ္တဗ္ဗေ ဗဟုဝစနံ" ဟူသော ပရိဘာသာသည် တိုက်ရိုက်သင့်လျော်၏။ ]

**ဗဟွတ္ထာနမ္ပိ။** ။ပိသဒ္ဒါဖြင့် "ဗဟွတ္ထေသု ကေတ္တဿ သမာရောပနတော ကေဝစနံ– ဟူသော ဝါကျကိုဆည်း၏" ဟု ဒီပနီဖွင့်၏၊ ပုံစံကား–"သဗ္ဗော ဇနော – အားလုံးသော လူအပေါင်း, ဘိက္ခုသံဃော – ရဟန်းအပေါင်း" စသည်တည်း၊ ဤပုံစံတို့၌ လူအများ ရဟန်းအများဖြစ်၍ အနက်တွေများနေသော်လည်း ဇာတျာပေက္ခနည်းအားဖြင့် ဇာတ်တူသောကြောင့် တနက်ထည်း အဖြစ်ကို တင်စား၍ ဧကဝုစ်ထားသည်။

---

၁၃၆။ ။သက္ကတသဒ္ဒါကျမ်းတို့၌"အတ္တနိ ဂုရုသုစ"ဟု သုတ်တည်ကြ၏၊ [သဒ္ဒနီတိ ( ကာရကခဏ်း )၌လည်း ထိုနည်းကို ယူ၍ " ကွစိ ဇာတိ အတ္တ ဂရုသုစ "ဟု သုတ်တည်၏၊ ] "မယံ ဂစ္ဆာမ "ပုံစံ၌ တယောက်ဖြစ်လျက် မိမိကိုယ်ကို ပြောသော စကားဖြစ်၍ ဗဟုဝုစ်သုံးစွဲထား၏၊ သို့သော် " အဟံ

www.dhammaransi.com



ဂစ္ဆာမိ"စသည်ဖြင့် ကေဝုစ်လည်းရှိနိုင်၏၊ " တုမှေ ဂစ္ဆထ"၌လည်း ရှိသေလေးစားအပ်သူကို ပြောသောစကားဖြစ်၍ တပါးထည်း၌ပင် ဗဟုဝုစ်သုံးစွဲထား၏၊ " တွံ – အရှင်ဘုရားသည်၊ ဗြူဟိ – ဟောတော်မူပါ " စသည်ဖြင့် လေးစားအပ်သူ၌ပင် ကေဝုစ်လည်း ရှိပါ၏၊ ထို့ကြောင့် သဒ္ဒနီတိသုတ်၌ "ကွစိ"သဒ္ဒါထည့်ထားသည်။

**သဒ္ဒနီတိလာ ဝုစ်အမျိုးမျိုး**

(၁၁၈) **ကေမှိ ကေဝစနံ**။ ။တခုသောအနက်၌ ကေဝုစ်ဝိဘတ်သက်သော ကေဝုစ်လည်း ရှိ၏၊ ပုရိသော, ဇုတ္တိ, စိတ္တံ, တည်း။

(၁၁၉) **ကေမှိဝိယ ဗဟုမှိဝိ**။ ။တနက်၌ကဲ့သို့ အနက်အများ၌လည်း ကေဝုစ်သက်သော ဇာတျာပေက္ခကေဝုစ်လည်း ရှိ၏၊ သမ္ဗောဇနော, ဗဟုဇ္ဇနော, မဟာဇနော, ဘိက္ခုသံဃော, မစ္ဆဃဋ္ဋာ (ငါးအပေါင်း) စသည်တည်း။ [သမုဒါယာပေက္ခကေဝုစ်ပင်တည်း။]

(၁၂၀) **ဗဟုမှိ ဗဟုဝစနံ**။ ။ များစွာသောအနက်၌ သက်ရသော ဗဟုဝုစ်လည်း ရှိ၏၊ ပုရိသာ, ဇုတ္တိယော, စိတ္တာနိ, တည်း။

(၁၂၁) **ဗဟုမှိဝိယ ကေမှိဝိ**။ ။ များစွာသောအနက်၌ကဲ့သို့ တပါးသော အနက်၌ သက်ရသော ဗဟုဝုစ်လည်း ရှိ၏၊ [ ရှေ၌ ပြခဲ့သော "သန္တိ ပုတ္တာ ဝိဒေဟာနံ"ပင်တည်း။]

(၁၂၂) **သမုဒါယ ဇာတိနိဿယယောဂ တ္တလက္ခဏာသွေကဝစန** ။ ။

( က ) အပေါင်းအနက်၌ သက်ရသော သမုဒါယာပေက္ခ ကေဝုစ်၊ ဒေဝသံဃော – နတ်အပေါင်း၊ သမ္ဗောဇနော – အလုံးစုံသောလူ။ [ရှေ၌ပြခဲ့သော ဇာတျာပေက္ခကေဝုစ်မျိုးပင်။]

(ခ) ဇာတ်ကိုငဲ့၍သက်ရသော ဇာတျာပေက္ခကေဝုစ်လည်း ရှိ၏၊ ပါဏော- သတ္တာကို၊ နဟန္တဗ္ဗော– မသတ်ကောင်း၊ ဤပုံစံ၌ သတ္တာအားလုံးကို ပင် သတ္တာချင်းဇာတ်တူသောကြောင့် "ပါဏော" ဟု ဇာတျာပေက္ခ ကေဝုစ်ထားသည်၊ သဃော သမ္ပန္နော–ကောက်ပင်သည် ပြည့်စုံ၏၊ ကောက်ပင်အားလုံးဇာတ်တူသည်၊] သမုဒါယနှင့်ဇာတ်ကို တမျိုးစီ ခွဲ၍ ဆိုသောကြောင့် ပုံစံ ၂ မျိုးကွဲနေသည်။

(ဂ) မှီရာနိဿယ၏ အမည်ကို မှီတတ်သောနိဿိတ၌ တင်စား၍ ဆိုအပ်သော တံနိဿယာပေက္ခကေဝုစ်လည်း ရှိ၏၊ သာဝတ္ထိ သဒ္ဒါ အဟော သိ–သာဝတ္ထိမြို့ (မြို့သူမြို့သား) သည် သဒ္ဒါတရား ရှိ၏၊ ဤ၌ လူတွေ များသော်လည်း မှီရာဌာနက တခုတည်းဖြစ်၍ ကေဝုစ် ထားသည်၊ ဌာနူပစာ စကားတည်း။

www.dhammaransi.com



(ဃ) ၂မျိုး ၃မျိုးများသော်လည်း လက္ခဏာချင်းတူသောကြောင့် ကေဝုစ်ထားရသော ကေတ္တလက္ခဏကေဝုစ်လည်း ရှိ၏၊ "ကုသလာကုသလံ" စသည်တည်း၊ သမာဟာရဒွန်, သမာဟာရဒိဂုတို့၏ ပုံစံများတည်း။ [သဘောလက္ခဏာတူသည်ကို "ကေတ္တ"ဟု မဆိုလို၊ ဒွန်ဒိဂု ထုံးစံအတိုင်း ပေါင်း၍ ဆိုသင့်ခြင်းကို "ကေတ္တ"ဟု ဆိုလိုဟန်တူသည်။]

(၁၂၃) **ဗဟုမှိ သမုဒါယေ ဗဟုဝစနံ။** ။သမုဒါယကေဝုစ်ဟု ဆိုခဲ့သော်လည်း ထိုသမုဒါယသည် အပေါင်း ၂ မျိုး,၃ မျိုးစသည်ဖြင့် များနေလျှင် ဗဟုဝုစ်ဖြင့်ပင် ဆိုရ၏၊ ပုံစံကား " ပူဇိတာ ဉာတိသံဃေဟိ " ဤ၌ ဆွေမျိုးအပေါင်းက ( မိဘက်ဖဘက် ) ၂ ဘက်ဖြစ်၍ အပေါင်း ၂ ခုဖြစ်သောကြောင့် " ဉာတိသံဃေဟိ " ဟု ဗဟုဝုစ်ထားသည်၊ "ဒေဝကာယာ သမာဂတာ"၌လည်း တပေါင်းတစုစီ လာကြသော နတ်အပေါင်းတို့က များသောကြောင့် ဗဟုဝုစ်ထားသည်။

(၁၂၄) **ကွစိ ဇာတိအတ္တဂရူသု။** ။ပြခဲ့သော ဇာတိကေဝုစ်, အတ္တဗဟုဝုစ်, ဂရုဗဟုဝုစ်တို့က မမြဲသောကြောင့် "ကွစိ"ဟု ဆိုသည်၊ ပုံစံကို ရှေးအတိုင်းမှတ်။

(၁၂၅) (က) ဤ၌ဤမျှဟု ဂဏန်းမပိုင်းခြားရသေးသော အနက်၌ ရှေ့က ဟောတော်မူအပ်သော ဝုစ်များနှင့် အလားတူအောင် ဆိုအပ်သော အပရိစ္ဆေဒ ဗဟုဝုစ်၊ ပုံစံကား— ဒေသနာသောတ၌ပြခဲ့သော ပုံစံများပင်တည်း၊ မှန်၏ — မာတိကာ ခေါင်းစဉ်အခိုက်၌ " အသန်တတရားသည် မည်မျှရှိ၏ " ဟု မပိုင်းခြားရသေးသောကြောင့် " ကုသလာ ဓမ္မာ"စသော ဗဟုဝုစ်ဒေသနာအစဉ်အတိုင်း"အသန်တာ"ဟု နိဒ္ဒေသ်န တနက်ထည်းကိုပင် ဗဟုဝုစ်ထားရသည်။

(ခ) **မာတိကာနုသန္ဓိနယဗဟုဝုစ် ။** ။ မာတိကာ ခေါင်းစဉ်တုန်းက ဗဟုဝုစ်ဖြင့် ဟောတော်မူသည့်အတိုင်း အစဉ်ချင်းဆက်သွယ်၍ ပဒဘာဇနီ၌လည်း"ကတမေ ဓမ္မာ အသန်တာ"ဟု ဗဟုဝုစ်ထားခြင်းတည်း။

(ဂ) **ပုစ္ဆာနုသန္ဓိ ဗဟုဝုစ် ။** ။ ထိုပုစ္ဆာအစဉ်နှင့်ဆက်သွယ်၍ ဝိသဇ္ဇနာဝါကျ၌လည်း"ဣမေ ဓမ္မာ အသန်တာ" ဟု ဗဟုဝုစ်ထားခြင်းတည်း။

(ဃ) **ပုစ္ဆာသဘာဂ ဗဟုဝုစ် ။** ။ ဓမ္မသင်္ဂဏီ - နိက္ခေပကဏ္ဍ ပါဠိတော်၌ " ကတမေ ဓမ္မာ နောပရာမာသာ " ဟူသော ပုစ္ဆာ ဗဟုဝုစ်နှင့် လိုက်လျောအောင် ဝိဇ္ဇိတပါးထည်းကိုပင် "တေ ဓမ္မေ ထပေတွာ"ဟု ဗဟုဝုစ်ဖြင့် ဟောတော်မူခြင်းတည်း။

www.dhammaransi.com



(င) **ပုထုစိတ္တသမာယောဂပုထုအာရမဏာ ဗဟုဝုစ်။** ။"အတ္ထိ ဘိက္ခဝေ အညေဝ ဓမ္မာ ဂမ္ဘီရာ "စသည်တည်း၊ ဤ၌ သဗ္ဗညုတဉာဏ်တော် တပါးထည်းကိုပင် မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄ ပါးဟူသော စိတ်အများနှင့်ယှဉ်ရခြင်း, များသောအာရုံကို အာရုံပြုနိုင်ခြင်းကြောင့် "အညေ ဓမ္မာ ဂမ္ဘီရာ"ဟု ဗဟုဝုစ်ဖြင့် ဟောတော်မူသည်။

(စ) **တံနိဝါသ ဗဟုဝုစ်** ။ ။ သက္ကေသု ဝိဟရတိ၊ သက္ကတိုင်းသည် တတိုင်းသာ ဖြစ်ပါလျက်"သက္က" အမည်ရသော မင်းသားအများ၏ နေရာဖြစ်သောကြောင့် ဌာနျူပစာရအားဖြင့် "သက္ကာ"ဟု ဗဟုဝုစ် ထားခြင်းတည်း။ [ တိုင်းဇနပုဒ် အနက်ဟောပုဒ်များ၌ ဤအတိုင်း ဗဟုဝုစ်ချည်းသာ။]

(ဆ) **တံပုတ္တဗဟုဝုစ်။** ။"သန္တိပုတ္တာ ဝိဒေဟာနံ"ဤ၌ ဝိဒေဟတိုင်းသူ တိုင်းသားအများ၏ သားဖြစ်၍ တယောက်ထည်းကို " ပုတ္တာ " ဟု ဆိုထားသည်။ [ ဘေဒစိန္တာ၌ "ဗဟုတ္တ သမာရောပန" ဗဟုဝုစ်နှင့် သဘောတူပင်တည်း။]

(ဇ) **ဧကာဘိဓာန ဗဟုဝုစ်။** ။ဂစ္ဆထ တုမှေ သာရိပုတ္တာ-သာရိပုတြာ မောဂ္ဂလ္လာန်တို့ .... အသင်တို့ သွားချေကြကုန်၊ ဤ၌ ၂ ပါးကိုပင် တပေါင်းထည်း မိန့်တော်မူရာဌာနဖြစ်၍ ဗဟုဝုစ်ထားသည်။ [သဒ္ဒါ ကျမ်း၌"သာရိပုတ္တောစ မောဂ္ဂလ္လာနောစ သာရိပုတ္တာ"ဟု ဝိဂ္ဂဟက သေည်ပြုရသော ဗဟုဝုစ်ပင်တည်း။]

(ဈ) **တံနိဿိတာပေက္ခဗဟုဝုစ်။** ။ " မဉ္စာ ဥက္ကုဋ္ဌိံ ကရောန္တိ " ဤ၌ လယ်တောစောင့်ဘီရာ ဆောက်ထားသော လင့်စင်က တခုထည်း ဖြစ်သော်လည်း ထိုအပေါ်၌ မှီနေသူက များသောကြောင့် တံနိဿိ တာပေက္ခ (ထို၌ မှီသူအများကိုငဲ့သော) ဗဟုဝုစ်ထားခြင်းတည်း။ [ဌာနူပစာပင်တည်း။]

(ဉ) **အာရမဏဘေဒ ဗဟုဝုစ်** ။ ။"စတ္တာရော သတိပဋ္ဌာနာ" ဤ၌ သတိ တပါးသာ ဖြစ်သော်လည်း အာရုံက ၄ ပါးဖြစ်သောကြောင့် "သတိပဋ္ဌာနာ"ဟု ဗဟုဝုစ်ထားခြင်းတည်း။ [ကာရဏူပစာပင်။]

(ဋ) **ကိစ္စဘေဒဗဟုဝုစ်** ။ ။ " စတ္တာရော သမ္မပ္ပဓာနာ " ဤ၌ ဝီရိယ တပါးသာ ဖြစ်သော်လည်း "ဥပ္ပန္နပါပကကို ပယ်ခြင်း"စသော ကိစ္စ တို့က ၄ ပါးပြားသောကြောင့် "သမ္မပ္ပဓာနာ"ဟု ဗဟုဝုစ်ထားခြင်း တည်း။ [ ဖလူပစာမျိုးပင်တည်း။] ဤသို့အားဖြင့် ဧကဝုစ် ဗဟုဝုစ် ထားနည်းအမျိုးမျိုးကို **သဒ္ဒနီတိ**၌ ပြထားသည်။

www.dhammaransi.com



၁၃၇။ သုပါကင္ရသရူပတ္တာ, ဒဗ္ဗမုစ္စာရိတော ရဝေါ၊
မုချေန ပြဝီတိစ္စာဟ, ဗျာဍိ ဒဗ္ဗပဒတ္ထိကော။

၁၃၇။ (ဒဗ္ဗဿ-ဒြဗ်၏၊)သုပါကင္ရသရူပတ္တာ-အလွန် ထင်ရှားသော သရုပ်သကောင်၏ အဖြစ်ကြောင့်၊ ဥစ္စာရိတော- ရွတ်ဆိုအပ်သော၊ ရဝေါ-သဒ္ဒါသည်၊ ဒဗ္ဗံ-ဒြဗ်ကို၊ မုချေန-မုချအားဖြင့်၊ပြဝီတိ-ဟော၏၊ ဣတိ- ဤသို့၊ ဗျာဍိ- ဗျာဍိမည်သော၊ဒဗ္ဗပဒတ္ထိကော- ဒဗ္ဗပဒတ္ထိက ဆရာသည်၊ အာဟ-ဆိုပြီ။

၁၃၈။ နိစ္စတ္တတ္တာ ပဓာနေန, ဇာတိ·မုစ္စာရိတော ရဝေါ၊
ပြဝီတိစ္စာဟ ဗာဇာဗျာ-ယနော ဇာတိပဒတ္ထိကော။

၁၃၈။ (ဇာတိယာ- ဇာတ်၏၊) နိစ္စတ္တတ္တာ - မြဲသော သဘောရှိသည်၏ အဖြစ်ကြောင့်၊ ဥစ္စာရိတော - ရွတ်ဆိုအပ်သော၊ ရဝေါ-သဒ္ဒါသည်၊ ဇာတိံ - ဇာတ်ကို၊ ပဓာနေန - ပဓာနအားဖြင့်၊ ပြဝီတိ- ဟော၏၊ ဣတိ-ဤသို့၊ ဗာဇာဗျာယနော-ဗာဇာဗျာယနမည်သော၊ ဇာတိပဒတ္ထိကော-ဇာတိပဒတ္ထိက ဆရာသည်၊ အာဟ-ဆိုပြီ။

၁၃၇ ။ ။ ဤနေရာဝယ် ဆရာအမျိုးမျိုးတို့၏ဝါဒကို ပြလို၍ " သုပါကင္ရ "စသည်မိန့်၊ " ဂေါ " ဟု ရွတ်ဆိုသောအခါ ကြားရသူတို့စိတ်၌ နွားဇာတ်ထက် နွားအကောင်ဒြဗ်က ပို၍ သရုပ်သကောင်ထင်ရှား၏၊ ထို့ကြောင့် "သဒ္ဒါသည် ဒြဗ်ကို ပဓာနအားဖြင့်ဟော၏" ဟု " ဗျာဍိ "မည်သော ဒဗ္ဗပဒတ္ထိကဆရာက ဆိုသည်။ [" မုချေန ပြဝီတိ "ဟု ဆိုသောကြောင့် "အမုချ (အပဓာန) အားဖြင့် ဇာတ်စသည်ကိုလည်း ဟောသေး၏"ဟု ခွင့်ပြု၏။]

---

၁၃၈။ ။ဇာတိပဒတ္ထိကဆရာ၏ဝါဒကို ပြလို၍"နိစ္စတ္တတ္တာ"စသည်မိန့်၊ ဒြဗ်သည် အရာဝတ္ထု ဖြစ်၍ ပျက်စီးတတ်၏၊ ဇာတ်ကား " နွားဇာတ်, လူဇာတ်"စသောအားဖြင့် သတ်မှတ်ထားသော သင်္ကေတပညတ်မျှသာဖြစ်၍ မပျက်စီးနိုင်ဘဲ မြဲ၏၊ ထို့ကြောင့် ရွတ်ဆိုအပ်သောသဒ္ဒါသည် ဇာတ်ဟူသော အနက်ကို ပဓာနအားဖြင့် ဟော၏၊ ဤကား " ဗာဇာဗျာယန "မည်သော ဇာတိပဒတ္ထိကဆရာ၏ အယူတည်း။[နိစ္စော+အတ္တာ (သဘာဝေါ) ယဿာတိ နိစ္စတ္တာ ( ဇာတိ) ၊ နိစ္စတ္တာယ+ ဘာဝေါ နိစ္စတ္တံ၊ ဤဆရာလည်း " ဒြဗ်စသည်ကို ပဓာနအားဖြင့် ဟောသေး၏"ဟု ခွင့်ပြုသည်။]

www.dhammaransi.com



**၁၃၉။ သဒ္ဒတ္ထော ဒဗ္ဗမေဝါတိ, အာဟ ဒဗ္ဗပဒတ္ထိကော၊**
**ဇာတိပဒတ္ထိကော ဇာတိ-ဝါတိစာတျ·ပရေဝိဒူ။**

၁၃၉။ သဒ္ဒတ္ထော - သဒ္ဒါ၏ အနက်သည်၊ ဒဗ္ဗမေဝ - ဒြပ်သာတည်း၊ **ဣတိ**-ဤသို့၊ ဒဗ္ဗပဒတ္ထိကော-ဒဗ္ဗပဒတ္ထိကဆရာသည်၊ အာဟ-ဆိုပြီ၊ သဒ္ဒတ္ထော-သည်၊ ဇာတိဝ - ဇာတ်သာတည်း၊ ဣတိစ- ဤသို့လည်း၊ ဇာတိပဒတ္ထိကော- ဇာတိပဒတ္ထိကဆရာသည်၊ အာဟ - ပြီ၊ ဣတိ - ဤသို့၊ အပရေ - တပါးကုန်သော၊ ဝိဒူ - ပညာရှိတို့သည်၊ ဝဒန္တိ- ဆိုကြကုန်၏။

**၁၄၀။ သဒ္ဒေါ ဟျုဇ္ဇာရိတော သဒ္ဒါ-နုဗန္ဓတ္တာ သရူပကံ၊**
**သဒါ ဝတ္တာန ဒဗ္ဗံဝါ, ဇာတိံဝါ မုချတော ဝဒေ။**

၁၄၀။ **ဟိ**-ချဲ့ဦးအံ့၊ ဥစ္စာရိတော-ရွတ်ဆိုအပ်သော၊ သဒ္ဒေါ-သဒ္ဒါသည်၊သဒ္ဒါနုဗန္ဓတ္တာ-အသံသို့အစဉ်လိုက်သည်၏အဖြစ်ကြောင့်၊ သရူပကံ-သုတိကို၊ သဒါ-အခါခပ်သိမ်း၊ ဝတ္တာန-ဟောပြီး၍၊ ဒဗ္ဗံဝါ-ဒဗ္ဗပဒတ္ထိကဆရာ့အလို ဒြပ်ကိုသော်၎င်း၊ ဇာတိံဝါ- ဇာတိပဒတ္ထိက ဆရာ့အလိုဇာတ်ကိုသော်၎င်း၊ မုချတော-အားဖြင့်၊ ဝဒေ-ဟော၏။

၁၃၉။ ။အပရေဝါဒကို ပြလို၍ "သဒ္ဒတ္ထော "စသည်မိန့်၊ "ဒဗ္ဗမေဝ" "ဇာတိဝ"ဟု ဧဝဖြင့်ဆိုသောကြောင့် ဒဗ္ဗပဒတ္ထိကဆရာ့အလို "ဒဗ္ဗမှတပါး သကတ်ဇာတ် စသည်တို့ကို မဟော " ဟု၎င်း , ဇာတိပဒတ္ထိကဆရာ့အလို " ဇာတ်မှတပါး သကတ်ဒြပ်စသည်ကို မဟော "ဟု၎င်း အပရေဆရာတို့က ဆိုလိုကြသည်။

ဤဝါဒကို ဘေဒစိန္တာဆရာ မနှစ်သက်၊ ဘာ့ကြောင့်နည်း— ဒြပ်သည် ဇာတ်နှင့်မကင်း, ဇာတ်သည် ဒြပ်နှင့် မကင်းသည့်အတွက် အပဓာနအားဖြင့် သကတ်ဇာတ်စသည်ကိုလည်း ဟောရမည်သာဖြစ်သောကြောင့်တည်း၊ ထိုသို့ ဤ အပရေဝါဒကို မနှစ်သက်သော ကြောင့်ပင် " သဒ္ဒေါ ဟျုစ္စာရိတော " စသော နောက်ဂါထာများကို ထပ်၍ဆိုလိမ့်မည်။ [ ဒဗ္ဗမေဝ ပဒတ္ထော ဒဗ္ဗပဒတ္ထော၊ ဒဗ္ဗပဒတ္ထောတိ ဝဒတိ သီလေနာတိ ဒဗ္ဗပဒတ္ထိကော၊ "ဇာတိပဒတ္ထိကော"၌လည်း နည်းတူပြုပါ။]

---

၁၄၀။ ။ ဤဂါထာနှင့် နောံ ၂ ဂါထာတို့ကား ၁၃၇, ၈ ဂါထာတို့၏ အဓိပ္ပါယ်ကိုချဲ့ပြသော (ဋီကာအလို ခိုင်မြဲစေသော) ဂါထာတည်း၊ ရွတ်ဆိုအပ်သောသဒ္ဒါသည် ရှေးဦးစွာ သုတိကို အမြဲဟော၏၊ ဘာ့ကြောင့်နည်း—

www.dhammaransi.com



## ၁၄၁။ သာဓာရာနုဂတတ္တာ၀, ဓာတိံ ဒဗ္ဗပဒတ္ထိကော၊ ဓာတိယာ·ဓာရကတ္တာ၀, ဒဗ္ဗံ ဓာတိပဒတ္ထိကော။

၁၄၁။ ဒဗ္ဗပဒတ္ထိကော - ဒဗ္ဗပဒတ္ထိက ဆရာ့အလို၌၊ သာဓာရာနုဂတတ္တာ၀-မိမိ၏ တည်ရာဒြဗ်သို့ အစဉ်လိုက်သည်၏ အဖြစ်ကြောင့်ပင်၊ ဓာတိံ-ဓာတ်ကိုလည်း၊ (၀ဒေ-အပဓာနအားဖြင့် ဟော၏၊) ဓာတိပဒတ္ထိကော-ဓာတိပဒတ္ထိကဆရာ့အလို၌၊ ဓာတိယာ-ဓာတ်၏၊ အာဓာရကတ္တာ၀-တည်ရာ၏အဖြစ်ကြောင့်ပင်၊ ဒဗ္ဗံ-ဒြဗ်ကိုလည်း၊ (၀ဒေ-အပဓာနအားဖြင့် ဟော၏။)

သုတိက ရှုတ်အပ်သောအသံသို့ အစဉ်လိုက်သောကြောင့်တည်း၊ ထိုသုတိကို ဟောပြီးနောက်မှ ဒဗ္ဗပဒတ္ထိကဆရာ၏ အလိုအားဖြင့် ဒြဗ်ကို မချဟော၏၊ ဓာတိပဒတ္ထိကဆရာ၏ အလိုအားဖြင့်ကား ဓာတ်ကို မချဟောသည်။ [၁၃၇, ဂ, ဂါထာတို့ထက် "သုတိကို ရှေးဦးစွာဟောသည်" ဟူသောစကားသာ အမိပ္ပါယ်ထူးသည်။]

---

၁၄၁။ **သာဓာရ၊ ပေ၊ ပဒတ္ထိကော။** ။ဒဗ္ဗပဒတ္ထိကဆရာ၏ အလိုအားဖြင့် ဓာတ်ကိုလည်း အပဓာနအားဖြင့် ဟောသေး၏၊ ဘာ့ကြောင့်နည်း— ဓာတ်သည် တည်ရာဒြဗ်သို့ အစဉ်လိုက်သောကြောင့်တည်း၊ "ဌာနကိုဆိုသဖြင့် ဌာနီကိုလည်း ယူရသော နာနန္တရိကနည်း — ဌာနူပစာရအားဖြင့် ဓာတ်ကိုလည်း အပဓာနအားဖြင့် ဟောသည်"ဟူလို။ [နာနန္တရိယ, ကာရဏူ, ဌာနူပစာ။] သသ— မိမိ၏+အာဓာရော—တည်ရာဒြဗ်တည်း၊ သာဓာရံ—သို့+အနုဂတာ—အစဉ်လိုက်သောဓာတ်တည်း၊ သာဓာရာနုဂတာ (ဓာတိ)။

**ဓာတိယာ၊ပေ ၊ပဒတ္ထိကော ။** ။ ဓာတိပဒတ္ထိကအလိုအားဖြင့် ဒြဗ်ကိုလည်း အပဓာနအားဖြင့် ဟောသေး၏၊ ဘာ့ကြောင့်နည်း— ဒြဗ်က ဓာတ်၏ တည်ရာဖြစ်သောကြောင့်တည်း၊ ဌာနီကိုဆိုသဖြင့် ဌာနကိုလည်း ယူရသော အဝိနာဘာဝနည်း, ဌာနျူပစာရအားဖြင့် ဒြဗ်ကိုလည်း ဟောသေးသည်— ဟူလို။ [ဂုဏူဖလူ, ဌာနျူ, နည်းမှ အဝိနာ။]

ဤစကား အရ " သဒ္ဒါသည် သုတိဟူသော သကတ် , ဓာတ်, ဒြဗ် , ဤအနက် ၃ ပါးကို ဟော၏"ဟု သိသာပြီ။ [အာဓာရေယေ၀ အာဓာရကံ (ဒဗ္ဗံ)၊ အာဓာရကဿ+ဘာဝေါ အာဓာရကတ္တံ။]

www.dhammaransi.com



၁၄၂။ ဒဗ္ဗံ ဂုဏံ ကြိယံ နာမံ, သမ္ဗန္ဓဥ ယထာရဟံ၊
ဇာတိနိဿယဒဗ္ဗာဓိ-နတ္တာ နေသန္တိ သင်္ဟော။

၁၄၂။ ဒဗ္ဗံ-ဒြပ်ကိုရင်း၊ ဂုဏံ-ဂုဏ်ကိုရင်း၊ ကြိယံ - ကြိယာကို ရင်း၊ နာမံ - နာမည်ကိုရင်း၊ သမ္ဗန္ဓဥ - သမ္ဗန်ကိုရင်း၊ ယထာရဟံ- ထိုက်သည်အားလျော်စွာ၊ ဝဒေ-ဟောသေး၏၊ (ကသ္မာ - အဘယ့် ကြောင့်နည်း၊ ) နေသံ- ထို ဒြပ်အစရှိသည်တို့၏၊ ဇာတိနိဿယဒဗ္ဗာ ဓိနတ္တာ-ဇာတ်၏မှီရာဒြပ်၏စပ်သော ဥစ္စာတို့၏အဖြစ်ကြောင့်တည်း၊ ဣတိ – ဤသို့၊ သင်္ဟော – ဒြပ် ဂုဏ် စသည်ကို သွင်းယူခြင်းကို၊ ဍေ ယျော-သိအပ်၏။ [ ဒဗ္ဗာဓိနတ္တာကို "ဒဗ္ဗဿ+ အာယတ္တတ္တာ, သန္တကတ္တာ " ဟု ဖွင့်၏၊ ထို့ကြောင့် " ဒြပ်နှင့်စပ် "ဟု မပေးဘဲ, "ဒြပ်၏+စပ်သောဥစ္စာ"ဟု အနက်ပေးသည်။]

၁၄၂ ။ ။ ထို ဒဗ္ဗပဒတ္ထိက, ဇာတိပဒတ္ထိက ဆရာတို့၏ အယူအားဖြင့် ဒဏ္ဍီစသော ဒဗ္ဗသဒ္ဒါဖြစ်လျှင် ဒဗ္ဗံ – ( သကတ် ၇ ပါးတွင် ပါဝင်သော ) ဒုတ်ဒြပ်ကိုရင်း, (သုက္ကောစသော ဂုဏသဒ္ဒါဖြစ်လျှင်) ဂုဏံ – ဂုဏ်ကိုရင်း, (ပါစကောစသော ကြိယာသဒ္ဒါဖြစ်လျှင်) ကြိယံ–ကြိယာကိုရင်း, (ဍိတ္ထော စသော နာမသဒ္ဒါဖြစ်လျှင်) နာမံ- နာမည်ကိုရင်း ဟော၏၊ ဝါသိဋ္ဌော္ဘကား "ဝသိဋ္ဌဿ+အပစ္စံ"တုန်းက ဝသိဋ္ဌဿဟူသောသမ္ဗန်ကိုလည်း ဟောသည်၊ ဤနည်းအားဖြင့် သဒ္ဒါတခုလျှင် သုတ်, ဒြပ်, ဇာတ်တို့အပြင်, ဒုတ်ဒြပ်စသော အနက်တပါးပါးကိုလည်း ဟောသေးရကား အနက် ၄ ပါးကို သိမ်းယူနိုင်, ဟောပြနိုင်၏–ဟု မှတ်။

ဇာတိ၊ပေ၊နတ္တာ။ ။"ဒဗ္ဗာဓိနတ္တာ"ဟု မဆိုဘဲ "ဇာတိနိဿယဒဗ္ဗာ ဓီနတ္တာ"ဟု ဆိုသောကြောင့်"ဤဟိတ်သည် ဆရာ ၂ ပါးလုံးအတွက် ဟိတ် အဖြစ်ကို ပြီးစေ၏၊ "ဟုမှတ်၊ ဒုတ်ဒြပ်, ဂုဏ်, ကြိယာ, အမည်တို့သည် ဒြပ်၌ တည်ကြရ – ဒြပ်နှင့် ဆက်စပ်၍ ဖြစ်ကြရ၏၊ ဇာတ်လည်း ဒြပ်ကို မှီရ၏၊ ထို့ကြောင့် ဒဗ္ဗပဒတ္ထိကဆရာ၏ အလိုအားဖြင့် ဒဏ္ဍီသဒ္ဒါက ဒုတ်ရှိသူဒြပ်ကို ပဓာနအားဖြင့် ဟောလျှင် ဒုတ်ဒြပ်ကိုလည်း အပဓာနအားဖြင့် ဟောရ၏၊ ဇာတိပဒတ္ထိက အလိုအားဖြင့် ဒုတ်ရှိသူ သာမညဇာတ်ကို ပဓာနအားဖြင့် ဟောလျှင်လည်း ထိုဒြပ်၌အတူတည်ရသော ဒုတ်ဒြပ်စသည်ကိုလည်းအပဓာန အားဖြင့် ဟောရသည်–ဟူလို။

www.dhammaransi.com



၁၄၃။ ဂေါဒတ္တိပါစကော သုက္ကော, ဒိုတ္တောစ္စာဒိ နိဒဿနံ၊
ဒတ္တာဒိနာ·နပေတဿ, ဓာတိံ ဒတ္တျာဒိကော ဝဒေ။

၁၄၃။ ဂေါ-နွား၊ ဒတ္တိ-ဒုတ်ရှိသော ယောက်ျား၊ ပါစကော-ချက်တတ်သော စဖိုသည်၊ သုက္ကော – ဖြူသော အဝတ်၊ ဒိုတ္တော – ဒိုတ္တမည်သော နွား၊ ဣစ္စာဒိ – ဤသို့ အစရှိသည်ကား၊ နိဒဿနံ-ညွှန်ပြကြောင်း ဥဒါဟရုဏ်တည်း၊ ဒတ္တာဒိနာ-ဒုတ်အစရှိသည်နှင့်၊ အနပေတဿ-မကင်းသော အရာဝတ္ထု၏၊ ဓာတိံ –ဓာတ်ကိုလည်း၊ ဒတ္တျာဒိကော--ဒတ္တိအစရှိသော သဒ္ဒါသည်၊ ဝဒေ-ဟောသေး၏။

၁၄၃။ ။ဂေါသည် "သဒ္ဒေါပဟျူစ္စာရိတော"စသော ၂ ဂါထာ၏ ပုံစံတည်း၊ "ဂေါ"ဟု ရွတ်ဆိုအပ်သောသဒ္ဒါသည်"ဂေါ"ဟူသော သုတိကိုဧင်း, ဒဗ္ဗပဒတ္ထိက ဆရာအလိုအားဖြင့် နွားဒြဗ်ကို ပဓာန – နွားဇာတ်ကို အပ္ပဓာနအားဖြင့်ဧင်း, ဇာတိပဒတ္ထိကဆရာ၏ အလိုအားဖြင့်, နွားဇာတ်ကို ပဓာန-နွားဒြဗ်ကို အပ္ပဓာနအားဖြင့်ဧင်း ဟော၏။

**ဒတ္တိ၊ပေ၊ဒိုတ္တော။** ။ဒတ္တိသည် ( ၁၄၂ ဂါထာ၌လာသော ) ဒဗ္ဗ၏, ပါစကောသည် ကြိယံ၏ , သုက္ကောသည် ဂုဏ်၏ , ဒိုတ္တောသည် နာမံ၏ , ဣစ္စာဒိ၌ အာဒိဖြင့် ဝါသိဋ္ဌောကိုယူ၍ ထိုဝါသိဋ္ဌောသည် သမ္ဗန္ဓ၏ပုံစံတည်း၊ ဒတ္တိသဒ္ဒါသည် "ဒဏ်+ဣ"ဟူသော သုတိ, ဒုတ်ရှိသူ လူမျိုးဇာတ်, ဒုတ်ရှိသူ ယောက်ျားဒြဗ်, ၃ နက်အပြင် , ဒုတ်ဒြဗ်ကိုလည်းဟော၏၊ ဤသို့ စသည်ဖြင့် ရှေ့ဂါထာ၌ ပြခဲ့သည့်အတိုင်း သိပါ။

**ဒတ္တာဒိနာ၊ပေ၊ဝဒေ။** ။ဤ ၂ ပါဒဖြင့် (အနက် ၄ ပါးရအောင် ပြရာဝယ်) ဒတ္တိစသောသဒ္ဒါက ဓာတ်ကိုလည်း ဟောနိုင်ကြောင်းကိုပြ၏၊ ဒတ္တာဒိ၌ အာဒိဖြင့် ပါစကော သုက္ကော ဒိုတ္တော ဝါသိဋ္ဌောတို့၌လာသော ကြိယာစသည်ကိုယူ။

ပါစကော သဒ္ဒါသည် ချက်ခြင်းကြိယာနှင့် မကင်းသော ချက်တတ်သူသာမညဇာတ်ကိုလည်း ဟော၏၊ သုက္ကောသဒ္ဒါသည် အဖြူဂုဏ်နှင့် မကင်းသော အဝတ်ဖြူ သာမညဇာတ်ကိုလည်း ဟော၏၊ ဒိုတ္တောသဒ္ဒါသည် ဒိုတ္တဟူသောနာမည်နှင့် မကင်းသော (ဒိုတ္တမည်သူအားလုံးနှင့် ဆက်ဆံသော) သာမညဇာတ်ကိုလည်း ဟော၏၊ ဝါသိဋ္ဌော သဒ္ဒါလည်း ဝသိဋ္ဌ၏သား သာမညဇာတ်ကို ဟောသည်–ဟူလို။

www.dhammaransi.com



၁၄၄။ ယော သကတ္တောတိ ဝုတ္တော သော,
နိမိတ္တံတျပဓာနတော၊
ယော ဒဗ္ဗန္တိ သ သဒ္ဒတ္တော,
သဒ္ဒေနုတ္တော ပဓာနတော။

၁၄၄။ ယော-အကြင်သုတိ အစရှိသော အနက်ကို၊ သကတ္တော တိ-သကတ်ဟူ၍၊ ဝုတ္တော-ဆိုအပ်ပြီ၊ သော-ထို သုတိစသော အနက်သည်၊ နိမိတ္တံ-သဒ္ဒပဝတ္တိနိမိတ်တည်း၊ ဣတိ-ထို့ကြောင့်၊ သော-ထို သုတိစသည်ကို၊ အပဓာနတော - အပဓာနအားဖြင့်၊ သဒ္ဒေန-သဒ္ဒါသည်၊ ဥတ္တော-ဟောအပ်၏၊ ယော-အကြင် ဝိသေသျအနက်ကို၊ ဒဗ္ဗန္တိ-ဒြဗ်ဟူ၍၊ ဝုတ္တော-ဆိုအပ်ပြီ၊ သ ( သော ) - ထို ဝိသေသျ အနက်သည်၊ သဒ္ဒတ္တော-သဒ္ဒါ၏ အနက်တည်း၊ ဣတိ-ထို့ကြောင့်၊ သော - ထို ဝိသေသျအနက်ကို၊ သဒ္ဒေန - သဒ္ဒါသည်၊ ပဓာနတော-ပဓာနအားဖြင့်၊ ဥတ္တော - ဟောအပ်၏။ [ တိုက်ရိုက် မပါသော ပုဒ်များကို ရှေ့ဂါထာ နောင်ဂါထာတို့မှယူ၍ ပေးသည် ဟု မှတ်ပါ။]

၁၄၅။ ယာယဇာတျာ ဝိသေသျံ ဟိ, ဒဗ္ဗံ ဒဗ္ဗန္တိ ဝုစ္စတေ၊
သာ သကတ္တောတိ သုတျာဝါ,ဇာတိသာစ ဂဝါဒိသု။

၁၄၅။ ဟိ-ချဲ့ဦးအံ့၊ ဂဝါဒိသု- ဂေါအစရှိသော ပြယုဂ်တို့၌၊ ဒဗ္ဗပဒတ္ထိကမတေ-(ဒဗ္ဗပဒတ္ထိကဆရာ၏ အယူ၌၊) ယာယဇာတျာ-

၁၄၄။ ။ပဓာနအနက်, အပဓာနအနက်နှင့် စပ်လျဉ်း၍ ဤသည်ကား မုချပဓာနအနက်, ဤသည်ကား အမုချ အပဓာနအနက်ဟု ခွဲခြားပြလိုသော ကြောင့် "ယော သကတ္တောတိ" စသည်ကို မိန့်သည်၊ ရှေ့ ( ၂၀-ဂါထာ)၌ သုတိ ဇာတိစသော သကတ် ၇ ပါးကို ဆိုခဲ့ပြီ၊ ထို သကတ်ဟူသမျှသည် သဒ္ဒါဖြစ်ခြင်း၏ အကြောင်းနိမိတ်ဖြစ်ရကား သဒ္ဒါ၏ အမုချ အပဓာနအနက် တည်း၊ ထိုသကတ်သည် အထူးပြုအပ်သောဝိသေသျအနက်ကို ဒြဗ်ဟု(၄၅) ဂါထာ၌ဆိုခဲ့ပြီ၊ ထိုဒြဗ်သည် သဒ္ဒါ၏ မုချပဓာနအနက်တည်း၊ [သကတ်သည် အပဓာနအနက်, ဒြဗ်သည် ပဓာနအနက်ဟု အချုပ်မှတ်ပါ၊ သဒ္ဒဿ-၏+ ပဝတ္တိ- ဖြစ်ခြင်းတည်း၊ သဒ္ဒပ္ပဝတ္တိ- ခြင်း၊ သဒ္ဒပ္ပဝတ္တိယာ- ၏၊ နိမိတ္တံ - အကြောင်းတည်း၊ သဒ္ဒပ္ပဝတ္တိနိမိတ္တံ-ကြောင်း။]

www.dhammaransi.com



အကြောင်သွားစသော ဇာတ်သည်၊ ဝိသေသံ - အထူးပြုအပ်သော၊ ဒဗ္ဗံ- သွားစသောဒြပ်ကို၊ ဒဗ္ဗန္တိ -ဒြပ်ဟူ၍၊ ဝုစ္စတေ-ဆိုအပ်၏၊ သာဇာတ်- ထို သွားစသော ဇာတ်ကို၊ သကတ္ထောတိ- သကတ္ထဟူ၍၊ ဝုစ္စတေ- ၏၊ ဝါ-ဇာတိပဒတ္ထိကဆရာ့အလို တနည်းကား၊ ယာယ သုတျာ-အကြောင် သုတိသည်၊ ဝိသေသျာ-သော၊ ဇာတိ-သွားစသောဇာတ်ကို၊ ဒဗ္ဗန္တိ- ဟူ၍၊ ဝုစ္စတေ- ၏၊ သာသုတိ- ထို သုတ်ကို၊ သကတ္ထောတိ- သကတ္ထ ဟူ၍၊ ဝုစ္စတေ-၏။

အမှာ။ ။နိဿယနက်၌ တိုက်ရိုက်မပါသောပုဒ်များကို“လိုက် ပေးသည် ” ဟု မှတ်ပါ၊ [ ဂဝ ဒီသုဉ်၊ ဂေါ+ အာဒိသု ဟု ပုဒ်ဖြတ်၊ အာမိစ၌ စသဒ္ဒါဖြင့်, တနည်း “အဝ”ဟူသော ယောဂဝိဘာဂဖြင့် ဂေါ၏ ဩကို အဝပြု၍“ဂဝ”ဟု ပြီးစေ။]

၁၄၅ ။ ။ ရှေ့ဂါထာ၌ပြအပ်သော သဒ္ဒပဝတ္တိနိမိတ်ဟူသော သကတ် အနက်ကိုရင်း ဝိသေသျဖြစ်သော ဒြပ်အနက်ကိုရင်း အကျယ်ပြလို၍ “ယာယ ဇာတျာ ” စသည်ကိုမိန့်၊ ဤဂါထာ၌ ဒဗ္ဗပဒတ္ထိကဝါဒ , ဇာတိပဒတ္ထိကဝါဒ ဟူသော ဝါဒ ၂ မျိုးလုံးအတွက် “ ဂေါ ” ဟူသော ဇာတ်သဒ္ဒါကို ပုံစံ ထုတ်သည်။

ယာယ၊ပေ၊ သကတ္ထော ။ ။ “ဂေါ”ဟု ရွတ်ဆိုသံကိုကြားသောအခါ သွားအများနှင့်ဆိုင်သော သာမညဇာတ် (သွားအမျိုး)ကို ပဌမသိ၏၊ ထိုသို့ သိပြီးမှ သွားဒြပ်ကိုဆက်၍ သိရ၏၊ ထို့ကြောင့် သွားဇာတ်သည် အထူးပြုတတ် သော ဝိသေသနဖြစ်၍ သကတ်တည်း၊ သွားဒြပ်ကား အထူးပြုအပ်သော ဝိသေသျဖြစ်၍ ဒြပ်တည်း၊ ဤကား ဒဗ္ဗပဒတ္ထိက အလိုအားဖြင့် ဒြပ်ကိုပဓာန ဖြစ်အောင် ကောက်ရသောနည်းတည်း။

သုတျာဝါ၊ပေ၊ သာ၊ပ။ ။“ဂေါ”ဟု ရွတ်ဆိုသံကိုကြားသောအခါ ထို အသံသုတ်ကို ပဌမသိ၏၊ ထိုသို့သိပြီးမှ သွားအမျိုးဇာတ်ကိုသိရ၏၊ ထို့ကြောင့် “ ဂေါ ” ဟူသော သုတိသည် ဝိသေသနသကတ်တည်း၊ ထို သကတ်သည် အထူးပြုအပ်သော သွားဇာတ်သည် ဝိသေသျဖြစ်၍ (ဒြပ် ၄ ပါးတွင်) ဇာတ် ဒြပ်တည်း၊ ဤကား ဇာတိပဒတ္ထိက အလိုအားဖြင့် ဇာတ်ကို ပဓာနအနက် ဖြစ်အောင် ကောက်ရသောနည်းတည်း။ [ သကတ်အနက် ဟူသမျှကိုလည်း ရှေ့ဂါထာ အတိုင်း “သဒ္ဒပဝတ္တိနိမိတ်”ဟု ချည်းမှတ်။]

www.dhammaransi.com



၁၄၆။ ဒိတ္ထော ဂေါ-ဂေါဿ ဒိတ္ထောတိ,နာမမိစ္စာဒိကေ ပန၊
ဒဗ္ဗံ နာမေန နာမဥ္စ, နာမဇာတျာ ယထာက္ကမံ၊

၁၄၆။ ဒိတ္ထော-ဒိတ္ထမည်သော၊ ဂေါ-နွား၊ ဂေါဿ-နွား၏၊ ဒိတ္ထောတိ နာမံ-ဒိတ္ထဟူသော **အမည်၊** ဣစ္စာဒိကေပန- ဤသို့ **အစ** ရှိသော ပြယုဂ်၌ကား၊ ယထာက္ကမံ-အစဉ်အတိုင်း၊ နာမေန - ဒိတ္ထဟူသော နာမည်ဖြင့်၊ဒဗ္ဗံ-နွားဒြဗ်ကိုဂုဏ်း၊ နာမဇာတျာ-ဒိတ္ထဟူ**သော** နာမည်ဇာတ်ဖြင့်၊ **နာမဥ္စ** – ဒိတ္ထဟူသော နာမည်ဒြဗ်ကိုဂုဏ်း၊ ပတီယတေ-သိအပ်၏။

**၁၄၆။ ယထာက္ကမံ ။** ။"ဒိတ္ထော ဂေါ"ပုံစံကို"ဒဗ္ဗံနာမေန"နှင့်တွဲ၊ "ဂေါဿ ဒိတ္ထောတိ နာမံ"ပုံစံကို"နာမံ နာမဇာတျာ"နှင့်တွဲ၊ ဤသို့ အစဉ်အတိုင်းတွဲပါ၊ ဤပုံစံ ၂ ခုတွင်"ဒိတ္ထော ဂေါ"ဟူသော ပဌမပုံစံ၌ "ဒိတ္ထော" သာ လိုရင်းဖြစ်၏၊"ဂေါ"ကား ဒိတ္ထောသဒ္ဒါက ဒိတ္ထမည်သော နွားဒြဗ်ကို ဟောကြောင်း သိစေလို၍ အပိုထည့်အပ်သော အဘိဓေယျ(ဟောနက်ပြ) ပုဒ်သာ ဖြစ်သည်။

"ဂေါဿ ဒိတ္ထောတိ နာမံ" ဟူသော ဒုတိယ ပုံစံ၌လည်း " ဒိတ္ထော " သည်ပင် လိုရင်း၊"ဂေါဿ နာမံ"တို့ကား ဒိတ္ထောသဒ္ဒါက နွား၏နာမည်ကို ဟောကြောင်း သိစေလို၍ အပို ထည့်အပ်သော အဘိဓေယျပုဒ် တို့တည်း။ [ဧတေသုစ ဒွီသု ပယောဂေသု ဒိတ္ထောတိသဒ္ဒမတ္တေ အမိပ္ပေတေပိ ဂေါတိပိ ဝစနံ , ဂေါဿ နာမန္တိပိ ဝစနဥ္စ ယထာက္ကမံ ဒိတ္ထောတိ ဣမဿ ဒဗ္ဗဝါစိ သညာဝါစိဘာဝဒဿနတ္ထံ၊—ဒီပနီ။]

**ဒဗ္ဗံ နာမေန။** ။"ဒိတ္ထော-ဒိတ္ထမည်သောနွား"ဟူရာ၌ ဒိတ္ထနာမည်ကို ပဌမသိပြီးမှ နွားဒြဗ်ကိုသိရသောကြောင့်"ဒိတ္ထနာမည်က နွားဒြဗ်ကိုထင်ရှားပြသည် "ဟု ဆိုသည်၊ ဤပုံစံ၌ " ဒိတ္ထနာမည်ဇာတ်သည် သကတ် , ဒိတ္ထမည်သော နွားအကောင်သည် ဒြဗ်"ဟု ခွဲပါ။

**နာမံ နာမဇာတျာ ။** ။"ဒိတ္ထော – ဒိတ္ထဟူသော နာမည်"ဟူရာ၌ နွားအများနှင့်ဆက်ဆံသော ဒိတ္ထနာမည်ဇာတ်ကို သိပြီးမှ, နွားတကောင်၏ ဒိတ္ထနာမည်ဝိသေသကို သိရသောကြောင့်"ဒိတ္ထနာမည်ဇာတ်က ဒိတ္ထနာမည် ဒြဗ်ကို ထင်ရှားပြသည်"ဟု ဆိုသည်၊ ဤပုံစံ၌ "နွားအများ၏ ဒိတ္ထဟူသော နာမည်သာမညဇာတ်သည် သကတ်, နွားတကောင်၏ ဒိတ္ထနာမည်ဝိသေသ သည် ဒြဗ်"ဟု ခွဲပါ။

www.dhammaransi.com



၁၄၇။ နာမဇာတိသရူပေန, ဒဗ္ဗေ သင်္ဂဟိတံပိဝါ၊
နာမံ တဗ္ဘာတိယာ နာမေ–နဝါ ဒဗ္ဗန္တိစာပရေ။

၁၄၇။ အပရေ – အခြားဆရာတို့သည်၊ သရူပေန - သုတိဖြင့်၊ နာမဇာတိ-နာမည်ဇာတ်ကိုဧ၀င်း၊ တဗ္ဘာတိယာ-ထိုနာမည်ဇာတ်ဖြင့်၊ ဒဗ္ဗေ-ဒြပ်၌၊ သင်္ဂဟိတံ - သွင်းယူအပ်သော၊ နာမံပိဝါ-နာမည်ဒြပ်ကိုဧ၀င်း၊ နာမေန-နာမည်ဇာတ်ဖြင့်၊ ဒဗ္ဗံဝါ-ဒြပ်ကိုဧ၀င်း၊ ပတီယတေ-သိအပ်၏၊ ဣတိစ – ဤသို့ ၃ ပါး အပြားအားဖြင့်လည်း၊ ဝဒန္တိ–ဆိုကြကုန်၏။

၁၄၇။ ။ဤအပရေဆရာကား ရှေ့ဂါထာ၌လာသော ဝါဒကဲ့သို့ ၂ မျိုးသာ မက , ၃ မျိုးခွဲ၍ ပြသည်၊ ထိုသို့ ၃ မျိုး ခွဲနိုင်ခြင်းမှာလည်း သုတိမှစ၍ ပြသောကြောင့်ဖြစ်သည်၊ ပုံစံမှာ ရှေ့ဂါထာ၌ပြခဲ့သော“ ဍိတ္ထော ”ပင်တည်း။

**နာမဇာတိ သရူပေန**။ ။ဝဒန္တပုဂ္ဂိုလ်က “ ဍိတ္ထော ” ဟု ပြောသော အခါ သုဏန္တပုဂ္ဂိုလ်သည် “ ဍိတ်+ထော ”ဟူသော သုတိကို ကြားသိပြီးမှ, နွားအများ၏ ဍိတ္ထအမည် **သာ**မညကို သိရသောကြောင့် သုတိက သာမည ဇာတ်ကို ထင်ရှားပြရာ ရောက်၏၊ ထို့ကြောင့် “ သုတိသည် သကတ်, ဍိတ္ထ အမည်သာမညဇာတ်သည် ဒြပ်”ဟု ခွဲပါ။

**နာမံဝါ တဗ္ဘာတိယာ**။ ။တနည်း– “ ဍိတ္ထော ” ဟု ပြောလိုက်သော အခါ နွားအများ၏ ဍိတ္ထနာမည်သာမညဇာတ်ကို သိပြီးမှ ( ယခုပြောအပ် သော)နွားတကောင်၏ ဍိတ္ထနာမည်ဝိသေသဒြပ်ကို သိရသောကြောင့် ဍိတ္ထ ဟူသော အမည်သာမညဇာတ်က နွားတကောင်၏ ဍိတ္ထဟူသော နာမည် ဝိသေသဒြပ်ကို ထင်ရှားပြရာ ရောက်၏၊ ထို့ကြောင့်“ဍိတ္ထနာမည် သာမည ဇာတ်သည် သကတ်, ဍိတ္ထနာမည် ဝိသေသသည် ဒြပ်”ဟု ခွဲပါ။

**မှတ်ချက်**။ ။“ဒဝန္တေ၂တ္တ”ဂါထာ၌ ဒြပ်အပြားကိုပြရာဝယ် နာမည်ဒြပ် တိုက်ရိုက်မပါ၊ ဇာတိ, ဂုဏ, ကြိယာ, ဒဗ္ဗတို့သာတိုက်ရိုက်ပါ၏၊ နာမည်ကို ဇာတ်၌ဖြစ်စေ , ဒြပ်၌ဖြစ်စေ သွင်းယူနိုင်၏၊ “ ဤနေရာဝယ် ဒြပ်၌သွင်းယူ ထားသည်”ဟု သိစေလို၍ “ဒဗ္ဗေ သင်္ဂဟိတံ နာမံ”ဟု ဆိုသည်။

**နာမေန ဝါ ဒဗ္ဗံ**။ ။“ ဍိတ္ထော ”ဟု ပြောလိုက်သောအခါ “ ဍိတ္ထ ” ဟူသော နာမည်ဝိသေသကိုသိပြီးမှ “ဍိတ္ထ”မည်သော နွားဒြပ်ကို သိရသော ကြောင့် ဍိတ္ထ နာမည်ဝိသေသက နွားဒြပ်ကို ထင်ရှားပြရာ ရောက်၏၊ ထို့ကြောင့် “ဍိတ္ထနာမည် ဝိသေသသည် သကတ်, နွားအကောင်သည် ဒြပ်”ဟု ခွဲပါ။

www.dhammaransi.com



၁၄၇။ ဂေါသု သုက္ကော ဂုဏောစ္စာဒေါ,
ဂုဏော၀ ဂုဏဇာတိယာ၊
သုက္ကော ဂေါစ္စာဒိကေ ဒဗ္ဗေ,
ဂုဏောနေ၀ ပတီယတေ။

၁၄၇။ ဂေါသု- နွား၌၊ သုက္ကော - ဖြူသော၊ ဂုဏော- ဂုဏ်၊ ဣစ္စာဒေါ- ဤသို့အစရှိသောပြယုဂ်၌၊ ဂုဏဇာတိယာ-ဂုဏ်ဇာတ်ဖြင့်၊ ဂုဏော၀- ဂုဏ်ဒြပ်ကိုသာလျှင်၊ ပတီယတေ- သိအပ်၏၊ သုက္ကော- ဖြူသော၊ ဂေါ-နွား၊ ဣစ္စာဒိကေ- ဤသို့ အစရှိသောပြယုဂ်၌၊ ဂုဏေနေ၀- အဖြူဂုဏ်ဖြင့်သာလျှင်၊ ဒဗ္ဗံ- ဖြူသောနွားဒြပ်ကို၊ ပတီယတေ- သိအပ်၏။

၁၄၈။ ဂုဏဇာတိ သရူပေန, ဂုဏော၀ါ ဂုဏဇာတိယာ၊
ဒဗ္ဗံ ဂုဏေန၀ါ·တျေကေ,သုက္ကော ဂေါသု ဂုဏောတိစ။

၁၄၈။ သုက္ကော – ဖြူသော၊ ဂေါ - နွား၊ အသု-ထိုနွား၌၊ ဂုဏော - အဖြူဂုဏ်၊ ဣတိ ဤပြယုဂ်၌၊ သရူပေန - သုတိဖြင့်၊ ဂုဏဇာတိ - ဂုဏ်ဇာတ်ကို၊ ပတီယတေ – သိအပ်၏၊ ၀ါ- တနည်း၊ ဂုဏ

၁၄၇။ ဂေါသု၊ပေ၊ ဇာတိယာ။ ။နာမသဒ္ဒါကိုပြပြီး၍ ဂုဏသဒ္ဒါကို ပြလိုသောကြောင့် "ဂေါသု"စသည်မိန့်၊ "ဂေါသု သုက္ကော ဂုဏော"ဤ ပုံစံ၌လည်း သုက္ကောသာ လိုရင်း၊ ဂေါသု ဂုဏောတို့ကား "သုက္ကော"အရ "အဖြူဂုဏ်" ရကြောင်းကို သိစေဘို့ရန် အပိုထည့်ပါ၌တည်း၊"သုက္ကော– အဖြူဂုဏ်" ဟူရာ၌ "အဖြူဂုဏ် သာမညဇာတ်သည် သကတ်၊ နွား၏အဖြူ ဂုဏ် ၀ိသေသသည် ဒြပ်"ဟု ခွဲပါ။

သုက္ကော ဂေါ ။ ။ ဤပုံစံ၌လည်း သုက္ကောသာ လိုရင်း၊ "ဂေါ"ကား သုက္ကသဒ္ဒါ၏ နွားဒြပ်ဟောကြောင်းကို သိစေဘို့ရာ အပိုထည့်ပါ၌တည်း၊ "သုက္ကော – ဖြူသောနွား"ဟူရာ၌ " နွား၏အဖြူဂုဏ်သည် သကတ်, နွား အကောင်သည် ဒြပ်"ဟု ခွဲပါ။

အမှာ ။ ။ရှေ့ ၁၄၆ ဂါထာ၀ယ် " ဋိတ္ထော ဂေါ " နှင့် ဤဂါထာ၌ "သုက္ကော ဂေါ"သည် သဘောတူ၏၊ ရှေ့ဂါထာ၀ယ် "ဂေါသု ဋိတ္ထောတိ နာမံ"နှင့် ဤဂါထာ၌ "ဂေါသု သုက္ကော ဂုဏော " သည် သဘောတူ၏၊ နာမည်နေရာ၌ ဂုဏ်ကို လဲရုံသာ ထူးသည်။

၂၂

www.dhammaransi.com



ဇာတိယာ - ဂုဏ်ဇာတ်ဖြင့်၊ ဂုဏော - ဂုဏ်ဒြဗ်ကို၊ ပတီယတေ-၏၊ ဝါ-နည်း၊ ဂုဏေန - ဂုဏ်ဖြင့်၊ ဒဗ္ဗံ - ဒြဗ်ကို၊ ပတီယတေ-၏၊ ဣတိ- ဤသို့၊ ကေ-အချို့ဆရာတို့သည်၊ ဝဒန္တိ- ဆိုကြကုန်၏။

၁၄၉။ ။"သုက္ကော ဂေါ"ဟုရင်း,"ဂေါဿ သုက္ကော"ဟုရင်း ပုံစံ ၂ ခု ခွဲပါ၊ ဤ၌လည်း သုက္ကောသာ လိုရင်းတည်း၊ (၁၄၇) ဂါထာ၌ လာသော ပုံစံများနှင့် အသွားတူပင်ဖြစ်၍, (၁) ဂုဏဇာတိ သရူပေန, (၂) ဂုဏောဝါ ဂုဏဇာတိယာ, (၃)"ဒဗ္ဗံ ဂုဏေနဝါ"ဟု ၃ မျိုး ပြားပုံကို သိပါ၊ (၁၄၇) ဂါထာ၌ အပရေကိုပင် ဤဂါထာ၌ ကေ ဟု ဆိုထားသည်။

**ဂုဏဇာတိသရူပေန**။ ။သုက္ကော-အဖြူဂုဏ်၊ ဤပုံစံ၌"သုက်+ကော" ဟူသောသုတိသည် သကတ်, အဖြူဂုဏ်သာမညဇာတ်သည် ဒြဗ်"ဟု ခွဲပါ။

**ဂုဏောဝါ ဂုဏဇာတိယာ**။ ။ဂေါဿ—နွား၏+သုက္ကော-အဖြူဂုဏ်၊ ဤပုံစံ၌ " အများနှင့် ဆက်ဆံသော အဖြူဂုဏ်သာမညဇာတ်သည် သကတ်, နွား၏ အဖြူဂုဏ်ဝိသေသသည် ဒြဗ်"ဟု ခွဲပါ။

**ဒဗ္ဗံ ဂုဏေနဝါ**။ ။ သုက္ကော — ဖြူသော နွား၊ ဤပုံစံ၌ "နွား၏ အဖြူဂုဏ်သည် သကတ်, ဖြူသောနွားအကောင်သည် ဒြဗ်"ဟု ခွဲပါ။

**အပိုမှတ်ချက်**။ ။ ဂေါသဒ္ဒါသည် ဂမုဓာတ် ကွိပစ္စည်းဖြင့် ဓာတွန်ချေ, ကွိချေ၍"ဂ"ဟု ဖြစ်သောအခါ သိဝိဘတ်သက်, ဩပြု၍ ရုပ်ပြီးပြီးသော နိပ္ဖန္န သဒ္ဒါတည်း၊"ဂစ္ဆတီတိ ဂေါ"ဟုပြု၊ ဤသို့ နိပ္ဖန္နပုဒ်ဖြစ်သော်လည်း"ဂါဝေါ" စသည်ဖြစ်အောင် ရုပ်စီရင်ခွင့် ရှိသောအခါ အနိပ္ဖန္န ( ရုပ်မပြီးသေးသော ) အနေအားဖြင့် ဂါဝေါကို " ဂေါ " ဟု ပကတိလိန်တည်ပြီးမှ ယောဝိဘတ် သက်၍ ရုပ်တွက်ရပြန်သည်၊ ဤဂေါဿ၌လည်း"ဂေါ"ဟု တည်၍ သဝိဘတ် ဖြင့် ရုပ်တွက်ရသည်—ဟူလို။

ဤစကားအရ " ဓာတ်ပစ္စည်းတို့ဖြင့် မပြီးစေအပ်သော မုချအနိပ္ဖန္နပုဒ် တမျိုး, ဓာတ်ပစ္စည်းတို့ဖြင့် ပြီးစေအပ်သော်လည်း အနိပ္ဖန္နကဲ့သို့ ပြန်၍ ငဲ့ရ သော သဒိသူပစာ အနိပ္ဖန္နပုဒ်တမျိုး"ဟု အနိပ္ဖန္န ၂ မျိုးခွဲပါ၊ ထိုတွင် ဝိဂ္ဂြိုဟ် ဝါကျမလုပ်ရသော တိဿ,ဒိတ္တ,နီလ,ပီတ,လောဟိတစသော များစွာသော သဒ္ဒါတို့သည် မုချအနိပ္ဖန္နတို့တည်း၊ ဤ ဂေါ, ဝိသံ, တိံသ,စသောပုဒ်ကိုကား နိပ္ဖန္နဖြစ်ပြီးမှ အနိပ္ဖန္နကဲ့သို့ဖြစ်ရသော သဒိသနိပ္ဖန္နပုဒ်တို့တည်း၊ [ ကစ္စည်း ဘာသာဋီကာ " ဂါဝသေသုတ်နှင့် ဂုဏေ ဒဿဿသုတ် " တို့၌လည်း ဤ အဓိပ္ပါယ်များကို ရေးထားပြီ။ ]

www.dhammaransi.com



၁၅၀။ သမာသေ ဆိန္နဟတ္ထာဒေါ, ဒဏ္ဍျာဒေါတိစ တဗ္ဗိတေ၊
ဒဗ္ဗံ ဒဗ္ဗေန သမ္ဗန္ဓေ-န ဝါတဿိတယောဂတော။

၁၅၀။ သမာသေ – သမာသ် အရာ၌၊ ဆိန္နဟတ္ထာဒေါ – ဆိန္နဟတ္ထော အစရှိသော ပြယုဂ်၌ငှင်း၊ တဗ္ဗိတေ -တဒ္ဓိတ်အရာ၌၊ ဒဏ္ဍျာဒေါတိစ-ဒဏ္ဍီအစရှိသော ပြယုဂ်၌ငှင်း၊ ဒဗ္ဗံ-ဒြဗ်ကို၊ ဒဗ္ဗေန-ဒြဗ်ဖြင့်၊ (ပတီယတေ - သိအပ်၏၊) ဝါ- တနည်း၊ ဒဗ္ဗံ – ဒြဗ်ကို၊ သမ္ဗန္ဓေန– သမ္ဗန်ဖြင့်၊(ပတီယတေ-၏၊) (ကသ္မာ-နည်း၊ သမ္ဗန္ဓဿ- သမ္ဗန်၏၊) တဿိတယောဂတော-ထို သမ္ဗန္ဓီဒြဗ် ၂ ပါး၌ မှီသည်၏အဖြစ်, ထို သမ္ဗန္ဓီဒြဗ် ၂ ပါးကို ယှဉ်စေတတ်သည်၏အဖြစ်ကြောင့်တည်း။

၁၅၀ ။ ။ ဂုဏသဒ္ဒါ၏သကတ်ဒြဗ်ကို ပြပြီး၍ သမာသ်တဒ္ဓိတ် အရာ၌ ရထိုက်သော ဒဗ္ဗသဒ္ဒါ၏ သကတ်ဒြဗ်ကို ပြလိုသောကြောင့် " သမာသေ " စသည်ကိုမိန့်၊ " ဆိန္နဟတ္ထော – ပြတ်သောလက်ရှိသူ " ဟူသော သမာသ်၌ ပြတ်သော လက်ဒြဗ်ဖြင့် ပြတ်သော လက်ရှိသူ လူဒြဗ်ကို သိရသောကြောင့် " ပြတ်သောလက်သည်ငှင်း , ပြတ်သောလက်၏ လက်ရှိသူလူဒြဗ်နှင့် သံ + သာမိ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်ငှင်း သကတ်၊ ပြတ်သော လက်ရှိသူ လူသည် ဒြဗ်"ဟု ဋ္ဌပါ၊"ဒဏ္ဍီ–ဒုတ်ရှိသူ"ဟူသော တဒ္ဓိတ်၌လည်း နည်းတူ။

**တဿိတယောဂတော**။ ။"သမ္ဗန်ဖြင့် ပြတ်သောလက်ရှိသူ,ဒုတ်ရှိသူကို အဘယ့်ကြောင့် သိနိုင်သနည်း " ဟု မေးဘွယ်ရှိသောကြောင့် " တဿိတ ယောဂတော"ဟု မိန့်သည်၊ပြတ်သောလက်နှင့် ထိုလက်ရှိသူတို့၏ ဆက်သွယ်မှုဟူသောသမ္ဗန်သည် ပြတ်သောလက်ဒြဗ်– ထိုလက်ရှိသူ လူဒြဗ် ၂ ပါးလုံး၌ မှီ၏၊ ထိုသို့မှီခြင်းကို"တဿိတ"ဟု ဆိုသည်။

ထို ပြတ်သောလက်ဒြဗ်နှင့် ထို လက်ရှိသူလူဟူသော ဒြဗ် ၂ ပါးကိုလည်း " အခြားသူ မဟုတ်, ပြတ်သောလက်ရှိတဲ့လူ " ဟု သမ္ဗန်ကပင် ယှဉ်စေ၏, ဆက်စပ်ပေး၏၊ ဤသို့ သမ္ဗန်က သမ္ဗန္ဓီဒြဗ် ၂ ပါးကို ယှဉ်စပ် ဆက်စပ်ပေးမှုကို "တယောဂ"ဟု ဆိုသည်၊ ထိုတဿိတတယောဂ အကြောင်း ၂ ပါးကြောင့် "သမ္ဗန်ဖြင့် ပြတ်သောလက်ရှိသူ လူဒြဗ်ကို သိနိုင်ပါသည်"ဟူလို။

ဝိဂ္ဂဟ။ ။ [ တသ္မိံ – ထို သမ္ဗန္ဓီဒြဗ် ၂ ခု၌+သိတော– မှီသည်တည်း၊ တဿိတော–သည်၊ တံ– ထိုသမ္ဗန္ဓီဒြဗ် ၂ ပါးကို+ယောဇေတီတိ တံယောဂေါ၊ တဿိတော စ + သော + တံယောဂေါစာတိ တဿိတယောဂေါ၊ တယောဂေါ၌ (တ)ကိုချေ။]

www.dhammaransi.com



**၁၅၁။ သရူပေန ဟိ တဇ္ဇာတိ, တဇ္ဇာတျာ ဒဗ္ဗကေနဝါ၊**
**သမ္ဗန္ဓေနေဝ ဝါဒဗ္ဗ,မိစ္စွဝ·မပရေ ဝိဒူ။**

၁၅၁။ ဟိ – အပရေဝါဒကို ပြဉ္စုးအံ့၊ သရူပေန – သုတိဖြင့်၊ တဇ္ဇာတိ-ထို ဆိန္နဟတ္ထ ယောကျ်ားဇာတ် ဒဏ္ဍီယောကျ်ားဇာတ်ကို၊ (ပတီယတေ-သိအပ်၏၊) ဝါ-တနည်း၊ တဇ္ဇာတျာ – ထို ဇာတ်ဖြင့်၊ ဝါ-နည်း၊ ဒဗ္ဗကေန-ပြတ်သော လက်ဒြဗ်, ဒုတ်ဒြဗ်ဖြင့်၊ ဝါ- နည်း၊ သမ္ဗန္ဓေန – သမ္ဗန်ဖြင့်၊ ဒဗ္ဗံ-ပြတ်သော လက်ရှိသော ယောကျ်ားဒြဗ်, ဒုတ်ရှိသော ယောကျ်ားဒြဗ်ကို၊ ( ပတီယတေ-၏၊ ) ဣစ္စေဝံ - ဤသို့ ၄ နည်း အပြားအားဖြင့်၊ အပရေ- တပါးကုန်သော၊ ဝိဒူ–ပညာရှိတို့သည်၊ ဝဒန္တိ-ဆိုကြကုန်၏။

၁၅၁။ ။ဤ ဒဗ္ဗသဒ္ဒါ၌ပင် အပရေဝါဒကိုပြလို၍ "သရူပေနဟိ"စသည် မိန့်၊ ဤဂါထာလည်း ( ၁၄၉ ) ဂါထာနှင့် အသွားတူ၏၊ သို့သော် သမ္ဗန် ထည့်၍ "သရူပေန တဇ္ဇာတိ, တဇ္ဇာတျာ ဒဗ္ဗံ, ဒဗ္ဗကေန ဒဗ္ဗံ, သမ္ဗန္ဓေန ဒဗ္ဗံ" ဟု ၄ မျိုးခွဲရသည်သာ ထူးသည်။

**သရူပေန တဇ္ဇာတိ။** ။"ဆိန္နဟတ္ထော"ပုံစံ၌"ဆိန်+န+ဟတ်+ထော" ဟူသော သုတိဖြင့် ပြတ်သောလက်ရှိသူလူအမျိုးနှင့်ဆိုင်သော ဇာတ်ကို သိရ သောကြောင့်"ထိုသုတိသည် သကတ်, ပြတ်သောလက်ရှိသူ လူအမျိုးဇာတ် သည် ဒြဗ်"ဟု ခွဲပါ။

**တဇ္ဇာတျာ၊ပေ၊ဒဗ္ဗံ ။** ။ ပြတ်သောလက်ရှိသူ လူအမျိုးဇာတ်ဖြင့် , တနည်း–ပြတ်သောလက်ဒြဗ်ဖြင့်, တနည်း–ပြတ်သောလက်နှင့် ထိုလက်ရှိသူ လူတို့၏ သံ+သာမိ (ဥစ္စာ+ ဥစ္စာရှင်) အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်ဖြင့် ထိုလက် ရှိသူ လူဒြဗ်ကို သိအပ်သောကြောင့် " ပြတ်သောလက်ရှိသူ လူအမျိုးဇာတ် သည်ငှင်း,ပြတ်သောလက်ဒြဗ်သည်ငှင်း,သမ္ဗန်သည်ငှင်း သကတ်,ပြတ်သော လက်ရှိသူလူသည် ဒြဗ် "ဟု ခွဲပါ။

**ဒဏ္ဍီအတွက်ခွဲပုံ။** ။"သရူပေန တဇ္ဇာတိ"အရ " ဒဏ်+ဍီ "ဟူသော သုတိသည် သကတ် , ဒုတ်ကိုင်လေ့ရှိသော လူမျိုးဇာတ်သည် ဒြဗ် " ဟု ခွဲ။ [ ဒုတ်ကို ကိုင်လေ့ရှိသော " ဒဏ္ဍီသာမိ "ခေါ် ရသေ့တမျိုး ရှိသည်။ ] "တဇ္ဇာတျာ၊ပေ၊ဒဗ္ဗံ"အရ"ဒုတ်ကိုင်လေ့ရှိသော လူမျိုးဇာတ်သည် သကတ်, တနည်း – ဒုတ်ဒြဗ်သည် သကတ် , တနည်း– ဒုတ်နှင့် ဒုတ်ရှိသူတို့၏ အစပ် သမ္ဗန်သည် သကတ်, ဒုတ်ရှိသူလူတယောက်သည် ဒြဗ်"ဟု ခွဲပါ။

www.dhammaransi.com



၁၅၂။ ပါကာဒေါ ဋ္ဌိယတာဒေါစ, ကြိယာဝ ကြိယဇာတိယာ၊
ပစ္စတေ ပစတာဒေါစာ, ချာတေ ဘာဝပ္ပဓာနတော။

၁၅၂။ ပါကာဒေါ - ပါကော အစရှိသော ကိတ်ဘော၌ငင်း၊ ဋ္ဌိယတာဒေါစ – ဋ္ဌိယတေ အစရှိသော အာချာတ်ဘော၌ငင်း၊ ကြိယဇာတိယာ - ကြိယာသာမညဇာတ်ဖြင့်၊ ကြိယာဝ – ကြိယာဝိသေသ ဒြဗ်ကိုသာ၊ ပတီယတေ-သိအပ်၏၊ (ဒေဝဒတ္တေန–ဒေဝဒတ်သည်၊ ဩဒနော-ထမင်းကို၊)ပစ္စတေ – ချက်အပ်၏၊ (ဒေဝဒတ္တော- သည်၊ ဩဒနံ-ကို၊)ပစတိ - ချက်တတ်၏၊ [ ဒီပနီအလို-ဘတ္တံ- ထမင်းသည်၊ သယမေဝ - အလိုလိုသာလျှင်၊ ပစတိ- ချက်တတ်၏၊] ဣတိစ-ဤသို့ အစရှိသော ကံဟောကတ္တားဟော ပြယုဂ်၌လည်း၊ အာချာတေ - အာချာတ်၌၊ ဘာဝပ္ပဓာနတော - ကြိယာ ပြဓာန်းသည်၏ အဖြစ် ကြောင့်၊ ကြိယာဇာတိယာ – ကြိယာသာမညဇာတ်ဖြင့်၊ ကြိယာဝ- ကြိယာဝိသေသဒြဗ်ကိုသာ၊ ပတီယတေ-သိအပ်၏။

၁၅၂ ။ ။ ဒဗ္ဗသဒ္ဒါ၌ သကတ်ဒြဗ်ကို ပြပြီး၍ ကြိယာသဒ္ဒါ၌ သကတ် ဒြဗ်ကို ပြလိုသောကြောင့် "ပါကာဒေါ"စသည်မိန့်၊ ပါကော-စသော ကိတ် ဘော၌ ကျက်ခြင်းကြိယာသာမညဇာတ်ကို ပဌမသိပြီးမှ, ထမင်း၏ကျက်ခြင်း စသော ကျက်ခြင်းကြိယာဝိသေသဒြဗ်ကို သိရသောကြောင့် " ကျက်ခြင်း ကြိယာသာမညဇာတ်သည် သကတ်, ထမင်း၏ ကျက်ခြင်းစသော ကျက်ခြင်း ကြိယာဝိသေသသည် ဒြဗ် " ဟု ခွဲပါ၊ ဋ္ဌိယတေဟူသော အာချာတ်ဘော၌ " တည်ခြင်းကြိယာသာမညသည် သကတ် , လူတယောက်၏ ရပ်တည်ခြင်း စသော တည်ခြင်းကြိယာဝိသေသသည် ဒြဗ်"ဟု ခွဲပါ။

**ပစ္စတေ၊ပေ၊ ပဓာနတော။** ။"ဩဒနော ပစ္စတေ (ချက်အပ်၏)" ဟူသော ကံဟောကြိယာ , ပစတိ – ချက်တတ်၏ " ဟူသော ကတ္တားဟော ကြိယာတို့၌လည်း ကျက်ခြင်းကြိယာသာမညဖြင့် ထမင်း၏ကျက်ခြင်းစသော ကျက်ခြင်းကြိယာဝိသေသကို သိအပ်၏ " ဟု ပင်မှတ်၊ ဘာကြောင့်နည်း – အာချာတေ ဘာဝပ္ပဓာနတော-အာချာတ်အရာဝယ် ကြိယာသာပဓာနဖြစ်၍ ချက်အပ်သောထမင်းဒြဗ်, ချက်တတ်သော စဖိုသည်ဒြဗ်တို့က ပဓာနမဟုတ် သောကြောင့်တည်း၊ ထို့ကြောင့်"ပစ္စတေ, ပစတိ"တို့၌လည်း "ကျက်ခြင်း ကြိယာသာမညဇာတ်သည် သကတ်, ထမင်းစသည်တို့၏ ကျက်ခြင်းကြိယာ ဝိသေသသည် ဒြဗ်"ဟု ခွဲပါ။

www.dhammaransi.com



## ၁၅၃။ ပစ္စတေ ပစတေ ပါစ-ကောစ္စာဒီသု ကြိယာယဝါ၊ ကြိယာကာရကသမ္ဗန္ဓေ-နဝါ ဒဗ္ဗန္တိ စာပရေ။

၁၅၃။ ဩဒနော-ထမင်းကို၊ပစ္စတေ-ချက်အပ်၏၊ ဒေဝဒတ္တော-ဒေဝဒတ်သည်၊ ပစတေ-ချက်တတ်၏၊[(တနည်း)ဘတ္တံ-ထမင်းသည်၊ သယမေဝ - အလိုလိုသာလျှင်၊ ပစတေ - ကျက်၏၊ ] ပါစကော-ချက်တတ်သော စဖိုသည်၊ ဣတိ အာဒီသု-ဤသို့ အစရှိသော ပြယုဂ်တို့၌၊ ကြိယာယဝါ-ကြိယာဖြင့်သော်၎င်း၊ ကြိယာကာရကသမ္ဗန္ဓေန ဝါ-ကြိယာကာရကသမ္ဗန်ဖြင့်သော်၎င်း၊ ဒဗ္ဗံ-ဒြပ်ကို၊ ပတီယတေ-သိအပ်၏၊ ဣတိ အပရေ ဝဒန္တိ။

၁၅၃။ ။ကြိယာသဒ္ဒါ၌ပင် အပရေဆရာတို့၏ ဝါဒကိုပြလို၍ "ပစ္စတေ" စသည်မိန့်၊ "ပစ္စတေ—ချက်အပ်၏"ဟူရာ၌ ချက်ခြင်းကြိယာဖြင့်, တနည်း—ချက်ခြင်းကြိယာနှင့် ချက်အပ်သော ထမင်းဒြပ်၏ ကမ္မ+ကမ္မီ ( ကမ္မကာရက+ကံဟောကြိယာ) အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်ဖြင့် ထမင်းဒြဗ်ကို သိအပ်၏၊ ဤအလို " ချက်ခြင်းကြိယာသည် ( တနည်း ) ကြိယာကာရကသမ္ဗန်သည် သကတ်, ထမင်းသည် ဒြဗ်"ဟု ခွဲပါ။

**ပစတေ။** ။ဤပုဒ်သည် ကတ္တားဟောပုဒ်တည်း၊ ဒီပနီ၌ " သယမေဝ ဘတ္တံ "ဟု ကတ္တားထည့်ထားသောကြောင့် ကမ္မကတ္တားဟော ဟု ထင်၍ " ပစ္စတေ "ဟု ပြင်ကြသည်၊ အမှန်မှာ— "ပစတိ" ကဲ့သို့ ရိုးရိုးကတ္တားဟောတည်း၊ ဂါထာဖြစ်သောကြောင့် ဆန်းတဲ့အောင်"ပစတေ"ဟု ထားသည်။

ဤ၌လည်း"ဒေဝဒတ္တော ဩဒနံ ပစတေ"ဟု ပုံစံထုတ်၍ ချက်ခြင်းကြိယာဖြင့်, တနည်း – ချက်ခြင်းကြိယာနှင့် ဒေဝဒတ်ဟူသောကတ္တား၏ ကြိယာကာရကသမ္ဗန်ဖြင့် ဒေဝဒတ်ဟူသောဒြဗ်ကို သိအပ်၏၊ ထို့ကြောင့်"ချက်ခြင်းကြိယာသည်, တနည်း—ကြိယာကာရကသမ္ဗန်သည် သကတ်, ဒေဝဒတ်သည် ဒြဗ် "ဟု ခွဲပါ။ [ "သယမေဝ ဘတ္တံ ပစတေ "ဟု ပုံစံထုတ်သော ဒီပနီအလိုအားဖြင့်"ကျက်ခြင်းကြိယာ"ဟုရင်း "ထမင်းဒြဗ် "ဟုရင်း ဆိုပါ။]

**ပါစကော။** ။ကတ္တားဟော ကိတ်ပုံစံတည်း၊ " ပစတေ " ဟူသောအာချာတ်ပုံစံကဲ့သို့ " ချက်ခြင်းကြိယာသည် , တနည်း—ချက်ခြင်းကြိယာနှင့် ချက်တတ်သော (ဒေဝဒတ်)၏ ကြိယာကာရကသမ္ဗန်သည် သကတ်, ချက်တတ်သော ဒေဝဒတ်သည် ဒြဗ်"ဟု ခွဲပါ။

www.dhammaransi.com



၁၅၄။ ကေစိ သုတ္ဗာ ကြိယာဇာတိ,
ကြိယာဇာတျာ ကြိယာ တထာ၊
ကြိယာကာရကသမ္ဗန္ဓေ-
န၀ါ ဒဗ္ဗံ ကြိယာယ၀ါ။

၁၅၄။ ကေစိ-အချို့ဆရာတို့သည်၊ သုတျာ-သုတိဖြင့်၊ ကြိယာဇာတိ – ကြိယာဇာတ်ကိုငင်း၊ ကြိယာဇာတျာ – ကြိယာဇာတ်ဖြင့်၊ ကြိယာ - ကြိယာဒြဗ်ကိုငင်း၊ တထာ - ထိုမှ တပါး၊ ကြိယာကာရကသမ္ဗန္ဓေန၀ါ - ကြိယာကာရကသမ္ဗန်ဖြင့်သော်ငင်း၊ ကြိယာယ၀ါ– ကြိယာဖြင့်သော်ငင်း၊ ဒဗ္ဗံ-ကို၊ ပတီယတေ-သိအပ်၏။

၁၅၅။ ဒဗ္ဗံ ဒဗ္ဗေန သမ္ဗန္ဓေ- န ၀ါ ယဋ္ဌိံ ပဝေသယ၊
သီဟောယံမာဏဝေါ ဗာဟိ-ဂါမော ဂေါတိ နိဒဿနံ။

၁၅၅။ ဒဗ္ဗံ - ဒြဗ်ကို၊ ဒဗ္ဗေန - ဒြဗ်ဖြင့်သော်ငင်း၊ သမ္ဗန္ဓေန၀ါ– သမ္ဗန်ဖြင့်သော်ငင်း၊(ပတီယတေ)၊ယဋ္ဌိံ –ဒုတ်ကို၊ ပဝေသယ-၀င်စေ

၁၅၄။ ။ဤ ကြိယာသဒ္ဒါ၌ပင် ကေစိ၀ါဒကိုပြပြန်လို၍“ကေစိ”စသည် မိန့်၊ “ပစတိ– ချက်တတ်၏” ဟူသောပုံစံ၌ (သုတျာ ကြိယာဇာတိ) “ပ+စ+တိ”ဟူသော သုတိဖြင့် ချက်ခြင်းကြိယာသာမညဇာတ်ကို သိအပ်၏၊ ဤအလို “သုတိသည် သကတ်, ကြိယာသာမညဇာတ်သည် ဒြဗ်”ဟု ခွဲပါ။

**ကြိယာဇာတျာ ကြိယာ ။** ။ ချက်ခြင်းကြိယာသာမညဇာတ်ဖြင့် စဖိုသည်၏ ချက်ခြင်းကြိယာဝိသေသဒြဗ်ကို သိအပ်၏၊ ဤအလို “ကြိယာသာမညဇာတ်သည် သကတ်, ကြိယာဝိသေသသည် ဒြဗ်”ဟု ခွဲပါ။

**ကြိယာကာရက၊ပေ၊ကြိယာယ၀ါ။** ။ချက်ခြင်းကြိယာနှင့် ချက်တတ်သော စဖိုသည်ဒြဗ်၏ စပ်ခြင်းဟူသော ကြိယာကာရကသမ္ဗန်ဖြင့်(သို့မဟုတ်-ချက်ခြင်းကြိယာဝိသေသဖြင့်)ချက်တတ်သောစဖိုသည်ဒြဗ်ကို သိရ၏၊ဤအလို “ သမ္ဗန်သည်ငင်း ကြိယာဝိသေသသည်ငင်း သကတ်, ချက်တတ်သော စဖိုသည် ဒြဗ်”ဟု ခွဲပါ။

**မှတ်ချက်၊** ။ “ ဇာတိ ပတီယတေ ” ဟု လာသမျှ၌ “ ဇာတိပဒတ္ထိက ဆရာ၏အယူ”ဟု မှတ်၍ “ ဒဗ္ဗံ ပတီယတေ ” ဟု လာသမျှ၌ “ဒဗ္ဗ ပဒတ္ထိက ဆရာ၏အယူ”ဟု မှတ်ပါ။ [ဤဂါထာလည်း (၁၅၁) ဂါထာနှင့် အသွားတူပင်တည်း၊ ထို့ကြောင့် ထိုဂါထာအတိုင်း ၄ မျိုးခွဲရသည်။]

www.dhammaransi.com



လေ့၊ ဝါ-သွင်းခဲ့လေ့၊ သီဟော-သီဟဟူသည်၊ အယံမာဏဝေါ-၏ လုလင်တည်း၊ တနည်း - အယံ မာဏဝေါ - သည်၊ သီဟော-သီဟတည်း၊ ဗာဟိဂါမော - တိုင်းပြည်၏ပြင်ပရွာ၌ ဖြစ်သော၊ ဝါ-ပစ္စန္တရာဇ်ရွာ၌ ဖြစ်သော၊ ဂေါ- နွား၊ ဣတိ- ဤသည်တို့ကား၊ နိဒဿနံ-ညွှန်ပြကြောင်း ဥဒါဟရဏ်တည်း။

**၁၅၅။ ယဋ္ဌိံ ပဝေသယ။** ။မုချသဒ္ဒါတို့၏ သကတ်ဒြပ်အခွဲကို ပြပြီး၍ ဥပစာသဒ္ဒါတို့၏ သကတ်ဒြပ်ကို ပြလိုသောကြောင့်"ဒဏ္ဍံ ဒဏ္ဍေန" စသည်မိန့်၊ "ယဋ္ဌိံ ပဝေသယ"ဟူသော ဤပုံစံ၌ ဒုတ်နှင့်ဒုတ်ကိုင်သော ယောကျ်ားတို့၏ တကွ ဖြစ်ခြင်းဟူသော သဟစရဏနည်း(ဌာနျူပစာရ) အားဖြင့် ယောကျ်ားကိုပင်"ယဋ္ဌိ"ဟု ခေါ်ထားသည်၊ [နောက်ဂါထာ၌"သဟစရဏတော"ဟု ဆိုလတ့်။] ထို့ကြောင့် ဒုတ်ဒြပ်ဖြင့်, သို့မဟုတ် ဒုတ်နှင့်ယောကျ်ား၏ ဌာနီ+ဌာနအဖြစ်ဖြင့် ဆက်စပ်ခြင်း သမ္ဗန်ဖြင့် ယောကျ်ားဒြပ်ကို သိရသည်၊ "ဒုတ် (သို့မဟုတ်) သမ္ဗန်သည် သကတ်, ယောကျ်ားသည် ဒြပ်"ဟု ခွဲပါ။

**သီဟောယံ မာဏဝေါ ။** ။ လုလင်သည် ခြင်္သေ့ကဲ့သို့ ရဲရင့်၏၊ ဤသို့ ရဲရင့်ချင်း တူသောကြောင့် သဒိသူပစာရအားဖြင့် သီဟဟူသော နာမည်ကို လုလင်အပေါ်၌ တင်စားထား၏၊ [နောက်ဂါထာ၌"သူရာဒိတံရူပကဘာဝတော ဒဇ္ဇန္တရောပစာရော"ဟု ဆိုလတ့်။] ထိုသို့ တင်စားထားခြင်းကြောင့် ခြင်္သေ့ဒြပ်ဖြင့် , သို့မဟုတ် – ခြင်္သေ့နှင့် လုလင်တို့၏ ရဲရင့်ခြင်း ဂုဏ်အားဖြင့် ဆက်စပ်ခြင်းဟူသောသမ္ဗန်ဖြင့် လုလင်ဒြပ်ကို သိရ၏၊ ထို့ကြောင့် " ခြင်္သေ့ဒြပ်သည် ( သို့မဟုတ်) ရဲရင့်ခြင်းဂုဏ်အားဖြင့် ခြင်္သေ့နှင့်လုလင်တို့၏ စပ်ခြင်း သမ္ဗန်သည် သကတ်, လုလင်ဒြပ်သည် ဒြပ်"ဟု ခွဲပါ။

**ဗာဟိဂါမော ဂေါ။** ။ဗဟိဂါမေ—တိုင်းပြည်၏ ပြင်ပဖြစ်သောရွာ၌၊ ဝါ—ပစ္စန္တရာဇ်၌၊ ဇာတော-မွေးဖွားသူတည်း၊ ဗာဟိဂါမော-သူ၊ တိုင်းစွန်ပြည်ဖျား၌ မွေးဖွားရသောကြောင့် အသိဉာဏ်မရှိရကား နွားနှင့် တူသော လူရိုင်းကို " ဂေါ" ဟု တင်စား၍ဆိုထားသည်၊ ဤပုံစံ၌လည်း နွားဒြပ်ဖြင့်, ( သို့မဟုတ် )မသိတတ်ခြင်းဂုဏ်အားဖြင့် လူရိုင်းနှင့်နွားတို့၏ ဆက်စပ်ခြင်း သမ္ဗန်ဖြင့် လူရိုင်းဒြပ်ကို သိရ၏၊ သကတ်, ဒြပ်ကို ရှေ့အတိုင်းခွဲပါ။

**အမှာ။** ။ရဲရင့်ခြင်းသည် သူရဘာဝဂုဏ်တမျိုး ဖြစ်သကဲ့သို့ မသိတတ်ခြင်းလည်း ဗာလဘာဝဂုဏ်တမျိုးပင်တည်း၊ ထိုဗာလဘာဝဂုဏ်ကို နောက်ဂါထာ၌ သူရာဒိဝယ် အာဒိဖြင့် ယူလတ့်။]

www.dhammaransi.com



၁၅၆။ **သဟာစရဏတော သူရာ-ဒိတံရူပကဘာဝတော၊**
**ဒဗ္ဗန္တရောပစာရော-ယံ, နာမေနေဝ နစ-ဏ္ဏတော။**

၁၅၆။ **သဟာစရဏတော** – ဒုတ်နှင့်တကွ ဖြစ်ခြင်းကြောင့်ငှင်း၊ **သူရာဒိတံရူပကဘာဝတော**- ရဲရင့်သူ၏အဖြစ် အစရှိသော ထိုခြသေ့်န္ဒွားတို့၏သဘော ရှိကုန်သည်၏ အဖြစ်ကြောင့်ငှင်း၊ ( ဒီပနီ အလို " သူရာဒိတံရူပကဘာဝတော – ရဲရင့်သူ၏အဖြစ် အစရှိသော ထိုခြသေ့်, န္ဒွားတို့နှင့်တူကုန်သည်၏ အဖြစ်ကြောင့်ငှင်း" ဟု ပေး၊) ဒဗ္ဗန္တရေ–ဒြဗ်တပါး၌၊ ဥပစာရော – တင်စား၍ ခေါ်ဝေါ်ခြင်းသည်၊ (ဟောတိ - ဖြစ်၏၊) အယံ (ဥပစာရော)– ဤ တင်စား၍ခေါ်ဝေါ်ခြင်းသည်၊ နာမေနေဝ–နာမည်အားဖြင့်သာ၊ (ဟောတိ–၏၊)အဏ္ဏတော–အနက်အားဖြင့်ကား၊ န (ဟောတိ)–မဖြစ်နိုင်။

၁၅၆။ **သဟာစရဏတော။** ။ယဋ္ဌိံပဝေသယ ပုံစံအတွက် ပြအပ်သော ဟိတ်တည်း၊ ယဋ္ဌိ ( ဒုတ် ) နှင့် ယောက်ျား၏ အတူတကွဖြစ်ခြင်းကို "သဟစရဏ"ဟု ဆိုသည်၊ ထိုသို့ အတူတကွဖြစ်ခြင်းကြောင့် ဒုတ်ဒြဗ်၏ ယဋ္ဌိအမည်ကို လူဒြဗ်၌တင်စား၍ လူကို"ယဋ္ဌိ"ဟု ခေါ်ဝေါ်ခြင်းသည် ဒဗ္ဗန္တရောပစာရ တည်း။ [သဟ–ဒုတ်နှင့်အတူတကွ+စရဏံ–ယောက်ျား၏ဖြစ်ခြင်း။]

**သူရာဒိတံ ရူပကဘာဝတော။** ။["သူရဘာဝ"ဟု ဆိုလိုလျက် ဘာဝ ပုဒ်ကြေ။ ] သူရော + အာဒိ ယဿာတိ သူရာဒိ၊ (အာဒိဖြင့် ဗာလဘာဝကို ယူ)၊ တေသံ– ထို ခြသေ့်န္ဒွားတို့၏+ ရူပံ–ရဲခြင်း, ရိုင်းခြင်းသဘောတည်း၊ တံရူပံ–ဘော၊ တံရူပံ ယေသံတိ တံရူပကာ၊ [ဒီပနီ၌ " တေဟိ+ ရူပကာ သဒိသာ တံရူပကာ " ဟု ပြု၏၊ ရူပကသဒ္ဒါသည် သဒိသအနက်ကို မဟော၊ ပဋိရူပကသဒ္ဒါသာ သဒိသအနက်ကိုဟောသည်။ ] တံရူပကာနံ+ ဘာဝေါ၊ သူရာဒိစ+သော+တံ ရူပကဘာဝေါစာတိ သူရာဒိတံရူပကဘာဝေါ။

**ဒဗ္ဗန္တရောပစာရော ။** ။ ရဲရင့်ခြင်းဂုဏ် မသိတတ်ခြင်းဂုဏ်အားဖြင့် ခြသေ့်န္ဒွားတို့နှင့် သဘောတူသောကြောင့် ( သဒိသူပစာရအားဖြင့် ) သီဟ ဟူသောနာမည်ကို လုလင်ဟူသော ဒြဗ်တပါး၌ငှင်း, ဂေါ ဟူသောနာမည်ကို လူရိုင်းဟူသော ဒြဗ်တပါး၌ငှင်း တင်စားခြင်းဖြစ်သည်။

**အယံ နာမေနေဝ, န စဏ္ဏတော။** ။ဤသို့ တင်စားခြင်းသည် နာမည်အားဖြင့်သာ ဖြစ်နိုင်၏၊ "ထို တင်စားခြင်းကြောင့် လုလင်ဟူသောအနက်က ခြသေ့်မဖြစ်, လူရိုင်းဟူသောအနက်ကလည်း န္ဒွားမဖြစ်ပါ"ဟူလို။

www.dhammaransi.com



၁၅၇။ ကေစိ သဒိသဘာဝေါဝါ,သမ္ဗန္ဓောဝါ သရူပတော၊
ဒဗ္ဗံဝါ ဒဗ္ဗသမ္ဗန္ဓံ, သာဒိသျံသုတိတောတိစ။

၁၅၇။ ကေစိ - အချို့ ဆရာတို့သည်၊ သရူပတော - သုတိဖြင့်၊ သဒိသဘာဝေါဝါ – တူသည်၏ အဖြစ်ကိုသော်၎င်း၊ သမ္ဗန္ဓောဝါ– သမ္ဗန်ကို၎င်း၊ ပတီယတေ-သိအပ်၏၊ ဝါ-တနည်း၊ ဒဗ္ဗသမ္ဗန္ဓံ သာဒိသျံ သုတိတော- ဒုတ်စသော ဒြပ်, သမ္ဗန်, တူသည်၏အဖြစ်,သုတိတို့ဖြင့်၊ ဒဗ္ဗံ-ယောက်ျားစသော ဒြပ်ကို၊ ပတီယတေ-သိအပ်၏၊ ဣတိစ-ဤသို့လည်း၊ ဝဒန္တိ–ဆိုကြကုန်၏။

၁၅၇။ ။“ယဋ္ဌိံ ပဝေသယ, သီဟောယံ မာဏဝေါ, ဗာဟိဂါမေဝ ဂေါ”ပုံစံတို့၌ ကေစိဆရာတို့၏အယူဝါဒကို ပြသောဂါထာတည်း၊ထို့ကြောင့် ထိုပုံစံများဖြင့်ပင် ရသိုက်သလို အဓိပ္ပါယ်မှတ်ရလိမ့်မည်။

**သဒိသ၊ပေ၊သရူပတော။** ။[“သရူပေန”ဟု၎င်း,“သုတီဟိ”ဟု၎င်း ဆိုလိုလျက် ဂါထာဆန်းတဲ့အောင် တောပစ္စည်းဖြင့် ဆိုထားသည်၊ ထို တောပစ္စည်းကို တတိယာအနက်၌ သက်စေ။] “ယဋ္ဌိံ ပဝေသယ”၌ “ယဋ္ဌ+ဋ္ဌိံ” ဟူသောသုတိဖြင့် ဒုတ်နှင့်ဒုတ်ကိုင်ထားသော ယောက်ျားတို့၏ ဌာနီ+ဌာန အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်ကို သိရ၏၊ [ဤပုံစံ၌ သဒိသဘာဝကို မသိနိုင်။ ] “သီဟောယံ မာဏဝေါ, ဗာဟိဂါမေဝ ဂေါ”တို့၌ “သီ+ဟော” ဟူသော သုတိ, “ဂေါ”ဟူသော သုတိတို့ဖြင့် ခြသေ့နှင့်လုလင် , နွားနှင့် လူရိုင်းတို့၏ တူသည်အဖြစ်ကို၎င်း , ဥပမာန + ဥပမေယျအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်ကို၎င်း သိရ၏။ [“သုတိသည် သကတ်, သဒိသဘော, သမ္ဗန်တို့သည် ဒြပ်”ဟု ခွဲ။]

**ဒဗ္ဗံဝါ၊ပေ၊သုတိတော။** ။“ ဒဗ္ဗ, သမ္ဗန္ဓ, သာဒိသျ, သုတိ ”ဟု သိကြောင်း သကတ်ဘက်က ၄ မျိုးပြသားသောကြောင့် “ ဒဗ္ဗံ ဒဗ္ဗေန , ဒဗ္ဗံ သမ္ဗန္ဓေန , ဒဗ္ဗံ သာဒိသျေန , ဒဗ္ဗံ သုတိယာ ” ဟု ၄ မျိုးခွဲပါ၊ ထိုတွင် ရှေ ၂ မျိုးသည် (၁၅၅) ၌ ပြခဲ့သော “ဒဗ္ဗံ ဒဗ္ဗေန သမ္ဗန္ဓေန”အတိုင်းပင်တည်း။

**ဒဗ္ဗံသာဒိသျေန ။** ။ ခြသေ့နှင့် လုလင်၏ ရဲခြင်းဂုဏ် အားဖြင့်၎င်း , နွားနှင့်လူရိုင်း၏ မသိတတ်ခြင်းဂုဏ်အားဖြင့်၎င်း, တူသည်အဖြစ်ဖြင့် လုလင်ဒြပ် , လူရိုင်းဒြပ်ကို သိရ၏၊ “သဒိသဘောဂုဏ်သည် သကတ် , လုလင်–လူရိုင်းသည် ဒြပ် ”ဟု ခွဲပါ။

**ဒဗ္ဗံသုတိယာ။** ။“ယဋ္ဌ+ဋ္ဌိံ ” “သီ+ဟော” “ဂေါ”ဟူသော သုတိတို့ဖြင့် ယောက်ျားဒြပ် , လုလင်ဒြပ် , လူရိုင်းဒြပ်ကို သိရ၏။ [ သုတိသည် သကတ်, ယောက်ျား–လုလင်–လူရိုင်းတို့ကား ဒြပ်”ဟု ခွဲပါ။]

www.dhammaransi.com



၁၅၀။ ပဒပူရဏာသန္ဓိသု, သုတျာ ပဒသိလိဋ္ဌတာ၊
သာ ဟိ လောကေ ပသိဒ္ဓတ္တာ, ဒဗ္ဗေ ဂယှတိ တညုနာ။

၁၅၀။ ပဒပူရဏာသန္ဓိသု-သုတ္တန္တဟူသော ပဒပူရဏ, အဘိရတိမိဗ္ဗေယျဟူသော သန္ဓိတို့၌၊ သုတျာ - သုတိဖြင့်၊ ပဒသိလိဋ္ဌတာ- ပုဒ်တို့၏ ပြေပြစ်ညက်ညောကုန်သည်၏ အဖြစ်ကို၊ ( ပတီယတေ – ၏၊ ) ဟိ- မှန်၊ သာ - ထို ပဒသိလိဋ္ဌတာကို၊ လောကေ - လောက၌၊ ပသိဒ္ဓတ္တာ-ထင်ရှားသည်၏အဖြစ်ကြောင့်၊ တညုနာ- ထို ဒြဗ်မြင်သိ,ပညာရှိသည်၊ ဒဗ္ဗေ-ဒြဗ်၌၊ ဂယှတေ-သွင်းယူအပ်၏။

**၁၅၀။ ပဒ၊ပေ၊ ဋ္ဌတာ။** ။ ၁၂၇ ဂါထာ၌ " သုတ္တန္တ " ဟူသော ပဒပူရဏ, " အဘိရတိမိဗ္ဗေယျ" ဟူသော သန္ဓိတို့ဝယ် ဝါစာသိလိဋ္ဌအနက်အားဖြင့် ကေက ( အနက်တပါးသာရှိ၏ ) ဟု ပြခဲ့ပြီ၊ ထို ဝါစာသိလိဋ္ဌနှင့် ဤ ပဒသိလိဋ္ဌတာသည် အဓိပ္ပါယ်တူပင်တည်း၊ ပဒနံ – " သုတ္တန္တံ, အဘိရတိမိဗ္ဗေယျ " စသော ပုဒ်တို့၏ + သိလိဋ္ဌတာ– ပြေပြစ်ညက်ညောကုန်သည်၏ အဖြစ် (ရွတ်ဆိုရာ၌ ပြေပြစ်ခြင်း , ညက်ညက်ညောညောရှိခြင်း , ချောချောမောမောရှိခြင်း) တည်း၊ ပဒသိလိဋ္ဌတာ–ဖြစ်၊ ဤစကားအရ "သုတ်+တန်+တံ – ဟူသော သုတ်သည် သကတ်, ရွတ်ဆို၍ ချောမောခြင်းသည် ဒြဗ် " ဟုရင်း , "အ+ဘိ+ရ+တိ+မိဗ်+ဗေ+ယျ–ဟူသော သုတ်သည် သကတ်, ရွတ်ဆို၍ ချောမောခြင်းသည် ဒြဗ်"ဟုရင်း ခွဲပါ။

**သာ ဟိ၊ပေ၊တညုနာ။** ။"ထိုပဒသိလိဋ္ဌတာကို သုတိဖြင့်သိအပ်၏"ဟုဆိုလျှင် "သဒ္ဒေါ ဉာပကဟေတု, အတ္ထော ဉာပေတဗ္ဗဖလံ"နှင့် အညီ သိအပ်သော အရာဟူသမျှသည် အတ္ထ ( အနက် )၌ ပါဝင်၏၊ သို့ဖြစ်လျှင် သဒ္ဒါ၏ အနက်သည် "သကတ်,ဒြဗ်,လိန်,သင်္ချာ,ကာရက"အားဖြင့် ၅ ပါး ရှိရာဝယ် အဘယ်၌ ပါဝင်ပါသနည်း– ဟု မေးဘွယ်ရှိသောကြောင့် "သာ ဒဗ္ဗေ ဂယှတိ"ဟု မိန့်သည်၊ အနက် ၅ပါးတွင် ဒြဗ်အနက်၌ သွင်းယူရသည်–ဟူလို။

**လောကေ ပသိဒ္ဓတ္တာ။** ။"ဘာ့ကြောင့် ဒြဗ်၌ သွင်းယူရသနည်း" ဟု ထပ်၍မေးဘွယ်ရှိသောကြောင့် "လောကေ ပသိဒ္ဓတ္တာ"ဟု မိန့်၊ "အကောင်အထည် ဒြဗ်သည် လောက၌ မျက်မြင်အားဖြင့် ထင်ရှား သကဲ့သို့, ထို ပဒသိလိဋ္ဌတာလည်း နား၌ ကြားရခြင်းအားဖြင့် ထင်ရှားသောကြောင့် ဒြဗ်၌ သွင်းယူရသည် "ဟူလို။

www.dhammaransi.com



**၁၅၉။ နတု သဒ္ဒါ အနတ္ထာတိ, ဉာယေန ပဒပူရဏေ၊
ပဒတ္ထော သုတိယာ တဿ,ပဒတ္ထေဝ ပဝတ္တိတော။**

၁၅၉။ နတုသဒ္ဒါ အနတ္ထာတိ- နတုသဒ္ဒါ အနတ္ထာဟူသော၊ ဉာယေန-ပရိဘာသာနည်းဖြင့်၊ ပဒပူရဏေ-သုတ္တန္တဟူသော ပဒပူရဏ၌၊ သုတိယာ- သုတ္တန္တံဟူသော သုတိဖြင့်၊(တနည်း,သုတိယာ-အန္တဟူသော သုတိဖြင့်၊ ) ပဒတ္ထော - သုတ္တဟူသော ပုဒ်၏ အနက်ကို၊ (ပတီယတေ-သိအပ်၏၊) (ကသ္မာ-အဘယ့်ကြောင့်နည်း၊) တဿ-ထိုအန္တဟူသော ပဒပူရဏ၏၊ ပဒတ္ထေဝ-သုတ္တဟူသောပုဒ်၏ အနက်၌သာ၊ ပဝတ္တိတော-ဖြစ်ခြင်းကြောင့်တည်း။ [ အနတ္ထာ – အနက်မရှိကုန်သော၊ သဒ္ဒါ-သဒ္ဒါတို့သည်၊ နတု နဝေ-မရှိကုန်သည်သာ။]

၁၅၉။ ။အဘိရတိမိစ္ဆေယျ၌"အဘိရတိံ+ဣစ္ဆေယျ"ဟု ပုဒ်ဖြတ်သော အခါ အနက်ရကောင်းသောကြောင့် အထူးမဆိုတော့ဘဲ ပဒပူရဏဖြစ်သော အန္တသဒ္ဒါအတွက် ပဒသိလိဋ္ဌတာ အပြင် ရနိုင်သောအနက်ကို ပြလိုသောကြောင့် "နတု သဒ္ဒါ"စသည်မိန့်၊"နတုသဒ္ဒါ အနတ္ထာ-သဒ္ဒါမှန်လျှင် အနက်မရှိ မဟုတ်, အနက်ရှိရမည်သာ"ဟူသော ပရိဘာသာနည်းအားဖြင့် ( သုတ္တန္တ၌ အန္တသဒ္ဒါသည် သုတ္တ၏အနက်ကိုပင် တွဲဘက်၍ဟောရကား) "သုတ်+တန်+ တ "ဟူသော သုတိဖြင့် (တနည်း—အန္တဟူသော သုတိဖြင့်) သုတ္တ ပုဒ်၏ အနက်ကိုပင် သိရသည်။

**မှတ်ချက်** ။ ။ ဤဂါထာ၌ ပြအပ်သော " အနက် "ဟူသည် သုတ္တသဒ္ဒါ သုတ္တန္တသဒ္ဒါတို့၏ ဟောနက်ဖြစ်သော " သုတ္တန်ပိဋကတ် "ဟူသော အနက်တည်း၊ ရှေးဂါထာ၌ ပြအပ်သော " အနက် " ကား " စကား၏ ပြေပြစ် ညက်ညောခြင်း (ဝါစာသိလိဋ္ဌတာ) အနက်တည်း"ဟု မှတ်ပါ။

**တဗ္ဘာဝဝုတ္တိကမ္မဓာရည်း။** ။"သုတ္တမေဝ—သုတ်သည်ပင်၊ သုတ္တန္တံ-သုတ္တန္တမည်၏"ဟု ပြု၊ ဤသမာသ်ကို တဗ္ဘာဝဝုတ္တိကမ္မဓာရည်းသမာသ်ဟု ခေါ်၏၊ တဿ—ထို သုတ္တသဒ္ဒါ၏+ဘာဝေါ—အနက်တည်း၊ တဗ္ဘာဝေါ—နက်၊ ["ဘာဝေါ ပဒတ္ထေ သတ္တာယ"စသော အဘိဓာန်လာ အနက်တို့တွင် ဘာဝသဒ္ဒါသည် ပဒတ္ထအနက်ဟော။]တဗ္ဘာဝေ+ဝုတ္တိ ယဿာတိ တဗ္ဘာဝဝုတ္တိ– ထိုသဒ္ဒါ၏ အနက်၌ဖြစ်ခြင်းရှိသော ( ထိုသုတ္တသဒ္ဒါ၏ အနက်ကိုပင် တွဲဘက်၍ဟောသော ) အန္တသဒ္ဒါ၊ " ဒိဋ္ဌဂတံ—ဒိဋ္ဌိ" ဟူသော ပုဒ်များ၌လည်း နည်းတူ။

www.dhammaransi.com



၁၆၀။ ဘဝန္တိ ဗုဒ္ဓိ သဒ္ဒါ·သွာ, တိ ဘာဝေါ သ နိမိတ္တကာ၊
ဒဗ္ဗ ဂုဏ ကြိယာ နာမ, ဇာတိ သဒ္ဒပ္ပဝတ္တိယာ။

၁၆၀။ **အသွာ** - ဤသဒ္ဒပဝတ္တိနိမိတ်မှ၊ ဗုဒ္ဓိသဒ္ဒါ - **အသိဉာဏ်** သဒ္ဒါတို့သည်၊ ဘဝန္တိ- ဖြစ်လာကုန်၏၊ ဣတိ - ထိုသို့ အသိဉာဏ် သဒ္ဒါတို့၏ ဖြစ်ခဲ့ရာ၏ အဖြစ်ကြောင့်၊ တံ- **ထို** သဒ္ဒပဝတ္တိနိမိတ်သည်၊ ဘာဝေါ-ဘာဝမည်၏၊ သ(သော)-ထို ဘာဝဟူသည်၊ သဒ္ဒပဝတ္တိယာ - **သဒ္ဒါ**ဖြစ်ခြင်း၏၊ နိမိတ္တကာ - **အကြောင်း** ဖြစ်ကုန်သော၊ ဒဗ္ဗ ဂုဏကြိယာနာမဇာတိ- ဒြပ်, ဂုဏ်, ကြိယာ, နာမ်, ဇာတ်တို့တည်း။ [ ဇာတိ၏ ဝိသေသန ဖြစ်သောကြောင့် ဣတ္ထိလိန်ချင်း တူအောင် "နိမိတ္တိကာ"ဟု ရှိလျှင် ကောင်း၏။ ]

၁၆၁။ သမ္ဗန္ဓိနာ ဟိ သမ္ဗန္ဓော, တဿိတတ္တာ သရူပကံ၊
ဇာတျာ သဒ္ဒဿ ဇာတိတ္တာ, သာဒိသုံ သဒိသေန ဝါ။

၁၆၁။ **ဟိ**-ဆက်ဉုးအံ့၊ သမ္ဗန္ဓော-သမ္ဗန်ကို၊(သမ္ဗန္ဓဿ-သမ္ဗန်၏၊) တဿိတတ္တာ-**ထို** **သမ္ဗန္ဓီ**ဒြပ်၌ မှီသည်၏ အဖြစ်ကြောင့်၊ သမ္ဗန္ဓိနာ-**သမ္ဗန္ဓီ**ဒြပ်ဖြင့်၊ သင်္ဂဟိတော - **သွင်း**ယူအပ်၏၊ သဒ္ဒဿ - သုတ် ဟူသော သဒ္ဒါ၏၊ ဇာတိတ္တာ-သဒ္ဒါဇာတ်၏ **အ**ဖြစ်ကြောင့်၊ ဇာတျာ-

၁၆၀ ။ ။ ပြအပ်ခဲ့ပြီးသော သကတ်များကို " သဒ္ဒပဝတ္တိနိမိတ် " ဟု ခေါ်၏၊ ထိုသဒ္ဒပဝတ္တိနိမိတ်ကိုပင် "ဘာဝ"ခေါ်ကြောင်းကိုပြလို၍"ဘဝန္တိ" စသည်မိန့်၊ "ဘဝန္တိ ဗုဒ္ဓိသဒ္ဒါ တေသွာတိ ဘာဝေါ"ဟူသောဝိဂြိုဟ်နှင့်အညီ ပြအပ်ခဲ့သော သကတ်များကို ဘာဝဟု ခေါ်၏၊ ထိုဘာဝလည်း ဒဗ္ဗ, ဂုဏ, ကြိယာ, နာမ, ဇာတိအားဖြင့် ၅ မျိုးပြားသည်-ဟူလို။ [ဘဝန္တိ ဗုဒ္ဓိသဒ္ဒါ တေနာတိ ဘာဝေါ" ဟု ကရဏသဓ်လည်း ပြုကြ၏၊ ထို ကရဏသဓ်လည်း "သဒ္ဒပဝတ္တိနိမိတ္တ"၌ "နိမိတ္တ - အကြောင်း"ဟူသော စကားနှင့်လျော်၏၊ ဤဘာဝနှင့်စပ်၍ မှတ်ဘွယ်များကို ကစ္စည်းဘာသာဋီကာ " ဏျတ္တတာ ဘာဝေတု"သုတ်မှာ ရှုပါ။ ]

၁၆၁ ။ ။ ဘာဝ၏အနက်ဖြစ်သော သဒ္ဒပဝတ္တိနိမိတ်နှင့် သကတ်သည် သဘောတူ၏၊ ထို သကတ်သည် ၇ ပါးရှိပါလျက် အဘယ့်ကြောင့် ဘာဝ၏ အနက်ကိုပြရာဖြစ်သောရှေ့ဂါထာ၌ သုတိ, သမ္ဗန်, သာဒိသျတို့ကိုမယူဘဲ ဒဗ္ဗ,

www.dhammaransi.com



ဇာတ်ဖြင့်၊ သရူပကံ - သုတိကို၊ သင်္ဂဟိတံ – သွင်းယူအပ်၏၊ ဝါ – သည်သာမကသေး၊ သာဒိသျံ - တူသည်၏ အဖြစ်ဟူသော သဒိသဘောကို၊ (တဿိတတ္တာ-ထို သဒိသဒြဗ်၌ မှီသည်၏အဖြစ်ကြောင့်၊) သဒိသေန- သဒိသဒြဗ်ဖြင့်၊ သင်္ဂဟိတံ– သွင်းယူအပ်၏။ [မပါသော ပုဒ်များကို လိုက်စေ၍ အနက်ပေးသည်။]

ဂုဏ, ကြိယာ, ဇာတိတို့ကိုသာ ယူရပါသနည်း–ဟု မေးဘွယ်ရှိသောကြောင့် "သမ္ဗန္ဓိနာဟိ"စသည်ကို မိန့်သည်။ [နာမသည် သကတ် ၇ ပါးတွင်မပါဝင် သော်လည်း တရံတခါ ဇာတိတွင်ပါဝင်၍ တရံတခါ ဒြဗ်တွင် ပါဝင်သော ကြောင့် ထိုဇာတိဒဗ္ဗတို့မှခွဲခြား၍ နာမကိုရှေ့ဂါထာ၌သီးခြား ဘာဝအဖြစ်ဖြင့် ပြထားသည်။]

**သမ္ဗန္ဓိနာ ၊ ပေ ၊ တဿိတတ္တာ ။** ။ သမ္ဗန္ဓိဒြဗ်သည် ဒဗ္ဗဘာဝတည်း၊ ထို "သမ္ဗန္ဓိဒြဗ်"ဟူသော ဒဗ္ဗသကတ်ကိုယူလိုက်လျှင် သမ္ဗန်ဟူသော သကတ် ကိုလည်း ယူပြီးဖြစ်တော့၏၊ ဘာ့ကြောင့်နည်း—သမ္ဗန်က သမ္ဗန္ဓိဒြဗ်၌ မှီ သောကြောင့်တည်း။

**သရူပကံ၊ပေ၊ဇာတိတ္တာ။** ။ ဇာတိဘာဝကိုယူသဖြင့် သုတိကိုလည်း ယူပြီးဖြစ်တော့၏၊ ဘာ့ကြောင့်နည်း – သဒ္ဒါဟူသောသုတ်က သဒ္ဒါအမျိုး ဇာတ်ဖြစ်သောကြောင့်တည်း။

**ဒီပနီ။** ။ဒီပနီ၌"သဒ္ဒဿာတိ ကတ္တုနိဒ္ဒေသော"ဟု ဖွင့်၍၊"သဒ္ဒဿ- သဒ္ဒါသည် " ဟု ကတ္တားအနက် ပေးစေလိုဟန် တူ၏၊ ဇာတိတ္တာ၌ တွ၏ သမ္ဗန်ဖြစ်သောကြောင့် ( သဒ္ဒဿ၌ ) သမ္ဗန်အနက်သည်သာ ပဓာနတည်း၊ ကတ္တားအနက်မှာ ပဓာန မဟုတ်။

**သာဒိသျံ သဒိသေန။** ။သဒိသ (တူသော) ဒြဗ်ကို ယူသဖြင့် သာဒိသျ (တူသည်၏အဖြစ်-တူခြင်း) ကိုလည်း ယူပြီးဖြစ်တော့၏၊[ဤ၌ အကြောင်းပြ မပါသော်လည်း "တဿိတတ္တာ" ကိုပင် လိုက်စေ၍ " တူခြင်းသာဒိသျက တူသောအရာဝတ္ထုဒြဗ်၌ မှီသောကြောင့်"ဟု မှတ်ပါ။]

ဤပြခဲ့သောနည်းဖြင့်"သုတိ ,သမ္ဗန် ( ကြိယာကာရကသမ္ဗန်ပါ) သာဒိသျ တို့ကို ( ဒဗ္ဗဂုဏ စသော ဘာဝအနက် ၅ ပါးတွင် ) ဆိုင်ရာအနက်ဖြင့် ယူပြီး ဖြစ်သောကြောင့် သကတ် ၈ ပါး ရှိသော်လည်း ရှေ့ဂါထာဝယ် ဒဗ္ဗစသော ၅ ပါးကိုသာ ဘာဝ၏အရ၌ ပြသည်"ဟု မှတ်ပါ။

www.dhammaransi.com



**၁၆၂။ ဝိဂ္ဂဟာဝိဂ္ဂဟတ္ထာ ယေ, နိမိတ္တာနာ·ဟု ဏျာဒယော၊**
**တတော ဘာဝတ္ထဝါစိတ္တာ, တထာ သာရ သကတ္ထကေ။**

၁၆၂။ ဝိဂ္ဂဟာဝိဂ္ဂဟတ္ထာ- ဝိဂ္ဂြိုဟ်အနက် ရှိကုန်, ဝိဂ္ဂြိုဟ်အနက် **မ**ဟုတ်သော ပုဒ်အနက်ရှိကုန်သော၊ ယေ- အကြင်သဒ္ဒါတို့သည်၊ နိမိတ္တာနိ - ဗျုပ္ပတ္တိနိမိတ်, **သ**ဒ္ဒပဝတ္တိနိမိတ်တို့ကို၊ **အာ**ဟု - အပဓာန **အား**ဖြင့် ဟောကုန်၏၊ **ဘာဝတ္ထာ**ဝါစိတ္တာ-**ဘော**အနက်ကို ဟောကုန်သည်၏အဖြစ်ကြောင့်၊ ဏျာဒယော-ဏျအစရှိသော ပစ္စည်းတို့သည်၊ တတော- ထို ဝိဂ္ဂဟတ္ထ အဝိဂ္ဂဟတ္ထသဒ္ဒါတို့မှ နောက်၌၊ ( ဟောန္တိ-သက်ကုန်၏၊) **တ**ထာ-ထိုမှ **တ**ပါး၊ သာရသကတ္ထကေ-သာရအနက်, သကတ်အနက်၌၊ (ဟောန္တိ-န်၏။)

၁၆၂ ။ ။ ပစ္စည်းတို့၏သက်ရာ ( ဘာဝအနက်ဟူသော ) ဝိသယကို ပြပြီး၍ ထိုအနက်၌သက်သော ဝိသယီ သက်ရာဝိသယရှိသော) ပစ္စည်းတို့ကို ပြလိုသောကြောင့် "ဝိဂ္ဂဟာဝိဂ္ဂဟတ္ထာ"စသည်ကို မိန့်၊ ဏျတ္တတာဘာဝေတု သုတ်ဖြင့်သက်ရသော ဏျစသောပစ္စည်းတို့သည် ထိုနိမိတ်တို့ကိုဟောသော "အလသော, ဂေါ"စသောသဒ္ဒါတို့နောင် သက်ကြရသည်–ဟူလို။ [ အာလသျံ (ဏျ), ဂေါတ္တံ (တ္တ) စသည်တည်း။]

**ဝိဂ္ဂဟတ္ထ**။ ။ "နိပ္ဖန္နဿ အတ္ထော ဝိသေသေန ဂယှတိ ဧတေနာတိ ဝိဂ္ဂဟော"နှင့်အညီ " ဂေါ " စသော နိပ္ဖန္နပုဒ်၏အနက်ကို ( အခြားအနက်တို့နှင့် မရောအောင် )အထူးအားဖြင့် ယူကြောင်းဖြစ်သော ဝိဂ္ဂြိုဟ်ဝါကျကို "ဝိဂ္ဂဟ" ဟု ခေါ်၏၊ " ဂစ္ဆတီတိ ဂေါ "၌ "ဂစ္ဆတိ "ဟူသော ဝိဂ္ဂြိုဟ်မျိုးတည်း၊ ထိုဝိဂ္ဂြိုဟ်၏ အနက်ဟူသည် သွားခြင်းကြိယာတည်း၊ ဝိဂ္ဂဟဿ – ဂစ္ဆတိစသော ဝိဂ္ဂြိုဟ်၏+အတ္ထော– သွားခြင်းစသော အနက်တည်း၊ ဝိဂ္ဂဟတ္ထော – ဝိဂ္ဂြိုဟ်၏ အနက်၊ ဝိဂ္ဂြိုဟ်နက်ရှိသော သဒ္ဒါတို့ကို " ဝိဂ္ဂဟတ္ထ " ဟု ခေါ်သည်၊ " ဝိဂ္ဂဟတ္ထော ဧတေသံ အတ္ထီတိ ဝိဂ္ဂဟတ္ထာ"ဟု ပြု၊ ဤ ဝိဂ္ဂဟတ္ထ သဒ္ဒါတို့ကို အနက်ပေးရာ၌ "ဂေါ – သွားတတ်သောနွား၊ ရာဇပုရိသော– မင်း၏အချင်းယောကျ်ား "ဟု ဝိဂ္ဂြိုဟ်နက်ပါအောင် ပေးပါ။

**အဝိဂ္ဂဟတ္ထ**။ ။"ဂေါ"ဟူသောသဒ္ဒါသည်ပင် "ဂစ္ဆတီတိ"ဟူသော ဝိဂ္ဂြိုဟ်နက်ကို မငဲ့ဘဲ နွားဇာတ်ကိုငဲ့လျှင် "အဝိဂ္ဂဟတ္ထ–ဝိဂ္ဂြိုဟ်နက်မရှိသော သဒ္ဒါမည်၏၊"အဝိဂ္ဂဟဿ-ဝိဂ္ဂြိုဟ်မဟုတ်သော ဂေါစသောပုဒ်၏+ အတ္ထော-တည်း၊ အဝိဂ္ဂဟတ္ထော – နက် " ထို အဝိဂ္ဂဟတ္ထသဒ္ဒါတို့ကို အနက်ပေးရာ၌ ဝိဂ္ဂြိုဟ်နက်ကိုမလိုက်ဘဲ"ဂေါ–နွား"စသည်ဖြင့် ပေးရသည်။

www.dhammaransi.com



**ဗျုပ္ပတ္တိနိမိတ်**။ ။"နိမိတ္တာနိ"၌ ဗျုပ္ပတ္တိနိမိတ်, ပဝတ္တိနိမိတ်ဟု နိမိတ် ၂ မျိုးရှိ၏၊ ထိုတွင်"ဝိသေသေန (မလိုအပ်သောအနက်တို့မှ ထူးသောအားဖြင့်) အတ္တော–လိုရာအနက်သည်၊ ဥပ္ပဇ္ဇတိ တောယာတိ ဗျုပ္ပတ္တိ"နှင့်အညီ ဝိဂ္ဂြိုဟ်ဝါကျကို " ဗျုပ္ပတ္တိ "ဟု ခေါ်၏၊ မှန်၏ – ဝိဂ္ဂြိုဟ်ပြုလိုက်သောအခါ မလိုရာအနက်တွေ မရောတော့ဘဲ လိုရာအနက်ကိုသာ သိရတော့၏၊ ထိုဝိဂ္ဂြိုဟ်ဝါကျဖြစ်ခြင်း၏အကြောင်းသည် ဗျုပ္ပတ္တိနိမိတ်မည်၏၊ ဗျုပ္ပတ္တိယာ+နိမိတ္တံ ဗျုပ္ပတ္တိနိမိတ္တံ၊ ဂေါကို ဝိဂ္ဂဟပြုရာ၌ " ဂစ္ဆတိ " ဟု ပြုရ၏၊ ထို ဂစ္ဆတိကြိယာ၏ အကြောင်းသည် သွားခြင်းကြိယာတည်း၊ ထို့ကြောင့် သွားခြင်းကြိယာကို "ဂစ္ဆတိ၏ ဗျုပ္ပတ္တိနိမိတ်"ဟု ခေါ်သည်၊ "ရာဇပုရိသော "၏ ဝိဂ္ဂဟသည် "ရညော+ပုရိသော" တည်း၊ ထို "ရညော+ပုရိသော" ဝိဂ္ဂဟ၏အကြောင်း ကား မင်းနှင့်ယောကျ်ားတို့၏ စပ်တော်ခြင်းသမ္ဗန်တည်း၊ ဤသို့စသည်ဖြင့် ဝိဂ္ဂြိုဟ်ဝါကျ၏အကြောင်းကို "ဗျုပ္ပတ္တိနိမိတ်" ခေါ်သည်ဟု မှတ်။

**ပဝတ္တိနိမိတ်**။ ။"သဒ္ဒပ္ပဝတ္တိ"ဟု ဆိုလျက် သဒ္ဒကိုချေထားသည်၊သဒ္ဒါ၏ ဖြစ်ခြင်းကို "ပဝတ္တိ"ဟု ခေါ်၏၊ ပဝတ္တိယာ+နိမိတ္တံ, ပဝတ္တိနိမိတ္တံ၊ "ဂေါ" စသော သဒ္ဒါဖြစ်ခြင်း၏ အကြောင်းကို"ပဝတ္တိနိမိတ်"ဟု ခေါ်သည်၊"ဂစ္ဆတီတိ ဂေါ"ဟု ဝိဂ္ဂြိုဟ်ပြု၍ဖြစ်လာသော ဂေါသဒ္ဒါသည် သွားခြင်းကြိယာကို အကြောင်းပြု၍ဖြစ်လာ၏၊ ထိုသွားခြင်းကြိယာသည် ဗျုပ္ပတ္တိနိမိတ် မည်ရုံသာ မက ပဝတ္တိနိမိတ်လည်းမည်နိုင်၏၊ နောင်အခါ၌ သွားသည်ဖြစ်စေ မသွားဘဲ အိပ်နေသည်ဖြစ်စေ နွားဟူသမျှကို "ဂေါ "ဟု ခေါ်ရာ၌ကား နွားဇာတ်ကို အကြောင်းပြု၍ ဂေါသဒ္ဒါဖြစ်သည်၊ ထိုအခါ၌ ဂေါသဒ္ဒါ၏ ပဝတ္တိနိမိတ်သည် (ဗျုပ္ပတ္တိနိမိတ်နှင့် မဆိုင်သော) နွားဇာတ်တည်း။

**အာဟ**။ ။ထိုသဒ္ဒါတို့သည် နိမိတ် ၂ မျိုးကိုဟော၏"ဟု ဆိုရာ၌ ပဓာန အားဖြင့် မဟော, အပဓာနအားဖြင့်သာ ဟောသည်၊ ဥပမာ–ဂေါသဒ္ဒါသည် နွားဒြပ်ကိုသာ မုချ ပဓာနအားဖြင့် ဟော၏၊ သွားခြင်းကြိယာကို ဖြစ်စေ နွားဇာတ်ကိုဖြစ်စေ ဟောရာ၌ကား အပဓာနအားဖြင့်ဟောသည်၊ထို့ကြောင့် ဒီပနီ၌ " အာဟ ဝဒန္တိ အပ္ပဓာနေနာတိ အဓိပ္ပါယော"ဟု ဖွင့်၏၊ အာဟကို ဝဒန္တိဟု ဖွင့်ခြင်းဖြင့် " ဗြူဓာတ်ကို အာဟ, အန္တိကို ဥပြုထားသည် " ဟု သိစေသည်။

**သာဓုသကတ္တကေ**။ ။ဏျစသော ပစ္စည်းတို့သည် (ဘာဝအနက်၌သာ မက) သာဓုအနက် သကတ်အနက်၌လည်း ("ဏျတ္တတာ ဘာဝေတု"သုတ်၌ တုသဒ္ဒါဖြင့် ) သက်ကြသေး၏၊ " ကမ္မနိ + သာဓု ကမ္မညံ၊ ဒေဝေါယေဝ ဒေဝတာ"စသည်တည်း။

www.dhammaransi.com



၁၆၃။ သဒ္ဒဝုတ္တိနိမိတ္တာနု–ဂတာ·တ္ထေ ဗုဒ္ဓိ ဝတ္တတေ၊
သဒ္ဒဝုတ္တိနိမိတ္တေန, တထာ သဒ္ဒေါစ ဝတ္တတေ။

၁၆၃။ ဗုဒ္ဓိ–အသိဉာဏ်သည်၊ ဝါ-စိတ်သည်၊ သဒ္ဒဝုတ္တိနိမိတ္တံ-သဒ္ဒါဖြစ်ခြင်း၏ အကြောင်းသို့၊ အနုဂတာ – အစဉ်လိုက်သည်၊ (ဟုတ္វာ)၊ အတ္ထေ-ဒြဗ်စသော အနက်၌၊ ဝတ္တတေ–ဖြစ်၏၊ တထာ-ထို့အတူ၊ သဒ္ဒေါစ–သဒ္ဒါသည်လည်း၊ သဒ္ဒဝုတ္တိ နိမိတ္တေန– သဒ္ဒါဖြစ်ခြင်း၏ အကြောင်းကြောင့်၊ ဝတ္တတေ-ဖြစ်၏။

၁၆၄။ ပဓာနတော နိမိတ္တတ္ထော, သဒ္ဒတ္ထောတျ·ပရေ ဝိဒူ၊
နိမိတ္တော္ထာတ္ထ·ပ္ပဓာနေန,တဗ္ဗိသေသျော ပဓာနတော။

၁၆၄။ နိမိတ္တတ္ထော-သဒ္ဒပဝတ္တိနိမိတ်အနက်သည်၊ပဓာနတော-ပဓာနအားဖြင့်၊ (ဝုတ္တော–ဟောအပ်သော၊) သဒ္ဒတ္ထော - သဒ္ဒါ၏ အနက်တည်း၊ ဣတိ–ဤသို့၊ အပရေ–တပါးကုန်သော၊ ဝိဒူ–ပညာရှိ

၁၆၃။ **သဒ္ဒ၊ ပေ၊ ဗုဒ္ဓိ ဝတ္တတေ ။** ။" ဘဝန္တိ ဗုဒ္ဓိသဒ္ဒါ အသ္မာတိ ဘာဝေါ" ဟူသော ဝိဂ္ဂြိုဟ်ဝယ် "ဗုဒ္ဓိသဒ္ဒါတို့ ဖြစ်ကြ၏ "ဟူရာ၌ အဘယ်ပုံ ဖြစ်သနည်း ဟု မေးဘွယ်ရှိသောကြောင့် ဤဂါထာကို မိန့်သည်၊ [" ဗုဒ္ဓိ " ဟူရာ၌ စိတ်သိကို ယူပါ။ ] နွားကို မြင်သောအခါ ရှေးဦးစွာ နွားအမျိုး ဇာတ်၌ သိသောစိတ် ဖြစ်၏၊ထိုနွားအမျိုးဇာတ်ဟူသော သဒ္ဒပဝတ္တိနိမိတ်ကို သိပြီးမှ နွားအကောင်ဒြဗ်ကို သိသောစိတ်ဖြစ်၏၊ ဤသို့ သဒ္ဒပဝတ္တိနိမိတ်သို့ အစဉ်လိုက်ပြီးမှ သိရသောကြောင့် " သဒ္ဒပဝတ္တိနိမိတ်ကို ဗုဒ္ဓိ၏ဖြစ်ခဲ့ရာ "ဟု ဆိုသည်။ [သဒ္ဒဝုတ္တိနှင့် သဒ္ဒပဝတ္တိသည် အနက်တူတည်း။]

**သဒ္ဒဝုတ္တိ၊ ပေ၊ သဒ္ဒေါစ ။** ။ ထို နွားအမျိုးဇာတ်ဟူသော သဒ္ဒပဝတ္တိ နိမိတ်ကိုသိပြီးမှ စကားပြောလိုသောအခါ "ဂေါ"ဟု ပြော၏၊ ဤသို့ သဒ္ဒပဝတ္တိနိမိတ်ကို အစဉ်လိုက်ပြီးမှ"ဂေါ"သဒ္ဒါလည်း ဖြစ်ရသောကြောင့်"သဒ္ဒပဝတ္တိနိမိတ်ကို သဒ္ဒါ၏ ဖြစ်ခဲ့ရာ " ဟုလည်း ဆိုသည်၊ ဤသို့ အသိ၏ရင်း သဒ္ဒါ၏ရင်း ဖြစ်ပေါ်လာခဲ့ရာ အပါဒါနသတ္တိရှိသောကြောင့်ပင်"ဘဝန္တိ ဗုဒ္ဓိ သဒ္ဒါ ဧတသ္မာ ဘာဝေါ"ဟု ဘာဝပုဒ်ကို အပါဒါနဝိဂ္ဂဟပြုရသည်။

---

၁၆၄။ **ပဓာနတော နိမိတ္တတ္ထော သဒ္ဒတ္ထော။** ။ သဒ္ဒါက အနက်ကို ဟောရာ၌ အပရေဝါဒနှင့် မိမိဝါဒကို ပြလို၍ " ပဓာနတော " စသည်မိန့်၊ ဂေါသဒ္ဒါက အနက်ကို ဟောရာ၌ "နွားဇာတ်, နွားဒြဗ်"ဟု ၂ နက် ရှိ၏၊

www.dhammaransi.com



တို့သည်၊ (ဝဒန္တိ-ဆိုကြကုန်၏၊) တုံ-စင်စစ်ကား၊ နိမိတ္တော - သဒ္ဒပ္ပဝတ္တိနိမိတ်အနက်သည်၊အပ္ပဓာနေနံ-အပ္ပဓာနအားဖြင့်၊(ဝုတ္တော-သော၊)သဒ္ဒတ္တော-တည်း၊ တမ္ဗိသေယျော-ထို သဒ္ဒပဝတ္တိနိမိတ်သည် အထူးပြုသော အနက်သည်၊ ပဓာနတော-ပဓာနအားဖြင့်၊(ဝုတ္တော-သော၊) သဒ္ဒတ္တော-တည်း။

၁၆၅။ ဂေါတ္တံ ဒဗ္ဗသ ဂေါဇာတိ, ဇာတျာ ဝါ ဂေါသရူပကံ။
ဒိတ္တတ္တံ ဒိတ္တနာမတ္တ, မိစ္စာဒီသု အယံနယော။

၁၆၅။ ဒဗ္ဗသ-နွားဒြပ်၏၊ ဂေါတ္တံ-ဂေါတ္တဟူသည်၊ ဂေါဇာတိ-နွားဇာတ်တည်း၊ ဝါ- တနည်း၊ ဇာတျာ - နွားဇာတ်၏၊ ဂေါတ္တံ-ဂေါတ္တဟူသည်၊ ဂေါသရူပကံ- ဂေါဟူသော သုတိတည်း၊ ဒိတ္တတ္တံ ဒိတ္တနာမတ္တန္တိ အာဒီသု- "ဒိတ္တတ္တံ, ဒိတ္တနာမတ္တံ" အစရှိသော ပြယုဂ်တို့၌၊ အယံနယော-ဤနည်းကို၊ ဝေဒိတဗ္ဗော-သိထိုက်၏။

ထိုတွင်"သဒ္ဒပဝတ္တိနိမိတ်ဖြစ်သော နွားဇာတ်ဟူသောအနက်သည် ဂေါသဒ္ဒါ၏ ပဓာနအနက်တည်း၊ နွားဒြပ်ကား အပဓာနအနက်တည်း" ဟု အပရေဆရာတို့က ဆိုလိုသည်။

**နိမိတ္တော၊ပေ၊ပဓာနတော ။** ။ နွားဇာတ်ဟူသော သဒ္ဒပဝတ္တိနိမိတ်သည် အပဓာန အနက်တည်း၊ ထို ဇာတ်သည် အထူးပြုအပ်သော နွားဒြပ်ဟူသော ဝိသေသျအနက်သာ ပဓာနအနက်တည်း၊ ဤကား ဤကျမ်းဆရာ၏ ဝါဒတည်း၊ "ယော သကတ္ထောတိ ဝုတ္တော သော, နိမိတ္တန္တ၂ပဓာနတော၊ ယောဒဗ္ဗန္တိ သသဒ္ဒတ္တော, သဒ္ဒေန္ဒတ္တော ပဓာနတော"ဟု (၁၄၄)ဂါထာ၌ ဆိုအပ်ပြီးသော"နိမိတ္တံ အပ္ပဓာနတော ဝုတ္တော"နှင့် ဤဂါထာ၌ "နိမိတ္တော အပဓာနတော "သည် ထပ်မိ၏၊ ထို့ကြောင့် ထို စကားကိုပင် ထပ်၍ ခိုင်မြဲစေသော စကားတည်း။ [ဒီပနီ၌ "ဝုတ္တ ဝစနံယေဝ နိဂမေတိ" ဟု ဖွင့်၏၊ နိဂုံးဝါကျ၏ ထုံးစံကျ-မကျကို စဉ်းစားကြပါလေ။]

---

၁၆၅ ။ ။ သဒ္ဒပဝတ္တိနိမိတ်ဟူသော ဘာဝအနက်၌ ကျစသော ပစ္စည်း ( တ္တ ပစ္စည်း )သက်ပုံကို ဥဒါဟရဏ်ပြလို၍ "ဂေါတ္တံ "စသည်မိန့်၊ ဂေါတ္တံ ဒဗ္ဗသ ဂေါဇာတိ-(ဂေါသဒ္ဒါ၏အနက်ကို နွားဒြပ်ယူ၍) "ဂေါတ္တံ- နွားဒြပ်ကို သိသောဉာဏ်, ဂေါသဒ္ဒါ၏ ဖြစ်ခဲ့ရာ"ဟု ဆိုလျှင် "ဂေါတ္တံ"ပုဒ်အရ နွားဇာတ်ရ၏၊ တ္တပစ္စည်းလည်း ထိုနွားဇာတ်ကို ဟောရ၏။

www.dhammaransi.com



၁၆၆။ ဇာတျန္တေ ရုဠှိယာ ဟောတိ,
သမာသော တဒ္ဓိတော ကိတော၊
ဇာတျာန္တေ ဗျာဒယော ဟောန္တိ,
နစ သမ္ဗန္ဓကာဒိကေ။

၁၆၆။ (ယဒါ-အကြင်အခါ၌၊)သမာသော-သမာသ်သည်ဂုဏ်း၊ တဒ္ဓိတော-တဒ္ဓိတ်သည်ဂုဏ်း၊ ကိတော-ကိတ်သည်ဂုဏ်း၊ ဇာတျန္တေ-ဇာတ်အနက်၌၊ ရုဠှိယာ-အထင်ရုဠှီအားဖြင့်၊ ဟောတိ- ၏၊ (တဒါ-ထိုအခါ၌၊ ) ဗျာဒယော- ဗျူအစရှိသော ပစ္စည်းတို့သည်၊ ဇာတျာန္တေ- ဇာတ်အနက်၌၊ ဟောန္တိ၊ သမ္ဗန္ဓကာဒိကေ-သမ္ဗန်အစရှိသော အနက်၌၊ နစ ဟောန္တိ- မဖြစ်ကုန်သည်သာ။

**ဂေါတ္တံ ဇာတျာ ဂေါသရူပကံ။** ။ဂေါသဒ္ဒါ၏ အနက်ကို နွားဇာတ် ယူ၍ "ဂေါတ္တံ—နွားဇာတ်ကို သိသောဉာဏ်, နွားဇာတ်ကိုဟောသော ဂေါ သဒ္ဒါ၏ ဖြစ်ခဲ့ရာ"ဟု ဆိုလျှင် " ဂေါတ္တံ "အရ "ဂေါ" ဟူသော သုတိ ရ၏။ [ ဒဗ္ဗပဒတ္ထိကအလို ပဌမနည်းကိုပြ၍ , ဇာတိပဒတ္ထိကအလို ဒုတိယနည်းကို ပြဟန်တူသည်။]

**ဍိတ္ထတ္တံ ဍိတ္ထနာမတ္တံ။** ။"ဍိတ္ထတ္တံ"၌ ဍိတ္ထအရ နွားဖြစ်ကိုယူလျှင် ဍိတ္ထ ဟူသော နာမည်သည် သဒ္ဒပဝတ္တိနိမိတ် ဖြစ်၏၊ ဍိတ္ထနာမတ္တံ၌လည်း ဍိတ္ထတ္တံ ဟုပင် ဆိုလို၏၊ နာမည်ဟောဖြစ်ကြောင်း သိစေလို၍ နာမသဒ္ဒါ ထည့်သည်၊ ထိုဍိတ္ထတ္တံ၌ ဍိတ္ထအရ နွားတကောင်၏"ဍိတ္ထ " နာမည်ဝိသေသကို ယူလျှင် နွားအများနှင့် ဆက်ဆံသော ဍိတ္ထနာမည်သာမည ဇာတ်သည် သဒ္ဒပဝတ္တိ နိမိတ်ဖြစ်၏၊ [၁၄၆– "ဍိတ္ထော ဂေါ"စသော ဂါထာကို ကြည့်ပါ၊ ၁၄၇– ဂါထာလာ အပရေဝါဒကိုလည်း ဤ၌ယူ၍ ကောက်ပြပါလေ။]

---

၁၆၆။ " ဍိတ္ထတ္တံ၊ပေ၊အယံနယော" ဖြင့် "ရှေး၌ပြခဲ့သော နာမသဒ္ဒါ, သုက္ကစသော ဂုဏသဒ္ဒါ , သမာသ်- တဒ္ဓိတ်သဒ္ဒါ , ပါစကောစသော ကိတ် သဒ္ဒါတို့၌ ဤနည်းအတိုင်းသိပါလေ"ဟု ညွှန်ပြပြီး၍ ထိုနည်းအတိုင်း မဟုတ် တတ်ဘဲ ထူးခြားပုံကိုလည်း ပြလိုသောကြောင့်"ဇာတျန္တေ"စသော ဂါထာ တို့ကို (၁၇၀ ပုံစံတိုင်အောင်) မိန့်သည်၊ **သမာသ်** တဒ္ဓိတ် ကိတ်သဒ္ဒါတို့သည် အကြင်အခါ ဇာတိအနက်၌ ရုဠှီအားဖြင့် ဖြစ်၏၊ ထိုအခါ၌ ဗျူစသော ဘာဟော ပစ္စည်းများသည် " ဇာတိအနက်ကိုပင် ဟောကြရသည်၊ သမ္ဗန် စသောအနက်များကို မဟောကြ"ဟူလို။

www.dhammaransi.com



**သမာသော**။ ။[၁၆၉-ဂါထာလာ ပုံစံများကိုကြည့်ပါ။] အဿဿ-မြင်း၏၊ ကဏ္ဏော-နား၊ အဿကဏ္ဏော-မြင်း၏နား၊ ဤသို့ ဝိဂ္ဂြိုဟ်ပြုရသော "အဿကဏ္ဏော"သဒ္ဒါသည် မြင်း၏နားရွက်ကိုမဟော၊ အထင်ရုဠ္ဍီအားဖြင့် "အင်ကြင်းပင်"ဟူသမျှကိုဟောသော ဇာတိသဒ္ဒါဖြစ်၏၊ ထို့ကြောင့်"အဿကဏ္ဏဿ + ဘာဝေါ အဿကဏ္ဏတ္တံ" ဟု ဘာဝပစ္စည်းသက်သော အခါ ထိုတ္တပစ္စည်းသည် အင်ကြင်းပင်အမျိုးဇာတ်ကိုဟောရတော့၏၊ဝိဂ္ဂြိုဟ်တွင်းက သဝိဘတ်၏ သမ္ဗန်အနက်ကိုရင်း, မြင်း၏ နားဒြဗ်ကိုရင်း မဟော။ [ ရာဇပုရိသတ္တံ၌လည်း မင်းခစားယောကျ်ားဇာတ် ကိုသာ ဟော၍ , သဝိဘတ်၏ သမ္ဗန်အနက်ကိုရင်း, မင်းခစားယောကျ်ားဒြဗ်ကိုရင်း မဟော-ဟု သိပါ။]

**တဒ္ဓိတော**။ ။"ဟတ္ထော အဿ အတ္ထီတိ ဟတ္ထီ-နှာမောင်းတည်းဟူသော လက်အရှည်ကြီးရှိသော ဆင်"ဟူရာ၌ နှာမောင်းရှိမှုကို အကြောင်းပြု၍ ဟတ္ထီ သဒ္ဒါဖြစ်လာခဲ့သော်လည်း ကာလကြာသောအခါ နှာမောင်းကို ပဓာနမပြုဘဲ ဟတ္ထီသဒ္ဒါသည် အထင်ရုဠ္ဍီအားဖြင့် ဆင်ဟူသမျှကိုဟောသော ဇာတိသဒ္ဒါ ဖြစ်၏၊ ထိုအခါ "ဟတ္ထိတ္တံ"၌ တ္တပစ္စည်းသည် ယဿဟူသော သမ္ဗန်ကိုရင်း, နှာမောင်းဒြဗ်ကိုရင်း မဟောတော့ဘဲ, ဆင်အမျိုးဇာပ်ကိုသာ ဟောရတော့သည်၊ ဒဏ္ဍိတ္တံ၌လည်း ဒဏ္ဍီသဒ္ဒါသည် မူလက ဒုတ်ကိုင်သူကိုသာ ဟောသော်လည်း အထင်ရုဠ္ဍီအားဖြင့် ( ဒုတ်ကိုင်သူ ) လူအမျိုးဇာတ်ကို ဟောသော အခါ တ္တပစ္စည်းသည် သမ္ဗန်ကိုရင်း,ဒုတ်ကိုရင်း မဟောတော့ဘဲ ဒုတ်ကိုင်လေ့ရှိသော လူအမျိုးဇာတ်ကိုသာ ဟောရတော့သည်။

**ကိတော**။ ။"ကုမ္ဘကာရော" ဟူသော ကိတ်ပုဒ်၌ "ကရောတီတိ ကာရော"ဟု မူရင်းတုန်းက ကရဏကြိယာကို အကြောင်းပြု၍ ဖြစ်လာသော်လည်း အထင်ရုဠ္ဍီအားဖြင့် အိုးလုပ်သူဟူသမျှကိုဟောသော ဇာတိသဒ္ဒါဖြစ်၍ "ကုမ္ဘကာရတ္တံ"ဟု တ္တပစ္စည်းသက်သောအခါ အိုးထိန်းသည် ဇာတ်ကိုသာ ဟောရတော့၏၊ ကြိယာကိုရင်း , အိုးထိန်းသည်ဒြဗ်ကိုရင်း မဟောတော့၊ [သမ္ဗန္ဓကာဒိကေ၌ အာဒိဖြင့် ကြိယာ, ဒြဗ်စသည်ကိုယူ။] ဤပုံစံ၌ "ကုမ္ဘံ+ ကရောတီတိ ကုမ္ဘကာရော" ဟု ပြုရသဖြင့် သမာသ်လည်း ပါဝင်နေသောကြောင့် " ဂေါတ္တံ , ပါစကတ္တံ " တို့ကိုသာ " နောမတိ — ကိတ်ပုံစံအတွက် ငါတို့၏ သဘောကျဖြစ်သည် "ဟု ပုံစံတမျိုး ထုတ်လိမ့်မည်။

**ဂေါတ္တံ, ပါစကတ္တံ**။ ။" ဂစ္ဆတီတိ ဂေါ, ပစတီတိပါစကော " ဟု သွားခြင်း ချက်ခြင်း ကြိယာကို အကြောင်းပြု၍ ဖြစ်လာသော်လည်း အထင်ရုဠ္ဍီအားဖြင့် နွားဇာတ် , စဖိုသည်ဇာတ်ကို ဟောသော ဇာတိသဒ္ဒါဖြစ်၍ " ဂေါတ္တံ , ပါစကတ္တံ "၌ တ္တပစ္စည်းသည် နွားဇာတ် စဖိုသည်ဇာတ်ကိုသာ ဟော၏၊ ကြိယာကိုရင်း နွားဒြဗ် စဖိုသည်ဒြဗ်ကိုရင်း မဟော။

www.dhammaransi.com



၁၆၇။ သုက္ကာဒျ·ဘိန္နရူပေါစ, တဒ္ဓိတန္တောစ ကေဝလော၊
ဂုဏေဝါ ဇာတိယံဝါပိ, ပဝတ္တန္တိ ယထာရဟံ။

၁၆၇။ (ယဒါ - အကြင် အခါ၌၊) သုက္ကာဒိ - သုက္ကအစရှိသော သဒ္ဒါသည်၊[အာဒိဖြင့် နီလပီတစသော ဂုဏ်ဟော သဒ္ဒါများကိုယူ၊] အဘိန္နရူပေါစ-မကွဲပြားသောသဘောရှိသည်သော်ငှင်း၊တဒ္ဓိတန္တော စ–တဒ္ဓိတ်ပစ္စည်းအဆုံးရှိသည်သော်ငှင်း၊ ကေဝလောစ-သက်သက် ဂုဏ်ဟောသဒ္ဒါသည်သော်ငှင်း၊(ဟောတိ-၏၊)(တဒါ–ထိုအခါ၌၊ ဏျာဒယော–ဏျအစရှိသော ပစ္စည်းတို့သည်၊) ဂုဏေဝါ - ဂုဏ်၌ သော်ငှင်း၊ ဇာတိယံဝါပိ-ဇာတ်၌သော်ငှင်း၊ ယထာရဟံ-ထိုက်သည် အားလျော်စွာ၊ ပဝတ္တန္တိ–ဖြစ်ကုန်၏။

၁၆၇ ။ ။ [“သုက္ကတ္တံ ပါဝါရဿ, ဂုဏဿဝါ”ဟု လာလတ့် ပုံစံကို ကြည့်ပါ၊] “ပါဝါရဿ-အဝတ်၏+သုက္ကတ္တံ-သုက္ကသဒ္ဒါ, အဖြူဟု သိသော ဉာဏ်၏ဖြစ်ခဲ့ရာ” ဟု ဆိုလျှင် သုက္ကသဒ္ဒါသည် ဖြူသောအဝတ်ကိုဟော၏၊ “ဂုဏဿ–အဖြူဂုဏ်၏+သုက္ကတ္တံ”ဟု ဆိုလျှင် သုက္ကသဒ္ဒါသည် အဖြူဂုဏ် သက်သက်ကိုသာ ဟောသည်။]

**အဘိန္နရူပေါစ**။ ။[နည်း ၃ မျိုးရှိသောကြောင့် စသဒ္ဒါသည် ဝိကပ် အနက်ဟောတည်း၊ ] သုက္ကသဒ္ဒါက ဖြူသောအဝတ်ကို ဟောရာ၌ အဖြူ ဂုဏ်နှင့် ဂုဏီဒြဗ်ဖြစ်သော အဝတ်ကို မကွဲမပြား တသားထည်း သဘောရှိ သောကြောင့် “ အဘိန္နရူပ ”ဟု ဆိုသည်၊ “ နတ္ထိ+ဘိန္နရူပံ ( ကွဲပြားသော သဘောသည် )ဧတိ အဘိန္နရူပေါ”ဟု ပြု၊ ဥပစာ ၁၂ ပါးတွင်( ဂုဏ်ကို နာမည်တပ်သော်လည်း ဂုဏီဒြဗ်ကို အရကောက်ရသော )ဂုဏူပစာတည်း၊ အဘေဒဘေဒူပစာမှတပါးသော ဥပစာများကို “အဘေဒေါပစာ”ဟုလည်း ခေါ်၏၊ ထို အဘေဒေါပစာနှင့် ဤအဘိန္နရူပသည် သဘောတူပင်တည်း။

**တဒ္ဓိတန္တောစ** ။ ။ “ သုက္တေန + ယုတ္တော သုက္တော ” ဟု တဒ္ဓိတ် ဏပစ္စည်းဆုံးသောပုဒ် ဟု ယူလျှင်လည်း သုက္ကသဒ္ဒါသည် အဖြူဂုဏ်နှင့် ယှဉ်သော အဝတ်ကိုပင် ဟောနိုင်၏၊ ဤသို့ အဘိန္နရူပ တဒ္ဓိတန္တ ဖြစ်သော သုက္ကသဒ္ဒါနောင်“သုက္ကတ္တံ”ဟု တ္တပစ္စည်းသက်လျှင် ထိုတ္တပစ္စည်းသည် အဖြူ ဂုဏ်၌ ဖြစ်၏၊ ထို့ကြောင့် “ဂုဏေ ဝါ”ဟု ဆိုသည်၊ “သုက္ကဿ–ဖြူသော အဝတ်ဟုသိသောဉာဏ်,ဖြူသောအဝတ်ကိုဟောသောသုက္ကသဒ္ဒါ၏၊(အဘိန္န ရူပအနက်ပေးပုံ) ဝါ–အဖြူဂုဏ်နှင့်ယှဉ်သော အဝတ်ဟု သိသောဉာဏ်, ထို အဝတ်ကိုဟောသောသုက္ကသဒ္ဒါ၏ (တဒ္ဓိတန္တပေးပုံ) + ဘာဝေါ သုက္ကတ္တံ။

www.dhammaransi.com



၁၆၇။ သန္တသဒ္ဒေါ ဗျတိစာရိ-တသမ္ဗန္ဓေ ကြိယာယဝါ၊
ဝတ္တတေ ဝတ္တမာနောပိ, ဒဗ္ဗေ ကမ္မေ ဂုဏမှိစ။

၁၆၇။ သန္တသဒ္ဒေါ-သန္တသဒ္ဒါသည်၊ ဒဗ္ဗေ-ဒြဗ်အနက်၌၎င်း၊ ကမ္မေ-ကြိယာအနက်၌၎င်း၊ ဂုဏမှိစ-ဂုဏ်အနက်၌၎င်း၊ ဝတ္တမာနော ပိ – ဖြစ်ပါသော်လည်း၊ အဗျတိစာရိတ သမ္ဗန္ဓေဝါ – မကွေ မကွာ ယှဉ်သော သမ္ဗန်ကြောင့်သော်၎င်း၊ (အဗျတိစာရိတသမ္ဗန်ကို ပဝတ္တိ

ကေဝလော ။ ။ အဘိန္နရူပလည်း မဘက်, တဒ္ဓိတန္တလည်း မဘက်, အဖြူဂုဏ်သက်သက်ကိုဟောသော သုက္ကသဒ္ဒါနောင် တ္တပစ္စည်းသက်လျှင် ထို တ္တပစ္စည်းသည် အဖြူဂုဏ်သာမညဇာတ်၌ဖြစ်၏၊ ထို့ကြောင့်“ဇာတိယံ ဝါ” ဟု ဆိုသည်၊ ဤသို့ ထိုက်သလိုယူရသောကြောင့် “ ယထာရဟံ ”ဟုလည်း ဆိုသည်၊ ဇာတ်ကိုအရကောက်ရာ၌“သုက္ကဿ-အဝတ်၏ အဖြူဂုဏ် ဝိသေသကို သိသောဉာဏ်, အဖြူဂုဏ်ဝိသေသကိုဟောသော သုက္ကသဒ္ဒါ၏+ဘာဝေါ– ဖြစ်ခဲ့ရာ အဖြူဂုဏ်သာမညဇာတ်တည်း၊ သုက္ကတ္တံ—ဇာတ်”ဟု ပြု။

ဇာတိယံ ဝါ၊ ။ ။ အပိသဒ္ဒါဖြင့် သုက္ကသဒ္ဒါသည် အဖြူဂုဏ်သာမည ဇာတ်ကိုဟောလျှင် သုက္ကတ္တံ၌ တ္တပစ္စည်းသည် “ သုတ် + ကော ” ဟူသော သုတိ၌ဖြစ်၏-ဟုလည်း ဆည်းပါ။ [ အပိသဒ္ဒေန ယဒါ ဂုဏဇာတိဝါစကော၊ တဒါ သရူပေ ဟောန္တိ၊—ဒီပနီ။ ]

---

၁၆၇။ ဒဗ္ဗေ, ကမ္မေ, ဂုဏမှိစ။ ။“သန္တောပုရိသော-သူတော်ကောင်း ယောကျ်ား ” ဟူရာ၌ ( သမုဓာတ်, တပစ္စည်းဖြစ်သော ) သန္တသဒ္ဒါသည် သူတော်ကောင်းဒြဗ်ကို ဟော၏၊ “ သန္တော သံဝိဇ္ဇမာနာ လောကသ္မိံ – လောက၌ ထင်ရှားရှိကုန်၏” ဟူရာ၌ (အသဓာတ်, အန္တပစ္စည်းဖြစ်သော) သန္တသဒ္ဒါသည် ထင်ရှားရှိခြင်းကြိယာကို ဟော၏၊“သန္တော ပါပေတိ သုဂ္ဂတိံ – ကောင်းသော ကုသိုလ်တရားသည် သုဂတိသို့ ရောက်စေ၏ ” ဟူရာ၌ (သမု, တ) သန္တသဒ္ဒါသည် အကောင်းဂုဏ်ကို ဟော၏၊ ဤသို့ ဒီပနီဖွင့်၏။

သို့သော် ထို ၃ မျိုးလုံးသည် အသဓာတ် အန္တပစ္စည်းဖြင့်ပြီးသော သဒ္ဒါ ချည်း မဟုတ်၊ သမုဓာတ် , တပစ္စည်းဖြင့်လည်း ပြီး၏၊ နောက်( ၁၇၀ ) ဂါထာ “သတော ဝတ္တုံဿ သတ္တာ”ဟူသော ပုံစံ၌ကား အသဓာတ်, အန္တပစ္စည်း ဖြင့်ပြီးသော သန္တသဒ္ဒါကိုသာ ပြထား၏၊ ထို့ကြောင့် ဒီပနီဖွင့်ကို မလိုက်ဘဲ အသဓာတ်, အန္တပစ္စည်းဖြင့်ပြီးသော သန္တသဒ္ဒါ တခုထည်းသည်ပင် ဒြဗ် , ကြိယာ, ဂုဏ်ကို ဟောသည်-ဟု ယူသင့်သည်။

www.dhammaransi.com



နိမိတ်ပြု၍ သော်၎င်း-ဟူလို၊)ကြိယာယဝါ-ကြိယာကြောင့်သော်၎င်း၊ (ကြိယာကို ပဝတ္တိနိမိတ်ပြု၍သော်၎င်း - ဟူလို၊) ဝတ္တတေ – ဖြစ်၏၊ “တဒါ–၌၊ ဏျာဒယော–တို့သည်၊ အဗျဘိစာရိတသမ္ဗန္ဓေဝါ–အဗျဘိစာရိတသမ္ဗန်၌၎င်း၊ ကြိယာယဝါ-၌၎င်း၊ ဟောန္တိ”ဟုထည့်ပေး။

**ဝတ္တမာနေဝါတိ** ။ ။ ဤသို့ အနက် ၃ မျိုးဟောလျှင် ဒြဗ်ကိုဟောခိုက် သဒ္ဒါ၏ ပဝတ္တိနိမိတ်သည် ထိုဒြဗ်၏ အမျိုးဇာတ်သည်၎င်း, ကြိယာကို ဟောခိုက် ကြိယာသာမညဇာတ်သည်၎င်း, ဂုဏ်ဝိသေသကိုဟောခိုက် ဂုဏ်သာမညဇာတ်သည်၎င်း သဒ္ဒါ၏ဖြစ်ကြောင်း ပဝတ္တိနိမိတ်ဖြစ်သင့်သည် မဟုတ်လော–ဟု မေးဘွယ်ရှိသောကြောင့် “ဝတ္တမာနေဝါတိ”ဟု ပိသဒ္ဒါဖြင့် မိန့်သည်၊ အနက်သုံးမျိုးကိုဟောသော်လည်း သဒ္ဒပဝတ္တိနိမိတ်မှာ သုံးမျိုး မရှိ၊ “အဗျဘိစာရိတသမ္ဗန်နှင့် ကြိယာ”ဟု ၂ မျိုးသာရှိသည်-ဟူလို။

**အဗျဘိစာရိတ၊ပေ၊ ကြိယာယဝါ** ။ ။ ထို သဒ္ဒါသည် အဗျဘိစာရိတသမ္ဗန်ကြောင့်သော်၎င်း, ကြိယာကြောင့်သော်၎င်း ဖြစ်၏၊[နိမိတ္တတ္ထေ သတ္တမီ၊– ဒီပနီ။ ] ထို့ကြောင့် “သဒ္ဒါနောင် ဘာဝပစ္စည်းသက်သောအခါ ထို ဘာဝပစ္စည်းလည်း အဗျဘိစာရိတသမ္ဗန်ကို ဖြစ်စေ, ကြိယာကို ဖြစ်စေ ဟောရသည်” ဟူလို။

**အဗျဘိစာရိတ သမ္ဗန္ဓေ**။ ။ဗျဘိစာရ၌“ဝိ+အဘိ+စာရ”ဟု ခွဲ၊ ဝိသေသန– အထူးအားဖြင့်+ အဘိမုခံ– ရှေးရှု+စရဏံ– ဖြစ်ခြင်းတည်း၊ ဗျဘိစာရော – ခြင်း၊ မလိုရာအနက်တို့၏ ရှေ့ရှုပါဝင်လာခြင်းကို ( တနက်ထည်း မဟုတ်ခြင်းကို ) “ဗျဘိစာရ”ဟု ခေါ်၏၊ ဗျဘိစာရောဧဝ+ဗျဘိစာရိတော ( သွတ္တ၌ ဣတပစ္စည်း၊ ) န + ဗျဘိစာရိတော အဗျဘိစာရိတော၊ အများနှင့် မဆက်ဆံဘဲ မိမိနှင့်သာ အမြဲမကင်းသောသမ္ဗန်–ဟူလို၊ ထို့ကြောင့် “ အဝိယောဂသမ္ဗန္ဓေဝါ” ဟု ဒီပနီဖွင့်သည်။ [ ထင်ရှားရှိခြင်းကြိယာနှင့် ထင်ရှားရှိသော ဒြဗ်၏၎င်း , ထင်ရှားရှိသော ကြိယာဝိသေသနှင့် ထင်ရှားရှိသော ဂုဏ်တို့၏၎င်း, အမြဲယှဉ်ခြင်းကို အဗျဘိစာရိတသမ္ဗန် ဟု ခေါ်သည်။]

**ကြိယာယဝါ**။ ။(၁၇၀) ဂါထာ၌ “သတော ဝတ္တု၊သ သတ္တာ”ဟု ပုံစံထုတ်၏၊ ထို၌“သတော+ဘာဝေါ သတ္တာ”ဟု ဆိုလိုရင်းမှတ်၊“အသတိ ဘဝတိ–ထင်ရှားဖြစ်၏၊ ဣတိ သန္တော”ဟု ဝိဂ္ဂဟပြုရသော သန္တသဒ္ဒါသည် ထင်ရှားရှိခြင်း ကြိယာကိုဖြစ်စေ, အဗျဘိစာရိတသမ္ဗန်ကိုဖြစ်စေ အကြောင်းပြု၍ဖြစ်၏၊ ထိုအခါ “သတ္တာ၌ တာပစ္စည်းလည်း ထို အဗျဘိစာရိတသမ္ဗန်ကို၎င်း, ကြိယာကို၎င်း ဟောသည်”ဟူလို။ [ ဒီပနီ၌ ကြိယာယဝယ် နိဂ္ဂဟိတ် ချေထားသည်-ဟု ဖွင့်၏၊ ကြိယာယပုဒ်လည်း သတ္တမျန္တ ဖြစ်နိုင်သည်သာ။]

www.dhammaransi.com



၁၆၉။ ယထာ-သာကဏ္ဏတ္တံ ရာဇ-ပုရိသတ္တဉ္စ ဟတ္ထိတ္တံ၊
ဒဏ္ဍိတ္တံ ကုမ္ဘကာရတ္တံ, ဂေါတ္တမိစ္စေဝ နောမတိ။
၁၇၀။ ပါစကတ္တဉ္စ သုက္ကတ္တံ, ပါဝါရဿ ဂုဏဿဝါ၊
သတော ဝတ္ထုဿ သတ္တာစ, ကမ္ဗည့် ဒေဝတာတိစ။

၁၆၉,၁၇၀။ ယထာ-ဥဒါဟရုဏ်အဘယ်နည်း၊အသာကဏ္ဏတ္တံ၊ပေ၊ဒေဝတာတိစ-အသာကဏ္ဏတ္တံ၊ပေ၊ဒေဝတာ ဟူသည်တို့တည်း၊ [အသာကဏ္ဏတ္တံ-အင်ကြင်းပင် ဟု သိသော ဉာဏ်, အင်ကြင်းပင်ကို ဟောသော အသာကဏ္ဏသဒ္ဒါ၏ ဖြစ်ခဲ့ရာ၊ (ဤသို့ချည်း အကျယ်ပေးပါ၊ ရှေ့၌လည်း ပေးခဲ့ပြီ၊ နောက်၌ အကျဉ်းသာ ပေးမည်။) ရာဇပုရိသတ္တံ – မင်းချင်းယောကျ်ား၏ အဖြစ်၊ ဟတ္ထိတ္တံ – ဆင်၏ အဖြစ်၊ ဒဏ္ဍိတ္တံ- ဒုတ်ရှိသူ၏ အဖြစ်၊ ကုမ္ဘကာရတ္တံ-အိုးထိန်းသည်၏အဖြစ်၊ ဂေါတ္တံ ဣစ္စေဝ – ဂေါတ္တံ ဟူသည်လည်း ဖြစ်သော၊ ပါစကတ္တဉ္စ– ပါစကတ္တံဟူသည်လည်း ဖြစ်သော၊ ဣမာနိ- ဤဥဒါဟရုဏ်တို့သည်၊ နော-သဒ္ဒမ္ဗသိရီဆရာ ငါတို့၏၊ မတိ-အလိုရှိအပ်သော ဥဒါဟရုဏ်တည်း၊ ဂေါတ္တံ- နွား၏ အဖြစ်၊ ပါစကတ္တံ-စဖိုသည်၏ အဖြစ်၊ ပါဝါရဿ- အဝတ်၏၊ သုက္ကတ္တံ- ဖြူသောအဝတ်၏ အဖြစ်၊ (အဘိန္နရူပဖြစ်သော, တနည်း-တဒ္ဓိတန္တဖြစ်သော သုက္ကသဒ္ဒါသည် အဖြူဂုဏ်ရှိသော အဝတ်ဒြဗ်ကို ဟောသည်၊) ဝါ- တနည်း၊ ဂုဏဿ-အဖြူဂုဏ်၏၊ သုက္ကတ္တံ–အဖြူဂုဏ်၏အဖြစ် (ကေဝလဖြစ်သောသုက္ကသဒ္ဒါကား အဖြူဂုဏ်ကို ဟောသည်၊) သတော- ထင်ရှားရှိသော၊ ဝတ္ထုဿ - ဝတ္ထု၏၊ သတ္တာ – ထင်ရှားရှိသောဝတ္ထုဟု သိသောဉာဏ် , ထင်ရှားရှိသောဝတ္ထုကို ဟောသော သန္တသဒ္ဒါ၏ဖြစ်ခဲ့ရာ၊ ကမ္ဗည့်-အမှု၌ကောင်းသည်၊ ဒေဝတာ-နတ်။]

၁၆၉, ၁၇၀ ။ ။ ဤ ၂ ဂါထာသည် " ဇာတျာဒွေ ရူဠှိယာ ဟောတိ " စသော ၃ ဂါထာ၏ပုံစံတည်း၊ ဤပုံစံများ၏ အဓိပ္ပါယ်ကို ရှေ့ဆိုင်ရာစကား ရပ်၌ ပြခဲ့ပြီ၊ "သတောဝတ္ထုဿ"၌ ဝတ္ထုဟူရာဝယ် ဒြဗ်ဝတ္ထု, ကြိယာဝတ္ထု, ဂုဏ်ဝတ္ထုများ ပါဝင်နိုင်၏၊ ထို့ကြောင့် "သတော–ထင်ရှားရှိသော ဒြဗ်၏, ကြိယာ၏, ဂုဏ်၏"ဟု မှတ်၊ ကမ္ဗည့် ဒေဝတာတို့ကား ထို ၃ ဂါထာ၏ ပုံစံ မဟုတ်၊ (၁၆၂)လာ "တထာ သာခုသကတ္တကေ"၏ ပုံစံတည်း။

www.dhammaransi.com



၁၇၁။ ယထာကထဉ္စိ ဗျုပ္ပတ္တိ, ရုဠ္ဟိယာ အတ္တနိစ္ဆယော၊
ဉာတိ ရုဠ္ဟိ ပသိဒ္ဓေန, ဗျုပ္ပတ္တိ ယေနကေနစိ။

ယထာကထဉ္စိ ဗျုပ္ပတ္တိ, ရုဠ္ဟိယာ အတ္တနိစ္ဆယော ဉာတိ - ယထာကထဉ္စိ၊ပေ၊အတ္တနိစ္ဆယော ဟူသော ပရိဘာသာနှင့်အညီ၊ ပသိဒ္ဓေန- ထင်ရှားသော အားဖြင့်၊ ရုဠ္ဟိ – နာမည်၏ တက်ရောက်ခြင်းသည်၊ (ဟောတိ)၊ယေနကေနစိ-အမှတ်မထား တပါးပါးသော အကြောင်းကြောင့်၊ ဗျုပ္ပတ္တိ-ဝိဂ္ဂြိုဟ်ဝစနတ်ဟူသော ဗျုပ္ပတ်သည်၊(ဟောတိ)၊ [ယထာကထဉ္စိ-အမှတ်မထား တပါးပါးသော အကြောင်းကြောင့်၊ ဗျုပ္ပတ္တိ – သည်၊ ဟောတိ-၏၊ ရုဠ္ဟိယာ – အထင်ရုဠ္ဟိအားဖြင့်၊ အတ္တ ဝိနိစ္ဆယော- အနက်ကို ဆုံးဖြတ်ရခြင်းသည်၊ ဟောတိ-၏။]

၁၇၁ ။ ။ " အဿကဏ္ဏော – အင်ကြင်းပင် "ဟူရာ၌ "အဿဿ+ ကဏ္ဏော " ဟု အဘယ်နည်းဖြင့် ဝိဂ္ဂြိုဟ်ဖြစ်နိုင်သနည်း၊ ထိုသို့ ဝိဂ္ဂြိုဟ်ဖြစ်နိုင် ပြန်လျှင် အဘယ်နည်းဖြင့် " အင်ကြင်းပင်"ဟူသော အနက်ကို အဿကဏ္ဏ သဒ္ဒါက ဟောနိုင်သနည်း – ဟု မေးဘွယ်ရှိသောကြောင့် "ယထာကထဉ္စိ" စသည်မိန့်၊ ဤပရိဘာသာသည် ရှေးကရှိပြီးသော ပရိဘာသာတည်း၊ ထို ပရိဘာသာ၏ဆိုလိုရင်းကား"သင့်တော်သော အကြောင်းတစုံတရာကြောင့် ဗျုပ္ပတ္တိခေါ်သော ဝိဂ္ဂြိုဟ်ဝါကျဖြစ်၏၊ပုဒ်၏အနက်ကိုကား အထင်ရုဠ္ဟိအားဖြင့် (အများစိတ်၌ ထင်ရှားရာ နားလည်ရာလိုက်၍) ဆုံးဖြတ်ရသည်"ဟူလို။

ထို့ကြောင့် မြင်း၏နားရွက်နှင့်တူပုံကို အကြောင်းပြု၍ " အဿဿ + ကဏ္ဏော"ဟု ဝိဂ္ဂြိုဟ် (ဗျုပ္ပတ္တိ) ဖြစ်၏၊ အနက်ကို ဆုံးဖြတ်သောအခါ၌ကား မြင်း၏ နားရွက်ကို မယူရ၊ " အင်ကြင်းပင် " ဟူသောအနက်၌ အဿကဏ္ဏ သဒ္ဒါက ( ပါဠိနားလည်သူတို့၏နယ်မှာ အများအသုံး အဖြစ်ဖြင့်) ထင်ရှားပြီး ဖြစ်သောကြောင့် အထင်ရုဠ္ဟိအားဖြင့် အင်ကြင်းပင်အနက်၌ ဆုံးဖြတ်ရသည်။

" ဂေါ "စသော ပုံစံ၌လည်း သွားခြင်းကြိယာကို ဗျုပ္ပတ္တိနိမိတ်လုပ်၍ "ဂစ္ဆတီတိ ဂေါ"ဟု ဝိဂ္ဂြိုဟ်လုပ်ရသော်လည်း အနက်ကိုဆုံးဖြတ်သောအခါ သွားတတ်သောသတ္တဝါတိုင်း၌ မဆုံးဖြတ်ဘဲ အများအသုံးအားဖြင့် ထင်ရှား ပြီးဖြစ်သော နွားသတ္တဝါ၌သာ ဆုံးဖြတ်ရသည်၊ ဤသို့ စသည်ဖြင့် " ဟတ္ထီ, အဿော"စသောပုဒ်များ၌လည်း တစုံတခုအနက်ကို အကြောင်းပြု၍ ဗျုပ္ပတ္တိ (ဝိဂ္ဂြိုဟ်) ဖြစ်ပုံ, အနက်အရကောက်သောအခါ ထိုဝိဂ္ဂြိုဟ်အနက်နှင့်ဆိုင်သမျှကို မယူရဘဲ အထင်ရုဠ္ဟိအားဖြင့် ယူရပုံကို သိပါ။

www.dhammaransi.com



၁၇၂။ ယေ ယုတ္တဏ္ဍေသု ဇာယန္တိ,
ဘိယျော·ပေက္ခဏာသတ္တိယာ၊
ဘာဝတော တေဟိ တေ ဥတ္တာ,
အနုတ္တာ တဒဘာဝတော။

၁၇၂။ ယေ-အကြင် သမာသ် တဒ္ဓိတ် အာချာတ် ကိတ် သဒ္ဒါတို့သည်၊ ဘိယျော- များသောအားဖြင့်၊ အပေက္ခဏာသတ္တိယာ-ငဲ့ခြင်း သတ္တိ၏၊ ဘာဝတော-ရှိခြင်းကြောင့်၊ ယုတ္တအဏ္ဍေသု-အကြင်ကတ္တား အစရှိသော အနက်တို့၌၊ ဇာယန္တိ- ဖြစ်ကုန်၏၊ တေဟိ-ထို သမာသ် တဒ္ဓိတ် အာချာတ် ကိတ်သဒ္ဒါတို့သည်၊ တေ- ထိုကတ္တားအစရှိသော အနက်တို့ကို၊ ဥတ္တာ-ဟောအပ်ကုန်၏၊ တဒဘာဝတော-ထိုအပေက္ခဏာသတ္တိ၏ မရှိခြင်းကြောင့်၊ အနုတ္တာ-မဟောအပ်ကုန်။

၁၇၂။ ။"ဏျစသောပစ္စည်းတို့သည် ဘော (သဒ္ဒပဝတ္တိနိမိတ်)အနက်ကို ဟောကုန်၏"ဟူသော စကားနှင့်စပ်၍ ဥတ္တ-အနုတ္တ (ဝုတ္တ-အဝုတ္တ) အဖြစ်ကို လည်း ပြလိုသောကြောင့် "ယေ ယုတ္တဏ္ဍေသု "စသည်မိန့်၊ ဆိုလိုရင်းကား— "သမာသ် တဒ္ဓိတ် အာချာတ် ကိတ် သဒ္ဒါတို့၏ဖြစ်ရာ ကတ္တားစသော အနက်တို့သည် ဟောအပ်သော ဥတ္တ (ဝုတ္တ) အနက်များဖြစ်ကြ၏၊ သမာသ် တဒ္ဓိတ် အာချာတ် ကိတ်တို့၏ ဖြစ်ရာမဟုတ်သောအနက်များကား အနုတ္တ (အဝုတ္တ) အနက်များ ဖြစ်ကြသည် "—ဟူလို။

**အပေက္ခဏာ၊ ပေ၊ တဒဘာဝတော။** ။အဘယ့်ကြောင့် ဝုတ္တ-အဝုတ္တဟု သိအပ်ကုန်သနည်း—ဟု မေးဘွယ်ရှိသောကြောင့် " အပေက္ခဏာ ၊ ပေ ၊ တဒ ဘာဝတော " ဟု မိန့်သည်၊ တိဝိဘတ်သည် ကတ္တားအနက်ကို ဟောဘို့ရန် သဒ္ဒထုံးစံအားဖြင့် ငဲ့မှုအပေက္ခဏာသတ္တိ ရှိ၏၊ ကတ္တားအနက်ကလည်း တိ ဝိဘတ်၏ အဟောခံဘို့ရန် ငဲ့မှုအပေက္ခဏာသတ္တိ ရှိ၏၊ ဤသို့ အချင်းချင်းငဲ့မှု အပေက္ခဏာသတ္တိထင်ရှားရှိသောကြောင့်"တိဝိဘတ်သည် ကတ္တားအနက်ကို ဟော၏"ဟု သိနိုင်သည်၊ သမာသ်စသည်တို့၌ အပေက္ခဏာသတ္တိရှိပုံကို ချဲ့ထွင် သိပါလေ၊ ထိုသို့ အပေက္ခဏာသတ္တိမရှိသောကြောင့်"အဝုတ္တ"ဟု သိရသည်။

**ဘိယျော ။** ။ပစ္စတော္ဘ ဘာဂကမ္မေသုယောသုတ်ဖြင့် သက်အပ်သော ယပစ္စည်းနှင့် ဘောကံအနက်တို့သည် အချင်းချင်း အပေက္ခဏာသတ္တိ ရှိကြ၊ ယပစ္စည်းသည် ရုပ်ပြီးရုံအကျိုးငှါသာ သက်ရ၏၊ ဘောကံအနက်ကို မဟော၊ ထို့ကြောင့် ထိုယပစ္စည်းမျိုးကို တားမြစ်လို၍"ဘိယျော—များသောအားဖြင့် အပေက္ခဏာသတ္တိ ရှိသည် " ဟု ဆိုသည်။

www.dhammaransi.com



၁၇၃။ သဗာဟိရဇ္ဈတ္တအန္တောဇ္ဈာ,
ပေက္ခော·နုဇ္ဇတ္တဇ္ဈဒ္ဒါရတော၊
သဒ္ဒေါ်သန္တောဇ္ဈတ္တဗာဟျဇ္ဈာ,
ပေက္ခော·ဥဇ္ဈေတ္တာတိ လက္ခဏံ။

၁၇၃။ သဗာဟိရဇ္ဈတ္တအန္တောဇ္ဈာပေက္ခော – အပ အနက်နှင့် တကွဖြစ်သော အတွင်းအနက်ကို ငဲ့သော၊ သဒ္ဒေါ-သဒ္ဒါသည်၊ အတ္တဒ္ဒါရတော – အနက်ဟူသော အကြောင်းကြောင့်၊ ဝါ - အနက်ကို အကြောင်းပြုသဖြင့်၊ အနုတ္တော-အနုတ္တမည်၏၊ ဝါ- အဝုတ္တမည်၏၊ သန္တောဇ္ဈတ္တဗာဟျဇ္ဈာပေက္ခော – အတွင်း အနက်နှင့် တကွဖြစ်သော အပြင် အနက်ကို ငဲ့သော၊ သဒ္ဒေါ – သဒ္ဒါသည်၊ အတ္တဒ္ဒါရတော-ကြောင့်၊ ဝါ- သဖြင့်၊ ဥတ္တော–ဥတ္တမည်၏၊ ဝါ- ဝုတ္တမည်၏၊ ဣတိ လက္ခဏံ–ဤသို့သော လက္ခဏာသည်၊ ဟောတိ–ဖြစ်၏။

၁၇၃။ ။ "အပေက္ခာဏသတ္တိယာ ဘာဝတော" ဟူသော စကားအရ အပေက္ခာဏသတ္တိရှိခြင်း မရှိခြင်း၏ လက္ခဏာကို အဘယ်သို့မှတ်ရမည်နည်းဟု မေးဘွယ်ရှိသောကြောင့် " သဗာဟိရဇ္ဈ " စသည်မိန့်၊ အပအနက်နှင့်တကွ ဖြစ်သော အတွင်းအနက်ကိုငဲ့သော သဒ္ဒါသည် အနုတ္တ (အဝုတ္တ) သဒ္ဒါဖြစ်၏၊ အတွင်းအနက်နှင့် တကွဖြစ်သော အပအနက်ကိုငဲ့သော သဒ္ဒါသည် ဥတ္တ (ဝုတ္တ) သဒ္ဒါ ဖြစ်သည်၊ဤသို့ အပြင်အနက်နှင့်တကွ အတွင်းအနက်ကိုငဲ့ခြင်း, အတွင်းအနက်နှင့်တကွ အပြင်အနက်ကိုငဲ့ခြင်းသည် "အပေက္ခာဏသတ္တိယာ ဘာဝတော " ဟူသော ရှေ့ဂါထာလာ စကား၌ အပေက္ခာဏသတ္တိရှိ – မရှိ၏ အထိမ်းအမှတ် လက္ခဏာဖြစ်သည်၊ ဆိုလိုရင်းကား– "အတွင်းအနက် တခုထည်းကိုသာဖြစ်စေ,အပြင်အနက်တခုထည်းကိုသာဖြစ်စေ ငဲ့ရုံဖြင့် အပေက္ခာဏ မဟုတ်သေး၊ ပြခဲ့သည့်အတိုင်း အစုံငဲ့ခြင်းကို အပေက္ခ ဟု ဆိုလိုသည်"ဟူလို။ ထိုသို့ငဲ့ပုံမှာ နောက်ဂါထာလာ ပုံစံ၌ ထင်ရှားလတ့်။]

အတ္တဒ္ဒါရတော။ ။"ဥတ္တ,အနုတ္တ–ဟောအပ်, မဟောအပ်"ဟူသော အမည်သည် အနက်၏အမည် မဟုတ်ပါလော့၊ အဘယ်ကြောင့် " သဒ္ဒေါ အနုတ္တော, သဒ္ဒေါ ဥတ္တော (သဒ္ဒါကို ဥတ္တ အနုတ္တ )"ဟု ဆိုအပ်ပါသနည်းဟု မေးဘွယ်ရှိသောကြောင့် " အတ္တဒ္ဒါရတော " ဟု မိန့်သည်၊ အနက်က ဥတ္တ ဖြစ်လျှင် ထိုအနက်ကို အကြောင်းပြု၍ ကာရဏူပစာရအားဖြင့် သဒ္ဒါကိုလည်း ဥတ္တဟု ဆိုရသည်၊ အနက်က အနုတ္တဖြစ်လျှင်လည်း ထိုအတူပင် သဒ္ဒါကိုလည်း အနုတ္တဟု ဆိုရသည်–ဟူလို။

www.dhammaransi.com



၁၇၄။ သုရူပေနာ'ဘိရူပေါ ကော,သော နရော ဓညတော ဓနဝါ နရော ပစ္စတေ သူဒေ-နောဒနော ပစိတော တိစ။

၁၇၄။ သုရူပေန-ကောင်းသော အဆင်းအားဖြင့်၊ အဘိရူပေါ-ထူးကဲသော အဆင်းရှိသူ၊ ဝါ- လွန်ကဲသော အဆင်းရှိသူ၊ သော-ထိုလွန်ကဲသော အဆင်းရှိသူဟူသည်၊ ကော-အဘယ်သူနည်း၊ နရော-လူတည်း၊ ဓညတော - စပါးအားဖြင့်၊ ဓနဝါ - ဥစ္စာရှိသူ၊ နရော-လူတည်း၊ သူဒေန - စဖိုသည်သည်၊ ဩဒနော - ထမင်းကို၊ ပစ္စတေ-ချက်အပ်၏၊ (သူဒေန-သည်၊ ဩဒနော-ကို၊)ပစိတော-ချက်အပ်၏၊ ဣတိစ-ဤသည်တို့ကား၊(ဥဒါဟရဏာနိ- တို့တည်း။)

၁၇၄။ ။"ယေ ယတ္ထတ္တေသု-စသော ဂါထာ၏ပုံစံကို ပြလို၍"သုရူပေန" စသည်မိန့်၊ "သုရူပေန၊ပေ၊နရော"သည် သမာသ်၏ပုံစံ, "ဓညတော ဓနဝါ နရော "သည် တဒ္ဓိတ်၏ပုံစံ, " ပစ္စတေ ၊ပေ၊ ပစိတော "တို့ကား အာချာတ်ကိတ်တို့၏ ပုံစံတည်း၊ လိင်္ဂဓာတ်ဟူသော ပကတိ၏ အနက်သည် အတွင်းကျသော သဒ္ဒါ၏ အနက်ဖြစ်သောကြောင့် အန္တတ္ထ ( အတွင်းနက် )မည်၏၊ ဒုတိယာစသော ဝိဘတ်နှင့်ပစ္စည်းတို့၏ အနက်သည် အပြင်ကျသော သဒ္ဒါ၏ အနက်ဖြစ်သောကြောင့် ဗာဟျတ္ထမည်၏။

အန္တတ္ထော ဗာဟျတ္ထောစ, ဒုဝိဓော ဟောတိ သဒ္ဒတ္ထော၊
ပကတျတ္ထေတ္ထ အန္တတ္ထော, ဗာဟျတ္ထော ဒုတိယာဒျတ္ထော။

**သုရူပေန အဘိရူပေါ နရော။** ။ [အဘိ (ဝိသိဋ္ဌံ) + ရူပံ ယဿာတိ အဘိရူပေါ။] သုရူပေန၌ နာဝိဘတ်၏ ( အားဖြင့်- ပေးရသော ) ဝိသေသန အနက်သည် ဗာဟျတ္ထ, အဘိရူပ၏"ထူးသောအဆင်း"ဟူသောအနက်သည် အန္တတ္ထ, " ထူးသောအဆင်းရှိသူ " ဟူသော ယဿ၏ သမ္ဗန်အနက်သည် ဗာဟျတ္ထ, နရော၌"လူ"ဟူသောအနက်သည် အန္တတ္ထ, သိဝိဘတ်၏အနက်ဖြစ်သော ဗာဟျတ္ထကား အထူး မရှိ , နရ၏ အန္တတ္ထဖြစ်သော လိင်္ဂတ္ထကို ထွန်းပြရုံသာ။

**အချင်းချင်းငဲ့ပုံ ။** ။ သုရူပေန၏အနက်နှင့် အဘိရူပ၏အနက်သည် အချင်းချင်းငဲ့၏၊ " ကောင်းသောအဆင်းအားဖြင့် လွန်ကဲသောအဆင်း" တည်း၊ လွန်ကဲသောအဆင်းဟူသည်လည်း အကောင်းဘက်ကလွန်ကဲသော "ကောင်းသောအဆင်းပင်"တည်း-ဟူလို၊ အဘိရူပ၏သမ္ဗန်အနက်နှင့် နရ၏ အနက်လည်း အချင်းချင်းငဲ့၏၊ " လွန်ကဲသောအဆင်း ရှိသူ " ဟူသည် လူတည်း၊ "လူ"ဟူသည်လည်း လွန်ကဲသောအဆင်း ရှိသူပင်တည်း–ဟူလို။

www.dhammaransi.com



ဤသမာသ်ပုံစံ၌ " အဘိရူပေါ "သာ လိုရင်း၊ ထို့ကြောင့် သုရူပေန၏ ဗာဟျတ္ထနှင့်တကွ အဘိရူပ၏လွန်ကဲသောအဆင်းဟူသော အန္တတ္ထကိုငဲ့သော ( သမာသ်မပြီးမီ ) အဘိ + ရူပသဒ္ဒါသည် အနုတ္တတည်း၊ " သဗာဟိရတ္ထ အန္တော်တ္ထာ·ပေက္ခာနုတ္တော "ကို ထောက်ပါ၊ နရော၏ အန္တတ္ထနှင့်တကွ, "လွန်ကဲသောအဆင်းရှိသူ " ဟူသော ဗာဟျတ္ထကိုငဲ့သော (သမာသ်ပြီးပြီး သော ) အဘိရူပသဒ္ဒါသည် ဥတ္တတည်း၊ " သန္တော်တ္ထဗာဟျတ္ထာပေက္ခော ဥတ္တော"ကိုထောက်ပါ။

**မှတ်ချက်**။ ။ဤဘေဒစိန္တာအဆိုသည် ပြောရိုးအမိပ္ပါယ် မဟုတ်သော ကြောင့် စာသင်သားတို့မှာ ခက်ဘွယ်ဖြစ်နေ၏၊ သို့သော် " အဘိရူပေါ"၌ သမ္ဘန်အနက်ဟူသော ဗာဟျတ္ထသည် ဝုတ္တ (ဝါစ္စ) ဖြစ်၍ , " အဘိရူပေါ " ဟူသော သမာသ်ပုဒ်ကား ထို သမ္ဘန်အနက်ကို ဟောသော ဝါစကသဒ္ဒါ တည်း-ဟု ပြောရိုးအမိပ္ပါယ်နှင့် သဘောတူပင်ဖြစ်ပါသည်၊ ထို့ကြောင့်"အဘိ ရူပေါ"ပုဒ်ကိုမူရင်းထား၍"သုရူပေန"ဟူသောဧွဝိသေသနပုဒ်နှင့်"နရော" ဟူသောအဘိဓေယျပုဒ်များကို အခြံအရံလုပ်ပြီးလျှင် အမိပ္ပါယ်မှတ်ရာပါသည်။

**ခညတော ခနဝါ နရော**။ ။ ဤတဒ္ဓိတ်ပုံစံ၌လည်း " ခနဝါ " သာ လိုရင်းတည်း၊ ခညတောနှင့်ခနသည်ငှင်း, "ခနံ ယဿ အတ္ထီတိ ခနဝါ" ဟု ဝိဂ္ဂဟပြု၍ ယဿဟူသော သမ္ဘန်နှင့် နရောသည်ငှင်း အရတူ၏၊ အန္တတ္ထဗာဟျ တ္ထနှင့် အနုတ္တဥတ္တဖြစ်ပုံကို သမာသ်ပုံစံအတိုင်း ခွဲပါ။

**သူဒေန ဩဒနော ပစ္စတေ**။ ။ ဤအာချာတ်ပုံစံ၌ " ပစ္စတေ "သာ လိုရင်းတည်း၊ သူဒေန၌ နာမ်ဝိဘတ်၏ ကတ္တားအနက်သည် ဗာဟျတ္ထတည်း၊ ထိုဗာဟျတ္ထသည် ပစ္စဟူသောအန္တတ္ထ၌သာ ငဲ့၏,စပ်၏၊ ထို့ကြောင့် သူဒေန ၏ ဗာဟျတ္ထနှင့်တကွ" ချက် "ဟူသော အန္တတ္ထကိုငဲ့သော "ပစ္စ"သည်ငှင်း, သူဒေနသည်ငှင်း အနုတ္တတည်း၊ ဩဒန၏အနက်သည် အန္တတ္ထ,တေဝိဘတ်၏ အနက်သည် ဗာဟျတ္ထ၊ ဤသို့ အန္တတ္ထနှင့်တကွ ဗာဟျတ္ထကိုငဲ့သော တေဝိဘတ် သည်ငှင်း , ဩဒနဟူသော ကံသည်ငှင်း ဥတ္တ ( ဝုတ္တ ) တည်း၊ ပစိတော ဟူသော ကိတ်ပုံစံ၌လည်း ဤအတိုင်း ခွဲပါ။

**မှတ်ချက်** ။ ။ ဗာဟျတ္ထနှင့်အန္တတ္ထတို့သည် အချင်းချင်းငဲ့လျက်ရှိသော ကြောင့်သာ "သဗာဟိရတ္ထအန္တတ္ထ, သန္တော်တ္ထဗာဟျတ္ထ"ဟု တွဲ၍ဆိုသည်၊ လိုရင်းမှာ"အတွင်းနက်သည် အနုတ္တ, အပြင်အနက်သည် ဥတ္တ"ဟု ခွဲလိုရင်း ဖြစ်၏၊ ထို့ကြောင့် " သူဒေန ဩဒနော ပစ္စတေ "၌ " အန္တတ္ထကို ငဲ့သော သူဒေနသည် အဝုတ္တကတ္တား,ဗာဟျတ္ထကိုငဲ့သော ဩဒနသည် ဝုတ္တကံတည်း" ဟူသော ရိုးရာစကားနှင့် တထပ်ထည်းကျသည်–ဟု မှတ်ပါ။

www.dhammaransi.com



**၁၇၅။ ပယောဂသိဒ္ဓိယာ သုတ္တော-ပဒေသော တေန ယံ သမာ-**
**သာဒိသဉ္ဇာတိဒေသာဒိ, တေနုတ္တံ သာမိကာရကံ။**

**၁၇၆။ ဇာတျာဓာရဝိသယကွေတ္တ-ဘူတံ နုတ္တံ ယထာတထာ၊**
**အဘာဝတောတိ ဏှညူဟိ, ဝုတ္တံ ဇာတိနိရုတ္တိယံ။**

၁၇၅,၆။ ပယောဂသိဒ္ဓိယာ - အဘိရူပေါ စသော ပြယုဂ်တို့၏ ပြီးစီးခြင်းငှါ၊ သုတ္တောပဒေသော - အညပဒတ္ထေသု ဗဟုဗ္ဗီဟိစသော သုတ်တို့ကို ဥပဒေသအနေအားဖြင့် ညွှန်ပြခြင်းသည်၊ ဝါ-ရွတ်ဆိုရခြင်းသည်၊(ဟောတိ-ဖြစ်၏၊)တေန-ထို့ကြောင့်၊ ယံ သာမိကာရကံ- အကြင် သာမိနှင့် တကွ ကာရက ၇ ပါးသည်၊ သမာသာဒိသဉ္ဇာတိ ဒေသာဒိ-သမာသ် အစရှိသော ဝါစကကြီး ၄ ပါးတို့၏ ကောင်းစွာ

၁၇၅,၆။ ။ဥတ္တ,အနုတ္တ (ဝုတ္တ, အဝုတ္တ)နှင့် စပ်၍ ဇာတိနိရုတ္တိကျမ်း၌ လာသော စကားကိုပြလိုသောကြောင့်“ပယောဂသိဒ္ဓိယာ”စသော ၂ဂါထာကို မိန့်ပြန်သည်၊ ဤဇာတိနိရုတ္တိကျမ်းလာစကား၏ ဆိုလိုရင်းကား—“အည ပဒတ္ထေသု ဗဟုဗ္ဗီဟိ”စသော သမာသ်သုတ်,“ဂဏာဒိတော ဝ က္ကံ”စသော တဒ္ဓိတ်သုတ်,“အတ္တနောပဒါနိ ဘာဝေစ ကမ္မနိ”စသော အာချာတ်သုတ်, “ဘာဝကမ္မေသု တ”စသော ကိတ်သုတ်များကို ဥပဒေသ အနေအားဖြင့် ညွှန်ပြထားခြင်းသည် “အဘိရူပေါ,ဓနဝါ,ပစ္စတေ,ပစိတော”စသော ပြယုဂ် များ၏ ပြီးသီးခြင်းအကျိုးငှါ ဖြစ်၏၊ “ ပြယုဂ်ပြီးစီးဘို့ရာ ထို သုတ်များကို တည်ထားရသည်”ဟူလို။

**တေန၊ပေ၊ဒေသာဒိ ။** ။ ထိုသို့ ပြယုဂ်ပြီးစီးဘို့ရန် သုတ်ကို ဥပဒေသ အနေအားဖြင့် ဆိုထားခြင်းကြောင့် သာမိ (ဘာဝနှင့်တကွ) ကာရက ၇ ပါး, ပေါင်း အနက်ရှစ်ပါးသည် သမာသ်စသော ဝါစကတို့၏ သဉ္ဇာတိဒေသ (ကောင်းစွာဖြစ်ရာ-ကောင်းစွာ ဟောရာဒေသ) လည်း ဟုတ်၏၊ (အာဒိဖြင့် အာဓာရဒေသ ဝိသယဒေသကိုယူ၍) သမာသ်စသော ဝါစကတို့၏ အာဓာရ ဒေသ ( အာဓာရပြုနိုင်ရာဒေသ ) လည်း ဟုတ်၏၊ ဝိသယဒေသ (သက်ရာ ဒေသ) လည်း ဟုတ်သည်။ [ဒေသကိုပင် နောက်၌“ခေတ္တ”ဟု ဆိုလတ္တံ့။]

**တေနုတ္တံ၊ပေ၊ဘူတံ။** ။ထိုသို့ သာမိစသော အနက်ရှစ်ပါး၏ သဉ္ဇာတိ ဒေသစသည် ဖြစ်သောကြောင့် ဇာတိခေတ် အာဓာရခေတ် ဝိသယခေတ် ဖြစ်သော ထိုသာမိနှင့် ကာရက ၇ ပါးသည် ဥတ္တ(ဝုတ္တ)မည်၏၊ သမာသ် စသည်တို့ကား ဟောတတ်သောဝါစကတို့မည်၏။

www.dhammaransi.com



ဖြစ်ရာဒေသအစရှိသည်သည်၊ဝါ-သမာသ်,တဒ္ဓိတ်,အာချာတ်,ကိတ်တို့၏ ဇာတိဒေသ, အာဏာဒေသ, ဝိသယဒေသသည်၊ ( ဟောတိ-ဖြစ်၏၊ ) တေန - ထို့ကြောင့်၊ ဇာတျာဏာဝိသေယက္ခေတ္တဘူတံ-ဇာတိခေတ်,အာဏာခေတ်,ဝိသယခေတ်ဖြစ်၍ဖြစ်သော၊(တံ သာမိကာရကံ- ထို သာမိနှင့် တကွ ကာရက ၇ ပါးသည်၊ ) ဥတ္တံ – ဥတ္တမည်သည်၊(ဟောတိ)၊ ယထာတထာ-အမှတ်မထား တပါးပါးသော ခေတ်၏၊ အဘာဝတော-မရှိခြင်းကြောင့်၊ အနုတ္တံ-အနုတ္တမည်သည်၊ ဝါ-အဝုတ္တမည်သည်၊ (ဟောတိ-၏၊) ဣတိ - ဤသို့၊ တညူဟိ – ထို ဥတ္တ အနုတ္တကို သိသော ပညာရှိတို့သည်၊ ဇာတိနိရုတ္တိယံ – ဇာတိနိရုတ္တိကျမ်း၌၊ ဝုတ္တံ–ဆိုအပ်ပြီ။

**နုတ္တံ၊ပေ၊အဘာဝတော ။** ။ သမာသ် စသည်တို့ဖြစ်ရာ ( ဟောရာ) မဟုတ်သောအနက်များသည် (ထို ဇာတိခေတ်စသည်မဟုတ်သောကြောင့်) အနုတ္တ (အဝုတ္တ)မည်၏၊ ဆိုလိုရင်းကား–အဘိရူပေါဟူသော သမာသ်သည် ယဿ၏ သမ္ဗန်အနက်၌ ဗဟုဗ္ဗီဟိဖြစ်ရကား သာမိ ( သမ္ဗန် ) အနက်သည် ဝုတ္တ , အဘိရူပေါ ဟူသော သမာသ်သည် ဝါစကတည်း၊ ပေ၊ ပစိတော၌ တပစ္စည်းသည် ကံအနက်၌ဖြစ်ရကား ကံအနက်သည် ဝုတ္တ , တပစ္စည်းသည် ဝါစကတည်း၊ ထိုသို့ဖြစ်ရာ မဟုတ်လျှင် အဝုတ္တတည်း၊ ဥပမာ—“ သူဒေန ဩဒနော ပစ္စတေ”၌ တေဝိဘတ်၏ဖြစ်ရာ မဟုတ်သော ကတ္တားအနက်သည် အဝုတ္တဖြစ်သကဲ့သို့တည်း။ [ဟိတ်စသော အကာရကအနက်များကို ထိုခေတ် ၃ ပါး၌ မပါသောကြောင့် “အဝုတ္တ”ဟု ဆိုကြသေး၏။]

**ခေတ် ၃ မျိုးခွဲခြင်း ။** ။ “အဘိရူပေါသည် သမ္ဗန်အနက်၌ဖြစ်၏၊ သမ္ဗန်အနက်ကိုဟော၏”ဆိုလျှင် ထိုသမ္ဗန်အနက်သည်အဘိရူပေါသမာသ်၏ ဖြစ်ရာတည်း၊ ထို့ကြောင့် သမ္ဗန်အနက်ကို အဘိရူပေါသမာသ်၏ သဇ္ဈာတိဒေသ, ဝါ–ဇာတ်ခေတ်ဟု ခေါ်ထားသည်၊ အမိန့်အာဏာဟူသည် အာဏာပြန့်နှံ့ရာ၌ အမြဲရှင့်လျက် ရှိသကဲ့သို့ အဘိရူပေါသမာသ်သည် သမ္ဗန်အနက်ကို အမြဲငံ့လျက်ရှိ၏၊ထို့ကြောင့် သမ္ဗန်အနက်ကို အဘိရူပေါသမာသ်၏ အာဏာဒေသ,ဝါ–အာဏာခေတ် ဟု ခေါ်ထားသည်၊“ဤတနေရာ၌သာ ဖြစ်၏”ဟု သတ်မှတ်ထားအပ်သော ဖြစ်ရာဒေသကို“ဝိသယ”ဟုခေါ်၏(ဝိသယာဓာရကိုကြည့်ပါ၊)အဘိရူပေါသမာသ်လည်း သမ္ဗန်အနက်မှတပါး အခြားအနက်၌ မဖြစ်၊ ထို့ကြောင့် သမ္ဗန်အနက်ကို အဘိရူပေါသမာသ်၏ ဝိသယဒေသ,ဝါ–ဝိသယခေတ်ဟု ခေါ်ထား၏၊ အခြားပုံစံများကိုလည်း ဤနည်းအတိုင်းသိပါ။

www.dhammaransi.com



၁၇၇။ သာသနေ နဟုတံ ဇာတိ-ခေတ္တံ လက္ခဥ္စ ကောဋိနံ၊
အာဏာက္ခေတ္တမနန္တဥ္စ, ဝိသယက္ခေတ္တ-မီရိတံ။

၁၇၇။ သာသနေ - ပရိယတ္တိသာသနာတော်၌၊ ဇာတိခေတ္တံ- ဇာတိခေတ်သည်၊ နဟုတံ-စကြာဝဠာတသောင်းသည်၊ (ဟောတိ)၊ [နဟုတံ နေရာ၌ "နိယုတံ" ဟုလည်း ပြင်ကြသည်၊] အာဏာခေတ္တံ- အာဏာခေတ်သည်၊ ကောဋိနံ - ကုဋေတို့၏၊ လက္ခံ- တသိန်းသည်၊ ( ဟောတိ )၊ ဝိသယက္ခေတ္တဉ္စ - ဝိသယခေတ်သည်ကား၊ အနန္တံ- အဆုံး အပိုင်းအခြားမရှိသည်၊ ( ဟောတိ )၊ ဣတိ-သို့၊ ဘဂဝတာ- သည်၊ ဤရိတံ-ဟောတော်မူအပ်ပြီ။

၁၇၇ ။ ။ သာသနာတော်၌လည်း ခေတ်သုံးမျိုးရှိကြောင်းကို ပြလို၍ " သာသနေ "စသည်မိန့်၊ နောက်ဆုံးဘဝ၌ ဘုရားအလောင်း ဖွားတော်မူသောအခါ စကြာဝဠာတသောင်း တုန်လှုပ်ရ၏၊ ထို့ကြောင့် စကြာဝဠာ တသောင်းသည် "ဇာတိခေတ်—ဖွားမြင်ရာခေတ်"ဟု ခေါ်၏၊ ရတနသုတ် စသော ပရိတ်တော်များ၏ အာဏာတော်သည် စကြာဝဠာကုဋေတသိန်း၌ ပြန့်နှံ့၏၊ ["ကောဋိသတ သဟဿေသု, စက္ကဝဠေသု ဒေဝတာ၊ ယဿာဏံ ပဋိဂ္ဂဏှန္တိ"—ရတနသုတ် အဖွင့်။] ထို့ကြောင့် စကြာဝဠာကုဋေတသိန်းကို "အာဏာခေတ်"ဟု ခေါ်၏၊ ဘုရားရှင်၏ သဗ္ဗညုတဉာဏ်တော်သည် အဆုံး မရှိသော စကြာဝဠာကို အာရုံပြုနိုင်၏၊ ထိုဉာဏ်တော်၏ အာရုံပြုရာ အဆုံး မရှိသောဌာနကို "ဝိသယခေတ်"ဟု ခေါ်သည်။

**မှတ်ချက်။** ။ဤသို့ သာသနာတော်၌ ခေတ် ၃ ပါးရှိသောကြောင့် ထို ခေတ် ၃ ပါးနာမည်ကိုယူ၍ သာမိနှင့်ကာရက ၇ ပါး . ပေါင်း ၈ ပါးသော အနက် ( ဝိဘတ် ) တို့ကို သမာသ် စသော ဝါစကကြီး ၄ ပါးတို့၏ဖြစ်ရာ ဇာတိခေတ်,ပြန့်နှံ့ရာ အာဏာခေတ်,နယ်ပယ်ဝိသယခေတ်—ဟု ဇာတိနိရုတ္တိ ကျမ်းက (စကားအသုံးအနှုန်း ကြီးကျယ်အောင်) နာမည်တပ်လေသည်။

**ဝါဒန္တရ** ။ ။ မဟာဋီကာ၌ကား ခေတ် ၃ ပါးတွင် ဇာတိခေတ်သည် ကျဉ်း၏၊ အာဏာခေတ်သည် အလယ်အလတ် ဖြစ်၏၊ ဝိသယ ခေတ်ကား ကျယ်ဝန်း၏၊ ထိုခေတ် ၃ ပါးကို ဥပမာထား၍ သာမိခေါ်သောသမ္ဗန်သည် သမာသ်နှင့် တဒ္ဓိတ်တို့၏ဟောရာ အနက်ဖြစ်၍ ကျဉ်းသောကြောင့် ဇာတိ ခေတ်နှင့် တူ၏၊ ကရဏ, သမ္ပဒါန, အပါဒါန, ဩကာသဟူသော ကာရက ၄ ပါးသည် သမာသ် တဒ္ဓိတ် ကိတ် ဟူသော ဝါစက ၃ ပါးတို့၏ ဟောရာ အနက်ဖြစ်သောကြောင့် အလယ်အလတ် ဖြစ်ရကား အာဏာခေတ်နှင့်တူ၏၊

www.dhammaransi.com



၁၇၈။ ယဿ ယတ္ထ ဝိဓာနတ္တာ , သင်္ကေတေနေဝ တေန သော၊
ဥတ္တောတိ ကာရိကာယန္တု , ဝုတ္တတေ ကာရိကညုနာ။

၁၇၈။ တု – ဝါဒန္တရကား၊ ယတ္ထ – အကြင် သာမိနှင့် တကွ ကာရက ၇ ပါး၌၊ ယဿ-အကြင်အံအစရှိသော ဝါစက ၁၀ ပါး၏၊ ဝါ – ကို၊ ဝိဓာနတ္တာ– စီရင်အပ်သည်၏ အဖြစ်ကြောင့်၊ သင်္ကေတေနေဝ-လောကသင်္ကေတအားဖြင့်သာလျှင်၊ တေန-ထိုအံအစရှိသော ဝါစက ၁၀ ပါးသည်၊ သော- ထိုသာမိနှင့်တကွ ကာရက ၇ပါးကို၊ ဥတ္တော – ဟောအပ်၏၊ ဣတိ – ဤသို့၊ ကာရိကာယံ - ကာရိကာ မည်သော သဒ္ဒါကျမ်း၌၊ ကာရိကညုနာ–ကာရိကာသိ ပညာရှိသည်၊ ဝုတ္တတေ-ဆိုအပ်၏။

ဘော,ကံ,ကတ္တား ကာရက ၃ ပါးသည် ဝါစက ၄ ပါးလုံး၏ ဟောရာအနက် ဖြစ်သောကြောင့် နယ်အကျယ်ဆုံးဖြစ်ရကား ဝိသယခေတ်နှင့်တူ၏၊ ဤသို့ ဘေဒစိန္တာမဟာဋီကာ၌ ခွဲထားလေသည်။

**စဉ်းစားဘွယ်** ။ ။ ထိုသို့ မဟာဋီကာ ဆိုသော်လည်း ဥပမာဘက်၌ ခေတ်က အကျဉ်း , အလတ် , အကျယ်ဟု ၃ မျိုးကွဲသော်လည်း ဥပမေယျ ဘက်၌ကား ခေတ်နှင့်တူသော အနက်က ၃ မျိုးကွဲသည်မဟုတ်၊ ထို ခေတ်၌ ဖြစ်သော ဝါစကသဒ္ဒါကသာ ၃ မျိုးကွဲသည်၊ ဤသို့ ဥပမာနှင့် ဥပမေယျတို့ မလိုက်လျောသောကြောင့် ထိုအခွဲကို စဉ်းစားကြပါကုန်။

---

၁၇၈။ ။ ဝုတ္တအဝုတ္တအရာ၌ ဝါဒန္တရကို ပြလို၍ "ယဿ ယတ္ထ ဝိဓာနတ္တာ" စသည်မိန့်၊ အံစသောဝိဘတ်နှင့် သမာသ်စသည်တို့ကို အကြင်သာမိ အနက် ဘာဝအနက်နှင့်တကွ ကာရကအနက် ၇ ပါး၌ စီရင်ရ၏၊ ထိုသာမိ အနက် ကာရကအနက်များသည် လောကသင်္ကေတ (သဒ္ဒါတတ်သူ ရှေးလူ တို့၏ အမှတ်အသား) အားဖြင့် "ဥတ္တ=ဝုတ္တ"မည်၏၊ ထိုသို့ စီရင်ရာမဟုတ် သော အနက်ကား "အနုတ္တ–အဝုတ္တ"မည်၏၊ ဤသို့ ကာရိကာသဒ္ဒါကျမ်း၌ ကာရိကာတတ်သိ ပညာရှိက မိန့်ဆိုသည်။

**မှတ်ချက်**။ ။ရှေးဝါဒ၌ သမာသ်စသော ဝါစက ၄ ပါးကိုသာ ပြ၏၊ ဤဝါဒ၌ကား"ယဿ ဝိဓာနတ္တာ"ဟု သာမညဆိုသောကြောင့် "အံစသော ဝိဘတ် များလည်း ကံစသော အနက်၌ စီရင်အပ်ရကား ဝါစက ဘက်၌ အံစသောဝိဘတ်များလည်း ပါဝင်လာသည်"ဟု မှတ်ပါ။

www.dhammaransi.com



၁၇၉။ သမာသာဒီဟိ ဥတ္တာ နော, အမာဒီဟီတိ ကေဟိစိ၊
ယုတ္တာ·ပေက္ခေဟိ ဥတ္တာ နော, နပေက္ခေဟီတိ နော မတိ။

၁၇၉။ (သဗ္ဗေ - အလုံးစုံကုန်သော၊ အတ္ထာ - အနက်တို့ကို၊) သမာသာဒီဟိ- သမာသ်အစရှိသော ဝါစကကြီးတို့သည်၊ ဥတ္တာ- ဟောအပ်ကုန်၏၊ အမာဒီဟိ-အံအစရှိသော ဝိဘတ်တို့သည်၊ နော ဥတ္တာ-မဟောအပ်ကုန်၊ ဣတိ-ဤသို့၊ ကေဟိစိ-အချို့ဆရာတို့သည်၊ (ဝုတ္တံ - ဆိုအပ်ပြီ၊) အပေက္ခေဟိ- ငဲ့ခြင်း ရှိသော သဒ္ဒါတို့သည်၊ ဥတ္တာ-ဟောအပ်ကုန်သည်၊ (သမာနာ-ဖြစ်ကုန်လသော်၊) ယုတ္တာ- သင့်ကုန်၏၊ အနပေက္ခေဟိ - ငဲ့ခြင်းမရှိသော သဒ္ဒါတို့သည်၊ ဥတ္တာ- ကုန်သည်၊ (သမာနာ- သော်၊) နော ယုတ္တာ - မသင့်ကုန်၊ ဣတိ- ဤကား၊ နော- သဒ္ဒမ္မသိရီဆရာငါတို့၏၊ မတိ-အလိုတည်း။

အမှာ။ ။မဟာဋီကာ၌"ယုတ္တာ-အသင့်အားဖြင့်၊ အပေက္ခေဟိ - တို့သည်၊ ဥတ္တာ - ဟောအပ်ကုန်၏" ဟု ပေး၏၊ ဒီပနီ၌ကား "အပေက္ခေဟိ ဥတ္တာ ယုတ္တာ" ဟု ဖွင့်၏၊ ဤနိဿယ၌ ဒီပနီအဖွင့် အတိုင်း ပေးထားသည်။

၁၇၉ ။ ။ ကေစိဝါဒနှင့်တကွ မိမိ၏ဝါဒကို ပြလို၍ "သမာသာဒီဟိ" စသည်မိန့်၊ ကေစိဆရာတို့က"ကံစသောအနက်တို့ကို သမာသ်စသည်တို့သည် ဟောအပ်ကုန်၏၊ အံစသောဝိဘတ်တို့သည် မဟောအပ်ကုန်"ဟု ဆိုကြ၏၊ ဆိုလိုရင်းကား သမာသ်စသော ၄ ပါးသာ ဟောတတ်သော ဝါစကသတ္တိ ရှိ၏၊ အံစသောဝိဘတ်တို့ကား ဝါစကသတ္တိ မရှိကြ,ဇောတကမျှသာ ဖြစ်ကြသည်-ဟူလို၊ [ဤကေစိဝါဒသည်"ဝိဇ္ဇာမာနေပိ သုတ္တာဒိ"စသော(၁၂၈) ဂါထာနှင့် သဘောတူပင်တည်း။]

**ယုတ္တာ၊ ပေ၊ နောမတိ**။ ။ မိမိဟူသော အရှင်သဒ္ဒမ္မသိရီဆရာ၏ အလိုကား – "သမာသ်စသည်ဖြစ်ဖြစ်, အံစသောဝိဘတ်ဖြစ်ဖြစ်, သာမိစသော အနက်တခုခုကိုငဲ့ကုန်သောသဒ္ဒါတို့သည် ထိုအနက်များကိုဟောအပ်ကုန်၏၊ မငဲ့ကုန်သော သဒ္ဒါတို့သည် ထို အနက်များကို မဟောအပ်ကုန်" ဟု ယူမှ သဒ္ဒါကျမ်းသုတ်များနှင့် သင့်လျော်ကုန်သည်-ဟု ဆိုလိုသည်။ [အပေက္ခေဟိ, အနပေက္ခေဟိ"၌ ငဲ့ခြင်းရှိ–မရှိကိုလည်း(၁၇၂)ဂါထာ၌ ပြခဲ့သော"အပေက္ခာသတ္တိယာ"၏ အဓိပ္ပါယ်အတိုင်း သိပါ။]

www.dhammaransi.com



၁၀၀။ ဥတ္တာနုတ္တာ သရူပေန, ဘာဝသတ္တမကာရကာ၊
သာမိစ ဝါစကာ·မာဒိ,သမာသာဒိ ယထာရဟံ၊

၁၀၀။ ဥတ္တာနုတ္တာ - ဟောအပ်ကုန် , မဟောအပ်ကုန်သော အနက်တို့သည်၊ သရူပေန- သရုပ်သကောင်အားဖြင့်၊ ဘာဝသတ္တမကာရကာ - ဘာဝကာရကလျှင် ၇ ခု မြောက်မှိသော ကာရကတို့ သည်ငှင်း၊ သာမိစ - သမ္ဗန်သည်ငှင်း၊ (ဟောန္တိ- နှ်၏၊) အမာဒိ- အံအစရှိသောဝိဘတ်တို့သည်ငှင်း. သမာသာဒိ-သမာသ်အစရှိသော သဒ္ဒါတို့သည်ငှင်း၊ ယထာရဟံ-ထိုက်သည်အားလျော်စွာ၊ ဝါစကာ- ဟောတတ်ကုန်၏။

၁၀၀။ **ဘာဝ၊ပေ၊သာမိစ ။** ။ ဥတ္တ, အနုတ္တ (ဝုတ္တ, အဝုတ္တ) သရုပ် ကိုငှင်း, ဝါစကသရုပ်တို့ကိုငှင်း ပြလိုသောကြောင့်“ဥတ္တာနုတ္တာ”စသည်မိန့်၊ ဥတ္တ – ဟောအပ်သောအနက်တို့၏ သရုပ်သည် ဘာဝနှင့်တကွ ကာရက ၇ ပါး, သာမိတည်း၊ ထိုရှစ်ပါးကို “ဝါစ္စ (ဟောအပ်သောအနက်) ၈ ပါး” ဟု ခေါ်သည်၊ အနုတ္တသရုပ်လည်း ထို ၈ ပါးပင်တည်း၊ ဥပမာ – “ ပုရိသံ ပဿတိ”၌ ပုရိသံဝယ် ကံအနက်သည် အံဝိဘတ်ဟောအပ်သော ဥတ္တတည်း၊ ပဿတိ၌ တိဝိဘတ်ကား ထိုကံအနက်ကို မဟော၊ ထို့ကြောင့် ထို ကံအနက် သည်ပင် အာချာတ်ဝါစကသည် မဟောအပ်သောအနုတ္တ ဖြစ်ပြန်၏၊ ဤသို့ စသည်ဖြင့်သိလေ၊ ထို့ကြောင့် အနုတ္တ၏သရုပ်ကိုလည်း ဝါစ္စရှစ်ပါးကိုပင် ထုတ်ရသည်။ [ကာရက ၆ တန်, ဘောသမ္ဗန်, မှတ်ရန် ဝါစ္စရှစ်။]

**ဝါစကာ ၊ပေ၊ သမာသာဒိ ။** ။ ရှေ့၌ပြခဲ့သော အံစသော ဝိဘတ် ၆ သွယ်နှင့် သမာသ်စသော ၄ ပါး,ပေါင်းဆယ်ပါးကို“ဝါစက”ဟု ခေါ်၏၊ [ပဌမာကြဉ်ဖယ်, ခြောက်သွယ်ဝိဘတ်, သမာသ် တဒ္ဓိတ်, အာချာတ်ကိတ်, ဆယ်စိတ် ဝါစကဖြစ်။]

**ယထာရဟံ။** ။ အံစသော ဝိဘတ် ၆ သွယ်သည် ကံအနက်, ကရိုဏ်း, သမ္ပဒါန်, အပါဒါန်,ဩကာသဟူသောအနက်များကို အစဉ်အတိုင်းဟော၏၊ သမာသ်သည် ဝါစ္စရှစ်ပါးလုံးကို,တဒ္ဓိတ်လည်း (အနည်းငယ်သောအပါဒါန် နှင့်တကွ ) ဝါစ္စ ၈ ပါးကို, ကိတ်သည် သာမိကြဉ်အပ်သော ၇ ပါးကို, အာချာတ်သည် ဘော , ကံ , ကတ္တားကို ဟော၏ – ဟု ခွဲခြားပါ၊ ဤသို့ ထိုက်သည်အားလျော်စွာ ဟောပုံသည် နောက်ဂါထာများ၌ ထင်ရှားလတ့်။

www.dhammaransi.com



၁၀၁။ ကတ္တရိ ဇိတမာရော ကော,
သော ဇိနော ဝါဘိဓမ္မကော၊
ဘိက္ခု ပစတိ သူဒေါ ပါ-
စကော သူဒေါဒနန္တိ စ။

၁၀၁။ ဇိတမာရော- မာရ်ကို အောင်တော်မူပြီးသော ပုဂ္ဂိုလ်၊ သော - ထို ပုဂ္ဂိုလ်ဟူသည်၊ ကော – အဘယ်သူနည်း၊ ဇိနော- မြတ်စွာဘုရားပင်တည်း၊ အာဘိဓမ္မိကော – အဘိဓမ္မာကို သင်ယူသူ၊ ဘိက္ခု - ရဟန်းတည်း၊ သူဒေါ - စဖိုသည်သည်၊ ဩဒနံ - ထမင်းကို၊ ပစတိ – ချက်တတ်၏၊ သူဒေါ – သည်၊ ဩဒနံ – ကို၊ ပါစကော – ချက်တတ်၏၊ ဣတိစ- ဤသည်တို့ကား၊ ကတ္တရိ – ကတ္တားအနက်၌၊ (ဥဒါဟရဏာနိ–ဥဒါဟရဏ်တို့တည်း။)

၁၀၂။ ကတ္တာဒိသာမိမတ္တံ တေ-ဟုတ္တံ နာညံ့ ကတော ပရေ၊
ပဓာနာနပရောမေနေ, အနုဝတ္တန္တိ နာညထာ။

၁၀၂။ (ယတော- အကြြင်ကြောင့်၊) တေဟိ-ထို အံအစရှိသော ဝိဘတ်, သမာသ်အစရှိသော ဝါစကတို့သည်၊ ကတ္တာဒိသာမိမတ္တံ– ကတ္တား အစရှိသော အနက် , သာမိအနက်မျှကို၊ ဥတ္တံ - တိုက်ရိုက်

၁၀၁။ ။ထိုဝါစ္စ-ဝါစကတို့ကို ပုံစံပြလို၍“ကတ္တရိ”စသည်မိန့်၊ ဇိတော+ မာရော ယေနာတိ ဇိတမာရော၊ ယေနဟူသော ကတ္တားအနက်ကို သမာသ် ဝါစကက ဟောပုံတည်း၊ အဘိဓမ္မံ+အဓီတေတိ အာဘိဓမ္မိကော၊ အဓီတေ၏ အနက်ဖြစ်သော ကတ္တားအနက်ကို တဒ္ဓိတ်ဝါစကက ဟောပုံတည်း၊ ပစတိ၌ တိဟူသောအာချာတ်, ပါစကော၌ ဏွုဟူသော ကိတ်တို့၏ ကတ္တားဟော ဖြစ်ပုံမှာ ထင်ရှားပြီ။ [သူဒေါ ဩဒနံ တို့ကား တွဲဘက်ကတ္တားကံတို့တည်း။]

**အမှာ**။ ။ဤနေရာ၌ ကတ္တားဟောပုံစံကိုသာ ပြသေး၏၊ ထိုပုံစံများနှင့် စပ်၍ မှတ်သားဘွယ်များကို (၁၉၉) ဂါထာတိုင်အောင် ကျယ်ဝန်းစွာပြပြီးမှ ကရိုက်ဟောပုံစံသည်တို့ကို ဆက်၍ပြပါလိမ့်မည်။

---

၁၀၂ ။ ။ အနက်သည် သကတ်, ဒြဗ်, လိင်, သင်္ချာ, ကာရက အားဖြင့် ငါးပါးရှိရာ, သမာသ်စသော အံစသော ဝါစကတို့သည် ကံစသောကာရက အနက်နှင့် သာမိအနက်ကိုသာ ဟော၏၊ သကတ်စသော အနက်များကို

www.dhammaransi.com



ဟောအပ်၏၊ အညံ့ - အခြားသော သကတ်အစရှိသော အနက်ကို၊ န ဥတ္တံ- တိုက်ရိုက် မဟောအပ်၊ တတော - ထို့ကြောင့်၊ အပရေ- ဝါစ္စရှစ်ပါးမှ တပါးသော သကတ် အစရှိသော အနက်တို့သည်၊ ပဓာနာနုပရောဓေန - ပဓာနအနက်အား လျော်သောအားဖြင့်၊ (ပဓာနအနက်နှင့် ဆန့်ကျင်ဘက် မဖြစ်ကြဘဲ၊) အနုဝတ္တန္တိ - အစဉ် လိုက်ကုန်၏၊ အညထာ-အစဉ်လိုက်ခြင်းမှ တပါးသော အခြင်းအရာ အားဖြင့်၊ န ဟောန္တိ- မဖြစ်ကုန်။

မဟော၊ ထိုသို့ မဟောလျှင် ထို သကတ်စသော အနက်များသည် အဘယ်သို့ ဖြစ်ကြသနည်းဟု မေးဖွယ်ရှိသောကြောင့် "ကတ္တာဒိ"စသည်မိန့်၊"သကတ် စသော အခြားအနက်များသည် ကံစသော ပဓာနအနက်အားလျော်စွာဖြစ်၍ ထိုအနက်များသို့ လိုက်ပါကြရသည်"ဟူလို။

**ဆိုလိုရင်းကား**—သမာသ်စသော ဝါစကတို့သည် ကံစသောဝါစ္စအနက်ကို ပဓာနအားဖြင့် ဟောကုန်၏၊ သကတ်စသောအနက်များကိုကား"အပဓာန အားဖြင့် ဟောကုန်၏"ဟုပင် ဆိုရသည်-ဟူလို၊ ဥပမာ—ဇိတမာရောဟူသော သမာသ်သည် ကတ္တားအနက်ကို ပဓာနအားဖြင့် ဟော၏၊ အောင်ခြင်းကြိယာ နှင့်မာရ်၏ ကမ္မ+ကမ္မီအဖြစ်ဖြင့် ဆက်စပ်ခြင်းဟူသော သမ္ဗန်သကတ်ကိုရင်း, ဘုရားရှင်ဒြဗ်တော်ကိုရင်း,ပုလ္လိန်နှင့်ကေတ္တသင်္ချာတို့ကိုရင်း တိုက်ရိုက်မဟော၊ သို့သော် " ထိုအနက်များလည်း ပဓာနကတ္တားအနက်သို့ လိုက်ကြရသော ကြောင့် အပဓာနအားဖြင့် ဟောအပ်ရာရောက်သည်"ဟူလို။

**ဒီပနီ။** ။ဒီပနီ၌ကား "ဧတ္တာဝတာ ဇောတကဘာဝေန ဝုတ္တဘာဝေါ ကထိတော ဟောတိ " ဟု ဆို၏၊ ထိုစကားကိုကား စဉ်စားသင့်လေသည်၊ ဘာကြောင့်နည်း.... " ပဓာနာနုပရောဓေန"ဟူသောစကားကို ထော်လျှင် "အပဓာနအဖြစ်ဖြင့် ဟောအပ်ကုန်၏" ဟု အဓိပ္ပါယ်ရသောကြောင့်တည်း။

**မှတ်ချက်။** ။"အညံ့"အရ သကတ်စသော အနက်များကို ရသောကြောင့် "အညော"ဟု ကေဝုစ်ဖြစ်စေ,"အညေ"ဟု ဗဟုဝုစ်ဖြစ်စေ ပုလ္လိန်ဖြင့် ရှိသင့် သော်လည်း"မည်သည့်အရာ"ဟု တိုက်ရိုက်မပြဘဲ သာမညဖြစ်သောကြောင့် နပုလ္လိန် ကေဝုစ်ဖြင့်"အညံ"ဟု ဆိုသတတ်၊ " မာနုသိကာစ သမ္ပတ္တိ , ဒေဝ လောကေစ ယာ ရတိ, ယာစ နိဗ္ဗာနသမ္ပတ္တိ,သဗ္ဗမေတေန လဗ္ဘတိ"ဟူသော ခုဒ္ဒကပါဠ—နိဓိကဏ္ဍပါဠိတော်ဝယ် ရှေ့က"သမ္ပတ္တိ—ရတိ"တို့ကိုပင်"သဗ္ဗံ" ဟု နပုံကေဝုစ်ဖြင့် ညွှန်ပြသကဲ့သို့တည်း—ဟု ဒီပနီဆိုသည်။

www.dhammaransi.com



၁၇၃။ ဝါစကာဘွေန ဥတ္တန္တိ, ကေစိ တေသံ တု နာဒိသု၊
သမာသာဒီသု ကတ္တာဒိ-ဝေါဟာရော န ဇိနာဒိကေ။

၁၇၃။ (သမာသာဒိ နာဒိဝိဘတ္တိဟိ-သမာသ်စသော ဝါစက, နာ အစရှိသော ဝိဘတ်တို့သည်၊)ဝါစကာဘွေန-ဟောတတ်သည်၏ အဖြစ်ဖြင့်၊ ဥတ္တံ-ဟောအပ်၏၊ ဣတိ-သို့၊ ကေစိ-တို့သည်၊ (ဝဒန္တိ)၊ တု-အပြစ်ကား၊ တေသံ-ထို ကေစိဆရာတို့၏၊ (ဝါဒေ - အယူ၌၊ ) နာဒိသု-နာ အစရှိသော ဝိဘတ်တို့၌၎င်း၊ သမာသာဒီသု- သမာသ် အစရှိသော ဝါစကတို့၌၎င်း၊ ကတ္တာဒိဝေါဟာရော- ကတ္တား အစရှိသော အခေါ်အဝေါ်သည်၊ (ဘဝေယျ-ဖြစ်ရာ၏၊) ဇိနာဒိကေ - ဇိနအစရှိသောပုဒ်၌၊ (ကတ္တာဒိ ဝေါဟာရော- ကတ္တားအစရှိသော အခေါ်အဝေါ်သည်၊) န(ဘဝေယျ)-မဖြစ်ရာ။

၁၇၃။ **ဝါစကာဘွေန ဥတ္တံတိ ကေစိ ။** ။ "ဇိတမာရော"ဟူသော သမာသ်သည် ကတ္တားအနက်ကို ဟောရာ၌ "ဝါစကသတ္တိဖြင့် ဟော၏"ဟု ကေစိဆရာတို့ ဆိုကြသည်။ [ ကေစိဆရာတို့သာ မက ယခုအခါ၌ မိမိတို့ စာသင်သား အများလည်း " ဇိတမာရော " သမာသ်က "ဝါစကသတ္တိဖြင့် ဟော၏"ဟုပင် ယူလျက်ရှိကြသည်။]

**တေသံ တု၊ပေ၊န ဇိနာဒိကေ။** ။ထိုကေစိဝါဒ၌ လဒ္ဓဒေါသ (ရအပ်သော အပြစ်) ကို ပြလို၍"တေသံတု"စသည်မိန့်၊"ဇိတမာရော"သမာသ်ပုဒ် သည်ပင် ကတ္တားအနက်ကို ဝါစကသတ္တိဖြင့်ဟောပြီးဖြစ်လျှင်ကား(အနက်ကို အကြောင်းပြု၍ ) ဝိဂ္ဂြိုဟ်အတွင်းက ယေန၌ နာဝိဘတ်နှင့် " ဇိတမာရော " သမာသ်ကိုသာ ကတ္တားပုဒ် ဟု ခေါ်ဝေါ်ရလိမ့်မည်၊" ဇိတမာရော "နောံက "ဇိနော"ဟူသော ပဓာနပုဒ်ကို ကတ္တားပုဒ်ဟု မခေါ်ရဘဲရှိလိမ့်မည်၊ အမှန်မှာ— " ဇိနော" ပုဒ်သာ ပဓာနတည်း၊ ပဓာနဖြစ်လျှင်လည်း ထို ပဓာနပုဒ်ကိုသာ"ကတ္တား"ဟု ခေါ်ဝေါ်ထိုက်သည်—ဟူလို။

**နာဒိသု ။** ။ အခြားနေရာ၌ အံဝိဘတ်ကို စ၍ " အမာဒိ "ဟု ဆိုလေ့ရှိသော်လည်း၊"ကတ္တရိ ဇိတမာရော ဇိနော"မှ ထွက်လာသော စကားဖြစ်၍ " ဇိတော မာရော ယေနာတိ " ဟု ဝိဂ္ဂြိုဟ်ပြုရာ၌ နာဝိဘတ်ဖြင့် ပြုရသော ကြောင့် နာကို အစထား၍ "နာဒီသု"ဟု ဆိုသည်၊ ဤစကားဖြင့် "ဝိဂ္ဂြိုဟ်ဝါကျအတွင်းက ယေနလည်း ပဓာနကတ္တားပုဒ်ပင်တည်း " ဟု ကေစိဆရာတို့က ဆိုလိုကြသည်။

www.dhammaransi.com



၁၈၄။ တေနေဝ ဇောတကတ္တေန, ဝုတ္တေ တတ္ထာပိ ယုဇ္ဇတိ၊
သာမညတ္တေ ဟိ တေဟုတ္တေ, သာတ္ထကံဝ ဝိသေသနံ။

၁၈၄။ တေနေဝ-ထို့ကြောင့်ပင်၊ (သမာသာဒိနာဒိဝိဘတ္တိဟိ-သမာသ်အစရှိသောဝါစကနာအစရှိသောဝိဘတ်တို့သည်၊)ဇောတကတ္တေန - ထွန်းပြတတ်သည်၏ အဖြစ်ဖြင့်၊ ဝုတ္တေ - ဟောအပ်သော်၊ တတ္ထာပိ– ထို ဇိနေ့ာ အစရှိသော ပုဒ်၌လည်း၊ (ကတ္တာဒိ ဝေါဟာရော-ကတ္တားအစရှိသောအခေါ်အဝေါ်သည်၊)ယုဇ္ဇတိ-သင့်၏၊ ဟိ-အကျိုးကား၊ တေဟိ-ထိုသမာသ်အစရှိသော ဝါစက နာအစရှိသော ဝိဘတ်တို့သည်၊ သာမညတ္တေ-သာမည အနက်ကို၊ ဥတ္တေ-ဟောအပ်သော်၊ ဝိသေသနံ-ဇိနေ့ာ အစရှိသော ဝိသေသနသည်၊ သာတ္ထကံဝ-အကျိုးရှိသည်သာ၊(ဟောတိ-၏။)

**၁၈၄။ တေနေဝ၊ပေ၊ယုဇ္ဇတိ။** ။(ဇိနေ့ာစသော ပုဒ်တို့မှာ ကတ္တားပုဒ်စသောအမည်ကို မရနိုင်ခြင်းဟူသော)ထိုအကြောင်းကြောင့် ဇိတမာရောသည် ကတ္တားအနက်ကို ထွန်းပြရုံမျှ( ဇောတကအဖြစ်ဖြင့် )ဟောမှ ဇိနေ့ာစသောပုဒ်လည်း ကတ္တားပုဒ်စသောအမည်ကို ရနိုင်၏-ဟူလို။

**သာမညတ္တေဟိ၊ပေ၊ဝိသေသနံ။** ။ဇိတမာရောစသောပုဒ်က ဇောတကအဖြစ်ဖြင့် ဟောသည်ဟု ဆိုလျှင် အဘယ်ဂုဏ် ( လဒ္ဓဂုဏ် ) ရသနည်းဟု မေးဘွယ်ရှိသောကြောင့်“သာမညတ္တေ ဟိ”စသည်မိန့်၊ ဇိတမာရော စသောပုဒ်က ဇောတကအဖြစ်ဖြင့် သာမညအနက်ကို ဟောမှ “ ဇိနေ့ာ ”ဟု ဝိသေသနပြုခြင်းသည် အကျိုးရှိ၏၊ ဤသို့ ဇိနေ့ာဟူသော ဝိသေသနအတွက် အကျိုးရခြင်းသည် လဒ္ဓဂုဏ်တည်း၊ “ဇိတမာရောပုဒ်ကိုယ်က ဘုရားတည်းဟူသော ဝိသေသအနက်ကို ဟောပြီးဖြစ်လျှင် ဇိနေ့ာပုဒ်က ဟောစရာအနက် မရှိသောကြောင့် ဇိနေ့ာပုဒ်ကိုပင် ထည့်ဘွယ်မလိုတော့ရာ” ဟူလို။ [ဇိတမာရောကို နည်းမှီ၍ “အာဘိဓမ္မိကော ဘိက္ခု”ဟူသော တဒ္ဓိတ်ပုံစံ၌လည်း သိပါလေ။]

**သူဒေါ ပစတိ ။** ။ “ ပစတိ ” အာချာတ်၌ ချက်ခြင်းကြိယာကိုသာ ပဓာနအားဖြင့် ဟော၏၊“ချက်တတ်သူ”ဟူသောကတ္တားကိုကား အပဓာန သာမည( ဇောတကအဖြစ်ဖြင့် ) ဟောသည်၊ ထို့ကြောင့် “ သူဒေါ ” ဟု ကတ္တုဝါစကဝိသေသနကို ထည့်ပြရသည်၊ ပါစကော၌လည်း နည်းတူ။

**အမှာ။** ။ကတ္တုဝါစက ပုံစံများကို နည်းမှီ၍ (၂၀၁) ဂါထာစသည်၌ လာမည့် ကမ္မဝါစကစသော ပုံစံများကိုလည်း သိပါ၊ ထိုအားလုံးကိုမြော်၍ “နာဒိသု, ကတ္တာဒိ, ဇိနာဒိ”ဟု အာဒိဖြင့် ရှေ့ဂါထာ၌ သုံးစွဲထားသည်။

www.dhammaransi.com



၁၇၅။ ဥတ္တာနုတ္တေပိ တံ ယေ၀, ကာရကံ နစ တပ္ပရာ-
ဝတ္တိ တေန ဇိနာဒိမှိ, ဥတ္တေ တံနာမတာ သိယာ။

၁၇၅။ (ဇိနာဒိကာရကေ-ဇိနအစရှိသော ကာရကကို၊)ဥတ္တေပိ- သမာသ်စသည်တို့က ဟောအပ်သော်ငြင်း၊ အနုတ္တေပိ-သမာသ်စသည်တို့က မဟောအပ်သော်ငြင်း၊ တံယေ၀ ကာရကံ-ထို ကတ္တားအစရှိသော ကာရကသည်သာ၊ ဟောတိ- ဖြစ်၏၊ စ- ဗျတိရိက်ကား၊ တပ္ပရာဝတ္တိ-ထိုကတ္တားအစရှိသောကာရကတို့မှပြောင်းလွဲခြင်းသည်၊ န ဟောတိ-မဖြစ်၊ တေန-ထို့ကြောင့်၊ ဇိနာဒိမှိ-ဇိနအစရှိသောပုဒ်ကို၊ ဥတ္တေ - သမာသ်စသည်တို့က ဟောအပ်သော်၊ တံနာမတာ-ထိုကတ္တုကာရကအစရှိသောအမည်သည်၊ သိယာ- ဖြစ်ရာ၏။

၁၇၅။ ဥတ္တာ ၊ပေ၊ ဝိပရာဝတ္တိ။ ။"ဇိတမာရော ဇိနော"စသောပုံစံ၌ ဇိနောစသည်က အဘယ့်ကြောင့် ဝါစကအားဖြင့် ကတ္တားစသည်ကိုဟော၏" ဟု ဆိုရသနည်း – ဟု မေးဘွယ်ရှိသောကြောင့် " ဥတ္တာနုတ္တေပိ တံယေ၀" စသည်မိန့်။ [ ဋီကာဒိပနီတို့၌ တမျိုးကျမ်းတက်လေသည်။ ] ဇိနောဟူသော ကတ္တားသည် ဇိတမာရော သမာသ်က ဟောအပ်သည် ဖြစ်စေ, မဟောအပ်သည်ဖြစ်စေ အမြဲအားဖြင့် မာရ်ကိုအောင်တတ်သောကတ္တုသတ္တိ ရှိနေ၏။

ထို့အတူ"အာဘိဓမ္မိကောဘိက္ခု"၌ ဘိက္ခုလည်းအာဘိဓမ္မိကောတဒ္ဓိတ်က ကတ္တားအနက်ကို ဟောဟော , မဟောဟော , အမြဲအားဖြင့် အဘိဓမ္မာကို သင်ယူတတ်သောကတ္တုသတ္တိ ရှိ၏၊သူဒေါ ပစတိ ပါစကောတို့၌ သူဒေါလည်း ပစတိပါစကောတို့က ဟောဟော , မဟောဟော , အမြဲအားဖြင့် ချက်တတ်သောကတ္တုသတ္တိ ရှိ၏၊ ထို ကတ္တုသတ္တိမှ ပြောင်းလွဲသွားခြင်း မရှိ။

တေန၊ပေ၊သိယာ။ ။ထိုသို့ အမြဲအားဖြင့် ကတ္တုသတ္တိရှိနေခြင်းကြောင့် သမာသ် စသည်တို့က ဟောအပ်သောအခါ ထို ကတ္တားဟူသော နာမည် ထင်ရှားရုံသာ ရှိသည်၊ ထို့ကြောင့်"ဇိတမာရောစသော သဒ္ဒါတို့ကို ဇောတက, ဇိနောစသော သဒ္ဒါတို့ကို ဝါစက"ဟု ဆိုရသည်–ဟူလို။

အမှာ ။ ။ ဤ ကတ္တားဟောပုံစံ၌ အဘိဓေယျကိုပြသော " ဇိနော " စသောပုဒ်များသည် အမြဲကတ္တားဟော ဖြစ်သကဲ့သို့ ကံဟောစသော ပုံစံများ၌လည်း"အာဂတသံဃော ဝိဟာရော"၌ ကျောင်းသည် အမြဲအားဖြင့် လာရောက်အပ်သောကမ္မသတ္တိ ရှိနေ၏၊ ဤသို့စသည်ဖြင့်"ဥတ္တာနုတ္တေပိ တံယေ၀ ကာရကံ"၏ အဓိပ္ပါယ်ကို သိပါလေ။

www.dhammaransi.com



**၁၀၆။ သာမညံ ဟိ သမာသာဒိ , ဝဒေ သျာဒိ ဝိသေသနံ၊
တတော ဝိသေသနတ္တေန,သာမညတ္တော ဝိသေသျတေ။**

၁၀၆။ ဟိ-မှန်၏၊ သမာသာဒိ- သမာသ် အစရှိသော ဝါစက သည်၊ သာမညံ - သာမညအနက်ကို၊ ဝဒေ-ဟော၏၊ သျာဒိ-သျာ ဒျန္တပုဒ်သည်၊ဝိသေသနံ-ဝိသေသအနက်ကို၊ဝဒေ-ဟော၏၊တတော- ထို့ကြောင့်၊ ဝိသေသနတ္တေန-ဝိသေသအနက် ရှိသော ဇိနော အစ ရှိသော သဒ္ဒါဖြင့်၊ ဝါ-သည်၊ သာမညတ္တော-သာမညအနက်ရှိသော ဇိတမာရော အစရှိသော သဒ္ဒါကို၊ ဝိသေသျတေ - အထူးပြုအပ်၏။

**၁၀၆။ သာမညံ ဟိ၊ပေ၊ဝိသေသနံ။** ။"သာမညတ္တော ဟိ တေဟုတ္တော, သာတ္တကံဝ ဝိသေသနံ"ဟူသောစကားကို ခိုင်မြဲစေလို၍ (ဒီပနီကား "ချဲ့လို ၍"ဟု ဆို၏၊) " သာမညံ ဟိ "စသည်မိန့်၊ " ဇိတမာရော ဇိနော"၌ ဇိတ မာရောဟူသော သမာသ်သည် မာရ်ကိုအောင်ပြီးပုဂ္ဂိုလ်ကို"မည်သူမည်ဝါ" ဟု သေချာစွာမပြနိုင်သောကြောင့် (မာရ်အောင်ပြီးသောရဟန္တာအားလုံးနှင့် ဆက်ဆံသော )သာမညအနက်ကို ဟော၏၊ " ဇိနော " စသော သျာဒျန္တ ပုဒ်ကား "ဘုရား"ဟူသော ဝိသေသအနက်ကိုဟော၏။

**အမှာ။** ။"အာဘိဓမ္မိကောဘိက္ခု"၌ အာဘိဓမ္မိကောဟူသော တဒ္ဓိတ် က သာမညအနက်ဟောပုံ,ဘိက္ခုက ဝိသေသအနက်ဟောပုံကိုရင်း, "သူဒေါ ပစတိ – ပါစကော " တို့၌ ပစတိ ပါစကောတို့က သာမညအနက်ဟောပုံ , သူဒေါက ဝိသေသအနက်ဟောပုံကိုရင်း ချဲ့ထွင်ကြည့်ပါလေ။

**သျာဒိ။** ။"အမာဒယော ပရပဒေဘိ"သုတ်၌ အမာဒယောဖြင့် ဝိဘတ် ကိုမယူဘဲ အမာဒိဝိဘတ်ဆုံးသောပုဒ်ကို ယူရသကဲ့သို့ , ဤ၌လည်း သျာဒိဖြင့် သျာဒိဝိဘတျန္တပုဒ်ကို ယူရသည်။ [ဌာနျူ,တနည်း—ကေဒေသူပစာတည်း။]

**တတော၊ပေ၊ဝိသေသျတေ။** ။ထိုသို့"ဇိတမာရော, အာဘိဓမ္မိကော, ပစတိ ပါစကော"တို့က သာမညအနက်ကိုသာ ဟောသောကြောင့် ဝိသေသ အနက်ကိုဟောနိုင်သော ဇိနော,ဘိက္ခု,သူဒေါပုဒ်တို့ဖြင့် အထူးပြုပေးရသည်။

**မှတ်ချက်။** ။ဝိသေသနတ္တေနကို ကရိုဏ်းပေးလျှင် "ဝဒန္တေန– ဝဒန္တ ပုဂ္ဂိုလ်သည် " ဟု ကတ္တားထည့်၊ ဝိသေသနတ္တေနကို ကတ္တားပေးလျှင်ကား ကတ္တားပုဂ္ဂိုလ်ထည့်ဘွယ် မလို၊ ဤနည်းမှီး၍ နေရာတိုင်းမှာ ကြံပါ။

[**ဆောင်**] သဒ္ဒါကတ္တား, နေမှုကား, ဆိတ်ငြား ကရိုဏ်းသာ။
သဒ္ဒါကိုကား, ကရိုဏ်းထား, ကတ္တား ပုဂ္ဂိုလ်လာ။

www.dhammaransi.com



၁၇၇။ သမာသာဒီနမတ္ထာနံ, ဝိလက္ခဏသဘာဝတော၊
ဝါကျေတော တေနဝါကျေန, ဝိသေသတ္ထော န မညတေ။

၁၇၇။ သမာသာဒီနံ – သမာသ် အစရှိသော ဝါစကတို့၏၊ အတ္ထာနံ–အနက်တို့၏၊ ဝါကျတော – ဝါကျမှ၊ ဝိလက္ခဏသဘာဝတော – ထူးသော လက္ခဏာသဘောရှိကုန်သည်၏ အဖြစ်ကြောင့်၊ တေနဝါကျေန–ထို ဝါကျဖြင့်၊ ဝိသေသတ္ထော–ထူးသော အနက်ကို၊ န မညတေ–မသိအပ်, မသိနိုင်။

၁၇၇။ **သမာသာဒီန၊ပေ၊မညတေ။** ။ဇိတမာရောဟူသော သမာသ်၏ "ဘုရား"ဟူသော ဝိသေသအနက်ကို "ဇိတော+မာရော ယေန"ဟူသော ဝိဂ္ဂြိုဟ်ဝါကျ အားဖြင့် အဘယ့်ကြောင့် မသိနိုင်သနည်း၊ ဤသို့ စသည်ဖြင့် မေးဘွယ်ရှိသောကြောင့် "သမာသာဒီနံ" စသည်မိန့်၊ "သမာသ် တဒ္ဓိတ် ကိတ်ပုဒ်တို့အနက်က ဝိဂ္ဂြိုဟ်ဝါကျအနက်မှ သဘောကွဲလွဲသော အရာလည်း ရှိတတ်သောကြောင့် ထိုဝါကျအားဖြင့် ဝိသေသအနက်ကို မသိနိုင်" ဟူလို။ [သမာသာဒီနံ၌ အာဒိဖြင့် ဝိဂ္ဂြိုဟ်လုပ်ရသော တဒ္ဓိတ် ကိတ်တို့ကို ယူ။]

**ဝိလက္ခဏသဘာဝတော။** ။ ဝိသေသော (ဝါကျမှ ထူးသော) + လက္ခဏံ ဝိလက္ခဏံ၊ "ဝိလက္ခဏံ+သဘာဝေါ ယေသံတိ ဝိလက္ခဏသဘာဝါ" ဟု ပြု၍ သမာသ်စသည်ကို အရကောက်ပါ၊ ထို့နောက် ဘာဝပ္ပစ္စယန, တနည်း – ဘာဝလောပကြံ၍ သဘော မတူခြင်းကို ကောက်ပါ၊ [ ဒီပနီ၌ "ဝိလက္ခဏမေဝ + သဘာဝေါ ဝိလက္ခဏ သဘာဝေါ" ဟု ကမ္မဓာရဲပြု လေသည်။]

ဝိဂ္ဂြိုဟ်ဝါကျအနက်နှင့် သမာသ်တဒ္ဓိတ် ပြီးပြီးသောပုဒ်တို့၏ အနက်သည် သဘောလက္ခဏာချင်း (အနက်အရကောက်ချင်း) မတူ, ဝါကျတုန်းက ဝိသေသ အနက် ရသော်လည်း ပုဒ်ပြီးသောအခါ သာမညအနက် ကိုသာ ရတတ်၏၊ ထို့ကြောင့် ဇိတမာရော စသည့်ကို "ဇိနော" စသည်ဖြင့် ဝိသေသန ကူမရ သည်၊ ဥပမာ—"သုဂတဿ+စီဝရံ"ဟူသော ဝါကျတုန်းက "ဘုရားရှင်၏ သင်္ကန်းတော်"ဟူသော ဝိသေသအနက်ကိုဟောသော်လည်း "သုဂတစီဝရံ" ဟု သမာသ်ပြီးသောအခါ ရဟန်းများနှင့်ဆိုင်သောသင်္ကန်းကို ဟောသော ကြောင့် "တတြိဒံ သုဂတဿ သုဂတစီဝရံ"၌ "သုဂတဿ"ဟု ဝိသေသန ပြု ရသကဲ့သို့တည်း၊ "တိလတော+ဇာတံ တေလံ"၌လည်း နည်းတူ။

သမာသေစ တဒ္ဓိတေစ, ဝါကျတ္ထေသု ဝိသေသကာ၊
ပသိဒ္ဓိယံတု သာမညံ, တေလံ သုဂတစီဝရံ။

www.dhammaransi.com



၁၇၇။ ဇိတမာရာဒိ သာမညံ, ဘိက္ခုနာဒိ ပယောဂတော၊
ပါရာဒိဝ ဇိနာဒိစ, ကတာကိစ္စာဒိ ယောဂတော။

၁၇၇။ ဇိတမာရာဒိ – ဇိတမာရော အစရှိသော သဒ္ဒါသည်၊ သာမညံ-သာမညတည်း၊ ( ကသ္မာ – အဘယ်ကြောင့်၊ ဇာနာတိ-သိနိုင်သနည်း၊)[ညပကဟိတ်ဖြစ်၍“ဇာနာတိ”ဟု ဒိပနိထည့်သည်။] ဘိက္ခုနာဒိ ပယောဂတော-ဘိက္ခုအစရှိသော ဝိသေသနကို ယှဉ်စပ် သုံးစွဲအပ်သည်၏ အဖြစ်ကြောင့်၊ ( ဇာနာတိ- သိနိုင်၏၊) ဇိနာဒိစ- ဇိနောအစရှိသော သဒ္ဒါသည်လည်း၊ ( သာမညံ - တည်း၊ ကသ္မာ- ကြောင့်-ဇာနာတိ–သနည်း၊)ကတာကိစ္စာဒိယောဂတော-ကတကိစ္စ အစရှိသော ဝိသေသနကို ယှဉ်စပ်သုံးစွဲအပ်သည်၏ အဖြစ်ကြောင့်၊ (ဇာနာတိ-၏၊ ကိမိဝ- အဘယ်ကဲ့သို့နည်း၊) ပါရာဒိဝ – ပါရ, အစ ရှိသည်ကဲ့သို့တည်း။[အာဒိဖြင့် အပါရကို ယူ။]

၁၇၇။ ဇိတ ၊ ပေ ၊ ပယောဂတော။ ။“သာမညံ ဟိ သမာသာဒိ” စသော စကားနှင့်စပ်၍ သာမညဖြစ်ပုံကို ပြလိုသောကြောင့်“ဇိတမာရာဒိ” စသည် မိန့်၊ အာဒိဖြင့် “ အာဘိဓမ္မိကော , ပစတိ, ပါစကော ” တို့ကို ယူ၊ “ ဇိတမာရော– မာရ်ကိုအောင်ပြီးသော ပုဂ္ဂိုလ် ” ဟူရာ၌ ဘိက္ခု , ဇိနော, ပစ္စေကဗုဒ္ဓေါ , တို့ကို ( အဘိဓေယျ-အဖြစ်ဖြင့် ) သုံးစွဲ ယှဉ်စပ်ထိုက်သော ကြောင့်“ဇိတမာရော”သည် သာမညသဒ္ဒါ ဖြစ်၏၊ အာဘိဓမ္မိကော၌လည်း ဘိက္ခု, သာမဏေရော, ဂဟဋ္ဌော ( အဘိဓမ္မာဆောင် လူဝတ်ကြောင်) တို့ကို ယှဉ်စပ်သုံးစွဲထိုက်သောကြောင့် သာမညသဒ္ဒါဖြစ်၏၊ ပစတိ ပါစကောတို့၏ သာမညဖြစ်ပုံကိုလည်း ချဲ့ပါ။ [ဘိက္ခုနာဒိ၌ (န) အာဂုံ။]

ဇိနာဒိစ ၊ ပေ ၊ ယောဂတော။ ။ဇိတမာရော အာဘိဓမ္မိကောတို့၏ နောက်က ဇိနော,ဘိက္ခုတို့လည်း သာမညသဒ္ဒါ ဖြစ်ပြန်၏၊ ဘာကြောင့်နည်း– “ကတကိစ္စော–ပြုအပ်ပြီးသော မဂ်ကိစ္စရှိသော၊ဇိနော၊ ဟတကိလေသော– သတ်အပ်ပြီးသော ကိလေသာရှိသော၊ ဇိနော” စသည်ဖြင့်၎င်း, “ သုတ္တန္တိကော ဘိက္ခု, ဝေနယိယော ဘိက္ခု”စသည်ဖြင့်၎င်း, အမျိုးမျိုး ဝိသေသနကို ကူမ သုံးစွဲထိုက်သောကြောင့်တည်း။

ပါရာဒိဝ။ ။ဤသို့လျှင် သာမညသဒ္ဒါ ဝိသေသသဒ္ဒါဖြစ်ပုံသည် “ပါရ+ အပါရ” ခေါ်ပုံနှင့်တူ၏၊ ဤဘက်ကမ်း၌နေသူက ဟိုဘက်ကမ်းကို “ပါရ”ဟု ခေါ်၍, သူ၏နေရာ ဤဘက်ကမ်းကို “အပါရ”ဟု ခေါ်၏၊ ဟိုဘက်ကမ်း၌ နေသူကလည်း ဤဘက်ကမ်းကို ပါရဟု ခေါ်၍ သူ၏နေရာ ဟိုဘက်ကမ်းကို

www.dhammaransi.com



၁၀၉။ ဝုတ္တိယာ ကာမာစာရာပိ, ဝိသေသနဝိသေသျတာ၊
လောကေန မနျတေ သိဒ္ဓါ,လောကသိဒ္ဓသဘာဝတော။

၁၀၉။ ကာမာစာရာ - ဝဒန္တုပုဂ္ဂိုလ် အလိုအတိုင်း ဖြစ်ခြင်း **အား**ဖြင့်၊ (ဝိသေသနဝိသေသျတာယ- ဝိသေသနဝိသေသျ၏အဖြစ် သည်၊ ) ဝုတ္တိယာပိ – ဖြစ်နိုင်ပါသော်လည်း၊ လောကသိဒ္ဓသဘာဝ တော–လောကဌ် ထင်ရှားသော သ**ဘော**အားဖြင့်၊ သိဒ္ဓါ-ထင်ရှား ပြီးသော၊ ဝိသေသန ဝိသေသျတာ-ဝိသေသန ဝိသေသျ၏ အဖြစ်ကို၊ လောကေန-လူအပေါင်းသည်၊ မနျတေ–သိအပ်၏။

"အပါရ"ဟု ခေါ်၏၊ ဤသို့ ပါရခေါ်အပ်သောအရပ်သည်ပင် အပါရဟုရင်း, အပါရ ခေါ်အပ်သော အရပ်သည်ပင် ပါရ ဟုရင်း အပြန်အလှန် ခေါ်နိုင် သကဲ့သို့, ထို့အတူ "ဇိတမာရော"ကို သာမညဟုယူသောအခါ ဇိနောသည် ဝိသေသနဖြစ်၏၊ ဇိနောကို သာမညယူပြန်လျှင် ဇိတမာရောသည် ဝိသေသန ဖြစ်နိုင်ပြန်သည်၊ ဤသို့စသည်ဖြင့် သူဒေါ်ပါစကောတိုင်အောင် ရှုကြည့်ပါ။

---

၁၀၉။ ။"ဇိတမာရာဒိ"စသော ဍီကါထာအလိုအားဖြင့် ဇိတမာရော သည် ဝိသေသနလည်း ဖြစ်နိုင်-ဝိသေသျလည်း ဖြစ်နိုင်ရကား " ဤပုဒ်သည် ဝိသေသန , ဤပုဒ်ကား ဝိသေသျ" ဟု ခွဲခြားမှုသည် ဝဒန္တုပုဂ္ဂိုလ်၏ အလို အတိုင်း ဖြစ်နိုင်ရာရောက်၏၊ သို့သော် ဝိသေသနဝိသေသျသည် လောကဌ်ပင် " ဤကား ဝိသေသန, ဤကား ဝိသေသျ"ဟု သဘောအားဖြင့် ထင်ရှားပြီး ဖြစ်၏၊ ထို့ကြောင့် ထို ထင်ရှားပြီးအတိုင်းသာ " ဇိတမာရောကို ဝိသေသျ, ဇိနောကို ဝိသေသန"ဟု ခွဲခြား၍သိရသည်။

**ဝုတ္တိယာ ကာမာစာရာပိ**။ ။ကာမာစာရာပိမှ ပိကိုရွှေ့၍"ဝုတ္တိယာပိ" ဟု ဆို၊ ထိုပိသည် သမ္ဘာဝနာဇောတကတည်း၊ ဝုတ္တိယာ၏လက္ခဏာဝန္တကို လည်း " ဝိသေသန **ဝိ**သေသျတာယ "ဟု ထည့်၊ ကာမံ – ဝဒန္တုပုဂ္ဂိုလ်၏ အလိုအတိုင်း+စာရော–ဖြစ်နိုင်ခြင်းတည်း၊ ကာမစာရော–ခြင်း။

**လောကေန၊ပေ၊သဘာဝတော**။ ။ လောကေ-၌၊ သိဒ္ဓေါ – ပြီးပြီး တည်း၊ ဝါ–ထင်ရှားပြီးတည်း၊ လောကသိဒ္ဓေါစ + သော+ သဘာဝေါစ– သဘော (ထုံးစံ) လည်း ဟုတ်၏၊ ဣတိ လောကသိဒ္ဓ သဘာဝေါ၊ သဒ္ဒါဆရာ တို့၏လောကဌ် " ဤကား ဝိသေသန , ဤကား ဝိသေသျ "ဟု ထင်ရှားပြီး ဖြစ်သောကြောင့် ထို ထင်ရှားပြီးအတိုင်းသာ သိရသည်။

www.dhammaransi.com



၁၉၀။ အတ္တရူပ ပသိဒ္ဓံနု-ဝါဒရူပန္တိ ဝုစ္စတေ၊
ဝိသေသနံဝ တံအပ္ပ-သိဒ္ဓကံ ဝိဓိရူပကံ။

၁၉၁။ ဝိသေသျမေဝ တံဝျော၀, မတ္တရူပံ ဒုခါမတံ၊
ယထာ နီလုပ္ပလံ ရာဇ-ပုရိသောတိ နိဒဿနံ။

၁၉၀, ၁။ ပသိဒ္ဓံ- ထင်ရှားသော၊ အတ္တရူပံ - အနက်သဘော ရှိသော သဒ္ဒါကို၊ အနုဝါဒရူပန္တိ – အနုဝါဒရုပ်ဟူ၍၊ ဝါ – အစဉ် လိုက်၍ ဟောတတ်သော သဘောရှိသော သဒ္ဒါဟူ၍၊ ဝုစ္စတေ – ဆိုအပ်၏၊ တံ- ထို အနုဝါဒရုပ်ဟူသည်၊ ဝိသေသနံဝ - ဝိသေသနပင် တည်း၊ အပ္ပသိဒ္ဓကံ - မထင်ရှားသော၊ အတ္တရူပံ - အနက်သဘော ရှိသော သဒ္ဒါကို၊ ဝိဓိရူပကန္တိ - ဝိဓိရုပ်ဟူ၍၊ ဝါ – စီမံတတ်သော သဘောရှိသောသဒ္ဒါဟူ၍၊ ဝုစ္စတေ-ဆိုအပ်၏၊ တံ-ထိုဝိဓိရုပ်ဟူသည်၊ ဝိသေသျမေဝ-ဝိသေသျပင်တည်း၊ ဣတိဧဝံ-ဤသို့၊ အတ္တရူပံ-အနက် သဘောရှိသော သဒ္ဒါကို၊ ဒုခါ – နှစ်ပါး အပြားအားဖြင့်၊ မတံ– သိအပ်၏၊ ယထာ-အဘယ်နည်း၊ နီလုပ္ပလံ ရာဇပုရိသောတိ-နီလုပ္ပလံ ရာဇပုရိသောဟူသော၊ နိဒဿနံ- ညွှန်ပြကြောင်း ဥဒါဟရုဏ်တည်း။

၁၉၀,၁ ။ ။ ဝိသေသန ဝိသေသျတို့၏ အခြားနာမည်တမျိုးကို ပြလို၍ "အတ္တရူပံ"စသည်မိန့်၊ ထင်ရှားသောအနက်ကို "အနုဝါဒရုပ်" ဟု ခေါ်၏၊ ထို အနုဝါဒဟူသည် ဝိသေသန၏ ပရိယာယ်နာမည်တည်း၊ မထင်ရှားသော အနက်ကို "ဝိဓိရုပ်" ဟု ခေါ်၏၊ ထိုဝိဓိဟူသည် ဝိသေသျပင်တည်း၊ ပုံစံကို ပြလို၍"နီလုပ္ပလံ ရာဇပုရိသော"ဟု မိန့်သည်။

**နီလုပ္ပလံ,ရာဇပုရိသော။** ။"ဥပ္ပလံ"ဟူသာ ဆိုလျှင်"ဥပ္ပလ"အမျိုးက "အဖြူ,အနီ,အညို"ဟု ၃မျိုးရှိသောကြောင့် မည်သည့်ဥပ္ပလ ဟု မထင်ရှား၊ ထို့ကြောင့်"ဥပ္ပလ"ကို "အပ္ပသိဒ္ဓံ"ဟု ဆိုသည်၊"နီလံ"ဟု ဝိသေသန ကူမ လိုက်လျှင်" ညိုသော ဥပ္ပလ "ဟု ထင်ရှားလာ၏၊ ထို့ကြောင့် "နီလံ "ကို ပသိဒ္ဓ ဟု ဆိုသည်။ [ " ရာဇပုရိသော "၌ " ပုရိသော "ဟူသာ ဆိုလျှင် "မည်သူ၏အချင်းယောကျ်ား"ဟု မထင်းရှား၊ရညောဟု ဝိသေသနသမ္ဗန်ကို ကူမလိုက်မှ"မင်း၏ အချင်းယောကျ်ား"ဟု ထင်ရှားပုံကို သိပါ။]

**အနုဝါဒ,ဝိဓိ။** ။အနုဝဒတိ–ဝိသေသျသို့ အစဉ်လိုက်၍ဟောတတ်၏၊ ဣတိ အနုဝါဒေါ၊ ဝိဒဓာတိ– ကြာဟုရင်း, ယောကျ်ားဟုရင်း စီမံတတ်၏၊ ဣတိ ဝိဓိ၊ ဝိသေသနကို ဂုဏ်ဟုရင်း၊ ဘေဒက (အထူးပြုတတ် ခွဲခြားတတ်)

www.dhammaransi.com



၁၉၂။ န တေဟုဗ္ဗော ဝိဘတ္တိ·တိ, စေ ဝိနာ တု ဝိဘတ္တိယာ၊
နာ·ထ္ထံ နိဒ္ဒိသိတုံ သက္ကာ, လိင်္ဂတ္ထံ ပန ပေက္ခိယ။

၁၉၃။ ပဉ္စမာယေဝ ဘာဝတိ, တတ္ထာပျညကြိယာဒိကေ၊
ဘာဝတျာပေက္ခိတေ ယေဝ, တတိယာဒိ ယထာရဟံ၊

၁၉၂,၃။ တေဟိ – ထို သမာသ် အစရှိသော ဝါစကတို့သည်၊ ဥတ္တေ-ကတ္တား အစရှိသော အနက်ကို ဟောအပ်ပြီးသော်၊ ဝိဘတ္တိ-ဝိဘတ်သည်၊ ( အတ္တနာ – မိမိသည်၊ ဝတ္တဗ္ဗဿ – ဟောထိုက်သော အနက်၏၊ အဘာဝါ–မရှိခြင်းကြောင့်၊ ) န – မဖြစ်ရာသည် မဟုတ် ပါလော၊ ဣတိစေ–ဤသို့ မေးအံ့၊ တု– အဖြေကား၊ ဝိဘတ္တိယာ-

ဟုရင်း, ဝိသေသဟုရင်း, အပဓာန (လိုရင်းပဓာန မဟုတ်) ဟုရင်း, ဥပါယ (ဝိသေသျသို့ကပ်ရောက်တတ်) ဟုရင်း,သကတ်ဟုရင်း,ခေါ်၏၊ ဝိသေသျကို ဂုဏီ (ဝိသေသန ဂုဏ်ရှိ) ဟုရင်း, ဝိသေသိတဗ္ဗဟုရင်း,ဘေဒျ (ခွဲခြားအပ်) ဟုရင်း, သာမညဟုရင်း, ဝိမိဟုရင်း, အပဓာနဟုရင်း, ဥပေယျ (ဝိသေသန သည် ကပ်ရောက်အပ်) ဟုရင်း, ဒြဗ်ဟုရင်း ခေါ်သည်။ [ဂုဏီကိုပင်“ဂုဏေး” ဟု ခေါ်ကြသည်။]

ဂုဏော ဝိသေသနံ ဘေဒကံ, ဝိသေသော အနုဝါဒကော၊
အပ္ပဓာန·မုပါယောစ, သကတ္တောတိ စိမေ သမာ။

ဂုဏီ ဝိသေသိတဗ္ဗဉ္စ, ဘေဒျံ သာမညဝိဓယော၊
ပဓာနဉ္စ ဥပေယျောစ, ဒဗ္ဗံ ဥေယျာ သမာနတာ။

---

၁၉၂,၃။ **နတေဟုဗ္ဗော၊ပေ၊စေ။** ။“ဇိတမာရ”ဟူသော သမာသ်က ကတ္တားအနက်ကို ဟောပြီးဖြစ်လျှင် ဝိဘတ်ဟောဘွယ်ရာ ကတ္တားအနက်မရှိ တော့၊ သို့ဖြစ်လျှင် “မိမိဟောဘွယ်ရာ အနက်မရှိသော ဝိဘတ်သည် ဇိတမာရ နောင် သက်ဘွယ်မလိုတော့သည် မဟုတ်လော”ဟု စောဒနာခဲ့လျှင်....

**ဝိနာတု၊ပေ၊ ဘာဝတိ။** ။ဝိဘတျန္တံပဒံ–ဝိဘတ်အဆုံးရှိမှ ပုဒ်ရာဝင်၏၊ ပုဒ်အဖြစ်သို့ရောက်မှလည်း “ပဇ္ဇတေ ဉာယတေ အတ္ထော ဧတေနာတိ ပဒံ”နှင့် အညီ ဆိုင်ရာအနက်ကို ပြနိုင်၏၊ ဝိဘတ်နှင့်ကင်း၍(ဝိဘတ်မပါဘဲ)အနက်ကို မပြနိုင်၊ ထို့ကြောင့်“ဇိတမာရ”ဟူသောလိင်၏ အနက် (သကတ်,ဒြဗ်,လိင်, သင်္ချာ, ကာရကဟူသောလိင်္ဂတ္ထ) ကို ထွန်းပြခြင်းငှါ လိင်္ဂတ္ထေပဉ္စမာသုတ်ဖြင့် ပဉ္စမာဝိဘတ် သက်ရသည်” ဟု အဖြေကိုပြသည်။

www.dhammaransi.com



ဝိဘတ်နှင့်၊ ဝိနာ– ကင်း၍၊ အတ္တံ- အနက်ကို၊ နိဒဿိတုံ – ညွှန်ပြခြင်းငှါ၊(ယသ္မာ-ကြောင့်၊)နသက္ကာ-မတတ်ကောင်း၊(တသ္မာ-ကြောင့်၊) လိင်္ဂတ္ထံ- လိန်၏ အနက်ကို၊ အပေက္ခိယ-ငဲ့၍၊ ပဌမာယေဝ - ပဌမာ ဝိဘတ်သည်သာ၊ ဘဝတိ–ဖြစ်၏၊ တတ္ထာပိ – ထို ဟောအပ်ပြီးသော ကတ္တားအစရှိသောအနက်၌လည်း၊(ဘဝတိစပ်)အညကြိယာဒိကေ- တပါးသော ကြိယာအစရှိသည်ကို၊ (အာဒိဖြင့် ကြိယာမဟုတ်သော သမ္ဗန်ကို ယူ၊ ) အပေက္ခိတေယေဝ – ငဲ့အပ်သော်သာ၊ ဝါ-ငဲ့မှသာ၊ တတိယာဒိ- တတိယာ အစရှိသောဝိဘတ်သည်၊ ယထာရဟံ–ထိုက် သည်အားလျော်စွာ၊ ဘဝတိ–၏။

**ဇိနေနာစသည်၌ပဌမာ။** ။ဇိတမာရနောက်၌ရှိသော“ဇိန”ဟူသော အဘိဓေယျပုဒ်သည်လည်း ဇိတမာရသမာသ်၏ ကတ္တားကိုပင် ဟော၏၊ ဘာ့ကြောင့်နည်း၊ .... ဇိတမာရနှင့် ဇိနပုဒ်တို့ အရတူသောကြောင့်တည်း၊ ထို့ကြောင့် ဇိနနောင်လည်း လိင်္ဂတ္ထမျှကို ထွန်းပြဘို့ရာ ပဌမာ သက်ရသည်၊ အာဘိဓမ္မိကောဘိက္ခုတို့၌လည်းနည်းတူ၊ သူဒေါပစတိ,ပါစကောတို့၌လည်း ပစတိ ပါစကောတို့က ကတ္တားအနက်ကိုဟောပြီး ဖြစ်၏၊ သူဒလည်း ပစတိ ပါစကောတို့၏ဝိသေသနဖြစ်၍ (အရတူသောကြောင့်)ကတ္တားဟော အမည် ရ၏၊ ထို သူဒနောင် လိင်္ဂတ္ထကို ထွန်းပြခြင်းငှါ ပဌမာသာ သက်ရသည်။

**တတ္ထာပိ ၊ပေ၊ ယထာရဟံ။** ။ထိုဇိတမာရ, ဇိနစသော သဒ္ဒါတို့သည် “ ဒေသိတော ” စသော အခြားကြိယာကို ငဲ့သောအခါ တတိယာသက်၍ “ ဇိတမာရေန ဇိနေန ဓမ္မော ဒေသိတော ” စသည်ဖြင့်၎င်း, “ ပတ္တော ” ဟူသော သမ္ဗန္ဓီကိုငဲ့သောအခါ ဆဋ္ဌီသက်၍“ဇိတမာရဿ ဇိနဿ ပတ္တော” ဟု၎င်း, စပ်ရာကြိယာပုဒ်–စပ်ရာသမ္ဗန္ဓီပုဒ်လိုက်၍ ထိုက်သည်အားလျော်စွာ တတိယာစသော ဝိဘတ်များသက်ရသည်။

**အမှာ။** ။ “ ဇိတမာရေန ဇိနေန ”၌ သမာသ်သည် ဟောအပ်သော အတွင်းကတ္တားနက် , ဒေသိတောကိုငဲ့၍ နာဝိဘတ်သည် ဟောအပ်သော အပြင် ကတ္တားနက်, ဤသို့ ကတ္တားနက် ၂ မျိုးရှိ၏၊ ထို့ကြောင့် “ ဝေဲသတိ ဇိနသဒ္ဒေ ဒွေ ကတ္တာရော ဘဝန္တိ”ဟု ဋီကာဆိုသည်၊ ကရဏဝါစက စသည် ၌လည်း “ဆိန္ဒ္ဓရုက္ခေန ပရသုနာ ရုက္ခံ ဆိန္ဒတိ”စသောဝါကျဝယ်“ဆိန္နော+ ရုက္ခော ယေန”ဟုဝိဂ္ဂြိုဟ်ပြုရသောကြောင့် အတွင်းကရိဏ်းအနက်နှင့် အပြင် ဝိဘတ်၏ ကရိဏ်းအနက်တို့ ထပ်တူကျလျက် ရှိတတ်ပုံကိုလည်း သိပါ။

www.dhammaransi.com



၁၉၄။ ဝိသေသျေ ဒိဿမာနာ ယာ,လိင်္ဂသင်္ချာဝိဘတ္တိယော၊
တုလျာဓိကရဏော ဘိယျော, ကတ္တဗ္ဗာ တာ ဝိသေသနေ။

၁၉၄။ ဝိသေသျေ-ဝိသေသျ၌၊ ဒိဿမာနာ - တွေ့မြင်အပ်ကုန်သော၊ ယာ လိင်္ဂသင်္ချာဝိဘတ္တိယော - အကြင် လိင်္ဂသင်္ချာ ဝိဘတ်တို့သည်၊(သန္တိ-ရှိကုန်၏၊) တာ-ထို လိင်္ဂသင်္ချာဝိဘတ်တို့ကို၊ တုလျာဓိကရဏော-တူသော တည်ရာအနက်ရှိသော၊ဝိသေသနေ-ဝိသေသန၌၊ ဘိယျော-များသော အားဖြင့်၊ ကတ္တဗ္ဗာ- ပြုထိုက်ကုန်၏။

၁၉၅။ သဒ္ဒေါ နိယတလိင်္ဂေက-ဝစနော ဂဏှတေ ပဓာ၊
နဿ ဝိဘတ္တိမတ္တံဇာ-ယန္တိ စိတ္တာနိ ဝိသတိ။

၁၉၅။ နိယတလိင်္ဂေကဝစနော-မြဲသောလိင်,မြဲသော ဧကဝုစ်ရှိသော၊ သဒ္ဒေါ-သဒ္ဒါသည်၊ ပဓာနဿ-ပဓာနဖြစ်သော ဝိသေသျ

**၁၉၄။ ဝိသေသျေ၊ပေ၊ဝိသေသနေ။** ။“ဇိတမာရော ဇိနော” တို၏ အရသည် ဘုရားရှင်ချည်းဖြစ်၍ တူ၏၊ သဒ္ဒါပ်ဟူသမျှသည် အနက်၌ တည်ရ၏၊ ထို့ကြောင့် တည်ရာအနက်တူသော ဇိတမာရောကဲ့သို့ဝိသေသျ၌ ဇိနောကဲ့သို့ ဝိသေသန၏လိင်,သင်္ချာ,ဝိဘတ်များကို တူအောင်ပြုကြရ (ထားကြရ) သည်၊ “ဇိတမာရောဟူသော ဝိသေသျ၌ ပုလ္လိင်,ဧကဝုစ်သင်္ချာ,ပဌမာဝိဘတ်ရှိသည့်အတိုင်း ဇိနော၌လည်း ရှိစေရသည်”ဟူလို။

**တုလျာဓိကရဏော ဘိယျော။** ။ ဤစည်းကမ်းသည် တုလျာဓိကရဏ ဝိသေသနအတွက်သာ ဖြစ်၏၊ “တပသာ ဉတ္တမော,ရညော ပုရိသော”ကဲ့သို့ အရမတူသော ဘိန္နာဓိကရဏဝိသေသနများ၌ ဤစည်းကမ်းမလိုက်ရဟု သိစေလို၍ “ တုလျာဓိကရဏော ” ဟု ဆိုသည်၊ တုလျာဓိကရဏ ဖြစ်သော်လည်း နိယတလိင်, နိယတဝုစ် ဖြစ်လျှင်ကား (နောက်ဂါထာ၌ လာလတ့်အတိုင်း) လိင်ဝုစ်မတူသောပြယုဂ်လည်း ရှိသေးသောကြောင့်“ဘိယျော”ဟု ဆိုသည်။
[ ဒီပနီ၌ကား ဘိန္နာဓိကရဏ ဝိသေသနကို တားမြစ်လို၍ “ ဘိယျော ” ဆိုသည် ဟု ဖွင့်၏၊ တုလျာဓိကရဏောပါဌ်ဖြင့် ထိုဘိန္နာဓိကရဏကို တားနိုင်သောကြောင့် ဒီပနီစကားကို စဉ်းစားပါလေ။]

**၁၉၅။ သဒ္ဒေါ၊ပေ၊မတ္တံ။** ။“တုလျာဓိကရဏော ဘိယျော”၌ ဘိယျောသဒ္ဒါ၏အစွမ်းဖြင့်“ဝိသေသျနှင့် ဝိသေသနတို့ လိင်ဝုစ်မတူသော အရာလည်း အနည်းငယ်ရှိသေး၏”ဟု ပြသောကြောင့် ထိုမတူခြင်း၏အကြောင်းနှင့်ပုံစံကို

www.dhammaransi.com



ပုဒ်၏၊ ဝိဘတ္တိမတ္တံ-ဝိဘတ်မျှကို၊ ဂဏှာတေ-ယူနိုင်၏၊ ဇာယန္တိ စိတ္တာနိ ဝိသတိ-ဇာယန္တိ စိတ္တာနိ ဝိသတိတို့ကား ဥဒါဟရုဏ်တည်း၊ ဝိသတိ-နှစ်ဆယ်သော၊ စိတ္တာနိ-စိတ်တို့သည်၊ ဇာယန္တိ-ဖြစ်ကုန်၏။

ပြလိုရကား "သဒ္ဒေါ"စသည်ကိုမိန့်၊ "ဝိသေသနသဒ္ဒါသည် မြဲသောလိန်-မြဲသောဝုစ်ရှိသော သဒ္ဒါဖြစ်နေလျှင်(ထိုလိန်ဝုစ်တို့က ပြောင်းလွဲ၍ မဖြစ်သောကြောင့်) ဝိသေသျနှင့် လိန်ဝုစ်မတူနိုင်၊ ဝိဘတ်သာ (ပဌမာချင်း,ဒုတိယာချင်း စသည်ဖြင့်) တူနိုင်သည်"ဟူလို။

**ဝိသတိ စိတ္တာနိ** ။ ။ ဤပုံစံ၌ ဝိသတိနှင့် စိတ္တာနိသည် တုလျာဓိကရဏ တည်း၊ ဝိသတိဟူသောဝိသေသနက အမြဲ ဣတ္ထိလိန် ဧကဝုစ် ရှိသောကြောင့် စိတ္တာနိဟူသော ဝိသေသျ၏ နပုလ္လိန်ဗဟုဝုစ်သို့ မလိုက်ဘဲ ဣတ္ထိလိန် ဧကဝုစ် အတိုင်းသာ"ဝိသတိ"ဟု ရှိရသည်၊ ဝိဘတ်ကား ပဌမာဝိဘတ်ချင်းတူကြ၏၊ ဤအဓိပ္ပါယ်ကို ရည်ရွယ်၍ အောက်ပါနိယာမ်ကို မိန့်ဆိုကြသည်။

**[ဆောင်]** ဝိသေသန, ဝိသေသျ, ပဒနှစ်ပါး, လိန်ဝုစ်ပြားလည်း, ဝိဘတ်ကားမူ, တူမြဲဟူ၏။

**မှတ်ချက်** ။ ။ " ပုံဗဟုတ္တေ ကုရူ သဏ္ဍာ "စသော အဘိဓာန်နှင့်အညီ နိယတဗဟုဝုစ် ဖြစ်ကြသော ဇနပုဒ် တိုင်း ခရိုင်အနက်ကို ဟောသော သဒ္ဒါ များလည်း ဝိသေသျ၏ဝုစ်သို့မလိုက်ဘဲ"ကုရူသု ဇနပဒေ"စသည်ဖြင့်ရှိသည်၊ ဤ၌ "ကုရု"မည်သောမင်းသားအများ၏"ကုရူ"ဟူသော ဗဟုဝုစ်အမည်ကို ထို မင်းသားတို့၏နေရာ ဇနပုဒ်တခု၌ တင်စားထားသောကြောင့်"ကုရူသု" ဟု ဗဟုဝုစ်ရှိရသည်၊ ထိုသို့ ဗဟုဝုစ်ရှိသော်လည်း ဇနပုဒ်မှာ တခုထည်းသာ ဖြစ်သောကြောင့် "ဇနပဒေ"ဟု ဧကဝုစ်ထားရသည်၊ တချို့စာ၌"ဇနပဒေသု "ဟု ဗဟုဝုစ်ရှိသည်မှာ ပါဌ်ပျက်။ ["ကုရူသု – ကုရု ဟု ဗဟုဝုစ်အမည် ရသော၊ ဇနပဒေ–ဇနပုဒ်၌"ဟုပေး။]

**ဝိဘတ်မတူ ပုံစံ**။ ။"ဝိဘတ္တိမတ္တံ ဂဏှာတေ–ဝိဘတ်မျှကို(တူအောင်) ယူ၏"ဟု ဆိုသော်လည်း တရံတခါ၌ကား တုလျာဓိကရဏဖြစ်လျက် ဝိဘတ် မတူသောအရာလည်း ရှိပါသေး၏၊ ဓာတုကထာ၌လာသော"သင်္ဂဟိတေန အသင်္ဂဟိတံ "တည်း၊ " သင်္ဂဟိတေန " အရ စက္ခာယတနကြဉ်အပ်သော ရုပ်သတ္တဝိသစသည်ရ၍"အသင်္ဂဟိတံ"အရလည်း ထိုတရားများပင် ရသော ကြောင့် တုလျာဓိကရဏ ဖြစ်ကြ၏၊ သို့ပါလျက် ရှေ့ဝိသေသန၌ နာဝိဘတ်, နောက်ဝိသေသျ၌ ပဌမာဝိဘတ်ဖြစ်၍ ဝိဘတ်ချင်း မတူချေ။ [အနက်အကျယ်ကို ဓာတုကထာအကောက်၌ ရှု။]

www.dhammaransi.com



**၁၉၆။ နာချာတေန မလိင်္ဂတ္တာ, လိင်္ဂံ သတ္တာ နုဝတ္တိတုံ၊**
**ဝိသေသျာဓိနဘာဝေန, သချာမတ္တံဝ တာဿမံ။**

၁၉၆။ အာချာတေန-အာချာတ်သည်၊ အလိင်္ဂတ္တာ- လိန် မရှိသည်၏ အဖြစ်ကြောင့်၊ လိင်္ဂံ - ဝိသေသျ၏ လိန်သို့၊ အနုဝတ္တိတုံ-အစဉ်လိုက်ခြင်းငှါ၊န သက္ကာ-မတတ်ကောင်း၊(တသ္မာ-ထို့ကြောင့်၊) ဝိသေသျာဓိနဘာဝေန-ဝိသေသျ၏ဥစ္စာ၏အဖြစ်ဖြင့်၊ ဝါ-ဝိသေသျနှင့် စပ်သည်၏အဖြစ်ဖြင့်၊ သချာမတ္တံဝ-သချာမျှသည်သာ၊ တာဿမံ-ထို ဝိသေသျနှင့် တူရတော့၏။

**၁၉၇။ တဒ္ဓိတော သတ္တိမံ ဒဗ္ဗံ, သဒ္ဒသတ္တိသဘာဝတော၊**
**ကြိယာမုချေပိ အာချာတေ, ဘိယျော ဗြူတိ မုချတော။**

၁၉၇။ အာချာတေ - အာချာတ်သည်၊ ကြိယာမုချေပိ - မုချအားဖြင့် ကြိယာအနက် ရှိပါသော်လည်း၊ ဝါ - ကြိယာကို ပဓာနအားဖြင့် ဟောပါသော်လည်း၊ သဒ္ဒသတ္တိသဘာဝတော - ဏိက

**၁၉၆။ နာချာတေန၊ပေ၊တာဿမံ။** ။"ဝိသေသျေ ဒိဿမာနာ ယာ" ဂါထာနှင့်စပ်၍အာချာတ်နှင့်ဆိုင်သော ဝိသေသန ဝိသေသျတို့၏သဘောကို ပြလိုသောကြောင့် "နာချာတေန"စသည်မိန့်၊ ["သူဒေါ ပစတိဝယ် သူဒေါကို ဝိသေသျ, ပစတိကို ဝိသေသန"ဟု ဤနေရာ၌ သုံးထားသည်၊"သူဒေါ" အရ "ချက်သော စဖိုသည်, မချက်ဘဲ စီမံနေသော စဖိုသည် " ဟု သာမညဖြစ်နေရကား "ပစတိ" ဟု ဝိသေသနပြုသည်-ဟု ကြံပါ။]

**အလိင်္ဂတ္တာ။** ။အာချာတ်ပုဒ်၌ လိန် မရှိ၊ [ အတိလိင်္ဂံ ဒွိဝစနံ, တဒါချာတန္တိ ဝုစ္စတိ၊—ရူပသိဒ္ဓိ, အာချာတ်။ ] ထိုသို့ လိန်မရှိသောကြောင့်"သူဒေါ ပစတိ" ပုံစံဝယ် ပစတိဟူသော ဝိသေသနသည် သူဒေါဟူသော ဝိသေသျ၏ လိန်သို့ လိုက်ဘွယ်မလို၊[အာချာတ်ဝိဘတ်နှင့် နာမ်ဝိဘတ်ဖြစ်၍ ဝိဘတ်ချင်း မတူကြောင်းမှာ အထူးဆိုဘွယ် မရှိ။] ထို့ကြောင့် ဧကဝုစ်ချင်း ဗဟုဝုစ်ချင်း ဟူသော သချာချင်းသာ တူနိုင်တော့သည်။

---

**၁၉၇။ တဒ္ဓိတော၊ပေ၊မုချတော။** ။"အဘိဓေယျ အဓီတေ" ဟူသော အနက်၌ ဏိကပစ္စည်းသက်၍ "အာဘိဓမ္မိကော" ဟု ပြီးသောတဒ္ဓိတ်သည် အဓီတေအနက်ကို ဟော၏၊ ထို "အဓီတေ"ပုဒ်ကလည်း အာချာတ်ကြိယာ ဖြစ်သောကြောင့် ကြိယာအနက်ကိုသာ ပဓာနအားဖြင့်ဟော၏၊ ထို့ကြောင့်

www.dhammaransi.com



ပစ္စည်း စသောသဒ္ဒါ၏ ဒြဗ်ကို ဟောစွမ်းနိုင်သော သတ္တိသဘော ရှိသည်၏အဖြစ်ကြောင့်၊ တဒ္ဓိတော - တဒ္ဓိတ်သည်၊ သတ္တိမံ - သတ္တိရှိသော၊ ဒဗ္ဗံ-ဒြဗ်ကို၊ မုချတော-မုချအားဖြင့်၊ ဘိယျော- များသောအားဖြင့်၊ ဗြဝိတိ-ဟော၏။

**၁၉၇။ ကေကဏှဗောဝနေကေသ,မုတ္တတ္တေ သတ္တိယာ ပန၊**
**အဘာဝတောတ္တမေကေက, မာချာတေန ကိတေနစ။**

၁၉၇။ ကေကဏှဗောဝ- တပြိုင်နက်သော ခဏော်ပင်လျှင်၊ အနေကေသံ - များစွာသောကာရကတို့၏၊ ဝါ- တို့ကို၊ ဥတ္တတ္တေ-ဆိုအပ်ကုန်သည်၏အဖြစ်သည်၊ (သတိပိ-ဖြစ်ပါသော်လည်း၊) သတ္တိယာ- ကာရကအများကို ဟောစွမ်းနိုင်သော သတ္တိ၏၊ အဘာဝတောပန-

ထို အဓိတေအနက်၌သက်သော ဏ်ကပစ္စည်းလည်း " အဘိဓမ္မာသင်သော (တတ်သိသော) ရဟန်းဒြဗ်ကို မဟောဘဲ,သင်ယူခြင်း တတ်သိခြင်းကြိယာကိုသာ ဟောသင့်သည် မဟုတ်ပါလော-ဟု မေးဘွယ်ရှိသောကြောင့်" တဒ္ဓိတော"စသည်ကို မိန့်၏၊ ဆိုလိုရင်းကား-"အဓီတေ"ဟူသောအာချာတ်က ကြိယာအနက်ကို ပဓာနအားဖြင့် ဟောပါသော်လည်း " အာဘိဓမ္မိကော" ဟူသော တဒ္ဓိတ်သည် ကြိယာကိုမဟောဘဲ အဘိဓမ္မာကိုသင်သော (တတ်သိသော) ရဟန်းဒြဗ်ကိုသာ မုချအားဖြင့် ဟောသည်"ဟူလို။

**သတ္တိမံ၊ပေ၊သဘာဝတော။** ။ထိုရဟန်းဒြဗ်သည် သင်ယူခြင်း တတ်သိခြင်းကြိယာကို ပြီးစေနိုင်သော ကတ္တုသတ္တိ ရှိသောကြောင့် " သတ္တိမံ " ဟု ဒဗ္ဗံကို ဝိသေသန ပြုသည်၊ ထို သတ္တိမန္တဒြဗ်ကို ဟောနိုင်သော သတ္တိလည်း ဏ်ကပစ္စည်းစသော တဒ္ဓိတ်မှာ ထုံးစံသဘောအားဖြင့် ရှိသည်ကို"သဒ္ဒသတ္တိသဘာဝ"ဟု ဆိုသည်။ [မုချတောဟု ဆိုသောကြောင့် အမုချ (အပဓာန) အားဖြင့်ကား ကြိယာကို ဟောပါ၏၊-ဟူလို။]

**ဘိယျော။** ။"ပါစကဿ+ဘာဝေါ ပါစကတ္တံ"၌ ချက်ခြင်းကြိယာကို ဟောသော တဒ္ဓိတ် (တ္တ) ပစ္စည်းလည်း ရှိသေးသောကြောင့်"ဘိယျော"ဟု ဆိုသည်၊ ထိုဘိယျောဖြင့် " ကြိယာကိုဟောသော အရာလည်း အနည်းငယ် ရှိပါသေး၏"ဟု ပြသည်။

---

၁၉၇။ **ကေကဏှဗော၊ပေ၊ကိတေနစ။** ။"သူဒေန ဩဒနော ပစ္စတေ, သူဒေန ဩဒနော ပစိတော" ဟူသော အာချာတ်ကိတ်ပုံစံတို့၌ ကတ္တား ကံ ဟူသော ကာရကအများကို ဆိုထားသော်လည်း ထိုကာရကတို့ကို တပြိုင်နက်

www.dhammaransi.com



မရှိခြင်းကြောင့်ကား၊ အာချာတေန - အာချာတ် ဝိဘတ်သည်၎င်း၊ ကိတေနစ-ကိတ်ပစ္စည်းသည်၎င်း၊ ဧကေကံ-တခုတခုသောကာရက ကို၊ ဥတ္တံ-ဟောအပ်၏။

## ၁၉၉။ ကြိယာယေ ဝ နိမိတ္တတ္တာ, နိဿယတ္တာစ ယုဇ္ဇတေ၊ ဥတ္တာနုတ္တောပိ ဘာဝေါပ-လဒ္ဓိဟေတု ဟိ ကာရကော။

၁၉၉။ ကြိယာယ-ကြိယာ၏၊ နိမိတ္တတ္တာယေဝ-အကြောင်း၏ အဖြစ်ကြောင့်သာလျှင်၎င်း၊ နိဿယတ္တာစ-မှီရာ၏အဖြစ်ကြောင့်၎င်း၊ ဥတ္တောပိ-ဟောအပ်သော ကာရကကို၎င်း၊ အနုတ္တောပိ - မဟော အပ်သော ကာရကကို၎င်း၊ ယုဇ္ဇတေ-ယှဉ်စပ်သုံးစွဲအပ်၏၊ ဟိ-မှန်၏၊ ကာရကော-ကာရကဟူသမျှသည်၊ ဘာဝေါပ လဒ္ဓိဟေတု (ဘာဝ+ ဥပလဒ္ဓိ+ဟေတု)-ကြိယာကိုရခြင်း၏အကြောင်းသည်၊ ဟောတိ-၏။

ဟောဘို့ရန် အာချာတ်ဝိဘတ် ကိတ်ပစ္စည်းတို့မှာ သတ္တိမရှိကြ၊ ထို့ကြောင့် တပါးစီကိုသာ ( ကံဟောဝါကျ ဖြစ်လျှင် ကံကိုသာ , ကတ္တားဟောဝါကျ ဖြစ်လျှင် ကတ္တားကိုသာ ) အာချာတ် ကိတ်တို့က ဟောကြရသည် – ဟူလို။ [“ကတ္တား ကံ ကရိဏ်း”စသည်ပါသောဝါကျများကိုလည်း ပုံစံထုတ်ပါ။]

---

**၁၉၉။ ကြိယာယေဝ၊ပေ၊ယုဇ္ဇတေ ။** ။ “ ဝါကျအတွင်း၌ ရှိသမျှ ( သုံးစွဲအပ်သမျှ ) ကာရကတို့ကို မဟောဘဲ တပါးစီကိုသာ ဟောနိုင်လျှင် အဘယ့်ကြောင့် ဝါကျတခုထည်း၌ ကာရကအများကို သုံးစွဲရသနည်း ” ဟု မေးဘွယ်ရှိသောကြောင့် “ကြိယာယေဝ၊ပေ၊ယုဇ္ဇတေ”ဟု မိန့်သည်၊ နိမိတ္တ အဖြစ်က ကာရကအားလုံးအတွက် ငြိသောကြောင့် “နိမိတ္တတ္တာယေဝ” ဟု ဧဝထည့်၏၊ နိဿယအဖြစ်ကား ကတ္တားကံနှင့်သာ ဆိုင်သောကြောင့်“ဧဝ” မထည့်၊“ကြိယာနိဿယဘူတာနိ, ကတ္တုကမ္မာနိ တိဋ္ဌရေ”ကို ထောက်ပါ။

**ဥတ္တာ၊ပေ၊ကာရကော။** ။မှန်၏—ကာရကဟူသမျှသည် အာချာတ် ကိတ်တို့က ဟောအပ်သည်ဖြစ်စေ မဟောအပ်သည်ဖြစ်စေ, ကြိယာတခုခုကို ရဘို့ရန် အကြောင်းဖြစ်၏၊“ပုရိသော မဂ္ဂံ ဂစ္ဆတိ”၌ မဂ္ဂသည် ဂစ္ဆတိကြိယာ က မဟောအပ်သော်လည်း ထိုသွားခြင်းကြိယာကိုရဘို့ရန် အကြောင်းဖြစ်၏၊ “လမ်းမရှိလျှင် သွားခြင်းကြိယာ မဖြစ်နိုင်”ဟူလို၊ ဤသို့စသည်ဖြင့် ကာရက တို့၏ ကြိယာရခြင်း၏ အကြောင်းဖြစ်ပုံကို သိပါ။

www.dhammaransi.com



၂၀၀။ ကရဏော ဆိန္နရုက္ခော ပ-ရသု ပဟာရဏာဝုဓံ၊
ပါယေန ဒုတိယော ခါရိ,ဂေါတ္တံ ဇာတိစ အပ္ပတော။

၂၀၀။ ဆိန္နရုက္ခော-သစ်ပင်ကို ဖြတ်ကြောင်းဖြစ်သော၊ ပရသု-ပုဆိန်၊ ပဟာရဏံ - ပုတ်ခတ်ကြောင်း ဖြစ်သော၊ အာဝုဓံ - လက်နက်၊ ( ဧတ္ထ ဒွါဒယော - ဤသို့ အစရှိ**သောသမာသ်** ဥဒါဟရုဏ် ကိတ်ဥဒါဟရုဏ်တို့သည်၊ ) ကရဏော – ကရဏကာရက၌၊ ပါယေန- အများအပြားအားဖြင့်၊ ( ဟောန္တိ – ရှိကုန်၏၊ ) ဒုတိယော – ၂ ခုတို့၏ ပြည့်ကြောင်းဖြစ်သော၊ ခါရိ- တတို၊ ဂေါတ္တံ- နွားဟု သိသောဉာဏ်, နွားကိုဟောသော ဂေါသဒ္ဒါ၏ ဖြစ်ကြောင်း၊ ဇာတိ – နွားဇာတ်၊ (ဧတ္ထ တဒ္ဓိတ် ဥဒါဟရုဏ်တို့သည်ကား၊ )အပ္ပတော-အနည်းအားဖြင့်၊ (ဟောန္တိ-ရှိကုန်၏)။

၂၀၀။ ။"ကတ္တရိ ဇီတမာရော"မှစ၍ ကတ္တားဟောပုံစံကိုရင်း, ထိုပုံစံများနှင့်စပ်၍ မှတ်သားဘွယ်များကိုရင်း ပြပြီး၍ ကရိုဏ်း၏ပုံစံကို ပြလိုသောကြောင့် " ကရဏော " စသည်မိန့်၊ ဆိန္နရုက္ခောသည် သမာသ်၏ ပုံစံတည်း၊ ပဟာရဏံသည် ကိတ်၏ပုံစံ၊ ထိုသမာသ်နှင့် ကိတ်ဆိုင်ရာ ကရဏကာရကကို ဟောသောပုံစံက အများအပြားရှိသောကြောင့် "ပါယေန"ဟု ဆိုသည်။

**ဒုတိယော, ဂေါတ္တံ**။ ။တဒ္ဓိတ်ပုံစံတို့တည်း၊ တဒ္ဓိတ်ဝါစက၏ ကရဏကာရကဟောရာပုံစံသည် နည်းနည်းပါးပါးသာ ရှိသောကြောင့်"အပ္ပတော" ဟု ဆိုသည်၊ ထို့ကြောင့်ပင် ဗာလာဝတာရ သမ္ဗန္ဓစိန္တာကျမ်းတို့၌ ပုံစံကိုပင် မပြကြ၊ ဤကျမ်းကား ပုံစံရှိကြောင်းကိုပြလို၍ ပုံစံ ၂ မျိုး ထုတ်ပြထားသည်။

**ဝိဂ္ဂဟ** ။ ။ ဆိန္နော ရုက္ခော ယေနာတိ ဆိန္နရုက္ခော၊ " ပရသု " ကား အဘိဓေယျ ပုဒ်တည်း၊ ပဟရတိ ယေနာတိ ပဟာရဏံ၊ အာဝုဓံကား အဘိဓေယျ၊ ဒွိန္နံ + ပူရဏော ဒုတိယော၊ ပူရဏအနက်၌ တိယပစ္စည်း သက်၊ ထိုပူရဏပုဒ်ကလည်း "ပူရတိ အနေနာတိ ပူရဏံ "နှင့်အညီ ကရိုဏ်းအနက်ကို ဟော၏၊ ထို့ကြောင့် ဒုတိယောသည် ကရဏကာရကဟော ပုံစံဖြစ်၏၊ ခါရိကား အဘိဓေယျတည်း၊ " ဘဝန္တိ ဗုဒ္ဓိ သဒ္ဒါ ဧတေနာတိ ဘာဝေါ" ဟု ပြုလျှင် ဘာဝပုဒ်သည် ကရဏကာရကကို ဟော၏၊ " ဂေါဿ + ဘာဝေါ ဂေါတ္တံ " ဟု ပြုသောအခါ ထိုဘာဝ၏ ကရိုဏ်းအနက်ကိုပင် တ္တ ပစ္စည်းက ဟောရကား ဂေါတ္တံလည်း ကရဏကာရကဟော ပုံစံဖြစ်ရသည်၊ ဇာတိကား အဘိဓေယျတည်း။ [အာချာတ်သည် ကရိုဏ်းအနက်စသည်ကို မဟော။]

www.dhammaransi.com



၂၀၁။ ကမ္ဗေ အာဂတသံဃော ကော,
သော ဝိဟာရော ၀ သံဃိကော၊
ဃာတိကော ဩဒနော ပစ္စ-
တောဒနော ပစိတော ဒနော။

၂၀၁။ အာဂတသံဃော - သံဃာသည် လာရောက်အပ်သော အရပ်၊ သော-ထို အာဂတသံဃအရပ်ဟူသည်၊ ကော-အဘယ်နည်း၊ သံဃိကော - သံဃာ၏ ဥစ္စာဖြစ်သော၊ ဝိဟာရော ၀ - ကျောင်းပင် တည်း၊ ဃာတိကော-ထောပတ်ဖြင့် ရောစပ်အပ်သော၊ ဩဒနော- ထမင်း၊ ဩဒနော-ထမင်းကို၊ ပစ္စတေ-ချက်အပ်၏၊ ဩဒနော-ကို၊ ပစိတော-ချက်အပ်ပြီ၊ (ဣမာနိ-ဤ ဥဒါဟရုဏ်တို့သည်၊) ကမ္ဗေ- ကမ္မကာရကဉ်၊ (သမာသာဒိ ဥဒါဟရဏာနိ - သမာသ်အစရှိသည် တို့၏ ဥဒါဟရုဏ်တို့တည်း။)

၂၀၂။ ဘုဥ္စတေ ဩဒနော ဘောဇ္ဇ , မုချတော ပစ္စတောဒနော၊
ဣတော ဘောဇ္ဇာမုချတော ဝုတ္တော, ဖလနာမူပစာရတော။

၂၀၂။ ဩဒနော-ထမင်းကို၊ ဘုဥ္စတေ-စားအပ်၏၊ ဣတိ ဧတ္ထ- ဤပြယုဂ်၌၊ (ဩဒနသဒ္ဒေါ - ဩဒနသဒ္ဒါသည်၊ ) မုချတော - မုချ အားဖြင့်၊ ဝုတ္တော-ဆိုအပ်သော သဒ္ဒါတည်း၊ ဩဒနော-ထမင်းကို၊

၂၀၁။ ။ကမ္မကာရကကိုဟောသော ပုံစံကိုပြလို၍"ကမ္ဗေ"စသည်မိန့်၊ "အာဂတော + သံဃော ဣမံ" ဟု ဝိဂ္ဂဟပြု၍ ဣမံ၏ ကံအနက်ကိုအမွေခံ၍ "အာဂတသံဃော"သမာသ်က ဟော၏၊ "သံဃိကော ဝိဟာရော"သည် အဘိဓေယျ၊ "ဃတေန + သံသဋ္ဌော - ရောစပ်အပ်သောအစာတည်း" ဟု ဝိဂ္ဂဟပြု၍ သံသဋ္ဌ၏ ကံအနက်ကို "ဃာဘိကော" တဒ္ဓိတ်က ဟောသည်၊ ဩဒနောကား အဘိဓေယျ၊ ပစ္စတေ, ပစိတောဟူသော အာချာတ်ကိတ်တို့၏ ကံဟောဖြစ်ကြောင်းမှာ ထင်ရှားပြီ။

---

၂၀၂။ ။"ပစ္စတေ ဩဒနော"နှင့်စပ်၍ မှတ်ဘွယ်ကိုပြလိုသောကြောင့် "ဘုဥ္စတေ"စသည်မိန့်၊ ["ဘုဉ္စတေ"သည် ကတ္တားဟော၊ "ဘုဥ္စတေ"ကား ကံဟော၊ ထို့ကြောင့် " ဘုဥ္စတေ" ဟု ပါဌ်မှန်ရှိပါစေ။] "ဩဒနော ဘုဥ္စ တေ - ထမင်းကိုစားအပ်"ဟူရာ၌ ထမင်းသည် စားအပ်သောအစာဖြစ်၏၊

ပစ္စတေ–ချက်အပ်၏၊ ဣတိ ဧွ – ဤ ပြယုဂ်၌ကား၊ အမုချတော–မုချမဟုတ်သောအားဖြင့်၊ ဖလနာမူပစာရတော – အကျိုးထမင်း၏ အမည်ကို အကြောင်းဆန်၌တင်စားသောအားဖြင့်၊ ဝုတ္တော-ဆိုအပ်သော သဒ္ဒါတည်း။

**၂၀၃။ ကေကမ္မကြိယာ ကမ္မေ, ဥတ္တေ တံယေဝ မဉ္စတေ၊**
**နေကကမ္မကြိယာကမ္မေ , ဥတ္တေ ကိံ တေသု မဉ္စတေ။**

၂၀၃။ ကေကမ္မကြိယာ (ကေကမ္မကြိယာယ) – တခုသော ကံရှိသော ကြိယာသည်၊ ကမ္မေ – ကံကို၊ ဥတ္တေ – ဟောအပ်သော်၊ တံယေဝ–ထို တခုသော ကံကိုပင်၊ ( ဝုတ္တန္တိ– ဝုတ္တကံဟူ၍၊) မဉ္စတေ-သိအပ်၏၊အနေကကမ္မကြိယာ(အနေကကမ္မကြိယာယ)-တပါးမက များသော ကံရှိသော ကြိယာသည်၊ ကမ္မေ-ကံကို၊ ဥတ္တေ–ဟောအပ်သော်၊ တေသု–ထို ကံတို့တွင်၊ ကိံ –အဘယ် ကံကို၊(ဝုတ္တန္တိ–ဝုတ္တကံဟူ၍၊) မဉ္စတေ–သိအပ်သနည်း။

ထို့ကြောင့် ဩဒနသဒ္ဒါသည် မုချသဒ္ဒါတည်း၊ “ ထမင်းအနက်ကို တိုက်ရိုက်ဟောသော”သဒ္ဒါ ဟူလို၊ “ဩဒနော ပစ္စတေ– ထမင်းကိုချက်အပ်”ဟူရာ၌ကား ထမင်းဖြစ်ပြီးကို ချက်၍မဖြစ်, ချက်ဘွယ်မလို၊ ဆန်ကိုသာ ချက်ရသည်၊ ထို့ကြောင့် “ဩဒနသဒ္ဒါသည် အကျိုးထမင်း၏ ဩဒနအမည်ကို အကြောင်းဆန်၌ တင်စား၍ ခေါ်အပ်သော ဖလူပစာသဒ္ဒါဖြစ်သည်”ဟူလို။

---

၂၀၃ ။ ။ ကမ္မဝါစကနှင့် စပ်၍ မှတ်ဘွယ်များကို ပြလိုသောကြောင့် “ ကေကမ္မ ”စသည်မိန့်၊ [ ၂၂၄–ဂါထာတိုင်အောင် ကမ္မဝါစကနှင့် စပ်၍ မှတ်ဘွယ်ချည်းတည်း။ ] ကြိယာသည် ကေကမ္မကြိယာ, အနေကကမ္မကြိယာ ဟု ၂ မျိုး ရှိ၏၊ ကေကမ္မကြိယာသည် ကံကို ဟောရာ၌ ထို ကံတပါးကိုပင် ဟောရသည် ဖြစ်၍ အထူးမေးဘွယ် မလို၊ အနေကကမ္မကြိယာက ကံကို ဟောရာ၌ အဘယ်ကံကို ဟောပါသနည်း–ဟု မေးသည်။

**မှတ်ချက်** ။ ။“အနေကကမ္မ”ဟူရာ၌ ဒွိကမ္မကကြိယာကိုလည်း ကာရိတ်ပစ္စည်းနှင့်ယှဉ်သော ကြိယာကိုလည်း , ရည်ရွယ်သည်၊ ထို့ကြောင့် ဒွိကမ္မကဓာတ်များကိုလည်း,ကာရိတ်ရှိသောကြိယာများကိုလည်း အဖြေအဖြစ်ဖြင့်ပြလတ္တံ့၊ ဧကံ ကမ္မံ ယဿာ ကြိယာယာတိ ဧကကမ္မာ။

www.dhammaransi.com



၂၀၄။ အပဉ္စမံ ဒုဟာဒီနံ, ဉာဒီနန္တု ပဉ္စမံ၊
ကမ္မံ ကမ္မေသွနေကေသု, ဝုတ္တံ ကမ္မန္တိ မေဓာဝိ။

၂၀၄။ ဒုဟာဒီနံ – ဒုဟာဒိဂဏိက ဓာတ်တို့၏၊ အနေကေသု-များစွာကုန်သော၊ ကမ္မေသု – ကံတို့တွင်၊ အပဉ္စမံ – အပဉ္စမဖြစ်သော၊ ကမ္မံ-ကံကို၊ ဝုတ္တံကမ္မန္တိ-ဝုတ္တကံဟူ၍၊ ဝါ–ဟောအပ်သော ကံဟူ၍၊ မေဓာဝိ-သိအပ်၏၊ ဉာဒီနန္တု-ဉာဒိဂဏိကဓာတ်တို့၏ကား၊ အနေကေသု - ကုန်သော၊ ကမ္မေသု - တို့တွင်၊ ပဉ္စမံ - ပဉ္စမ ဖြစ်သော၊ ကမ္မံ-ကို၊ ဝုတ္တံကမ္မန္တိ-ဟူ၍၊ ဝါ-ဟူ၍၊ မေဓာဝိ-၏။

၂၀၅။ ဒုဟယာစ ရုဓိပုစ္ဆ, ဘိက္ခသာသဝစာဒယော၊
နီဝဟဟရမာဒီစ, ဥဘယေတေ ဒွိကမ္မိကာ။

၂၀၅။ ဒုဟယာစရုဓိပုစ္ဆဘိက္ခသာသဝစာဒယော-ဒုဟဓာတ်, ယာစဓာတ်, ရုဓိဓာတ်, ပုစ္ဆဓာတ်, ဘိက္ခဓာတ်, သာသဓာတ်,ဝစ ဓာတ် အစရှိသည်တို့သည်၎င်း၊ နီဝဟဟရမာဒီစ – နီဓာတ် , ဝဟ ဓာတ်,ဟရဓာတ်အစရှိသည်တို့သည်၎င်း၊ ဥဘယေ-၂ ပါးကုန်သော၊ ဧတေ–ဤဓာတ်တို့သည်၊ ဒွိကမ္မိကာ-ကံ ၂ ပါးစီ ရှိကြကုန်၏။

၂၀၄ ။ ။ ဒွိကမ္မကဓာတ်တို့သည် ဒုဟာဒိဂဏိကဓာတ် , ဉာဒိဂဏိက ဓာတ်ဟု ၂ မျိုးရှိ၏၊ ကံ ၂ ပါးတွင်လည်း ပဓာနကံ, အပဓာနကံဟု ၂ မျိုး ရှိ၏၊ ထိုတွင် ကံဟောဝါကျ၌ဒုဟာဒိဓာတ်တို့သည် အပဓာနကံကို ဟော၏၊ ဉာဒိဓာတ်တို့ကား ပဓာနကံကို ဟောသည်။ [နောက်ပုံစံ၌ ထင်ရှားလတ္တံ့။]

---

၂၀၅ ။ ။ "ဒုဟာဒိဓာတ်တို့ဟူသည် အဘယ်ဓာတ်များနည်း, နယာဒိ ဓာတ်တို့ကား အဘယ်ဓာတ်များနည်း" ဟု မေးဘွယ်ရှိသောကြောင့် "ဒုဟ ယာစ"စသည်မိန့်၊ ဒုဟ, ယာစ, ရုဓိ, ပုစ္ဆ, ဘိက္ခ, သာသ, ဝစ, အာဒိဖြင့် မြူဓာတ်စသည်ယူ၊ ဤ ဓာတ်များသည် ဒုဟာဒိဓာတ်များတည်း၊ နီ, ဝဟ, ဟရ, "အာဒိဖြင့် ဂဟကိုယူ" ဟု ဋီကာဆို၏၊ ဤဓာတ်တို့ကား နယာဒိဓာတ် များတည်း။ [ဤဓာတ်တို့၌ "နွားမကို နို့ရည်ကိုညှစ်၏"စသည်ဖြင့် ကံ၂ပါး ပါမှ ဆိုလိုရင်းအဓိပ္ပါယ် ပြည့်စုံ၏၊ ထို့ကြောင့် ဤ ဓာတ်တို့သာ ဒွိကမ္မက ဓာတ်များ ဖြစ်ကြရသည်။]

www.dhammaransi.com



၂၀၆။ ဒုဟမာနော ဂဝံ ခီရံ, ဂေါပေါ ဒုဟတိ ဝါတိစ၊
ဂေါ ခီရံ ဒုဟိတာ တေန, ဒုယှတေ ဝါတိ စာပြဝုံ။

၂၀၆။ ဂေါပေါ-နွားကျောင်းသားသည်၊ ဂဝံ-နွားမကို၊ ခီရံ-နို့ရည်ကို၊ ဒုဟမာနော - ညှစ်၏၊ ဝါ - တနည်း၊ ဂေါပေါ-သည်၊ ဂဝံ-နွားမကို၊ ခီရံ-ကို၊ ဒုဟတိ-ညှစ်၏၊ ဣတိစ-ဤသို့၎င်း၊ တေန-ထိုနွားကျောင်းသားသည်၊ ဂေါ-နွားမကို၊ ခီရံ-နို့ရည်ကို၊ ဒုဟိတာ-ညှစ်အပ်၏၊ ဝါ-တနည်း၊ တေန-ထိုနွားကျောင်းသားသည်၊ ဂေါ-နွားမကို၊ ခီရံ-ကို၊ ဒုယှတေ-ညှစ်အပ်၏၊ ဣတိစ-ဤသို့၎င်း၊ အပြဝုံ-ဆိုကြကုန်ပြီ။

၂၀၆။ **ဒုဟမာနော၊ပေ၊ဝါတိစ** ။ ။ ဒုဟဓာတ်၏ ကတ္တားပုံစံကို ပြသောဂါထာတည်း၊ ဂေါပေါ ဂဝံ ခီရံ ဒုဟမာနော—နွားကျောင်းသားသည် နွားမကို နို့ရည်ကို ညှစ်တတ်၏၊ ( ကိတ်ပုံစံ၊ ) ဂေါပေါ ဂဝံ ခီရံ ဒုဟတိ၊ ( အာချာတ်ပုံစံ၊ ) ဤကတ္တားဟောဝါကျ၌ ကြိယာက ကံကိုမဟောသော ကြောင့် ဒုတိယာဝိဘတ်ချည်း ထားရသည်။ [ဂါဝေါ+ ပါတိ(ရက္ခတိ)တိ ဂေါပေါ၊ (ကိတန္တသမာသ်၊)။]

**ဂေါ၊ပေ၊ဒုယှတေဝါ**။ ။[ကံဟောပုံစံတည်း၊ တေန၌ "ဂေါပေန" ဟု ဆိုလိုသည်ဟု မှတ်။] ဂေါပေန ဂေါ ခီရံ ဒုဟိတာ (ကိတ်ပုံစံ)၊ ဂေါပေန ဂေါ ခီရံ ဒုယှတေ၊ (အာချာတ်ပုံစံ)၊ ဤပုံစံ၌ "ဂေါ, ခီရံ" ဟု ကံ ၂ ပါး ရှိသည်တွင် ဂေါသည် အပဓာနကံတည်း၊ "အပဓာနံ ဒုဟာဒီနံ" နှင့်အညီ ဒုဟာဒိဓာတ်က အပဓာနကံကိုဟောသောကြောင့် ဂေါကို ဝုတ္တကံအဖြစ်ဖြင့် (ပဌမာဝိဘတ်သက်၍) ထားရသည်။

**မှတ်ချက်**။ ။ပဓာန, အပဓာန၏လက္ခဏာကို (၂၀၇-၈) ဂါထာတို့၌ ပြလတ္တံ့၊ သို့သော် ဤ၌လည်း မှတ်ခဲ့ပါဦး၊ "ဒုဟ-ညှစ်ခြင်း"ဟူသည် နို့ရည် နှင့်သာဆိုင်၏၊ လောက၌လည်း "နို့+ညှစ်"ဟု ပြောလေ့ရှိ၏၊ ထို့ကြောင့် ခီရံသည် ညှစ်ခြင်းကြိယာ၏ပဓာနကံတည်း၊"ဂေါ"ကား ညှစ်ခြင်းကြိယာ၏ အခြေအရံအကြောင်းမျှဖြစ်၍ အပဓာနတည်း၊ ကံဟောဝါကျ၌ ထို အပဓာန ကံသည်သာ ဝုတ္တကံဖြစ်ရသည်၊ ညှစ်အပ်သူ, ဝါ—အညှစ်ခံရသူသည် နွားမ တည်း — ဟူလို။ [ ယာစစသော ဓာတ်များ၏ပုံစံတို့ကိုလည်း သဒ္ဒါအဖွင့် ကျမ်းများ၌ ရှုပါလေ။]

www.dhammaransi.com



၂၀၇။ နယမာနော အဇံ ဂါမံ, ဇပါလော နယတီတိ စ၊
နီယမာနော အဇော ဂါမံ, တေန နီယတိ ဝါတိ စ။

၂၀၇။ အဇပါလော-ဆိတ်ကျောင်းသားသည်၊ အဇံ-ဆိတ်ကို၊ ဂါမံ-ရွာသို့၊ နယမာနော - ဆောင်တတ်၏၊ အဇပါလော-သည်၊ အဇံ-ကို၊ ဂါမံ-သို့၊ နယတိ - ဆောင်တတ်၏၊ ဣတိစ - ဤသည်တို့သည်၄င်း၊ တေန-ထို ဆိတ်ကျောင်းသားသည်၊ အဇော - ဆိတ်ကို၊ ဂါမံ - သို့၊ နီယမာနော - ဆောင်အပ်၏၊ ဝါ - တနည်း၊ တေန-ထို ဆိတ်ကျောင်းသားသည်၊ အဇော- ဆိတ်ကို၊ ဂါမံ-ရွာသို့၊ နီယတိ- ဆောင်အပ်၏၊ ဣတိစ - ဤသည်တို့သည်၄င်း၊ (ဥဒါဟရဏာနိ- ဥဒါဟရုဏ်တို့တည်း။)

၂၀၈။ ကြိယာယာဘိမတံ ကမ္မံ, ပဓာနန္တိ ပဝုစ္စတေ၊
ကြိယာနိမိတ္တမတ္တန္တု, အပ္ပဓာနန္တိ ဝုစ္စတေ။

၂၀၈။ ကြိယာယ- ညွှစ်ခြင်း, ဆောင်ခြင်းစသော ကြိယာဖြင့်၊ အဘိမတံ-အလွန်အသိအမှတ်ပြုအပ်သော၊ ဝါ-မှတ်သားအပ်သော၊

၂၀၇။ ။ဒုဟဓာတ်၏ပုံစံကို ပြပြီး၍ နီဓာတ်၏ပုံစံကို ပြလိုသောကြောင့် "နယမာနော" စသည်မိန့်၊ "အဇပါလော အဇံ ဂါမံ နယမာနော"သည် ကတ္တားဟော ကိတ်ပုံစံ၊ "အဇပါလော အဇံ ဂါမံ နယတိ"ကား အာချာတ်ပုံစံ၊ "အဇပါလေန အဇော ဂါမံ နီယမာနော, အဇပါလေန အဇော ဂါမံ နီယတိ"တို့ကား ကံဟောပုံစံတို့တည်း။ [ ရှေ့ဂါထာနှင့် ဤဂါထာတို့၌ မာန ပစ္စယန္တပုဒ်ကို ဝါကျ၏အဆုံးထား၍ " ဒုဟမာနော , နယမာနော " ဟု တွေ့ရ၏၊ မာနအန္တပစ္စည်းတို့သည် နေဝိက ပဓာနကြိယာတခုကို အမြဲငဲ့နေရသောကြောင့် ထိုကဲ့သို့ ကျမ်းဂန်များ၌ ထားရိုးမရှိပါ။]

**မှတ်ချက်။** ။"အဇံ ဂါမံ" ကံ ၂ မျိုးတို့တွင် "ဆိတ်ကို + ဆောင်"ဟု ဆောင်ယူခြင်းကြိယာနှင့်အသက်ဆိုင်ဆုံးဖြစ်သောကြောင့် အဇံသည် လိုရင်းဖြစ်သော ပဓာနကံတည်း၊ ဂါမံကား "ဆိတ်ကို အဘယ်နေရာသို့ ဆောင်ယူသနည်း"ဟု မေးဘွယ်ရှိသောကြောင့် ဆောင်ယူရာအရပ်ကိုပြသော ကံဖြစ်၍ အပဓာနကံတည်း၊ ပဓာနဖြစ်သော အဇံသည်ပင် " အဆောင်ယူခံရသော ကံ" ဖြစ်သောကြောင့် ကံဟောဝါကျ၌ " အဇော "ဟု ဝုတ္တကံဖြစ်ရသည်။ [ဝဟ—ဟရဓာတ်တို့၏ပုံစံကိုလည်း သဒ္ဒါကျမ်းအဖွင့်များ၌ ရှုပါလေ။]

www.dhammaransi.com



ကမ္မံ–ကံကို၊ ပဓာနန္တိ-ပဓာနကံ ဟူ၍၊ ပဝုစ္စတေ-ဆိုအပ်၏၊ ကြိယာနိမိတ္တမတ္တန္တု – ကြိယာ၏ အကြောင်းမျှ ဖြစ်သော ကံကိုကား၊ အပ္ပဓာနန္တိ-အပ္ပဓာနကံ ဟူ၍၊ ဝုစ္စတေ-ဆိုအပ်၏။

၂၀၉။ ယံ ကတ္တုနော ကြိယာယိဋ္ဌံ-တံ ကမ္မံ တံ ပဓာနကံ၊
ယံ တဗ္ဗိပရီတံ တန္တု, အပ္ပဓာနန္တိဝါ မတံ။

၂၀၉။ ဝါ–တနည်း၊ ကြိယာယ-ညှစ်ခြင်း အစရှိသော ကြိယာ၏၊ ကတ္တုနော–နွားကျောင်းသားစသော ကတ္တားသည်၊ယံ(ကမ္မံ)-အကြင်ကံကို၊ ဣဋ္ဌံ တံ-အလိုရှိအပ်၏၊ တံ ကမ္မံ–ထို ကံသည်၊ ပဓာနကံ-ပဓာနကံမည်၏၊ယံ-အကြင်ကံသည်၊တဗ္ဗိပရီတံ-ထို၏ ပြောင်းပြန်ဖြစ်၏၊ ဝါ – ထို အလိုရှိခြင်း၏ ပြောင်းပြန်ဖြစ်၏၊ တန္တု – ထိုကံကိုကား၊ အပ္ပဓာနန္တိ-အပ္ပဓာနကံ ဟူ၍၊ မတံ- သိအပ်၏။

၂၀၈။ ။ပဓာနကံ, အပဓာနကံတို့၏ သဘောလက္ခဏာကို ပြလိုသောကြောင့် "ကြိယာယာဘိမတံ"စသည်မိန့်၊ "အဘိမတံ–အလွန် အသိအမှတ်ပြုအပ်– အလွန်မှတ်သားအပ်"ဟူသည် ကြိယာနှင့် အလွန်ဆက်စပ်နေခြင်းတည်း၊ ထို့ကြောင့် ခီရံသည် ဒေါဟန ( ညှစ်ခြင်း ) ကြိယာဖြင့် အလွန်မှတ်သားအပ် အလွန်ဆက်စပ်နေရကား ပဓာနဖြစ်၏၊ ("နို့+ညှစ်"ဟူသော လောကအပြောကို ကြည့်ပါ၊) အဇံသည် နယန (ဆောင်ယူခြင်း) ကြိယာဖြင့် အလွန်မှတ်သားအပ် အလွန်ဆက်စပ်နေရကား ပဓာနဖြစ်၏၊ ("ဆိတ်ကို+ဆောင်ယူ"ဟူသော လောကအသုံးအနှုန်းကို ကြည့်ပါ၊) ဂဝံ–ဂါမံတို့ကား ညှစ်ခြင်းကြိယာ, ဆောင်ခြင်းကြိယာတို့၏ အကြောင်းမျှ ဖြစ်သောကြောင့် အပဓာနကံများ ဖြစ်ကြသည်။

---

၂၀၉။ ။ပဓာနကံ, အပဓာနကံကို တနည်းခွဲပြလို၍ "ယံ ကတ္တုနော" စသည်မိန့်၊ နွားခကို နို့ညှစ်သော "နွားကျောင်းသား"ဟူသောကတ္တားသည် နွားနို့ကို အလိုရှိ၏၊ ထိုသို့ နွားကျောင်းသားဟူသော ကတ္တားသည် အလိုရှိအပ်သော"ခီရံ"ဟူသောကံသည် ပဓာနကံတည်း၊ ဆိတ်ကျောင်းသားသည် ဆိတ်ကိုသာ ဆောင်ယူလို၏၊ ထိုသို့ ဆိတ်ကျောင်းသားဟူသောကတ္တားသည် အလိုရှိအပ်သော "အဇံ"ဟူသောကံသည် ပဓာနကံတည်း၊ ထိုသို့ အလိုမရှိအပ်သော ဂဝံ–ဂါမံတို့ကား အပဓာနကံတည်း။

www.dhammaransi.com



၂၁၀။ ပဓာနမပ္ပဓာနဉ္စ, အာချာတဿ ကိတဿစ၊
ဝိသယော ဓမ္မတာယာတိ, ဝုတ္တံ ဇာတိနိရုတ္တိယံ။

၂၁၀။ ပဓာနံ - ပဓာနကံသည်၎င်း၊ အပ္ပဓာနဉ္စ - အပ္ပဓာနကံသည်၎င်း၊ အာချာတဿ-အာချာတ်၏၎င်း၊ ကိတဿစ - ကိတ်၏၎င်း၊ ဓမ္မတာယ - ထုံးစံဓမ္မတာအားဖြင့်၊ ဝိသယော - အရာတည်း၊ ဣတိ-ဤသို့၊ ဇာတိနိရုတ္တိယံ- ဇာတိနိရုတ္တိကျမ်း၌၊ ဝုတ္တံ-ဆိုအပ်ပြီ။

၂၁၀။ ။ "ပဓာနကံ, အပဓာနကံ ၂ မျိုးလုံးသည် လောက၌ ပြောရိုး ထုံးစံအားဖြင့် အာချာတ်ကြိယာနှင့် ကိတ်ကြိယာတို့၏ အရာဌာန ဖြစ်၏" ဟု ဇာတိနိရုတ္တိကျမ်းက ဆို၏၊ ဤစကားဖြင့် "ပဓာနကံ, အပဓာနကံအခွဲကို အာချာတ်နှင့် ကိတ်ကြိယာတို့အတွက်သာ ခွဲရသည်၊ သမာသ်တဒ္ဓိတ် ဝါစကတို့အတွက်မှာ ခွဲဘွယ်မလို"ဟု ပြ၏။

ထို့ကြောင့်"ဒုဒ္ဓံ+ခီရံ ယဿာဂါဝိယာတိ ဒုဒ္ဓခီရာ-ညှစ်အပ်သောနို့ရည် ရှိသော နွားမ၊ ဤပုံစံ၌ ဒုဒ္ဓံဝယ် ဒုဟဓာတ်ဖြစ်ပါလျက် ပဓာန အပဓာနဟု ကံ ၂ ပါးမရှိ၊ သမာသ်သည်လည်း ကံကိုမဟော, ယဿာဟူသော သမ္ဗန်ကို ဟော၏၊ နီတာ အဇာ ယသ္မိံ ဂါမေတိ နီတာဇော — ဆောင်အပ်သော ဆိတ်ရှိရာရွာ" ဤပုံစံ၌လည်း နီဓာတ်ဖြစ်ပါလျက် ကံ ၂ ပါးမရှိ၊ သမာသ်က လည်း ကံကိုမဟော , ယသ္မိံဟူသော ဩကာသကို ဟောသည်၊ ထို့ကြောင့် "သမာသ် တဒ္ဓိတ် ဝါစကတို့အတွက် ပဓာန အပဓာနခွဲဘွယ် မလို " ဟူလို။ [ဓမ္မတာ—ဟူသည် ပါဠိ၌ သုံးစွဲရိုးဖြစ်သော ထုံးစံတည်း။]

ဒီပနီ။ ။ပဓာနံကို အာချာတဿနှင့် , အပဓာနံကို ကိတဿနှင့် အစဉ် အတိုင်းတွဲ၍ " ပဓာနကံသည် အာချာတ်ကြိယာ၏ ဟောရာ ဝုတ္တကံဖြစ်၍, အပဓာနကံသည် ကိတ်ကြိယာ၏ ဟောရာ ဝုတ္တကံဖြစ်၏ " ဟု ဒီပနီဖွင့်၏၊ [ပဓာနံ အာချာတဿ ဝိသယော၊ အပဓာနံ ကိတဿ ဝိသယော၊—ဒီပနီ။]

**စဉ်းစားဘွယ်** ။ ။ ထို ဒီပနီဖွင့်အတိုင်းဆိုလျှင် ဇာတိနိရုတ္တိဝါဒသည် ရှေ့ဝါဒများနှင့် ဆန့်ကျင်ရုံမက ပါဠိသုံးရိုး ထုံးစံလည်း မကျချေ၊ ထို့ကြောင့် ဒီပနီအဖွင့်သည် ကျမ်းဆရာ၏အာဘော်ဟုတ်ဟန် မတူ၊ ကျမ်းဆရာ၏ အမှန် ဆိုလိုရင်းကား—"အာချာတ်ကိတ်တို့၌သာ ပဓာန-အပဓာန ဟု ကံ ၂ မျိုး ခွဲရိုးထုံးစံရှိသည်၊ သမာသ်တဒ္ဓိတ်၌ ထိုကဲ့သို့ ပဓာနကံ အပဓာနကံ ခွဲရိုးထုံးစံ မရှိ"ဟုသာ ဖြစ်ထိုက်သည်။

www.dhammaransi.com



၂၁၁။ ဂတိဗောဓ·န္န သဒ္ဒတ္တ, ဟာရက္ကရာ·ကမ္မကာနံ၊
ကတ္တာ အကာရိတေ ယော တံ, ဝုတ္တကမ္မန္တိ ကာရိတေ။

၂၁၁။ ဂတိဗောဓ·န္န သဒ္ဒတ္တဟာရက္ကရာ·ကမ္မကာနံ – သွားခြင်း အနက်ရှိသော ဓာတ်, သိခြင်းအနက်ရှိသောဓာတ်, စားခြင်းအနက် ရှိသော ဓာတ်, အသံပြုခြင်းအနက်ရှိသော ဓာတ်, ဟာရဓာတ်, ကရ ဓာတ်, သီအစရှိသော အကမ္မကဓာတ်တို့၏၊ အကာရိတေ-ကာရိတ် ပစ္စည်းမရှိရာ ဝါကျ၌၊ ယောကတ္တာ – အကြင် သုဒ္ဓကတ္တားသည်၊ (အတ္ထိ)၊ တံ - ထိုသုဒ္ဓကတ္တားကို၊ ကာရိတေ – ကာရိတ်ပစ္စည်းရှိရာ ဝါကျ၌၊ ဝုတ္တကမ္မန္တိ–ဝုတ္တကံဟူ၍၊ (မညတေ)။

**အမှာ။** ။[“ဝုတ္တကမ္မံ”ဟူသော နောက်ပုဒ်နှင့်တူအောင်“တံ” ဟု ထားသတတ်၊ “သော”ဟုထားမှ စာသွားမှန်သည်၊“ဓာတွတ္ထော ဝ ကြိယာနာမ”စသော(၄၀)ဂါထာ၏အဓိပ္ပါယ်ကို ပြန်ကြည့်ပါ။]

**၂၁၁။ ဂတိ၊ ဗေ၊ ကမ္မကာနံ။** ။ သဒ္ဒတ္တမှ အတ္တကို ရှေ့ပုဒ်တိုင်းသို့ လိုက်စေ၍“ဂတျတ္ထ, ဗောဓတ္ထ, အန္နတ္ထ, သဒ္ဒတ္ထ”ဟု မှတ်၊ အကမ္မကဟူသည် သီ, ဘူ, ဟူ, ဌာ, စသော ဓာတ်တို့တည်း၊ ထိုဓာတ်တို့၏ ( ကာရိတ်ပစ္စည်း မပါမီက) ကတ္တားသည် ကာရိတ်ပစ္စည်း သက်သောအခါ (ကံဟောဝါကျ၌) ဝုတ္တကံဖြစ်၏၊ ပုံစံမှာ နောက် ၂ ဂါထာ၌ လာလတ့်။ [ အသနတ္ထာ – ဘုဇ, ဘက္ခာဒိဓာတဝေါ၊ သဒ္ဒတ္ထာ–ပဌ, ဝစာဒယော၊–ဒီပနီ။]

**မှတ်ချက်။** ။၍ဂါထာသည် ကစ္စည်းသုတ်၌လာသော“ဂတိ, ဗုဒ္ဓိ, ဗုဇ, ပဌ,ဟရ,ကရ, သယာဒီနံ ကာရိတေဝါ” သုတ်မှဓာတ်များကို ယူထားသော ဂါထာတည်း၊ ထို့ကြောင့် ဂတျတ္ထစသည်တို့၏ အဓိပ္ပါယ်ကို ကစ္စည်း, ရူပ သိဒ္ဓိစာကိုယ်နှင့် ဘာသာဋီကာတို့မှာ ရှုပါ၊ထိုသုတ်သည် ကာရိတ်မသက်မီက “ဒါသော ဂါမံ ဂစ္ဆတိ” ဝယ်“ဒါသော” ဟူသော ကတ္တားသည် ကာရိတ် သက်သောအခါ “သာမိကော ဒါသံ ဂါမံ ဂမယတိ” ဝါကျဝယ် “ဒါသံ”ဟု အဝုတ္တကံဖြစ်ပုံကို ပြသောသုတ်တည်း၊ ၍ဂါထာကား ကာရိတ်မသက်မီက “ဒါသော”ကတ္တားသည်“သာမိကေန ဒါသောဂါမံဂစ္ဆာပီယတေ”ဟူသော ကံဟောဝါကျဝယ် “ဒါသော”ဟု ဝုတ္တကံဖြစ်လာပုံကို ပြသည်၊ ၍သို့ အဝုတ္တ ကံဖြစ်ပုံကို ပြခြင်းနှင့် ဝုတ္တကံဖြစ်ပုံကို ပြခြင်းသာ ထို သုတ်နှင့် ၍ ဂါထာတို့ ထူးကြသည် ဟု မှတ်ပါ။

www.dhammaransi.com



၂၁၂။ ဒါသော ဂစ္ဆတိ ဂါမန္တျ, ကာရိတေ ကာရိတေ ပန၊
ဒါသကော သာမိနာ ဂစ္ဆာ-ပီယတေ ဂါမကန္တိစ။

၂၁၂။ ဒါသော- ကျွန်သည်၊ ဂါမံ - ရွာသို့၊ ဂစ္ဆတိ-သွား၏၊ ဣတိ - ဤသည်ကား၊ အကာရိတေ - ၌၊ ( ဥဒါဟရဏံ - တည်း၊ ) ကာရိတေ ပန-ကာရိတ်ပစ္စည်းရှိရာ ဝါကျ၌ကား၊ သာမိနာ-အရှင်သည်၊ ဒါသကော-ကျွန်ကို၊ ဂါမကံ-ရွာသို့၊ဂစ္ဆာပီယတေ-သွားစေအပ်၏၊ ဣတိစ-ဤသည်လည်း၊ (ဥဒါဟရဏံ-တည်း။)

၂၁၃။ ဟတ္ထီ သယတျကမ္မာနံ,ကာရိတေ ကာရိတေ ပန၊
သော သယာပီယတေ ဟတ္ထာ-ရောဟေန ကိတကေပျယံ။

၂၁၃၊ ဟတ္ထီ-ဆင်သည်၊သယတိ-အိပ်၏၊(ဣတိ-ဤသည်ကား၊) အကမ္မကာနံ - အကမ္မကဓာတ်တို့၏၊ အကာရိတေ-ကာရိတ်ပစ္စည်း မရှိရာ၌၊(ဥဒါဟရဏံ-တည်း၊)ကာရိတေပန-ကာရိတ် ပစ္စည်းရှိရာ ၌ကား၊ သော - ထို ဆင်ကို၊ ဟတ္ထာရောဟေန - ဆင်ဦးစီးသည်၊ သယာပီယတေ-အိပ်စေအပ်၏၊ (ဣတိ-ဤသည်ကား၊ ဥဒါဟရဏံ-တည်း၊)ကိတကေပိ-ကိတ်၌လည်း၊အယံ(နယော)-ဤနည်းတည်း။

၂၁၂။ ။"ဒါသော ဂါမံ ဂစ္ဆတိ"သည် ကာရိတ်မသက်မီက"ဒါသော" ဟု ကတ္တားကို ပြသောပုံစံတည်း၊ "သာမိနာ ဒါသော ဂါမံ ဂစ္ဆာပီယတေ" ကား ကာရိတ်သက်သော အခါ ကံဟောဝါကျ၌ " ဒါသော " ဟု ဝုတ္တကံ ဖြစ်ပုံကို ပြသောပုံစံတည်း။ [ဂါထာဖြစ်၍"ဒါသကော, ဂါမကံ"ဟု ဆိုထားသည်၊ အမှန်မှာ—"ဒါသော, ဂါမံ"ဟု ဆိုလိုရင်းတည်း။]

---

၂၁၃။ ။ " အကမ္မကာနံ "အရ ပုံစံကိုပြသော ဂါထာတည်း၊ "ဟတ္ထီ သယတိ "သည် ကာရိတ် မသက်မီ ပုံစံတည်း၊ သောဖြင့် ဟတ္ထီကို ညွှန်ပြ၍၊ ကာရိတ်သက်သောအခါ "ဟတ္ထာရောဟေန ဟတ္ထီ သယာပီယတေ"ဟု သိ။

**ကိတကေပိ။** ။"အယံ နယော"အရ"ဒါသော ဂါမံ ဂတော"စသော ကိတ်ပုံစံများကိုလည်း သိပါ။[အစဖြစ်သောဂတိနှင့် အဆုံးဖြစ်သော အကမ္မကာနံ အတွက်သာ ပုံစံကို ပြသောကြောင့် အာဒိ အန္တဒီပက နည်းအားဖြင့် အစ အဆုံးကိုသာ ပြသည်ဟု မှတ်၊ အလည်ပုံစံများကိုကား "ဂတိ ဗုဓိ ဘုဇ ပဌ"စသော သုတ်အဖွင့်တို့၌ ရှုပါ။]

www.dhammaransi.com



## ၂၁၄။ ဟေတုကြိယာယ သမ္ဗန္ဓိ-ဘာဝါ ကမ္မန္တိ မဉ္ဇတေ၊ ဖလကြိယာယ ကတ္တာပိ, အညထာနုပပတ္တိတော။

၂၁၄။ ဟေတုကြိယာယ-အကြောင်းကြိယာနှင့်၊ သမ္ဗန္ဓိဘာဝါ-စပ်ခြင်းရှိသည်၏ အဖြစ်ကြောင့်၊ ဖလကြိယာယ – အကျိုးကြိယာ၏၊ ကတ္တာပိ – ကတ္တားကိုလည်း၊ ကမ္မန္တိ– ကံဟူ၍၊ မဉ္ဇတေ - သိအပ်၏၊ (ကသ္မာ-အဘယ်ကြောင့်နည်း၊)အညထာ-ကံဟူသောအခြင်းအရာမှ တပါးသောကတ္တားဟူသောအခြင်းအရာအားဖြင့်၊ အနုပပတ္တိတော-မဖြစ်သင့်ခြင်း ကြောင့်တည်း။ [ " သမ္ဗန္ဓော + ယဿာတိ သမ္ဗန္ဓီ၊ သမ္ဗန္ဓိနော+ဘာဝေါ သမ္ဗန္ဓိဘာဝေါ"ဟု ပြု၊ သမ္ဗန္ဓိ၌ မဇ္ဈေရဿ။]

၂၁၄။ ။"ဒါသော ဂစ္ဆတိ"၌ကတ္တားဖြစ်သောဒါသောသည် ကာရိတ်ပစ္စည်းနှင့် ယှဉ်သောအခါ အဘယ့်ကြောင့် ကံဖြစ်ရသနည်း " ဟု မေးဘွယ်ရှိသောကြောင့်"ဟေတုကြိယာယ"စသည်မိန့်၊ ဤဂါထာ၌ ဟေတုကြိယာနှင့် ဖလကြိယာကို ရှေးဦးစွာ မှတ်သားသင့်၏၊ "ဂမယ – သွား + စေ"ဟူရာ၌ လက်ပြ၍ဖြစ်စေ နှုတ်ဖြင့်ပြော၍ဖြစ်စေ သွားဘို့ရန်စေခိုင်းမှုဟူသော လုံးလဗျာပါရဖြစ်၏၊ ထို စေခိုင်းမှုဗျာပါရသည် ကြိယာတမျိုးပင်တည်း၊ ထိုစေခိုင်းမှု ကြိယာကို"စေ"ဟု ဆို၏၊ အရှင်သခင်က စေမှုကြောင့် ကျွန်သည် သွားရ၏၊ ထို့ကြောင့် " သွား + စေ"ဟူရာဝယ် " စေ"သည် ဟေတု (အကြောင်း) ကြိယာတည်း၊ "သွား"ကား ဖလ (အကျိုး) ကြိယာတည်းဟု မှတ်ပါ။

**ဟေတု၊ပေ၊ကတ္တာပိ။** ။ "သာမိကေန ဒါသော ဂါမံ ဂမာပီယတေ– အရှင်သည် ကျွန်ကို ရွာသို့သွားစေ"ဟူရာ၌ ဒါသသည် အရှင်က ခိုင်းသောအခါ ကိုယ်တိုင်သွားရ(ကိုယ်တိုင်သွားခြင်းကြိယာကို ပြီးစေရ)သောကြောင့် ကတ္တားဖြစ်၏၊ ဤသို့ကတ္တားဖြစ်ခြင်းကို"ဖလကြိယာယ ကတ္တာ"ဟုဆိုသည်၊ အပိ–ထိုသို့ ကတ္တားဖြစ်ပါသော်လည်း၊....

**ကမ္မံတိ မဉ္ဇတေ။** ။"စေ" ဟူသော ဟေတုကြိယာနှင့် စပ်သောအခါ (အစေခံရ-အခိုင်းခံရသူဖြစ်သောကြောင့်) ကတ္တားမဖြစ်သင့်ရကား ဒါသကို "ကံ"ဟုသာ အသိအမှတ်ပြုရတော့၏၊ ထို့ကြောင့်"သာမိကော ဒါသံ ဂါမံ ဂမယတိ "ဝယ် ဒါသံ ဟု ကံဖြစ်ရသည်–ဟူလို။ [ အညထာ– ကံဟူသော အခြင်းအရာမှတပါး ကတ္တားဟူသော အခြင်းအရာအားဖြင့် + အနုပပတ္တိ– မဖြစ်သင့်ခြင်းတည်း၊ အညထာနုပပတ္တိ–ခြင်း။]

www.dhammaransi.com



၂၁၅။ ကာရိတော ခေတုတောညေန, သုဒ္ဓကတ္တု ပယောဇနေ၊ တထာ ပယောဇကဿာပိ, ကာရိတန္တာပိ ကာရိတော။

၂၁၅။ အညေန - တပါးသော ပယောဇကကတ္တားသည်၊ သုဒ္ဓကတ္တု-သုဒ္ဓကတ္တားကို၊ ပယောဇနေ-စေခိုင်းခြင်းသည်၊(သတိ-ဖြစ်လသော်၊)ခေတုတော- ခေတ်မှနောက်၌၊ ကာရိတော-ကာရိတ်ပစ္စည်းသည်၊ ( ဟောတိ - ဖြစ်၏၊ ) ပယောဇကဿပိ - စေခိုင်းတတ်သော ကတ္တားကိုလည်း၊ တထာ-ထို့အတူ၊ ပယောဇနေ-စေခိုင်းခြင်းသည်၊ (သတိ - ရှိသော်၊) ကာရိတန္တာပိ - ကာရိတ်ပစ္စည်း အဆုံးရှိသော ခေတ်မှနော်၌လည်း၊ ကာရိတော-ကာရိတ်ပစ္စည်းသည်၊ (ဟောတိ-ဖြစ်ပြန်၏။)

၂၁၅။ **ကာရိတော၊ပေ၊ပယောဇနေ။** ။ကာရိတ်ပစ္စည်းနှင့်မရောသော ကြိယာ၏ကတ္တားကို "သုဒ္ဓကတ္တား"ဟု ခေါ်၏ [ဒိပနိ၌"သုဒ္ဓါယ—ကာရိတ်မဖက် သက်သက်သော ကြိယာ၏+ကတ္တာ သုဒ္ဓကတ္တာ"ဟု ပြု၏၊"သုဒ္ဓေါ+ကတ္တာ သုဒ္ဓကတ္တာ"ဟုလည်း ပြုနိုင်၏၊ ["သူဒေါ ပစတိ"၌ သူဒေါတည်း၊ ထို သုဒ္ဓကတ္တားကို သူဒဇေဋ္ဌ ဖြစ်သူက စေခိုင်းသောအခါ ထို စေခိုင်းခြင်း (စေ—ဟူသော) အနက်၌ ပစခေတ်နောင် ကာရိတ်သက်၍ " ပါစေတိ"ဟု ဖြစ်ရသည်၊ ပုံစံကား—

"သူဒဇေဋ္ဌော သူဒံ ဩဒနံ ပါစေတိ (ချက်စေ၏)"တည်း။

**တထာ၊ ပေ၊ ကာရိတော။** ။ ပဌမစေခိုင်းတတ်သော သူဒဇေဋ္ဌကို သူ့ထက် ရာထူးကြီးသော အမတ်က စေခိုင်းပြန်လျှင် " ပါစေ " ဟု ပဌမကာရိတ်ဆုံးသောခေတ်နောင် ဒုတိယကာရိတ်ပစ္စည်းထပ်၍ "ပါစာပေ"ဟု ဖြစ်နိုင်၏၊ ပုံစံကား—

" အမစ္စော သူဒဇေဋ္ဌံ သူဒံ ဩဒနံ ပါစာပေတိ ( ချက်ပစေ-ဟု စေခိုင်း၏)"တည်း။

ဒုတိယအကြီးအကဲ အမတ်ကို သူ့ထက် ရာထူးကြီးသော ရှင်ဘုရင်က စေခိုင်းပြန်လျှင်လည်း ဒုတိယကာရိတ်ဆုံးသောခေတ်နောင် တတိယကာရိတ်ပစ္စည်းထပ်၍"ပါစာပယ"ဟု ဖြစ်နိုင်ပြန်သည်၊ ပုံစံကား—

" ရာဇာ အမစ္စံ သူဒဇေဋ္ဌံ သူဒံ ဩဒနံ ပါစာပယတိ ( ချက်ပစေ — ဟု စေခိုင်းစေ၏ )"တည်း။ [ ဤပုံစံတို့သည် မှတ်နှင့်ရုံသာတည်း၊ ကာရိတ်ကံနေရာဝယ် တတိယာ ဆဋ္ဌီလည်း သက်နိုင်ကြောင်းကို နောက်၌ပြလတ့ံ။]

www.dhammaransi.com



၂၁၆။ သော ဟိ လောကပ္ပမာဏေန, တိက္ခတ္တုံ ပတိပဇ္ဇတေ၊
အတြ ဟိ ပုရိမော လုတ္တော, ကာရိတော၀ နိပါဘနာ။

၂၁၆။ ဟိ-မှန်၏၊ သော-ထိုကာရိတ်ပစ္စည်းကို၊ လောကပ္ပမာဏေန-သဒ္ဒါဆရာဟူသော လောက၏ပမာဏအားဖြင့်၊ တိက္ခတ္တုံ-၃ ကြိမ်၊ ဝါ-၃ ဆင့်၊ ပတိပဇ္ဇတေ-သိအပ်၏၊ ဝါ- သက်နိုင်၏၊ ဟိ- ဆက်ဦးအံ့၊ အတြ-ဤ ၂ ဆင့် ၃ ဆင့်သော ကာရိတ်ပစ္စည်းတို့တွင်၊ ပုရိမော-ရှေ့ဖြစ်သော၊ ကာရိတော-ကာရိတ်ပစ္စည်းကို၊ နိပါတနာ- ယဒနုပပန္နာနိပါတနာသိဇ္ဈန္တိ သုတ်ဖြင့်၊ လုတ္တော၀- ချေအပ်သည်သာ။

၂၁၆။ **သော ဟိ၊ ပေ၊ ပတိပဇ္ဇတေ။** ။"တတိယကာရိတ်သက်နိုင်၏"ဟူသော ထိုစကားကို ခိုင်မြဲစေလို၍ "သောဟိ"စသည်မိန့်၊ [ဒိပနိဣ ပိဋ္ဌာရဆိုသည်ကို စဉ်းစားပါ၊]ထို ကာရိတ်ပစ္စည်းသည် သဒ္ဒါဆရာလောက၌ သုံးစွဲရိုးအားဖြင့် ၃ ဆင့်တိုင်အောင်သိအပ်၏၊ ၃ ဆင့်သက်နိုင်၏၊ ထို့ကြောင့် တတိယကာရိတ်ပစ္စည်း သက်ခြင်းသည် မှန်၏ – ဟူလို။ [လောက– သဒ္ဒါဆရာ အများဟူသော လောက၏ + ပမာဏ – နှိုင်းယှဉ်ကြောင်းဖြစ်သော ကာရိတ် ၃ ဆင့် သက်ရိုးထုံးစံ။]

**အတြ ဟိ၊ ပေ၊ နိပါတနာ ။** ။ " ကာရိတ် ၃ ဆင့်သက်ထားလျှင် ထို ၃ ဆင့်လုံးကို ပါဠိ၌ မတွေ့ရပါ တကား, အဘယ်သို့ ပြုထားသနည်း " ဟု မေးဘွယ်ရှိသောကြောင့် "အတြဟိ" စသည်မိန့်၊ ကာရိတ် ၂ ဆင့် ၃ ဆင့် သက်ထားရာဝယ် ရှေးကာရိတ်ပစ္စည်းကို "ယဒနုပပန္နာ နိပါတနာ သိဇ္ဈန္တိ" သုတ်ကြီးဖြင့် ချေရ၏၊ ထို့ကြောင့် ၃ ဆင့်လုံး မတွေ့ရဘဲ ,"ပါစာပိယတေ" စသည်ဖြင့် တဆင့်သာတွေ့ရသည်–ဟူလို။

**မှတ်ချက် ။** ။ ၂ ဆင့်ဖြစ်စေ ၃ ဆင့်ဖြစ်စေ ကာရိတ်ပစ္စည်း သက်ရာ၌ ဏေပစ္စည်းချည်းလည်း ထပ်၍သက်နိုင်, ဏေ-ဏာပေလည်း သက်နိုင်၊ ဏေ-ဏာပေ-ဏာပယလည်း သက်နိုင်၏၊ မည်သို့ပင်သက်သက် ရှေးရှေးဖြစ်သော ကာရိတ်ပစ္စည်းကို ချေထားရသည်–ဟု မှတ်၊ သို့သော် –"ပရေဟိ ဝိပ္ပကတံ ပရေဟိ ပရိယောသာ၀ါပေတိ–ပြီးဆုံးစေဟု စေခိုင်း၏"ဟူသော ပါဠိတော်၌ကား ပရိ+အ၀+ပုဗ္ဗ သာခေတ်နောင် ဏာပေ ၂ ပစ္စည်းသက်၍ မချေသည်ကိုလည်း တွေ့ရ၏၊ သာ၀ါ၌ ပကို ၀ပြုထားသည်။

www.dhammaransi.com



**၂၁၇။ သူဒေန ပစ္စတေ သူဒေါ, သူဒဇေဋ္ဌေန ပါစိယ-**
**တေ မစ္စေန တထာ ရညာ, တဒေဝါဒနောဒနာဒိကံ။**

၂၁၇။ သူဒေန-စဖိုသည်သည်၊ ဩဒနော-ထမင်းကို၊ (တဒေဝါ ဒနောမှ ဩဒနောကို ယူသည်၊) ပစ္စတေ-ချက်အပ်၏၊ သူဒဇေဋ္ဌေန-စဖိုသည် ကြီးသည်၊ သူဒေါ-စဖိုသည် ငယ်ကို၊ ဩဒနံ-ကို၊ (ဩဒနာဒိ ကံမှ ဩဒနံကို ယူသည်၊) ပါစိယတေ – ချက်စေအပ်၏၊ အမစ္စေန– အမတ်သည်၊ တထာ – ထို့အတူပင်း၊ ရညာ - မင်းသည်၊ တထာ- ထို့အတူပင်း၊ ဩဒနာဒိကံ – ဩဒနံ အစရှိသောကံကို၊ ဒဋ္ဌဗ္ဗံ - မှတ် ထိုက်၏။

၂၁၇။ ။ကံဟောပုံစံဂါထာတည်း၊ ဩဒနော ဩဒနာဒိကံ၌ သုဒ္ဓကံဟော ဝါကျအတွက် ဩဒနော , ကာရိတ်ကံဟောဝါကျအတွက် ဩဒနံဟု ခွဲပါ၊ အာဒိဖြင့် သူဒေါ, သူဒံ, သူဒဇေဋ္ဌော , သူဒဇေဋ္ဌံ , အမစ္စောတို့ကိုယူ၊....

၁။ သူဒေန ဩဒနော ပစ္စတေ၊....သုဒ္ဓကံဟောဝါကျ။

၂။ သူဒဇေဋ္ဌေန သူဒေါ ဩဒနံ ပါစိယတေ၊....ဤကား ကာရိတ်တဆင့် သက်ရသော ပဌမဟေတု ကံဟောဝါကျ။

၃။ အမစ္စေန သူဒဇေဋ္ဌော သူဒံ ဩဒနံ ပါစာပိယတေ၊..ဤကား ကာရိတ် ၂ ဆင့်သက်ရသော ဒုတိယဟေတုကံဟောဝါကျ။

၄။ ရညာ အမစ္စော သူဒဇေဋ္ဌံ သူဒံ ဩဒနံ ပါစာပိယတေ၊ .... ဤကား ကာရိတ် ၃ ဆင့်သက်ရသော တတိယဟေတု ကံဟောဝါကျ။

ဤအဓိပ္ပါယ်များကို သဒ္ဒါကျမ်းအဖွင့်များကြည့်၍ သိပါလေ၊ ဆရာများ ကလည်း ပြောပြကြပါလေ၊ ကာရိတ်ကံနေရာဝယ် ဒုတိယာ , တတိယာ , ဆဋ္ဌီ သက်နိုင်ကြောင်းကို နောက်ဂါထာ၌ ဆိုလတ့်၊ ထို့ကြောင့် ၃ နံပါတ် "သူဒံ" နေရာဝယ် "သူဒေန, သူဒဿ "ဟုရင်း, ၄ နံပါတ် သူဒဇေဋ္ဌံဝယ် "သူဒဇေဋ္ဌေန, သူဒဇေဋ္ဌဿ"ဟုရင်း ရှိနိုင်သေး၏ ဟု မှတ်ပါ၊ အသိဉာဏ် ရှုပ်နေမည်စိုး၍ ပုံစံကို အကျဉ်းမျှသာ ပြထားပါသည်။

**မှတ်ချက်** ။ ။ဇဃ်ဒါသဆရာ စီရင်အပ်သောကျမ်း၌ "ကာရိတ်ပစ္စည်း ၂ ဆင့် ၃ ဆင့်သက်သော်လည်း ဓာတ်ကံကိုသာ ဟော၏" ဟု ဆိုသတတ်၊ ထိုအလို ဩဒနောချည်းသာဝုတ္တကံရှိစေ၍ သူဒစသည်တို့၌ကား"သူဒံ သူဒေန သူဒဿ"စသည်ဖြင့် ၃ မျိုးရှိနိုင်သည်-ဟု မှတ်။ ["ဇဃ်ဒါသ"ဟူရာ၌ "ဇဂဒ္ဒိသ"ဟုလည်း ကြားဘူး၏။]

www.dhammaransi.com



၂၁၈။ သူဒေါ ပစတိ ပါစေတိ, သူဒဇေဋ္ဌောပိ ဘေနဝါ၊
တံပိ ဝါ တဿ ဝါ မစ္စော, တထာ ရာဇာ တသ္မာတိ ဝါ။

၂၁၈။ သူဒေါ – စဖိုသည်သည်၊ (ဩဒနံ-ကို၊) ပစတိ- ချက်၏၊ သူဒဇေဋ္ဌော – စဖိုသည်ကြီးသည်၊ တေနဝါ – ထို စဖိုသည်ငယ်သည် သော်၎င်း၊ တံပိဝါ – ထို စဖိုသည်ငယ်ကို သော်၎င်း၊ တဿဝါ – ထို စဖိုသည်ငယ်သည်သော်၎င်း၊ ( ဩဒနံ- ကို၊ ) ပါစေတိ- ချက်စေ၏၊ အမစ္စော-အမတ်သည်၊ တထာ- ထို့အတူတည်း၊ ရာဇာ-မင်းသည်၊ တထာ- ထို့အတူတည်း၊ ဣတိ- ဤသည်တို့ကား၊ ဝါ-ရှေ့ဂါထာမှ တနည်းဖြစ်သော ကတ္တားဟောသာ ဥဒါဟရုဏ်တို့တည်း။ [ရှေ့ဂါထာ၌ ကံကိုဟောသော ဥဒါဟရုဏ်, ဤဂါထာ၌ ကတ္တားကိုဟောသော ဥဒါဟရုဏ်တို့တည်း။]

၂၁၉။ ဟေတုကြိယာယ သမ္ဗန္ဓိ, ကမ္မတာ ပတိပဇ္ဇတေ၊
ဟေတုကြိယာဝေမာနတ္တာ, အညထာ နုပပဇ္ဇတေ။

၂၁၉။ ဟေတုကြိယာယ – စေဟူသော အကြောင်းကြိယာနှင့်၊ သမ္ဗန္ဓိ- စပ်ခြင်းရှိသည်၊(သမာနာ- သော်၊)ကမ္မတာ- ကံ၏အဖြစ်ကို၊

၂၁၈ ။ ။ ကတ္တားဟောပုံစံများကို ပြသောဂါထာတည်း၊ " သူဒေါ ပစတိ " ဖြင့် သုဒ္ဓကတ္တားဟော ဝါကျကို ပြ၏၊ " သူဒေါ ဩဒနံ ပစတိ " ဟု ဩဒနံထည့်ပါ၊ "ပါစေတိ၊ပေ၊ တဿဝါ"ဖြင့် ကာရိတ်တဆင့် သက်ရသော ပဌမဟေတုကတ္တုဝါကျကို ပြ၏၊ တေနဝါ, တံပိဝါ, တဿဝါတို့ဖြင့် ကာရိတ် ကံ အရာဝယ် ဒုတိယာ,တတိယာ, ဆဋ္ဌီဝိဘတ်သုံးလီ သက်နိုင်ပုံကို ပြ၏၊ ထို ဝိဘတ်သုံးမျိုးလုံးပင် ကံအနက်ပေးရမည် ဟု ၎င်း, ဒုတိယာသာ ကံအနက် ပေး၍ တတိယာ ဆဋ္ဌီတို့၌ ကတ္တားအနက် ပေးရမည် ဟု၎င်း , ဝါဒကွဲကို (၂၂၀) ဂါထာကျမှ ရှင်းပြပါမည်၊"အမစ္စောတထာ"ဖြင့် ကာရိတ် ၂ ဆင့် သက်ပုံ, "ရာဇာတထာ"ဖြင့် ကာရိတ်သုံးဆင့် သက်ပုံကို ပြသည်။

၁။ သူဒေါ ဩဒနံ ပစတိ။

၂။ သူဒဇေဋ္ဌော သူဒံ (သူဒေန, သူဒဿ) ဩဒနံ ပါစေတိ။

၃။ အမစ္စော သူဒဇေဋ္ဌံ (သူဒဇေဋ္ဌေန, သူဒဇေဋ္ဌဿ) သူဒံ (သူဒေန, သူဒဿ) ဩဒနံ ပါစာပေတိ။

၄။ ရာဇာ အမစ္စံ ( အမစ္စေန , အမစ္စဿ ) သူဒဇေဋ္ဌံ ( သူဒဇေဋ္ဌေန, သူဒဇေဋ္ဌဿ) သူဒံ (သူဒေန, သူဒဿ) ဩဒနံ ပါစာပယတိ။

www.dhammaransi.com



ပတိပဇ္ဇတေ - သိအပ်၏၊ ( ကသ္မာ - အဘယ့်ကြောင့်နည်း၊ ) ဟေတု ကြိယာပဓာနတ္တာ – "စေ" ဟူသော အကြောင်းကြိယာ၏ ပဓာန၏ အဖြစ်ကြောင့်၊ ဝါ- ပဓာနဖြစ်သည့်အတွက်၊ အညထာ - ကံအဖြစ်မှ တပါးကတ္တားအဖြစ်ဟူသောအခြင်းအရာအားဖြင့်၊အနုပပတ္တိတော- မဖြစ်သင့်ခြင်းကြောင့်တည်း။

၂၂၀။ ဖလကြိယာယ သမ္ဗန္ဓိ, ကတ္တုတာ ဝါဝိဓာနတော၊
ဒုတိယာယ ဝိကပ္ပေန, ဉာတရေသု ပတီယတေ။

၂၂၀။ ဝါဝိဓာနတော – ဂတိ ဗုဒ္ဓိ စသောသုတ်၌ ဝါသဒ္ဒါကို စီရင်ခြင်းကြောင့်၊ ဝါ-စီရင်သည့် အတွက်၊ ဝိကပ္ပေန- ကမ္မသညာ၏ ဝိကပ်၏ အဖြစ်ကြောင့်၊ ဖလကြိယာယ – အကျိုးကြိယာနှင့်၊ သမ္ဗန္ဓိ- စပ်ခြင်းရှိသည်၊ (သမာနာ-သော်၊)ကတ္တုတာ-ကတ္တား၏အဖြစ်ကို၊ ဒုတိယာယ-ဒုတိယာ ဝိဘတ်မှ၊ ဉာတရေသု- အခြားသော တတိယာ ဆဋ္ဌီဝိဘတ်တို့၌၊ ပတီယတေ–သိအပ်၏။

၂၁၉။ **ဟေတု၊ပေ၊ ပဋိပဇ္ဇတေ။** ။(၂)နံပါတ်ပုံစံ၌သူဒကို"ချက်+ စေ" ဝယ် "စေ"ဟူသော ဟေတုကြိယာနှင့် စပ်သောအခါ "ကံ"ဟု သိပါ၊ "စဖိုသည်ကို+စေခိုင်း"ဟု မြန်မာလို ပြန်ကြည့်လျှင် သူဒ၏ကံဖြစ်ကြောင်းမှာ သိသာ၏။ [ " စေ " ကို ဟေတုကြိယာဟုရင်း, စေခိုင်းတတ်သူ၏ ဗျာပါရ (ပယောဇက ဗျာပါရ) ဟုရင်း ခေါ်သည်။]

**ဟေတုကြိယာ၊ပေ၊ ပတ္တိတော။** ။အဘယ့်ကြောင့် ကံအဖြစ်သိရသနည်း ဟု မေးဘွယ်ရှိသောကြောင့် "ဟေတု၊ပေ၊ ပတ္တိတော"ဟု မိန့်၊ "ပါစေတိ"၌ "ချက်"ဟုရင်း, "စေ"ဟုရင်း ကြိယာ ၂ မျိုးတွင် ဟေတုဝါကျ၌ " စေ " ဟူသော ကြိယာသည် ပဓာနတည်း၊ ထို့ကြောင့် ထို ကြိယာ၌ စပ်ရသော သူဒသည် ကံအဖြစ်မှတပါး ကတ္တားမဖြစ်သင့်ရကား ဟေတုကြိယာ၌ စပ်ရ သော သူဒကို ကံအဖြစ်ဖြင့်သာ သိရသည်။ [ဟေတုကြိယာပဓာနတ္တာသည် အညထာနုပပတ္တိတော၏ဟိတ်ကူတည်း၊ အညထာ-ကံအဖြစ်မှတပါး ကတ္တား အဖြစ်ဖြင့်+အနုပပတ္တိ–မဖြစ်သင့်ခြင်း။]

၂၂၀။ **ဖလကြိယာယ၊ပေ၊ကတ္တုတာ။** ။"ပါစေတိ– ချက်+ စေ" ဟူရာ၌ "ချက်" ဟူသော ဖလကြိယာနှင့်စပ်သောအခါ "စဖိုသည်သည် + ချက်"ဟု ကတ္တားအနက်လည်း ဖြစ်သင့်၏။

www.dhammaransi.com



၂၂၁။ ကမ္မာနပေက္ခာပေက္ခတ္တာ,သဘာဝေန အကမ္မကာ၊
ဧကကမ္မာ ဒွိကမ္မာစ, ယထာ ဘူဂမုန္နာဒယော။

၂၂၁။ **သဘာဝေန**-ပင်ကိုယ်သဘောအားဖြင့်၊ ကမ္မာနပေက္ခာ ပေက္ခတ္တာ- ကံကိုငဲ့ခြင်းရှိကုန်, ငဲ့ခြင်းမရှိကုန်သည်၏ အဖြစ်ကြောင့်၊ **အကမ္မကာ**-ကံမရှိသော ဓာတ်တို့သည်၎င်း၊ ဧကကမ္မကာ-ကံတပါး ရှိသော ဓာတ်တို့သည်၎င်း၊ ဒွိကမ္မကာ - ကံ ၂ ပါးရှိသော ဓာတ်တို့ သည်၎င်း၊ ဟောန္တိ– ဖြစ်ကုန်၏၊ ယထာ - ဥဒါဟရုဏ်ကား၊ ဘူ ဂမု န္နာဒယော–ဘူဓာတ်, ဂမုဓာတ်, နီဓာတ် အစရှိသည်တို့တည်း။

**ဝါဒိစာနုဓာတာ**။ ။"ဂတိ ဗုဓိ ဘုဇ၊ပေ၊ကာရိတေဝါ"သုတ်၌ ဝါသဒ္ဒါ က "ဒုတိယာဝိဘတ်ကို ဝိကပ်သက်ရမည်"ဟု စီရင်သောကြောင့် ဒုတိယာ မသက်သောအခါ သူဒ္ဒံနေရာဝယ် တတိယာ,ဆဋ္ဌီဝိဘတ်သက်၍"သူဒေန"ဟု ဖြစ်စေ"သူဒဿ"ဟု ဖြစ်စေ ရှိရသည်။

**ဣတရေသု ပတီယတေ** ။ ။ ထိုကတ္တားအနက်ကိုလည်း ဒုတိယာ ဝိဘတ်မှတပါးသော တတိယာဆဋ္ဌီဝိဘတ်တို့၌ သိရသည်၊ တတိယာဝိဘတ် ကို "ယော ကာရေတိ သ ဟေတု"သုတ်ဖြင့် ဟေတုကတ္တား အမည်မှည့်၍ "ကတ္တရိစ"သုတ်ဖြင့် ကတ္တားအနက်၌ သက်၊ ဆဋ္ဌီဝိဘတ်ကိုကား "ဆဋ္ဌီစ" သုတ်ဖြင့် ကတ္တားအနက်၌ပင်သက်။

**မှတ်ချက်**။ ။ဤဂါထာအရ ကာရိတ်ကံနေရာ၌ ဒုတိယာဝိဘတ်အတွက် သာ ကံအနက်ပေးရသည်၊ တတိယာဆဋ္ဌီတို့အတွက်ကား ကတ္တားအနက်သာ ပေးရမည်ဟု သိသာပြီ။ [အခြားမှတ်ဘွယ်များကို ကစ္စည်းရူပသိဒ္ဓိစာကိုယ်နှင့် ဘာသာဋီကာ "ဂတိဗုဓိ၊ပေ၊ကာရိတေဝါ"သုတ်၌ ရှုပါ။]

---

၂၂၁။ ။ "ဓာတ်တို့သည် အဘယ့်ကြောင့် အကမ္မက , ဧကကမ္မက, ဒွိကမ္မကဟု ကွဲပြားကြသနည်း"ဟု မေးဘွယ်ရှိသောကြောင့်"ကမ္မာနပေက္ခ" စသည်မိန့်၊ (ကံမပါဘဲ အနက်အဓိပ္ပါယ် ပြည့်စုံသောကြောင့်) ကံကိုမငဲ့သော ဘူ (သီ, အသ, ဌာ) စသောဓာတ်တို့သည် အကမ္မကဓာတ်တို့မည်၏၊ ကံ တပါးရှိလျှင် အဓိပ္ပါယ်ပြည့်စုံသောကြောင့် ကံတပါးကိုငဲ့သော ဂမု – ပစ စသောဓာတ်တို့သည် ဧကကမ္မကဓာတ်တို့ မည်၏၊ ကံ ၂ ပါးရှိမှ အဓိပ္ပါယ် ပြည့်စုံသောကြောင့် ကံ ၂ ပါးကိုငဲ့သော နီစသော ဒုဟစသောဓာတ်တို့သည် ဒွိကမ္မကဓာတ်တို့မည်၏၊ အကမ္မကစသည် ဖြစ်ခြင်း၏အကြောင်းမှာ ကံမပါ ဘဲ အဓိပ္ပါယ်ပြည့်စုံခြင်း, ကံတပါး-၂ ပါး ပါမှ အဓိပ္ပါယ်ပြည့်စုံခြင်းတည်း။

www.dhammaransi.com



၂၂၂။ ကေကမ္မကရော ဓာတု-သဟိတော ကာရိတော သဓာ၊
တောပသဂ္ဂေါ ယထာယောဂံ,သကမ္မာကမ္မကာရကော။

၂၂၂။ ဓာတုသဟိတော-ဓာတ်နှင့်တကွဖြစ်သော၊ ကာရိတော-ကာရိတ်ပစ္စည်းသည်၊ ကေကမ္မကရော- တခုသော ကံကို ပြုတတ်၏၊ သဓာတု-ဓာတ်နှင့် တကွဖြစ်သော၊ ဥပသဂ္ဂေါ - ဥပသာရပုဒ်သည်၊ ယထာယောဂံ- ယှဉ်ထိုက်သည် အားလျော်စွာ၊ သကမ္မာကမ္မကာရကော-ကံ ရှိအောင်လည်း ပြုတတ်,ကံမရှိအောင်လည်း ပြုတတ်၏။

၂၂၃။ သပစ္စယောပသဂ္ဂေသု, ဥပဋ္ဌာန ဝိသေသတော၊
တေ သတောယေဝ အတ္ထဿ, ဒိပါဒိဝ ပကာသကာ။

၂၂၃။ သပစ္စယောပသဂ္ဂေသု-ကာရိတ်ပစ္စည်းနှင့်တကွဖြစ်ကုန်, ဥပသာရနှင့်တကွဖြစ်ကုန်သော ဓာတ်တို့၌၊ ဥပဋ္ဌာနဝိသေသတော-

၂၂၂။ **ကေ၊ပေ၊ ကာရိတော။** ။ဓာတ်နှင့်တွဲဘက်၍ ကာရိတ်ပစ္စည်း သက်သောအခါ ထို ကာရိတ်ပစ္စည်းသည် ကံကပါးကို ပြုတတ်၏၊ "စေ" ဟူသော အနက်အတွက် စေခိုင်းအပ်သော ကံတပါး ရှိရသည် – ဟူလို၊ ထို့ကြောင့် "ဘဝတိ"ဟူသော အကမ္မကဓာတ်နောင် ကာရိတ်သက်သော အခါ "ဘိက္ခု ဓမ္မံ ဘာဝေတိ"ဟု ကံတပါးရနိုင်၏၊ ကေကမ္မကဓာတ်နောင် ကာရိတ်ပစ္စည်းသက်လျှင် "သူဒံ ဩဒနံ ပါစေတိ"ဟု ကံတပါး အပိုရပြန်၏၊ နောက်၌ကား "ဇနော မဂ္ဂံ ယတ်ိ ဂမယတိ" ဟု ပုံစံထုတ်လတ့်၊ ဤသို့လျှင် ကာရိတ် ၂ ဆင့် ၃ ဆင့် သက်ရာ၌လည်း ကံတပါးထပ်၍ အပိုရပုံကို သိပါ။

**သဓာတော၊ပေ၊ ကာရကော။** ။ဥပသာရပုဒ်သည် ဓာတ်နှင့် အတူ တွဲရသောအခါ အကမ္မကဓာတ်ကို သကမ္မကဖြစ်အောင် သကမ္မကဓာတ်ကို လည်း အကမ္မကဖြစ်အောင်ပြု၏၊ ထို့ကြောင့်"ယထာ ယောဂံ"ဟု ဆိုသည်၊ "ဘောဂိ ဘောဂံ အနုဘဝတိ"သည် အနုဥပသာရက ဘူဓာတ်ကို သကမ္မက ဖြစ်အောင် ပြုပုံတည်း၊ "ဒိဝါကရော ဥဂ္ဂစ္ဆတိ"ကား ဂမုဓာတ်ကို ( ဥ ) ဥပသာရပုဒ်က အကမ္မကဖြစ်အောင်ပြုပုံတည်း။

၂၂၃။ ။"ပြခဲ့သော ကာရိတ်ပစ္စည်း, ဥပသာရပုဒ်တို့သည် ဓာတ်၌နဂိုရ် ရှိပြီးသောအနက်ကို ထွန်းပြကြ၏၊ သူတို့ကိုယ်တိုင်က မဖော်ကြကုန်"ဟူလို၊ "ဘာကြောင့် ထွန်းပြသည် ဟု ဆိုနိုင်သနည်း" ဟု မေးလျှင် "ဓာတ်တို့၌ ကာရိတ်ပစ္စည်း, ဥပသာရပုဒ်တို့ ပါဝင်လာသောအခါ ကြည့်ရှုသူ ကြားသိသူ တို့၏ဉာဏ်၌ အနက် အထူးထင်လာသောကြောင့်တည်း"ဟု ဖြေပါ။

www.dhammaransi.com



အနက်ထင်ရှားခြင်း၏ ထူးခြားသည်၏ အဖြစ်ကြောင့်၊ တေ – ထို ကာရိတ်ပစ္စည်း ဥပသာရပုဒ်တို့သည်၊ ဒီပါဒီ၁ - ဆီဒိုးအစရှိသည်တို့ ကဲ့သို့၊ ( အာဒိဖြင့် နေရောင် လရောင် ကြယ်ရောင်တို့ကိုယူ၊) သတော ယေဝ- ထင်ရှားရှိသည်သာလျှင် ဖြစ်သော၊ အတ္ထသ– အနက်ကို၊ ပကာသကာ-ပြတတ်ကုန်၏။

၂၂၄။ ဘာဝေတိ ကုသလံ ဓမ္မံ, မဂ္ဂံ ဂမယတေ ယတိံ၊
ဘောဂီ နုဘဝတိ ဘောဂံ, ဥဂ္ဂစ္ဆတိ ဒိဝါကရော။

၂၂၄။ ဘာဝေတိ၊ပေ၊ဒိဝါကရော- ဘာဝေတိ၊ပေ၊ဒိဝါကရော တို့ကား ဥဒါဟရုဏ်တို့တည်း၊ (ဘိက္ခု-ရဟန်းသည်၊)ကုသလံဓမ္မံ- ကုသိုလ်တရားကို၊(ကုသလံ ဓမ္မံ ၂ပုဒ်မှ ဝိသေသနဝိသေသျဖြစ်သော ကံတပါး ဟု မှတ်၊)ဘာဝေတိ-ဖြစ်စေ၏၊ ဝါ-တိုးပွားစေ၏၊(ဇနော- လူအပေါင်းသည်၊)ယတိံ – ရဟန်းကို၊ မဂ္ဂံ – လမ်းကို၊ ဂမယတေ- သွားစေ၏၊ ဘောဂီ-စည်းစိမ်ရှိသူသည်၊ ဘောဂံ– စည်းစိမ်ကို၊ အနု ဘဝတိ-ခံစား၏၊ ဒိဝါကရော-နေမင်းသည်၊ ဥဂ္ဂစ္ဆတိ–ထွက်လာ၏။ [တက်၏ဟု မပေးနှင့်၊ တက်၏ဟု ပေးလျှင် "နဘဲ-ကောင်းကင်သို့" ဟု ကံထည့်ရလိမ့်မည်။]

**ဥပဋ္ဌာန ဝိသေသတော**။ ။ ဂမုဓာတ်၌ ကာရိတ်ပစ္စည်း ဝင်လာ၍ "ဂမယ"ဟု ဖြစ်သောအခါ"သွား"ဟူသော အနက်မှထူးခြား၍"သွားစေ" ဟူသော အနက်ထူး ထင်လာခြင်း , ဘူဓာတ်နှင့်တွဲ၍ အနုဥပသာရ ဝင်လာ သောအခါ ဖြစ်ခြင်းအနက်မှ ထူးခြား၍ "ခံစား" ဟူသော အနက်ထူး ထင် လာခြင်းကို "ဥပဋ္ဌာနဝိသေသ"ဟု ဆိုသည်။

**ဆိုလိုရင်း**။ ။ဤဂါထာဖြင့်"ကာရိတ်ပစ္စည်းနှင့် ဥပသာရတို့သည် ဆီမီး များနှင့် တူကုန်၏"ဟု ပြ၏၊ ဆီမီးသည် ရှိပြီး သောအရာဝတ္ထုကို ထင်ရှားပြ သကဲ့သို့ ထို့အတူ ကာရိတ်ပစ္စည်း ဥပသာရတို့သည် ဓာတ်၌ နဂိုရ်ကအမျိုးမျိုး ဟောနိုင်သောအနက်တို့ကို (ဤနေရာနှင့်လျော်အောင် ဟောဘို့ရာ) ထွန်းပြ ကြသည်"ဟု ဆိုလိုသည်။

---

၂၂၄။ ။ ဤဂါထာကား ပုံစံပြဂါထာတည်း၊ ရှေ့၌ ဆိုင်ရာစကားနှင့် တွဲ၍ ဤပုံစံတို့ကို ပြခဲ့ပြီ၊ ဤတွင် ကံနှင့်စပ်သော မှတ်ဘွယ်စကားရပ် ပြီးပြီ။

www.dhammaransi.com



၂၂၅။ ဒိန္နသုင်္ကာ ရောမရော, ဒက္ခိဏေယျော·ရဟာ ယတိ၊
ဒါနိယော ဗြာဟ္မဏော သမ္ပ-ဒါနေ နိဂ္ဂတဂါမိကော။

၂၂၆။ ဂါမကော ပဘဝေါ ဟေတု, ပါဒါနေ·ပ္ပကတော ပန၊
ဂေါတ္တံ ဇာတိစ ဩကာသေ, သမ္ပန္နဝိဟိ ဂါမကော။

၂၂၇။ ရုက္ခံ ပဝနံ ဝါသော, နိလယော နုတ္တဘာဝတော၊
ကရဏာဒိ စတုက္ကတ္တံ, နေဝချာတေ မုဒါဟဋံ။

၂၂၅, ၆, ၇။ ဒိန္နသုင်္ကာ-ပေးအပ်သော အခွန်ရှိသော၊ ဝါ-အခွန်ပေးရာ ဖြစ်သော၊ ရောမရော – မြေကို ဆောင်တတ်သောမင်း၊ ဝါ-မြေ၌နေသော သတ္တဝါအပေါင်းကို ဆောင်တတ်သောမင်း၊ ဒက္ခိဏေယျော – အလှူကို ခံယူခြင်းငှါထိုက်သော၊ အရဟာ – ရဟန္တာဖြစ်သော၊ ယတိ-ရဟန်း၊ ဒါနိယော-ပေးရာဖြစ်သော၊ ဗြာဟ္မဏော-ပုဏ္ဏား၊ ဣမာနိ- ဤသည်တို့ကား၊ သမ္ပဒါနေ- သမ္ပဒါနကာရက၌၊ ဥဒါဟရဏာနိ – တို့တည်း၊ နိဂ္ဂတဂါမိကော – ထွက်သွားသော ရွာသားရှိသော၊ ဝါ-ရွာသားတို့၏ ထွက်ခဲ့ရာဖြစ်သော၊ ဂါမကော-ရွာ၊ ပဘဝေါ–စ၍ဖြစ်ခဲ့ရာ ဖြစ်သော၊ ဟေတု-အကြောင်း၊ ဣမာနိ–တို့ကား၊ အပါဒါနေ- ၌၊ ဥဒါဟရဏာနိ – တို့တည်း၊ အပ္ပကတော ပန-အနည်းငယ်အားဖြင့်ကား၊ ဂေါတ္တံ – နွား ဟု သိသောဉာဏ်, ဂေါသဒ္ဒါ၏ဖြစ်ခဲ့ရာ၊ ဇာတိ-နွားဇာတ်တည်း၊ ဣတိ–ဤဥဒါဟရုဏ်သည်၊ ဟောတိ–၏၊ သမ္ပန္နဝိဟိ- ပြည့်စုံသော ကောက်စပါးရှိသော၊

၂၂၅,၆,၇။ ဒိန္န၊ပေ၊သမ္ပဒါနေ။ ။သမ္ပဒါနကာရကကို ဟောသော သမာသ်, တဒ္ဓိတ်, ကိတ်ပုံစံများတည်း၊ ဒက္ခိဏံ အဿ ဒါတုံ အရဟတီတိ ဒက္ခိဏေယျော၊ ဒါတဗ္ဗံ အဿာတိ ဒါနိယော၊ ရောမရော စသည်တို့ကား အဘိဓေယျပုဒ်တို့တည်း၊ "မရံ–မြေကို၊ ဝါ–မြေ၌နေသော သတ္တဝါအပေါင်းကို၊ ရတိ ဆောင်ထားတတ်၏၊ ဣတိ ရောမရော" နှင့်အညီ ရှင်ဘုရင်ကို "ရောမရေ"ဟု ခေါ်သည်။

နိဂ္ဂတ၊ပေ၊ဟေတု။ ။အပါဒါနကာရကကိုဟောသော သမာသ်တဒ္ဓိတ်ကိတ်ပုံစံတည်း၊ နိဂ္ဂတာ+ဂါမိကာ အသ္မာတိ နိဂ္ဂတဂါမိကော (သမာသ်)၊ ပဘဝတိ တေသ္မာတိ ပဘဝေါ၊ (ကိတ် – အပစ္စည်း၊) ဂါမကော, ဟေတု တို့ကား အဘိဓေယျပုဒ်တို့တည်း။

www.dhammaransi.com



ဝါ-ကောက်စပါးတို့၏ ပြည့်စုံရာဖြစ်သော၊ ဂါမကော-ရွာ၊ ရုက္ခဝံ-သစ်ပင်ရှိသော၊ ပဝနံ-တော၊ ဝါသော-နေရာဖြစ်သော၊ နိလယော-အိမ်၊ ဣမာနိ – တို့ကား၊ ဩကာသေ – ဩကာသ ကာရကၗ်၊ ဥဒါ ဟရဏာနိ-ဥဒါဟရုဏ်တို့တည်း၊ အနုတ္တဘာဝတော-အာချာတ်က ကရိုဏ်းစသောကာရက ၄ပါးကိုမဟောအပ်သည်၏အဖြစ်ကြောင့်၊ **ကရဏာဒိစတုက္ကတ္တံ** – ကရိုဏ်း အစရှိသော ကာရက လေးပါး **အပေါင်းကို၊ အာချာတေ**–အာချာတ်၌၊ နေဝဥဒါဟဋံ–ဥဒါဟရုဏ် မထုတ်အပ်။

**အပ္ပကတော၊ပေ၊ဇာတိ။** ။တဒ္ဓိတ်ဟောအပ်သော အပါဒါနကာရက ပြယုဂ်မှာ ရှာနိုင်လှမှ အနည်းငယ်သာရသောကြောင့် "အပ္ပကတော" ဟု ဆိုသည်၊ "ဘဝန္တိ ဗုဒ္ဓိသဒ္ဒါ တေသ္မာတိ ဘာဝေါ"ဟု အပါဒါနသာဓနပြု၍ "ဂေါဿ + ဘာဝေါ ဂေါတ္တံ"ဟု ဘာဝတဒ္ဓိတ်ပြုသောအခါ ထိုအပါဒါန် အနက်ကို တ္တပစ္စည်းက ဟော၏၊ ဇာတိကား အဘိဓေယျ။ [ အချို့ဆရာ တို့သည် "အပါဒါန်ဟော တဒ္ဓိတ်ပုံစံ မထင်ရှား"ဟု ဆို၏၊ ထိုဆရာတို့ကား ဘာဝေါပုဒ်၏ ဝစနတ္ထကို "ဘဝန္တိ ဗုဒ္ဓိသဒ္ဒါ တေန" ဟု ကရဏသာဓ်သာ ပြုစေလို၏။

**ဩကာသေ၊ပေ၊နိလယော။** ။ဩကာသကာရကကို ဟောသော သမာသ်, တဒ္ဓိတ်, ကိတ်တို့၏ ပုံစံများတည်း၊ သမ္ပန္နာ+ဝီဟယော ဧတ္ထာတိ သမ္ပန္နဝီဟိ၊ (သမာသ်)၊ ရုက္ခာ ဧတ္ထ သန္တီတိ ရုက္ခဝံ၊ (တဒ္ဓိတ် ဝန္တုပစ္စည်း၊ ဝသန္တိ ဧတ္ထာတိ ဝါသော၊ (ကိတ် ဏပစ္စည်း၊) ဂါမကော စသည်တို့ကား အဘိဓေယျပုဒ်များတည်း။

**မှတ်ချက်။** ။ဒီပနိဋ္ဌ ရုက္ခဝံကို "ရုက္ခော ဧတ္ထ"ဟု ရုက္ခောဝယ် ဧကဝစနန္တ တွေ့ရ၏၊ ထိုပါဌ်သည် မသင့်၊ ဘာ့ကြောင့်နည်း၊... ဤနေရာဝယ် ဝန္တု ပစ္စည်းက ပဟုတအနက်ကို ဟောရမည်ဖြစ်၍ သစ်ပင်တပင်တည်းက ပဟုတ (ဗဟုတ္တ) မဟုတ်သောကြောင့်တည်း။

**ကရဏာဒိ၊ပေ၊ဓုဒါဟဋံ။** ။ဝါစကကြီး ၄ ပါးတွင် အာချာတ်ဝါစက အတွက် ပုံစံများကို မထုတ်ပြခြင်းမှာ ကရဏစသော ၄ ပါးသော ကာရကကို အာချာတ်က မဟောသောကြောင့်တည်း။ [ စတုန္နံ + သမူဟော စတုက္ကံ၊ စတုက္ကသဒ္ဒ – ၄ ခုအပေါင်း၏ + ဘာဝေါ – ဖြစ်ကြောင်းဖြစ်ရာ ၄ ခု အရေ အတွက်( သင်္ချာဂုဏ်)တည်း၊ စတုက္ကတ္တံ-ဂုဏ်၊နိဿယ၌ကား လွယ်ကူအောင် (တ္တ) အတွက် အနက်မရှိ ကြံလိုက်သည်။

www.dhammaransi.com



၂၂၀။ ပရိတ္တဝိသယတ္တာချာ-တေနုတ္တံ ကာရကတ္တယံ၊
ဗဟုတ္တဝိသယတ္တာကိ-တေနုတ္တံ သတ္တကာရကံ။

၂၂၀။ ပရိတ္တဝိသယတ္တာ-ကျဉ်းသော ဟောရာအနက်ရှိသည်၏ အဖြစ်ကြောင့်၊ အာချာတေန - အာချာတ် ဝါစကသည်၊ ကာရကတ္တယံ-ဘော ကံ ကတ္တားဟူသော ကာရက ၃ ပါးအပေါင်းကို၊ ဉတ္တံ-ဟောအပ်၏၊ ဗဟုတ္တဝိသယတ္တာ-များသောဟောရာအနက်ရှိသည်၏ အဖြစ်ကြောင့်၊ ကိတေန-ကိတ်ဝါစကသည်၊ သတ္တကာရကံ-ဘောနှင့်တကွ ကာရက ၇ ပါးကို၊ ဉတ္တံ-ဟောအပ်၏။

၂၂၉။ ဂေါတ္တံ ဂေါဇာတိ သူဒေန,
ဋ္ဌိယတေ ပစနံ ကြိယာ၊
ဘာဝေ ဝိခါနတော ယတ္တ,
သော သမာသေ နုဒါဟဋော။

၂၂၉။ ဂေါတ္တံ - နွားဟု သိသောဉာဏ်, ဂေါသဒ္ဒါ၏ဖြစ်ခဲ့ရာ၊ ဂေါဇာတိ-နွားဇာတ်တည်း၊ သူဒေန-စဖိုသည်သည်၊ ဋ္ဌိယတေ-တည်

၂၂၀။ ။ဤဂါထာကား " ကာရကာဒိစတုက္ကတ္တံ " နှင့်စပ်၍ ဆိုအပ်သောဂါထာတည်း၊ "အာချာတ်ဝိဘတ်တို့၏ သက်ရာအနက်က နည်းပါးသောကြောင့် အာချာတ်ဝါစကသည် ဘော, ကံ, ကတ္တား, ကာရက ၃ ပါးကိုသာ ဟောရ၏၊ ကိတ်ပစ္စည်းတို့၏ သက်ရာအနက်က များသောကြောင့် ကိတ်ဝါစကသည် ကာရက ၇ ပါးလုံးကို ဟော၏၊ "အာချာတ်က ကာရက ၃ ပါးကို ဟောရခြင်း, ကိတ်က ကာရက ၇ ပါးလုံးကို ဟောနိုင်ခြင်း၌ အကြောင်းတပါး ရှာဘွယ် မလို၊ ဝိဘတ်—ပစ္စည်းတို့၏ ဟောစွမ်းနိုင်သော သတ္တိလိုက်၍ ဟောကြရသည်"ဟူလို။

၂၂၉။ ဂေါတ္တံ။ ။ကာရက ၆ ပါးကို ဟောသောပုံစံများကို ပြပြီး၍ ဘာဝဝါစကပုံစံကို ပြလိုသောကြောင့် "ဂေါတ္တံ "စသည်မိန့်၊ " ဂေါဿ+ဘာဝေါ ဂေါတ္တံ " ဟု ဝိဂ္ဂဟပြု၊ ဂေါတ္တံ၌ တ္တပစ္စည်းသည် ဘာဝအနက်ကို ဟောသောကြောင့် ဂေါတ္တံသည် (တဒ္ဓိတ်အတွက်) ဘာဝဝါစကပုံစံလည်း ဖြစ်၏၊ ဇာတိကား အဘိဓေယျတည်း၊ ရှေ့၌ ဂေါတ္တံကိုပင် ကရဏဝါစက, အပါဒါနဝါစကပုံစံအဖြစ်ဖြင့်လည်း ပြခဲ့ပြီ။

www.dhammaransi.com



ခြင်း၊ သူဒေန-သည်၊ ပစနံ-ချက်ခြင်း၊ ကြိယာ-(တည်ခြင်း,ချက်ခြင်း) ကြိယာတည်း၊(ကသ္မာ-အဘယ့်ကြောင့်၊ ဉေယျာ-ကြိယာကိုသိထိုက်သနည်း၊) ဘာဝေ- ဘောအနက်၌၊ ဝိဓာနတော - အတ္တနောပဒါနိ ဘာဝေစ ကမ္မနိ,နန္ဒာဒီဟိ ယု စသော သုတ်တို့ကို စီရင်ခြင်းကြောင့်၊ ( ဉေယျာ၊ ) [ ဝိဓာနတောသည် ဉာပကဟိတ် ဖြစ်သောကြောင့် ''ဉေယျာ''ဟု ထည့်ရသည်။] ယတ္တဘာဝေ–အကြင်ဘော၌၊ (အဝိဓာနံ – သမာသ်သုတ်ကို မစီရင်ခြင်းသည်၊ ဟောတိ -၏၊ ) သော– ထိုဘောကို၊ သမာသေ-သမာသ်အရာ၌၊ န ဥဒါဟဋ္ဌော-ဥဒါဟရုဏ် မထုတ်အပ်။

အမှာ။ ။''ဘာဝေ အဝိဓာနံ ယတ္တ , သော သမာသေ နုဒါဟဋ္ဌော''ဟု ဆရာတို့ ပြင်ကြ၏၊ ''ယတ္တဘာဝေ- ၌၊ အဝိဓာနံ– သည်၊ ဟောတိ၊ သော–ထိုဘောကို၊ သမာသေ-၌၊ န ဥဒါဟဋ္ဌော''ဟုပေး။

ဋ္ဌိယတေ ပစနံ။ ။ဋ္ဌိယတေသည် အာချာတ်အတွက်, ပစနံသည် ကိတ်အတွက် ဘာဝဝါစကပုံစံများတည်း၊ ''သူဒေန''သည် အပိုထည့်ပြအပ်သော ကတ္တားတည်း၊ '' ကြိယာ'' ကား ဋ္ဌိယတေ- ပစနံတို့၏ အရကောက်တည်း၊ ''ဋ္ဌိယတေ'' အရ ''တည်ခြင်း'' ကြိယာကိုရင်း , ''ပစနံ'' အရ ''ချက်ခြင်း'' ကြိယာကိုရင်း အရကောက်ပါ–ဟူလို။

**ဘာဝေ ဝိဓာနတော။** ။''အဘယ့်ကြောင့် ကြိယာကို အရကောံရ၏ ဟု သိနိုင်သနည်း''ဟုမေးဘွယ်ရှိ၍''ဘာဝေ ဝိဓာနတော''ဟုမိန့်၊ အတ္တနော ပဒါနိ ဘာဝေစ ကမ္မနိစသောသုတ်, နန္ဒာဒီဟိ ယု စသောသုတ်တို့က ဘော အနက်၌ တေဝိဘတ်,ယုပစ္စည်းတို့ကို စီရင်သောကြောင့် ဋ္ဌိယတေ-ပစနံတို့အရ ''တည်ခြင်းကြိယာ, ချက်ခြင်းကြိယာကို အရကောက်ရ၏''ဟု သိနိုင်သည်– ဟူလို။ [ဤကား ဒီပနီအဖွင့်အတိုင်းတည်း။]

**ယတ္တ၊ပေ၊နုဒါဟဋ္ဌော။** ။ဋီကာ၌''ယတ္တ ဘာဝေ သုတ္တဿ သမာသေ အဝိဓာနတော သော ဘာဝေါ သမာသေ န ဥဒါဟဋ္ဌော''ဟု ယောဇနာ၏၊ ထိုအလို '' ဘာဝေ + အဝိဓာနတော '' ဟု ပုဒ်ဖြတ်၍ နုဒါဟဋ္ဌော၌ စပ်၊ ဒီပနီ၌ကား '' ယတ္တဘာဝေ သမာသသုတ္တဿ အဝိဓာနံ ဟောတိ '' ဟု အပိုထည့်သည်၊ အချုပ်မှာ– ''သမာသ်အတွက် ဘာဝအနက်ကိုဟောသော သုတ်ကို ကစ္စည်းကျမ်း၌ မစီရင်သောကြောင့် ဘာဝဝါစကအတွက် သမာသ် ပုံစံကို မထုတ်အပ်''ဟု ဆိုလိုသည်။

www.dhammaransi.com



၂၃၀။ ဒဗ္ဗဂုဏကြိယာနာမ,
ဇာတျွေတွတဒ္ဓိတော ဘဝေ၊
ဘာဝေ ကြိယာယ·မာချာတော,
ကိတော စာတိ ဝိသေသတာ။

၂၃၀။ တဒ္ဓိတော ဘာဝေ - တဒ္ဓိတ်ဘောသည်၊ ဒဗ္ဗဂုဏကြိယာနာမဇာတျွေ - ဒြဗ်, ဂုဏ်, ကြိယာ, နာမ်, ဇာတ်ဟူသောအနက်၌၊ ဘဝေ - ဖြစ်၏၊ အာချာတော - အာချာတ်ဘောသည်ငင်း၊ ကိတော စ - ကိတ်ဘောသည်ငင်း၊ ကြိယာယံ - ကြိယာဟူသောအနက်၌၊ (ဘဝေ - ၏၊) ဣတိ - ဤသည်တို့ကား၊ ဝိသေသတာ - တဒ္ဓိတ်ဘောနှင့်အာချာတ် ကိတ်ဘောတို့၏ ထူးကုန်သည်၏ အဖြစ်တည်း။

၂၃၁။ ခေတွတ္ထာသင်္ချာလိင်္ဂါတိ-
ကာရကန္တရနာကုလော၊
အာချာတိကော သလိင်္ဂါဟု,
သသင်္ချော ကိတကော တိစ။

၂၃၁။ အာချာတိကော - အာချာတ်ဘောသည်၊ ခေတွတ္ထော - ခေတ်နက်ကြိယာတည်း၊ အသင်္ချော - သင်္ချာ ၂ ပါး မရှိ၊ [ ဧကတ္တသင်္ချာသာ ရှိ၏-ဟူလို၊] အလိင်္ဂါ-လိင် ၃ ပါးမရှိ၊ တိကာရကန္တရနာကုလော-ဘောကံကတ္တားဟူသော ကာရက ၃ပါးမှတပါးသော

၂၃၀။ ။တဒ္ဓိတ်ဘောနှင့် အာချာတ်ကိတ်ဘောတို့၏ အထူးကိုပြသော ဂါထာတည်း၊ တဒ္ဓိတ်ဘော၏ ဒြဗ်, ဂုဏ်, ကြိယာ, နာမည်, ဇာတ်ဟူသော အနက် ၅ ပါးကိုဟောခြင်း,အာချာတ်ကိတ်ဘောတို့၏ ကြိယာကိုဟောခြင်း သည် ထို ဘော ၂ မျိုး၏ထူးခြားချက်ဖြစ်သည်-ဟူလို။ [အာချာတ်ဘောနှင့် ကိတ်ဘောကို ကြိယာအနက်ချင်း တူသောကြောင့် တဒ္ဓိတ်နှင့် ထူးပုံကိုသာ ဤဂါထာ၌ ပြသည်။]

---

၂၃၁။ ။ အာချာတ်ဘောနှင့် ကိတ်ဘောအထူးကိုပြပြန်သော ဂါထာ တည်း၊ ထိုဘော ၂ မျိုးသည် ခေတွတ္ထ-ခါတ်နက်ဟူသော ကြိယာအနက်ချင်း တူသော်လည်း အာချာတ်ဘော၏ သင်္ချာအထူးမရှိဘဲ "ဌီယတေ" စသည်ဖြင့် ဧကတ္တသင်္ချာ တမျိုးသာရှိခြင်း, လိင် ၃ ပါးလုံးမရှိခြင်း, ဘော ကံ ကတ္တား ၃ ပါးသောကာရကမှတပါး အခြားကာရကတို့နှင့် မရောနှောခြင်းသည်ငင်း,

www.dhammaransi.com



ကာရကတို့နှင့် မရောနှော၊ **ကိတကောတု - ကိတ်ဘောသည်ကား၊** သလိင်္ဂေါ-လိန် ၃ ပါးနှင့်တကွ ဖြစ်၏၊ သသင်္ချော-သင်္ချာ ၂ ပါးနှင့်တကွ ဖြစ်၏၊ **ဓာတိစ** - ဤသည်တို့ကား၊ ဝိသေသတာ - အာချာတ် ဘောနှင့်ကိတ်ဘောတို့၏ထူးကုန်သည်၏အဖြစ်တည်း။ [ ရှေ့ဂါထာမှ "ဝိသေသတာ" ကို ယူပေးသည်။]

**၂၃၂။ ဒသဗလော ဇိနော ဝေဏိ-ကော ဂန္ဓဗ္ဗောစ သာမိနိ၊**
**သော စာချာတ ကိတာသမ္ဗ-န္ဓာနုတ္တတ္တာ နုဒါဟဋော။**

၂၃၂။ **ဒသဗလော** - ဆယ်ပါးသော ကိုယ်တော်အား ဉာဏ် တော်အား ရှိတော်မူသော၊ ဇိနော- မြတ်စွာဘုရား၊ ဝေဏိကော- **စောင်းတီးခြင်း** အတတ်ရှိသော၊ ဂန္ဓဗ္ဗော-**စောင်းသမား**၊( ဓာမာနိ- ဤသည်တို့**ကား**၊)သာမိနိ-သမ္ဗန်အနက်၌၊(ဥဒါဟရဏာနိ-သမာသ် တဒ္ဓိတ်တို့၏ ဥဒါဟရုဏ်တို့တည်း၊ ) **သောစ** - ထို **သမ္ဗန်**ကိုလည်း၊ **အာချာတ ကိတာသမ္ဗန္ဓာနုတ္တတ္တာ**- အာချာတ် ကိတ်တို့က **သ**မ္ဗန်ကို မဟောအပ်သည်၏ **အဖြစ်ကြောင့်**၊ န ဥဒါဟဋော - ဥဒါဟရုဏ် **မထုတ်အပ်**။

ကိတ်ဘော၏ " ပစနံ - ပစနာနိ "စသည်ဖြင့် ဧကဝုစ် ဗဟုဝုစ်သင်္ချာ ၂ မျိုး ရှိခြင်း, " လာဘော- ရခြင်း၊ ပစနံ- ခြင်း၊ ဇာတိ- ဖြစ်ခြင်း" စသည်ဖြင့် လိန် ၃ ပါးရှိခြင်းသည် အာချာတ်ဘောနှင့် ကိတ်ဘော၏ အထူးတည်း။

---

၂၃၂။ ။"ကာရက ၆ တန်, ဘောသမ္ဗန်, မှတ်ရန်ဝစ္စရှစ်" နှင့် အညီ ဘာဝဝါစ္စကိုဟောသော ပုံစံများကို ပြပြီး၍ , သမ္ဗန္ဓဝါစ္စကိုဟောသော ပုံစံ များကို ပြလိုသောကြောင့် " ဒသဗလော" စသည်ကိုမိန့်၊ " ဒသ+ဗလာနိ ယဿာတိ ဒသဗလော " ဟု ပြု၍ ယဿ၏ သမ္ဗန်အနက်ကို "ဒသဗလော" သမာသ်က ဟောသည်၊ " ဝီဏာ + အဿ သိပ္ပံတိ ဝေဏိကော" ဟု ပြု၍ အဿ၏ သမ္ဗန်အနက်ကို ဝေဏိကော တဒ္ဓိတ်ကဟောသည်။ [ "ဝီဏာ - စောင်းတီးခြင်း " ဟု ပေး၊ ဌာနစောင်းဖြင့် တီးခြင်းတိုင်အောင် ယူရသော ဌာနူပစာတည်း၊ တနည်း "ဝီဏာဝါဒနံ"ဟု ဆိုလိုလျက် "ဝါဒနံ"ဟူသော နောက်ပုဒ်ကို ချေထားသည်။ ] အာချာတ် ကိတ်တို့သည် သမ္ဗန်အနက်ကို မဟောကြ၊ ထို့ကြောင့် အာချာတ်ကိတ် ပုံစံတို့ကို မထုတ်ပြတော့။

www.dhammaransi.com



၂၃၃။ ဇိတမာရော ဇိနော ဆိန္န-ရုက္ခော•သျာဂတဂါမိကော၊
ဂါမော ဒိန္နဓနော ယော မော, နိက္ခန္တဂဟိကောဂဟော။

၂၃၄။ သမ္ပုန္နဝီဟိ ဂါမောတိ, သမာသေန ဆကာရကံ၊
ဥတ္တံ ဒသဗလော နာထော , တျုတ္တော သာမိစ မနျတေ။

၂၃၃, ၄။ ဇိတမာရော – အောင်အပ်ပြီးသော မာရ်ရှိတော်မူသော၊ ဝါ-မာရ်ကိုအောင်တော်မူပြီးသော၊ ဇိနော-မြတ်စွာဘုရား၊ [ကတ္တားဟောပုံစံ၊]ဆိန္နရုက္ခော–သစ်ပင်ကို ဖြတ်ကြောင်းဖြစ်သော၊ အသိ-သန်လျက်၊[ကရိဏ်းဟောပုံစံ၊]အာဂတဂါမိကော–လာရောက်သော ရွာသူရွာသားရှိသော၊ ဝါ- ရွာသူရွာသားတို့ လာရောက်အပ်သော၊ ဂါမော-ရွာ၊ [ကံဟောပုံစံ၊] ဒိန္နဓနော - ပေးအပ်သော ဥစ္စာရှိသော၊ ဝါ-ဥစ္စာကိုပေးအပ်ရာဖြစ်သော၊ ယော မော-စစ်သည်သူရဲ၊ [သမ္ပဒါန်ဟော ပုံစံ၊ ] နိက္ခန္တဂဟိကော – ထွက်သွားသော အိမ့်ရှင်ရှိသော၊ ဝါ-အိမ့်ရှင်၏ ထွက်သွားခဲ့ရာဖြစ်သော၊ ဂဟော–အိမ်၊ [အပါဒါန်ဟော ပုံစံ။]

သမ္ပုန္နဝီဟိ– ပြည့်စုံသော ကောက်စပါးရှိသော၊ ဝါ– ကောက်စပါးတို့၏ ပြည့်စုံရာဖြစ်သော၊ ဂါမော-ရွာ၊ [ဩကာသဟောပုံစံ၊] ဣတိ–ဤသို့၊ သမာသေန–သမာသ်သည်၊ ဆ ကာရကံ-၆ ပါးသော ကာရကကို၊ ဥတ္တံ–ဟောအပ်၏၊ ဒသဗလော–ဆယ်ပါးသော ကိုယ်တော်အား ဉာဏ်တော်အား ရှိတော်မူသော၊ နာထော – မြတ်စွာဘုရား၊ [ သမ္ဗန်ဟောပုံစံ၊ ] ဣတိ – သို့၊ သာမိစ - သမ္ဗန်ကိုလည်း၊ ဥတ္တော–ဟောအပ်၏ဟူ၍၊ မနျတေ–၏။

၂၃၃, ၄။ ။ရှေ့၌ သမာသ် တဒ္ဓိတ် အာချာတ် ကိတ် ဝါစကတို့၏ပုံစံများကို ဂါထာတရပ်တရပ်၌ ပေါင်း၍ပြခဲ့ပြီ၊ ဤဂါထာမှစ၍ သမာသ်အခဏ်းတခြား, တဒ္ဓိတ်စသည်တို့၏ အခဏ်းများလည်း တခြားစီ သီးသန့်၍ ပြလိုသောကြောင့် "ဇိတမာရော" စသည်ကိုမိန့်သည်၊ ဤပုံစံများ၏အဓိပ္ပါယ်ကို ရှေ့၌ပြခဲ့ပြီ၊ ဂါမိကသဒ္ဒါသည် ရွာသားဟူသော အနက်ကို ဟော၏၊ "အာဂတော + ဂါမိကော ယံတိ အာဂတ ဂါမိကော"ဟု ပြု၊ နိက္ခန္တော + ဂဟိကော (အိမ့်ရှင်) ယသ္မာတိ နိက္ခန္တဂဟိကော။ [ ဤ ၂ ဂါထာဖြင့် "ဗဟုဗ္ဗီဟိ သမာသ်သည် ကာရက ၆ ပါးနှင့် သမ္ဗန်ကိုဟော၏"ဟု သိစေ၏။]

www.dhammaransi.com



၂၃၅။ နေယျော အညပဒတ္တေန, တပ္ပယောဂဝသေနဝါ၊
တဂ္ဂုဏော န တထာ တဂ္ဂု-ဏောစ အညပဒတ္ထကော။

၂၃၅။ (ယသ္မိံ အညပဒတ္ထေကေ-အကြင် အညပုဒ်အနက်ရှိသော ဗဟုဗ္ဗီဟိသမာသ်၌၊ ဂုဏော-ဂုဏ်ဝိသေသနကို၊)အညပဒတ္တေနဝါ-အညပုဒ်၏ အနက်အားဖြင့်သော်၎င်း၊ တပ္ပယောဂဝသေနဝါ - ထို အညပုဒ်အနက်နှင့် ယှဉ်ဘက်၏ အစွမ်းအားဖြင့်သော်၎င်း၊ နေယျော-သိအပ်၏၊ ( သော ) အညပဒတ္ထကော-ထို အညပုဒ် အနက်ရှိသော ဗဟုဗ္ဗီဟိသမာသ်သည်၊တဂ္ဂုဏော-တဂ္ဂုဏဗဟုဗ္ဗီဟိသမာသ်မည်၏၊ (ယသ္မိံ အညပဒတ္ထကေ-၌၊ ဂုဏော-ကို၊) တထာ-ထို အခြင်းအရာ အားဖြင့်၊ ဝါ-ထို အညပုဒ်၏အနက်,ထိုအညပုဒ်အနက်နှင့်ယှဉ်ဘက် အားဖြင့်၊ န နေယျော-မသိအပ်၊ (သော) အညပဒတ္ထကော-သည်၊ အတဂ္ဂုဏော- အတဂ္ဂုဏဗဟုဗ္ဗီဟိသမာသ် မည်၏၊ [တထာ တဂ္ဂုဏောကို တထာ+အတဂ္ဂုဏော ဟု ပုဒ်ဖြတ်၊ တထာဖြင့် "အညပဒတ္တေန, တပ္ပယောဂဝသေနဝါ"ကို ညွှန်းသည်။]

၂၃၅။ ။ ဤဂါထာဖြင့် တဂ္ဂုဏဗဟုဗ္ဗီဟိ အတဂ္ဂုဏဗဟုဗ္ဗီဟိ ၂ ပါး အပြားကိုပြ၏၊ "ဂုဏ"ဟူသည် ဝိသေသနတည်း၊ "ဆိန္နဟတ္ထော-ပြတ်သော လက်ရှိသော (နရော)" ဟူရာ၌ ထိုလူကို ပြတ်သောလက်ဖြင့် အထူးပြုထားသောကြောင့် "ပြတ်သောလက်"ဟူသော အနက်သည် ဝိသေသနတည်း၊ ထို ဝိသေသနအနက်သည် ဆိန္နနှင့်ဟတ္ထဟူသော သမာသ်ပုဒ်၏ အနက်တည်း၊ "ရှိသောလူ"ဟူသောအနက်ကား "အည+ပုဒ်"ဟု ခေါ်ရသော "ယဿ+နရော"တို့၏ အနက်တည်း"ဟု ရှေးဦးစွာမှတ်ခဲ့ပါ။

**နေယျော ၊ပေ၊ တဂ္ဂုဏော**။ ။အညပုဒ်၏ အနက်အားဖြင့် ဖြစ်စေ, ထို အညပုဒ်အနက်နှင့် ယှဉ်ဘက်အားဖြင့် ဖြစ်စေ , ထို ဝိသေသနအနက်ကို သိအပ်ရာ ဖြစ်သော ဗဟုဗ္ဗီဟိသည် တဂ္ဂုဏ ဗဟုဗ္ဗီမည်၏၊ ဤ စကားဖြင့် အညပဒတ္ထတဂ္ဂုဏသမာသ်, ပယောဂ တဂ္ဂုဏသမာသ်,ဟု တဂ္ဂုဏသမာသ် ၂ မျိုးပြားကြောင်းကိုပြ၏၊ ထို ၂ မျိုးအားဖြင့် မသိအပ်သော ဗဟုဗ္ဗီဟိကား အတဂ္ဂုဏဗဟုဗ္ဗီဟိတည်း၊ [အမိပ္ပါယ်မှာ နောက်ဂါထာပုံစံ၌ ထင်ရှားလတ္တံ့၊ တဿ+ဂုဏော ယသ္မိံနေယျောတိ တဂ္ဂုဏော၊ န+ တဂ္ဂုဏော- အတဂ္ဂုဏော၊ နေယျောကား အတ္တိကဲ့သို့ထည့်ပါ၄်၊ ပယောဂတဂ္ဂုဏ၌"ပယောဂ" ဟူသည်လည်း"သဟစရဏ-အတူတကွဖြစ်ဘက်တည်း။]

www.dhammaransi.com



၂၃၆။ နိယတေ ဆိန္နဟတ္ထော·ယံ,နရော နီလပဋော နရော၊
သမ္ဗုဒ္ဓပ္ပမုခေါ သံဃော, ပုရိသော ဒိဋ္ဌသာဂရော။

၂၃၆။ ( ဥဒါဟရဏံ – ကို၊ ) နိယတေ – သိအပ်၏၊ အယံ– ဤသူ သည်၊ ဆိန္နဟတ္ထော-ပြတ်သောလက်ရှိသော၊ နရော-လူတည်း၊ နီလပဋော - ညိုသော ပုဆိုးရှိသော၊ နရော - လူ၊ သမ္ဗုဒ္ဓပ္ပမုခေါ– ဘုရားအမှူးရှိသော၊ သံဃော–သံဃာ၊ ဒိဋ္ဌသာဂရော-မြင်အပ်သော သမုဒ္ဒရာရှိသော၊(သမုဒ္ဒရာကို မြင်ဘူးသော၊)ပုရိသော–ယောကျ်ား။

၂၃၆။ **ဆိန္နဟတ္ထော နရော** ။ ။ဆိန္နော + ဟတ္ထော ယဿာတိ ဆိန္နဟတ္ထော၊ "ယဿ – အကြင်လူ၏" ဟူရာ၌ "လူ" ဟူသည် မျက်စိ နား နှာ အင်္ဂါ ခြေ လက်အားလုံးတည်း၊ "ဆိန္န+ ဟတ္ထ– ပြတ်သောလက် " ကား ထိုလူကိုအထူးပြုသော ဝိသေသန (ဂုဏ်) တည်း၊ ထို့ကြောင့် "ယဿ"ပုဒ်, နရော ပုဒ်ဟူသောအညပုဒ်၏ လူဟူသောအနက်တွင် ဒါးခုတ်မိ၍ပြတ်နေသော (တိုနေသော) လက်ချောင်းတိုကလေးလည်း ပါဝင်၏၊ ထို့ကြောင့် " ဆိန္နဟတ္ထော "သမာသ်သည် အညပုဒ်၏အနက်၌ "ပြတ်သောလက်" ဟူသော ဝိသေသနလည်း ပါဝင်ရသောကြောင့် အညပဒတ္ထတဂ္ဂုဏဗဟုဗ္ဗီဟိ မည်၏။

**နီလပဋော**။ ။နီလော+ပဋော+ယဿာတိ နီလပဋော (နရော)၊ ထို သမာသ်၌ အညပုဒ်၏အနက်သည်"လူ"တည်း၊ပုဆိုးအညိုကား တဂ္ဂုဏ (ထို အညပုဒ်အနက်၏ ယှဉ်ဘက်ဝိသေသန ) တည်း၊ လူနှင့် ပုဆိုး အညိုလည်း ( ဝတ်ထားသောကြောင့် ) ယှဉ်ဘက်ဖြစ်၏၊ ဤသို့ " နီလပဋော နရော " အရ၌ ဝတ်ထားသောပုဆိုးညိုလည်း ယှဉ်ဘက်အားဖြင့် ပါဝင်သောကြောင့် နီလပဋောသည် ပယောဂတဂ္ဂုဏဗဟုဗ္ဗီဟိတည်း။

**သမ္ဗုဒ္ဓပ္ပမုခေါ သံဃော**။ ။သမ္ဗုဒ္ဓေါ+ပမုခေါ၊ ယဿာတိ သမ္ဗုဒ္ဓပ္ပမုခေါ, သံဃော၊ ယဿ သံဃောတို့၏ အရဖြစ်သော သံဃာသည် အည ပုဒ်၏အနက်တည်း၊ ထိုသံဃာ၏ အကြီးအမှူးဖြစ်သော ဘုရားကား"ဘုရား အမှူးရှိသော" ဟု သံဃာကိုအထူးပြုသောဝိသေသနဂုဏ်တည်း၊ အညပုဒ်၏ အနက်ဖြစ်သော သံဃာထည်း၌ ဘုရားရှင်သည် ယှဉ်ဘက် ( အတူတကွ ဖြစ်ဘက် ) အဖြစ်ဖြင့် ပါဝင်၏၊ ထို့ကြောင့် သမ္ဗုဒ္ဓပ္ပမုခေါသည် ပယောဂ တဂ္ဂုဏဗဟုဗ္ဗီဟိတည်း။

**ဒိဋ္ဌသာဂရော ပုရိသော**။ ။ဒိဋ္ဌော+သာဂရော ယေနာတိ ဒိဋ္ဌသာဂရော၊ ယေန–ပုရိသောတို့၏အရဖြစ်သော ယောကျ်ားသည် အညပုဒ်အနက်တည်း၊ မြင်အပ်သော သမုဒ္ဒရာကား " သမုဒ္ဒရာကို မြင်ဘူးသော "ဟု ယောကျ်ားကို

www.dhammaransi.com



၂၃၇။ ဥဒ္ဒေန ဒိဂုနာ ကမ္မ–ဓာရယေန သမုစ္စယ၊
တုလျတ္ထဒ္ဒိပကာ·ဒသ–နာ တေ ဝုတ္တာ န ကာရကာ။

၂၃၈။ သာမိနုဗ္ဗောဗျယီဘာဝါ-မာဒိဟုတ္တော သကာရကော၊
တဒ္ဒိပကာဝိဘတ္တိနံ, လောပလေသာ·နုမာနတော။

၂၃၇,၀။ ဥဒ္ဒေန-ဥန်သမာသ်သည်၎င်း၊ ဒိဂုနာ–ဒိဂုသမာသ် သည်၎င်း၊ ကမ္မဓာရယေန-ကမ္မဓာရည်းသမာသ်သည်၎င်း၊ သမုစ္စယ တုလျတ္ထဒ္ဒိပကာဒသနာ- သမုစ္စည်းအနက်, တုလျအနက်ကို ပြတတ် သော စသဒ္ဒါ,တသဒ္ဒါစသည်တို့ကို မမြင်ရခြင်းကြောင့်၊ [စသည်တို့ကို ဖြင့် " ဟုတွာ, သဓိတ, ဘူတ, ဧဝ - ဍတိ, တို့ကိုယူ။ ] တေ - ထို သမုစ္စည်းအနက် , တုလျအနက်တို့ကို၊ ဝုတ္တာ - ဟောအပ်ကုန်၏၊ ကာရကာ - ကာရကတို့ကို၊ နဝုတ္တာ - မဟောအပ်ကုန်၊ သာမိ– သမ္ဗန်ကို၊ နဝုတ္တော-မဟောအပ်၊ (ဍတိ-ဤသို့၊ ဉတမ္မာ– သိထိုက်

အထူးပြုသော ဝိသေသနတည်း၊"ဒိဋ္ဌသာဂရော ပုရိသော-သမုဒ္ဒြာကို မြင်ဘူး သော ယောကျ်ား"ဟူရာ၌ ယောကျ်ားဟူသော အညပုဒ်အနက်တွင် သမုဒ္ဒြာ မပါဝင်၊ သမုဒ္ဒြာသည် ယောကျ်ားနှင့်ယှဉ်ဘက်လည်း မဟုတ်၊ ဤသို့ အညပုဒ် အနက်အားဖြင့်၎င်း, ယှဉ်ဘက်အားဖြင့်၎င်း ဝိသေသနအနက်ကို မသိရသော ကြောင့် ဒိဋ္ဌသာဂရောသည် အတဂ္ဂုဏ ဗဟုဗ္ဗီဟိတည်။ [တချို့သဒ္ဒါကျမ်း များ၌ " တဂ္ဂုဏသံဝိညာဏ, အတဂ္ဂုဏသံဝိညာဏ " ဟု နာမည်တပ်၏၊ ကစ္စည်း ရူပသိဒ္ဓိဘာသာဋီကာတို့၌ အဓိပ္ပါယ်အကျယ်ကို ရှုပါ။]

**အမှာ** ။ ။ ပယောဂတဂ္ဂုဏကို ပုံစံ ၂ ခုပြရာ၌ နီလပဋ္ဌောဝယ် သဒ္ဒါ အစဉ်အတိုင်း "ညိုသောပုဆိုး"ရ၏၊ "သမ္ဗုဒ္ဓပ္ပမုခေါ"၌ကား "အကြီးအမှူး ဘုရား"ဟု အနက်စဉ်အတိုင်းသာ ဘုရားရ၏၊ သဒ္ဒါစဉ်အတိုင်းကား အကြီး အမှူးရသည်၊ ထို့ကြောင့်"နီလပဋ္ဌောကို သဒ္ဒါစဉ်အားဖြင့် ဆိုအပ်သောပုံစံ, သမ္ဗုဒ္ဓပ္ပမုခေါကို အနက်စဉ်အားဖြင့် ဆိုအပ်သောပုံစံ "ဟု ဋီကာမိန့်၏၊ ထို ဋီကာ၌ ဇိတမာရောကို တဂ္ဂုဏဟု ဆိုထားသည်ကား စဉ်းစားဘွယ်သာ။

---

၂၃၇,၀။ ။ ဗဟုဗ္ဗီဟိသမာသ်၏ ကာရက ၆ ပါးနှင့် သမ္ဗန်ဟောပုံကို ပြပြီး၍ ဥန်စသော ကျန်သမာသ်များ၏ ဟော-မဟောကို ပြလိုသောကြောင့် " ဥဒ္ဒေန " စသည်မိန့်၊ ဥန်သမာသ်သည် သမုစ္စည်းအနက်ကို ဟော၏၊ ဒိဂု ကမ္မဓာရည်းသမာသ်တို့သည် တုလျအနက်ကို ဟောကုန်၏၊ ကာရက ၆ ပါး ကို၎င်း သမ္ဗန်ကို၎င်း မဟောကြကုန်။

www.dhammaransi.com



ကုန်၏၊) [အဒဿနာဟူသော ဟိတ်က ဉာပကဟိတ်ဖြစ်သောကြောင့် ဒိပနီ၌"ဉာတဗ္ဗာ"ဟု ထည့်စပ်သည်၊] အဗျယီဘာဝါမာဒီဟိ-အဗျယီဘောသမာသ်,အမာဒိတပ္ပုရိသ်သမာသ်တို့သည်၊ သကာရကော-ကာရကနှင့် တကွဖြစ်သော သမ္ဗန်အနက်ကို၊ ဥတ္တော-ဟောအပ်၏၊ (ကဿ-အဘယ်ကြောင့်၊ ဝိညာယတိ - သိအပ်သနည်း၊) တဒ္ဒိပက ဝိဘတ္တီနံ-ထိုကာရကအနက်,သမ္ဗန်အနက်ကို ပြတတ်သော ဝိဘတ်တို့၏၊ လောပလေသာနုမာနတော - ကြေခြင်းတည်းဟူသောအမြွက်ကို မှန်းဆခြင်းကြောင့်၊ ဝိညာယတိ–သိအပ်၏။

**သမုစ္စယ၊ပေ၊ကာဒဿနာ** ။ ။ ဒွန်က သမုစ္စည်းအနက် , ဒိဂုကမ္မဓာရည်းတို့က တုလျအနက်ဟောကြောင်းကို အဘယ့်ကြောင့်သိနိုင်သနည်း-ဟု မေးဖွယ်ရှိသောကြောင့် " သမုစ္စယ၊ပေ၊ ကာဒဿနာ " ဟု မိန့်၊ ဒွန်သမာသ်၌ "စက္ခုစ–သောတဉ္စ"ဟူသော ဝါကျတုန်းက သမုစ္စည်းအနက်ကို ဟောသော စသဒ္ဒါကို " စက္ခုသောတံ " ဟု သမာသ်ပြီးသောအခါ မမြင်ရတော့၊ "ဝုတ္တတ္ထာနမပယောဂေါ"ဟူသော ပါဏိနိကျမ်းလာ ပရိဘာသာသုတ်အရ ထို စသဒ္ဒါတို့ကို ချေပစ်ရသည်၊ [ဝုတ္တတ္ထာနံ–ဟောအပ်ပြီးသော အနက်ရှိသောသဒ္ဒါတို့ကို၊ အပ္ပယောဂေါ – မသုံးစွဲရခြင်းသည်၊ ဟောတိ–၏။ ] ထို့ကြောင့် "ထို စသဒ္ဒါတို့၏ သမုစ္စည်းအနက်ကို " စက္ခုသောတံ" ဟူသော ဒွန်သမာသ်က အခမွခံသောအားဖြင့် ဟောရသည်"ဟု သိနိုင်၏။

"တယောလောကာ"၌လည်း "တယောစ+ တေ+လောကာစ"ဟုပင် ဝိဂ္ဂဟပြုနိုင်၏၊ "မဟန္တော စ + သော + ပုရိသော"ဟူသော ဝါကျအခိုက်၌ စ–တသဒ္ဒါတို့သည် " တိနှင့် လောက မဟန္တနှင့် ပုရိသ "တို့၏ တုလျတ္ထကို (တူသောအနက်ရှိကြောင်းကို) ဟောကြ၏၊ ထို စ-တသဒ္ဒါတို့ကို "တိလောကံ, မဟာပုရိသော " ဟု သမာသ်ပြီးသောအခါ မမြင်ရတော့၊ ထို့ကြောင့် " ထို တုလျအနက်ကို တိလောကံဟူသော ဒိဂု , မဟာပုရိသော " ဟူသော ကမ္မဓာရည်းသမာသ်တို့က ဟောကြသည်"ဟု သိနိုင်သည်။

**ဘာဝဝါစ္စ၌သွင်း**။ ။"သမုစ္စည်းအနက်, တုလျအနက်"ဟူသည် သမုစ္စယဘောဂုဏ် တုလျဘောဂုဏ်ပင်တည်း၊ ထို့ကြောင့် ဝါစ္စ၅ပါးတွင် ထို သမုစ္စည်းအနက် တုလျအနက်များကို ဘာဝဝါစ္စ၌ သွင်းယူရသည်။

တုလျစတ္ထသမာသာနံ , ဝါစ္စံ ဝါစ္စဝိဒူနော၊
ဘာဝေ အန္တောဂဓံ ကတွာ, ဒီပေန္တာ-စရိယာသဘာ။

**အဗျယီဘာဝါ မာဒီဟိ၊ပေ၊နုမာနတော**။ ။အဗျယီဘောနှင့် အမာဒိတပ္ပုရိသ်သမာသ်တို့ကား ကာရက ၆ ပါးနှင့်တကွ သမ္ဗန်ကို ဟောကုန်၏၊

www.dhammaransi.com



## ၂၃၉။ သမာသပဒတော အည-သာပေက္ခတ္တာ•သမာသဘာ၊ သဒ္ဒန္တရိကသာပေက္ခ-ဘာဝတောတျ•ပရေဝိဒူ။

၂၃၉။ သမာသပဒတော-သမာသ်စပ်ထိုက်သော ပုဒ်မှ၊ အညသာပေက္ခတ္တာ- တပါးသော ပုဒ်ကို ငဲ့ခြင်းရှိသည်၏ အဖြစ်ကြောင့်၊ အသမာသတာ-သမာသ် မဖြစ်သည်၏ အဖြစ်သည်၊(ဟောတိ-၏၊) အပရေ-အခြားကုန်သော၊ဝိဒူ-ပညာရှိတို့သည်၊သဒ္ဒန္တရိကသာပေက္ခဘာဝတော-သဒ္ဒါတပါး ခြားကွယ်ခြင်းရှိသော ပုဒ်ကို ငဲ့ခြင်းရှိသည်၏ အဖြစ်ကြောင့်၊ ( အသမာသတာ - သည်၊ ဟောတိ-၏၊) ဣတိ- ဤသို့၊(ဝဒန္တိ-ဆိုကြကုန်၏။)

ဘာ့ကြောင့်သိရသနည်းဟူမူ–"ထို ကာရကအနက်, သမ္ဗန်အနက်ကိုပြသော ဝိဘတ်တို့၏ကြေခြင်းကို မှန်းဆသောကြောင့် သိနိုင်သည်"ဟု ဖြေပါ၊ "ဥပနဂရံ"ဟူသော အဗျယီဘောသမာသ်၌ "နဂရဿ+သမီပံ"ဟု ဝိဂ္ဂြိုဟ်ပြုရ၏၊ ထိုဝိဂ္ဂြိုဟ်တွင်း၌ သဝိဘတ်၏သမ္ဗန်အနက်ကို ဥပနဂရံသမာသ်သည် ဟော၏၊ "ဘူမိဂတော" ဟူသောတပ္ပုရိသ်၌လည်း "ဘူမိံ+ဂတော" ဝိဂ္ဂဟာတုန်းက အံဝိဘတ်၏ ကံအနက်ကို ဘူမိဂတောသမာသ်က ဟော၏၊ ဤသို့ စသည်တည်း။ [ လောပလေသံ – ကြေခြင်းဟူသော အမြွက် ( အနည်းငယ်သော အကြောင်း ) ကို + အနုမာနံ – အစဉ်လိုက်၍သိခြင်း၊ ဝါ – မှန်းဆခြင်း၊ လောပလေသာနုမာနံ–ခြင်း။ ]

---

၂၃၉။ **သမာသ ၊ပေ၊ သမာသတော။** ။ဤဂါထာဖြင့် သမာသ်မဖြစ်နိုင်ခြင်း၏ လက္ခဏာကိုပြ၏၊ " နာမာနံ သမာသော ယုတ္တတ္ထော " သုတ်၌ " ယုတ္တတ္ထ – ပေါင်းထိုက်စပ်ထိုက်သော အနက်ရှိမှ သမာသ်စပ်နိုင်၏ " ဟု ဆိုသောကြောင့် သမာသ်စပ်ရမည့်ပုဒ်မှ အခြားပုဒ်ကိုငဲ့နေလျှင် မပေါင်းထိုက် မစပ်ထိုက်ရကား သမာသ်မဖြစ်၊ " အခြားပုဒ်ကို ငဲ့နေခြင်းသည် သမာသ် မဖြစ်နိုင်ခြင်း၏ လက္ခဏာဖြစ်သည်"ဟူလို။ [ ရူပသိဒ္ဓိ"ယုတ္တတ္ထော"အဖွင့်မှာ ကြည့်ပါ။ ]

**သဒ္ဒန္တရိက ၊ပေ၊ ဝိဒူ။** ။အပရေဆရာတို့ကား " သဒ္ဒါတပါး ခြားနေသောပုဒ်ကိုငဲ့ခြင်းသည် သမာသ်မဖြစ်ခြင်း၏လက္ခဏာဖြစ်သည်"ဟု ဆိုကြ၏၊ နောက်ဂါထာ၌ ပုံစံများဖြင့် အမိပ္ပါယ်ထင်ရှားလတ္တံ့။ [ သဒ္ဒန္တရိကနေရာ၌ "သဒ္ဒန္တရိတ" ရှိလျှင် "တဒနန္တရိတွာ" ဟူသော သဂ္ဂြိုဟ်ပါဠိနှင့် လျော်၏၊ "သဒ္ဒါတပါး ခြားကွယ်အပ်သောပုဒ်"ဟု ပေး။ ]

www.dhammaransi.com



၂၄၀။ ဒေဝဒတ္တဿ ကဏှာ ဒ-န္တာ ရညော ပုရိသော ဂဝေါ၊
အဿော-စာတိစ သာပေက္ခ-ဘာဝန္တု အနပေက္ခိယ။

၂၄၁။ တုလျာဓိကရဏတ္တေန, စတ္ထတ္တေန ကတေ န တံ၊
အပေက္ခာယပိ သမ်ါရော, နဿတီတိ အမာဒိစ။

၂၄၀,၁။ ဒေဝဒတ္တဿ- ဒေဝဒတ်၏၊ ကဏှာ-မည်းနက်ကုန်သော၊ ဒန္တာ-သွားတို့၊ရညော-မင်း၏၊ ပုရိသော-အချင်းယောကျ်ားငှင်း၊ ဂဝေါ-နွားတို့ငှင်း၊ အဿော စ-မြင်းငှင်း၊ ဣတိစ - ဤသည်တို့ကား၊(ဥဒါဟရဏာနိ-တို့တည်း၊)တု-ထိုမှတပါး၊သာပေက္ခဘာဝံ-ငဲ့ခြင်းရှိသည်၏ အဖြစ်ကို၊ အနပေက္ခိယ-မငဲ့မူ၍၊ ဝါ- ဂရုမစိုက်မူ၍၊ တုလျာဓိကရဏတ္တေန- တူသော တည်ရာ ရှိသည်၏ အဖြစ်ဟူသော ကမ္မဓာရည်းသမာသ်ကိုငှင်း၊ စတ္ထတ္တေန-စ အနက်ရှိသည်၏ အဖြစ်ဟူသော ဒွန်သမာသ်ကိုငှင်း၊ ကတေ-ပြုအပ်ပြီးသော်၊ တံ-ထို ဒေဝဒတ္တဿပုဒ်,ရညောပုဒ်ကို၊ အပေက္ခာယ-ငဲ့ခြင်းသည်၊( သတိ )ပိ-ရှိသော်လည်း၊ သမ်ါရော-ပြုစီမံပြီးအပ်သော ကမ္မဓာရည်းသမာသ်, ဒွန်သမာသ်သည်၊ န နဿတိ - မပျက်တော့၊ ဣတိ - ထို့ကြောင့်၊ အမာဒိစ-အမာဒိတပ္ပုရိသ်သမာသ်သည်လည်း၊ (ဟောတိ-၏။)

၂၄၀,၁။ **ဒေဝဒတ္တ ၊ပေ၊ ဒန္တာ ။** ။ကဏှာနှင့် ဒန္တာကို "ကဏှဒန္တာ" ဟု သမာသ်စပ်လိုသော်လည်း ဒန္တာသည် ကဏှာမှ တပါးသော ဒေဝဒတ္တသဒ္ဒါကိုလည်း ငဲ့နေသေး၏၊ အပရေဆရာတို့ အလိုအားဖြင့် ဒန္တာသည် ကဏှာသဒ္ဒါခြားနေသော ဒေဝဒတ္တသဒ္ဒါကို ငဲ့နေသေး၏၊ ထို့ကြောင့် "ကဏှဒန္တာ"ဟု သမာသ် မဖြစ်။ ["မြာဟ္မဏဿ သုက္ကာဒန္တာ " ဟူသော မောဂ္ဂလ္လာန် (၃) ကဏ္ဍ (၁၀) သုတ်ကိုမှီ၍ " ကဏှဒန္တာ " ကို အနက်ပေးသည်၊ အနက်အမျိုးမျိုးပေးပုံကို ရူပသိဒ္ဓိဘာသာဋီကာမှာ ရှု။]

**ရညော၊ပေ၊ အဿော စ။** ။ပုရိသော ဂဝေါ အဿောတို့ကို "ပုရိသဂဝဿံ " ဟု သမာဟာရဒွန်သမာသ် ပြုလိုသော်လည်း ထို ပုရိသော ဂဝေါ အဿောတို့က ရညောဟူသော ပုဒ်တပါးကို (အပရေဆရာတို့ အလိုအားဖြင့် ဂဝေါသည် ပုရိသောခြားနေသော ရညောကို,အဿောသည် ဂဝေါပုရိသော ခြားနေသော ရညောကို ငဲ့သောကြောင့် "ပုရိသဂဝဿံ"ဟု သမာသ်မဖြစ်။

**သာပေက္ခ၊ပေ၊ အနပေက္ခိယ ။** ။ဤကား ထိုပုဒ်များ၌ပင် သမာသ်ဖြစ်နိုင်သောနည်းလမ်းကို ညွှန်ပြသော စကားတည်း၊ ထို ဆိုခဲ့သောနည်းဖြင့်

၂၄၂။ ရာဇဿော ရူပဝါ သလ္လ-ဝိဒ္ဓေါ ဂေါတိ သမာသတာ၊
သာပေက္ခေပိ ပဓာနတ္တာ, အပ္ပဓာနပဒဿ တု။

၂၄၃။ သာပေက္ခတ္တာ သမာသဿာ-ဘာဝေပိ ဂမကေ သတိ၊
ဝါကျေပိယ သမာသေပိ, ဘ်ဝတ္ထျေဝ သမာသတာ။

၂၄၂,၃။ ရာဇဿော - မင်း၏ မြင်းသည်၊ ရူပဝါ - လှပသော အဆင်း ရှိ၏၊ သလ္လဝိဒ္ဓေါ- မြားဖြင့် ပစ်ခွင်းအပ်သော၊ ဂေါ - နွား၊ ဣတိ-ဤ ပြယုဂ်တို့၌၊ သာပေက္ခေ-ရူပဝါ ဂေါဟူသော ပုဒ်တပါးကို ငဲ့ခြင်းရှိသည်၊(သတိ)ပိ-ဖြစ်ပါသော်လည်း၊ ပဓာနတ္တာ-အဿော ဝိဒ္ဓေါတို့က ပဓာန၏ အဖြစ်ကြောင့်၊ သမာသတာ - သမာသ်သည်၊ ဟောတိ- ၏၊ ( တာပစ္စည်း အနက် မရှိ, သွတ္ထ၊) တု – ထိုမှ တပါး၊ (ဒေဝဒတ္တဿဂုရုကုလန္တိအာဒိသု-ဒေဝဒတ္တဿဂုရုကုလံအစရှိသော ပြယုဂ်တို့၌၊) အပ္ပဓာနပဒဿ–မပြဓာန်းသော ဂုရုပုဒ်၏၊ သာပေက္ခ

ငဲ့သော်လည်း မငဲ့သလိုလုပ်၍ ( ငဲ့မှန်းကို မသိဟန်ဆောင်၍) “ ကဏှာစ+ တေ+ဒန္တာစာတိ ကဏှာဒန္တာ ”ဟု တုလျာဓိကရဏ ကမ္မဓာရည်းသမာသ် ကိုရင်း, “ပုရိသောစ+ဂဝေါစ+အဿောစ ပုရိသဂဝဿံ”ဟု စတ္ထ (ဒွန်) သမာသ်ကိုရင်း, ပြုပြီးမှ ဒန္တာသဒ္ဒါက ဒေဝဒတ္တကို ငဲ့ပြန်သော်ရင်း, ပုရိသ စသည်တို့က ရညောကိုငဲ့ပြန်သော်ရင်း,စပ်အပ်ပြီးသော ကဏှာဒန္တာသမာသ်, ပုရိသဂဝဿံ သမာသ်သည် မပျက်တော့ပါ၊ ထို့ကြောင့် “ ဒေဝဒတ္တဿ+ ကဏှာဒန္တာ ဒေဝဒတ္တကဏှာဒန္တာ”ဟုရင်း, ရညော+ပုရိသဂဝဿံ ရာဇပုရိသ ဂဝဿံ''ဟုရင်း, အမာဒိတပ္ပုရိသ်သမာသ်လည်း စပ်နိုင်ပြန်သည်။

**မှတ်ချက်**။ ။ဤစကားရပ်၌ နဂိုရ်ကငဲ့နေသည်ကို ဂရုမစိုက်လျှင် ကဏှာနှင့် ဒန္တာတို့သည်ရင်း “ ပုရိသ+ ဂေါ+ အဿတို့သည်ရင်း သမာသ်ဖြစ်နိုင်သေး ၏”ဟု ပြခြင်းသာ လိုရင်းတည်း၊ ထိုသို့ ပဌမသမာသ်ဖြစ်ပြီးနောက်မှ ဒုတိယ အမာဒိသမာသ် ဖြစ်နိုင်ခြင်းမှာ ( နဂိုရ်ကပင် မဖြစ်နိုင်သော အတားအဆီး မရှိသောကြောင့်) အထူးအဆန်း မဟုတ်ဟု မှတ်ပါ။

---

၂၄၂,၃။ **ရာဇ၊ ပေ၊ ပဓာနတ္တာ**။ ။ဤ ၃ ပါဒကား ပုဒ်တပါးကို ငဲ့သော်လည်း သမာသ်ဖြစ်နိုင်ပုံကို ပြသောစကားတည်း၊ “ ရာဇဿော ရူပဝါ – မင်း၏ မြင်းတော်သည် လှ၏ ” ဟူရာ၌ အဿောသည် မိမိနှင့် သမာသ်စပ်သော ရာဇပုဒ်မှတပါး ရူပဝါပုဒ်ကို ငဲ့နေ၏၊“သလ္လဝိဒ္ဓေါ ဂေါ– မြားဖြင့် ပစ်ခွင်းအပ်သောနွား ” ဟူရာ၌လည်း ဝိဒ္ဓေါသည် မိမိနှင့် သမာသ်

www.dhammaransi.com



တ္တာ - ဒေဝဒတ္တသဿဟူသော ပုဒ်တပါးကို ငဲ့ခြင်းရှိသည်၏ အဖြစ်ကြောင့်၊ သမာသဿ – သမာသ်၏၊ အဘာဝေ - မဖြစ်ခြင်းသည်၊ (သတိပိ-ဖြစ်ပါသော်လည်း၊ ) ဝါကျေဝိယ- ဂုရုနော ကုလံဟူသော ဝိဂ္ဂဟ်ဝါကျ၌ကဲ့သို့၊ သမာသေပိ-ဂုရုကုလံဟူသော သမာသ်၌လည်း၊ ဂမကေ-အနက်မှန်ကို သိစေတတ်သော သတ္တိသည်၊သတိ-ရှိလသော်၊ သမာသတာ–သမာသ်သည်၊ ဘဝေတဗ္ဗ-ဖြစ်နိုင်သည်သာ။

စပ်နေသော သလ္လပုဒ်မှတပါးသော “ ဝေါ ” ပုဒ်ကို ငဲ့နေ၏၊ [ အဓိပ္ပါယ်ဆက်စပ်နေသည်ကို “ ငဲ့ ”ဟု ဆိုသည်၊ ] ထိုသို့ သမာသ်ပုဒ်မှ တပါးသော ပုဒ်ကို ငဲ့သော်လည်း အသော – ဝိဒ္ဓေါဟူသော မိမိတို့က ပဓာနဖြစ်သောကြောင့်“ရာဇသော, သလ္လဝိဒ္ဓေါ”ဟု ရှေ့ပုဒ်နှင့် သမာသ်ဖြစ်နိုင်သည်။

**မှတ်ချက်** ။ ။ ရာဇသောကို အရကောက်သောအခါ မင်း ဟူသော အနက် မရ, မြင်းဟူသော အနက်သာ ရသည်ကို “ ပဓာန ” ဟု ဆိုသည်၊ “သလ္လဝိဒ္ဓေါ”ကို အရကောက်ရာ၌လည်း မြှားကို မရ, “ပစ်အပ်”ဟူသော အနက်သာ ရသည်ကို ပဓာန ဟု ဆိုသည်၊ ဤသို့ နောက်ပုဒ်အနက် ပဓာနဖြစ်ခြင်းမှာလည်း ရာဇသော – သလ္လဝိဒ္ဓေါတို့က တပ္ပုရိသ်သမာသ်ဖြစ်၍, တပ္ပုရိသ်မှန်လျှင် ဥတ္တရပဒတ္ထပဓာနအဖြစ်က များသောကြောင့်တည်း။

**အပဓာန ၊ ပေ ၊ သမာသဿာဘာဝေပိ** ။ ။ ဤ ၂ ပါဒဖြင့် ဂမက သမာသ်ကို ပြသည်၊ “ ဒေဝဒတ္တဿ ဂုရုကုလံ ”ဝါကျ၌ ဂုရုသည် ကုလံပုဒ်မှ တပါးသောဒေဝဒတ္တပုဒ်ကိုငဲ့၏၊ [“ဒေဝဒတ်၏+ဆရာ”ဟု အနက်အဓိပ္ပါယ်ဆက်သွယ်နေ၏။ ] ထိုဂုရုသည် ပဓာနလည်းမဟုတ်,အပဓာနပုဒ်သာတည်း၊ [ကုလံပုဒ်ကသာ ပဓာနဖြစ်သည်၊ ] ထိုသို့ အပဓာနပုဒ်က ပုဒ်တပါးကို ငဲ့ရာ၌ကား များသောအားဖြင့် နောံပုဒ်နှင့် သမာသ်မဖြစ်နိုင်၊ သို့သော်လည်း၊....

**ဂမကေ၊ပေ၊သမာသတာ**။ ။“ ဂုရုနော + ကုလံ ” ဟူသော ဝိဂ္ဂဟ်ဝါကျအခိုက်၌ ဒေဝဒတ္တဿကို ဂုရုနော၌စပ်၍ “ဒေဝဒတ်၏ဆရာ”ဟူသော အနက်ကို သိရသကဲ့သို့ “ဂုရုကုလံ”ဟု သမာသ်ဖြစ်သောအခါလည်း ဒေဝဒတ္တဿကို ဂုရု၌စပ်၍ “ဒေဝဒတ်၏ဆရာ”ဟူသော အနက်မှန်ကိုပင် သိစေနိုင်သော ဂမကသတ္တိ ရှိရကား “ဂုရုကုလံ”ဟု သမာသ်ဖြစ်နိုင်သည်။

**ဆိုလိုရင်းကား**—တပ္ပုရိသ်သမာသ်က နောံပုဒ်ပဓာနဖြစ်သောကြောင့် သမာသ်ရှေ့က “ ဒေဝဒတ္တဿ ” ပုဒ်သည် သမာသ်၏ နောက်ပုဒ်ဖြစ်သော ကုလ၌သာစပ်၍ အဓိပ္ပါယ်ယူရရိုး ဖြစ်၏၊ ဥပမာ– “ယောဂိနော အနိစ္စာနုပဿနာ-ယောဂီပုဂ္ဂိုလ်၏ အနိစ္စဟု ရှုသောဉာဏ်”ဟူရာ၌ ယောဂိနောသည်

www.dhammaransi.com



**၂၄၄။ ဖုသိတွာ နာဂိနာဂ်ဥ, တာဝ ပစ္ဆာဂိနာ သဟ၊**
**သမ္ဗန္ဓော ဒေဝဒတ္တဿ, ဂုရုကုလန္တိ အာဒိသု။**

၂၄၄။ ဒေဝဒတ္တဿ ဂုရုကုလန္တိအာဒိသု - ဒေဝဒတ္တဿ ဂုရုကုလံအစရှိသော ပြယုဂ်တို့၌၊ အင်္ဂိနော — အပေါင်းဖြစ်သော ဂုရုကုလံဟူသော သမာသ်ပုဒ်၏၊ အင်္ဂံ - အစိတ်ဖြစ်သော ဂုရုဟူသော ပုဒ်ကို၊ တာဝ-ရှေးဦးစွာ၊ ဖုသိတွာ—ထိရောက်၍၊(အနက် အဓိပ္ပါယ်သဘောအားဖြင့် ဆက်သွယ်ပြီး၍၊ ) ပစ္ဆာ – နောက်မှ၊ အင်္ဂိနာ - အပေါင်းဖြစ်သော ဂုရုကုလံဟူသော သမာသ်ပုဒ်နှင့်၊ သဟ–တကွ၊ သမ္ဗန္ဓော-စပ်ခြင်းသည်၊ ဟောတိ-ဖြစ်၏။

"အနုဪဿနာ"ဟူသော နောက်ပုဒ်၌စပ်၍"ယောဂီ၏ဉာဏ်"ဟု အဓိပ္ပါယ်ယူရသကဲ့သို့တည်း၊ "ဒေဝဒတ္တဿ ဂုရုကုလံ"၌ကား ဒေဝဒတ္တဿကို ကုလံဟူသော နောက်ပုဒ်၌မစပ်ရ၊ ဂုရုဟူသောရှေ့ပုဒ်၌သာစပ်၍"ဒေဝဒတ်၏ဆရာ" ဟူသောအနက်ကို ယူရသည်၊ ထိုအနက်မှန်ကို သိစေနိုင်လောက်အောင်လည်း "ဂုရုကုလံ၌ ဂမကသတ္တိရှိ၏"ဟု ဆိုလိုသည်၊ [ဂမယတိ–(ဝါကျတုန်းကကဲ့သို့)ဆိုလိုရင်းအနက်ကိုသိစေတတ်၏၊ ဣတိ ဂမကော၊ ဂမကောစ+သော+သမာသောစာတိ ဂမကသမာသော၊]အကျယ်ကို ရူပသိဒ္ဓိဘာသာဋီကာ ဆဋ္ဌတဒ္ဓိတ်ခဏ်းမှာ ရှု။

၂၄၄။ **ဖုသိတွာ၊ပေ၊သမ္ဗန္ဓော။** ။[အစိတ်ကို အင်္ဂ, အစိတ်ရှိသော အပေါင်းကို အင်္ဂီဟု ခေါ်၏။] တပ္ပုရိသ်သမာသ်ထုံးစံမှာ နောက်ပုဒ်အနက်သာ ပဓာနဖြစ်၏၊ ထို့ကြောင့် ဒေဝဒတ္တဿပုဒ်လည်း"ဂုရုကုလံ"ဝယ် ကုလံတိုင်အောင် စပ်မှ ထုံးစံကျ၏၊ ဒေဝဒတ္တဿကို ဂုရု၌စပ်လျှင် အဘယ်နည်းဖြင့် ထုံးစံကျနိုင်မည်နည်း—ဟု မေးဖွယ်ရှိသောကြောင့် "ဖုသိတွာ"စသည်ဖွဲ့၏။

**ဆိုလိုရင်းကား**— ဒေဝဒတ္တဿပုဒ်သည် ရှေးဦးစွာ ဂုရုဟူသော အင်္ဂ (အစိတ်)၌စပ်၍"ဒေဝဒတ်၏+ဆရာ"ဟု သိရ၏၊ ထို့နောက်"ဂုရုကုလံ" ဟု အပေါင်း၌စပ်၍ " ဒေဝဒတ်၏ + ဆရာ့အမျိုး " ဟု ( တပ္ပုရိသ်ထုံးစံအတိုင်း) အနက်အဓိပ္ပါယ်မှန်ကို သိနိုင်သည် – ဟူလို၊ အာဒိသု၌ အာဒိဖြင့် "ဘဂဝတော သာဝကသံဃော"စသည်ကို ယူ၊ ထို၌လည်း ဘဂဝတောကို သာဝကော၌ ရှေးဦးစွာစပ်၍ " ဘုရား၏သာဝက " ဟု သိပြီးမှ သာဝကသံဃောနှင့်စပ်၍ "ဘုရား၏ သာဝကဖြစ်သော သံဃာ"ဟု သိရသည်။

www.dhammaransi.com



၂၄၅။ ဂေယျာဒိနေဝ သမ္ဗန္ဓိ, နာဒိသဒ္ဒေါ ပုနာဒိနာ၊
သမာသတော အယုတ္တတ္ထ-သမာသော ပတိပဇ္ဇတေ။

၂၄၆။ ပါယေန ဝုတ္တသုတ္တတ္ထာ, အထဝါ·ဒေါ ပုနာဒိကော၊
ပဉ္စာ နာဒိ သ ယုတ္တတ္ထော, ပုနဂေယျာတိ အာဒိသု။

၂၄၅, ၆။ အပုနဂေယျာ - တဖန် မသီဆိုထိုက်သော ဂါထာ၊ ဣတိ အာဒိသု – ဤသို့ အစရှိသော ပြယုဂ်တို့၌၊ ဂေယျာဒိနေဝ– ဂေယျအစရှိသောသဒ္ဒါနှင့်သာလျှင်၊ သမ္ဗန္ဓိ-အနက်အားဖြင့် စပ်ခြင်းရှိသော၊ နာဒိသဒ္ဒေါ-န အစရှိသော သဒ္ဒါကို၊ ဝါ – အစဖြစ်သော န သဒ္ဒါကို၊ ပုနာဒိနာ-ပုနအစရှိသော သဒ္ဒါနှင့်၊ သမာသတော- ချဉ်းစပ်အပ်၏၊ သော (သမာသော) - ထိုသမာသ်ကို၊ အယုတ္တတ္ထသမာသော-အယုတ္တတ္ထသမာသ်ဟူ၍၊ ဝါ-ပေါင်းအပ် စပ်အပ်သောအနက်မရှိသော သမာသ်ဟူ၍၊ ပတိပဇ္ဇတေ-သိအပ်၏၊ (ကသ္မာ-အဘယ့်ကြောင့်နည်း၊ နာမာနံ သမာသော ယုတ္တတ္ထောတိ သုတ္တသ-နာမာနံ သမာသော ယုတ္တတ္ထော ဟူသော သုတ်၏၊ ) ပါယေန - များသောအားဖြင့်၊ ဝုတ္တသုတ္တတ္ထာ–ဆိုအပ်သောသုတ်၏ အဖြစ်ကြောင့်တည်း။

၂၄၅, ၆။ **ဂေယျာ၊ပေ၊ သုတ္တတ္ထာ ။** ။ဤစကားဖြင့် အယုတ္တတ္ထသမာသ်ကိုပြ၏၊ အယုတ္တတ္ထ-စပ်သင့်စပ်ထိုက်သောအနက်မရှိသောသမာသ်၊ ဤသမာသ်ကို မောဂ္ဂလ္လာန်၌ "အသမ္ဗန္ဓသမာသ် – အနက်အားဖြင့် စပ်ခြင်းမရှိသောသမာသ်"ဟု နာမည်မှည့်၏၊ အပုနဂေယျာပုံစံကိုမူထား၍ ဂါထာ၌ "နာဒိ" ဟုငင်း "ပုနာဒိ " ဟုငင်း ဆိုသည်၊ ဂေယျာတိအာဒီသု၌ အာဒိဖြင့် "အစန္ဒမုလ္လောကိကာနိ-လကို မေါ်၍မကြည့်ကုန်သော မျက်နှာတို့၊ အသူရိယပဿာ–နေကို မကြည့်ကုန်သော မိဖုရားတို့၊ အနာရမ္ဘံ ကတွာ– အာရုံမပြုမူ၍၊ အနောကာသံ ကတွာ–အခွင့်မပြုမူ၍၊ အဂ္ဂဟိတဂ္ဂဟဏံ-ယူအပ်သည်ကို မယူခြင်း" ဤသို့ စသည်တို့ကို ယူပါ။

**ဂေယျာဒိ၊ပေ၊သမာသတော။** ။အပုနဂေယျာ – တဖန် မသီဆိုအပ်သောဂါထာ၊ ဤပုံစံ၌ အနက်အားဖြင့် န ( အ )နှင့် ဂေယျသည် စပ်၏၊ သို့သော် သဒ္ဒါအားဖြင့် နကို ပုနနှင့်စပ်ပြီးမှ နပုနကို ဂေယျနှင့်စပ်ရသည်။ [န+ပုန အပုန၊ ( ဤအခိုက်၌ အနက်မပေးရ၊ ပေးလို့လည်းမဖြစ်၊ ) အပုန+ဂေယျာ အပုနဂေယျာ၊ ဤအခိုက်ကျမှ "တဖန် မသီဆိုအပ်သောဂါထာ"ဟု ပေးရသည်။ ]ဤသို့ နကို အနက်သဘောအားဖြင့် စပ်သင့်သောဂေယျာပုဒ်နှင့် မစပ်ဘဲ ပုနပုဒ်နှင့်စပ်သောကြောင့် "အယုတ္တတ္ထသမာသ်"ဟု ခေါ်သည်။

www.dhammaransi.com



အထဝါ-ထို့ပြင် တနည်းကား၊ အာဒေါ- အစ၌၊ ဝါ-ရှေးဦးစွာ၊ ပုနာဒိကော- ပုနအစရှိသော သဒ္ဒါကို၊ (ဝေယျာဒိနာ- ဝေယျအစရှိသောသဒ္ဒါနှင့်၊ သမဿတော - ၏၊) ပစ္ဆာ-နောက်မှ၊ နာဒိ-န အစရှိသော သဒ္ဒါကို၊ ( ပုနဝေယျာဒိနာ - ပုနဝေယျ အစရှိသော သဒ္ဒါနှင့်၊ သမဿတော-၏၊) သ( သော )-ထို သမာသ်သည်၊ ယုတ္တတ္ထော-ယုတ္တတ္ထသမာသ်မည်၏၊ ဝါ-ပေါင်းအပ်စပ်အပ်သော အနက်ရှိသောသမာသ် မည်၏။

၂၄၇။ တဒဘာဝါဒိနာ လက္ခော,ပသဇ္ဇပဋိသေဓနော၊
တဿဒိသေန လက္ခော ပ-ရိယုဒါသောတိ ဒုဗ္ဗိဓော။

၂၄၇။ တဒဘာဝါဒိနာ-ထိုတားမြစ်အပ်သော ဝတ္ထု၏ မရှိခြင်း အစရှိသည်ဖြင့်၊လက္ခော-မှတ်သားအပ်သော ပဋိသေဓသည်၊ပသဇ္ဇပဋိသေဓနော- ပသဇ္ဇပဋိသေဓ မည်၏၊ တဿဒိသေန-ထို တားမြစ်အပ်သောဝတ္ထုနှင့် တူသောဝတ္ထုဖြင့်၊ လက္ခော-မှတ်သားအပ်သော ပဋိသေဓသည်၊ ပရိယုဒါသော- ပရိယုဒါသ ပဋိသေဓမည်၏၊ ဣတိ-သို့၊ ပဋိသေဓော-သည်၊ ဒုဗ္ဗိဓော- ၂ပါး အပြားရှိ၏။

**ပါယေန၊ပေ၊ယုတ္တတ္ထော။** ။ " နာမာနံ သမာသော ယုတ္တတ္ထော " ဟု ဆိုသောကြောင့် ယုတ္တတ္ထ—စပ်သင့်သောအနက်ရှိမှ သမာသ်ဖြစ်နိုင်သည် မဟုတ်လော၊ အဘယ့်ကြောင့် ယုတ္တတ္ထမဟုတ်ဘဲ အယုတ္တတ္ထပုဒ်တို့ သမာသ် ဖြစ်ကြသနည်း—ဟု မေးဘွယ်ရှိသောကြောင့် "ပါယေန ဝုတ္တသုတ္တတ္ထာ" ဟု မိန့်သည်၊ သမာသ်ဖြစ်သမျှ ယုတ္တတ္ထပုဒ်သာ များသောကြောင့် တဗ္ဗာဟုလ္လ နည်းအားဖြင့်"သမာသော ယုတ္တတ္ထော"ဟု ဆိုပါသည်၊ယုတ္တတ္ထမဟုတ်သော ပုဒ်အနည်းငယ်လည်း သမာသ်ဖြစ်နိုင်ပါ၏—ဟူလို။

**အထဝါ ။** ။ ဤအထဝါတက်သော နည်း၌ကား ပုနကို ဝေယျနှင့် ရှေးဦးစွာ သမာသ်တွဲ၊ "ပုန+ဝေယျာ ပုနဝေယျာ"ဟု ဖြစ်၏၊ ထိုနောက်မှ "န + ပုနဝေယျာ အပုနဝေယျော" ဟု န သဒ္ဒါနှင့်တွဲရသည်၊ ဤသို့တွဲလျှင် ယုတ္တတ္ထသမာသ်ဖြစ်၏၊"တဖန်သီဆိုအပ်သောဂါထာမဟုတ်"ဟုအနက်ပေး။

၂၄၇။ ။အပုနဝေယျာနှင့်စပ်၍ န သဒ္ဒါ၏ ပဋိသေဓအနက် ၂ ရပ်ကို ပြလိုသောကြောင့် " တဒဘာဝါ "စသည်မိန့်၊ တားမြစ်ထိုက်သော ဝတ္ထု၏ မရှိခြင်းစသော အမှတ်အသားဖြင့် မှတ်သားအပ်သော ပဋိသေဓသည် ပသဇ္ဇ ပဋိသေဓမည်၏၊ ပုံစံကား— အကတ္တာနတည်း၊ ဤပုံစံ၌ ပြုခြင်းကြံယာသည်

www.dhammaransi.com



၂၄၀။ မိစ္ဆာဉာဏေ နယုတ္တော ဟိ, သဒ္ဒေါ·ဘာဝ ါဒိတုလျတာ၊
ဝါစီ တေနေသ ယုတ္တတ္တော,ကတ္ထာနာပြာဟ္မဏောတိစ။

၂၄၀။ ဟိ– ရှေ့စကားသည် မှန်၏၊ မိစ္ဆာဉာဏေ – မှားယွင်းသော အသိဉာဏ်သည်၊ ဝါ-အထင်လွဲ အမြင်လွဲခြင်းသည်၊(ဇာတေ-ဖြစ်လသော်၊) နယုတ္တော–န သဒ္ဒါနှင့် ယှဉ်သော၊ သဒ္ဒေါ–ကတ္တာန သဒ္ဒါ, ပြာဟ္မဏော အစရှိသော သဒ္ဒါသည်၊ အဘာဝ ါဒိတုလျတာ ဝါစီ – မရှိခြင်း အစရှိသော အနက် , တူသည်၏ အဖြစ်ဟူသော အနက်ကို ဟောလေ့ရှိ၏၊ တေန - ထို့ကြောင့်၊ အကတ္တာနာတိစ– အကတ္တာနဟူသည်လည်း ဖြစ်သော၊ အပြာဟ္မဏောတိစ-အပြာဟ္မဏောဟူသည်လည်းဖြစ်သော၊ ဧသ- ဤသမာသ်သည်၊ ယုတ္တတ္တော-ပေါင်းအပ်စပ်အပ်သောအနက်ရှိသောသမာသ်သည်၊ ဟောတိ-၏။

တားမြစ်ထိုက်သော ဝတ္ထု (အနက်) တည်း၊ " ထို ပြုခြင်းကြိယာ မရှိ "ဟု တားမြစ်ခြင်းသည် ပသဇ္ဇပဋိသေဓမည်၏။ [ပသဇ္ဇ – တားမြစ်ထိုက်သော အနက်သို့ ထိရောက်၍+ပဋိသေဓော–တားမြစ်ခြင်း။] တားမြစ်ထိုက်သော အနက်ကို တားမြစ်ပြီးလျှင် ထိုအနက်နှင့် အလားတူ အနက်တခုခုကို အရကောက်ရသော ပဋိသေဓသည် ပရိယုဒါသမည်၏၊ ပုံစံကား–အပြာဟ္မဏော တည်း၊ ဤပုံစံ၌ ပုဏ္ဏားအစစ်ကို တားမြစ်၍ ပုဏ္ဏားအတုကို အရကောက်ရသည်၊ အကျယ်ကို ရူပသိဒ္ဓိ အပြာဟ္မဏောအဖွင့်မှာ ရှု။

---

၂၄၀။ ။"န"နိပါတ်သည် တဒဘာဝ (အကတ္တာ၌) ထိုပြုမှု၏ မရှိခြင်း အနက်, တံသဒိသ – ထို ပုဏ္ဏားစစ်နှင့်တူသော ပုဏ္ဏားတုသော အနက်ကို ဟော၏၊ ကတ္တာသည် ပြုခြင်းကြိယာကိုဟော၏၊ ပြာဟ္မဏသဒ္ဒါကား ပုဏ္ဏား အစစ်ကို ဟော၏၊ သို့ဖြစ်လျှင် န နှင့် ကတ္တာ, နနှင့် ပြာဟ္မဏောပုဒ်တို့သည် အဘယ်မှာ အရတူကမ္မဓာရည်းသမာသ်ဖြစ်နိုင်ပါအံ့နည်း-ဟု စောဒနာဘွယ် ရှိသောကြောင့် " မိစ္ဆာဉာဏေ "စသည် မိန့်၊ ဆိုလိုရင်းကား– သူတပါး၏ အသိမှားနေ (အထင်လွဲနေ) ရာ၌ အသုံးပြုအပ်သော န သဒ္ဒါနှင့် ယှဉ်သော ကတ္တာနသဒ္ဒါ ပြာဟ္မဏောသဒ္ဒါသည် အဘာဝ (မရှိခြင်း) စသော အနက်ကို၎င်း, တုလျတာ (ပုဏ္ဏားတု) ဟူသောအနက်ကို၎င်း ဟော၏၊ ထို့ကြောင့် နနှင့် ကတ္တာသည်၎င်း , နနှင့် ပြာဟ္မဏောသည်၎င်း အရတူ ကမ္မဓာရည်း သမာသ် ဖြစ်နိုင်သည်–ဟူလို။ [အကျယ်ကို ရူပသိဒ္ဓိဘာသာဋီကာမှာ ရှု။]

၂၄၉။ သမာသော ပဒသင်္ခေပ-ဝသေနေကပဒိဓော ထဝါ။
သဒ္ဒအတ္ထသမာသေန, လုတ္တာလုတ္တဝသေနဝါ၊

၂၅၀။ နိစ္စာနိစ္စဝသေနာပိ, သမာသော ဒုဗ္ဗိဓော ထဝါ၊
အာဒိမဇ္ဈုတ္တရာနမ္ပိ, ပဒါနံ လောပတော တိဓာ။

၂၅၁။ ဂေါခနော ဥရသိလောမော,ကုမ္ဘကာရော ယထာရဟံ၊
ဒတ္တော အဃရထော ရူပ-မိစ္စာဒိစ ယထာက္ကမံ။

၂၄၉, ၂၅၀, ၁။ သမာသော-သမာသ်သည်၊ပဒသင်္ခေပဝသေန-ပုဒ် ၂ ပါးကိုဖြစ်စေ ပုဒ်အများကိုဖြစ်စေ ချုံးချဉ်းခြင်း၏ အစွမ်းဖြင့်၊ ဧကပဒိဓော-တပါးသာ အဘို့ရှိ၏၊ အထဝါ - ထို့ပြင်တနည်းကား၊ သဒ္ဒအတ္ထသမာသေန – သဒ္ဒသမာသ် , အတ္ထသမာသ်အားဖြင့်ငှင်း၊ ဝါ-တနည်း၊ လုတ္တာလုတ္တဝသေန-လုတ္တသမာသ်,အလုတ္တသမာသ် တို့၏ အပြားအားဖြင့်ငှင်း၊ နိစ္စာနိစ္စဝသေနာပိ-နိစ္စသမာသ်,အနိစ္စ သမာသ်တို့၏ အပြားအားဖြင့်ငှင်း၊ သမာသော – သည်၊ ဒုဗ္ဗိဓော– ၂ ပါးစီ အပြားရှိ၏၊ အထဝါ – ကား၊ အာဒိမဇ္ဈုတ္တရာနံ - အစ အလယ် အဆုံးဖြစ်ကုန်သော၊ ပဒါနံ – ပုဒ်တို့၏၊ လောပတောပိ- ကြေခြင်းအားဖြင့်လည်း၊ တိဓာ - ၃ ပါး ပြား၏၊ ဂေါခနော - နွား ဟူသောဥစ္စာရှိသူ၊ဥရသိလောမော-ရင်၌အမွေးရှိသူ၊ကုမ္ဘကာရော-

၂၄၉, ၂၅၀, ၁။ **သမာသော၊ပေ၊ယထာက္ကမံ။** ။ဤ ၃ ဂါထာ ကား သမာသ်၏အပြားနှင့်ပုံစံကို ပြသောဂါထာတို့တည်း၊ "ရညော တပုဒ် ပုရိသောတပုဒ်"ဟု ၂ ပုဒ်ရှိရာမှ "ရာဇပုရိသော"ဟု တပုဒ်ထည်းဖြစ်အောင် ချုံးခြင်းသည် သမာသ်၏သဘောတည်း၊ သမသနံ–ချုံးခြင်း၊ သမာသော– ခြင်း၊ ဤသို့ ပုဒ် ၂ ပါး ၃ ပါး စသည်ကို တပုဒ်တည်းဖြစ်အောင် ချုံးခြင်း အားဖြင့် သမာသ်သည် တမျိုးထည်းသာ ရှိ၏၊ ထိုသမာသ်သည်ပင် သဒ္ဒ သမာသ်–စသောအားဖြင့် ၂ ပါးစီငှင်း, အာဒိပဒလောပ–စသောအားဖြင့် ၃ ပါးငှင်း, ပြား၏။

**ဂေါခနော၊ပေ၊ယထာရဟံ။** ။"ယထာရဟံ"ဟု ဆိုသောကြောင့် ဤပုံစံများကို ထိုက်သလို ယှဉ်စပ်ရသည်၊ "ဂါဝေါ + ခနံ ယဿာတိ ဂေါ ခနော"ဤပုံစံသည် ဂါဝေါနှင့် ခနံ ၂ ပုဒ်ကို တပုဒ်တည်းဖြစ်အောင် သဒ္ဒါကို ချုံးသောကြောင့် သဒ္ဒသမာသ်တည်း၊ ဂေါ၌ ယောဝိဘတ်ကြေသောကြောင့်

www.dhammaransi.com



အိုးကို ပြုလုပ်တတ်သူ၊ ( ဣတိ – ဤသည်တို့ကား၊ ) ယထာရဟံ– ထိုက်သည်အားလျော်စွာ၊(ဥဒါဟရဏာနိ–ဥဒါဟရဏ်တို့တည်း၊) ဒတ္တော – ဒေဝဒတ်၊ အသာရထော – မြင်းဖြင့် ကပ်ယှဉ်အပ်သော ရထား၊ ဝါ–မြင်းရထား၊ ရူပံ–ရူပဘာဝ၊ ဣစ္စာဒိစ–ဤသို့ အစရှိသော ပြယုဂ်သည်ကား၊ ယထာက္ကမံ–အာဒိပဒလောပစသော အစဉ်အား လျော်စွာ၊ (ဥဒါဟရဏံ–တည်း။)

လုတ္တသမာသ်လည်းဖြစ်၏၊ ဥရသိ+လောမာနိ ယဿာတိ ဥရသိလောမော၊ ဤပုံစံသည် (ဥရသိ၌ သတ္တမီဝိဘတ်မကြေဘဲ, အနက်သာ " ရင်၌ အမွေးရှိသူ" ဟု တနက်ထည်းရသဖြင့် အနက်ကို ချုံးသောကြောင့် ) အလုတ္တသမာသ်တည်း၊ ဝိဘတ်မကြေသောကြောင့် အလုတ္တသမာသ်၏ပုံစံလည်း ဖြစ်၏။

**ကုမ္ဘကာရော။** ။ကုမ္ဘံကရောတီတိ ကုမ္ဘကာရော၊ ဤပုံစံ၌ ကာရသဒ္ဒါ သည် "ပြုတတ်သူ"ဟု ကတ္တားအနက်ကိုဟောလျှင် ( ဘာကိုပြုတတ်သနည်း ဟု မေးဘွယ်ရှိသောကြောင့်) ရှေ့ပုဒ်နှင့်မတွဲဘဲ သူချည်းသက်သက်မနေနိုင်၊ ရှေ့ပုဒ်တခုနှင့် အမြဲတွဲနေရ–စပ်နေရ၏၊ ထို့ကြောင့် ကုမ္ဘကာရောသည် နိစ္စ သမာသ်တည်း၊ ဂေါဓနော ဥရသိလောမောတို့ကား သမာသ်စပ်၍လည်း နေနိုင်,မစပ်ဘဲလည်းနေနိုင်သောကြောင့် အနိစ္စသမာသ်တည်း။ [အခြားမှတ် ဘွယ်ကို ရူပသိဒ္ဓိဘာသာဋီကာ နိစ္စသမာသ်ခဏ်းမှာ ရှုပါ။]

**မှတ်ချက်။** ။"ကုမ္ဘကာရော"၌ ကတ္တားဟော ကာရသဒ္ဒါသာ ရှေ့ပုဒ် နှင့် မတွဲဘဲ သူ့ချည်း မနေနိုင်၊ ကံအနက်စသည်ကို ဟောသော ကာရသဒ္ဒါ ကား သူ့ချည်း နေနိုင်ပါ၏၊ ထို့ကြောင့် " ကရဏံ ကာရော "ဟု ဘောကို ဟောသောကာရသဒ္ဒါကို အခြားပုဒ်နှင့်မတွဲဘဲတွေ့နိုင်သည်၊ ဤနိစ္စသမာသ်၌ သမာသ်ပုဒ်အတိုင်း ဝိဂ္ဂြိုဟ် မလုပ်နိုင်, ထိုအနက်ကိုဟောသော (ကရောတိ– စသော) ပရိယာယ်ပုဒ်ဖြင့်သာ ဝိဂ္ဂြိုဟ်လုပ်ရသည်။

**ဒတ္တော၊ပေ၊ရူပံ။** ။"ဒေဝေန+ဒတ္တော ဒေဝဒတ္တော"ဟု ဆိုလိုလျက် ဒေဝဟူသော ရှေ့ပုဒ်ကို သုတ်ကြီးဖြင့် ချေထားသောကြောင့် ဒတ္တောသည် အာဒိပဒလောပသမာသ်၊ " အဿေန + ယုတ္တော + ရထော အဿယုတ္တ ရထော "ဟု ဆိုလိုလျက် ယုတ္တဟူသောအလယ်ပုဒ်ကို ချေထားသောကြောင့် အဿရထောသည် မဇ္ဈေပဒလောပ၊ " ရူပဿ + ဘာဝေါ ရူပဘာဝေါ " ဟု ဆိုလိုလျက် ဘာဝဟူသော နောက်ပုဒ်ကို ချေထားသောကြောင့် ရူပံသည် ဥတ္တရ ပဒလောပတည်း။ [ဤ အဿရထောကိုပင် နောက်၌ "ဥတ္တရပဒလောပ"ဟု ဆိုဦးလတ္တံ့၊ သူ့နည်းနှင့်သူ အမှန်ချည်းတည်း။]

www.dhammaransi.com



၂၅၂။ ဥတ္တရပဒလောပတ္တာ, ကာရကဗျော့ညပေက္ခတော၊ ဥတ္တတ္တာဝါ သမာသေန, နကြိယာ-သာရထာဒိသု။

၂၅၂။ အသာရထာဒိသု-အသာရထော အစရှိသော ပြယုဂ်တို့၌၊ ဥတ္တရပဒလောပတ္တာ- ယုတ္တ ဟူသော နောက်ပုဒ်ကြေသည်၏ အဖြစ်ကြောင့်၎င်း၊ ကာရကဗျော့ညပေက္ခတော - အဿေန ဟူသော ကာရကနှင့် ယုတ္တော ဟူသော ကြိယာတို့၏ အချင်းချင်းငဲ့ခြင်း ရှိကုန်သည်၏အဖြစ်ကြောင့်၊ ဝါ-ရှိသည့်အတွက်၊ သမာသေန- သမာသ်သည်၊ ဥတ္တတ္တာဝါ-ယုတ္တစသော ကြိယာ၏အနက်ကို ဟောအပ်သည်၏အဖြစ်ကြောင့်၎င်း၊ ကြိယာ-ယုတ္တောစသော ကြိယာကို၊ န(ဒိဿ)- မတွေ့မြင်အပ်။

၂၅၂။ ။အသာရထော ပုံစံ၌ အဘယ့်ကြောင့် " ယုတ္တော" ဟူသော အလယ်ကကြိယာကို မမြင်ရပါသနည်း-ဟု မေးဘွယ်ရှိသောကြောင့်"ဥတ္တရ ပဒလောပတ္တာ "စသည်ကို မိန့်၊ "အဿေန+ယုတ္တော အဿယုတ္တော" ဟု ရှေးဦးစွာ သမာသ်တွဲ၊ ထို့နောက်"အဿယုတ္တောစ+သော+ရထောစာတိ အဿရထော"ဟုတွဲ၊ ဤ၌ အဿယုတ္တောဟူသော ရှေ့ပုဒ်ဝယ် ယုတ္တဟူသော နောက်ပုဒ်၏ကြေခြင်းကို "ဥတ္တရပဒ လောပတ္တာ"ဟု ဆိုသည်၊ ထိုသို့ ဥတ္တရ ပဒလောပ ဖြစ်သောကြောင့် ယုတ္တကြိယာကို သမာသ်ပြီးသောအခါ မတွေ့ရ တော့၊ ရထာဒိသု၌ အာဒိဖြင့်"ဂုဠောဒနော, သာကပတ္ထိဝေါ"စသည်ကို ယူ၊ ကစ္စည်းဘာသာဋီကာ မဇ္ဈေလောပဳ တပ္ပုရိသ်မှာ ရှု။

**ကာရက၊ပေ၊ သမာသေန**။ ။" အဿေန "ဟူသော ကရဏကာရက သည် ယုတ္တဟူသောကြိယာကိုငဲ့နေ၏၊[ကာရကမှန်သမျှ ကြိယာတခုခုကိုအမြဲ ငဲ့နေရရိုးတည်း။] ထိုသို့ ငဲ့သည့်အတွက်"အဿရထော"ဟူသော သမာသ်က ထို ယုတ္တကြိယာကို အမွေခံ၍ ဟောသောကြောင့်လည်း"အဿရထော"ဟု သမာသ်ပြီးသောအခါ"ယုတ္တော"ဟူသော ကြိယာကို မတွေ့ရတော့။

**မှတ်ချက်**။ ။ ကာရကဗျော့ညပေက္ခတောသည် ဥတ္တတ္တာ၏ ဟိတ်ကူ တည်း၊ "ကာရက"အရလည်း "အဿေန" တပုဒ်သာတည်း၊"အဿေန" ဟူသော ကာရကနှင့် "ယုတ္တ"ဟူသော ကြိယာ၏ ကရဏ+ကရဏီအဖြစ်ဖြင့် ငဲ့ခြင်းကို " ကာရကဗျော့ညပေက္ခ"ဟု ဆိုသည်၊ ဒီပနီ၌ " အဿနှင့် ရထ" ဟူသော ကာရကတို့၏ အချင်းချင်းငဲ့ခြင်း ဟု ဆို၏၊ ရထောသည် ကာရက မဟုတ်, လိင်္ဂတ္ထမျှသာဖြစ်သောကြောင့် ထိုအဆိုကို စဉ်းစားပါ။

www.dhammaransi.com



၂၅၃။ စတုဗ္ဗိဓောပိ ပုဗ္ဗုတ္တ-ရူဘယညပဒတ္ထက-
ပဓာနတော ယထာယောဂံ, သမာသော ပတိပဇ္ဇတေ။

၂၅၃။ ပုဗ္ဗုတ္တရူဘယညပဒတ္ထကပဓာနတော – ရှေ့ပုဒ် အနက်ပဓာနရှိသော ပုဗ္ဗပဒတ္ထပဓာနသမာသ် , နောက်ပုဒ်အနက် ပဓာနရှိသော ဥတ္တရပဒတ္ထပဓာနသမာသ် , ၂ ပုဒ်အနက် ပဓာနရှိသော ဥဘယပဒတ္ထပဓာနသမာသ် , အညပုဒ်အနက်ပဓာနရှိသော အညပဒတ္ထပဓာနသမာသ်အားဖြင့်၊ ယထာယောဂံ– ယှဉ်ထိုက်သည်အားလျော်စွာ၊ စတုဗ္ဗိဓောပိ – ၄ ပါး အပြားရှိသည်လည်း ဖြစ်သော၊ သမာသော–သမာသ်ကို၊ ပတိပဇ္ဇတေ–သိအပ်၏။

၂၅၄။ သမာသော ဗျယီဘာဝေါ၀ါ, တုလျာဓိကရဏော ဒိဂု၊
တပ္ပုရိသော စ ဒွန္ဒော စ, ဗာဟိရတ္ထောတိ ဆဗ္ဗိဓော။

၂၅၄။ ဝါ - တနည်း၊ သမာသော – သမာသ်သည်၊ အဗျယီဘာဝေါ - အဗျယီဘောသမာသ်၎င်း၊ တုလျာဓိကရဏော-တူသောတည်ရာအနက်ရှိသော ကမ္မဓာရဲသမာသ်၎င်း၊ ဒိဂု-ဒိဂုသမာသ်၎င်း၊ တပ္ပုရိသော စ - တပ္ပုရိသ်သမာသ်၎င်း၊ ဒွန္ဒော စ - ဒွန်သမာသ်၎င်း၊ ဗာဟိရတ္ထော–သမာသ်ပုဒ်မှ အပဖြစ်သော အနက်ရှိသော ဗဟုဗ္ဗိဟိသမာသ်၎င်း၊ ဣတိ-ဤသို့၊ ဆဗ္ဗိဓော– ၆ ပါး အပြားရှိ၏။

၂၅၃။ ။သမာသ် ၃ မျိုးအပြားကို ပြပြီး၍ ၄ မျိုးအပြားကို ပြလိုသောကြောင့် “စတုဗ္ဗိဓောပိ”စသည် မိန့်၊ ပုဗ္ဗပဒတ္ထပဓာန–အဗျယီဘောသမာသ်တည်း၊ [ဒီပနီ၌“နရသီဟော–မြတ်သောလူ”ဟူသော ကမ္မဓာရည်းကိုလည်း ပုဗ္ဗပဒတ္ထပဓာနသမာသ် ဟု ဆို၏၊ ] ဥတ္တရပဒတ္ထပဓာန– ဒိဂု , ကမ္မဓာရဲ, တပ္ပုရိသ်တည်း၊ ဥဘယပဒတ္ထပဓာန–ဒွန်သမာသ်တည်း၊ အညပဒတ္ထပဓာန-ဗဟုဗ္ဗိသမာသ်တည်း။ [ “ယာ ကထာ နဂရဿ သမီပေ ပဝတ္တတီတိ ဥပနဂရံ” ဟု ဝိဂြိုဟ်ပြု၍ အဗျယီဘောကိုလည်း “အညပဒတ္ထပဓာနသမာသ်”ဟု ဒီပနီ၌ ဆို၏၊ သို့သော် ထိုဝိဂ္ဂဟကိုပင် ဆရာတို့ မနှစ်သက်ကြ။]

---

၂၅၄။ ။ ၄ မျိုးအပြားကို ပြပြီး၍( ၅ မျိုးအပြား မရှိသောကြောင့်) ၆ မျိုးအပြားကို ပြလိုရကား,“သမာသော၊ပေ၊ ဆဗ္ဗိဓော”ဟုမိန့်၊ [ဗဟုဗ္ဗိဟိသမာသ်ကိုပင် သမာသ်ပုဒ်မှ အပဖြစ်သောပုဒ်အနက်ရှိသောကြောင့် “ဗာဟိရတ္ထသမာသ်”ဟု နာမည်တပ်သည်။]

www.dhammaransi.com



၂၅၅။ ယထောပနဂရံ တဿ-မိပေါ နီလုပ္ပလုပ္ပလံ၊
တိယင်္ဂင်္ဂါနိ ရာဇသော, အဿော ဆိန္နကရော နရော။

၂၅၆။ သဝိသေသာ ဣမေ ပဉ္စ, အတ္ထာ နေယျာ နယညုနာ၊
သမဏာမြာဟ္မဏာ ဒွေက-ပဒတ္ထာ တွ·ဝိသေသနာ။

၂၅၅, ၆။ ယထာ – ဥဒါဟရဏ်ကား၊ ဥပနဂရံ-မြို့၏ အနီး၊ တဿမိပေါ-ထို မြို့၏ အနီးကို၊ (လဗ္ဘတိ-ရအပ်၏၊ ဝါ-အရကောက် ရ၏၊) နီလုပ္ပလံ-ညိုသော ကြာ၊ ဥပ္ပလံ-ကြာကို၊ (လဗ္ဘတိ-ရအပ်၏၊ ဝါ-အရကောက်ရ၏၊) တိယင်္ဂံ – သုံးပါးသော အင်္ဂါ၊ အင်္ဂါနိ-အင်္ဂါတို့ကို၊ (လဗ္ဘန္တိ-ကုန်၏၊ ဝါ-အရကောက်ရ၏၊) ရာဇသော-မင်း၏ မြင်း၊ အဿော— မြင်းကို၊ ( လဗ္ဘတိ-ရအပ်၏၊ ဝါ - အရ ကောက်ရ၏၊ ) ဆိန္နကရော - ပြတ်သော လက်ရှိသူ၊ နရော – လူကို၊ (လဗ္ဘတိ-ရအပ်၏၊ ဝါ-အရကောက်ရ၏။)

ပဉ္စ-ငါးပါးကုန်သော၊ ဣမေအတ္ထာ – ဤ သမာသ်ပုဒ်၏ အနက်တို့ကို၊ သဝိသေသာ-ဝိသေသန ရှိကုန်၏ ဟူ၍၊ နယညုနာ- သမာသ် ချုံးနည်းကို သိသော ပညာရှိသည်၊ နေယျာ – သိအပ်ကုန်၏၊ တု- အထူးကား၊ သမဏာမြာဟ္မဏာ–ရဟန်းပုဏ္ဏားဟူကုန်သော၊ ဒွေ– ၂ နက်တို့သည်၊ ဧကပဒတ္ထာ - တပုဒ်ထည်း၏ အနက်တို့သည်၊ ဝါ- သမဏပုဒ်၏အနက် ဗြာဟ္မဏပုဒ်၏အနက်တို့သည်၊(ဟုတွာ-ဖြစ်၍၊) အဝိသေသနာ-ဝိသေသန မရှိကုန်။

၂၅၅, ၆ ။ ။ ပဠမဂါထာကား ဒွန်မှတပါးသော သမာသ် ၅ ပါး၏ အစဉ်အတိုင်းပုံစံကို ပြသောဂါထာတည်း၊ ထို့ကြောင့် ဤပြခဲ့သော သမာသ် ငါးပါးတို့သည် ဝိသေသနရှိကြကုန်၏၊ "ဥပနဂရံ–မြို့၏အနီး"ဟူရာ၌ ဥပ၏ အနီးဟူသော အနက်သည် ဝိသေသျ, နဂရသဒ္ဒါ၏ မြို့ဟူသော အနက်ကား (ရွာ၏အနီးစသည်မှ ထူးခြားအောင် ပြုတတ်သောကြောင့်)ဝိသေသနတည်း၊ ဤနည်းအားဖြင့် ဥပနဂရံသည် ဝိသေသနရှိ၏၊ နီလုပ္ပလံ, တိယင်္ဂံ, ရာဇ သော, ဆိန္နကရောတို့၌ ဝိသေသနရှိပုံ ထင်ရှားပြီ၊ ဤနည်းအားဖြင့် ဒွန်မှ တပါးသော သမာသ် ၅ ပါးသည် ဝိသေသနရှိ၏၊ သမဏာဗြာဟ္မဏာဟူသော ဒွန်သမာသ်၌ကား ရဟန်း ပုဏ္ဏားဟူသော ၂ နက်သည်ပင် သမဏ၏အနက် လည်းဖြစ်, ဗြာဟ္မဏ၏အနက်လည်း ဖြစ်သောကြောင့် ဝိသေသန မရှိ။

www.dhammaransi.com



၂၅၇။ ဝိသေသန ဝိသေသျတ္တံ, ဒွိန္နံဝစ္စေသု ဝိဇ္ဇတိ၊
န ဒွန္ဒေ တေန နေသန္တေ-ကတ္တိဘာဝေါ န ယုဇ္ဇတိ။

၂၅၇။ ဒွိန္နံဝစ္စေသု - ဒွန်သည် ကြဉ်အပ်သော ၅ ပါးသော သမာသ်တို့၌၊ ဝိသေသန ဝိသေသျတ္တံ -- ဝိသေသနဝိသေသျ၏ အဖြစ်သည်၊ ဝိဇ္ဇတိ-ရှိ၏၊ ဒွန္ဒေတု - ဒွန်သမာသ်၌ကား၊ (ဝိသေသန ဝိသေသျတ္တံ-ဝိသေသန ဝိသေသျတို့အဖြစ်သည်၊ န ဝိဇ္ဇတိ - မရှိ၊ ) တေန-ထို့ကြောင့်၊ နေသံ-ထိုသမဏဗြာဟ္မဏစသောဒွန်ပုဒ်တို့၏၊ ကေတ္တိ ဘာဝေါ - တူသောအနက် ရှိကုန်သည်၏ အဖြစ်သည်၊ န ယုဇ္ဇတိ - မသင့်သည် မဟုတ်လော၊ဣတိ-ဤကား စောဒနာတည်း။[ "နေသံ+ တု+ကေတ္တိဘာဝေါ"ဟု ခွဲ။]

၂၅၇။ ။ ရှေ့ဂါထာ၌ ပြခဲ့သည့်အတိုင်း " နဂရ၏အနက်သည် ဝိသေ သန , ဥပ၏အနက်သည် ဝိသေသျ " ဤသို့စသည်ဖြင့် ဝိသေသန ဝိသေသျ အဖြစ်သည် ဒွန်မှတပါးသော သမာသ် ၅ ပါးတို့၌ရှိ၏၊ ဥပနဂရံ၌ နဂရသဒ္ဒါ သည် "မြို့"ဟူသောအနက်တွင် မရပ်ဘဲ အနီးအနက်ကိုအထူးပြုသောကြောင့် "မြို့၏အနီး"တိုင်အောင် စပ်လျက်ရှိ၏၊ ထို့ကြောင့် ဥပနဂရံသည် (ဥပနှင့် နဂရသည်)ကေတ္တိဘာဝဖြစ်၏၊ ဤသို့စသည်ဖြင့် သမာသ် ၅ ပါးတို့၏ ကေတ္တိ ဘာဝဖြစ်ပုံကို သိပါ။

**န ဒွန္ဒေ။** ။"သမဏဗြာဟ္မဏာ"ဟူသောဒွန်၌ကား သမဏသဒ္ဒါသည် "ရဟန်းပုဏ္ဏား"ဟူသော ၂ နက်ကို ဟော၏၊ ဗြာဟ္မဏသဒ္ဒါကလည်း ထို ၂ နက်ကိုပင် ဟော၏၊ ထို့ကြောင့် ဝိသေသန ဝိသေသျအဖြစ်မရှိ၊ ထိုသို့ မရှိ သောကြောင့် သမဏဗြာဟ္မဏာစသော ဒွန်ပုဒ်တို့မှာ"ကေတ္တိဘာဝ-တူသော အနက်ရှိသော ပုဒ်များမဖြစ်သင့်သည် မဟုတ်ပါလော"ဟု စောဒနာသည်။

ဆိုလိုရင်းကား – "ကေတ္တိဘာဝေါ သမာသလက္ခဏံ " နှင့်အညီ ၂ ပုဒ် ဖြစ်စေ ပုဒ်အများဖြစ်စေ တူသောအနက်ရှိမှ (တနက်ထည်းကို အတူဟော ကြမှ) သမာသ်ဖြစ်နိုင်၏၊ " သမဏဗြာဟ္မဏာပုဒ်တို့မှာ ကေတ္တိဘာဝ မဖြစ်ကြ၊ ထိုသို့ ကေတ္တိဘာဝ မဖြစ်လျှင် သမာသ် မဖြစ်သင့် " ဟု စောဒနာလိုရင်း ဖြစ်သည်။ [ ကော+ အတ္ထော ယေသံတိ ကေတ္ထာ၊ ကေတ္ထာနံ – တူသော အနက်ရှိသော ပုဒ်တို့၏+ ဘာဝေါ – ဖြစ်ကြောင်းဖြစ်ရာ ( အနက်တူခြင်း ) သည်၊ ကေတ္တိဘာဝေါ–မည်၏။]

www.dhammaransi.com



၂၅၈။ နိပါတော သနိပါတေန, ဒွန္ဒေဝ ပရိဒီပိတံ၊
သတ္တေ ဝုတ္တိမုခေန-ည, မတ္ထံ ဒီပေတိ နာညထာ။

၂၅၈။ ဒွန္ဒေဝ-ဒွန်အရာ၌သာ၊ သနိပါတေန-စနိပါတ်နှင့်တကွ ဖြစ်သော သမဏာသဒ္ဒါ မြာဟ္မဏာသဒ္ဒါသည်၊ သတ္တေ – မိမိအနက်၌၊ ဝုတ္တိမုခေန– ဖြစ်ခြင်းကို အဦးပြုသဖြင့်၊ (ပရိဒီပိတံ- ပြအပ်သော၊) အညံ–တပါးသော၊ အတ္ထံ–အနက်ကို၊ နိပါတော - စနိပါတ်သည်၊ ဒီပေတိ - ပြ၏၊ အညထာ – တပါးသော အခြင်းအရာအားဖြင့်၊ န ဒီပေတိ-ပြနိုင်သည်မဟုတ်။

( တနည်း ) သနိပါတေန - စနိပါတ်နှင့်တကွ ဖြစ်သော သမဏာသဒ္ဒါသည်၊ သတ္တေ-ရဟန်းဟူသော မိမိအနက်၌၊ ဝုတ္တိမုခေန-ဖြင့်၊ ပရိဒီပိတံ – သော၊ အညံ – ရဟန်းအနက်မှ တပါးသော၊ အတ္ထံ-ပုန်ဏားဟူသောအနက်ကို၊ နိပါတော-စနိပါတ်သည်၊ ဒီပေတိ-၏၊ သနိပါတေန – စနိပါတ်နှင့်တကွ ဖြစ်သော မြာဟ္မဏာ သဒ္ဒါသည်၊ သတ္တေ–ပုန်ဏားဟူသော မိမိအနက်၌၊ ဝုတ္တိမုခေန-ဖြင့်၊ ပရိဒီပိတံ-သော၊ အညံ-ပုန်ဏားအနက်မှတပါးသော၊ အတ္ထံ-ရဟန်းဟူသော အနက်ကို၊ နိပါတော - သည်၊ ဒီပေတိ – ၏၊ အညထာ – အားဖြင့်၊ န ဒီပေတိ၊ ဤသို့လည်း အနက်ကျယ်ပေးပါ။

၂၅၈။ **နိပါတော၊ပေ၊ဒီပေတိ။** ။ "သမဏောစ" သည် စ နိပါတ် နှင့်တကွ ဖြစ်သောသဒ္ဒါတည်း၊ ထိုသဒ္ဒါက " ရဟန်းလည်း ( ရဟန်းလဲ , ရဟန်းရော) " ဟု ဆိုသဖြင့် ရဟန်းဟူသော မိမိအနက်ကို ပဓာနအားဖြင့် ဟော၍, ပုန်ဏားဟူသော အခြားအနက်ကိုလည်း အပဓာနအားဖြင့် ပြ၏၊ စနိပါတ်လည်း သမဏောသဒ္ဒါပြအပ်သည့်အတိုင်းပင် ထွန်းပြ၏၊ ထို့ကြောင့် " ရဟန်း + ပုန်ဏား " ဟူသော ၂ နက်သည် သမဏာသဒ္ဒါတခု၏ အနက် ဖြစ်သည် ဟု မှတ်။

မြာဟ္မဏောသဒ္ဒါနှင့် စနိပါတ်လည်း ထိုနည်းအတူ ပုန်ဏားဟူသော မိမိ အနက်ကို ပဓာနအားဖြင့်ဟော၍ ရဟန်းဟူသောအနက်ကိုလည်း ထွန်းပြ၏၊ ဤနည်းအားဖြင့် "ရဟန်း ပုန်ဏား" ဟူသော ၂ နက်လုံးပင် သမဏာသဒ္ဒါ၏ အနက်လည်းဖြစ်, မြာဟ္မဏာသဒ္ဒါ၏အနက်လည်းဖြစ်နိုင်သောကြောင့် သမဏာ မြာဟ္မဏာသဒ္ဒါတို့သည် ဧကတ္ထီဘာဝ – ( တူသောအနက်ရှိသော သဒ္ဒါများ ) ဖြစ်ကြသည်–ဟူလို။

www.dhammaransi.com



**၂၅၉။ တေန ဒွန္ဒသ စေကတ္တိ-ဘာဝေါ ဝုစ္စတိ ကေနစိ၊**
**ကြိယာသမ္ဗန္ဓသာမည္ဘာဝတောတျ·ပရေ နစ။**

၂၅၉။ တေန - ထို့ကြောင့်၊ ဒွန္ဒဿစ - ဒွန်၏လည်း၊ (စဖြင့် ရှေ့သမာသ် ၅ ပါးကို ဆည်း၏၊) ကေတ္တိဘာဝေါ-တူသောအနက် ရှိသည်၏အဖြစ်သည်၊ ဟောတိ-ဖြစ်၏၊ ဣတိ-ဤသို့၊ ကေနစိ-အချို့ သော သဒ္ဒတကျမ်းလာ ဉာသဋီကာဆရာသည်၊ ဝုစ္စတိ- ဆိုအပ်၏၊ ကြိယာသမ္ဗန္ဓသာမညဘာဝတော - တိဗ္ဗန္တ စသော ကြိယာတခု ထည်း၌ စပ်ခြင်းတူသည်၏ အဖြစ်ကြောင့်၊ ကေတ္တိဘာဝေါ- သည်၊ ဟောတိ - ၏၊ ဣတိ - ဤသို့၊ အပရေနစ - ဗာလာဝတာရစသော တပါးသော ဆရာသည်လည်း၊ ဝုစ္စတိ-ဆိုအပ်၏။

**ဥစ္စေ၀,နာည ထာ။** ။ဤသို့ သမဏသဒ္ဒါတခုထည်းက ရဟန်း ပုန်ဏား ဟူသော အနက် ၂ ခုကိုပြနိုင်ခြင်း , ဗြာဟ္မဏသဒ္ဒါတခုထည်းက ပုန်ဏား ရဟန်းဟူသော အနက် ၂ ခုကိုပြနိုင်ခြင်းသည် ဒွန်သမာသ်အရာ၌သာဖြစ်၏၊ အခြားနည်းအားဖြင့်ကား ဤသို့ အနက် ၂ မျိုးကို ပြနိုင်ရိုးမဟုတ်၊ ဥပမာ— လရောင်ကို နှစ်သက်သောကြောင့် စန္ဒကာန္တမည်သော ကျောက်တမျိုး ရှိ၏၊ ထိုကျောက်သည် လရောင်နှင့်တွေ့သောအခါ ရေကို ထွက်စေနိုင်၏၊ လရောင်နှင့် မတွေ့လျှင် ရေကို မထွက်စေနိုင်သကဲ့သို့ ၎င်း , ဘူသဒ္ဒါသည် အနု , အဘိ , ပ ဥပသာရတို့နှင့် တွဲရမှ ခံစားခြင်း,လွှမ်းမိုးခြင်း, စ၍ဖြစ်ခြင်း အနက်များကို ဟောနိုင်သကဲ့သို့ ၎င်း , သလေးမျိုးစေ့သည် မြေ ရေ လေ မီး ဓာတ်ကြီးတို့နှင့် တွေ့ရမှ အညှောင့်ကို ပေါက်စေနိုင်သကဲ့သို့၎င်း, ထို့အတူ သမဏသဒ္ဒါ ဗြာဟ္မဏသဒ္ဒါတို့လည်း ဒွန်အရာ၌သာ စနိပါတ်နှင့်ပေါင်းမိမှသာ အနက် ၂ ပါးကို သဒ္ဒါတခုတခုက ဟောနိုင်သည်—ဟူလို။

---

၂၅၉။ **တေန၊ပေ၊ အပရေနစ ။** ။ ဤ ပြခဲ့သော နည်းအရ " ဒွန် သမာသ်မှာလည်း ကေတ္တိဘာဝရနိုင်၏" ဟု သဒ္ဒတကျမ်းလာ ဉာသဋီကာ ဆရာဟူသော ကေစိဆရာက ဆိုအပ်လေသည်၊ ဗာလာဝတာရဆရာဟူသော အပရေဆရာကား "သမဏဗြာဟ္မဏာ တိဋ္ဌန္တိ" စသော ဝါကျ၌ သမဏသဒ္ဒါ ဗြာဟ္မဏသဒ္ဒါ နှစ်ပါးလုံးပင် တိဋ္ဌန္တိကြိယာ၌ စပ်ရခြင်းအားဖြင့် တူသော ကြောင့် " ကေတ္တိဘာဝဖြစ်သည် " ဟု ဆိုအပ်၏၊ ရဟန်းရော ပုဏ္ဏားပါ တည်ခြင်း ကြိယာအားဖြင့် တူကြသည်ကို "ကေတ္တိဘာဝ—တူသော အနက် ရှိသည်"ဟု ဆိုလိုသည်။

www.dhammaransi.com



## ၂၆၀။ ကြိယာသမ္ဗန္ဓမတ္တေနာ-နပေက္ခာန မပေက္ခဏံ၊
## ယထာ တေန မဘိန္နတ္ထာ-ပရတော·ကတ္တတာ မတာ။

၂၆၀။ ကြိယာသမ္ဗန္ဓမတ္တေန - တိဋ္ဌန္တိစသောကြိယာ၌ စပ်ခြင်း မျှဖြင့်၊ အနပေက္ခာနံ - ငဲ့ခြင်း မရှိကုန်သော သမဏာသဒ္ဒါ ဗြာဟ္မဏာ သဒ္ဒါစသည်တို့၏၊ အပေက္ခဏံယထာ-ငဲ့ခြင်းကဲ့သို့၊(ဟောတိ-၏၊) တေန - ထို့ကြောင့်၊ အဘိန္နတ္ထာပရတော - မပြားသော အနက် ရှိကြောင်းဖြစ်သော တိဋ္ဌန္တိစသော နောက်ကြိယာကြောင့်၊ ဧကတ္တ တာ-တူသော အနက်ရှိသည်၏ အဖြစ်ကို၊ မတာ-သိအပ်၏။

၂၆၀။ **ကြိယာ၊ပေ၊မတာ။** ။အရှင်သဒ္ဓမ္မသိရီဆရာက မိမိ၏ဝါဒကို ပြသောဂါထာတည်း၊ "သမဏာ ဗြာဟ္မဏာ တိဋ္ဌန္တိ" ဝါကျ၌ ရဟန်းရောပုဏ္ဏား ပါ တည်ခြင်းကြိယာတခုထည်း၌ စပ်မိ ဆုံမိကြကုန်၏၊ ထို့ကြောင့် နဂိုရ်က မငဲ့သောသမဏာနှင့် ဗြာဟ္မဏာတို့သည် အချင်းချင်းငဲ့ကြသကဲ့သို့ဖြစ်၏၊ ထိုသို့ အချင်းချင်းငဲ့သကဲ့သို့ ဖြစ်နေလောက်အောင် အနက်တူသော တိဋ္ဌန္တိကြိယာ ဟူသော နောက်ပုဒ်ကြောင့်သာ သမဏာနှင့်ဗြာဟ္မဏာတို့လည်း ဧကတ္တ-အနက် တူဖြစ်ကြသည်- ဟူလို၊ [ဤဂါထာ၌ ယထာသဒ္ဒါကို "သမုပေက္ခာ" အနက် ဟော"ဟု ဖွင့်ကြ၏၊ "အဘိန္နော+ အတ္ထော ဧတေနာတိ အဘိန္နတ္ထံ၊ အဘိန္န တ္ထံစ+တံ+အပရံစာတိ အဘိန္နတ္ထာပရံ။]

**မှတ်ချက်။** ။ဒွန်သမာသ်၏ ဧကတ္တီဘာဝကိုပြရာ၌ ကေနစိ,အပရေနနှင့် နောက်ဆုံး မိမိဝါဒပါ ၃ ဝါဒသာ တွေ့ရ၏၊ ဋီကာဆရာကား(၂၅၀)ဂါထာကို " အညေဝါဒ "ဟု ယူ၍ ၄ ဝါဒ ဟု ဆိုထား၏၊ အမှန်မှာ—ထိုဂါထာသည် ကေနစိဝါဒ၏ အကြောင်းပြအခြေခံစကားသာ ဖြစ်သည်။

**အချုပ်မှတ်ဘွယ်။** ။ထို ၃ ဝါဒတွင် ကေစိဆရာသည် တပုဒ် တပုဒ်လျှင် ၂ နက် ၂ နက်ကိုပြသောကြောင့် ဧကတ္တီဘာဝဖြစ်သည်—ဟု ဆို၏၊ အပရေ ဆရာသည် " တိဋ္ဌန္တိ "စသောကြိယာတခု၌ စပ်ချင်းတူသောကြောင့် ဧကတ္တီ ဘာဝဖြစ်သည် ဟု ဆို၏၊ ဤကျမ်းဆရာကား အတူစပ်ရာဖြစ်သော နောက် ကြိယာကြောင့် ဧကတ္တီဘာဝဖြစ်သည်ဟု ဆိုသည်၊ ထို ၃ ဝါဒတွင် ပဌမဝါဒ သာ ကောင်းသကဲ့သို့ ထင်၏၊ ဘာ့ကြောင့်နည်း........သမာသ်စပ်မိုက်မှာ မည်သည့်ကြိယာ ကိုမျှ မငဲ့ရသောကြောင့်ရင်း ၊ သမာသ် စပ်နိုင်လျှင်လည်း ဧကတ္တီဘာဝဖြစ်ရမည်သာ ဖြစ်သောကြောင့်ရင်း တည်း။

**သမာသ်အခဏ်း ပြီး၏။**

www.dhammaransi.com



၂၆၁။ တဒ္ဓိတုတ္တပယောဂေ ဘိ-
ဓမ္မိကော ဘိက္ခု ပဉ္စမော၊
အက္ခရော ယာတိကော ဟာရော,
ဒက္ခိဏေယျော စ ဖြာဟ္မဏော။

၂၆၂။ ဝေါတ္တံ ဇာတိ တထာ ရက္ခ-
ဝါ ဒေသော ဝေဏိကော နရော၊
ဣစ္စာဒိကေ ဝိသေသျော စ,
ဥတ္တော ဝါကျာဒိယောဂတော။

၂၆၁, ၂။ အာဘိဓမ္မိကော-အဘိဓမ္မာကို ရွတ်အံသရဇ္ဈာယ်သူ၊ ဝါ - အဘိဓမ္မာကို တတ်သိသူ ၊ ဘိက္ခု-ရဟန်းတည်း၊ ဝါ-ရဟန်းကို အရကောက်ရ၏၊(ဤသို့"လဗ္ဘတိ"မထည့်ဘဲလည်းပေး၊)ပဉ္စမော-ငါးလုံးတို့၏ပြည့်ကြောင်း၊ အက္ခရော-အက္ခရာတည်း၊ ဝါ-အက္ခရာကို အရကောက်ရ၏၊ ယာတိကော - ထောပတ်ဖြင့် ရောစပ်အပ်သော အစာ၊ အာဟာရော - အာဟာရတည်း၊ ဝါ - အာဟာရကို အရကောက်ရ၏၊ ဒက္ခိဏေယျော- အလှူကို ခံယူခြင်းငှါထိုက်သော ပုဂ္ဂိုလ်၊ ဖြာဟ္မဏော - မကောင်းမှုကို မြှောပြီးသောရဟန္တာတည်း၊ ဝါ-

၂၆၁,၂။ ။သမာသ်ဝါစက၏ ဝါစ္စဖြစ်သောပုံစံများကိုပြပြီး၍ တဒ္ဓိတ် ဝါစက၏ ဝါစ္စဖြစ်သောပုံစံများကို ပြလိုသောကြောင့် , ထို ပြရာ၌လည်း ဝိသေသျကိုဟောသောပုံစံ, ဝိသေသနကိုဟောသောပုံစံဟု ၂ မျိုးရှိသည်တွင် ဝိသေသျကို ဟောသောပုံစံကို ရွေးဦးစွာ ပြလိုသောကြောင့် " တဒ္ဓိတုတ္တ ပယောဂေ"စသည်ကိုမိန့်သည်။

**ပုံစံများ**။ ။အဘိဓမ္မံ+အဓီတေတိ အာဘိဓမ္မိကော၊ ဤပုံစံ၌ အဓီတေ သည် ဝိသေသျ,အဘိဓမ္မံသည် ဝိသေသနတည်း၊ ဘာ့ကြောင့်နည်း—အဓီတေ သည် ပဓာန (လိုရင်း) ဖြစ်၍, အဘိဓမ္မံကား သုတ္တံစသည်မှ အထူးပြုသော ဝိသေသန ဖြစ်ခြင်းကြောင့်တည်း၊ အာဘိဓမ္မိကော၌ ဏိကဟူသော တဒ္ဓိတ် ဝါစကသည်လည်း အဓီတေဟူသော ဝိသေသျ၏အနက်ဖြစ်သော ( ရွတ်အံ တတ်, သိတတ်) ဟူသော ကတ္တားအနက်ကို ဟော၏၊ ထို့ကြောင့် အာဘိဓမ္မိ ကောသည် ကတ္တုဝါစက တဒ္ဓိတ်ဖြစ်၏ — ဟု မှတ်၊ နောက်ပုံစံများ၌လည်း ဤနည်းအတိုင်း ဝိသေသျအနက်ကို ဟောပုံ,ထိုဝိသေသျက ကံအနက်ဖြစ်လျှင် ကမ္မဝါစကဖြစ်ပုံ စသည်ကို သိပါ။

www.dhammaransi.com



ရဟန္တာကို အရကောက်ရ၏၊ ဂေါတ္တံ - နွားဟု သိသောဉာဏ်, နွားကိုဟောသော ဂေါသဒ္ဒါ၏ဖြစ်ခဲ့ရာ၊ ဇာတိ - နွားဇာတ်တည်း၊ ဝါ-နွားဇာတ်ကို အရကောက်ရ၏၊ တထာ - ထိုမှတပါး၊ ရုက္ခဝါ-သစ်ပင်ရှိသော အရပ်၊ ဒေသော - အရပ်တည်း၊ ဝါ-အရပ်ကို အရကောက်ရ၏၊ ဝေဏိကော - စောင်းတီးခြင်းအတတ် ရှိသူ၊ နရော-လူတည်း၊ ဝါ-လူကို အရကောက်ရ၏၊ ဋ္ဌစ္စာဒိကေ-ဤသို့ အစရှိသော၊ တဒ္ဓိတုတ္တပယောဂေ- တဒ္ဓိတ်ဝါစကသည် ဟောအပ်သောပြယုဂ်၌၊ ဝိသေသျာဝ - ဝိသေသျ အနက်ကိုသာ၊ ဥတ္တော - ဟောအပ်၏၊ (ကသ္မာ-အဘယ့်ကြောင့်၊ ဝိညာယတိ-သိအပ်သနည်း၊) ဝါဏာဒိယောဂတော- ဝါဏအစရှိသော သုတ်ကြောင့်၊ ဝါ - ဝါဏပစ္စေ သုတ်ကြောင့်၊ (ဝိညာယတိ-၏။)

**ပဥ္စမောစသည်။** ။ပဥ္စန္နံ – ငါးလုံးသောအက္ခရာတို့၏ + ပူရဏော-ပြည့်ကြောင်း င-ဉ-ဏ-န-မအက္ခရာတည်း၊ ပဥ္စမော—ရာ၊ "ပူရယတိ အနေနာတိ ပူရဏော"ဟုပြု၍ ပူရဏောဟူသောဝိသေသျပုဒ်၏ ကရိုဏ်းအနက်ကို ဟောရကား ပဥ္စမော၌မပစ္စည်းဟူသောတဒ္ဓိတ်လည်း ထိုပုဒ်၏ကရိုဏ်းအနက်ကိုပင်ဟောရ၏၊ ဃဋ္ဋေန+သံသဋ္ဌော ဃာတိကော၊ သံသဋ္ဌပုဒ်၏ကံအနက်ကို ဏိကပစ္စည်းက ဟောသည်၊ ဒက္ခိဏေယျော, ဂေါတ္တံ, ရုက္ခဝါ, ဝေဏိကော တို့ကိုလည်း ရှေ့၌ပြခဲ့ပြီ။

**ဝါဏာဒိယောဂတော။** ။ "ဝါဏပစ္စေ" သုတ်က "အပစ္စအနက်၌ ဏပစ္စည်းသက်"ဟု ဆို၏၊ ထို အပစ္စအနက်လည်း ဝိသေသျ (ပဓာန) အနက်တည်း၊ ထိုသုတ်ကြောင့် ( ထိုသုတ်ကိုထောက်၍ ) ဤ ပြခဲ့သောပုံစံများ၌ ဝိသေသျအနက်ကိုဟောကြောင်း သိနိုင်သည်-ဟူလို။

**မေးဘွယ်။** ။ "ဝါဏပစ္စေသုတ်ကိုထောက်၍ ဝိသေသျဟောကြောင်း သိရလျှင် ထိုသုတ်၌ပါသော " ဝါသိဋ္ဌော " ကို အဘယ့်ကြောင့် ပုံစံမထုတ် သနည်း"ဟု မေး၍ ထို အပစ္စအနက်က ကာရကလည်းမဟုတ်, သမ္ဗန်လည်း မဟုတ်၍ ဝါစ္စရှစ်ပါးမှ အလွတ်ဖြစ်သောကြောင့် ပုံစံမထုတ်ဘဲထားသည်-ဟု ဒီပနီဆို၏၊ သို့သော် " နပတတိ ဝံသော အနေနာတိ အပစ္စံ "ဟု ဝိဂ္ဂြိုဟ်ပြုရသောကြောင့် အပစ္စံသည် ကရိုဏ်းအနက်ကို ဟောရကား ထို ဒီပနီဆိုတိုင်း မမှတ်အပ်၊ "ဝါသိဋ္ဌောကို ပုံစံမထုတ်ခြင်းမှာ ပဥ္စမောကဲ့သို့ ကရိုဏ်းအနက် မထင်ရှားသောကြောင့်"ဟု မှတ်ပါ။

www.dhammaransi.com



၂၆၃။ ဒါသိကံ ဟတ္ထကမ္မံ နာ-ဝိကော ပေါသော'ဘိဓမ္မိကော၊
ဘိက္ခု၊ သောဝဂ္ဂိကံ ကမ္မံ, ပဗ္ဗတေယျာ စ ကုန္ဒဒီ။

၂၆၄။ ကာယိကာ ဝေဒနာ ဝါသိ-ဋ္ဌော စ္စာဒိသု ဝိသေသနံ၊
ယေနဝါ'သာဒိယောဂဿ, ဝုတ္တတ္တာ ဥတ္တ'မုစ္စတေ။

၂၆၃, ၄။ ဒါသိကံ – ကျွန်သည် ပြုအပ်သောအမှု၊ ဟတ္ထကမ္မံ–လက်ဖြင့် ပြုလုပ်အပ်သောအမှုတည်း၊ ဝါ-လက်ဖြင့်ပြုလုပ်အပ်သောအမှုကို အရကောက်ရ၏၊ [ နောက်၌လည်း ဤအတိုင်း ပေးပါ။ ] နာဝိကော – လှေဖြင့် ကူးသွားသူ၊ ပေါသော - ယောကျ်ားတည်း၊ အာဘိဓမ္မိကော-အဘိဓမ္မာကိုရွတ်အံသူ, တတ်သိသူ၊ ဘိက္ခု-ရဟန်းတည်း၊ သောဝဂ္ဂိကံ – လွန်စွာမြတ်သော နတ်ပြည်အလို့ငှါ ပြုအပ်သောကောင်းမှု၊ ကမ္မံ – ကောင်းမှုတည်း၊ ပဗ္ဗတေယျာ - တောင်မှစီးဆင်းသော မြစ်၊ ကုန္ဒဒီ – မြစ်ငယ်တည်း၊ ကာယိကာ – ကိုယ်၌စုဝေးတည်နေသည်၊ ဝေဒနာ-ဝေဒနာတည်း၊ ဝါသိဋ္ဌော- ဝသိဋ္ဌ၏သား၊ ဣစ္စာဒိသု-ဤသို့အစရှိသောပြယုဂ်တို့၌၊ ယေနဝါ'သာဒိယောဂဿ-ယေနဝါ သံသဋ္ဌအစရှိသောသုတ်၏၊ ဝါ- ကို၊ ဝုတ္တတ္တာ-အရှင်ကစ္စည်းဆရာဆိုအပ်သည်၏အဖြစ်ကြောင့်၊ ဝိသေသနံ-ဝိသေသနကို၊ ဥတ္တံ-ဟောအပ်၏၊ ဣတိ-ဤသို့၊ ဥစ္စတေ–ဆိုအပ်၏။

၂၆၃, ၄။ ။ဒါသေန + ကတံ ဒါသိကံ၊ ဒါသေန၏ ကတ္တားအနက်ကို ဟောသောပုံစံ၊ နာဝါယ+တရတီတိ နာဝိကော၊ နာဝါယ၏ ကရိုဏ်းအနက်ဟောပုံစံ၊ အာဘိဓမ္မိကော-အဘိဓမ္မံ၏ ကံအနက်ဟော ပုံစံ၊ [ သုဋ္ဌု + အဂ္ဂ သုဝဂ္ဂ – လွန်စွာ မြတ်သော နတ်ပြည်၊ သုဝဂ္ဂါယ + ကတံ သောဝဂ္ဂိကံ၊ ] သုဝဂ္ဂါယ၏ တဒတ္ထသမ္ပဒါန် အနက်ဟောပုံစံ၊ ပဗ္ဗတတော နိက္ခန္တာ ပဗ္ဗတေယျာ၊ ပဗ္ဗတတော၏ အပါဒါန်အနက်ဟော ပုံစံ၊ ကာယေ + သန္နိဓာနာ ကာယိကာ၊ ကာယေ၏ ဩကာသအနက်ဟော ပုံစံ၊ ဝါသိဋ္ဌောသည် ဝသိဋ္ဌဿ၏ သမ္ဗန်အနက်ဟော ပုံစံတည်း။

**ဝိသေသနံ၊ ပေ၊ ဥစ္စတေ**။ ။“ယေနဝါ သံသဋ္ဌံ တရတိ စရတိ ဝဟတိ ဏိကော"သုတ်သည် ယေနဖြင့်ညွှန်ပြအပ်သော ဝိသေသန (အပဓာန) အနက်တို့၌ သက်သောသုတ်တည်း၊ ထိုသုတ်ကိုထောက်၍ ဒါသိကံစသော ပုံစံတို့၌ ဝိသေသနအနက်ကို တဒ္ဓိတ်ပစ္စည်းကဟောကြောင်း သိရသည်။

www.dhammaransi.com



၂၆၅။ သာမညာဗျယဘာဝေန, တိဗ္ဗိခံ တဒ္ဓိတံ ဣဒံ၊
ဏာဒိ ပဌမတောယေဝ, ဝိဘတျန္တာ ပဇာယတေ။

၂၆၅။ ဣဒံတဒ္ဓိတံ - ဤတဒ္ဓိတ်သည်၊ သာမညာဗျယဘာဝေန - သာမညတဒ္ဓိတ်, အဗျယတဒ္ဓိတ်, ဘာဝတဒ္ဓိတ်တို့၏ အပြားအားဖြင့်၊ တိဗ္ဗိခံ - ၃ ပါး အပြားရှိ၏၊ ဏာဒိ - ဏအစရှိသော ပစ္စည်းသည်၊ ဝိဘတျန္တာ - ဝိဘတ်အဆုံးရှိသော၊ ပဌမတောယေဝ - ပဌမပုဒ်မှ နောက်၌သာ၊ ဇာယတေ - ဖြစ်၏၊ ဝါ- သက်၏။

၂၆၆။ ဝါသိဋ္ဌော သဗ္ဗထာ ပါစ-ကတ္တံ·မိစ္စာဒိ ဏ္ဍာဒိကံ၊
တွာဒိကဥ္စ ဝိဘတျန္တေ, ကေစ္စေ ကာရကာဒိကေ။

၂၆၆။ ဝါသိဋ္ဌော - ဝါသိဋ္ဌောပုဒ်ငင်း၊ သဗ္ဗထာ - သဗ္ဗထာပုဒ်ငင်း၊ ပါစကတ္တံ-ပါစကတ္တံပုဒ်ငင်း၊ ဣစ္စာဒိ-ဤသို့အစရှိသည်ကား၊ (ဥဒါဟရဏံ- ဥဒါဟရဏ်တည်း၊) ဏ္ဍာဒိကံ- ဏ္ဍအစရှိသောပစ္စည်းသည်ငင်း၊ တွာဒိကဉ္စ- တောအစရှိသော ပစ္စည်းသည်ငင်း၊ ဝိဘတျ တ္တေ--သတ္တမီ, ပဥ္စမီဝိဘတ်၏ အနက်၌၊ (ဟောတိ၊) ကေစ္စေ-အချို့ ဆရာတို့သည်၊ ကာရကာဒိကေ-ဩကာသ, အပါဒါန အစရှိသော ကာရကအနက်၌၊ (ဟောတိ၊ ဣတိ- သို့၊ ဝဒန္တိ။)

၂၆၅။ ။သာမညတဒ္ဓိတ်,အဗျယတဒ္ဓိတ်,ဘာဝတဒ္ဓိတ်အားဖြင့် တဒ္ဓိတ် ၃ မျိုးရှိ၏၊ ဏအစရှိသော တဒ္ဓိတ်ပစ္စည်းများကို ( " ဝသိဋ္ဌဿ + အပစ္စံ " စသည်ဖြင့်) ၂ ပုဒ်ရှိရာတွင် ဝသိဋ္ဌဿစသော ပဌမဝိဘတျန္တပုဒ်မှ နောင်၌သာ သက်ရသည်၊ ဝေဖြင့် " အပစ္စံစသော ဒုတိယပုဒ်နောင် မသက် " ဟု ကန့်။ [သာမည , အဗျယ , ဘာဝခေါ်ကြောင်းကို ရူပသိဒ္ဓိဘာသာဋီကာမှာ ရှု။]

---

၂၆၆ ။ ။ ဝါသိဋ္ဌောသည် သာမညတဒ္ဓိတ်ပုံစံ, သဗ္ဗထာသည် အဗျယ တဒ္ဓိတ်ပုံစံ, ပါစကတ္တံသည် ဘာဝတဒ္ဓိတ် ပုံစံတည်း၊ ဣစ္စာဒိဖြင့် အလားတူ ပုံစံများကို ညွှန်ပြသည်။

**ဏ္ဍာဒိကံ** ။ ။ အဏ္ဍာ၌ ဏ္ဍပစ္စည်းသည် သတ္တမီဝိဘတ်အနက်၌ သက်၏၊ "အဏ္ဍ--ယန္နေ၌"ဟု ပေး၊ ဏ္ဍာဒိ၌အာဒိဖြင့် "အပရဏ္ဍု-နောံနေ့၌=နက်ဖန်၌" ဝယ် ဏ္ဍုပစ္စည်း,သွာတနံ၌ တနပစ္စည်း,ဟိယျတ္တနိ၌ တ္တနပစ္စည်း၊ ဤသို့စသော ပစ္စည်းများကို ယူပါ၊ ဝိဘတျတ္တေကို"သတ္တမီဝိဘတျတ္တေ"ဟု ဒီပနီဖွင့်သော် လည်း " အဏ္ဍ-ယန္နေ၏+ ဘာဝေါ အဏ္ဍတာ "ဟု ဆဋ္ဌီအနက်လည်း ရှိသည်။

www.dhammaransi.com



**၂၆၇။ ဝသိဋ္ဌဿ အပစ္စန္တိ, ဆဋ္ဌျန္တာ ဏာဒယော ဘယံ၊**
**ဇာတာ ပဌမတော ပစ္စ,တေကံ ဂဏှန္တိ နောဘယံ။**

၂၆၇။ ဝသိဋ္ဌဿ–ဝသိဋ္ဌရသေ့၏၊ အပစ္စံ–အမျိုးအနွယ်အစဉ်တည်း၊ ဣတိအတ္ထေ - ဤအနက်၌၊ ဆဋ္ဌျန္တာ – ဆဋ္ဌီဝိဘတ်အဆုံးရှိသော၊ ပဌမတော–ဝသိဋ္ဌဿဟူသောပဌမပုဒ်မှနောက်၌၊ ဇာတာ-ဖြစ်ကုန်သော၊ ဝါ- သက်ကုန်သော၊ ဏာဒယော–ဏ အစရှိသော ပစ္စည်းတို့သည်၊ ဥဘယံ – ရှေ့သမ္ဗန် နောက်အပစ္စ ဟူသော အနက် ၂ ပါးကို၊ ဂဏှန္တိ- ယူနိုင်ကုန်၏၊ ဝါ-ဟောနိုင်ကုန်၏၊ **အပစ္စတော**–အပစ္စပုဒ်မှ နောက်၌၊ (ဇာတာ-ဖြစ်ကုန်သော၊ ဝါ-သက်ကုန်သော၊ ဏာဒယော-တို့သည်၊) ဧကံ- တခုသောအပစ္စအနက်ကို၊ ဂဏှန္တိ-ကုန်၏၊ ဥဘယံ- ၂ ပါးသောအနက်ကို၊ န ဂဏှန္တိ-ကုန်။

**တွာဒိကံ။** ။တော+အာဒိကံ၊ တြ, ထ,စသောကစ္စည်းနာမ် ပဥ္စမပိုင်း၌ လာသော ပစ္စည်းများကို အာဒိဖြင့်ယူပါ၊ ထိုပစ္စည်းများအတွက် ဝိဘတ္တျတ္ထေကို "ပဥ္စမိဝိဘတ္တျတ္ထေ"ဟု ဒီပနီဖွင့်သော်လည်း, ပဌမာဝိဘတ်အနက်စသည်၌လည်း သက်နိုင်ကြောင်းကို တွာဒယော သုတ်အဖွင့်မှာ ရှုပါ။

**ကေစွေ ကာရကာဒိကေ။** ။အချို့ဆရာတို့ကား ဋ္ဌစသောပစ္စည်းသည် ဩကာသကာရကအနက်၌ငင်း,တောစသောပစ္စည်းသည် အပါဒါနကာရက စသော အနက်၌ငင်း,သက်၏-ဟု ဆိုကြသေး၏၊"ဝိဘတ်၏အနက်"ဟူသည် ကာရကစသော အနက်ပင်ဖြစ်သောကြောင့် သဘောတူဟု မှတ်။

---

၂၆၇။ ။"ဏာ ပဌမတော"ဟု ဆရာဆိုခဲ့ရာ၌ "ဝသိဋ္ဌဿ+ အပစ္စံ" ဟု ၂ ပုဒ်ရှိရာဝယ် "ဏစသောပစ္စည်းသည် အဘယ့်ကြောင့် ပဌမဆဋ္ဌီယန္တပုဒ်မှ နောက်၌သက်ရသနည်း" ဟု မေးဘွယ်ရှိသောကြောင့် "ဝသိဋ္ဌဿ+ အပစ္စန္တိ" စသည်မိန့်၊ ပဌမဆဋ္ဌီယန္တပုဒ်နောက်၌ သက်မှ ရှေ့ပုဒ်၏ သမ္ဗန်အနက်, နောက်ပုဒ်၏ အပစ္စအနက်ကိုဟောနိုင်၍, အပစ္စနောင်သက်လျှင် ထိုကဲ့သို့ ၂ ဘက်လုံး၏အနက်ကို မဟောနိုင်သောကြောင့် ပဌမဆဋ္ဌီယန္တပုဒ်နောင်သာ သက်ရသည်၊ ဤသို့ ၂ ပုဒ်၏အလယ်၌ သက်ရသောပစ္စည်းများကို ရည်ရွယ်၍ "တဒ္ဓိတ်ပစ္စည်း ဆိုင်းထမ်းနည်း" ဟု ပြောစမှတ် ပြုခဲ့ကြသည်၊ "၂ ဘက်သောဆိုင်းကိုယူနိုင်အောင် အလယ်၌နေ၍ ထမ်းရသောနည်းကဲ့သို့, ၂ ဘက်အနက်ဟောနိုင်အောင် အလယ်၌ သက်ရသည်"ဟူလို။

www.dhammaransi.com



၂၆၀။ သမာသော ပဒသင်္ခေပေါ, သပစ္စယ ပဒံ ပန၊
တဒ္ဓိတန္တိစ နာနတ္တံ, မုဘိန္နံ မုပလက္ခယေ။

၂၆၀။ ပဒသင်္ခေပေါ – ပုဒ်တို့ကို ချုံးခြင်းသည်၊ သမာသော–သမာသ်တည်း၊ သပစ္စယပဒံ ပန-ပစ္စည်းနှင့်တကွ ဖြစ်သော ပုဒ်သည်ကား၊ ဝါ - ပုဒ်နှင့်ပစ္စည်းကို စပ်ခြင်းသည်ကား၊ တဒ္ဓိတံ – တဒ္ဓိတ်တည်း၊ ဣတိစ - ဤသို့လည်း၊ ဥဘိန္နံ–သမာသ် တဒ္ဓိတ် ၂ ပါးတို့၏၊ နာနတ္တံ–ထူးကုန်သည်၏ အဖြစ်ကို၊ ဥပလက္ခယေ-မှတ်သားရာ၏။

၂၆၉။ ဏာဒျော၀ တဒ္ဓိတံ နာမ, ပရိကပ္ပ၀သာဒိနာ၊
နိပ္ဖါဒေတဗ္ဗကမ္မတ္တာ, တဒ္ဓိတန္တျပရေ ဝိဒူ။

၂၆၉။ ဏာဒိဝေ - ဏအစရှိသော ပစ္စည်းတို့သည်ပင်၊ တဒ္ဓိတံ နာမ–တဒ္ဓိတ်မည်၏၊ ပရိကပ္ပ၀သာဒိနာ –ဉာဏ်ဖြင့်ကြံခြင်း၏ အစွမ်းအစ ရှိသည်ဖြင့်၊ နိပ္ဖါဒေတဗ္ဗကမ္မတ္တာ - ပြီးစေထိုက်သော ကေသေသ်ပြုမှု သင်္ချာစီရင်မှုသည်လည်း၊ တဒ္ဓိတံ - တဒ္ဓိတ်မည်၏၊ ဣတိ - ဤသို့၊ အပရေ-တပါးကုန်သော၊ ဝိဒူ–ပညာရှိတို့သည်၊ ၀ဒန္တိ–ဆိုကုန်၏။

၂၆၀။ ။ဤဂါထာကား သမာသ်နှင့် တဒ္ဓိတ်အထူးကိုပြသော ဂါထာတည်း၊ ပုဒ်တို့ကိုချုံးခြင်းသည် သမာသ်တည်း၊ ပုဒ်နှင့်ပစ္စည်းကိုစပ်ခြင်းသည် တဒ္ဓိတ်တည်း၊ ဤသို့ သမာသ်နှင့် တဒ္ဓိတ်ထူးပုံကို မှတ်ပါ။

---

၂၆၉။ ဏာဒျော၀ တဒ္ဓိတံနာမ ။ ။ ဤဂါထာသည် တဒ္ဓိတ်အမည်ရသော သဒ္ဒါများကို ကော်ပြသောဂါထာတည်း၊ "တေသံ+ဟိတံ တဒ္ဓိတံ" နှင့်အညီ ထိုနာမ်တို့၏+စီးပွားဖြစ်သော ဏစသောပစ္စည်းသည် တဒ္ဓိတ်မည်၏၊ ချဲ့အံ့– ကစ္စည်းကျမ်း၀ယ် ရှေ့၌ " ပုရိသ " ဟူသောနာမ်ပုဒ်ကို ဆိုခဲ့၏၊ "ပုရိသော ပမာဏံ အဿ"ဟု ဝိဂ္ဂဟပြု၍ ထိုပုရိသနောင် ဏာပစ္စည်းသက်လျှင် "ပေါရိသံ–ယောက်ျားတယောက် ပမာဏရှိသောရေ၊ ဝါ– တရပ်လောက် ရှိသောရေ" ဟု ဏာပစ္စည်းအတွက် အနက်တည်းဟူသော စီးပွား တိုးတက်လာ၏၊ ထို့ကြောင့် ဏာစသောပစ္စည်းကို"တဒ္ဓိတ"ဟု ခေါ်ရသည်။

ပရိကပ္ပ၊ပေ၊တဒ္ဓိတံ။ ။ သဒ္ဒနီတိဆရာကို အပရေဝိဒူဟု ဆိုသည်၊ ထိုဆရာကား "ပုရိသောစ ပုရိသောစ ပုရိသာ"ဟူသော ကေသေသ်အစီအရင်သည်၎င်း, ဒသဒသ ၂ ခုကို ဝီသတိ ပြုခြင်းစသော သင်္ချာအစီအရင်သည်၎င်း ဉာဏ်ဖြင့် ကြံစည်၍ပြီးစေအပ်သော အစီအရင်များ ဖြစ်၏၊ ထိုအစီအရင်များ

www.dhammaransi.com



၂၇၀။ ဘေဒသံသဋ္ဌဘာဝေန, နေကတ္ထနဲ့ သဟာဗ္ဘစ၊
နိစ္ဆာဝစန မေတဿ, ဟောတိ ဒွန္ဒေကသေသတာ။

၂၇၀။ တု–ဆက်ဦးအံ့၊ ဘေဒသံသဋ္ဌဘာဝေန - ကွဲပြားသော အနက်တို့၏ ရောနှောအပ်ကုန်သည်၏ အဖြစ်ဖြင့်၊ အနေကတ္ထံ – များသောအနက်ရှိသော သဒ္ဒါသည်၊ သဟာဗ္ဘစနိစ္ဆာဝစနံ- သဟာဗ္ဘစ နိစ္ဆာသဒ္ဒါမည်၏၊ ဝါ-အတူတကွ ဆိုလိုခြင်းကြောင့်ဖြစ်သော သဒ္ဒါ မည်၏၊ ဧတဿ – ဤသဟာဗ္ဘစနိစ္ဆာသဒ္ဒါ၏၊ ဒွန္ဒေ-ဒွန်အရာ၌၊ ဧက သေသတာ-ဧကသေသ်၏အဖြစ်သည်၊ ဟောတိ–၏။

ကိုလည်း တပ်ဒ်ပ် ဟု ခေါ်ရသည်။ [ ကမ္မဥ္စ စသဒ္ဒါဖြင့် ရှေ့နည်းကိုဆည်း၊ "ရှေ့နည်းအတိုင်း ဏစသောပစ္စည်းကိုလည်း တဒ္ဓိတ်ခေါ်ပါ၏"ဟူလို။ ]

**နီတိ** ။ ။ ပုရိသာတိပဒဿ ဗဟုပုရိသဝါစကတ္တံ ဉာပေတုံ ဗုဒ္ဓိယာ ပရိကပ္ပေတ္ဝာ ကတေကသေသံ ပုရိသာတိပဒံ တဒ္ဓိတံယေဝ ဘဝတိ, န သုဒ္ဓနာမံ၊ ( ဤပုရိသာသည် နာမ်ပုဒ်သန့်သန့် မဟုတ်, ဧကသေသ်အစီအရင် ရောနေသည်-ဟူလို၊ ) တသ္မာ တဒ္ဓိတန္တိ အပစ္စာဒိအတ္ထေသု ပဝတ္တာနံ ဏာဒိပစ္စယာနံ နာမံ , ပရိကပ္ပါဒိဝသေန နိပ္ဖါဒေတဗ္ဗဿ ဝိဓိနောပိ နာမံ။ [ ပရိကပ္ပဖြင့် ဧကသေသ်စီရင်ခြင်းကိုပြ၍, အာဒိဖြင့် သဉ္ဇာအစီအရင်ကိုပြသည်။ ]

---

၂၇၀။ **ဘေဒါပေါကသေသတာ**။ ။"ပရိကပ္ပါပေါနိပ္ဖါဒေတဗ္ဗကမ္မံ" ဖြင့် ဧကသေသ်ကို ရည်ရွယ်ရကား ထို ဧကသေသ်ကိုပြလို၍"ဘေဒသံသဋ္ဌ" စသည်မိန့်၊"ပုရိသောစ ပုရိသောစ" ၂ ပုဒ်၏အရသည် ယောကျ်ားဒြပ် ၂ ခု ရ၏၊ ဤသို့ အနက်အရ ( ၂ ခုဖြစ်၍ ) ကွဲပြားသော များသောအနက်ရှိသော သဒ္ဒါအပေါင်းကို အတူတကွဆို လိုလျှင် ထို သဒ္ဒါသည် သဟာဗ္ဘစနိစ္ဆာသဒ္ဒါ မည်၏၊ [ သဟ–အတူတကွ + ဝစနေ– ဆိုခြင်း၌+ ဣစ္ဆာ– အလိုတည်း၊ သဟာဗ္ဘစနိစ္ဆာ-လို၊ သဟာဗ္ဘစနိစ္ဆာယ+ ပဝတ္တံ+ဝစနံ–သဟာဗ္ဘစနိစ္ဆာဝစနံ။ ] ထို သဟာဗ္ဘနိစ္ဆာဝစနသည်ပင်( ဒွန်အရာ၌ ဒွန်သမာသ် မတွဲဘဲ) ဧကသေသ် ဖြစ်လာသည်–ဟူလို။

**မှတ်ချက်**။ ။ဘေဒသံသဋ္ဌ – ကွဲပြားသောအနက်ရှိသော သဒ္ဒါတို့ကို ရောမှ ဧကသေသ်ဟု ဆိုသောကြောင့် အနက်တခုထည်းကို ကြောက်ခြင်း စသည်ကြောင့် "သပ္ပေါ သပ္ပေါ" ဟု ဆိုရာ၌ ဧကသေသ်မဖြစ်နိုင် ဟု မှတ်။

www.dhammaransi.com



၂၇၁။ နေကတ္တာဘိဟိတေနေက-သဒ္ဒတ္ထာ ပတိပဇ္ဇတေ၊
ဒွိဗ္ဗပဒတ္ထိကေနေက, သေသော တိမုနိသတ္တကော။

၂၇၁။ တိမုနိ ပတ္တကေ – ရသေ့ ၃ ယောက်တို့ စီရင်အပ်သော ပါဏိနိကျမ်း၌၊ ဒွိပဒတ္ထိကေန – ဒွိဗ္ဗပဒတ္ထိက ဆရာသည်၊ အနေက ဗ္ဗေ-များသောအနက်ကို၊အဘိဟိတေ-ဟောလိုအပ်သော်၊အနေက သဒ္ဒတ္တာ–များသော သဒ္ဒါ၏ အဖြစ်ကြောင့်၊ ဝါ– သဒ္ဒါများနေမည် စိုးသောကြောင့်၊ (ဧကေန – တခုသောသဒ္ဒါသည်၊ ဘဝိတုံ–ဖြစ်ခြင်း ငှါ၊) ဧကသေသော– ဧကသေသ်ကို၊ ပတိပဇ္ဇတေ – သိအပ်၏။

၂၇၂။ စန္ဒသတ္တေ ပနေကော ဒွေ့, ဟံ မယန္တျာဒယော ယထာ၊
တထာ သဒ္ဒေကဗဟွတ္ထာ, နေကသေသောတိ ဝုစ္စတိ။

၂၇၂။ စန္ဒသတ္တေပန– စန်းကျမ်း၌ကား၊ ဧကော - တခု၊ ဒွေ- ၂ ခုတို့၊ အဟံ-ငါ၊ မယံ-ငါတို့၊ ဣတိအာဒယော- ဤသို့အစရှိသော သဒ္ဒါတို့သည်၊ ဧကဗဟွတ္ထာ - တခုသော အနက် , များသော အနက် ရှိကုန်သည်၊ ဟောန္တိ ယထာ- ဖြစ်ကုန်သကဲ့သို့၊ တထာ– ထို၊ သဒ္ဒါ-ပုရိသော ပုရိသာစသော သဒ္ဒါတို့သည်၊ ဧကဗဟွတ္ထာ – ကုန်သည်၊ ဟောန္တိ- န်၏၊ ဧကသေသော- ဧကသေသ်ကို၊ န(ကာတဗ္ဗော)-ပြုအပ် သည် မဟုတ်၊ ဣတိ- သို့၊ ဝုစ္စတိ- စန်းကျမ်းဆရာ ဆိုအပ်၏၊

၂၇၁။ ။“တိမုနိ”ဟူသည် ပါဏိနိ, ပါတဉ္စလိ, ပါသုကိ ရသေ့ ၃ ယောက် တည်း၊ ထို ၃ ယောက်တွင် မူလသုတ်ကို ပါဏိနိရသေ့က စတည်၍, ဝုတ္တိကို ပါတဉ္စလိရသေ့, ဥဒါဟရဏ်ကို ပါသုကိရသေ့စီရင်သောကြောင့် ပါဏိနိသဒ္ဒါ ကျမ်းကို “ တိမုနိသတ္တက”ဟု ခေါ်သည်၊ ထိုကျမ်း၌ ဒွိဗ္ဗပဒတ္ထိကဆရာသည် အနက်ခြံမ်များစွာကိုဟောလိုရာ၌ အနက်များသလောက် သဒ္ဒါတွေ များမည် စိုးသောကြောင့် သဒ္ဒါတခုထည်းဖြစ်အောင် ဧကသေသ်ကို စီရင်သည်။

---

၂၇၂။ ။စန်းကျမ်း၌ကား ဧကော—အဟံသဒ္ဒါတို့သည် အနက်တခုကို ဟော၍, ဒွေ—မယံ သဒ္ဒါတို့သည် (ဧကသေသ် မပြုရဘဲ)အနက် ၂ ခု အနက် အများကို ဟောကြသကဲ့သို့ , ထို့အတူ “ ပုရိသော ” စသော သဒ္ဒါတို့သည် ယောကျ်ားတယောက်စသော အနက်ကိုဟော၍ , ပုရိသာစသော သဒ္ဒါတို့က ယောကျ်ား ၂ ယောက်မှစ၍ အများကိုဟောခြင်းသည် သဒ္ဒါ၏ အစွမ်းသတ္တိ အတိုင်းပင် ပြီးစီး၏၊“အများကိုဟောဘို့ရာ ဧကသေသ်ပြုဘွယ်မလို”ဟူလို။

www.dhammaransi.com



၂၇၃။ ဝေံပုစ္ဆကထာဒီသု, မုနိန္ဒသမယညုနာ၊
ဝုတ္တတ္တာ ကေသသဿ, လက္ခဏံ ကိဉ္စိ လက္ခယေ။

၂၇၄။ ဝေံပိ - ဤသို့ စန်းကျမ်း၌ ဆိုအပ်ပါသော်လည်း၊ အဋ္ဌကထာဒီသု-အဋ္ဌကထာ ဋီကာတို့၌၊ မုနိန္ဒသမယညုနာ-ဘုရား့အလိုတော်ကိုသိသော အဋ္ဌကထာဋီကာဆရာသည်၊ ဝုတ္တတ္တာ-ကေသေသ်ကို ပြဆိုအပ်သည်၏အဖြစ်ကြောင့်၊ ကေသေသဿ- ကေသေသ်၏၊ လက္ခဏံ-လက္ခဏာကို၊ကိဉ္စိ-အနည်းငယ်၊လက္ခယေ-မှတ်သားရာ၏။

၂၇၄။ လိင်္ဂေကသေသတ္တံ ကေစိ, အနိမိတ္တကဘာဝတော၊
ဝိဘတျန္တေကသေသတ္တ, မေကေ သမယပါလကာ။

၂၇၄။ ကေစိ-အချို့ဆရာတို့သည်၊ ကေသေသဿ-ကေသေသ်၏၊ အနိမိတ္တကဘာဝတော-နှောင်းသော နိမိတ်မရှိသော အစီအရင်၏ အဖြစ်ကြောင့်၊လိင်္ဂေကသေသတ္တံ-ဝိဘတ်မသက်ရသေးသော လိန်၏ ကေသေသ် အဖြစ်ကို၊ ဝဒန္တိ - ဆိုကုန်၏၊ သမယပါလကာ – ရှေးအယူကို စောင့်ရှောက်ကြကုန်သော၊ ဧကေ – အချို့ ဆရာတို့သည်၊ ဝိဘတျန္တေကသေသတ္တံ – ဝိဘတျန္တပုဒ်၏ ကေသေသ် အဖြစ်ကို၊ ဝဒန္တိ- ဆိုကုန်၏၊

၂၇၃။ ။စန်းကျမ်းက "ကေသေသ်ပြုဘွယ်မလို"ဟု ဆိုပါသော်လည်း ဘုရား့အလိုတော်ကို သိသော အဋ္ဌကထာဆရာသည် "နာမဉ္စ+ရူပဉ္စ+နာမရူပဉ္စ နာမရူပံ"ဟုရင်း, "သဠာယတနဉ္စ + ဆဠာယတနဉ္စ (ခြောက်ခုမြောံမနာယတနလည်း )သဠာယတနံ"ဟုရင်း ပဋိစ္စသမုပ္ပါဒဝိဘင်္ဂအဋ္ဌကထာ၌ ကေသေသ်ကို ဆိုထားသောကြောင့် "ကေသေသ်"ဟူသော ပါဠိအသုံး ရှိရကား ထိုကေသေသ်၏သဘောလက္ခဏာတို့ကို အနည်းငယ်မျှ မှတ်သားတိုက်ပါသည်—ဟူလို။

၂၇၄။ လိင်္ဂေ ၊ပေ၊ ဘာဝတော။ ။[ဝိဘတ်မသက်မီ " လိင် " ဟု ခေါ်၍ ဝိဘတ်သက်ပြီးသောအခါ"ပဒ"ခေါ်သည်—ဟု ရှေးဦးစွာ နားလည်ပါစေ။ ] ကစ္စည်းကျမ်း – ကေသေသ်စီရင်သော " သရူပါနံ•မေကသေသွသကိံ "သုတ်သည် နောံကနှောင်းသော နိမိတ်မရှိဘဲ ကေသေသ်ပြု၏၊ ဤသို့ နှောင်းသော နိမိတ်မရှိသောကြောင့် "ပုရိသ,ပုရိသ" ဟု"ဝိဘတ်မပါသော လိန်ကိုသာ ကေသေသ်ပြုရမည်"ဟု ကေစိဆရာတို့ ဆိုကြသည်။

www.dhammaransi.com



၂၇၅။ သရူပသမုဒါယေက-သေသတ္တံ-မပရေ ဝိဒူ၊
ဧကစ္စေဝ မတ္တဗျာချာနေ, တယောပေက္ခာ ဝဝတ္ထိတာ။

၂၇၅။ အပရေ-တပါးကုန်သော၊ ဝိဒူ-ပညာရှိတို့သည်၊ သရူပ သမုဒါယေကသေသတ္တံ-သုတိတူ ပုဒ်အပေါင်း၏ တခုကြွင်း၏ အဖြစ်ကို၊ ဝဒန္တိ - ဆိုကြကုန်၏၊ ဧကစ္စေဝံ - ဤသို့၊ အတ္တဗျာချာနေ -- အတ္ထ ဗျာချာန်ကျမ်း၌၊ တယော-သုံးပါးကုန်သော၊ ပက္ခာ-အဘို့အစုတို့ကို၊ ဝဝတ္ထိတာ-ပိုင်းခြားအပ်ကုန်ပြီ။

၂၇၆၊ ကောကာရကတ္တမေဝ, အဗုဒ္ဓိဥ နိဒဿိတုံ၊
ဗျာသတ္တဥ ဝိဘတျန္တံ, စသဒ္ဒေါစ ကရိယတေ။

၂၇၆။ အဗုဒ္ဓိ-မသိအပ်သော၊ (စအနက် မရှိ၊) ကောကာရက တ္တမေဝ – တူသော ကာရကရှိသည်၏ အဖြစ်ကိုငင်း၊ ဗျာသတ္တဥ–

ဝိဘတျန္တေ၊ပေ၊ပါလကာ။ ။" န ကေဝလာ ပယုဥ္ဇန္တိ, ပကတိ နစ ပစ္စယာ=ပစ္စည်းဝိဘတ်မပါဘဲ လိန်ချည်းသက်သက် ဓာတ်ချည်းသက်သက် မသုံးစွဲရ၊ လိန်ဓာတ်မပါဘဲ ပစ္စည်းဝိဘတ်ချည်း သက်သက်လည်း မသုံးစွဲရ" ဟု ရှေးဆရာတို့၏ ပရိဘာသာရှိ၏၊ ထိုရှေးဆရာတို့၏အယူကို စောင့်ရှောက် သောဆရာတို့ကမူ " ပုရိသော , ပုရိသော " ဟု ဝိဘတ်ဆုံးသောပုဒ်ကိုသာ ကေသေသ်ပြုရမည်-ဟု ဆိုကြသည်။

---

၂၇၅။ သရူပ၊ပေ၊ဝိဒူ။ ။အပရေဆရာတို့ကား "ပုရိသ–ပုရိသ"ဟု သုတိတူသောပုဒ်အပေါင်းကို "ကေသေသ်"ပြုရမည်ဟု ဆိုကြ၏၊ ဆိုလိုရင်း ကား - ရှေ့ ၂ ဝါဒ၌ ၂ ပုဒ်ရှိလျှင် တပုဒ်ကိုချေ၍, ၃ ပုဒ် စသည်ရှိလျှင် ၂ ပုဒ် စသည်ကိုချေ၍ တပုဒ်ထည်း ကြွင်းကျန်စေခြင်းကို " ကေသေသ် "ဟု ဆို၏၊ ဤ အပရေဝါဒကား မချေဘဲ ပုရိသ ၂ ပုဒ်ကို ( သို့မဟုတ် ၃ ပုဒ်စသည်ကို) တပုဒ်ထည်း ပြုခြင်းတည်း၊ ဤသို့ " အတ္တဗျာချာန် " ဟု ခေါ်အပ်သော သဒ္ဒတ္ထသဒ္ဒါကျမ်း၌ ( ရှေ့ ၂ နည်းရော , ဤဂါထာလာ နည်းပါ ) ၃ ဘို့ ( ၃ နည်း ) ကို ပိုင်းခြား သတ်မှတ်ထားသည်။

---

၂၇၆။ ဝိဘတ်မပါဘဲလည်း ကေသေသ်ကို ပြုစီရင်နိုင်လျှင် " ပုရိသောစ ပုရိသောစ"ဟု ဝိဘတ်လည်းပါသော စသဒ္ဒါလည်းပါသော ဝိဂ္ဂဟ်ဝါကျကို အဘယ်အကျိုးငှါ ပြုရသနည်း"ဟု မေးဘွယ်ရှိသောကြောင့် "ကော၊ပေ၊ကရိ

www.dhammaransi.com



အကျယ်ဖြစ်သော ဝိဂ္ဂြိုဟ်အနက်ကိုဧင်း၊ နိဒဿိတုံ – ညွှန်ပြခြင်းငှါ၊ ဝိဘတျန္တံ - ဝိဘတျန္တပုဒ်ကိုဧင်း၊ စသဒ္ဒေါစ - စသဒ္ဒါကိုဧင်း၊ ကရီယတေ-ပြုအပ်၏။

၂၇၇။ စတုသာဓာရဏော ဂေါ၀, ဒီပေါ၀ သနိဒဿနော၊
ဝိဘတ္တိယာ တထေကာယ, နေကသင်္ချာ ပတီယတေ။

၂၇၇။ ဂေါ - နွားတကောင်သည်၊ စတုသာဓာရဏော – လူ ၄ ယောက်တို့နှင့် ဆက်ဆံသည်၊ ဝါ-လူ ၄ ယောက်တို့၏ ဥစ္စာသည်၊ (ဟောတိ) ဣဝ – ဖြစ်သကဲ့သို့ဧင်း၊ ဒီပေါ– ဆီမီးတပွင့်သည်၊ သနိဒဿနော– အခန်းတွင်း၌ ရှိသမျှ ဥစ္စာကို ပြနိုင်သည်၊ ( ဟောတိ ) ဣဝ-ဧင်း၊ တထာ-တူ၊ ဧကာယ-တလုံးတည်းသော၊ ဝိဘတ္တိယာ-ဝိဘတ်ဖြင့်၊ အနေကသင်္ချာ–များသောသင်္ချာကို၊ ပတီယတေ-၏။

ယတေ”ဟု မိန့်သည်၊ ကေသေသ်ပြုရသောပုဒ်တို့သည်“ဝိဘတ်တူရမည်”ဟု မသိသာ မထင်ရှား၊ “သရူပါနံ ”ဟု ဆိုသောကြောင့် ဝိဘတ်မတူစေကာမူ သုတိ (အသံ)တူလျှင် “ ပုရိသာ ပုရိသာ အပယန္တိ – ယောက်ျားတို့သည် ယောက်ျားတယောက်မှ ဖဲသွားကုန်၏ ” ကဲ့သို့ ပုရိသာပုဒ်တို့၌ ကေသေသ် ပြုနိုင်၏–ဟု ထင်မှားဘွယ်ရှိ၏။

ထို့ကြောင့် ကေသေသ်ပြုအပ်သောပုဒ်တို့၌“ကတ္တားချင်း ကံချင်းစသည် ဖြင့် ကာရကတူရမည်”ဟု သိစေခြင်းငှါ “ ပုရိသော ပုရိသော ” ဟု ဝိဘတ်တူသော ဝိဘတျန္တပုဒ်များကို ပြရသည်၊ ထို ကေသေသ်ဝယ် “ ပုရိသော ပုရိသော ”၌ ( ရှေ့ပုရိသောအနက်သည် ယောက်ျားတယောက် , နောက်ပုရိသောအနက်ကလည်း ယောက်ျားတယောက်ဖြစ်၍ အရကွဲ၏၊ အရကွဲလျှင် ဒွန်တွဲရိုးထုံးစံ ရှိ၏၊ ထို့ကြောင့် ဒွန်ဝိဂ္ဂြိုဟ် ပြုရမည် ဟု( အကျယ်ဖြစ်သော ဝိဂ္ဂြိုဟ်နက်ကို ) သိစေခြင်းငှါ စသဒ္ဒါကိုလည်း ထည့်၍ပြရသည်။

**မှတ်ချက်။** ။ ဗျာသ၌ “ဝိ+အသ+ ဏပစ္စည်း၊ “သခ်ေပတ္တံ ဗျာဿတိ ဧတေနာတိ ဗျာသော”နှင့်အညီ သမာသ်ပုဒ် တဒ္ဓိတ်ပုဒ်တို့၏ အကျဉ်းအနက်ကို အကျယ်သိကြောင်းဖြစ်သောကြောင့် ဝိဂ္ဂြိုဟ်ကို “ဗျာသ”ဟု ခေါ်၏။

---

၂၇၇။ စတုသာဓာရဏော ဂေါ၀။ ။ ကေသေသ် ပြုထားသော ပုရိသသဒ္ဒါ တပါးထည်းက အနက်အများကို ဟောလျှင် ဝိဘတ်ကိုလည်း တခုသာ မကဘဲ ဝိဘတ်အများသက်သင့်သည် မဟုတ်ပါလော၊ အဘယ်နည်း အရ ဝိဘတ်တခုတည်းဖြင့် အနက်အများကို သိနိုင်ပါသနည်းဟု မေးဘွယ်

www.dhammaransi.com



၂၇၈။ ကေစိ အပစ္စယတ္တာ တံ, သုဒ္ဓနာမပဒန္တိ စ၊
အပရေ ပရိကပ္ပေန, ပစ္စယေ ဝိဂတေပိ စ။

၂၇၉။ တဒ္ဓိတန္တိ စ ကေစ္စေ, ဥန္နန္တိ စ အဘာဝတော၊
တံလက္ခဏာသ တံနာမေ–နေကသေသော ဟောတိ လက္ခယေ။

၂၇၈,၉။ ကေစိ– အချို့ဆရာတို့သည်၊ အပစ္စယတ္တာ– ပစ္စည်းမရှိသည်၏ အဖြစ်ကြောင့်၊ တံ-ထို ကေသေသကို၊ သုဒ္ဓနာမပဒန္တိ စ-သက်သက်သော နာမ်ပုဒ် ဟူ၍လည်း၊ ဝဒန္တိ-ဆိုကြကုန်၏၊ အပရေ-တပါးသော ဆရာတို့သည်၊ ပစ္စယေ– ပစ္စည်းသည်၊ ဝိဂတေပိ–ကင်းပါသော်လည်း၊ ပရိကပ္ပေန- ဉာဏ်ဖြင့် ကြံစည်ပြုလုပ်ခြင်းအားဖြင့်၊

ရှိသောကြောင့် “စတုသာခာရဏော” စသည်မိန့်၊ နွားတကောင်သည် လူ ၄ ယောက်နှင့်ဆက်ဆံသကဲ့သို့ ဝိဘတ်တခုလည်း အနက် ၄ ခုနှင့်ဆက်ဆံနိုင်၏၊ “ပုရိသောစ ပုရိသောစ ပုရိသာ”ဟု ပြုရာ၌ ယောဝိဘတ်သည် ကေဝုစ်သင်္ချာ ၂ ခုနှင့် ဆိုင်၏၊“ပုရိသာစ ပုရိသာစ ပုရိသာ”ဟု ပြုရာ၌ကား ဗဟုဝုစ်သင်္ချာ ၂ ခုနှင့် ဆိုင်၏၊ ဤသို့ ယောဝိဘတ်တခုသည် နွားတကောင်နှင့်တူ၏၊ သင်္ချာလေးခုကား ပိုင်ရှင် ၄ ယောက်နှင့်တူသည်။

**မှတ်ချက်။** ။ “တတ္ထ စတုသာခာရဏောတိဝစနံ ဒွိသု ပုရိသသဒ္ဒေသု ဧကေကသ္မိံ ဧကတ္တဗဟုတ္တသင်္ချာဝသေန စတသောသင်္ချာတိကတွာ ဝုတ္တံ” ဟု ဒီပနီဖွင့်သည့်အတိုင်း ပြခဲ့သောအဓိပ္ပါယ်ကို ဆိုရသည်၊ သို့သော် ဒီပနီအဖွင့်သည် ကျမ်းဆရာ၏ရည်ရွယ်ချက်အတိုင်း ဟုတ်မှ ဟုတ်ပါ့မလား– ဟု သံသယဖြစ်မိ၏၊ “ပုရိသောစ ပုရိသောစ” ဟု ဝိဂ္ဂြိုဟ်ပြုသောအခါ စနောင်ဝိဘတ်နှင့်တကွ သိဝိဘတ် ၄ လုံးသက်ရ၏၊ “ ပုရိသာ” ဟု ပြီးသောအခါ ယောဝိဘတ်တလုံးထည်း သက်ရ၏၊ ထို ယောတလုံးထည်းက သိ ၄ လုံး၏ သင်္ချာ ၄ ခုနှင့် ဆက်ဆံသည်ကိုပင်“စတုသာခာရဏော ဂေါ၀”ဟု ဥပမာ–ပြလေသလော ဟု တွေးတောမိသည်။

**ဒီပေါ၀ သန္နိဒဿနော။** ။ [သဿ–ဥစ္စာကို+နိဒဿနော-ထင်ရှားပြတတ်သည်တည်း၊ သနိဒဿနော–သည်။] မီးသည် တပွင့်ထည်းဖြစ်သော်လည်း ပတ်ဝန်းကျင်၌ ရှိသမျှအရာဝတ္ထုကို ထင်ရှား ပြတတ်သကဲ့သို့ ဗဟုဝုစ်ဝိဘတ်သည် တလုံးတည်းသက်ရသော်လည်း ယောကျ်ား ၂ ယောက်မှစ၍ ရာထောင်မက များသောအနက်ဒြပ်တို့ကို ထင်ရှားပြနိုင်သည်။[ဆီမီးတပွင့်နှင့် ဝိဘတ်တလုံး, ပတ်ဝန်းကျင်ဥစ္စာအများနှင့် အနက်အများတို့ တူကြသည်။]

www.dhammaransi.com



တဒ္ဓိတန္တိ စ-တဒ္ဓိတ်ဟူ၍လည်း၊ ဝဒန္တိ- နှ်၏၊ ကေစ္စေ- အချို့ဆရာတို့သည်၊ဒွန္ဒန္တိ စ-ဒွန်သမာသ်ဟူ၍လည်း၊ ဝဒန္တိ-နှ်၏၊ တံလက္ခဏာဿ- ထို သုဒ္ဓနာမ် , တဒ္ဓိတ် , ဒွန်သမာသ် လက္ခဏာ၏၊ အဘာဝတော- မရှိခြင်းကြောင့်၊ တံနာမေန - ထို ကေသေသ်ဟူသော နာမည်ဖြင့်၊ ကေသေသောတိ- ကေသေသ်ဟူ၍၊ လက္ခယေ - မှတ်သားရာ၏။

၂၇၈, ၉။ **ကေစိ၊ပေ၊သုဒ္ဓနာမပဒံ ။** ။ ဤ ကေသေသ်ကို သုဒ္ဓနာမ်, သမာသ်, တဒ္ဓိတ်တို့တွင် အဘယ်၌ သွင်းရမည်နည်း ဟု မေးဘွယ်ရှိရကား ဝါဒအမျိုးမျိုးကို ပြလိုသောကြောင့် "ကေစိ"စသည်မိန့်၊ "တဒ္ဓိတ်"ဟူသည် ဏ စသော ပစ္စည်းတည်း၊ ဤ ကေသေသ်၌ ထို ပစ္စည်း မပါသောကြောင့် တဒ္ဓိတ်မဟုတ်၊ "သမာသ်–တဒ္ဓိတ်–ကိတ်တို့နှင့်မရောသော သုဒ္ဓနာမ်ပုဒ်သာ တည်း"ဟု ကေစိဆရာတို့ကဆိုကြသည်။ [ပုရိသောတပုဒ်ထည်းဖြစ်လျှင်သာ ပုရဓာတ်၌ ဣသပစ္စည်း ပါဝင်၏၊ " ပုရိသောစ ပုရိသောစ ပုရိသာ " ဟု ပြီးသော ပုရိသာ၌ကား ပစ္စည်းမပါ–ဟူလို။]

**အပရေ၊ပေ၊တဒ္ဓိတံ။** ။ "ဝိစိတြာ ဟိ တဒ္ဓိတဝုတ္တိ"နှင့် အညီ တဒ္ဓိတ် ဟူသော ဝုတ္တိသည် ဆန်းကြယ်ရကား ပစ္စည်း မပါစေကာမူ ကေသေသ်ကို ကြံစည်ပြုလုပ်ခြင်းဟူသော ပရိကပ္ပသည်လည်း ဆန်းကြယ်၏၊ ထို့ကြောင့် " ကေသေသ်သည် တဒ္ဓိတ်တမျိုးတည်း "ဟု အပရေ ( သဒ္ဒနီတိ ) ဆရာတို့ ဆိုကြ၏၊ [ တဒ္ဓိတ် ဟု သဒ္ဒနီတိက ဆိုကြောင်းကို ( ၂၆၉ ) ဂါထာ၌ ပြခဲ့ပြီ။ ]

**ကေစ္စေ ဒွန္ဒန္တိ ။** ။ ကေစ္စေ ဆရာတို့ကမူ "ပုရိသောစ ပုရိသောစာတိ ပုရိသ ပုရိသ"ဟု ပဋ္ဌမပြီးရသောကြောင့် ဒွန်သမာသ်ဟု ဆိုကြ၏၊ ဤစကားသည် ရူပသိဒ္ဓိကိုစောင်းသောစကားတည်း၊ ဘာကြောင့်နည်း၊.... ရူပသိဒ္ဓိ၌ "ဒသစ ဒသစ ဒသဒသတိ ဒွန္ဒသမာသေ"ဟု ဆိုထားသောကြောင့်တည်း။

**အဘာဝတော၊ပေ၊ကေသေသော၊** ။"သုဒ္ဓနာမ်"ဟူသည် တိဿ– ဒိဋ္ဌတို့ကဲ့သို့ ဓာတ်ပစ္စည်းမပါသော နာမ်ပုဒ်များတည်း။ [ ဋီကာဒိပနီတို့၌ "ပုရိသော"ကိုပင် သုဒ္ဓနာမ်ဟု ဆိုကြ၏၊ ပုရဓာတ်+ဣသပစ္စည်းဖြစ်၍ ကိတ် နာမ်သာ ဖြစ်သင့်၏။ ] " ပုရိသာ "၌ ထိုပြခဲ့သော သုဒ္ဓနာမ်လက္ခဏာလည်း မရှိ၊ ပစ္စည်း မပါသောကြောင့် တဒ္ဓိတ်လက္ခဏာလည်း မရှိ၊ ဒွန် ဆိုသည်မှာ သဒ္ဒါကဲ့၍ ၂ ပုဒ်လုံး ထင်ရှားရှိရ၏၊ ဤ၌ သဒ္ဒါလည်းတူ–တပုဒ်ထည်းသာ ကျန်သောကြောင့် ဒွန်လက္ခဏာလည်း မရှိ၊ ထို့ကြောင့် ကေသေသ်ကို ကေသေသ် ဟု သီးခြားတမျိုး မှတ်ရမည်ဟု ဘေဒစိန္တာဆရာ ကောက်ချက်ချသည်။

www.dhammaransi.com



၂၀၀။ ကေသေသ ပကပ္ပေန, ပူရေန္တီတိ ကိတေနဝါ၊
ပုရိသာတိ ပုရိဋ္ဌာနေ , သေန္တီတျုပပဒေနဝါ။

၂၀၀။ ကေသေသ ပကပ္ပေန-ကေသေသ်ကြီးခြင်းဖြင့် သော်၎င်း၊ ပူရေန္တိ - ပြည့်စေတတ်ကုန်၏၊ ဣတိ – ဤ ဗဟုဝုစ်ဝစနတ္ထကြောင့်၊ ပုရိသာ - ပုရိသတို့မည်၏၊ ဣတိ – ဤသို့၊ ကိတေနဝါ – ကိတ်ပုဒ်ဖြင့် သော်၎င်း၊ ပုရိဋ္ဌာနေ-မြင့်မြတ်သောအရာ၌၊ သေန္တိ-ဖြစ်တတ်ကုန်၏၊ ဣတိ-သို့၊ ဥပပဒေန ဝါ-ဥပပဒသမာသ်ဖြင့် သော်၎င်း၊ ဝါ-အနီးပုဒ်ရှိသော ကိတန္တတပ္ပုရိသ်သမာသ်ဖြင့် သော်၎င်း၊ ပုရိသာတိ-ပုရိသာဟူသော ဗဟုဝုစ်သဒ္ဒါသည်၊ ဟောတိ–ဖြစ်နိုင်၏။

၂၀၁။ မာတရော ပိတရော သာရိ-ပုတ္တာ ပုတ္တာတိ အာဒိသု၊
ကေသေသော ဝိရူပါနံ,ဝုတ္တော ယောဂဝိဘာဂတော။

၂၀၁။ မာတရော–အမိအဘတို့၊ ပိတရော-အမိအဘတို့၊ သာရိပုတ္တာ–သာရိပုတ္တရာ မောဂ္ဂလ္လာန်တို့၊ ပုတ္တာ– သား သမီးတို့၊ ဣတိ အာဒိသု–ဤသို့ အစရှိသော ပြယုဂ်တို့၌၊ ဝိရူပါနံ– သုတိမတူသော သဒ္ဒါတို့၏၊ ကေသေသော – ကေသေသ်ကို၊ ယောဂဝိဘာဂတော-ယောဂဝိဘာဂဖြင့်၊ ဝုတ္တော- ဆိုအပ်ပြီ။

၂၀၀။ ။"ပုရိသာ"ဟု ဗဟုဝစနန္တပုဒ်၏ ဖြစ်နိုင်ကြောင်း နည်းအမျိုးမျိုးကို ပြလိုသောကြောင့် "ကေသေသပကပ္ပေန"စသည်မိန့်၊ ပြခဲ့သောနည်းအရ ကေသေသ်ပြုလုပ်ခြင်း နည်းအားဖြင့်လည်း " ပုရိသာ " ဟု ပြီးနိုင်၏၊

" ပူရေန္တီတိ ပုရိသာ "ဟု ဗဟုဝုစ် ဝိဂ္ဂဟပြုခြင်းအားဖြင့်လည်း "ပုရိသာ"ဟု ကိတ်ပုဒ်အဖြစ်ဖြင့် ပြီးနိုင်၏၊ ပုရိပုဒ်ကို ဥတ္တဋ္ဌာန သေဋ္ဌဋ္ဌာန (မြင့်မြတ်သော အရပ်)အနက်ဟော နိပါတ်ဟု ကြံ၍ ထိုပုရိနောင် သီ°ဝိဘတ်ကို ချေလျက် "ပုရိ+သေန္တီတိ ပုရိသာ"ဟု ကိတန္တတပ္ပုရိသ်သမာသ်ဖြင့်လည်း"ပုရိသာ" ဟု ပြီးနိုင်သည်၊ ဤသို့"ပုရိသာ"ဟု ဗဟုဝစနန္တပုဒ်ပြီးဘို့ရန် ၃ နည်းရှိသည်- ဟူလို။ [သေန္တီ၌ သိဓာတ်သည် ပဝတ္တနအနက်ဟော။]

---

၂၀၁ ။ ။ သရူပေကသေသ်ကို ပြပြီး၍ ဝိရူပေကသေသ်ကို ပြလိုသောကြောင့်"မာတရော"စသည်မိန့်၊ မာတာစ+ပိတာစ မာတရော-အမိအဘတို့၊ ဤ၌ သုတိမတူသော မာတုနှင့်ပိတုကို ကေသေသ်ပြုသောကြောင့်"ဝိရူပါနံ+

www.dhammaransi.com



၂၀၂။ မာတရော ပိတရော နာမ, ရူပံ တျာဒီသု ပုဗ္ဗကံ၊
ပရံ ပရမ္ဗိဝါ ကေ, ဒေသော ဝါ ပျဝသိဿတေ။

၂၀၂။ မာတရော-အမိအဘတို့၊ ပိတရော-အမိအဘတို့၊ နာမရူပံ-နာမ်, ရုပ်, နာမ်ရုပ်၊ ဣတိအာဒီသု- ဤသို့ အစရှိသော ပြယုဂ်တို့၌၊ ပုဗ္ဗကံ - ရှေးဖြစ်သော၊ ပရံဝါ- ပုဒ်သည်သော်ငင်း၊ ပရံ-နောက်ဖြစ်သော၊ ပဒမ္ဗိဝါ- ပုဒ်သည်သော်ငင်း၊ ကေဒေသောဝါပိ-တစိတ်တဒေသသည်သော်ငင်း၊ အဝသိဿတေ-ကြွင်းကျန်၏။

ကေသေသော”နှင့် အညီ “ဝိရူပေကသေသ်”မည်၏၊ ရှေ့ပုဒ်တခုကို အကြွင်းပြုသောကြောင့် “ ပုဗ္ဗဝိရူပေကသေသ ” ဟု ဆိုကြ၏၊ “ မာတာစ+ပိတာစ ပိတရော ” ကား နောက်ပုဒ်ကို အကြွင်းပြုသော ပရဝိရူပေကသေသ်တည်း၊ “သာရိပုတ္တောစ+မောဂ္ဂလ္လာနောစ သာရိပုတ္တာ၊ ပုတ္တောစ+ဓီတာစ ပုတ္တာ” တို့လည်း ပုဗ္ဗဝိရူပေကသေသ်တို့တည်း၊ ထိုပုဒ်များ၌ သရူပါနံကိုဖြုတ်၍“ကေသေသွ သကိံ”ဟူသော ဒွိဓာကရဏယောဂဝိဘာဂဖြင့် ကေသေသ်ပြုရသည် ဟု သိစေလို၍ “ကေသေသော ဝိရူပါနံ, ဝုတ္တော ယောဂဝိဘာဂတော” ဟု မိန့်သည်။

---

၂၀၂။ ။မာတရော၌ ရှေးပုဒ်ကို အကြွင်းပြုသောကြောင့် ပုဗ္ဗဝိရူပေကသေသ်, ပိတရော၌ နောက်ပုဒ်ကို အကြွင်းပြုသောကြောင့် ပရဝိရူပေကသေသ်, ဟု ဆိုခဲ့ပြီ၊ နာမရူပံ၌ကား “နာမဉ္စ+ရူပဉ္စ+နာမရူပဉ္စ”ဟု ဝိဂ္ဂဟပြု၍“နာမရူပ နာမရူပ” ဟု ဖြစ်သောအခါ အလယ်က ရူပနှင့်နာမကိုချေ၍ နာမနှင့်ရူပ တစိတ်ကြွင်းသောကြောင့် “ကေဒေသသရူပေကသေသ်”ဟု ဆိုသည်။ [ကေဒေသသရူပါနံ – တစိတ်တပိုင်း သုတိတူသော ပုဒ်တို့၏ + ကေသေသော– တပုဒ်ကြွင်းတည်း၊ ကေဒေသသရူပေကသေသော–တစိတ်သုတိတူ ပုဒ်တို့၏ တပုဒ်ကြွင်း။]

ဒီပနီ၌ကား“ရှေ့က နာမနှင့်ရူပကိုချေ၍ နောက် နာမရူပကြွင်းသည် ”ဟု ဆို၏၊ ဤသို့ ချေရာ၌လည်း ရှေ့က နာမနှင့် နောက်က နာမတစိတ်သည်ငင်း, ရှေ့က ရူပနှင့် နောက်က ရူပတစိတ်သည်ငင်း,သုတိတူသောကြောင့်“ကေဒေသ သရူပ”ဟူသော စကားနှင့်လျော်ပေသည်။ [“ နာမဉ္စ ရူပဉ္စ နာမရူပဉ္စ ”ဟု ၃ ပုဒ်တွဲရခြင်း၏အကြောင်းကိုကား ဝိဘင်းအဋ္ဌကထာ ပဋိစ္စသမုပ္ပါဒ်အဖွင့်များ၌ ရှုပါ။]

www.dhammaransi.com



၂၀၃။ ပစ္ဆာ ဧကွတိ သာမညာ, မေကသေသောပိ နိဋ္ဌိတော၊
တေနေက စေနံ ဟောတိ, နာမရူပန္တိ အာဒိသု။

၂၀၃။ နာမရူပန္တိအာဒိသု - နာမရူပံအစရှိသော ပြယုဂ်တို့၌၊ ဧကသေသေ-ဧကသေသ်သည်၊ နိဋ္ဌိတေ - ပြီးဆုံးလသော်၊ ပစ္ဆာ-နောက်၌၊ သာမညမ္ပိ - သာမညဇာတ်ကိုလည်း၊ အပေက္ခတိ-ငဲ့၏၊ တေန-ထို့ကြောင့်၊ ဧကဝစနံ-ဧကဝုစ်ဝိဘတ်သည်၊ ဟောတိ-၏။

၂၀၄။ သရူပသေဝ သဒ္ဒတ္ထ-သဒ္ဒတ္ထာနံ သဘာဝတော။
တိဗ္ဗိဓတ္တံ ယထာ မာသာ, ကုဋိလာ ပုရိသာတိစ။

၂၀၄။ သရူပသေဝ - သုတိ၏ပင်၊ သဒ္ဒတ္ထသဒ္ဒတ္ထာနံ- သဒ္ဒါ, အနက်, သဒ္ဒါအနက်တို့၏၊ သဘာဝတော-သဘောအားဖြင့်၊(ဧကသေသဿ - ဧကသေသ်၏၊ ) တိဗ္ဗိဓတ္တံ - သုံးပါး အပြားရှိသည်၏အဖြစ်သည်၊ (ဟောတိ)၊ ယထာ-ဥဒါဟရုဏ်တို့ကား၊ မာသာ-လ, မာသ်ပဲတို့၊ ကုဋိလာ–အကောက်အကောက်တို့၊ ပုရိသာ-ယောကျ်ားတို့၊ ဣတိစ-ဤသည်တို့တည်း။

၂၀၃ ။ ။ ဧကသေသ်တို့သည် များသောအားဖြင့် " ပုရိသာ " ကဲ့သို့ ဗဟုဝစနန္တသာရှိသော်လည်း " နာမရူပ " ဟု ဧကသေသ် ပြုပြီးသောအခါ နာမ်ရုပ် သာမညဇာတ်ကိုငဲ့၍ ဇာတျာပေက္ခ နည်းအားဖြင့် ဧကဝုစ် ဖြစ်နိုင်သည်။[ အာဒိဖြင့်"သဋ္ဌာယတနဉ္စ+ဆဋ္ဌာယတနဉ္စ သဠာယတနံ"ပုဒ်ကိုယူ။ ]

---

၂၀၄။ ။မာသာ—"သရူပသေဝ သဒ္ဒတ္ထာနံ"ကိုကြည့်၍"(သုတိတူ) သရူပေကသေသ်သည် ၃ မျိုးပြားပြန်၏" ဟု သိပါ၊ ထိုတွင်— မာသောစ—လလည်း+မာသောစ— မာသ်ပဲလည်း၊ မာသာ— လ, မာသ်ပဲတို့၊ ဤပုံစံသည် သဒ္ဒါသာ သုတိတူ၍ အနက်မတူသောကြောင့် သဒ္ဒသရူပေကသေသ် မည်၏။

ကုဋိလာ, ပုရိသာ။ ။ဝင်္ကောစ—( လအရေးကဲ့သို့ ကောက်သော ) အကောက်လည်း၊ ကုဋိလောစ—( ထယ်ကိုင်းကဲ့သို့ ကောက်သော) အကောက်လည်း၊ ကုဋိလာ-အကောက်အကောက်တို့၊ ဤပုံစံသည်"အကောက်"ဟူသော အနက်သာတူ၍ သဒ္ဒါမတူသောကြောင့် အတ္ထသရူပေကသေသ် မည်၏၊ "ပုရိသာ " ကား သဒ္ဒါအနက် ၂ ပါးစုံတူသောကြောင့် သဒ္ဒတ္ထသရူပေကသေသ် မည်၏။

www.dhammaransi.com



၂၀၅။ ဘုသော ရိတေပိ နေကတ္တံ, ဝိဏ္ဍာဝစန မီရိတံ၊
အာမေဍိတံ ပနေကတ္တံ, ဒွတ္တိက္ခတ္တုံ မုဒီရိတံ။

၂၀၅။ ဘုသော- အကြိမ်ကြိမ် အထပ်ထပ်၊ ဤရိတေပိ-ရွတ်ဆိုအပ်သော သဒ္ဒါတွင်လည်း၊ အနေကတ္တံ-များသော အနက်ရှိသော သဒ္ဒါကို၊ ဝိဏ္ဍာဝစနံ-ဝိဏ္ဍာသဒ္ဒါဟူ၍၊ ဤရိတံ-ဆိုအပ်၏၊ ဧကတ္တံ-တခုတည်းသော အနက်ရှိသော၊ ဒွတ္တိက္ခတ္တုံ- ၂ကြိမ် ၃ ကြိမ်၊ ဥဒီရိတံ ပန-ရွတ်ဆိုအပ်သောသဒ္ဒါကိုကား၊ အာမေဍိတံ-အာမေဍိတ်ဟူ၍၊ (ဤရိတံ-ဆိုအပ်၏။)

၂၀၆။ ဒွိတ္တံ ဝိဏ္ဍာယ မေကဿ, နေကတ္တဿ နိပါတနာ၊
နတ္တေဝါ ·မေဍိ ·တေ ဒွိတ္တံ, မေကတ္တတ္တာ ဘာသာဒိနာ၊
ဒေါသိဝ ဂတော ဘစ္စေ, ဒွိဘာဝံ နေကရူပတော။

၂၀၆။ နိပါတနာ - ယဒနုပပန္နာ နိပါတနာ သိဇ္ဈန္တိ သုတ်ကြီးဖြင့်၊ ဝိဏ္ဍာယံ-ဝိဏ္ဍာ၌၊ အနေကတ္တဿ-များသော အနက်ရှိသော၊ ဧကဿ-တခုသော ပုဒ်၏၊ ဒွိတ္တံ- ၂ပုဒ်၏ အဖြစ်သည်၊ ဝါ-ဒွေဘော်

၂၀၅ ။ ။ ဤဂါထာကား သရူပဧကသေသနှင့် စပ်၍ သုတိတူ ၂ ထပ်ဆိုရသော ဝိဏ္ဍာနှင့် အာမေဍိတ်တို့ကိုလည်း ပြသောဂါထာတည်း၊ "ဂါမေ ဂါမေ"ကဲ့သို့ ၂ ကြိမ်ဆို၍ ( အနက်ကား ၂ ရွာမက ) ရွာအများဟူသော အနက်ရှိသောသဒ္ဒါသည် ဝိဏ္ဍာမည်၏၊ အနက်တခုသာရှိ၍ (ကြောက်ခြင်း, စိတ်ဆိုးခြင်း , စသည်ကြောင့် ) ၂ ကြိမ် ၃ ကြိမ် ဆိုအပ်သော သဒ္ဒါသည် အာမေဍိတ်မည်၏။

**ထောမနိဒ်** ။ ။ အာ + မေဍ—ဥမ္မာဒေ၊ အာမေဍေန— အရူးသည်၊ အာစရိယတော —ပြုကျင့်အပ်၏၊ ဣတိ အာမေဍိတံ၊ အာမေဍိတံ ဝိယာတိ အာမေဍိတံ— အရူးသည် အထပ်ထပ်ပြုကျင့် ပြောဆိုအပ်သကဲ့သို့, ထို့အတူ အထပ်ထပ် ပြောဆိုအပ်သောစကားကို"အာမေဍိတ်"ဟု ခေါ်၏။

**မှတ်ချက်**။ ။ဤ အာမေဍိတ်၌ ဒီပနီက ၂ ကြိမ်သာ ဟု ဖွင့်သော်လည်း မောဂ္ဂလ္လာန်၌ " ယာဝဗောဓံ – နားထောင်သူ နားလည်သည့် တိုင်အောင် ၂ ကြိမ် ၃ ကြိမ်မက အထပ်ထပ်ဆိုနိုင်၏"ဟုမိန့်သည်။ [ဝိဏ္ဍာ၏ သဒ္ဒါနက်ကား (၂၀၇)ဂါထာ၌ လာလတ္တံ့။]

www.dhammaransi.com



သည်၊ ဟောတိ- ဖြစ်၏၊ အာမေဍိတေ - အမေဍိတ်၌၊ ဘယာဒိနာ - ကြောက်ခြင်း အစရှိသည်ကြောင့်၊ ဧကတ္ထတ္တာ- တခုသော အနက်ရှိသည်၏ အဖြစ်ကြောင့်၊ ဒွိတ္တံ- ၂ ပုဒ်၏ အဖြစ်သည်၊ ဝါ - ဒွေဘော်သည်၊ နတ္တေဝ-မရှိသည်သာ၊ ဧဒိသိဝ-ဤကဲ့သို့ ရှုအပ်သည်သာလျှင်ဖြစ်သော၊ ဂတိ – ဝိဓ္ဓာ, အာမေဍိတ်တို့၏ ဖြစ်ပုံကို၊( ဧဝံ ယျာ - သိထိုက်၏၊)ကေစိ –အချို့ဆရာတို့သည်၊ အနေကရူပတော-တနက်ထည်းပင်ရှိသော်လည်း များသော ရုပ်ကြောင့်၊ ဒွိဘာဝံ– ဒွေဘော်ကို၊(ဝဒန္တိ-ဆိုကြကုန်၏။)

၂၀၆။ ဒွိတ္တံ၊ပေ၊နိပါတနာ ။ ။ " ဂါမေဂါမေ "ဟူသော ဝိဓ္ဓာ၌ ရှေးဦးစွာ "ဂါမ"တည် သိ်ကို ပြေ၍ "ဂါမေ"ဟု ဖြစ်သောအခါ"ယဒနုပပန္နာ နိပါတနာသိဇ္ဈန္တိ"သုတ်ကြီးဖြင့် ဂါမေတပုဒ်ကို"ဂါမေဂါမေ"ဟု ၂ ပုဒ်ပြုရသည်။ [မောဂ္ဂလ္လာန် ၁-ကဏ္ဍ, ၅၄ ၌ကား"ဝိဓ္ဓာဘိက္ခညေသု ဒွေ"ဟု သုတ်တည်၍ ထိုသုတ်ဖြင့် "ဂါမေ ဂါမေ"ဟု ရုပ် ၂ ခုဖြစ်အောင် ပြု၏၊ ထိုသုတ်၌"အာဘိက္ခည"ဟူသည် အထပ်ထပ်အဖန်ဖန် ဖြစ်ခြင်းတည်း၊ အဘိက္ခဏဿ+ဘာဝေါ အာဘိက္ခညံ၊"ပစတိ ပစတိ—ချက်၏ ချက်၏"ကား ပုံစံ၊ "ဘုတ္ဝာ ဘုတ္ဝာ နိပဇ္ဇန္တိ—စားပြီး၍ စားပြီး၍ အိပ်ကုန်၏"၌ ဘုတ္ဝာ ၂ ပုဒ်သည်၎င်း, "ပဋ္ဌပဋ္ဌာယတိ— ပဋ္ဌ်ပဋ္ဌ် ဟု အသံပြု၏"၌ ပဋ္ဌပဋ္ဌသဒ္ဒါသည်၎င်း အာဘိက္ခညတည်း။]

နတ္တေဝ၊ပေ၊ဘယာဒိနာ ။ ။ အာမေဍိတ်၌ကား ကြောက်ခြင်းစသော အကြောင်းကြောင့် မြွက်စသော အနက်တခုထည်းကိုပင် " သပ္ပေါ သပ္ပေါ " စသည်ဖြင့် အကြိမ်ကြိမ်ဆိုခြင်းဖြစ်ရကား ဒွိရုပ်ဖြစ်အောင် ပြုဘွယ်မလို, ဆိုစဉ်ကပင် ၂ ပုဒ်ဖြစ်သည်—ဟူလို၊ ဤသို့ ဝိဓ္ဓာနှင့် အာမေဍိတ်တို့၏ဖြစ်ပုံကို သိပါလေ။ [ ဒီပနီ၌ " ဘယာဒိနာ အတ္တေန ဧကတ္ထတ္တာ — ကြောက်ခြင်းစသော အနက်အားဖြင့် တခုသောအနက်ရှိ"ဟု ဆိုသည်မှာ မကောင်း၊ ဘယစသည် မှာ အနက်မဟုတ်, ၂ ကြိမ်ဆိုခြင်း၏အကြောင်းသာ ဖြစ်သည်။]

ကေစိ၊ပေ၊ရူပတော။ ။ကေစိဆရာတို့ကား"အာမေဍိတ်၌ တနက်ထည်းပင် ဖြစ်သော်လည်း ၂ ပုဒ်ဖြစ်၍ ရုပ်တွေများသောကြောင့် သပ္ပေါ တပုဒ်ကို သပ္ပေါ သပ္ပေါဖြစ်အောင် ဒွေဘော်ပြုရမည်"ဟု ဆိုကြသေးသည်။ [ဘယာဒိနာ၌ အာဒိဖြင့်"ဘယေ ကောဓေ ပသံသာယံ"စသော အဘိဓာန် စသည်၌လာသော ဂါထာဝယ် "ကောဓ, ပသံသာ"စသည်ကိုယူ။]

www.dhammaransi.com



၂၀၇။ ဘိန္နဝဏ္ဏုနိ ဒဗ္ဗေနဝါ ဂုဏေနဝါ ကြိယာယဝါ။
ဗျာပိတုံ ပဏ္ဍနော ဣစ္ဆာ, ဝိစ္ဆာ ဝါေဝ ပတီယတေ။

၂၀၇။ ဘိန္နဝဏ္ဏုနိ- ရွာအများစသော အားဖြင့် ကွဲပြားသော ဝတ္ထုတို့ကို၊ ဒဗ္ဗေနဝါ- ဒြပ်အားဖြင့်သော်၎င်း၊ ဂုဏေနဝါ – ဂုဏ် အားဖြင့်သော်၎င်း၊ ကြိယာယဝါ-ကြိယာအားဖြင့်သော်၎င်း၊ ဗျာပိ တုံ– ပြန့်နှံ့ခြင်းငှါ၊ ဝတ္တုနော- ဝဒန္တပုဂ္ဂိုလ်၏၊ ဣစ္ဆာ- အလိုကို၊ ဝိစ္ဆာဝါေဝ- ဝိစ္ဆာဟူ၍သာလျှင်၊ ပတီယတေ-သိအပ်၏။

၂၀၈။ ဂါမေ ဂါမေ ဇလံ ဂါမော, ဂါမော ရမ္မော၀ ဂမျတေ၊
ဂါမော ဂါမော ကွစိ သျာဒိ-လောပေါ·ကေကန္တိ အာဒိသု။

ဂါမေဂါမေ—ရွာတိုင်းရွာတိုင်း၌၊ ဇလံ-ရေသည်၊(အတ္ထိ-ရှိ၏၊) ဂါမောဂါမော – ရွာတိုင်းရွာတိုင်းကို၊ ရမ္မော၀ - မွေ့လျော်အပ် သည်သာ၊ ဂါမောဂါမော-ရွာတိုင်းရွာတိုင်းကို၊ ဂမျတေ-သိအပ်၏၊ ဧကေကန္တိအာဒိသု–" ဧကေကံ"အစရှိကုန်သော၊ကွစိ-အချို့သော ဝိစ္ဆာပုဒ်တို့၌၊ သျာဒိလောပေါ- သိအစရှိသော ဝိဘတ်တို့၏ ကြေ ခြင်းသည်၊ ဟောတိ-၏။

၂၀၇။ ။ဤဂါထာ၌ " ဒဗ္ဗေနဝါ " စသည်ကိုကြည့်၍ ဒဗ္ဗဝိစ္ဆာ, ဂုဏ ဝိစ္ဆာ, ကြိယာဝိစ္ဆာဟု ဝိစ္ဆာ ၃ မျိုးအပြားကိုသိပါ၊ " ဗျာပိတုံ + ဣစ္ဆာ " သည် ဝိစ္ဆာပုဒ်၏အနက်ပြတည်း၊ "ဝိ + ဣစ္ဆာ"ဟု ခွဲ၍ ဝိသည် ဗျာပနအနက် ဟော"ဟုမှတ်ပါ၊ဤစကားအရ ဝဒန္တပုဂ္ဂိုလ်၏ အနက်အများ၌နှံ့စေလိုသော အလိုကိုသာ မုချအားဖြင့် ဝိစ္ဆာ ဟု ခေါ်နိုင်၏၊ ထိုအလိုကြောင့် ဖြစ်သော " ဂါမေ ဂါမေ " စသော သဒ္ဒါကိုကား ကာရဏူပစာရအားဖြင့် ဝိစ္ဆာ ဟု ခေါ်ရသည်။ [အချို့အရာ၌ ဝိစ္ဆာကိုပင် "ဗျာပနိစ္ဆာ" ဟု သုံးစွဲ၏၊ တချို့ နေရာ၌ကား ဝိစ္ဆာကိုပင် အာမေဍိတ်ဟုလည်း သုံးစွဲသည်။]

---

၂၀၈။ ။"ဂါမေ ဂါမေ ဇလံ"သည် ရေခြင်း၏ရွာတိုင်းပြန့်နှံ့ပုံ (ရွာတိုင်း ရေရှိပုံ) ကိုပြသော ဒဗ္ဗဝိစ္ဆာပုံစံ၊ " ဂါမော ဂါမော ရမ္မော"သည် မွေ့လျော် (ပျော်ဘွယ်) ဂုဏ်၏ ရွာတိုင်း ပြန့်နှံ့ပုံကိုပြသော ဂုဏဝိစ္ဆာပုံစံ၊ " ဂါမော ဂါမော ဂမျတေ " သည် သိခြင်းကြိယာ၏ ရွာတိုင်း အပေါ်မှာ ပြန့်နှံ့ပုံကို ပြသော ကြိယာဝိစ္ဆာပုံစံတည်း။

www.dhammaransi.com



**၂၀၉။ သာပေက္ခတ္တာ ဒွိရူပတ္တာ, စေကဃော၀ သမာသတာ၊
နဝိစ္ဆာယံ တဒတ္ထောတိ, သာပေက္ခေန သမာသတာ။**

၂၀၉။ သာပေက္ခတ္တာ - ပုဒ်တပါးကို ငဲ့ခြင်းရှိသည်၏ အဖြစ်ကြောင့်၎င်း၊ ဧကဃော၀ - တပုဒ်ထည်း၏ပင်၊ ဒွိရူပတ္တာစ - ၂ ရုပ်၏အဖြစ်ကြောင့်၎င်း၊ ဝိစ္ဆာယံ-ဝိစ္ဆာ၌၊ သမာသတာ-သမာသ်၏အဖြစ်သည်၊ န ( ဟောတိ ) - မဖြစ်၊ တဒတ္ထောတိ - တဒတ္ထော ဟူသော ပြယုဂ်၌၊ သာပေက္ခေန-မိမိငဲ့အပ်သော အတ္ထပုဒ်နှင့်၊ (သဟ-တကွ၊) သမာသတာ- သည်၊ (ဟောတိ)။

**ကွစိဧကကံ။** ။"ကော် ကော်"ဟု ၂ ပုဒ်ဖြစ်သောအခါ ရှေ့ပုဒ်၏သိကို ( သိ၏ ကာရိယဖြစ်သောအံကို ) ချေ၊ နောက်သို့ကပ်၍ "ဧကကံ" ဟု ဖြစ်၏၊ ဧကကသို့်၌ကား သို့ံကိုချေရသည်၊ ထို့ကြောင့်"သျာဒိလောပေါ" ဟု ဆိုသည်။ [ဒီပနီ၌ "ကွစိ ပုဗ္ဗပဒေ"ဟုဖွင့်၏၊"ဧကကံ"စသော ရှေ့ပုဒ်၏ ဝိဘတ်ကို အမြဲချေရမည်ဖြစ်သောကြောင့် ထိုအဖွင့်ကို စဉ်းစားပါ။]

**မောဂ္ဂလ္လာန်။** ။ ၁ – ကဏ္ဍ, ၅၆ ၌ " သဗ္ဗာဒီနံ ဝိတိဟာရေ " ဟု သုတ်တည်၍ အချင်းချင်းကြိယာပြုခြင်း (အပြန်အလှန်ပြုခြင်း) ကို ဆိုလိုရာ၌ ဒွိရုပ်ပြု၍ သိစသော ဝိဘတ်များကိုချေ၏၊ "အညံ အညံ"ဟု ဖြစ်သောအခါ နောက်အကိုချေ, ရှေ့နိဂ္ဂဟိတ်ကိုလည်းချေ၍ ည၏အကို ဩပြု၊"အညောညံ- အချင်းချင်း" ဟု ဖြစ်၏။ ["အညမညဿ"စသည်၌ကား (မ်) လာ။]

---

၂၀၉ ။ ။ " ဂါမေဂါမေ "စသော ဝိစ္ဆာပုဒ်တို့သည် ဇလံ – စသော ပုဒ်တပါးကို ငဲ့လျက်ရှိ၏၊ သမာသ်ထုံးစံမှာလည်း သမာသ်ပုဒ်မှ တပါးသော ပုဒ်ကို ငဲ့ခြင်း မရှိရ၊ ထို့ကြောင့် ဝိစ္ဆာပုဒ်သည် သမာသ် မဖြစ်၊ ထို့ပြင် — ဒွန်သမာသ်ထုံးစံမှာ "စက္ခုသောတံ "စသည်ကဲ့သို့ အချင်းချင်း သုတ်မတူသောပုဒ်များ ဖြစ်ရမည်၊ ဤဝိစ္ဆာ၌ကား တပုဒ်ထည်းက ရုပ် ၂ ခု ဖြစ်သောကြောင့်လည်း ဝိစ္ဆာပုဒ်သည် သမာသ်မဖြစ်။

**တဒတ္ထော ။** ။ဝိစ္ဆာအတွင်းဝင်သော တဒတ္ထောပုဒ်၌ကား တ ၂ လုံး ချင်း သမာသ်ဖြစ်သည် မဟုတ်၊ ထိုတ ၂ လုံးသည် ငဲ့အပ်သောအတ္ထသဒ္ဒါနှင့် သမာသ်ဖြစ်သည်။ [ သောသောနှင့် အတ္ထောကို ကမ္မဓာရည်းသမာသ်စပ်၍ ပကတိပြုသောအခါ"တတအတ္ထ"ဟု ဖြစ်၏၊ (တ) တလုံးချေ၊ နိဂ္ဂဟိတ်လာ (ဒ်) ပြု။]

**တဒ္ဓိတ်အခဏ်း ပြီး၏။**

www.dhammaransi.com



၂၉၀။ ပစတိ ဩဒနံ သူဒေါ, ပစ္စတေ တေန ဩဒနော၊
ဋ္ဌိယတေ ဒေဝဒတ္တေန, ချာတေနုတ္တံ တိကာရကံ။

၂၉၀။ သူဒေါ - စဖိုသည်သည်၊ ဩဒနံ - ထမင်းကို၊ ပစတိ - ချက်တတ်၏၊ တေန - ထိုစဖိုသည်သည်၊ ဩဒနော - ထမင်းကို၊ ပစ္စတေ - ချက်အပ်၏၊ ဒေဝဒတ္တေန - ဒေဝဒတ်သည်၊ ဋ္ဌိယတေ - တည်ခြင်း၊ ဝါ - တည်ရာ၏၊ ( ဣတိ - ဤသို့၊ ) အာချာတေန - အာချာတ်သည်၊ တိကာရကံ - ကာရက ၃ ပါးကို၊ ဥတ္တံ - ဟောအပ်၏။

၂၉၁။ ခါတွတ္တော ကာရကာမိဿော,
သုဒ္ဓေါ ဘာဝေါတိ မန္နတေ၊
သော ကြိယာ သာစ သာမည့်,
တဿေကတ္တံ ပတီယတေ။

၂၉၁။ ကာရကာမိဿော - ကာရကတို့နှင့် မရောသော၊ ဝါ - ကာရကတို့နှင့် မရောသည်၏အဖြစ်ကြောင့်၊ (ဟေတုမန္တဝိသေသန) သုဒ္ဓေါ - သက်သက်သော၊ ခါတွတ္တော - ခါတ်၏အနက်ကို၊ ဘာဝေါတိ - ဘာဝဟူ၍၊ မန္နတေ - သိအပ်၏၊ သော - ထိုဘာဝဟူသည်၊ ကြိယာ - ကြိယာတည်း၊ သာစ - ထိုကြိယာဟူသည်လည်း၊ သာမည့် - အများနှင့် ဆက်ဆံသာမန်တည်း၊ တဿ - ထိုသာမညဖြစ်သောဘာဝ၏၊ ဧကတ္တံ - တခုတည်း၏အဖြစ်ကို၊ ဝါ - ဧကတ္တသင်္ချာကို၊ ပတီယတေ - သိအပ်၏။

၂၉၀။ ။တဒ္ဓိတ်အခဏ်းကိုပြပြီး၍ အာချာတ်အခဏ်းပြလိုသောကြောင့် "ပစတိ"စသည်မိန့်၊ [ဆန်းကြောင့် "ပစတိ"ဟု ရှိသည်။] "ပစတိ"သည် ကတ္တုကာရကဟော ပုံစံ၊ "ဩဒနံ သူဒေါ" တို့ကား ကတ္တားဟောကြောင်း ထင်ရှားအောင် အပိုထည့်အပ်သော ပုဒ်များတည်း၊ "ပစ္စတေ" ကား ကမ္မကာရကဟောပုံစံ၊ "တေန ဩဒနော"တို့ကား အပိုထည့်ပါ၌၊ "ဋ္ဌိယတေ" ကား ဘာဝကာရကဟော ပုံစံ၊ "ဒေဝဒတ္တေန" သည် အပိုထည့်ပါ၌၊ ဌာခါတ်က ကံကို မငဲ့သော အကမ္မကခါတ် ဖြစ်သောကြောင့် ကံမထည့်ဘဲ ကတ္တားသာ ထည့်သည်။]

၂၉၁။ ။အနက် ၃ ပါးတွင် ကတ္တု—ကမ္မတို့၏သဘောကို ရှေ့အခဏ်းများ၌ ပြပြီးဖြစ်၍ မပြတော့ဘဲ ဘာဝအနက်၏ သဘောကိုသာ ပြလိုသောကြောင့် "ခါတွတ္တော"စသည်မိန့်၊ ပစ-ပါကေ (ချက်ခြင်း)၊ ဘူ-သတ္တာယံ

www.dhammaransi.com



၂၉၂။ တဒေက ဝစနန္တ္ထ, ပဌမဿ ထဝါဗဟု၊
ဝစနံ ကတ္တုဘေဒါဒျ-ပေက္ခိတေ ဘဝတေ·ကဒါ။

၂၉၂။ တဒါ - ထို ကြိယာသာမညဖြစ်ရာအခါ၌၊ ( ဘာဝပဒံ-ဘောဟော ပုဒ်သည်၊ ) ပဌမဿ - ပဌမပုရိသ်၏၊ ဧကဝစနန္တ္ထ-ဧကဝုစ်ဝိဘတ်အဆုံးရှိသည်လည်း၊ ဟောတိ-ဖြစ်၏၊အထဝါ-ထို့ပြင်တနည်းကား၊ကတ္တုဘေဒါဒျပေက္ခိတေ-ကတ္တားတို့၏များပြားခြင်းအစရှိသည်ကိုငဲ့ခြင်းသည်၊(သတိ-ဖြစ်လသော်၊)[အာဒိဖြင့် ကံတို့၏များခြင်းကို ယူ။] ကဒါ-တရံတခါ၌၊ ဗဟုဝစနံစ- ဗဟုဝုစ်ဝိဘတ်သည်လည်း၊ ဘဝတိ-ဖြစ်သေး၏။

(ထင်ရှားခြင်း)၊ ဤသို့စသည်ဖြင့်“ခြင်း”ဟု အနက်ပေးရသောဓာတ်နက်ကိုဘောဟု ခေါ်သည်-ဟူလို၊ ထို့ကြောင့် ဘောအနက်ပေးရာ၌ “ ဌီယတေ-တည်ခြင်း” စသည်ဖြင့် ဓာတ်နက်အတိုင်းသာ ပေးရသည်၊“တည်ရာ၏” ဟုပေးကြခြင်းမှာ အာချာတ်ကြိယာ ဖြစ်သောကြောင့် ဝါကျတခု၏ အဆုံးသံပါအောင် ပေးခြင်းဖြစ်သည်ဟု မှတ်။

**ကာရကာဓိသော သုဒ္ဓေါ**။ ။“ ပစတိ-ချက်တတ်၏ ”၌ “ ချက် ” ဟူသောအနက်သည် ဓာတ်နက်၊“တတ်”ဟူသောအနက်ကား ကတ္တားနက်တည်း၊“ပစ္စတေ - ချက်အပ်၏”၌လည်း “အပ်” ဟူသောအနက်သည် ကံအနက်တည်း၊ ဤသို့ ပစတိ ပစ္စတေတို့၌ ဓာတ်အနက်ဝယ် ကတ္တုကာရက , ကမ္မကာရကအနက် ရောလျက်ပါနေ၏၊ “ဘော” ဟူသည်ကား ထိုကာရကအနက်တို့နှင့် မရောမယှက် သက်သက် သန့်သန့်ဖြစ်သော (သွားခြင်း, ချက်ခြင်းစသော) ဓာတ်နက်သာ ဖြစ်သည်။

**သော၊ပေ၊ ကေတ္တံ** ။ ။ ထို “ ဓာတ်နက် ” ဟူသည် ကြိယာတည်း၊ [“ဓာတွတ္တော၀ ကြိယာနာမ”စသော (၄၀) ဂါထာကို ပြန်ကြည့်ပါ။] ထိုကြိယာဟူသည်လည်း အများနှင့်ဆက်ဆံ၍ သာမညဖြစ်၏၊ ဥပမာ- ချက်ခြင်းကြိယာသည် လူပေါင်းတရာ၏ ချက်မှုတရာပင် ဖြစ်သော်လည်း ချက်ခြင်းအားဖြင့် တမျိုးတစားထည်း(သာမည) ဖြစ်သကဲ့သို့တည်း၊ ဤသို့ သာမညဖြစ်သောကြောင့် တခုတည်းအဖြစ်ဟူသော ဧကတ္တသင်္ချာကို သိရသည်။

---

၂၉၂။ **တဒေက၊ပေ၊ပဌမဿ**။ ။ ထိုသို့ တခုထည်းဖြစ်သောကြောင့် ဘောဟောကြိယာပုဒ်သည် ဧကဝစနန္တသာ ဖြစ်၏၊ ထို ဧကဝုစ်သည်လည်း ဝိဘတ်ရှစ်သွယ်လုံးမှာပင် ပဌမပုရိသ်ဧကဝုစ်သာ ဖြစ်သည်။ [လင်္ကာ၌မျှသာ

www.dhammaransi.com



## ၂၉၃။ သတ္တိ သမ္ဗန္ဓ ယတေ အာသိ-ယန္တေ ဥဋ္ဌာ-သိကာ ယထာ၊ ဘာဝန္တေ ဟိတိ သဉ္ဇာနံ, ဘေဒါဘေဒေါ ကဒါစိပိ။

၂၉၃။ သတ္တိ-သူ တော်ကောင်းတို့သည်၊ သမ္ဗန္ဓ ယတေ-ကောင်းစွာ ဖြစ်ခြင်း၊ အာသိကာ- လွန်စွာအိပ်ကုန်သော၊ ဥဋ္ဌာယထာ- ကုလားအုပ်တို့ကဲ့သို့၊ ဘာဝန္တေ ဟိ - အရှင်တို့သည်၊ အာသီယန္တေ- လွန်စွာ အိပ်ကုန်ခြင်း၊ ဣတိ-သို့၊ သဉ္ဇာနံ-တို့၏၊ ဘေဒါဘေဒေါပိ-ကွဲပြားခြင်း မကွဲပြားခြင်းသည်လည်း၊ ကဒါစိ-တရံတခါ၌၊ (ဟောတိ)။

ရှိသော နာမ်ပုဒ်တို့၌ ဝိဘတ်မပါလျှင် ပုဒ်ရာမဝင်သောကြောင့် ပဋ္ဌမာဝိဘတ် ကေဝုစ်သည် လိန်အနက်ကို ထွန်းပြရုံ သက်ရသကဲ့သို့, ထို့အတူ ခေတ်အနက် သက်သက်ကို ထွန်းပြရုံအကျိုးငှါ ပဌမပုရိသ် ကေဝုစ်သာ သက်ရ၏—ဟူလို။]

**ဗဟုဝစနံ၊ ပေ၊ ကေဒါ။** ။ဘောဟူသည် ကတ္တားက ပြီးစေအပ်သော ကြောင့် ထို ကတ္တားအပြားကိုငဲ့လျှင်ဗဟုဝုစ်လည်း တရံတခါသက်ရသေး၏၊ "ပဌမပုရိသ် ကေဝုစ်ဝိဘတ်သာ အဆုံးရှိရမည်"ဟူသောစကားသည် အများ အားဖြင့် ဆိုအပ်သော စကားဖြစ်၏၊ တရံတခါ၌ကား ကတ္တား၏များခြင်းကို ငဲ့၍ ဗဟုဝုစ်အဆုံးရှိသော ဘောဟောပုဒ်လည်း ရှိပါသေး၏—ဟူလို၊ ပုံစံမှာ နောက်ဂါထာ၌ ထင်ရှားလတ့်။

---

**၂၉၃။ သတ္တိသမ္ဗန္ဓယတေ။** ။ဤကား " သတ္တိ " ဟု ဗဟုဝုစ်ကတ္တား ရှိသော်လည်း ထို သူတော်ကောင်းတို့၏ များပြားခြင်းကိုမငဲ့ဘဲ ကောင်းစွာ ဖြစ်ခြင်းကြိယာ၏ "သာမည" ဖြစ်သောကြောင့် "သမ္ဗန္ဓယတေ"ဟု ဧက ဝစနန္တ ဖြစ်ပုံတည်း။ ["ဘော"ဆိုသည်မှာ ကြိယာကိုဟော၍ ကတ္တားကံကို မဟောသောကြောင့်" သတ္တိ "ဟု အဝုတ္တကတ္တား ထားရသည်၊ ဘူခေတ်က အကမ္မကဖြစ်သောကြောင့် ကံကိုကား မထည့်ရတော့။]

**အာသီယန္တေ။** ။[အာသဒ္ဒါသည် ဘုသအနက်ဟော၊ ပါဠိ၌ ဩဋ္ဌသည် သတ္တုတ၌ "ဉဋ္ဌ"ဟု ရှိ၏၊ " ကုလားအုပ် " သတ္တာအနက်ကို ဟော၏။] "ဘာဝန္တေ ဟိ"ဟု ကတ္တား၏ များပြားပုံကိုငဲ့၍ "အာသီယန္တေ"ဟု ဗဟုဝစ နန္တထားသည်၊ ဤသို့လျှင် ဘောဟော၌ သဉ္ဇာတို့၏ (အာသီယန္တေကဲ့သို့) ဘေဒ (ကွဲပြားခြင်း) , (သမ္ဗန္ဓ ယတေကဲ့သို့) အဘေဒ (မကွဲပြားခြင်း) အားဖြင့် ၂ မျိုးရှိသည်။ [ " အာသိကာ ဥဋ္ဌာ "တို့ကား အိပ်ခြင်းကြိယာ၏ ဗဟုဝုစ်ထင်ရှားအောင် ဥပမာပြ စကာတည်း။]

www.dhammaransi.com



၂၉၄။ ပဟီယိဿန္တိ တေ ရူပံ, ဘူယတေတိစ ကေနစိ၊
ကမ္မကတ္တုသု ဘာဝေဝ, ရူပံ ဝုစ္စတိ တညုနာ။

၂၉၄။ တေ – ထို သံကိလေသ တရားတို့သည်၊ ပဟီယိဿန္တိ-အလိုလို ပယ်ဖျောက်ကုန်လတ့်၊ ရူပံ - ဥတုဇအစရှိသော ရုပ်သည်၊ ဘူယတေ-အလိုလိုဖြစ်တတ်၏၊ ဣတိစ-ဤသို့လည်း၊ ကေနစိ–အချို့ဆရာသည်၊ ကမ္မကတ္တုသု–ကမ္မကတ္တားအနက်တို့၌၊ ရူပံ-ပဟီယိဿန္တိရုပ်,ဘူယတေရုပ်ကို၊ ဝုစ္စတိ-ဆိုအပ်၏၊ တညုနာ-ထိုရုပ်ကိုသိသောသဒ္ဒနီတိဆရာသည်၊ ဘာဝေဝ-ဘောအနက်၌သာ၊ ရူပံ- ပဟီယိဿန္တိရုပ်, ဘူယတေရုပ်ကို၊ ဝုစ္စတိ-ဆိုအပ်၏။ [ သဒ္ဒနီတိအလို " ဘေ-ထိုသံကိလေသတရားတို့သည်၊ ပဟီယိဿန္တိ-ပျောက်ကုန်လတ့်ခြင်း၊ ရူပံ - သည်၊ ဘူယတေ- ဖြစ်ခြင်း" ဤသို့အနက်ပေး။ ]

၂၉၄ ။ ။ အသိခက်သော ဘောဟောရုပ်ကိုပြလို၍ " ပဟီယိဿန္တိ" စသည်မိန့်၊ ပပုဗ္ဗ+ ဟာဓာတ်, ယပစ္စည်း, ဿန္တေဝိဘတ်ဖြင့်ပြီးသော ပဟီယိဿန္တိရုပ်, ဘူယတေရုပ်တို့ကို ကေစိဆရာတို့က "တေ"ဟူသော "ရူပံ" ဟူသော ပဌမန္တတွဲဘက်ပုဒ်များကို ထောက်၍ ကမ္မကတ္တား အနက်ဟော ရုပ်များဟု ဆိုကြသည်၊ ထိုသို့ဆိုကြသော်လည်း "အမှန်အားဖြင့် ဘောအနက်၌သာဖြစ်သော (ဘောဟော) ရုပ်"ဟု သဒ္ဒနီတိဆရာက ဆိုသည်၊ ထိုဆရာကား "ဘော၏ကတ္တား၌ ပဌမာဝိဘတ် သက်နိုင်သည်"ဟု ဆိုသည်။ [ ကမ္မကတ္တားအနက်သည် တမျိုးထည်းသာ ရှိသော်လည်း ပြယုဂ်တွေ များစွာရှိသောကြောင့် "ကမ္မကတ္တုသု"ဟု ဗဟုဝုစ်ဆိုထားသည်။ ]

**ဘူယတေတိစ**။ ။စသဒ္ဒါသည် အဝုတ္တသမုစ္စည်းအနက် ရှိ၏၊ ထိုစဖြင့် "ရူပံ ဝိဘူယတေ, သော ပဟီယိဿတိ "စသည်ကို ဆည်းသည်၊ ရူပံ–ဥတုဇစသောရုပ်သည်၊ ဘူယတေ–အလိုလိုဖြစ်တတ်၏၊ ရူပံ–သည်၊ ဝိဘူယတေ–အလိုလိုဖျက်တတ်၏၊ သော-ထို ဘယ, ဆမ္ဘိတတ္တ, လောမဟံသသည်၊ ပဟီယိဿတိ-အလိုလို ဖျောက်လတ့်၊ ဤသို့ "ဝိယတေ ပါနီယံ သယံ"ပုံစံ၌ကဲ့သို့ ကတ္တားသံပါအောင်ပေးရသည်၊ သဒ္ဒနီတိအလိုအားဖြင့် နိဿယနောက်ဆွယ် အတိုင်းပေး။

**မှတ်ချက်** ။ ။ သဒ္ဒနီတိအလိုကား – "ပဟီယိဿန္တိ" ရုပ်သည် ကမ္မကတ္တားဟောဖြစ်လျှင် " ပါနီယံ ပိယတေ , ကဋော ကရိယတေ " တို့ကဲ့သို့ သကမ္မကကြိယာသာ ဖြစ်သင့်၏၊ ယခုသော် အကမ္မကဖြစ်သော ဒိဝါဒိ

www.dhammaransi.com



၂၉၅။ ဘာဝကတ္တရိ ပစ္စတ္တံ,သဒ္ဒနီတိယ·မုစ္စတေ၊
ပစ္စတ္တံ တတိယတ္ထေတိ,ဒဠှံကတွာ ပရေနစ။

၂၉၅။ ဘာဝကတ္တရိ-ဘာဝဟောကြိယာ၏ ကတ္တားပုဒ်၌၊ပစ္စတ္တံ-ပဌမာဝိဘတ်ကို၊ သဒ္ဒနီတိယံ - သဒ္ဒနီတိကျမ်း၌၊ ဥစ္စတေ - ဆိုအပ်၏၊ ပစ္စတ္တံ-ပဌမာဝိဘတ်သည်၊ တတိယတ္ထေ-တတိယာဝိဘတ်၏ ကတ္တား အနက်၌၊ ဟောတိ-၏၊ ဣတိ–ဤသို့၊ အပရေနစ–အပရေဆရာသည် ကား၊ ဒဠှံ-ခိုင်မြဲအောင်၊ ကတွာ-ပြု၍၊ ဝုစ္စတေ-ဆိုအပ်၏။

ဟာဓာတ် ယပစ္စည်းဖြင့် ဆိုထား၏၊ ကတ္တုရုပ်ဖြစ်ပြန်လျှင်လည်း"ဟာယန္တိ-ဆုတ်ယုတ်ကုန်၏ " ကဲ့သို့ "ပဟာယိဿန္တိ" ဟု ရှိရလိမ့်မည်၊ ထိုသို့မရှိဘဲ "ပဟီယိဿန္တိ"ဟု ရှိသောကြောင့် ကတ္တုရုပ်လည်းမဟုတ်နိုင်၊ ထို့ကြောင့် "ဘာဝဟောရုပ်သာတည်း"ဟု ဆိုလိုသည်၊ ဘူယတေ၌လည်း နည်းတူ။

---

၂၉၅။ ။"ပဟီယိဿန္တိတေ"၌ တေဟူသောရုပ်,"ရူပံဘူယတေ"၌ ရူပံ ဟူသော ရုပ်တို့သည် ဘာဝဟောကြိယာ၏ကတ္တားဖြစ်သော ပဌမန္တရုပ်များ တည်း၊ " ကတ္တားအနက်၌ ပဌမာဝိဘတ်သက်ထားသည် "ဟူလို၊ ဤကား သဒ္ဒနီတိအလိုတည်း။

ဆက်ဦးအံ့— သဒ္ဒနီတိ ဆရာသည် " ဘာဝဟောကြိယာ၏ ကတ္တား၌ ပဌမာ တတိယာ ၂ မျိုးလုံး သက်နိုင်၏ "ဟု ယူ၏၊ သို့သော် "သစ္စသံခိပ်၌ အရှင်ဓမ္မပါလဆရာ မိန့်အပ်သော" ရူပံ ဘူယတေ"ဟူသော ပါဠိ, နိဒ္ဒေသ၌ အရှင်သာရိပုတြာမိန့်အပ်သော"ရူပံ ဝိဘဝီယျတိ"ဟူသော ပါဠိ, ဓဇဂ္ဂသုတ် အဆုံး၌ ဘုရားဟောတော်မူအပ်သော " သော ပဟီယဿတိ " ဟူသော ပါဠိတော်များကို ထောက်၍ , ဘာဝဟောကြိယာ၏ကတ္တား၌ ပဌမာဝိဘတ်က သာ၍ ခိုင်မြဲ၏"ဟု ပဒမာလာအစ၌ ဆိုထားသည်။

**အပရေနစ ။** ။ အပရေဆရာကား " ပဟီယိဿန္တိ တေ "ဟု ပဌမာ ဝိဘတ်ရှိရာ၌လည်း ထို ပဌမာဝိဘတ်သည် တတိယာဝိဘတ်၏ ( အဝုတ္တ ကတ္တား) အနက်၌သာ သက်၏"ဟု ဆို၏၊ ထိုအပရေဆရာ၏ အလိုအားဖြင့် ဘာဝဟောကြိယာ၏ ကတ္တားသည် တတိယန္တ အဝုတ္တကတ္တားချည်းသာ ဖြစ်သည်၊ တရံတခါ၌ ပဌမန္တကတ္တားတွေ့ရလျှင် ထိုပဌမန္တလည်း တတိယာ ဝိဘတ်၏အနက်၌ သက်ရသော " ဝိဘတ္တိဝိပလ္လာသ "သာ ဖြစ်သည် – ဟု ဆိုလိုသည်။

www.dhammaransi.com



၂၉၆။ ကတ္တာဒိဘေဒလိင်္ဂတ္ထ-
မတ္တာပေက္ခေန တိဋ္ဌတေ၊
ယော ကဒါစိ သ ဝတ္တိစ္ဆာ-
နုပရောဓေန မဋ္ဌတေ။

၂၉၆။ ယော – အကြင် ရူပံ အစရှိသော ပဌမန္တ သဒ္ဒါသည်၊ ကတ္တာဒိဘေဒလိင်္ဂတ္ထမတ္တာပေက္ခေန – ကတ္တားအစရှိသည်အားဖြင့် ကွဲပြားသော လိင်္ဂတ္ထမျှကို ငဲ့သောအားဖြင့်၊ တိဋ္ဌတေ- တည်၏၊ သ (သော)-ထို ရူပံအစရှိသော ပဌမန္တသဒ္ဒါကို၊ ကဒါစိ-တရံတခါ၌၊ ဝတ္တိစ္ဆာနုပရောဓေန-ဝဒန္တုပုဂ္ဂိုလ်၏ အလိုအား မဆန့်ကျင့်သော အားဖြင့်၊ မဋ္ဌတေ- သိအပ်၏။

၂၉၆။ ။ပဌမာဝိဘတ်သက်လျှင် ထိုပဌမာဝိဘတ်က ကတ္တားအနက်ကို ဟောသလော, ကတ္တားအနက်ကို ဟောလျှင် "လိင်္ဂတ္ထေ ပဌမာ" သုတ်နှင့် ဆန့်ကျင်ရာသည် မဟုတ်လော-ဟု စောဒနာဘွယ်ရှိသောကြောင့်"ကတ္တာဒိ" စသည်မိန့်၊ ဆိုလိုရင်းကား-"လိင်္ဂတ္ထ"ဟူရာ၌"သကတ်,ဒြဗ်,လိင်"၃မျိုးသာ မက, သချ်ာသာမန်–ကတ္တားစသော ကာရကသာမန်နှင့် အကာရကသာမန် အနက်များလည်း ပါဝင်၏၊ ထို့ကြောင့် " ရူပံ ဘူယတေ "၌ ရူပံဟူသော ပဌမန္တသဒ္ဒါသည် ထို ကတ္တားကံစသည်အားဖြင့်ပြားသော လိင်္ဂတ္ထမျှကို ငဲ့၍ တည်၏၊ "လိင်္ဂတ္ထေပဌမာ"သုတ်ဖြင့် ထိုကတ္တားစသည်ပါသော လိင်္ဂတ္ထကို ထွန်းပြခြင်းငှါ ပဌမာဝိဘတ်သက်ရသည်–ဟူလို။

**ကဒါစိ ၊ပေ၊ ပရောဓေန ။** ။ ထိုသို့ အဝုတ္တကတ္တားနေရာဝယ် ပဌမာ ဝိဘတ်သက်ခြင်းသည်လည်း ဝဒန္တုပုဂ္ဂိုလ်၏ ပဌမာဝိဘတ်ဖြင့်ဆိုလိုရာ တရံ တခါ၌သာ ဖြစ်၏၊ နေရာတိုင်းမှာ မဖြစ်ပါ၊ အများအားဖြင့်ကား အဝုတ္တ ကတ္တားနေရာဝယ် တတိယာဝိဘတ်သာ သက်ပါသည်–ဟူလို။

**မှတ်ချက်။** ။ကေတ္တပဟုတ္တဟု မထင်ရှားသော သာမညသချ်ာကို သချ်ာ သာမန်ဟုရင်း, ကတ္တုကာရက ကမ္မကာရက – စသည်ဖြင့် မထင်းရှားသော သာမညကာရကကို ကာရကသာမန်ဟုရင်း,ဆို၏၊ပုဒ်သဟူသောလိင်အနက်၌ ထိုသချ်ာသာမန် ကာရကသာမန်များ ပါဝင်လျက်ရှိ၏၊ ထို့နေ၁် သိစသော ဝိဘတ်သက်သောအခါ ထို ဝိဘတ်က ရှိပြီးသချ်ာနှင့် ကာရကကို ထင်ရှား အောင် ထွန်းပြရသည်–ဟု မှတ်ပါ။

www.dhammaransi.com



၂၉၇။ သကမ္မာ ကတ္တုကမ္မေသု, အာချာတပစ္စယာ သိယုံ၊
နစ ဘာဝေ အကမ္မာတု,ကတ္တုဘာဝေ န ကမ္မနိ။

၂၉၇။ သကမ္မာ-သကမ္မကဓာတ်မှ နောက်၌၊ ကတ္တုကမ္မေသု-ကတ္တားအနက်,ကံအနက်တို့၌၊ အာချာတပစ္စယာ-အာချာတ်ဝိဘတ်ဟူသော ပစ္စည်းတို့သည်၊ သိယုံ-ဖြစ်ကုန်၏၊ ဘာဝေစ-ဘောအနက်၌ကား၊ န ( သိယုံ ) – မဖြစ်ကုန်၊ အကမ္မာတု – အကမ္မကဓာတ်မှ နောက်၌ကား၊ ကတ္တုဘာဝေ – ကတ္တားအနက် ဘောအနက်၌၊ ( အာချာတပစ္စယာ-တို့သည်၊ သိယုံ၊) ကမ္မနိ-ကံအနက်၌၊ န(သိယုံ)။

၂၉၈။ ကမ္မဿာဝစနိစ္ဆာယံ, သကမ္မာချာတပစ္စယာ၊
ဘာဝေပိ တံယထာ ဂေဟေ, ဒေဝဒတ္တေန ပစ္စတေ။

၂၉၈။ ကမ္မဿ- ကံကို၊ အဝစနိစ္ဆာယံ – မဆိုလိုခြင်းသည်၊ ( သတိ- ဖြစ်လသော်၊) သကမ္မာ–သကမ္မကဓာတ်မှ နောက်၌၊ အာချာတပစ္စယာ-အာချာတ်ဝိဘတ်ဟူသောပစ္စည်းတို့သည်၊ဘာဝေပိ-ဘောအနက်၌လည်း၊ သိယုံ– ဖြစ်ကုန်သေး၏၊ တံ ယထာ – ထို ဥဒါဟရုဏ်ဟူသည်အဘယ်နည်း၊ ဒေဝဒတ္တေန-ဒေဝဒတ်သည်၊ဂေဟေ-အိမ်၌၊ ပစ္စတေ–ချက်ခြင်း၊ (ဣတိ-ဤသည်တည်း။)

၂၉၇။ ။ဘော ကံ ကတ္တား ၃ပါးကိုဟောနိုင်သော အာချာတ်ဝိဘတ်တို့သည် ဂမု– ပစ– ကရ စသော သကမ္မကဓာတ်နောင် ဖြစ်ရလျှင် ကတ္တားအနက် ကံအနက်၌ ဖြစ်ကြကုန်၏၊ ဘောအနက်၌ မဖြစ်ကြ၊ ဤကား အများအားဖြင့် ဆိုအပ်သောစကားတည်း၊ နောင်ဂါထာ၌ “သကမ္မကဓာတ်နောင် ဘောအနက်၌လည်း သက်သေး၏”ဟူသော စကားဖြင့် “နစ ဘာဝေ”ကို ပြန်၍ချွင်းချက်ပြုဦးလတ့ံ၊ အကမ္မကဓာတ်နောင်ကား အဘိစသောဥပသာရ မကူလျှင် ကံအနက်၌ အာချာတ်ဝိဘတ် မသက်နိုင်၊ ကတ္တားအနက် ဘောအနက်၌သာ သက်နိုင်သည်။

၂၉၈။ ။သကမ္မကဓာတ်နောင် “နစဘာဝေ-ဘောအနက်၌အာချာတ်ဝိဘတ်မသက်”ဟူသော စကားကို ချွင်းချက်ပြုလို၍“ကမ္မဿာဝစနိစ္ဆာယံ” စသည်မိန့်၊ ကံကိုမဆိုလိုသောအခါ သကမ္မကဓာတ်နောင်လည်း အာချာတ်ဝိဘတ်များသည် ဘောအနက်၌ သက်ကုန်သေး၏၊ “ဂေဟေ၊ပေ၊ ပစ္စတေ” ကား သကမ္မကဓာတ်နောင် ဘောဟောတေဝိဘတ် သက်ပုံတည်း။

www.dhammaransi.com



၂၉၉။ ဝတ္တိစ္ဆာ န ဘဝေ သန္တံ, မပျသန္တံပိ သာ ဘဝေ၊
တံ ယထာ·နုဒရာ ကညာ, သမုဒ္ဒေါ ကုဏ္ဍိကာတိစ။

၂၉၉။ သန္တံအပိ-ထင်ရှားရှိသောအရာဝတ္ထုကိုလည်း၊ဝတ္တိစ္ဆာ-ဆိုခြင်းငှါ အလိုရှိသည်၊ ဝါ – ဆိုလိုခြင်းသည်၊ န ဘဝေ - မဖြစ်ဘဲရှိတတ်၏၊ အသန္တံပိ - ထင်ရှားမရှိသော အရာဝတ္ထုကိုလည်း၊ သာ (ဝတ္တိစ္ဆာ) - ထို ဆိုခြင်းငှါအလိုသည်၊ ဝါ - ထို ဆိုလိုခြင်းသည်၊ ဘဝေ-ဖြစ်တတ်၏၊ တံယထာ-ထိုဥဒါဟရုဏ်အဘယ်နည်း၊ ကညာ-သတို့သမီးသည်၊ အနုဒရာ – ဝမ်းဗိုက်မရှိ၊ ဣတိ – ဤသည်ငှင်း၊ သမုဒ္ဒေါ - သမုဒြာသည်၊ ကုဏ္ဍိကာ – ရေကရားတည်း၊ ( တနည်း ) ကုဏ္ဍိကာ – ရေကရားသည်၊ သမုဒ္ဒေါ - သမုဒြာတည်း၊ ဣတိစ-ဤသည်ငှင်းတည်း။

၂၉၉ ။ ။ ကံရှိပါလျက် ကံကိုမဆိုလိုခြင်းနှင့် စပ်၍ ဝတ္တိစ္ဆာအတိုင်း သဒ္ဒါဖြစ်ရပုံကို ဥဒါဟရုဏ်နှင့်တကွ ပြလိုသောကြောင့် "ဝတ္တိစ္ဆာ" စသည် မိန့်၊ သဒ္ဒါအရာ၌ ကျွမ်းကျင်သော ပညာရှိတို့မှာ တရံတခါ၌ ထင်ရှားရှိသော အရာကိုလည်း မဆိုလိုဘဲရှိတတ်သေး၏၊ ပုံစံကား "အနုဒရာ ကညာ"တည်း၊ လောက၌ မရှိဘဲ ( မဟုတ်ဘဲ ) လည်း ဆိုလိုသောအရာ ရှိတတ်သေး၏၊ ပုံစံကား "သမုဒ္ဒေါ–ကုဏ္ဍိကာ"တည်း။

ချဲဥုံးအံ့ — သတို့သမီးမှာ ဝမ်းဗိုက်ရှိ၏၊ သို့သော် ဝမ်းဗိုက်ကငယ်သောကြောင့် " ရှိသည် " ဟု မဆိုလို၊ ထို့ကြောင့် " အနုဒရာ–ဝမ်းဗိုက်မရှိ " ဟု စကားပြောသည်၊ " နတ္ထိ ဥဒရံ ယဿာ ကညာယာတိ အနုဒရာ " ဟု ပြု၊ [ ကညာကိုကား "ကံ–ရေကို + ဇာနာတီတိ ကညာ" ဟု ဒီပနီပြု၏၊ "ကံ (ပုရိသံ) +ဉာတိ တောသေတီတိ ကညာ"ဟု လည်း ပြုကြသေး၏။ ]

သမုဒြာသည် အနည်းငယ်ရေ၏သာ တည်ရာဖြစ်သော ရေကရား မဟုတ်၊ ရေကရားဟူသော သဘော မရှိ၊ သို့သော် သမုဒြာကို " ရေကရား " ဟု တင်စား၍ဆိုလိုသောကြောင့် "သမုဒ္ဒေါ ကုဏ္ဍိကာ–သမုဒြာသည် ရေကရားတည်း"ဟု စကားပြောလေသည်။ [ (တနည်း) ကုဏ္ဍိကာ-သည်၊ သမုဒ္ဒေါ–တည်း " ဟု ဒီပနီအတိုင်း အနက်ပေးလျှင် "ရေကရားသည် သမုဒြာကဲ့သို့ ရေအများမရှိ၊ သို့သော် ရေအများရှိသကဲ့သို့ တင်စား၍ဆိုသည်"ဟု အဓိပ္ပါယ်မှတ်ပါ။ ]

www.dhammaransi.com



၃၀၀။ သတ္တာကရဏရူပါ ဟိ, ဓာတွတ္ထာ သကလာ တတော၊
ဘာဝေါ ကြိယာစ သာမညံ,သကလေသွေဝ ဂမျတေ။

၃၀၀။ ဟိ – အကြင့်ကြောင့်၊ သကလာ – အလုံးစုံကုန်သော၊ ဓာတွတ္ထာ – ဓာတ်၏ အနက်တို့သည်၊ သတ္တာကရဏရူပါ – ထင်ရှားရှိခြင်းသဘောရှိကုန်, ပြုခြင်းသဘောရှိကုန်၏၊ တတော- ထို့ကြောင့်၊ သာမညံ- ဓာတ်အများနှင့် ဆက်ဆံသောကြောင့် သာမန်ဖြစ်သော၊ ဘာဝေါစ–ဖြစ်ခြင်းဟူသောသဘောကိုင်း၊ ကြိယာစ–ပြုခြင်းဟူသော ကြိယာကိုင်း၊ သကလေသွေဝ– အလုံးစုံသော ဓာတ်နက်တို့၌သာ လျှင်၊ ဂမျတေ–သိအပ်၏။

၃၀၁။ သာမညသဒ္ဒတော တေန, သဗ္ဗဓာတွတ္ထဒီပနံ၊
ယုတ္တံ ဘာဝါဒိသဒ္ဒေန,ရုက္ခဝစ္ဆာ ဓဝါဒိဝ။

၃၀၂။ ဝိသေသာ န တု ပါကာဒိ, သဗ္ဗဓာတွတ္ထဒီပကာ၊
န ပလာသာဒယော သဒ္ဒါ, သဗ္ဗရုက္ခပ္ပကာသကာ။

၃၀၁, ၂။ သာမညသဒ္ဒတော – ဘာဝသဒ္ဒါ, ကရဏသဒ္ဒါက သာမညသဒ္ဒါ၏ အဖြစ်ကြောင့်၊ တေန ဘာဝါဒိသဒ္ဒေန - ထိုဘာဝ သဒ္ဒါ, ကရဏသဒ္ဒါဖြင့်၊ သဗ္ဗဓာတွတ္ထဒီပနံ-အလုံးစုံသောဓာတ်တို့၏ အနက်ကို ဖွင့်ပြခြင်းသည်၊ ယုတ္တံ-သင့်လျော်၏၊(ကိမိဝ-အဘယ်ကဲ့သို

၃၀၀ ။ ။ နောက်၌ ပစတိကို “ ပစနံဘဝတိ ” ဟုငင်း , သယတိကို “ သယနံကရောတိ ” ဟုငင်း ဆိုလတံ့၊ ထိုသို့ ဆိုရခြင်း၏အခြေခံဖြစ်အောင် ဘူဓာတ် ကရဓာတ်တို့၏သဘောကို ပြလိုသောကြောင့် “ သတ္တာကရဏ ရူပါ” စသည်မိန့်၊ အားလုံးသောဓာတ်တို့သည် ဘူဓာတ်၏အနက်ဖြစ်သော သတ္တာသဘော , ကရဓာတ်၏ အနက်ဖြစ်သော ကရဏသဘော ရှိကြ၏၊ “ ဘူကရာ သဗ္ဗဓာတွတ္ထဗျာပကာ ” နှင့်အညီ “ဘူဓာတ် ကရဓာတ်တို့သည် အလုံးစုံဓာတ်တို့၏အနက်၌ ပြန့်နှံ့နိုင်ကြ၏”ဟု ဆိုလိုသည်။

ထို့ကြောင့်ပင် ဓာတ်အားလုံးနှင့်သက်ဆိုင်အောင် ဓာတ်နက်ဟူသမျှကို ဘူဓာတ်ဖြင့် နာမည်တပ်၍ “ ဘာဝ ” ဟုငင်း, ကရဓာတ်ဖြင့် နာမည်တပ်၍ “ကြိယာ”ဟုငင်း ခေါ်ထားသည်၊ သဒ္ဒါကျမ်း၏သုတ်တို့၌လည်း ဤ ဘူဓာတ် ကရဓာတ်တို့ဖြင့် ဘာဝဟုငင်း, ကမ္မဟုငင်း နာမည်တပ်၍ “ ဘာဝကမ္မေသု တဗ္ဗာနီယာ”စသည်ဖြင့် သုတ်တည်လေ့ရှိသည်။

www.dhammaransi.com



နည်း၊) ဓဝါဒိ – မျှောက်ငိုပင်အစရှိသော သစ်ပင်အထူးတို့ကို၊ ရုက္ခ ဝစ္စာဗ္ဗဝ–ရုက္ခသဒ္ဒါသည် ဟောအပ်(ဟောနိုင်) ကုန်သကဲ့သို့တည်း၊ တု–ဗျတိရိတ်ကား၊ ဝိသေသာ–ထူးကုန်သော၊ ပါကာဒိ–ပါက အစ ရှိသော သဒ္ဒါတို့သည်၊ သဗ္ဗဓာတွတ္ထဒီပကာ–အလုံးစုံသော ဓာတ်နက် တို့ကို ပြနိုင်ကုန်သည်၊ န (ဟောန္တိ)–မဖြစ်ကုန်၊ (ကိမိဝ – နည်း၊ ) ပလာသာဒယော–ပေါက်ပင်ကိုဟောသော ပလာသအစရှိကုန်သော၊ သဒ္ဒါ–သဒ္ဒါတို့သည်၊ သဗ္ဗရုက္ခပ္ပကာသကာ–အလုံးစုံသောသစ်ပင်ကို ပြနိုင်ကုန်သည်၊ န ဟောန္တိ ယထာ– မဖြစ်ကုန်သကဲ့သို့တည်း။

၃၀၃။ ကြိယာဝိသေသနံ ကတ္တု-ကမ္မတ္တေ တိဋ္ဌတေ ယတော၊
သိဒ္ဓံ နှာယေန တံ တသ္မာ, န တဒတ္တံ ဝိသုံ ဝိဓိ။

၃၀၃။ ကြိယာဝိသေသနံ – ကြိယာဝိသေသနသည်၊ ယတော– အကြင့်ကြောင့်၊ ကတ္တုကမ္မတ္တေ–ကတ္တားအဖြစ် ကံအဖြစ်၌၊ တိဋ္ဌတေ- တည်၏၊ တတော – ထို့ကြောင့်၊ တံ–ထို ကြိယာဝိသေသနသည်၊

၃၀၁,၂။ ။ဘူဓာတ် ကရဓာတ်တို့သည် ဓာတ်အားလုံးနှင့်ဆက်ဆံသော သာမညသဒ္ဒါများဖြစ်သောကြောင့် ပစတိကို“ပစနံဘဝတိ”ဟု ဘူဓာတ်ဖြင့် ဖွင့်ပြခြင်း, သယတိကို “သယနံကရောတိ”ဟု ကရဓာတ်ဖြင့် ဖွင့်ပြခြင်းသည် သင့်လျော်၏၊ ဥပမာ – ရုက္ခသဒ္ဒါသည် သစ်ပင်အားလုံးနှင့် ဆက်ဆံသော သာမညသဒ္ဒါဖြစ်သောကြောင့် ဓဝသဒ္ဒါ၏အနက်ဖြစ်သော “မျှောက်ငိုပင်” ဟူသော အနက်ကိုလည်း ရုက္ခသဒ္ဒါက ဟောနိုင်သကဲ့သို့တည်း။

**နတုပါကာဒိ**။ ။ပစဓာတ်၏ ချက်ခြင်းအနက်, ဂမုဓာတ်၏ သွားခြင်း အနက်စသော ဓာတ်နက်တို့ကား အလုံးစုံသောဓာတ်နက်တို့၌ မပြန့်နှံ့-မပါ ဝင်နိုင်ကုန်၊ ဥပမာ – ပေါက်ပင်အနက်ကို ဟောသော ပလာသသဒ္ဒါသည် သစ်ပင်အားလုံးကို မဟောနိုင်သကဲ့သို့တည်း။ [ ဒီပနီ၌ “ ပါကာဒိ ” ကို ဝိသေသာနှင့် မတွဲဘဲ“ပါကာဒိသဗ္ဗဓာတွတ္ထဒီပကာ”ဟု တွဲလေသည်။]

---

၃၀၃ ။ ။ “ မုဒုံ ပစတိ ”၌ မုဒုံပုဒ်သည် ပစနကြိယာကို ( မနူးမနပ် ကျက်ခြင်းမှ ) အထူးပြုသောကြောင့် ကြိယာဝိသေသနမည်၏၊ “သုခံ သယတိ”၌ သုခံပုဒ်လည်း သယနကြိယာကို( ဆင်းဆင်းရဲရဲ အိပ်ရခြင်းမှ) အထူး ပြုသောကြောင့် ကြိယာဝိသေသန မည်၏၊ “ ထို ကြိယာဝိသေသနပုဒ်များ၌ အဘယ်သုတ်ဖြင့် ဝိဘတ် သက်ရမည်နည်း ” ဟု မေးဘွယ်ရှိသောကြောင့်

www.dhammaransi.com



ချာယေန – ကတ္တားအဖြစ် ကံအဖြစ်အား သင့်လျော်သော ပဌမာဝိဘတ်, ဒုတိယာဝိဘတ်ဖြင့်၊ သိဒ္ဓ-ပြီး၏၊ တသ္မာ– ကြောင့်၊ တဒတ္ထံ– ထိုကြိယာဝိသေသနအကျိုးငှါ၊ ဝိဓိ-စီရင်သောသုတ်ကို၊ ဝိသုံ-အသီးအခြား၊ နဝုတ္တံ-(အရှင် ကစ္စည်းဆရာ) မဆိုအပ်။

၃၀၄။ မုဒုံ ပစတိ ဇုတ္တြ, ပစနံ ဘဝတီတိစ၊
သုခံ သယတိ ဇုတ္တြ, ကရောတိ သယနန္တိစ။

၃၀၄။ မုဒုံ ပစတိ ဇုတ္တြ – မုဒုံ ပစတိဟူသော ဤ ပြယုဂ်၌၊ ပစနံ-ချက်ခြင်းသည်၊ ဘဝတိ-ဖြစ်၏၊ ဇုတိစ-ဤ အနက်သည်လည်း၊ ဟောတိ-၏၊ သုခံ သယတိ ဇုတ္တြ-သုခံသယတိဟူသော ဤပြယုဂ်၌၊ သယနံ-အိပ်ခြင်းကို၊ ကရောတိ-ပြု၏၊ ဇုတိစ-ဤ အနက်သည်လည်း၊ ဟောတိ - ဖြစ်၏။

"ကြိယာ၊ပေ၊ဝိဓိ" ဟု မိန့်ဆိုသည်၊ ကြိယာဝိသေသနသည် ကတ္တားအဖြစ်, ကံအဖြစ်၌တည်သောကြောင့် ကတ္တားအဖြစ်အားလျော်သော ပဌမာဝိဘတ်, ကံ အဖြစ်အားလျော်သော ဒုတိယာဝိဘတ်များ သက်ရမည်ဖြစ်ရကား ထိုဝိဘတ်များ သက်ဘို့ရာ သီးခြားသုတ်တို့ အရှင် မဟာကစ္စည်းဆရာ မဟီရင်တော့၊ "လိင်္ဂတ္ထေပဌမာ, ကမ္မတ္ထေဒုတိယာ"ဟူသော ရှိပြီးသုတ်များဖြင့်ပင် ထိုဝိဘတ်များ သက်နိုင်ပြီ-ဟူလို။ [ ချာယသဒ္ဒါ ယုတ္တိအနက်ကို ဟော၏။ ]

**ကတ္တု၊ပေ၊တိဋ္ဌတေ။** ။မုဒုံပစတိကို " ပစနံ ဘဝတိ " ဟု အနက်ဖွင့်၏၊ "မုဒု–နည့်သော၊ ပစနံ– ချက်ခြင်းသည်၊ ဘဝတိ–၏၊"ဟု အနက်ထွက်၏။ [ မုဒုံ၌ ဝါစာသိလိင်္ဂနိဂ္ဂဟိတ်လာ။ ] ထို့ကြောင့် မုဒုသည် ပစနံဟူသောကတ္တား၏ ဝိသေသနဖြစ်ရကား ကတ္တားအဖြစ်၌ တည်၏၊ " သုခံ သယတိ"ကို"သယနံ ကရောတိ"ဟု ဖွင့်၏၊ သုခံ–ချမ်းသာသော၊ သယနံ– အိပ်ခြင်းကို၊ ကရောတိ – ၏ " ဟု အနက်ထွက်၏၊ ထို့ကြောင့် သုခံသည် "သယနံ"ဟူသော ကံ၏ ဝိသေသနဖြစ်သောကြောင့် ကံအဖြစ်၌ တည်၏။

---

၃၀၄။ ။ပစတိ၌ ဘူဓာတ်အနက်၏ ပြန့်နှံ့ပုံကိုပြလို၍ " ပစနံဘဝတိ" ဟုရင်း, သယတိ၌ ကရဓာတ်အနက်၏ ပြန့်နှံ့ပုံကိုပြလို၍ "သယနံကရောတိ" ဟုရင်း, ဖွင့်ပြသောဂါထာတည်း၊ ပစတိကို"ပစနံကရောတိ"ဟုရင်း သယတိကိုလည်း"သယနံ ဘဝတိ"ဟုရင်း ဖွင့်နိုင်၏၊ ထိုသို့ဖွင့်နိုင်ကြောင်းကို ဇုတိစ၌ စသဒ္ဒါက ပြသည်။

www.dhammaransi.com



၃၀၅။ ကမ္မသဒ္ဒေါ ယထာ ကမ္မေ,တထာ ဘာဝေပိ တေနဝါ၊
ကမ္မတ္ထေ ဗျေကသေသေန, ပဒီပနယတောပိဝါ။

၃၀၅။ ဝါ-ရှေ့နည်းမှ တနည်းကား၊ကမ္မသဒ္ဒေါ-ကမ္မသဒ္ဒါသည်၊ ကမ္မေ - ကံဟူသော အနက်၌၊ ( ပဝတ္တော ) ယထာ – ဖြစ်သကဲ့သို့၊ တထာ – ထို့အတူ၊ ဘာဝေပိ – ကြိယာဟူသော အနက်၌လည်း၊ (ပဝတ္တော-ဖြစ်၏၊)တေန-ထို့ကြောင့်၊ ဧကသေသေန ဝါ-ဧကသေသ်ပြုခြင်းအားဖြင့် သော်၎င်း၊ ပဒီပနယတော ပိဝါ-ပဒီပနည်းအားဖြင့် သော်၎င်း၊ ကမ္မတ္ထေတိ–ကမ္မတ္ထေဟူ၍၊ ဝါ–ကမ္မတ္ထေ ဒုတိယာဟူ၍၊ (အာစရိယေန-အရှင် ကစ္စည်းဆရာသည်၊ ဝုတ္တတိ-ဆိုအပ်၏၊)

၃၀၆။ ဗာလာဝတာရ သမ္ဗန္ဓ, စိန္တာဒီသု နံပုံသကံ၊
ဒုတိယေကဝစနန္တံ, ယံ တံ တဂ္ဂတိ တီရိတံ။

၃၀၆။ ဗာလာဝတာရ သမ္ဗန္ဓစိန္တာဒီသု-ဗာလာဝတာရကျမ်း သမ္ဗန္ဓစိန္တာ အစရှိသောကျမ်းတို့၌၊ ( ဤရိတံ-၌စပ် )၊ ယံ– အကြင် ဝိသေသနသည်၊ နပုံသကံ-နပုံလိင်ရှိ၏၊ ဒုတိယေကဝစနန္တံ-ဒုတိယာ ဧကဝုစ်ဝိဘတ်အဆုံးရှိ၏၊ တံ–ထို ကြိယာဝိသေသနကို၊ တဂ္ဂတိတိ–ထိုနပုံလိင်ဒုတိယာဧကဝုစ်ဝိဘတ်ဟူသောဖြစ်ခြင်းရှိ၏ဟူ၍ ဤရိတံ-ဆိုအပ်ပြီ။

၃၀၅။ ။ကြိယာဝိသေသနပုဒ်တို့၌ ပဋ္ဌမာမသက်ဘဲ ကမ္မတ္ထေ ဒုတိယာသုတ်ဖြင့် ဒုတိယာချည်း သက်ရမည်ဟူသော နည်းကို ပြလို၍“ကမ္မသဒ္ဒေါ” စသည်မိန့်၊ ကမ္မသဒ္ဒါသည်“ကရီယတေတိ ကမ္မံ”ဟု ကမ္မသာဓနဝိဂ္ဂဟပြုလျှင် ကံအနက်ကိုဟော၏၊ “ကရီယတေ-ပြုခြင်း+ကမ္မံ-ပြုခြင်း”ဟု ဘာဝသာဓန ဝိဂ္ဂဟပြုလျှင် ကြိယာဟူသောအနက်ကို ဟော၏၊ ကမ္မတ္ထေ ဒုတိယာသုတ်၌ ကမ္မကို “ ကမ္မံစ– ကံလည်း+ ကမ္မံစ– ကြိယာလည်း၊ ကမ္မံ–ကံ, ကြိယာ” ဟု ဧကသေသ်ပြုလျှင်, တနည်း– ပဒီပနည်းကြံသျှင် ထိုသုတ်ဖြင့် ကံအနက်၌ သာမက , ကြိယာ၏ ဝိသေသနဖြစ်သော ကြိယာအနက်၌လည်း ဒုတိယာ သက်၍ “မုဒုံ–သုခံ”ဟု ဒုတိယန္တရုပ်များပြီးရသည်–ဟူလို။

မှတ်ချက်။ ။ဆီမီးသည် အမှောင်ကို ဖျက်ဆီးမှု, အလင်းကို ပြမှု, ဤ ၂ ခုကို တပြိုင်နက်ပြုနိုင်သကဲ့သို့, ကမ္မသဒ္ဒါတခုထည်းက ကံဟူသောအနက်, ကြိယာဟူသောအနက် ၂ ခုကို တပြိုင်နက်ဟောနိုင်မှုကို ပဒီပနည်းဟုခေါ်၏။

www.dhammaransi.com



(တနည်း) ယသ္မာ- အကြင်ကြောင့်၊ ယံ - အကြင် ကြိယာဝိသေသနသည်၊ တဂ္ဂတိ-ထိုကြိယာ၌ဖြစ်သော နပုံလိင် ဒုတိယာကေဝုစ်ဝိဘတ်ရှိသည်၊ ဟောတိ-၏၊ တသ္မာ-ထို့ကြောင့်၊ တံ- ထိုကြိယာဝိသေသနသည်၊ ဗာလာဝတာရ သမ္ဗန္ဓစိန္တာဒီသု- ဗာလာဝတာရကျမ်း, သမ္ဗန္ဓစိန္တာ အစရှိသော ကျမ်းတို့၌၊ နပုံသကံ - နပုံလိင်ရှိ၏ဟူ၍၎င်း၊ ဒုတိယေကဝစနန္တံ - ဒုတိယာကေဝုစ် ဝိဘတ် အဆုံးရှိ၏ဟူ၍၎င်း၊ ဤရိတံ-ဆိုအပ်ပြီ။

၃၀၆ ။ ။ ဤဂါထာသည် ဗာလာဝတာရ – သမ္ဗန္ဓစိန္တာကျမ်းတို့၏အဆိုကိုပြသော ဂါထာတည်း၊ သမ္ဗန္ဓစိန္တာ၌ ဆိုထားပုံကား—

ကြိယာ ဝိသေသနံ ယံ့တု,တံ သဗ္ဗဒိ နပုံသကံ၊
ဒုတိယာယေကဝစနံ, ဂတိ တဿ ဟိ တာဒိသီ။

**ဆိုလိုရင်း**။ ။ဤသမ္ဗန္ဓစိန္တာ၏ ဆိုလိုရင်းကား-ကြိယာသည် လူအများ၏ချက်ခြင်းပင် ဖြစ်စေကာမူ ချက်ခြင်းသာမညဖြစ်၍ ကေဝုဏ္ဍ (တခုတည်း) သာတည်း၊ ထိုကြိယာကိုအထူးပြုရသော ကြိယာဝိသေသနလည်း ထိုကြိယာကဲ့သို့ကေဝုဏ္ဍသာလျှင် ရှိရမည်၊ ကြိယာ၌ လိင်မရှိစေကာမူ ကြိယာဝိသေသန ၌ကားနာမ်ပုဒ်ဖြစ်သောကြောင့် လိင်ရှိ၏၊ ထိုလိင်လည်း သာမညဖြစ်သောကြောင့်နပုံလိင်တည်း၊ ထို့ကြောင့် ကြိယာဝိသေသနဟူသမျှသည် နပုံလိင် ဒုတိယာကေဝုစ်ရှိရမည်၊ ထိုသို့ နပုံလိင်ဒုတိယာကေဝစနန္တဖြစ်ရခြင်းသည် ထိုကြိယာဝိသေသန၏ သဘောထုံးစံပင် ဖြစ်သည် – ဟူလို။ [ နိဿယ၌ ဤနည်းကိုပဋ္ဌမပေးထားသည်၊ "သာ+ဂတိ ယဿာတိ တဂ္ဂတိ–ထိုသို့သော ဖြစ်ခြင်းရှိသော ကြိယာဝိသေသန"ဟု သမ္ဗန္ဓစိန္တာအလို ဝိဂြိုဟ်ပြု။]

**ဒီပနီ**။ ။ဒီပနီ၌ကား"ဂစ္ဆတိ ပဝတ္တတီတိ ဂတံ၊ ကိံ တံ၊ နပုံသကလိင်္ဂံ ဒုတိယေကဝစနဥ္စ၊ တိဿံ ကြိယာယံ ဂတံ တဂ္ဂတံ၊ တံ ဧတဿ အတ္ထီတိ တဂ္ဂတိ–ထိုကြိယာ၌ဖြစ်သော နပုံလိင် ကေဝုစ်ရှိ၏"ဟု အဿတ္ထိ ( ဤ ) သက်၍( ဤ ) ကို နပုလ္လိင်အရာဝယ် ရဿပြုလျက် ဖွင့်လေ၏၊ ထိုသို့ ဖွင့်ခြင်းသည်သူနည်းနှင့်သူအဓိပ္ပါယ်ရသော်လည်း သမ္ဗန္ဓစိန္တာ၌"ဂတိ တဿ တာဒိသီ"ကိုတဂ္ဂတိ ဟု (တခါထည်း) ဗဟုဗ္ဗိဟိ လုပ်စေလိုသော ဘေဒစိန္တာဆရာ၏အာဘော်ကား မကျချေ။ [ " ယသ္မာ ယံ ကြိယာဝိသေသနံ တဂ္ဂတိ " ဟုယံကို တံခြားနေသော တဂ္ဂတိနှင့်တွဲ၍ တနည်း ယောဇနာပုံကိုဖွင့်ခြင်းလည်းကမော္တဏ္ဍမပင်တည်း။]

www.dhammaransi.com



**၃၀၇။ သမုဒါယိန မေကတ္တေ, ပေက္ခိတေ ပဌမာ သိယာ၊**
**ဘေဒတ္တေ ဒုတိယာဝျတ္တ, ဗျာချာနေ တ·မုဒီရိတံ။**

၃၀၇။ သမုဒါယိနံ – အပေါင်းရှိသော မုဒုံပစတိ အစရှိသော အစိတ်အစိတ် သဒ္ဒါတို့၏၊ ဧကတ္တေ– တခုထည်း၏ အဖြစ်ကို၊ အပေက္ခိတေ–ဝဒန္တပုဂ္ဂိုလ်က ငဲ့အပ်သော်၊ ဝါ–ငဲ့၍ ဆိုအပ်ရာ၌၊ ပဌမာ– ပဌမာဝိဘတ်သည်၊ သိယာ-ဖြစ်ရာ၏၊ ဘေဒတ္တေ-ကွဲပြားကုန်သည်၏ အဖြစ်ကို၊ အပေက္ခိတေ- ဝဒန္တပုဂ္ဂိုလ်က ငဲ့အပ်သော်၊ ဝါ- ငဲ့၍ဆို အပ်ရာ၌၊ ဒုတိယာ-ဒုတိယာဝိဘတ်သည်၊ သိယာ-ဖြစ်ရာ၏၊ ဣတိ- ဤသို့၊ အတ္ထဗျာချာနေ – အတ္ထဗျာချာန်ကျမ်း၌၊ တံ- ဤစကားကို၊ ဥဒီရိတံ–ဆိုအပ်ပြီ။

**၃၀၈။ ဝိသေသျ တဗ္ဗိသေသာန-မဘေဒတ္တ မပေက္ခတိ၊**
**ယဒါ လိင်္ဂတ္တမတ္တတ္တာ, တဒေတ္တ ပဌမာ ဘဝေ။**

၃၀၈။ ယဒါ- အကြင်အခါ၌၊ ဝိသေသျတဗ္ဗိသေသာနံ - ပစတိ ဟူသော ဝိသေသျ, ထိုဝိသေသျကို အထူးပြုတတ်သော မုဒုံဟူသော ဝိသေသနတို့၏၊ အဘေဒတ္တံ- မကွဲမပြား တသားတည်း၏ အဖြစ်ကို၊ (ဝတ္တာ–ဝဒန္တပုဂ္ဂိုလ်သည်၊ ) အပေက္ခတိ – ငဲ့၏၊ ဝါ - ငဲ့၍ ဆို၏၊ တဒါ – ထို အခါ၌၊ လိင်္ဂတ္တမတ္တတ္တာ – လိင်္ဂအနက်မျှသာ ရှိသည်၏ အဖြစ်ကြောင့်၊ တေ္တ – ဤ မုဒုံဟူသော ကြိယာဝိသေသန၌၊ ပဌမာ- ပဌမာဝိဘတ်သည်၊ ဘဝေ-ဖြစ်၏။

၃၀၇ ။ ။ ကြိယာဝိသေသနပုဒ်၌ အတ္ထဗျာချာန်ကျမ်း အလိုအားဖြင့် ဝိဘတ်သက်ရပုံကို ပြလို၍ "သမုဒါယိန" စသည်မိန့်၊ "သမုဒါယော ဧတေသံ အတ္ထီတိ သမုဒါယီ" ဟု ဝိဂ္ဂဟပြု၍ အပေါင်းရှိသောအစိတ်ကို "သမုဒါယီ" ဟု ခေါ်ပါ၊ "ထို အစိတ်အစိတ်တို့၏ တခုတည်း ( တပေါင်းထည်း )အဖြစ်ကို ဝဒန္တပုဂ္ဂိုလ်က ငဲ့၍ဆိုလျှင် ပဌမာဝိဘတ် သက်ရ၏၊ ထို အစိတ်အစိတ်၏ ကွဲပြားခြင်းကိုငဲ့၍ဆိုလျှင် ဒုတိယာဝိဘတ်သက်ရ၏" ဟု အတ္ထဗျာချာန်ကျမ်း၌ ဆိုသည်၊ ဤအဆိုကိုပင် နောက် ၂ ဂါထာဖြင့် ချဲ့ပြလတ္တံ့။

---

၃၀၈။ ။ "မုဒုံပစတိ" ၌ ပစတိဟူသောဝိသေသျနှင့် မုဒုံဟူသော ဝိသေသနကို "သမုဒါယီ-အစိတ်အစိတ်" ဟု ဆို၏၊ ထို ဝိသေသန ဝိသေသျ ၂ ပါး တို့၏ မကွဲမပြား တသားတည်းအဖြစ်ကို (ဝဒန္တပုဂ္ဂိုလ်က) ငဲ့လျှင် (ငဲ့၍ "မုဒုံ

www.dhammaransi.com



၃၀၉။ ယဒါပေက္ခတိ ဘေဒတ္တံ, တဒါ တဿင်္ဂဘာဝတော၊
ဒုတိယာစ တဒေကတ္တာ, သဒေကဝစနံ သိယာ။

၃၀၉။ ယဒါ-အကြင် အခါ၌၊ ( တေသံ- ထို ကြိယာဝိသေသျ ကြိယာဝိသေသန တို့၏၊ ) ဘေဒတ္တံ - ဝိသေသန ဝိသေသျအဖြစ်ဖြင့် ကွဲပြားကုန်သည်၏ အဖြစ်ကို၊ (ဝတ္တာ-ဝဒန္တပုဂ္ဂိုလ်သည်၊)အပေက္ခတိ-ငဲ့၏၊ ဝါ-ငဲ့၍ဆို၏၊ တဒါ-ထိုအခါ၌၊ တဿ-ထိုကြိယာဝိသေသျ၏၊ အင်္ဂဘာဝတော - အစိတ်အပိုင်း၏ အဖြစ်ကြောင့်၊ ဒုတိယာစ- ဒုတိယာဝိဘတ်သည်ငင်း၊ ဧကတ္တာ - ဝိသေသျ ဖြစ်သော ကြိယာ၏ တခုတည်း၏ အဖြစ်ကြောင့်၊ သဒါ – အခါခပ်သိမ်း၊ ဧကဝစနံစ- ဧကဝုစ်ဝိဘတ်သည်ငင်း၊ သိယာ- ဖြစ်ရာ၏။

ပစတိ''ဟု ဆိုလျှင်) နုနည့်ညံ့နှင့် ကျက်ခြင်းကြိယာသည် (နုနည့်ညံ့ကျက်—ဟု ) အနက်တခုတည်း ဖြစ်ရကား မုဒုအတွက် သီးခြားကာရကအနက် မရတော့၊ ထို့ကြောင့် လိင်္ဂတ္ထကိုထွန်းပြရုံသာ ပဌမာဝိဘတ်သက်ရသည်-ဟူလို။ [ဤနည်း၌ ပဌမာကိုချေရမည် ဖြစ်သောကြောင့် မုဒုံ၌ နိဂ္ဂဟိတ်သည် ဝါစာ သိလိဋ္ဌအလို့ငှါ လာထားသောအက္ခရာတည်း၊ သုခံ၌ကား သိကို အံပြု။]

---

၃၀၉။ ။“မုဒုံပစတိ”၌ “နုနည့်ညံ့” ဟူသော ဝိသေသနအနက်သည် ကျက်ခြင်းမှတခြား, “ကျက်ခြင်း”ဟူသော ဝိသေသျအနက်လည်း နုနည့်ညံ့မှ တခြား-ဟု တကွဲတပြားအဖြစ်ကို ငဲ့၍ဆိုလျှင်ကား နုနည့်ညံ့ဟူသောအနက်သည် ကျက်ခြင်းမဟုတ်သေး၊ ကျက်ခြင်း၏အကြောင်းအင်္ဂါ ဝိသေသနမျှသာ ဖြစ်၏၊ ထို့ကြောင့် ထို ဝိသေသျကြိယာ၌သက်ထိုက်သော ဒုတိယာဝိဘတ်ကို ဝိသေသန၌လည်း သက်ရသည်။

ဆိုလိုရင်းကား —“ ကြိယာသည် ကာရကတို့က ပြီးစေအပ်သောကြောင့် ကံသဘော ရှိ၏၊ ထိုကြိယာကို အထူးပြုသော ဝိသေသနလည်း ကြိယာကဲ့သို့ ကံသဘောပင်ရှိ၏၊ ထို့ကြောင့် ဒုတိယာသာ သက်ရတော့သည်”ဟူလို။

**တဒေကတ္တာ ။** ။ ကြိယာသည် သာမညဧကတ္တဖြစ်၍ ထို ကြိယာ၏ ဝိသေသနသည်လည်း အခါခပ်သိမ်း ဧကတ္တဖြစ်ရကား ဧကဝုစ်ဝိဘတ်သာ သက်ရသည်။ [ အဘေဒငဲ့သောအခါ , ဘေဒငဲ့သောအခါ ဟု အခါ ၂ မျိုး ခွဲဘွယ်မလိုသောကြောင့်“သဒါ”ဟု ဆိုသည်၊“အခါ ၂ မျိုးလုံး၌ပင် ဧကဝုစ်သာ သက်ရသည်”ဟူလို။]

www.dhammaransi.com



၃၁၀။ အသမ္ဘာရသဘာဝတ္တာ, ကတ္တုနော နစ ကာရကံ၊
ဘဝေ တေနေဝ တညူဟိ, တတိယန္တမ္ပိ မန္ဈတေ။

၃၁၀။ (ကောဟေနေဝါတိ တွေ့ - ကောဟေနေဝဟူသော ဤဥဒါဟရဏ်၌၊ ) ကတ္တုနော - ကတ္တား၏၊ အသမ္ဘာရသဘာဝတ္တာ-အဆောံအဥုံးသဘော မရှိသည့်၏အဖြစ်ကြောင့်၊ ကာရကံ-ကရဏကာရကသည်၊ န ဘဝေ - မဖြစ်၊ ( စ အနက် မရှိ၊ ) တေနေဝ-ထို့ကြောင့်ပင်၊ တညူဟိ-ထိုကြိယာဝိသေသနကိုသိကုန်သော ပညာရှိတို့သည်၊ တတိယန္တမ္ပိ- တတိယာအဆုံးရှိသော ကြိယာဝိသေသနကိုလည်း၊ မန္ဈတေ-သိအပ်၏။

၃၁၀။ ။နောက်ဂါထာ၌လာမည့် "ကောဟေနေဝ ပါယာသိ"ကို ကြည့်ပါ၊ ကောဟေနေဝ—တရက်ထည်းဖြင့်သာ၊ ပါယာသိ—(အရောက်) သွားပြီ၊ "နေ့ချင်းပေါက်သွားပြီ"ဟူလို၊ ဤ ကောဟေနသည် ကြိယာဝိသေသနတည်း၊ချဲ့ဥုံးအံ့—"ပုရိသော ပါဒေန ဂစ္ဆတိ"၌ ပါဒေနသည် သွားသော ယောကျ်ားတည်းဟူသောကတ္တားအား အထူး ကျေးဇူးများ၏၊ ထို့ကြောင့် ခြေထောက်သည် "ပုရိသော"ဟူသောကတ္တား၏ သွားခြင်းကိစ္စ၌ အဆောံအဥုံး ( အကူအညီ ) ဖြစ်၏၊ ကတ္တား၏ အဆောက်အဥုံး ဖြစ်သောကြောင့် ပါဒေနကို ကရဏကာရကဟု ခေါ်ရသည်။ [ကရဏကာရကသည် ကတ္တားက ကြိယာကို ပြီးစေရာဝယ် အသုံးသဖြင့် အကူအညီ အထောက်အပံ့ ပြုသော ကာရကဖြစ်သည်—ဟု (၇၀) ဂါထာ၌ ဆိုခဲ့ပြီ။]

ဤ "ကောဟေန"ကား သွားသောကတ္တား၏ အဆောက်အဥုံး(အကူအညီ) မဟုတ်၊ ထို့ကြောင့် "ကရောတိ ကြိယံ အဘိနိပ္ဖါဒေတီတိ ကာရကံ= ကြိယာကိုပြီးစေတတ်မှ ကာရကခေါ်ရ၏" ဟူသော ဝစနတ္ထနှင့်မညီရကား ကောဟေနသည် ကရဏကာရက အမည်မရ၊ "ရက်အကြာကြီး မသွားရဘဲ တနေ့ထည်းဖြင့် အရောက်သွားသည်"ဟု သွားခြင်းကြိယာကို အထူးပြုသော ကြိယာဝိသေသနသာ အမည်ရသည်။

ထို့ကြောင့် " ကြိယာဝိသေသနသည် ပြခဲ့သော ပဌမန္တ ဒုတိယန္တသာ မက, (ကောဟေန ကဲ့သို့) တတိယန္တလည်းရှိ၏"ဟု ပညာရှိတို့ အသိအမှတ် ပြုအပ်သည်၊ တတိယာဝိဘတ်ကို ကတ္တုရိစသုတ်၌ စသဒ္ဒါဖြင့် သက်ရသည်။

**အမှာ**။ ။ဤ တတိယန္တကြိယာဝိသေသနကို "ကြိယာပဝဂ္ဂ"ဟုလည်း ခေါ်၏၊ ကြိယာပဝဂ္ဂ၏အဓိပ္ပါယ်ကို ရူပသိဒ္ဓိဘာသာဋီကာ-တတိယာဝိဘတ် ခဏ်း၌ ရှုပါ။]

၃၁၁။ ကြိယာဝိသေသနံ နာမ, ဆဋ္ဌျန္တံ့တျပရေ ဝိဒူ၊
ကောဟေနေ ပါယာသိ, ပါဒသုက္ခိပန္တိစ။

၃၁၁။ ကြိယာဝိသေသနံ နာမ – ကြိယာဝိသေသန မည်သည်၊ ဆဋ္ဌျန္တံ - ဆဋ္ဌီဝိဘတ်အဆုံးရှိသည်၊ ဟောတိ- ဖြစ်၏၊ ဣတိ- ဤသို့၊ အပရေ–အခြားကုန်သော၊ ဝိဒူ- ပညာရှိတို့သည်၊ ဝဒန္တိ–ဆိုကုန်၏၊ ကောဟေနေ – တရက်ထည်းဖြင့် သာလျှင်၊ ပါယာသိ – သွားပြီ၊ ပါဒဿ- ခြေ၏၊ ဥက္ခိပနံ - ကြွခြင်း၊ ဣတိစ - ဤသည်တို့ကား၊ ဥဒါဟရဏာနိ-ဥဒါဟရဏ်တို့တည်း။

၃၁၂။ ကြိယာဝိသေသနံ သတ္တေ, ဝုတ္တံ ဓာတုဝိသေသနံ၊
ဘာဝနပုံသကန္တေ ျဝ, သ သနေ သမုဒီရိတံ။

၃၁၂။ သတ္တေ-သက္ကတသဒ္ဒါကျမ်း၌၊ ကြိယာဝိသေသနံ-ကြိယာဝိသေသနကို၊ ဓာတုဝိသေသနံ-ဓာတုဝိသေသနဟူ၍၊ ဝုတ္တံ-ဆိုအပ်ပြီ၊ သာသနေ-ပရိယတ္တိသာသနာတော်ကျမ်း၌၊ (ကြိယာဝိသေသနံ-ကို၊) ဘာဝနပုံသကန္တေ ျဝ – ဘာဝနပုံသကဟူ၍ သာလျှင်၊ သမုဒီရိတံ- ကောင်းစွာဆိုအပ်ပြီ။

၃၁၁။ ဆဋ္ဌျန္တံ ။ ။ "ကြိယာဝိသေသန" သည် ဆဋ္ဌီယန္တလည်း ရှိသေး၏၊ ပုံစံကား– "ပါဒဿ ဥက္ခိပနံ–ခြေ၏ ကြွခြင်း"တည်း၊ "လက်၏ ကြွခြင်း" စသည်မှ အထူးပြုသောကြောင့် ပါဒဿကို ကြိယာဝိသေသန ဟု ခေါ်၏၊ ဝိဘတ်ကို "သာမိသမ္ဗန္ဓေဆဋ္ဌီ"သုတ်ဖြင့် သက်၊ ဤတတိယန္တဆဋ္ဌီယန္တ ၂ မျိုးလုံးပင် အပရေဆရာတို့၏ ဝါဒတည်း။ ["ဥက္ခိပနံ– မြှောက်ခြင်း"ဟု ပေးလျှင် ပါဒဿသည် ကြိယာဝိသေသန မဟုတ်၊ ဆဋ္ဌီကံပုဒ်သာတည်း။ ]

---

၃၁၂ ။ ။ ဤကြိယာဝိသေသနံကို သက္ကတသဒ္ဒါကျမ်း၌ "ဓာတုဝိသေသန"ဟု နာမည်တပ်၏၊ ဓာတုယာ – ဓာတ်၏+ဝိသေသနံ–တည်း၊ ဓာတုဝိသေသနံ-န၊ သာသနာတော် (အဋ္ဌကထာ) ကျမ်း၌ကား "ဘာဝနပုံသက" ဟု နာမည်ပေး၏၊ "ကေမန္တန္တိ – ဘာဝနပုံသကနိဒ္ဒေသော" ဝေရဉ္ဇကဏ္ဍ အဋ္ဌကထာ။ [ ဘာဝေ–ကြိယာ၌+ပဝတ္တံ – ဖြစ်သော+နပုံသကံ–နပုလ္လိင်ရှိသော သဒ္ဒါတည်း၊ ဘာဝနပုံသကံ – ဒွန္ဒ၊ ဒီပနီ၌ " ဘာဝံ – ကြိယာသို့+ အနုဂတော–အစဉ်လိုက်သော+နပုံသကော"ဟု ဖွင့်သည်။]

www.dhammaransi.com



**၃၁၃။ ကြိယာဝိသေသနံ နာမ, ဒုဗ္ဗိဓံ သမုဒီရိတံ**
**ဗဟိဒ္ဓါလပနံ သဗ္ဗ-မဇ္ဈတ္တံ မုဒါဒိကံ။**

၃၁၃။ ကြိယာဝိသေသနံနာမ - ကြိယာဝိသေသနမည်သည်ကို၊ ဒုဗ္ဗိဓံ - ၂ ပါးအပြားရှိ၍ဟူ၍၊ သမုဒီရိတံ - ကောင်းစွာ ဆိုအပ်ပြီ၊ သဗ္ဗံ - အလုံးစုံသော၊ အာလပနံ - အာလုပ်သည်၊ ဗဟိဒ္ဓါ - ဗဟိဒ္ဓ ကြိယာဝိသေသနမည်၏၊ မုဒါဒိကံ- မုဒုံအစရှိသောပုဒ်သည်၊ အဇ္ဈတ္တံ-အဇ္ဈတ္တကြိယာဝိသေသန မည်၏။

**၃၁၄။ ယော သာဓယိတု မာရဒ္ဓေါ, နစ နိဋ္ဌံ-မုပါဂတော၊**
**ဝတ္တမာနောတိ သော ဝုတ္တော,သောဝ ဝိပ္ပကတောတိစ။**

၃၁၄။ ယောကာလော – အကြင် ကြိယာသည်၊ ဝါ - အကြင် ကြိယာကို၊ သာဓယိတုံ – ပြီးစေခြင်းငှါ၊ အာရဒ္ဓေါ- စ၍ အားထုတ်အပ်၏၊ နိဋ္ဌံစ- အပြီးအဆုံးသို့ကား၊ န ဥပါဂတော- မရောက်သေး၊ သော – ထိုကြိယာကို၊ ဝတ္တမာနောတိ - ဝတ္တမာန်ဟူ၍၊ ဝါ- ဖြစ်ဆဲ ကြိယာဟူ၍၊ ဝုတ္တော-ဆိုအပ်၏၊ သောဝ-ထို ဝတ္တမာန်ကြိယာကိုပင်၊ ဝိပ္ပကတောတိစ–ဝိပ္ပကတဟူ၍လည်း၊ ဝုတ္တော—ဆိုအပ်၏။

၃၁၃။ ။ဤ ကြိယာဝိသေသနကို ဗဟိဒ္ဓကြိယာဝိသေသန, အဇ္ဈတ္တ ကြိယာဝိသေသနဟု ၂ မျိုးခွဲသေး၏၊ " ဘောပုရိသ ဂစ္ဆ" စသည်၌ ဘော ပုရိသဟူသော အာလုပ်သည် ဂစ္ဆဟူသောကြိယာ၏ အတွင်းနက်မဟုတ်, အပြင်ကနေ၍ အထူးပြုသောကြောင့် ဗဟိဒ္ဓကြိယာဝိသေသနမည်၏၊ " မုဒုံ ပစတိ"၌ မုဒုံစသည်ကား ကျက်ခြင်းကြိယာ၏အတွင်း၌ဖြစ်၍ အထူးပြုသော ကြောင့် အဇ္ဈတ္တကြိယာဝိသေသနမည်၏။ [နူးညံ့နှင့် ကျက်ခြင်းကြိယာသည် မကွဲမပြားတသားတည်းဖြစ်သောကြောင့်"နူးညံ့"ကို"ကြိယာ၏အတွင်း"ဟု ဆိုသည်။]

၃၁၄ ။ ။ ကြိယာဝိသေသနကိုပြပြီး၍ ယခုအခါ၌ ကြိယာ၏ ပစ္စုပ္ပန် စသော ကာလကို ပြလိုသောကြောင့် " ယော သာဓယိတု " စသည်မိန့်၊ [သွားခြင်းကြိယာတခုကို သတိပြုပါ။] ယော သာဓယိတုံ အာရဒ္ဓေါ-အကြင် သွားခြင်းကြိယာကို ဖြစ်စေဘို့ရန် စ၍ အားထုတ်အပ်ပြီ၊ "စ၍သွားနေပြီ" ဟူလို၊ နစ နိဋ္ဌံ ဥပါဂတော-သို့သော် အပြီးသို့မရောက်သေး၊ ဝတ္တမာနောဘ် သောဝုတ္တော—ထိုသို့ သွားသည်မှစ၍ အပြီးသို့မရောက်သေးသော ကြိယာကို "ဖြစ်ဆဲကြိယာ"ဟု ခေါ်ရသည်။ [ဝတ္တတီတိ ဝတ္တမာနော– ဖြစ်ဆဲ။]

www.dhammaransi.com



၃၁၅။ ကြိယာသန္တာနဝိစ္ဆေဒေ,
ကာလော'တီတော အနာဂတော၊
အနာရဒ္ဓကြိယာယန္တိ, ကာလတ္တယုပလက္ခဏံ။

၃၁၅။ ကြိယာသန္တာန ဝိစ္ဆေဒေ - ကြိယာအစဉ်၏ ပြတ်စဲခြင်းသည်၊ (သတိ- ဖြစ်လသော်၊) ကာလော-ကာလသည်၊ အတီတော-အတိတ်မည်၏၊ အနာရဒ္ဓကြိယာယံ-စ၍ အားမထုတ်အပ်သေးသော ကြိယာသည်၊ ( သတိ - ဖြစ်လသော်၊ ) ကာလော - ကာလသည်၊ အနာဂတော-အနာဂတ်မည်၏၊ ဣတိ-သို့၊ ကာလတ္တယုပလက္ခဏံ-ကာလ သုံးပါးအပေါင်းကို ကြိယာဖြင့်မှတ်သားခြင်းသည်၊ ဟောတိ။

**သော ၀ ဝိပ္ပကတောတိ စ**။ ။သို့ ဝတ္တမာန်ကိုပင် "ဝိပ္ပကတ"ဟုလည်း ခေါ်၏၊ "ကာယနုတ္တ ဘိက္ခဝေ အန္တရာ ကထာ ဝိပ္ပကတာ"ဟု မေးတော်မူရာ၌ "ဝိပ္ပကတ" ပုဒ်မျိုးတည်း၊ ပကရိယိတ္တ – အပြီးအားဖြင့် ပြုအပ်ပြီ၊ ဝါ-ပြု၍(သွား၍)ပြီးပြီ၊ ဣတိ ပကတော၊ န+ပကတော ဝိပ္ပကတော-အပြီး အားဖြင့် ပြုအပ်ပြီးမဟုတ်သော (ပြု၍မပြီးသေးသော) ကြိယာ၊ ဤသို့ အနက် ရသောကြောင့် "ဝတ္တမာန – ဖြစ်ဆဲ"ဟု ဆိုခြင်းနှင့် "ဝိပ္ပကတ – ပြု၍မပြီး သေး"ဟု ဆိုခြင်းကို သဘောတူ ဟု မှတ်ပါ။ [ မြဟ္မဇာလသုတ်, သီလက္ခန် ဋီကာသစ်၌ တမျိုးဝိဂ္ဂြဟ်ပြုလေ၏။]

**မှတ်ချက်**။ ။ "ယောကာလော" အရ အခါကာလကို ယူရိုးရှိသော်လည်း ဌာနီကြိယာဖြင့် ဌာနကာလကိုမှတ်၍ပြသောကြောင့်"အာရဒ္ဓေါ ဥပါ ဂတော ဝတ္တမာနော"တို့အရ ကြိယာကိုသာ ယူရသည်၊ "ကရဏံ ကာရော ကာရောဧဝ ကာလော"ဟု ရူပသိဒ္ဓိဝိဂ္ဂဟပြုသည်၊ ဒီပနီ၌ကား ကာလကိုပင် ယူလေလို၍ "အာရဒ္ဓေန ယုတ္တော, ဥပါဂမနေန ယုတ္တော"ဟု ဖွင့်လေသည်။

---

၃၁၅ ။ ။ သွားခြင်းကြိယာ အစဉ်ပြတ်သွားလျှင် ထိုပြတ်ခဲ့ရာ အချိန် အခါကို အတီတကာလ ( အတိတ်အခါ ) ဟု ဆို၏၊ သွားဘို့ မစရသေးလျှင် ထိုမစရသေးသောအခါကို အနာဂတ်ကာလ ဟု ခေါ်ရသည်။

**ကာလတ္တယုပလက္ခဏံ**။ ။ ကာလတ္တယဿ+ကာလသုံးပါးအပေါင်း ကို+ဥပလက္ခဏံ-ကြိယာဖြင့် မှတ်ခြင်းတည်း၊ ကာလတ္တယုပလက္ခဏံ—ခြင်း၊ ဤစကားကို ထောက်၍ " ယော သာဓေယိတုံ အာရဒ္ဓေါ "စသော ဂါထာ၌ ကြိယာရအောင် အနက်ပေးခဲ့ရသည်။

www.dhammaransi.com



၃၁၆။ အနာဒျနိဓနော နိစ္စော,
ပစ္စယာနုပဝတ္တိတော၊
နိဒဿိတော သဒါ ယော သော,
ကာလော ကာလညုနာ မတော။

၃၁၆။ ယော (ပဒတ္ထော)-အကြင် ပုဒ်အနက်ကို၊ ဝါ-သည်၊ အနာဒိ - အစလည်းမရှိ၊ အနိဓနော - အဆုံးလည်းမရှိ၊ ပစ္စယာနုပဝတ္တိတော-အကြောင်းတရားတို့ကြောင့် မဖြစ်ခြင်းကြောင့်၊ နိစ္စော-မြဲ၏၊ သဒါ - အခါခပ်သိမ်း၊ နိဒဿိတော - ညွှန်ပြအပ်၏၊ သော (ပဒတ္ထော)-ထိုပုဒ်အနက်ကို၊ ကာလော-ကာလဟူ၍၊ ကာလညုနာ-ကာလမြင်သိ,ပညာရှိသည်၊ မတော-သိအပ်၏။

၃၁၇။ ယထာ နိစ္စောပိ အာကာသော, ဃဋာဒိဒဗ္ဗသံယုတော၊
ဃဋာကာသာဒိဘေဒေန, အဘိန္နောပိ ဘိဇ္ဇတေ။

၃၁၇။ အာကာသော-ကောင်းကင်သည်၊ နိစ္စော-တခုထည်း ဖြစ်၍ မြဲသည်၊ (သမာနော) ပိ- ဖြစ်သော်လည်း၊ ဃဋာဒိဒဗ္ဗသံယု

၃၁၆။ ။"ကာလ"ဟူသည် အဘယ်နည်းဟု မေးဖွယ်ရှိသောကြောင့် "အနာဒိ"စသည်မိန့်၊ "ကာလ"ဟူသည် အရာဝတ္ထုအားဖြင့် ထင်ရှားမရှိ၊ လူတို့ မှတ်သားအပ်သော ပညတ်သာတည်း၊ ထို့ကြောင့် " အနာဒိ - (မည်သည့်အခါမှ စခဲ့သည်-ဟု) အစလည်း မရှိ၊ အနိဓနော-(မည်သည့် အခါ၌ ကုန်ဆုံးလိမ့်မည်-ဟု) အဆုံးလည်း မရှိ။

**ပစ္စယာနုပဝတ္တိတော။** ။(ကံ စိတ် ဥတု အာဟာရနှင့်တကွ အဝိဇ္ဇာ တဏှာ ဖဿစသော) အကြောင်းတို့ကြောင့် ဖြစ်ရသော အရာဝတ္ထု မဟုတ်သောကြောင့် မြဲ၏၊ အကယ်၍ အကြောင်းတရားတို့ကြောင့်ဖြစ်ရလျှင်"သဗ္ဗေ သင်္ခါရာ အနိစ္စာ"အရ "အနိစ္စ ဖြစ်ရလိမ့်မည်"ဟူလို။

**နိဒဿိတော သဒါ။** ။( ဘယ်အခါ၌ မဆို ) ထိုကာလကို ညွှန်ပြ၍ ရနိုင်၏၊ ထိုပုဒ်နက်ဖြစ်သော ပညတ်တမျိုးကို " ကာလ " ဟု ခေါ်ရသည်။ [" နိဓန "သဒ္ဒါသည် ဥစ္စာဟူသမျှ မရှိသော သေခြင်းအနက်ကို ဟော၏၊ ထို သေခြင်းကဲ့သို့ အဆုံးကိုလည်း ဥပစာအားဖြင့် ဟော၏၊ ထို့ကြောင့် " အနိဓနော "ကို " အနန္တော "ဟု ဖွင့်သည်။ ]

www.dhammaransi.com



တော - အိုးအစရှိသော ဒြဗ်တို့နှင့်ယှဉ်သည်၊ (ဟုတွာ- ဖြစ်၍၊ ဝါ- ဖြစ်ခြင်းကြောင့်၊ ) ဃဋာကာသာဒိ ဘေဒေန - ဃဋာကာသ အစ ရှိသည်တို့၏ အပြားအားဖြင့်၊ ဘိန္နတေယထာ- များပြားရသကဲ့သို့၊ (တထာ - ထို့အတူ၊ ကာလော - ကာလသည်၊) အဘိန္နော - မကွဲ မပြားသည်၊ (ဟုတွာ-၍၊) ဧကော-တမျိုးတည်းသည်၊ (သမာနော) ပိ-ဖြစ်ပါသော်လည်း၊ ဘိန္နတေ-များပြားရ၏။

၃၁၈။ ကြိယာ ဘေဒူပစာရေန,ကာလေကောပိ ပဘိန္နတေ၊
ကတ္တာဒိဘေဒတောယေဝ,ကြိယာယေကာပိ ဘိန္နတေ။

၃၁၈, ကာလော- ကာလသည်၊ ဧကော - တမျိုးထည်းသည်၊ (သမာနော)ပိ-ဖြစ်ပါသော်လည်း၊ကြိယာဘေဒူပစာရေန-ကြိယာ အပြားကို ကာလ၌ တင်စားသော ဥပစာအားဖြင့်၊ ပဘိန္နတေ- ကွဲပြားရ၏၊ ကြိယာ- ကြိယာသည်၊ ဧကာ- တမျိုးထည်းသည်၊ သမာ နာပိ-ဖြစ်ပါသော်လည်း၊ (ယေကာပိ၌ ယအပိုလာသည်၊) ကတ္တာဒိ ဘေဒတောယေဝ- ကတ္တားအစရှိသည်တို့၏ ကွဲပြားခြင်းကြောင့်သာ လျှင်၊ ဘိန္နတေ-ကွဲပြားရ၏။

၃၁၇။ ။ " ကာလသည် အစအဆုံးမရှိ၍ တမျိုးတည်းသော အနက် ဖြစ်လျှင် အဘယ့်ကြောင့် ပစ္စုပ္ပန်ကာလ စသည်ဖြင့် ပြားနိုင်သနည်း " ဟု မေးဘွယ်ရှိသောကြောင့် "ယထာနိစ္စောပိ"စသည်မိန့်၊ " ကောင်းကင်"ဟု ခေါ်အပ်သော ပညတ်ကိုကြည့်ပါ၊ ထိုကောင်းကင်သည် ဟာလာဟင်းလင်း တမျိုးတည်းသာ ဖြစ်သော်လည်း"အိုး၏မျက်နှာဝ"ဖြစ်သော အာကာသကို " ဃဋာကာသ—အိုးမျက်နှာဝပေါက် "ဟုရင်း အိမ်တံခါးပေါက်ကို " ဃရ ဒွါရာကာသ " ဟုရင်း ဤသို့စသည်ဖြင့် အိုးစသောဒြဗ်တွေ များသလောက် အာကာသလည်း များပြားရသကဲ့သို့, ထို့အတူ"ကာလလည်း တပါးထည်း ဖြစ်စေကာမူ အများအပြား ကွဲပြားနိုင်သည် " ဟူလို၊ ထို များပြားခြင်း၏ အကြောင်းကို နောက်ဂါထာဖြင့် ထင်ရှားပြလတံ့။

---

၃၁၈။ ။ကာလသည် အစမရှိ-အဆုံးမရှိဘဲမြဲသောကြောင့် တခုထည်း ဖြစ်သော်လည်း ကြိယာတို့က သွားခြင်းကြိယာ ချက်ခြင်းကြိယာ စသည်ဖြင့် ကွဲပြားသောကြောင့် ဌာနီကြိယာ၏အပြားကို ဌာနကာလ၌ တင်စားသော ဌာနူပစာရအားဖြင့် ကာလလည်း ( သွားခြင်း၏ ကာလ , ချက်ခြင်း၏

www.dhammaransi.com



၃၁၉။ ကြိယာ သာမညဘာဝေန, အဘိန္နာပိ ပဘိဇ္ဇတေ၊
ဒေသာဒိနာတိ မာချာတေ–ကသေသော တျပရေ ဝိဒူ။

၃၁၉။ ကြိယာ - ကြိယာသည်၊ သာမညဘာဝေန - သာမည၏ အဖြစ်ကြောင့်၊အဘိန္နာ-မကွဲမပြားသည်၊(သမာနာ)ပိ-ဖြစ်ပါသော်လည်း၊ ဒေသာဒိနာ–ဒေသအစရှိသည်ကြောင့်၊ ပဘိဇ္ဇတေ–ကွဲပြားရ၏၊ ဣတိ-ထို့ကြောင့်၊ အာချာတေ-အာချာတ်၌၊ ကေသေသော–ကေသေသ်သည်၊ အတ္ထိ-ရှိ၏၊ဣတိ-ဤသို့၊ အပရေ-တပါးကုန်သော၊ ဝိဒူ–ပညာရှိတို့သည်၊ ဝဒန္တိ–ဆိုကုန်၏။

ကာလ စသည်ဖြင့် ) ကွဲပြားရသည်၊ သွားခြင်း ကြိယာလည်း " သွားဆဲ, သွားပြီး, သွားလတံ့ " ဟု ကွဲပြားသောကြောင့် ကာလလည်း "ဝတ္တမာန် ကာလ, အတိတ်ကာလ, အနာဂတ်ကာလ"ဟု ကွဲပြားရသည်။

**ကတ္တာဒိ၊ပေ၊ဘိဇ္ဇတေ**။ ။သွားခြင်းကြိယာသည် (သွားခြင်းအားဖြင့် တူမျှ၍)သာမညဖြစ်သောကြောင့် တခုထည်းသာတည်း၊ ထိုတခုထည်းသော ကြိယာသည် အဘယ့်ကြောင့်"ဂစ္ဆန္တိ"စသည်ဖြင့် ကြိယာအများ (ဗဟုတ္တ) ဖြစ်ရသနည်း–ဟု မေးဘွယ်ရှိသောကြောင့် " ကတ္တာဒိ၊ပေ၊ ဘိဇ္ဇတေ "ဟု မိန့်သည်၊ " သွားသူ"ဟူသော ကတ္တားတွေက များသောကြောင့် "ငဖြူ၏ သွားခြင်း, ငနီ၏သွားခြင်း"စသည်ဖြင့် ကြိယာလည်းများပြား၍ "ဂစ္ဆန္တိ" စသည်ဖြင့် ဗဟုတ္တဖြစ်ရသည် – ဟူလို၊ ပစန္တိစသည်ဖြစ်ပုံ၌လည်း နည်းတူ။ [ ကတ္တာဒိ၌ အာဒိဖြင့် ကံများသောကြောင့် ကံဟောကြိယာလည်း ဗဟုတ္တ ဖြစ်၍"ဩဒနာ ပစ္စန္တေ"ဟု များပြားရပုံကို သိပါ။]

၃၁၉။ ။အပရေဝါဒကိုပြလို၍ "ကြိယာသာမည"စသည်မိန့်၊ ကြိယာ သည် သာမညဖြစ်၍ မများပါသော်လည်း အရှေ့အရပ်၌ ချက်ခြင်း, အနောက် အရပ်၌ ချက်ခြင်း,ဤသို့စသည်ဖြင့် ဒေသကွဲပြားသောကြောင့်ငှင်း, (အာဒိဖြင့် ကာလ စသည်ကိုယူ၍ " နေထွက်ကာလ၌ ချက်ခြင်း , နေဝင်ကာလ၌ ချက် ခြင်း "စသည်ဖြင့် ကာလကွဲပြားသောကြောင့်ငှင်း ) ကြိယာတွေ များပြား ရကား"ပစန္တိ"စသည်ဖြင့် ဗဟုတ္တဖြစ်ရသည်၊ ထိုသို့ ဗဟုတ္တဖြစ်ဘို့ရန်လည်း " ပစတိစ ပစတိစ ပစန္တိ " ဟု ကေသေသ်ပြုရမည်– ဟု အပရေဆရာတို့က ဆိုကြသည်။ [ "ပစတိစ– အရှေ့အရပ်လည်း ချက်၏၊ ပစတိစ–အနောက် အရပ်လည်း ချက်၏၊ ပစန္တိ–ထိုဒေသ ၂ ခု၌ ချက်ကုန်၏"ဟု ပေး။]

www.dhammaransi.com



၃၂၀။ ကတ္တာဒိဘေဒတောယေဝ,
ကြိယာဘေဒေါ ပတီယတေ၊
နေကသေသေန မိစ္စွဝံ,
ဈာသာဒိသု နိသေဓနံ။

၃၂၀။ ကတ္တာဒိဘေဒတောယေဝ - ကတ္တား အစရှိသည်တို့၏ ကွဲပြားခြင်းကြောင့်သာလျှင်၊ ကြိယာဘေဒေါ-ကြိယာ၏ ကွဲပြားခြင်းကို၊ ပတီယတေ – သိအပ်၏၊ ဧကသေသေန – ဧကသေသ်ကြောင့်၊ (ကြိယာဘေဒေါ-ကို၊)န(ပတီယတေ)-သိအပ်သည် မဟုတ်၊ ဧဝံ-ဤသို့၊ ဈာသာဒိသု-ဈာသကျမ်း အစရှိသည်တို့၌၊ နိသေဓနံ-တားမြစ်ခြင်းကို၊ (ကရောန္တိ-ပြုကြကုန်၏။)

၃၂၁။ မဇ္ဈိမော တုမှယောဂေန, အမှယောဂေန ဥတ္တမော၊
တဿေသနာမယောဂေန,ပဌမောဘွေ နုတ္တကေ။

၃၂၁။ ဥတ္တေ-အာချာတ်ဝိဘတ်တို့ ဟောအပ်သော ဝုတ္တအရာ၌၊ တုမှယောဂေန-တုမှသဒ္ဒါနှင့် ယှဉ်ခြင်းကြောင့်၊ မဇ္ဈိမော–မဇ္ဈိမ ပုရိသ်သည်၊(ဟောတိ-ဖြစ်၏၊) အမှယောဂေန- အမှသဒ္ဒါနှင့် ယှဉ်ခြင်းကြောင့်၊ ဥတ္တမော - ဥတ္တမပုရိသ်သည်၊ (ဟောတိ)၊ တဿေသ နာမယောဂေန – ထို တုမှ အမှသဒ္ဒါမှ ကြွင်းသော နာမသဒ္ဒါနှင့် ယှဉ်ခြင်းကြောင့်၊ ပဌမော – ပဌမပုရိသ်သည်၊ ( ဟောတိ )၊ အနုတ္တကေ – အာချာတ်ဝိဘတ်တို့ မဟောအပ်သော အဝုတ္တအရာ၌၊ န (ဟောတိ)– မဖြစ်။

၃၂၀။ ။သဒ္ဒတ္ထဘေဒစိန္တာသကျမ်း,စန်းကျမ်း,အတ္ထဗျာချာန်ကျမ်းတို့၌ကား "ကတ္တာဒိဘေဒတောယေဝ, ကြိယာယေကာပိ ဘိဇ္ဇတေ"ဟူသောစကားကို ထောက်ခံ၍, "ဧကသေသ်ပြုခြင်းကြောင့် ဗဟုတ္တကြိယာ (ကြိယာအများ) ဖြစ်ရသည်"ဟူသော အပရေဝါဒကို တားမြစ်လေသည်။

---

၃၂၁။ ။ဤဂါထာကား – " နာမမှိ ပယုဇ္ဇမာနေပိ တုလျာဓိကရဏေ ပဌမော, တုမှေ မဇ္ဈိမော, အမှေ ဥတ္တမော"သုတ်တို့ကိုမှီသော ဂါထာတည်း၊ အဓိပ္ပါယ်နှင့်တကွ ပုံစံများကိုလည်း ဥတ္တ အနုတ္တစုံအောင် သိပါလေ။

www.dhammaransi.com



၃၂၂။ ခာတုဋ္ဌဝါစကေနေဝ, ပစ္စယေန ပယောဂတော၊
နာမတ္တံ ပဇဟိတွာန, ဓာတုရူပေဝ တိဋ္ဌတေ။

၃၂၃။ အတ္ထန္တာ ဝစနီယဿ,ကတ္တုကမ္မေဟိ ပါကဋော၊
သကတ္တုကော သကမ္မောတိ, ဓာတုရူပေါတိ ဝုစ္စတိ။

၃၂၂, ၃။ (ယော ပစ္စတာယာဒိသဒ္ဒေါ - အကြင် ပစ္စတာယ အစရှိသော သဒ္ဒါသည်၊) ဓာတွတ္ထဝါစကေန - ဓာတ်၏ အနက်ကို ဟောတတ်သော၊ ပစ္စယေန- အာယစသော ပစ္စည်းနှင့်၊ ပယောဂတော ဝေ - ယှဉ်ခြင်းကြောင့်သာလျှင်၊ နာမတ္တံ - နာမ်၏ အဖြစ်ကို၊ ပဇဟိတွာန - ပယ်စွန့်၍၊ ဓာတုရူပေဝ- ဓာတ်၏သဘော၌ သာလျှင်၊ တိဋ္ဌတေ-တည်၏၊(သော ပစ္စတာယာဒိ သဒ္ဒေါ-ထို ပစ္စတာယ အစရှိသောသဒ္ဒါကို၊ဝါ-ထိုပစ္စတာယအစရှိသောသဒ္ဒါသည်၊)အတ္ထနာ-မိမိဟူသော အာယစသော ပစ္စည်းသည်၊ ဝစနီယဿ-ဟောအပ်သော ဓာတ်နက်၏၊ ကတ္တုကမ္မေဟိ - ကတ္တား, ကံတို့ဖြင့်၊ သကတ္တုကောတိ – ကတ္တားရှိ၏ ဟူ၍၎င်း၊ သကမ္မောတိ – ကံရှိ၏ ဟူ၍၎င်း၊ ပါကဋော- ထင်ရှား၏၊(တသ္မာ-ထို့ကြောင့်၊)ဓာတုရူပေါတိ-ဓာတုရူပဟူ၍၊ ဝါ-ဓာတ်၏သဘောရှိသော သဒ္ဒါဟူ၍၊ ဝုစ္စတိ–ဆိုအပ်၏။

၃၂၂, ၃ ။ ။ ရိုးရာဖြစ်သော အာချာတ်ကြိယာအကြောင်းကို ပြပြီး၍ "ဓာတုရူပ"ဟု ခေါ်ရသော နာမဓာတ်၏အကြောင်းကို ပြလိုသောကြောင့် "ဓာတွတ္ထဝါစကေန"စသည်မိန့်၊ "ပစ္စတာယတိ"၌ ပစ္စတော သည် နာမ်ပုဒ်တည်း၊ ထိုသို့ နာမ်ပုဒ်ဖြစ်သော်လည်း အာစာရ ( ပြုကျင့်ခြင်း ) ဟူသော ဓာတ်နက်ကိုဟောသော အာယပစ္စည်းနှင့် တွဲယှဉ်ရသောကြောင့် (ပစ္စတာယ—ဟု ဖြစ်သောအခါ) နာမ်အဖြစ်ကိုစွန့်၍ ဓာတ်၏သဘော၌ တည်သည်။ ["သမုဒ္ဒါယတိ ဧစ္ဆိဋ္ဌာယတိ"စသည်တို့၌လည်း နည်းတူ။]

အတ္ထနာ၊ပေ၊ပါကဋော။ ။ "အဘယ့်ကြောင့် ဓာတ်သဘောရှိ၏ဟု ဆိုရသနည်း"ဟု မေးဘွယ်ရှိသောကြောင့် "အတ္တနာ"စသည်မိန့်၊ [အာယစသောပစ္စည်းကို " အတ္တနာ " ဟု ဆိုသည်။ ] အာယစသောပစ္စည်းသည် အာစာရ (ပြုကျင့်ခြင်း) စသော ဓာတ်အနက်ကို ဟော၏၊ ထိုဓာတ်နက်၏ ကတ္တား ကံတို့ဖြင့် ပစ္စတာယ-စသောသဒ္ဒါမှာ ကတ္တားလည်းရှိ ကံလည်းရှိ၏၊ "သံဃော အတ္တာနံ ပစ္စတာယတိ"စသည်ဖြင့် ကတ္တားကံရှိပုံကို သိပါ၊ ဤသို့ ရိုးရာခါတ်တို့သည် ကြိယာအနက်ကိုဟော၍ ကတ္တားကံ ရှိကြသကဲ့သို့ "ပစ္စ

www.dhammaransi.com



၃၂၄။ ပဗ္ဗတာယတိ သံဃောတိ, ဗာလံ မုဏ္ဍာယတီတိစ၊
ဂမကတ္တာစ သာပေက္ခာ-ပေက္ခိတဗ္ဗော ပယုဇ္ဇတေ။

၃၂၄။ သံဃော-သံဃာသည်၊ ပဗ္ဗတာယတိ-တောင်သည်ကဲ့သို့ ပြုကျင့်၏၊ ဣတိ– ဤသည်ဖင်း၊ ဗာလံ - ကလေးကို၊ မုဏ္ဍာယတိ– ခေါင်းတုံးကိုပြု၏၊ ဣတိ-ဤသည်ဖင်း၊(ဥဒါဟရဏာနိ-တို့တည်း၊) စ- ဆက်၊ ဂမကတ္တာ- ဗာလံဟူသော ကံပုဒ်ကို သိစေတတ်သည့်၏ အဖြစ်ကြောင့်၊ သာပေက္ခာပေက္ခိတဗ္ဗော-ငဲ့ခြင်းရှိသော မုဏ္ဍသဒ္ဒါ သည် ငဲ့အပ်သော ဗာလသဒ္ဒါကို၊ ပယုဇ္ဇတေ – အပိုယှဉ်စပ်အပ်၏။

တာယ''စသော သဒ္ဒါသည်လည်း အာစာရစသော ကြိယာအနက်ကိုဟော၍ ကတ္တား ကံ ရှိသောကြောင့် "ဓာတုရူပ – ဓာတ်သဘောရှိသော (ဓာတ်နှင့် သဘောတူသော) သဒ္ဒါတမျိုး''ဟု ဆိုရသည်။ [ဤ ဓာတုရူပကိုပင် " နာမ ဓာတ်''ဟုလည်း ခေါ်ကြ၏၊"ပဗ္ဗတော''ဟူသော နာမ်ပုဒ်က ဓာတ်သဘော ရှိသော ပုဒ်တမျိုးဖြစ်သည်–ဟူလို၊ ဓာတုယာ+ရူပံ ယဿာတိ ဓာတုရူပေါ၊ နာမမေဝ+ဓာတု နာမဓာတု။] "နာမ်၏နောက်တွင်, ပစ္စည်းဝင်, နာမ်ပင် မလွဲ, ဓာတ်ဖြစ်မြဲ ''—နိယာမ်။

**မှတ်ချက်**။ ။ "ပဗ္ဗတာယတိ''စသော ပုံစံအတွက် ဆိုရာဌာနဖြစ်သော ကြောင့် အတ္တနာကို " ပဗ္ဗတာယ – စသော မိမိ၏''ဟု အနက်ဆိုသင့်သော် လည်း တရံတခါ တပုဒ်လုံး၏ တစိတ်ကိုလည်း ယူငင်နိုင်သောကြောင့် ဤ နေရာဝယ် "အတ္တနာ''အရ " အာယ ''စသော ပစ္စည်းကိုသာ ယူရသည်၊ [အတ္တနာတိ စေတ္ထ အာယာဒိပစ္စယမေဝ သန္ဓာယ ဝုတ္တံ၊ န သဗ္ဗော ပဗ္ဗတာ ယာဒိသဒ္ဒေါ၊ ဝုစ္စတိ ဟိ "ဝတ္တု ဣစ္ဆာနုပရောဓိနီ သဒ္ဒပ္ပဝတ္တိ (သဒ္ဒါတို့၏ ဖြစ်ခြင်းသည် ဝဒန္တုပုဂ္ဂိုလ်၏ အလိုအားလျော်စွာ ဖြစ်ခြင်းရှိ၏၊ ) တသ္မာ သမာသေပိ ကေဒေသော အာကမီယတိ''တိ၊–ဒီပနီ။]

---

၃၂၄။ ။ပဗ္ဗတာယတိ, မုဏ္ဍာယတိတို့ကား ပုံစံတည်း၊ ပဗ္ဗတာယတိ ရှပ်ပြီးပုံကို ကစ္စည်းကျမ်းမှာ ရှု၊ မုဏ္ဍာယတိကား"မုဏ္ဍံ ကရောတိ''ဟူသော အနက်၌ ဥပမာန မဟုတ်သော " မုဏ္ဍံ '' ဟူသော ဒုတိယန္တနာမ်ပုဒ်နောင် ကရဓာတ်၏အနက်၌ အာယပစ္စည်း သက်ထားသည်၊ " အာယနာမတော '' ဟူသော ယောဂဝိဘာဂဖြင့်, (တနည်း) " သဒ္ဒါဒီနိ ကရောတိ'' ဟူသော မောဂ္ဂလ္လာန်သုတ်ဖြင့် အာယပစ္စည်းသက်။ [ပဗ္ဗတာယတိသည် "သံဃော'' ဟု ကတ္တားရှိပုံကို ပြသောပုံစံတည်း၊ မုဏ္ဍာယတိကား "ဗာလံ''ဟု ကံရှိပုံကို ပြသောပုံစံတည်း။]

www.dhammaransi.com



**ဂမကတ္တာ၊ပေ၊ပယုဉ္စတေ ။** ။ " မုဏ္ဍာယတိ " ဆိုလျှင် " မုဏ္ဍံ " ဟု ကံရှိပြီး ဖြစ်သောကြောင့် ဗာလံကို ထည့်ဘွယ်မလို၊ အဘယ့်ကြောင့် ထည့်ရသနည်း ဟု မေးဘွယ်ရှိသောကြောင့် " ဂမကတ္တာ၊ ပေ၊ ပယုဉ္စတေ " ဟု မိန့်သည်–ဟု ဆို၍ "မုဏ္ဍာသဒ္ဒါသည် ငဲ့အပ်သော ဗာလံဟူသောကံကို မုဏ္ဍာသဒ္ဒါက သိစေတတ်သောကြောင့် သာပေက္ခဖြစ်သော မုဏ္ဍာသဒ္ဒါသည် ငဲ့အပ်သော ဗာလံဟူသောကံကို ယှဉ်စပ်ထည့်စွက်အပ်သည် – ဟု ဒီပနီဖွင့်သည်။ [အယမတ္ထော အတ္ထော၊-မုဏ္ဍာသဒ္ဒဿ အတ္တနာ အပေက္ခိတံ ဗာလံ ဂမကတ္တာ ( ဉာပကတ္တာ ) တေန မုဏ္ဍာသဒ္ဒေန အပေက္ခိတဗ္ဗော ဗာလသဒ္ဒေါ ပယုဉ္စတေတိ။–ဒီပနီ။] နိဿယ၌ ဤအဖွင့်အတိုင်း အနက်ပေးထားသည်။

**မိမိအယူ။** ။မိမိကား ဒီပနီဖွင့်သလို ကျမ်းဆရာဆိုလိုမည်မထင်၊ ဂမက-သာပေက္ခ အသုံးအနှုန်းသည် သမာသ်စပ်သောအရာ၌ အသုံးအနှုန်းတည်း၊ (၂၄၃)ဂါထာကို ကြည့်ပါ၊ ပဗ္ဗတ+ မုဏ္ဍာတို့နှင့် အာယပစ္စည်း၏ စပ်ခြင်းလည်း သမာသ်စပ်နှင့် အလားတူပင် ဖြစ်၏၊ ထို့ကြောင့် ပဗ္ဗတ– မုဏ္ဍာတို့၌ အာယနှင့်စပ်၍ "ပဗ္ဗတာယ, မုဏ္ဍာယ "ဟု ဖြစ်သောအခါ ' ပဗ္ဗတောဝိယ အာစရတိ "ဟူသော ဝါကျ၏အနက်,"မုဏ္ဍံ ကရောတိ"ဟူသော ဝါကျ၏ အနက်ကို သိစေတတ်သောသတ္တိကို"ဂမက"ဟု ဆိုလိုမည်ထင်သည်။

ဤအတိုင်းမှန်လျှင်"ပဗ္ဗတ မုဏ္ဍာတို့သည် သံဃောဗာလံဟူသောပုဒ်တပါးကို ငဲ့ခြင်း ရှိပါလျက် အဘယ့်ကြောင့် အာယပစ္စည်းနှင့် တွဲစပ်ရသနည်း " ဟု မေးဘွယ်ရှိသောကြောင့် "ဂမကတ္တာ၊ပေ၊ပယုဉ္စတေ"မိန့်–ဟု ကျမ်းတက်၍ "ပုဒ်တပါးကိုငဲ့သော်လည်း ဝါကျအနက်ကို သိစေတတ်သောကြောင့် တွဲစပ်နိုင်သည်"ဟု အဓိပ္ပါယ်ယူသင့်သည်။

**သာပေက္ခာ ပေက္ခိတဗ္ဗာ ။** ။ ပဗ္ဗတသည် သံဃာကိုငဲ့ခြင်း ရှိသော သာပေက္ခလည်း ဟုတ်၏၊ ထိုသံဃာသည် ပြန်၍ငဲ့အပ်သောကြောင့် အပေက္ခိတဗ္ဗလည်းဟုတ်၏၊မုဏ္ဍာသည် ဗာလကိုငဲ့ခြင်းရှိသောကြောင့် သာပေက္ခလည်း ဟုတ်၏၊ ဗာလသည် ပြန်၍ငဲ့အပ်သောကြောင့် အပေက္ခိတဗ္ဗလည်း ဟုတ်၏၊ ဤသို့ သာပေက္ခလည်းဖြစ်-အပေက္ခိတဗ္ဗလည်းဖြစ်သောကြောင့် ပဗ္ဗတ-မုဏ္ဍာတို့ကိုသာ အာယနှင့်ကပ်၍ ယှဉ်စပ် သုံးစွဲအပ်သည်။

သံဃာသည် ပဗ္ဗတကငဲ့အပ်သောကြောင့် အပေက္ခိတဗ္ဗ ဟုတ်သော်လည်း ပဗ္ဗတကိုငဲ့ခြင်းရှိသော သာပေက္ခမဟုတ်၊ ပဗ္ဗတကိုမငဲ့ဘဲလည်း"သံဃာသည် ပြုကျင့်၏"ဟု အဓိပ္ပါယ်ရနေသည်ကို"မငဲ့"ဟု ဆိုသည်၊ ဗာလလည်း မုဏ္ဍာက ငဲ့အပ်သော အပေက္ခိတဗ္ဗဟုတ်သော်လည်း မုဏ္ဍာကိုငဲ့ခြင်းရှိသော သာပေက္ခမဟုတ်၊ ထို့ကြောင့် သံဃော – ဗာလံ တို့ကို အာယပစ္စည်းနှင့် မယှဉ်စပ်ရ။ [ သာပေက္ခောစ+သော+ အပေက္ခိတဗ္ဗောတိ သာပေက္ခာပေက္ခိတဗ္ဗော။]

www.dhammaransi.com



၃၂၅။ သညာယ ဝတ္တုမိစ္ဆာယ,မာချာတံ နာမိကံ ဘဝေ၊
မာခလိစ္စာဒိသဠ္ဌိစ္စေဝံ, သဒ္ဒနီတိယ•မာဟဋံ။

၃၂၅။ မာခလိစ္စာဒိသု-မာခလိ အစရှိသောပြယုဂ်တို့၌၊ သညာယံ-အမည်ကို၊ ဝတ္တုံ - ဆိုခြင်းငှါ၊ ဣစ္ဆာယံ- အလိုသည်၊ (သတိ-ရှိလသော်၊) အာချာတံ-အာချာတ်ပုဒ်သည်၊ ဝါ- အာချာတ်ပုဒ်က၊ နာမိကံ - နာမ်ဝိဘတ်နှင့် ယှဉ်သောပုဒ်သည်၊ ဝါ - နာမ်ပုဒ်သည်၊ ဘဝေ–ဖြစ်၏၊ ဣစ္စေဝံ-ဤသို့၊ သဒ္ဒနီတိယံ-သဒ္ဒနီတိကျမ်း၌၊ အာဟဋံ-ဥဒါဟရဏ် ထုတ်ဆောင်အပ်ပြီ။

၃၂၆။ ဥပဂ္ဂဟောဝတု ကတ္တာဒိ-သာဓနေန္တ•ပရေ ဝိဒူ၊
ကေစိ တဿ ဝိသေသောတိ,ကာရကေ တဿ သင်္ဂဟော။

၃၂၆။ အပရေ-တပါးကုန်သော၊ ဝိဒူ–ပညာရှိတို့သည်၊ ကတ္တာဒိသာဓနံ – ကတ္တုအစရှိသော သာဓနသည်၊ ဥပဂ္ဂဟော - ဥပဂ္ဂဟမည်၏၊ ဣတိ-သို့၊ ဝဒန္တိ–ဆိုကြကုန်၏၊ ကေစိ-အချို့ ဆရာတို့သည်၊

၃၂၅။ ။ဤ အာချာတ်အခဏ်းဝယ် အာချာတ်ပုဒ်ရင်းက နာမ်ပုဒ်ဖြစ်သွားသော ပုဒ်ထူးပုဒ်ဆန်းကိုလည်း ပြလိုသောကြောင့်“သညာယ”စသည် မိန့်၊“မာခလိ”ပုဒ်သည် မာသဒ္ဒါနှင့်ယှဉ်သော ခလဓာတ် ဩဝိဘတ်ကို ဣပြု၍ “ မာခလိ – မချော်စေနှင့် ”ဟု ပြီးသော အာချာတ်ပုဒ်တည်း၊ “ မာခလိ ဂေါသာလ ”ဟူသော နာမည်ကို ဆိုလိုသောအခါ ထို“မာခလိ” ဟူသော အာချာတ်နောင် နာမ်ဝိဘတ် သက်၍ “ မာခလိ ” ဟူသော နာမည်ကို ဟောသော နာမ်ပုဒ်တမျိုး ဖြစ်ရသည်၊ ထို့ကြောင့်“မာခလိနာ ဂေါသာလေန”စသည်ဖြင့် ပါဠိတော်ဝယ် နာမ်ပုဒ်အဖြစ်ဖြင့် တွေ့မြင်ကြရသည်။

အာဒိ။ ။မာခလိစ္စာဒိ၌ အာဒိဖြင့်“အညာသိကောဏ္ဍညထေရ်”ဟူသော နာမည်၌ အညာသိ ပုဒ်ကိုယူ၊ ဉာဓာတ်, ဤ ဝိဘတ်, ( အ – သ ) လာ၍ “အညာသိ – သိပြီ” ဟု ပြီးသော အာချာတ်ပုဒ်တည်း၊ ပဉ္စဝဂ္ဂီ ၅ ဦးတွင် ပဌမဆုံးထေရ်၏နာမည်ကို ထိုအညာသိပုဒ်ဖြင့်အထူးပြု၍ ခေါ်ဝေါ်ရာ၌ကား အညာသိနောင် ပဌမာ စသော ဝိဘတ်သက်၍ နာမ်ပုဒ် ဖြစ်လာရသည်၊ အညာသိစ+သော+ကောဏ္ဍညောစာတိ အညာသိကောဏ္ဍညော။ [ ဒီပနီ၌ သိကိုချေ၍ “ အညာကောဏ္ဍညော ”ဟု ဖွင့်၏၊ ယခုအခါ၌ကား “အညာကောဏ္ဍည”ဟု မခေါ်ကြတော့။ ]

www.dhammaransi.com



တသ္မ-ထို ကတ္တုအစရှိသော **သာဓန**၏၊ ဝိသေသော - ဝိသေသန သည်၊ ဥပဋ္ဌဟော- ဥပဋ္ဌဟမည်၏၊ ဣတိ - ဤသို့၊ ဝဒန္တိ - ဆိုကြ ကုန်၏၊ တသ္မ - ထို ဥပဋ္ဌဟ ၂ မျိုးကို၊ **ကာ**ရကေ - ကာရကဌ်၊ **သင်္ဂဟော**-သွင်းယူခြင်းသည်၊ ဟောတိ-ဖြစ်၏။

၃၂၆။ ။"အာချာတ်ဝိဘတ်သည် မိမိ၏ဟောနက်ဖြစ်သော ဘော ကံ ကတ္တားသာ မက,ဥပဋ္ဌဟကိုလည်းဟောသေး၏"ဟု သတ္တတကျမ်း၌ ဆိုအပ် သောကြောင့် ထို ဥပဋ္ဌဟကို ဤနေရာ၌ ပြလိုရကား "ဥပဋ္ဌဟောတု"စသည် မိန့်၊ ပုံစံကို ကတ္တားဟော ကံဟော ဘောဟောဖြစ်သော " ပါစကော ပုရိ သော ဂစ္ဆတိ, ဒေသိတံ ဓမ္မံ သုဏာတိ, ဘယံ ဇာယတေ"ဟု ဒီပနီထုတ်၏။

**ဥပဋ္ဌဟော ကတ္တာဒိသာဓနံ**။ ။ "ပါစကောပုရိသော — ချက်တတ် သော ယောက်ျား " ဤပုံစံ၌ ပါစကောဝယ် ပစဓာတ် , ဏွုပစ္စည်းသည် ကတ္တားဟောတည်း၊ ထိုပါစကောနှင့် အရတူသော ပုရိသောလည်း ကတ္တား ကိုပင် ဟော၏၊ ထိုတွင် "ပါစကော ပုရိသော"၌ ပုရိသောသည် ပဓာနဖြစ် ရကား "ဥပဋ္ဌဟ"ဟူသောနာမည်သည် ပုရိသောကဲ့သို့သော ပဓာနသဒ္ဒါ၏ နာမည်တည်း " ဟု အပရေဆရာတို့ ဆိုကြသည်၊ ထိုအလို " ပါစကောတိ ဝိသေသနေန + ဥပဂယှတေတိ ဥပဋ္ဌဟော "ဟု ပြု၊ ဝိသေသနသည် ကပ်၍ ယူအပ်သော ဝိသေသျ ပဓာနသဒ္ဒါတည်း။ [" ဒေသိတံ ဓမ္မံ"၌ ဓမ္မံလည်း ဥပဋ္ဌဟမည်၏၊ ဘယံ၌ကား ဘယံချည်းသာ ဥပဋ္ဌဟမည်၏။]

**ကေစိတသ္မ ဝိသေသော**။ ။ကေစိဆရာတို့ကား "ပါစကော, ဒေသိ တံ"ဟူသော ဝိသေသန အပဓာနကို"ဥပဋ္ဌဟ"ဟု ဆိုကြ၏၊ ထိုအလို "ဥပ ဂယှတေ တေနာတိ ဥပဋ္ဌဟော"ဟု ပြု၊ တေန– ဤ အပဓာန ဝိသေသန သဒ္ဒါသည်၊ ပဓာနတ္ထော– ပဓာနအနက်ကို၊ ဥပဂယှတေ -ကပ်၍ယူအပ်၏၊ ဣတိ – ထိုသို့ ကပ်၍ယူတတ်သည်၏အဖြစ်ကြောင့်၊ ဥပဋ္ဌဟော – ဥပဋ္ဌဟ မည်၏၊ အဝုတ္တ ကတ္တုသာဓန။

**ကာရကေ တသ္မ သင်္ဂဟော**။ ။ "ကတ္တာဒိသာဓနံ " ဟု ဆိုသော အပရေနှင့် ကေစိဆရာတို့သည် ကာရကနှင့် သာဓနကို သဘောတူ မယူကြ၊ ပစ္စည်း၏ဟောနက်ကိုသာ သာဓနဟု ယူလို၍, ကြိယာကိုပြီးစေတတ်သော ပုရိသော၌ ကတ္တုသတ္တိ, ဓမ္မံ၌ ကမ္မသတ္တိ , စသည်ကိုသာ ကာရကဟု ယူလို ကြ၏၊ ကာရကနှင့် သာဓနကို သဘောတူဟု ယူကြသောဆရာတို့ကမူ "ပါစ ကော ပုရိသောဟူသော ဥပဋ္ဌဟ ၂ မျိုးလုံးပင် အပဓာနပဓာနအားဖြင့်သာ ကွဲပြားသော ကတ္တုကာရကချည်းဖြစ်၏ "ဟု ယူကြသည်။

www.dhammaransi.com



၃၂၇။ ဝုတ္တေပိ ဓာတုနာ ဘာဝေ, ဝိဘတ္တိပစ္စယာ ဝိနာ၊
ဘာဝိနော ဓာတုနောတ္ထသ္သာ-
ချာတေ ပါကဋဘာဝတော။

၃၂၈။ ကြိယာပဓာနဘာဝေန, ကြိယမာဝိက္ခတေ ဣတိ၊
အာချာတံ ကေစိ ဓာတွတ္ထော, ပဓာနေနာတိ စာပြဒုံ။

၃၂၇,၈။ ဓာတုနာ-ဓာတ်သည်၊ ဘာဝေ-ကြိယာကို၊ ဝုတ္တေပိ-ဟောအပ်ပါသော်လည်း၊ ဝိဘတ္တိပစ္စယာ·ဝိနာဘာဝိနော – ဝိဘတ်ပစ္စည်းနှင့် မကင်းမူ၍ ဖြစ်လေ့ရှိသော၊ ဓာတုနော - ဓာတ်၏၊ အတ္ထဿ – ကြိယာအနက်၏၊ အာချာတေ-အာချာတ်၌၊ ပါကဋဘာဝတော – ထင်ရှားသည်၏ အဖြစ်ကြောင့်၊ (ယံပဒံ-အကြင်ပစတိ အစရှိသော ပုဒ်သည်၊) ကြိယာပဓာနဘာဝေန-ကြိယာ ပြဋ္ဌာန်းသည်၏ အဖြစ်ကြောင့်၊ ကြိယံ – ကြိယာကို၊ အာဝိက္ခတေ – ဟောတတ်၏၊ ဣတိ – ထို့ကြောင့်၊ (တံ ပဒံ - ထို ပစတိအစရှိသော ပုဒ်သည်၊) အာချာတံ – အာချာတ်မည်၏၊ ဣတိ-ဤသို့၊ အပြဒုံ – ဆိုကြကုန်ပြီ၊ ကေစိ-အချို့ ဆရာတို့သည်၊ ဓာတွတ္ထာပဓာနေ-ဓာတ်၏ အနက်ဖြစ်သောကြိယာကို ကတ္တားကံ၌တင်စားသော ဥပစာရ ပဓာနအားဖြင့်၊ ကြိယံ- ကြိယာကို၊ (ကတ္တားကံကို-ဟူလို၊) အာဝိက္ခတေ-ဟောတတ်၏၊ ဣတိ - ထို့ကြောင့်၊ အာချာတံ- အာချာတ်မည်၏၊ ဣတိ- ဤသို့၊ အပြဒုံ- ဆိုကြကုန်ပြီ။

၃၂၇,၈။ ။ယခုအခါ အာချာတသဒ္ဒါ၏ ဝိဂ္ဂြိုဟ်ကို ပြလိုသောကြောင့် "ဝုတ္တေပိ"စသည် မိန့်၊ ထို ၂ ဂါထာ၌ လိုရင်းကား–"ကြိယံ အာဝိက္ခတေတိ အာချာတံ" သာတည်း၊ "အာဝိက္ခတေ" သည် ချာဓာတ်၏ အနက်တည်း၊ ထို့ကြောင့် "အာဝိက္ခတေတိ အာချာတံ" ကို ဓာတွတ္ထဝိဂ္ဂဟ ဟု မှတ်ပါ၊ အာပုဗ္ဗ+ ချာဓာတ် ဟူသော မိမိဓာတ်ရင်းဖြင့် ဝိဂ္ဂြိုဟ်ပြုလျှင်ကား "ကြိယံ အာချာယတီတိ အာချာတံ"ဟု ပြုပါ။

ကြိယာပဓာနဘာဝေန ။ ။ "ပစတိ" စသော အာချာတ်သည် ကံ ကတ္တားကို ဟောသော်လည်း ကြိယာအနက်က ပဓာနဖြစ်သောကြောင့် ပဓာနနည်းအားဖြင့် "ကြိယံ အာဝိက္ခတေ" ဟု ဝိဂ္ဂဟပြုရသည် – ဟူလို၊ "အာဝိက္ခတေ-ကြိယာကို ပဓာနအားဖြင့် ဟောတတ်၏"ဟု ပေး။

www.dhammaransi.com



၃၂၉။ ဗျတိရေကေန ဂစ္ဆာမိ, န ဂစ္ဆာမီတိ ပါကဋာ၊
ကိံ ကရောသိ ပစာမီတိ, ပဉှတော ဝါပျယံ ကြိယာ။

၃၂၉။ ဂစ္ဆာမိ - ငါသွား၏၊ (ဣတိ - ဤသို့၊ ဝုတ္တဝစနသာ-ပြောဆိုအပ်သော စကား၏၊)န ဂစ္ဆာမိ - ငါမသွား၊ ဣတိ-ဤသို့၊ ဗျတိရေကေန - ဆန့်ကျင်ဘက်စကားဖြင့်၊ (အာချာတေ-အာချာတ်၌၊) အယံကြိယာ - ဤ ကြိယာသည်၊ ပါကဋာ - ထင်ရှား၏၊ ဝါ-တနည်း၊ ကိံ - အဘယ်ကို၊ ကရောသိ - ပြုသနည်း၊ ပစာမိ - ချက်၏၊ ဣတိ- ဤသို့၊ ပဉှတောပိ-အမေးအားဖြင့်လည်း၊ ဝါ-အမေးအဖြေအားဖြင့်လည်း၊ (အာချာတေ-၌၊)အယံကြိယာ-သည်၊ ပါကဋာ-၏။

**ဝုတ္တေပိ၊ ပေ၊ ဘာဝတော**။ ။ကြိယာကို ဟောသောကြောင့် "အာချာတ်" ဟု ဆိုလျှင် ဂမု-ပစ စသောဓာတ်ကိုသာ အာချာတ် ဟု ခေါ်ထိုက်သည် မဟုတ်လော-ဟု မေးဘွယ်ရှိသောကြောင့် "ဝုတ္တေပိ" စသည်မိန့်၊ ဓာတ်သည်သာ ကြိယာကို ဟောသော်လည်း ဓာတ်သည် တိစသောဝိဘတ်, အ-စသော ပစ္စည်းနှင့်ကင်း၍ မဖြစ် , ထိုဝိဘတ်ပစ္စည်းပါမှ ပုဒ်အရာဝင်၍ ကြိယာကို ဟောနိုင်၏၊ ထို့ကြောင့် ဂစ္ဆတိ- ပစတိစသော တပုဒ်လုံးကိုသာ အာချာတ် ဟု ခေါ်ရသည်-ဟူလို။

**ကေစိ၊ ပေ၊ အဖြံ့ံ**။ ။"ဂစ္ဆတိ ပစတိ" စသော တပုဒ်လုံးကို အာချာတ် ဟု ခေါ်ရသောကြောင့်ပင် ကေစိဆရာတို့က "ကြိယံ အာချာယတ်" ဟူသော ဝိဂ္ဂဟ၌ "ကြိယံ" အရ ကြိယာကိုမယူဘဲ, ကြိယာအမည်ကို ကတ္တားကံတို့၏ အပေါ်၌တင်စား၍ ဌာနျူပစာရအားဖြင့် ကတ္တားကံကို "ကြိယံ" ဟု ခေါ်ကြသည်၊ ထိုကေစိတို့ကား ဘောဟူသောကြိယာသာ မက, ကတ္တားကံကိုလည်း ကြိယာဟု နာမည်တပ်ကြသည်။

---

**၃၂၉။ ဗျတိရေကေန၊ ပေ၊ ပါကဋာ**။ ။အာချာတ်ပုဒ်တို့က ကြိယာကို ပဓာနအားဖြင့် ဟောပုံမှာ " ဂစ္ဆာမိ-ငါသွား၏ "ဟူသော အန္ဝယစကား "န ဂစ္ဆာမိ-ငါမသွား" ဟူသော ဗျတိရေကစကားကိုထောက်၍ သိသာ၏၊ ဂစ္ဆာမိ-နဂစ္ဆာမိတို့ဖြင့် သွားသူဒြဗ်ကို ဆိုလိုရင်း မဟုတ်၊ သွားခြင်း မသွားခြင်း ကြိယာကိုသာ ဆိုလိုရင်းဖြစ်သည်။

**ကိံ၊ ပေ၊ ကြိယာ**။ ။ကိံ ကရောသိ-ဘာလုပ်နေသနည်း, (အမေး)၊ ပစာမိ- ထမင်းချက်နေ၏၊ (အဖြေ)၊ ဤသို့ အာချာတ်ပုဒ်ဖြင့် မေး ဖြေရာ၌ ပုဂ္ဂိုလ်ဒြဗ်ကို မမေးဘဲ, ကြိယာ ( အလုပ် ) ကိုသာ မေးသောကြောင့်လည်း အာချာတ်၏ ကြိယာပဓာနဟောကြောင်း ထင်ရှားသည်။

www.dhammaransi.com



၃၃၀။ ဝေမ္ပိ သာရဂ္ဂရူပတ္တာ, ချာတသော၀ ကြိယာပဓာ-
နတ္တံ ကိတဿ ဒဗ္ဗပ္ပ-ဓာနတ္တံ သိဒ္ဓရူပတော။

၃၃၀။ ဝေမ္ပိ-ဤဆိုအပ်လတ့်သောအခြင်းအရာအားဖြင့်လည်း၊ (ဥေ ယျံ၌စပ်)၊ သာရဂ္ဂရူပတ္တာ- ကတ္တားကံတို့သည် ပြီးစေအပ်သော သဘောရှိသည်၏ အဖြစ်ကြောင့်၊ အာချာတသော၀ - အာချာတ်၏ သာလျှင်၊ ကြိယာပဓာနတ္တံ - ကြိယာ ပြဓာန်းသည်၏ အဖြစ်ကို၊ (ဥေ ယျံ-သိအပ်၏၊) ကိတဿ - ကိတ်၏၊ သိဒ္ဓရူပတော- ကတ္တား ကံစသော ထင်ရှားသောသဘောရှိသည်၏အဖြစ်ကြောင့်၊ ဒဗ္ဗပ္ပဓာန တ္တံ - ဒြဗ်ပြဓာန်းသည်၏ အဖြစ်ကို၊ (ဥေ ယျံ - သိအပ်၏။) [ဝေမ္ပိ- ဣမိနာ၀ကမာနာကာရေနာပိ ဥေ ယျံ—ဒီပနီ။]

၃၃၀။ ဝေမ္ပိ ၊ပေ၊ ကြိယာပဓာနတ္တံ။ ။အာချာတ်သည် ကတ္တား ကံ ၂ မျိုးလုံးနှင့် ဖြစ်စေ, ကတ္တားနှင့်ချည်းဖြစ်စေ တွဲရမှ ဖြစ်နိုင်သောကြောင့် ကတ္တားကံသည် ပြီးစေအပ်သော သဘောရှိ၏၊ "ပုရိသော မဂ္ဂံ ဂစ္ဆတိ"၌ ဂမနကြိယာသည် ယောကျ်ားဟူသော ကတ္တား, မဂ္ဂဟူသော ကံပါမှ ပြီးစီး နိုင်၏၊ ဤသို့ ကတ္တားကံတို့က ပြီးစေအပ်သောကြောင့် အာချာတ်၏ ကြိယာ ပဓာနအဖြစ်ကို သိရသည်။ [သာဓီယတေတိ သာရျံ—(သာဓေတ်, ဏျ ပစ္စည်း၊) သာရျံ – ကံကတ္တားတို့သည် ပြီးစေအပ်သော (ကံကတ္တားပါမှ ပြီးနိုင် ဖြစ်နိုင်သော) + ရူပံ (သဘောသည်) ယဿာတိ သာရျရူပံ၊ (အာချာတံ)။]

ကိတဿ၊ပေ၊ ရူပတော။ ။ကိတ်၌ကား "ပါစကော—ချက်တတ်သူ" ဟူရာ၌ ချက်တတ်သူကတ္တားဒြဗ်သည် ထင်ရှား၏၊ "ပစိတော-ချက်အပ်သော ထမင်း "ဟူရာ၌ ချက်အပ်သော ထမင်းဒြဗ်သည် ထင်ရှား၏၊ "ပဟရဏံ— ပုတ်ခတ်ကြောင်း"ဟူရာ၌ ရိုက်နှက်ပုတ်ခတ်ရာ၀ယ် အသုံးပြုရသောလက်နက် ဒြဗ် ထင်ရှား၏၊ ဤသို့ ဒြဗ်ထင်ရှားသောကြောင့် ကိတ် အနက်၏ ဒြဗ်ပြဓာန်း သည်၏ အဖြစ်ကို သိရသည်။

မှတ်ချက် ။ ။ ဤဂါထာဖြင့် အာချာတ်က ကြိယာကို ပဓာန အားဖြင့် ဟောကြောင်းကို သိစေလိုရင်းဖြစ်သည်၊ သို့သော် ဤဂါထာကို ထောက်၍ " အာချာတ်သည် ကြိယာပဓာနဖြစ်၏ , ကိတ်သည် ဒြဗ်ပဓာနဖြစ်၏ " ဟု အာချာတ်နှင့် ကိတ်အထူးကိုလည်း သိနိုင်ပြန်သည်။

**အာချာတ်ခဏ်း ပြီး၏။**

www.dhammaransi.com



၃၃၁။ ပါစကော ဘတ္တကာရော ပ-ဟရဏံ သျာဒိ ပစိတော၊
သြဒနော ဒါနိယော ဘိက္ခု, ပဘဝေါ ဟိမဝါဒိကော။

၃၃၂။ အာသနံ မဉ္စပီဌာဒိ, ဌာနံ ဌာနကြိယာ ဧတိ၊
ကိတေနာ·ဘိဟိတံ သတ္တ-သာဓနံ ဘာဝသတ္တမံ။

၃၃၁, ၂။ ပါစကော-ချက်တတ်သူ၊ ဘတ္တကာရော-ထမင်းချက်တတ်သူတည်း၊ ဝါ-ထမင်းချက်တတ်သူကို အရကောက်ရ၏၊ ပဟရဏံ – ပုတ်ခတ်ကြောင်းလက်နက်၊ အသျာဒိ-သန်လျက်အစရှိသော လက်နက်တည်း၊ ပစိတော-ချက်အပ်သော အရာ၊ သြဒနော-ထမင်းတည်း၊ဒါနိယော-ပေးလှူရာဖြစ်သော ပုဂ္ဂိုလ်၊ ဘိက္ခု-ရဟန်းတည်း၊ ပဘဝေါ-စ၍ ဖြစ်ရာအရပ်၊ ဟိမဝါဒိကော-ဟိမဝန္တာအစရှိသော အရပ်တည်း၊ အာသနံ-ကပ်ဝင်နေထိုင်ရာ၊ မဉ္စပီဌာဒိ-ညောင်စောင်း အင်းပျဉ် အစရှိသော အရပ်တည်း၊ ဌာနံ – တည်ခြင်း၊ ဌာနကြိယာ-တည်ခြင်းကြိယာတည်း၊ ဧတိ- ဤသို့၊ ကိတေန-ကိတ်သည်၊ ဘာဝ သတ္တမံ– ဘောလျှင် ၇ ခု မြောက်ရှိသော၊ သတ္တသာဓနံ – သာဓန ၇ ပါးကို၊ အဘိဟိတံ-ဟောအပ်၏။

၃၃၃။ ကတ္တု ကရဏ ကမ္မသ-မ္ပဒါနာ ဝဓိယာဓိကာ၊
ရဏာဘာဝပ္ပဘေဒေန, သာဓနံ သတ္တဓာ မတံ။

၃၃၃။ ကတ္တု ကရဏ ကမ္မ သမ္ပဒါနာဝဓိယာဓိကရဏာ ဘာဝပ္ပဘေဒေန - ကတ္တုသာဓန , ကရဏသာဓန , ကမ္မသာဓန , သမ္ပဒါန သာဓန, အပါဒါန် ဟု ခေါ်အပ်သော အဝဓိသာဓန , အဓိကရဏ သာဓန, ဘာဝသာဓနတို့၏ အပြားအားဖြင့်၊ သာဓနံ – သာဓနကို၊ သတ္တဓာ – ၇ ပါးပြား၏ဟူ၍၊ မတံ - သိအပ်၏။ [ ဤ ဂါထာကား သာဓန ၇ ပါးကိုပြသော ဂါထာတည်း။]

၃၃၁, ၂ ။ ။ အာချာတ်ခဏ်းကိုပြပြီး၍ ကိတ်အခဏ်းကို ပြလိုသောကြောင့် "ပါစကော"စသည်မိန့်၊ ပစတီတိ ပါစကော၊ ပဟရတိ ဧတေနာတိ ပဟရဏံ၊ ပစိတဗ္ဗောတိ ပစိတော၊ ဒဒါတိ ယဿာတိ ဒါနိယော၊ ပဘဝန္တိ ဧတသ္မာတိ ပဘဝေါ၊အာသန္တိ ဧတ္ထာတိ အာသနံ၊ (အာသဓာတ်)၊ ဌီယတေ ဌာနံ၊ ဤသို့ သာဓန ၇ ပါး၏ပုံစံများကို ဝိဂ္ဂဟပြုပါ။

www.dhammaransi.com



၃၃၄။ ဘာဝေါတု ကာရကာမိဿော,
ဓာတွတ္ထော သ ကြိယာ ယဒိ၊
ဓာတွတ္ထော ဓာတုနာ ဝုတ္တော,
ကိမတ္ထံ ပစ္စယော ကတော။

၃၃၄။ တု-ဆက်ဦးအံ့၊ဘာဝေါ-ဘာဝသာဓနေသည်၊ကာရကာ မိဿော - ကာရကတို့နှင့် မရောနှောသော၊ ဓာတွတ္ထော - ဓာနက် တည်း၊ သ (သော)-ထို ဓာတ်နက်သည်၊ ကြိယာ – ကြိယာတည်း၊ ဓာတုနာ - ဓာတ်သည်၊ ဓာတွတ္ထော – ဓာတ်နက်ကို၊ ယဒိဝုတ္တော- အကယ်၍ ဟောအပ်သည် ဖြစ်အံ့၊ ( ဧဝံ သတိ-ဤသို့ ဖြစ်လသော်၊) ကိမတ္ထံ-အဘယ်အကျိုးငှါ၊ ပစ္စယော- ဝိဘတ်ပစ္စည်းကို၊ ကတော- ပြုအပ်သနည်း။

၃၃၅။ န ကေဝလာ ပယုဉ္ဇန္တိ, ပကတိ နစ ပစ္စယာ၊
ဣတိ ဉာယေန ဘာဝတ္ထ-သာဓနာပေက္ခဘာဝတော။

၃၃၅။ ဘာဝတ္ထ သာဓနာပေက္ခ ဘာဝတော – ဘော အနက် ဟူသော ဘာဝသာဓနေကို ဆရာတို့က ငဲ့ခြင်းရှိကုန်သည်၏ အဖြစ် ကြောင့်၊"နကေဝလာ ပယုဉ္ဇန္တိ ပကတိ နစပစ္စယာ"ဣတိဉာယေန- န ကေဝလာ ပယုဉ္ဇန္တိ ပကတိ နစ ပစ္စယာ ဟူသော ဤ ပရိဘာသာ

၃၃၄။ ။သာဓန ၇ ပါးတွင် ဘာဝသာဓနေပါ၏၊ အာချာတ်၏ဟောနက် တွင်လည်း ဘောအနက်ပါ၏၊ ထို " ဘော " ဟူသည် ကတ္တား ကံစသော ကာရကတို့နှင့် မရောသော " သွားခြင်း , ချက်ခြင်း , ရခြင်း " စသော ဓာတ်နက်တည်း၊ ထို ဓာတ်နက်ဟူသည်လည်း ကြိယာတည်း၊ ထို ဓာတ်နက် ဟူသောကြိယာကို ဓာတ်ချည်းသက်သက်က ဟောနိုင်လျှင် ဝိဘတ်ပစ္စည်း တို့ကို အဘယ်အကျိုးငှါ ထည့်ထားပါသနည်း-ဟု မေးသည်။ [ဂစ္ဆီယတေ၌ တေဝိဘတ် ယပစ္စည်း၊ ဂမနံ၌ ယုပစ္စည်းစသည်ကို ထည့်ရခြင်း၏အကျိုးကို မေးသည်။]

---

၃၃၅။ ဘာဝတ္ထ သာဓနာပေက္ခဘာဝတော။ ။ဓာတ်သည် ကြိယာ ကိုသာဟော၏၊ ဝိဘတ်နှင့် ပစ္စည်းတို့ကား ဘာဝသာဓနအနက်ကိုဟော၏၊ ထိုသို့ သာဓနအနက်ဟောဘို့ရန် (ကျမ်းဆရာတို့က )ငဲ့သောကြောင့် " န ကေဝလာ ပယုဉ္ဇန္တိ " စသော ပရိဘာသာနှင့် အညီ ဝိဘတ်ပစ္စည်းတို့ကို

www.dhammaransi.com



နည်းအားဖြင့်၊(ပစ္စယော-ကို၊ ကတော-၏၊) [ ကေဝလာ- ဝိဘတ် ပစ္စည်းမဘက် သက်သက်ကုန်သော၊ ပကတိ - လိန်ဓာတ် ဟူသော ပကတိတို့ကို၊ နပယုဇ္ဇန္တိ-မယှဉ်စပ်အပ် မသုံးစွဲအပ်ကုန်၊ ကေဝလာ- လိန်ဓာတ် မဘက် သက်သက်ကုန်သော၊ ပစ္စယာ - ဝိဘတ် ပစ္စည်း ဟူသော ပစ္စယတို့ကိုလည်း၊ နပယုဇ္ဇန္တိ-ကုန်။]

၃၃၆။ သိဒ္ဓသာရျပ္ပဘေဒေန, ဒုဓာ ဘာဝေါ ယထာက္ကမံ၊
ပါကော ဠီယတိ ဧတ္ထ္ထ-ဗျာချာနေ သဒ္ဒသတ္ထိယာ။

၃၃၆။ သဒ္ဒသတ္တိယာ-ကိတ်ပစ္စည်း, အာချာတ်ဝိဘတ် ဟူသော သဒ္ဒါ၏ အစွမ်း သတ္တိကြောင့်၊ ဘာဝေါ - ဘောသည်၊ သိဒ္ဓသာရျပ္ပ ဘေဒေန - သိဒ္ဓဘော , သာရျဘောတို့၏ အပြားအားဖြင့်၊ ဒုဓာ- ၂ ပါး အပြားအားဖြင့်၊ (ပဘိဇ္ဇတေ-ပြား၏၊) ယထာက္ကမံ - အစဉ် အတိုင်းသော ဥဒါဟရုဏ်ကား၊ ပါကောဠီယတိ-ပါကော, ဠီယတိ ဟူသည်တည်း၊ ပါကော-ချက်ခြင်းသည်၊ (ဘဝတိ-ဖြစ်၏၊) ဠီယတိ- တည်ခြင်း၊ ဝါ - တည်ရာ၏၊ ဣတိ - ဤသို့၊ အတ္ထဗျာချာနေ - အတ္ထ ဗျာချာန်ကျမ်း၌၊ (ဝုတ္တံ-ဆိုအပ်ပြီ။)

ထည့်၍သုံးစွဲထားရသည်၊ ချဲ့ဥုးအံ့-"ပစ္စတေ-ချက်ခြင်း"ဟူရာ၌"ချက်ခြင်း" ဟူသောအနက်သည် ပစဓာတ်၏အနက်လည်း ဟုတ်၏၊တေဝိဘတ်၏ ဘာဝ သာဓနအနက်လည်း ဟုတ်၏၊ ပစနံ၌လည်း " ယုပစ္စည်း၏ ဘာဝသာဓန အနက်လည်း ဟုတ်၏ " ဟု ဆိုရှိသာ၊ ဤသို့ ဘောအနက်ဟူသော ဘာဝ သာဓနကို ဝဒန္တပုဂ္ဂိုလ်က ငဲ့ခြင်းကြောင့် ထို ဘာဝသာဓနကို ဟောဘို့ရန် ပစ္စတေ-ပစနံတို့၌ တေဝိဘတ်, ယုပစ္စည်းတို့ကို ပြု၍ (ထည့်ထားရ) သည်။

---

၃၃၆။ ။ဤဂါထာဖြင့် အတ္ထဗျာချာန်ကျမ်း၌ ဆိုအပ်သော "သိဒ္ဓဘော သာရျဘော "ဟု ဘော ၂ မျိုးအပြားကိုရင်း , ပုံစံကိုရင်း ပြ၏၊ သိဒ္ဓဘော ဟူသည် ဒြဗ်ထင်ရှားသော ကိတ်ဘောတည်း၊ ပုံစံကား — " ပါကော" တည်း၊ ဤပုံစံ၌ "ချက်ခြင်း" ဟူသော ကြိယာသည် လောက၌ ကြိယာဒြဗ် အဖြစ်ဖြင့် ထင်ရှား၏၊ ထိုသို့ ဒြဗ်ထင်ရှားခြင်းကြောင့်ပင် "ပါကော ဘာဝ ပါကံ ကရောတိ "စသည်ဖြင့် နာခ်ဝိဘတ်သက်၍ နာမ်ပုဒ်တခုအနေအားဖြင့် ကတ္တားကံစသည် ဖြစ်နိုင်ပြန်သည်။ [" ဒဗ္ဗဝါစကံ နာမံ " နှင့်အညီ နာမ်ပုဒ် မှန်လျှင် ဒြဗ်ဟောဖြစ်ရသည်၊ သိဒ္ဓိတ္ထ-အထင်အရှားပြီး စီးပြီ၊ ဣတိ သိဒ္ဓေါ။]

၃၃၇။ မာတုလောစရိယောတျေကော,
ပျေဝံ ဘာဝေါပိ မန္တတေ၊
ကြိယာစ သာဓနဉ္စေတိ,ပကတျာ ပစ္စယေနစ။

၃၃၇။ ဧကောပိ - တပါးတည်းသော ပုဂ္ဂိုလ်ကိုလည်း၊ မာတုလောတိ-ဦးကြီးဟူ၍၎င်း၊ အာစရိယောတိ–ဆရာဟူ၍၎င်း၊ မန္တတေ ယထာ– သိအပ်သကဲ့သို့၊ ဧဝံ – ဤအတူ၊ ဘာဝေါပိ - တမျိုးတည်းသော ဘောကိုလည်း၊ ပကတျာ-ပကတိဟူသော ဓာတ်ကြောင့်၎င်း၊ ပစ္စယေနစ-ပစ္စည်းဝိဘတ်ကြောင့်၎င်း၊ ကြိယာတိစ-ကြိယာဟူ၍၎င်း၊ သာဓနံတိစ-သာဓနဟူ၍၎င်း၊ မန္တတေ-သိအပ်၏။

၃၃၈။ ဘာဝေါတိ သတ္တိမံ ဒဗ္ဗံ, ယံ ယဒူပစရိယတေ၊
ဆဋ္ဌီ သာမိနိ တံယောဂေ, ခေတွညာ·ပေက္ခိတေ ာန။

၃၃၉။ ကတ္တုတ္တေ တတိယာ ဆဋ္ဌီ,ကေစိ လာဒူပမာတိစ၊
ကြိယာဝိသေသနံ ဆဋ္ဌီ-ယန္တံ တံယောဂတောတိစ။

၃၃၈,၉။ ယဒါ-အကြင်အခါ၌၊ သတ္တိမံ-ကာရကသတ္တိရှိသော၊ ယံဒဗ္ဗံ-အကြင်ကြိယာဒြဗ်ကို၊ ဘာဝေါတိ-ဘောဟူ၍၊ ဥပစရိယတေ-ခေါ်ဝေါ်ပြောဆိုအပ်၏၊ တဒါ- ထိုအခါ၌၊ တံယောဂေ-ထို ကြိယာ

သာဓျဘော ဟူသည် ကတ္တားသည် ပြီးစေအပ်သော အာချာတ်ဘောတည်း၊ ပုံစံကား — "ဌီယတေ" တည်း၊ "ပုရိသေန–သည်၊ ဌီယတေ–တည်ခြင်း" ဟူရာ၌ ပုရိသေနကတ္တားက တည်ခြင်းကြိယာကို ပြီးစေရပုံကို ကြည့်ပါ၊ ကြိယာက ပဓာနဖြစ်သောကြောင့်ပင် ဌီယတေနောင် နာမ်ဝိဘတ်များ မသက်နိုင်ဘဲ ရှိရသည်။ ["ဩဒနံ ပစ္စတေ"၌ကား ကျက်ခြင်းကြိယာကို ဩဒနံဟူသောကံက ပြီးစေ၏။]

၃၃၇။ ။ဘောအနက်တခုထည်းကိုပင် ဓာတ်ဟူသော ပကတိ၏အနက်ဖြစ်သောကြောင့် ကြိယာအနက်ဟု၎င်း, တေဝိဘတ် ယပစ္စည်း စသောဝိဘတ်ပစ္စည်းတို့၏အနက် ဖြစ်သောကြောင့် သာဓနအနက် ဟု ၎င်း ၂ မျိုးခွဲ၍သိရသည်၊ ဥပမာ – ဘုန်းတော်ကြီး တပါးကိုပင် အမေ့မောင် ဖြစ်သောကြောင့် "ဦးကြီး"ဟု၎င်း, မိမိအား စာချသူဖြစ်သောကြောင့်"ဆရာ"ဟု၎င်း ခေါ်ရသကဲ့သို့တည်း။

www.dhammaransi.com



ဒြဗ်နှင့် ယှဉ်ရာ၌၊ **သာမိနိ** - သာမီအနက်၌၊ ဆဋ္ဌီ-ဆဋ္ဌီဝိဘတ်သည်၊ ဘဝေ – ဖြစ်၏၊ **ဓာတွတ္ထေ** – ဓာတ်၏ အနက်ကို၊ အပေက္ခိတပန်–ငဲ့အပ်သော်ကား၊ ဝါ- ငဲ့အပ်ရာ **အခါ၌ကား**၊ ကတ္တွတ္ထေ - ကတ္တား အနက်၌၊ **တတိယာ**–တတိယာဝိဘတ်သည်၊ ဘဝေ-ဖြစ်၏၊ **ကေစိ**-အချို့ဆရာတို့သည်၊ ဆဋ္ဌီ-ဆဋ္ဌီဝိဘတ်သည်၊ လာခူပမာ ( လာခါ+ ဥပမာ)-ချိတ်ဟူသော ဥပမာရှိ၏၊ ဝါ-ချိတ်နှင့်တူ၏၊ ဣတိစ- ဤသို့ ၎င်း၊ တံယောဂတော – ထို ဓာတ်နက်နှင့် ယှဉ်ခြင်းကြောင့်၊ ဆဋ္ဌီ ယန္တိ–ဆဋ္ဌီဝိဘတ် အဆုံးရှိသော၊ ကြိယာဝိသေသနံ-ကြိယာဝိသေသနတည်း၊ ဣတိစ–ဤသို့၎င်း၊(ဝဒန္တိ-ဆိုကြကုန်၏။)

**၃၃၇,၉။ ဘာဝေ၀ါ၊ပေ၊ တံယောဂေ။** ။ဘောဟောကြိယာပုဒ်၌ စပ်လာသော ပုဒ်များ၏ သမ္ဗန်, ကတ္တား, ဝိသေသနဖြစ်သင့်ရာကို ပြလို၍ “ ဘာဝေ၀ါတိ ” စသည်ဒိန်၊ ကြိယာဒြဗ်ကို“ဘော ” ဟု ဆိုလိုရာအခါ၌ ထိုကြိယာဒြဗ်နှင့် ယှဉ်စပ်ခဲ့ပုဒ်ဝယ် သာမီအနက်၌ ဆဋ္ဌီသက်ရသည်၊ ပုံစံကား-“ပါဒဿ+ဥက္ခိပနံ-ခြေ၏+ကြွခြင်း” တည်း၊ ဤပုံစံ၌ ကြွခြင်းကို “ကြိယာ ဒြဗ်”ဟု ဆိုလိုသည်။ [ဒြဗ်ဖြစ်ကြောင်းကိုလည်း (၃၃၆) ဂါထာ၌ ပြခဲ့ပြီ။]

**ဓာတွတ္ထာ၊ပေ၊ တတိယာ။** ။ဓာတ်နက်ဖြစ်သော ကြိယာကိုငဲ့လျှင်ကား (စပ်လျှင်ကား) ကတ္တားအနက်၌ တတိယာသက်၍“သူဒေန + ပစနံ– စဖိုသည်သည်+ ချက်ခြင်း” ဟု ဖြစ်၏၊ ဤပုံစံ၌ သူဒေနကို “ချက်”ဟူသော ဓာတ်နက်၌ စပ်ရသည်၊ အာချာတ်၌လည်း နည်းတူ။

**ဆဋ္ဌီလာခူပမာ။** ။ဆဋ္ဌီဝိဘတ်ကို ချိတ်ကဲ့သို့ ဥပမာထား၍ “ကတ္တား အနက်၌ ဆဋ္ဌီသက်နိုင်၏”ဟု ကေစိဆရာတို့က ဆိုကြ၏၊“သူဒဿ–စဖိုသည် သည်+ပစနံ–ချက်ခြင်း”တည်း။ [ကွဲအက်သောနေရာ၌ ချိတ်ဖြင့် ဖာထေးရ သကဲ့သို့ “ တတိယာဝိဘတ်နေရာ၌ တတိယာဝိဘတ် မသက်သဖြင့် ဟာနေ သောကတ္တားအနက်ကို ဆဋ္ဌီဝိဘတ် တည်းဟူသောချိတ်ဖြင့် ဖာပေးရသည်– ဟူလို၊—“ဆဋ္ဌီကတ္တား, ရံခါပြားမူ, ကတ္တားတတိယာနှင့် တူမြဲတည်း”။]

**ကြိယာ၊ပေ၊ဆဋ္ဌီယန္တံ။** ။တချို့ကလည်း“ဓာတ်အနက်နှင့်ယှဉ်ရာဝယ် ကြိယာဝိသေသနအနက်၌ ဆဋ္ဌီသက်သည်”ဟု ဆိုကြ၏၊ “ပုရိသဿ ဘယံ” တည်း၊ ဤပုံစံ၌ ရိုးရာသမ္ဗန်ဖြစ်သော်လည်း “မိန်းမ၏ကြောက်ခြင်းမဟုတ်” ဟု ကြောက်ခြင်းကြိယာကို အထူးပြုသောကြောင့်“ပုရိသဿ”ကို “ကြိယာ ဝိသေသန” ဟု ဆိုသည်၊ သို့ဖြစ်လျှင် “ပါဒဿ ဥက္ခိပနံ” ၌လည်း လက်၏ ကြွခြင်းမှ အထူးပြုသောကြောင့် ပါဒဿကို ကြိယာဝိသေသန ဟု ဆိုနိုင်၏။

www.dhammaransi.com



၃၄၀။ ဘေဒေါ သမ္ဗန္ဓိဘေဒေန,
ဘာဝဿုပစရိယတေ၊
အဘေဒဿ အဘေဒေါစ-
ဘာဝါကာသာဒိနော ယထာ။

၃၄၁။ ပါကာ တေလဃဋာဒိနံ,
ဟောန္တိ ပါကောတိ ဝါ ကိတေ၊
ဘာဝေ ချာတေ အယုတ္တတ္တာ,
န ဆဋ္ဌီ သာမိလက္ခဏေ။

၃၄၀,၁။ အဘေဒဿ – အထူးအပြား မရှိသော၊ အဘာဝါကာသာဒိနော–အဘာဝ,အာကာသ အစရှိသည်၏၊ သမ္ဗန္ဓိဘေဒေန– သမ္ဗန္ဓိဒြပ်တို့၏ ကွဲပြားခြင်းကြောင့်၊ ဘေဒေါ – အထူးအပြားကို၊ ဥပစရိယတေ ယထာ–ခေါ်ဝေါ်ပြောဆိုအပ်သကဲ့သို့၊(တထာ-တူ၊) အဘေဒဿ-အထူးအပြား မရှိသော၊ ဘာဝဿ–ကြိယာ၏၊ သမ္ဗန္ဓိဘေဒေန–ခြင်းကြောင့်၊ ဘေဒေါ–အထူးအပြားကို၊ ဥပစရိယတေ–၏၊ အဘေဒေါစ-ပင်ကိုယ်သဘောအားဖြင့် မထူးပြားခြင်းကိုလည်း၊ (ဥပယော- သိအပ်၏)။

၃၄၀, ၁။ ။"အဘာဝ (မရှိခြင်း), အာကာသ (ကောင်းကင်) " တို့သည် ပင်ကိုယ်အတိုင်းအားဖြင့် အများအပြားမရှိဘဲ တခုတည်းဖြစ်၏၊ သို့သော် သမ္ဗန္ဓိဒြပ်တို့၏ ကွဲပြားခြင်းကြောင့် " မကသာနံ အဘာဝေါ – ခြင်တို့၏မရှိခြင်း၊ မက္ခိကာနံ အဘာဝေါ-ယင်ကောင်တို့၏မရှိခြင်း" စသည်ဖြင့် အဘာဝအမျိုးမျိုး,"ဃဋာကာသ–အိုးအပေါက်၊ ဒွါရာကာသ–တံခါးအပေါက်"စသည်ဖြင့် အာကာသအမျိုးမျိုး ကွဲပြားရသကဲ့သို့,

ထို့အတူ ကြိယာသည် ကျက်ခြင်းဖြစ်လျှင် ကျက်ခြင်းတမျိုး သာတည်း၊ သွားခြင်းဖြစ်လျှင်လည်း သွားခြင်းတမျိုးသာတည်း၊ ဤသို့စသည်ဖြင့် ကြိယာတမျိုးတည်းသာ ဖြစ်သော်လည်း ထိုကြိယာ၌ စပ်ဆိုက်လာသော ဒြပ်တို့၏ များပြားခြင်းကြောင့် ကြိယာအမျိုးမျိုးလည်းကွဲပြား၍"တေလဿ ပါကော-ဆီ၏ကျက်ခြင်း၊ ဃဋဿ ပါကော – ထောပတ်၏ ကျက်ခြင်း " ဟုရင်း, "တေလဃဋာဒိနံ ပါကာ–ဆီ ထောပတ်တို့၏ကျက်ခြင်းတို့"ဟုရင်း ဖြစ်ရ၏၊ "ထိုသို့ ဒြပ်အများနှင့်မစပ်ဘဲ ပင်ကိုယ်အတိုင်းဆိုလျှင် "ကျက်ခြင်း" တမျိုးတည်းဖြစ်၍ မကွဲပြားပါ" ဟူလို။

www.dhammaransi.com



ယထာ- ဥဒါဟရဏ်ကား၊ တေလဃဋာဒီနံ-ဆီ ထောပတ် အစ ရှိသည်တို့၏၊ ပါကာ - ကျက်ခြင်းတို့သည်၊ ဟောန္တိ၊ ဝါ- တနည်း၊ ပါကော-ကျက်ချင်းသည်၊ ဟောတိ၊ ဣတိ-သို့၊ ကိတေဘာဝေ- ကိတ် ဘော၌၊ ဟောတိ—၏၊ အာချာတေ-အာချာတ်ဇဘော၌၊ အယုတ္တတ္တာ- ဆဋ္ဌီဝိဘတ်၏ မယှဉ်သင့်သည်၏ အဖြစ်ကြောင့်၊ သာမိလက္ခဏေ- သာမီလက္ခဏာ၌၊ ဆဋ္ဌီ- သည်၊ န ဟောတိ-မဖြစ်။

၃၄၂။ ကြိယာနိဿယကတ္တာဒိံ, ဓာရေန္တမ္ပိ ကဌာဒိကံ၊
ကြိယာဓာရော ယထာ ကတ္တု, ဒဗ္ဗေ တန္နိဿယေပိစ။

၃၄၃။ ဘာဝဿာပိ အဘာဝဿ, ကတ္တုပညတ္တိ ဝုစ္စတေ၊
သဒ္ဒနီတိယ မေတဿ, ဒဗ္ဗဘေဒေန ဘေဒတော။

၃၄၂, ၃။ ကြိယာနိဿယကတ္တာဒိံ - ကြိယာ၏မှီရာ ကတ္တား အစရှိသော ကာရကကို၊ (အာဒိဖြင့် ကံကိုယူ)၊ ဓာရေန္တမ္ပိ- ဆောင် တတ်သည်လည်းဖြစ်သော၊ ကဋ္ဌာဒိကံ-ကဋ္ဌေအစရှိသောကာရကကို၊

**ပါကာ၊ပေ၊ကိတေဘာဝေ ။** ။ "တေလဃဋာဒီနံ ပါကာ" သည် သမ္ဗန္ဓိဒြဗ်တွေက "တေလဃဋာဒီနံ" ဟု များသည့်အတွက် "ပါကာ"ဟု ကြိယာလည်း များပြားပုံကိုပြသော ပုံစံတည်း၊ "တေလ ဃဋာဒီနံ ပါကော" ကား သမ္ဗန္ဓိဒြဗ်တွေ များပြားသော်လည်း ကျက်ခြင်းသာမညဇာတ်ကို ငဲ့၍ "ပါကော"ဟု တခုထည်းနေပုံကိုပြသော ပုံစံတည်း၊ ဤနှစ်ပုံစံကိုရည်ရွယ်၍ ရှေ့ဂါထာ၌ "အဘေဒေါစ"ဟု ဆိုခဲ့သည်။

**အာချာတေ၊ပေ၊သာမိလက္ခဏေ။** ။ အာချာတ်သည် ကြိယာပဓာန ဖြစ်၍၊ ထိုကြိယာကိုလည်း ကတ္တားက ပြီးစေရ ဖြစ်စေရ၏၊ ထို့ကြောင့် အာချာတ်ဘော၏ယှဉ်ရာ၌ ဆဋ္ဌီဝိဘတ် မသက်သင့်သောကြောင့် (သဒ္ဒယုတ္တိ မရှိသောကြောင့် ) သာမီအနက်၌ ဆဋ္ဌီမသက်ရ၊ " ပုရိသဿ ဋ္ဌီယတေ — ယောက်ျား၏+တည်ခြင်း"ဟု ပါဠိမစီရ-ဟူလို။ [ "သာမီအနက်၌ မသက်ရ" ဟု ဆိုခြင်းကြောင့် " ကတ္တားအနက်၌ကား ဆဋ္ဌီသက်တော့ " ဟု ခွင့်ပြုရာ ရောက်သည်။ ]

---

၃၄၂, ၃။ ။"ဘော"ဟူသော ကြိယာသည် ပင်ကိုယ်သဘာဝအားဖြင့် ထင်ရှားမရှိ၊ "ထိုသို့ ထင်ရှားမရှိသော ဘောသည် အဘယ်နည်းဖြင့် ကြိယာ တပါးကို ပြီးစေနိုင်သော ကတ္တား စသော ကာရကဖြစ်နိုင်သနည်း " ဟု

www.dhammaransi.com



ကြိယာဓာရော–ကြိယာ၏ တည်ရာဟူ၍၊ ဝုစ္စတေယထာ-ဆိုအပ်သကဲ့သို့၊ (တထာ–ထို့အတူ၊) တန္နိဿယေ–ထိုကြိယာ၏ မှီရာဖြစ်သော၊ ကတ္တုဒဗ္ဗေပိ-ကတ္တားဒြပ်၌လည်း၊ (စအနက်မရှိ)၊ (ဝတ္တဗ္ဗာ-ဆိုထိုက်သော၊) ကတ္တုပညတ္တိ–ကတ္တားဟူသော အမည်ပညတ်ကို၊ အဘာဝဿ – ထင်ရှားမရှိသော၊ ဘာဝဿာပိ – ဘော၌လည်း၊ သဒ္ဒနီတိယံ–သဒ္ဒနီတိ၌၊ ဥစ္စတေ- ဆိုအပ်၏၊ (ဤကား ဒီပနီအလိုတည်း။)

[(တနည်း) အဘာဝဿ - ထင်ရှားမရှိသော၊ ဘာဝဿာပိ–ဘော၏လည်း၊ ကတ္တုပညတ္တိ–ကို၊ သဒ္ဒနီတိယံ–၌၊ ဝုစ္စတေ - ဆိုအပ်၏၊] (တဗ္ဗဝစနံ- ထိုစကားကိုလည်း၊) တေသ–၍ ကိတ်ဘော၏၊ ဒဗ္ဗဘေဒေန- ကတ္တားအစရှိသော ဒြပ်တို့၏ အပြားအားဖြင့်၊ ဘေဒတော–ကွဲပြားခြင်းကြောင့်၊ ဝုစ္စတေ-ဆိုအပ်၏။

မေးဘွယ် ရှိသောကြောင့် " ကြိယာနိဿယ ကတ္တာဒိံ " စသော ဂါထာ ၂ ရပ်ကို မိန့်သည်၊ "ပုရိသော ကဋေ နိသီဒတိ"ပုံစံ၌ ထိုင်ခြင်းကြိယာသည် ယောကျ်ားဟူသော ကတ္တား၌ တည်သောကြောင့် ပုရိသောကို ကြိယာ၏ တည်ရာ " အာဓာရ " ဟု ခေါ်သင့်သော်လည်း မခေါ်ဘဲ ယောကျ်ား၏ တည်နေရာ ဖျာကိုသာ ဌာနျူပစာရအားဖြင့်"အာဓာရ"ဟုခေါ်ရသကဲ့သို့...
[ ကတ္တာဒိံ၌ အာဒိဖြင့် ကံကိုယူ၍ ကဋာဒိ၌ အာဒိဖြင့် "ထာလိယံ ဩဒနံ ပစတိ"ဝယ် ဩဒနံဟူသောကံ၏တည်ရာ "ထာလိယံ"ကို ယူပါ။]

**ကတ္တုဒဗ္ဗေ တံနိဿယေပိ။** ။ ထို့အတူ ထို ကြိယာ၏ မှီရာဖြစ်သော ကတ္တားဒြပ်၌ ( ခေါ်ဝေါ်ထိုက်သော ) ကတ္တားဟူသော နာမည်ကိုလည်း ထင်ရှားမရှိသောဘော၌ တင်စား၍ ဘောကိုလည်း ကတ္တား ဟု ခေါ်ဆိုရသည်၊ ဆိုလိုရင်းကား " ပါကာ တေလ ဃဋ္ဋာဒီနံ ဟောန္တိ "၌ ကျက်ခြင်းဟူသော ဘောအနက်သည် ထင်ရှား မရှိ၊ ဆီ၏ ဆူပွက်မှုကိုကြည့်၍ "ကျက်ခြင်း"ဟု သိရခေါ်ရသော ပညတ်မျှသာဖြစ်၏၊ ထိုသို့ ထင်ရှားမရှိသော်လည်း ကျက်ခြင်း၏တည်ရာ တေလ (ဆီ) စသည်ကား ထင်ရှားရှိရုံ မက ကျက်တတ်သော ကတ္တုသတ္တိလည်း ရှိ၏၊ ထိုတေလ၏ကတ္တုသတ္တိကို ပါက၌တင်စား၍ "ပါက"ကို ကတ္တား ဟု ခေါ်ဝေါ်ပညတ်ရသည်–ဟူလို။

**အမှာ။** ။နိဿယေ ကတ္တုဒဗ္ဗေပိ၏ စပ်ဘို့ရာ " ဝတ္တဗ္ဗာ "ဟု ထည့်၍ ဒီပနီစပ်သည်၊ ထို ဝတ္တဗ္ဗာကိုကား ကတ္တုပညတ္တိ၌စပ်၊ "ဘာဝဿာပိ အဘာဝဿ ကိုလည်း သတ္တမီအနက်၌ ဆဋ္ဌီသက် " ဟု ဖွင့်၏၊ " ဘော၏+ကတ္တုပညတ်"ဟု စပ်နိုင်သောကြောင့် ဆဋ္ဌီအနက်လည်း သင့်သည်သာ။

www.dhammaransi.com



၃၄၄။ ဝေါဟာရဝိသယတ္တတ္တာ, ကိတေ ဒဗ္ဗပ္ပဓာနတော၊
ဒဗ္ဗေဿဝ စ နေယျတ္တာ, ဘာဝေါ ဒဗ္ဗန္တိ တညုနာ။

၃၄၄။ (ဘာဝဿ - ကိတ်ဘော၏၊)ဝေါဟာရဝိသယတ္တတ္တာ- ခေါ်ဝေါ်ပြောဆိုခြင်းတို့၏ အရာဖြစ်သော အနက်၏အဖြစ်ကြောင့် ၎င်း၊ ကိတေ- ကိတ်၌၊ ဒဗ္ဗပ္ပဓာနတော - ဒြဗ်ပြဓာန်းသည့် အတွက်၊ ဒဗ္ဗဿေဝ- ဒြဗ်၏ကဲ့သို့၊ နေယျတ္တာစ-သိအပ်သည်၏ အဖြစ်ကြောင့် ၎င်း၊ ဘာဝေါ-ကိတ်ဘောကို၊ ဒဗ္ဗန္တိ-ဒြဗ်ဟူ၍၊ တညုနာ- ထို ကိတ်ဘောကိုသိ, ပညာရှိသည်၊ ဝုတ္တော-ဆိုအပ်ပြီ။

**တေဿ၊ပေ၊ဘောဒတော။** ။ကတ္တားက "တေလ—ဃဋ"ဟု များလျှင် ဘော (ကြိယာ) လည်း"တေလ၏ပါက, ဃဋ၏ပါက"စသည်ဖြင့် များပြား နိုင်ပုံကိုထောက်၍ တေလဃဋတို့၏ကတ္တုသတ္တိကို ပါကန္တတင်စား၍ ကတ္တားဟု ခေါ်ဆိုရကြောင်း သိနိုင်သည်။ [ ဤ ၂ ဂါထာသည် **သဒ္ဒနီတိပဒမာလာ** အစ၌ လာသော အောက်ပါဂါထာတို့ကို မှီသော ဂါထာများဖြစ်၏။ ]

ယဒ္ဓေဝံ ကတ္တုဝေါဟာရော, ဘာဝဿ တု ကထံ သိယာ၊
သာဝကာနံ သန္ဓိပါတော, အဟောသိ ဇာတိအာဒိသု။
ဇာတိ စေ နိဿယာနံ တု, ဝသာ နိဿိတသမ္ဘဝါ၊
ကတ္တုဋ္ဌာနေပိ ဘာဝဿ, ကတ္တုပညတ္တိ သိဇ္ဈတိ။

**မှတ်ချက်။** ။ဤ၌"သန္နိပါတော"သည် ဘောတည်း၊ "စည်းဝေးခြင်း သည်"ဟု ကတ္တားလည်းဖြစ်၏၊ ထိုကတ္တုသတ္တိသည် သာဝကတို့၌ ရှိသော သတ္တိကို တင်စားထားသော သတ္တိတည်း၊ ဤဂါထာ၌ပါသော ဘာဝဿကို ကတ္တုပညတ္တိ၌ စပ်ရသကဲ့သို့ ဘောဒစ်န္တာ၌ လာသော ဘာဝဿကိုလည်း ကတ္တုပညတ္တိ၌ သမ္ဗန်အဖြစ်ဖြင့်ပင် စပ်ရသည်၊ ထို့ကြောင့် ဒီပနီ၌ဖွင့်သော "သတ္တမီအနက်၌ ဆဋ္ဌီသက်"ဟူသည်ကို စဉ်းစားပါ။

---

၃၄၄။ **ဝေါဟာရ၊ပေ၊တညုနာ။** ။"ဘော"ဟူသည် ထင်ရှားမရှိ သောပညတ်ဖြစ်ပါလျက် အဘယ့်ကြောင့် ဒြဗ်ဟု ဆိုအပ်ပါသနည်း—ဟု မေး ဘွယ်ရှိသောကြောင့် " ဝေါဟာရဝိသယတ္တတ္တာ " စသည်မိန့်၊ ဤ ဂါထာ၌ "ဝေါဟာရ ဝိသယတ္တတ္တာ, ဒဗ္ဗဿေဝစ နေယျတ္တာ"ဟူသော ဟိတ် ၂ ပါး သာ မူလပဓာနဟိတ်များတည်း၊"ကိတေ ဒဗ္ဗပဓာနတော"ကား"ဒဗ္ဗဿေဝ နေယျတ္တာ "၏ အကူအညီ မူလီ အပဓာန ဟိတ်တည်း။ [ ပဓာနတော၌ "ပဓာနဘာဝတော"ဟု ဆိုလိုလျက် ဘာဝပုဒ် အကြေကြ်။ ]

www.dhammaransi.com



**၃၄၅။ သဒ္ဒဝုတ္တိနိမိတ္တေန, ကြိယာဇာတျာ ဝိသေသိတာ၊**
**ကြိယာ ဝုစ္စတိ ဒဗ္ဗန္တိ, သတ္တိဗျတ္တိ ကြိယန္တရေ။**

၃၄၅။ သဒ္ဒဝုတ္တိနိမိတ္တေန–သဒ္ဒါဖြစ်ခြင်း၏အကြောင်းဖြစ်သော၊ ဝါ-သဒ္ဒပဝတ္တိ နိမိတ်ဖြစ်သော၊ ကြိယာဇာတျာ - ကြိယာသာမညဇာတ်သည်၊ ဝိသေသိတာ - အထူးပြုအပ်သော၊ ကြိယာ - ဝိသေသကြိယာကို၊ ဒဗ္ဗန္တိ–ဒြပ်ဟူ၍၊ ဝုစ္စတိ–ဆိုအပ်၏၊ ကြိယန္တရေ- ဟောန္တိစသော ကြိယာတပါးသည်၊ (သတိ - ရှိသော်၊) သတ္တိဗျတ္တိ - ကတ္တုစသောသတ္တိ၏ ထင်ရှားခြင်းသည်၊ ဟောတိ-၏။

**ဝေါဟာရဝိသယတ္တတ္တာ။** ။ဝေါဟာရနံ-လောက၌ ခေါ်ဝေါ်ပြောဆိုခြင်းတို့၏+ဝိသယော– အရာတည်း၊ ဝေါဟာရဝိသယော– ရာ၊ ဝေါဟာရဝိသယောစ+သော+အတ္ထောစာတိ ဝေါဟာရဝိသယတ္ထော၊ပါဠိလို ပါကော, မြန်မာလို “ ချက်ခြင်း ” ဟူသည် လူအများတို့၏ ပြောစရာ အနက်တမျိုးဖြစ်၏၊ လူတို့သည် အမှန်ရှိသော အရာကိုသာ ခေါ်ဝေါ်ကြ ပြောဆိုကြသည် မဟုတ်သေး၊ ထင်ရှားမရှိသော အရာကိုလည်း ပြောစရာတခု အနေအားဖြင့် ပြောဆိုကြသည်၊ ဥပမာ— ယုန်ချိုသည် လောက၌မရှိ၊ သို့သော် ပြောစရာ စကားတခုအဖြစ်ဖြင့်ကား “ယုန်ချို”ဟု ပြောကြသကဲ့သို့ ၎င်း, ရေသဖန်းပင်သည် ပွင့်လေ့ မရှိ၊ သို့သော် “ ဥဒုမ္ဗရပုပ္ဖံ ” ဟု ပြောရိုး ပြုကြသကဲ့သို့၎င်း အမြုံမ၌ သားမရှိ၊ သို့သော် “ဝဥ္ဈာပုတ္တော– မိန်းမမြုံ၏သား”ဟု ပြောရိုး ပြုကြသကဲ့သို့၎င်းတည်း။

**ကိစ္စတော ၊ပေ၊ နေယျတ္တာ ။** ။ကိတ်ဘောသည် ဒြပ်ပဓာနဖြစ်ရကား ဒြပ်ကဲ့သို့ပင် အသိအမှတ် ပြုအပ်၏၊ ဒြပ်ကဲ့သို့ အသိအမှတ် ပြုရပုံကိုလည်း “ ပါကော ဇာယတိ , ပါကံ ကရောတိ ”စသည်ဖြင့် နာမ်ဝိဘတ်သက်လျက် ကတ္တားကံ ထင်ရှားပုံကိုကြည့်၍ သိနိုင်၏၊“ဒဗ္ဗဝါစကံ နာမံ”နှင့်အညီ ဒြပ်ကို ဟောသောကြောင့်သာ နာမ်ဝိဘတ်သက်ရသည်၊ ဤအကြောင်းများကြောင့် ထင်ရှားမရှိသော်လည်း ကိတ်ဘောကို “ ဒြပ် ” ဟု ဆိုအပ်သည် – ဟူလို။ [ပါကောနေရာဝယ် ဋီကာ၌ “ ဘယံ ဇာယတေ”ကို ပုံစံထုတ်၏၊ သဘောတူပင်တည်း။]

---

**၃၄၅။ သဒ္ဒဝုတ္တိ၊ပေ၊ဒဗ္ဗန္တိ။** ။ကိတ်ဘော၏“သကတ္ထ ဒဗ္ဗ လိင်္ဂါနိ” စသော ပဥ္စကတ္တတွင် ကြိယာဒြပ်ဖြစ်ပုံကိုပြလို၍ “ သဒ္ဒဝုတ္တိ၊ပေ၊ဒဗ္ဗန္တိ ” ဟု မိန့်သည်၊ “ ပါကော ” ၌ ချက်၍ကျက်နိုင်သော အရာဝတ္ထုအားလုံးတို့၏

www.dhammaransi.com



**၃၄၆၊ ကိရတီတိ ကိတော သိဿ-ကာဒ်ံ ဝိက္ခိပတာပနေ၊**
**တိတျတ္တော ပါယဝုတ္တိတ္တာ, ကိဘကောတိ ပဝုစ္စတိ။**

၃၄၆။ (ယော-အကြင်ပစ္စည်းသည်၊)ကိရတိ-ပယ်ရှားတတ်၏၊ ဣတိ-ထို့ကြောင့်၊(သော-ထို ပစ္စည်းသည်၊)ကိတော-ကိတမည်၏၊ သိဿကာဒ်ံ-တပည့်တို့၏ ယုံမှားခြင်းကို၊ဝိက္ခိပတိအပနေတိ-ပယ်ရှားတတ်၏၊ ဣတိအတ္တော-ဤကား အနက်၊ ပါယဝုတ္တိတ္တာ-ကိတပစ္စည်းတို့က များသောအားဖြင့် ဖြစ်ခြင်းရှိရာ၏အဖြစ်ကြောင့်၊ ကိတကော တ-ကိတကကျမ်းဟူ၍၊ ပဝုစ္စတိ-ဆိုအပ်၏။

ကျက်ခြင်းကြိယာသာမညသည်"သဒ္ဒပဝတ္တိနိမိတ်"ဖြစ်သော သကတ်တည်း၊ "တေလဃဋာဒီနံ ပါကော"အရ"ဆီ၏ကျက်ခြင်း,ထောပတ်၏ကျက်ခြင်း" စသော ကျက်ခြင်းကြိယာဝိသေသသည် ဒြဗ်တည်း၊ "ဤနည်းအားဖြင့်လည်း ကိတ်ဘော၏ ဒြဗ်ဖြစ်ကြောင်းသိသာသည်" ဟူလို။ [သဒ္ဒဝုတ္တိနိမိတ္တေနသည် ကြိယာဇာတျာ၏ ဝိသေသနဖြစ်သော်လည်း နပုံလိန်မြဲသောကြောင့် ဇာတျာ၏ ဇုတ္တိလိန်သို့မလိုက်ဘဲ နပုံလိန်ရှိမြဲ ရှိရသည်။]

**သတ္တိ ဗျတ္တိ ကြိယန္တရေ။** ။"ဒြဗ်"ဆိုလျှင် ထိုဒြဗ်၌ ကတ္တု-ကမ္မစသော ကာရကသတ္တိရှိရလိမ့်မည်၊ အဘယ်အခါ ကာရကသတ္တိထင်ရှားသနည်း—ဟု မေးဘွယ်ရှိသောကြောင့် "သတ္တိဗျတ္တိ ကြိယန္တရေ"ဟု မိန့်သည်၊ "ဟောန္တိ" စသော ကြိယာတပါးရှိသောအခါ"ပါကာဟောန္တိ"ဟု ကတ္တုသတ္တိထင်ရှား၏၊ [ဋီကာ၌ "ဇာယတေ" ဟု ကြိယာတပါးရှိသောအခါ "ဘယံ ဇာယတေ"ဟု ကတ္တုသတ္တိထင်ရှား၏-ဟု ပုံစံထုတ်၏။] "ကရောတိ"ဟု ကြိယာ တပါးရှိသောအခါ "ပါကံ ကရောတိ" စသည်ဖြင့် ကမ္မသတ္တိ ထင်ရှား၏၊ ဤသို့စသည်ဖြင့် ကြိယာတပါးနှင့် စပ်ရသောအခါ ကာရကသတ္တိ ထင်ရှားပါသည်၊ ထိုသို့ ကာရကသတ္တိထင်ရှားပုံကိုကြည့်၍ ကိတ်ဘော၏ဒြဗ်ဖြစ်ကြောင်း လည်း ထင်ရှားပါသည်—ဟူလို။

**အမှာ။** ။"ဤ ဂါထာအဆုံး၌ အာချာတ်အကျယ်ပြီးသည်"ဟု ဋီကာ ဖွင့်၏၊ မိမိကား-(၃၃၀)ဝေမှ သာချုပ္ပတ္တာဂါထာ အဆုံးကပင် အာချာတ် အကျယ် ပြီးခဲ့ပြီဟု ထင်သည်။

---

၃၄၆။ ။ဤဂါထာဖြင့် ကိတပုဒ်၏ ဝစနတ္ထနှင့် ကိတကအမည်ရပုံကိုပြ၏၊ " ကိရတီတိ ကိတော "ဟု ဝစနတ္ထပြုပါ၊ ကိရဓာတ်,တပစ္စည်း၊ ကိရဓာတ်၏ ဝိက္ခိပန, ဝိကိရဏအနက်တို့တွင် ဝိက္ခိပနအနက်ကို ယူစေလို၍ "ဝိက္ခိပတိ"ဟု

www.dhammaransi.com



၃၄၇။ ပစ္စယော ကိတကော ကိစ္စ, ကိတဘေဒေန ဒုဗ္ဗိဓော၊
ပဉ္စ တဗ္ဗာဒယော ကိစ္စာ, ကိတညေ ဏာဒိပစ္စယာ။

၃၄၇။ ကိတကေ- ကိတ်ကျမ်း၌၊ ပစ္စယော - ပစ္စည်းသည်၊ ကိစ္စ ကိတဘေဒေန - ကိစ္စ ပစ္စည်း ကိတ ပစ္စည်းတို့၏ အပြားအားဖြင့်၊ ဒုဗ္ဗိဓော- ၂ ပါး အပြားရှိ၏၊ တဗ္ဗာဒယော - တဗ္ဗ အစရှိကုန်သော၊ ပဉ္စ-၅ ပါးပစ္စည်းတို့သည်၊ ကိစ္စာ-ကိစ္စပစ္စည်းတို့မည်၏၊ အညေ-ကိစ္စ ၅ ပါးပစ္စည်းမှ တပါးကုန်သော၊ ဏာဒိပစ္စယာ - ဏ အစရှိသော ပစ္စည်းတို့သည်၊ ကိတာ-ကိတပစ္စည်းတို့တည်း။

ဖွင့်သည်၊ ထို ဝိဂ္ဂြိပအရလည်း ပစ်လွှင့်ခြင်း အဓိပ္ပါယ်ကို ယူမည်စိုး၍ "အပ နေတီတိအတ္ထော" ဟု ဖွင့်သည်၊ [ ယုံမှားမှုပယ်ပုံကို ကစ္စည်းဘာသာဋီကာ ကိတ်ခဏ်းမှာ ရှု။] ဆိုလိုရင်းကား—"သိဿာနံ ကန္ခံ ကိရတီတိ ကိတော" ဟု ဝိဂ္ဂဟပြုပါ—ဟူလို။

ပါယဝုတ္တိကွာ၊ပေ၊ ပဝုစ္စတိ။ ။"ကိတော"အရ ကိတပစ္စည်းသာရ၍ ကိစ္စပစ္စည်းမရသောကြောင့် ကိစ္စပစ္စည်းတို့သည် ကိတ်ကျမ်း၌ မပါဝင်တော့ ပြီလော " ဟု စောဒနာဘွယ်ရှိရကား " ပါယဝုတ္တိတ္တာ " ဟု မိန့်သည်၊ ကိတ ပစ္စည်းကများသောကြောင့် ယေဘုယျနည်းအားဖြင့် "ကိတက"ခေါ်ရသည်၊ အနည်းငယ်အားဖြင့် ကိစ္စပစ္စည်း, တဒ္ဓိလပစ္စည်းများလည်း ပါဝင်ပါ၏— ဟူလို။

ကိတကကျမ်း။ ။"ကိတာနံ-ကိတပစ္စည်းတို့၏+သမူဟော—အပေါင်း တည်း၊ ကိတကော-ပေါင်း"ဟု ဒိပနီပြု၏၊ သညာအနက်၌ ကပစ္စည်းသက်၍ "ကိတက"ခေါ်သည်-ဟုကြံသင့်၏၊ ထိုကိတကပစ္စည်းတို့ကို ပြရာကျမ်းလည်း ဌာန္ဗျူပစာရအားဖြင့် ကိတကျမ်း, ကိတကကျမ်းဟု ခေါ်ရသည်။

၃၄၇ ။ ။ ကိစ္စပစ္စည်း, ကိတပစ္စည်းဟု ၂ မျိုးခွဲပါ၊ တဗ္ဗ, အနီယ, ဏျ, တေယျ,ရိစ္စပစ္စည်းတို့သည် (ကစ္စည်းကျမ်းလာ) ကိစ္စပစ္စည်း ၅ မျိုးတို့တည်း၊ [အခြားကျမ်း၌ကား တဗျပစ္စည်းလည်း ရှိသေး၏။] ဏစသောပစ္စည်းများ ကား ကိတပစ္စည်းတို့တည်း၊ ဤကား— "တေကိစ္စာ,အညေကိတ်" ဟူသော ကစ္စည်းသုတ်ကို မှီး၍ ကိစ္စအမည်မရသော ပစ္စည်းဟူသမျှကို " ကိတ် " ဟု အမည်မှည့်လျက် ပစ္စည်း ၂ မျိုးသာ ခွဲသောနည်းတည်း။

www.dhammaransi.com



၃၄၈။ ပစ္စယော တိဗ္ဗိဓော ကိစ္စ, ကိတ ကိစ္စကိတဗ္ဘဝါ၊
ဘာဝကမ္မေသု ကတ္တတ္တေ, တီသု ဝါတျပရေ ဝိဒူ။

၃၄၈။ ဝါ - တစ္စည်းကျမ်းနည်းမှ တနည်းကား၊ ပစ္စယော - ပစ္စည်းသည်၊ ကိစ္စ ကိတ ကိစ္စကိတဗ္ဘဝါ-ကိစ္စပစ္စည်း, ကိတပစ္စည်း, ကိစ္စကိတပစ္စည်းတို့၏အပြားအားဖြင့်၊ တိဗ္ဗိဓော-သုံးပါးအပြားရှိ၏၊ ဘာဝကမ္မေသု-ဘောအနက် ကံအနက်တို့၌၎င်း၊ ကတ္တတ္တေ-ကတ္တားအနက်၌၎င်း၊ တီသု - ဘော ကံ ကတ္တား သုံးပါတို့၌၎င်း၊ ပဝတ္တတိ-ဖြစ်၏၊ ဣတိ-ဤသို့၊ အပရေ-တပါးကုန်သော၊ ဝိဒူ-ပညာရှိတို့သည်၊ ဝဒန္တိ- ဆိုကုန်၏။

၃၄၉။ ကိစ္စာ ခါတူဟျ·ကမ္မေဟိ, ဘာဝေဃေဝ နပုံသကေ၊
တဒန္တာ ပါယတော ကမ္မေ,သကမ္မေဟိ တိလိင်္ဂိကာ။

၃၄၉။ အကမ္မေဟိ – ကံမရှိကုန်သော၊ ခါတူဟိ – ခါတ်တို့မှ နောက်၌၊ ကိစ္စာ–ကိစ္စ ပစ္စည်းတို့သည်၊ ဘာဝေဃေဝ-ဘောအနက်၌သာ၊ ဟောန္တိ–ဖြစ်ကုန်၏၊ တဒန္တာ -ထို ဘောဟော ကိစ္စပစ္စည်းအဆုံးရှိသော သဒ္ဒါတို့သည်၊ နပုံသကေ – နပုံလိင်၌၊ ဟောန္တိ – ဖြစ်ကုန်၏၊ သကမ္မေဟိ-ကံရှိကုန်သော၊ ခါတူဟိ-ခါတ်တို့မှ နောံ၌၊ ပါယတော - များသောအားဖြင့်၊ ကမ္မေ – ကံအနက်၌၊ ဟောန္တိ-ဖြစ်ကုန်၏၊ တဒန္တာ-ထိုကံဟော ကိစ္စပစ္စည်းအဆုံးရှိသော သဒ္ဒါတို့သည်၊ တိလိင်္ဂိကာ—သုံးပါးသော လိန်ရှိကုန်၏။

၃၄၈။ ။အပရေဆရာတို့ကား "ဘာဝကမ္မေသု တဗ္ဗာနီယာ"နှင့်အညီ ဘော ကံအနက်၌သက်သော ကိစ္စပစ္စည်း၊ "ကတ္တရိကိတ်"နှင့်အညီ ကတ္တား အနက်၌သက်သော ကိတပစ္စည်း၊ ဘော ကံ ကတ္တား သုံးပါးလုံး၌သက်သော ကိစ္စကိတပစ္စည်းအားဖြင့် သုံးမျိုးခွဲခြားကြသည်။ [ ဋီကာ၌ "မဟာထေရ ဋီကာဆရာ, တိမုနိသဏ္ဍဟူသော ပါဏိနီကျမ်းဆရာ, ဗာလပ္ပဗောဓနကျမ်း ဆရာတို့ကို အပရေ"ဟု ဖွင့်သည်။ ]

---

၃၄၉။ ကိစ္စာ၊ပေ၊ နပုံသကေ ။ ။ ကိစ္စပစ္စည်းတို့သည် ကံမရှိသော အကမ္မကဓာတ်နောင်ဖြစ်လျှင် ဘောအနက်၌သာသက်၍ နပုံလိန်သာရှိ၏၊ "ဘဝိတဗ္ဗံ – ဖြစ်ခြင်း, ဖြစ်ရာ၏" စသည်တည်း။ [ဒီပနီ၌ "အပ္ပကတော

www.dhammaransi.com



**၃၅၀။ ကိတာ ကတ္တရိ ဝိညေယျာ, ဧဒမေဝေါပလက္ခဏံ၊**
**တေန ကိစ္စကိတာ ကတ္တု-ကမ္မဘာဝေါဒိကေ သိယုံ။**

၃၅၀။ ကိတာ - ကိတပစ္စည်းတို့ကို၊ ကတ္တရိ - ကတ္တားအနက်၌၊ ဝိညေယျာ- သိအပ်ကုန်၏၊ ဧဒံ-ဤစကားသည်၊ ဥပလက္ခဏမေဝ- ဥပလက္ခဏ နည်းမျှသာတည်း၊ တေန - ထို့ကြောင့်၊ ကိစ္စကိတာ - ကိစ္စပစ္စည်း, ကိတပစ္စည်းတို့သည်၊ ကတ္တုကမ္မဘာဝေါဒိကေ-**ကတ္တား, ကံ, ဘော အစ**ရှိသောအနက်၌၊ သိယုံ-ဖြစ်ကုန်၏။

ပါကောတျာဒိ” ဟု ဘောဟောပုံလိန်ရှုပ်ကို ထုတ်ပြ၏၊ သို့သော် ပါကော သည် ပစခါတ်, ဏပစ္စည်းဖြစ်သောကြောင့် ကိစ္စအရတွင် မပါဝင်ရကား ထိုစကားကို စဉ်းစားပါ။]

**တဒန္တာ၊ပေ၊တိလိင်္ဂိကာ။** ။ကိစ္စပစ္စည်းတို့သည် ဂမုစသော သကမ္မက ဓာတ်နောင်ဖြစ်လျှင် များသောအားဖြင့် ကံအနက်၌ သက်၏၊ လိန်အားဖြင့် “ဂန္တဗ္ဗံ နဂရံ, ဂန္တဗ္ဗော မဂ္ဂေါ, ဂန္တဗ္ဗာ သာဝတ္ထိ” စသည်ဖြင့် ၃ လိန်ရှိ၏၊ ဤအဓိပ္ပါယ်ကိုရည်ရွယ်၍ “ကိတကာ အဘိဓေယျလိင်္ဂါ”ဟု ဆိုသည်။

**ပါယတော ။** ။ [ကမ္မဿာ'ဝစနိစ္ဆာယံ, သကမ္မာ'ချာတပစ္စယာ၊ ဘာဝေပိ တံယထာ ဂေဟေ, ဒေဝဒတ္တေန ပစ္စတေ” ဟု အာချာတ်ခဏ်း၌ ဆိုသကဲ့သို့, ကံကိုမဆိုလိုသောအခါ၌ သကမ္မကဓာတ်နောင်လည်း “ကတ္တဗ္ဗံ- ပြုရာ၏” စသည်ဖြင့် ဘောအနက်၌ အနည်းငယ် သက်သေးသောကြောင့် “ပါယတော ကမ္မေ” ဟု ဆိုသည်။]

---

၃၅၀။ **ကိတာ ၊ ပေ ၊ လက္ခဏံ။** ။ “ကတ္တရိကိတ်” သုတ်နှင့်အညီ ကိတ်ပစ္စည်းတို့သည် ကတ္တားအနက်၌သက်ကုန်၏၊ “ကတ္တရိကိတ်”၌ ကတ္တရိ ဟူသောစကား, “ဘာဝကမ္မေသု တဗ္ဗာနီယာ ”၌ ဘာဝကမ္မေသု ဟူသော စကားသည် ဥပလက္ခဏမျှသာတည်း၊ အခြားအနက်များ၌လည်း ကိစ္စပစ္စည်း, ကိတပစ္စည်းများ သက်နိုင်ပါသည်-ဟူလို။

**တေန ၊ပေ၊ သိယုံ။** ။ထို့ကြောင့် ကိစ္စကိတ ပစ္စည်းတို့သည် ကတ္တား စသောအနက်၌သည်း သက်ကုန်၏၊ ပုံစံကား-တပနီယာ- လောင်မြိုက်တတ် ကုန်သော၊ ဓမ္မာ- တို့၊ (အနီယပစ္စည်း)၊ “ကရိယတေတိ ကာရော- ပြုအပ် သောကောင်းမှု၊ ကရဏံ ကာရော-ပြုခြင်း၊ (ဏပစ္စည်း)၊“သတ္တဟာရကံ”၌ ဟာရကံ-ဆောင်ယူချထားအပ်သောလက်နက်၊ (ဏ္ဍုပစ္စည်း) စသည်တည်း။

www.dhammaransi.com



၃၅၁။ ဈာသေ သုတ္တေန ယေ ဏာဒီ,
လက္ခိတာ တေ တိကာလိကာ၊
ဝုတ္တာ အလက္ခိတာ ကာလ-
မုတ္တေကဒွတ္တိကာလိကာ။

၃၅၁။ ဈာသေ – ဈာသကျမ်း၌၊ သုတ္တေန – ဏာဒယော တေ ကာလိကာသုတ်ဖြင့်၊ ဏာဒီ – ဏအစ ယုအဆုံးရှိကုန်သော၊ ယေ ပစ္စယာ-အကြင်ပစ္စည်းတို့ကို၊ လက္ခိတာ- မှတ်သားအပ်ကုန်ပြီ၊ တေ ပစ္စယာ-ထိုပစ္စည်းတို့ကို၊ တိကာလိကာ- ကာလသုံးပါး၌ယှဉ်သော ပစ္စည်းတို့ဟူ၍၊ ဝုတ္တာ - ဆိုအပ်ကုန်ပြီ၊ ယေ – အကြင်ပစ္စည်းတို့ကို၊ သုတ္တေန - သုတ်ဖြင့်၊ အလက္ခိတာ - မမှတ်သားအပ်ကုန်၊ တေ - ထိုပစ္စည်းတို့ကို၊ ကာလမုတ္တာ - ကာလသုံးပါးမှလွတ်သော ပစ္စည်းတို့ဟူ၍၎င်း၊ ဧကဒွတ္တိကာလိကာ-တခုသောကာလ, ၂ ခုသောကာလ, ၃ ခုသောကာလ၌ ယှဉ်သောပစ္စည်းတို့ဟူ၍၎င်း၊ ဝုတ္တာ–ကုန်ပြီ၊

၃၅၁။ **သုတ္တေန၊ပေ၊တိကာလိကာ။** ။ကိတ်ပစ္စည်းတို့၏ ဟောအပ်သော သာဓနကို ပြပြီး၍ ဟောရာကာလကို ပြဘို့ရန် အခွင့်ရောက်လာသောကြောင့် ထိုကာလကိုပြရာဝယ် ဈာသဝါဒကိုရှေးဉူးစွာပြလိုရကား "ဈာသေ" စသည်မိန့်၊ ကစ္စည်းကျမ်း၏ ကိတ်အခန်းဝယ် "ဓာတုယာ ကမ္မာဒိမှိဏော" ဟု ဏပစ္စည်းကို စပြီးလျှင် "နန္ဒာဒီဟိယု"ဟု ယုပစ္စည်းကို အဆုံးထား၏၊ ထို့နောက် "ဏာဒယော တေကာလိကာ" ဟု ထိုပစ္စည်းများကို "ကာလသုံးပါး၌ သက်ကုန်၏"ဟု မှတ်သားထားသည်၊ ထိုသို့ မှတ်သားအပ်သောကြောင့် "ဏအစ ယုအဆုံး (တူရာကိုပေါင်း၍ ချုံးလိုက်လျှင်) ၁၇ ပစ္စည်းတို့သည် တေကာလိက ပစ္စည်းများတည်း" ဟု မှတ်ပါ။

**အလက္ခိတာ၊ပေ၊တိကာလိကာ။** ။ထိုသို့ မမှတ်သားအပ်သော ပစ္စည်းများကား နိဗ္ဗာန်ပညတ်ကိုဟောရာ၌ ကာလဝိမုတ်လည်း ရှိ၏၊ "အတီတေ တ တဝန္တု တာဝီ"စသည်ဖြင့် အတိတ်ကာလတပါး၌သာ သက်သောပစ္စည်းလည်းရှိ၏၊ ကာလ ၂ ပါး ၃ ပါး၌သက်သော ပစ္စည်းလည်းရှိ၏၊ ဤသို့ ဈာသ၌ဆိုသည်။ [ ဈာသအဆိုကို " ဏာဒယော တေ ကာလိကာ "သုတ်အဖွင့် ကြည့်ပါ၊ သို့သော် ထိုအဖွင့်၌ ဧကကာလိကမပါ။ ] ဒီပနီဖွင့်ပုံမှာ – အတီတေ တ တဝန္တု တာဝီ " စသည်ဖြင့် ကာလကို တိုက်ရိုက်ပြထားသော ပစ္စည်းများကိုလည်း "လက္ခိတ"ဟု ဆိုလိုဟန်တူသည်။

www.dhammaransi.com



၃၅၂။ ယေနယေန အနိဒ္ဒိဋ္ဌ-ကာလာ အညေ န လက္ခိတာ၊
တေ လက္ခိတာဝ နိဒ္ဒိဋ္ဌ-က႑ာလာ ယေ ရူပသိဒ္ဓိယံ။

၃၅၂။ အညေ-ဏ အစ ယုအဆုံးရှိသော ပစ္စည်းမှ တပါးကုန်သော၊ ယေ-အကြင်ပစ္စည်းတို့သည်၊ ယေနယေန-မိမိ မိမိသုတ်ဖြင့်၊ အနိဒ္ဒိဋ္ဌကာလာ-မညွှန်ပြအပ်သော ကာလရှိကုန်၏၊ တေ-ထိုပစ္စည်းတို့ကို၊ နလက္ခိတာ-ကာလ၏ အစွမ်းအားဖြင့် မမှတ်သားအပ်ကုန်၊ အညေ-ဏအစ ယုအဆုံးရှိသော ပစ္စည်းမှ တပါးပင်ဖြစ်ကုန်သော၊ ယေ - အကြင် ပစ္စည်းတို့သည်၊ ယေနယေန- မိမိ မိမိသုတ်ဖြင့်၊ နိဒ္ဒိဋ္ဌကာလာ-ညွှန်ပြအပ်သော ကာလရှိကုန်၏၊ တေဝ-ထို ပစ္စည်းတို့ကိုသာ၊ လက္ခိတာ - ကာလ၏ အစွမ်းအားဖြင့် မှတ်သားအပ်ကုန်၏၊ ဣတိ-ဤသို့၊ ရူပသိဒ္ဓိယံ-ရူပသိဒ္ဓိ ကျမ်း၌၊ ဝုတ္တံ-ဆိုအပ်ပြီ။

၃၅၂။ **နိဒ္ဒိဋ္ဌနှင့် အနိဒ္ဒိဋ္ဌကာလ** ။ ။ "အတီတေ တ တဝန္တု တာဝီ, ဝတ္တမာနေ မာနန္တာ, ဘဝိဿတိ ဂမာဒီဟိ ဏီဃိဏ်" ဤသို့စသောအားဖြင့် မိမိမိမိသုတ်ဖြင့် ညွှန်ပြအပ်သောကာလရှိသောပစ္စည်းများသည် နိဒ္ဒိဋ္ဌကာလပစ္စည်းများ မည်၏၊ "သညာယံ ဒါဓာတော ဣ" စသည်ဖြင့် မိမိသုတ်ဖြင့် ညွှန်ပြအပ်သောကာလ မရှိသောပစ္စည်းများသည် အနိဒ္ဒိဋ္ဌကာလပစ္စည်းများတည်း၊ ထို့ကြောင့် ထိုပစ္စည်းများသည် သင့်တော်သောကာလ၌ရင်း ကာလဝိမုတ်အနက်၌ရင်း သက်နိုင်ကြသည်-ဟူလို။

ဒီပနီ ။ ။ ဏာဒိယုပစ္စယန္တတော အညေ ဣအာဒယော ယေပစ္စယာ "သညာယံ ဒါဓာတော ဣ" ဣတိ အာဒိနာ သကေန သကေန သုတ္တေန အနိဒ္ဒိဋ္ဌကာလာ၊ တေပစ္စယာ ကာလဝသေန ဧဝံ န လက္ခိတာ၊ ဏာဒိ ယုပစ္စယန္တတော အညေဝ တတဝန္တု တာဝီအာဒယော၊ ပေ၊ နိဒ္ဒိဋ္ဌကာလာ။

**မှတ်ချက်** ။ ။ ဏအစ ယုအဆုံးရှိသော ပစ္စည်းများကား မိမိသုတ်ဖြင့် မညွှန်ပြအပ်သောကြောင့် အနိဒ္ဒိဋ္ဌကာလ ဖြစ်ကြသော်လည်း "ဏာဒယော တေ ကာလ်ကာ"ဟူသော ပရိဘာသာဖြင့် ကာလကို မှတ်သားပြီးဖြစ်သည်၊ ထို့ကြောင့် ဤဂါထာ၌ ဏအစ ယုအဆုံးရှိသောပစ္စည်းအတွက် အထူးမဆိုဘဲ အညေ၏ အပါဒါန်အဖြစ်ဖြင့် ချန်လှပ်ထားသည်၊ ရူပသိဒ္ဓိ၌ "အနိဒ္ဒိဋ္ဌကာလာ" ဟူသောစကားသာ ဏာဒယော တေ ကာလိကာသုတ်၌ပါ၏၊ ထိုစကားကိုယူ၍ ဤဂါထာကို ဆိုဟန်တူသည်။ [နိဒ္ဒိဋ္ဌော (တိုက်ရိုက်ညွှန်ပြအပ်သော) + ကာလော ယေသံတိ နိဒ္ဒိဋ္ဌကာလာ။]

www.dhammaransi.com



၃၅၃။ **တေသံ တေကာလိကတ္တေပျ-တီတေ ဝေါပပဒတ္တတော၊ ယထာ ပုရိန္ဒဒေါစ္စာဒေါ, ဝတ္တမာနေတိ ကေနစိ။**

၃၅၃။ တေသံ - ထို ဏအစ , ယု အဆုံးရှိသော ပစ္စည်းတို့၏၊ တေကာလိကတ္တေ – ကာလ ၃ ပါး၌ ယှဉ်ကုန်သည်၏ အဖြစ်သည်၊ သတိပိ-ဖြစ်ပါသော်လည်း၊ ပုရိန္ဒဒေါစ္စာဒေါ-ပုရိန္ဒဒေါအစရှိသော ပြယုဂ်၌၊ (ပစ္စယော)ယထာ – (အ)ပစ္စည်းကဲ့သို့၊ ဥပပဒတ္တတော- ပုရေစသော အနီးပုဒ်၏ အနက်ကြောင့်၊ အတီတေဝ – အတိတ်၌ သာလျှင်၊ ဟောတိ-ဖြစ်၏၊ ဝတ္တမာနေ-ပစ္စုပ္ပန်အနက်၌၊ ဟောတိ- ဖြစ်၏၊ ဣတိ-သို့၊ ကေနစိ-အချို့ဆရာသည်၊ ဝုတ္တံ-ပြီ။

၃၅၄။ **နေကဘာဝေန ဘိန္နေပိ, သန္တာနေနေကတံ ပတိ။ ဝတ္တမာနံ ကတံ ဗုဒ္ဓ-ဝံသအဋ္ဌကထာဒိသု။**

၃၅၄။ အနေကဘာဝေန– တပါးမက များသောဘဝအားဖြင့်၊ ဘိန္နေပိ–ကွဲပြားပါသော်လည်း၊ သန္တာနေန – သန္တာန်အစဉ်အား ဖြင့်၊ ကေတံ- တခုတည်း၏ အဖြစ်ကို၊ ပတိ-စွဲ၍၊ ဝါ- အကြောင်းပြု၍၊ ဗုဒ္ဓဝံသအဋ္ဌကထာဒိသု – ဗုဒ္ဓဝင်အဋ္ဌကထာ အစရှိသည်တို့၌၊ ဝတ္တ မာနံ- ဝတ္တမာန်ဝိဘတ်ကို၊ ကတံ- ပြုအပ်ပြီ။

၃၅၃။ **တေသံ ၊ပေ၊ ကေနစိ ။** ။ တေကာလိကပစ္စည်းတို့တွင် ပါဝင် သော (အ) ပစ္စည်းသက်ပါလျက် တေကာလိက မဖြစ်ဘဲ ကေကာလိကသာ ဖြစ်သော"ပုရိန္ဒဒေါ"စသော ရုပ်များအတွက် မှတ်သားဘွယ်ရာ ဝါဒကွဲပုံကို ပြလိုသောကြောင့် " တေသံ တေကာလိကတ္တေပျ " စသည်မိန့်၊ ပုရိန္ဒဒေါ၌ "ပုရေ"ဟူသော အနီးပုဒ်၏အနက်ကြောင့်"ပုရေ ဒါနံ အဒဒီတိ ပုရိန္ဒဒေါ" ဟု အတိတ်ကာလ၌ (အ) ပစ္စည်း သက်ထားသည်။

**ဝတ္တမာနေပိ ကေနစိ ။** ။ " ကေနစိ"ဟူသောစကားသည် ကစ္စည်း ဝုတ္တိဆရာကို ဆိုသောစကား ဖြစ်သတတ်၊ ထို ဆရာကား ပစ္စုပ္ပန်ကာလ၌ သက်၍ "ပုရေ ဒါနံ ဒဒါတီတိ ပုရိန္ဒဒေါ"ဟု ဝိဂ္ဂဟပြုသည်–ဟူလို၊ သို့သော် "အဒါသိ"ဟုလည်း မူကွဲရှိပါသည်။ [ကစ္စည်းဘာသာဋီကာ ကြည့်ပါ။]

---

၃၅၄။ ။အတော်ဝေးသော ရှေးအတိတ်က အလှူပေးခဲ့သူကို"ဒဒါတိ" ဟု ပစ္စုပ္ပန်ကာလဖြင့် သုံးစွဲနိုင်ကြောင်းကို ပြလို၍"နေကဘာဝေန"စသည်မိန့်၊ ဘဝများစွာကွဲပြားသော်လည်း သတ္တာတယော်၏ သန္တာန်အစဉ်အားဖြင့်

www.dhammaransi.com



၃၅၅။ ဝိသုဒ္ဓိမဂ္ဂဋီကာယံ, တံကာလာပေက္ခဏေပိ ဝါ၊
ဇာတကဋ္ဌကထာယန္တု, ဣတော·ပေက္ခာယ တီတတာ။

၃၅၅။ ဝါ-တနည်းကား၊ ဝိသုဒ္ဓိမဂ္ဂဋီကာယံ-ဝိသုဒ္ဓိမဂ်ဋီကာ၌၊ တံကာလာပေက္ခဏေပိ - ထို ဖြစ်ဆဲကာလကို ငဲ့ခြင်းကြောင့်လည်း၊ ဝတ္တမာနံ-ဝတ္တမာန် ဝိဘတ်ကို၊ ကတံ-ပြုအပ်ပြီ၊ ဇာတက ဋ္ဌကထာ ယန္တု– ဇာတ် အဋ္ဌကထာ၌ကား၊ ဣတော–ဤ ဘုရားဖြစ်ရာ အတ္တ ဘောမှ၊ အပေက္ခာယ-အခြားသော အတ္တဘောကို ငဲ့ခြင်းအားဖြင့်၊ အတီတတာ-အတိတ်၏ အဖြစ်ကို၊ ကတာ-ပြုအပ်ပြီ။

တခုတည်းဖြစ်သောကြောင့်"သုမေဓော့တော အဟံ အမ္ဗရေ ဂစ္ဆာမိ တဒါ– ထိုအခါတုန်းက သုမေဓာဖြစ်သောငါသည် ကောင်းကင်၌သွား၏"ဟု ဝတ္တ မာန်ဝိဘတ်ကို အသုံးပြုနိုင်ကြောင်းကို ဗုဒ္ဓဝံသအဋ္ဌကထာ၌ ဆိုထားသည်။

ထို့ကြောင့် မဃဘဝနှင့် သကြားဘဝတို့ ( ဘဝချင်း ) ကွဲပြားသော်လည်း ဧကသန္တာနနည်းအားဖြင့် တခုတည်းဖြစ်သောကြောင့် ပုရိန္ဒဒေါဝယ် ပစ္စုပ္ပန်အနက်၌ (အ) ပစ္စည်းသက်နိုင်ရကား "ပုရေ ဒါနံ ဒဒါတိ"ဟု ပစ္စုပ္ပန် ဝိဂ္ဂဟ ပြုနိုင်ပါသည် – ဟူလို၊ ထို့ကြောင့် ဤဂါထာသည် " ဝတ္တမာနေတိ ကေနစိ"ကို ထောက်ခံသောဂါထာတည်း–ဟု မှတ်ပါ။

---

၃၅၅။ ဝိသုဒ္ဓိ၊ ပ၊ ပေက္ခဏေပိ ဝါ ။ ။ ဝိသုဒ္ဓိမဂ်ဋီကာ၌ လွန်ခဲ့ပြီး အတိတ်အကြောင်းအရာကိုဝတ္တမာန်ဝိဘတ်ဖြင့်ဆိုရာဝယ်"တံကာလာပေက္ခ ဝတ္တမာန်"ဟု ဆို၏၊ [တံကာလ–ထို အတိတ်၌ ဖြစ်ဆဲကာလကို+ အပေက္ခ– ငဲ့ခြင်း။] ထို အတိတ်တုန်းက ဖြစ်ဆဲကာလကို စိတ်ဖြင့်ငဲ့၍ (မှန်း၍) ဝတ္တမာန် ဝိဘတ်ဖြင့် ဆိုနိုင်သည်-ဟူလို။ ပုံစံကား– "ဝိဟရာမိ အဟံ တဒါ" တည်း၊ ဤ ပါဠိသည် ဘုရားဖြစ်တော်မူရာ ကာလ၌ ဗောဓိမဏ္ဍိုင်ဝယ် နေတော်မူခဲ့ ခြင်းကို ဘုရားဖြစ်တော်မူပြီးနေ့ံမှ မိန့်တော်မူအပ်သော ပါဠိတည်း၊ လွန်ပြီး အတိတ်ဖြစ်သော်လည်း"ဝိဟရာမိ"ဟု ဝတ္တမာန်ဝိဘတ်ဖြင့် မိန့်တော်မူသည်။

ဇာတက၊ပေ၊ တီတတာ ။ ။ ဇာတ်အဋ္ဌကထာ၌ကား ဘုရားဖြစ်ရာ ကာလမှ တခြားဖြစ်သော ကာလကို ငဲ့၍ (လွန်ပြီးကို ငဲ့၍) အတိတ်အဖြစ်ဖြင့် ဆို၏၊ "ဒတ္တော ဒါနိ လုဒ္ဒေါ အဟောသိ"ဤ ပုံစံ၌ "ဒါနိဒတ္တော-ယခုအခါ ဒေဝဒတ်သည်၊ တဒါလုဒ္ဒေါ အဟောသိ – ထိုအခါတုန်းက မုဆိုးဖြစ်ခဲ့ပြီ" ဟု လွန်လေပြီးသော ဆဒ္ဒန်ဆင်မင်းဘဝတုန်းက မုဆိုးကို " အဟောသိ " ဟု အတိတ်အဖြစ်ဖြင့် သုံးစွဲသည်။

www.dhammaransi.com



၃၅၆။ ဒဏ္ဍော ဒါနိ တဒါ လုဒ္ဓေါ, အဟောသိ ဝိဟရာမဟံ၊
တဒါ သုမေဓဘူတော·ဟံ, ဂစ္ဆာမိ အမ္ဗရေ တဒါ။

၃၅၆။ ဒါနိ-ယခုအခါ၌၊ ဒဏ္ဍော-ဒေဝဒတ်သည်၊ တဒါ - ထို အခါ၌၊(ဆဒ္ဒန္တဇာတ်ဖြစ်ရာအခါ၌၊)လုဒ္ဓေါ-မုဆိုးသည်၊အဟောသိ-ဖြစ်ခဲ့ပြီ၊ တဒါ – သစ္စာ ၄ ပါး တရားကို သိတော်မူရာ ထို အခါ၌၊ အဟံ - ငါဘုရားသည်၊ ဝိဟရာမိ - ဗောဓိမဏ္ဍိုင်၌ နေတော်မူခဲ့၏၊ တဒါ–လေးသင်္ချေနှင့် ကမ္ဘာတသိန်း လွန်ခဲ့ရာ ထို အခါ၌၊ သုမေဓဘူတော - သုမေဓဖြစ်၍ ဖြစ်သော၊ အဟံ – ငါသည်၊ အမ္ဗရေ-ကောင်းကင်၌၊ ဂစ္ဆာမိ-သွားခဲ့၏။

၃၅၇။ ပစ္စုပ္ပန္န ခဏာပေက္ခံ, ယတော တီတ·မနာဂတံ၊
တတော ဧကက္ခဏေ ကာတုံ, ယုတ္တရူပေါဝ ဝိဂ္ဂဟော။

၃၅၇။ ယတော-အကြင့်ကြောင့်၊ အတီတံ-အတိတ်ကာလသည် ၎င်း၊ အနာဂတံ-အနာဂတ်ကာလသည်၎င်း၊ ပစ္စုပ္ပန္နခဏာပေက္ခံ-ပစ္စုပ္ပန်ခဏကို ငဲ့ခြင်းရှိ၏၊ တတော – ထို့ကြောင့်၊ ဧကက္ခဏေ-တပြိုင်နက်သော ခဏ၌၊ ဝိဂ္ဂဟော-တေကာလိက ဝိဂ္ဂြိုဟ်သည်၊ ဝါ-တေကာလိကဝိဂ္ဂြိုဟ်ကို၊ ကာတုံ-ပြုခြင်းငှါ၊ ယုတ္တရူပေါဝ-သင့်လျော်သော သဘောရှိသည်သာ။

၃၅၆ ။ ။ဤဂါထာကား ရှေ့ ၂ ဂါထာ၏ ဥဒါဟရဏ်ကို ပြသော ဂါထာတည်း၊ ထိုသို့ပြရာ၌ ပစ္စာသတ္တိနည်းအားဖြင့် အနီးကပ်ဆုံးကို စ၍ ပြသည်၊ မှန်၏–"ဒဏ္ဍော ဒါနိ တဒါ လုဒ္ဓေါ အဟောသိ"သည် "ဇာတကဋ္ဌ ကထာယံ၊ပေ၊တီတတာ"၏ ပုံစံတည်း၊"တဒါ ဝိဟရာမိ အဟံ"သည်"ဝိသုဒ္ဓိ မဂ္ဂဋီကာယံ၊ပေ၊ဗိဝါ"၏ ပုံစံတည်း၊ "သုမေဓ၊ပေ၊တဒါ"သည် "နေက ဘဝေန၊ပေ၊ဒိသု"၏ ပုံစံတည်း၊ ဤပုံစံများ၏ အဓိပ္ပါယ်ကို ဆိုင်ရာရှေ့စကား တို့၌ ပြခဲ့ပြီ။

၃၅၇။ ပစ္စုပ္ပန္န၊ပေ၊ ဝိဂ္ဂဟော။ ။ကုမ္ဘကာရော္ဘ ဏာပစ္စည်း တခု တည်းက ပစ္စုပ္ပန် အတိတ် အနာဂတ် ကာလ ၃ ပါးကို တပြိုင်နက် မဟောနိုင် ရကား"ကုမ္ဘံ ကရောတိ, အကာသိ, ကရိဿတိတိ ကုမ္ဘကာရော"ဟု ကာလ ၃ပါးနှင့်ဆိုသောဝိဂ္ဂြိုဟ်ကို တပြိုင်နက်မပြုနိုင်သည်မဟုတ်ပါလော၊ သို့ပါလျက် " ကစ္စည်းဝုတ္တိ၌ အဘယ့်ကြောင့် တေကာလိကဝိဂ္ဂြိုဟ်ကို တပြိုင်နက်ပြုထား သနည်း"ဟု မေးဘွယ်ရှိသောကြောင့် "ပစ္စုပ္ပန္နခဏာပေက္ခံ" စသည်ကိုမိန့်။

www.dhammaransi.com



၃၅၈။ ယတော ပုဗ္ဗာပရော ဘာဂေါ,တံ·မုပါဒါယ မန္နတေ၊
တေကာလိကောတိ ဝတ္တိစ္ဆာ-ယတ္တဘာဝေန ဝုတ္တိတော၊

၃၅၈။ ယတော-အကြင် ပစ္စုပ္ပန်ခဏမှ၊ ပုဗ္ဗာပရော-ရှေ့နောက် ဖြစ်သော၊ ဘာဂေါ- အတိတ်အနာဂတ် အဘို့သည်၊ (အတ္ထိ)၊ တံ- ထို ပစ္စုပ္ပန်ခဏကို၊ ဥပါဒါယ - စွဲ၍၊ တေကာလိကောတိ - ကာလ ၃ ပါးနှင့်ဖြစ်သော ပစ္စည်းဟူ၍၊ မန္နတေ-သိအပ်၏၊ (ကသ္မာ- အဘယ့် ကြောင့်နည်း၊) ( သဒ္ဒါနံ - သဒ္ဒါတို့၏၊ ) ဝတ္တိစ္ဆာယတ္တဘာဝေန - ဝဒန္တပုဂ္ဂိုလ်၏အလိုနှင့် စပ်သည်၏အဖြစ်ဖြင့်၊ ဝုတ္တိတော - ဖြစ်ခြင်း ကြောင့်တည်း။

ဆိုလိုရင်းကား—အတိတ်ကာလနှင့်အနာဂတ်ကာလ ၂ပါးသည် ပစ္စုပ္ပန် ကာလကို ငဲ့လျက်ရှိ၏၊ [ပစ္စုပ္ပန်ကာလကိုထောက်၍ လွန်ပြီးကာလကို အတိတ်, လာလတ္တံ့ကာလကို အနာဂတ် ဟု ခေါ်ရသောကြောင့် ထိုကာလ ၂ ပါးက ပစ္စုပ္ပန်ကာလကို ငဲ့နေသည် ဟု ဆိုသည်။] ထိုသို့ ပစ္စုပ္ပန်ကို ငဲ့သောကြောင့် "ကုမ္ဘံ ကရောတိ "ဟု ပစ္စုပ္ပန်ဝိဂ္ဂြိုဟ်ပြုလျှင်ပင် " အကာသိ, ကရိဿတိ " ဟူသောဝိဂ္ဂြိုဟ်များလည်း ဆက်သွယ်ပါဝင်နေရကား တပြိုင်နက်သောခဏ၌ တေကာလိက ဝိဂ္ဂြိုဟ်ပြုနိုင်ပါသည် – ဟူလို၊ " သဗ္ဗဓမ္မေ ဗုဇ္ဈာဘိ အဗုဇ္ဈိ ဗုဇ္ဈိဿတီတိ ဗုဒ္ဓေါ"စသော တေကာလိကဝိဂ္ဂြိုဟ်တိုင်း၌ ဤနည်းချည်း မှတ်ပါ။

---

၃၅၈။ **ယတော၊ပေ၊ဝုတ္တိတော ။** ။ဤ ပြခဲ့သောအကြောင်းကြောင့် တေကာလိက ဝိဂ္ဂဟပြုနိုင်လျှင် ပြုပါစေတော့၊ ဏစသော ပစ္စည်းကား ကုမ္ဘ ကာရောစသော ပုဒ်တခုတည်း၌ အဘယ်နည်းဖြင့် ကာလ ၃ ပါးကိုဟောနိုင် သနည်း—ဟု မေးဖွယ်ရှိသောကြောင့် "ယတော၊ပေ၊ဝုတ္တိတော"ဟု မိန့်၏။

ဆိုလိုရင်းကား—အကြင် ပစ္စုပ္ပန်ကာလ၏ ရှေ့ဘက် နောက်ဘက်၌ အတိတ် အနာဂတ်အဘို့ရှိ၏၊ ထို ပစ္စုပ္ပန်ကာလကို စွဲ၍ဖြစ်သော (သက်ရသော) ဏ စသောပစ္စည်းသည် ရှေ့ဘက် နောက်ဘက် (အတိတ် အနာဂတ်)အနက်များ ကိုလည်း ဟောနိုင်၏၊ ဘာ့ကြောင့်နည်း—သဒ္ဒါဟူသည် ဝဒန္တပုဂ္ဂိုလ်၏ ဆိုလို ခြင်းနှင့်စပ်၍ ဖြစ်သောကြောင့်တည်း၊ ဝဒန္တပုဂ္ဂိုလ်က ပစ္စုပ္ပန်ကာလမှ ရှေ့ နောက် ၂ ရပ်ကိုလည်း သိမ်းကျုံး၍ဆိုလိုလျှင် ထိုသဒ္ဒါ (ပစ္စည်း) ကလည်း ရှေ့ဘက် နောက်ဘက်အနက်ကိုပါ ဟောရ၏၊ ထို့ကြောင့် တေကာလိက ဝိဂ္ဂြိုဟ်ပြုရာ၌ ပစ္စည်းကလည်း ကာလ ၃ ပါးကိုပင် ဟောနိုင်ပါသည်—ဟူလို။

www.dhammaransi.com



၃၅၉။ ပစ္စုပ္ပန္န ကြိယာယေဝ, ကာရကတ္တုပစာရတော၊
ယောဂျတ္တာဝ ါ အတီတာနာ-ဂတာနံ ကတ္တုတာ သိယာ။

၃၅၉။ ပစ္စုပ္ပန္နကြိယာယေဝ-ပစ္စုပ္ပန်ကြိယာ၏သာလျှင်၊ ကာရကတ္တုပစာရတောဝ ါ – ကာရက၏ အဖြစ်ကို အတိတ် အနာဂတ် ကြိယာ၏ကတ္တားဖြင့် တင်စားခြင်းကြောင့်သော်၎င်း၊ ယောဂျတ္တာဝ ါ-အတိတ် အနာဂတ် ကြိယာတို့ကို ပြုခြင်းငှါ သင့်လျော်သည်၏ အဖြစ်ကြောင့်သော်၎င်း၊ အတီတာနာဂတာနံ - အတိတ်အနာဂတ် ကြိယာတို့၏၊ ကတ္တုတာ- ကတ္တား၏အဖြစ်သည်၊ သိယာ- ဖြစ်နိုင်၏။

၃၆၀။ ယထာ ပစံပိယောဂျတ္တာ, ပါစကောတိ ပဝုစ္စတိ၊
ဧဝံ ကရဏယောဂျတ္တာ, ကတ္တုတာ ကရဏေပိစ။

၃၆၀။ အပစံပိ - ချက်ဆဲ မဟုတ်ပါသော်လည်း၊ ဝါ - ချက်ဆဲ မဟုတ်သူကိုလည်း၊ ယောဂျတ္တာ-ချက်ခြင်း၌ သင့်လျော်သည်၏အဖြစ်ကြောင့်၊ ဝါ-ချက်ခြင်း၌ စွမ်းနိုင်သည်၏အဖြစ်ကြောင့်၊ပါစကောတိ-ပါစကဟူ၍၊ ဝါ-ချက်တတ်သူဟူ၍၊ ပဝုစ္စတိယထာ–ဆိုအပ်သကဲ့သို့၊

၃၅၉ ။ ။ ဝတ္တိ၌သာအားဖြင့် ပစ္စည်းတခုထည်းက ကာလသုံးပါးကို ဟောနိုင်လျှင်ဖြစ်ပါစေတော့၊ တပြိုင်နက်ဒိဋ္ဌိပြုသောအခါ ကတ္တားပုဒ်က တခုထည်းသာ ဖြစ်သောကြောင့် ထို ကတ္တားတခုထည်းက ပစ္စုပ္ပန် အတိတ် အနာဂတ်ကြိယာသုံးပါးကို အဘယ်နည်းဖြင့် တပြိုင်နက်ပြီးစေနိုင်ပါသနည်း-ဟု မေးဘွယ်ရှိသောကြောင့် "ပစ္စုပ္ပန္န"စသည်ကိုမိန့်သည်။

ပစ္စုပ္ပန္န၊ပေ၊ ပစာရတော ။ ။"ကုမ္ဘံကရောတိ အကာသိ ကရိဿတိ" ဟု ဝိဂ္ဂြိုဟ်ပြုရာ၌ "ယော ပုရိသော"ဟု ကတ္တားထည့်ရ၏၊ ထို ကတ္တားသည် "ကရောတိ"ဟူသော ပစ္စုပ္ပန်ကြိယာ၏ ကတ္တားတည်း၊ ထိုပစ္စုပ္ပန်ကြိယာ၏ ကတ္တားအဖြစ်ကို အတိတ်ကြိယာ၏ကတ္တား, အနာဂတ်ကြိယာ၏ ကတ္တား၌ တင်စားသောအားဖြင့် ထို ကတ္တားတခုထည်း သည်ပင် အတိတ် အနာဂတ် ကြိယာတို့၏ကတ္တားလည်း ဖြစ်နိုင်သည်။

ယောဂျတ္တာဝ ါ ။ ။ "ယော ပုရိသော"ဟူသော ပစ္စုပ္ပန်ကတ္တားသည် အတိတ်ကြိယာကိုရင်းအနာဂတ်ကြိယာကိုရင်း(ထိုခဏ၌မပြုစေကာမူ)ပြုခြင်းငှါ စွမ်းနိုင်သောသတ္တိ ရှိသောကြောင့်လည်း အတိတ် အနာဂတ် ကြိယာ၏ ကတ္တား ဖြစ်နိုင်သည်။ [ ဤဂါထာ၌ ဥပစာတင်စားခြင်း , ၎စွမ်းနိုင်ခြင်း အားဖြင့် အကြောင်း ၂ ပါးပြထားသည်ဟု မှတ်။]

www.dhammaransi.com



စေံ– ဤအတူ၊ **အကရဏော**– မပြုခြင်းသည်၊ **သတိပိ** - ဖြစ်ပါသော်လည်း၊ ကရဏာယောဂျတ္တာ – ပြုခြင်း၌ သင့်လျော်သည်၏ အဖြစ်ကြောင့်၊ ဝါ– ပြုခြင်း၌ စွမ်းနိုင်သည်၏ အဖြစ်ကြောင့်၊ ကတ္တုတာ– ကတ္တား၏ အဖြစ်သည်၊ သိယာ–ဖြစ်နိုင်၏။

**၃၆၁။ သမာသတ္တာ ဝိဘတ္တီနံ, လောပေ ဝေါပပဒေ ကတေ၊ နွာဂမော တညုနာ ရူပ–သိဒ္ဓိယံ သမုဒါဟဋော။**

၃၆၁။ ( ဒိပက်ရောတ္တာဒိသု – ဒိပက်ရော အစရှိသော ပြယုဂ်တို့၌၊)သမာသတ္တာ–**သမာသ်**၏ အဖြစ်ကြောင့်၊ ဥပပဒေ-အနီးပုဒ်၌၊ ဝိဘတ္တီနံ-ဝိဘတ်တို့၏၊ လောပေ-ကျေခြင်းကို၊ ကတေ– ပြုအပ်ပြီးသော်သာ၊ ဝါ-ပြုအပ်ပြီးမှသာ၊ နွာဂမော– နုအက္ခရာလာခြင်းကို၊ တညုနာ– ထို သမာသ်လက္ခဏာကို သိသော ပညာရှိသည်၊ (အရှင်ဗုဒ္ဓပ္ပိယဆရာသည်၊) ရူပသိဒ္ဓိယံ - ၌၊ သမုဒါဟဋော – ထုတ်ဆောင်အပ်ပြီ။

၃၆၀။ **ယထာပစံပိ၊ပေ၊ ဝိစ**။ ။"ယောဂျတ္တာဝါ"ဟူသော ဟိတ်၏ အဓိပ္ပါယ်ကို ထင်ရှားပြလို၍"ယထာပစံပိ"စသည်ကို မိန့်သည်၊ ["ယထာ+အပစံ"ဟုရင်း, "ကတ္တုတာ + အကရဏော"ဟုရင်း ပုဒ်ဖြတ်။] လူတယော်သည် ထမင်းချက်နေဆဲ မဟုတ်သော်လည်း ချက်စွမ်းနိုင်သူဖြစ်သောကြောင့် "ပါစက-ချက်တတ်သူ"ဟု အမြဲခေါ်နိုင်သကဲ့သို့,ထို့အတူ "ကုမ္ဘကာရောတိ" စသည်၌လည်း အိုးကိုပြုပြီးသူ ပြုလတ္တံ့သူ မဟုတ်စေကာမူ အတိတ်၌လည်း ပြုစွမ်းနိုင် အနာဂတ်လည်းပြုစွမ်းနိုင် သောကြောင့် အတိတ်ကြိယာ အနာဂတ်ကြိယာတို့၏ ကတ္တားဖြစ်နိုင်ပါသည်–ဟူလို။

---

၃၆၁။ **သမာသတ္တာ၊ပေ၊ ဟဋော**။ ။တေ ကာလိကပစ္စည်းများ သက်ရာပုဒ်တို့တွင် ဒိပက်ရောပုဒ်နှင့်စပ်၍ ဝါဒအမျိုးမျိုးကိုပြလိုသောကြောင့် "သမာသတ္တာ"စသည်မိန့်၊ ဒိပက်ရောကို ရုပ်တွက်သောအခါ သဒ္ဒါယမနသုတ်ဖြင့် နုအက္ခရာကို ဘယ်အခါလာစေရမည်နည်း-ဟု မေးလျှင် "သမာသ်စပ်၍ ဝိဘတ်ချေပြီးမှ နုအက္ခရာလာစေရမည်"ဟု ရူပသိဒ္ဓိ၌ဆိုသည်–ဟူလို။ [ အယံပန နွာဂမော သမာသံကတ္ဝာ ဥပပဒဝိဘတ္တိလောပေ ကတေယေဝ ဟောတီတိ ဝေဒိတဗ္ဗံ၊–သဒ္ဒါယမနသုတ်အဖွင့် ရူပသိဒ္ဓိ။] ရုပ်တွက်ပုံအစဉ်ကို ထိုသုတ်၏ ရူပသိဒ္ဓိမှာရှုပါ။

www.dhammaransi.com



**၃၆၂။ ကစ္ဆာယနေစ ဈွာသေစ, ဝုတ္တာ·လုတ္တသမာသတာ၊**
**သမာသေ န္တာဂမေနေဝ, ကိတေ လုတ္တသမာသတာ။**

၃၆၂။ ကစ္စာယနေစ-ကစ္စည်းကျမ်း၌၎င်း၊ ဈွာသေစ – ဈွာသ ကျမ်း၌၎င်း၊(ဒိပက်ရော‌တျာဒိ ပယောဂေ-ဒိပက်ရော အစရှိသော ပြယုဂ်၌၊) သမာသေ–သမာသ်ကျမ်း၌၊ ဝါ-သမာသ်ကျမ်းတုန်းက၊ အလုတ္တသမာသတာ- အလုတ္တသမာသ်၏အဖြစ်ကို၊ ဝုတ္တာ–ဆိုအပ်ပြီ၊ ကိတေ - ကိတ်ကျမ်း၌ကား၊ ဝါ- ကိတ်ကျမ်းရောက်တော့ကား၊ န္တာဂမေနေဝ – နုအက္ခရာလာခြင်းကြောင့်ပင်၊ လုတ္တသမာသတာ - လုတ္တသမာသ်၏အဖြစ်ကို၊ ဝုတ္တာ–ဆိုအပ်ပြီ။

**၃၆၃။ သတ္တသာခနေမုတ္တေပိ,**
**တသီလာဒိသု ပစ္စယေ၊**
**ခာတုတော ပစ္စယတ္တတ္ထာ,**
**ကတ္တုဋ္ဌာနေစ ဝုတ္တိတော။**

၃၆၃။ တသီလာဒိသု – တသီလ တဒ္ဓမ္မ တသာဓုကာရိတာ အနက်သုံးပါးတို့၌၊ ပစ္စယေ–သက်သောပစ္စည်းသည်၊ သတ္တသာခန

၃၆၂။ **ကစ္စာယနေ၊ပေ၊သမာသေ**။ ။ကစ္စည်းကျမ်း၏ဝုတ္တိ၌ ဒိပက်ရောပုဒ်ကို ကိတန္တသမာသ်ပုဒ်ဖြစ်သောကြောင့် သမာသ်ခဏ်း၌၎င်း, ကိတ်ခဏ်း၌၎င်း ၂ ဌာန၌ပြထား၏၊ သမာသ်ခဏ်းဝယ် တေသံ ဝိဘတ္တိယော လောပါစ သုတ်၌ ဒိပက်ရောနှင့်တကွ အလားတူ ရုပ်များကို ဈွာသ ရုပ်တွက်ပြ၏၊ ထိုသို့ပြရာ၌ ဒိပံနောင် အံဝိဘတ်ကို မချေဘဲ (အလုတ္တသမာသ် အဖြစ်ဖြင့် )တွက်သည်၊ ထို့ကြောင့် “ ကစ္စာယနေစ ဈွာသေစ ဝုတ္တာ·လုတ္တသမာသတာ သမာသေ”ဟု ဆိုသည်။

**န္တာဂမေနေဝ ၊ပေ၊ သမာသတာ** ။ ။ ကိတ်ကျမ်းဝယ် သညာယမနု သုတ်၌ ဒိပက်ရောစသောရုပ်များကို ဈွာသတွက်ပြရာ၌ကား အပစ္စည်းသက်, နုအက္ခရာလာစေ၍ တွက်ပြ၏၊ သမာသ်ဖြစ်ပုံကို တွက်၍မပြတော့၊ အကယ်၍ သမာသ်ဖြစ်ပုံကိုပါ တွက်ပြလျှင် နုလာရဉ်းမည်ဖြစ်သောကြောင့် ဒိပံ၌ အံကို ချေ၍ တွက်ရလိမ့်မည်။ [ ရူပသိဒ္ဓိ၌ အံကိုချေ၍ပင် တွက်ပြ၏။ ]အံကိုချေရလျှင်ကား ဒိပက်ရောသည် ကိတန္တလုတ္တသမာသ် ဖြစ်ရပေလိမ့်မည်၊ ထို့ကြောင့် “ န္တာဂမေနေဝ ကိတေ လုတ္တသမာသတာ = ကိတ်အခဏ်း၌ လုတ္တသမာသ် ဆိုသည်”ဟု မိန့်သည်။

www.dhammaransi.com



၃၆၄။ ပေါရာဏောဟိ ကတော တဿ,
သင်္ဟော ကတ္တုသာဓနေ၊
တုလျာဓိကရဏာ ဓတ္တန,
သီလံ ပကတိ မန္ဒတေ။

မုတ္တေဝ - ခုနစ်ပါးသော သာဓနတို့မှ လွတ်ပါသော်လည်း၊ ဓာတု တော-ဓာတ်မှနောက်၌၊ ပစ္စယတ္ထတ္တာ-သက်သော ပစ္စည်း အနက်၏ အဖြစ်ကြောင့်ဖြင့်၊ ကတ္တုဌာနေ - ကတ္တားအရာ၌၊ ဝုတ္တိတော စ -

၃၆၃။ သတ္တသာဓနမုတ္တေဝိ။ ။ တေကာလိကပစ္စည်းများနှင့် စပ်၍ မှတ်သားဘွယ်များကို ပြပြီးလျှင် ယခုအခါ တဿီလ စသော အနက်တို့၌ သက်သောပစ္စည်းနှင့် စပ်သော မှတ်သားဘွယ်များကို ပြလိုသောကြောင့် "သတ္တသာဓန မုတ္တေဝိ"စသော ဂါထာ ၃ ရပ်ကိုမိန့်သည်။ [ဤဂါထာများ ဝယ် စောဒကပုဂ္ဂိုလ်၏စောဒနာပုံကိုနားလည်ဘို့ရာကစ္စည်းသုတ်၌"ကတ္တရိ" စသည်ဖြင့် သာဓနအနက် မပါဘဲ "တဿီလာဒိသု" ဟု ဆိုထားပုံကိုရင်း ပုံစံ၌လည်း "ပိယံ ပဿိတုံ သီလံ ယဿာတိ"စသည်ဖြင့် သာမိအနက်၌ သက်သော ဆဋ္ဌီဝိဘတ်ဖြင့် ဝိဂြိုဟ်ပြုပုံကိုရင်း သတိပြုနှင့်ရာ၏။]

သတ္တ ၊ပေ၊ ပစ္စယေ ။ ။ "တဿီလ စသောအနက်တို့၌ ဏီစသော ပစ္စည်းသက်"ဟု သုတ်ကဆိုထား၏၊ ထို တဿီလစသောအနက်သည် ကတ္တု ကရဏစသော သာဓန ၇ ပါးအနက်မဟုတ်၊ ပုံစံထုတ်ရာ၌လည်း ကစ္စည်းဝုတ္တိ ဝယ်"သီလံ ယဿ"စသည်ဖြင့် သမ္ဗန္ဓအနက်ကိုပြထား၏၊ သမ္ဗန္ဓအနက်ကား သာဓန ၇ ပါးမှ အလွတ်ဖြစ်၏၊ ကိတ်ပစ္စည်းတို့လည်း သာဓန ၇ ပါးမှတပါး သော အနက်ကိုမဟောကြ၊ ထို့ကြောင့် တဿီလစသော အနက်၌သက်သော ပစ္စည်းသည် ကိတ်ပစ္စည်းမှ ဟုတ်ပါ၏လော, ကိတ်ပစ္စည်းဖြစ်လျှင် ထိုပစ္စည်း အနက်ကို အဘယ်သာဓန၌ သွင်းမည်နည်း" ဟု မေးဘွယ် ရှိသောကြောင့် "သတ္တ၊ပေ၊ ပစ္စယေ"ဟု မိန့်သည်၊ "တဿီလ"စသောအနက်၌ သက်သော ပစ္စည်းသည် (ပစ္စည်း၏အနက်သည်)သာဓန ၇ပါးမှ လွတ်နေသော်လည်း....

ဓာတုတော ၊ပေ၊ ဝုတ္တိတော ၊ ။"ဓာတုတော ပစ္စယတ္ထတ္တာ—ဓာတ် နောက်၌သက်ရသော ပစ္စည်း၏အနက်၌ ဖြစ်သောကြောင့်"ဟူသော ပါဌ်ဖြင့် (တဒ္ဓိတ်ပစ္စည်းမဟုတ်) ကိတ်ပစ္စည်းဖြစ်ကြောင်းကို ပြ၏၊ မှန်၏—ဓာတ်နှင့် ပစ္စည်းချဉ်းစပ်ခြင်းသည် ကိတ်၏လက္ခဏာတည်း၊ထိုသို့ကိတ်ပစ္စည်းဖြစ်သော ကြောင့် သာမညအားဖြင့် သာဓနတခုခု၌ သွင်းရမည့်အကြောင်းကို ပြ၏၊ "ကတ္တုဌာနေစ ဝုတ္တိတော"ဟူသော ပါဌ်ဖြင့် ကတ္တုသာဓနဟူသော သာဓန

www.dhammaransi.com



၃၆၅။ ခေတ္တတ္တောတိ သတာစာရော,
မမ္မော တသာခုကာရိတာ၊
ဘိန္ဒာမိကရဏာတ္တေန,
တတ္ထ သဏ္ဌာနကာရိတာ။

ဖြစ်ခြင်းကြောင့်ငှင်း၊ ပေါရာဏာဟိ–ရှေး၌ ဖြစ်ပေါ် ဆရာတော်တို့သည်၊ တသ - ထို ပစ္စည်း၏အနက်ကို၊ ကတ္တုသာဓနေ – ကတ္တုသာဓန၌၊ သင်္ဟော-သွင်းယူခြင်းကို၊ ကတော-ပြုအပ်ပြီ။....ပကတိ-ပင်ကိုယ်သဘော ဖြစ်သော၊ သီလံ - အလေ့အလာ ဝါသနာကိုငှင်း၊ သတာစာရော - သူတော်ကောင်းတို့၏ အကျင့်ဖြစ်သော၊ မမ္မော–

ဝိသေသ၌ သွင်းယူရခြင်း၏ အကြောင်းကိုပြ၏၊ မှန်၏ – " ဘိက္ခိဘုံ သီလံ ယဿ"၌ ယဿဖြင့် ညွှန်ပြအပ်သော ပုဂ္ဂိုလ်သည် တောင်းခြင်း ကြိယာကို ပြီးစေတတ်သော (တောင်းတတ်သော) ပုဂ္ဂိုလ်တည်း၊ ထိုသို့ တောင်းခြင်း ကြိယာကို ပြီးစေတတ်သောကြောင့် ကတ္တားအရာ၌တည်သည်။ [ခေတုတော ပစ္စယတ္တတ္တာတိ ဧဒံ သာဓနသာမညေ သင်္ဟိတဗ္ဗဿ ကာရဏဝစနံ၊ ကတ္တု ဋ္ဌာနေစ ဝုတ္တိတောတိ ဧဒံ ပန သာဓနဝိသေသေ။]

၃၆၄။ သင်္ဟော ကတ္တုသာဓနေ။ ။ပြခဲ့သောအကြောင်း ၂ ပါးကြောင့် ရှေးဆရာတို့က ထိုပစ္စည်းများ၏ အနက်ကို ကတ္တုသာဓန၌ သွင်းကြသည်။ [ရူပသိဒ္ဓိ၌ "ကတ္တရိ"ဟု ထည့်၍ ကတ္တုသာဓန၌ တိုက်ရိုက် သွင်းထားပုံကို မြင်ရသောကြောင့် "ပေါရာဏေဟိ၊ပေ၊ ကတ္တုသာဓနေ"ဟု ဆိုသည်။]

**တုလျာဓိ၊ပေ၊ကာရိတာ။** ။["တသီလာဒိသု"၌ အာဒိဖြင့် တဓမ္မ တသာခုကာရိတာတို့ကိုယူ။] တသီလစသည်၌ သီလ, ဓမ္မ,သာခုကာရိတာ ဟူသည် အဘယ်အနက်ပါနည်း၊ တသဒ္ဒါနှင့် သီလ,ဓမ္မ,သာခုကာရိတာတို့ကို အဘယ်သို့ တွဲစပ်ရမည်နည်း" ဟု မေးဘွယ်ရှိသောကြောင့် "တုလျာဓိကရ ဏာတ္တေန" စသည်မိန့်။

**သီလံပကတိ။** ။လူတယောက်၏ ပင်ကိုယ်အလေ့အထကို "သီလ"ဟု ခေါ်၏၊ ဘိက္ခုပုံစံ၌ ဆွမ်းခံခြင်းစသော တောင်းခြင်းအလေ့သည် ထိုဘိက္ခု တပါး၏အလေ့အထဖြစ်သော သီလတည်း။

၃၆၅။ **သတာစာရော ဓမ္မော။** ။ဆွမ်းခံခြင်းအမှုသည် သူတော်ကောင်းတို့၏ ထုံးစံဓမ္မတာတည်း၊ ထိုဓမ္မတာကိုပင် "ဓမ္မ"ဟု ခေါ်ရသည်။ ["ပါပကာရီ"စသော ပုံစံ၌ကား မျိုးရိုးအားဖြင့် မကောင်းမှုပြုခြင်း အသတာစာရသည် ဓမ္မတည်း၊ ထို့ကြောင့် သတာစာရောကို ဥပလက္ခဏနည်းဟု မှတ်။]

www.dhammaransi.com



**သဘောတံထွာ** ဓမ္မတာကိုဋ္ဌင်း၊ တုလျာဓိကရဏတ္တေန - တသဒ္ဒါ၏ အနက်နှင့် တူသောတည်ရာရှိသည်၏အဖြစ်ကြောင့်၊ ခေတ္တတ္တောတိ - ခေတ်၏အနက် ဟူ၍၊ မန္တတေ - သိအပ်၏၊ တဿာရုကာရိတာ - တဿာရုကာရိတာကို၊ ဘိန္နာဓိကရဏတ္တေန – တသဒ္ဒါ၏ အနက်နှင့် ကွဲပြားသော တည်ရာရှိသည်၏ အဖြစ်ကြောင့်၊ တတ္ထ – ထို ခေတ်၏ အနက်၌၊ သက္ကစ္စကာရိတာ - ကောင်းစွာပြုခြင်း ရှိသူ၏အဖြစ် ဟူ၍၊ မန္တတေ-သိအပ်၏။

**တုလျာဓိ၊ပေ၊ခေတ္တတ္တောတိ။** ။"တဿီလ, တဒ္ဓမ္မ"၌ ဘိက္ခုခေတ်၏ တောင်းခြင်း,ကရခေတ်၏ပြုခြင်း,ဤသို့စသော ခေတ်၏အနက်ကိုတသဒ္ဒါဖြင့် ညွှန်ပြ၏၊ ထိုတသဒ္ဒါနှင့် သီလ–ဓမ္မတို့လည်း (ထိုတောင်းခြင်း အလေ့အထ, ထိုတောင်းခြင်း သဘောထုံးစံ-ဟု) အရတူကြ၏၊ ဤသို့ အရတူသောကြောင့် " သောဇဝ + သီလံ တဿီလံ၊ သောဇဝ + ဓမ္မော တဒ္ဓမ္မော " ဟု တုလျာဓိကရဏ ကမ္မဓာရည်းသမာသ်စပ်ရသည်။

[" သောဇဝ – ထိုတောင်းခြင်းစသော ခေတ်နက်သည်ပင် + သီလံ– (ပုဂ္ဂိုလ်တပါး၏) အလေ့တည်း၊ တဿီလံ–လေ့၊ သောဇဝ – သည်ပင်+ ဓမ္မော–ထုံးစံတည်း၊ တဒ္ဓမ္မော–စံ၊ ဆရာတို့ကား သီလံပုဒ်နှင့်အရတူအောင် "တမေဝ+သီလံ တဿီလံ"ဟု ပြုကြ၏၊ ဤကျမ်း၌ကား ခေတ္တတ္တောကိုငဲ့၍ "သောယေဝ သီလံ တဿီလံ"ဟု ပြုသည်။]

**တဿာရုကာရိတာ၊ပေ၊ကာရိတာ ။** ။ သာဓုကို သက္ကစ္စ ဟု ဖွင့်၏၊ ဘိက္ခုအမည်ရသူသည် ( ဘိက္ခုခေတ်၏ အနက်ဖြစ်သော ) ဆွမ်းခံခြင်းအမှု-တောင်းခြင်းအမှု၌ လေးလေးစားစားပြုမှသာ ( ဆွမ်းခံရခြင်းကို ကျင့်ဝတ် တပါးအနေအားဖြင့် လေးလေးစားစားပြုမှသာ) "သာဓုကာရီ-ကောင်းစွာ ပြုလေ့ရှိသူ" မည်၏၊ မလွဲသာ၍ ဆွမ်းခံနေရလျှင် သာဓုကာရီ မမည်၊ သာဓု ကာရိနော – ကောင်းစွာ ပြုလေ့ရှိသူ၏ + ဘာဝေါ – ဖြစ်ကြောင်းဖြစ်ရာ (ကောင်းစွာပြုပုံ အခြင်းအရာ) တည်း၊ သာဓုကာရိတာ– ရာ။

ဤသို့ တသဒ္ဒါ၏ အရ ဘိက္ခုခေတ်၏ တောင်းခြင်း စသော ခေတ်နက်ရ၍ "သာဓုကာရိတာ"အရ ပြုပုံအခြင်းအရာ (ထိုသူ၏ စိတ်အနေအထား ကိုယ် အမူအရာ) ရသဖြင့် အရမတူသောကြောင့်"တသ္မိံ+ သာဓုကာရိတာ တဿာ ဓုကာရိတာ "ဟု ဘိန္နာဓိကရဏ တပ္ပုရိသ်သမာသ် ပြုရသည်။ [ ကစ္စည်း ဘာသာဋီကာ၌ အကျယ်ပြထား၏။]

www.dhammaransi.com



၃၆၆။ ယထာ ကာလတ္တယေ ကုမ္ဘ-ကာရော ဒီပင်္ကရော ပန၊
လုတ္တာလုတ္တေသု တဿီလာ-ဗျတ္တေ ဘိက္ခုတ္ယုဒါဟဋံ။

၃၆၆။ ယထာ - ဥဒါဟရဏ်ကား၊ ကာလတ္တယေ - ကာလ ၃ ပါးအပေါင်း၌၊ ကုမ္ဘကာရော-ကုမ္ဘကာရောဟူသော ဥဒါဟရဏ်ကို၊ ဥဒါဟဋံ-ထုတ်ဆောင်အပ်ပြီ၊ လုတ္တာလုတ္တေသုပန-လုတ္တာလုတ္တ သမာသ်တို့၌ကား၊ ဒီပင်္ကရော- ဒီပင်္ကရောဟူသော ဥဒါဟရဏ်ကို၊ ဥဒါဟဋံ၊ တဿီလာဗျတ္တေ- တဿီလအစရှိသော အနက်၌၊ ဘိက္ခုတိ-ဘိက္ခုဟူသော ဥဒါဟရဏ်ကို၊ ဥဒါဟဋံ။

၃၆၇။ ဏွုတွန္တဿ တု ကမ္မတ္တေ, ဆဋ္ဌီ ဘဝတိ ကေဒါ၊
ကိတေ ဘာဝဿ ကမ္မတ္တေ, ကတ္တတ္တေစ ယထာရဟံ။

၃၆၇။ တု- ထိုမှတပါး၊ ဏွုတွန္တဿ - ဏွုပစ္စည်း, တုပစ္စည်း အဆုံးရှိသောဓာတ်၏၊ ကမ္မတ္တေ-ကံအနက်၌၊ ဆဋ္ဌီ-ဆဋ္ဌီဝိဘတ်သည်၊ ကေဒါ- တရံတခါ၌၊ ဘဝတိ- ဖြစ်၏၊ ကိတေ - ကိတ်၌၊ ဘာဝဿ-

၃၆၆။ ယထာ၊ပေ၊ဒါဟဋံ။ ။ဤဂါထာသည်“ပစ္စုပ္ပန္နခဏာပေက္ခံ” စသောဂါထာတို့၏ ပုံစံကိုပြသောဂါထာတည်း၊ ကုမ္ဘကာရောသည် ကာလ ၃ ပါးအတွက်,ဒီပင်္ကရောသည် လုတ္တ—အလုတ္တသမာသ်အတွက်, ဘိက္ခုသည် တဿီလာဒိအတွက် ပုံစံများတည်း၊ အဓိပ္ပါယ်ကို ဤပုံစံနှင့်ဆိုင်ရာ ရှေ့ဂါထာများ၌ ပြခဲ့ပြီ။

---

၃၆၇။ ဏွု၊ပေ၊ကေဒါ။ ။ဏွုပစ္စည်းအဆုံးရှိသောဓာတ်,တုပစ္စည်း အဆုံးရှိသောဓာတ်၏ ကံအနက်၌ တရံတခါ ဆဋ္ဌီဝိဘတ်သက်၏၊ (၃၆၉) ဂါထာ၌ ကာရကောသည် ဏွုပစ္စည်းအဆုံးရှိသောဓာတ်တည်း၊ ထိုဓာတ်၏ ကံ၌ “ကမ္မဿ”ဟု ဆဋ္ဌီဝိဘတ်သက်သည်၊ “ကေဒါ” ဟု ဆိုသောကြောင့် ဆဋ္ဌီမသက်ဘဲ “ ကမ္မံ ” ဟု ဒုတိယာသက်သောအရာလည်း ရှိသေး၏၊ ထို ဂါထာ၌ “ဥဒ္ဓတာ ”လည်း တုပစ္စည်းအဆုံးရှိသော ဥပုဗ္ဗ ဓရဓာတ်တည်း၊ ထိုဓာတ်၏ကံ၌“သတ္တာနံ”ဟု တရံတခါ ဆဋ္ဌီသက်၍“သတ္တေ”ဟု ဒုတိယာ လည်းသက်သည်၊ ကံ၌ ဆဋ္ဌီကို “ ဒုတိယာ ပဉ္စမီနဉ္စ”သုတ်ဖြင့် သက်။

ကိတေ၊ပေ၊ယထာရဟံ ။ ။ကိတေဘာဝဿ—ဟူသော စကားဖြင့် အာချာတ်ဘောကို ကန့်သည်၊ ကိတ်ဘော၏ ကံ၌ငှင်း , ကတ္တား၌ငှင်း , ထိုက်သည်အားလျော်စွာ ဆဋ္ဌီသက်၏၊ ကံအနက်၌ ဆဋ္ဌီသက်လျှင် ကတ္တား၌

www.dhammaransi.com



ဘော၏၊ ကမ္မတ္တေစ–ကံအနက်၌၎င်း၊ ကတ္တတ္တေစ - ကတ္တား အနက်၌၎င်း၊ ယထာရဟံ-စွာ၊ ဆဋ္ဌီ-သည်၊ ဘဝတိ-ဖြစ်၏။

၃၆၈။ တျာဒျန္တသသ တု ကတ္တတ္တေ, ကမ္မတ္တေ ဒိဿတေ·ကဒါ၊
န စာ·ချာတေန သမ္ဗန္ဓာ–ဘာဝတော သာမိလက္ခဏော။

၃၆၈။ တု-ထိုမှတပါး၊ တျာဒျန္တဿ-တိအစရှိသော အာချာတ်ဝိဘတ် အဆုံးရှိသော ဓာတ်၏၊ ကတ္တတ္တေ - ကတ္တား အနက်၌၎င်း၊ ကမ္မတ္တေ-ကံအနက်၌၎င်း၊ ကဒါ-တရံတခါ၌၊(ဆဋ္ဌီ-ဆဋ္ဌီဝိဘတ်ကို၊) ဒိဿတေ - တွေ့မြင်အပ်၏၊ အာချာတေနစ – အာချာတ်နှင့်ကား၊ သမ္ဗန္ဓာဘာဝတော- ဆဋ္ဌီဝိဘတ်၏ ဆက်စပ်ခြင်း၏ မရှိခြင်းကြောင့်၊ သာမိလက္ခဏော–သာမိလက္ခဏာ၌၊ ဆဋ္ဌီ– ဆဋ္ဌီဝိဘတ်ကို၊ န ဒိဿတေ-မတွေ့မြင်အပ်။

ဆဋ္ဌီမသက်ရ၊ (အဝုတ္တကတ္တားဖြစ်၍) တတိယာသာ သက်ရသည်၊ ကတ္တား အနက်၌ ဆဋ္ဌီသက်လျှင် ကံ၌ ဆဋ္ဌီမသက်ရ ( အဝုတ္တကံဖြစ်၍) ဒုတိယာသာ သက်ရသည်၊ ဤသို့ ထိုက်သင့်သလို သက်ရသောကြောင့် "ယထာရဟံ"ဟု ဆိုသည်၊ ပုံစံကား — "သူဒေန ဩဒနဿ (ကို) ပါကော၊ သူဒဿ (သည်) ဩဒနံ ပါကော"တည်း၊ ကံအနက်၌ ဒုတိယာပဉ္စမိနဉ္စသုတ်ဖြင့်၎င်း, ကတ္တား အနက်၌"ဆဋ္ဌီစ"သုတ်ဖြင့်၎င်း သက်။

၃၆၈။ **တျာဒ န္တဿ၊ ပေ၊ ကဒါ။** ။ တိစသော အာချာတ်ဝိဘတ် ဆုံးသော ( အာချာတ် ) ပုဒ်၏ ကတ္တားအနက် ကံအနက်၌ တရံတခါဆဋ္ဌီ သက်၏၊ (၂၇၀)ဂါထာ၌"သိဿဿ ဓမ္မံ ပါဠေတိ"ကား ကတ္တားအနက်၌ ဆဋ္ဌီသက်ပုံတည်း၊ ထိုကတ္တားလည်း ကာရိတ်ကံ နေရာ၌ ကံကို မဆိုလိုဘဲ ဓာတ်၏ကတ္တားအဖြစ်ကိုဆိုလိုသောကြောင့်ဖြစ်၏၊ ပါဠေတိ၌ ဏေပစ္စည်း၏ ကတ္တားကိုကား အာစရိယော ဟု ထည့်ရ၏၊ "န ရဇ္ဇဿ"ကား သရဓာတ်၏ ကံအနက်၌ ဆဋ္ဌီသက်ပုံတည်း။ [ရူပသိဒ္ဓိ–ဒုတိယာ ပဉ္စမိနဉ္စသုတ်၌ " သရိ ဿာနံ ကမ္မနိ "ဟူသောစကားနှင့် သဘောတူပင်တည်း။]

**နစာချာတေန၊ပေ၊သာမိလက္ခဏော။** ။အာချာတ်ကြိယာက သမ္ဗန်နှင့် မစပ်သောကြောင့် ထို ဆဋ္ဌီဝိဘတ်ကို သမ္ဗန်အနက်၌ မသက်ရ၊ ထို့ကြောင့် "ရဇ္ဇဿ၌ သမ္ဗန်အနက်မဟုတ်,ကံအနက်သာဖြစ်သည်"ဟူလို။[မောဂ္ဂလ္လာန် ၌ကား သမ္ဗန်အနက်ဟုပင် ဆိုလတ့်။]

www.dhammaransi.com



၃၆၉။ ကမ္ဗုဿ ကာရကော ကမ္ဗံ, သတ္တေ သတ္တာန-မုဒ္ဓတာ၊
ပါကော ဒနဿ သူဒေန, ဝါ သူဒဿော ဒနမ္ဗိ ဝါ။

၃၇၀။ ဓမ္မံ ပါဠေတိ သိဿဿ, န ရဋ္ဌဿ သရိဿသိ၊
မောဂ္ဂလ္လာနေ တု သမ္ဗန္ဓေ, ကတ္တာဒျ-ဝစနိစ္ဆိတော။

၃၆၉, ၃၇၀။ ကမ္ဗုဿ-ကံကို၊ ကာရကော-ပြုတတ်၏၊ ကမ္ဗံ-ကံကို၊ ကာရကော-၏၊ သတ္တေ-သတ္တဝါတို့ကို၊ ဥဒ္ဓတာ-ထုတ်ဆောင်တတ်၏၊ သတ္တာနံ-တို့ကို၊ ဥဒ္ဓတာ-တတ်၏၊ သူဒေန-စဖိုသည်သည်၊ ဩဒနဿ-ထမင်းကို၊ ပါကော - ချက်ခြင်း၊ ဝါ-တနည်း၊ သူဒဿ-သည်၊ ဩဒနံ-ကို၊ပါကော-ခြင်း၊ ဣတိပိဝါ-ဤသို့လည်း ဥဒါဟရဏ်ရှိသေး၏၊ (အာစရိယော- သည်၊) သိဿဿ-တပည့်သည်၊ ဓမ္မံ-ပါဠိကို၊ပါဠေတိ-ရွတ်ဖတ်စေ၏၊ရဋ္ဌဿ-တိုင်းပြည်ကို၊ နသရိဿသိ-အမှတ်မရ လတ့်၊ မောဂ္ဂလ္လာနေတု - မောဂ္ဂလ္လာန်၌ကား၊ ကတ္တာဒိအဝစနိစ္ဆိတေ - ကတ္တားအစရှိသော အနက်ကို မဆိုလိုအပ်သော်၊ ဝါ-မဆိုလိုရာ၌၊ သမ္ဗန္ဓေ-သမ္ဗန်အနက်၌၊ ( ဆဋ္ဌီ - ဆဋ္ဌီဝိဘတ်သည်၊ ဟောတိ-၏၊ ဣတိ - သို့၊ ဝုတ္တံ – ဆိုအပ်ပြီ၊) [ " ကမ္ဗုဿ " မှစ၍ "န ရဋ္ဌဿ သရိဿသိ" တိုင်အောင် ပုံစံများကို ရှေး၌ ပြခဲ့ပြီ။]

၃၆၉။ ကမ္ဗုဿ၊ပေ၊ ဗိဝါ။ ။ ဤ ဂါထာ၌လာသော ပုံစံများကိုရည်ရွယ်၍ ယုပစ္စည်းနှင့်တကွ "ယုဏ္ဍုတုမှိ, ပစ္စည်းပြီ, ဆဋ္ဌီကံနေစေ" ဟုရင်း, "ဘာဝသာမ်န , နောက်ပုဒ်ပြ , ကမ္ဗတ္တဆဋ္ဌီ"ဟု ရင်း, "ဆဋ္ဌီကတ္တား, ရံခါ ခြားမူ, ကတ္တားတတိယာနှင့် တူမြဲ"ဟုရင်း နိယာမ်ဆိုကြသည်။

---

၃၇၀။ မောဂ္ဂလ္လာနေ၊ပေ၊နိစ္ဆိတေ။ ။မောဂ္ဂလ္လာန်၌ကား- ကတ္တား အနက် ကံအနက်ကို မဆိုလိုသောအခါ"ရဋ္ဌဿ သရိဿသိ" ဝယ် ရဋ္ဌဿ၌ "သမ္ဗန်အနက်ဟော ဆဋ္ဌီတည်း" ဟု ဆို၏၊ "တိုင်းပြည်နှင့်စပ်သော သတိ မဖြစ်လတ့်"ဟု သမ္ဗန်ဖြစ်ပုံကို အဓိပ္ပါယ်မှတ်ပါ၊[ဤစကားသည် မောဂ္ဂလ္လာန်, ဒုကဏ္ဍ, "သရတိ ရဋ္ဌဿာတိ သမ္ဗန္ဓေ ဆဋ္ဌီ"ဟူသော (၃၉)သုတ်ကို ရည်ရွယ်သော စကားတည်း၊ ထို့ကြောင့် "မောဂ္ဂလ္လာနေ တု သိဿဿ ရဋ္ဌဿာတိ ပယောဂေသု ကတ္တာဒိအဝစနိစ္ဆာယံ သမ္ဗန္ဓေ ဆဋ္ဌီတိ ဝုတ္တံ " ဟု ဒီပနီ၌ သိဿဿကိုပါ မောဂ္ဂလ္လာန်ဝါဒ၌ သွင်းယူထားသည်ကို စဉ်းစ...ပါ။]

www.dhammaransi.com



၃၇၁။ မာနန္တာ ဝတ္တမာနာနာ-ဂတေကေ•သေသကေန္တိတိ၊
အန္တော ကတ္တရိ မာနော တု, ဘာဝေ ကမ္မနိ ကတ္တရိ။

၃၇၁။ မာနန္တာ - မာနပစ္စည်း, အန္တပစ္စည်းတို့သည်၊ ဝတ္တမာနေ-ဝတ္တမာန်ကာလ၌၎င်း၊အနာဂတေ-အနာဂတ်ကာလ၌၎င်း၊ ဟောန္တိ-ဖြစ်ကုန်၏၊ ကေ - အချို့ဆရာတို့သည်၊ အန္တော - အန္တပစ္စည်းသည်၊ အသေသကေ – အကြွင်းမရှိသော ကာလသုံးပါး၌၊ ဟောတိ-၏၊ ဣတိ-ဤသို့၊ (ဝဒန္တိ – ဆိုကြကုန်၏၊) အန္တော - အန္တပစ္စည်းသည်၊ ကတ္တရိ-ကတ္တားအနက်၌၊ ဟောတိ-၏၊ မာနောတု-မာနပစ္စည်းသည်ကား၊ ဘာဝေ – ဘောအနက်၌၎င်း၊ ကမ္မနိ - ကံအနက်၌၎င်း၊ ကတ္တရိ- ကတ္တားအနက်၌၎င်း၊ ဟောတိ–ဖြစ်၏။

၃၇၁။ **မာနန္တာ၊ပေ၊ န္တီတိ။** ။[ကေ+အသေသကေ+အန္တော–ဟု ပုဒ်ဖြတ်။ ] မာနအန္တပစ္စည်းတို့သည် ကာလအားဖြင့် ပစ္စုပ္ပန်ကာလ အနာဂတ်ကာလ၌ သက်ကုန်၏၊ အချို့ဆရာတို့ကား “ အန္တ ပစ္စည်းသည် အကြွင်းမရှိသော ကာလ ( ကာလ ၃ ပါး ) ၌ သက်ကုန်၏”ဟု ဆိုကြ၏၊ ထိုတွင်“ဝတ္တမာနေ မာနန္တာ, သေသေသ္ပန္တ၊ မာနာနာ”ဟူသော ကစ္စည်းသုတ် , တေ ဿပုဗ္ဗာနာဂတေ ( ထို အန္တမာနတို့သည် ဿရှေ့ရှိရာဝယ် အနာဂတ်ကာလ၌ သက်”ဟူသော မောဂ္ဂလ္လာန်သုတ်တို့ကို မှီ၍ “ဝတ္တမာနာ နာဂတေ”ဟု ဆိုသည်၊ “ဒဿန္တော အာဟ—ပြလိုသည်ဖြစ်၍ ဆိုပြီ”စသော အဋ္ဌကထာဝယ် အာဟနှင့်တွဲပုံကို ကြည့်၍ “ အန္တသည် အတိတ်နှင့် တကွ ကာလသုံးပါး၌ သက်၏”ဟု ကေဆရာတို့ ဆိုကြဟန်တူသည်။

**အန္တော၊ပေ၊ ကတ္တရိ။** ။သာမန်အားဖြင့် အန္တပစ္စည်းသည် ကတ္တား အနက်၌ သက်၏၊ မာနကား ဘော ကံ ကတ္တား သုံးပါးတို့၌ သက်၏၊ ဤ စကားလည်း ရူပသဒ္ဒိ၌ အန္တကို ပရဿပုဒ်, မာနကို အတ္တနောပုဒ် မှည့်ထား သောကြောင့် ဆိုအပ်သောစကားဖြစ်သည်၊ ထို့ကြောင့်“အန္တပစ္စည်းသည် ပရဿပုဒ် ဝိဘတ်များနှင့် အလားတူ၏”ဟု၎င်း ,“မာနပစ္စည်းသည် အတ္တ နောပုဒ် ဝိဘတ်များနှင့်တူ၏ ” ဟု ၎င်း ဆိုကြ၏၊ တရံတခါ အန္တပစ္စည်းက ကံအနက် ဟောလျှင်လည်း အတ္တနောပုဒ်က ပရဿပုဒ် ပြန်သကဲ့သို့ မာန ပစ္စည်းကိုပြန်ထားသည်ဟု ဆိုကြသည်။ [ဤမာနအန္တနှင့်စပ်၍ မှတ်ဘွယ်ကို ရူပသိဒ္ဓိနှင့် ကစ္စည်းဘာသာဋီကာ“ဝတ္တမာနေ မာနန္တာ”သုတ်အဖွင့်မှာရှု။]

www.dhammaransi.com



၃၇၂။ တိဋ္ဌန္တော တိဋ္ဌမာနော ဟံ, ကရိဿာမိ ဝိဘာဝယံ၊
ဋီယမာနံ မယာ ဘညု-မာနံ တုမှေ သုဏိဿထ။

၃၇၂။ တိဋ္ဌန္တော တိဋ္ဌမာနော- ရပ်တည်ဆဲသည်၊ ( ဟုတွာ- ဖြစ်၍၊ ကရောတိ-ပြု၏၊ စသည်ဖြင့် ထည့်၍ စပ်ပါ၊) အဟံ-ငါသည်၊ ဝိဘာဝယံ(ဝိဘာဝယန္တော)- ထင်စွာပြုလတ့်သည်၊ ဟုတွာ-ဖြစ်၍၊ ကရိဿာမိ-ပြုပေအံ့၊ ဋီယမာနံ - တည်လတ့်ခြင်း၊ မယာ - ငါသည်၊ ဘညမာနံ-ဆိုအပ်လတ့်သော စကားကို၊ တုမှေ-သင်တို့သည်၊ သုဏိဿထ-နာရကုန်လတ့်။

၃၇၃။ တဒတ္ထေ·နာဂတေ ဘာဝေ,
တာယေတုံ တျာဒယော တယော၊
စတုတ္ထိယာ တဒန္တေဟိ,
မောဂ္ဂလ္လာနမှိ လောပတာ။

၃၇၃။ တာယေ တုံ တျာဒယော - တာယေပစ္စည်း တုံပစ္စည်း အစရှိကုန်သော၊ တယော-၃ပစ္စည်းတို့သည်၊ တဒတ္ထေ-ထိုအကြောင်း

၃၇၂၊ ။ ရှေ့ဂါထာ၏ပုံစံကို ပြသောဂါထာတည်း၊ "တိဋ္ဌန္တော တိဋ္ဌမာနော" တို့သည် ဝတ္တမာန်ကာလနှင့် ကတ္တားအနက်ဟောပုံကို ပြသောပုံစံတည်း၊ "အဟံ ဝိဘာဝယံ ကရိဿာမိ" ကား အန္တ၏ အနာဂတ်ကာလ ဟောပုံတည်း။ [ဝိဘာဝယံ၌ အန္တမှ န္တကို အံပြု။]

"ဋီယမာနံ"သည် အနာဂတ်ကာလ၌ ဘောအနက်ဟောပုံတည်း၊ "ဘညမာနံ"ကား သုဏိဿထဟူသော အနာဂတ်ကြိယာကိုထောက်၍ အနာဂတ်ကာလ၌ ကံဟောပုံစံ ဟု သိပါ။ [ ဤသို့ နောက်ကြိယာထောက်၍ အတိတ် အနာဂတ်ဟောနိုင်ပုံကို ကစ္စာယနသာရ၌"ကိတာ ဓာတွတ္ထသမ္ဗန္ဓေ,ဟောန္တိ ကာလန္တရေသွပိ"ဟု ဆိုသည်။]

**မှတ်ချက်** ။ ။ ကိတ်ကြိယာနှင့် အာချာတ်ကြိယာတို့တွင် အာချာတ်ကြိယာသည် ပဓာန (လိုရင်း) ဖြစ်၏၊ ဘာ့ကြောင့်နည်း, ကိတ်ကြိယာသည် ဒြဗ်ကိုဟောသဖြင့် နာမ်ပုဒ်တွင် ပါဝင်ရ၍ အာချာတ်သည်သာ အဆုံးသတ်ကြိယာအနက်ကို ဟောသောကြောင့်တည်း၊ ထို့ကြောင့် နောက် အာချာတ်ကြိယာကိုလိုက်၍ မာနအန္တပစ္စယန္တ ပုဒ်တို့က အတိတ်အနာဂတ် ကာလကို ဟောကြရသည်။

www.dhammaransi.com



ကြိယာ၏ အကျိုးဖြစ်သော၊ အနာဂတေ - အနာဂတ် ဖြစ်သော၊ ဘာဝေ-ဘောအနက်၌၊ ဟောန္တိ-ဖြစ်ကုန်၏၊ တာဒန္တေ့ဟိ-ထိုပစ္စည်းအဆုံးရှိသော သဒ္ဒါတို့မှ နောက်၌၊ စတုတ္ထိယာ - စတုတ္ထီဝိဘတ်၏၊ လောပတာ - ကျေသည်၏အဖြစ်ကို၊ မောဂ္ဂလ္လာနမှိ – မောဂ္ဂလ္လာန်ကျမ်း၌၊ (ဝုတ္တာ- ဆိုအပ်ပြီ။)

**၃၇၄။ ကစ္စာယနေစ ချာသေစ, သဗ္ဗကာလေသု ကတ္တရိ၊**
**ကိတ္တညတ္တာ တဝေ တုဉ္စ, ဒွေ ဟောန္တိတိ ပတီယရေ။**

၃၇၄။ တဝေ-တဝေပစ္စည်းသည်၎င်း၊ တုဉ္စ-တုံပစ္စည်းသည်၎င်း၊ ဒွေ – ၂ ပစ္စည်းတို့သည်၊ ကိတ္တညတ္တာ - ကိတ်အမည် ရှိကုန်သည်၏အဖြစ်ကြောင့်၊ သဗ္ဗကာလေသု-အလုံးစုံသောကာလတို့၌၊ ဟောန္တိ-ဖြစ်ကုန်၏၊ ဣတိ-သို့၊ ကစ္စာယနေစ-ကစ္စည်းကျမ်း၌၎င်း၊ ချာသေစ-ချာသကျမ်း၌၎င်း၊ ပတီယရေ-ထင်ရှားပြအပ်ကုန်၏။

၃၇၃။ ။[ တုံ တျာဒယောကို "တုံ+ဇုတိ + အာဒယော " ဟု ဖြတ်၊ အာဒိဖြင့် တဝေပစ္စည်းကိုယူ၊ တာယေပစ္စည်းကား ကစ္စည်း၌ တိုက်ရိုက်မပါ၊ မောဂ္ဂလ္လာန်၌သာ ပါ၏။] "ထိုသုံးပစ္စည်းတို့သည် တဒတ္ထသမ္ပဒါန်အနက်, အနာဂတ်ကာလနှင့် ဘာဝသာဓနအနက်၌ သက်ကုန်၏ "ဟု မောဂ္ဂလ္လာန်၌ ဆိုသည်၊ တဒတ္ထသမ္ပဒါန် အနက်၌ သက်သောကြောင့် " စတုတ္ထီဝိဘတ် ကျေသည် "ဟုလည်း ဆိုသည်၊ ထို မောဂ္ဂလ္လာန်အဆိုအတိုင်းပင် ယခုအခါ၌ "ကာတုံ–ပြုခြင်းငှါ၊ ဂန္တုတုံ-၏၊"စသည်ဖြင့်"ခြင်း"ဟူသော ဘာဝအနက်, "ငှါ"ဟူသော တဒတ္ထသမ္ပဒါန်အနက်ကို ပေးကြရသည်။

---

၃၇၄။ ။ကစ္စည်းကျမ်းနှင့် ချာသကျမ်း၌ကား"အသြေကိတ်"ဟု ကိတ်အမည်မှည့်အပ်သော ပစ္စည်းတို့တွင် တဝေ-တုံပစ္စည်းကိုလည်း သွင်းထား၏၊ ကိတ်အမည်ရလျှင် "ကတ္တရိ ကိတ် " သုတ်နှင့်အညီ ကတ္တားအနက်၌ သက်ရမည်၊ ကာလအားဖြင့် ကာလ ၃ ပါး၌ သက်ကုန်၏၊ [ကိတာဇုတိ+သညာယေ သန္တိ ကိတသညာ – ဟု ဖြစ်သင့်လျက် တ၏ အကို သုတ်ကြီးဖြင့် ချေ၍ "ကိတ္တညာ" ဟု ဖြစ်၏၊ ကိတ္တညာနံ+ဘာဝေါ ကိတ္တညတ္တံ၊ ကစ္စည်းကျမ်း၌ "တာယေ"ပစ္စည်းမရှိသောကြောင့် "တဝေ–တုံ" ၂ ပစ္စည်းသာ ပြသည်။]

www.dhammaransi.com



၃၇၅။ ဂစ္ဆတိစ္ဆတိ ကတ္တာယေ, တထာ ကာတုံ့ ကာတဝေ၊
ဇဝံ တု သမ္ပဒါနတ္တံ, ကတ္တုတ္ထဥ္စ ယထာရဟံ။

၃၇၅။ ကတ္တာယေ – ပြုလတ့်ခြင်းငှါ၊ တထာ – ထိုမှ တပါး၊ ကာတုံ – ပြုလတ့်ခြင်းငှါ၊ စ–တနည်း၊ ကာတဝေ – ပြုလတ့်ခြင်းငှါ၊ ဂစ္ဆတိ-သွား၏၊ဇဝံ-ဤသို့၊ သမ္ပဒါနတ္တံ-မောဂ္ဂလ္လာန်အလိုသမ္ပဒါန်၏ အဖြစ်ကိုငှ်း၊ ကာတုံ – ပြုဘို့ရာ၊ စ–တနည်း၊ ကာတဝေ - ပြုဘို့ရာ၊ ဣစ္ဆတိ - အလိုရှိ၏၊ ဇဝံ–သို့၊ ကတ္တုတ္ထဥ္စ – ကစ္စည်း, ရူပသိဒ္ဓိအလို ကတ္တား၏အဖြစ်ကိုငှ်း၊ ယထာရဟံ – စွာ၊ (ပတီယတေ-၏။)

၃၇၆။ ပုဗ္ဗကာလေက ကတ္တူနံ, မဇ္ဈေ တုနာဒိ ပါယသော။
သမာနာပရကာလာနေ-က ကတ္တူနံ နိဒဿနာ။

၃၇၆။ ဧကကတ္တူနံ – တူသောကတ္တားရှိကုန်သော ရှေ့နောက် ကြိယာတို့၏၊ မဇ္ဈေ–အလယ်၌၊ ပုဗ္ဗကာလေ–ရှေ့ကာလ၌၊ တုနာဒိ- တုနအစရှိသော ပစ္စည်းကို၊ ပါယသော - များသောအားဖြင့်၊ ပတီ ယတေ- သိအပ်၏၊ (ကဿ-အဘယ်ကြောင့် ပါယသော–ဟု ဆိုအပ်

၃၇၅ ။ ။ ရှေ့ ၂ ဂါထာ၏ ပုံစံဂါထာတည်း၊ “ ကတ္တာယေ ဂစ္ဆတိ, ကာတုံဂစ္ဆတိ, ကာတဝေဂစ္ဆတိ ”ဟု မောဂ္ဂလ္လာန်ဝါဒအတွက် ပုံစံထုတ်၏၊ “ကာတုံဣစ္ဆတိ,ကာတဝေဣစ္ဆတိ”ဟု ကစ္စည်းရူပသိဒ္ဓိအတွက် ပုံစံထုတ်၏၊ ထိုတွင်“ဂစ္ဆတိ”အရ သွားနေခိုက်၌ “ကာတုံ”အရ မပြုရသေး၊ ထို့ကြောင့် မောဂ္ဂလ္လာန်အလိုအားဖြင့် ကာတုံစသည်၌ အနာဂတ်ဆင်ရှားအောင် ဂစ္ဆတိ နှင့်တွဲရသည်၊ “ဣစ္ဆတိ”အရ အလိုရှိခြင်းမှာ ပြုတုန်းဆဲဆဲ၌လည်း ဖြစ်နိုင်၏၊ ထို့ကြောင့် ကစ္စည်းရူပသိဒ္ဓိအလိုအားဖြင့် “ဣစ္ဆတိ”နှင့်တွဲ၍ ပုံစံထုတ်ရ၏၊ ကစ္စည်းရူပသိဒ္ဓိက ကတ္တားအနက်ဟုဆိုသောကြောင့်“ကာတုံ ကာတဝေ- ပြုဘို့ရာ (ပြုတတ်ဘို့ရာ )” ဟု ဆရာတို့ အနက်ပေးကြသည်။

---

၃၇၆။ ပုဗ္ဗ၊ပေ၊ပါယသော ။ ။ “ သူဒေါ ဩဒနံ ပစိတွာ ဘုဥ္ဇတိ ” ကဲ့သို့သော ပုံစံ၌ သူဒေါကဲ့သို့ ကတ္တားတူသော ပစနကြိယာ ဘုဥ္ဇနကြိယာ ၂ ပါးတွင် ချက်ခြင်းသည် ရှေ့ကာလ ( ရှေးဦးစွာပြုရသော ကြိယာ ) တည်း၊ စားခြင်းကား နောက်ကာလ ( နောက်မှပြုရသော ကြိယာ ) ဖြစ်သည်၊ ဤသို့ ရှေ့ကာလ နောက်ကာလ ၂ မျိုးရှိရာဝယ် များသောအားဖြင့် ရှေ့ကာလကို ဟောသော ကြိယာ၌ တုန, တွာန, တွာပစ္စည်းတို့ သက်ကြရသည်။

www.dhammaransi.com



သနည်း၊ ) သမာနာပရကာလာနေကကတ္တုနံ - သမာနကာလ အပရကာလ, အနေကကတ္တုကကြိယာတို့ကို၊ နိဒဿနာ-မြင်ရခြင်း ကြောင့်၊ (ဝုတ္တံ- ပါယသော ဟု ဆိုအပ်ပြီ။)

၃၇၇။ **နာနာကြိယာသု သတ္တီနံ, နာနတ္တေပိ ပတီယတေ၊**
**ကတ္တုနမေကဝါကျေက-ဒဗ္ဗဋ္ဌတ္တေက ကတ္တုတာ။**

၃၇၇။ နာနာကြိယာသု-အထူးထူးသော ကြိယာတို့၌၊ သတ္တီနံ-သတ္တိတို့၏၊ နာနတ္တေ - ထူးကုန်သည်၏ အဖြစ်သည်၊ သတိပိ - ရှိပါ သော်လည်း၊ ကေဝါကျေ-တခုထည်းသော ဝါကျ၌၊ ကတ္တုနံ-ကတ္တု သတ္တိတို့၏၊ ကေဒဗ္ဗဋ္ဌတ္တာ-တခုထည်းသောဒြဗ်၌ တည်သည်၏အဖြစ် ကြောင့်၊ ဧကကတ္တုတာ-တခုထည်းသော ကတ္တားရှိသည်၏အဖြစ်ကို၊ ပတီယတေ-သိအပ်၏။

**သမာနာ၊ပေ၊နိဒဿနာ။** ။သမာနကာလ, အပရကာလ, အနေက ကတ္တုကကြိယာတို့၌ တုနစသောပစ္စည်းသက်ပုံကို မြင်ရသောကြောင့်"ပါယ သော"ဟု ဆိုသည်၊ " အနည်းငယ်အားဖြင့် သမာနကာလ စသည်၌လည်း သက်ကြသေး၏"ဟူလို၊ ပုံစံမှာ (၃၀၁) ဂါထာ၌ လာလတ္တံ့။

**မှတ်ချက်** ။ ။ဤဂါထာသည် ပုဗ္ဗကာလေကကတ္တုကာနံ တုန တွာန တွာဝါသုတ်ကိုမှီသော ဂါထာတည်း၊ "မဇ္ဈေ"ဟူသောစကားသည် နိဒ္ဓါရဏ နေရာ၌ နိဒ္ဓါရဏအစား ဆဋ္ဌီဝိဘတ်နှင့်တွဲ၍ သုံးစွဲအပ်သော စကားတည်း၊ [မဇ္ဈေသဒ္ဒေါ နိဒ္ဓါရဏဇောတကော၊"အန္တရေ"ဟုရှိရာ၌လည်း ဤနည်းပင်၊ ကစ္စည်းဘာသာဋီကာ"ဗျဥ္ဇနေသု စ ဝိသညော ဂေါ"သုတ်အဖွင့်ကိုကြည့်ပါ။]

---

**၃၇၇။ နာနာ၊ပေ၊ ကတ္တုတာ ။** ။ ရှေ့နောက်ကြိယာ ၂ မျိုးရှိလျှင် ထိုကြိယာ ၂ မျိုးကို ပြီးစေတတ်သော သတ္တိလည်း ၂ မျိုးရှိ၍ ကတ္တားလည်း ၂ မျိုးပင်ဖြစ်သင့်ရကား အဘယ်နည်းဖြင့် ကြိယာ ၂ ခုမှာ ကတ္တားတခုထည်း (ဧကကတ္တုက) ဖြစ်နိုင်သနည်း— ဟု မေးဘွယ်ရှိသောကြောင့် "နာနာ၊ပေ၊ ပတီယတေ"ဟု မိန့်သည်၊ "ဘုတွာ ပစိတွာ ဘုဥ္စတိ"၌ ချက်ခြင်းကြိယာကို ပြီးစေနိုင်သောသတ္တိက တမျိုး, စားခြင်းကြိယာကို ပြီးစေနိုင်သောသတ္တိက တမျိုးဟု သတ္တိ ၂ မျိုးကွဲပြားပါသော်လည်း ထိုသတ္တိ ၂ မျိုးလုံးပင် စဖိုသည် ဒြဗ်တခုထည်း၌တည်သောကြောင့် (သတ္တိကတ္တားက ၂ မျိုးပြားသော်လည်း ဒြဗ်ကတ္တားမှာ တခုထည်းသာ ဖြစ်သောကြောင့် ) ဧကကတ္တုက — ကတ္တား တခုတည်းရှိသောကြိယာများ ဖြစ်နိုင်ကြသည်—ဟူလို။

www.dhammaransi.com



**၃၇၈။ ကလာပါဒိသု ဘာဝတ္ထေ, တုနာဒျာဒိ ဝိဓိယတေ၊**
**ကစ္စာနာဒိသု ကတ္တတ္ထေ, ကိတ္တညာယ ဝိဓိယတေ။**

၃၇၈။ **ကလာပါဒိသု**–ကလာပ်အစရှိသော ကျမ်းတို့၌၊ **ဘာဝတ္ထေ**–ဘောအနက်၌၊ **တုနာဒျာဒိ**–တုနအစရှိသောပစ္စည်းကို၊ ဝါ–တုန,တွာန, တွာပစ္စည်းကို၊ **ဝိဓိယတေ**-စီရင်အပ်၏၊ **ကစ္စာနာဒိသု**–ကစ္စည်းအစရှိသော ကျမ်းတို့၌၊ (အာဒိဖြင့် **နျာ**သကိုယူ)၊ **ကိတ္တညာယ** - ကိတ်အမည်ကြောင့်၊ **ကတ္တတ္ထေ**-ကတ္တားအနက်၌၊ **ဝိဓိယတေ**-စီရင်အပ်၏။

**၃၇၉။ ကိတ္တညတ္တေက·ကတ္တူန-မိတိ ဝုတ္တသဘာဝတော၊**
**ကတ္တရိယေဝ တုနာဒိ, ကထိတံ ရူပသိဒ္ဓိယံ။**

၃၇၉။ **ကိတ္တညတ္တာ** –ကိတ်အမည်ရှိသည်၏ အဖြစ်ကြောင့်၎င်း၊ **ကေကတ္တူနံဣတိ** - ကေကတ္တူနံ ဟူ၍၊ **ဝုတ္တသဘာဝတော** - ဆိုအပ်သော သဘောကြောင့်၎င်း၊ **ကတ္တရိယေဝ**–ကတ္တားအနက်၌သာလျှင်၊ **တုနာဒိ** – တုန အစရှိသောပစ္စည်းကို၊ **ရူပသိဒ္ဓိယံ** – ရူပသိဒ္ဓိကျမ်း၌၊ **ကထိတံ**(ကထိတော)–ဆိုအပ်ပြီ။

၃၇၈ ။ ။ကလာပ်ကျမ်း အစရှိသည်တို့၌ တုန တွာန တွာပစ္စည်းကို ဘောအနက်၌ စီရင်၏။ [ကလာပါဒိ–၌ အာဒိဖြင့် မောဂ္ဂလ္လာန်ကျမ်းကိုယူ၊ ထိုမောဂ္ဂလ္လာန်–ခါဒိကဏ္ဍ(၈၃)သုတ်မှာလည်း ဘောအနက်၌ပင် စီရင်၏။] ထိုဆရာတို့ကား " ပစိတွာ–ချက်၍" ဟူရာ၌ ချက်ခြင်းကြိယာသာ ရ၏၊ ထိုကြိယာဟူသည် ဘောပင်တည်း၊ ထို့ကြောင့် " တုန စသော ပစ္စည်းသည် ဘောအနက်ကိုဟော၏"ဟုဆိုသည်။[ "ချက်၍"၌ (၍) ဟူသောအနက်ကား ကြိယာဝိသေသန အနက်သာတည်း၊ ကတ္တုစသော သာဓနအနက် မဟုတ်။]

**ကစ္စာနာဒိသု**။ ။ကစ္စည်းကျမ်း နျာသကျမ်းတို့၌ကား "အညေကိတ်" ဟူသောသုတ်အရ"ကိတ်"ဟု အမည်ရသောပစ္စည်းတွင် တုနစသည်တို့လည်း ပါဝင်သောကြောင့် " ကတ္တရိကိတ် "သုတ်နှင့်အညီ ထိုတုနစသော ပစ္စည်းများကို ကတ္တားအနက်၌ စီရင်သည်။

---

၃၇၉။ **ကိတ္တည၊ပေ၊ရူပသိဒ္ဓိယံ**။ ။ရူပသိဒ္ဓိ – "ပုဗ္ဗကာလေကကတ္တုကာနံ တုန တွာန တွာဝါ"သုတ်အဖွင့်၌လည်း တုနစသောပစ္စည်းကို ကတ္တားအနက်၌သာ ဆိုအပ်၏၊ ဘာ့ကြောင့်နည်း–ကိတ်အမည်ရှိသောကြောင့်၎င်း,

www.dhammaransi.com



၃၈၀။ ကြိယာပိသေသနတ္တာဝ, တွာဒျန္တာ တပ္ပိသေသတော၊
ကတ္တုပိသေသနတ္တာတိ, ကေစိ ကတ္တရိ ဝုတ္တိတော။

၃၈၀။ တွာဒျန္တာ - တွာဒိပစ္စည်း အဆုံးရှိသော သဒ္ဒါတို့သည်၊ တပ္ပိသေသတော – ထို ပဓာနကြိယာကို အထူး ပြုတတ်ကုန်သည်၏ အဖြစ်ကြောင့်၊ ကြိယာဝိသေသနတ္တာဝ – ကြိယာဝိသေသန အနက်ရှိကုန်သည်သာလျှင်၊ (ဟောန္တိ)၊ ကတ္တရိ- ကတ္တားအနက်၌၊ ဝုတ္တိတော–ဖြစ်ခြင်းကြောင့်၊ ကတ္တုဝိသေသနတ္တာ - ကတ္တားကို အထူးပြုတတ်သော ဝိသေသနအနက် ရှိကုန်သည်၊ (ဟောန္တိ)၊ ဣတိ - သို့၊ ကေစိ–တို့သည်၊ ဝဒန္တိ။

"ကေကတ္တုကာနံ–နောက်ကြိယာနှင့် ကတ္တားတူရမည်"ဟူသော စကားနှင့် (ကတ္တားဟောဖြစ်မှသာ) လိုက်လျောသောကြောင့်ဝင်းတည်း။ [ တုနာဒိပစ္စယောကိုငဲ့၍ " ကထိတော " ဟု ရှိသင့်လျက် လိင်္ဂဝိပ္ပလ္လာသ နည်းဖြင့် "ကထိတံ"ဆိုသည်–ဟု ဒီပနီဖွင့်သည်။]

---

၃၈၀။ **ကြိယာဝိသေသနတ္တာဝ**။ ။တွာ (အာဒိဖြင့်ယူရသော တုန, တွာန) တို့သည် နောက်ကြိယာကို အထူးပြုသောကြောင့် ကြိယာဝိသေသန အနက်ရှိကြကုန်၏၊ မှန်၏–"ဘုဉ္ဇတိ"ဟုသာ ဆိုသားလျှင်"ချက်၍ စားလေသလား,တောင်း၍ စားလေသလား"ဟု ယုံမှားဘွယ်ရှိသောကြောင့် ဘုဉ္ဇတိသည် သာမညဖြစ်နေ၏၊ ထို့ကြောင့် တောင်း၍စားခြင်းမှ ထူးခြားအောင် "ပစိတွာ"ဟု ဘုဉ္ဇနကြိယာကို အထူးပြုရသည်။ [ ပစိတွာလည်း ချက်ပြီး၍ "စားသလား, ပေးသလား" ဟု ယုံမှားဘွယ်ရှိ၍ သာမညဖြစ်သော်လည်း ကြိယာ ၂ ပါးတွင် ဘုဉ္ဇနကြိယာသည် ပဓာန (ထိုဝါကျ၌ လိုရင်း) ဖြစ်သောကြောင့် ပစိတွာဟူသော အပဓာနကသာ ပဓာနကြိယာကိုအထူးပြုရသည်။]

**ကတ္တု၊ပေ၊ဝုတ္တိတော**။ ။"သူဒေါ" ဟူသောကတ္တားကို (မချက်ဘဲ စားသူမှ) အထူးပြုသောကြောင့် " ပစိတွာ " စသော တွာဒိပစ္စည်း အဆုံး ရှိသောပုဒ်များကို ကတ္တုဝိသေသနပုဒ်ဟုလည်း ကေစိဆရာတို့ ဆိုကြသေး၏၊ [ကြိယာဝိသေသနကို "ဘာဝနပုံသက–ကြိယာ၌စပ်ရသော နပုံလိန်ရှိသော သဒ္ဒါ" ဟု ဆိုသော အဋ္ဌကထာများ အလိုအားဖြင့်လည်း တွာဒိပစ္စယန္တပုဒ်များသည် ကြိယာဝိသေသနသာဖြစ်၏၊ ထို့ကြောင့် ကတ္တုဝိသေသနဟူသော ဝါဒကို ကေစိဝါဒ ဟု အောက်ချ၍ဆိုသည်။]

www.dhammaransi.com



**၃၀၁။ ပစိတွာ ဘုဥ္စတေ သူရော, တမံ ဟတွာ·ဒိတော ဃတံ၊**
**ပိတွာ ဟောတိ ဗလံ ဒွါရ–မာဝရိတွာန နိက္ခမိ။**

၃၀၁။ **ပစိတွာ**-ချက်ပြီး၍၊ **ဘုဥ္စတေ**-စား၏၊ သူရော-နေသည်၊ တမံ-အမိုက်မှောင်ကို၊ ဟတွာ-ပယ်ဖျောက်၍၊ ဥဒိတော-တက်လာ၏၊(ပုရိသော–သည်၊) ဃတံ – ထောပတ်ကို၊ ပိတွာ - သောက်ရ၍၊ ဗလံ-အားသည်၊ ဟောတိ-ဖြစ်၏၊ ဒွါရံ - တံခါးကို၊ အာဝရိတွာန–ပိတ်လတ့်ဖြစ်၍၊ နိက္ခမိ-ထွက်ပြီ။

၃၀၁ ။ ။ ( ၃၇၆ ) မှစ၍ ဆိုအပ်သောစကားရပ်တို့၏ ဥဒါဟရဏ်တည်း၊ "ပစိတွာ ဘုဥ္စတေ"သည် ပုဗ္ဗကာလဥဒါဟရဏ်တည်း၊ "ဘုဥ္စတေ" သည် ကတ္တားဟောကြိယာတည်း၊ ထို့ကြောင့် "သူဒေါ ဩဒနံ ပစိတွာ ဘုဥ္စတိ"ဟု ထုတ်ခဲ့သည်။ [အကယ်၍ ကံဟောကြိယာဖြစ်စေလိုလျှင် "ဘုဥ္စတေ" ဟု ရှိရမည်၊ ထိုအခါ "သူဒေန ဩဒနော ပစိတွာ ဘုဥ္စတေ"ဟု ကတ္တားနှင့် ကံကို ပြောင်းလွဲ၍ထည့်ပါ။]

**သမာန**။ ။သူရော တမံ ဟန္တွာ ဥဒိတော-နေမင်းသည် အမိုက်မှောင်ကို ပယ်ဖျောက်၍ တက်လာ၏၊ ဤ၌ နေထွက်ရာကာလနှင့် အမှောင်ဖျောက်ရာကာလသည် တူသောကြောင့် ( နေထွက်သည်နှင့်တပြိုင်နက် အမှောင်လည်း ပျောက်သောကြောင့်) ဟန္တွာသည် သမာနကာလကြိယာဝိသေသနတည်း။

**အနေကကတ္တု**။ ။ဃတံပိတွာ ဗလံဟောတိ–ထောပတ်ကိုသောက်ရ၍ (သောက်ရခြင်းကြောင့်) အားဖြစ်၏၊ ဤ၌ ပိတွာ၏ကတ္တားသည် ပုရိသော ဟူသော ထည့်ပေါင်ရတည်း၊ ဟောတိ၏ ကတ္တားကား ဗလံတည်း၊ ဤသို့လျှင် တဝါကျ၌ ကတ္တား ၂ ခုရှိသောကြောင့် အနေကကတ္တုပုံစံဖြစ်သည်။

**ဟိတ်အနက်လည်းဖြစ်သင့်** ။ ။ ထောပတ်ကို သောက်ရခြင်းကြောင့် အားခွန်ဗလဖြစ်ရကား ပိတွာ၌ တွာသည် ဟိတ်အနက်ကိုလည်း ဟော၏၊ ထို့ကြောင့် ဤပုံစံသည် ဟိတ်အနက်၌သက်သော တွာပစ္စည်းပုံစံလည်းဖြစ်၏၊ ထိုအခါ ပုရိသောကို သမ္ဗန်အနက်ပေးပါ။ [ ပုရိသော – ၏၊ ဃတံ – ကို၊ ပိတွာ–သောရခြင်းကြောင့်၊ ဗလံ–သည်၊ ဟောတိ– ၏၊ နောက် (၃၀၉) ဂါထာ၌ ဟိတ်အနက် လာဦးလတ့်။]

**အပရကာလ**။ ။ဒွါရံ အာဝရိတွာန နိက္ခမိ–တံခါးကိုပိတ်၍ ထွက်၏၊ ဤပုံစံ၌ ထွက်ပြီးမှတံခါးကို ပိတ်ရမည်ဖြစ်၍ ပိတ်ခြင်းကြိယာက နောက်ကြသော ကြောင့် အာဝရိတွာနသည် အပရကာလကြိယာဝိသေသနတည်း။ [ပြခဲ့သော အနက်များ၌ လက္ခဏာအနက်မပါသေး၊"သီဟံ ဒိသွာ ဘယံ ဟောတိ–ခြင်္သေ့

www.dhammaransi.com



၃၁၂။ ပစိတွာ ဩဒနော ဘုဉ္ဇ-တေ ဘုတွော ဝါတိ ယဒ္ဒပိ၊
ကမ္မမေကံဝ တေတေဟိ , ဥတ္တံ တွာပစ္စယေန တု။

၃၁၃။ နုတ္တံ ပဓာန သမ္ဗန္ဓ-ဒ္ဓါရေနေဝ တု ကာရိယံ၊
သိဒ္ဓံ ပုဗ္ဗာပရေသွေဝါ-ပရကာလပ္ပဓာနတော။

၃၁၂,၃။ ဩဒနော-ထမင်းကို၊ ပစိတွာ-ချက်ပြီး၍၊ ဘုဉ္ဇတေ-စားအပ်၏၊ ဝါ- တနည်း၊ ဘုတ္တော- စားအပ်၏၊ ဣတိ- ဤ ပြယုဂ်တို့၌၊ ဧကံဝ- တပါးသာလျှင် ဖြစ်သော၊ ကမ္မံ- ဩဒနော ဟူသော ကံကို၊ တေ တေဟိ- ဘုဉ္ဇတေ၌ တေဝိဘတ်, ဘုတ္တော၌ တပစ္စည်းတို့သည်၊ ယဒ္ဒပိဥတ္တံ- အကယ်၍ကား ဟောအပ်ပါပေ၏၊ တွာပစ္စယေန တု- တွာပစ္စည်းသည်ကား၊ ယဒိပိ နုတ္တံ ( န + ဥတ္တံ ) - အကယ်၍ကား မဟောအပ်ပါပေ၊ တု – ထိုသို့ပင် ဝုတ္တ, အဝုတ္တ ၂ မျိုးဖြစ်ပါသော်လည်း၊ ပုဗ္ဗာပရေသု-ပုဗ္ဗကာလကြိယာ,အပရကာလကြိယာတို့တွင်၊ အပရကာလပ္ပဓာနတော - အပရကာလ ကြိယာ၏ ပဓာန၏ အဖြစ်ကြောင့်၊ ပဓာနသမ္ဗန္ဓဒ္ဓါရေနေဝ- ပဓာနကြိယာနှင့်စပ်ခြင်းဟူသော အကြောင်းကြောင့် သာလျှင်၊ ကာရိယံ – ဩဒနောဟူသော ပဌမန္တကာရိယသည်၊ သိဒ္ဓံ-ပြီးစီး၏။

ကို မြင်ရသော် ကြောက်ခြင်းသည် ဖြစ်၏ ” ဟူသောပုံစံကို ဝိသုဒ္ဓိမဂ် မဟာဋီကာ ပဋိစ္စသမုပ္ပါဒ ပုဒ်အဖွင့်၌ ထုတ်ထား၏။ [ ရူပသိဒ္ဓိဘာသာဋီကာ, ပုဗ္ဗကာလေကကတ္တုကာနံ တုန တွာန တွာဝါသုတ်အဖွင့် ကြည့်ပါ။]

---

၃၁၂,၃။ **ပစိတွာ၊ပေ၊နုတ္တံ။** ။သူဒေန ဩဒနော ပစိတွာ ဘုဉ္ဇတေ, ( တနည်း ) သူဒေန ဩဒနော ပစိတွာ ဘုတ္တော၊ ဤပုံစံများ၌ “ ဩဒန ” ဟူသော ကံတခုကိုပင် တေဝိဘတ်(တပစ္စည်းက) ဟော၍, ပစိတွာ၌ တွာပစ္စည်းက မဟော၊ ထို့ကြောင့် ဩဒန၌ ဝုတ္တအဖြစ်ကို ငဲ့လျှင် ပဌမာ, အဝုတ္တအဖြစ်ကို ငဲ့လျှင် ဒုတိယာဟု ၂ မျိုးစီရင်ခွင့် ရှိနေသည်”ဟူလို။

**ပဓာန၊ ပေ၊ ပဓာနတော။** ။ ဤသို့ စီရင်ဘွယ် ၂ မျိုး ဆိုင်နေရာ၌ အဘယ်နှင့်စပ်၍ ကာရိယ (အစီအရင်) ပြီးနိုင်သနည်း ဟု မေးဘွယ်ရှိသောကြောင့် “ပဓာန၊ပေ၊တော” ဟု မိန့်သည်၊ ရှေ့နောက် ကြိယာ ၂ ပါးတွင် ဘုဉ္ဇတေ,ဘုတ္တောဟူသော ထိုပဓာနကြိယာနှင့်စပ်ခြင်းကိုအကြောင်းပြုသဖြင့် “ဩဒနော”ဟု ဝုတ္တကံဖြစ်သော ပဌမန္တကာရိယသာ ပြီးစီးရသည်။

www.dhammaransi.com



**၃၀၄။ ကဒါစိ ဂုဏာသမ္ဗန္ဓ , ဒွါရေနေဝ တု ကာရိယံ၊**
**ဂတ္တွာ ပိဏ္ဍာယ သာဝတ္ထိံ , စရတီတိ နိဒဿနံ။**

၃၀၄။ တု-ထိုမှတပါး၊ ကဒါစိ-တရံတခါ၌၊ ဂုဏာသမ္ဗန္ဓဒွါရေနေဝ-ဂုဏ်ဖြစ်သော အပဓာနကြိယာနှင့် စပ်ခြင်းဟူသောအကြောင်းကြောင့်သာလျှင်၊ ကာရိယံ-ဒုတိယန္တကာရိယသည်၊ (သိဒ္ဓံ-ပြီး၏၊) သာဝတ္ထိံ - သာဝတ္ထိပြည်သို့၊ ပိဏ္ဍာယ - ဆွမ်းအလို့ငှါ၊ ဂတ္တွာ-သွား၍၊ စရတိ - လှည့်လည်၏၊ ဣတိ- ဤကား၊ နိဒဿနံ - ညွှန်ပြအပ်သော ဥဒါဟရုဏ်တည်း။

**၃၀၅။ နာနာကြိယာသု နာနတ္တေ, ကာရိယာနမ္ပိ မञ्ञတေ၊**
**အတ္တေန ဒုတိယန္တာဒိ-ဘာဝေါ ဝိယ ယထာရဟံ။**

၃၀၅။ နာနာကြိယာသု-အမျိုးမျိုးသော ကြိယာတို့သည်၊(ဝိဇ္ဇမာနာသု - ထင်ရှားရှိကုန်လသော်၊) ကာရိယာနံပိ - ကာရိယတို့၏လည်း၊ နာနတ္တေ- ထူးကုန်သည်၏အဖြစ်သည်၊ (သတိပိ- ရှိသင့်ပါသော်လည်း)[တကယ်ကား မရှိ-ဟူလို၊]အတ္တေန-အနက်အားဖြင့်၊ ဒုတိယန္တာဒိဘာဝေါဝိယ-ဒုတိယန္တ အစရှိသည်၏ အဖြစ်ကိုကဲ့သို့၊ ယထာရဟံ-ထိုက်သည်အားလျော်စွာ၊ မञ्ञတေ- သိအပ်၏။

၃၀၄။ **ကဒါစိ ၊ ပေ ၊ နိဒဿနံ ။** ။ ပဓာနကြိယာကို မသိဟန်ဆောင်လျက် အပဓာနကြိယာ၌ စပ်ဆိုက်မှုကို အကြောင်းပြု၍ ပြီးစီးရသော အစီအရင် (ကာရိယ) လည်း တရံတခါရှိပါသေး၏၊ ပုံစံကား–"သာဝတ္ထိံ ပိဏ္ဍာယ ဂန္တွာ စရတိ"တည်း၊ ဤ၌ ဂန္တွာသည် အပဓာနကြိယာ,စရတိသည် ပဓာနကြိယာတည်း၊ အပဓာနဖြစ်သောဂန္တွာကြိယာ၌စပ်မှုကို အကြောင်းပြု၍ "သာဝတ္ထိံ" ဟု ဒုတိယန္တ အစီအရင် ပြီးစီးရသည်၊ စရတိဟူသော ပဓာနကြိယာ၌စပ်မှုကို အကြောင်းပြုလျှင်ကား "သာဝတ္ထိယံ"ဟု သတ္တမျန္တစီရင်ရလိမ့်မည်၊ ထိုသို့ကား မစီရင်ရတော့–ဟူလို။ ["အတိပ္ပဂေါခေါ သာဝတ္ထိယံ ပိဏ္ဍာယ စရိတုံ"စသည်ဖြင့် စရဓာတ်ယှဉ်ရာ၌ အာဓာရ ထားလေ့ရှိသည်။]

၃၀၅။ **နာနာကြိယာသု၊ပေ၊ ယထာရဟံ ။** ။ "ကြိယာက ၂ မျိုး ကွဲပြားလျှင် ထိုကြိယာ၌စပ်မည့်ပုဒ်တို့၏ ကာရိယအစီရင်လည်း ၂မျိုးကွဲပြား ထိုက်သည်မဟုတ်လော" ဟု မေးဘွယ်ရှိသောကြောင့် "နာနာကြိယာသု"

www.dhammaransi.com



၃၈၆။ **သာသညာယ ဟတော ရတ္တော,ပုတ္တော ဇိဝေါ၀ပက္ခိတော၊ ပမာနေပိ န သဒ်ါရော, အပ္ပမာနေပိ နသာတော။**

၃၈၆။ ရတ္တော–ညဥ့်မှောင်မိုက်၌၊ သာသညာယ–ခွေးဟူသော အမှတ်ဖြင့်၊ ဟတော–သတ်အပ်မိသော၊ ပုတ္တော-သားသည်၊ အပေက္ခိတပိ-သားအဖြစ်ကို ငဲ့အပ်ပါသော်လည်း၊ အဇိဝေါ၀-အသက်တဖန်, ပြန်၍ မရှင်သကဲ့သို့၊ တထာ-တူ၊ အပမာနေ–ဂဏ္ဍာဟူသော အပမာနကြိယာကြောင့်၊ သဒ်ါရော-သာ၀တ္ထိံ ဟု စီရင်အပ်ပြီးသော အစီအရင်သည်၊ ပမာနေပိ – စရတိ ဟူသော ပမာနကြိယာကြောင့်လည်း၊ န နသာတော- မပျက်စီးတော့။

စသည်မိန့်၊ " သူဒေန သြဒနော ပစိတ္တွာ ဘုဉ္ဇတေ " ၌ ဘုဉ္ဇတေကို ငဲ့၍ "သြဒနော"ဟု ၎င်း, ပစိတ္တွာငဲ့၍ "သြဒနံ"ဟု ၎င်း ကာရိယ ၂ မျိုးဖြစ်သင့်သော်လည်း ( တ၀ါကျတည်း၌ ပုဒ်တမျိုးအတွက် ၀ိဘတ် ၂ မျိုး ၃ မျိုး သက်ရိုး မရှိသောကြောင့် ) ပဌမန္တသြဒနောကို ပစိတ္တွာ၌ စပ်လိုသောအခါ အနက်အားဖြင့်သာ ဒုတိယန္တအနေငဲ့၍ စပ်ရတော့သည်။

ဒုတိယန္တာဒိ။ ။အာဒိဖြင့် သတ္တမျန္တကိုယူ၊"သာ၀တ္ထိံပိဏ္ဍာယ ဂန္တာ စရတိ" ၌ "သာ၀တ္ထိံ"ဟူသော ဒုတိယန္တကို စရိတ္တွာ၌ စပ်လိုသောအခါ အနက်အားဖြင့်သာ သတ္တမျန္တအနေငဲ့၍ စပ်ရသည်–ဟု ဆိုလိုသည်။

---

၃၈၆။ **သာသညာယ၊ပေ၊နသာတော။** ။ပြခဲ့သောပုံစံ ၂ မျိုးတွင် ပဌမပုံစံ၀ယ် ဘုဉ္ဇတေကြိယာက ပမာနဖြစ်သောကြောင့် သြဒနောသည် သြဒနံ ဟု ပြောင်းလွှဲ၍ မရလျှင် ရှိပါစေတော့၊ နောက်ပုံစံ၌ကား ဂန္တာ ဟူသော အပမာနစပ်ခိုက် သာ၀တ္ထိံသည် စရတိ ဟူသော ပမာန၌ စပ်သောအခါ အဘယ့်ကြောင့် သာ၀တ္ထိယံ ဟု ပြုပြင်၍ မရပါသနည်း- ဟု မေးဘွယ်ရှိသောကြောင့် "သာသညာယ"စသည်မိန့်။

ဆိုလိုရင်းကား—ညဥ့်မှောင်မိုက်၌ ခွေးဟုမှတ်ထင်၍ သတ်အပ်မိသော သားသည် သားမှန်းသိသော အခါ ပြန်၍ မရှင်လာတော့သကဲ့သို့ ထို့အတူ ဂန္တာဟူသောအပမာနကို ငဲ့၍ "သာ၀တ္ထိံ"ဟု ဒုတိယန္တဖြစ်ပြီးသော အစီအရင်သည် ပမာနဖြစ်သော စရတိကို ငဲ့မှုကြောင့် သာ၀တ္ထိယံ ဟု မဖြစ်နိုင်တော့။[ခွေးထင်၍သတ်ခြင်းနှင့် အပမာနဖြစ်သောဂန္တာကိုငဲ့၍ သာ၀တ္ထိံဟု စီရင်မိခြင်း, သားမှန်းသိသော်လည်း ပြန်၍မရှင်ခြင်းနှင့် စရတိဟူသောပမာနကိုငဲ့သော်လည်း "သာ၀တ္ထိယံ"ဟု သတ္တမျန္တ မပြောင်းခြင်းသည် တူ၏။]

www.dhammaransi.com



၃၀၇။ ဒုဝိဓော ဟိ အဓိပ္ပါယော, ဝတ္တုနော ဒီယတောဒနံ၊
ပစိတွာနာတိသာမည-မိပ္ပါယော ဘုဉ္ဇတောဒနော။

၃၀၈။ ပစိတွာတိ ဝိသေသာဓိ-ပ္ပါယော နေကပဒေ အယံ၊
ကာရေတိစ္စာဒိကေ နာနာ, ပဒေ ပန ပတီယတေ။

၃၀၇, ၈။ ဟိ - မှန်၏၊ ဝတ္တုနော - ဝဒန္တပုဂ္ဂိုလ်၏၊ အဓိပ္ပါယော-အလိုသည်၊ ဒုဝိဓော - သာမညာဓိပ္ပါယ, ဝိသေသာဓိပ္ပါယ အားဖြင့် ၂ ပါးအပြားရှိ၏၊ ဩဒနံ-ထမင်းကို၊ ပစိတွာန-ချက်ပြီး၍၊ ဒီယတေ - ပေးအပ်၏၊ ဣတိ - ဤအလိုသည်၊ သာမညာဓိပ္ပါယော-သာမည အဓိပ္ပါယတည်း၊ ဝါ - သာမညကြိယာ၌ စပ်ဆိုက်ခြင်းငှါ ဖြစ်သော အလိုတည်း၊ ဩဒနော - ထမင်းကို၊ ပစိတွာန - ချက်ပြီး၍၊ ဘုဉ္ဇတေ - စားအပ်၏၊ ဣတိ - ဤအလိုသည်၊ ဝိသေသာဓိပ္ပါယော-ဝိသေသ အဓိပ္ပါယတည်း၊ ဝါ - ဝိသေသကြိယာ၌ စပ်ဆိုက်ခြင်းငှါ ဖြစ်သော အလိုတည်း၊ ပန-ဆက်ဦးအံ့၊ အယံ-ဤသာမညာဓိပ္ပါယ, ဝိသေသာဓိပ္ပါယကို၊ ကာရေတိစ္စာဒိကေ - ကာရေတိ အစရှိသော၊ ဧကပဒေ - တပုဒ်ထည်း၌၊ နပတီယတေ - မသိအပ်၊ နာနာပဒေ-အထူးထူးသောပုဒ်၌သာ၊ ပတီယတေ-သိအပ်၏။

**၃၀၇, ၈။ ဒုဝိဓော ဟိ။** ။ပြခဲ့သော ဂါထာတို့၌"ပဓာနကို ငဲ့၍ ပဌမန္တထားခြင်း, အပဓာနကို ငဲ့၍ ဒုတိယန္တထားခြင်း ဟူသော စကား၏ သင့်လျော်သော (ယုတ္တိရှိသော) စကားဖြစ်ကြောင်းကို ပြလို၍"ဒုဝိဓောဟိ" စသည်မိန့်၊ ပါဠိဝါကျတစုံတခုကို ရွတ်ဆိုသော ဝဒန္တပုဂ္ဂိုလ်၏ အလိုသည် "သာမညာဓိပ္ပါယ,ဝိသေသာဓိပ္ပါယ"ဟု ၂ မျိုးရှိ၏၊ ထိုအလိုကြောင့် သုံးစွဲ အပ်သော စကားဝါကျလည်း ကာရကရူပစာရအားဖြင့် သာမညာဓိပ္ပါယ , ဝိသေသာဓိပ္ပါယ မည်၏၊ ကြိယာ ၂ မျိုး ရှိရာဝယ် အပဓာနကြိယာကို ငဲ့၍ ထားလျှင် သာမညာဓိပ္ပါယမည်၏၊ ပဓာနကြိယာကိုငဲ့၍ထားလျှင် ဝိသေသာ ဓိပ္ပါယ မည်၏။

**ဩဒနံ ပစိတွာ ဒီယတေ ။** ။ "ပစိတွာ"အရ ချက်ခြင်းကြိယာသည် (ချက်ပြီးနောက် စားခြင်း, ပေးခြင်း, ရောင်းခြင်း, စသည်ဖြင့် အမျိုးမျိုးနှင့် ဆက်ဆံသောကြောင့်) သာမညကြိယာဖြစ်၏၊ ထိုသာမညဖြစ်သော ပစိတွာ ဟူသော အပဓာနကြိယာ၌ စပ်ဆိုက်လိုသောကြောင့်"ဩဒနံ"ဟု ဒုတိယန္တ ထားသည်၊ "ဒီယတေကို ငဲ့၍ ပဌမန္တမထား"-ဟူလို။

www.dhammaransi.com



၃၇၉။ ဘာဝလက္ခဏဟေတွတ္ထာ,တွန္တာဒယော ယထာရဟံ၊
သတ္တော ဟုတွာန နိဗ္ဗုတ္တိ,ပဌန္တော ဝသတီတိစ။

၃၇၉။ တွန္တာဒယော-တွာပစ္စည်း, အန္တပစ္စည်း အဆုံးရှိသော သဒ္ဒါတို့သည်၊ ယထာရဟံ-ထိုက်သည်အားလျော်စွာ၊ ဘာဝလက္ခဏ ဟေတွတ္ထာ - ဘာဝလက္ခဏအနက်, ဟိတ်အနက်ရှိကုန်၏၊ သတ္တော ဟုတွာန နိဗ္ဗုတ္တိ - သတ္တောဟုတွာန နိဗ္ဗုတ္တိဟူသော ပြယုဂ်သည်၎င်း၊ ပဌန္တော ဝသတီတိစ - ပဌန္တော ဝသတိဟူသော ပြယုဂ်သည်၎င်း၊ ဥဒါဟရဏံ-ဥဒါဟရဏ်တည်း၊ သတ္တော-သိကြား၏၊ ဝါ-သိကြားသည်၊ ဟုတွာန-ဖြစ်လသော်၊ နိဗ္ဗုတ္တိ-ဖြစ်ခြင်းသည်၊ ဟောတိ-ဖြစ်၏၊ ပဌန္တော - ရွတ်ဆိုလသော်၊ ဝါ - ရွတ်ဆိုလိုသည်၏ အဖြစ်ကြောင့်၊ ဝသတိ-နေ၏။

**ဩဒနော ပစိတွာ ဘုဉ္ဇတေ ။** ။ "ဘုဉ္ဇတေ" အရ စားခြင်းသည် (ပေးခြင်း ရောင်းခြင်းတို့နှင့်မဆက်ဆံသောကြောင့်) ဝိသေသကြိယာဖြစ်၏၊ ထို ဝိသေသဖြစ်သော ပဓာနကြိယာ၌ စပ်ဆိုက်လိုသောကြောင့် "ဩဒနော" ဟု ပဌမန္တထားသည်၊ "ပစိတွာကို ငဲ့၍ ဒုတိယန္တမထား"ဟူလို။

**နေကပဒေ၊ပေ၊ပတီယတေ။** ။"ပုရိသော ပုရိသံ ကမ္မံ ကာရေတိ"၌ ကာရေတိဝယ် ကရဓာတ်၏အနက်ဖြစ်သောပြုခြင်းကြိယာ,ကာရိတ်ပစ္စည်း၏ အနက်ဖြစ်သော စေခိုင်းခြင်းကြိယာ ဟု ကြိယာ ၂ မျိုး ရှိနေပါသော်လည်း "ကာရေတိ" ဟု တပုဒ်ထည်းဖြစ်သောကြောင့် သာမညာဓိပ္ပါယ, ဝိသေသာ ဓိပ္ပါယ ၂ မျိုးကို မသိနိုင် (မရနိုင်)၊ "ပစိတွာ ဘုဉ္ဇတေ"ကဲ့သို့ ပဓာနကြိယာ အပဓာနကြိယာပုဒ် ဟု ကြိယာပုဒ် ၂ မျိုးရှိရာ နာနာပဒ၌သာ ၅၅ အဓိပ္ပါယ ၂ မျိုးကို သိအပ်၏ (ရအပ်) သိနိုင် (ရနိုင်) သည်။

---

**၃၇၉။ ဘာဝ၊ပေ၊ ယထာရဟံ ။** ။ [ "တွန္တာဒိနံ "ဟု စာအုပ်တို့၌ ရှိသော်လည်း ဘာဝလက္ခဏဟေတွတ္ထာပုဒ်ကို ဗဟုဗ္ဗီဟိ ဖွင့်ကြသောကြောင့် "တွာန္တာဒယော" ဟု ရှိမှ သဒ္ဒါနေ မှန်သည်။] တွာအစရှိသော ပစ္စည်း, အန္တအစရှိသော ပစ္စည်းအဆုံးရှိသော သဒ္ဒါတို့သည် ဘာဝလက္ခဏအနက်, ဟိတ်အနက်ရှိကုန်၏၊ တွာန္တာဒိကို "တွာ+အန္တာဒိ" ဟု ဖြတ်၊ အာဒိဖြင့် တုန တွာန တို့ကို၎င်း,မာနကို၎င်း ယူမှသဘာဝကျသည်၊ ဒီပနီ၌ကား မာနကို မယူ၊ "ယထာရဟံ"ဟု ဆိုသောကြောင့် "တွာဒိပစ္စည်းသည် ဘာဝလက္ခဏ အနက်သာရှိ၍ , အန္တမာနပစ္စည်းတို့ကား လက္ခဏအနက်ပြင် ဟိတ်အနက် လည်း ရှိ၏"ဟု ဒီပနီဖွင့်သည်။

www.dhammaransi.com



သို့သော် တွာပစ္စည်းလည်း လက္ခဏာအနက် ဟိတ်အနက် ၂ မျိုးလုံးကို ဟောနိုင်သည်သာ၊ သီဟံ ဒိသွာ ဘယံ ဟောတိ-ခြင်္သေ့ကိုမြင်သော် ကြောက်ခြင်း ဖြစ်၏၊ "ဃတံ ပိတွာ (သောက်ရခြင်းကြောင့်) ဗလံဟောတိ"ဟု အထက် ဋီကာကြီးတို့လည်း ပုံစံထုတ်ကြသည်၊ [ရှေ့(၃၇၁)ဂါထာ၌လည်း ဖွင့်ခဲ့ပြီ။] မာန အန္တတို့ အတွက်ကား ကစ္စာယနသာရ၌ " မာနန္တာ ဝတ္တမာနေစ, လက္ခဏေ ဟေတုကေ သိယုံ"ဟု ဆိုသည်၊ ဤသို့ ဋီကာကြီးတို့ပုံစံ, မာနအန္တ အတွက် လက္ခဏာအနက်ပုံစံများသည် အဋ္ဌကထာဋီကာကြီးတို့ အဆိုအတိုင်း ရှင်းလင်းပြီးဖြစ်သည်။

**သဒ္ဓေါ ဟုတွာန နိဗ္ဗတ္တိ ။** ။ ဤကား တွာပစ္စည်း၏ ဘာဝလက္ခဏာ ပုံစံဖြစ်သတဲ့၊ [ အခြားကျမ်းတို့၌ ဘာဝေနဘာဝလက္ခဏာ (ကြိယာတပါးဖြင့် ကြိယာတပါးကို မှတ်သားခြင်း) ဟု ခေါ်သော " သော် " ဟု ပေးရသော လက္ခဏာအနက်ကိုပင် "ဘာဝလက္ခဏာ"ဟု ဤ၌ ခေါ်သည်။] "သဒ္ဓေါ- သကြား၏၊ (နိဗ္ဗတ္တိ၌စပ်၊) ဝါ-သကြားသည်၊ (ဟုတွာန၌ လက္ခဏာဝန္တ စပ်၊): ဟုတွာန-ဖြစ်လသော်၊ နိဗ္ဗတ္တိ- ဖြစ်ခြင်းသည်၊ ဟောတိ-ဖြစ်၏"ဟု အနက်ကို ပေးစေလိုသတတ်။ [ဟုတွာနာတိ ဘဝမာနေတိ အတ္ထော၊-ဒီပနီ။]

အချို့ကား — "**သဒ္ဓေါ**-သကြား၏၊ ဟုတွာန (ဘာဝေန)-အဖြစ်ဖြင့်၊ နိဗ္ဗတ္တိ-ဖြစ်ခြင်းသည်၊ ဟောတိ – ၏"ဟု ပေးကြသေး၏၊ ထိုဆရာတို့သည် " ဟေတု+ ဟုတွာ+ ပစ္စယော "၌ "ဟေတုဘာဝေန + ပစ္စယောတိ ဝုတ္တံ ဟောတိ " ဟူသော ပဋ္ဌာန်းအဋ္ဌကထာ (ဟေတုပစ္စယောအဖွင့်) ကို အတု ယူကြဟန်တူ၏၊ သို့သော် ထိုအဋ္ဌကထာ၌ " ဟေတု + ဟုတွာ " ၂ ပုဒ်ကို " ဟေတုဘာဝေန " ဟု တပုဒ်ထည်းလုပ်၍ အဓိပ္ပါယ်ဖွင့်ခြင်းသာ ဖြစ်၏၊ သဒ္ဒတ္ထဖွင့်ခြင်း မဟုတ်၊ ထို့ကြောင့် ဤ အနက်ပေးပုံသည် ထို အဋ္ဌကထာ အဖွင့်နှင့် မလျော်၊ နောက်ဂါထာ၌ ဤပုံစံကို စိစစ်ဦးအံ့။

**ပဋ္ဌန္တော ဝသတိ ။** ။ ဤပုံစံ၌ ပဋ္ဌန္တောဝယ် အန္တပစ္စည်း၏ လက္ခဏာ အနက်ဟောခိုက် "ပဋ္ဌန္တော- ရွတ်ဆိုလသော်၊ ဝသတိ - နေ၏"ဟု ပေး၊ ဟိတ်အနက်ဟောခိုက်"ပဋ္ဌန္တော-ရွတ်ဆိုလိုသည်၏အဖြစ်ကြောင့်၊ ဝသတိ- ၏"ဟု ပေး၊ အဋ္ဌကထာတို့ဝယ် "ဒဿေန္တော-ပြလိုသည်၏အဖြစ်ကြောင့်၊ အာဟ – ဆိုပြီ " စသည်ဖြင့် ပေးရသောအနက်မျိုးတည်း၊ ဒဿေန္တော၌ ဘာဝပ္ပဓာန ဘာဝလောပကြံရသကဲ့သို့, ဤ ပဋ္ဌန္တော၌လည်း ဘာဝပ္ပဓာန ဘာဝလောပ ကြံရ၏၊ ဒီပနီ၌ "ပဋ္ဌဟေတု–ရွတ်လိုခြင်းကြောင့် " ဟု ဘော အနက် ဖွင့်သည်မှာ မကောင်း၊ ကတ္တားဟောပုဒ် အပေါ်မှာ ဘာဝပ္ပဓာန ကြံခြင်းသာ ကျမ်းရိုးထုံးစံကျသည်။

www.dhammaransi.com



**၃၉၀။** ဒွိန္နံ ပဋိစ္စ ဘာဝတ္တံ, ဆဋ္ဌျတ္ထေ ပဉ္စမာ·ထဝ ါ၊
နပ္ပဓာန မပေက္ခာယ, သခ်ါရော နသာတော ကာဒါ။

၃၉၀။ ဒွိန္နံ-ဟုတ္ဝာန နိဗ္ဗုတ္တိ ဟူသော ၂ ပုဒ်တို့၏၊ ဘာဝတ္တံ - ဘော အနက်ကို၊ ပဋိစ္စ – စွဲ၍၊ ဆဋ္ဌျတ္ထ – ဆဋ္ဌီအနက်၌၊ ပဉ္စမာ – သတ္တော၌ ပဉ္စမာဝိဘတ်သည်၊ (ဟောတိ – ၏၊) အထဝါ-ထို့ပြင် တနည်းကား၊ ကေဒါ-တရံတခါ၌၊ အပ္ပဓာနံ – အပ္ပဓာနဖြစ်သော ဟုတွာနပုဒ်ကို၊ အပေက္ခာယ-ငဲ့ခြင်းအားဖြင့်၊ သခ်ါရော-စိရင်အပ်ပြီးသောသတ္တော ဟူသော ပဉ္စမန္တကာရိယသည်၊ (ပဓာနေ – နိဗ္ဗုတ္တိဟူသော ပဓာန ပုဒ်ကို၊ အပေက္ခိယမာနေပိ - ငဲ့အပ်ပါသော်လည်း၊ ) န နသာတေ – မပျက်တော့။

၃၉၀။ ဒွိန္နံ၊ပေ၊ပဉ္စမာ ။ ။ " သတ္တော ဟုတွာန နိဗ္ဗုတ္တိ " နှင့်စပ်၍ မှတ်ဘွယ်ကိုပြလိုသောကြောင့် " ဒွိန္နံ၊ပေ၊ပဉ္စမာ " မိန့်၊ ဟုတွာနနှင့် နိဗ္ဗုတ္တိ ၂ ပုဒ်၏ ဘာဝသာခနေအနက်ကို ထောက်၍ သတ္တော၌ ပဉ္စမာဝိဘတ်သည် ဆဋ္ဌီအနက်ဟောတည်း ဟု ကြံရမည်–ဟု ဆိုလိုသည်။ [ဤအလို "သတ္တော– ၏၊ ဟုတွာန–ဖြစ်လသော်၊ ဝါ-အဖြစ်ဖြင့်၊ နိဗ္ဗုတ္တိ-ဖြစ်ခြင်းသည်၊ ဟောတိ- ၏"ဟု ပေး၊ သတ္တော ဟုတွာန-သတ္တဿဘာဝေန၊ နိဗ္ဗုတ္တိ နိဗ္ဗုတ္တနံ၊–ဋီကာ၊ ဒိပနီ၌ ရှေ့ဂါထာဝယ် ဟုတွာနကို"ဘဝမာနေ"ဟု ဖွင့်ခဲ့ပြီ။]

**အထဝါ၊ပေ၊ကဒါ ။** ။ ဤနည်း၌ကား ဟုတွာနသည် ကတ္တားဟော ပင်တည်း၊ ထို့ကြောင့် တရံတခါ၌ ဟုတွာနဟူသော အပဓာနကြိယာကိုငဲ့၍ "သတ္တော"ဟု ဆိုအပ်သောပဉ္စမန္တကာရိယသည် နိဗ္ဗုတ္တိဟူသော ဘောဟော ကြိယာကိုငဲ့သော်လည်း ( သာသညာယ ဟာတော – ဂါထာ၌ ဆိုအပ်သည့် အတိုင်း) ပဉ္စမန္တကာရိယ မပျက်တော့။ [ဤအလို "သတ္တော–သည်၊ ဟုတွာ န–ဖြစ်လသော်၊ နိဗ္ဗုတ္တိ–ဖြစ်ခြင်းသည်၊ အဟောသိ–ပြီ"ဟု ပေး။]

**မှတ်ချက်။** ။နိဗ္ဗုတ္တိကို နိပုဒ္ဓ, ဝတုဓာတ်, တိပစ္စည်းကြံ၍ ဘောဟောဟု ဆိုထားသော်လည်း ဝိမာနဝတ္ထု၊အဋ္ဌကထာများစွာသော နေရာတို့၌မူ"သော အပရာဘာဂေ ကာလံကတွာ တာဝတိံသာဘဝနေ အတ္တနော ဝိမာနေယေဝ နိဗ္ဗတ္တိ"ဟု နိပုဗ္ဗ, ဝတ္တု၊ဓာတ်, (ဝတုဓာတ်ဆိုလျှင်လည်း "တ"တလုံးလာ) ဤဝိဘတ်, ဇ္ဈပြု၍ ကတ္တု၊ရုပ်အဖြစ်ဖြင့်သာ ရှိသည်၊ ဤ " သတ္တော ဟုတွာန နိဗ္ဗတ္တိ"၌လည်း သတ္တောကို ရိုးရာကတ္တားဟုယူ၍ နိဗ္ဗတ္တိကိုလည်း အဋ္ဌကထာ အတိုင်း အတိတ်ကတ္တားဟောကြံခြင်းသာ ကောင်းသည်။

www.dhammaransi.com



၃၉၁။ သံယောဂေါ ဇာယတေ တျာဒေါ,
ယောဂေ ဇာတော န ဇာယတေ၊
သံယောဂေါ ဇာယမာနဿ,
ကတ္တုဘြော န တိဋ္ဌတေ။

၃၉၁။ သံယောဂေါ - ဝဏ္ဏ ၂ ရပ်တို့၏ ပေါင်းစပ်ခြင်းသည်၊ ဇာယတေ - ဖြစ်၏၊ ဣတိအာဒေါ - ဤသို့ အစရှိသော ပြယုဂ်၌၊ ဇာတော - ရှေးက ဖြစ်ပြီးသော၊ ယောဂေါ - ပေါင်းစပ်ခြင်းသည်၊ န ဇာယတေ-ဖြစ်ဆဲမဟုတ်နိုင်၊ ဇာယမာနော - ယခုမှ ဖြစ်ဆဲသော၊ သံယောဂေါ-ဝဏ္ဏ ၂ ရပ်တို့၏ ပေါင်းစပ်ခြင်းသည်၊ အဿ - ထို "ဇာယတေ"အရ ဇနနကြိယာ၏၊ ကတ္တုဘြော န-ကတ္တားအဖြစ်ဖြင့်၊ န တိဋ္ဌတေ-မတည်နိုင်။(ဝံသတိ-ဤသို့ ဖြစ်လသော်၊ သံယောဂေါ ဇာယတီတိ - သံယောဂေါ ဇာယတိဟူ၍၊ သာရျသာမနဘာဝေါ- ပြီးစေအပ်သော ကြိယာ, ပြီးစေတတ်သော ကတ္တား၏ အဖြစ်သည်၊ ကထံသိယာ-အဘယ်သို့ဖြစ်နိုင်ပါသနည်း၊ ဣတိ-ဤကား စောဒနာတည်း။).... [ဤသို့ အပြည့်အစုံ ထည့်ပေးပါ။]

**၃၉၁။ သံယောဂေါ၊ပေ၊နဇာယတေ။** ။"သံယောဂေါဇာယတေ" ဟူသောဝါကျ၌ မှတ်ဘွယ်များကို ပြလို၍" သံယောဂေါ "စသည်မိန့်၊ ဝဏ္ဏ ၂ ရပ်တို့၏ ပေါင်းစပ်ခြင်းကို"သံယောဂ"ဟု ဆို၏၊ "ပေါင်းစပ်ခြင်းသည် ဖြစ်၏"ဟု ဆိုရာ၌ အတိတ်ကဖြစ်ပြီးသော ပေါင်းစပ်မှုသည် ယခုဖြစ်ဆဲမဟုတ်နိုင်၊ (ဇာယတေ—ဟု ဝတ္တမာနဝိဘတ်ဖြင့် ပါဋ္ဌမစီနိုင်။)

**သံယောဂေါ၊ပေ၊နတိဋ္ဌတေ။** ။"ပေါင်းစပ်မှုသည် ယခုဖြစ်ဆဲ"ဟု ဆိုပြန်လျှင်လည်း (ဖြစ်ဆဲကတ္တားက ကြိယာတခုကို မပြီးစေနိုင်သေးသောကြောင့်) ထို ပေါင်းစပ်မှုသံယောဂသည် " ဇာယတေ "အရ ဇနနကြိယာ၏ ကတ္တားမဖြစ်နိုင်၊ ထို့ကြောင့် " သံယောဂေါ ဇာယတေ "၌ သာရျသာမန အဖြစ် ( ပြီးစေအပ်သော ကြိယာ, ပြီးစေတတ်သော ကတ္တားအဖြစ် ) သည် အဘယ်နည်းဖြင့် ဖြစ်နိုင်ပါသနည်း—ဟု စောဒနာသော ဂါထာတည်း။

**မှတ်ချက်။** ။ဇာယမာနဿကို ဒီပနီ၌ သဝိဘတ်အဆုံးရှိသောပုဒ်—ဟု ယူ၍"အနာဒရေ ဆဋ္ဌီ"ဟုဖွင့်၏၊ ဋီကာ၌ကား"ဇာယမာနော သံယောဂေါ အဿ ဇာတကြိယာယ" ဟု ဖွင့်၏၊ တဝါကျတည်း၌ အရတူပုဒ်များသည် ဝိဘတ်တူမြဲတည်း၊ ထို့ကြောင့် ဋီကာဖွင့်ပုံက ကောင်းသည်။

www.dhammaransi.com



၃၉၂။ ပါကဋ္ဌာဘာဝတောညောညာ–ဘိမုခံ သတ္တိရူပကံ၊
ဒွိန္နံ သင်္ဂတိယံ ဗျတ္တိ-ရူပံ ပါကဋ္ဌဘာဝတော။

၃၉၂။ ဒွိန္နံ-၂ ပါးသော ဝတ္ထုတို့၏၊ အညောညံ့-အချင်းချင်း၊ အဘိမုခံ-ရှေးရှုသည်၏အဖြစ်သည်၊ ပါကဋ္ဌာဘာဝတော-ပေါင်းစပ်ခြင်း၏ ထင်ရှားမှု မရှိသေးခြင်းကြောင့်၊ သတ္တိရူပကံ-သတ္တိရုပ်မည်၏၊ ဒွိန္နံ - ၂ ပါးသော ဝတ္ထုတို့၏၊ သင်္ဂတိယံ – ပေါင်းစပ်မိရာ အခါ၌၊ ပါကဋ္ဌဘာဝတော- ပေါင်းစပ်မှု၏ ထင်ရှားသည်၏ အဖြစ်ကြောင့်၊ ဗျတ္တိရူပကံ – ဗျတ္တိရုပ်မည်၏။ (သတ္တိရူပေ – သတ္တိရုပ်၌၊ ဌိတော – တည်သော၊ သံယောဂေါ - ပေါင်းစပ်ခြင်းသည်၊ ဗျတ္တိရူပံ-ဗျတ္တိရုပ်သည်၊ ဟုတွာ-ဖြ၍၊ ဇာယတေ - ဖြစ်၏၊ ဣတိ – ဤကား အပရေဆရာတို့၏ အဖြေတည်း။)....[ဤသို့အပိုထည့်၍ ပြည့်စုံအောင် အနက်ပေးမှ အဖြေသဘော ထင်ရှားသည်။]

**၃၉၂။ ပါကဋ္ဌာဘာဝတော၊ပေ၊ ရူပကံ။** ။ ထို စောဒနာအတွက် အပရေဆရာတို့၏ဖြေပုံကို ပဌမပြလို၍ "ပါကဋ္ဌ"စသည်မိန့်၊ ပေါင်းစပ်ဘို့ရန် ဝတ္ထု ၂ ခုတို့၏ အချင်းချင်း ရှေးရှုနေသောအခိုက်ဝယ် ပေါင်းစပ်ပုံထင်ရှား မရှိသေး၊ ထို့ကြောင့် ထိုဝတ္ထု ၂ ခု၏ရှေးရှုနေခြင်းသည် သတ္တိရုပ် (ပေါင်းစပ်ဘို့ရန် စွမ်းနိုင်သောသဘော ) မည်၏၊ ဥပမာ – လုလင်ပျိုနှင့် လုံမပျိုတို့၏ လက်မထပ်မီ လက်ထပ်ဘို့ရန် ကြော်ငြာလွှမ်းထားခြင်းမျိုးတည်း။

**ဒွိန္နံ၊ပေ၊ပါကဋ္ဌဘာဝတော။** ။ထိုဝတ္ထု ၂ ရပ်တို့၏ ပေါင်းစပ်မိသော အခါ၌ ထို ပေါင်းစပ်ခြင်းသည် ဗျတ္တိရုပ် ( ပေါင်းစပ်မှု ထင်ရှားလာသော သဘော )ဖြစ်၏၊ ဥပမာ– ရှေးဦးစွာ ကြော်ငြာလွှမ်းပြီးသော လုလင်ပျိုနှင့် လုံမပျိုတို့၏ လက်ထပ်ခြင်းမျိုးတည်း။

**သတ္တိရူပေ၊ပေ၊ဇာယတေ။** ။ထို့ကြောင့်"သံယောဂေါ ဇာယတေ"၌ လုလင်ပျို-လုံမပျိုဟူသော ဝတ္ထု ၂ ရပ်တို့၏ပေါင်းစပ်ဘို့ရန် ရှေးရှုနေသော သတ္တိရုပ် သံယောဂသည် "ဇာယတေ"အရ ပေါင်းစပ်ခြင်းကြိယာဟူသော ဗျတ္တိရုပ်၏ကတ္တားအဖြစ်ဖြင့် ဖြစ်နိုင်ပါသည် – ဟူလို၊ ဤကား အပရေဆရာ တို့၏ အဖြေတည်း။

**မှတ်ချက်။** ။ဤ အပရေဆရာတို့သည် " သံယောဂေါ ဇာယတေ "၌ (စကားအဖြစ်ဖြင့် ပြောခြင်းဟူသာ သဘောမထားဘဲ) သံယောဂ၏အရကို တကယ်ကတ္တားဖြစ်အောင် ကြံစည်၍ သတ္တိရုပ် ဗျတ္တိရုပ် ဟု ခွဲကြလေသည်။

www.dhammaransi.com



၃၉၃။ လောကသင်္ကေတသိဒ္ဓတ္တာ, သတ္တိဗျတ္တိဒွယေန ဟိ၊
အတ္တော နတ္ထိတျဘူတမ္ပိ, ဘူတံ ဝေါ ပစရိယတေ။

၃၉၃။ (သဒ္ဒပ္ပယောဂဿ-သဒ္ဒါပြယုဂ်၏၊) လောကသင်္ကေတသိဒ္ဓတ္တာ-လောကအမှတ်အသားအတိုင်း ပြီးရသည်၏အဖြစ်ကြောင့်၊ သတ္တိဗျတ္တိဒွယေန- သတ္တိ ဗျတ္တိ ၂ ပါးအပေါင်းဖြင့်၊ ဟိယသ္မာ-အကြင့်ကြောင့်၊ အတ္ထော- အကျိုးသည်၊ နတ္ထိ-မရှိ၊ ဣတိ- ထို့ကြောင့်၊ အဘူတမ္ပိ ထင်ရှားမရှိသေးသောသံယောဂကိုလည်း၊ဘူတံဝ-ထင်ရှားရှိသကဲ့သို့၊ ဥပစရိယတေ-တင်စား၍ ခေါ်ဝေါ်ပြောဆိုအပ်၏၊ ဣတိ-ဤကား ကျမ်းဆရာ၏အဖြေတည်း။

၃၉၃။ **လောက၊ပေ၊စရိယတေ**။ ။အပရဆရာတို့၏ဝါဒကို ပယ်၍ မိမိအလိုကိုပြလိုသော အရှင်သဒ္ဓမ္မသိရိဆရာသည် "လောကသင်္ကေတ သိဒ္ဓတ္တာ" စသည်မိန့်၊ သဒ္ဒါဆိုသည်မှာ လောက၌ ရှေးလူကြီးတို့၏ အမှတ်သင်္ကေတအတိုင်း ဖြစ်ရ ပြီးစီးရ၏၊ ရှေးလူကြီးများသည် ထင်ရှားမရှိသော အရာကိုလည်း(စကားအနေအားဖြင့်) ထင်ရှားရှိသကဲ့သို့ ပြောဆိုလေ့ရှိ၏၊ ထို့ကြောင့်"သံယောဂေါ ဇာယတေ"စကား၌ အပရဆရာတို့ဆိုအပ်သော သတ္တိ-ဗျတ္တိ ၂ မျိုးခွဲသဖြင့် အကျိုးမရှိပါ။

မှန်၏—သတ္တိ, ဗျတ္တိကိုသာ အတည်ယူလျှင် သတ္တိရပ်သည် "ဇာယတေ" အရ ဖြစ်ဆဲမဟုတ် , ဖြစ်ပြီးတည်း၊ "ဇာယတေ" အရ ဖြစ်ဆဲ ဗျတ္တိလည်း ထို သတ္တိအခိုက်မှာ မရှိသေး၊ ထို့ကြောင့် အပရဆရာတို့၏ သတ္တိ - ဗျတ္တိဟု ကြံဆခြင်းသည် အကျိုးမရှိ၊ အမှန်ကား"ထင်ရှားမရှိသော သံယောဂကိုပင် ထင်ရှားရှိသကဲ့သို့ တင်စား၍ပြောဆိုထားခြင်းသာ ဖြစ်သည်"ဟူလို။

**မှတ်ချက်**။ ။ထင်ရှားမရှိသောအရာကို ထင်ရှားသကဲ့သို့ တင်စား၍ ပြောခြင်းကို "တဒ္ဓမ္မူပစာရ"ဟု ခေါ်၏၊ တဿ—ထို ထင်ရှားရှိသောဝတ္ထု၏+ ဓမ္မော—သဘောတည်း၊ တဒ္ဓမ္မော-ဘော၊ တဒ္ဓမ္မဿ-ကို + ဥပစာရော—ထိုသဘောမရှိသော ဝတ္ထု၌ တင်စားခြင်းတည်း၊ တဒ္ဓမ္မူပစာရော—ဋ်း။

**လောကသင်္ကေတ**။ ။"လောကသင်္ကေတ"ဟုလာသမျှ၌"လောက" အရ ရှေးကျသော လူကြီးများကိုချည်း ယူရသည်၊ "ဤစကားဖြင့် ဤအနက် ဤအကြောင်းအရာကိုပြ၏"ဟု ရှေးလူကြီးတို့၏ အမှတ်အသားကို"လောကသင်္ကေတ"ဟု ခေါ်သည်။ [ သဒ္ဒဟ်ပစ္စည်းပိုင်းအဆုံး "လောကသင်္ကေတ နိမ္မိတာ"ဟူသောပုဒ်၏ အဓိပ္ပါယ်နှင့် ဆက်သွယ်ကြည့်ပါ။]

www.dhammaransi.com



၃၉၄။ ဝေါဟာရဝိသယော သဒ္ဒေါ,
ဘူတာဘူတတ္ထဝါစကော၊
ဝေါဟာရတ္ထော ဟိ သဒ္ဒတ္ထော,
ဘာဝတ္ထော တေန ဒိပိတော။

၃၉၄။ သဒ္ဒေါ - သဒ္ဒါသည်၊ ဝေါဟာရဝိသယော - ခေါ်ဝေါ် ပြောဆိုအပ်သော အနက်ဟူသော အရာရှိ၏၊ ဘူတာဘူတတ္ထဝါစကော - ထင်ရှားရှိသောအနက် , ထင်ရှားမရှိသော အနက်ကိုလည်း ဟော၏၊ ဟိ-မှန်၏၊ ဝေါဟာရတ္ထော- ခေါ်ဝေါ် ပြောဆိုအပ်သော အနက်သည်၊ သဒ္ဒတ္ထော–သဒ္ဒါ၏အနက်တည်း၊ တေန-ထို ဝေါဟာရတ္ထဖြင့်၊ ဘာဝတ္ထော - အဓိပ္ပါယ်အနက်ကို၊ ဒိပိတော - တဆင့် ပြအပ်၏။

၃၉၄။ **ဝေါဟာရ၊ ပေ၊ ဝါစကော** ။ ။ "အဘူတံ ဘူတံဝ ဥပစရိယတေ"ဟူသော ရှေ့စကားကို ထင်ရှားစေလို၍ "ဝေါဟာရ၊ ပေ၊ ဝါစကော" ဟု မိန့်သည်၊ လူအများတို့ ပြောဆိုအပ်သော သဒ္ဒါ (စကား) သည် ခေါ်ဝေါ် ပြောဆိုအပ်သောအနက်ပေါ်မှာ တည်၏၊ခက်မာသောသဘောကို မြန်မာလို မြေ ဟု ခေါ်၏၊ ပါဠိလို ပထဝီ ဟု ခေါ်၏၊ ထို မြေ–ပထဝီဟူသော အခေါ်အဝေါ်စကား ( သဒ္ဒါ) သည် ခက်မာသောသဘော၌ တည်၏၊ ထို ခက်မာသော သဘောသည် မြေဟူသော မြန်မာသဒ္ဒါ, ပထဝီဟူသော ပါဠိသဒ္ဒါတို့၏ ဝိသယ (တည်ရာ, ဟောရာ) ဖြစ်၏။

ခန္ဓာ ၅ ပါးအပေါင်းဖြစ်သော ပညတ်ကို လူတို့က " မိန်းမ, ယောကျ်ား (ဇုတ္တိပုရိသော)"ဟုခေါ်ထား၏၊ ထိုသမူဟပညတ်သည် မိန်းမ,ယောကျ်ား ဟူသော (ဇုတ္တိပုရိသဟူသော) ထို ဝေါဟာရသဒ္ဒါ၏တည်ရာ ဝိသယဖြစ်၏၊ ဤနည်းအားဖြင့် သဒ္ဒါသည်ထင်ရှားရှိသော အရာကိုလည်းဟော၏၊ ထင်ရှားမရှိသော အရာကိုလည်း ဟောသည်၊ ထို့ကြောင့် "သံယောဂေါ ဇာယတေ" ၌ သံယောဂသဒ္ဒါသည် ထင်ရှား မရှိသေးသော ပေါင်းစပ်မှုကိုလည်း ဟောနိုင်သည်–ဟူလို။

**ဝေါဟာရတ္ထော ဟိ၊ပေ၊ ဒီပိတော။** ။မှန်၏၊–မြန်မာသဒ္ဒါ ဖြစ်စေ, ပါဠိစသော အခြား သဒ္ဒါဖြစ်စေ , ထို သဒ္ဒါတို့၏ ဟောနက်သည် အများ ပြောဆိုအပ်သော အနက်ပင်တည်း၊ ထို ဝေါဟာရတ္ထကိုသိပြီးမှ ထိုဝေါဟာရ အနက်ကတဆင့် "ဘာဝ"ဟု ခေါ်အပ်သော ဆိုလိုရင်း အနက်အဓိပ္ပါယ်ကို ပြရသည်၊ ဥပမာ – မြေ (ပထဝီ) ဟု ဆိုအပ်သောသဒ္ဒါသည် " မြေကြီးဖြစ်

www.dhammaransi.com



၃၉၅။ အဘူတတ္ထော ခံပုပ္ဖါဒိ, ဘူတတ္ထော ပုရိသာဒိကော၊
ပရမတ္ထောဝ ဖဿာဒိ, ဘူတတ္ထောတျ·ပရေ ဝိဒူ။

၃၉၅။ ခံပုပ္ဖါဒိ - ကောင်းကင်ပန်း အစရှိသော အနက်သည်၊ အဘူတတ္ထော - ထင်ရှား မရှိသော အနက်တည်း၊ ပုရိသာဒိကော - ယောကျ်ားအစရှိသော အနက်သည်၊ ဘူတတ္ထော - ထင်ရှားရှိသော အနက်တည်း၊ ဖဿာဒိ-ဖဿအစရှိသော၊ ပရမတ္ထောဝ - ပရမတ် အနက်သည်သာ၊ ဘူတတ္ထော-ထင်ရှားရှိသော အနက်တည်း၊ ဣတိ- ဤသို့၊ အပရေ - အခြားကုန်သော၊ ဝိဒူ – ပညာရှိတို့သည်၊ ဝဒန္တိ- ဆိုကြကုန်၏။

ဟူသော အနက်ကိုဟော၏၊ ထိုမြေကြီးဟူရာ၌"ခက်မာခြင်းခေတ်သဘော" ကို ဆိုလိုသည်-ဟု အဓိပ္ပါယ်ကိုကား ထိုဝေါဟာရတ္ထက တဆင့်ပြရ ( သိစေရ) သည်၊ မိန်းမ (ဣတ္ထိ) ဟု ခေါ်ရာ၌လည်း"မိန်းမ"ဟူသော အနက်ဒြဗ်ကိုသာ သိရ၏၊ ထိုနောက်မှ " မိန်းမဆိုတာ ဤသို့ပုံသဏ္ဌာန်, ဤသို့ အပြုအမူရှိသူကို ခေါ်၏ " ဟု အဓိပ္ပါယတ္ထကို သိရသည်။ [ ဘာဝတ္ထော၌ ဘာဝသဒ္ဒါသည် ဤနေရာ၌ အဓိပ္ပါယ်ဟူသောအနက်ကို ဟော၏၊ "ဘာဝေါ ပဒတ္ထေ သတ္တာ ယ—မဓိပ္ပါယံ ကြိယာယစ"—(၀၀၇) အဘိဓာန်။]

၃၉၅။ **အဘူတတ္ထော၊ပေ၊ဝိဒူ။** ။"ဘူတာဘူတတ္ထဝါဒကော" နှင့် စပ်၍ ဘူတတ္ထ, အဘူတတ္ထကို ဝါဒအမျိုးမျိုးဖြင့် ခွဲပြလိုသောကြောင့် "အဘူတတ္ထော " စသည်မိန့်၊ " ကောင်းကင်ပန်း " အစရှိသောအနက် (ယုန်ချို, လိပ်မွေး, ပုဇွန်သွေး, ခွေးလေးတောင်ပန်ပြု" စသောအနက်) သည် အဘူတတ္ထ (လောက၌ ထင်ရှားမရှိသောအနက်) တည်း၊ ယောကျ်ား မိန်းမစသော အနက်သည် ဘူတတ္ထ (လောက၌ခေါ်ဝေါ်ပြောရိုးအားဖြင့် ထင်ရှားရှိသော အနက် )တည်း၊ ဤဝါဒ၌ လောကမျက်မြင်အားဖြင့် ထင်ရှားရှိသောအနက် သည် ဘူတတ္ထ, ထင်ရှားမရှိသော အနက်သည် အဘူတတ္ထဟု ဆိုသည်။

**ပရမတ္ထောဝ၊ပေ၊ဘူတတ္ထော။** ။အပရေဆရာတို့ကား တွေ့ထိခြင်း, ခံစားခြင်းစသောနာမ်ပရမတ္ထနှင့် ခက်မာခြင်း,ဖွဲ့စည်းခြင်းစသော ရုပ်ပရမတ္ထ တို့သာ ဘူတတ္ထ (ထင်ရှားရှိသောအနက် ) ဟု ဆိုကြ၏၊ ထို ဆရာတို့ကား မိန်းမ ယောကျ်ား, ကောင်းကင်ပန်းစသော အနက်အားလုံးမှာ အဘူတတ္ထ ချည်းဖြစ်သည်—ဟု ဆိုလိုသည်။ [ ဤ အပရေဆရာတို့ကား ပရမတ္ထအားဖြင့် ရှိလျှင် ဘူတတ္ထ, ထင်ရှားမရှိလျှင် အဘူတတ္ထ ဟု ယူသည်။]

www.dhammaransi.com



၃၉၆။ လောကသင်္ကေတသာရဠ္ဌော,
သဒ္ဒေါ နေကန္တဘူတိကော၊
သမ္မုတျတ္ထော ဟိ သဒ္ဒတ္ထော,
ဗုဒ္ဓိယာ ပရိကပ္ပိတော။

၃၉၆။ သဒ္ဒေါ- သဒ္ဒါသည်၊ လောကသင်္ကေတသာရဠ္ဌော - လောကသင်္ကေတဖြင့် ပြီးစေအပ်သော အနက်ရှိ၏၊ ဧကန္တဘူတိကော - ကေန်ထင်ရှားရှိသော အနက်ရှိသည်၊ ဝါ-ထင်ရှားရှိသော အနက်ကိုသာ ဟောသည်၊ န ဟောတိ-မဟုတ်၊ ဟိ-မှန်၏၊ ဗုဒ္ဓိယာ-အသိဉာဏ်ဖြင့်၊ ဝါ- စိတ်ဖြင့်၊ ပရိကပ္ပိတော-ရှေးလူကြီးတို့ ကြံစည်အပ်သော၊ သမ္မုတျတ္ထော-သမ္မုတိအနက်သည်၊ ဝါ—အများ အသိအမှတ်ပြုအပ်သောအနက်သည်၊ သဒ္ဒတ္ထော-သဒ္ဒါ၏အနက်တည်း။

၃၉၆။ **လောက၊ပေ၊ဘူတိကော ။** ။သဒ္ဒါဟူသမျှသည် ရှေးလူကြီးတို့၏ သင်္ကေတ ( အမှတ်အသား )အတိုင်း ပြီးစေအပ်သောအနက် ရှိ၏၊ (ဘုရားရှင်က ခက်မာခြင်းသဘောကို“ပထဝီ”ဟု သင်္ကေတပြုတော်မူ၏၊ ထို သင်္ကေတအတိုင်းပင် ပထဝီသဒ္ဒါက ခက်မာခြင်းဟူသောအနက်ကို ဟောရ၏၊ ရှေးလူကြီးတို့က ထင်ရှားမရှိသော (ယုန်ချို) စသောအနက်ကို “ သသ ဝိသာဏစသော သဒ္ဒါက ဟော၏ ” ဟု သင်္ကေတပြုထား၏၊ ထို သင်္ကေတ အတိုင်းပင် သသဝိသာဏ သဒ္ဒါသည် ထင်ရှားမရှိသော ယုန်ချို အနက်ကို ဟော၏၊ထို့ကြောင့်“သဒ္ဒါဟူသမျှသည် ဧကန်ထင်ရှားရှိသောပရမတ္ထအနက် ကိုသာ ဟောသည် မဟုတ် ” ဟု မှတ်ပါ၊ ဤစကားဖြင့် “ ဘူတာ ဘူတတ္ထ ဝါစကော”ကို ထပ်၍ ထင်ရှားပြသည်။

**သမ္မုတျတ္ထော၊ပေ၊ပရိကပ္ပိတော။** ။[စိတ်ကိုပင်“ဗုဒ္ဓိ”ဟု ယူပါ။] လောကသင်္ကေတ သာရဠ္ဌော ဟူသော ရှေ့စကားကိုပင် ခိုင်မြဲစေလိုသော ကြောင့် “ သမ္မုတျတ္ထောဟိ ” စသည် မိန့်၊ ရှေးလူကြီးတို့သည် အရာဝတ္ထု တခုကို ခေါ်ဘို့ရန် စိတ်ဖြင့်ကြံစည်အပ်၏၊ ထိုကြံစည်အပ်သောအနက် (အရာ ဝတ္ထု) သည် အများအသိအမှတ်ပြုအပ်သောသမ္မုတိအနက် (ပညတ် အနက်) ဖြစ်လာ၏။ [သံ— ကောင်းစွာ+ မုတိ — သိအပ်သော အနက်။] ထိုသမ္မုတိ အနက်သည် အမှန်ရှိသည်ဖြစ်စေ,မရှိသည်ဖြစ်စေ သဒ္ဒါ၏ဟောနက်အဖြစ်ဖြင့် ထင်ရှားလေတော့သည်—ဟူလို။

**ကိတ်အခန်း ပြီး၏။**

www.dhammaransi.com



# ကျမ်းပြီးနိဂုံး

၃၉၇။ တမ္ဗဒီပဓဇယေ ရဋ္ဌေ, ရိမဒ္ဒနပုရေ ကတာ၊
သဒ္ဓမ္မသိရိနာ ဂုရု-သာရသဒ္ဒတ္ထဘေဒနီ။

၃၉၇။ တမ္ဗဒီပဓဇယေ-တမ္ဗဒီပအမည်ရှိသော၊ ရဋ္ဌေ-တိုင်းနိုင်ငံ၌၊ အရိမဒ္ဒနပုရေ - ရန်သူ့ခပင်းကို နှိမ်နင်းရာ၏အဖြစ်ကြောင့် အရိမဒ္ဒန မည်, ပေါက္ကံပြည်၌၊ သဒ္ဓမ္မသိရိနာ- သဒ္ဓမ္မသိရိ အမည်ရှိသော ထေရ် သည်၊ ကတာ- ပြုစီရင်အပ်သော၊ ဂုရုသာရ သဒ္ဒတ္ထဘေဒနီ-လျှို့ဝှက် ကျစ်လစ်, အဆီအနှစ်ဖြစ်သော သဒ္ဒါအနက်တို့ကို ခွဲခြမ်းစိတ်ဖြာရာ စိတ်ဖြာကြောင်းဖြစ်သော။....

၃၉၈။ သဒ္ဒတ္ထဘေဒစိန္တာ·ယံ, နိဋ္ဌိတာ ဂန္ထတော ပန၊
တိသတံ နဝုတိ သတ္တ, တိပါဒ စတုရက္ခရံ။

၃၉၈။ အယံ သဒ္ဒတ္ထဘေဒစိန္တာ - သဒ္ဒတ္ထဘေဒစိန္တာ , အမည် သာသော , ဤ သဒ္ဒါငယ်ကျမ်းသည်၊ နိဋ္ဌိတာ – ဝန်းကျင်ပတ်ကုံး , ကမ္ပတ်ဖုံး၍ , နိဂုံးအချောက် ပြီးမြောက်ပေပြီ တကား၊ ( ဧတ္ထ – ဤ သဒ္ဒတ္ထဘေဒစိန္တာကျမ်း၌၊ ) ဂန္ထတော ပန – သီကုံး ထုံးဖွဲ့အပ်သော ဂါထာအားဖြင့်ကား၊ တိသတံ- သုံးရာသည်ဖြင်း၊ နဝုတိ-ကိုးဆယ် သည်ဖြင်း၊ သတ္တ – ခုနစ်ဂါထာ တို့သည်ဖြင်း၊ တိပါဒ စတုရက္ခရံ – ၃ ပါဒနှင့် အက္ခရာ ၄ လုံးသည်ဖြင်း၊ ဟောတိ-ဖြစ်၏။

၃၉၇။ ။ ဤဂါထာတို့ဖြင့် ကျမ်းဆရာ၏သီတင်းသုံးရာ တိုင်းပြည်မြို့နှင့် ကျမ်းဆရာ၏အမည်ကို ပြသည်၊ "တမ္ဗဒီပ" ဟု ရှေးအခါက ခေါ်အပ်သော တိုင်းဝယ် "အရိမဒ္ဒန" ဟု ခေါ်အပ်သော (ယခုအခါ "ပုဂံ" ဟု ခေါ်အပ် သော ) မြို့၌ အရှင် သဒ္ဓမ္မသိရိမည်သော ဆရာသည် ဤ သဒ္ဒတ္ထဘေဒစိန္တာ ကျမ်းကို စီရင်သည်—ဟူလို။

၃၉၈ ။ ။ ဤဂါထာဖြင့် ကျမ်းပြီးကြောင်းကိုဖြင်း , ကျမ်း၏ပရိမာဏ (အတိုင်းအရှည်) ကိုဖြင်း ပြ၏၊ အရေအတွက်အားဖြင့် "ဂါထာပေါင်း ၃၉၇ နှင့် ၃ ပါဒ – အက္ခရာ ၄ လုံးရှိသည် " ဟူလို။ [ အက္ခရာ ၄ လုံး ဟူရာ၌ ရှေးရှေးက ဂါထာများဝယ် အချို့အချို့ဂါထာပါဒအတွက် အက္ခရာလုံးရေ မပြည့်ဘဲ စီရင်ခဲ့ဟန်တူ၏၊ ယခုအခါ၌ကား (မပြည့်သောအရာဝယ် နော်ထပ် ဖြည့်ထားဟန်တူသောကြောင့်) အားလုံးဂါထာပါဒ၌ အက္ခရာလုံးရေ ရှစ်လုံး အပြည့်ရှိနေရကား "၃၉၈" ဂါထာ အပြည့်ရှိသည်။ ]

www.dhammaransi.com



**၃၉၉။ သဒ္ဒတ္ထလက္ခဏေ ဗောဓိ, ယောယော နိစ္ဆိတလက္ခဏေ၊**
**သောသော ဉာတု မကိစ္ဆေန,ပဟောတိ ပိဋကတ္တယေ-တိ။**

၃၉၉။ ယောယော – အကြင်အကြင် အမျိုးသားသည်၊ နိစ္ဆိတ လက္ခဏေ – ဆုံးဖြတ်အပ်ပြီးသော လက္ခဏာရှိသော၊ သဒ္ဒတ္ထလက္ခ ဏေ-သဒ္ဒါအနက်တို့၏ လက္ခဏာ၌၊ ဗောဓိ–ခွဲခြမ်း စိတ်ဖြာလေ့ရှိ၏၊ သောသော – ထိုထိုအမျိုးသားသည်၊ ပိဋကတ္တယေ – ပိဋကတ် ၃ ပုံ အလုံးစုံ၌၊ အကိစ္ဆေန–မငြိုငြင် မပင်ပန်းသဖြင့်၊ ဉာတုံ – သိခြင်းငှါ၊ ပဟောတိ- စွမ်းနိုင်လောက်၏၊ ဣတိ– သဒ္ဒတ္ထဗောဓိနီဂါထာကို ပြဆိုရာ စကားရပ် အပြီးသတ် သတည်း။

**၄၀၀။ ဣမိနာ လက္ခိတပုညေန ,ပါပုဏေယျ မနုတ္တရံ၊**
**တံ ပတ္ဝာ သကလေ သတ္တေ, မောစေယျံ ဘဝဗန္ဓနာ။**

၄၀၀။ ဣမိနာ လက္ခိတပုညေန-၍ မှတ်မှတ်သားသား ပြုထား အပ်သောကောင်းမှုကြောင့်၊ အနုတ္တရံ-အတူမရှိမြတ်သော သဗ္ဗညုတ ဉာဏ်တော်သို့၊ ပါပုဏေယျံ – ရောက်ရပါလို၏၊ တံ - ထို သဗ္ဗညုတ ဉာဏ်တော်သို့၊ ပတ္ဝာ– ရောက်ပြီး၍၊ သကလေ- အလုံးစုံကုန်သော၊ သတ္တေ–သတ္တဝါတို့ကို၊ ဘဝဗန္ဓနာ–ဘဝအနှောင်အဖွဲ့မှ၊ မောစေယျံ- လွတ်မြောက်စေနိုင်တဲ့ကိုယ် ဖြစ်ရပါလို၏။

၃၉၉။ ။၍ကျမ်းကို သင်ယူသော ပုဂ္ဂိုလ်များ၏ ရနိုင်သောအကျိုးကို ပြသော ဂါထာတည်း၊ ပြခဲ့သောအစဉ်ဖြင့် ဆုံးဖြတ်အပ်ပြီးသော လက္ခဏာ ရှိသောသဒ္ဒလက္ခဏာ၌ ခွဲခြမ်းစိတ်ဖြာတတ်သော အမျိုးကောင်းသားတိုင်းပင် ပိဋက ၃ ပုံ၌ မပင်မပန်း သိစွမ်းနိုင်ပါသည်–ဟူလို။

၄၀၀။ ။၍ဂါထာဖြင့် အရှင်သဒ္ဒမ္မသိရီဆရာ၏ ဆုတောင်းကို ပြသည်၊ ၍အမှတ်တရပြုရသော ကောင်းမှုကြောင့် အတူမရှိမြတ်သော ဘုရားအဖြစ်သို့ ရောက်ရပါလို၏၊ ထိုသို့ရောက်၍ အလုံးစုံသောသတ္တဝါတို့ကို ဘဝနှောင်အိမ်မှ လွတ်မြောက်စေနိုင်ရပါလို၏–ဟူလို။

**မှတ်ချက်** ။ ။ ၍ ၄၀၀ နံပါတ် ဂါထာသည် အရှင်သဒ္ဒမ္မသိရီ ဆရာ၏ ဂါထာဟုတ် – မဟုတ်ကို စဉ်းစားသင့်၏၊ ဒီပနီ၌ လုံးလုံးမဖွင့်၊ ဋီကာဆရာ ဖွင့်ထားသောကြောင့်သာ နိဿယရေးလိုက်ရသည်။

www.dhammaransi.com



# ဘာသာဋီကာ နိဂုံး

သိဋ္ဌူတ္ထဘော ဘာသာဋီကာ, ဒေသဘာသာယ သခ်တာ၊
ဗျာချာနာ သဒ္ဒတ္ထဘေဒ–စိန္တာယ သောတုစိန္တနာ။

သဒ္ဒတ္ထဘေဒစိန္တာယ–သဒ္ဒတ္ထဘေဒစိန္တာ, မည်သည်ဖြင့်, သဒ္ဒါစုံပြွမ်း, စာငယ်ကျမ်း၏၊ သောတုစိန္တနာ-သောတုနုနယ်,စာသင်ငယ်တို့,ဉာဏ်ကျယ်စေတုံ,သိဘွယ်စုံသော၊ဗျာချာနာ-နိဿယည်းအမိပ္ပါယ်, ခတ်လွယ်လွယ်ဖြင့်, အကျယ်သိကြောင်း,ခေတ်မှီကောင်းသော၊ဒေသဘာသာယ-တိုင်းရင်းဒေသ, ပြောနေကျသည့်, မြန်မာ့ဆိုင်ရာ, အမိဘာသာဖြင့်၊ သခ်တာ-တသန့် တသန့်, အကန့် ကန့်လျက်, ခွံ့ခွံ့ စီရရီ, တည်ကြည်စွာစီရင်အပ်သော၊ ဘာသာဋီကာ–ဘာသာဋီကာ, အမည်သာသည့်, မှီရာသီဿည်း, နိဿယည်းသည်လည်း၊ သိဋ္ဌူတ္ထဘော-သုံးရာနှစ်ဆယ်,သုံးသွယ်ကျော်ဆင်း,တော်သလင်း၌,မြော်ရင်းမှန်းသလောက်, ပြီးမြောက်ပြန်ပြီတကား။

သမ္ဘူဇယာမိ ထေရာနံ, ယေသာဟံ သမ္ပဂ္ဂဟိတော၊
စိန္တသီလော သဒ္ဒတ္ထေပိ, ပတ္တောမှိ ပကတညုတံ။

ယေသံ ထေရာနံ-အထက်ဝေဟင်,နေအသွင်သို့, မြေပြင်ထင်ရှား,အကြင်ဆရာတော်ဘုရားတို့သည်၊ သမ္ပဂ္ဂဟိတော–အသူးစောင့်ရှောက်, ချီးမြှောက်အပ်သည်ဖြစ်၍၊ သဒ္ဒတ္ထေပိ – ပါဠိမြန်မာ , ပြန်ဆိုရာသည့် , သဒ္ဒါ ၂ ချက်, ဟောနက်သွယ်သွယ်, အမိပ္ပါယ်၌လည်း၊ စိန္တသီလော- အမှားအမှန်, ခွဲဝေဘန်ဘို့, ဉာဏ်မှီသရွေ့, ကြံစည်လေ့ရှိသည် (ဖြစ်၍) ၊ ပကတညုတံ –လောကသာသနာ , စပ်ဆိုင်ရာလည်း , လျော်စွာသိမြင် , ကျွမ်းကျင်သူ၏အဖြစ်သို့၊ ပတ္တော အမှိ– ခေတ်ကြိုက်ခါကြိုက်, ၂ ဖြာကိုက်အောင်, ထိုက်လိုက်ပုံသေ , ရောက်ရပေ၏၊ တေသံ ထေရာနံ– ကျေးဇူးတော်ရှင်, ဂုဏ်အင်ကြီးမား, ထိုဆရာတော်ဘုရားတို့အား၊ သမ္ဘူဇယာမိ – ကျမ်းစာရေးသား , ကောင်းမှုများဖြင့်, လေးစားကော်ရော်, ပူဇော်ပါ၏။

**အကျိုးသိမှ အကြောင်းပြု ။** ။ မည်သူမဆို အကျိုးသိမှ အကြောင်းကောင်းအောင်ပြုလေ့ရှိကြ, ပြုလိုသောဆန္ဒလည်း ပြင်းပြကြသည်၊"ဒု–သ–န–သော"ဟု ထင်ရှားသော သဌေးသား ၄ယောက်သည် ငရဲဒုက္ခကို တိုက်ရိုက်တွေ့မှ လူ့ဘဝ၏ တန်ဘိုးကိုသိ၍ လူ့ဘဝကို တောင့်တရှာကြသည်၊ ဘုရားအလောင်းတော်တေမိမင်းသည် မိမိကျခဲ့ရသော ငရဲကို ဇာတိဿရဉာဏ်ဖြင့်မြင်သောကြောင့် ထိုငရဲဒုက္ခကိုပေးတတ်သည့် ရှင်ဘုရင်အဖြစ်ကိုပင် အရှုံကြီးရှုံ့ကာ အအ, အဆွံ့, အထိုင်း, ဟန်ဆောင်၍ ၁၆ နှစ်ကြာအောင် အမိဋ္ဌာန်ပါရမီကို ဖြည့်တော်မူလျက် ထီးနန်းကို စွန့်ခွါတော်မူလေသည်။

www.dhammaransi.com



"သာဓိန"မည်သော အလောင်းတော်ဘုရင်တပါးကား သကြားမင်း၏ ပင့်ဖိတ်ချက်ဖြင့် တာဝတိံသာနတ်ပြည်သို့ရောက်၍ အတော်ကြာသော အခါ နတ်မင်းစည်းစိမ်ကို သကြားမင်းက တဝက်ခွဲ၍ပေးသော်လည်း, ကုသိုလ်ကံ၏ အကျိုးပေးပုံကို ကိုယ်တိုင် တွေ့နေရပြီးဖြစ်၍ မိမိကိုယ်တိုင် ကုသိုလ်ကောင်းမှု ကိုသာ ပြုလိုသောဆန္ဒပြင်းပြနေရကား ထိုနတ်စည်းစိမ်ကိုမယူဘဲ ကောင်းမှုကို ပြုဘို့ရန် လူ့ပြည်သို့ ပြန်ခဲ့လေသည်။

ကြိုးစားမည် ။ ။ မိမိမှာလည်း ကျေးဇူးရှင် ဆရာတော်ဘုရားများ၏ သင်ပြဆုံးမမှုကြောင့် ယခုအခါသိအပ်ရအပ်သော ကမ္မဿကတာဉာဏ်သည် ထက်သန်လျက်ရှိရကား ထို ကမ္မဿကတာဉာဏ်ကိုအရင်းခံ၍ "သဒ္ဓါ, ပညာ, ဝီရိယ, သတိ, သမာဓိ"ဟူသောဗိုလ်အမည်ခံ တရားငါးပါးလည်း ကြွားကြွား ဝင့်ဝင့် အဆင့်ဆင့်ဖြင့် မြင့်လျက်စွင့်လျက် တင့်လျက်ရှိကြပေသည်၊ ထို့ကြောင့် (ကဗ္ဗည်းဘာသာဋီကာ၌ ပြခဲ့သည့်အတိုင်း) သမ္ဗုဒ္ဓိစက် ၄ ချက်စုပေါင်း၍ စက်ခေါင်း ၄ ခုတပ်လျက် ဗိုလ်မှူး ၅ ပါး အုပ်ချုပ်ထားသော မဂ္ဂင်ယာဉ်ပျံ ကြီးကို အပြီးတိုင်မောင်းနှင်ကာ နိဗ္ဗာန်တည်းဟူသော အမတကမ်းဘက်သို့ လှမ်းတက်ဘို့ရာ ကြိုးစားပေအံ့ သတည်း။

> စတုစက္ကံ ဝတ္တိယာန, ယာနံ ဗလာရိဂ္ဂဟံ၊
> ယာနာယ အမတံပါရံ, ကဿံ ပုရိသကာရိယံ။

စတုစက္ကံ-သမ္ဗုဒ္ဓိစက်,၄ချက်စုပေါင်း,စက်ခေါင်း ၄ခုလည်းတပ်ထသော၊ ဗလပရိဂ္ဂဟံ-ရန်ပေါင်းခွင်းဖြို, ငါးဦးဗိုလ်တို့, ကိုယ်စီစောင့်ကြပ်, အုပ်ချုပ် အပ်ထသော၊ ယာနံ-အသွားလျင်လျင်, အများတင်လည်း, အားအင်ခိုင်ဖြိုး, မဂ္ဂင်တည်·ဟူသော ယာဉ်ပျံတော်ကြီးကို၊ ဝတ္တိယာန – မတိမ်းမစောင်း, လည်စေကြောင်းဖြင့်, ကောင်းစွာအစဉ်, မောင်းကာနှင်၍၊ အမတံပါရံ – ဤဘက်မှာနေ, အားလုံးသေလျက်, ဟိုပြေရေးမှ, ဘေးကင်းရမည့်, အမတ ခေါ်, နေပြည်တော်သို့၊ ယာနာယ – ကိလေသာဟူ, ရန်သူပစ်ဖေါက်, မုံး အမြောက်တို့, မကြောက်မနား, အရောက်သွားခြင်းငှါ၊ ပုရိသကာရိယံ– ယောကျ်ားမှန်က, ပြုရမည့်, ကမ္မာ့လက်ရိုး, လုလ္လမျိုးကို၊ ကဿံ–ငါးဦး ဗိုလ်ချုပ်, အဖေါ်လုပ်၍, မဆုတ်ရစေ, ပြုလုပ်ပေအံ့ သတည်း။

**ဘေဒစိန္တာ ဘာသာဋီကာ**
**ပြီး၏။**

www.dhammaransi.com

အရှင်ဇနကာဘိဝံသ

၏

အမှတ်(၂၃)ကျမ်းစာ

# ကစ္စာယနသာရဘာသာဋီကာ

၁၃၂၃-ခု ပြာသိုလ။

နယူးဘားမားပိဋကပုံနှိပ်တိုက်
အမရပူရမြို့။

www.dhammaransi.com

ပုံနှိပ်, ထုတ်ဝေသူ (မောင်ကျော်)၊

(ကျော်) ပုံနှိပ်စက်

၁၄-လမ်း, ကွမ်းခြံ-မန္တလေး။

www.dhammaransi.com



# မှတ်သားဘွယ်အက္ခရာစဉ်မာတိကာ


အတိတ် အနာဂတ်အနက်၌ ဝတ္တမာန် .... ၄၃, ၄၄
အနာဂတ်ဝိဘတ်၏ အတိတ်အနက် .... .... ၄၄
အဘိဓေယျလိန် လိုက်ပုံ .... .... ၆၆
အဘိဝါဒိ နာမဓာတ် .... .... ၂၁
အားလုံးအနက်များ အပေါင်းအနက် .... .... ၆၀
ဣတ္ထမ္ဘူတလက္ခဏာနှင့် ဈာနအထူး .... .... ၇၃
ဥတ္တရပဒပရ ဒိဂု .... .... ၉၄
ဥပါယနှင့် ဥပေယ .... .... ၁၀
နေပစ္စည်းရှိပုံ .... .... ၇၀
ကရဓာတ်၏ ယတနအနက် .... ၈၃
ကာရကတို့၏ ဂေါဏ—မုချ အမည် .... .... ၈၈
ဃဋ္ဋနှင့် အဗ္ဘူတတဗ္ဘော .... .... ၁၇
စယာသိတ အင်္ဂါသိတ မှတ်ချက် .... .... ၁၁
တဒ္ဓိတတ္ထ ဒိဂု .... .... ၉၃
တယောဂေါ, မယောဂေါ .... .... ၉၀
ဒွက္ခရ တျက္ခရဗဟုဗ္ဗိဟိ .... .... ၆၆
ပကတိ ဝိကတိ မှတ်ချက် .... .... ၁၃
ပတ္ထနာ ဝိဓိ သံပုစ္ဆာ .... .... ၄၁
ပဓာန အပဓာန သုံးစွဲရာ .... .... ၂၇
ပုရာ ဒိဗ္ဗတိစသည်၌ မှတ်ဘွယ် .... .... ၄၂
ပုလ္လိန်ဟော ပစ္စည်းများ .... .... ၆၇
ဘဝိတဗ္ဗံပုဒ်အတွက် မှတ်ဘွယ် ... .... ၅၇
ဘောကံမှ တပါးအနက်၌ ကိစ္စပစ္စည်း .... .... ၄၈
လိန် မှတ်သားချက်သည် ယေဘုယျ .... ... ၆၈
ဝဟာနိယန္တုဟောတု .... .... ၂၃
ဝိဝစ္ဆာယာပုဒ် .... .... ၆၆
သတန္တုမှန်၍, သကန္တုမမှန် .... .... ၇၂
သဒ္ဒါ အတုတွေသာ .... .... ၆၂
သဒ္ဒါကျမ်း၏ အလင်းရောင်နှင့်တူပုံ .... .... ၆၃
သဒ္ဒါယ နာမဓာတ် .... .... ၂၂
သုတ် ဥဒါဟရုဏ်ချင်း မတားမြစ်ရ .... .... ၆၂
ဟရဓာတ်၏ အနုကာရအနက် .... .... ၈၃

www.dhammaransi.com



# ကစ္စာယနသာရ
# ဘာသာဋီကာ အချီနိဒါန်း

ကစ္စတေ ဝတ သဒ္ဒမ္ဘော, အသာရသာရသာရဏော၊
ဟောတိ ကစ္စာနသာရဿ, ဗျာချာ ဘာသာယ ဝဏ္ဏနာ။

အသာရသာရ သာရဏော — ဂုဏ်လာဘ်ကိုငဲ့ , အနှစ်မဲ့နှင့် , တကယ့်နိမ္မာန်, ရွယ်မိဋ္ဌာန်မှ, ဟိတ်ဟန် မစောင်း, အနှစ်ကောင်းဟု, အကြောင်းလှစ်ဘွေ့,(အမှတ်တရ)ဖြစ်စေနိုင်သော၊ သဒ္ဒမ္ဘော— သူတော်ထွဋ်ထား, မြတ်ဘုရား၏, ၃ ပါး ပိဋကတ်, ပါဠိတော်မြတ်သည်၊ ကစ္စတေ ဝတ—အဋ္ဌကထာ, ကျမ်းဋီကာနှင့်, သဒ္ဒါထေံကူ, တောက်ပတော်မူပါပေ၏။

ကစ္စာနသာရဿ—ကတ်သီးကတ်သတ်, သဒ္ဒါမှတ်ကို, စာတတ်ဟု ထင်, စာပွဲဝင်တို့ , အစဉ်မြော်မှန်း , ကစ္စာယနသာရကျမ်း၏၊ ဘာသာယ—တိုင်းရင်းဒေသ, ပြောနေကျသည့်, မြန်မာ့ဆိုင်ရာ, အမိဘာသာဖြင့်၊ ဝဏ္ဏနာ—တသန့်တသန့်,အကန့်-ကန့်လျက်, ခွံခွံစီရရီ, တည်ကြည်စွာဖွင့်ကြောင်းဖြစ်သော၊ ဗျာချာ-နိဿယည်းအဓိပ္ပါယ်, ခတ်လွယ်လွယ်ဖြင့် , အကျယ်မှီရာ, ဘာသာဋီကာသည်၊ ဟောတိ—မလွဲသာ မရှောင်သာ, ပို့ချရာမှ, ကောင်းစွာ မှတ်သား၍, ထပ်ပွားဖြစ်လာရပါသတည်း။

**ဤကျမ်း၏ ခက်ခဲပုံ**

ဤ ကစ္စာယနသာရကျမ်းကို မိမိ လေ့လာစဉ် အခါက နားမလည်နိုင်သော အချက်များကို တွေ့ခဲ့ရပါသည်၊ ခက်ခဲခြင်းနားမလည်ခြင်း၏ အကြောင်းရင်းမှာလည်း "သာရ "ဟု ဆိုသည့်အတိုင်း အနှစ်အသား ခက်ဆစ် အဓိပ္ပါယ်များကိုသာ ရွေးချယ်၍ "ဂဏ္ဌိမှတ်စု"အနေအားဖြင့် ရေးသားအပ်သော ကျမ်းဖြစ်ခြင်း, ဤကျမ်း၏မှီရာ ဇဩဒါသကကျမ်းကိုဎင်း အလားတူ မောဂ္ဂလ္လာန်ကျမ်းကိုဎင်း မိမိတို့က မလေ့လာရဘဲ ကစ္စည်းကျမ်းနှင့် ရူပသိဒ္ဓိစသော ကစ္စည်းကျမ်း အဖွင့်များကိုသာ လေ့လာခဲ့ရခြင်းပင် ဖြစ်၏၊ မှန်၏—ဤ ကစ္စာယနသာရကျမ်းကို ပုဂံမြို့-အရှင် မဟာယသ ထေရ် စီရင်သည်ဟု ဆိုကြောင်းကို တွေ့ရသော်လည်း အမှန်အားဖြင့် ဤကျမ်းသည် မြန်မာနိုင်ငံ၌ စီရင်အပ်သော ကျမ်းနှင့် မတူပါ၊ မှီရာ

www.dhammaransi.com



" ဇဿဒါသက " ကျမ်းကိုလည်း မြန်မာနိုင်ငံ၌ မကြားရဘူးပါ၊ ထို့ပြင်–ဤကျမ်းနှင့် အယူအဆတူမျှသော မောဂ္ဂလ္လာန်ကျမ်းသည် မြန်မာနိုင်ငံ၌ ရောက်နေသော်လည်း ပဋိကာစသော အဖွင့်များကို မတွေ့ရသဖြင့် မောဂ္ဂလ္လာန်ကျမ်းကိုလည်း ရှေးရှေးက အလေ့အလာ အလွန် နည်းခဲ့ပါသည်၊ ဤပြခဲ့သော အကြောင်းများကြောင့် ကစ္စာယနသာရကျမ်းကို လေ့လာရာ၌ မိမိမှာ လုံးလုံး နားမလည်သော အချက်များနှင့်တကွ အခက်အခဲများစွာကို တွေ့ခဲ့ရပါသည်။

**မောဂ္ဂလ္လာန်ကို လေ့လာခြင်း**

ယခုအခါ၌ကား ကျေးဇူးတော်ရှင် အဘယာရာမ ဆရာတော်၏ ဉာဏ်ဝီရိယတော် အစွမ်းကြောင့် မောဂ္ဂလ္လာန်ဗျာကရဏ်းကျမ်းသည် ပဋိကာအဖွင့်နှင့်တကွ နိဿယ အဓိပ္ပါယ် စုံလင်စွာဖြင့် တန်ဆာဆင်ပြီး ဖြစ်နေရကား မိမိတို့မှာ ခူးပြီးဆွမ်းကို စားရသူကဲ့သို့ အလွယ်တကူလေ့လာခွင့်ရသောကြောင့် ရှေးရှေးက နားမလည်နိုင်လောက်အောင် မထင်မရှား ပိုးဝါးဖြစ်နေသော ကစ္စာယနသာရ အဓိပ္ပါယ်သည် မှုတ်မ်ကွယ်ခြင်းမှ ကင်းရှင်းသော မောဂ္ဂလ္လာန် လမင်း၏ အရောင်အလင်းကြောင့် ရှင်းလင်းထင်ရှားစွာ ပေါ်လွင်၍လာပါသည်။

**ကစ္စာယနသာရ သာသာဋီကာ**

ထို့ကြောင့် သဒ္ဒတ္ထဘေဒစိန္တာကို ပို့ချ၍အပြီးတွင် မလွဲမရှောင်သာ၍ ကစ္စာယနသာရကို ပို့ချရသောအခါ မောဂ္ဂလ္လာန်ရူပသိဒ္ဓိနှင့် ကစ္စာယနသရူပတ္ထဒီပနီတို့ကိုအမှီရသဖြင့် မခဲယဉ်းလှဘဲ ပို့ချနိုင်ပါသည်၊ ထိုသို့ ပို့ချရင်း နိဿယနက်နှင့် အဓိပ္ပါယ်များကို စာဆိုသော ရှင်သာမဏေတို့အား မှတ်သားစေပါသည်၊ ထို မှတ်သားစေအပ်သော အနက် အဓိပ္ပါယ်များသည် ကျမ်းစာအုပ်အတွင်းသို့ မရောက်လာလျှင် ကွယ်ပျောက်ရမည်မှာ ရိုးရာဖြစ်သောကြောင့် ထိုသို့မကွယ်ပျောက်လွယ်အောင် မိမိမျက်မှောက်မှာပင် ကျမ်းစာတစောင် အဖြစ်ဖြင့် အများသုံးဖြစ်ဘို့ရန် " ကစ္စာယနသာရ ဘာသာဋီကာ " ဟူသော နာမည်ဖြင့် ကျမ်းစာတစောင် ဖြစ်မြောက်စေရပါသည်။ [ဤစာအုပ်၌ ချို့ယွင်းချက်များကိုကား ပြင်ဆင်၍ ရှုစားတော်မူနိုင်ကြပါစေ သတည်း။]

www.dhammaransi.com

# ကစ္စာယနသာရ

## ဘာသာဋီကာ

၁။ မုနိန္ဒက္ကော တမံ မောဟံ, ဟတွာ ဗောဓေသိ ပင်္ကဇံ၊
ဇနံ သဒ္ဓမ္မရံသီဟိ , သော သံပါလေတု မံ ဇိနော။

၁။ ဇိနော-ဒေဝပုတ္တ,စသည်များဖြင့်, မာရ်ငါးအင်ကို, အောင်မြင်တော်မူပြီးသော၊ ယော မုနိန္ဒက္ကော-အကြင် ဘုရားတည်းဟူသော နေမင်းသည်၊ သဒ္ဓမ္မရံသီဟိ - သူတော်ကောင်းတရားတည်းဟူသော အရောင်တို့ဖြင့်၊ မောဟံ - မောဟတည်းဟူသော၊ တမံ - အမိုက်မှောင်ကို၊ ဟတွာ-ပယ်ဖျော်တော်မူပြီး၍၊ ဇနံ-သတ္တဝါအပေါင်းတည်းဟူသော၊ ပင်္ကဇံ-ပဒုမ္မာကြာကို၊ ဗောဓေသိ-ပွင့်စေတော်မူပြီ၊ဇိနော-ဒေဝပုတ္တ, စသည်များဖြင့် , မာရ်ငါးအင်ကို , အောင်မြင်တော်မူပြီးသော၊ သော မုနိန္ဒက္ကော - ထိုဘုရားတည်းဟူသော နေမင်းသည်၊ မံ-ငါ့ကို၊ သံပါလေတု-ကောင်းစွာ စောင့်ရှော်တော်မူပါစေသတည်း။

**၁။ မုနိန္ဒက္ကော တျာဒိ။** ။"အာသိ နမက္ကာရော ဝတ္ထု-နိဒ္ဒေသော ဝါပိ တမ္မုခံ" ဟု ကာဗျာဒဿ၌လာသော ကျမ်းဂန်ကို စတည်အားထုတ်မှု ဂန္ထာရမ္ဘ ၃ ပါးတို့တွင် အာသီသပုဗ္ဗက (တောင့်တမှုရှေ့သွားရှိသော) ဂန္ထာရမ္ဘတည်း၊ ဤဂါထာ၏ဆိုလိုရင်းကား - " မောဟအမှောင်ကို ပယ်ဖျောက်၍ ဝေနေယျကြာအပေါင်းကိုပွင့်စေတော်မူနိုင်သော မြတ်ဇိနမည်တွင် ဘုရားရှင်နေမင်းသည် ငါ့ကိုစောင့်ရှောက်တော်မူပါစေသတည်း " ဟူလို။ [ ဂန္ထာရမ္ဘ ၃ မျိုးကို သဂြိုဟ်ဘာသာဋီကာ၌ ပြထားပြီ။ ]

**မုနိန္ဒက္ကော။** ။ မုနိန္ဒ + အက္က၊ အက္ကသဒ္ဒါသည် " နေ "အနက်ဟောတည်း၊ မုနိန္ဒသခ်ါတော + အက္ကော, မုနိန္ဒက္ကော-ဘုရားဟု ဆိုအပ်သောနေ၊ ဝါ- ဘုရားတည်းဟူသောနေ။ [ဘုရားရှင်ကို နေမင်းပုံသဏ္ဌာန်လုပ်၍ ရူပကအလင်္ကာဖြင့် တန်ဆာဆင်ထားအပ်သော ပုဒ်တည်း။ ]

**တမံ မောဟံ ဟန္တွာ။** ။ "မောဟံ တမံ" ဟု ဆိုလိုလျက် ဂါထာဖြစ်၍ ဆန်းကောင်းအောင် ( ယဂိုဏ်းဖြစ်အောင် ) ရှေ့နောက် ပြောင်းထားသည်၊ [ဤပုဒ်လည်း မောဟကို အမိုက်မှောင်သဏ္ဌာန်လုပ်၍ဆိုအပ်သော ရူပကပုဒ်ပင်တည်း။ ] နေမင်းသည် လောကအမှောင်ကို ပယ်ဖျောက်နိုင်သကဲ့သို့ ဘုရားနေမင်းလည်း မောဟအမှောင်ကို ပယ်ဖျောက်တော်မူနိုင်သည်။

www.dhammaransi.com



**ပက်ဖံ ဇနံ**။ ။ပကော် + ဇာတံ, ပက်ဖံ-ညွန့်၌ဖြစ်သောကြာ၊ [ညွန့်၌ဖြစ်သော ဟင်းညှို့ ခတောက်စသော သစ်ပင်ငယ် အများရှိသေးသော်လည်း ပက်ဇသဒ္ဒါ၏ ကြာဟူသောအနက်၌သာ ထင်ရှားသောကြောင့် အထင်ရူဋ္ဌိအားဖြင့် ကြာကိုသာ "ပက်ဇ" ဟု ခေါ်ရသည်။ ] ဤ "ပက်ဖံ ဇနံ" လည်း "ဇနံပက်ဇံ"ဟု ဆိုလိုလျက် ရှေနေ့ပြန်ထား၏၊ ဝေနေယျသတ္တာကို ကြာပန်းပုံသဏ္ဌာန်လုပ်ထားသော ရူပကအလင်္ကာပုဒ်ပင်တည်း။

**သဒ္ဓမ္မရံသိဟိ** ။ ။ ဘုရားရှင်ကို နေမင်းဟု ရုပ်ပုံသဏ္ဌာန်ပြုထားသောကြောင့် ဘုရားရှင်၏တရားတော်များကို "နေရောင်"ဟု ပုံသဏ္ဌာန်ပြုထားသော ရူပကအလင်္ကာပင်တည်း။

**ဗောဓေသိ** ။ ။ ဗုဓဓာတ်သည် ဉာဏ,ဇာဂရဏ,ဝိကသန (သိ-နိုး-ပွင့်) အနက်သုံးမျိုးရှိသော်လည်း နံနက်စောစော နေထွက်သောအခါဝယ် ပဒုမ္မာကြာများပွင့်ကြရသောကြောင့် ဤနေရာဝယ် မုနိန္ဒတ္ထော၌ အတ္တောပုဒ်ပက်ဖံပုဒ်တို့ကို ထောက်၍ ဝိကသနအနက်ကိုသာ ယူရသည်၊ "ဘုရားတည်းဟူသော နေမင်းသည် မောဟတည်းဟူသော အမှောင်ကိုခွင်း၍ ဝေနေယျသတ္တာတည်းဟူသော ပဒုမ္မာကြာအပေါင်းကို (သစ္စာ ၄ ပါးကို သိစေသောအားဖြင့်) ပွင့်စေတော်မူသည်" ဟူလို။

**သော သံပါလေတု** ။ ။ ထိုဘုရားတည်းဟူသောနေမင်းသည် ကစ္စာယနသာရကျမ်းကိုပြုစုလိုသောငါ့ကို (မောဟအမှောင်ကိုပယ်ဖျောက်လျက်) စောက်ရှောက်တော်မူပါစေ သတည်း။ [" တျဇ္ဇ ဂုတ္တာ ဝိဟရေမု ဒိဝသံ " ဟူသော မောရသုတ်ပရိတ်တော်နှင့်အညီ "ထိုဘုရားရှင်နေမင်း၏ အစောင့်အရှောက်ဖြင့် ကျမ်းမပြီးအောင် နှောင့်ယှက်တတ်သော မောဟနှင့် မကျမ်းမာခြင်းတည်းဟူသော အတွင်းအန္တရာယ် , သူတပါး၏ အနှောက်အယှက်ခံရခြင်းတည်းဟူသော အပြင်အန္တရာယ်တို့မှကင်း၍ သန့်ရှင်းသောကိုယ်စိတ်ဖြင့် ဤကျမ်းကိုပြီးစီးအောင် စီရင်နိုင်လိုပါသည်"ဟု တောင့်တခြင်းဖြစ်သည်။]

**သကပက္ခ,ပရပက္ခ**။ ဘုရားရှင်ကို ရအောင်ပေးအပ်သောအနက်သည် သကပက္ခ- မိမိ၏အဖွဲ့ မိမိဘက်ကအနက်တည်း၊ နေမင်းကို ရအောင်ပေးအပ်သောအနက်သည် ပရပက္ခ - နေကိုကိုးကွယ်သော သူတပါး၏အဖွဲ့-သူတပါးတို့ဘက်ကအနက်တည်း၊ ရူပကအလင်္ကာဖြင့် တန်ဆာဆင်အပ်သောပုဒ်များ၌ ဤသို့ အနက် ၂ မျိုးပေး၍ရကောင်းလျှင် သိလေသအလင်္ကာဂုဏ်လည်း ပါဝင်၏၊ ထိုအလင်္ကာ, ထိုဂုဏ်များပါဝင်သောကြောင့် သကပက္ခအနက်, ပရပက္ခအနက် ၂ မျိုးရအောင် ပေးလေ့ရှိကြသည်၊ ထိုသို့ ပေးကြရာ၌....

" တည်းဟူသော ရူပကံ ဥေ ယျံ , တူသောတိ သဒိသံ မတံ၊
ကဲ့သို့တည့် ဥပမာ ဥေ ယျာ , သမုပေက္ခာတိ ပြိုင်မတာ " ဟု

www.dhammaransi.com



ဂါထာဆောင်ပုဒ်ကိုပြု၍ ရူပက , သဒိသ , ဥပမာ , သမုပေက္ခာ , ၄ မျိုး စုံအောင်ပေးကြ၏၊ ထို ၄ မျိုးတွင် အလင်္ကာကျမ်း၌ ဥပမာနှင့် ရူပက ၂ မျိုးသာ တိုက်ရိုက်လာ၏၊ သဒိသ — သမုပေက္ခာ အနက်တို့မှာ ရူပက , ဥပမာ အမျိုးအစားတို့သာတည်း၊ ထို့ကြောင့် နောက်ဆရာတို့ထွင်အပ်သော အနက်များဟုသာ မှတ်ပါ၊ ထို့ပြင်—ရူပကအနက်ပေးရာ၌ တပါးနှင့်တပါး မတူကြ၊ ဆန်းကျမ်း၌ နိဿယဟောင်းက သကပက္ခဆိုသော ရူပကအနက်ကို,နိဿယ သစ်က ပရပက္ခဟု ဆိုလေသည်၊ အစစ်အမှန်ကိုကား အလင်္ကာကျမ်း၌ ရူပက အလင်္ကာကို လေ့လာဘူးမှ ဆုံးဖြတ်နိုင်စရာရှိ၏၊ ထို့ကြောင့် ဤ၌ အထူး စိစစ်၍မပြတော့ဘဲ ငိမိသဘောကျကိုသာ ပြပါတော့မည်။

**သကပက္ခ ၄ နက်**။ ။ ဇိနော — သော၊ ယော မုနိန္ဒုက္ကော— အကြင် ဘုရားတည်းဟူသော နေမင်းသည်၊ ( ရူပက )၊ ဝါ — နေမင်းနှင့်တူသော ဘုရားရှင်သည်၊ (သဒိသ)၊ ဝါ-နေမင်းကဲ့သို့သောဘုရားရှင်သည်၊ (ဥပမာ)၊ ဝါ- ဘုရားရှင်နေမင်းသည်၊ (သမုပေက္ခာ)၊ သဒ္ဓမ္မရံသိဟိ-သူတော်ကောင်း တရားတည်းဟူသောအရောင်တို့ဖြင့်၊ဝါ-အရောင်နှင့်တူသောသူတော်ကောင်း တရားတို့ဖြင့်၊ ဝါ- အရောင်ကဲ့သို့သော သူတော်ကောင်းတရားတို့ဖြင့်၊ ဝါ— သူတော်ကောင်းတရားအရောင်တို့ဖြင့်၊ တမံ မောဟံ—မောဟတည်းဟူသော အမိုက်မှောင်ကို၊ ဝါ-အမိုက်မှောင်နှင့်တူသောမောဟကို၊ ဝါ—အမိုက်မှောင် ကဲ့သို့သော မောဟကို၊ ဝါ-မောဟအမိုက်မှောင်ကို၊ဟန္တွာ-ပယ်ဖျောက်တော် မူ၍၊ ပင်္ကဇံ ဇနံ - သတ္တဝါအပေါင်းတည်းဟူသော ပဒုမ္မာကြာကို၊ ဝါ- ပဒုမ္မာ ကြာနှင့်တူသော သတ္တဝါအပေါင်းကို၊ ဝါ — ပဒုမ္မာကြာကဲ့သို့သော သတ္တဝါ အပေါင်းကို၊ ဝါ-သတ္တဝါအပေါင်း ပဒုမ္မာကြာကို၊ဗောဓေသိ-ပွင့်စေတော်မူပြီး ဇိနော,သော (မုနိန္ဒုက္ကော) မံ သံပါလေတု၊.... ဤကား ဗုဒ္ဓဘာသာဝင်တို့၏ အလိုကျအောင် ဘုရားရှင်ကို အရကောက်ရသော သကပက္ခအနက်တည်း။

**ပရပက္ခအနက်**။ ဇိနော — ရန်သူတို့ကိုအောင်တော်မူသော၊ ယော မုနိ န္ဒုက္ကော—အကြင် နေမင်းတည်းဟူသော ဘုရားသည်၊ ဝါ—ဘုရားကဲ့သို့သော နေမင်းသည်၊ ဝါ-ဘုရားနှင့်တူသောနေမင်းသည်၊ ဝါ— နေမင်းဘုရားသည်၊ သဒ္ဓမ္မရံသိဟိ— အရောင်တည်းဟူသော သူတော်ကောင်းတရားတို့ဖြင့်၊ ဝါ— သူတော်ကောင်းတရားနှင့်တူသော အရောင်တို့ဖြင့်၊ ဝါ— သူတော်ကောင်း တရားကဲ့သို့သောအရောင်တို့ဖြင့်၊ ဝါ-အရောင်သူတော်ကောင်းတရားတို့ဖြင့်၊ တမံ မောဟံ-အမိုက်မှောင်တည်းဟူသောမောဟကို၊ ဝါ—မောဟကဲ့သို့သော အမိုက်မှောင်ကို၊ ဝါ- မောဟနှင့်တူသော အမိုက်မှောင်ကို၊ဝါ-မောဟအမိုက် မှောင်ကို၊ဟန္တွာ-၍၊ပင်္ကဇံ ဇနံ-ပဒုမ္မာကြာတည်းဟူသောသတ္တဝါအပေါင်းကို၊ ဝါ— သတ္တဝါအပေါင်းနှင့်တူသော ပဒုမ္မာကြာကို၊ ဝါ—သတ္တဝါအပေါင်းကဲ့သို့

www.dhammaransi.com



## ၂။ မာဂဓိကာယ ဗာလာနံ, ဗုဒ္ဓိယာ ဗုဒ္ဓသာသနေ ဝက္ခံ ကစ္စာယနသာရံ, နိဿာယ ဇဃ်ဒါသကံ။

၂။ (အဟံ - ငါသည်၊) ဗုဒ္ဓသာသနေ- မြတ်စွာဘုရား၏ ပရိယတ္တိသာသနာတော်၌၊ ဗာလာနံ - သဒ္ဒလက္ခဏာဝယ် အသိဉာဏ်မကြွယ်ကုန်သော စာသင်ငယ်တို့၏၊ ဗုဒ္ဓိယာ — အသိဉာဏ်အကျိုးပွါးတိုးခြင်းငှါ၊ ဇဃ်ဒါသကံ-ဇဃ်ဒါသဆရာ စီရင်အပ်သည်၏အဖြစ်ကြောင့် ဇဃ်ဒါသကမည်သော ကျမ်းကို၊ နိဿာယ - အားကိုးတခုမှီငြမ်းပြု၍၊ ကစ္စာယနသာရံ- ကစ္စည်းကျမ်း၏,ခက်ခဲကျစ်လစ်,အနှစ်သာရကို ပြရာ၏အဖြစ်ကြောင့် ကစ္စာယနသာရမည်သော ကျမ်းကို၊ မာဂဓိကာယ-မဂဓတိုင်းသားတို့၏ဥစ္စာ မာဂဓဘာသာဖြင့်၊ ဝက္ခံ- ဆိုပေအံ့။

သော ပဒုမ္မာကြာကို၊ ဝါ-ပဒုမ္မာကြာ သတ္တာအပေါင်းကို၊ ဗောဓေသိ-ပွင့်စေတော်မူပြီ၊ ဇိနော,သော(မုနိန္ဒတ္တော)မံ သံပါလေတု၊ ဤကား ဗုဒ္ဓဘာသာဝင်မဟုတ်သော နေကို ကိုးကွယ်သူတို့၏ အလိုကျအောင် နေကို အရကောက်ရသော ပရပက္ခအနက်တည်း။ [ ဤအနက်များကို ရှေးဆရာတို့ ပေးရိုးဖြစ်၍ ပြလိုက်ရသော်လည်း ကစ္စာယနသာရကျမ်းဆရာ၏အလိုကား မဟုတ်နိုင်။ ]

---

၂။ **မာဂဓိကာယတျာဒိ။** ။ဤဂါထာသည် ကျမ်း၏ အကျိုးကိုရင်း, ပဋိညာဉ်ကိုရင်း, မှီရာကိုရင်း, ပြသောဂါထာတည်း၊ "ဗုဒ္ဓသာသနာတော်၌ ပညာအရွယ် ငယ်ရှာကြသူတို့၏ အသိဉာဏ်ကြီးပွါးဘို့ရာ၌ ဇဃ်ဒါသကျမ်းကို အမှီပြု၍ ကစ္စာယနသာရကျမ်းကို ဆိုပေအံ့"ဟူလို။

**မာဂဓိကာယ။** ။မဂဓေ+ဘဝါ, မာဂဓာ- မဂဓတိုင်းသူတိုင်းသားတို့၊ မာဂဓာနံ + သော, မာဂဓိကာ — မဂဓတိုင်းသားတို့၏ ဥစ္စာ (စကား)၊ ထိုမာဂဓိကာကို ကမ္ဘာဦးကစ၍ပြောဆိုအပ်ခဲ့သော"မူလဘာသာ"ဟု ရူပသိဒ္ဓိနာမ်အစ၌ ဆို၏၊ ထိုကျမ်း၌ ရှုပါလေ။

**ဗာလာနံ ဗုဒ္ဓိယာ။** ။သဒ္ဒါအရာ၌ အသိဉာဏ် မကြီးကျယ်သေးသူများကို ကလေးများနှင့် တူသောကြောင့်"ဗာလ"ဟု ခေါ်ထားသည်၊ ထိုသူတို့၏ ဗုဒ္ဓသာသနာတော်ဝယ် အသိဉာဏ်ကြွယ်ဝဘို့အကျိုးငှါ ဆိုပေအံ့-ဟူလို။

**ကစ္စာယနသာရံ။** ။ကစ္စာယ+အပစ္စံ, ကစ္စာယနော၊ ထိုအရှင်ကစ္စည်း စီရင်အပ်သော ကစ္စည်း ( သဒ္ဒါကြီး )ကျမ်းလည်း ကာရဏူပစာရအားဖြင့်

www.dhammaransi.com



## သာမညနိဒ္ဒေသ

**၃။ ကတ္တာဒေါ ယတ္ထ အာချာတံ, ကိတ္တမာသသု တဒ္ဓိတံ၊**
**သ ဝုတ္တော တတ္ထ ပဌမာ, အတ္ထမတ္တ ဝိဝဇ္ဇယာ။**

၃။ ယတ္ထ ကတ္တာဒေါ– အကြင် ကတ္တားအစရှိသော အနက်၌၊ အာချာတံ-အာချာတ်သည်၎င်း၊ ကိတံ-ကိတ်သည်၎င်း၊ သမာသော-သမာသ်သည်၎င်း၊[''ကိတံ သမာသော''ဟုဆိုလိုလျက် တံ၌ နိဂ္ဂဟိတ်ချေ, တ၏ အ ကိုလည်းချေ၍ နောက်(သ)ကပ်ထားသည်။] တဒ္ဓိတံ-

ကစ္စာယနမည်၏၊ တနည်း— '' ကစ္စာယနဿ + ဣဒံ ကစ္စာယနံ '' ဟု ဣဒံတဒ္ဓိတ်ပြု၍ ကစ္စည်းဆရာ၏ ဥစ္စာဖြစ်သောကျမ်းလည်း ကစ္စာယနမည်၏၊ ကစ္စာယနဿ+သာရော, ကစ္စာယနသာရော– ကစ္စည်းကျမ်း၏ အဆီအနှစ်ဖြစ်သော အဓိပ္ပါယ်များ၊ ထိုသာရကိုပြရာကျမ်းလည်း အနက်ကိုအကြောင်းပြု၍ ကာရဏူပစာရအားဖြင့် ( ထို ကျမ်း၌ပါသော ဌာနီသာရ၏ အမည်ကို ဌာနကျမ်း၌တင်စား၍ ဌာန္ယူပစာရအားဖြင့်) ကစ္စာယနသာရမည်၏။

**ဇဃ်ဒါသကံ။** ။''ဇဃ်ဒါသ'' ဆရာသည် ပါဠိဘာသာ မဟုတ်သော အခြားဘာသာဖြင့် (သက္ကတဘာသာ ဖြစ်ဟန်တူသည်) စီရင်အပ်သောကျမ်းကို''ဇဃ်ဒါသက''ဟု ခေါ်၏၊ ထိုကျမ်းသည် ပါဠိဘာသာကဲ့သို့ အများသုံးဘာသာဖြင့် စီရင်အပ်သောကျမ်း မဟုတ်သောကြောင့် မာဂဓ သက်သက်ကို (တဘက်သတ်) တတ်သူတို့အား အကျိုးမများ၊ အများသုံးဖြစ်သော မာဂဓ ( ပါဠိ ) ဘာသာဖြင့်စီရင်မှ အကျိုးများမည်၊ ထိုသို့စီရင်ရာဝယ် မိမိစိတ်ကူးဉာဏ်ဖြင့် စီရင်မည်မဟုတ်ဘဲ ထိုဇဃ်ဒါသကကျမ်းကိုမှီ၍ စီရင်ပါမည်-ဟူလို။ [ဤစကားဖြင့်''မိမိဘာသာ ရေးစွမ်းနိုင်၏''ဟူသော အတ္တုက္ကံသနအပြစ်ကို ကင်းရှင်းစေသည်၊ '' ဇဃ်ဒါသကံ '' နေရာ၌ '' ဇဃဒိသကံ '' ဟုလည်း ကြားဘူး၏၊ ထိုဆရာ၏ နာမည်ရင်းမှာ ''ဇဃဒိသ''ဖြစ်သတတ်။]

---

**သာမညနိဒ္ဒေသခဏ်း။** ။ဤ ကစ္စာယနသာရကျမ်း၌ သာမညနိဒ္ဒေသ, အာချာတနိဒ္ဒေသ, ကိတနိဒ္ဒေသ, ကာရကနိဒ္ဒေသ, သမာသနိဒ္ဒေသ, တဒ္ဓိတနိဒ္ဒေသ,ဟု ၆ ခဏ်းရှိ၏၊ ထိုတွင် နောက်နိဒ္ဒေသအများနှင့်ဆိုင်သော စကားရပ်ကို ''သာမညနိဒ္ဒေသ''အဖြစ်ဖြင့် တခဏ်းခွဲထားသည်။

၃။ **ကတ္တာဒေါတျာဒိ ။** ။ ပဋိညာဉ်အားလျော်စွာ ပဋိညာတပကရဏကို ပြုလိုသောကြောင့် ''ကတ္တာဒေါ''စသည်မိန့်၊ ဤဂါထာနှင့်စပ်၍ ''ကာရက ၆ တန်, ဘောသမ္ဗန်, မှတ်ရန် ဝါစ္စ ရှစ်'' ဟူသော ဝါစ္စ ၈ ပါးကို၎င်း, အာချာတ်ဝိဘတ်, ကိတ်ပစ္စည်း, သမာသ် ၆ ပါး, တဒ္ဓိတ်ပစ္စည်းတည်းဟူ

www.dhammaransi.com



**တဒ္ဓိတ်သည်ဂုဏ်း၊ အသုံး – ထိုက်သည်အားလျော်စွာ ဖြစ်ကြကုန်၏၊ [အနက္ခိဝိဘတ်ကိုသုတ်ကြီးဖြင့် ခေါတွန်(သ်)နှင့်တကွ သုပြထားသည်] သ(သော)-ထိုကတ္တားအစရှိသော အနက်သည်၊ ဝုတ္တော-ဝုတ္တမည်၏၊ ဝါ– ဟောအပ်သော အနက်မည်၏၊ တတ္ထ– ထိုကတ္တားအစရှိသော အနက်ကို၊ ( ဝုတ္တေ- အာချာတ် စသည်တို့က ဟောအပ်ပြီးသော်၊ ) အတ္တမတ္တာဝိဝစ္ဆယာ (အတ္တမတ္တာဝိဝစ္ဆာယ)– လိန်အနက်မျှကို ဟောခြင်း အကျိုးငှါ၊ ဝါ- လိန်အနက်မျှကိုထွန်းပြခြင်း အကျိုးငှါ၊ ပဌမာ-ပဌမာဝိဘတ်သည်၊ ( ဘဝေ- ဖြစ်၏၊)**

သော ဝါစကကြီး ၄ ပါးကိုငင်း ပြောလေ့ရှိကြ၏၊ ဤကျမ်းကား"ဝါစက" ဟူသောနာမည်ကို (၄) နံပါတ်ဂါထာကျမှပြလိမ့်မည်၊ ထို့ကြောင့် ဤဂါထာ၌ ဝါစ္စဝါစကဟူသောနာမည်ကို မဖေါ်သေးမှ ကျမ်းဆရာ၏ အလိုကျမည်။

**ကတ္တာဒေါ ၊ ပေ ၊ သဝုတ္တော ။** ။ အာချာတ်စသည်တို့သည် ဟောအပ်သော ကတ္တားကံစသောအနက်များသည် ဝုတ္တမည်၏၊ ဥပမာ-"ပုရိသော ဂစ္ဆတိ" ၌ တိဝိဘတ်ဟူသောအာချာတ်သည် ကတ္တားအနက်ကို ဟော၏၊ ထိုကတ္တားအနက်သည် ဝုတ္တမည်၏၊ ပုရိသသဒ္ဒါလည်း အနက်ကိုအကြောင်းပြု၍ ကာရကရူပစာရအားဖြင့် ဝုတ္တမည်၏၊ "အာသနံ-နေရာ" ဟူသောပြယုဂ်၌ ယုပစ္စည်းဟူသော ကိတ်သည် အဓိကရဏအနက်ကို ဟော၏၊ ထိုအဓိကရဏ အနက်နှင့် အာသနသဒ္ဒါသည် ထို ကိတ်ပစ္စည်းဟောအပ်သော ဝုတ္တတည်း၊ ဤသို့ စသည်ဖြင့် အာချာတ်စသော သဒ္ဒါ ၄ ပါးတို့ ဟောအပ်သော ဆိုင်ရာ အနက်များကို "ဝုတ္တ"ဟုချည်း မှတ်ပါ။

**မှတ်ချက်။** ။ငယ်ရွယ်သူတို့သည်"ဝုတ္တ"ဟု ဆိုလျှင် ကံကတ္တား ခွဲစဉ်က အာချာတ် ကိတ်တို့ဟောအပ်သော ကံအနက် ကတ္တားအနက်လောက်ကိုသာ မှတ်ခဲ့ဘူးသောကြောင့် ကရိုဏ်းစသော အနက်များ၏ "ဝုတ္တ" အမည်ရပုံကို သဘောမပေါက်ဘဲ ရှိတတ်ကြ၏၊ ထို့ကြောင့် အာသနံစသော ပုဒ်၏ အဓိကရဏစသော အနက်များလည်း"ဝုတ္တ" ဖြစ်ကြောင်းကို သတိပြုပါ။

**တတ္ထ၊ပေ၊ဝစ္ဆယာ။** ။ထို ဝုတ္တဖြစ်သောအနက်၌ (ဝိဘတ်ထက် သတ္တိ ကောင်းသော အာချာတ်စသည်တို့က ကံကတ္တားစသောအနက်ကို ဟောပြီး ဖြစ်ရကား ဒုတိယာစသော ဝိဘတ်တို့ဟောဘို့ရာ အနက်မရှိသောကြောင့်) လိန့်အနက်မျှကို ထွန်းပြဘို့ရာ ပဌမာဝိဘတ်သာသက်ရတော့သည်။ [ဝိဝစ္ဆာ၌ ဝစဓာတ် , ဣစ္ဆာအနက်၌ ဘုဇ ဃသ ဟရ သုပါဒီဟိ – စသောသုတ်ဖြင့် "ဝတ္တုံ + ဣစ္ဆာ" ဟူသောအနက်၌ ဆပစ္စည်းသက်၊ "ဝဝ"ဟု ဒွေဘော်ပြု၊

www.dhammaransi.com



၄။ ကတ္တုကြမ္မနိ အာချာတံ, တဒ္ဓိတံ·ဝမိဝဇ္ဇိတော၊
သာမိဝဇ္ဇေ ကိတ္တမာသော–ခိလေ ဇာတိဝိသေသကေ၊
ကိတာဒိ ဝါစကာနာမ , ဂေါဏာ တေစ ဝိသေသနာ။

၄။ အာချာတံ- အာချာတ်သည်၊ ဇာတိဝိသေသကေ-သာမည, ဝိသေသဖြစ်သော၊ ဝါ-ဝိသေသျ, ဝိသေသနဖြစ်သော၊ ကတ္တုကြမ္မနိ-ကတ္တားအနက်, ကံအနက်၌၊ (ဘဝေ- ဖြစ်၏၊) တဒ္ဓိတံ-တဒ္ဓိတ်သည်၊ ဇာတိဝိသေသကေ-သာမည,ဝိသေသဖြစ်သော၊ဝါ- ဝိသေသျ,ဝိသေသနဖြစ်သော၊ အဝမိဝဇ္ဇိတေ-အပါဒါန်သည် ကြဉ်အပ်သောအနက်၌၊ ဘဝေ- ၏၊ ကိတံ – ကိတ်သည်၊ ဇာတိဝိသေသကေ - သော၊ ဝါ-သော၊ သာမိဝဇ္ဇေ – သာမိသည် ကြဉ်အပ်သောအနက်၌၊ ဘဝေ - ဖြစ်၏၊ သမာသော-သမာသ်သည်၊ ဇာတိဝိသေသကေ- သော၊ အခိလေ-အလုံးစုံသောအနက်၌၊ ဘဝေ-ဖြစ်၏၊ (ဧဝံသတိ-ဤသို့ ကတ္တား ကံအစရှိသောအနက်၌ ဖြစ်လသော်၊ ) ကိတာဒီ - ကိတ်အစရှိသော သဒ္ဒါတို့သည်၊ ဝါစကာနာမ – ဆိုင်ရာအနက်ကို ဟောတတ်သည်၏ အဖြစ်ကြောင့် ဝါစကတို့မည်၏၊ တေစ-ထို ကိတ်အစရှိသော ဝါစက တို့သည်လည်း၊ ဂေါဏာ – မပြဓာန်းကုန်သည်၊ (ဟုတွာ - ဖြစ်၍၊) ဝိသေသနာ-ဝိသေသနတို့သာတည်း၊ ( "အာချာတ်ဝါစကသည်သာ ပဓာနဝိသေသျဖြစ်သည်" ဟူလို။)

အဖွဲ့ာသမှည့်၊ အဖွဲ့ာသဝ၏ အကို ဇူပြု၊ တဒတ္တသမ္ပဒါန်အနက်၌ သသက်, အာယပြု၊ "ဝိဝဇ္ဇာယ"ဟု ဆိုလိုလျက် ဇ္ဇ၏ အာနှင့် ယ၏ အကို( ဆန်းတဲ့ အောင်) ရှေ့နောက်ပြန်၍ "ဝိဝဇ္ဇယာ"ဟု ဆိုသည်။]

---

၄။ **ကတ္တုကြမ္မနိတျာဒိ။** ။ "ကတ္တာဒေါ ယတ္ထ အာချာတံ " စသော ဂါထာ၌ "မည်သည့်သဒ္ဒါသည် မည်သည့်အနက်ကို ဟော၏ "ဟု မခွဲခြားဘဲ သာမညဆိုခဲ့၏၊ ထိုကြောင့် "မည်သည့်သဒ္ဒါသည် မည်သည့်အနက်ကို ဟော၏"ဟု ဝိသေသအားဖြင့် ခွဲခြားပြလိုသောကြောင့် "ကတ္တုကြမ္မနိ" စသည်ကို မိန့်သည်၊ အာချာတ်သည် ကတ္တား ကံဟူသော အနက်ကို ဟော၏၊ တဒ္ဓိတ်သည် အပါဒါန်ကြဉ်အပ်သော အနက်တို့ကို ဟော၏၊ ကိတ်သည် သာမိကြဉ် အပ်သော အနက်တို့ကိုဟော၏၊ သမာသ်ကား( တစုံတခုကိုမျှ မကြဉ်ဘဲ ) အနက်အားလုံးကို ဟောသည်။

www.dhammaransi.com



[ထိုအနက်များကို "ကာရက ၆ ပါး, ဘာဝ, သမ္ဗန်အားဖြင့် ၈ပါး" ဟု ပြောလေ့ရှိကြ၏၊ သို့သော် ဤကျမ်းကား အာချာတ်တဒ္ဓိတ်သမာသ်တို့အတွက် ဘာဝအနက်(ဝါစ္စ)ကို ပြလိုဟန် မတူ။]

**ကတ္တုကမ္မနိအာချာတံ။** ။ ဤ၌ အနက် ၂ ပါးကိုသာ ပြထားခြင်းမှာ သကမ္မကဓာတ်ကို ရည်ရွယ်၍ပြထားခြင်းတည်း၊ အမှန်အားဖြင့် "အာချာတ် သည် ဘော,ကံ,ကတ္တား ၃ပါးကိုပင်ဟော၏"ဟု ဋီကာတို့ဖွင့်ကြ၏၊ သို့သော် ဤကျမ်းဆရာသည် ဘာဝအနက်ကို ပြလိုဟန်မတူ၊ ဘာ့ကြောင့်နည်း–ဘော အနက်ကို ဝိဘတ်ပစ္စည်းတို့က အထူးမဟောရဘဲ ဓာတ်က ဟောရုံဖြင့် ပြီးနိုင် သောကြောင့်တည်း၊ "ပုရိသော မဂ္ဂံ ဂစ္ဆတိ" (ကတ္တားဟောပုံ)၊ "ပုရိသေန မဂ္ဂေါ ဂစ္ဆီယတေ" (ကံဟောပုံ) တည်း၊ ဘောဟောပုံစံကိုပြလိုလျှင် "ဒေဝ ဒတ္တေန သြဒနံ ပစ္စတေ-ချက်ခြင်း" ဟု ပြပါ။

**ဇာတိ ဝိသေသကေ။** ။"ဇာတိ-ဇာတ်"ဟူသည် အများနှင့် ဆက်ဆံ သော သာမညတည်း၊ [ ဘေဒစိန္တာ– ၃၂ , ၃၃, ဂါထာကို ကြည့်ပါ။ ] "ပုရိသော ဂစ္ဆတိ" ပုံစံဝယ် ဂစ္ဆတိ၌ တိဝိဘတ်သည် သွားစွမ်းနိုင်သော သတ္တာ အားလုံး၏ သွားခြင်း ကြိယာကို ပြီးစေနိုင်သော သာမည ကတ္တား အနက်ကိုရင်း , ဤဝါကျဝယ် အလိုရှိအပ်သော ယောကျ်ား၏ သွားခြင်း ကြိယာကို ပြီးစေနိုင်သော ဝိသေသကတ္တား အနက်ကိုရင်း ဟော၏၊ "မဂ္ဂေါ ဂစ္ဆီယတေ"ဟူသော ကံဟောပုံစံ၌လည်း တေဝိဘတ်သည် သွားခြင်းကြိယာ ဖြင့် ရောက်အပ်သော မြို့–ရွာ စသော အရပ်အားလုံး၏ သာမညကံ အနက် ကိုရင်း, လမ်းခြင်း၏ ဝိသေသကံ အနက်ရှိရင်း ဟော၏၊ ထို့ကြောင့် ဇာတိ ဝိသေသကေ ကတ္တု ကမ္မနိ"ဟု ဆိုသည်၊ ဤသို့ ၂ မျိုးဟောနေသောကြောင့် ထင်ရှားအောင်"ပုရိသော"ဟုရင်း "မဂ္ဂေါ"ဟုရင်း ဝိသေသန ကူမရသည်။

**တဒ္ဓိတံ ဝမိဝဇ္ဇိတေ ။** ။ ဤကျမ်း၌ တဒ္ဓိတ်၏ဟောရာ အနက်တို့တွင် အဝမိကိုကြဉ်သော်လည်း ဘေဒစိန္တာ၌ကား "ဂေါတ္တံ"ကို ပုံစံထုတ်၍ အဝမိ ခေါ် အပါဒါန်ကိုလည်း ဟော၏ဟု ဆို၏၊ " ဘာဝ ဣ ဗုဒ္ဓိသဒ္ဒါ တေသ္မာတိ ဘာဝေါ"ဟု အပါဒါန သာနေပြု၍ ဘာဝေါအရ အပါဒါန်အနက်ကို ရ၏၊ "ဂေါသ + ဘာဝေါ ဂေါတ္တံ " ဟု ပြုသောအခါ ထိုဘာဝ၏ အပါဒါန် အနက်ကိုပင် တ္တပစ္စည်းက ဟော၏၊ ထို့ကြောင့် " တဒ္ဓိတ်သည် အပါဒါန (အဝမိ) အနက်ကိုလည်း ဟော၏"ဟု ဘေဒစိန္တာကျမ်းက ဆိုလိုသည်။

**ဇာတိဝိသေသကေ။** ။"အာဘိဓမ္မိကော ဘိက္ခု"ဟူသောကတ္တားဟော ပုံစံဝယ် အာဘိဓမ္မိကော၌ ဏိကပစ္စည်း ဟူသော တဒ္ဓိတ်သည် သာမဏေ, ဥပါသကာ–စသူတို့၏ အဘိဓမ္မာကို ဆောင်စွမ်းနိုင်သော သာမညကတ္တား အနက်ကိုရင်း,ဤဝါကျဝယ် အလိုရှိအပ်သောရဟန်း၏ အဘိဓမ္မာဆောင်စွမ်း

www.dhammaransi.com



နိုင်သော ဝိသေသကတ္တား အနက်ကိုလည်း ဟော၏၊ ထို့ကြောင့် “ ဇာတိ ဝိသေသကေ”ဟု ဆိုသည်၊ ဤသို့ ၂ မျိုးဟောနေသောကြောင့်ပင်“ဘိက္ခု” ဟု ထင်ရှားအောင် ဝိသေသန ကူမရသည်။ [ ကံဟော တဒ္ဓိတ် စသည်များ ၌လည်း ဤနည်းအတိုင်းမှတ်၍ ပုံစံများဇိုကား– ဘေဒစိန္တာ ( ၂၆၁, ၂ ) ဂါထာတို့မှ ယူပါ။ ]

**သာမိဝစ္စေ။** ။ဘေဒစိန္တာ၌လည်း“ကိတ်ဝါစကသည် သာမိ (သမ္ဗန်) ကို မဟော”ဟု ဆို၏၊ ပုံစံများကို ဘေဒစိန္တာ (၃၃၁, ၂ ) ဂါထာတို့၌ယူပါ၊ “ပါစကော ဘတ္တကာရော”၌ ပါစကောဝယ် ဏွုပစ္စည်းဟူသောကိတ်သည် လူအားလုံး၏ ချက်စွမ်းနိုင်သည်၏ အဖြစ်ဟူသော သာမညကတ္တား အနက်, စဖိုသည်၏ ချက်စွမ်းနိုင်သည်၏ အဖြစ်ဟူသော ဝိသေသကတ္တား အနက်ကို ဟော၏၊ ထိုသို့ ၂ မျိုးဟောနေသောကြောင့်“ဘတ္တကာရော”ဟု ဝိသေသန ကူမရသည်၊ ဤသို့စသည်ဖြင့် ကံဟောစသောပုံစံများ၌လည်း အမိပ္ပါယ်သိပါ။

**သမာသော အဝိလေ။** ။“သမာသ်သည် အနက်အားလုံးကို ဟော၏” ဟု ဆိုရာ၌ ပုံစံကို ဘေဒစိန္တာ“ ဇိတမာရော ဇိနော ” စသော ( ၂၃၃ , ၄) ဂါထာတို့၌ ယူပါ၊ “ ဇိတမာရော ”သည် ဘုရား , ပစ္စေကဗုဒ္ဓါ , သာဝက ဖြစ်သော ရဟန္တာအားလုံး၏မာရ်ကို အောင်စွမ်းနိုင်သော သာမညကတ္တား အနက်, ဘုရားရှင်၏မာရ်ကို အောင်စွမ်းနိုင်သော ဝိသေသကတ္တားအနက်ကို ဟော၏၊ ဤသို့ ၂ မျိုးဟောနေသောကြောင့် “ဇိနော”ဟု ဝိသေသန ကူမ ရသည်၊ ကံဟော သမာသ်ပုံစံစသည်၌လည်း ဤနည်းအတိုင်း သိပါ။

**ကိတာဒီ ဝါစကာနာမ။** ။ဆိုခဲ့ပြီးသောစကား၌ “ကိတ်သည် သာမိ ကြဉ်အပ်သောအနက်၌ ဖြစ်၏” စသည်ကိုထောက်၍ ကိတ်, သမာသ်, တဒ္ဓိတ် ၃ ပါးတို့သည် ထို အနက်များကို ဟောကြရကား “ဝါစက–ဟောတတ်သော သဒ္ဒါ” ဟု အမည်ရကြသည်။ [ အာချာတ်၏ ဝါစက အမည်ရကြောင်းမှာ ထင်ရှားသောကြောင့်၎င်း, “ဂေါဏာ တေစ ဝိသေသနာ” ဟူသော နောက် စကားတွင် မပါနိုင်သောကြောင့်၎င်း အာချာတ်ကိုချန်၍ “ ကိတာဒီ ” ဟု ဆိုဟန်တူသည်။ ]

**ဂေါဏာ ဝိသေသနာ။** ။ထိုသို့ ဝါစကအမည် ရကြသော်လည်း ဝါကျ တခု (စကားတရပ်) ၌ ပဓာနမဖြစ်ကြ၊ ဥပမာ–“ပါစကော ပစတိ”ဟူသော ဝါကျ၌ “ ပစတိ ” ဟူသော အာချာတ်သာ ပဓာနဖြစ်၍ ပါစကောဟူသော ကိတ်သည် အပဓာန ဖြစ်ရသကဲ့သို့ တည်း၊ အပဓာန ဖြစ်သောကြောင့်ပင် အာချာတ်ကို အထူးပြုရသော ဝိသေသနလည်း ဖြစ်ရတော့၏။ [ ဂုဏေန္တိ ဒဗ္ဗံ ပကာသေန္တီတိ ဂုဏာ=မိမိ၏တည်ရာဒြဗ်ကို ထင်ရှားပြတတ်သောသော ကြောင့်“ဝိသေသန”ဟူသမျှကို ဂုဏ (ဂုဏ်) ဟု ခေါ်၏၊ ဂုဏာယေဝ–ဂုဏ်

www.dhammaransi.com



၅။ ဝုတ္တာဿာဒိ ပရံ သဉ္ဉံ့, သေသာ လိင်္ဂဒိဂါဟိနော၊
နာမာနမ္ဘေ စယေ ဝါကျံ့,ဂေါဏာသမ္ဘာ စယဂ်သာ။

၅။ အာဒိ – ဤကျမ်း၌ အစဖြစ်သော အာချာတ်ဝါစကသည်၊ ဝုတ္တဿ – မိမိဟောအပ်သော အနက်၏၊ ဝါ – မိမိဟောအပ်သော အနက်ထက်၊ ပရံ–အလွန်၊ သဉ္ဉံ -သဉ္ဉာကို၊ (ဂဏှာတိ- ယူနိုင်၏၊) သေသာ - အာချာတ်မှကြွင်းသော ကိတ် သမာသ် တဒ္ဓိတ် ဝါစက ၃ ပါးတို့သည်၊ ဝုတ္တဿ-၏၊ ဝါ-ထက်၊ပရံ-အလွန်၊ လိင်္ဂဒိဂါဟိနော- လိန် အစရှိသည်ကို ယူနိုင်ကုန်၏၊ နာမာနံ – နာမ်တို့၏၊ စယေ – ပေါင်းစည်းရာ ဒွန်အရာ၌၊ဝါကျံ-ဝါကျသည်၊စေ ဟောတိ-အကယ်၍

ဝိသေသနတို့သည်ပင်+ ( သွတ္တ၌ ဏာပစ္စည်းသက်၍ ) ဂေါဏာ– ဂေါဏတို့ မည်၏။]

"အဘိဝါဒိယ ဘာသိဿ"၌ အဘိဝါဒိယ၏ အပဓာန ဖြစ်ပုံ, ကြိယာ ဝိသေသန ဖြစ်ပုံကိုရင်း, "အာဘိဓမ္မိကော အဘိဓမ္မံ ဘာသတိ"၌ အာဘိ ဓမ္မိကော ဟူသော တဒ္ဓိတ်၏ အပဓာန ဝိသေသန ဖြစ်ပုံကိုရင်း, "ဇိတ မာရော ဓမ္မံ ဒေသေတိ"၌ ဇိတမာရောဟူသောသမာသ်၏ အပဓာနဝိသေသန ဖြစ်ပုံကိုရင်း သိပါ။ ["ပုရိသော မဂ္ဂံ ဂတော "ဟု ကိတ်ကြိယာကို ဝါကျ၏ အဆုံးသတ် ပဓာန အဖြစ်ဖြင့် ထားသော်လည်း ထိုဂတော၏ နောက်၌ "ဟောတိ"စသော အာချာတ်ကြိယာ ဝင်နိုင်သေးသောကြောင့်"ဂတော" လည်း အပဓာနပင်ဖြစ်ရသည်။

**မှတ်ချက်။** ။ဤဂါထာကျမှ"ကိတာဒိ ဝါစကာနာမ"ဟု ကိတ်စသည်ကို ဝါစကအမည် ပေးသောကြောင့် ရှေးရှေး ဂါထာများ၌ " အာချာတံ— အာချာတ်သည်၊ ကိတံ–ကိတ်သည်" ဟု ဝါစကအမည်မပါဘဲ အနက်ပေးမှ ဤကျမ်းဆရာ၏ အာဘော် (နှလုံးသွင်း) အမှန်ကျမည်၊ ထို့ကြောင့် "အဝဓိ ဝဇ္ဇိတေ– အဝဓိသည် ကြဉ်အပ်သော ဝါစ္စ ၇ ပါး၌ "ဟု " ဝါစ္စ " ဟူသော စကားလုံးကိုလည်း မသုံးစွဲဘဲ အနက်ပေးခဲ့ရသည်။

---

၅။ **ဝုတ္တ၊ပေ၊ဂါဟိနော။** ။[ဤမှနောက်၌ ဝါစကနာမည် တပ်နိုင်ပြီ။] အာချာတ်နှင့် ကိတ်စသော ဝါစကတို့၏ မိမိဟောအပ်သော ဝါစ္စအနက်,အဗို ယူအပ်သော အနက်များကို ပြလို၍ " ဝုတ္တာဿာဒိ " စသည်မိန့်၊ "ကတ္တာဒေါ ယတ္ထ အာချာတံ" စသည်ဖြင့် အာချာတ်ကို အစထား၍ ဆိုခဲ့သောကြောင့်

www.dhammaransi.com



ဖြစ်အံ့၊ ( ဧဝံသတိ–ဤသို့လသော်၊ ) ဂေါဏာသဉ္ဇာ–မပြဋ္ဌာန်းသော ဝိသေသနပုဒ်၏ သဉ္ဇာတို့သည်၊ စယဂ်သာ–အပေါင်း၌လည်း မှီကုန်, အစိတ်၌လည်း မှီကုန်သည်၊ ဝါ- စယာသိတသဉ္ဇာ, အင်္ဂါသိတသဉ္ဇာ တို့သည်၊ (ဟောန္တိ–ရှိနိုင်ကုန်၏။)

"အာဒိ"ဖြင့် အာချာတ်ဝါစကကို ဆိုသည်ဟု မှတ်၊ အာချာတ်ဝါစကသည် မိမိဟောအပ်သော အနက်ထက်အလွန် သဉ္ဇာကိုသာ ယူသည်၊ " ပုရိသော ပစတိ " (ကေဝုစ်သဉ္ဇာယူပုံ)၊ "ပုရိသာ ပစန္တိ" (ဗဟုဝုစ်သဉ္ဇာယူပုံ) တည်း၊ လိင်ကိုကား မယူ၊ ဘာ့ကြောင့်နည်း — မိမိဟူသော အာချာတ် ကိုယ်တိုင်က လိင်မရှိသောကြောင့်တည်း။

**သေသာလိင်္ဂါဒိ ဂါဟိနော**။ ။ကိတ် သမာသ် တဒ္ဓိတ်တို့ကား လိင် သဉ္ဇာတို့ကိုယူကုန်၏၊ "ပါစကော ပုရိသော, ပါစကာ ပုရိသာ, ပါစိကာ ဣတ္ထီ, ပါစိကာယော ဣတ္ထိယော၊ ပါစကံ ကုလံ, ပါစကာနိ ကုလာနိ " ဟု ကိတ်၌ ၎င်း, "ဘူမိဂတော ပုရိသော, ဘူမိဂတာ ဣတ္ထီ, ဘူမိဂတံ ကုလံ"စသည်ဖြင့် သမာသ်၌၎င်း, " နာဝိကော ပုရိသော , နာဝိကာ ဣတ္ထီ, နာဝိကံ ကုလံ " စသည်ဖြင့် တဒ္ဓိတ်၌၎င်း လိင်သဉ္ဇာယူပုံကို သိပါ။

**နာမာနံ၊စေ၊စယဂ်သာ**။ ။ဒွန်သည် သမာသ်ဒွန် ဝါကျဒွန် ဟု ၂ မျိုး ရှိ၏၊ ထိုတွင် ဝါကျဒွန်အတွက် သဉ္ဇာယူပုံနှင့်စပ်၍ မှတ်ဘွယ်အချက်ကို ပြလို သောကြောင့်"နာမာနံ စေ စယေ ဝါကျံ"စသည်ကိုမိန့်သည်၊ ဝါကျဒွန်အရာ၌ အပဓာန ဝိသေသနပုဒ်၏ သဉ္ဇာတို့သည် နောက်ကြိယာကို စပ်သောအခါ စယာသိတသဉ္ဇာ , အင်္ဂါသိတသဉ္ဇာဟု ၂ မျိုးရှိနိုင်ကြသည်။ [ စယောစ– ပေါင်းစပ်သောအပေါင်းလည်း+အင်္ဂံစ-အစိတ်လည်း၊ စယင်္ဂါနိ-အပေါင်း အစိတ်တို့၊ စယင်္ဂေသု–တို့၌+ သယန္တိ အာသယန္တိ – မှီတတ်ကုန်၏၊ ဣတိ စယဂ်သာ၊သိဓာတ် အပစ္စည်းဖြင့်"သ"ဟု ပြီးစေ၊"စယာသိတ,အင်္ဂါသိတ" ဟုလည်း ခေါ်သည်။]

**ပုံစံ** ။ ။ သမဏောစ ဗြာဟ္မဏောစ ဂစ္ဆတိ၊ ဤပုံစံသည် သွားခြင်း ကြိယာအားဖြင့် တူသောကြောင့် ပေါင်းစပ်အပ်သော ကြိယာ၌ သမဏော ဗြာဟ္မဏောဟူသော ပုဒ်တို့က မှီပုံ ( စယာသိတ ကေဝုစ်သဉ္ဇာ ) တည်း၊ သမ ဏောစ ဗြာဟ္မဏောစ ဂစ္ဆန္တိ၊ ဤ၌ကား သမဏ၏သွားခြင်းကြိယာက တခု၊ ဗြာဟ္မဏ၏သွားခြင်းကြိယာက တခု၊ ဤသို့ ၂ ခုဖြစ်၍ "ဂစ္ဆန္တိ"ဟု အစိတ် အစိတ်ကြိယာကိုမှီသော (အင်္ဂါသိတ) ဗဟုဝုစ်သဉ္ဇာရှိရသည်။

**မှတ်ချက်**။ ။ "ဝါကျဒွန်အရာ၌ စယာသိတသဉ္ဇာ, အင်္ဂါသိတသဉ္ဇာ ၂ မျိုးရနိုင်၏ " ဟု ဤသဒ္ဒါကျမ်း၏ခွင့်ပြုချက်အရ ဒွန်ကမ္မဝါစာ၌"အယံစ

www.dhammaransi.com



၆။ ပကတီ ဝိကတီစာပိ, ယတြ ဝုတ္တံ ဒွယမ္ပိစ၊
ဝါစကော ပကတီသင်္ချံ, ဂစ္ဆာတိဿာ ပဓာနတော။

၆။ ယတြ-အကြင်ဝါကျ၌၊ ပကတီစ-ပကတိကံ,ကတ္တားလည်း ဖြစ်သော၊ဝိကတီစာပိ-ဝိကတ်ကံ ကတ္တားလည်းဖြစ်သော၊ ဒွယမ္ပိစ-၂ မျိုးလုံးကိုလည်း၊ ဝုတ္တံ-ဆိုအပ်၏၊ တတြ-ထိုဝါကျ၌၊ ဝါစကော-ဝါစက ဖြစ်သော အာချာတ်, ကိတ်သည်၊ ပကတီသင်္ချံ-ပကတိ ကံ ကတ္တား၏ သင်္ချာကို၊ ဂစ္ဆာတိ - ယူရ၏၊ (ကသ္မာ-အဘယ့်ကြောင့် နည်း၊) အဿာ-ထို ပကတိ၏၊ ပဓာနတော-ပြဓာန်းသည်၏ အဖြစ် ကြောင့်တည်း။

နာဂေါ အယံ စ ဒတ္တော အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော (ဟောတိ)" ဟု စယာဒိသိတသင်္ချာဖြင့် သော်၎င်း, "ဥပသမ္ပဒါပေက္ခာ (ဟောန္တိ)"ဟု အင်္ဂါသိတသင်္ချာဖြင့်သော်၎င်း ရွတ်ဆိုကြ၏၊ ထိုတွင် စယာ သိတသင်္ချာဖြင့် ရွတ်သူတို့သည်"ပရိပုဏ္ဏဿ ပတ္တစီဝရံ"၌လည်း ကေဝုစ်ဖြင့် ပင် ရွတ်ဆိုကြ၏၊ ထိုသို့ ရွတ်ရာ၌ "အဿ"တပုဒ်ထည်းက နာဂနှင့် ဒတ္တကို ခွဲနိုင်မည်တဲ့လော၊ သို့မဟုတ်"ပရိပုဏ္ဏံ အဿစ အဿစ"ဟု သမ္ဗန္ဓာမ် ဒွန် လုပ်ကောင်းသတဲ့လော၊ ထို့ကြောင့် "ဥပသမ္ပဒါပေက္ခော ပရိသုဒ္ဓေါ ယာ စတိ"တို့၌ ကေဝုစ်သင့်စေကာမူ"အဿ"ကို ကေဝုစ်ရွတ်ရာ၌ကား စဉ်းစား ဘွယ် ကောင်းလှ၏။

ဆရာတို့ကား "ဇာမေ နာဂဒတ္တာ"မှ စ၍ ဆိုင်ရာ စပ်ပုဒ်များကို ဗဟုဝုစ် ချည်း ရွတ်ဆိုတော်မူကြ၏၊"အယဉ္စ ဝိတဏ္ဍော အယဉ္စ ဝိစာရော(ကေဝုစ်) သန္တာ ဟောန္တိ" (ဗဟုဝုစ်)၊ ဤသို့ ဈာနဝိဘင်းပါဠိတော်၌ ရှိသောကြောင့် "အယဉ္စနာဂေါ,အယဉ္စဒတ္တော၊ပေ၊ဥပသမ္ပဒါပေက္ခာ၊ပရိသုဒ္ဓါ၊ပေ၊ပရိပုဏ္ဏံ ဇာမေသံ ပတ္တစီဝရံ"ဟု လည်း ရွတ်ဆိုနိုင်ပါသည်။ [ကုဋ္ဌိကာရသိက္ခာပုဒ် ကုဋ္ဌိ ဝတ္ထုပြဲလောကနသမ္မုတိကမ္မဝါစာ၌လည်း ဤနည်းပင် လာ၏။]

---

**၆။ ပကတီ၊ပေ၊ပဓာနတော။** ။"ဝုတ္တဿာဒိ ပရံ သင်္ချံ"နှင့် စပ်၍ ပကတိ ဝိကတိ ၂ ပါးရှိရာ၌ သင်္ချာယူပုံကို ပြလိုသောကြောင့် "ပကတီ" စသည်မိန့်၊ တဝါကျထည်း၌ ကတ္တားဖြစ်စေ ကံဖြစ်စေ ပကတိ ဝိကတိ ၂မျိုး ရှိလျှင် အာချာတ်ဝါစက (အာချာတ်ကြိယာ) သို့မဟုတ် ကိတ်ဝါစက (ကိတ် ကြိယာ ) သည် ပကတိကတ္တား ပကတိကံ၏ သင်္ချာကိုသာ ယူရရိုးတည်း၊ ဘာ့ကြောင့်နည်း....ပကတိပုဒ်၏ အနက်က အရင်းခံပဓာန ဖြစ်သောကြောင့်

www.dhammaransi.com



တည်း။[“ပဌမံ+ကရီယတီတိ ပကတိ”နှင့်အညီ ပဌမပြုအပ်ဖြစ်စေအပ်သော အနက်သည် ပကတိမည်၏၊ “ဝိကရီယတီတိ ဝိကတိ”နှင့်အညီ ပဌမဖြစ်ပြီး အရာဝတ္ထုမှ ထူးခြားအောင် ပြုအပ်, ဖြစ်စေအပ်သောအနက်သည် ဝိကတိ မည်၏၊ ကရဓာတ် တိပစ္စည်းဖြစ်၍“ပကတိ–ဝိကတိ”ဟု ဇူကာရန္တဖြင့်သာ ရှိသင့်သော်လည်း (န) ဂိုဏ်း မဖြစ်စေလိုသောကြောင့် “ ပကတိ ” ဟုရင်း, ဇဂိုဏ်းရအောင် “ဝိကတိ”ဟုရင်း ဆိုသည်၊ သဂ္ဂပတ္တဥ္စကား နိဂ္ဂဟိတ်လာ၍ “ပကတိံ ဝိကတိဉ္စာပိ”ဟု ဆိုလေ၏။]

**ပုံစံ ။** ။ တန္တဝေါ ပဋော ဘဝန္တိ– ချည်မျှင်တို့သည် အဝတ်ဖြစ်လာ ကုန်၏၊ ဤပုံစံ၌ ချည်မျှင်သည် ပင်ကိုယ် ( နဂိုရ် ) ဝတ္ထု ဖြစ်သောကြောင့် ပကတိတည်း၊ အဝတ်ကား ထိုချည်မျှင်များကို နဂိုရ်အနေမှ ထူးခြားအောင် ပြုအပ်သောကြောင့် ဝိကတိတည်း၊ ပကတိ၏ ဗဟုတ္တသင်္ချာကို ယူ၍“ဘဝန္တိ” ဟု အာချာတ်ဝါစက (အာချာတ်ကြိယာ) ဖြစ်ရသည်။

ဗိရဏာနိ ကဋော ကရီယန္တေ=သင်မြက်တို့ကို သင်ဖြူးကို ပြုအပ်ကုန်၏၊ ဤပုံစံ၌လည်း ဗိရဏာနိဟူသော ပကတိ၏ ဗဟုတ္တသင်္ချာကို ယူ၍ “ ကရီ ယန္တေ ” ဟု အာချာတ်ဝါစက၌ ဗဟုတ္တ ဖြစ်ရသည်၊ သုဝဏ္ဏာနိ ကုဏ္ဍလံ ကရီယန္တေ = ရွှေတို့ကို နားဒောင်း လုပ်အပ်ကုန်၏၊ တဏ္ဍုလာ ဩဒနော ပစ္စန္တေ=ဆန်တို့ကို ထမင်းချက်အပ်ကုန်၏”တို့၌လည်း နည်းတူ။

**ကိတ်ပုံစံ။** ။ “ တန္တဝေါ ပဋော ဘူတာ = ချည်မျှင်တို့သည် အဝတ် ဖြစ်ကုန်၏၊ ဗိရဏာနိ ကဋော ကတာနိ၊ သုဝဏ္ဏာနိ ကုဏ္ဍလံ ကတာနိ၊ တဏ္ဍုလာ ဩဒနော ပစိတာ”ဟု ကိတ်ပုံစံကို သိပါ။ [“ဝါစကော ပကတိ သင်္ချံ ဂဏှာတိ”ဟု သင်္ချာကိုမှတ်၍ ဥပလက္ခဏနည်းအားဖြင့် ဆိုထားသည်၊ ကိတ်ဝါစကကား သင်္ချာသာမက, ပကတိ၏ လိင်ကိုလည်း ယူရသည်။]

**မှတ်ချက်။** ။နဂိုရ်မူလ သင်မြက်, ရွှေ စသော ဝတ္ထုများကိုသာ ပကတိ ဟုရင်း, ထို သင်မြက်, ရွှေ စသည်မှ တမျိုးတဖုံ ပြောင်းလွဲပြုလုပ်အပ်သော သင်ဖြူး နားဒောင်း စသော ဝတ္ထုများကိုသာ ဝိကတိ ဟုရင်း, ရှေးဋီကာတို့ ဖွင့်ကြ၏၊ မြန်မာဆရာတို့ကား ကတ္တား ၂ ခု ကံ ၂ ခုရှိလျှင် ရှေးရှေး ကတ္တား ကံကို ပကတိ, နောက်နောက် ကတ္တားကံကို ဝိကတိဟု ခွဲလေ့ရှိကြ၏၊ စာမေး ပွဲများ၌လည်း ထိုအခွဲအတိုင်း သုံးစွဲကြသည်၊ အမှန်မှာ–ကတ္တား ၂ခု, ကံ၂ခု ရှိတိုင်း ပကတိ ဝိကတိ မဟုတ်ပါ၊ တချို့နေရာ၌“သာမညာ-ဝိသေသ,သညာ နာမ–သညီနာမ”ပုဒ်တို့လည်း ရှိတတ်ပါသည်။ [ “ တတ္ထောဒန္တာ သရာ အဋ္ဌ”၌ “အဋ္ဌ အက္ခရာ”သည် သညီနာမ, “သရာ”သည် သညာနာမ–ဟု ခွဲရသကဲ့သို့တည်း။]

www.dhammaransi.com



၇။ ဘေဒေါ ဝိသေသနံ ဘေဒ္ဒံ, ဝိသေသျံ တံ ဒွယံ ယဒိ၊
တုလျတ္ထံ ဘေဒကံ ဘိယျော, ဘေဒျလိင်္ဂါဒိဂါဟကံ။

၇။ ဘေဒေါ – အထူးပြုတတ် ခွဲခြားတတ်သော အနက်သည်၊ ဝိသေသနံ- ဝိသေသနမည်၏၊ ဘေဒ္ဒံ - အထူးပြုအပ် ခွဲခြားအပ်သော အနက်သည်၊ ဝိသေသျံ- ဝိသေသျ မည်၏၊ တံ ဒွယံ – ထို ဝိသေသန ဝိသေသျ ၂ ပါးအပေါင်းသည်၊ ဝါ-ထို ဝိသေသန ဝိသေသျ ၂ ပါး ကို ဟောသော သဒ္ဒါသည်၊ တုလျတ္ထံ–တူသော အနက်ရှိသည်၊(ယဒိ ဟောတိ–အကယ်၍ ဖြစ်အံ့၊ ဧဝံ သတိ–ဤသို့ဖြစ်လသော်၊) ဘေဒကံ- အထူးပြုတတ် ခွဲခြားတတ်သော ဝိသေသနသည်၊ဘိယျော-များသော အားဖြင့်၊ ဘေဒျလိင်္ဂါဒိဂါဟကံ – ဝိသေသျ၏ လိင် အစရှိသည်ကို ယူတတ်သည်၊ ဟောတိ–ဖြစ်၏။

၇။ **ဘေဒေါ၊ ပေ၊ ဝိသေသျံ**။ ။"ဘိန္ဒတိ– ခွဲခြားတတ်၏၊ ဇူတိ ဘေဒေါ"နှင့်အညီ, အများဆက်ဆံ၍ သာမညဖြစ်သောအနက်ကို အများနှင့် မရောအောင်ခွဲခြားတတ်သောကြောင့် ဝိသေသနကိုပင်"ဘေဒ (ဘေဒက)" ဟု ခေါ်၏၊ " ဘိဇ္ဇတေ–ခွဲခြားအပ်၏၊ ဇူတိ ဘေဒ္ဒံ "နှင့်အညီ အများနှင့် ရောနှော ဆက်ဆံနေသောကြောင့် မရောအောင် ခွဲခြားထိုက်သော ခွဲခြားဘို့ သင့်တော်သော ဝိသေသျကို"ဘေဒျ"ဟု ခေါ်၏။ [ဘိဒဓာတ် ဏျပစ္စည်း။]

**တံ ဒွယံ၊ ပေ၊ ဂါဟကံ**။ ။ထိုဘေဒက– ဘေဒျ (ဝိသေသန-ဝိသေသျ) ၂ ပါးသည် တူသောအနက်ရှိသော တုလျာဓိကရဏ, ( တပသာ ဥတ္တမော– ကဲ့သို့ )မတူသော အနက်ရှိသော ဘိန္နာဓိကရဏ ဝိသေသန ဟု ၂ မျိုးရှိ၏၊ ထို့ကြောင့် " ယဒိ တံ ဒွယံ တုလျတ္ထံ " ဟု ယဒိသဒ္ဒါဖြင့် ဆိုသည်၊ ထိုသို့ တုလျာဓိကရဏ ဖြစ်လျှင် ဘေဒျ ( ဝိသေသျ )၏ လိင်သင်္ချာ ဝိဘတ်တို့ကို ဘေဒက ( ဝိသေသန )ပုဒ်က ယူရသည်။ [ ဘိန္နာဓိကရဏ ဖြစ်လျှင်ကာ ဝိသေသျ၏လိင်သင်္ချာကို ယူဘွယ်မလိုပါ။]

**ပုံစံ**။ ။မဟန္တော ပုရိသော,မဟန္တာ ပုရိသာ (ပုရိသဟူသောဝိသေသျ၏ ပုလ္လိင်နှင့် ဧကတ္တ ဗဟုတ္တသင်္ချာကို မဟန္တဟူသော ဝိသေသနပုဒ်က ယူရပုံ တည်း၊) "မဟန္တီ ဣတ္ထီ, မဟန္တိယော ဣတ္ထိယော, မဟန္တံ ကုလံ, မဟန္တာနိ ကုလာနိ" တို့၌လည်း နည်းတူ။ [ဋီကာ၌"ပဏ္ဍိတော ဒွိဇော=ပညာရှိသော ပုဏ္ဏား၊ ပဏ္ဍိတာ ဒွိဇာ= ပညာရှိကြသောပုဏ္ဏားတို့"ဟု ပုံစံထုတ်၏။]

**ဘိယျော**။ ။တရံတခါ ဝိသေသန လိင်သင်္ချာတို့က နိစ္စ (မပြောင်းလွဲ နိုင်အောင် မြဲသော)ပုဒ်လည်း ရှိသေး၏၊ ထိုအခါ၌ ဝိသေသျ၏ လိင်သင်္ချာကို

www.dhammaransi.com



၈။ သာဓမ္မသာဓနံ သိဒ္ဓ, မသိဒ္ဓသော·ပမာနကံ၊
ဥပမေယျမသိဒ္ဓံ တံ, ဒွယမေကဝိဘတ္တိကံ၊

၈။ အသိဒ္ဓဿ - မထင်ရှားသော ဝတ္ထုကို၊ သာဓမ္မသာဓနံ - တူသော သဘောရှိသည်၏ အဖြစ်ဖြင့် ပြီးစေတတ်သော၊ သိဒ္ဓံ-ထင်ရှားသော ဝတ္ထုသည်၊ ဥပမာနကံ - ဥပမာနမည်၏၊ အသိဒ္ဓံ - မထင်ရှားသော ဝတ္ထုသည်၊ ဥပမေယျံ - ဥပမေယျ မည်၏၊ တံ ဒွယံ - ထို ဥပမာန ဥပမေယျ ၂ပါး အပေါင်းသည်၊ ဝါ-ထို ဥပမာန ဥပမေယျ ကို ဟောသော ပုဒ် ၂ ပါး အပေါင်းသည်၊ ဧကဝိဘတ္တိကံ - တူသော ဝိဘတ်ရှိသည်၊ (ဟောတိ–ဖြစ်၏။)

မယူနိုင်သောကြောင့် " ဘိယျော " ဟု ဆို၏၊ " များသောအားဖြင့် ယူရိုးတည်း, အနည်းငယ်အားဖြင့် မယူသောအရာလည်း ရှိပါ၏"ဟူလို။ [ဝိသတိ စိတ္တာနိ– နှစ်ဆယ်သော+ စိတ်တို့" စသည်တည်း၊ ဘေဒစိန္တာ (၁၉၄, ၅) "ဝိသေသျေ ဒိဿမာနာ ယာ"စသောဂါထာများနှင့် သဘောတူ၁င်တည်း၊ ထိုဂါထာများ၌ အဓိပ္ပါယ်ကို ဘေဒစိန္တာ၌ အကျယ်ပြခဲ့ပြီ။

---

၈။ သာဓမ္မ၊ပေ၊ဝိဘတ္တိကံ။ ။ဝိသေသန ဝိသေသျနှင့် သဘောချင်း တူသော ဥပမာနဥပမေယျပုဒ်တို့၏လည်း ဝိဘတ်တူရပုံကို ပြလိုသောကြောင့် " သာဓမ္မ " စသည်မိန့်၊ ထို ဥပမာန ဥပမေယျတို့လည်း များသောအားဖြင့် လိန်သန်ါပါ တူကြရသည်။ [ အလင်္ကာကျမ်း ဥပမာ အလင်္ကာအခန်းကို ကြည့်ပါ။] ဥပမာနဟူသည် (မထင်ရှားသော ဥပမေယျအနက်ကို) အများ နားလည်အောင် ( ဥပမာဆောင်၍ ) ပြရသော အနက်တည်း၊ ထို့ကြောင့် ဥပမာနသည် သိဒ္ဓ( လောက၌ ထင်ရှားပြီးသော = အများသိအပ်ပြီးသော) အနက်ဖြစ်ရ၏၊ ဥပမေယျကား အသိဒ္ဓ(မထင်ရှားသော=အများနားမလည် သေးသော) အနက်ဖြစ်သည်။

**သာဓမ္မ သာဓနံ** ။ ။ သမာနော – ဥပမေယျနှင့်တူသော + ဓမ္မော – သဘောသည်၊ ယဿာတိ သဓမ္မော၊ ( သမာနကို သ-ပြု၊ ) သဓမ္မဿ – တူသောသဘောရှိသော အနက်၏+ ဘာဝေါ– ဖြစ်ကြောင်းဖြစ်ရာ (အတူ ဂုဏ်) တည်း၊ သာဓမ္မံ – ဂုဏ်၊ [ဘာဝအနက်၌ ဏပစ္စည်း၊] သာဓမ္မေန– ဖြင့်+သာဓနံ–ပြီးစေတတ်သောဝတ္ထုတည်း၊ သာဓမ္မသာဓနံ–ဣ၊ ထိုဝတ္ထု သည် ဥပမာန နာမည်ရ၏၊ ထို ဝတ္ထုကို ဟောသော သဒ္ဒါလည်း အနက်ကို အကြောင်းပြု၍ ကာရဏူပစာရအားဖြင့် ဥပမာနမည်၏။

www.dhammaransi.com



၉။ ပယုတ္တော ဂမ္ယမာနေဝါ, ဝုတ္တော တုမှမ္ဟိ မဇ္ဈိမော၊
တထုတ္တမော ဘဝေမှမ္ဟိ, သေသမ္ဟိ ပဌမော ဘဝေ။

၉။ ဝုတ္တော – အာချာတ်ဝါစကသည် ဟောအပ်သော၊ တုမှမ္ဟိ– တုမှ သဒ္ဒါကို။ ပယုတ္တောဝါ-တိုက်ရိုက် ယှဉ်ကပ် သုံးစွဲအပ်သော်၎င်း၊ ဂမ္ယမာနေဝါ-တိုက်ရိုက်မကပ်,မှန်းဆ၍ သိအပ်သော်၎င်း၊ မဇ္ဈိမော-ခါတ်နောင် မဇ္ဈိမ ပုရိသ်သည်၊ ဘဝေ- ဖြစ်၏၊ တထာ – ထို့အတူ၊ ("ပယုတ္တော ဂမ္ယမာနေဝါ ဝုတ္တော" တို့ကို ညွှန်းသည်၊) ဝုတ္တော – အာချာတ် ဝါစကသည် ဟောအပ်သော၊ အမှမ္ဟိ-ကို၊ ပယုတ္တေဝါ-သော်၎င်း၊ ဂမ္ယမာနေဝါ- သော်၎င်း၊ ဥတ္တမော–ခါတ်နောင် ဥတ္တမ ပုရိသ်သည်၊ ဘဝေ- ဖြစ်၏၊ ဝုတ္တော – သော၊ သေသမ္ဟိ - တုမှ အမှမှ ကြွင်းသော နာမသဒ္ဒါကို၊ ပယုတ္တေဝါ - သော်၎င်း၊ ဂမ္ယမာနေဝါ– သော်၎င်း၊ ပဌမော–ခါတ်နောင် ပဌမပုရိသ်သည်၊ ဘဝေ-ဖြစ်၏။

ပုံစံ။ ။ကောသလသီဟောဝိယ ဗုဒ္ဓေါ – ဘုရားရှင်သည် ကောသလာခြင်္သေ့မင်းနှင့် တူတော်မူ၏၊ လိန်, သချာ, ဝိဘတ်တူ ပုံစံတည်း၊ ဋီကာ၌"နရဒေဝမိဝ ဘဝန္တံ ပဿာမိ – အရှင်ကို လူမင်းကိုကဲ့သို့ မြင်ပါ၏" ဟု လိန်သချာ ဝိဘတ်တူပုံစံကို ထုတ်၏၊ မာတင်္ဂါဇဝ ဝနိတာ–မိန်းမသည် ဆင်နှင့်တူ၏၊ (လိန်မတူပုံစံ၊) သီဟောဝိယ ဇာမေ–ဤသူတို့သည် ခြင်္သေ့နှင့်တူ၏၊ (သချာမတူပုံစံ)၊ တုရင်္ဂါဝိယ ဣမာဇတ္တိယော ခါဝန္တိ-မြင်းကဲ့သို့ ဤမိန်းမတို့သည် ပြေးကြကုန်၏၊ (လိန်သချာ ၂ ပါးစုံ မတူပုံစံ။)

---

၉။ ပယုတ္တေ၊ပေ၊ဘဝေ။ ။ ကစ္စည်းကျမ်း၌ တုမှေမဇ္ဈိမော – အမှေ ဥတ္တမောသုတ်တို့ကိုရည်ရွယ်၍"တုမှမ္ဟိ မဇ္ဈိမော, ဥတ္တမော ဘဝေမှမ္ဟိ"ဟု၎င်း, "နာမမှိ ပယုဇ္ဇမာနေပိ တုလျာဓိကရဏေ ပဌမော"သုတ်ကို ရည်ရွယ်၍ "သေသမ္ဟိ ပဌမော ဘဝေ"ဟု၎င်း ဆိုသည်။

ပယုတ္တ, ဂမ္ယမာန။ ။"ပယုဇ္ဇတေ– ယှဉ်အပ် ကပ်အပ်၏၊ ဣတိ ပယုတ္တော"နှင့်အညီ "အဟံ ဂစ္ဆာမိ"၌ အဟံကဲ့သို့ တိုက်ရိုက်ယှဉ်အပ် ကပ်အပ်သောသဒ္ဒါကို " ပယုတ္တ " ဟု ခေါ်၏၊ ထိုသို့ ယှဉ်ကပ်လျက်မရှိသော်လည်း "သာမဏေရ..ကိံ ကရောသိ=အို ကိုရင် ဘာလုပ်နေသလဲ"ဟူသော စကားမျိုး၌"သင်သည်"ဟူသော တုမှသဒ္ဒါကို မှန်းဆ၍သိနိုင်၏၊ ထိုသို့ သိနိုင်သော အရာကို "ဂမ္ယမာန"ဟု ဆိုသည်၊ ယပစ္စည်း မာနပစ္စည်းဖြင့် "ဂမ္ယမာန"ဟု ပြီးသော ဂမုခါတ်သည် "သိခြင်း"အနက်ဟောတည်း။

www.dhammaransi.com



၁၀။ ကေကာလာဘိဓာနမှိ, ဝုတ္တေသု နာမအာဒိသု၊
ပရော ၀ ပုရိသော ဟောတိ,ဓာတုတော ပဌမာဒိသု

၁၀။ ကေကာလဘိဓာနမှိ-တူသောကာလ, တူသောကြိယာ
ဟောရာ၌၊ နာမအာဒိသု – နာမ အစရှိသော သဒ္ဒါတို့ကို၊ ဝုတ္တေသု
ဟောအပ်ကုန်သော်၊ ဓာတုတော – ဓာတ်မှ နောက်၌၊ ပဌမာဒိသု
ပဌမပုရိသ် အစသည်တို့တွင်၊ ပရော ပုရိသော၀ - နောက် ပုရိသ်သ
သာ၊ ဟောတိ–ဖြစ်၏၊

၁၁။ ဧကတ္ထနိဒ္ဒိဋ္ဌေ တုမှမှေ,န သကာ ပုရိသာ သိယုံ၊
ဥပါယော·ပါဒိယ ဟေယျော, ဥပေယံ တေန သာဓိယံ

၁၁။ တုမှမှေ – တုမှ , အမှသဒ္ဒါကို၊ ဧကတ္ထနိဒ္ဒိဋ္ဌေ - စီပစ္စည်း
အနက်ဖြစ်သော အဘူတတဗ္ဘာဝအနက်ဖြင့် ညွှန်ပြအပ်သည်ရှိသော်
သကာ-မိမိဥစ္စာ ဖြစ်ကုန်သော၊ ပုရိသာ - မဇ္ဈိမပုရိသ်, ဥတ္တမ ပုရိ
တို့သည်၊ န သိယုံ – မဖြစ်ကုန်၊ ဥပါဒိယ – ရွေးဥုးစွာ ယူပြီး
ဟေယျော– စွန့်အပ်သော အနက်သည်၊ ဥပါယော - ဥပါယ မည်၏
တေန – ထို ဥပါယဖြင့်၊ သာဓိယံ - ပြီးစေအပ်သော အနက်သည်
ဥပေယံ–ဥပေယ မည်၏။

၁၀။ **ကေ၊ပေ၊ပဌမာဒိသု။** ။"သဗ္ဗေသ မေကာဘိဓာနေ ပရော ပု
သော " ဟူသော ကစ္စည်းသုတ်ကိုရည်ရွယ်၍ ဆိုသည်၊ ထို့ကြောင့် " ဧ
ကာလ၌ ကာလအရ အချိန်ကာလကိုငင်း, " ကရဏံကာလော၊ ကာရောဧ
ကာလော " ဟု ပြု၍ ကြိယာကိုငင်း ယူပါ။ ပရောပုရိသ် ချရပုံကိုလည်း ဝ
သုတ်၏အဖွင့်များ၌ ကြည့်ပါ။

၁၁။ **ဧကတ္ထ၊ပေ၊သိယုံ။** ။"တုမှသဒ္ဒါနှင့်ယှဉ်သော ဓာတ်နောင် မဇ္ဈိ
ပုရိသ်, အမှသဒ္ဒါနှင့်ယှဉ်သော ဓာတ်နောင် ဥတ္တမပုရိသ်သက်ခြင်းသည် အ
ဖြစ်ရမည်လော" ဟု မေးဘွယ်ရှိသောကြောင့် "ဧကတ္ထနိဒ္ဒိဋ္ဌေ" စသည် မိန့်
ဧကတ္ထဟူသောစကားသည် မောဂ္ဂလ္လာန် – ဏာဒိကဏ္ဍ " အဘူတတဗ္ဘာဝေ
ကရာသဘူယောဂေ ဝိကာရာ စီ"ဟူသော (၁၁၉) သုတ်ကိုရည်ရွယ်၍ ဆိုအ
သော စကားတည်း၊ ထိုသုတ်သည် အဘူတတဗ္ဘာဝအနက်၌ စီပစ္စည်းသက်
၏၊ ထို့ကြောင့် "ဧကတ္ထ=စီ+အတ္ထ (စီပစ္စည်း၏အနက်) "ဟူသည် "အဘူတ
တဗ္ဘာဝအနက်တည်း"ဟု မှတ်ပါ။ [အကျယ်ကို မောဂ္ဂလ္လာန်ထိုသုတ်မှာရှု။]

www.dhammaransi.com



**အဘူတတဗ္ဘာဝ ॥** ॥ အဘူတဿ – (ယခုဖြစ်ရမည့် အနေမျိုးဖြင့်) ရှေးက မဖြစ်ဘူးသောအရာဝတ္ထု၏+ တဗ္ဘာဝေါ–(တေန+ဘာဝေါ) ထို မဖြစ်ဘူးသောအနေမျိုးဖြင့်+ယခုဖြစ်ခြင်းသည်၊ အဘူတတဗ္ဘာဝေါ-မည်၏၊ အဗျယီဘာဝပုဒ်သည် အဗျယသဒ္ဒါနောင် ဘူဓာတ်နှောင်းရာဝယ် စီပစ္စည်း (စ အနုဗန်ရှိသော ဤပစ္စည်း) သက်ထားသောပုဒ်တည်း၊ ရှေးက အဗျယ မဟုတ်ဘဲ ယခုအဗျယကဲ့သို့ဖြစ်သောသမာသ်ကို အဗျယီဘောဟု ခေါ်သည်၊ အကျယ်ကို ထို အဗျယီဘောသမာသ်အဖွင့်များ၌ ရှုပါ။

ပုံစံ॥ ॥တုမှီဘဝတိ=ရှေးက သင်မဟုတ်ဘဲ ယခုသင်ကဲ့သို့ ဖြစ်၏၊ အမှီ ဘဝတိ=ရှေးက ငါမဟုတ်ဘဲ ယခု ငါကဲ့သို့ဖြစ်၏၊ ဤပုံစံ၌ တုမှ အမှသဒ္ဒါနှင့် ယှဉ်သော်လည်း (သင်အစစ်,ငါအစစ်မဟုတ်ဘဲ) သင်ကဲ့သို့အယောင်ဆောင် နေသူ ငါကဲ့သို့ အယောင်ဆောင်နေသူ ဖြစ်ရကား စီပစ္စည်း၏ ( အဘူတ တဗ္ဘာဝအနက်) ရှိသော တုမှအမှသဒ္ဒါများဖြစ်ကြ၏၊ ထို့ကြောင့် မဇ္ဈိမပုရိသ် ဥတ္တမပုရိသ် မသက်ဘဲ ပဌမပုရိသ်သာ သက်ရသည်။ [ တုမှီ အမှီတို့၌ မောဂ္ဂ လ္လာန်သုတ်ဖြင့် စီပစ္စည်း သက်၊ ဘဝတိ၏ ကတ္တားကိုကား သင် အယောင် ဆောင်သူ ငါ အယောင်ဆောင်သူ လူတယောက်ကို ထည့်ပါ။]

**ဝါဒတမျိုး ॥** ॥ အတ္တံ တ္တံ ဘဝတိ–သင်မဟုတ်သူက သင်ဖြစ်နေ၏ ( သင်အယောင်ဆောင်နေ၏ )၊ အနဟံ အဟံ ဘဝတိ – ငါမဟုတ်သူက ငါဖြစ်နေ၏၊ ( ငါအယောင်ဆောင်နေ၏ )၊ တနည်း–အတ္တံ တ္တံ သမ္ပဇ္ဇတေ (သင်မဟုတ်သူက သင်ကဲ့သို့ပြည့်စုံနေ၏)၊ အနဟံ အဟံ သမ္ပဇ္ဇတေ၊ ဤ ပုံစံ များ၌လည်း"သင်မဟုတ်, ငါမဟုတ်သူသည် အဘူတ၊ အခုအခါ သင်အဖြစ် ငါအဖြစ်ဖြင့် ဖြစ်နေခြင်းသည် တဗ္ဘာဝတည်း၊ ဤသို့ အဘူတတဗ္ဘာဝအနက် ဖြင့် တုမှ အမှသဒ္ဒါကို ညွှန်ပြသော အရာဖြစ်၍ ဘဝတိ၌ မဇ္ဈိမဥတ္တမပုရိသ် မသက်ရဘဲ ပဌမပုရိသ်သာ သက်ရသည်။

**ဥပါယော၊ ပေ၊ သာဓိယံ॥** ॥"ဝိသေသနကို ဥပါယ, ဝိသေသျကို ဥပေ ယ"ဟု ခေါ်၏၊ ဥပါယ၌"ဥပ+အယဓာတ်, အပစ္စည်း"ဟုခွဲ၊ ဥပ-ဝိသေသျ သို့ကပ်၍+အယတိ–ဖြစ်တတ်၏၊ ဣတိ ဥပါယော၊ ဥပေယ၌"ဥပ+ဣ-ဏျ" ဟုခွဲ၊ ဥပေတဗ္ဗော – ဝိသေသနသည် ကပ်ရောက်အပ်၏၊ ဣတိ ဥပေယော၊ ဂါထာ၌ " ဥပါဒိယ ဟောယျော ဥပါယော " ဟုရင်း, " တေန သာဓိယော ဥပေယော "ဟုရင်း ဆိုအပ်သောစကားသည် ဥပါယ ဥပေယတို့၏ သဘော ကိုပြသော စကားသာတည်း၊ သဒ္ဒါနက်ကို ပြသောစကား မဟုတ်။

ပုံစံ॥ ॥"နီလုပ္ပလံ"ပုံစံ၌ နီလ၏အနက်ဖြစ်သော အညိုဂုဏ်ကို စိတ်ဖြင့် ရှေးဦးစွာယူရ(အာရုံပြုရ)၏၊ ထိုသို့ယူပြီးနောဲ ထိုအနက်ကို (အာရုံမပြုဘဲ)၊ စိတ်ကလွှတ်၍ "ကြာ "ဟူသောအနက်သို့ ကပ်ရောက်သွား၏၊ ( "ကြာ"

www.dhammaransi.com



## ၁၂။ ဂတိဗုဓျာသနသဒ္ဒါ-ကမ္မကာနဉ္စ ကာရိတေ၊ ဘက္ခာဒီနဉ္စ ယောကတ္တာ,ကမ္မသညော သ ဓာတုနံ၊ ဟရက္ကရာဘိဝါဒီနံ, ဒိသဇ္ဈောဟရတိဿ ဝါ။

၁၂။ ဂတိဗုဓျာသနသဒ္ဒါကမ္မကာနံ- ဂတိအနက်ရှိသောဓာတ်, သိခြင်းအနက်ရှိသော ဓာတ်, စားခြင်းအနက်ရှိသော ဓာတ်, အသံပြုခြင်း အနက်ရှိသော ဓာတ်, အကမ္မကဓာတ် ဟူကုန်သော၊ ဓာတူနံစ- ဓာတ်တို့၏ငှင်း၊ ဘက္ခာဒီနံ - ဘက္ခအစရှိကုန်သော၊ ဓာတူနံစ- ဓာတ်တို့၏ငှင်း၊(အာဒိဖြင့် ကောန္တကိုယူ)၊ယောကတ္တာ-အကြင် သုဒ္ဓကတ္တားသည်၊ အတ္ထိ - ရှိ၏၊ သ ( သော ) - ထို သုဒ္ဓ ကတ္တားသည်၊ ကာရိတေ - ကာရိတ်ပစ္စည်း ရှိရာအခါ၌၊ ဝါ - ကာရိတ်ပစ္စည်းနှင့် ယှဉ်ရာ အခါ၌၊ ကမ္မသညော - ကံ အမည်ရှိသည်၊ ဟောတိ - ၏၊ ဟရက္ကရာဘိဝါဒီနံ-ဟရဓာတ်, ကရဓာတ်,အဘိဝါဒိဟူသော နာမဓာတ်တို့၏ငှင်း၊ဒိသဇ္ဈောဟရတိဿ-ဒိသဓာတ်,အဇ္ဈောဟရ ရှိသော ဟရဓာတ်၏ငှင်း၊ ယောကတ္တာ-သည်၊အတ္ထိ-၏၊သ(သော)- ထိုကတ္တားသည်၊ ကာရိတေ-၌၊ ဝါ-၌၊ ဝါ-ဝိကပ်အားဖြင့်၊ ကမ္မသညော-ကံ အမည်ရှိသည်၊ ဟောတိ-၏။ [ဟရတိ၌ တိကား ဓာတုနိဒ္ဒိဋ္ဌတည်း၊ ဟရဓာတ် ဟု ညွှန်ပြသည်။]

ဟူသော အနက်ကို အာရုံပြုရ၏- ဟူလို။ ) ထို့ကြောင့် " အညိုဂုဏ်သည် ရှေးဦးစွာယှူ၍ စွန့်လွှတ်အပ်သော ဥပါယတည်း၊ " ကြာ "ကား ထို အညိုဂုဏ်ဖြင့် ပြီးစေအပ် (ထိုဂုဏ်သည် ကပ်ရောက်အပ်) သော ဥပေယတည်း" ဟုခွဲပါ။ [ဝိသေသန, ဝိသေသျတို့၏"ဂုဏ+ဂုဏီ, ဘေဒက+ဘေဒျ"စသော အခြားနာမည်များကိုလည်း ဘေဒစိန္တာဘာသာဋီကာ ဝိသေသန ဝိသေသျ ခဏ်း၌ ပြခဲ့ပြီ။]

---

၁၂။ **ဂတိ၊ပေ၊ကမ္မသညော။** ။ဤစကားသည် မောဂ္ဂလ္လာန် ( ၂ ) ကဏ္ဍ, ဂတိဗောဓာဟာရသဒ္ဒတ္ထာကမ္မကဘက္ခာဒီနံ ပယောဇ္ဇေ " ဟူသော ( ၄ ) သုတ်ကို မှီသောစကားတည်း၊ သဒ္ဒတ္ထမှ အတ္ထကို ရှေ့ပုဒ်များသို့ လိုက်စေ၍ ဂတိအနက်ရှိသော ဓာတ် , သိခြင်းအနက်ရှိသော ဓာတ်, စားမျိုခြင်း အနက်ရှိသောဓာတ်, ( အသနနှင့်အာဟာရသည် အနက်တူ ), အသံပြုခြင်း အနက်ရှိသောဓာတ်, အကမ္မကဓာတ် , ဘက္ခအစရှိသော ဓာတ်တို့၏

www.dhammaransi.com



(ကာရိတ်ပစ္စည်း မယှဉ်တုန်းက) ကတ္တားသည် ကာရိတ်ပစ္စည်းနှင့်ယှဉ်သော အခါ ကံအမည်ရ၏၊ "ကံအနက်၌ ဒုတိယာဝိဘတ် သက်ရသည်"ဟူလို။

**ဂစ္ဆ၊** ။ဒါသော ဂါမံ ဂစ္ဆတိ၊ ဤသို့ ကာရိတ်ပစ္စည်းမယှဉ်တုန်းက "ဒါသော"ဟူသော ကတ္တားသည် "သာမိကော ဒါသံ ဂါမံ ဂမယတိ"ဟု ကာရိတ်ပစ္စည်းနှင့် ယှဉ်သောအခါ "ဒါသံ"ဟု ကံဖြစ်လာ၏၊ ဤဓာတ်များ အတွက် ဝါသဒ္ဒါမပါသော ဤကျမ်း၏အလိုအားဖြင့်"ဒါသေန, ဒါသဿ" ဟု မရှိရတော့၊ " ဂတိဗုဒ္ဓိ ၊ပေ၊ သယာဒီနံ ကာရိတေဝါ " ဟု ဝါပါသော ကစ္စည်းအလိုအားဖြင့်ကား "ဒါသေန, ဒါသဿ"ဟု ရှိနိုင်သည်။ [ဂစ္ဆ ဟု ဆိုသောကြောင့် ဂမုဓာတ်နှင့် အနက်တူသော ယာဓာတ်ကိုယူ၍ "မာဏဝကော ဂါမံ ယာယတိ ( သွား၏ )၊ အာစရိယော မာဏဝကံ ဂါမံ ယာပ ယတိ"စသည်ကို ပုံစံထုတ်ပါ။]

**ဗုဇ္ဈ၊** ။မာဏဝကော ဓမ္မံ ဗုဇ္ဈတိ၊ (ကာရိတ်မယှဉ်ပုံ)၊ အာစရိယော မာဏဝကံ ဓမ္မံ ဗောဓယတိ( ကာရိတ်ယှဉ်ပုံ )၊ ဗုဓအနက်ရှိသော ဝိဒဓာတ် နှင့် အခြား ဓာတ်များကိုလည်း " မာဏဝကော ဓမ္မံ ဝိဒတိ ( သိ၏ )၊ အာစရိယော မာဏဝကံ ဓမ္မံ ဝေဒယတိ"စသည်ဖြင့် ပုံစံထုတ်ပါ။

**အသန၊** ။မာဏဝကော မောဒကံ (ကတွတ်မုန့်=လဒ္ဒူးမုန့်) အသတိ (စား၏)၊ မာတာ မာဏဝကံ မောဒကံ အာသယတိ၊...အာသယတိနေရာ၌ "ဘောဇယတိ"လဲ၍လည်း ပုံစံထုတ်ပါ။]

**သဒ္ဒ၊** ။ မာဏဝကော ဝေဒံ ( ဝေဒကျမ်းကို ) အဇ္ဈယတိ (သရဇ္ဈာယ်၏)၊ အာစရိယော မာဏဝကံ ဝေဒံ အဇ္ဈာပယတိ၊ [ "သရဇ္ဈာယ် ခြင်း"ဟူသည် အသံပြုခြင်းတည်း၊] "ပါဌယတိ-ရွတ်စေ၏, ဖတ်စေ၏"ဟု ကြိယာလဲ၍လည်း ပုံစံထုတ်ပါ။ [ဇနော ဂီတံ ဂါယတိ, ပုရိသော ဇနံ ဂီတံ ဂါယာပယတိ– သီဆိုစေ၏ "ဟုလည်း ထုတ်ကြ၏။]

**အကမ္မက၊** ။ " ဟတ္ထီ သယတိ "ကာရိတ်မယှဉ်ပုံ၊ ဟတ္ထာရောဟော (ဆင်စီးသူသည်) ဟတ္ထိံ သယာပေတိ၊ မာတာ ပုတ္တံ သယာပေတိ၊ ["ဘူ, ဟူ, ဌာ "စသော အကမ္မကဓာတ်တို့ဖြင့်လည်း ပုံစံထုတ်ပါ။]

**ဘက္ခာဒိဓာတ်၊** ။ဇနော တဏ္ဍုလံ ဘက္ခတိ (လှော်၏)၊ ပုရိသော ဇနံ တဏ္ဍုလံ ဘက္ခာပေတိ၊ အာဒိဖြင့် "ဇနံ တဏ္ဍုလံ ကောဋ္ဋာပေတိ (ထောင်း စေ၏ )" ဟု ကောဋ္ဋဓာတ်ကိုရင်း,"အာစရိယော သိဿံ သေယျံ သန္ထရာ ပေတိ (ဖြန့်ခင်းစေ၏)"ဟု သံပုဗ္ဗ ထရဓာတ်ကိုရင်း မောဂ္ဂလ္လာန်ယူသည်။

**ဟရ၊ပေ၊ တိယံဝါ၊** ။"ဟရာဒီနံဝါ" ဟူသော ဇ နံပါတ် မောဂ္ဂလ္လာန် သုတ်ကိုမှီ၍ ဆိုအပ်သောစကားတည်း၊ "ဝါ"ဟု ဆိုသောကြောင့် ကံအမည် အမြဲမရ,တရံတခါသာ ရ၏၊ ကံအမည်မရသောအခါ ကာရိတ်ကတ္တားအနက်၌

www.dhammaransi.com



## ၁၃။ နိခါဒါဝ္ဂါဒ သဒ္ဒါယ, ကန္ဒါနံ သမ္ဘဝေန သာ၊ ဝဟာနိယန္တုဟေတုမှိ, ဘက္ခိယာဘာဟိ"သနေပိစ။

၁၃။ နိခါဒါဝ္ဂါဒသဒ္ဒါယ ကန္ဒာနံ-နိဓာတ်,ခါဒဓာတ်,အာရှေး ရှိသော ဝဒဓာတ်,အဒဓာတ်, သဒ္ဒါယဟူသော နာမဓာတ်,ကန္ဒဓာတ် တို့၏၊ ယောကတ္တာ-သည်၊အတ္ထိ-၏၊ တဿ-ထိုကတ္တား၏၊ကာရိတေ-

တတိယာသက်ရသည်၊ ဒေဝဒတ္တော ဘာရံ ဟရတိ၊ ယညဒတ္တော ဒေဝဒတ္တံ (ဒေဝဒတ္တေနဝါ)ဘာရံ ဟာရေတိ (ဆောင်စေ၏)၊ဒါသော ကမ္မံ ကရောတိ၊ သာမိကော ဒါသံ (ဒါသေနဝါ) ကမ္မံ ကာရေတိ။

**အဘိဝါဒိဓာတ်**။ ။မာဏဝကော ဂုရုံ ( ဆရာကြီးကို ) အဘိဝါဒေတိ ( ရှိခိုးမှုကို ပြု၏ )၊ အာစရိယော မာဏဝကံ ( မာဏဝကေန ဝါ ) ဂုရုံ အဘိဝါဒယတိ—စေ၏၊ [ အဘိဝါဒိကို နာမဓာတ် ဟု ဆိုသည်၊ အဘိဝါဒနံ အဘိဝါဒေါ ( ရှိခိုးခြင်း )၊ အဘိဝါဒံ ကရောတီတိ အဘိဝါဒိ၊ "ဓာတွတ္ထေ နာမသ္မာ ဏ" ဟူသော မောဂ္ဂလ္လာန်သုတ်ဖြင့် ကရောတိ အနက်၌ ဏပစ္စည်း သက်၊ ထိုနောင် ဏေကို ပြေ၍"အဘိဝါဒေတိ"ဟုဂုဏ်း, ကာရိတ် ဏယသက်၍ "အဘိဝါဒယတိ"ဟုဂုဏ်း ဖြစ်၏။

**ဒိသဓာတ်, အဓိ-အဝ-ဟရဓာတ်**။ ။ဒေဝဒတ္တော ယညဒတ္တံ ပဿတိ၊ (ကာရိတ်မယှဉ်ပုံ)၊ သာမိကော ဒေဝဒတ္တံ (ဒေဝဒတ္တေန ဝါ) ယညဒတ္တံ ဒဿေတိ(ကြည့်စေ၏=ပြ၏)၊ဒေဝဒတ္တော ဩဒနံ အဇ္ဈောဟရတိ(ခံတွင်းသို့ ရှေးရှုဆောင်၏၊ ဝါ—စား၏)၊ ယညဒတ္တော ဒေဝဒတ္တံ (ဒေဝဒတ္တေန ဝါ) ဩဒနံ အဇ္ဈောဟာရာပေတိ။

**မှတ်ချက်**။ ။ဂါထာမှစ၍ ဘဇ္ဇတိုင်အောင် ဓာတ်များအတွက် ဝါသဒ္ဒါ မပါဘဲ ဆိုသောကြောင့် ထို ဓာတ်များ၏ ယှဉ်ရာ၌သာ ကံအမည်ရရှိ၍ အမြဲ ဒုတိယာဝိဘတ် သက်ရသည်၊ အခြားဓာတ်များ၌ကား ဒုတိယာဝိဘတ်ချည်း မသက်ရဘဲ ဓာတ်၏ကတ္တား ဖြစ်သည်အားလျော်စွာ ကတ္တရိစ သုတ်ဖြင့် တတိယာလည်း သက်ရသည်၊ ထို့ပြင် အဓိအဝပုဗ္ဗ, ဟရဓာတ်လည်း (စား မျိုခြင်း အနက်ရှိရကား) အသနတ္တ၌သွင်း၍ ကံအမည် အမြဲမှည့်မည်စိုးသော ကြောင့် မမြဲကြောင်းပြလို၍ ဤဂါထာပါဒ၌ သွင်းပြရသည်။

---

**၁၃။ နိခါဒါ၊ ပေ၊ နသာ**။ ။ဤ ၂ ပါဒကား မောဂ္ဂလ္လာန်(၂) ကဏ္ဍ၌ "နခါဒါဒီနံ" ဟူသော သုတ်ကို မှီသောပါဒတည်း၊ ထိုသုတ်၌ ခါဒါဒိဝယ် အာဒိဖြင့် အဒဓာတ်, အာပုဗ္ဗ – ဝဒဓာတ်, သဒ္ဒါယဟူသော နာမဓာတ်,ကန္ဒဓာတ်, နီဓာတ်တို့ကို ယူသည်၊ ထိုဓာတ်တို့တွင် ခါဒဓာတ်,

www.dhammaransi.com



ကာရိတ်ပစ္စည်းရှိရာ အခါ၌၊ ဝါ-ကာရိတ်ပစ္စည်းနှင့် ယှဉ်ရာအခါ၌၊ သာ-ထို ကမ္မသညာသည်၊ နသမ္ဘဝေ-မဖြစ်သင့်၊ အနိယန္တု၊ဟေတု မှိ- အမြဲလိုက်၍ တိုက်တွန်းပဲ့ပြင် , သွန်သင်မည့် ဟေတုကတ္တားမရှိလသော်၊ ဝါ-ဟေတုကတ္တား မလိုလသော်၊ ဝဟ-ဝဟဓာတ်၏ရင်း၊ အပဟိံ သနေပိ-မညှဉ်းဆဲခြင်းအနက်သည်လည်း၊ (သတိ-ရှိလသော်၊) ဘက္ခိသာစ - ဘက္ခဓာတ်၏ရင်း၊ ယောကတ္တာ - သည်၊ အတ္တိ - ၏၊ တဿ-ထိုကတ္တား၏၊ ကာရိတေ-၌၊ ဝါ-၌၊ သာ-ထိုကမ္မသညာသည်၊ နသမ္ဘဝေ-မဖြစ်သင့်။

အဒဓာတ်,နေဝံ၌လာမည့် ဘက္ခဓာတ်တို့သည်၊(၁၂)ဂါထာ၌ဆိုအပ်ခဲ့သော အသနအနက်—အာဟာရအနက်ရှိသောကြောင့် "ကံအမည် ရလေသလော" ဟု ထင်မှားဘွယ်ရှိ၏၊ နီဓာတ်,နောက်၌လာမည့် ဝဟဓာတ်သည် ဂတိအနက်ရှိရကား ( ၁၂ ) ဂါထာဝယ် ဆိုအပ်ခဲ့သော ဂတျတ္ထတွင်ပါဝင်၍ " ကံအမည်ရလေသလော"ဟု ယုံမှားဘွယ်ရှိ၏၊ အာ+ဧဝ, သဒ္ဒါယနာမဓာတ်, ကန္ဒဓာတ်တို့သည် အသံပြုခြင်းအနက် ရှိသောကြောင့် (၁၂) ဂါထာဝယ် ဆိုအပ်ခဲ့သော သဒ္ဒတ္ထတွင်ပါဝင်၍ [ ဋီကာ၌ကား " သဒ္ဒါယနှင့် ကန္ဒသည် အကမ္မကတွင်ပါဝင်၍"ဟု ဆို၏။]"ကံအမည်ရလေသလား"ဟု ယုံမှားဘွယ်ရှိ၏၊ ထို့ကြောင့် ဤဂါထာဖြင့် ထိုဓာတ်များကို ပြန်၍နုတ်ရ "ကံအမည် မရ" ဟု တားမြစ်ရသည်၊ ထို့ကြောင့်............

**နီဓာတ်**။ ။"ဒေဝဒတ္တော အဇံ ဂါမံ နယတိ"တွန်းက "ဒေဝဒတ္တော" ဟူသော ကတ္တားသည် ကာရိတ်ယှဉ်သောအခါ "ယညဒတ္တော ဒေဝဒတ္တေန အဇံ ဂါမံ နယာပယတိ (ဆောင်စေ၏ )"၌ " ဒေဝဒတ္တေန "ဟု ကာရိတ်ကတ္တားသာဖြစ်၍ "ဒေဝဒတ္တံ"ဟု ကံမဖြစ်ရတော့။

**ခါဒဓာတ်**။ ။"ပေါတော ကဒလိံ ခါဒတိ=ကလေးသည် ငှက်ပျောသီးကို စား၏ "၌ " ပေါတော " ဟူသော ကတ္တားသည် ကာရိတ်ယှဉ်ရာ၌ "မာတာ ပေါတေန ကဒလိံ ခါဒယတိ"ဝယ် "ပေါတေန"ဟု ကတ္တားသာ ဖြစ်၍ "ပေါတံ"ဟု ကံမဖြစ်တော့။

**အာ+ဧဝ**။ ။" ဒေဝဒတ္တော ဒါရကံ အဝှါယတိ " ၌ " ဒေဝဒတ္တော " ဟူသော ကတ္တားသည် " ယညဒတ္တော ဒေဝဒတ္တေန ဒါရကံ အဝှါပယတိ" ၌ "ဒေဝဒတ္တေန"ဟု ကတ္တားသာဖြစ်၍ "ဒေဝဒတ္တံ"ဟု ကံမဖြစ်တော့။

**သဒ္ဒါယ**။ ။"သဒ္ဒံ ကရောတိ- အသံကိုပြု၏" ဟူသောအနက်၌ သဒ္ဒ ဟူသော နာမ်နောင် အာယသက်၍ "သဒ္ဒါယ"ဟု နာမဓာတ်ဖြစ်၏၊ "ကိင်္ကိဏိကာ သဒ္ဒါယတိ-ခြူ (ဆည်းလည်း) သည် အသံပြု၏"ဟု "ကိင်္ကိဏိကာ"

www.dhammaransi.com



ဟူသောကတ္တားသည် "ဝါတော ကိင်္ကိဏိကာယ (သည်) သဒ္ဒါယယတိ– အသံပြုစေ၏"၌ ကတ္တားသာဖြစ်၍ "ကိင်္ကိဏိကံ"ဟု ကံမဖြစ်တော့။

**ကန္ဒခတ်**။ ။ "ဗာလော ကန္ဒတိ– ကလေးသည် ငို၏ " ၌ ဗာလော ကတ္တားသည် "ဒါရကော (သူငယ်သည်) ဗာလေန (သည်) ကန္ဒာပယတိ (ငိုစေ၏)"၌ ကတ္တားသာဖြစ်၍ "ဗာလံ"ဟု ကံမဖြစ်တော့။

**ဝဟာနိယန္တု ဟေတုမှိ**။ ။ ဤပါဒကား " ဝဟိဿာနိယန္တုကေ " ဟူသော မောဂ္ဂလ္လာန် (၈၈) သုတ်ကို မှီသောပါဒတည်း၊ နိပုဗ္ဗ, ယမုခတ်, တုပစ္စည်းဖြင့်ပြီးသော "နိယန္တု"သဒ္ဒါသည် ဆိုင်ရာ (အလုပ်ကိစ္စ) ကြီးယာဉ်၌ အမြဲလိုက်၍ ပြုပြင်တတ်သူ (ကတ္တား) ကို ဟော၏၊ ထိုသို့ ပြုပြင်ပေးဘို့မလိုဘဲ သူ့ဘာသာပြုသွားမည့်ဟေတုကတ္တားသည် ကံမဖြစ်နိုင်။ [နတ္ထိ+နိယန္တာ+ ယဿာတိ အနိယန္တာ=တိုက်တွန်းမည့်သူမရှိ၊ အနိယန္တာစ+သော+ဟေတု စာတိ အနိယန္တုဟေတု။]

**မုံစံ**။ ။ဒေဝဒတ္တော ဘာရံ ဂါမံ ဝဟတိ၊ ဤပုံစံဝယ် ဒေဝဒတ်၏ဝန်ကို ဆောင်သွားရာ၌ စေခိုင်းသူတယောက်က နောက်မှလိုက်၍ တိုက်တွန်းဘွယ် မလို၊ ထို့ကြောင့် " ယညဒတ္တော ဒေဝဒတ္တေန ဘာရံ ဂါမံ ဝါဟာပေတိ (ဆောင်စေ၏)" ဟု ကာရိတ်ဝါကျဖြစ်သောအခါ "ဒေဝဒတ္တေန" နေရာ ဝယ်"ဒေဝဒတ္တံ"ဟု ကံမဖြစ်တော့၊"ဗလီဗဒ္ဒေါ ဘာရံ ဂါမံ ဝဟတိ"၌ကား ဗလီဗဒ္ဒသည် သူ့ဘာသာဆောင်၍ မသွား၊ နောက်ကလိုက်၍ မောင်းနှင်ပေးရ သေး၏၊ ထိုသို့ "သနိယန္တုကဟေတု"ဝါကျ၌ကား"သာကဋိကော (လှည်း သမားသည်) ဗလီဗဒ္ဒံ ဘာရံ ဂါမံ ဝါဟယတိ"ဟု ကံအမည်ရသည်။

**ဘက္ခိဿာဟိံသနေပိစ**။ ။ ဤပါဒလည်း " ဘက္ခိဿာဟိံသာယံ " ဟူသော ၈၈သုတ်ကိုမှီသော ပါဒတည်း၊ [ဘက္ခိ၌ ဣကား ဓာတုနိဒ္ဒေသ။] ဘက္ခခတ်သည် ညှဉ်းဆဲခြင်းသဘောမရှိသော စားခြင်းအနက်ကိုဟောရာ၌ "ဒေဝဒတ္တော မောဒကေ ဘက္ခတိ" ဝယ် "ဒေဝဒတ္တော"ဟူသော ကတ္တား သည် ကာရိတ်ယှဉ်ရာ၌ "ယညဒတ္တော ဒေဝဒတ္တေန မောဒကေ ဘက္ခယတိ" ဟူသောဝါကျ၌"ဒေဝဒတ္တေန"ဟု ကတ္တားသာ ဖြစ်၏၊ " ဒေဝဒတ္တံ " ဟု ကံမဖြစ်၊ အကယ်၍ ညှဉ်းဆဲဖျက်ဆီးသော စားခြင်းဖြစ်လျှင်ကား"ဗလီဗဒ္ဒါ သဿံ ဘက္ခန္တိ " ဟူသော သုဒ္ဓကတ္တုဝါကျဝယ် " ဗလီဗဒ္ဒါ " ဟူသော ကတ္တားသည် "ဒေဝဒတ္တော ဗလီဗဒ္ဒေ သဿံ ဘက္ခယတိ" ဟူသောဝါကျ၌ "ဗလီဗဒ္ဒေ"ဟု ကံအမည်ရသည်–ဟူလို။

**မှတ်ချက်**။ ။ မှို့နှင့် ကောက်ပင် ၂ မျိုးတွင် ကောက်ပင်သည် စည်ပင် တိုးပွားခြင်းသဘောရှိသောကြောင့်"အသက်ရှိ၏"ဟု ယူ၍, မှို့ကား စည်ပင် ခြင်းသဘော မရှိသောကြောင့် အသက်မရှိဟု ဟိန္ဒူတို့ယူကြ၏၊ ထို့ကြောင့်

www.dhammaransi.com



၁၄။ ပဓာနံ နိဝဟာဒီနံ, အပ္ပဓာနံ ဒုဟာဒိနံ၊
ကာရိတာနံ သကံ ကမ္မံ, ဝါစ္စံ ကတ္တာ ပယောဇကော။

၁၄။ နိဝဟာဒီနံ- နီဓာတ် ဝဟဓာတ် အစရှိသော ဓာတ်တို့၏၊ (ဒွိသု- ၂ ပါးသော ကံတို့တွင်၊ ) ပဓာနံ-ပဓာန ဖြစ်သော၊ ကမ္မံ- ကံကို၊ ( ကမ္မဇေန- ကံ၌ ဖြစ်သော အာချာတ် ဝိဘတ်, ကိတ်ပစ္စည်း သည်၊) ဝါစ္စံ-ဟောအပ်၏၊ ဒုဟာဒိနံ-ဒုဟ အစရှိသော ဓာတ်တို့၏၊ (ဒွိသု-တို့တွင်၊) အပ္ပဓာနံ-အပ္ပဓာနဖြစ်သော၊ ကမ္မံ- ကံကို၊ ( ကမ္မဇေန-သည်၊) ဝါစ္စံ-၏၊ ကာရိတာနံ-ကာရိတ် ပစ္စည်းနှင့် ယှဉ်သော ဓာတ်တို့၏၊ (ဒွိသု-ကာရိတ်ကံ ဓာတ်ကံ ၂ ပါးတို့တွင်၊) သကံ ကမ္မံ- မိမိဥစ္စာ ဖြစ်သော ကာရိတ်ကံကို၊ ( ကမ္မဇေန- သည်၊ ) ဝါစ္စံ - ၏၊ ကာရိတာနံ-တို့၏၊(ဒွိသု- ၂ပါးသောကာရိတ်ကတ္တားဓာတ်ကတ္တား တို့တွင်၊ ) ပယောဇကော - စေခိုင်းတိုက်တွန်းတတ်သော၊ ကတ္တာ- ကာရိတ်ကတ္တားကို၊ ( ကတ္တုဇေန - ကတ္တား၌ဖြစ်သော အာချာတ် ဝိဘတ်, ကိတ်ပစ္စည်းသည်၊) ဝါစ္စော-ဟောအပ်၏။

မုံ့စားရာ၌ မုံ့ကိုညွှန်းဆဲရာမရောက်၊ ကောက်ပင်ကိုစားရာ၌ကား ကောက်ပင်ကို ညွှန်းဆဲရာရောက်သတဲ့။ [ဗုဒ္ဓဘာသာအလိုအားဖြင့် "ကောက်ပင်မှာ အသက် ( ဇီဝ ) မရှိသောကြောင့် ညွှန်းဆဲရာ မရောက်၊ ကောက်ပင်၏ ဥစ္စာရှင်ကို ညွှန်းဆဲရာရောက်သည်"ဟု ယူကြရသည်။]

**ဋီကာပုံစံ**။ ။ဋီကာ၌ကား "ပေါတော ဂုဠံ ဘက္ခတိ = ကလေးသည် အချိုလုံးကို စား၏၊ မာတာ ပေါတေန ဂုဠံ ဘက္ခယတိ၊ (မညွှန်းဆဲရာပုံစံ)၊ သေနော မိဂံ ဘက္ခတိ — သိန်းစွန်သည် သားကောင်ကို စား၏၊ လုဒ္ဒကော (မုဆိုးသည်) သေနံ(ကို) မိဂံ ဘက္ခယတိ"ဟု ညွှန်းဆဲရာ၌ ပုံစံကိုထုတ်၏။

---

၁၄။ **ပဓာနံ၊ပေ၊ကမ္မံ ဝါစ္စံ**။ ။ဤစကားသည် ကံ ၂ မျိုးရှိသောဓာတ် တို့၏ ( ကံဟောဝါကျ ရောက်သောအခါ ) ဝုတ္တကံကို ညွှန်ပြသောဂါထာ တည်း၊ နယာဒိဂဏိကဓာတ်, ဒုဟာဒိဂဏိကဓာတ် ဟု ဒွိကမ္မကဓာတ် ၂ မျိုး ရှိ၏၊ ထိုတွင် ကံဟောဝါကျ၌ နယာဒိဓာတ်တို့၏ ပဓာန အပ္ပဓာနကံ ၂ မျိုး တွင် ပဓာနကံကိုရင်း, ဒုဟာဒိဓာတ်တို့၏ ပဓာန — အပ္ပဓာနကံ ၂ မျိုးတွင် အပဓာနကံကိုရင်း , ဟော၏၊ ကာရိတ်ပစ္စည်းနှင့် ယှဉ်သော ဓာတ်တို့၏ ကာရိတ်ကံ ဓာတ်ကံ ၂ မျိုးတွင် မိမိဥစ္စာဖြစ်သော ကာရိတ်ကံကိုဟော၏၊

www.dhammaransi.com



## ၁၅။ အဘာဝါ အဘိဓေယျာသ, အညဒပျာဟ ကမ္မဇော၊ ကာလဒ္ဓဘာဝဒေသေ တု , နာဘိဓာတျညသမ္ဘဝေ။

၁၅။ အဘိဓေယျာသ – မိမိဟောအပ်သော ကံ၏၊ အဘာဝါ- မရှိခြင်းကြောင့်၊ ဝါ- မရှိခဲ့သော်၊ ကမ္မဇော- ကံအနက်၌ ဖြစ်သော ဝိဘတ်ပစ္စည်းသည်၊ ဝါ - ကံဟော အာချာတ် ဝိဘတ်, ကိတ်ပစ္စည်းသည်၊ အညံ့အပိ-အခြားသော ကံကိုလည်း၊ အာဟ-ဟောရတော့၏၊ အညသမ္ဘဝေ- အခြားသော ကံ၏ဖြစ်သင့်ခြင်းသည်၊(သတိ- ရှိသေးသော်၊) ကာလဒ္ဓဘာဝဒေသေ တု- ကာလ, အဒ္ဓ, ကြိယာ, ဒေသတို့ ကိုကား၊ ကမ္မဇော- သည်၊ န အဘိဓာတိ- မဟော။

" ထိုကံများကို ဝုတ္တကံအဖြစ်ဖြင့် ထားရသည် " ဟူလို၊ အကျယ်ကို ရူပသိဒ္ဓိ ဘာသာဋီကာ, အာချာတ်— ဓာတူဟိ ဏေ ဏယ စသော သုတ်အဖွင့်၌၎င်း, ဘေဒစိန္တာ (၂၀၄) " အပ္ပဓာနံ ဒုဟာဒီနံ "မှ စ၍ (၂၀၇) တိုင်အောင် ဂါထာတို့၏ ဘာသာဋီကာ၌၎င်း ရှုပါ။

**ကတ္တာပယောဇကော ။** ။ ဤစကားကား ကာရိတ်ပစ္စည်းယှဉ်ရာ၌ ကတ္တုဝါကျကို ရည်ရွယ်သောစကားတည်း၊ ကာရိတ်ကတ္တား ဓာတ်ကတ္တား ဟု ကတ္တား ၂ မျိုးရှိရာဝယ် ကာရိတ်ကတ္တားကိုသာ အာချာတ်ဝိဘတ်, ကိတ် ပစ္စည်းတို့က ဟောသည်၊ " ထို ကာရိတ်ကတ္တားကို ဝုတ္တကတ္တား အဖြစ်ဖြင့် ထားရသည်" ဟူလို၊ ထို့ကြောင့် "ယညဒတ္တော ဒေဝဒတ္တေန ဩဒနံ ပါစေတိ" (" ပါစိတာ "ကိတ်ကြိယာ, တုပစ္စည်း၊) ဤဝါကျ၌ ကာရိတ်ကတ္တား ဖြစ်သော ယညဒတ္တကိုသာ ဝုတ္တကတ္တားအဖြစ်ဖြင့်"ယညဒတ္တော"ဟု ထား၍ ဒေဝဒတ္တဟူသော ဓာတ်ကတ္တားကို မဟောသောကြောင့်"ဒေဝဒတ္တေန"ဟု အဝုတ္တကတ္တားအဖြစ်ဖြင့် ထားရသည်။

---

**၁၅။ အဘာဝါ၊ပေ၊ကမ္မဇော။** ။ဒုဟာဒိဓာတ်သည် အပဓာနကံကို ဟောသော်လည်း ထို ကံက အပါဒါန် , သမ္ပဒါန် , အာဓာရတမျိုးမျိုး ဖြစ်နေသောအခါ ဟောစရာ အပဓာနကံ မရှိတော့၊ ထိုအခါ ကံဟောဝိဘတ် ကံဟောကိတ်ပစ္စည်းသည် အခြားသော ပဓာနကံကိုလည်း ဟောရတော့၏၊ ပုံစံကား–"ဂေါပါလေန ဂေါဘိ ပယာနိ ဒုယှန္တေ၊ ဂုန္နံ ပယာနိ ဒုယှန္တေ၊ ဂေါသု ပယာနိ ဒုယှန္တေ" တည်း။ [ နွားကျောင်းသားသည် နွားမတို့မှ (နွားမတို့၏,နွားမတို့၌)နို့ရည်တို့ကို ညှစ်အပ်ကုန်၏။] ဤပုံစံ၌ အပဓာနကံ ပုဒ်က ဂေါဘိ ( အပါဒါန် ) ဂုန္နံ (သမ္ပဒါန်) ဂေါသု (အာဓာရ) ဖြစ်နေသော

www.dhammaransi.com



ကြောင့် ပဓာနကံဖြစ်သော (ပယာနိ) ကိုပင် အန္တေဝိဘတ်က ဟောရတော့၏။ [ကိတ်ပုံစံ၌ "ဒယှန္တေ" နေရာဝယ် "ဒုဒ္ဓါနိ" ဟု ဖြစ်စေ "ဒုဟိတာနိ" ဟု ဖြစ်စေ ကြိယာတခုခု လဲပါ။]

ကာရိတ်ပစ္စည်းယှဉ်ရာဝယ် "သက်ကမ္မံ – မိမိကာရိတ်ကံကိုဟော၏" ဟု ဆိုခဲ့သော်လည်း မိမိကာရိတ်ကံ မရှိလျှင် ဓာတ်ကံကိုလည်း ဟောသေး၏၊ ပုံစံကား–"ယညဒတ္တေန (ကာရိတ်ကတ္တား) ဒေဝဒတ္တေန (ဓာတ်ကတ္တား)| ဩဒနော (ဓာတ်ကံ) ပါစီယတေ" တည်း၊ ဤ၌ ဟောနေကျ ကာရိတ်ကံက ဓာတ်ကတ္တား ဖြစ်နေသောကြောင့် ဓာတ်ကံကိုသာ ဟောရတော့သည်။

**ကာလ၊ ပေ၊ သမ္ဗန္ဓေ။** ။ ထိုကဲ့သို့ ဟောဘို့ရာ ကံတခုခုရှိနေသေးလျှင် ကံဟောဝိဘတ် (ကိတ်ပစ္စည်း) သည် ကာလ, အဒ္ဓ, ဘာဝ, ဒေသတို့ကိုကား မဟော၊ "ဟောစရာကံတခုမျှ မရှိလျှင်ကား ထိုကာလစသည်ကိုပင် ကံအဖြစ်ဖြင့် ဟောရလိမ့်မည်" ဟူလို။ ပုံစံကား — သိသေန မာသံ ဝေဒေါ အစီယတေ = တပည့်သည် တလပတ်လုံး ဝေဒကျမ်းကို ရွတ်အံသရဇ္ဈာယ်အပ်၏၊ ဤ၌ "ဝေဒေါ" ဟု ကံရှိသေးသောကြောင့် "မာသံ" ဟူသော ကာလကို မဟော၊ ထို့ကြောင့် အစ္စန္တသံယောဂအဖြစ်ဖြင့် "မာသံ" ဟု ရှိရသည်။

"လုဒ္ဒကေန ကောသံ (တကောသတိုင်တိုင်) မိဂေါ ဝိဇ္ဈတေ၊ (အဒ္ဓကို မဟောပုံ)၊ ဂါယကေန ဩဒနပါကံ ဂီတံ ဂါယတေ = သီးချင်းသည်သည် ထမင်းကျက်ခြင်းတိုင်အောင် သီချင်းကို သီဆိုအပ်၏၊ (ကြိယာ ဟူသော ဘာဝကို မဟောပုံ)၊ [ "ဩဒနပါကံ–ထမင်းကျက်ခြင်းကြိယာကို၊ ဂီတံ–သီချင်းကို၊ ဂါယတေ-ဖွဲ့နွဲ့သီဆိုအပ်၏" ဟုလည်း ပေးကြသေး၏၊ ထိုသို့ပေးလျှင် "ဩဒနပါကံ" သည် ကံဖြစ်နေသောကြောင့် ဘာဝဟူသော ကြိယာကို ဟောရာရောက်၏၊ ထို့ကြောင့် ထို အနက်ကို စဉ်းစားပါ။ ]ဝိပါသာယ မဂ္ဂေါ ပထိကော သံပိဋ္ဌီယတေ= ရေငတ်ခြင်းသည် မဂ်ဓဒေသတရပ်လုံး ခရီးသွားသူကို နှိပ်စက်အပ်၏၊ (ဒေသကို မဟောပုံ)။

**သရူပဇ္ဈာ။** ။ဗြဟ္မဏေန ရဉော ရညာ ရာဇိနီဝါ ကမ္ဗလံ ယာစီယတေ (ယာစိတဗ္ဗံဝါ)၊ (ယာစဓာတ်၏ပုံစံ)၊ဗြဟ္မဏေန ရုက္ခဿ ရုက္ခမှာ ရုက္ခမှိဝါ ဖလာနိ အဝစီယန္တေ (အဝစိတဗ္ဗာနိ) -ဆွတ်ခူးအပ်ကုန်၏၊ (အဝ-စိဓာတ်၊) ဒုဟာဒိ၌ အာဒိ၏ပုံစံတည်း။....ထို့ပြင် – သမာသ်အရာ၌ "အာယာစိတာ ဓမ္မဒေသနာ ယဿ ဘဂဝတော တိ အာယာစိတဓမ္မဒေသနော" ဟု ပုံစံထုတ်၍ ဝါကျအခိုက်၌ "ဓမ္မဒေသနာ" ဟူသော ပဓာနကံကိုဟောသော်လည်း သမာသ်ပြီးသောအခါ "ယဿ" ဟူသော အညပုဒ်၏အနက်ဖြစ်သော "ဘဂဝတော" ဟူသော သမ္ဗန်ကိုသာ ဟောရတော့၏–ဟု ဆို၏၊ "အာယာစိတာ ဓမ္မဒေသနာ ယသ္မာ ဘဂဝတာ (ယသ္မိံ ဘဂဝတိ) ဣတိ အာယာစိတ

www.dhammaransi.com



၁၆။ **ကာလဒ္ဓဘာဝဒေသာနံ, ကမ္မတာ·ကမ္မကေဟိ ဝေ၊**
**အန္တဘူတကြိယာညေဟိ,ယောဂေ သမ္ဘောတိ ဓာတုဟိ။**

၁၆။ အန္တဘူတကြိယာညေဟိ–အတွင်း၌ဖြစ်သောကြိယာတပါး ရှိကုန်သော၊ဝါ-ကြိယာတပါးအတွင်းဝင်ကုန်သော၊အကမ္မကေဟိ- အကမ္မကဖြစ်ကုန်သော၊ ဓာတူဟိ–ဓာတ်တို့နှင့်၊ ယောဂေ-ယှဉ်ခြင်း သည်၊ (သတိ–ရှိလသော်၊) ဝေ – စင်စစ်၊ ကာလဒ္ဓဘာဝဒေသာနံ– ကာလ, အဒ္ဓ, ကြိယာ, ဒေသတို့၏၊ ကမ္မတာ–ကံတို့၏ အဖြစ်သည်၊ ဝါ-ကံအမည်သည်၊ သမ္ဘောတိ–ဖြစ်နိုင်၏။

ဓမ္မဒေသနော”၌လည်း အပါဒါန်အဓိကရဏတို့ကို ဟောရတော့၏၊ ဤသို့ ကစ္စာယနသာရသရူပတ္ထ၌ ဆိုသေး၏။

ထို အဆိုကား ဗဟုဗ္ဗိဟိသမာသ်သည် အညပုဒ်အနက်ကို ဟောရိုးထုံးစံ ဖြစ်၍ အထူးအဆန်းမဟုတ်ပါ၊ ထို့ပြင် — “ နိတော + အဇော ယံဂါမံတိ နီတောဇော-ဆောင်အပ်သော ဆိတ်ရှိသော (ဆိတ်ကိုပို့ဆောင်အပ်သော) ရွာ”ဟူသော သမာသ်၌ ဝါကျအခိုက်ဝယ် “အဇော”ဟူသော ပဓာနကံကို ဟောသော်လည်း သမာသ်ပြီးသောအခါ “ ယံ ”၏အရ အပဓာနဖြစ်သော ဂါမ်ကို ဟောရခြင်းသည်ငှ်း “ ဒုဠှ+ ဂါဝေါ ယံတိ ဒုဠှဂု(ခီရံ) - ညှစ်အပ် သော နွားမရှိသော နို့ရည်” ဤ ဒုဟာဒိပုံစံ၌လည်း သမာသ်အခိုက်တုန်းက “ ဂါဝေါ ” ဟု အပဓာနကံကို ဟောသော်လည်း သမာသ် ပြီးသောအခါ “ယံ”၏အရ ပဓာနဖြစ်သောခီရံကို ဟောရခြင်းသည်ငှ်း, ဗဟုဗ္ဗိဟိသမာသ် ထုံးစံဖြစ်၍ အထူးအဆန်း မဟုတ်၊ မှန်၏၊—ပဓာန, အပဓာန အခွဲသည် သမာသ်၏အရာ မဟုတ်၊ အာချာတ် ကိတ်၏အရာသာ ဖြစ်သည်။

ပဓာန မပ္ပဓာနဉ္စ, အာချာတသ္မိံ ကိတသ္မိံ စ၊
ဝိသယော ဓမ္မတာယာတိ , ဝုတ္တံ ဇာတိနိရုတ္တိယံ။

---

**၁၆။ ကာလ၊ပေ၊ဓာတုဟိ ။** ။ [ အန္တေ + ဘူတာ, အန္တဘူတာ၊ အညာ+ကြိယာ, ကြိယာညာ၊ အန္တဘူတာ + ကြိယာညာ ယေသံတိ အန္တ ဘူတကြိယာညာ ( အကမ္မကာ )။ ] အကမ္မကဓာတ်ဖြစ်၍ ကာလ စသည်မှ တပါးသော ဟောဘွယ်ရာကံမရှိလျှင် ကြိယာတမျိုးကို အတွင်းသွင်း၍ ကာလ- အဒ္ဓ-ဘာဝ-ဒေသတို့ကိုပင် ဝုတ္တကံအဖြစ်ဖြင့်ဟောနိုင်ပြန်၏၊ ပုံစံကား....

**ကာလ ။** ။ နာရာယဏေန စတ္တာရောမာသာ သီယန္တေ၊ နာရာယ ဏေန–ဗိဿဏိုးနတ်ကြီးသည်၊ စတ္တာရောမာသာ-၄ လ တို့ကို၊ သီယန္တေ–

www.dhammaransi.com



**၁၇။ ကိတာချာတဝိသေသျေဟိ, ယံ ဝုတ္တံ တံ ပကာသတိ၊ ဝိသေသနာ·နုတ္တမပိ, ဝုတ္တံဝါ·ဒဗ္ဗဘေဒတော။**

၁၇။ ကိတာချာတ ဝိသေသျေဟိ - ကိတ် , အာချာတ်ဟူသော ဝိသေသျပဓာနကြိယာ တို့သည်၊ ယံ - အကြင် ကာရကကို၊ ဝုတ္တံ - ဟောအပ်၏၊ တံ-ထိုကာရကသည်၊ ဝိသေသနာနုတ္တံ-ဝိသေသန အပဓာနကြိယာသည် မဟောအပ်သည်၊(သမာနံ)ပိ-ဖြစ်ပါသော်လည်း၊ ဝုတ္တံဝ - ဟောအပ်သကဲ့သို့၊ ပကာသတိ - ထင်ရှား၏၊ ( ကသ္မာ- နည်း၊) အဒဗ္ဗဘေဒတော - ဒြပ်မပြားသည်၏ အဖြစ်ကြောင့်တည်း။

အိပ်ရာကာလ ပြုအပ်ကုန်၏၊ ဤသို့ သိဓာတ်၌ (ကရဓာတ်၏) ပြုခြင်း ကြိယာ အတွင်းဝင်သောကြောင့်"စတ္တာရောမာသာ"ဟု ကာလသည် ဝုတ္တကံ ဖြစ်နိုင်၏၊ ယုဝါနော သဗ္ဗရတ္တိံ သုပ္ပတေ သဒ္ဓိံ သုန္ဒရီဟိ– လုလင်ပျိုသည် လှပသော မိန်းမတို့နှင့်အတူ အလုံးစုံသောညဉ့်ကို၊ သုပ္ပတေ–အိပ်ရာကာလပြုအပ်၏။

**အဒ္ဓ ။** ။ သာလီဟိ ကောသော ဘူယတေ – သလေးစပါး တို့သည် တကောသရှည်သော အရပ်ကို၊ ဘူယတေ – ဖြစ်ထွန်းရာ အခွန့်ပြုအပ်၏၊ ဘဝတာ ကောသော ဠီယတေ-(တည်ရာဌာန ပြုအပ်၏)၊အခွန့်၏ကံဖြစ်ပုံ။

**ဘာဝ ။** ။ ဘဝတာ ဩဒနပါကော သုပ္ပတေ – အရှင်သည် ထမင်း၏ ကျက်ခြင်းကို၊ သုပ္ပတေ–အိပ်ခွင့်ပြုအပ်၏။....ကျက်ခြင်းကြိယာ၏ကံဖြစ်ပုံ။

**ဒေသ ။** ။ ဘဝတာ မဂဓော သီယတေ – အရှင်သည် မဂဓဒေသကို အိပ်စရာအရပ်ပြုအပ်၏။...,ဒေသ၏ကံဖြစ်ပုံ။[ သရူပတ္ထကိုမှီ၍ပေးအပ်သော အနက်များဖြစ်သည်။]

**ဝါတ္တိက ။** ။ ဝါတ္တိကဆရာကား အတွင်း၌ကြိယာတပါး မရှိဘဲပင် အကမ္မကဓာတ်နှင့် ယှဉ်ရာ၌ ကာလ, ဘာဝ, အဒ္ဓါ , ဒေသတို့ကို ကံအမည် မှည့်၍ ပုံစံကိုလည်း ကတ္တားဟောဝါကျကိုပင် ထုတ်၏။ [အကမ္မကဓာတူဟိ ယောဂေ ဒေသော ကာလော ဘာဝေါ ဂန္တဗ္ဗောဒ္ဓါစ ( သွားထိုက်သော အခွန့်သည်ရင်း )ကမ္မသညကော, ဇ္ဍတိ ဝတ္တဗ္ဗံ၊ ကာလေ–မာသံ အာသတိ (တလကို နေ၏)၊ ဘာဝေ,ဂေါဒေါဟံ-နွားနို့ညှစ်ခြင်းကို၊ သုပတိ-အိပ်၏၊ အဒ္ဓနိ-ကောသံ (တကောသကို) သယတိ၊ ဒေသေ-ကုရူ (ကုရုတိုင်းတို့ကို) သုပတိ။]

---

**၁၇။ ကိတာ၊ပေ၊ဘေဒတော ။** ။ ဝါကျတခု၌ ကိတ်ကြိယာဖြစ်စေ အာချာတ်ကြိယာ ဖြစ်စေ ပဓာနဖြစ်၍ အဆုံးသတ်ရ၏၊ ပဓာန ဖြစ်သော

www.dhammaransi.com



ကြောင့် ဝိသေသျကြိယာ ဟု လည်း ခေါ်၏၊ ကတ္တားဟောဝါကျဖြစ်လျှင် ကတ္တားသည်ရင်း, ကံဟောဝါကျဖြစ်လျှင် ကံသည်ရင်း ထိုကိတ်အာချာတ်တို့ ဟောအပ်သော ဝုတ္တ ဖြစ်ရသည်၊ ဤကား ဝါကျတိုင်း၏ ထုံးစံတည်း၊ ထို ထုံးစံအတိုင်း ဝိသေသျဖြစ်သော အာချာတ်ကြိယာ , ကိတ်ကြိယာတို့၏ ဝုတ္တဖြစ်သော ကံကတ္တားသည် အပဓာန ဝိသေသနကြိယာတို့က မဟောအပ်သော ( အဝုတ္တ ) လည်း ရှိတတ်၏၊ ထိုသို့ အပဓာနကြိယာ၏ အဝုတ္တဖြစ်သော်လည်း ဝုတ္တကဲ့သို့ပင် ထင်ရှားသည်၊ ဘာ့ကြောင့်နည်း .... ဒြဗ်မပြားသောကြောင့်တည်း။

**ပုံစံ။** ။ဒေဝဒတ္တော ဘုတ္ဝာ ဂစ္ဆတိ၊ အာချာတ်ပုံစံ၊ (ဂတော) ကိတ်ပုံစံ၊ ဤပုံစံ၌ ဂစ္ဆတိ ဟူသော အာချာတ် , ဂတော ဟူသော ကိတ်တို့သည် ဝိသေသျကြိယာတို့တည်း၊ "ဘုတွာ"ကား ထိုကြိယာတို့ကို အထူးပြုသော ဝိသေသနကြိယာ ( ကြိယာဝိသေသန ) တည်း၊ ထို ဂစ္ဆတိ ဂတောတို့သည် "ဒေဝဒတ္တော"ဟူသောကတ္တားကို ဟော၏၊ ထို့ကြောင့် ဒေဝဒတ္တောသည် ဝုတ္တကတ္တားတည်း၊ "ဘုတွာ"၌ တွာပစ္စည်းကား "ဒေဝဒတ္တော"ဟူသော ကတ္တားကို မဟော၊ ထိုသို့ မဟောသော်လည်း ( "ဂစ္ဆတိ "အရ ) သွားသူလည်း ဒေဝဒတ်, ( "ဘုတွာ "အရ ) စားသူလည်း ဒေဝဒတ်ပင်ဖြစ်၍ ဒြဗ် မပြားသောကြောင့် ဘုတွာ ကလည်း ဒေဝဒတ္တ ဟူသော ကတ္တားကို ဟောသကဲ့သို့ ဖြစ်တော့သည်။

**မှတ်ချက် ။** ။ မောဂ္ဂလ္လာန်ကျမ်း၌ တုန , တွာန , တွာပစ္စည်း တို့ကို ဘောဟော ဟု ဆို၏၊ ဤကျမ်း (၃၇) ဂါထာ၌လည်း" ဘာဝေ တွာဒီ "ဟု ဆိုလတ့်၊ ထို့ကြောင့် "ဘုတွာက ဒေဝဒတ္တောဟူသော ကတ္တားကို မဟော" ဟု ဆိုသည်၊ ကစ္စည်းကျမ်းအလိုအားဖြင့်မူ တွာပစ္စည်းက ကတ္တားဟောဖြစ်သောကြောင့် ဘုတွာကလည်း ဒေဝဒတ္တောကို ဟောရာရောက်၏။

**အလားတူပုံစံ ။** ။ ဓမ္မိကော ( တရားရှိသူသည် ) ဒါတုံ ပစတိ (ပစိတာ)၊ ဤပုံစံ၌ တိဝိဘတ်, တုပစ္စည်းတို့က "ဓမ္မိကော"ဟူသော ကတ္တားကို ဟော၏၊ ဒါတုံဟူသောကိတ်ကား မဟော၊ သို့သော် ဒြဗ်မပြားသောကြောင့် ဒါတုံကလည်း ဟောသကဲ့သို့ ထင်ရှားတော့သည်၊ ကံဟောဝါကျပုံစံကား— သိဿေန ဂုရု ( ဆရာကြီးကို ) အာနီယ ( ပင့်ဆောင်၍ ) ပူဇီယတေ ( ပူဇိတဗ္ဗော )၊ ဤပုံစံ၌ တေဝိဘတ် တဗ္ဗပစ္စည်းတို့က " ဂုရု " ဟူသော ကံကို ဟော၏၊ အာနီယ၌ တွာပစ္စည်းက မဟော၊ ထိုသို့မဟောသော်လည်း ပူဇော်အပ် ပင့်ဆောင်အပ်သူမှာ ဆရာကြီး တဦးတည်း ဖြစ်၍ ဒြဗ် မပြားသောကြောင့် အာနီယဟူသော ဝိသေသနကြိယာကလည်း ဟောအပ်သကဲ့သို့ပင် အဓိပ္ပါယ်အားဖြင့် ထင်ရှားသည်။

www.dhammaransi.com



**၁၈။ ဝုတ္တံပိ ဝုတ္တတံ ယာတိ, ပဒန္တရေဟျ·နုတ္တတံ၊
ကွစာနုတ္တံ ပနာနုတ္တံ, ဝုတ္တဋ္ဌာပိ ပဒန္တရေ။**

၁၈။ ဝုတ္တံပိ – ကိတ် အစရှိသော ဝါစကတို့ ဟောအပ်သော ကာရကသည်လည်း၊ ပဒန္တရေဟိ–အာချာတ် အစရှိသောပုဒ်တပါး တို့သည်၊ ဝုတ္တတံ-ဟောအပ်သည်၏အဖြစ်သို့ငှင်း၊ အနုတ္တတံ-မဟော အပ်သည်၏အဖြစ်သို့ငှင်း၊ ယာတိ–ရောက်၏၊ ပန–အဘို့တပါးကား၊ ကွစိ – အချို့သောပြယုဂ်၌၊ အနုတ္တံ – ကိတ်အစရှိသော ဝါစကတို့ မဟောအပ်သောကာရကသည်၊ ပဒန္တရေ(ပဒန္တရေဟိ)-အာချာတ် အစရှိသောပုဒ်တပါးတို့သည်၊ အနုတ္တံ-မဟောအပ်သည်၏အဖြစ်သို့ ငှင်း၊ ဝုတ္တဋ္ဌာပိ- ဟောအပ်သည်၏အဖြစ်သို့ငှင်း၊ ယာတိ- ရောက်၏။

သာမညနိဒ္ဒေသော–သာမညနိဒ္ဒေသသည်၊ နိဋ္ဌိတော–ပြီးပြီ။

၁၈။ **ဝုတ္တမ္ပိ၊ပေ၊ပဒန္တရေ။** ။ဤဂါထာ၌ ကိတ်ပစ္စည်းသည် ဟောအပ်-မဟောအပ်ကို ရှေ့ထား၍ "ပဒန္တရေဟိ" အရ ပဓာနကြိယာဖြစ်သော အာချာတ်ကိတ်ဟူသော ပုဒ်တပါးတို့ ဟောအပ်-မဟောအပ်ကို နောက်ထား လျက် အဓိပ္ပါယ်ကိုမှတ်သားပါ၊ ဝုတ္တကိုမူတည်၍ ဝုတ္တ – အဝုတ္တ ၂ မျိုး, အဝုတ္တကိုမူတည်၍ ဝုတ္တ – အဝုတ္တ ၂ မျိုးရှိရကား ပုံစံ ၄ မျိုးထုတ်ရမည်ကို လည်း သတိပြုပါ။

**ဝုတ္တနှင့် ဝုတ္တ ။** ။ ပါစကော ဒေဝဒတ္တော ဂစ္ဆတိ ( ဂတော )– ချက်တတ်သူဖြစ်သော ဒေဝဒတ်သည် သွား၏၊ ဤပုံစံ၌ " ဒေဝဒတ္တော " ဟူသောကတ္တားကို ပါစကော၌ ဏွုပစ္စည်းက ဟောအပ်၏၊ ဂစ္ဆတိ၌ တိ ဝိဘတ်ကလည်း ဟောအပ်၏၊ ထို့ကြောင့် ဒေဝဒတ္တောသည် ကိတ်သည် ဟောအပ်သော ဝုတ္တဖြစ်၍ အာချတ်ပုဒ်တပါးကလည်း ဟောအပ်သောဝုတ္တ အဖြစ်သို့ ရောက်သည်။ [ " ဂတော " ဟူသော ပဓာနကိတ်ကြိယာတပါး သည်လည်း ဟောအပ်သည်၏အဖြစ်သို့ ရောက်၏။]

**ဝုတ္တနှင့် အဝုတ္တ။** ။ပါစကံ ဒေဝဒတ္တံ ပဿတိ–ချက်တတ်သူဖြစ်သော ဒေဝဒတ်ကိုမြင်၏၊ ဤပုံစံဝယ် ဒေဝဒတ္တံ၌ ချက်စွမ်းနိုင်သောကတ္တားအနက် သည် အတွင်းနက်တည်း၊ အံဝိဘတ်၏ ကံအနက်ကား အပြင်နက်တည်း၊ အတွင်းကတ္တားနက်ကို ဏွုပစ္စည်းက ဟော၏၊ အပြင်ကံအနက်ကို ပဿတိ ကြိယာသည် မဟော၊ ထို့ကြောင့် ဒေဝဒတ္တံသည် ဏွုပစ္စည်းဟောအပ်သော ဝုတ္တဖြစ်၍ ပဿတိဟူသောပုဒ်တပါးသည် မဟောအပ်သော အဝုတ္တအဖြစ်သို့ ရောက်ရသည်။

www.dhammaransi.com



**အမှာ။** ။ပါဠိကျမ်း၌ အံဝိဘတ်ကိုကြည့်၍ အဝုတ္တဟုချည်း သိနေကြသော စာသင်သားတို့သည် "ဏွုပစ္စည်း၏ ကတ္တားနက်က အတွင်းနက်, အံဝိဘတ်၏ ကံအနက်က အပြင်နက်" ဟု ခွဲရပုံကိုရင်း, အတွင်းကတ္တားနက်သည် ဝုတ္တဖြစ်၍ အပြင်ကံအနက်က အဝုတ္တအဖြစ်ကိုရင်း, သဘောမပေါက်နိုင်ဘဲရှိတတ်ကြ၏၊ သတိပြုကြပါလေ။

**အဝုတ္တနှင့်အဝုတ္တ။** ။သြဒနံ ပစိတွာ ဘုဉ္ဇတိ၊ ဤပုံစံဝယ် သြဒနံ၌ ကံကို ပစိတွာဟူသော တွာပစ္စည်းသည် မဟောအပ်၊ ဘုဉ္ဇတိဟူသော အာချာတ်ပုဒ်တပါးလည်း မဟောအပ်၊ ထို့ကြောင့် သြဒနံသည် ကိတ်ပစ္စည်းသည် မဟောအပ်သည်ဖြစ်၍ အာချာတ်ပုဒ်တပါးလည်း မဟောအပ်သည်၏အဖြစ်သို့ ရောက်၏။ [ ဂါထာဝယ် " အနုတ္တတံ " ဟု ဆိုလိုလျက် တာပစ္စည်း ကြေသည်၊ တနည်း – ဘာဝပစ္စည်းမပါဘဲ ဘာဝအနက်ကိုရအောင် ယူရသော "ဘာဝပ္ပဓာန"ဟု ကြံပါ၊ နောက် "ဝုတ္တံ"၌လည်း နည်းတူ။]

**အဝုတ္တနှင့် ဝုတ္တ။** ။သြဒနော ပစိတွာ ဘုဇ္ဇတေ ( စားအပ်၏ )၊ ဤ၌ သြဒနောဟူသောကံသည် တွာပစ္စည်းသည် မဟောအပ်သည်ဖြစ်၍ ဘုဇ္ဇတေ ဟူသောပုဒ်တပါးသည် ဟောအပ်သည်၏အဖြစ်သို့ရောက်၏၊ ဤကား ဋီကာ ဟောင်း၌ လာသောပုံစံများတည်း။

**ဋီကာသစ်ပုံစံများ။** ။နစ္စတိ ဂါယတိ နဋော၊ ဤ၌ "နဋော"ဟူသော ကတ္တားသည် နစ္စတိကြိယာသည် ဟောအပ်သည်ဖြစ်၍, ဂါယတိကြိယာလည်း ဟောအပ်သည်၏အဖြစ်သို့ ရောက်၏။

ပစ္စတေ ဘက္ခိယတေ သြဒနော၊ ဤ၌"သြဒနော"ဟူသောကံသည် ပစ္စတေ ကြိယာသည် ဟောအပ်သည်ဖြစ်၍ , ဘက္ခိယတေကြိယာလည်း ဟောအပ် သည်၏အဖြစ်သို့ ရောက်၏။

ယာစိယတေ ပရိဓိယတေ (ရုံအပ်၏) ကမ္ဗလံ၊ ဤ၌လည်း " ကမ္ဗလံ " ဟူသော ကံသည် ယာစိယတေ ကြိယာသည် ဟောအပ်သည် ဖြစ်၍ , ပရိဓိ ယတေ ကြိယာလည်း ဟောအပ်သည်၏အဖြစ်သို့ရောက်၏။ [ပရိပုဗ္ဗ, ဓာဓာတ် သည် ဝတ်ရုံခြင်း ရုံခြင်းအနက်ကို ဟော၏။]

ဤသို့စသည်ဖြင့် အာချာတ် အချင်းချင်းရင်း , ကိတ်စသည် အချင်းချင်း ရင်း, အာချာတ်ကို မူတည်၍ ကိတ် စသည်ကို မူလီသွတ်၍ရင်း ဋီကာသစ်၌ များစွာပြဆိုထားလေသည်၊ အကျယ်ကို ကစ္စာယနသာရူပတ္တ၌ ရှုပါလေ။

**သာမညနိဒ္ဒေသ ပြီး၏။**

www.dhammaransi.com



**အာချာတနိဒ္ဒေသ**

၁၉။ ပရဿ ကတ္တရိယေဝ, အတ္တနော ပန တီသုပိ၊
ဝိကရဏာတု သဗ္ဗေပိ, ကတ္တုတ္တေ သဗ္ဗဓာတုကေ။

၁၉။ ပရဿ- ပရဿပုဒ်ဝိဘတ်သည်၊ ကတ္တရိယေဝ - ကတ္တား အနက်၌သာ၊( ဟောတိ-၏၊ ) အတ္တနောပန-အတ္တနောပုဒ် ဝိဘတ် သည်ကား၊ တီသုပိ- ဘော, ကံ, ကတ္တား, သုံးပါးသော အနက်တို့ ၌လည်း၊ ဟောတိ- ၏၊ တု- ထိုမှတပါး၊ သဗ္ဗေပိ - အလုံးစုံလည်း ဖြစ်ကုန်သော၊ ဝိကရဏာ - ဝိကရဏပစ္စည်းတို့သည်၊ (ဓာတ်တို့ကို ဝိကာ်းအားဖြင့် ထူးခြားအောင်ပြုတတ်သော ပစ္စည်းတို့သည်၊ ) သဗ္ဗ ဓာတုကေ-သဗ္ဗဓာတ်ဝိဘတ်နှောင်းရာ၌၊ ကတ္တုတ္တေ-ကတ္တားအနက် ၌၊ ဟောန္တိ-ဖြစ်ကုန်၏။

**၁၉။ ပရဿ၊ပေ၊တီသုပိ။** ။အာချာတ်ဝိဘတ်ရှစ်သွယ်တို့၏ ရှေးရှေး ၆ ပုဒ်သည် ပရဿပုဒ် , နောက်နောက် ၆ ပုဒ်ကား အတ္တနောပုဒ် တည်း၊ ထိုတွင် ပရဿပုဒ်ဝိဘတ်တို့သည် " ကတ္တရိ ပရဿပဒံ " သုတ်နှင့် အညီ, ကတ္တားအနက်ကို ဟောကုန်၏၊ အတ္တနောပုဒ် တို့ကား " အတ္တနောပဒါနိ ဘာဝေစ ကမ္မနိ, ကတ္တရိစ" သုတ်တို့နှင့်အညီ ဘော, ကံ, ကတ္တား, အနက် ၃ ပါးတို့၌ ဖြစ်ကုန်၏။[“ပရဿပဒံ-အတ္တနောပဒံ”ဟုဆိုလိုလျက်“ပရဿ” ဟူသော ပုဒ်တစိတ်,“အတ္တနော”ဟူသော ပုဒ်တစိတ်တပိုင်းကို အပေါင်း၌ တင်စားသော ကေဒေသူပစာရအားဖြင့် ဆိုထား၏၊ .... ပရဿာတိ အတြ ကေဒေသောစ္စာရဏေနာပိ (ကေဒေသ + ဥစ္စာရဏေနာပိ) သမုဒါယော ပဋိ ပါဒိီယတေ၊ — ဋီကာ၊ ပရဿပုဒ် အတ္တနောပုဒ်အမည်ရပုံကို ကစ္စည်းရူပသိဒ္ဓိ ဘာသာဋီကာတို့မှာ ရှုပါ။ ]

**ဝိကရဏာ၊ပေ၊သဗ္ဗဓာတုကေ။** ။ဝိကရဏပစ္စည်းတို့သည်“ဝတ္တမာန်, ပဉ္စမီ,သတ္တမီ,ဟိယျတ္တနီ”ဟူသော သဗ္ဗဓာတ်ဝိဘတ် ၄ သွယ်နှောင်းရာဝယ် ကတ္တားအနက်၌ သက်ကုန်၏၊ ဤစကားသည် " သဗ္ဗဓာတုကမှိယေဝါယ မိဿတေ”ဟူသော ရူပသိဒ္ဓိ“ဘူဝါဒိတော အ”သုတ်အဖွင့်ကိုရည်ရွယ်သော စကားတည်း။ [ ဝိကရီယန္တိ ဓာတဝေါ ဧတေဟီတိ ဝိကရဏာ၊ ( အဝုတ္တ ကတ္တုသာဓန )၊ သဗ္ဗဓာတ်ဝိဘတ် နှောင်းရာ၌သာ သက်ရခြင်း၏အကျိုးကို ရူပသိဒ္ဓိနှင့် အဖွင့်ဘာသာဋီကာမှာ ရှုပါ။ ]

www.dhammaransi.com



## ၂၀။ အသဗ္ဗဓာတုကေ ပျေသု, ကိဉ္စိ ဇုန္တန္တိ ပစ္စယံ၊
## ပစ္စုပ္ပန္နာဒိကာလေသု, ဝတ္တမာနာဒယော ကမာ။

၂၀။ ဧသု - ဤ ဝိကရဏ ပစ္စည်းတို့တွင်၊ ကိဉ္စိ – အချို့သော၊ ပစ္စယံ- ဝိကရဏပစ္စည်းကို၊ အသဗ္ဗဓာတုကေပိ- အသဗ္ဗဓာတ် ဝိဘတ် နှောင်းရာ၌လည်း၊ ဇုန္တန္တိ- ( သက်ဘို့ရန် ) အလိုရှိကြကုန်၏၊ ဝတ္တမာနာဒယော - ဝတ္တမာန် အစရှိသော ဝိဘတ်တို့သည်၊ ပစ္စုပ္ပန္နာဒိကာလေသု- ပစ္စုပ္ပန်အစရှိသော ကာလတို့၌၊ ကမာ–အစဉ်အတိုင်း၊ ဟောန္တိ –ဖြစ်ကုန်၏။

၂၀။ **အသဗ္ဗ၊ပေ၊ပစ္စယံ**။ ။ရူပသိဒ္ဓိ၌ အပစ္စည်းအတွက်သာ “သဗ္ဗဓာတုကမ္ဟိယေဝါယ မိဿတေ”ဟု ဆိုသောကြောင့်“အခြားဝိကရဏပစ္စည်း အချို့မှာ ပရောက္ခာ, အဇ္ဇတနီ, ဘဝိဿန္တိ, ကာလာတိပတ္တိဟူသော အသဗ္ဗဓာတ် ဝိဘတ်နှောင်းရာ၌လည်း သက်သေး၏ ” ဟု ခွင့်ပြုရာ ရောက်သည်၊ ထို့ကြောင့်“ရုန္ဓိဿတိ,ဗုဇ္ဈိဿတိ,ဂဏှိဿတိ”စသည်ဖြင့် ဘဝိဿန္တိဝိဘတ် နှောင်းရာ၌ အ, ယ, ဏှာ-ဟူသော ဝိကရဏပစ္စည်းများ သက်ထားရာပုံစံကို တွေ့ကြရသည်။

**ပစ္စုပ္ပန္နာဒိ၊ပေ၊ကမာ**။ ။“ကမာ ”ဟု စာအုပ်များ၌ ရှိ၏၊ သို့သော် ဝိဘတ်ကရှစ်သွယ်ရှိ၍ ကာလက သုံးပါးသာ ရှိသောကြောင့် အစဉ်အတိုင်း စပ်၍ မဖြစ်၊ ထို့ကြောင့်“ဝတ္တမာနာဒယော ဂတာ (ဖြစ်ကုန်၏)”ဟု ရှိလျှင် ကောင်းမည်ထင်သည်၊ ပစ္စုပ္ပန္နာဒိ၌ အာဒိဖြင့်လည်း အတိတ် အနာဂတ်သာ မက, အနာမဋ္ဌ ( ကာလကို မသုံးသပ်အပ်သော ) ကာလသာမန် ကြိယာ သာမန်ကိုလည်း ယူသင့်မည်ထင်သည်။

ထို့ပြင်— နောက်ဂါထာ၌ “ ဘာဝေါ ပစ္စုပ္ပန္နော = အားထုတ်၍ မပြီး သေးသောကြိယာကို ပစ္စုပ္ပန် ခေါ်၏”ဟု ဆိုလတ္တံ့ဖြစ်သောကြောင့် ကာလ အရလည်း ကြိယာကိုသာ ကောက်ယူသင့်သည်၊ ဝတ္တမာန်သည် ပစ္စုပ္ပန်ကာလ၌ သက်၏၊ ပဉ္စမီ, သတ္တမီတို့ကား ကာလအထူး သတ်မှတ်ချက်မရှိသောကာလ သာမန် ကြိယာသမာန်၌ သက်ကုန်၏၊ [နောက်၌“ကာလဘေဒမနိဿာယ- ပဉ္စမီသတ္တမီ သိယုံ”ဟု လာလတ္တံ့။] ပရောက္ခာ, ဟိယျတ္တနီ, အဇ္ဇတနီတို့သည် အတိတ်ကာလ၌ သက်ကုန်၏၊ ဘဝိဿန္တိကား အနာဂတ်ကာလ၌ သက်၏၊ ကာလာတိပတ္တိကို “အတိတ် အနာဂတ်၌ သက်၏”ဟု ဆိုလတ္တံ့။

www.dhammaransi.com



၂၁။ အာရဒ္ဓါ·နိဋ္ဌိတော ဘာဝေါ, ပစ္စုပ္ပန္နော သုနိဋ္ဌိတော၊ အတီတာ·နာဂတုပ္ပါဒ-မပ္ပတ္တာ·ဘိမုခါ ကြိယာ။

၂၁။ အာရဒ္ဓေါ-စ၍ အားထုတ်အပ်သည်၊ (ဟုတ္တာ-ဖြစ်၍၊) အနိဋ္ဌိတော-မပြီးသေးသော၊ ဘာဝေါ- ကြိယာသည်၊ ပစ္စုပ္ပန္နော-ပစ္စုပ္ပန်မည်၏၊ သုနိဋ္ဌိတော - ကောင်းစွာ ပြီးပြီးသော၊ ( ဘာဝေါ-သည်၊)အတီတော- အတိတ်မည်၏၊ ဉပ္ပါဒံ - ဖြစ်ခြင်းသို့၊ အပ္ပတ္တာ-မရောက်သေးသော၊ အဘိမုခါ - ရှေးရှုဖြစ်သော၊ ကြိယာ- ကြိယာသည်၊ အနာဂတော - အနာဂတ်မည်၏။

၂၁။ **အာရဒ္ဓါ၊ပေ၊ကြိယာ** ။ ။ "ပစ္စုပ္ပန္နာဒိကာလေသု"ဟူသော စကားနှင့်စပ်၍ ကြိယာ ၃ မျိုးကို ပြလိုသောကြောင့် "အာရဒ္ဓါ"စသည်မိန့်၊ "ပုရိသော ဂစ္ဆတိ"၌ သွားခြင်းကြိယာကို စ၍ အားထုတ်အပ်၏၊ ထို သွားခြင်းကိစ္စသည် မပြီးသေး၊ ထိုသို့ စ၍ပြုအပ်သော,မပြီးသေးသောကြိယာကို"ပစ္စုပ္ပန်ကြိယာ"ဟု ခေါ်၏။ [အာရမ္ဘသဒ္ဒါကဲ့သို့ ဤ အာရဒ္ဓသဒ္ဒါလည်း အာဒိကမ္မ အနက်ဟောတည်း၊ ပတိ – ဆိုင်ရာအကြောင်းကို စွဲ၍ + ဉပ္ပန္န–ဖြစ်ဆဲကြိယာ၊ ထိုကြိယာ၏ ဖြစ်ရာအခါကိုလည်း"ပစ္စုပ္ပန်ကာလ"ဟု ခေါ်ရသည်။] နိစ္စပ္ပဝတ္တိ-စသော ဝတ္တမာန် ၄မျိုးကို ကစ္စည်းဘာသာဋီကာ၌ ရှုပါ။

**သုနိဋ္ဌိတော အတီတော**။ ။ ထို သွားခြင်းကိစ္စ ပြီးသောအခါ ထို သွားခြင်းကြိယာကို"အတီတ—လွန်ပြီး"ဟု ခေါ်၏၊ ထို ကြိယာ၏ဖြစ်ခဲ့ရာ အခါကိုလည်း "အတိတ်ကာလ"ဟု ခေါ်ရသည်။ [အတိ – လွန်၍+ဣတ–ဖြစ်သောကြိယာ၊ ကြိယာကို "ကာလ"ဟု ခေါ်ရာ၌ "ကရဏံ ကာရော၊ ကာရော ဧဝ ( ပြုခြင်းကြိယာသည်ပင်) ကာလော—ကာလမည်၏"ဟု ပြုရသည်၊ ရကို လပြုပါ—ဟူလို။]

**အနာဂတုပ္ပါဒ ၊ ပေ ၊ ကြိယာ**။ ။သွားခြင်းကြိယာကို မစရသေးဘဲ ဖြစ်ဘို့ရန် ရှေးရှုနေသော အမူအရာ ကြိယာသည် "အနာဂတ" မည်၏၊ ဉပမာ-အရိမေတ္တေယျဘုရားရှင်၏ပွင့်တော်မူဘို့ရန် ရှေးရှုနေသော (ပွင့်တော်မူမည့် ) ကြိယာသည် အနာဂတ် မည်သကဲ့သို့တည်း၊ ထို ဖြစ်လတ္တံ့ကြိယာ၏ တည်ရာအချိန်အခါလည်း မပေါ်လာသေး၊ ထို မပေါ်လာသေးသော အခါကိုပင်"အနာဂတ်ကာလ"ဟု ခေါ်ရသည်။ [န+အာဂတော အနာဂတော—လာပြီးလာဆဲ (ဖြစ်ပြီးဖြစ်ဆဲ) မဟုတ်သောကြိယာ၊ ဝါ—ဖြစ်လတ္တံ့ကြိယာ။]

www.dhammaransi.com



၂၂။ ကတဿာ·သရဏေ ကင္ဆု, အစ္စန္တ·ဿာဒနေပိစ၊
ဒိဋ္ဌာဒီနံ· မဘာဝေစ, တီသု ဧဝ ယျာ ပရောက္ခတာ။

၂၂။ ကင္ဆု - ညံ့ဖျင်းသော ကဏ္ဏား၏၊ ကတဿ-မိမိပြုအပ်ပြီးသော အမှုကို၊ အသရဏေ - မမှတ်မိရာ၌ငင်း၊ အစ္စန္တဿာဒနေပိစ-စင်စစ်ဖုံးကွယ်ရာ၌ငင်း၊ ဒိဋ္ဌာဒီနံ-မြင်ခြင်းအစရှိသည်တို့၏၊ အဘာဝေစ - မရှိရာ၌ငင်း၊ တီသု - သုံးပါးသော အရာတို့၌၊ ပရောက္ခတာ-ပရောက္ခာ ဝိဘတ်၏အဖြစ်ကို၊ ဝါ- ပရောက္ခာဝိဘတ်သက်ရခြင်းကို၊ ဧဝ ယျာ - သိအပ်၏။

၂၂။ **ကတဿာ၊ ပေ၊ ပရောက္ခတာ ။** ။ ပရောက္ခာဝိဘတ်သက်ရာ ၃ ဌာနကိုပြသော ဂါထာတည်း၊ (၁) မိမိပြုအပ်သည်ကို အမှတ် မရခြင်း, (၂) အရင်းကစ၍ ဖုံးကွယ်လိုခြင်း, (၃) မြင်မှု ကြားမှု စသည်၏ မရှိခြင်း, ဤ ၃ ဌာနတို့၌ မျက်ကွယ် အနက်ဟော ပရောက္ခာဝိဘတ် သက်ရသည်။

**ကတဿာ သရဏေ ကင္ဆု ။** ။ "သင်သည် ရာဇဝတ်မှု မကင်းသော ဤစကားကို ဆိုတယ်လို့ကြားရသည်,ဟုတ်သလား"ဟု သူတပါးကမေးရာ၌ "သုပိနေ အာဟကိလ— အိပ်မက်ထဲ၌ ပြောမိသတဲ့"ဟု ပြန်ပြောသော အရာမျိုး၌ အိပ်နေတုန်းဝယ် မူဠ္ဆဖြစ်နေသောကြောင့် မိမိပြောမိသည်ကို မိမိအမှတ်မရသဖြင့် " အာဟကိလ "ဟု ပရောက္ခာဝိဘတ် သက်ရသည်။ [အတြ ဟိ နိဒ္ဒါယ မောဟစိတ္တော သကတမ္ပိ (ကိုယ်တိုင် ပြုအပ်သော်လည်း) နသ္သရတိ၊ (ကစ္စာယနသာရဋီကာ )၊ "သုတ္တောဟံ ကိလ ဝိလလာပ .... ဗဟုံ ဇဂါဒ ပုရတော တဿ မတ္တော ကိလာဟံ"ဟုလည်း သဒ္ဒတ ပုံစံထုတ်၏၊ အဟံ— ငါသည်၊ သုတ္တော—အိပ်ပျော်စဉ်၊ ဝိလလာပ ကိလ — ယောင်ယမ်းပြောဆိုမိသတတ်၊ အဟံ— ငါသည်၊ မတ္တော— မူးယစ်သည်ဖြစ်၍၊ တဿ— ထိုသူ၏၊ ပုရတော-ရှေ့၌၊ ဗဟုံ-များစွာသောစကားကို၊ ဇဂါဒ ကိလ-ပြောမိသတတ်။

**အစ္စန္တအဿာဒနေပိစ။** ။ဖုံးကွယ်လိမ်လည်မှုသည် အဿာဒန (သာမန်ဖုံးကွယ်ခြင်း ) အစ္စန္တအဿာဒန( အကြောင်းရင်းကစ၍ စင်စစ်ဖုံးကွယ်ခြင်း) ဟု ၂ မျိုးရှိ၏၊ " သင်+ထို မြို့၌နေသလား "ဟု မေးရာ၌ " နေပါလျက် " "မနေဘူး"ဟု ဖုံးကွယ်ခြင်းသည် သာမန်ဖုံးကွယ်ခြင်းဖြစ်၍ " အဿာဒန" သာတည်း၊ ထို အဿာဒနမတ္တ၌ ပရောက္ခာမသက်ရ၊ " နာဟံ အဝသိံ — ငါမနေဘူးပါ"ဟု အဇ္ဇတနီသာ သက်ရသည်။

အဂ် ဝဂ် ကလိင်္ဂေသု, သောရဋ္ဌ မဂဓေသုစ၊
တိတ္ထယာတြံ ဝိနာ ဂန္တွာ, ပုန သင်္ခါရ·မာစရေ။

www.dhammaransi.com



၂၃။ အတီတရတ္တိယာ ယာမော, ပန္တိမော ဒ္ဒ·မမုဿဝါ၊
ဘာဝိနိယာ·ဒိပ္ပဟာရော, တဒ္ဒိ ဝါ ဇ္ဇ တေဟျ·ဟော။

၂၃။ အတီတရတ္တိယာ – လွန်လေပြီးသော ညဉ့်၏၊ ပန္တိမော ယာမော ဝါ-နောက်ဆုံး မိုးသောက်ယာမ်သည်သော်၎င်း၊ အမုဿ-ထိုမိုးသောက်ယာမ်၏၊ အဒ္ဓဝါ - ထက်ဝက်သည်သော်၎င်း၊ ဘာဝိနိ

အင်္ဂတိုင်း ဝင်္ဂတိုင်း ကလိင်္ဂတိုင်း သောရဋ္ဌတိုင်း မဂဓတိုင်းတို့၌ ဘုရားဖူး သွားခြင်းကို ကြည့်၍ အခြားအကြောင်းဖြင့် သွားလျှင် ဇာတ်ပျက်၏၊ ထပ်၍ ဇာတ်သွင်းမှုကို ပြုကျင့် ရမည်၊ ဤသို့ ဟိန္ဒူတို့၏ လောကီဓမ္မသတ်ကျမ်း ရှိသတတ်၊ ထို့ကြောင့်....

တစုံတယောက်က အခြား တယောက်ကို "သင်သည် ကလိင်္ဂတိုင်းတို့သို့ ရောက်ဘူးသလား, ကြာမြင့်စွာ နေဘူးသလား " ဟု မေးလျှင် ရောက်ဘူး နေဘူးပါလျက် ယခင်ဓမ္မသတ်ကို သတိရ၍"နာဟံ ကလိင်္ဂေ ဇဂါမ= ငါ ဘာ ကလိင်္ဂတိုင်းတို့သို့ သွားတောင်မသွားဘူးပါ" ဟု ဖြေခြင်းသည် ရောက်ခြင်း နေခြင်း၏ အကြောင်းရင်းဖြစ်သော သွားခြင်းကစ၍ ဖုံးကွယ်သောကြောင့် "အစ္စန္တာနုဋ္ဌာဒန"မည်၏၊ "ကလိင်္ဂတိုင်းတို့၌ ရေခံ့ဘို့နေဘို့ကို မဆိုထားနှင့်, သွားတောင် မသွားဘူးပါ " ဟူလို၊ ဤသို့ အစ္စန္တ + အနုဋ္ဌာဒန အရာမျိုး၌ "ဇဂါမ"ဟု ပရောက္ခာသက်ရသည်။

**ဒိဋ္ဌာဒိန မဘာဝေ ။** ။ " ဧဝံ ကိလ ပေါရာဏာ အာဟု = ဤသို့ ရှေးဆရာတို့ ဆိုကြသတတ်"ဤ၌ ရှေးဆရာတို့ဆိုခြင်းကို မိမိမသိရ မကြားရဘဲ (သူတပါးက တဆင့်ပြောမှသိရသောကြောင့်)အပေစ္စက္ခဖြစ်၏၊ ထို့ကြောင့် "အာဟု"ဟု ပရောက္ခာထားရသည်။ [ကိလ (ပါဠိလို"ကိရ") သဒ္ဒါကား မနှစ်သက်သောအရာ, တဆင့် ကြားရသောအရာတို့၌ သုံးစွဲရသော နိပါတ် ပုဒ်တည်း၊ ထို့ကြောင့် တဆင့်ကြားဖြစ်၍ ကိလ=ကိရ ဟု သုံးစွဲသည်၊ တချို့ နေရာ၌ကား အကျယ်ချဲ့လို၍ "သာဝတ္ထိယံ ကိရ"စသည်ဖြင့် သုံးစွဲအပ်သော အသုံးမျိုးလည်း ရှိသေး၏။]

[**ဆောင်**] နှစ်မသက်ကား, တဆင့်ကြားနှင့်, ချဲ့ပြောလိုဘိ, ကိလထည့်, ပါဠိ ကိရပင်။

---

၂၃။ **အတီတ ၊ပေ၊ ဟျဟော ။** ။ ဤဂါထာကား အဇ္ဇတနီဝိဘတ် အတွက် "အဇ္ဇ"၏အရကို ပြသောဂါထာတည်း၊ "အမုဿဝါ တဒ္ဒိဝါ" ဟု ဝါသဒ္ဒါပါပုံကိုကြည့်၍ အဇ္ဇအရကောက်နည်း ၂ မျိုးရှိကြောင်းကို သိနှင့်ပါ။

www.dhammaransi.com



ယာ - ဖြစ်လတ့်သော အနာဂတ်ညဉ့်၏၊ အာဒိပ္ပဟာရောဝါ - အစ တပဟိုရ်သည်သော်၎င်း၊ တဒ္ဒံဝါ - ထို အစ တပဟိုရ်၏ထက်ဝက်သည်သော်၎င်း၊ (အတ္ထိ)၊ တေဟိ- ထို ယာမ်ပဟိုရ်တို့နှင့်တကွ၊ ဝါ- ထို ယာမ်ပဟိုရ်တို့၏ ထက်ဝက်တို့နှင့်တကွ၊ အဟော-တနေ့လုံးသည်၊ အဋ္ဌ-အဋ္ဌမည်၏။ [" ဘာဝိနီ - ဖြစ်လတ့်ညဉ့်"ဟု ဝိဂ္ဂြဟ ရသင့်သော်လည်း ဆန္ဒာနုရက္ခဏာအကျိုးငှါ " ဝိ "ဟု ဒီဃရှိရသည်။]

[ပဟိုရ်စင်က ပဟိုရ်စည်ကြီးကို တခါတီးလျှင် တပဟိုရ်ဟု မှတ်၍ တနေ့လျှင် ၄ ပဟိုရ်ရှိသတတ်၊ ရှေးက နေ့နာရီ ၃၀ ရှိရကား တပဟိုရ်လျှင် ၇-နာရီခွဲစီ ရှိ၏၊ ညဉ့်ကိုလည်း ၃ ယာမ်ဟု၎င်း, ၄ ယာမ်ဟု၎င်း ၂ မျိုးယူကြ၏၊ ၄ ပဟိုရ်နှင့်လိုက်အောင် "၄ ယာမ်"ဟု ယူ၍ အဓိပ္ပါယ်မှတ်ပါ၊ " ပဟာရော ယာမသညိတော " အဘိဓာန် (၇၂) နှင့်အညီ, ပဟိုရ်နှင့် ယာမ်သည် သဘောတူ၏၊ "စတုယာမံ တု ယာစကော" ဟု လောကနီတိ၌ ၄ ယာမ် ဟု ဆို၏၊ ပဟရီယတိ ဧတ္ထာတိ ပဟာရော—ပဟိုရ်စည်ကြီးကို တီးခတ်ရာ အချိန်အခါ၊ ဝါ—တပဟိုရ်။]

**အတီတ၊ပေ၊မုဃဝါ ။** ။ လွန်ပြီးညဉ့်၏ နောက်ဆုံးယာမ်ဖြစ်သော ၇ နာရီခွဲကာလသည်၎င်း, ( တနည်း ) — ထို နောက်ဆုံးယာမ်၏တဝက်ဖြစ်သော ၃ နာရီ ၄၅ မိနစ်ကာလသည်၎င်း။

**ဘာဝိနီယာ၊ပေ၊တဒ္ဒံဝါ။** ။လာမည့် အနာဂတ်ညဉ့်၏ ၄ ပဟိုရ်တွင် အစတပဟိုရ်, (တနည်း) ထိုပဟိုရ်၏ထက်ဝက်သည်၎င်း။ [ဤသို့ ရှေ့နေ့ ညဉ့်၏ ၂ ယာမ်နှင့်တကွ တနေ့လုံးကို ( တနည်း ) ရှေ့နောက် ထက်ဝက် ၂ ခုနှင့်တကွ တနေ့လုံးကို"အဋ္ဌ (ယနေ့)"ဟု ခေါ်သည်။]

ရှေးဆရာတို့ကား " ညဉ့် ၃ ယာမ် , နေ့ ၃ ပဟိုရ်ဖြင့်တွက်၍ ရှေ့နောက် ညဉ့်နှင့်တကွ ၅ ညဉ့်နှင့် နေ့ ၃ ပဟိုရ် ( နာရီ၅စ်ဆယ် ) သည် (တနည်း) ရှေ့နောက် တဝက်နှင့်တကွ ၄ ညဉ့်နှင့် နေ့ ၃ ပဟိုရ် ( နာရီ ၇ ဆယ် ) သည် အဋ္ဌမည်၏"ဟု ယူကြသည်။

**မှတ်ချက်။** ။ ရှေ့နောက် ၂ ယာမ်၏ အလယ်ဖြစ်သော ညဉ့်အဘို့သည် အဋ္ဌ၌၎င်း , ဟိယျော၌၎င်း မပါဘဲကျန်နေ၏၊ ထို ကျန်နေသောအချိန်ကား အိပ်ခြင်းကြိယာဖြစ်၍ အခြားကြိယာအဖြစ်နည်းသောကြောင့် ချန်လှပ်ထားသည် — ဟု ကြံကြသည်၊ ဝါဒအမျိုးမျိုးနှင့် တကွ အခြား မှတ်ဘွယ်များကို ကစ္စည်းဘာသာဋီကာ၌ ရှုပါ။

www.dhammaransi.com



၂၄။ ဝိရုဒ္ဓဟေတုယောဂါဝါ, ဟေတုဝေကလ္လတောပိ ဝါ၊
ကြိယာနံ·မ ဘာဝေါဝ, ကြိယာတိပန္န·မီရိတံ။

၂၄။ ဝိရုဒ္ဓဟေတု ယောဂါဝါ – ဆန့်ကျင်ဘက်အကြောင်းနှင့် ပေါင်းမိခြင်းကြောင့် သော်၎င်း၊ ဟေတုဝေကလ္လတော ပိ ဝါ – လျော်သောအကြောင်း၏ ချို့တဲ့ခြင်းကြောင့်သော်၎င်း၊ ကြိယာနံ – ကြိယာတို့၏၊ အဘာဝေါဝ – မဖြစ်ခြင်းကိုပင်၊ ကြိယာတိပန္နံ-ကြိယာတိပန္နဟူ၍၊ ဤရိတံ- ဆိုအပ်၏။

၂၄။ **ဝိရုဒ္ဓါ၊ပေ၊မီရိတံ။** ။ကြိယာတိပန္နေတိတေ ကာလာတိပတ္တိသုတ်နှင့်စပ်၍ ကြိယာတိပန္န၏ သရုပ်သကောင်ကိုရင်း, ကြိယာတိပန္န ဖြစ်ခြင်း၏ အကြောင်း ၂ ပါးကိုရင်း ပြသောဂါထာတည်း၊ ချဲ့ဦးအံ့ — “ကြိယာနံ အဘာဝေါဝ”ဖြင့် ကြိယာတိပန္န၏သရုပ်ကို ပြ၏၊ “ဖြစ်သင့်သော (ဖြစ်စရာရှိသော) ကြိယာ၏မဖြစ်ခြင်းကိုပင် ကြိယာတိပန္နခေါ်သည်” ဟူလို၊ “ဝိရုဒ္ဓါ၊ပေ၊တောပိဝါ”ဖြင့် ထို ကြိယာတိပန္န၏အကြောင်းကို ပြ၏၊ “ဆန့်ကျင်ဘက်အကြောင်းနှင့် ပေါင်းမိခြင်းကြောင့်သော်လည်း ကြိယာတိပန္နဖြစ်တတ်၏၊ ဆိုင်ရာ အကြောင်းတခုခု၏ ချို့တဲ့ခြင်းကြောင့် သော်လည်း ကြိယာတိပန္နဖြစ်တတ်သည် ”ဟူလို။

**ဝိရုဒ္ဓဟေတုယောဂါ ။** ။ ထမင်းချက်ဘို့ ပြင်ဆင်နေရာ၌ မိုဃ်းကြီးသည်းထန်စွာရွာသွန်းလာခြင်း လေမုန်တိုင်းကျလာခြင်းစသော အကြောင်းမျိုးသည် ထမင်းချက်ခြင်းကြိယာ၏ ဆန့်ကျင်ဘက်အကြောင်းတည်း၊ ထိုအကြောင်းကြောင့် ထမင်းချက်ခြင်းကြိယာ၏ မဖြစ်ခြင်းသည် ကြိယာတိပန္နမည်၏၊ မဟာဓနသူဌေးသားသည် ပဌမ အရွယ်၌ ရဟန်းပြုလျှင် ရဟန္တာဖြစ်လောက်သူတည်း၊ ထိုသို့ ရဟန်း မပြုဖြစ်လောက်အောင် သေရည်အရက်သောက်စား သုံးဖြုန်းခြင်းဟူသော ဆန့်ကျင်ဘက်အကြောင်းကြောင့် ရဟန်းမဖြစ်တော့။ [“ သစေ ပဌမဝယေ ပဗ္ဗဇိဿ, အရဟတ္တံ ပါပုဏိဿ ” ဟု ပါဠိဖြစ်၏။]

**ဟေတုဝေကလ္လတော ။** ။ ထမင်းချက်ဘို့ ပြင်ဆင်ရာ၌ ရေမရှိခြင်း, ထင်းမရှိခြင်းစသည်တို့မှာ ထမင်းချက်ဘို့ရန်လျော်သောအကြောင်း၏ ချို့တဲ့ခြင်းတည်း၊ ထမင်းချက်မှုကြိယာ၏ မဖြစ်ခြင်းကား ကြိယာတိပန္နမည်၏၊ မဟာဓနသူဌေးသား၏ ရဟန္တာမဖြစ်ခြင်း၌လည်း“ရဟန်းပြုခြင်း”ဟူသော အကြောင်း၏ချို့တဲ့မှုလည်းပါဝင်၏၊ ထို့ကြောင့်“အရဟတ္တံ ပါပုဏိဿ”ဟု ကာလာတိပတ္တိဖြင့် ပါဠိတော်ရှိသည်။[ ကြွင်းသောမှတ်ဘွယ်များကို ကစ္စည်းဘာသာဋီကာ၌ ရှုပါ။]

www.dhammaransi.com



၂၅။ တဥ္စ ဒွိဓာ ဘူတံ ဘာဝိ, ဘူတံ သမ္ပုဏ္ဏကာရဏာ၊
ဘာဝိ ဘာဝါတိပန္နန္တု, ကုတောစိ လိင်္ဂဒဿနာ။

၂၅။ တဥ္စ - ထိုကြိယာတိပန္နသည်လည်း၊ ဘူတံ – ဖြစ်ပြီးဂုဏ်း၊ ဝါ–အတိတ်ဂုဏ်း၊ ဘာဝိ-ဖြစ်လတ္တံ့ဂုဏ်း၊ ဝါ-အနာဂတ်ဂုဏ်း၊ (ဣတိ-ဤသို့၊) ဒွိဓာ – ၂ ပါးပြား၏၊ ဘူတံ – အတိတ်ကြိယာတိပန္နသည်၊ သမ္ပုဏ္ဏကာရဏာ-ပြည့်စုံသောအကြောင်းကြောင့်၊ ဝါ-ဝိရုဒ္ဓဟေတု ဟေတုဝေကလ္လ အကြောင်း၏ ပြည့်စုံခြင်းကြောင့်၊ (ဟောတိ- ၏၊) ဘာဝိ - အနာဂတ်ဖြစ်သော၊ ဘာဝါတိပန္နန္တု – ကြိယာတိပန္နသည် ကား၊ ကုတောစိ-တစုံတခုသော၊ လိင်္ဂဒဿနာ- အရိပ်နိမိတ် အသွင် အပြင်ကို မြင်ရခြင်းကြောင့်၊ (ဟောတိ)။

**၂၅။ တဥ္စ၊ပေ၊ဒဿနာ။** ။ကြိယာတိပန္နသည် အတိတ် အနာဂတ် အားဖြင့် ၂ မျိုးရှိ၏၊ ထိုတွင် အတိတ်ကြိယာတိပန္နသည် ပြခဲ့သောအကြောင်း ၂ ပါးတွင် တပါးပါးဖြစ်စေ, ၂ ပါးလုံးဖြစ်စေ ပြည့်စုံခြင်း (တွေ့ကြုံခြင်း) ကြောင့် ဖြစ်၏၊ အနာဂတ်ကြိယာတိပန္နကား “ အကြောင်းတခုခု ဖြစ်စရာ ရှိသည် ” ဟု အသွင်အပြင် အရိပ်နိမိတ်ကို မြင်ရခြင်းကြောင့် ဖြစ်နိုင်သည်၊ [“သုခကာရိ ဒါနံ”ကဲ့သို့ “ဘာဝိ”ဟု ရဿရှိစေ၊ ဘူတံကား အတိတ်ဟော တပစ္စည်းကြောင့် ဖြစ်ပြီး (အတိတ်အနက်) ဟောတည်း။] အတိတ်ကြိယာတိ ပန္န၏ပုံစံမှာ ပြခဲ့သော မဟာဓနသူဌေးသား၏ ဖြစ်ပုံပင်တည်း။

**အနာဂတ်ပုံစံ ။** ။ “ သစာဟံ နာဂမိဿံ, မဟာဇာနိယော သော အဘဝိဿာ = အကယ်၍ ငါဘုရားကြွတော်မမူအံ့၊ ထို အင်္ဂုလိမာလသည် ကြီးစွာဆုံးရှုံးရာတော့လတ္တံ့၊ ဘုရားရှင်သည် နံနက်စောစော၌ ဝေနေယျတို့ကို ကြည့်တော်မူသောအခါ“ယနေ့ အင်္ဂုလိမာလ၏ အထံသို့ အမိလာလိမ့်မည်၊ အမိလာလျှင် လက်ညှိုးတချောင်းသာ လိုနေသော အင်္ဂုလိမာလသည် အမိကို သတ်လိမ့်မည်၊ အမိကိုသတ်လျှင် ရဟန္တာဖြစ်လေဲသူ ဖြစ်ပါလျက် ရဟန္တာ မဖြစ်ဘဲ အဝိစိကျရမည့်ကံကိုပြုမိ၍ ကြီးစွာဆုံးရှုံးရာတော့လတ္တံ့”ဟု မြင်တော် မူသည်၊ သို့သော် ဘုရားရှင်ကြွတော်မူသောကြောင့် ထိုဆုံးရှုံးမှု ဖြစ်တော့မည် မဟုတ်ရကား အနာဂတ်ကြိယာတိပန္န ဖြစ်သွားလေသည်။

**ကုတောစိ လိင်္ဂဒဿနာ။** ။ ဤ အနာဂတ်ကြိယာတိပန္န၌ ဝိရုဒ္ဓဟေတု လည်းမဖြစ်သေး၊ ဟေတုဝေကလ္လလည်းမရှိသေး၊ ကြီးစွာသောဆုံးရှုံးခြင်း၏ အကြောင်းဖြစ်သော ဘုရားရှင်၏မကြွမှု, အမိသတ်မှု ဟူသောအကြောင်းကို မှန်းဆ၍ သိမြင်တော်မူရခြင်းတည်း။ [“စိရမ္ပိ ဘက္ခော အဘဝိဿာ,သစေ

www.dhammaransi.com



## ၂၆။ ကာလဘေဒ မနိဿာယ, ပဉ္စမီ သတ္တမီ သိယုံ၊ ပတ္ထနာဝိဓိသံပုစ္ဆာ-ဝိသယာ ပရိကိတ္တိတာ။

၂၆။ ကာလဘေဒံ-ကာလ အထူးအပြားကို၊ အနိဿာယ- မမှီမူ၍၊ ပဉ္စမီ - ပဉ္စမီဝိဘတ်သည်၎င်း၊ သတ္တမီ-သတ္တမီ ဝိဘတ်သည်၎င်း၊ သိယုံ– ဖြစ်ကုန်၏၊ တာ– ထို ပဉ္စမီ သတ္တမီဝိဘတ်တို့ကို၊ ပတ္ထနာ ဝိဓိ သံပုစ္ဆာဝိသယာ-ပတ္ထနာအနက်,ဝိဓိအနက်,သံပုစ္ဆာ အနက်ဟူသော အရာရှိကုန်၏ ဟူ၍၊ ပရိကိတ္တိတာ – မိန့်ဆိုအပ်ကုန်၏။

နော နဝိဝဒါမသေ" ဟူသော (ဖျံ ၂ ကောင် အငြင်းပွားး၍ မြေခွေး တရားသူကြီး ဆုံးဖြတ်ပုံကိုပြရာ) သတ္တနိပါတ်, ဒဗ္ဗပုပ္ဖဇာတ်, ပြယုဂ်လည်း "ကြာမြင့်စွာ အစာမဖြစ်တော့ခြင်း" ဟူသော အနာဂတ်ကြိယာတိပန္နပင်တည်း၊ " န ဝိဝဒါမသေ "အရ မငြင်းခုန်ခြင်းဟူသော အကြောင်းလည်း တကယ်ဖြစ်ခဲ့သည် မဟုတ်, စိတ်ကူးဉာဏ်ဖြင့် မှန်းဆ၍ကြည့်ရသော လိင်္ဂဒဿနပင်ဖြစ်၏၊ တကယ်ဖြစ်ခဲ့သောအကြောင်းမှာ ငြင်းခုန်ခြင်းသာတည်း။]

---

၂၆။ **ကာလ၊ပေ၊ သိယုံ ။** ။ ပဉ္စမီဝိဘတ်နှင့် သတ္တမီ ဝိဘတ်တို့သည် ဝတ္တမာန်စသောကာလအထူးကို မမှီဘဲ မည်သည့်ကာလ၌ဟု မသုံးသပ်အပ်သောကြောင့် အနာမဋ္ဌကာလသာမည၌ သက်ကြ၏၊ ဥပမာ– " ကရောတု ကုသလံ–ကုသိုလ်ကို ပြုပါလော"ဟု စီမံရာ၌ "ယခုပြု–နောင်ခါပြု" ဟု မခွဲခြားဘဲ ကုလိုလ်ပြုခြင်း ကြိယာသာမည အနက်၌သာ ဖြစ်ရသကဲ့သို့တည်း။ [ " ပစ္စုပ္ပန်ကာလ " ဟု ဆိုသောနည်းနှင့်တကွ အခြားမှတ်ဘွယ်များကို ရူပသိဒ္ဓိ– ကစ္စည်းဘာသာဋီကာတို့၌ ရှုပါ။]

**ပတ္ထနာ၊ပေ၊ကိတ္တိတာ။** ။ ပတ္ထနာ - ဟူသည် တောင်းတခြင်းတည်း၊ သုခံ တေ ဟောတု– သင့်အား ချမ်းသာခြင်း ဖြစ်ပါစေသတည်း၊ ( ချမ်းသာပါစေသတည်း) ၊ဤသို့စသည်တည်း၊ဝိဓိ-ဟူသည် စီမံခြင်းတည်း၊"ကရောတု ကုသလံ–ကုသိုလ်ပြုပါ၊ ( ကုသိုလ် ပြုလော )" စသည်တည်း၊ သမ္ပုစ္ဆာ– ဟူသည် တစုံတခုနှင့် ဆက်စပ်၍ မေးခြင်းတည်း၊ ကိံ ကရောမိ – ဘာလုပ်ရမည်နည်း၊ ဓမ္မံဝါ သုဏောမိ, ဥဒါဟု ဝိနယံဝါ– သုတ်အဘိဓမ္မာကိုမူလည်း နာရမှာပါလော , သို့မဟုတ် ဝိနည်းကိုမူလည်း နာရမှာပါလော " စသည်တည်း။ [အခြားအနက်များကို ကစ္စည်းရူပသိဒ္ဓိ ဘာသာဋီကာတို့၌ ရှုပါ။]

www.dhammaransi.com



## ၂၇။ ပတ္တနာသီသနံ တေသု,နိယောဂေါ ဝိဓိ သော ဒွိခါ၊ သာဒရာ·နာဒရာ ပုစ္ဆာ, ကိမေဝံ သမ္ဘာဝရတ္ထံ။

၂၇။ တေသု–ထိုပတ္တနာဝိဓိသံပုစ္ဆာအနက်တို့တွင်၊ အာသီသနံ-တောင့်တခြင်းသည်၊ ပတ္တနာ – ပတ္တနာမည်၏၊ နိယောဂေါ- စေခိုင်းတိုက်တွန်းခြင်းသည်၊ ဝိဓိ–ဝိဓိမည်၏၊ သော-ထို တိုက်တွန်းခြင်းသည်၊ သာဒရာ·နာဒရာ – ရိုသေခြင်းရှိသော တိုက်တွန်းခြင်း , ရိုသေခြင်းမရှိသော စေခိုင်းခြင်းအားဖြင့်၊ ဒွိခါ- ၂ ပါးပြား၏၊ ကိံ - အဘယ်ပါနည်း၊ ဧဝံ-ဤသို့ပါလော၊ (ဣတိ-သို့၊) သမ္ဘာဝရတ္ထံ-စုံစမ်းမေးမြန်းခြင်းသည်၊ ပုစ္ဆာ-သံပုစ္ဆာမည်၏။

၂၇။ **ပတ္တနာ၊ပေ၊သမ္ဘာဝရတ္ထံ** ။ ။ ရှေ့ဂါထာနှင့် ဤဂါထာသည် ကစ္စည်းကျမ်းက သုတ်တို့ကိုမမှီဘဲ မောဂ္ဂလ္လာန်–ဆဋ္ဌကဏ္ဍ, ၉–"ပဉ္စပတ္တနာဝိဓိသု"ဟူသော သုတ်ကို မှီသော ဂါထာတည်း၊ ထိုသုတ်၌"ပတ္တနာ-ယာစနံ ဣဋ္ဌာသီသနဥ္စ "ဟု ဖွင့်၏၊ " လဘေယျာဟံ ဘန္တေ ဘဂဝတော သန္တိကေ ပဗ္ဗဇ္ဇံ, လဘေယျံ ဥပသမ္ပဒံ – တပည့်တော်သည် ဘုရားရှင်၏ အထံတော်၌ ရှင်အဖြစ်ကို ရပါရစေ, ရဟန်းအဖြစ်ကို ရပါရစေ" ဤကား ရှင် ရဟန်းပြုဘို့ ခွင့်တောင်းခြင်း ယာစနာတည်း၊ " ပဿေယျံ တံ ဝဿသတံ အရောဂံ–သင့်ကို အသက်တရာ အနာမရှိသည်ကို မြင်ရပါလို၏၊ အယံသုမနမာလာဝ ပိယာ ဟောမိ ဘဝါဘဝေ – ဘဝငယ် ဘဝကြီး၌ ဤမြတ်လေးပန်းပမာ ချစ်စရာကောင်းသူ ဖြစ်ရပါလို၏၊ ဤကား လိုအပ်သောဆုကို တောင်းခြင်း ဟူသော ဣဋ္ဌာသီသနတည်း။

**ဝိဓိ**။ ။"ဝိဓိ ဝိဓာနံ, နိယောဇနံ၊ ကြိယာသု ဗျာပါရဏာ–ဝိဓိဟူသည် စီမံခြင်း စေခိုင်းတိုက်တွန်းခြင်း ၂မျိုးတည်း၊ထို၂ မျိုးသည် ဆိုင်ရာကြိယာတို့၌ ယှဉ်စေခြင်းဟူသော ကြိယာသု ဗျာပါရဏာတည်း" ဟု ၎င်း, ထို ကြိယာသု ဗျာပါရဏာသည်လည်း သာဒရ (ရိုသေစွာ အောက်လူက အထက်လူကို တိုက်တွန်းခြင်း ), အနာဒရ ( အထက်လူက အောက်လူကို ရိုသေခြင်းမရှိသော စီမံစေခိုင်းခြင်း ) အားဖြင့် ၂ မျိုးရှိ၏ ဟု၎င်း မောဂ္ဂလ္လာန်ဝုတ္တိ ဖွင့်သည်၊ "ဒေသေတု ဘန္တေ ဘဂဝါ "ကား သာဒရ တိုက်တွန်းခြင်းတည်း၊ " ဧဝံ ပုညံ ကရောတု–ကောင်းမှုကို ဤသို့( သည်ပုံ သည်နည်း ) ပြုလော" ကား အနာဒရတိုက်တွန်းခြင်းတည်း။ [ မောဂ္ဂလ္လာန်ဝယ် ဤဝိဓိ၌ နိမန္တန အနုမတိ စသည်တို့ကိုလည်း သွင်းထားသည်။ ]

**ပုစ္ဆာ**။ ။ပဉ္စော သမ္ပုစ္ဆနံ၊ "သမ္ပုစ္ဆနံ"၌ သံဥပသာရကြောင့်"ရိုးရိုး မေးခြင်း မဟုတ်, တစုံတခုနှင့်ဆက်သွယ်၍ မေးခြင်း"ဟု သိရ၏၊ ထို့ကြောင့်

www.dhammaransi.com



၂၀။ ကြိယာကာလ ဝိဝစ္ဆာယံ, ဝတ္တမာနာဒယော ခိလာ၊
ယထာသကာလ မုပ္ပန္နာ, သဒ္ဒန္တရသမာဂမာ။

၂၉။ ပစ္ဆာကာလန္တရံ ဗြူတေ, ပဒသန်္ခါရကာလတော၊
ပုရာဒိဗ္ဗတျ-သဒ္ဒမွှော, ဉတျာဒိက-မိဒံ မတံ။

၂၀, ၉။ ကြိယာကာလ ဝိဝစ္ဆာယံ – ဒိဗ္ဗန စသောကြိယာ၏ ပစ္စုပ္ပန်စသော ကာလကိုဆိုလိုခြင်းသည်၊(သတိ-ရှိလသော်၊)အခိလာ- အလုံးစုံကုန်သော၊ ဝတ္တမာနာဒယော-ဝတ္တမာန်အစရှိသော ဝိဘတ် တို့သည်၊ ယထာသကာလံ-အကြင်အကြင် မိမိ၏ကာလ၌၊ ဝါ-အကြင် အကြင် မိမိ၏ကာလအားလျော်စွာ၊ ဥပ္ပန္နာ-ဖြစ်ကုန်ပြီးသည်၊ဟုတ္ဘာ- ဖြစ်၍၊ ပဒသန်္ခါရကာလတော – ပုဒ်ကို ရုပ်စီရင်ရာ အခါမှ၊ ပစ္ဆာ- နောက်၌၊ သဒ္ဒန္တရသမာဂမာ-ပုရာစသော သဒ္ဒါတပါးနှင့် ပေါင်းမိ ခြင်းကြောင့်၊ ကာလန္တရံ-အနာဂတ်စသောကာလတပါးကို၊ ဗြူတေ (ဝဒန္တိ)-ဟောကုန်၏၊ ပုရာဒိဗ္ဗတျသဒ္ဒမွှော ဉတျာဒိကံ-"ပုရာဒိဗ္ဗတိ အသဒ္ဒမ္မော" ဤသို့ အစရှိသော၊ ဉဒံ –ဤ ဥဒါဟရဏ်ကို၊ မတံ- သိအပ်၏။ [အသဒ္ဒမ္မော – မသူတော်တို့၏ တရားသည်၊ ပုရာဒိဗ္ဗတိ- မထွန်းကားမီ။]

"ကိံ+စေ– ဘယ့်နှယ်လဲ+ဒီလိုပါလား" ဟု သမ္ပဓာရဏာ (စုံစမ်း မေးမြန်း ခြင်း) ဟု ဆိုသည်၊ မောဂ္ဂလ္လာန်၌ သမ္ပဓာရဏာကိုပင် "နိရူပဏာ–စိစစ်ခြင်း, ကာရိယာနိစ္ဆယနံ– ပြုဘွယ်ကိစ္စကို မဆုံးဖြတ်နိုင်ခြင်း"ဟု ထပ်၍ ဖွင့်ပြန်၏၊ ထို မောဂ္ဂလ္လာန်အဖွင့်ကိုပင် ဤဂါထာ၌ ချုံး၍ ပြထားသည်။

---

၂၀, ၉။ ။ဟန္ဒ မယံ အာဝုသော ဓမ္မဉ္စ ဝိနယဉ္စ သံဂါယေယျာမ၊ ပုရေ အဓမ္မော ဒိဗ္ဗတိ=ငါ့ရှင်တို့....အကုသိုလ်တရား မထွန်းကားမီ, ယခုနှယ်က ဓမ္မကိုရင်း ဝိနယကိုရင်း ငါတို့ သံဂါယနာတင်ကြစို့၊(သံဂါယနာတင်ခဏ်း ပါဠိတော်)၊ဤပါဠိတော်၌"ဒိဗ္ဗတိ"သည် ပုရေသဒ္ဒါနှင့်မယှဉ်ရမီက ပစ္စုပ္ပန် ကာလကို ဟော၏၊ ရုပ်တွက်သော အခါလည်း " ဝတ္တမာနာ ပစ္စုပ္ပန္နေ " သုတ်ဖြင့် ပစ္စုပ္ပန် အနက်၌ တိဝိဘတ်သက်၍ ပြီးစေရ၏၊ ထိုသို့ တပုဒ်ချင်း ရုပ်ပြီးသည့်နောက်မှ ဝါကျအတွင်းရောက်၍ ပုရေသဒ္ဒါနှင့်ယှဉ်သောကြောင့် အနာဂတ်အနက်ကို ဟောရသည်။ ["မထွန်းကားမီ" ဟူသည် "နောင်ခါ ထွန်းကားလတ္တံ့"ဟူသော အနာဂတ် အနက်ပင်တည်း။]

www.dhammaransi.com



**ကြိယာကာလဝိဝစ္ဆာယံ။** ။ကြိယာယ– ဒိဗ္ဗနစသော ကြိယာ၏+ ကာလေ – ပစ္စုပ္ပန်စသော ကာလတည်း၊ ကြိယာကာလေ- လ၊ ဝတ္တုံ+ ဣစ္ဆာ ဝိဝစ္ဆာ- ဆိုလိုခြင်း၊ ကြိယာကာလံ+ဝိဝစ္ဆာ ကြိယာကာလဝိဝစ္ဆာ၊ ထို ဒိဗ္ဗနစသော ကြိယာ၏ ပစ္စုပ္ပန် စသော ကာလကို ဆိုလိုသည် ရှိသော် (ဆိုလိုရာ အခါ၌)။

**ဝတ္တမာနာ၊ပေ၊မုပ္ပန္နာ။** ။ဝတ္တမာန်စသော ဝိဘတ်အားလုံးပင် မိမိ ဆိုင်ရာ ပစ္စုပ္ပန်စသော ကာလ၌ ဖြစ်ကြ, ဆိုင်ရာကာလကို တပုဒ်ချင်းအနေ အားဖြင့် ဟောကြကုန်သော်လည်း၊....

**သဒ္ဒန္တရ၊ပေ၊ ကာလတော။** ။ ဝါကျအတွင်း ရောက်၍ ပုရာ ပုရေ စသော ပုဒ်တပါးနှင့် ပေါင်းမိလျှင် အနာဂတ်စသော ကာလတပါးကိုလည်း ဟောကြရသည်၊ ထိုသို့ ဟောခြင်းလည်း ရုပ်မပြီးခင်က မဟုတ်, ဆိုင်ရာ သုတ်ဖြင့် ရုပ်စီရင်ရာ ကာလမှ နောက်၌ ဖြစ်သည်။ [ ပဒသ္မ – ပုဒ်ကို + သန်္နိရော-ရုပ်စီရင်ခြင်း၊ ပဒသန်္နိရဿ+ ကာလော–ပုဒ်ကို ရုပ်စီရင်ခြင်း၏ အခါ,ဝါ-ရုပ်စီရင်ရာအခါ၊မြူတေ၌ တေကား ဗဟုဝုစ်မှ ဧကဝုစ်ပြန်နေသော ဝစနဝိပလ္လာသတည်း၊ ထို့ကြောင့် “ဝဒန္တိ”ဟု ဋီကာဖွင့်သည်။]

**ဋ္ဌတျာဒိကံ မတံ။** ။အာဒိဖြင့် ပြခဲ့သော သံဂါယနာတင် ပါဠိကိုရင်း, ပုရာဝသတိ ဒေဝေါ-မိုးမရွာမိ၊ ပုရာ ဟညာမိ–မသတ်အပ်မိ၊ယျောသိ– လိုက်ခဲ့ပါလော့၊ (ဒု- ပါရာဇိက ပါဠိ)၊ ယာဝ ဘုဥ္ဇတိ– အကြင်အခါ စားရ လတံ့၊ ( တတော ပုဗ္ဗေ– ထိုအခါမှ ရှေးဦးစွာ၊) ကဒါ ဂစ္ဆသိ – ဘယ်အခါ သွားမည်လဲ၊ ကရဟိ ဂစ္ဆတိ–ဘယ်အရပ်သို့ သွားမည်လဲ၊ [ သွားလတံ့ကို မေးသည်၊ ]ကော ဘဝတံ ဘိက္ခံ ဒဒါတိ-ဘယ်သူက အရှင်တို့အား ဆွမ်းပေး မှာတဲ့လဲ၊[ပေးလတံ့ကို ရည်ရွယ်သည်။]ကိံ လဘတိ-ဘာရမှာလဲ [ရလတံ့ကို ရည်ရွယ်သည်၊ ] ထိုပုံစံများတွင် ပုရေ ယာဝ ပုရာယှဉ်ရာ၌ အမြဲ ဝတ္တမာန် သက်၏၊ ကရဟိ, ကဒါ, လဘဓာတ် အနက်ကို ဆိုလိုရာဝယ် ကိံသဒ္ဒါနှင့် တွဲရာတို့၌ ဝိကပ်အားဖြင့် အနာဂတ်အနက်၌ ဝတ္တမာန်သက်သည်။

ပုရေ ယာဝ ပုရာ ယောဂေ, နိစ္စံ ဝါ ကရဟိ ကဒါ၊
လစ္ဆာယ မပိ ကိံဝုတ္တေ, ဝတ္တမာနာ ဘဝိဿတိ။

[ပုရေယာဝ ပုရာယောဂေ-၌၊ နိစ္စံ–အမြဲရင်း၊ ကရဟိ ကဒါ-ကရဟိကဒါ တို့နှင့် ယှဉ်ရာ၌ရင်း၊ လစ္ဆာယံအပိ-လဘဓာတ်၏ အနက်၌လည်း၊ ကိံဝုတ္တေ- ကိံသဒ္ဒါဖြင့် ဆိုအပ်ရာ၌ရင်း၊ဝါ-ဝိကပ်ရင်း၊ ဘဝိဿတိ-အနာဂတ်အနက်၌၊ ဝတ္တမာနာ-ဝတ္တမာန်သက်။]

www.dhammaransi.com



**အတိတ်အနက်**။ ။"ဒဟတိ-မီးလောင်ပြီ၊ သမ္ဗတိ—ငြိမ်းပြီ"ဤသို့ သမသဒ္ဒါနှင့် ယှဉ်ရာ၌ရှင်း, [ "အကာသိ ကဋံ ဒေဝဒတ္တ—ဒေဝဒတ်....သင်ဖြူး ယက်ပြီးပြီလော" – ဤပြယုဂ်ကား လိုရင်း မဟုတ်၊ နောက်အဖြေ အတွက် အမေးကို ပြသော ပြယုဂ်သာ၊] နနု ကရောမိဘော = အရှင်.... ယက်ပြီးပြီ မဟုတ်ပါလား၊ [အကာသိ ကဋံ ဒေဝဒတ္တ။] .. "န ကရောမိ ဘော—အရှင်.. မပြုတော့ဘူး၊ [အကာသိ ကဋံ ဒေဝဒတ္တ။] ကရောမိနု ဘော—အရှင်...ပြုပြီး ထင်ပါ့၊ ဤသို့ သမသဒ္ဒါ၏ယှဉ်ရာ၌ရှင်း, နနု, န, နု တို့နှင့်ယှဉ်ရာ၌ရှင်း ဝိကပ် အားဖြင့် အတိတ်အနက်၌ ဝတ္တမာန်သက်၏။ [ဂါထာ၌"ဝတ္တမာနာဝိဘတ္တိ-ကို၊ ဘူတတ္ထသံသိနီ— အတိတ်အနက်ကိုဟော၏ ဟူ၍၊ မတာ— သိအပ်၏" ဟု ပေး။]

သမသဒ္ဒသ ပယောဂေ, နနု န နုဟိ ဝါ ယုတော၊
ဝိဘတ္တိ ဝတ္တမာနာ တု, မတာ ဘူတတ္ထသံသိနီ။

**အနာဂတ်ဝိဘတ်၏ အတိတ်အနက်**။ ။ "နာမေ ဂရဟာဝိမှယေသု—မောဂ္ဂလ္လာန်" ၆- ကဏ္ဍ, ၃ သုတ်။ [နာမေ-နာမသဒ္ဒါသည်၊ သတိ—သော်၊ ဂရဟာဝိမှယေသု-ကဲ့ရဲ့ခြင်း, အံ့ဩခြင်း အနက်တို့ကို၊ ဂမျမာနေသု-သိအပ် ကုန်သော်၊ ဿတျာဒီ-ဿတီအစရှိသော အနာဂတ်ဝိဘတ်တို့သည်၊ ဟောန္တိ- အတိတ်နှင့် ပစ္စုပ္ပန်အနက်၌ သက်ကုန်၏။]

**ဂရဟာပုံစံ**။ ။ ဣမေ ဟိ နာမ ကလျာဏဓမ္မာ ပဋိဇာနိဿန္တိ – ဣမေ (ဟိ)—ဤရဟန်းယုတ်တို့စဉ်လျက်၊ ကလျာဏဓမ္မာ-ကောင်းသောကိုယ်ကျင့် ရှိသူတို့ဟူ၍၊ ပဋိဇာနိဿန္တိနာမ – ဝန်ခံရ ကုန်တုံဘိသနည်း၊ [ အတိတ်က ဝန်ခံခဲ့ပုံကို ကဲ့ရဲ့သောကြောင့် နာမယှဉ်ရာဝယ် အတိတ်အနက်၌ အနာဂတ် ဝိဘတ်သက်၏။ ] အတ္ထိနာမ တာတ သုဒိန္န အာဘိဒေါသိကံ ကုမ္မာသံ ပရိ ဘုဉ္ဇိဿသိ – ချစ်သား သုဒိန်ရယ် .... ဖြစ်မှ ဖြစ်ရပလေ , မယောမှုံသိုးကို စားပါဘိတယ်၊ ဤ၌ ပစ္စုပ္ပန်စားခြင်းကို ကဲ့ရဲ့သည်။

**ဝိမှယ ပုံစံ**။ ။အစ္ဆရိယံ, အန္ဓောနာမ ပဗ္ဗတံ အာရောဟိဿတိ—အံ့ဩ စရာပါတကား, သူကာဏ်း ဖြစ်ပါလျက် တောင်ပေါ်ကို တက်နိုင်ပါဘိ၏၊ ဗဓိရောနာမ သဒ္ဒံ သောဿတိ— နားထိုင်းသူဖြစ်ပါလျက် အသံကို ကြားနိုင် ပါဘိ၏။ [ပစ္စုပ္ပန်တက်ခြင်း, ကြားခြင်းကို အံ့ဩသည်၊ .... " ယတြဟိ " သဒ္ဒါ ကထံသဒ္ဒါနှင့်ယှဉ်ရာတို့ဝယ် ပစ္စုပ္ပန်အတိတ်အနက်၌ အနာဂတ်ဝိဘတ် သက်သည် ဟုလည်း ဆိုသေး၏၊ မောဂ္ဂလ္လာန်နိဿယ၌ ရှုပါလေတော့။]

**သရူပတ္ထ**။ ။"မာသဒ္ဒါနှင့်ယှဉ်သောအခါ ပရောက္ခာ ဝတ္တမာန်ဝိဘတ် တို့သည် အနာဂတ်ကာလ၌ သက်ကုန်၏ "ဟု ဆို၍ " မာကိဉ္စိတ္ထော မယာ ဝိနာ—ငါ့ဝေဿန္တရာမင်းနှင့် ကွဲရခြင်းကြောင့် ( အသင်မဦးသည် ) ပိန်ချိုး၍

www.dhammaransi.com



**၃၀။ ပဒန္တရေနယောဉာတော,န သောတ္တော ဗာဓကော ဘဝေ၊
ပဒသန္ဓိရဘာဝိဿ, အတ္ထဿ ဗာဟိရင်္ဂတော။**

၃၀။ ပဒန္တရေန - ပုရာစသော ပုဒ်တပါးကြောင့်၊ ဉာတော- သိအပ်သော၊ ယောအတ္တော-အကြင်အနာဂတ်စသော အနက်သည်၊ အတ္ထိ-ရှိ၏၊ သောအတ္တော-ထိုအနာဂတ်စသော အနက်သည်၊ ပဒ သန္ဓိရဘာဝိဿ-ပုဒ်ကို ရုပ်စီရင်ကြောင်းဖြစ်၍ဖြစ်သော၊ အတ္ထဿ- ပစ္စုပ္ပန်စသောအနက်ကို၊ ဗာဓကော-တားမြစ်တတ်သည်၊ န ဘဝေ- မဖြစ်၊ ( ကသ္မာ - အဘယ့်ကြောင့်နည်း၊ ပဒန္တရေန - ပုရာစသော ပုဒ်တပါးကြောင့်၊ ဉာတဿ - သိအပ်သော အနက်၏၊ ) ဗာဟိရင်္ဂ တော - အပြင်ပအင်္ဂါ၏ အဖြစ်ကြောင့်တည်း၊ ဝါ - အပြင်အနက်၏ အဖြစ်ကြောင့်တည်း။

မနေရစ်ပါနှင့်”ဟုရင်း“မာ ဒေဝ ပရိဒေဝေသိ—(သိဝိ) မင်းမြတ် ...ငိုကြွေး တော်မမူရစ်ပါနှင့် ”ဟုရင်း ဝေဿန္တရာဇာတ်ပါဠိများကို ကစ္စာယန်သရူပတ္ထ၌ ပုံစံထုတ်သည်။

---

၃၀။ **ပဒန္တရေန၊ပေ၊ ဂ်တော ။** ။“( ၁ )ပုရာစသောပုဒ်တပါး ကြောင့် သိအပ်သော အနာဂတ်စသော အနက်သည် ရုပ်တွက်သောအခါ ရုပ်စီရင်ရာ၌အသုံးပြုအပ်သော ပစ္စုပ္ပန်စသောအနက်ကို မတားမြစ်ပါလော, (၂)မတားမြစ်လျှင် အဘယ့်ကြောင့်ပါနည်း” ဟု မေးဘွယ်ရှိသောကြောင့် “ပဒန္တရေန ”စသည်မိန့်၊ ပုရာဒိဗ္ဗတိဝယ် ဒိဗ္ဗတိကိုရုပ်စီရင်ရာ၌ အသုံးပြုအပ် သော ပစ္စုပ္ပန်အနက်ကို ပုရာဟူသောပုဒ်တပါးကြောင့် ရအပ်သောအနာဂတ် အနက်က မတားမြစ်ပါ။

အကြောင်းကား — ပုရာသဒ္ဒါကြောင့် ရအပ်သော အနာဂတ်အနက်က ပုရာနှင့်တွဲမှ သိအပ်သော ဗာဟိရ အစိတ်အပိုင်းအနက် ဖြစ်သောကြောင့် တည်း၊ ဆိုလိုရင်းကား—“ဒိဗ္ဗတိ” ဟူသောပုဒ်အတွင်း၌ ရအပ်သောအနက် မှာ ပစ္စုပ္ပန်အနက်သာဖြစ်၏၊ အနာဂတ်အနက်ကား ဒိဗ္ဗတိပုဒ်အတွင်း၌ မရ, ပုရာနှင့်ပေါင်းမိမှ ရအပ်သောအပြင်နက်ဖြစ်သည်၊ ထို့ကြောင့် ထိုအနက်က ဒိဗ္ဗတိကို ရုပ်စီရင်ရာ၌ (ပစ္စုပ္ပန်အနက်ကို) မတားနိုင်ပါ-ဟူလို။ [သန္ဓိရိယတိ အနေနာတိ သန္ဓိရော၊ ပဒဿ + သန္ဓိရော ပဒသန္ဓိရော၊ ပဒသန္ဓိရော+ ဟုတွာ+ ဘာဝီ ပဒသန္ဓိရဘာဝီ။]

www.dhammaransi.com



၃၁။ ယထာဝိဝစ္ဆမေဝါယံ, သဗ္ဗာ သဒ္ဒတ္တသဏ္ဌိတိ၊
သိဒ္ဓလက္ခ္ခာနုသာရေန, ဝိဝစ္ဆာပျ·နုဂမျတေ။

၃၁။ သဗ္ဗာ – အလုံးစုံသော၊ အယံ သဒ္ဒတ္တသဏ္ဌိတိ– ဤ သဒ္ဒါ အနက်တို့၏ ကောင်းစွာတည်နေပုံကို၊ ယထာဝိဝစ္ဆမေဝ – အကြင် အကြင် ဝဒန္တုပုဂ္ဂိုလ်၏ ဆိုလိုသည့်အတိုင်း သာလျှင်၊ ဝါ– ဝဒန္တု ပုဂ္ဂိုလ်၏ အလိုအားလျော်စွာ သာလျှင်၊ အနုဂမျတေ – သိအပ်၏၊ ဝိဝစ္ဆာပိ–ဝဒန္တုပုဂ္ဂိုလ်၏ဆိုလိုခြင်းကိုလည်း၊ သိဒ္ဓလက္ခ္ခာနုသာရေ န – ပါဠိတော်အဋ္ဌကထာဝယ် ထင်ရှားသော ဥဒါဟရဏ်ကို အစဉ် လျှောက်သဖြင့်၊ အနုဂမျတေ- လျော်စွာသိအပ်၏။....

အာချာတနိဒ္ဒေသော- အာချာတ်ဝိဘတ်တို့ကို အကျယ်ညွှန်ပြရာ အခန်းသည်၊ နိဋ္ဌိတော–ပြီ။

၃၁။ ။ယထာ၊ပေ၊သဏ္ဌိတိ။ ။"ဝတ္တိစ္ဆာနုပုဗ္ဗိကာ သဒ္ဒပ္ပတိပတ္တိ– သဒ္ဒါတို့၏ဖြစ်ပုံ (တည်ပုံ) သည် ဝဒန္တုပုဂ္ဂိုလ်၏ အလိုဟူသောအစဉ်ရှိ၏၊ ဝါ–ဝဒန္တုပုဂ္ဂိုလ်၏ အလိုအားလျော်စွာဖြစ်၏"ဟူသော ပရိဘာသာကိုမှီး၍ "ယထာဝိဝစ္ဆမေဝါယံ သဗ္ဗာ သဒ္ဒတ္တသဏ္ဌိတိ "ဟု ဆိုသည်၊ "ဤသဒ္ဒါသည် ဤအနက်ကိုဟော၏ " ဟု သဒ္ဒါအနက်တို့၏ အလုံးစုံတည်နေပုံသည် ဝဒန္တု ပုဂ္ဂိုလ်အလိုအတိုင်းသာ ဖြစ်၏၊ ဝဒန္တုပုဂ္ဂိုလ်က ပုရာသဒ္ဒါနှင့်တွဲသော ဒိဗ္ဗတိ သဒ္ဒါဖြင့် အနာဂတ်အနက်ကိုဆိုလိုလျှင် ပုရာဒိဗ္ဗတိ၌ ဒိဗ္ဗတိသဒ္ဒါက အနာဂတ် အနက်ကို ဟောရ၏၊ ဤသို့စသည်ဖြင့် သိပါ။ [ ယာယာ+ဝိဝစ္ဆာ ယထာ ဝိဝစ္ဆံ၊ (တနည်း) ဝိဝစ္ဆာယ+အနုရူပံ ယထာဝိဝစ္ဆံ။]

သိဒ္ဓ၊ပေ၊ဂမျတေ။ ။ဝဒန္တုပုဂ္ဂိုလ်၏ အလိုကိုလည်း ပါဠိအဋ္ဌကထာ တို့၌ ထင်ရှားရှိသော ဥဒါဟရဏ်ကို အစဉ်လိုက်၍ သိရမည်၊ ပါဠိတော်အဋ္ဌ ကထာ၌ သုံးစွဲလေ့ရှိသောပုံစံကို ကြည့်၍ " ဤပါဠိမျိုးကို သုံးစွဲထားသော ဝဒန္တုပုဂ္ဂိုလ်သည် ဤအနက်အဓိပ္ပါယ်ကိုဆိုလို၏"ဟု ဝဒန္တုပုဂ္ဂိုလ်၏အလိုကို သိရမည်-ဟူလို၊"ဝဒန္တုပုဂ္ဂိုလ်"ဟု ခေါ်ဆိုရသောပုဂ္ဂိုလ်ကလည်း"တော်စွာ လျော်စွာ ပုဂ္ဂိုလ်မဟုတ်ရ, ပါဠိတော်အဋ္ဌကထာ၌ ကျွမ်းကျင်သောပုဂ္ဂိုလ်သာ ဖြစ်ရမည်"ဟုလည်း မှတ်ပါ။

**အာချာတနိဒ္ဒေသအဖွင့် ပြီး၏။**

www.dhammaransi.com



**ကိတနိဒ္ဒေသ**

**၃၂။ ဘာဝေ ကမ္မနိ ကိစ္စာ'ဟု,ခတ္တာပိ ပစ္စယာ တထာ၊ အညတ္ထာ'ပိ ကွစိ ကိစ္စာ, ယုတု သဗ္ဗမှိ သာဓနေ။**

၃၂။ ကိစ္စာ—ကိစ္စပစ္စည်းတို့သည်၊ ဘာဝေ—ဘောအနက်၌၎င်း၊ ကမ္မနိ- ကံအနက်၌၎င်း၊ (ဟောန္တိ)၊ ဣတိ-ဤသို့၊ အာဟု-ဆိုကုန်ပြီ၊ ခတ္တာ-ခပစ္စည်း၏အနက်ရှိကုန်သာ၊ ပစ္စယာပိ-ပစ္စည်းတို့သည်လည်း၊ တထာ - ထို့အတူ ဘောအနက် ကံအနက်၌ဖြစ်ကုန်၏၊ ကွစိ - အချို့ အရာ၌၊ ကိစ္စာ- ကိစ္စပစ္စည်းတို့သည်၊ အညတ္ထာပိ- ဘောကံအနက်မှ တပါး ကတ္တားစသောအနက်၌လည်း၊(ဟောန္တိ)၊ ယုတု-ယုပစ္စည်း သည်ကား၊ သဗ္ဗမှိ-အလုံးစုံသော၊ သာဓနေ-သာဓန၌၊ (ဟောတိ)။

**၃၂။ ဘာဝေ ကမ္မနိ ကိစ္စာ။** ။ "တဗ္ဗ, အနီယ, ဏျ, တေယျ, ရိစ္စ" ဟူသော ကိစ္စပစ္စည်းတို့သည် ဘောအနက် ကံအနက်၌ ဖြစ်ကုန်၏၊ ဘော အနက်ကို ဟောသောအခါ နပုံလိင်ရှိ၏၊ များသောအားဖြင့် အကမ္မကဓာတ် နောင် သက်၏၊ ပုံစံကား—"ဘဝိတဗ္ဗံ-ဖြစ်ရာ၏၊ သယိတဗ္ဗံ, ဌာတဗ္ဗံ"စသည် တည်း၊ ကံကို မဆိုလိုလျှင် သကမ္မကဓာတ်နောင်လည်း ဘောအနက်၌သက် သေး၏၊ ပုံစံကား —"ကတ္တဗ္ဗံ— ပြုရာ၏" စသည်တည်း။

ကံအနက်ကို ဟောသောအခါ၌ကား "အဘိဓေယျ"ဟု ခေါ်အပ်သော အနက်၏လိင်သို့လိုက်၍ လိင် ၃ ပါးလုံးရှိနိုင်၏၊ ထိုသို့ ကံအနက်ကိုဟောရာ၌ အရပ(ထိုက်)အနက်, သတ္တ(နိုင်)အနက်ဓိုလည်း ပြနိုင်ကုန်၏၊ ထို့ကြောင့် "ဂန္တဗ္ဗော (မဂ္ဂေါ) -သွားထိုက်သောလမ်း၊ ဂန္တဗ္ဗာ (သုဂတိ) -ရောက်ထိုက် သောသုဂတိ၊ ဂန္တဗ္ဗံ (နဂရံ)"စသည်ဖြင့်၎င်း, "ဣဒံ ကမ္မံ မယာ ကရဏီယံ- ဤအလုပ်ကို ငါသည် လုပ်နိုင်၏" စသည်ဖြင့်၎င်း ဖြစ်၏။

အကမ္မကေဟိ ဓာတူဟိ, ဘာဝေ ကိစ္စာ နပုံသကေ၊
သကမ္မကေဟိ ကမ္မတ္ထေ, အရဟာသက္ကတ္ထဒီပကာ။

**တဗျပစ္စည်း။** ။"ကတ္တရိစ တဗျော ယထာတန္တိ—ပါဠိအားလျော်စွာ ကတ္တားအနက်၌၎င်း (ဘောအနက် ကံအနက်၌၎င်း) တဗျပစ္စည်းသက်" ဟု ဆို၍ တဗ္ဗပစ္စည်းကဲ့သို့ တဗျပစ္စည်းကိုလည်း သဒ္ဒနီတိ၌ ဆို၏၊ ကာမေသု— ကာမဂုဏ်တို့၌၊ ပါတဗျတံ (ပါတဗ္ဗ + ဘာဝံ) — အလိုရှိတိုင်း သုံးဆောင် ခံစားအပ်ကုန်သည်၏အဖြစ်သို့၊ ဝါ—အလိုရှိတိုင်း သုံးဆောင်ခံစားတတ်သူ တို့၏အဖြစ်သို့၊ အာပဇ္ဇိံသု—ရောက်ကုန်ပြီ။

www.dhammaransi.com



**ခဏ္ဍာ၀ိ၊ ပေ၊ တထာ**။ ။တထာဖြင့် ဘာ၀ေကမ္မနိကို ညွှန်းသည်၊ "ခဏ္ဍ-ခပစ္စည်း၏အနက်"ဟူသည် "ဤသံဒုသုဟိ ခ"သုတ်၌လာသော ဤသံသဒ္ဒါ၏ အနက်, ဒု-သုသဒ္ဒါတို့၏ အနက်တည်း၊ ထို ဤသံ, ဒု, သုပုဒ်များ ရှေးရှိသော ဓာတ်နောင်သက်ရသောကြောင့် ထိုပုဒ်များ၏ အနက်ကိုလည်း ခ ပစ္စည်းက ဟောရာရောက်သည်–ဟူလို၊ "ဤသဿယော–ဆင်းရဲစွာအိပ်ခြင်း၊ (ကိစ္ဆဿယော-ဇွဲ့ငယ်အိပ်ခြင်းလည်း ဤသံအနက်ရှိ၏၊) ဒုဿယော-မကောင်းသဖြင့် အိပ်ခြင်း၊ သုဿယော–ကောင်းစွာအိပ်ခြင်း" ဘောဟောပုံစံ။

"ဤသက္ကရော ကဋ္ဋော-သင်ဖြူးကို အနည်းငယ်ပြုအပ်၏၊ သုကရံ သာဓုနာ သာဓုံ, သာဓုံ ပါပေန ဒုက္ကရံ–သူတော်ကောင်းသည် ကောင်းသောအမှုကို လွယ်ကူစွာပြုအပ်၏ (ပြုလွယ်၏)၊ လူယုတ်မာသည် ကောင်းမှုကို မပြုအပ်မပြုနိုင်၊ [ ၀ါစာသိလိဋ္ဌအကျိုး၄ါ သာဓုံ၌ နိဂ္ဂဟိတ်လာ။ ] သုဒဿံ ၀ဇ္ဇမညေသံ , အတ္တနော ပန ဒုဒ္ဒသံ = သူများ၏ အပြစ်ကို လွယ်ကူစွာ မြင်အပ်၏၊ (မြင်လွယ်၏)၊ကိုယ့်အပြစ်ကိုကား မမြင်အပ်မမြင်နိုင်၊ ဒုရနုဗောဓော (ဒု+အနုဗောဓော ) – ခဲယဉ်းစွာ ထိုးထွင်း၍ သိအပ်သောတရား၊ သုဗောဓံ–လွယ်ကူစွာသိအပ်၏ (သိလွယ်၏)၊ သုဘရော–လွယ်ကူစွာ မွေးမြူးအပ်သူ၊ ဒုဗ္ဘရော–ခဲယဉ်းစွာ မွေးမြူအပ်သူ"ကံဟောပုံစံ။

**သရူပဏ္ဍ**။ ။ကစ္စာယနသရူပဏ္ဍ၌ "ဤသံ–ပင်ပန်းသဖြင့်၊ ပဏ္ဍိတော–ပညာရှိသူကို ( ပညာရှိဖြစ်အောင် )၊ ကရိယတေတိ ဤသံပဏ္ဍိတကရော (ပညာရှိဖြစ်အောင် ပင်ပန်းစွာ ပြုအပ်သူ = ပညာအခြေခံမရှိသူ)၊ ဒုပဏ္ဍိတကရော – ခဲယဉ်းစွာ ပညာရှိဖြစ်အောင် ပြုအပ်သူ = ပညာအခြေခံ မရှိသူ၊ သုပဏ္ဍိတကရော"တို့ကိုလည်း ပုံစံထုတ်၏။

**အညတ္ထာ၀ိ ကွစိ ကိစ္စာ** ။ ။ ကိစ္စပစ္စည်းတို့သည် ဘောကံ အနက်မှ တပါးသော ကတ္တားစသော အနက်တို့၌လည်း ဖြစ်ကုန်၏၊ ထိုအခါ ဘာ၀ကမ္မေသု တဗ္ဗာနီယာ သုတ်၀ယ် "တဗ္ဗာနီယာ"ဟူသော ယောဂ၀ိဘာဂဖြင့် သက်ပါ၊ ဘ၀တီတိ ဘဗ္ဗော–ဖြစ်ထိုက်သူ (ဏျပစ္စည်း)၊ ပ၀စတီတိ ပ၀စနီယော– အပြားအားဖြင့် ပြောဆိုတတ်သော ဥပဇ္ဈာယ်ဆရာ၊ ဥပတိဋ္ဌတီတိ ဥပဋ္ဌာနီယော – အနီး၌ တည်တတ် ( ပြုစု လုပ်ကျွေးတတ်သော ) တပည့်၊ နှာနီယံ-ရေချိုးကြောင်းဆပ်ပြာ၊ ဒါနီယော-ပေးရာပုဂ္ဂိုလ်၊ အာသ၀ါ တိဋ္ဌန္တိ ဧတေသူတိ အာသ၀ဋ္ဌာနီယာ-အာသ၀တို့၏တည်ရာတို့၊ဤသို့စသည်တည်း။

**ယုတု သဗ္ဗမ္ဟိ သာဓနေ**။ ။ယု ပစ္စည်းသည် သာဓန (အနက်) ၇ ပါး လုံး၌ သက်၏၊ ပုံစံကား – "ရဇံ ဟရတီတိ ရဇောဟရဏံ–မြူကို ဆောင်ယူ ပယ်ရှားတတ်သော ( တောယံ–ရေ )၊ အာရမဏံ ၀ိဇာနာတီတိ ၀ိညာဏံ၊ ဘုဉ္ဇတမ္ဗတိ ဘောဇနံ= စားအပ်သော ( စားကောင်းသော ) ဘောဇဉ်၊ နန္ဒိ

www.dhammaransi.com



## ၃၃။ သဒ္ဒတ္ထရောစတာဒီဟိ, သီလာဒီသွပိ ကတ္တရိ၊ ဏီတုအာဝီစ သဗ္ဗေဟိ, သီလာဒီသွပိ ကတ္တရိ။

၃၃။ (ယု-ယုပစ္စည်းသည်၊) သဒ္ဒတ္ထရောစတာဒီဟိ-အသံပြုခြင်း အနက်ရှိသောဓာတ်, ရုစအစရှိသော ဓာတ်တို့မှနေ၍၊ သီလာဒီသု-တသီလ အစရှိသောအနက်တို့ကို၊ (ဂမျမာနေသု-သိအပ်ကုန်သော်၊) ကတ္တရိ-ကတ္တားအနက်၌၊ (ဘဝေ-ဖြစ်၏၊) ဏီတုအာဝီစ-ဏီပစ္စည်း, တုပစ္စည်း, အာဝီပစ္စည်း တို့သည်လည်း၊ သဗ္ဗေဟိပိ – အလုံးစုံသော ဓာတ်တို့မှနောက်၌လည်း၊ သီလာဒီသု- တသီလအစရှိသော အနက်တို့ကို၊ (ဂမျမာနေသု-သိအပ်ကုန်သော်၊) ကတ္တရိ-ကတ္တားအနက်၌၊ (ဟောန္တိ-ဖြစ်ကုန်၏။)

တဗ္ဗံတိ နန္ဒနံ (ဝနံ—နန္ဒနဥယျာဉ်)၊ သမ္ပာ ပဒီယတေ အဿာတိ သမ္ပဒါနံ— ကောင်းစွာ အပြားအားဖြင့် ပေးရာဖြစ်သော ဝတ္ထု၊ အပစ္စ ဣတော အာဒဒါတီတိ အပါဒါနံ-ကိုယ်အားဖြင့်၎င်း စိတ်အားဖြင့်၎င်း ဖဲခွါ၍ အခြားဝတ္ထုကို ယူရာဖြစ်သောဌာန၊ (ဣတော ဝတ္ထုတော ကာယဝသေနဝါ စိတ္တဝသေနဝါ အပဂန္တွာ အညံ ဂဏှာတီတိ အတ္ထော။ )တိဋ္ဌန္တိ ဧတ္ထာတိ ဌာနံ – တည်ရာ အရပ်၊ ဂမီယတေ ဂမနံ- သွားခြင်း၊ နန္ဒီယတေ နန္ဒနံ-နှစ်သက်ခြင်း”တည်း၊ ထိုသာဓနတို့တွင် နန္ဒာဒီဟိယုသုတ်ဖြင့် ဘာဝသာဓန ကမ္မသာဓနတို့၌သက်၊ ကတ္တုကရဏပဒေသေသုစ သုတ်ရင်းဖြင့် ကတ္တုသာဓန , ကရဏသာဓန , အဓိကရဏသာဓနတို့၌သက်၊ ဤသုတ်၌ စသဒ္ဒါဖြင့် သမ္ပဒါနသာဓန အပါဒါန သာဓနတို့၌ သက်သည်။

---

၃၃။ **သဒ္ဒတ္ထ၊ပေ၊ကတ္တရိ**။ ။ “ယုတု သဗ္ဗမှိ သာဓနေ”နှင့် စပ်၍ ယု ပစ္စည်း၏ ထူးသော အချက်ကို ပြလိုသောကြောင့် “သဒ္ဒတ္ထ၊ပေ၊ကတ္တရိ”ဟု မိန့်သည်၊“သဒ္ဒကုစစလမဏ္ဍတ္ထရုစာဒီဟိ ယု”သုတ်နှင့် သဘောတူပင်တည်း၊ သရူပ တ္တ၌ “သဒ္ဒတ္ထရောစတာဒီဟိ ” ဟု တွေ့ရ၏၊ စာကိုယ် ဂါထာ၌ကား “ သဒ္ဒတ္ထ ဃုသရုစာဟိ ” ဟု ရှိ၏၊ ထိုတွင် ဃုသဓာတ်သည် အသံပြုခြင်း အနက်ရှိသောကြောင့် သဒ္ဒတ္ထ၌ ပါဝင်ပြီးဖြစ်ရကား သရူပတ္တ၌ရှိသောပါဌ်က ကောင်းသည်၊ ရောစတာဒီဟိကို ရောစတိ+အာဒီဟိ ဟု ဖြတ်၊ ထို ရောစတိ၌ တိသည် ရုစဓာတ်ကိုညွှန်ပြသော ဓာတုနိဒ္ဒိဋ္ဌအက္ခရာတည်း။[ ဝိကရဏပစ္စည်း နောက်သို့ အစဉ်လိုက်သော တိအက္ခရာသည် ဓာတ်ကို ညွှန်ပြလေ့ ရှိ၏။ ] ရောစတာဒီဟိ၌ အာဒိကို သဒ္ဒတ္ထ၌လည်းဖွဉ်စေ၍ ထိုသဒ္ဒတ္ထာဒိ၌ အာဒိဖြင့် ကုစတ္ထ, စလတ္ထ, မဏ္ဍတ္ထတို့ကိုယူပါ၊ ပုံစံများကိုလည်း ထိုသုတ်၌ရှု။

www.dhammaransi.com



၃၄။ ဘာဝေ ကမ္မနိ ဘူတေ တော,ဌာသာဝသာရုဟာဇရာ၊
သိဇနီသိလိသာရမ္ဘာ, ကတ္တရိစ အကမ္မကာ။

၃၄။ တော – တပစ္စည်းသည် ဘာဝေ – ဘောအနက်၌၎င်း၊ ကမ္မနိ-ကံအနက်၌၎င်း၊ ဘူတေ-အတိတ်ကာလ၌၊(ဟောတိ)၊ဌာသာ-ဌာဓာတ်, အာသဓာတ်မှ နောက်၌၎င်း၊ ဝသာရုဟာ - ဝသဓာတ်, အာရှေးရှိသော ရုဟဓာတ်မှနောံ၌၎င်း၊ ဇရာ-ဇရဓာတ်မှနောံ၌၎င်း၊ သိဇနီသိလိသာ-သီဓာတ်, ဇနီဓာတ်, သိလိသဓာတ်မှ နောက်၌၎င်း၊ အာရမ္ဘာ-စ၍အားထုတ်ခြင်း အနက်ရှိသောဓာတ်မှ နောက်၌၎င်း၊ ကတ္တရိစ-ကတ္တားအနက်၌လည်း၊ (ဘူတေ-အတိတ်ကာလ၌၊ တော-တပစ္စည်းသည်၊ ဟောတိ)။

**ဏီ တု အာဝိစ။** ။ဤ ၃ ပစ္စည်းလည်း " တဿီလာဒိသု ဏီတွာဝိစ" သုတ်ဖြင့် သက်သော ပစ္စည်းများပင်တည်း၊ ထို တဿီလ စသော အနက်များကိုင်း, တနှင့် သီလ, ဓမ္မ, သာဓုကာရိတာ ပုဒ်တို့၏ သမာသ်တွဲရပုံကို ၎င်း, ထို အနက်၌ သက်သော ပစ္စည်းများ၏ ကတ္တားဟောဖြစ်ပုံကို၎င်း, ပုံစံများကို၎င်း, ထိုသုတ်နှင့် ထိုသုတ်၏ ကစ္စည်းဘာသာဋီကာ၌ ရှုပါ၊ ဏီတွာဝိ စ၌ စ သဒ္ဒါဖြင့် တဿီလ စသည် မပါသော ရိုးရိုးကတ္တား အနက်၌လည်း ဏီ တု အာဝိပစ္စည်းသက်၊"ပဏ္ဍိတမာနီ-မိမိကိုယ်ကို ပညာရှိဟု မှတ်ထင်သူ၊ [အတ္တာနံ ပဏ္ဍိတံ (ပညာရှိဟူ၍) မညတီတိ ပဏ္ဍိတမာနီ၊] ဗဟုဿုတမာနီ-ဗဟုသုတ ပုဂ္ဂိုလ် ဟု မိမိကိုယ်ကို မှတ်ထင်သူ၊ သတ္တုဃော – ရန်သူတို့ကို + ဃာတေတီတိ သတ္တုဃာတီ၊ ဓမ္မံ ဝဒတီတိ ဓမ္မဝါဒီ၊ နဒတီတိ နာဒီ၊ သီဟော ဝိယ+နာဒီ သီဟနာဒီ၊ ဘူမိသာယီ—မြေ၌ အိပ်သူ"စသည်တည်း။

---

**၃၄။ ဘာဝေ၊ပေ၊ကတ္တရိစ။** ။ဤဂါထာသည် မောဂ္ဂလ္လာန်-၅ကဏ္ဍ၌ လာသော"ဘွော ဘာဝကမ္မေသု" (၅၆) "ကတ္တရိစာရမ္ဘေ" ( ၅၇ )– "ဌာသဝသ သိလိသသီရုဟဇရဇနီဟိ"– (၅၈) သုတ်တို့ကို မှီသော ဂါထာ တည်း၊ မှန်၏–"ဘာဝေကမ္မနိ ဘူတေ တော"သည်"ဘွော ဘဝကမ္မေသု" သုတ်နှင့် သဘောတူ၏၊ [ကစ္စည်းကျမ်း"ဘာဝကမ္မေသုတ"သုတ်နှင့်လည်း တူ၏၊] မောဂ္ဂလ္လာန်၌ " အာသိတံ ဘဝတာ–အရှင်သည် နေပြီးခြင်း" ဟု ဘောဟော ပုံစံကိုထုတ်၏၊ ဋီကာ၌"တေန ကတံ, တဿ ကတံ-ထိုသူသည် ပြုခြင်း, ထိုသူ၏ ပြုခြင်း" ဟု ဘောဟော ပုံစံထုတ်၏၊ " ကတော ကဋ္ဌော ဘဝတာ-အရှင်သည် သင်ဖြူးကို ပြုအပ်ပြီ " ဟု ကံဟော ပုံစံကို ထုတ်ပါ၊

www.dhammaransi.com



သိဇနိစသည်ဖြင့် သီးခြားသတ်မှတ်၍ ဆိုအပ်လတ့်သော ဓာတ်မှ ကြွင်းသမျှကို"ဣတ္ထော ဘာဝကမ္မေသု"သုတ်ဖြင့်ချည်း စီရင်ရသည်။

**ဋ္ဌာ၊ပေ၊ကတ္တရိစ** ။ ။ ဤဂါထာ၏ မှီရာ ၅၇, ၅၈ သုတ်တို့၏ ဝုတ္တိ၌ "ဋ္ဌာဒိဟိ ကတ္တရိ ဣတ္ထော ဟောတိ ယထာပတ္တဉ္စ" ဟု ၎င်း, "ကြိယာရမ္ဘေ (ကြိယာကို စတည် အားထုတ်ရာ၌) ကတ္တရိ ဣတ္ထော ဟောတိ ယထာပတ္တဉ္စ" ဟု၎င်း ဖွင့်၏၊ "ယထာပတ္တံ " ဟူသည် အကြင်အကြင် ရောက်အပ်ပြီးသော ဘောအနက် ကံအနက်တည်း၊ ထို့ကြောင့် "ကတ္တရိစ"၌ စသဒ္ဒါဖြင့် ရှေး၌ ရအပ်ပြီးသော"ဘာဝေ ကမ္မန်"ကိုသာ ဆည်းပါ။

**အမှာ**။ ။ဋီကာ၌ "ဋ္ဌာ, အာသ, ဝသ, ရုဟ, ဇရာဟိ အကမ္မကဓာတု တော ပရော တော ဘူတေ ဘာဝေ ကတ္တရိ အာဓာရေစာတိ တီသု ဘဝတိ" ဟု အကမ္မကဓာတ်ကိုရင်း, အာဓာရကိုရင်း, ထည့်၍ ဖွင့်သည်မှာ စာသွားထုံးစံလည်း မကျ၊ မောဂ္ဂလ္လာန်နှင့်လည်း မညီမျှချေ၊ ကတ္တရိနောက်၌ရှိသော အကမ္မကာသည် နောက်ဂါထာနှင့် ဆက်စပ်ရမည့် ပုဒ်သာတည်း၊ မှန်၏– မောဂ္ဂလ္လာန်၌"ဂမနတ္ထာကမ္မကာဓာရေစ"ဟု၎င်း,"အာဟာရတ္ထာ"ဟု၎င်း, ( နောက်ဂါထာနှင့် တူသော ၅၉ သုတ် ၆၀ သုတ်တို့ကို ) တဆက်တည်း ပြလျက် ရှိသည်။

ထို့ပြင်— "ထို ၅၉ သုတ်ဖြင့် ဋ္ဌာစသော အကမ္မက ဓာတ်များအတွက် ပြီးပါလျက်"ဋ္ဌာသ၊ပေ၊ဇနီဟိ"ဟူသော ၅၈ သုတ်ကို ဆိုခြင်းသည် ဥပသာရ ရှေးရှိသဖြင့် သကမ္မကဖြစ်သော ဋ္ဌာ စသည်ကို ယူရခြင်း အကျိုးရှိ၏ " ဟု ဖွင့်သော ပဉ္စိကာကို ထောက်၍လည်း ဤဂါထာ၌လာသော ဋ္ဌာ, အာသ– စသော ဓာတ်များသည် အကမ္မက ဖြစ်စေကာမူ ဥပသာရရှေးရှိ၍ သကမ္မက အဖြစ်ဖြင့် ဆိုအပ်သော ဓာတ်များတည်း– ဟု မှတ်။ [ ဂမနတ္ထာကမ္မကာ တွေဝ ဣတ္တေ သိဒ္ဓေ ပုနဝစနံ သကမ္မကတ္ထံ၊ ပါဒိသဟိတာ စေတေ ကမ္မဝန္တော ဘဝန္တိ၊– ပဉ္စိကာ။ ] ဤသို့ မောဂ္ဂလ္လာန်မှီ၍ ဆိုအပ်သောဂါထာ ဖြစ်သော ကြောင့် မောဂ္ဂလ္လာန်၌ တိုက်ရိုက်လာသော ပုံစံများကို ထုတ်ပြအံ့။

**ဥပဋ္ဌိ, ဋ္ဌာ** ။ ။ ဥပဋ္ဌိတော ဘဝံ ဂုရုံ – အရှင်သည် ဆရာကို ပြုစု လုပ်ကျွေးပြီ၊ ( ကတ္တားဟော တပစ္စည်း )၊ ဥပဋ္ဌိတော ဂုရု ဘောတာ – အရှင်သည် ဆရာကို ပြုစု လုပ်ကျွေးအပ်ပြီ ( ကံဟော )။

**ဥပဋ္ဌိ,အာသ**။ ။[ အာသ-ဥပဝေသနေ ( ကပ်ဝင်ခြင်း ) ၊ ]ဥပါသိတော ( ဆည်းကပ်ပြီ ) ဂုရုံ ဘဝံ၊ ဥပါသိတော ( ဆည်းကပ်အပ်ပြီ ) ဂုရု ဘောတာ။

**အနုဝုဋ္ဌိ,ဝသ**။ ။အနုဝုသိတော ( အလျော်နေပြီ ) ဂုရုံ ဘဝံ၊ အနုဝုသိ တော ( အလျော်နေအပ်ပြီ ) ဂုရု ဘောတာ။

www.dhammaransi.com



**အာပုဗ္ဗ,ရုဟ။** ။[ရုဟ ဇနနေ-ဖြစ်ခြင်း။] အာရုဠှော (တက်ပြီ) ရုက္ခံ ဘဝံ၊ အာရုဠှော (တက်အပ်ပြီ) ရုက္ခော ဘောတာ။

**အနုပုဗ္ဗ,ဇရ။** ။[ဇရ-ဝယောဟာနိမှိ၊ ] အနုဇိဏ္ဏော ဝသလိံ ဒေဝ ဒတ္တော–ဒေဝဒတ်သည် သူယုတ်မကို အစဉ်လိုက်၍ ဆုတ်ယုတ်ပြီ၊ အနုဇိဏ္ဏာ ဝသလီ ဒေဝဒတ္တေန-ဒေဝဒတ်သည် သူယုတ်မကို အစဉ်လိုက်၍ ဆုတ်ယုတ် အပ်ပြီ။

**အဓိပုဗ္ဗ, သီ။** ။အဓိသယိတော ဘဝံ ခဋ္ဋောပိကံ – အရှင်သည် ခဋ္ဋင်ကို မှီ၍ အိပ်ပြီ၊ အဓိသယိတာ ခဋ္ဋောပိကာ ဘဝတာ၊ အရှင်သည် ခဋ္ဋင်ကို မှီ၍ အိပ်အပ်ပြီ။

**အနုပုဗ္ဗ, ဇနီ။** ။အနုဇာတော မာဏဝိကံ မာဏဝကော-လုလင်ပျိုသည် မိန်းမပျိုကို အစဉ်လိုက်၍ ဖြစ်ပြီ၊ အနုဇာတာ မာဏဝိကာ မာဏဝကေန၊ လုလင်ပျိုသည် မိန်းမပျိုကို အစဉ်လိုက်၍ ဖြစ်အပ်ပြီ၊ " အစဉ်လိုက်အပ်ပြီ" ဟူလို။

**အာပုဗ္ဗ, သိလိသ။** ။ အာသိလိဋ္ဌော ဂုရုံ ဘဝံ–အရှင်သည် ဆရာကို ကပ်မှီပြီ၊ အာသိလိဋ္ဌော ဂုရု ဘောတာ – (ကပ်မှီအပ်ပြီ၊) [ဋီကာ၌ကား "အာလိင်္ဂတ္တ–လည်ဖက်ခြင်းအနက်ကို သိလိသဓာတ်က ဟော၏''ဟု ဆို၏၊ ထိုစကားသည် ဤပုံစံနှင့် မလျော်၊ ထို့ကြောင့် ထိုအဖွင့်နှင့် လျော်အောင် "အာသိလိဋ္ဌော ပုတ္တံ ပိတာ–အဘသည် သားကို လည်ဖက်ပြီ"ဟု ပုံစံတမျိုး ပြင်၍ထုတ်ကြသည်။]

**အာရမ္ဘ။** ။["အာရမ္ဘော ဝီရိယေ ကမ္မေ, အာဒိကမ္မေ ဝိကောပနေ" ဟူသော အဘိဓာန်လာ အနက်တို့တွင် အာဒိကမ္မ (စ၍ပြုခြင်း) အနက်ဟော တည်း။] ပကတော ကဋံ ဘဝံ – အရှင်သည် သင်ဖြူးကို စ၍ပြုပြီ၊ ပကတော ကဋော ဘဝတာ၊ ပသုတ္တော ဘဝံ-အရှင်သည် စ၍အိပ်ပြီ၊ ပသုတ္တံ ဘဝတာ- အရှင်သည် စ၍အိပ်ခြင်း၊ [ပကတောစသည်၌ ပဥပသာရလည်း အာဒိကမ္မ အနက်ဟော။]

**မှတ်ချက်။** ။ရှေ့၌ ပြအပ်ခဲ့သော "ဥပဋ္ဌိတော"စသော ပုံစံများ၌လည်း ကံကို မဆိုလိုသောအခါ " ဥပဋ္ဌိတံ ဂုရုံ ဘောတာ – အရှင်သည် ဆရာကို လုပ်ကျွေးခြင်း " ဤသို့ စသည်ဖြင့် ဘောအနက်၌လည်း ဖြစ်နိုင်ကြောင်းကို "ဘာဝမတ္တေ့တု ဓာတုမှာ, အဝိဝက္ခိတ ကမ္မကာ"ဟု ၃၅ ဂါထာ၌ ပြလတ္တံ့၊ [ ဤဂါထာ၌ပါသော အကမ္မကာကို နောက်ဂါထာနှင့် တွဲရမည် ဖြစ်သော ကြောင့် နိဿယ၌ အနက်မပေးဘဲ ချန်ထားသည်။]

www.dhammaransi.com



၃၅။ ဂမနတ္ထာ တထာဓာရေ, အာဟာရတ္ထာစ ဓာတုတော၊
ဘာဝမတ္တေတု ဓာတုမှာ, အဝိဝစ္ဆိတကမ္မကာ။

၃၅။ အကမ္မကာ– အကမ္မကဖြစ်သော၊ ဓာတုတောစ–ဓာတ်မှ နောက်၌၎င်း၊ ဂမနတ္ထာ– ဂတိအနက်ရှိသော၊ ဓာတုတောစ–၌၎င်း၊ အာဟာရတ္ထာ – စားမျိုခြင်းအနက်ရှိသော၊ ဓာတုတောစ - ၌၎င်း၊ တထာ – ထို ဘောကံကတ္တား အနက်၌၎င်း၊ အာဓာရေ - အာဓာရ အနက်၌၎င်း၊ (ဘူတေ-၌၊ တော – တပစ္စည်းသည်၊ဟောတိ၊) အဝိဝစ္ဆိတကမ္မကာ– မဆိုလိုအပ်သော ကံရှိသော၊ ဓာတုမှာတု–ဓာတ်မှ နောက်၌ကား၊ ဘာဝမတ္တေ - ဘောအနက်မျှ၌၊ ဝါ - ဘောအနက် သာမည၌၊ (ဘူတေ-၌၊ တော–သည်၊ ဟောတိ–၏။)

၃၅။ **အကမ္မကာ, ဂမနတ္ထာ။** ။"ဂမနတ္ထာ ဂမ္မကာဓာရေစ"ဟူသော (၅၉) မောဂ္ဂလ္လာန်သုတ်ကို မှီသောစကားတည်း၊" အာဟာရတ္ထာ "လည်း "အာဟာရတ္ထာ"ဟူသော (၆၀) သုတ်ကိုမှီသော စကားပင်တည်း၊ ထိုသုတ်တို့၏ ဝုတ္တိ၌ ထို ဓာတ်များနောင် ရှေ၌ ပြခဲ့သော ဘောကံကတ္တား အပြင် အာဓာရ အနက်၌လည်း သက်နိုင်ကြောင်းကို ဖွင့်သည်၊ ပုံစံကို မောဂ္ဂလ္လာန် အတိုင်း ထုတ်ပြအံ့။

**အကမ္မကပုံစံ။** ။ဣဒံ သေံ အာသိတံ– ဤအရပ်သည် ဤသူတို့၏နေရာ တည်း၊ [အာသဓာတ်, အာဓာရအနက်ဟော,တပစ္စည်း၊ အာသန္တိ ဧတ္ထာတိ အာသိတံ-ဟု ပြု၊] ဣဟ တေ အာသိတာ-ဤအရပ်၌ ထိုသူတို့သည် နေကုန်ပြီ၊ [ကတ္တားဟော၊"အာသိံသူတိ အာသိတာ"ဟု ပြု၊] အကမ္မက ပုံစံဖြစ်သော ကြောင့် ကံဟောကိုမပြ၊ "ဌိတော ဂါမော–တည်ရာရွာ" (တိဋ္ဌတိ ဧတ္ထာတိ ဌိတော) စသည်ဖြင့် ဥပသာရပုဒ်ရှေးမရှိသော အခြားအကမ္မကဓာတ်များ၏ ပုံစံကိုလည်း ပြပါလေ။

**ဂမနတ္ထ။** ။ဣဒံ သေံ ယာတံ–ဤအရပ်သည် ဤသူတို့၏ သွားရာအရပ် တည်း၊ (ဂတိအနက်ရှိသော ယာဓာတ်, အာဓာရ၌ တ ပစ္စည်းသက်၊) ဣဟ တေ ယာတာ-ဤအရပ်၌ ထိုသူတို့သွားကုန်ပြီ၊ ဣဟ တေဟိ ယာတံ-ဤအရပ်၌ ထိုသူတို့ သွားခြင်း၊ အယံ တေဟိ ယာတော – ဤလမ်းကို ထိုသူတို့သည် သွားအပ်ပြီ။ [ယာဓာတ်နေရာ၌ ဂမုဓာတ်ဖြင့်လည်း"ဂတော, ဂတံ"စသည် ထုတ်နိုင်၏။]

**အာဟာရတ္ထ။** ။ဣဒံ သေံ ဘုတ္တံ–ဤအရပ်သည် ဤသူတို့၏ စားအပ်ရာ အရပ်တည်း၊ "ဘုဉ္ဇတေ ဧတ္ထာတိဘုတ္တံ"ဟု ပြု၊ စားခြင်းအနက်ရှိသော ဘုဇ

www.dhammaransi.com



၃၆။ တဝန္တု ဏွာတု အာဝီတု, သဗ္ဗသ္မာ အပိ ကတ္တရိ၊
ပါယသော ဏာဒယော ဘာဝေ, ကေစိ တေသ္ဝပိ ကာရကေ။

၃၆။ တဝန္တု ဏွာတု အာဝီတု - တဝန္တုပစ္စည်း, ဏွာပစ္စည်း, တုပစ္စည်း, အာဝီပစ္စည်းတို့သည်ကား၊ သဗ္ဗသ္မာအပိ- အလုံးစုံသော သကမ္မက အကမ္မကဓာတ်မှ နေ၍လည်း၊ ကတ္တရိ-ကတ္တားအနက်၌၊ (ဟောန္တိ-ဖြစ်ကုန်၏၊) ပါယသော-များသောအားဖြင့်၊ ဏာဒယော-ဏ အစရှိသောပစ္စည်းတို့သည်၊ ဘာဝေ-ဘောအနက်၌၊ (ဟောန္တိ)၊ တေသုပိ-ထိုပစ္စည်းတို့တွင်လည်း၊ ကေစိ-အချို့သောပစ္စည်းတို့သည်၊ ကာရကေ-ကာရက ၆ ပါးအနက်၌၊ (ဟောန္တိ )။ [ " ကာရက " ဟူသည် သာဓနပင်တည်း၊ " ဘာဝေ " ကို သီးခြား ဆိုပြီးဖြစ်၍ သာဓန ၆ ပါးကိုသာ ယူရသည်။]

ဓာတ်, တ ပစ္စည်း, အာဓာရအနက်ဟောတည်း၊ ဣဒံ ဧသံ ပီတံ–သောက်ရာ အရပ်၊ စားမျိုခြင်းအနက်ရှိသော ပါဓာတ်၊ ဣဟ တေဟိ ဘုတ္တံ, ပီတံ – ဤ အရပ်၌ ထိုသူတို့သည် စားခြင်း, သောက်ခြင်း၊ သြဒနော တေဟိ ဘုတ္တော– ထိုသူတို့သည် ထမင်းကိုစားအပ်ပြီ၊ ပီတံ ဥဒကံ– ရေကိုသောက်အပ်ပြီ၊ ဘုတ္တာ ဝိပ္ပါ–ပုဏ္ဏားတို့သည် စားပြီးကုန်ပြီ၊ ပီတာ ဂါဝေါ-နွားတို့သည် ရေသောက် ပြီးကုန်ပြီ။ [ ရူပသိဒ္ဓိ – " ဘာဝကမ္မေသု တ" သုတ်၏ အဆက်၌လည်း ဤ စာသွားမျိုးဆိုထား၏၊ ရှုကြပါလေ။ ]

**ဘာဝမဇ္ဈေ၊ပေ၊ကမ္မကာ။** ။ပြခဲ့သောဓာတ်အားလုံးသည်ပင် ဝဒန္တ ပုဂ္ဂိုလ်က ကံအနက်ကိုမဆိုလိုသောအခါ ဘောအနက်မျှ၌သာ သက်ကုန်၏။ [ ဓာတ်တို့၏ ဘောအနက်သည် ကံ ကတ္တား စသည်တို့နှင့် ဆက်ဆံသော သာမညအနက်ဖြစ်၏၊ ထို့ကြောင့် မဇ္ဈသဒ္ဒါဖြင့် "ဘာဝမဇ္ဈေ"ဟု ဆိုသည်၊ လိင်္ဂတ္ထေပဌမာသုတ်၏ဝုတ္တိဝယ် လိင်္ဂတ္ထမဇ္ဈေ၌ မဇ္ဈသဒ္ဒါကဲ့သို့ ဤမဇ္ဈသဒ္ဒါ လည်း သာမညအနက်ဟောတည်း။ ]

---

၃၆။ **တဝန္တု၊ပေ၊ကတ္တရိ** ။ ။ "အတီတေ တ တဝန္တုတာဝီ , သဗ္ဗ တော ဏွာတွာဝီ ဝါ"သုတ်တို့ဖြင့် သက်အပ်သော တဝန္တု, ဏွာ, တု ,တာဝီ, ( တပစ္စည်းမှာ ရှေ့၌ပါခဲ့ပြီးဖြစ်၍ မယူဘဲ သဟစရဏနည်းအားဖြင့် အာဝီ ပစ္စည်းကိုပါယူ၊ ) "ဤပစ္စည်းတို့သည် သကမ္မက–အကမ္မကဓာတ် အားလုံး နောင် ကတ္တားအနက်၌ သက်ကြ၏"ဟု ပြလို၍"သဗ္ဗသ္မာ အပိ"ဟု ဆိုသည်၊ ဋီကာနှင့် သရူပတ္ထပုံစံများကိုပြုအံ့။

www.dhammaransi.com



**တဝန္တု**။ ။ဂါမံ ဂတဝါ ဒေဒတ္တော—ရွာသို့သွားပြီးသော ဒေဝဒတ်၊ ဩဒနံ ဘုတ္တဝါ—ထမင်းကို စားပြီးသူ၊ အဂ္ဂိံ ဟုတဝါ—မီးကို ပူဇော်ပြီးသူ၊ ဝုသိတဝါ-(မြတ်သောအကျင့်ကို) ကျင့်သုံးပြီးသူ။

**ဏွု**။ ။ ပါစကော သူဒေါ— ချက်တတ်သောစဖိုသည်၊ ကာရကော, ကာရိကာ, ကာရကံ၊ ဒါယကော , ဒါယိကာ, ဒါယကံ ( ပေးတတ်သော အမျိုး)၊ ဥပါသကော, ဥပါသိကာ၊ [ဥပ= အာသ+ ဏွု၊] သာဝကော, သာဝိကာ၊ နာယကော (ရှေ့ဆောင်အကြီးအကဲ)၊ နာယိကာ (ရှေ့ဆောင် အကြီးအကဲမိန်းမ။)

**မှတ်ချက်**။ ။ဤဏွုပစ္စည်းသည် ကံအနက်၌လည်းအနည်းငယ်ဖြစ်သေး၏၊ ဒုက္ခေန+ဥပဋ္ဌာတဗ္ဗောတိ ဒုရုပဋ္ဌာကော-ခဲယဉ်းသဖြင့် လုပ်ကျွေးအပ်သူ၊ ဟရိတဗ္ဗံတိ ဟာရကံ- ဆောင်ယူချထားအပ်သော လက်နက်။[သတ္ထဟာရကံ ဝါဿ ပရိယေသေယျ—ပါဠိ။]

**တု**။ ။ကမ္မဿ ကတ္တာ— ကံကိုပြုတတ်သူ၊ [ကရ+တု၊] ဘောဇနဿ ဒါတာ။ [ သရူပတ္တ၌ "မာရေတာတိ မာရေတဗ္ဗော"ဟု သံယုတ်အဋ္ဌကထာ ဖွင့်ကိုပြ၍ တုပစ္စည်းသည် အနည်းငယ်သောအရာ၌ ကံကိုဟောသေး၏—ဟု ဆို၏၊ သို့သော် အဋ္ဌကထာပါဠ်က လွဲနေမည်လား မသိ၊ " မာရေတာတိ မာရေတဗ္ဗော"ဟု ဖြစ်နိုင်စရာရှိသည်။ ]

**တာဝီ**။ ။ကတ္တာဝီ ပုရိသော-ပြုပြီးသောယောကျ်ား၊ ဘုတ္တာဝီ-စားပြီးသူ။ [အကမ္မကဓာတ်နောင်လည်း"အဘာဝီတိ ဘူတဝါ, ဘူတာဝီ—ဖြစ်ပြီးသူ၊ ဇာယတီတိ ဇာနနကော၊ (ဏွုကို အာနနကပြု၊) သဥ္ဇာနနကော၊ တိဋ္ဌာတာ-တည်တန့်သူ၊ "ဘာဝီ"ဟု သရူပတ္တ၌ တွေ့ရ၏၊ အာဝီပစ္စည်း၏ပုံစံ ပြလိုဟန်တူ၏၊ သို့သော် "ဘာဝီ" ၌ကား ဏီပစ္စည်းသာတည်း။ ] အာဝီပစ္စည်း၏ ပုံစံများကို ရှေ့၌ပြခဲ့ပြီ။

**ပါယသော၊ပေ၊ဘာဝေ**။ ။ဏာပစ္စည်းအတွက် ကစ္စည်းကျမ်း"ဘာဝေ သုစ" သုတ်၌ပါသော ပုံစံများကိုယူပါ၊ ဏာဒယော၌ အာဒိဖြင့် ယု— တိ စသောပစ္စည်းတို့ကို ယူကြ၏၊ ဘဝနံ ဘာဝေါ— ဖြစ်ခြင်း၊ စာဂေါ- စွန့်ခြင်း၊ ယာဂေါ-ယဇ်ပူဇော်ခြင်း၊ (ယဇဓာတ်)၊ ယောဂေါ—ယှဉ်ခြင်း, အားထုတ်ခြင်း၊ (ယုဇဓာတ်)၊ ဘဝနံ, စဇနံ, ယဇနံ, ယုဥ္ဇနံ၊ ဘူတိ—ဖြစ်ခြင်း၊ စိတိ—စီခြင်း၊ ဂတိ, ပတ္တိ, ထုတိ – ချီးမွမ်းခြင်း၊ ဤသို့ စသည်ဖြင့် အခြားသော ဘောဟောပစ္စည်းများကိုလည်း ဏာဒယော၌ အာဒိဖြင့်ယူပါ။

**ကေစိ တေသွပိ ကာရကေ**။ ။ကာရကနှင့် သာဓနသည် သဘောတူ၏၊ ထို့ကြောင့် " ဏာစသော ထိုပစ္စည်းတို့တွင် အချို့ပစ္စည်းများကား ကတ္တုစသော သာဓန ၆ ပါး၌လည်း ဖြစ်ကြသည် " ဟု ဆိုလိုသည်။ [ "ဝိသ ရုဇ

www.dhammaransi.com



ပဒါဒိတော ဏ ” သုတ်၌လာသော ပုံစံများကို သတိပြုပါ။ ] ပဝိသတီတိ ပဝေသော၊ ရုဇတီတိရောဂေါ၊ ဥပ္ပဇ္ဇတီတိ ဥပ္ပါဒေါ၊ ဖုသတီတိ ဖဿော၊ [ဖုသကို သုတ်ကြီးဖြင့် ဖဿပြု။ ]ကံဟော ဏပစ္စည်းသက်ရာ၌ “ဘုဉ္ဇတေတိ ဘောဂေါ—ခံစားအပ်သောစည်းစိမ်၊ လဗ္ဘတေတိ လာဘော—ရအပ်သော လာဘ်, စသည်တည်း၊ ကရိုဏ်းဟောရာ၌ “ပဇ္ဇတေ အနေနာတိ ပါဒေါ— သွားကြောင်းခြေ၊ ပတုဇ္ဇတေ အနေနာတိ ပတောဒေါ—နွားကိုထိုးကြောင်း နှင်တံ”စသည်တည်း။ [ သမ္ပဒါန်ဟော“ဏ”ပစ္စည်းကို မထုတ်ပြကြ။ ]

အပါဒါန်ဟောရာ၌“ဥပေစ္စ+အဓီတေ တသ္မာတိ ဥပဇ္ဈာယော—ကပ်၍ အကျင့်ကို သင်ယူခဲ့ရာဖြစ်သော ဥပဇ္ဈာယ်”ဟု ထုတ်ကြသည်။ [ ဥပ+အဓိ ပုဗ္ဗ, ဣဓာတ်,ဏပစ္စည်း၊ အဓိကို အဇ္ဈပြု၊ သဒ္ဒတ္တတ၌“ဥပါဇ္ဈာယ”ဟု ရှိပုံနှင့် လျော်၏၊ “ ဝဇ္ဇာဝဇ္ဇံ — အပြစ်ငယ် အပြစ်ကြီးကို၊ ဥပ ( ဥပဂန္တွာ ) ကပ်၍၊ ဈာယတိ- ရှုတတ်၏၊ ဣတိ ဥပဇ္ဈာယော”ဟု ပြုကြသည်ကား ကတ္တုသာဓနဖြစ်၍ အပါဒါနသာဓနန်၏ ပုံစံကိုပြသော ဤနေရာနှင့် မလျော်။ ] “ဝိဟညတိ (ပင်ပန်းရ၏) တသ္မာတိ ဝိဃာတော—ပင်ပန်းခဲ့ရာ ” စသည်တည်း၊ အဓိကရဏာ၌“အဝကာသန္တိ ပတိဋ္ဌဟန္တိ ဧတ္ထာတိ ဩကာသော၊ ဝိဟရန္တိ ဧတ္ထာတိ ဝိဟာရော၊ အာရမန္တိ ဧတ္ထာတိ အာရာမော၊ ပပတန္တိ တသ္မိံတိ ပပါတော- ကျရောက်ရာ ချောက်ကမ်းပါး”စသည်တည်း။

**ယုပစ္စည်း။** ။ယုပစ္စည်း၏ ကာရက ( သာဓန )စသည်ကို ဟောရာ၌ “အသိယတေတိ အသနံ – စားအပ်သော အစာ၊ ဝိဇာနာတီတိ ဝိညာဏံ၊ ယထာသရူပံ သဒ္ဒါ ဗျာကရိယန္တေ ဧတေနာတိ ဗျာကရဏံ – သရုပ်သုတ် အားလျော်စွာ သဒ္ဒါတို့ကို ဆိုကြောင်း၏ အဖြစ်ကြောင့် ဗျာကရဏ်းကျမ်း မည်၏၊ [ဝိ + အာပုဗ္ဗ, ကရ , ယု၊ ဗျာကရဏပုဒ်၏ အခြားဝိဂ္ဂြိုဟ်များကို ရူပသိဒ္ဓိဘာသာဋီကာ တမဓိတေသုတ်အဖွင့်မှာရှု။] သမ္ပာ + ပကာရေန+ ဒီယတေ အဿာတိ သမ္ပဒါနံ၊ အပေစ္စ တသ္မာ အညံ အာဒဒါတီတိ အပါဒါနံ၊ တိဋ္ဌန္တိ ဧတ္ထာတိ ဌာနံ၊ သေန္တိ ဧတ္ထာတိ သယနံ၊ အာသန္တိ ဧတ္ထာတိ အာသနံ”စသည်တည်း။

**တိပစ္စည်း။** ။တိပစ္စည်းဖြင့်“မညတီတိ မတိ-သိတတ်သောဉာဏ်၊ မညတေတိ မတိ—သိအပ်သော အယူ၊ ဘုဉ္ဇတေတိ ဘုတ္တိ—စားအပ်သော အစာ၊ နယတိ တောယာတိ နီတိ – ကောင်းသော အကျိုးကို ဆောင်ကြောင်း ဖြစ်သော နည်းလမ်း၊ ပကရိယတေ တသ္မာတိ ပကတိ – အပြားအားဖြင့် ပြုအပ်ခဲ့ရာဖြစ်သော ပဌမအရာဝတ္ထု၊ [“ပဌမံ ကရိယတီတိ ပကတိ”ဟုလည်း ပြုကြ၏။ ] တိဋ္ဌတိ အသ္မိံတိ ဌိတိ”ဤသို့ စသည်ဖြင့် သိပါ။

www.dhammaransi.com



၃၇။ ကိတဘာဝေါ ဒဗ္ဗမိဝ, တေန ကမ္မာဒယော အပိ၊
ပါယော သတျပိ ကမ္မသ္မိံ, ဘာဝတ္တဝိဟိတာ ကိတာ။

၃၇။ ကိတဘာဝေါ- ကိတ်ဘောသည်၊ ဒဗ္ဗမိဝ-ဒြဗ်ကဲ့သို့၊ ဝါ-ဒြဗ်နှင့်တူသည်၊ (ဟောတိ)၊တေန-ထို့ကြောင့်၊(ထိုသို့ ကိတ်ဘော၏ ဒြဗ်နှင့်တူသည်၏ အဖြစ်ကြောင့်၊)ကမ္မာဒယောအပိ- ကံအစရှိသော ကာရကတို့သည်လည်း၊ ဟောန္တိ - ဖြစ်ကုန်၏၊ ပါယော-များသော အားဖြင့်၊ ကမ္မသ္မိံ - ကံသည်၊ သတိပိ - ရှိပါသော်လည်း၊ ကိတာ- ကိတ်ပစ္စည်းတို့ကို၊ ဘာဝတ္တဝိဟိတာ-ဘောအနက်၌စီရင်အပ်ကုန်၏။

**၃၇။ ကိတဘာဝေါ ဒဗ္ဗမိဝ ။** ။ ကိတ်ဘော၏ အာချာတ်ဘောမှ ထူးခြားပုံကို ပြလို၍ " ကိတဘာဝေါ" စသည်မိန့်၊ အာချာတ်ဘောသည် ဒြဗ်သဘောမဘက်,ကြိယာသက်သက်သာဖြစ်၏၊ကိတ်ဘောကား ကြိယာပင် ဖြစ်သော်လည်း ဒြဗ်ကဲ့သို့ ထင်ရှားသော ကြိယာတည်း၊ ယောကျ်ားစသော ဒြဗ်၌ ကမ္မသတ္တိ ကတ္တုသတ္တိ စသော ကာရကသတ္တိ ရှိသကဲ့သို့ ကိတ်ဘော မှာလည်း ထို ကာရကသတ္တိများ ရှိ၏။

**တေန ကမ္မာဒယော အပိ။** ။ ထိုသို့ ဒြဗ်နှင့်တူ၍ သတ္တိအမျိုးမျိုးရှိ သောကြောင့် ချက်ခြင်းကြိယာသည် "ပါကံ ကရောတိ—ချက်ခြင်းကို ပြု၏" " ပါကေန ဘဝတိ— ချက်ခြင်းဖြင့် ဖြစ်၏၊ ပါကာယ ဝဇတိ—ချက်ခြင်းငှါ သွား၏၊ ( သမ္ပဒါန်၊ )ပါကတော ပုဗ္ဗေ ဘဝတိ— ချက်ခြင်းမှ ရှေး၌ဖြစ်၏၊ ပါကေ ကုသလော ဟောတိ-ချက်ခြင်း၌ ကျွမ်းကျင်၏"စသည်ဖြင့် ချက်ခြင်း ကြိယာဟူသော ဘော၌ ကာရကသတ္တိ အမျိုးမျိုးနှင့် ယှဉ်ရလေသည်။'

**ဘာဝိတဗ္ဗံ။** ။"ကိတ်ဘောသည် ကာရကအမျိုးမျိုးနှင့် ယှဉ်သည်" ဟု ဆိုရာ၌"ဘာဝိတဗ္ဗ"ဟူသော ကိတ်ဘော တခုကိုကား ချွင်းချက်ထားရသည်၊ ထို ဘာဝိတဗ္ဗံပုဒ်သည် ဝေဒ (သက္ကတ သဒ္ဒါ) ကျမ်း၌၎င်း, ပါဝစန ( ပိဋက ) ၌၎င်း ကာရကအမျိုးမျိုး မရှိ၊ ဝိဘတ် အမျိုးမျိုးသက်၍ နာမ် ရုပ် မစဉ်နိုင်၊ ပဉ္စမာ ကေဝုစ်တမျိုးသာတည်း၊ "ဧဝံ ဘာဝိတဗ္ဗံ, သဒါ ဘာဝိတဗ္ဗံ"စသည်ဖြင့် ဧဝံ-သဒါစသော ပုဒ်တို့နှင့်၎င်း,အဝုတ္တကတ္တားဖြစ်သော( ပုရိသေနစသော) တတိယန္တပုဒ်တို့နှင့်၎င်း ယှဉ်စေရသည်၊ နပုံလိင်ကေဝုစ် မြဲ၏။

ဘာဝိတဗ္ဗမိဒံ နိစ္စံ, ဝေဒေ ပါဝစနေပိစ၊
ပဉ္စမေကာဝစနန္တ, ဘာဝေ န ပုံသကံ ဘဝေ၊
နတ္ထိ နာမိကမာလာပိ, ဧဝံသဒါဒိကေဟိ စ၊
ဘာဝိတဗ္ဗပဒံ ယောဇေ, တတိယန္တပဒေဟိစ။

www.dhammaransi.com



**၃၀။ ကြိယာနမေက ကတ္တုနံ , ဘာဝေ တွာဒီ ပုရာကြိယာ၊ တုံတု ဘာဝေ တဒတ္ထာစေ, ဇုန္တတ္ထာဒီ ကြိယာပိစ။**

၃၀။ ဧကကတ္တုနံ - တူသောကတ္တား ရှိကုန်သော၊ ကြိယာနံ- ရှေ့နောက်ကြိယာတို့တွင်၊ ပုရာကြိယာ-ရှေ့ကြိယာမှ နေ၌၊ ဘာဝေ- ၌၊ တွာဒီ - တွာ အစရှိသောပစ္စည်းတို့သည်၊ (ဟောန္တိ)၊ တုံတု- **တုံ ပစ္စည်းသည်ကား**၊ တဒတ္ထာ - ထို တုံပစ္စည်းသက်ရာ ကြိယာဟူသော အကျိုးရှိသောကြိယာသည်၎င်း၊ ဇုန္တတ္ထာဒီ ကြိယာပိစ-ဇုန္တာအနက် အစရှိသည်ရှိသော ကြိယာသည်၎င်း၊ စေ (အတ္ထိ) - အံ့၊ (ဝေဝံသတိ- သော်၊) ဘာဝေ-ဘောအနက်၌၊ ဟောတိ- ဖြစ်၏။

**ပါယော၊ပေ၊ ကိတာ ။** ။ ကိတ်ပစ္စည်းတို့သည် ယှဉ်ဘက်ဓာတ်က သကမ္မကဖြစ်၍ ကံရှိသော်လည်း ထိုကံကိုမဟောဘဲ ဘောအနက်ကို အဟော များကြသည်၊ “ဩဒနသာ ပါကော-ထမင်းကို ချက်ခြင်း၊ သတ္တုနံ ဝိဇယော- ရန်သူတို့ကို အောင်ခြင်း”စသည်တည်း၊ ဤပုံစံများ၌ **ကံရှိသော်လည်း** ကံကို မဟော၊ ဘောကိုသာ ဟောသည်။

**၃၀။ ကြိယာန၊ပေ၊ပုရာကြိယာ။** ။ [“ပုဗ္ဗေကကတ္တုကာနံ” ဟူသော မောဂ္ဂလ္လာန်, ၅-ကဏ္ဍ, ၆၃ သုတ်ကိုမှီသော စကားတည်း၊ ရှေ့ ၆၁ သုတ်မှ ဘာဝေပုဒ်လည်းလိုက်လာ၏။] “နရပတိ— ရှင်ဘုရင်သည်၊ ရိပုံ— ရန်သူကို၊ ဇိတွာ— အောင်ပြီး၍၊ ယာတိ— သွား၏” စသောပုံစံ၌ အောင်ခြင်းကြိယာ, သွားခြင်းကြိယာ ၂ ပါးရှိသည်တွင် အောင်ခြင်းဟူသော ရှေ့ကြိယာမှ နေ၌ ဘောအနက်ဝယ် တွာ, တုန, တွာနပစ္စည်းသက်၍ “ဇိတွာ”စသည်ဖြစ်၏။

**မှတ်ချက်။** ။ကစ္စည်းကျမ်း၌ကား ဤ တုန, တွာန, တွာပစ္စည်းတို့သည် ကိတ်အမည်ရသောပစ္စည်းများ ဖြစ်ရကား “ ကတ္တရိကိတ် ” သုတ်နှင့်အညီ “ကတ္တားအနက်၌ သက်ကုန်၏”ဟု ဆို၏၊ ရှေ့ကြိယာမှ နေ၌သက်ဟူသော စကားနှင့်စပ်၍ အပရကာလကြိယာ , သမာနကာလ ကြိယာ၌၎င်း , ဟိတ် အနက်-လက္ခဏာအနက်၌၎င်း သက်ရပုံကိုလည်း “ပုဗ္ဗကာလေကကတ္တုကာနံ တုန တွာန တွာ ဝါ ”သုတ်နှင့်, ဘေဒစိန္တာ-တွာဒိပစ္စည်းအခဏ်း၌ပြထားပြီ။

**တုံတာဘာဝေ။** ။ [မောဂ္ဂလ္လာန်, “တုံ တာယေ ဘာဝေ”စသော ၆၁ သုတ်ကိုမှီသော ဂါထာပါဒတည်း၊ တုံပစ္စည်းကိုမှတ်၍ဆိုသည်၊ တဝေ — တာယေပစ္စည်းတို့ကိုလည်း ယူပါ၊ ဤ ပစ္စည်းတို့၌လည်း “ ကစ္စည်းကျမ်းက ကတ္တားဟော, မောဂ္ဂလ္လာန်ကျမ်းက ဘောဟော”ဟု ဝါဒကွဲသေး၏။]

www.dhammaransi.com



**တဒတ္ထာ။** ။ "တဒတ္ထာ စေ" ဟူသောစကားသည် မောဂ္ဂလ္လာန်(၅) ကဏ္ဍ (၆၁) သုတ်၌လာသော " ကြိယာယံ တဒတ္ထာယံ "ကို မှီသောစကားတည်း၊ ဝုတ္တိ၌ "ကြိယာယံ တဒတ္ထာယံ ပတီယမာနံ-တဒတ္ထကြိယာကို သိအပ်သော်" ဟု ဖွင့်၏၊ "ထိုသို့ သိအပ်သော် အနာဂတ်အနက်၌ဖြစ်သော ဓာတ်နောင် တုံ တဝေ တာယေပစ္စည်းများ သက်ကြ၏" ဟူလို၊ ထို့ကြောင့် "တုံပစ္စည်းသက်ရာကြိယာ၏ နောက်ကြိယာသည် (ထိုအကျိုးရှိသောကြောင့်) တဒတ္ထာမည်၏" ဟု မှတ်၊ "သာ+အတ္တော (ပယောဇနံ) ယဿာတိ တဒတ္ထာ"ဟု ပဉ္စိကာ၌ ဝိဂြိုဟ်ပြု၏၊ ယဿာ— အကြင်ကြိယာ၏၊ သာ— ထို တုံပစ္စည်းသက်ရာ ကြိယာဟူသော+ အတ္တော— အကျိုးသည်၊ အတ္ထိ—၏၊ ဣတိ တဒတ္ထာ (ထို တုံပစ္စည်းသက်ရာ ကြိယာဟူသော အကျိုးရှိသော) ကြိယာ၊ သုဗုဒ္ဓိ၊ ဝက္ခာမိ= လွယ်ကူစွာသဘောအကျိုးငှါ ဆိုပေအံ့ (သန္နိပဏာမ)၊ ဤ၌ "ဝက္ခာမိ" အရ ဆိုခြင်းဟူသောကြိယာ၏ အကျိုးကား ( "သုဗုဒ္ဓိ"ဟု တုံပစ္စည်းသက်ရာပုဒ်၏အနက်ဖြစ်သော) လွယ်ကူစွာသိခြင်းတည်း၊ ထို့ကြောင့် ဗုဓဓာတ်နောင် တုံပစ္စည်းသက်၍ "သုဗုဒ္ဓိ"ဟု ဖြစ်ရသည်။

**ဣစ္ဆတ္ထာဒိ ကြိယာပိစ။** ။အာဒိဖြင့် "ဣစ္ဆတ္ထေသု သမာနကတ္တုကေသု တဝေတုံဝါ" သုတ်၏နောင်၌လာသော "အရဟသက္ကာဒိသုစ, ပတ္တဝစနေ အလမတ္ထေသုစ" သုတ်တို့ဖြင့်ယူအပ်သော အရဟ, သက္က, ဘဗ္ဗ, အနုစ္ဆဝိက, ကာလ , သမယ , ဝေလာစသည်တို့ကိုယူပါ၊ တုံပစ္စည်းသက်ရာ ကြိယာမှာ တွဲဘက် ဣစ္ဆာအနက် စသည်ရှိသော ရှေ့ကြိယာနှင့် သက္ကာ ဘဗ္ဗ စသည် ရှိရသည်၊ ပုံစံကို "သဒ္ဓမ္မံ သောတုံ ဣစ္ဆတိ၊ ကော တံ နိန္ဒိတုံ အရဟတိ၊ သက္ကာ ဇေတုံ, ဘဗ္ဗော နိယျာနံ ဩက္ကမိတုံ= မဂ်သို့သက်ရောက်ခြင်းငှါ ထိုက်၏၊ ကာတုံ ဝဋ္ဋတိ၊ ကာလော (သမယော, ဝေလာ) ဘုဉ္ဇိတုံ—စားခြင်းငှါ အချိန်တန်ပြီ၊ အလံ ကာတုံ—ပြုခြင်းငှါ စွမ်းနိုင်၏"ဤသို့စသည်တည်း။

**မှတ်ချက်။** ။တုံပစ္စည်းနောင် သ ဝိဘတ်ချေ၍ "ငှါ"ဟုသာ များသောအားဖြင့် အနက်ပေးရသော်လည်း တရံတခါ၌ က ကတ္တားအနက်ကိုလည်း ထွန်းပြသေး၏၊ [ပဌမာဝိဘတ် သက်, ချေ၊] ကာတုံ-ပြုခြင်းသည်၊ ဝဋ္ဋတိ-အပ်၏၊ ကာတုံ—ပြုခြင့်ကို၊ လဗ္ဘတိ—ရအပ်၏၊ အနုဝသိတွာ— နေ့စဉ်နေ၍၊ ဘုဉ္ဇိတုံ—စားခြင်းကို၊ ပဋိက္ခိတ္တံ— ပယ်မြစ်တော်မူအပ်ပြီ၊ တရံတခါ၌ "နေက္ခမ္မံ— ချမ်းချမ်းသာကို၊ ခေမတော— ဘေးမရှိသည်၏ အဖြစ်အားဖြင့်၊ ဒဋ္ဌုံ— မြင်၍"ဟု တွာပစ္စည်းအနက်လည်း ပေးရသေး၏။

[ဆောင်] တွာပစ္စည်းနက်,တချက်ဟောငြား, ကတ္တားနှင့်ကံ, သမ္ပဒါန်, ကောန် တုံပစ္စည်း ဟောသတည်း။

www.dhammaransi.com


**၃၉။ ပစ္စယတ္ထောပိ ဘာဝေါ·ယံ, ဝိနာ တေနာ·ပ္ပသိဒ္ဓိတော၊**
**ဓာတုရတ္ထောပိ သေသော·ဝံ,စယတ္ထော တေန သဗ္ဗကော။**

၃၉။ အယံဘာဝေါ – ဤဘော အနက်သည်၊ ပစ္စယတ္ထောပိ– ပစ္စည်း၏ အနက်သည်လည်း၊(ဟောတိ-ဟုတ်၏၊ ကသ္မာ – အဘယ့်ကြောင့်နည်း၊)တေန-ထို ပစ္စည်းနှင့်၊ ဝိနာ- ကင်း၍၊ အပ္ပသိဒ္ဓိတော- ဘောအနက်၏ မထင်ရှားခြင်းကြောင့်တည်း၊ အယံ–ဤဘောအနက်သည်၊ ဓာတုရတ္ထောပိ – ဓာတ်၏ အနက်သည်လည်း၊ ( ဟောတိ၊ ကသ္မာ) တေန–ထို ဓာတ်နှင့်၊ ဝိနာ – ၍၊ အပ္ပသိဒ္ဓိတော - တည်း၊ သေသော - ဘောမှ ကြွင်းသော ကံကတ္တားစသော သာဓန အနက်သည်၊ ဧဝံ – ဤ အတူတည်း၊ တေန – ထို့ကြောင့်၊ သဗ္ဗကော – ဘောစသော အလုံးစုံသော အနက်သည်၊ စယတ္ထော–ဓာတ်ပစ္စည်း အပေါင်း၏ အနက်တည်း။

၃၉။ **ပစ္စယတ္ထောပိ၊ပေ၊သဗ္ဗကော။** ။ " တုံတု ဘာဝေ "နှင့် စပ်၍ ဘာဝအနက်, ကံစသော ကာရကအနက်များ၏"စယတ္ထ–အပေါင်းသဒ္ဒါ၏ အနက်"ဖြစ်ပုံကို ပြလိုသောကြောင့်"ပစ္စယတ္ထောပိ"စသည်မိန့်၊ ပစဓာတ်, ဏပစ္စည်းဖြင့် ပြီးသော "ပါကော-ကျက်ခြင်း" ဟူရာ၌ " ခြင်း " ဟူသော ဘောအနက်သည် ဏပစ္စည်း၏ အနက်လည်း ဟုတ်၏၊ ဘာ့ကြောင့်နည်း– ထို ဏပစ္စည်းနှင့် ကင်း၍"ခြင်း"ဟူသော အနက်၏ မထင်ရှားခြင်းကြောင့် တည်း၊"ခြင်း"ဟူသော ထိုအနက်သည် ပစဓာတ်၏ အနက်လည်း ဟုတ်၏၊ ဘာ့ကြောင့်နည်း–ပစဓာတ်မပါဘဲ ဏပစ္စည်းသက်သက်ဖြင့်"ခြင်း"ဟူသော ထိုအနက်၏ မထင်ရှားခြင်းကြောင့်တည်း။

**စယတ္ထော။** ။ထို့ကြောင့်"ခြင်း"ဟူသော ဘောအနက်သည် ဓာတ်နှင့် ပစ္စည်း ပေါင်းစပ်ထားသော "ပါကော"ဟူသော သဒ္ဒါအပေါင်း၏ အနက် သာ ဖြစ်သည်၊ ဆိုလိုရင်းကား-"သဒ္ဒေါ ဉာပကဟေတု၊ အတ္ထော ဉာပေတဗ္ဗ ဖလံ-သဒ္ဒါဟူသည် အနက်ကို သိစေတတ်သော အကြောင်း, အနက်ဟူသည် ထို သဒ္ဒါသည် သိစေအပ်သော အကျိုးတည်း;" ဟူသည်နှင့် အညီ အကြင် သဒ္ဒါကြောင့် အကြင်အနက်ကို သိရ၏၊ ထိုသဒ္ဒါသည် ထိုအနက်ကို ဟောရာ ရောက်သည်-ဟူလို။

**သေသော·ဝံ။** ။ "ပါစကော" ဟူသော ကတ္တားဟော ပုဒ်၏ ကတ္တား အနက်လည်း ဏွုပစ္စည်း၏ အနက်လည်းဟုတ်၏၊ ပစဓာတ်၏ အနက်လည်း ဟုတ်၏၊"ပဟာရဏ-ပုတ်ခတ်ကြောင်း လက်နက်"ဟူသော ပုံစံ၌"ကြောင်း"

www.dhammaransi.com



၄၀။ သင်္ကေတကာလမေဝါ-ယံ, ဝိဘာဂေါ သမ္ဘဝတ္တတော၊
အတ္ထော-ယံ ပကတိယော-သော, ပစ္စယတ္ထော ဣတီဒိသော၊

၄၀။ အယံအတ္ထော-ဤအနက်သည်၊ပကတိယာ-ပကတိဖြစ်သော လိန်ဓာတ်၏၊ အတ္ထော – အနက်တည်း၊ သော – ဤ အနက်သည်၊ ပစ္စယတ္ထော-ပစ္စည်းဝိဘတ်၏အနက်တည်း၊ ဣတိ-ဤသို့၊ ဤဒိသော-ဤကဲ့သို့ ရှုအပ်သော၊ အယံ ဝိဘာဂေါ- ဤ ခွဲခြားဝေဘန်ခြင်းသည်၊ သင်္ကေတကာလမေဝ - အမှတ်အသားကိုပြုရာ, သဒ္ဒါသင်စ အခါ၌ သာ၊ သမ္ဘဝတ္တတော - ဖြစ်၏။

ဟူသော ကရိုဏ်းအနက်သည် ယုပစ္စည်း၏ အနက်လည်း ဟုတ်၏၊ ပဟု္ဗ, ဟရဓာတ်၏အနက်လည်းဟုတ်၏၊ ဤသို့စသည်ဖြင့်“ပစိတော”၌ ကံအနက်, “ဒါနီယော”၌ သမ္ပဒါန် အနက်,“ပဘဝေါ”၌ အပါဒါန်အနက်,“ဌာနံ”၌ အာဓာရအနက်များ၌လည်း အပေါင်းသဒ္ဒါ၏ အနက်ဖြစ်ပုံကို သိပါ၊သမာသ် တဒ္ဓိတ် အာချာတ်တို့၌လည်း နည်းတူ၊ ထို့ကြောင့် “ သဗ္ဗကော– အနက် အားလုံးသည်ပင်၊ စယတ္ထော – အပေါင်းသဒ္ဒါ၏ အနက်ချည်း ဖြစ်၏ ”ဟု ဆိုသည်။

---

၄၀။ **သင်္ကေတ၊ပေ၊တီဒိသော** ။ ။ “ထိုသို့ အပေါင်းသဒ္ဒါ၏ အနက် ချည်းဖြစ်လျှင် အဘယ့်ကြောင့် ဤအနက်သည် လိန်ဓာတ်၏အနက်,ဤအနက် ကား ပစ္စည်းဝိဘတ်၏အနက် ဟု ခွဲခြားသေးသနည်း”ဟု မေးဘွယ်ရှိသော ကြောင့် “ သင်္ကေတကာလမေဝ ”စသည်မိန့်၊ အမှတ်အသားကိုပြုရာ သဒ္ဒါ သင်စ အခါ၌သာ စာသင်သားတို့ အသိဉာဏ်ရှင်းအောင် “ ဤအနက်သည် လိန်၏အနက်(သို့မဟုတ် ဓာတ်၏အနက်) , ဤအနက်ကား ပစ္စည်း၏အနက် (သို့မဟုတ် ဝိဘတ်၏အနက်)”ဟု ခွဲပြရခြင်း ဖြစ်သည်။

ဥပမာ—“ဗုဒ္ဓေါ–သိတော်မူတတ်သော ဘုရား”ဟူရာ၌“သိ”ဟူသော အနက်သည် ဗုဓဓာတ်၏အနက်,“တတ်”ဟူသောအနက်သည် တပစ္စည်း၏ အနက် ဟုရင်း, “ဗုဒ္ဓံ – ဘုရားကို ”ဟူသော နာမ်ပုဒ်အခိုက် ရောက်သော အခါ“ဘုရား”ဟူသော အနက်သည် “ဗုဒ္ဓ”ဟူသော လိန်၏အနက်, “ကို” ဟူသော အနက်ကား အံဝိဘတ်၏အနက် ဟုရင်း ခွဲခြားခြင်းသည် သဒ္ဒါ သင်ခါစ အမှတ်သင်္ကေတ ပြုတုန်း၌သာ ဖြစ်၏၊ သဒ္ဒါတတ်ပြီးသော အခါ ထိုသို့ ခွဲခြားဘွယ်မလိုတော့ – ဟူလို။

www.dhammaransi.com



## ၄၁။ သိဒ္ဓသဒ္ဒါနုဝါဒေါယ-မတောဧဝ န သိဇ္ဈတေ၊ ဉာတရေတရတော သိဒ္ဓိ, လက္ခလက္ခဏိကာ ကွစိ။

၄၁။ အယံ- ယခုခါတွင်, အများသင်အပ်သော ဤသဒ္ဒါသည်၊ သိဒ္ဓသဒ္ဒါနုဝါဒေါ-နိစ္စသဒ္ဒါ၏ အတုအရုပ်ချည်းသာတည်း၊ အတော ဧဝ- ထို့ကြောင့် သာလျှင်၊ ဉာတရေတရတော - သုတ်မှတပါးသော ဥဒါဟရုဏ် , ဥဒါဟရုဏ်မှ တပါးသောသုတ်ကြောင့်၊ ကွစိ - အချို့အရာ၌၊ လက္ခလက္ခဏိကာ-မှတ်အပ်သောဥဒါဟရုဏ်,မှတ်ကြောင်း သုတ်နှင့်စပ်သော၊ သိဒ္ဓိ - ပြီးခြင်းကို၊ န သိဇ္ဈတေ - မတားမြစ်အပ်၊ ဝါ – မတားမြစ်သင့်။

၄၁။ **သိဒ္ဓ၊ပေ၊ကွစိ။** ။သဒ္ဒါကျမ်း၌ ဆိုအပ်သော သဒ္ဒါဟူသမျှသည် ( နဂိုရ်ရှိပြီးသော ) နိစ္စသဒ္ဒါ၏ အတုအရုပ်တွေသာ ဖြစ်ကြောင်းကို ပြလို၍ "သိဒ္ဓသဒ္ဒါနုဝါဒေါ"စသည်ကို မိန့်သည်၊ [သိဒ္ဓသဒ္ဒါသည် နိစ္စအနက်ဟော တည်း၊"သိဒ္ဓသဒ္ဒါ နိစ္စတ္ထာ"–ဘေဒစိန္တာ ၂၁-ဒီပနီ။] "ပုရိသော,ဗုဒ္ဓေါ" စသည်ဖြင့် ပြောအပ်သော သဒ္ဒါဟူသမျှသည် ကမ္ဘာအစဉ်ဆက်က ဖြစ်လာ ခဲ့သော နိစ္စသဒ္ဒါများတည်း၊ ပုရခေတ်—ဉာသပစ္စည်း, ဗုဓခေတ်—တပစ္စည်း, စသည်ဖြင့် ရုပ်စီရင်၍ပြီးစေအပ်သော (သဒ္ဒါကျမ်း၌လာသော ) ပုရိသော ဗုဒ္ဓေါစသောသဒ္ဒါသည် ထိုနိစ္စသဒ္ဒါ၏ အတု (အရုပ်) သာတည်း။

**အတော၊ပေ၊ကွစိ။** ။ထို့ကြောင့် အချို့အရာဝယ် သုတ်ကြောင့် ဥဒါဟ ရုဏ်ရုပ်၏ ပြီးစီးမှု , ဥဒါဟရုဏ်ကြောင့် သုတ်တည်ခြင်းကိစ္စ၏ ပြီးစီးမှုကို မတားမြစ်ရ၊ ဘာ့ကြောင့်နည်း၊ ... အရုပ်လုပ်ပြခြင်းမျိုး ဖြစ်သောကြောင့် တည်း၊ အရုပ်လုပ်ရာ၌လည်း"လက်ကို ပဌမလုပ်ရမည်, ထို့နောက် ကိုယ်ကို လုပ်မည် " ဟု ရှေ့နောက် မသတ်မှတ်ဘဲ , သင့်တော်သလို လုပ်ရသကဲ့သို့, သုတ်ဥဒါဟရုဏ်တို့လည်း သုတ်ကိုပဌမ , ဥဒါဟရုဏ်ကို ဒုတိယစသည်ဖြင့် မခွဲခြားဘဲ သင့်တော်သလို သုတ်တည်ရ, ဥဒါဟရုဏ်ထုတ်ရသည်— ဟူလို။

**တင်ရှားစေအံ့** — ကတ္တရိကိတ် သုတ်၌ ကတ္တရိပုဒ်သည် ကရခေတ် – တုပစ္စည်းဖြင့် ပြီးစီးရသော ပုဒ်တည်း၊ ထို တုပစ္စည်းလည်း ကတ္တရိကိတ် သုတ်ဖြင့် ကိတ်အခည်မှည့်ပြီးမှ ရုပ်ပြီးနိုင်၏၊ သို့ဖြစ်လျှင်"တုပစ္စည်း မသက်ရ သေးသမျှ ကတ္တရိဟု ရုပ်မပြီးနိုင်"ဟု သုတ်ဖြင့် ဥဒါဟရုဏ်ကို တားမြစ်ခြင်း ကိုရင်း, ကတ္တရိ ဟု ရုပ်မပြီးသေးသမျှ ကတ္တရိကိတ် သုတ်ကိုလည်း (ကတ္တရိ သဒ္ဒါထည့်၍) မတည်နိုင်"ဟု ဥဒါဟရုဏ်ဖြင့် သုတ်ကို တားမြစ်ခြင်းကိုရင်း မပြုပါနှင့်၊ သဒ္ဒါကျမ်း တကျမ်းလုံး၌ပါသော သဒ္ဒါတွေသည် အရုပ်တွေချည်း

www.dhammaransi.com



၄၂။ အနာဒိ·ရယ·မာလောကော, သဒ္ဒါချော ယဿ နပ္ပုဒ္ဒေ၊
ဗျဥ္ဇနေ တဿ သတ္တေန, ဒိဋ္ဌပေါဝ ဂတိယာဝုတော။

၄၂။ အနာဒိ-အစမရှိသော၊ သဒ္ဒါချော-သဒ္ဒါဟုဆိုအပ်သော၊ အယံ အာလောကော - ဤ အရောင်အလင်းသည်၊ ယဿ - သဒ္ဒါ အခြေခံ, ဉာဏ်မရှိသေးသော အကြောင်စာသင်သားအား၊ ဝါ - သဒ္ဒါ အခြေခံ , ဉာဏ်မရှိသေးသော အကြောင် စာသင်သား၏ ( စိတ်၌ )၊ နပ္ပုဒ္ဒေ-မထင်ရှား၊ တဿ-သဒ္ဒါအခြေခံ, ဉာဏ်မရှိသေးသော ထို စာသင်သား၏၊ ဂတိယာ-တတ်သိနားလည်းခြင်း အကျိုးငှါ၊ သတ္တေ

ဖြစ်၍ , သုတ်တို့ကား များသောအားဖြင့် အရှုပ်ရေးနည်းကို ညွှန်ပြသော ဝါကျတို့သာ ဖြစ်ပါသည်-ဟူလို။

ကတ္တရိတိ နတာဝ•ဿ, ယာဝံ တု န ဝိဒိယတေ၊
တုဝိဓာနမပိ တော်, ကတ္တရိတိပျ•ပေက္ခယေ၊
ဓေမာဒိသု ဂမျ•ယံ, ဉာတရေတရ အာသယော၊
ဉမိနာဝ နယေနာပိ, ဤဒိသံ အညာ•မူဟတံ။

ယာဝ-အကြောင်မျှလောက်၊ [ဆန်းကြောင့် "ယာဝံ"ဟု ဆိုသည်၊] တု-တုပစ္စည်းကို၊ နဝိဓိယတေ-မစီရင်အပ်သေး၊ တာဝ-လောက်၊ ကတ္တရိတိ-ကတ္တရိပုဒ်သည်၊ န အဿ - မဖြစ်ရာ၊ တော် တုဝိဓာနံအပိ - ဤ တုပစ္စည်း စီရင်ခြင်းသည်လည်း၊ ကတ္တရိတိပိ - ကတ္တရိကိတ်သုတ်ကိုလည်း၊ အပေက္ခ ယေ-ငဲ့နေသေး၏၊ ဓေမာဒိသု-ဤသို့အစရှိသော ကပ်သီးကပ်သတ် ကြံဘွယ် တို့၌၊ ဉာတရေတရအာသယော - ဥဒါဟရုဏ်မှ တပါးသောသုတ် . သုတ်မှ တပါးသော ဥဒါဟရုဏ်ဟူသော ငဲ့စရာရှိသော၊ အယံ - ဤ စိစစ်ချက်ကို၊ ဂမျော-သိထိုက်၏၊ ဉမိနာဝ နယေနာပိ-ဤနည်းဖြင့်လည်း၊ အညံ-အခြား သော၊ ဤဒိသံ-ဤကဲ့သို့ စိစစ်ဘွယ်ကို၊ ဥဟတံ (ဥဟတု)-ကြံစည်ပါလေ။ ["ယသ္မာ ဒပေတိ ဘယမာဒတ္တေဝါ, တဒပါဒါနံ"သုတ်၌ အပါဒါန် မမှည့်ရ သေးလျှင် " ယသ္မာ "ဟု ရုပ်မဖြစ်နိုင်၊ ထိုရုပ် မရှိလျှင် " ယသ္မာဒပေတိ " သုတ်လည်း မတည်နိုင်၊ ဤသို့စသည်ဖြင့် ကြံစည်ပါလေ-ဟူလို။]

---

၄၂။ **အနာဒိ၊ပေါဝုဒ္ဒေ၁။** ။"သိဒ္ဓသဒ္ဒါနဝါဒေါ-သဒ္ဒါကျမ်းသည် နိစ္စသဒ္ဒါအစစ်၏ အတုအရုပ်သာဖြစ်၏"ဟူသော စကားကို ထင်ရှားအောင် ပြလို၍ " အနာဒိ " စသည်မိန့်၊ သတ္တာသည် အစမရှိသကဲ့သို့ ထို သတ္တာတို့ ပြောဆိုအပ်သော သဒ္ဒ ( သဒ္ဒါ ) လည်း အစမရှိ၊ ထို အစမရှိသော သဒ္ဒါ

www.dhammaransi.com



န-သဒ္ဒါကျမ်းဖြင့်၊ (အယံ အာလောကော- ဤသဒ္ဒါတည်းဟူသော အရောင်အလင်းကို၊) ဗျဉ္ဇျတေ - ထင်ရှားပြအပ်၏၊ (ကိမိဝ—နည်း၊) အာဝုတော-တစုံတခုဖြင့် ဖုံးကွယ်အပ်သော၊ ဒီပေါ-ဆီမီးကို၊ (ဗျဉ္ဇျတေ) ဣဝ - ထင်ရှားပြအပ်သကဲ့သို့တည်း။

၄၃။ မာနန္တာ ဝတ္တမာနေစ, လက္ခဏေ ဟေတုကေ သိယုံ၊
ကိတာ ခါတွတ္ထသမ္ဗန္ဓေ , ဟောန္တိ ကာလန္တရေသွပိ။

၄၃။ မာနန္တာ—မာနပစ္စည်း အန္တပစ္စည်းတို့သည်၊ ဝတ္တမာနေစ- ပစ္စုပ္ပန်အနက်၌၎င်း၊ လက္ခဏေစ-လက္ခဏာအနက်၌၎င်း၊ ဟေတုကေစ - ဟိတ်အနက်၌၎င်း၊ သိယုံ – ဖြစ်ကုန်၏၊ ကိတာ– အပဓာန ဖြစ်သော ကိတ်ပစ္စည်းတို့သည်၊ ခါတွတ္ထသမ္ဗန္ဓေ - ပဓာန ဖြစ်သော ဓာတ်၏ အနက်နှင့် ပေါင်းစပ်ရခြင်းသည်၊ ( သတိ - ရှိလသော်၊ ) ကာလန္တရေသု အပိ– မိမိဟောရင်းကာလမှ တပါးသော ကာလတို့၌လည်း၊ ဟောန္တိ–ဖြစ်ကုန်သေး၏၊

အရောင်အလင်းကို (မထင်ရှား နားမလည်သေးသူတို့၏ ထင်ရှား နားလည်ဘို့ရန်) သဒ္ဒါကျမ်းဖြင့် အတု အရုပ်လုပ်၍ ပြရသည်၊ ဥပမာ—တစုံတရာဖြင့် ကွယ်နေသော မီးရောင်ကို အများ မြင်လောက်အောင် ထုတ်ဖေါ်ပြရသကဲ့သို့ တည်း။ [သက္ကတ၌"သ္ဖုဋ"သည် ပါဠိ၌ "ဖုဋ"ဟု ဖြစ်၏။]

**ဆိုလိုရင်းကား—** သဒ္ဒါကျမ်း၌ပါသော သဒ္ဒါတို့သည် သဒ္ဒါအကြောင်း အရာကို နားမလည်သေးသော စာသင်ငယ်တို့၏ နားလည်ဘို့ရာ အရုပ်အတု ပြုလုပ်ပြခြင်းသာဖြစ်၏၊ ထို့ကြောင့်"ဤကား လိန်ဓာတ်၏အနက်, ဤကား ပစ္စည်းဝိဘတ်၏အနက်"ဟု ခွဲခြားပြခြင်းသည် သဒ္ဒါကျမ်းကို သင်ခါစ၌သာ နားလည်အောင် ခွဲပြရခြင်းဖြစ်၏၊အမှန်အားဖြင့် ထိုကဲ့သို့ ခွဲဘို့မလို၊အားလုံး အနက်တွေသည် ရွတ်ဆိုသော ပုဂ္ဂိုလ်၏ နှုတ်၌ တပေါင်းထည်း ထွက်လာသော အပေါင်းသဒ္ဒါများ၏အနက်သာ ဖြစ်သည်—ဟူလို။

---

၄၃။ မာနန္တာ၊ပေ၊ သိယုံ ။ ။ မာန, အန္တပစ္စည်းတို့သည် ကာလ အားဖြင့် ပစ္စုပ္ပန်ကာလ၌ သက်ကုန်၏၊ [ ကစ္စည်းကျမ်းက " ဝတ္တမာနေ မာနန္တာ"သုတ်နှင့် သဘောတူ၏။] လက္ခဏာ အနက်, ဟိတ်အနက်၌လည်း ဖြစ်ကုန်၏၊ ဤလက္ခဏာအနက် ဟိတ်အနက်သည် ရိုးရာသာမန်အနက်မှ အပို အနက်တည်း၊ ရိုးရာသာမန် အနက်အားဖြင့်ကား အန္တပစ္စည်းသည် ကတ္တား

www.dhammaransi.com



အနက်၌, မာနပစ္စည်းသည် ဘောကကတ္တားအနက်၌ သက်၏။ [“အဆ္တော ကတ္တရိ မာနေ့ာတု,ဘာဝေ ကမ္မနိ ကတ္တရိ”(၃၇၁)ဘေဒစိန္တာ၊ အမိပ္ပါယ်ကို ထိုဘာသာဋီကာ၌ ကြည့်ပါ။]

**ဝတ္တမာန်, လက္ခဏ။** ။“တိဋ္ဌမာနော(တိဋ္ဌန္တော)ပဋ္ဌတိ– ရပ်လျက် (ရပ်တုန်းဆဲဆဲ)ရွတ်ဆို၏”ကား ဝတ္တမာန်(ပစ္စုပ္ပန်)အနက်၏ ပုံစံတည်း၊ သူပကာရော ဩဒနံ ပစမာနော ( ပစန္တော )ဂါယတိ– ဟင်းချက်သူသည် ထမင်းကို ချက်လသော် ( ထမင်းချက်ရင်း ) သီချင်းဆို၏၊ ဂါမံ ဂစ္ဆန္တော (ဂစ္ဆမာနော)ရုက္ခမူလံ ဥပါဂမိ-ရွာသို့ သွားလသော် သစ်ပင်အနီးအောက်သို့ ချဉ်းကပ်ပြီ။ [ဤ မာနအန္တတို့ကား ပစ္စုပ္ပန်ကာလ၌ဖြစ်သော ကတ္တားအနက် နှင့်လက္ခဏအနက်ကို ဟောကြသည်။]ဒေဟိ မေ ဘဏ္ဍံတိ ဝုစ္စမာနော“နာဟံ ဂဏှာမိ”တိ ဘဏတိ-အပ်နှံထားအပ်သော ငါ့ဘဏ္ဍာကို ပြန်ပေးလော့ ဟု ပြောဆိုအပ်သော်, ငါမယူ ဟု ပြောအံ့၊ [ဤမာနပစ္စည်းသည် ကံအနက်နှင့် လက္ခဏအနက်ကို ဟော၏။]ဤလက္ခဏကို ဋီကာ၌“ဉာပကဟေတု”အနက် ဟု ဖွင့်သည်မှာ မကောင်း။

**ဟေတု။** ။ဇယံ ဝေရံ ပသဝတိ၊ ဇယမာနော ဝေရံ ပသဝတိ၊ ဇယံ (ဇယန္တော)– သူတပါးကို နိုင်ရသူသည်၊ ဇယံ(ဇယန္တော)-နိုင်ရသည်၏ အဖြစ်ကြောင့်၊ ဝေရံ–ရှုံးသူ၏ရန်ကို၊ ပသဝတိ–ပွားစေ၏၊ အဋ္ဌကထာတို့၌ “ဇူဒါနိ ဒသောန္တော အာဟ”ဟု ရှိတတ်၏၊ ထို၌လည်း ဟိတ်အနက်ရနိုင်၏၊ ဘာဝပ္ပမာန,ဘာဝလောပကြံ၍“ဒသောန္တော–ပြလိုသည်၏အဖြစ်ကြောင့်၊ ဝါ-ပြလိုသောပုဂ္ဂိုလ်၏ဖြစ်ကြောင်းဖြစ်ရာ ပြလိုသောဆန္ဒကြောင့်”ဟုလည်း ပေးမှ အမှန်ကျသည်။

**မောဃလ္လာန်။** ။“တေ သပုဗ္ဗာ·နာဂတေ”ဟု သုတ်တည်၍ “တေ- ထိုန္တ, မာနပစ္စည်းတို့သည်၊ အနာဂတေ–အနာဂတ်အနက်၌ ဖြစ်ကုန်မူကား၊ သပုဗ္ဗာ-သရှေ့ရှိကုန်သည်၊ ဟောန္တိ”ဟု ဆို၍ “ဌဿန္တော, ဌဿမာနော- တည်လတံ့၊ ဋ္ဌိယိဿမာနံ–တည်လတံ့ခြင်း၊ ပစ္စိဿမာနော– ချက်အပ်လတံ့ သော၊ ဩဒနော– ထမင်း ” ဟု ပုံစံထုတ်၏၊ ကစ္စည်း “ သေသေ ဿ န္တု၊ မာနာနာ”သုတ်နှင့် ခတ်ဆင်ဆင်ပင်တည်း။ [“ဿပုဗ္ဗာ”နေရာဝယ် “ယ ပုဗ္ဗာ”ဟု ပါ၌ပျက်၏၊ အန္တလည်း မဟုတ်၊ ဿရှေးရှိသော(န္တ)တည်း။]

**သဒ္ဒနီတိ။** ။“အန္တပစ္စည်းသည် ပစ္စုပ္ပန်ကာလကို မဟောရာ၌ အနိယ မိတ(မသတ်မှတ်အပ်သော) ကာလသာမန်၌ဖြစ်၏”ဟု ဆို၍ “သော မဟ န္တော ဟောတိ,မဟန္တော အဟောသိ,မဟန္တော ဘဝိဿတိ”ဟု မဟန္တော၏ ကာလ ၃ ပါးနှင့်ဆိုင်သော ပုံစံကိုထုတ်၏၊ “မဟန္တော–ကြီးမြတ်သူသည်၊ ဟောတိ–၏”ဟု စသည်ပေး။

www.dhammaransi.com



**၄၄။ ကိတကာ·ဘိဓေယျလိင်္ဂါ, ဍုယုဝဏ္ဏဝရာဒိဇော၊**
**အပစ္စယော ဏော ဒုတိယော, ဍုပစ္စယော ပုမေ သိယုံ။**

၄၄။ ကိတကာ – ကိတ် ပစ္စည်းတို့သည်၊ အဘိဓေယျလိင်္ဂါ – ဟောအပ်သောအနက်၏ လိင်ရှိကုန်၏၊ ဝါ-ဟောအပ်သောအနက်၏ လိင်သို့ လိုက်ကုန်၏၊ ဍုယုဝဏ္ဏဝရာဒိဇော – ဍုဝဏ္ဏန္တ, ဥဝဏ္ဏန္တ ဓာတ်, ဝရ အစရှိသောဓာတ်မှ နောက်၌ဖြစ်သော၊ အပစ္စယော-အပစ္စည်းသည်၎င်း၊ ဒုတိယော- ၂ ခုမြောက်ဖြစ်သော၊ ဏော- ဏပစ္စည်းသည်၎င်း၊ ဍုပစ္စယော- ဍုပစ္စည်းသည်၎င်း၊ ပုမေ- ပုံလိင်၌၊ သိယုံ-ဖြစ်ကုန်၏။

**ကိတာ၊ပေ၊ကာလန္တရေသွပိ။** ။ကိတ်နှင့် အာချာတ်တွင် ကိတ်သည် အပဓာန, အာချာတ်ကား ပဓာနတည်း၊ ထို့ကြောင့် ကိတ်ပစ္စည်းတို့သည် "တ-ပစ္စည်းသည် အတိတ်ဟော, မာန အန္တသည် ပစ္စုပ္ပန်ဟော" ဤသို့ စသည်ဖြင့် ကာလကိုသတ်မှတ်ခြင်းရှိသော်လည်း ပဓာနဖြစ်သော အာချာတ်ကြိယာ၌ စပ်ရသောအခါ ထိုကြိယာ၏ကာလကို လိုက်၍ ဟောကြရသော ကြောင့် မိမိအတွက် သတ်မှတ်အပ်သောကာလမှ အခြား ကာလ၌လည်း ဖြစ်ကြရသည်။

**ပုံစံ။** ။ဘာသိတံ– ပြောဆိုအပ်သည်၊ ဘဝိဿတိ– ဖြစ်လတ့ံ၊ (တ) ပစ္စည်းသည် နဂိုရ်က အတိတ်ဟောဖြစ်သော်လည်း ဘဝိဿတိနှင့်စပ်ရသော ကြောင့် အနာဂတ်ဟော ဖြစ်ရသည်၊ အဟာပယံ ( အဟာပယန္တော ) – မယုတ်လျော့စေဘဲ၊ ဝဏ္ဏယိဿာမိ–ဖွင့်ပြအံ့၊ ဘည္ဍမာနံ-ဆိုအပ်လတ့ံသော စကားကို၊ သုဏာထ–နာရကုန်လတ့ံ၊ ဤသို့ စသည်ဖြင့်သိပါ၊ အာချာတ် ကြိယာ၌သာ စပ်ခိုက် မဟုတ်သေး, ပဓာနဖြစ်သော ကိတ်ကြိယာ၌ စပ်ခိုက် မှာလည်း ကာလတပါးကိုဟော၏၊ ပုံစံကား — သော ပစမာနော ပစန္တော (ချက်လျက်) ဂတော– သွားပြီ"စသည်တည်း။ ["ကာလန္တရေသွပိ၌ အပိဖြင့် တဒ္ဓိတ်ကိုဆည်း၍ "သီလဝါ ဘဝိဿတိ–သီလရှိသူဖြစ်လတ့ံ"ဟု သရုပ္ပဏ္ဏ၌ပုံစံထုတ်၏၊ သီလဝါ၌ ဝန္တုပစ္စည်းသည် နဂိုရ်ကပစ္စုပ္ပန်ဟောဖြစ်သော် လည်း ဘဝိဿတိကြိယာ၌ စပ်ရသဖြင့် အနာဂတ်ဟောဖြစ်ရသည်။]

---

**၄၄။ ကိတကာ ဘိဓေယျလိင်္ဂါ။** ။ ကိတ်ပစ္စည်းတို့၏လိင်ကို ပြလို၍ ဤ ၄၄, ၄၅ ဂါထာတို့ကို ဆိုသည်၊ "ဇုတ္တိယမတိ ယဝေါ်ဝါ" ဟု အမြဲ သတ်မှတ်အပ်သောလိင် မရှိသော ကိတ်ပစ္စည်းတို့သည် အဘိဓေယျ၏လိင်သို့

www.dhammaransi.com



## ၄၅။ ယုစာကတ္တရိ ဘာဝသ္မိံ, ကိစ္စာ တောစ နပုံသကေ၊ တဝါဒိကတ္တုကမ္မန္တာ တု, သိယုံ အဗျယနာမကာ။

၄၅။ အကတ္တရိ-ကတ္တားအနက်မှ တပါးသောအနက်၌၊ ယုစ-ယုပစ္စည်းသည်၎င်း၊ဘာဝ သ္မိံ-ဘောအနက်၌၊ ကိစ္စာ-ကိစ္စပစ္စည်းတို့

လိုက်ကြရကုန်၏။ [ အဘိဓေယျသ + လိင်္ဂံ ယေသံတိ အဘိဓေယျလိင်္ဂါ၊ ဟောအပ်သောအနက်ကို " အဘိဓေယျ "ဟု ခေါ်၏၊ ထို ဟောအပ်သော အနက်၏လိင်က ပုလ္လိင်ဖြစ်လျှင် ကိတ်ပစ္စည်းကလည်း ပုလ္လိင်ကိုဟောရ၏၊ အဘိဓေယျက ဣတ္ထိလိင် နပုလ္လိင်ဖြစ်လျှင်လည်း ထိုလိင်အတိုင်းပင် ဟောရသည်။] ပုံစံကား– ကာရကော(ပုရိသော), ကာရိကာ(ဣတ္ထီ), ကာရကံ (ကုလံ), စသည်တည်း၊ ကိတကသည်သာ အဘိဓေယျလိင်သို့ လိုက်သည် မဟုတ်သေး၊ သမာသတဒ္ဓိတတို့လည်း အဘိဓေယျလိင်သို့ လိုက်ကြသည်ပင် တည်း၊ ပုံစံကား–ဘူမိဂတော,ဝါသိဋ္ဌော (ပုရိသော)၊ ဘူမိဂတာ, ဝါသိဋ္ဌီ (ဣတ္ထီ)၊ ဘူမိဂတံ, ဝါသိဋ္ဌံ (ကုလံ)။

**ဣယုဝဏ္ဏဇ္ဇဝရာဒိဇော အပစ္စယော။** ။"သိ–သေဝါယံ, ခီ–ခယေ" စသော ဣဝဏ္ဏန္တဓာတ်,"ရု–သဒ္ဒေ,လူ–ဆေဒနေ, ဘူ–သတ္တာယံ"စသော ဥဝဏ္ဏန္တဓာတ်, ဝရဓာတ် (ဝရာဒိ၌ အာဒိဖြင့် ဓရဓာတ်, ဂမဓာတ်စသည်) တို့၏ နောင်၌ဖြစ်သော အပစ္စည်းဟူသည်"သဗ္ဗတော ဏွုတွာဝီဝါ"သုတ်ဖြင့် သက်သော အပစ္စည်းတည်း။ [၎င်း အပစ္စည်း အတွက်သာ "ဣယုဝဏ္ဏ ဝရာဒိ ဇော"ဟု သတ်မှတ်သည်၊ ဏ–ဣတို့အတွက် ဓာတ်ကို မသတ်မှတ်။]

**ဏော ဒုတိယော ဣ ပစ္စယော။** ။ဏပစ္စည်း ဣပစ္စည်းဟူသည်"ဓာတုယာ ကမ္မာဒိမှိဏော" ဖြင့် သက်သောဏကိုထောက်၍ ဒုတိယမြောက်ဖြစ်သော " ဝိသရုဇပဒါဒိတော ဏ"သုတ်ဖြင့် သက်သော ဏပစ္စည်း, "မုနာဒီဟိစိ" သုတ်ဖြင့်သက်သော ဣပစ္စည်းတည်း၊ ၎င်း ပြခဲ့သော အပစ္စည်း, ဏ–ဣပစ္စည်း တို့သည် ပုလ္လိင်၌ဖြစ်ကုန်၏။ [၎င်းဂါထာကိုရည်ရွယ်၍ "အ · ဣပစ္စယ, ဒုတိယ ဏော, ၎င်းသဘော, အဟောပုလ္လိင်သာ"ဟု ဆိုကြသည်။]

**ပုံစံ။** ။ဣဝဏ္ဏန္တ, နိဿယော–မှီရာ၊ ခယော-ကုန်ခြင်း၊ ဥဝဏ္ဏန္တ, ရဝေါ-အသံ၊ လဝေါ–ရိတ်ခြင်း၊ ဘာဝေါ-ဖြစ်ခြင်း၊ ဝရာဒိ, ဝရော–မြတ်သူ၊ ဝိနယ ဓရော-ဝိနည်းကိုဆောင်သူ၊ အာဂမော (စီးပွားတို့၏ လာရာလာကြောင်း) အာဂုံ (ပါဠိ)၊ ဒုတိယဏ ပုံစံ–ပဝေသော, ရောဂေါ, ဥပ္ပါဒေါ, ဩကော-နေရာအိမ်, ကာမော–အလို၊ ဣပစ္စည်းပုံစံ– မုနိ, ယတိ, အဂ္ဂိ, ပတ်, ဣသိ, ကဝိ, ရဝိစသည်တည်း။

www.dhammaransi.com



သည်ငှင်း၊ တောစ–တောပစ္စည်းသည်ငှင်း၊ နပုံသကေ-၌(ဟောန္တိ၊) တု – ထိုမှတပါး၊ တဝါဒိက္ခတ္တုမန္တာ – တဝေ အစရှိသောပစ္စည်း, က္ခတ္တုံပစ္စည်း အဆုံးရှိသောသဒ္ဒါတို့သည်၊ အဗျယနာမကာ-အဗျယ အမည်ရှိကုန်သည်၊ သိယုံ-န်၏။····ကိတနိဒ္ဒေသော နိဋ္ဌိတော။

**၄၅။ ယုဏ္ဍာ၊ ပေ၊ နပုံသကေ။** ။ယုစ + အကတ္တရိ – ကတ္တုသာဓနမှ တပါးသော သာဓန ၆ ပါး၌ ဖြစ်သော ယုပစ္စည်းသည် နပုံလိန်၌ ဖြစ်၏၊ ပုံစံကား— "နန္ဒိတဗ္ဗန္တိ နန္ဒနံ၊ ကရဏံ–ပြုကြောင်း၊ သမ္ပဒါနံ–ကောင်းစွာ အပြားအားဖြင့် ပေးရာ ( သမ္ပဒါနသာဓန )၊ အပါဒါနံ – ဖဲခွဲရာ၊ ဌာနံ–တည်ရာ"စသည်တည်း၊ ကတ္တားအနက်၌ ဖြစ်မှုကား "သမဏော–ရဟန်း၊ ပဝနော– ဖြူစင်တတ်သောမီး၊ ဝေဒနာ, ရဇောဟရဏံ " ဟု အဘိဓေယျ လိန်လိုက်၍ ၃ လိန်ရှိ၏။

**ဘာဝသ္မိံ ကိစ္စာ, တော ။** ။ကိစ္စပစ္စည်းနှင့် တပစ္စည်းသည် ဘာဝ သာဓနကိုဟောလျှင် နပုံလိန်၌ဖြစ်၏၊ ပုံစံကား — "ဘဝိတဗ္ဗံ – ဖြစ်ရာ၏၊ ကတ္တဗ္ဗံ–ပြုရာ၏၊ ကရဏီယံ–ပြုခြင်း၊ တဿ နစ္စံ– ထိုသူ၏ ကခြင်း၊ ဂီတံ– သီဆိုခြင်း၊ ဟသိတံ – ပြုံးရယ်ခြင်း"စသည်တည်း။

**တဝါဒိ၊ ပေ၊ နာမကာ။** ။တဝါဒိ (တဝေ + အာဒိ)၌ အာဒိဖြင့် တုံ, တာယေ, တုန်, တွာန်, တွာပစ္စည်းတို့ကိုယူ၊ ထို ပစ္စည်းများ အဆုံးရှိသော သဒ္ဒါ,က္ခတ္တုံပစ္စည်းအဆုံးရှိသော သဒ္ဒါတို့သည် အဗျယအမည်ရကြ၏၊အဗျယ အမည်ရသည့် အတွက် လိန် ၃ ပါး ဝိဘတ် ၇ သွယ်ကြောင့် ရုပ်အပြောင်း အလွဲ မရှိတော့၊ ထို့ကြောင့် " ကာတဝေ , ကတ္တုံ, ကတ္တာယေ , ကတွာ, ကတွာန်, ကာတုန်,ကေက္ခတ္တုံ, ဒိက္ခတ္တုံ, ဗဟုက္ခတ္တုံ"စသည်ဖြင့် ရုပ်တမျိုးစီသာ ရှိနိုင်ကြသည်။

**မှတ်ချက် ။** ။ "ပုလ္လိန်၌ ဖြစ်၏, နပုံလိန်၌ ဖြစ်၏, ဣတ္ထိလိန်၌ ဖြစ်၏" စသည်ဖြင့် သဒ္ဒါကျမ်း၌ လိန်ကို သတ်မှတ်ခြင်းသည် များရာလိုက်၍သတ်မှတ် ခြင်းသာတည်း၊ အစစ်အမှန် အားဖြင့်ကား ပါဠိ အဋ္ဌကထာ ဥဒါဟရဏ် ၌တွင်းသာ သိမှတ်ပါ–ဟု ဆရာတို့ မိန့်တော်မူကြသည်။

ယေဘုယျဝုတ္တိယာ လိင်္ဂံ, ဒဿိတံ တတ္ထ သဗ္ဗသော၊
ဝိသေသော ပန ဝိညူဟိ, ဉေယျော ပါဠ္ဌာနုသာရတော။

**ကိတနိဒ္ဒေသအဖွင့် ပြီး၏။**

www.dhammaransi.com



## ကာရကနိဒ္ဒေသ

၄၆။ ယတြတ္ထေ နော၀ိ၀ိယန္တေ , တျာဒိပ္ပဘုတယော စ တော၊
သော·နုတ္တော တတြ ကမ္မာဒေါ,ဒုတိယာဒီ ယထာရဟံ။

၄၆။ ယတြအတ္ထေ-အကြင် ကံအစရှိသောအနက်၌၊ တျာဒိပ္ပဘုတယော-တိအစရှိသော အာချာတ်ဝိဘတ်အစရှိကုန်သော၊ တေစ-ထိုဆိုအပ်ပြီးသော ဝါစကကြီး ၄ပါးတို့ကိုလည်း၊ နော၀ိ၀ိယန္တေ-မစီရင်အပ်ကုန်၊ သော- ထို ကံအစရှိသောအနက်သည်၊ အနုတ္တော-အနုတ္တမည်၏၊ ဝါ- အဝုတ္တမည်၏၊ တတြ ကမ္မာဒေါ- ထို ကံ အစရှိသော အနက်၌၊ ဒုတိယာဒီ- ဒုတိယာအစရှိသော ဝိဘတ်တို့သည်၊ ယထာရဟံ-ထိုက်သည်အားလျော်စွာ၊ (သိယုံ-နှ်၏။)

၄၇။ ကြိယာ·ပ္ပေ ဒုတိယာ ကမ္မေ, ဃနယော·ဂေ ခဏဒ္ဓနိ၊
ကမ္မပ္ပဝစနီယေန, တွန္တေဟိ စုဘယာဒိဘိ။

၄၇။ ကြိယာပ္ပေ-ကြိယာသည် ရောက်အပ်သော၊ ဝါ - ကြိယာပါပုဏနသတ္တိရှိသော၊ ကမ္မေ- ကံအနက်၌ငင်း၊ ဃနယောဂေ-ဒြဗ်, ဂုဏ်,ကြိယာတို့နှင့် တခဲနက် ယှဉ်ခြင်းသည်၊ ( သတိ – ရှိလသော်၊ ) ခဏဒ္ဓနိ - ခဏဟူသော ကာလ, အဓွန့်ဟူသော ဒေသအနက်၌ငင်း၊ ကမ္မပ္ပဝစနီယေနတွန္တေဟိ–ကမ္မပ္ပဝစနီယအမည်ရှိသော အနုစသော

၄၆။ ယတြတ္ထေ၊ပေ၊ယထာရဟံ။ ။[တျာဒယောကို “ တိ + အာဒယော”ဟု ဖြတ်၊ ] တျာဒယော၌ အာဒိဖြင့် အန္တိစသော အာချာတ်ဝိဘတ်တို့ကို ယူ၍, ပဘုတိဖြင့် ကိတ် သမာသ် တဒ္ဓိတ်တို့ကိုယူ၊ ဆိုလိုရင်းမှာ– “ထို ဝါစကကြီး ၄ ပါးတို့က ကံအစရှိသော အနက်ကို မဟောသော အရာ၌ ဒုတိယာ စသော ဝိဘတ်များကို ( နောက်ဂါထာ များ၌ ပြလတံ့ အတိုင်း ထိုက်သလို) သက်စေရသည် ”ဟူလို။ [ထို ဝါစကကြီး ၄ ပါးတို့ ဟောအပ်သော အရာ၌ကား ပဌမာသက်ဘို့ရန် (၃) နံပါတ်ဂါထာ၌ ဆိုခဲ့ပြီ။]

---

၄၇။ ကြိယာ·ပ္ပေ၊ပေ၊ဉဘယာဒိဘိ။ ။ဒုတိယာဝိဘတ် သက်ထိုက်ရာ အနက်များကို ပြလို၍ “ ကြိယာပ္ပေ ” စသည်မိန့်၊ “ ကမ္မေ ဒုတိယာ ” သုတ်ဖြင့် သက်အပ်ရာ ဖြစ်သော ရိုးရာကံအနက်ကိုပင် (ကြိယာသည် ရောက်အပ်သောကြောင့်), “ကြိယာပ္ပ”ဟု ခေါ်သည်၊ အပ္ပဓာတ်သည် အပဓာတ်

www.dhammaransi.com



သဒ္ဒါ, နေပစ္စည်း အဆုံးရှိသော သဒ္ဒါ, တောပစ္စည်း အဆုံးရှိသော သဒ္ဒါတို့နှင့်၊ ယော်ဂေစ–၌၎င်း၊ ဉဘယာဒိတိ–ဉဘယ အစရှိသော သဒ္ဒါတို့မှနောက်၌၎င်း၊ ဒုတိယာ– ဒုတိယာဝိဘတ်သည်၊(ဘဝေ)။

ကဲ့သို့"ရောက်ခြင်း"အနက် ဟော၏၊ အင့်ယတေ ပါပုဏီယတေတိ အပွေါ၊ ကြိယာယ+အပွေါ ကြိယာပွေါ၊ " ကြိယာပါပုဏန " ဟူသော အသုံးနှင့် "ကြိယာပ္ပ"ဟူသောအသုံးသည် သဘောတူ၏၊ ပုံစံကား–"ရထံ ကရောတိ, မာတာ ပုတ္တံ ဝိဇာယတိ ( ဖြစ်စေ၏ , ဝါ – ဖွားမြင်၏ )၊ ကဋ္ဌံ ရူပေတိ (မီးလောင်စေ၏, မီးရှို့၏၊) ဗုဒ္ဓံ နမဿတိ"စသည်တည်း။

**ဃနယောဂေ ခဏာဋ္ဌနီ**။ ။"ဃန– တခဲနက်"ဟူသည် အဆက်မပြတ် ဆက်စပ်ခြင်း တည်း၊ ထို့ကြောင့် " ဃနယောဂနှင့် အစ္စန္တသံယောဂကို သဘောတူ"ဟု မှတ်၊ ထိုသို့ အဆက်မပြတ် ယှဉ်လသော် ခဏ ( ကာလ ) အနက်, ခရီး ဟူသော အခွန့်ဒေသအနက်၌ ဒုတိယာ သက်၏၊ ဒဗ္ဗ , ဂုဏ , ကြိယာ အစ္စန္တသံယောဂ အပြားနှင့် ပုံစံကို ကာလဒ္ဓါနမစ္စန္တသံယောဂေ သုတ်၏ဝုတ္တိနှင့် အဖွင့်များ၌ ရှုပါ။

**ကမ္မပ္ပဝစနီယ**။ ။ပရသမညာ ပယောဂေ သုတ်ဖြင့် ကမ္မပ္ပဝစနီယအမည် မှည့်အပ်သော အနုစသောသဒ္ဒါတို့နှင့် ယှဉ်ရာပုဒ်၌လည်း ဒုတိယာသက်၏။ [ ကမ္မပ္ပဝစနီယ၏ အဓိပ္ပါယ်ကိုင်း, ကမ္မပ္ပဝစနီယ အမည်ရသော ဉပသာရ တို့ကိုင်း, ပုံစံကိုင်း, ကမ္မပ္ပဝစနီယယုတ္တေသုတ်၏ အဖွင့်များ၌ ရှုပါ၊ သဒ္ဒ နီတိ၌ကား " အန္ဝာဒယော မိရာဒယော ကမ္မပ္ပဝစနီယာ" ဟု သုတ်တည်၍ မိစသော နိပါတ်များကိုလည်း ကမ္မပ္ပဝစနီယ အမည်မှည့်သေး၏၊ သဏ္ဍတ၌ ကား ဉပသာရတချို့ကိုသာ မှည့်သည်။ ]

**နေ**။ ။ပါဠိသဒ္ဒါတို့၌"နေ ပစ္စည်း"ဟု မရှိ၊ နာဝိဘတ်၏ နေအပြုသာ ရှိ၏၊ သဏ္ဍတသဒ္ဒါကျမ်း တို့၌ကား " နေဗညတရဿမဒူရေ ပဥ္စမျာ " ဟု သုတ်ရှိသတတ်။ [အပဥ္စမျာ- ပဥ္စမီမှတပါးသော သတ္တမျန္တ ပဌမန္တဖြစ်သော ဉတ္တရ, အဓရ, ဒက္ခိဏသဒ္ဒါတို့မှ နောက်၌၊ အဒူရေ-(အဝဓိ– အပါဒါန်မှ) မဝေးရာ၌၊ အညတရဿံ - ဝိကပ်အားဖြင့်၊ နေပ် - နေပ် ပစ္စည်းသက်။ .... မောဂ္ဂလ္လာန် နိဿယ။ ]

**ပုံစံကား**—ဒက္ခိဏေန ဂါမံ–ရွာ၏မဝေးသောတောင်အရပ်၌၊ ဉတ္တရေန ဂါမံ။ [ အက္ခရစိန္တကာ ပန နေသဒ္ဒယောဂေ အဝဓိဝါစိပဒေ ( အပါဒါန် ဟောပုဒ်၌ ) ဉပယောဂဝစနံ ဣစ္ဆန္တိ၊ အတ္ထော ပန သာမိဝသေနေဝ ဇုဿိ တောတိ ၎င်္ဂမ သာမိဝသေနေဝ ဝုတ္တံ၊.... ပါယာသိရာဇညသုတ် ဋီကာ၊ ဤ အတိုင်း " ရွာ၏ "ဟု သာမိအနက်ပေးရသည်။ ] ပုရတ္ထိမေန ဝေသာလိံ–

www.dhammaransi.com



ဝေသာလိတော အဝိဒူရေ ပုရတ္ထိမာယ ဒိသာယ၊ ဤ၌ "ဝေသာလိတော" ဟု ဖွင့်သောကြောင့် "ဝေသာလိမှ"ဟု အပါဒါန်ပေးပါ၊ ထို့ကြောင့် "နေ ယှဉ်ရာ ဒုတိယာ၌ သာမိ,အပါဒါန် ၂ နက်တွင် တမျိုးမျိုးပေးနိုင်၏"ဟုမှတ်။

**တွန္တေ့ဟိ**။ ။တောပစ္စည်းအဆုံးရှိသော ဥပရိ-ဥပ -ပရိစသည်တို့နှင့် ယှဉ်ရာ၌လည်း ဒုတိယာသက်၏၊ ဥပရိတော ဂါမံ ဝသတိ- ရွာ၏ အထက်၌ နေ၏၊ ဥပတော ဂါမံ-ရွာ၏အနီး၌၊ ပရိတော ဂါမံ-ရွာ၏ပတ်ဝန်းကျင်၌၊ သဗ္ဗတော ဂါမံ, သမန္တတော ဂါမံ, အဂ္ဂါဂါရံ သမန္တတော (မီးတင်းကုပ်၏ ပတ်ဝန်းကျင်၌), ဤသို့ စသည်တည်း။ ["နဇ္ဇာ နေရဉ္ဇရံ ပတိ - နေရဥ္ဇရာ မြစ်၏အနီး၌၊ မံ ပတိဘာသု - ငါ၏ဉာဏ်၌ ထင်လာကုန်ပြီ "တို့ကား ပတိ ဟူသော ကမ္မပ္ပဝစနီယ၏ယှဉ်ရာ ဒုတိယာတည်း။]

**ဉ ဘ ယ ာ ဒိ ဟိ**။ ။ဉဘယစသော သဒ္ဒါတို့နောင်လည်း ဒုတိယာသက်၏၊ ပုံစံကား-အနာဂါရေဟိ စုအယံ၊ အနာဂါရေဟိစ- အိမ်ရာမရှိသော ရသေ့ ရဟန်းတို့နှင့်၎င်း၊ ဥဘယံ-၂ ပါးစုံနှင့်၊ အသံသဋ္ဌော-မရောနှော၊ တဃောဝ အနန္တရံ-ထိုကျမ်း၏ အခြားမဲ့၌သာလျှင်၊ ဤသို့ စသည်တည်း။

**မော ဂ္ဂ လ္လ ာ န်**။ ။(၂)ကဏ္ဍ"ကမ္မေ ဒုတိယာ"ဟူသော ၂-သုတ်၌ "အဓိသီဋ္ဌာသာနံ ပယောဂေ•ဓိကရဏေ ကမ္မဝစနိစ္ဆာ - အဓိပုဗ္ဗ သီဓာတ်, ဌာဓာတ်, အသဓာတ်တို့၏ယှဉ်ရာ၌ အဓိကရဏအနက် ဖြစ်သင့်သော်လည်း ကံအနက်ကိုသာ ဆိုလို၏၊ ပထဝိံ အဓိသေဿတိ-မြေကို လွှမ်းမိုး၍ ကိန်းရ လတ္တံ၊ ဂါမံ အဓိတိဋ္ဌတိ-ရွာကို လွှမ်းမိုး၍ဘည်၏၊ ရုက္ခံ အဇ္ဈာသတိ-သစ်ပင် ကို မှီနေ၏။...တထာ ဉပါန္ဈာဝသ ဃာဘောဇနနိဝုတ္တိဝစနဿ၊[အဘော ဇန နိဝုတ္တိဝစနဿ-အစားရှောင်ခြင်းကို မဟောသော၊ ဥပန္ဈာဝသဿ- ဥပ,အနု,အဓိ,အာဥပသာရရှေးရှိသောဝသဓာတ်၏၊ ပယောဂေ-၌၊ တထာ- ထို့အတူ ကံကို ဆိုလသော် ဒုတိယာ သက်၏။] ဂါမံ-ရွာကို၊ ဥပဝသတိ- ကပ်နေ၏၊ အနုဝသတိ- အလျော်နေ၏၊ ပဗ္ဗတံ-ကို၊ အဓိဝသတိ - အုပ်စိုး နေ၏၊ ဃရံ အာဝသတိ-အုပ်စိုးနေ၏၊ အစာမှရှောင်၍နေခြင်းဖြစ်မူ ဒုတိယာ မသက်ဘဲ " ဝနေ-တော၌၊ ဥပဝသတိ - ဥပုသ်စောင့်နေ၏" ဟု ဖြစ်၏။

ထို့ပြင်—တပ္ပါနာစာရေပိ ( ထိုကို သောက်ခြင်း, ထိုကို လှည့်လည်ခြင်း အနက်၌လည်း) ဒုတိယာ" ဟု ဆို၍ "နဒိံ ပိဝတိ-မြစ်ကို သောက်၏၊ ဂါမံ စရတိ - ရွာကို လှည့်လည်၏ " ဟု ပုံစံထုတ်၏၊ အာဓာရကို ဆိုလိုလျှင်ကား "နဒိယံ ဉဒကံ ပိဝတိ, ဂါမေ စရတိ"ဟုလည်း ဖြစ်နိုင်။ [ရူပသိဒ္ဓိ (တတိယာ သတ္တမီနဉ္စ-သုတ်အဖွင့်)၌ကား " ပထဝိံ အဓိသေဿတိ " စသော ဤပုံစံ အားလုံးဝယ်"မြေ၌"စသည်ဖြင့် အဓိကရဏ အနက်ချည်း ဖွင့်၏။]

www.dhammaransi.com



၄၇။ သတန္တ သာဓကေတမာ, ကတ္တုကရဏာ ကာရကာ၊
တတိယာ တေသု ဟေတွတ္ထေ,သတ္တမျာလက္ခဏေပိစ၊
ဝိသေသနေ သဟတ္ထေစ, ယောဂေ ပုဗ္ဗာဒိနာပိစ။

၄၇။ သတန္တသာဓကေတမာ – ကြိယာကို ပြီးစေရာ၀ယ် မိမိ ပြဋ္ဌာန်းသော ကာရက, ကြိယာသာဓကတမ သတ္တိရှိသော ကာရက တို့သည်၊ ကတ္တုကရဏာကာရကာ–ကတ္တုကာရက, ကရဏာကာရက တို့မည်၏၊ တေသု – ထို ကတ္တုကာရက , ကရဏာကာရကတို့၌၎င်း၊ ဟေတွတ္ထေ-ဟိတ်အနက်၌၎င်း၊ သတ္တမျာ-သတ္တမီဝိဘတ်၏၊(အတ္ထေ-အနက်၌၎င်း )၊ လက္ခဏေပိစ – ဣတ္ထမ္ဘူတလက္ခဏာ အနက်၌၎င်း၊ ဝိသေသနေ - ဝိသေသန အနက်၌၎င်း၊ သဟတ္ထေစ - သဟယောဂ, သဟာဒိယောဂ, သဟတ္ထ အနက်၌၎င်း၊ ပုဗ္ဗာဒိနာ – ပုဗ္ဗအစရှိသည် နှင့်၊ ယောဂေပိစ-ယှဉ်ရာ၌၎င်း၊ တတိယာ–တတိယာ ဝိဘတ်သည်၊ ဟောတိ–၏။

၄၇။ **သတန္တ၊ပေ၊ကာရကာ**။ ။တတိယာဝိဘတ်၏ အနက်များကို ပြလိုသောကြောင့် “သတန္တ” စသည်မိန့်၊ သတ္တတအဘိဓာန်၌ တန္တသဒ္ဒါ သည် ပဓာနအနက်ဟောလည်း ရှိ၏၊ပါဏိနီသဒ္ဒါကျမ်း၌လည်း“သတန္တော ကတ္တာ=မိမိပြဋ္ဌာန်းသော ကာရကသည် ကတ္တားမည်၏”ဟု ရှိ၏၊ထို့ကြောင့် “သတန္တ”ဟု ပါဠ်မှန် ရှိပါစေ၊ ဆိုလိုရင်းကား— “သတန္တ–သူတပါးက စေခိုင်းအပ်သည် ဖြစ်စေ, မစေခိုင်းအပ်သည် ဖြစ်စေ မိမိပြဋ္ဌာန်းသည် ဖြစ်၍ ကြိယာကို ပြီးစေတတ်သော သတ္တိသည် ကတ္တုကာရကမည်၏”ဟု ဆိုလိုရင်း တည်း၊ သယမေဝ–မိမိသည်ပင်+တန္တော–ပြဋ္ဌာန်းသည်တည်း၊ သတန္တော-မိမိပြဋ္ဌာန်းသည်၊ သတန္တောကို ကတ္တုနှင့်,သာဓကတမကို ကရဏာနှင့် အစဉ် အတိုင်း တွဲပါ။

**ပုံစံကား** ။ ။ “ ဂရုဠေန ဟတော နာဂေါ – ဂဠုန်သည် နဂါး ကို သတ်အပ်ပြီ ” ၌ ဂရုဠေနသည် သတ်ခြင်းကြိယာကို ပြီးစေရာ၌ မိမိပြဋ္ဌာန်း သောကြောင့် ကတ္တုကာရကမည်၏၊ ကတ္တားက ကြိယာကိုပြီးစေရာ၌ သာဓ ကတမသတ္တိ ရှိသော ( အထူးသဖြင့် ပြီးစေအောင် ကျေးဇူးပြုတတ်သော) ကာရကသည် ကရိဏ်းမည်၏၊ ပုံစံကား – “ ကဿကော ဒတ္တေန ဝီဟိံ လုနာတိ”တည်း၊ ဤပုံစံ၌ လယ်သမား၏ ကောက်ကို ရိတ်ရာ၀ယ် တံစဉ်သည် ရိတ်ခြင်းကြိယာကို အထူးသဖြင့် ပြီးအောင် (မြန်မြန်ပြီးအောင်) ကျေးဇူးပြု တတ်သောကြောင့် ကရိဏ်းမည်၏။

www.dhammaransi.com



**ဟေတွတ္ထေ,သတ္တမျာ။** ။ဟေတွတ္ထေစ, သတ္တမျတ္ထေစ သုတ်တို့ကို ရည်ရွယ်သော စကားတည်း၊ "ကေနဟေတုနာ—ကြောင့်၊ ကေနတ္ထေန—အဘယ်အနက်ကြောင့်၊ ကေနနိမိတ္တေန — ကြောင့် " တို့ကား ဟိတ်အနက်၏ ပုံစံ၊ "ကာလေန-သင့်လျော်သောအခါ၌၊ ဓမ္မဿဝနံ—တရားနာခြင်း၊ တေန သမယေန-ထိုအခါ၌၊ ပုရတ္ထိမေန— အရှေ့အရပ်၌၊ မဲတရင္ဆော— မတရင်္ဂနတ်မင်းရှိ၏၊ ဒက္ခိဏေန ဝိရူဠ္ဟကော" စသည်တို့ကား တတိယာဝိဘတ်၏ သတ္တမျတ္ထ ပုံစံတည်း။

**လက္ခဏ ။** ။ " ဣတ္ထမ္ဘူတလက္ခဏ "ဟု ခေါ်သော လက္ခဏအနက်တည်း၊ ဥုနပဥ္စဗန္ဓနေန ပတ္တေန— ယုတ်လျော့သော ငါးဖွဲ့ရှိသောသပိတ်ဖြင့်၊ အညံနဝံ ပတ္တံ စေတာပေယျ၊ (နိဿဂ္ဂိ- ဥုနပဥ္စဗန္ဓနသိက္ခာပုဒ်၊) ပဿ ရန္တေန လောဟိတေန—ယိုစီးသောသွေးဖြင့်၊ ပဋိဝိသကေ - အိမ်နီးချင်းတို့ကို၊ ဥဇ္ဈာပေတိ-ကြည့်ရှုစေ၏၊ ဤသို့ စသည်တည်း၊ [ဣတ္ထမ္ဘူတလက္ခဏအဓိပ္ပါယ်ကို ရူပသိဒ္ဓိဘာသာဋီကာမှာ ရှု။]

**မှတ်ချက်။** ။ဣတ္ထမ္ဘူတလက္ခဏသည် ကြိယာနှင့် အဆက်အစပ်နီးသောကြောင့် တတိယာဝိဘတ်၏ ဟောနက်ဖြစ်ရ၏၊ ဣတ္ထမ္ဘူတချာနကား ကြိယာနှင့် အဆက်အစပ်ဝေးသောကြောင့် ဝိဘတ်ကမဟောနိုင်ဘဲ အဘိစသော ဥပသာရတို့ကဟောရသည်—ဟူသောအဓိပ္ပါယ်ကို သရူပတ္ထ၌ မိန့်လေသည်။

**ဝိသေသန ။** ။ ဝိသေသနေစသုတ်ကို ရည်ရွယ်သည်၊ " ဂေါတ္တေန ဂေါတမော နာထော, တပသာ ဥတ္တမော"စသော ပုံစံများတည်း၊ အဓိပ္ပါယ်ကိုလည်း ထိုသုတ်အဖွင့်မှာ ရှုပါ။

**သဟတ္ထ။** ။သဟယောဂ, သဟာဒိယောဂ, သဟတ္ထ ၃ မျိုးကိုပင် ဧကသေသ်ပြု၍ "သဟတ္ထေ"ဟု ဆိုသည်၊ သဟာဒိယောဂေစသုတ်ကို ရည်ရွယ်၍ ဆိုသောကြောင့် ပုံစံများနှင့်တကွ အဓိပ္ပါယ်ကို ထိုသုတ်အဖွင့် ကစ္စည်း ရူပသိဒ္ဓိဘာသာဋီကာတို့မှာ ရှုပါ။

**ပုဗ္ဗာဒိယောဂ။** ။အာဒိဖြင့် ရူပသိဒ္ဓိ ကတ္တုရိစသုတ်၌လာသော သဒိသ, သမ, ဥုနတ္ထ, ကလဟ, နိပုဏ, မိဿက, သခိလ, အတ္ထတို့ကိုယူပါ၊ ပုံစံကိုလည်း ထို ရူပသိဒ္ဓိမှာရှုပါ။

**ပုဗ္ဗာဒိနာပိစ။** ။ဤ၌ စသဒ္ဒါဖြင့်"အက္ခိနာ ကာဏော"စသော အင်္ဂဝိကာရ, " ဧကာဟေနေဝ ပါဋလိ — တနေ့ချင်းဖြင့် အရောက် သွားပြီ" စသော ကြိယာပဝဂ္ဂတို့ကို ယူပါ၊ အင်္ဂဝိကာရ, ကြိယာပဝဂ္ဂတို့၏ အဓိပ္ပါယ်ကိုလည်း ရူပသိဒ္ဓိဘာသာဋီကာ၌ ပြထားပြီ။

www.dhammaransi.com



၄၉။ ပူဇာနုဂ္ဂဟကာမေန, ယဿ သံဒီယတေ ဓနံ၊
လဒ္ဓသာမိတ္တကံ တံဟိ, သမ္ပဒါနန္တိ ကိတ္တိတံ၊
စတုတ္ထီ သမ္ပဒါနေစ, ယုတ္တေ နမောတိအာဒိနာ။

၄၉။ ပူဇာနုဂ္ဂဟကာမေန – အငယ်ကပူဇော်လို, အကြီးက ချီးမြှောက်လိုသည်၊ (ဟုတ္វာ)၊ ယဿ- အကြင် (ရဟန်းစသော) ကာရကအား၊ ဓနံ- ဥစ္စာကို၊ သံဒီယတေ - ကောင်းစွာပေးအပ်၏၊ လဒ္ဓသာမိတ္တကံ - ရအပ်သောဥစ္စာရှင်၏ အဖြစ်ရှိသော၊ ဝါ-အပိုင်ရခြင်းရှိသော၊ တံ (ဟိ)-ထိုကာရကကိုသာ၊ သမ္ပဒါနန္တိ- သမ္ပဒါန်ဟူ၍၊ ကိတ္တိတံ- ဆိုအပ်၏၊ သမ္ပဒါနေစ - ထို သမ္ပဒါန်အနက်၌၎င်း၊ နမောတိအာဒိနာ-နမော အစရှိသောသဒ္ဒါနှင့်၊ ယုတ္တေစ- ယှဉ်ရာ၌၎င်း၊ စတုတ္ထီ-စတုတ္ထီဝိဘတ်သည်၊ (ဘဝေ - ဖြစ်၏)။

၄၉။ **ပူဇာ၊ပေ၊ ကိတ္တိတံ** ။ ။ အသက်သိက္ခာ ငယ်သူက ပူဇော်လို၍ ကြီးသူအား ပေး၏၊ အသက်ဂုဏ်ကြီးသူက ချီးမြှောက်လို၍ ငယ်သူအားပေး၏၊ ထိုသို့ပေးရာ ပုဂ္ဂိုလ်ကို ထိုပစ္စည်း၏ ဥစ္စာရှင်ဖြစ်မှု (အပိုင်ရမှု) "သမ္ပဒါန်" ဟု ဆိုအပ်၏၊ ပုံစံကား—ဥပါသကော သမဏဿ စီဝရံ ဒဒါတိ၊ ဂုဏ်သိက္ခာ ငယ်သော ဥပါသကာသည် ဂုဏ်သိက္ခာကြီးသော ရဟန်းအား ပူဇော်လို၍ သင်္ကန်းကို ပေး၏၊ ထို ရဟန်းလည်း သင်္ကန်းကို အပိုင်ရ၍ ဥစ္စာရှင်ဖြစ်၏၊ ထို့ကြောင့် "သမဏဿ "ဟု သမ္ပဒါန်ဖြစ်ရသည်။ [သာမိနော – ဥစ္စာရှင်၏+ဘာဝေါ-ဖြစ်ကြောင်းဖြစ်ရာ ပိုင်ဆိုင်ခြင်းတည်း၊ သာမိတ္တံ-ခြင်း၊ လဒ္ဓံ+ သာမိတ္တံ ယေနာတိ လဒ္ဓသာမိတ္တကံ (သမ္ပဒါန်)။] " ပူဇော်လို ချီးမြှောက်လို၍ ပေးခြင်း, အပိုင်ရခြင်း"ဟု သမ္ပဒါန်၏ အင်္ဂါ ၂ ပါးကိုမှတ်ပါ။

**အမှာ** ။ ။ "ရဇကဿ ဒဒေ ဝတ္ထံ, ရညော ဒဏ္ဍံ ဒဒါတိ " နှင့်စပ်၍ သမ္ပဒါန်ဖြစ် – မဖြစ် မှတ်ဘွယ်ကို ဘေဒစိန္တာ (၇၆ ) ဂါထာအဖွင့်မှာ ရှုပါ၊ ထို့ပြင်—"ကာယသမ္ပတ္တိပုဗ္ဗက"စသော သမ္ပဒါန်အပြားကို ပုဒ်စစ်စသည်နှင့် အဖွင့်ဋီကာများ၌ ရှုပါ။

**စတုတ္ထီ၊ပေ၊အာဒိနာ** ။ ။ ထို သမ္ပဒါန်အနက်၌ "သမ္ပဒါနေ စတုတ္ထီ" သုတ်ဖြင့်၎င်း, နမောစသည်ယှဉ်ရာ၌"နမောယောဂါဒိသွပိစ"သုတ်ဖြင့်၎င်း, စတုတ္ထီသက်ရသည်၊ အားဖြင့် သောတ္ထိ , သွာဂတံစသည်ကို ရူပသိဒ္ဓိယူ၏၊ ကစ္စည်းကျမ်း၌ လာသော သိလာဃစသည် ယှဉ်ရာကိုလည်း ယူသင့်၏။

www.dhammaransi.com



၅၀။ ကြိယာဝဓိ-ရပါဒါနံ, တသ္မိံစ ပဉ္စမီ သိယာ၊
ကတ္တုကမ္မာန မာဓာရေ, နိဿယာနံ ကြိယာယ ယော၊
ဩကာသော သတ္တမီ တမှိ, ကြိယာလက္ခကြိယာယ ဝါ။

၅၀။ ကြိယာဝဓိ-ကြိယာကို ပိုင်းခြားတတ်သောကာရကသည်၊ အပါဒါနံ- အပါဒါန်မည်၏၊ တသ္မိံစ-ထို အပါဒါန်အနက်၌လည်း၊ ပဉ္စမီ-ပဉ္စမီဝိဘတ်သည်၊ သိယာ-ဖြစ်၏၊ ယော-အကြင်ကာရကသည်၊ ကြိယာယ-ကြိယာ၏၊ နိဿယာနံ-မှီရာဖြစ်ကုန်သော၊ ကတ္တုကမ္မာနံ-ကတ္တားကံတို့၏၊ အာဓာရော - တည်ရာတည်း၊ (သော-ထိုကြိယာ၏ မှီရာဖြစ်သော ကတ္တားကံတို့၏တည်ရာ ကာရကသည်၊)ဩကာသော- ဩကာသ မည်၏၊ တမှိ – ထို ဩကာသ အနက်၌၎င်း၊ ကြိယာလက္ခ ကြိယာယဝါ-ကြိယာတပါးကို မှတ်သားကြောင်းဖြစ်သော လက္ခဏာ ကြိယာ၌၎င်း၊ သတ္တမီ-သတ္တမီဝိဘတ်သည်၊ (သိယာ)။

၅၀။ **ကြိယာဝဓိ၊ ပေ၊ သိယာ** ။ ။ "ဂါမာ အပေန္တိ မုနယော"၌ ရဟန်းတို့၏ ဖဲခွါခြင်းကြိယာကို ရွာသည်("ဤနေရာမှ ဖဲခွါ၏"ဟု) ပိုင်းခြား တတ်၏၊ ထိုသို့ ပိုင်းခြားတတ်သော အနက်ကို အပါဒါန် ဟု ခေါ်၏၊ ထို အပါဒါန်အနက်၌ ပဉ္စမီသက်သည်။ [အာဒဓာတ် ပရိစ္ဆိန္ဒတိ – ကြိယာကို ပိုင်းခြားတတ်၏၊ ဣတိ အဝဓိ၊ အဝပုဗ္ဗ–ဓာဓာတ်, ဣပစ္စည်း။] ထို ပဉ္စမီ၏ သက်ရာဌာန များကို "ဓာတုနာမာန မုပသဂ္ဂယောဂါဒိသွပိစ" စသော သုတ်များ၌၎င်း, နိဒ္ဒိဋ္ဌဝိသယ စသော အပါဒါန် အပြားကို ရူပသိဒ္ဓိ–ဘေဒ စိန္တာ–ပုဒ်စစ်တို့၌၎င်း ရှုပါ။

**ကတ္တု၊ပေ၊ဩကာသော**။ ။ ဒေဝဒတ္တော ကဋေ နိသီဒတိ– ဒေဝဒတ် သည် ဖျာပေါ်၌ ထိုင်၏၊ ဤပုံစံ၌ ထိုင်ခြင်းကြိယာသည် ဒေဝဒတ် ဟူသော ကတ္တား၌ မှီ၏၊ ဒေဝဒတ်ဟူသောကတ္တားကား ဖျာပေါ်၌ တည်သည်၊ ဤသို့ ထိုင်ခြင်းကြိယာ၏မှီရာဖြစ်သော ဒေဝဒတ်တည်းဟူသောကတ္တား၏ တည်ရာ ဖျာသည် ဩကာသမည်၏၊ ထာလိယံ ဩဒနံ ပစတိ– ထမင်းအိုး၌ ထမင်းကို ချက်၏၊ ဤပုံစံ၌ ချက်ခြင်းကြိယာသည် ထမင်းဟူသောကံ၌ မှီ၏၊ ထိုထမင်း ကား ထမင်းအိုး၌ တည်သည်၊ ဤသို့ ချက်ခြင်းကြိယာ၏ မှီရာဖြစ်သော ထမင်းဟူသောကံ၏တည်ရာ ထမင်းအိုးသည် ဩကာသမည်၏။ [ကတ္တားကံ တို့သာ ကြိယာ၏တည်ရာဖြစ်၍ ဩကာသအမည် ရသင့်ပါလျက် ထိုအမည်ကို မခံယူခြင်း၏ အကြောင်းနှင့်တကွ အကျယ်ကို ဘေဒစိန္တာ ( ၇၃ )ဂါထာ၌ ဖွင့်ပြထားသည်။]

www.dhammaransi.com



**၅၁။ ဍုပကာတိတ ကမ္မေစ, ကမ္မေ ဂဟာဒိနံပိစ၊**
**ကာလေ နိမိတ္တေ ကရဏေ, ပိဋ္ဌာစရာဒိ ခါတုနံ၊**
**အဓိနာ သတ္တမီ သာမျေ, ဥပေနာဓိကိနာပိ သာ။**

၅၁။ ဍုပကတိတကမ္မေစ-ဍု ဟူသောပကတိမှ နေ၍ဖြစ်သော တပစ္စည်း၏ ကံ၌၎င်း၊ ဝါ-ဍုဓာတ် တပစ္စည်း၏ကံ၌၎င်း၊ ဂဟာဒိနံ-ဂဟအစရှိသော သဒ္ဒါတို့၏၊ ကမ္မေပိစ- ကံ၌၎င်း၊ ကာလေ- ကာလ အနက်၌၎င်း၊ နိမိတ္တေ-နိမိတ်အနက်၌၎င်း၊ ပိဋ္ဌာစရာဒိခါတုနံ-ပိဋ္ဌာ သဒ္ဒါရှေးရှိသော စရ အစရှိသောဓာတ်တို့၏၊ ကရဏေ – ကရိုဏ်း အနက်၌၎င်း၊ သာမျေ-အစိုးရသူ၏အဖြစ်ဟူသောအနက်၌၊ (ပဝတ္တေ န- ဖြစ်သော၊ ) အဓိနာ- အဓိသဒ္ဒါနှင့်၊ (ယောဂေ- ယှဉ်ရာ၌၎င်း၊) အဓိကိနာ- အဓိကအနက်ရှိသော၊ ဝါ- အပိုအလွန် အနက်ရှိသော၊ ဥပေန-ဥပသဒ္ဒါနှင့်၊ ( ယောဂေပိ-၌၎င်း၊) သာသတ္တမီ- ထိုသတ္တမီ ဝိဘတ်သည်၊ (ဘဝေ)။

**ကြိယာလက္ခကြိယာယ**။ ။လက္ခီယတိ တေယာတိလက္ခာ=မှတ်သား ကြောင်းကြိယာ၊ လက္ခာစ+သာ+ကြိယာစာတိ လက္ခကြိယာ၊ ကြိယာယ+ လက္ခကြိယာ ကြိယာလက္ခကြိယာ – ကြိယာတပါးကို မှတ်သားကြောင်းဖြစ် သော လက္ခဏကြိယာ။ [ "လက္ခ"ဟုရှိသည်ကား မကောင်း၊ သတ္တမီဝိဘတ် သည် " ဂေါသု ဒုယှမာနာသု ဂတော ပုရိသော " ဝယ် " ဒုယှမာနာသု " ဟူသောလက္ခ(လက္ခဏ) ကြိယာ၌သာသက်၏၊ "ဂတော"ဟူသော လက္ခ ကြိယာ၌မသက်၊ "လက္ခဏ"ဟု ဆိုလိုလျက် ဂါထာဖြစ်၍"လက္ခ"ဟု ဆိုထား သည်၊ အကျယ်အဓိပ္ပါယ်ကို "ကာလဘာဝေသုစ" သုတ်အဖွင့်မှာ ရှုပါ။]

---

**၅၁။ ဍုပကတိ၊ပေ၊သာ**။ ။ သတ္တမီဝိဘတ်၏ သက်ရာများကိုဆက်၍ ပြလိုသောကြောင့် "ဍုပကတိတ"စသည် မိန့်၊ ဍုဓာတ်ကို " ဍုပကတိ " ဟု ဆိုသည်၊ "ဍုဓာတ် တပစ္စည်း၏ကံ၌ သတ္တမီသက်သည်" ဟူလို၊ ပုံစံကား– "ဗျာကရဏော+ အဓီတီ– ဗျာကရဏ်းကျမ်းကို + သင်အံခြင်းရှိသူ"တည်း၊ အဓီတီ၌ အဓိပုဗ္ဗ+ ဍုဓာတ်, တပစ္စည်းဖြင့် "အဓီတံ"ဟု ပဋ္ဌမပြီး၏၊ ထို တ ပစ္စည်း၏ကံ၌ "ဗျာကရဏေ"ဟု သတ္တမီသက်ထားသည်။ [ "အဓီတံ ယဿ အတ္ထီတိ အဓီတီ"ဟု အဿတ္ထိဆက်၊] ဝေဒေ– ဝေဒကျမ်းကို+ အဓီတီ– သင်အံခြင်းရှိသူ။

www.dhammaransi.com



**ဂဟာဒိနံ ကမ္မေ**။ ။အာယသ္မတော သုဒိန္နဿ ပါဒေသု ဂဟေတွာ– အရှင်သုဒိန်၏ခြေတို့ကို ကိုင်၍၊ ဤပုံစံ၀ယ် ဂဟဓာတ်၏ကံ၌ "ပါဒေသု"ဟု သတ္တမီသက်သည်၊ ဂဟာဒိ၌ အာဒိဖြင့်"ဗောဓိသတ္တဿ မုဒ္ဓနိ စုမ္ဗိတွာ-ဘုရား အလောင်း၏ ဦးထိပ်ကိုစုတ်၍၊ ဘိက္ခူသု အဘိ၀ါဒေန္တိ–ရဟန်းတို့ကို ရှိခိုး ကြကုန်၏"စသည်၌ စုမ်ဓာတ်, အဘိပုဗ္ဗ ဝဒဓာတ်,တနည်း–("အဘိ၀ါဒ" ဟူသော နာမဓာတ်) စသည်တို့ကိုယူ။ [ ကမ္မကရဏ နိမိတ္တတ္ထေသုသုတ်ဖြင့် ကံအနက်၌ သတ္တမီသက်။]

**အဋ္ဌကထာ**။ ။ပါဒေသု ဂဟေတွာကိုဖွင့်သော သုဒိန္နကဏ္ဍအဋ္ဌကထာ၌ "ပါဒေသု ဂဟေတွာတိ ပါဒေ ဂဟေတွာ၊ ဥပယောဂတ္ထေ ဘုမ္မ၀စနံ"ဟု ဤ အတိုင်း ဖွင့်ပြီးလျှင် "ပါဒေသု၀ါ တံ ဂဟေတွာ"ဟု တနည်းဖွင့်ပြသေး၏၊ တံ ဂဟေတွာ၌ "တံ"ကို အပိုထည့်ပါ၍ဟုရင်း, သုဒိန္နဿကိုပင် ပါဒေသု စပ်ခိုက် သမ္ဗန် , ဂဟေတွာစပ်ခိုက် " ကံ " ဟု ၂ နက်ပေးစေလို၏ ဟုရင်း ကြံကြသည်။

**သဒ္ဒနီတိ** ။ ။" ယံ ယတ္တ ယတော၀ါ ဂဏှာတိ၊ တာနိ ကမ္မောကာသ ပါဒါနာနိ=ဂဟဓာတ်၏ယှဉ်ရာ၌ ကံ, ဩကာသ, အပါဒါန် ၃ မျိုးရှိနိုင်၏" ဟု ဆို၍ "ဗြာဟ္မဏော ဟတ္ထေ ဂဏှာတိ–ပုဏ္ဏားကို လက်၌ ကိုင်၏၊ အာစရိယ ဿ – ၏၊ သန္တိကေ – ၌၊ သိပ္ပံ ဂဏှာတိ၊ အာစရိယုပဇ္ဈာယေဟိ– တို့မှ၊ သိက္ခံ ဂဏှာတိ " ဟု ပုံစံထုတ်၏၊ ပြခဲ့သော " အာယသ္မတော သုဒိန္နဿ, ဗောဓိသတ္တဿ"တို့ကိုလည်း ဝိဘတ္တိဝိပလ္လာသဟုကြံ၍ "ကို" ဟု ကံအနက် ပေးစေပြီးလျှင် " ပါဒေသု, မုဒ္ဓနိ" တို့၌ကား (၌-ဟု) အာဓာရအနက်ပင် ပေးစေလိုသည်။

**ကာလေ, နိမိတ္တေ**။ ။ကာလဘာ၀ေသုစသုတ်၌ ကာလအနက်, ကမ္မ ကရဏ နိမိတ္တတ္ထေသုသုတ်၌ နိမိတ်အနက်ကိုရည်ရွယ်သည်၊ ထိုအနက်များ၌ လည်း ထိုသုတ်များဖြင့် သတ္တမီသက်ပါ–ဟူလို၊ ပုံစံကို ထိုသုတ်များ၌ ရှုပါ။

**ပိဏ္ဍစရာဒိဓာတူနံ ကရဏေ** ။ ။ ကမ္မကရဏ နိမိတ္တတ္ထေသုသုတ်၌ ကရဏအနက်ကို ရည်ရွယ်၏၊ ထိုသုတ်၏ပုံစံ၌ "ဟတ္ထေသု ပိဏ္ဍာယ စရတိ" ဟု ရှိ၏၊ ထို့ကြောင့် "ပိဏ္ဍသဒ္ဒါ ရှေးရှိသော စရဓာတ်၏ ကရိုဏ်းအနက်၌ သတ္တမီသက် " ဟု ဆိုသည်၊ စရာဒိ၌ အာဒိဖြင့် " သမ္ပဋိစ္ဆာမိ မတ္ထကေ – ဦးထိပ်ဖြင့် လက်ခံပါ၏၊ တိရောကရဏိယံ – တင်းတိမ်အကာဖြင့်၊ ပရိက္ခိပိ တွာ–ကာရံ၍"တို့ကိုယူ၊ တိရောကရဏီပုဒ်နောင် သို့ကို ယံပြု။ [ ကရဓာတ် အနီယပစ္စည်းဖြင့် " တိရောကရဏီယံ " ဟု ဆို၍ ဒုတိယန္တလည်း ကြံကြ၏၊ သို့သော် အဘိဓာန်၌"သမာနတ္တာ ဇဝနိကာ, သာ တိရောကရဏီပျထ"ဟု ဤကာရန္တ–ဣတ္ထိလိင်ပုဒ်သာ ရှိသည်။]

www.dhammaransi.com



**အဓိနာ၊ ပေ၊ ဓိကိနာ။** ။ဤစကားသည်(ကစ္စည်းကျမ်းက "ဥပရျာဓိကိဿရဝစနေ"သုတ်ကိုမရှိဘဲ) မောဂ္ဂလ္လာန်(၂) ကဏ္ဍ၌လာသော "သတ္တမျာဓိကျေ"ဟူသော (၁၄) သုတ်, "သာမိတ္တေ-ဓိနာ" ဟူသော (၁၅) သုတ်တို့ကို မှီသောစကားတည်း၊ ပုံစံကိုကား "ဥပ+ခါရိယံ ဒေါဏော"ဟုရင်း, အဓိ+ဗြဟ္မဒတ္တေ ပဉ္စာလာ၊ အဓိ+ပဉ္စာလေသု ဗြဟ္မဒတ္တော "ဟုရင်း ထုတ်သည်၊ ထို့ကြောင့် ထိုသုတ်တို့ကိုမှီ၍ ထိုပုံစံများဖြင့် အဓိပ္ပါယ်ပြမှသာ ကျမ်းဆရာ၏ ဆိုလိုရင်း အမှန်ကျမည်။

**အဓိနာ သာမျေ ။** ။ သာမိနော — အစိုးရသော အရှင်သခင်၏+ဘာဝေ၊- ဖြစ်ကြောင်းဖြစ်ရာ (အုပ်စိုးသူ, အုပ်စိုးခံရသူ၏ သာမိ+သံအဖြစ်ဖြင့် ဆက်သွယ်ခြင်း) တည်း၊ သာမျံ—ရာ၊ ဤသို့"သာမျံ"အရ အုပ်စိုးသူနှင့် အုပ်စိုးခံရသူ ၂ ဘက်၏ ဆက်သွယ်မှုသမ္ဗန်ရသောကြောင့်"အဓိ ဗြဟ္မဒတ္တေ ပဉ္စာလာ၊ အဓိ ပဉ္စာလေသု ဗြဟ္မဒတ္တော" ဟု အဓိ၏ ယှဉ်ရာဝယ် သတ္တမီသက်ပုံ ၂ မျိုး ထုတ်နိုင်သည်။ [ ပဉ္စာလာ — ပဉ္စာလတိုင်းသား တို့သည်၊ ဗြဟ္မဒတ္တေ-ဗြဟ္မဒတ်မင်း၏၊ အဓိ-အုပ်စိုးခံရသူတို့တည်း၊ ဗြဟ္မဒတ္တော-သည်၊ ပဉ္စာလေသု- ပဉ္စာလတိုင်းသားတို့၏၊ အဓိ- အုပ်စိုးသူ (အရှင်သခင်) တည်း၊ ကစ္စည်းကျမ်း "ဣဿရဝစနေ"ဟူသောစကားနှင့် သဘောတူပင်။ ]

**ဥပေနဲ့အဓိကိနာ။** ။အဇ္ဈာရုဠှ (အဓိ + အာရုဠှ) အပိုအလွန် တက်ရောက်သောအရာကို "အဓိ"ဟု ခေါ်၏၊ "ခါရိတ္တိ စတုမာဏိကာ"ဟူသော အဘိဓာန်နှင့်အညီ စပါးစသည်တို့၏ ၄ တင်းပမာဏကို "တခါရိ (တတို့)" ဟု ခေါ်၏၊ ထိုတတို့၌ (တတို့ထက်) ပိုလွန်သော တစိတ်ကို "ဥပ + ခါရိယံ ဒေါဏော"ဟု ဆိုသည်၊ ဒေါဏော- တစိတ်သည်၊ ခါရိယံ— တတို့၌၊ ဝါ— တတို့ထက်၊ ဥပ — ပိုလွန်၏၊ ဤသို့ အဓိကအနက်ရှိသော ဥပသဒ္ဒါနှင့်ယှဉ်ရာ ခါရိနောင် သတ္တမီသက်၍"ခါရိယံ"ဟု ဖြစ်ရသည်။ [ ကစ္စည်းကျမ်း"အဓိက" ဟူသော စကားနှင့် သဘောတူပင်တည်း၊ အခြားမှတ်ဘွယ်များကို ကစ္စည်းဘာသာဋီကာ ဥပရျာဓိကိဿရဝစနေသုတ် အဖွင့်မှာ ရှုပါ။ ]

**ဓိစ ။** ။ အပိသဒ္ဒါဖြင့် သမ္ဘဒါန်အနက် ပဉ္စမီအနက်ကိုဆည်း၍ သမ္ပဒါနေစ, ပဉ္စမျတ္ထေစ သုတ်၌လာသော " သံဃေ ဒိန္နံ မဟပ္ဖလံ, ကဒလီသု ဂဇေ ရက္ခန္တိ " စသော ပုံစံများကိုရင်း, " ဣဒံပိဿ သီလသ္မိံ — ဤ ရှောင်ကြဉ်ခြင်းလည်း ထိုရဟန်း၏ သီလတပါးတည်း " ဟူရာ၌ သီလသ္မိံ ဟူသော ပဌမာအနက်ဟော ပုံစံများကိုရင်း ယူပါ၊ "မဏ္ဍိတုဿုက္ကေသု တတိယာစ" သုတ်ဖြင့် မဏ္ဍိတဥဿုက္က၏ ယှဉ်ရာ၌လည်း သတ္တမီ သက်သေး၏။

www.dhammaransi.com



၅၂။ ဝိသေသန ဝိသေဿာနံ, အညမညမပေက္ခတာ၊
သမ္ဗန္ဓောစ တဒ္ဓိ ဆဋ္ဌီ, ကိတျောဂေ ကမ္မကတ္တရိ၊

၅၂။ ဝိသေသန ဝိသေဿာနံ-ဝိသေသနသမ္ဗန္ဓီ, ဝိသေဿသမ္ဗန္ဓီ ဖြစ် ၂ ပါးတို့၏၊ အညမညံ-အချင်းချင်း၊ အပေက္ခတာ-ငဲ့ကုန်သည်၏ အဖြစ်ဟူသောတော်စပ်ခြင်းသည်၊ သမ္ဗန္ဓော-သမ္ဗန်မည်၏၊ တဒ္ဓိ စ-ထို သမ္ဗန်အနက်၌၎င်း၊ ကိတျောဂေ-ကိတအမည်ရသောပစ္စည်းတို့၏ ယှဉ်ရာ၌၊ ကမ္မကတ္တရိ- ကံအနက်, ကတ္တားအနက်၌၎င်း၊ ဆဋ္ဌီ - ဆဋ္ဌီ ဝိဘတ်သည်၊ (ဘဝေ)။

၅၂။ **ဝိသေသန၊ပေ၊သမ္ဗန္ဓော**။ ။ကာရကအနက်ဟော ဒုတိယာ ဝိဘတ်စသည်ကို ပြပြီး၍ အကာရကသမ္ဗန်အနက်ဟော ဆဋ္ဌီဝိဘတ်ကို ပြလို သောကြောင့် " ဝိသေသန " စသည်မိန့်၊ " ရညော + ပုတ္တော " ၌ပြယုဂ်၌ မင်းသည် သားကို (မြာဟ္မဏ၏သားစသည်မှ)ထူးခြားကွဲပြားအောင်ပြတတ် သောကြောင့် ဝိသေသန မည်၏၊ သားသည် အထူးပြုအပ် သောကြောင့် ဝိသေဿမည်၏၊ ထို ဝိသေသန+ဝိသေဿ ၂ ပါးတို့၏ ဇနက+ဇညေ (အဘ အဖြစ်+သားအဖြစ်ဖြင့်) တော်စပ်ခြင်းသည် သမ္ဗန်မည်၏။

**အည၊ပေ၊ပေက္ခတာ**။ ။"သမ္ဗန်" ဟူသည် အထူးအဆန်း မဟုတ်၊ လောက၌ ဆွေမျိုးတော်စပ်ခြင်း, အရှင်သခင်+ကျေးကျွန်အဖြစ်ဖြင့် တော် စပ်ခြင်း, ဥစ္စာရှင် + ဥစ္စာအဖြစ်ဖြင့် ဆက်သွယ်ခြင်း, အနီးရှိသော အရပ်+ အနီးအပါးဖြစ်သော အရပ်အဖြစ်ဖြင့် ဆက်စပ်ခြင်း စသည်ကို " သမ္ဗန် " ဟု ခေါ်သည်။ [ " သမ္ဗဇ္ဈနံ – စပ်ခြင်း၊ သမ္ဗန္ဓော – စပ်ခြင်း " ဟု ပြု။] ထိုသို့ ဆွေမျိုးတော်ခြင်း, စပ်သွယ်ခြင်းသည် လောကသဘော အားဖြင့်ပင် အချင်းချင်း ငဲ့နေ၏၊ အဘသည် သားကို (ငါ၏သား ဟု) ငဲ့၏၊ သားသည် အဘကို (ငါ၏အဘ ဟု) ငဲ့၏၊ " အမ္ဗဝနဿ+အဝိဒူရေ " ကဲ့သို့ သက်မဲ့ ၌လည်း သရက်ဉယျာဉ်က အနီးကို ( ငါ၏အနီး ) ဟု မပြောသော်လည်း သဒ္ဒါသဘောအားဖြင့် ငဲ့လျက်ရှိသည်။

**သမ္ဗန္ဓီ**။ ။ပျဉ် ၂ ချပ် ဆက်မိမှ အစပ် ( သမ္ဗန် ) ပေါ်လာသကဲ့သို့, ထို့အတူ အရာဝတ္ထု ၂ခုပေါင်းမိမှ သမ္ဗန်ခေါ်သော ဤအစပ်လည်း ပေါ်လာ ၏၊ အစပ်သမ္ဗန်ရှိသော ထို အရာဝတ္ထု ၂ ခုကို " သမ္ဗန္ဓီဖြစ် "ဟု ခေါ်ရ၏။ [ သမ္ဗန္ဓော ယဿ အတ္ထီတိ သမ္ဗန္ဓီ။ ] ထို သမ္ဗန္ဓီ ၂ ခုတွင် ရှေ့ သမ္ဗန္ဓီကို ဝိသေသန , နောက်သမ္ဗန္ဓီကို ဝိသေဿ ဟု ခွဲရသည်။ [ ဤ သမ္ဗန်နှင့်စပ်၍ မှတ်ဘွယ်များကို ဘေဒစိန္တာ (၃၅) စသော ဂါထာအဖွင့်များ၌ ရှုပါ။]

www.dhammaransi.com



၅၃။ န ကတ္တရိ ဒွယေ ပတ္တေ, ဏယုတီနံ တု ဝါ ဘဝေ၊
ထိအက္ချုနံ ဒွယေ ကိစ္စေ, နေဝံ ကတ္တရိဝေ ဝါ၊
နိဋ္ဌာဒိနံ နပေါတျေဝ, ဘာဝေ ဝါ တဿ ကတ္တရိ။

၅၃။ ဒွယေ-ကံကတ္တား ၂ ပါးအပေါင်းသည်၊ ပတ္တေ-တဝါကျ
ထည်း၌ ရောက်လသော်၊ ကတ္တရိ – ကတ္တား အနက်၌၊ ဆဋ္ဌီ – ဆဋ္ဌီ

**ကိစ္စျေဂေ ကမ္မကတ္တရိ။** ။"ကိတယောဂေ"ဟု ဆိုလိုလျက် ဂါထာ ဖြစ်၍"ကိစ္စျောဂေ"ဟု ဆိုထားသည်၊ ဤစကားသည် ရူပသိဒ္ဓိ–ဆဋ္ဌီသုတ်၌ လာသော"ကတ္တရိ ကိတပ္ပစ္စယပယောဂေ"စသောစကားနှင့် မောဂ္ဂလ္လာန်– "ဆဋ္ဌီသမ္ဗန္ဓေ" (၂, ၃၉ )သုတ်၌လာသော "ကိတကပ္ပယောဂေ ကတ္တု ကမ္မေသု ဗဟုလံ သမ္ဗန္ဓဝစနိစ္ဆာယံ"ဟူသောစကားကို မှီသောစကားတည်း၊ [သို့သော် မောဂ္ဂလ္လာန်၌ ( ၏ )ဟု သမ္ဗန်အနက်ကိုသာ ပေးစေလိုသည်။] "ကိတက"ဟူသော အမည်ကိုလည်း တဗ္ဗ, တ, တု, ဏွု, ဏစသောပစ္စည်း တို့အတွက် ( ရှေးဆရာတို့၏ အခေါ်ဖြစ်သော )အမည်တည်း။ [ ကိတက ပယောဂေတိ – တဗ္ဗာဒိပယောဂေ၊ ကိတကန္တိ ဟိ တဗ္ဗာဒီနံ ပုဗ္ဗာစရိယ သမညာ၊....ထိုသုတ်၏ ပဥ္စိကာ။]

**ကတ္တားနက် ပုံစံ ။** ။ သာဓု သမ္မတော ဗဟုဇနဿ – များစွာသော လူအပေါင်းသည် သူတော်ကောင်း ဟု သမုတ်အပ်ပြီ၊ သုပ္ပဋိဝိဒ္ဓါ ဗုဒ္ဓါနံ ဓမ္မ ဓာတု – ဘုရားရှင်တို့သည် သဗ္ဗညုတဉာဏ်မြတ် ဓမ္မဓာတ်ကို ကောင်းစွာ သိတော်မူအပ်ပြီ၊ ဓမ္မဿ ဂုတ္တော မေဓာဝီ – တရားသည် စောင့်ရှောက် အပ်သော ပညာရှိ၊ အမတံ တေသံ ပရိဘုတ္တံ– အမြိုက်အရသာကို( ကာယ ဂတာသတိကို ပွားစေသော ) ထိုသူတို့သည် သုံးဆောင်အပ်ပြီ၊ ဤကား ဆဋ္ဌီ ကတ္တားဟောပုံတည်း။

**ကံနက်ပုံစံ။** ။တဿ ဘဝန္တိ ဝတ္တာရော– ထိုသူကို ကဲ့ရဲ့ပြောဆိုသူတို့ သည် ရှိကုန်၏၊ အဝိသံဝါဒကော လောကဿ–လောကကို မမှားစေတတ်၊ ဝါ–မလှည့်ပတ်တတ်၊ ["အဝိသံဝါဒကောကို အဝဉ္စကော"ဟု ပဥ္စိကာဖွင့် ၏။] အလဇ္ဇီနံ နိဿာယ-အလဇ္ဇီတို့ကို မှီ၍၊ စတုန္နံမဟာဘူတာနံ ဥပါဒါယ ပသာဒေါ-မဟာဘုတ် ၄ ပါးတို့ကိုမှီ၍ ကြည်လင်ခြင်း၊ ဤကား မောဂ္ဂလ္လာန်၌ လာသော ကံဟောပုံစံများတည်း၊ ဘဂဝတော–ကို၊ ဒဿနာယ-ငှါ၊ ပထ ဝိယာ–ကို၊ ကဿကော – ရေးခြစ်တတ် (ထွန်တတ်) သူ၊ ကမ္မဿ–ကို၊ ကာရကော–ပြုတတ်သူ, စသည်ကိုလည်း ထုတ်ပါ။

www.dhammaransi.com



ဝိဘတ်သည်၊ န ဘဝေ - မဖြစ်၊ ဏာယုတီနံ - ဏာပစ္စည်း, ယုပစ္စည်း, တိပစ္စည်းတို့၏၊ ( ယောဂေ - ယှဉ်ရာ၌၊ ကတ္တရိ - ကတ္တားအနက်၌၊ ဆဋ္ဌီ-သည်၊) ဝါ-ဝိကပ်အားဖြင့်၊ ဘဝေ- ဖြစ်၏၊ ထိအဏ္ဍုနံ-ဇုတ္တိလိန်၌ဖြစ်သော အပစ္စည်း, ဏွုပစ္စည်းတို့၏၊ (ယောဂေ-၌၊)ဒွယေ-ကံကတ္တား ၂ ပါး အပေါင်း၌၊ (ဆဋ္ဌီ - သည်၊ ဘဝေ-၏၊) ကိစ္စ-ကိစ္စပစ္စည်းနှင့် ယှဉ်ရာ၌၊ ဇေ - ဤသို့၊ ဝါ-ဤကံ ကတ္တား ၂ ပါးစုံ၌၊ (ဆဋ္ဌီ-သည်၊ န ဘဝေ)၊ ကတ္တရိဝေ-ကတ္တားအနက်၌သာလျှင်၊ ဝါ-ဝိကပ်အားဖြင့်၊(ဆဋ္ဌီ-သည်၊ ဘဝေ-၏၊) နိဋ္ဌာဒီနံ-နိဋ္ဌပစ္စည်းအစရှိသည်တို့၏၊ (ယောဂေ- ၌၊ ဒွယေ-ကံ ကတ္တား ၂ ပါး အပေါင်း၌၊ ဆဋ္ဌီ-သည်၊)န ဟောတိဝေ-မဖြစ်သည်သာ၊ ဘာဝေ-ဘောအနက်၌၊ တဿ-တပစ္စည်း၏၊ (ယောဂေ-၌၊)ကတ္တရိ-ကတ္တားအနက်၌၊ ဝါ-ဝိကပ်အားဖြင့်၊ (ဆဋ္ဌီ-သည်၊ ဘဝေ-၏။)

၅၃။ **နကတ္တရိဒွယေ ။** ။တဝါကျထည်း၌ ကံနှင့်ကတ္တား အနက် ၂ ပါးဆုံနေလျှင် ကတ္တားအနက်၌ ဆဋ္ဌီမသက်ဘဲ ကံအနက်၌သာ သက်ရ၏၊ အဂေါပါလကေန ဂေါဏာနံ ဒေါဟော အစ္ဆရိယော — နွားကျောင်းသားမဟုတ်ဘဲ နွားမတို့ကို နို့ညှစ်တတ်ခြင်းသည် အံ့ဩဘွယ် ကောင်းလေစွ၊ အရဇကေန ဝတ္ထာနံ ရာဂေါ အစ္ဆရိယော—ပန်းဆိုးဆရာ (ပင်းမင်းဆရာ) မဟုတ်ဘဲ အဝတ်တို့ကို ဆေးဆိုးတတ်ခြင်းသည် အံ့ဩဘွယ်ကောင်းလေစွ။

**ဏာယုတီနံ တု ဝါ ဘဝေ ။** ။ ဏာပစ္စည်း, ယုပစ္စည်း , တိပစ္စည်းတို့၏ ယှဉ်ရာ၌ကား ဝိကပ်အားဖြင့် ကတ္တားအနက်၌ ဆဋ္ဌီသက်၏၊ [“ ကံ၌ကား အမြဲဆဋ္ဌီသက်၏”ဟူလို၊“ဏွုယုတီနံ”ဟု တချို့စာရှိ၏၊ “ဏာ ယုတီနံ”ဟု ရှိသင့်ကြောင်းကို သရူပတ္ထ၌ ဆိုးဖြတ်၏။] ဏာပစ္စည်းပုံစံကား—“ဘောဂေါ သမ္ပတ္တိယာ ရညော (ရညာဝါ)-မင်းသည် စည်းစိမ်ကို ခံစားခြင်း”တည်း၊ ယုပုံစံကား—“ဘုဉ္ဇနံ သမ္ပတ္တိယာ ရညော (ရညာဝါ)”တည်း၊ တိပုံစံကား—“ဝိစိတြာ ကတိ သုတ္တဿ ကစ္စာယနဿ (ကစ္စာယနေနဝါ)-ကစ္စည်းဆရာသည် ကစ္စည်းသုတ်ကို ပြုစီရင်ခြင်းသည် ဆန်းကြယ်၏”တည်း။

ထိ **အဏ္ဍုနံဒွယေ။** ။ဇုတ္တိလိန်ဟောသော အပစ္စည်း ဏွုပစ္စည်းတို့၏ ယှဉ်ရာဝယ် ကံ ကတ္တား ၂ ပါးစုံ၌ ဆဋ္ဌီသက်၊ ပုံစံကား—“ဘိဒါ ကေသရိနော ဟတ္ထိကုမ္ဘဿ—ခြင်္သေ့သည် ဆင့်ဦးကင်းကို ဖေါက်ခွဲခြင်း၊ [ဘိဒါ၌ ဇုတ္တိယမတိယဝေါဝါဖြင့် အပစ္စည်း သက်၊ ] ပါစိကာ ဘတ္တဿ သူပကာရဿ—ဟင်းချက်သမားသည် ထမင်းကို ချက်ခြင်း”တည်း။

www.dhammaransi.com



၅၄။ ဒိသိနော အန္တိနော ကမ္မေ, ကရိနော ယတာနေပိစ၊
ဟာရတိဿာနုကာရေပိ, သတိပဟိ သတ္တ ဓာတုနံ။

၅၄။ အန္တိနော-အန္တပစ္စည်းရှိသော၊ ဒိသိနော-ဒိသဓာတ်၏၊ ကမ္မေ-ကံအနက်၌၊ (ဝါ- ဝိကပ်အားဖြင့်၊ ဆဋ္ဌီ- သည်၊ ဘဝေ-၏၊) ယတနေ - ကောင်းအောင်ပြုလုပ်, အားထုတ်ခြင်းအနက်ကို၊ (ဂမျမာနေ-သော်၊) ကရိနော- ကရဓာတ်၏၊ (ကမ္မေပိစ- ၌လည်း၊ ဝါ-

**ကိစ္စနေဝံ,ကတ္တရိဝေဝါ**။ ။ကိစ္စပစ္စည်းနှင့်ယှဉ်ရာ၌ကား ဤသို့ ၂ ပါး လုံး၌ ဆဋ္ဌီမဖြစ်၊ တနည်း-ကတ္တား၌သာ ဝိကပ်အားဖြင့် ဆဋ္ဌီဖြစ်၏၊ ၂ ပါးလုံး မဖြစ်ပုံကား-နေတဗ္ဗော အဇော ဂါမံ အဇပါလေန-ဆိတ်ကျောင်းသားသည် ဆိတ်ကို ရွာသို့ ဆောင်အပ် (ဆောင်ထိုက်)၏၊ ဆိန္ဒိတဗ္ဗာ သာခါ ဒေဝဒတ္တေန "လည်း နည်းတူ၊ ကတ္တား၌ ဝိကပ်ဖြစ်ပုံကား— "ပစိတဗ္ဗော ဩဒနော ဒေဝဒတ္တဿ (ဒေဝဒတ္တေန ဝါ)"တည်း။

**နိဋ္ဌာဒိနံ နဟောတေဝ** ။ ။ အတီတေ တ တဝန္တု၊တာဝီသုတ်ဖြင့် သက်အပ်သောပစ္စည်းများကို"နိဋ္ဌ"ဟု အမည်မှည့်၏၊ အာဒိဖြင့် မာန,အန္တ, ဏုကပစ္စည်းနှင့် အဗျယပစ္စည်းများကိုယူ၊ ထို ပစ္စည်းများ၏ယှဉ်ရာ၌ ကံ ကတ္တား ၂ ပါးလုံး၌ပင် ဆဋ္ဌီမဖြစ်၊ ပုံစံကား—"သုခကာမီ ဝိဟာရံ ကတော-ချမ်းသာကိုလိုလားသူသည် ကျောင်းကိုပြုပြီ၊ (ဆောက်လုပ်လှူဒါန်းပြီ)၊ ရထံ ကတဝန္တော, ကတာဝီ – ရထားကိုပြုပြီ၊ ကဋံ ကရောန္တော, ကုရုမာနော, ကရာနော— သင်ဖျာကို ပြုသူ၊ ပသဝေါ ဃာတုကော – သားကောင်တို့ကို သတ်သူ (ဏုကပစ္စည်း)၊ ကဋံ ကရိတွာ, ဂါမံ ဂန္တွာ, ဂါမံ ဂန္တုံ (အဗျယ ပစ္စည်း၊)"စသည်တည်း။

**ဘာဝေ ဝါ တဿ ကတ္တရိ**။ ။ဘောအနက်ဟော တပစ္စည်းနှင့်ယှဉ်ရာ၌ ကတ္တားအနက်ဝယ် ဝိကပ်အားဖြင့် ဆဋ္ဌီသက်၏၊ ပုံစံကား—"ကောကိလာနံ (ကောကိလေဟိဝါ) မဓုရံ ကူဇိတံ—ဥဩတို့သည် သာယာစွာကျူးရင့်ခြင်း၊ ဟံသာနံ (ဟံသေဟိဝါ) ဂတံ, ဟံသာနံ (ဟံသေဟိဝါ) လင်္ဃိတံ— ဟင်းသာ တို့သည် သွားခြင်း, မြူးတူးခြင်း"စသည်တည်း။

---

၅၄။ **ဒိသိနော၊ပေ၊ကမ္မေ**။ ။ ဒိသိ၌ ဣသည် ဓာတုနိဒ္ဒိဋ္ဌတည်း၊ ထို ဒိသဓာတ်သည် အပ္ပိတိ-မနှစ်သက်ခြင်း (မုန်းခြင်း) အနက်ကိုလည်း ဟော၏၊ အန္တပစ္စည်း အဆုံးရှိသော ထို ဒိသဓာတ်၏ကံ၌ ဝိကပ်အားဖြင့် ဆဋ္ဌီသက်၏၊ [ဘာဝေဝါမှ ဝါကိုလိုက်စေ၊] စောရဿ (စောရံဝါ) ဒိသံ (ဒိသန္တော)—

www.dhammaransi.com



ဖြင့်၊ ဆဋ္ဌီ ဘဝေ၊)အနုကာရေ- အတုပြုခြင်းအနက်ကို၊ (ဂမျမာနေ-သော်၊) ဟရတိဿ-ဟရဓာတ်၏၊ (ကမ္မေပိ-၌လည်း၊ ဝါ-ဖြင့်၊ ဆဋ္ဌီ ဘဝေ၊ ) သတိဟိံသတ္ထဓာတုနံ – သရဓာတ်, ညှဉ်းဆဲခြင်းအနက်ရှိသော ဓာတ်တို့၏၊ (ကမ္မေ-၌၊ ဝါ-ဖြင့်၊ ဆဋ္ဌီ ဘဝေ)။

ခိုးသူကိုမုန်းသည်၊ [ဤ ဒိသဓာတ်သည် ဘူဝါဒိဖြစ်၍ "ဒိသန္တော"ဟု သာရှိသင့်၏၊ ဘောကံဟောရာ၌သာ ဏျပစ္စည်းကြောင့် "န မေ ဒေဿာ ဥဘော ပုတ္တာ-သားတော် သမီးတော် ၂ ယောက်တို့ကို ငါ ဝေဿန္တရာသည် မမုန်းအပ်ပါကုန်၊ ဓမ္မဒေဿီ–တရားကိုမုန်းခြင်းရှိသူသည်၊ ပရာဘဝေါ–ပျက်စီး၏"ဟု ရှိရသည်။]

**ကရိနော ယတနေ ဝိစ**။ ။[ ရူပသိဒ္ဓိ၌ "ပတိယတနေ"ဟု ရှိ၏၊ "ပတိယတနံ အဘိသင်္ခါရော "ဟုလည်း အနက်ဖွင့်၏။ ] သာမန်ပြုခြင်း မဟုတ်ဘဲ ယတန (ကောင်းအောင် အားထုတ်သောပြုခြင်း) အနက်ဟော ကရဓာတ်၏ ကံ၌လည်း ဝိကပ် ဆဋ္ဌီသက်၏၊ ကရိ၌ ဣလည်း ဓာတုနိဒ္ဒိဋ္ဌပင်၊ ] ဥဒကဿ (ဥဒကံဝါ) ပတိကုရုတေ – ကောင်းမွန်အောင်ပြုလုပ်၏၊ ကဏ္ဍဿ ( ကဏ္ဍံဝါ) ပတိကုရုတေ – ဖြောင့်မတ်အောင်ပြုလုပ်၏၊ ကေသာနံ (ကေသေဝါ) ဥပကုရုတေ–ဆံပင်တို့ကို လှအောင်ပြုလုပ်၏။

**ဟရတိဿာနုကာရေပိ**။ ။ [ဟရတိ၌ တိလည်း ဓာတုနိဒ္ဒိဋ္ဌပင်၊ အနုကာရ– အတုပြုခြင်း၊] အတုပြုခြင်း အနက်ဟော ဟရဓာတ်၏ ကံ၌လည်း ဝိကပ် ဆဋ္ဌီသက်၏၊ " စန္ဒဿ (စန္ဒံဝါ) အနုဟရတေ– လကို အတုပြု၏၊ ("လကဲ့သို့ လှပ၏"ဟူလို)။ [အလင်္ကာကျမ်း, ဇာဝါဒိဂိုဏ်း၌"တဿ အနုကရောတိ"ဟု ဥပမာဇောတကအဖြစ်ဖြင့် ရှိသည်။]

**သတိဟိံသတ္ထ ဓာတုနံ**။ ။[သတိ၌ တိလည်း ဓာတုနိဒ္ဒိဋ္ဌပင်၊ ]အောက်မေ့ခြင်း ( လွမ်းခြင်း ) အနက်ရှိသော သရဓာတ် , ညှဉ်းဆဲခြင်းအနက်ရှိသော ဓာတ်တို့၏ကံ၌လည်း ဝိကပ် ဆဋ္ဌီသက်၏၊ မာတု (မာတရံဝါ) သရတိ– အမိကိုလွမ်း၏၊ ရဇ္ဇဿ (ရဇ္ဇံဝါ) သရတိ-တိုင်းပြည်ကိုအမှတ်ရ၏၊ န တေသံ ကောစိ သရတိ သတ္တာနံ ကမ္မပစ္စယာ–သေသောသတ္တာတို့၏ ကံကြောင့် ထိုသေသူတို့ကို တစုံတယောက်သော ဆွေမျိုးမျှ ( အမျှဝေဘို့ရန် )အမှတ်မရ၊ စောရဿ (စောရံဝါ) ဟနတိ ပဟရတိ - ခိုးသူကို ညှဉ်းဆဲ၏, ပုတ်ခတ်၏၊ အင်္ဂမင်္ဂါနံ(အင်္ဂမင်္ဂါနိဝါ) ရုဇတိ- အင်္ဂါကြီးငယ်တို့ကို ထိုးကျင်၏။ [ရူပသိဒ္ဓိ၌ကား ရုဇ၏ ယှဉ်ရာဝယ် သမ္ဗန်အနက်သာတည်း၊ "ဒေဝဒတ္တဿ ရုဇတိ–'ဒေဝဒတ်၏ နာကျင်၏၊ တဿ ရောဂေါ ဥပ္ပဇ္ဇတိ"ဟုလည်း ပုံစံထုတ်၏။]

www.dhammaransi.com



၅၅။ ဒယတိဿိ ဇ္ဇုတိဿာပိ, တိတျတ္တကရဏောပိစ၊
အာခါရကေ ဘဝေ နိစ္စံ, ကမ္မကတ္တရိ တဿတု။

၅၅။ ဒယတိဿ - ဒယဓာတ်၏ငင်း၊ ဇုတ္တိဿာပိ-ဇုသုဓာတ်၏ငင်း၊ (ကမ္မေ-ကံအနက်၌၊ ဆဋ္ဌီ-ဆဋ္ဌီဝိဘတ်သည်၊ ဝါ-ဝိကပ်အားဖြင့်၊ ဘဝေ- ဖြစ်၏၊) တိတျတ္တကရဏောပိစ -- တင်းတိမ်ခြင်း အနက်ရှိသော ဓာတ်တို့၏ ကရိုဏ်းအနက်၌လည်း၊(ဆဋ္ဌီ-သည်၊ ဝါ-ဝိကပ်အားဖြင့်၊ ဘဝေ၊)တု-ထိုမှတပါး၊အာခါရကေ-အာခါရအနက်၌၊ ဝါ-အဓိကရဏအနက်၌၊(ပဝတ္တဿ- ဖြစ်သော၊)တဿ-တပစ္စည်း၏၊ ကမ္မကတ္တရိ- ကံအနက် ကတ္တားအနက်၌၊ နိစ္စံ- အမြဲ၊ (ဆဋ္ဌီ-ဆဋ္ဌီဝိဘတ်သည်၊ ) ဘဝေ-ဖြစ်၏။

၅၅။ **ဒယတိဿိ ဇ္ဇုတိဿာပိ။** ။ [ဒယတိ, ဇုဇ္ဇုတိတို့၌ တိသည်ဓာတုနိဒ္ဒေသ။] "ဒယ—ရက္ခဏေ"ဟူသည်နှင့်အညီ စောင့်ရှောက်ခြင်းအနက်ဟောဒယဓာတ်၏ ကံ၌ငင်း, ဇုသုဓာတ်၏ ကံ၌ငင်း ဝိကပ်အားဖြင့် ဆဋ္ဌီသက်၏၊ မနဿ ( မနံဝါ ) ဒယတိ— ဥစ္စာကို စောင့်ရှောက်၏၊ ပုတ္တဿ (ပုတ္တံဝါ) ဇုဇ္ဇုတိ—သားကို အလိုရှိ၏။

**တိတျတ္တ ကရဏောပိစ။** ။တိတ္တိ (တင်းတိမ်ခြင်း, အားရခြင်း) အနက်ရှိသော ဓာတ်တို့၏ ကရိုဏ်းအနက်၌လည်း ဝိကပ်အားဖြင့် ဆဋ္ဌီသက်၏၊ ဖလာနံ ( ဖလေဟိဝါ ) တိတ္တော တာပသော — ရသေ့သည် သစ်သီးတို့ဖြင့် တင်းတိမ်ရောင့်ရဲ၏၊ ဘောဇနာနံ (ဘောဇနေဟိဝါ) သုဟိတော-ဘောဇဉ်တို့ဖြင့် ဝ၏။ [ တင်းတိမ်သည်ကို "အစာဝသည်"ဟု ခေါ်၏၊ သုဟိတော၌ သုပုဗ္ဗ+ဓာဓာတ်၊ " ကောင်းစွာ ဆောင်နိုင်၏ "ဟု သဒ္ဒတ္ထ, " ဝ၏ "ဟု အဓိပ္ပါယတ္ထ ဖြစ်၏။]

**စအနက်များ ။** ။ ပိစ၌ စသဒ္ဒါဖြင့် ပူဇနအနက်ရှိသောဓာတ်, ပူရဏအနက်ရှိသော ဓာတ်တို့၏ ကရိုဏ်း၌လည်း ဝိကပ် ဆဋ္ဌီ သက်၏၊ ပုပ္ဖဿ (ပုပ္ဖေနဝါ ) ဗုဒ္ဓံ ပူဇယတိ — ပန်းဖြင့် ဘုရားကို ပူဇော်၏၊ ဃီရော ပူရတိ ပုညဿ — ပညာရှိသည် ကောင်းမှုဖြင့် ပြည့်၏၊ ဗာလော ပူရတိ ပါပဿ၊ ဇလမမေဝ ကာယံ ပူရံ နာနပ္ပကာရဿ အသုစိနော ပစ္စဝေက္ခတိ — အမျိုးမျိုးသော မစင်ဖြင့် ပြည့်သော ဤကိုယ်ကိုသာ ရှုဆင်ခြင်၏။

**တုလျ စသည်နှင့် ကိံ, အလံ ။** ။ ဤသဒ္ဒါတို့နှင့် ယှဉ်ရာ၌လည်း ထိုစသဒ္ဒါဖြင့် ဝိကပ်ဆဋ္ဌီသက်၏၊ ပိတုဿ (ပိတရာဝါ) တုလျော — အဘနှင့်တူသူ၊ မာတု (မာတရာဝါ) သဒိသော၊ ကိံ တဿစ တုဌေဿ (တုဌ္ဌေနဝါ)၊

www.dhammaransi.com



၅၆။ သတ္တမိ·နာဒရေ သာပိ, အပိ နိဒ္ဓါရဏေ တထာ၊
တတိယာ ပဉ္စမီစေဝ, ပုထုနာနာပယောဂတော၊
ရိတေ တု ဒုတိယာ သာပိ, ဝိနာ·ညတြေဟိ တာပိစ။

၅၆။ အနာဒရေ-အနာဒရကြိယာကို၊(ဂမျမာနေ-သိအပ်သော်၊ အနာဒရိယတော — အနာဒရိယလိန်မှ နောက်၌၊) သတ္တမီ- သတ္တမီ ဝိဘတ်သည်၎င်း၊ သာပိ - ထို ဆဋ္ဌီဝိဘတ်သည်၎င်း၊ (ဘဝေ )၊ နိဒ္ဓါရဏေအပိ - နိဒ္ဓါရဏကြိယာကိုလည်း၊ ( ဂမျမာနေ- သော်၊ နိဒ္ဓါရဏသမုဒါယတော- နိဒ္ဓါရဏသမုဒါယလိန်မှ နောက်၌၊ )တထာ-

တုဋ္ဌသ—နှစ်သက်သော၊ တဿ—ထိုသူဖြင့်၊ ကိံ—အဘယ်အကျိုးရှိအံ့နည်း၊ အလံ တုဋ္ဌဿ (တုဋ္ဌေနဝါ)။ [ ဤသို့ ရူပသိဒ္ဓိ သီဟိုဠ်မူ၌ ပါ၍ရှိ၏၊ “ ကိံ တဿ စတုမဋ္ဌဿ”ကား ရူပသိဒ္ဓိစတုတ္ထီခဏ်း၌လာသောပုံစံတည်း၊ ထိုပုံစံ၏ အနက်မှန်ကိုလည်း ထို ရူပသိဒ္ဓိဘာသာဋီကာ၌ ရှုပါ။ ]

**ကုသလစသည်**။ ။ ဤ ကုသလ စသည်တို့နှင့် ယှဉ်ရာ၌လည်း သတ္တမီ အနက်၌ဆဋ္ဌီသက်၏၊ ကုသလာ နစ္စဂီတဿ-ကခြင်း သီဆိုခြင်း၌ ကျွမ်းကျင် သူတို့၊ အတ္ထဿ ကောဝိဒေ — အကျိုးအကြောင်း၌ ကျွမ်းကျင်ကုန်သော ပညာရှိတို့ကို၊ ဘဂဝတော ပသန္နာ— ဘုရား၌ ကြည်ညိုကုန်၏၊ ဒိဝဿ— တနေ့၌၊ တိက္ခတ္တုံ—၃ ကြိမ်။ [ကြွင်းပုံစံများကို ရူပသိဒ္ဓိ—ဆဋ္ဌီစသုတ်မှာ ရှု။ ]

**အာဓာရ၊ ပေ၊ တဿတု**။ ။အဓိကရဏအနက်ဟော တပစ္စည်း၏ ကံအနက် ကတ္တားအနက်၌ကား အမြဲ ဆဋ္ဌီသက်၏၊ ပုံစံကား—ဒေဝဒတ္တဿ ဩဒနဿ ဘုတ္တံ ဌာဇနံ — ဒေဝဒတ်သည် ထမင်းကို စားအပ်ရာဖြစ်သော ဌာန်။ [ဘုတ္တံ၌ အဓိကရဏအနက်ဟော တပစ္စည်း၏ ယှဉ်ရာဝယ် ကတ္တားကံ အနက်၌ “ ဒေဝဒတ္တဿ ဩဒနဿ ”ဟု ရှိရသတဲ့၊ ဤသို့ တဝါကျထည်း၌ ဆဋ္ဌီ ၂ ထပ် ကံကတ္တားအပြိုင်ဟောပုံမှာ (ပါဠိ၌) ရှိဘို့ခဲယဉ်း၏၊ “ဒေဝဒတ်၏ ထမင်းကို စားရာဌာန်”ဟုသာ အနက်ဖြစ်သင့်သည်။ ]

---

**၅၆။ သတ္တမီ နာဒရေ သာပိ**။ ။အနာဒရကြိယာကို ( ဝါကျအတွင်း ၌ ) သိအပ် တွေ့အပ်သည်ရှိသော် အနာဒရိယလိန်နောင် သတ္တမီဝိဘတ် ဆဋ္ဌီ ဝိဘတ် တမျိုးမျိုးသက်၏။ [ သာပိဖြင့် ဆိုအပ်ပြီးသောဆဋ္ဌီကို ညွှန်းသည်၊ ကစ္စည်းကျမ်း- အနာဒရေစသုတ်နှင့် သဘောတူဖြစ်သောကြောင့် အဓိပ္ပါယ် နှင့်တကွ ပုံစံကို ထိုသုတ်နှင့် အဖွင့်များ၌ ရှုပါ၊ “နာဒရေ သာမိ”ဟု ဟချို့ စာအုပ်၌ ရှိသည်ကား မကောင်း။ ]

www.dhammaransi.com



ထို့အတူ သတ္တမီ ဆဋ္ဌီဝိဘတ် သက်၏၊ ပုထုနာနာပယောဂတော– ပုထုနိပါတ်, နာနာနိပါတ်တို့နှင့် ယှဉ်သောပုဒ်မှ နေ၁်၌၊ တတိယာ– တတိယာဝိဘတ်သည်၎င်း၊ ပဉ္စမီစေဝ– သည်၎င်း၊ ( ဘဝေ- ၏၊ )၊ ရိတေတု – ရိတေနိပါတ်နှင့် ယှဉ်ရာ၌ကား၊ ဒုတိယာ – သည်၎င်း၊ သာပိ–ထိုပဉ္စမီဝိဘတ်သည်၎င်း၊ (ဘဝေ)၊ ဝိနာ ညတြေဟိ- ဝိနာ, အညတြနိပါတ်တို့နှင့်၊(ယောဂေ–ယှဉ်ရာ၌၊)တာပိစ-ထို ဒုတိယာ, တတိယာ, ပဉ္စမီဝိဘတ်တို့သည်လည်း၊ (ဟောန္တိ)။

**အပိ နိဒ္ဒါရဏေ တထာ။** ။တထာဖြင့် သတ္တမီ သာပိတို့ကို ညွှန်းသည်၊ ဤစကားလည်း ကစ္စည်းကျမ်းက နိဒ္ဒါရဏေစ သုတ်နှင့် သဘောတူ၏၊ ထို့ကြောင့် အဓိပ္ပါယ်နှင့် ပုံစံကို ထိုသုတ်နှင့် အဖွင့်များ၌ ရှုပါ။

**တတိယာ၊ပေ၊ပယောဂတော။** ။ပုထုနိပါတ်, နာနာနိပါတ်တို့နှင့် ယှဉ်သောပုဒ်နောင် တတိယာ–ပဉ္စမီတမျိုးမျိုး သက်၊ ပုံစံကား– ပုထဂေဝ ဇနေန-လူနှင့် အသီးအခြားသာလျှင်၊ ပုထဂေဝ ဇနသ္မာ-လူမှ အသီးအခြား သာလျှင်၊ ဇနေန နာနာ–လူနှင့် အသီးအခြား၊ ဇနသ္မာ နာနာ–လူမှ အသီး အခြား။ [ ဤစကားလည်း မောဂ္ဂလ္လာန်, ဒုကဏ္ဍ, (၃၁) သုတ်ကို မှီသော စကားတည်း။ ]

**ရိတေ တု ဒုတိယာ သာပိ။** ။ရိတေနိပါတ်၏ယှဉ်ရာ၌ကား ဒုတိယာနှင့် ထိုပဉ္စမီလည်း သက်၏၊ သာပိဖြင့် ရှေ့၌ဆိုအပ်ပြီးသော ပဉ္စမီကို ညွှန်းသည်၊ ပုံစံကား––ရိတေ သဒ္ဓမ္မံ–သူတော်ကောင်းတရားကိုကြဉ်၍၊ ရိတေ သဒ္ဓမ္မာ– သူတော်ကောင်းတရားမှ ကင်း၍။

**မှတ်ချက်။** ။ဤစကားသည် မောဂ္ဂလ္လာန်, ဒုကဏ္ဍ-၂၉သုတ်ကိုမှီသော စကားတည်း၊ ထို၌"ရိတေ ဒုတိယာစ"ဟုတည်၍ စဖြင့် ရှေ့သုတ်၌လာသော ပဉ္စမီကို ငင်သည်၊ ထို့ကြောင့် " ရိတေ တု ဒုတိယာ သာပိ " ဟု ပါဌ်မှန် ရှိစေ၊ ဋီကာဟောင်း၌ကား " တာပိ " ဟု ဆို၍ ဒုတိယာ တတိယာ ပဉ္စမီ ၃ မျိုးသက်သော ပုံစံကို ထုတ်ပြ၏၊ ထိုအတိုင်း မှန်လျှင် နောက် လာမည့် ဝိနာ-အညတြတို့နှင့် ဖွဲ၍ ဆိုရကျိုး မနပ်ရုံသာ မက , ကျမ်းရင်း မောဂ္ဂလ္လာန် နှင့်လည်း မညီမျှဘဲရှိရာလတ့်။[ပဒ္ဓိကာပဒီပဥ္စမူ ရိတေယှဉ်ရာဝယ် တတိယာ သက်၍ "ရိတေ သဒ္ဓမ္မေန"ဟုလည်း ရှိစေလိုသည်။]

**ဝိနာညတြေဟိ တာပိစ။** ။ဤစကားကား မောဂ္ဂလ္လာန် "ဝိနာညတြ တတိယာစ " ဟူသော ( ၃၀ )သုတ်ကိုမှီသော စကားတည်း၊ ထိုသုတ်၌ စသဒ္ဒါဖြင့် ရှေ့ဝိဘတ် ၂ မျိုးကိုဆည်း၍, ဝိဘတ် ၃ မျိုး သက်၏၊ ထို့ကြောင့်

www.dhammaransi.com



၅၇။ ဆင္ဗီ ဟေတုပယောဂေတု, ဟေတွန္တေ သုဒ္ဓနာမတော၊
သဗ္ဗနာမာ တု သဗ္ဗာ၀, ကြိယာနိပ္ဖတ္တိကာရဏာ၊
ဂေါဏာမုချပ္ပဘေဒေန, ကမ္မာဒီ ကာရကာ သိယုံ။

၅၇။ ဟေတုပယောဂေ – အကြောင်း အနက်ဟော သဒ္ဒါနှင့် ယှဉ်ရာ၌၊ သုဒ္ဓနာမတော - သုဒ္ဓနာမ်ပုဒ်မှ (နောက်၌)၊ ဟေတွန္တေ– ဟိတ်အနက်၌၊ ဆဋ္ဌီ–ဆဋ္ဌီဝိဘတ် သည်၊ (ဘဝေ–၏၊) သဗ္ဗနာမာတု- သဗ္ဗနာမ်ပုဒ်မှ (နောက်၌)ကား၊ (ဟေတွန္တေ- ၌၊) သဗ္ဗာ၀–အလုံး စုံသော ဝိဘတ်တို့သည်ပင်၊ ( ဟောန္တိ၊ ) ကြိယာနိပ္ဖတ္တိကာရဏာ- ကြိယာပြီးခြင်း၏ အကြောင်းတို့သည်၊(ဟုတွာ- ဖြစ်၍၊) ဂေါဏာမုချ ပ္ပဘေဒေန–ဂေါဏမုချ၏ အပြားအားဖြင့်၊ ဝါ–အပဓာန ပဓာန၏ အပြားအားဖြင့်၊ကမ္မာဒီ-ကံအစရှိသောအနက်တို့သည်၊ကာရကာ- ကာရကတို့မည်သည်၊ သိယုံ–န်၏။....

ကာရကနိဒ္ဒေသော- သည်၊ နိဋ္ဌိတော-ပြီ။

၍ဂါထာပိုဒ်၌လည်း တာပိဖြင့် ရှေ့ဆိုအပ်ပြီးသော တတိယာ,ပဉ္စမီ,ဒုတိယာ ၃မျိုးကိုပင် ညွှန်သည် ဟု မှတ်ပါ။

ပုံစံ။ ။ဝိနာ ဝါတေန - လေနှင့်ကင်း၍၊ ဝိနာ ဝါတံ – လေကိုကြဉ်၍၊ ဝိနာ ဝါတသ္မာ - လေမှ ကင်း၍၊ အညတြ ဧကေန ပိဏ္ဍပါတနီဟာရကေန- ဆွမ်းပို့မည့်ရဟန်းတပါးကို ကြဉ်၍၊ အညတြ ဓမ္မံ-တရားကိုကြဉ်၍၊ အညတြ ဓမ္မာ–တရားမှ ကင်း၍။

---

၅၇။ ဆဋ္ဌီ၊ပေ၊သုဒ္ဓနာမတော ။ ။ မောဂ္ဂလ္လာန်–ဒုကဏ္ဍ, “ ဆဋ္ဌီ ဟေတွတ္ထေဟိ” ( ၂၂ ) သုတ်ကို မှီသောစကားတည်း၊ ဟိတ်အနက်ကို ဟောသော ဟေတု-ကာရဏာသဒ္ဒါတို့နှင့်ယှဉ်ရာ၀ယ် သုဒ္ဓနာမ်ပုဒ်နောင် ဆဋ္ဌီ သက်၏၊ [ သဗ္ဗနာမ်မှ ကြွင်းသမျှနာမ်ကို သုဒ္ဓနာမ်ဟုဆိုလိုဟန်တူသည်၊ ] “ဥဒရဿ ဟေတု, ဥဒရဿ ကာရဏာ”ဟု မောဂ္ဂလ္လာန် ပုံစံထုတ်၏၊ အနက် ပေးရာ၌ကား—“ဟေတွတ္ထေ”ကိုကြည့်၍ နောက်ပုဒ်နှင့် ဟိတ်အနက်ချင်း တူအောင် ဝိသေသနအနက်ပေးရသည်၊ “ဥဒရဿ–ဝမ်းဟူသော၊ ဟေတု (ကာရဏာ)-အကြောင်းကြောင့်။ [ဂိဟီနံ-တို့အား၊ ဥတ္တရိမနုဿ ဓမ္မဿ- ၏၊ ဝဏ္ဏံ–ကို၊ ဘာသိဿထ – ပြောကြကုန်သလော”ဟု စတုတ္ထပါရာဇိက ပါဠိတော်၌ဆက်။]

www.dhammaransi.com



**သမ္ပဒါနမာတု သဗ္ဗာ၀။** ။ ဤစကားလည်း " သဗ္ဗာဒိတော သမ္ဗာ " ဟူသော ( ၂၃ ) သုတ်ကို မှီသောစကားတည်း၊ ဟိတ်အနက်ရှိသော သဒ္ဒါ တို့နှင့်ယှဉ်ရာ၌ သဗ္ဗအစရှိသော သဗ္ဗနာမ်ပုဒ်နောင် ဝိဘတ်အားလုံးသက်နိုင်၏၊ ပုံစံကား–"ကော ဟေတု–အဘယ်အကြောင်းကြောင့်နည်း၊ ကံ ဟေတုံ- အဘယ်အကြောင်းကြောင့်နည်း၊ နေဝံ၌လည်း ဤနည်းအတိုင်းပေး၊ ကေန ဟေတုနာ, ကဿ ဟေတုဿ, ကသ္မာ ဟေတုသ္မာ, ကဿ ဟေတုဿ, ကိသ္မိံ ဟေတုသ္မိံ၊ ကိံ ကာရဏံ, ကိံ နိမိတ္တံ, ကိံ ပယောဇနံ"စသည်တည်း။

**ကြိယာ၊ပေ၊သိယုံ။** ။ဤစကားသည် ကံ–ကတ္တားစသော အနက်တို့၏ ကာရက အမည်ရပုံကို ပြသော စကားတည်း၊ " ကရောတိ ကြိယံ အဘိနိပ္ဖါ ဒေတီတိ ကာရကံ " နှင့် အညီ ကြိယာကို ပြီးစေတတ်သော အနက်သည် ကာရကမည်၏၊ ထိုသို့ကြိယာကိုပြီးစေရာ၌ ကတ္တားအနက်သည် မိမိကိုယ်တိုင် ကြိယာကို ပြီးစေတတ်သောကြောင့် မုချ (ပဓာန) အားဖြင့် ကာရကအမည် ရ၏၊ ကံအစရှိသော အနက် ၅ ပါးကား ကတ္တားက ကြိယာကို ပြီးစေရာ၀ယ် အကြောင်းအထောက်အပံ့မျှသာဖြစ်သောကြောင့် ဖလူပစာရအားဖြင့် ကာရက အမည်ရကြသည်။

ဆိုလိုရင်းကား— ကတ္တားက အထောက်အပံ့ခံရသော အကျိုး, ကံစသည် တို့က ထောက်ပံ့တတ်သော အကြောင်းတည်း၊ ထို့ကြောင့် ကတ္တား၏ ကာရက အမည်ကို အကြောင်းအထောက်အပံ့ဖြစ်သော ကံစသောအနက်၌ တင်စား သောကြောင့် ကံစသောအနက်များလည်း ဖလူပစာရ (အပ္ပဓာန) အားဖြင့် ကာရက အမည်ရကြသည်–ဟူလို။

**သရူပဋ္ဌ ။** ။ ကစ္စာယနသရူပတ္ထ ၌ကား "ကံစသော အနက်တို့သည် ကတ္တားကိုအကြောင်းပြု၍ ကာရကအမည် ရကြသောကြောင့် (အကြောင်း၏ အမည်ကို တင်စားသော) ကာရဏူပစာရအားဖြင့် ကာရကအမည် ရကြ၏ " ဟု ဆိုသည်၊ သို့သော် အကြောင်း၏အမည်ကို အကျိုး၌တင်စားမှ "ကာရဏူ ပစာရ "ဟု ခေါ်ရ၏၊ ဤ၌ကား အကျိုးကတ္တား၏ အမည်ကို အကြောင်းကံ စသည်၌ တင်စားခြင်းဖြစ်ရကား ဖလူပစာရသာ ဖြစ်သင့်၏၊ ကာရကပုဒ်စစ် ၌လည်း " ကံ အစရှိသော ငါးပါးသော ကာရကတို့သည် ကြိယာပြီးခြင်း၏ အကြောင်းဖြစ်၍ ဖလူပစာရ အားဖြင့် ကာရက မည်ကုန်၏ " ဟု ဆိုသည်၊ ထို့ကြောင့် ထို သရူပတ္ထအယူကို စဉ်းစားကြပါလေ။

## ကာရကနိဒ္ဒေသအဖွင့် ပြီး၏။

www.dhammaransi.com



**သမာသနိဒ္ဒေသ**

**၅၇။ ဝိသေသနဝိသေသျာနံ, အဘိန္နတ္ထတ္တမီရိတံ၊**
**သ မာသောနာမ တာဒိမှိ, တဗ္ဗိတောပိ ဝိဓိယတေ။**

၅၇။ ဝိသေသနဝိသေသျာနံ - ဝိသေသန ဝိသေသျပုဒ်တို့၏၊ အဘိန္နတ္ထတ္တံ- မကွဲပြားသော အနက်ရှိကုန်သည်၏ အဖြစ်ကို၊ ဝါ- တခုသောအနက်ရှိကုန်သည်၏အဖြစ်ဟူသောကေတ္တိဘောကို၊ သမာသောနာမ - သမာသ်မည်၏ ဟူ၍၊ ဤရိတံ - ဆိုအပ်၏၊ တာဒိမှိ-ထိုကဲ့သို့ ရှုအပ်သော အဘိန္နတ္ထတ္တ၌၊ တဗ္ဗိတောပိ - တဒ္ဓိတ်ကိုလည်း၊ ဝိဓိယတေ - စီရင်အပ်၏။

၅၇။ **ဝိသေသန၊ပေ၊သမာသောနာမ။** ။ဝိသေသန ဝိသေသျ ၂ ပုဒ်တို့၏ အနက်အားဖြင့် မကွဲမပြား တသားတည်း ဖြစ်ခြင်းကို "သမာသ်"ဟု ဆိုအပ်၏၊ ဤစကားသည်"ကေတ္တိဘာဝေါ သမာသလက္ခဏံ"နှင့် သဘောတူပင်တည်း၊ ဆက်ဦးအံ့ — "ရညော+ပုရိသော"ဟူသော ဝါကျအခိုက်၌ "ရညော "အရ မင်းဖြစ်ရ၍, "ပုရိသော " အရ ယောကျ်ားဖြစ်ရ၏၊ ဤသို့ အနက်အရအားဖြင့် ကွဲပြား၏၊ "ရာဇပုရိသော"ဟု သမာသ်ဖြစ်သောအခါ ၌ကား"မင်းချင်းယောကျ်ား"တည်းဟူသောအနက်ဖြစ်တခုသာ ရတော့၏၊ ထိုသို့ အနက်တခုသာရခြင်းကို " အဘိန္နတ္ထတ္တ "ဟုရင်း, " ကေတ္တိဘာဝ " ဟုရင်း ဆိုသည်။ [မင်းကို ခစားသောယောကျ်ားကို " မင်းချင်းယောကျ်ား (မင်း၏အချင်းချင်းဖြစ်သော ယောကျ်ား)"ဟု ခေါ်၏။]

ချဲ့ဦးအံ့—" ရညော ပုရိသော"၌ ရာဇသည် မင်းဖြစ်တည်းတူသော မိမိ အနက်၌သာ ရပ်၍မနေဘဲ ပုရိသ၏ဝိသေသန အနက်တိုင်အောင် ဟော၏၊ [ အခြားသူ၏ အချင်းယောကျ်ား မဟုတ်၊ " မင်း၏ အချင်းယောကျ်ား— မင်းနှင့်စပ်သော အချင်းယောကျ်ား"ဟု ရာဇသဒ္ဒါက ပုရိသကို ဝိသေသနပြု သည်-ဟူလို။] ပုရိသသဒ္ဒါလည်း (အခြားယောကျ်ား မဟုတ်, မင်း၏အချင်း ယောကျ်ား—ဟု) ရာဇသဒ္ဒါသည် အထူးပြုအပ်သော ဝိသေသျဖြစ်၏၊ ဤသို့ ဝိသေသန ဝိသေသျ ၂ ပုဒ်သည် သမာသ်ဖြစ်သောအခါ ဝါကျတုန်းကကဲ့သို့ အနက် ၂ ခု မရဘဲ မင်း၏ အချင်းယောကျ်ားဟူသော " ယောကျ်ားဖြစ် " အနက်တခုသာ ရတော့သည်။ [အဘိန္နော+အတ္ထော ယေသံတိ အဘိန္နတ္ထာ၊ အဘိန္နတ္ထာနံ + ဘာဝေါ အဘိန္နတ္ထတ္တံ။ ] ထိုသို့ အဘိန္နတ္ထတ္တ ဖြစ်အောင် စီရင်သော သဒ္ဒါတမျိုးကို သမာသ် ဟု ခေါ်သည်။ [ သမာသ်နှင့် စပ်၍ အခြားမှတ်ဘွယ်များကို ရူပသိဒ္ဓိသမာသ်ခဏ်းမှာ ရှုပါ။]

www.dhammaransi.com



**၅၉။ ဒုတိယာဒီ သမသျန္တေ, ယတြ နာမပဒေဟိ သော၊ ပရေဟိ တု တပ္ပုရိသော, ဝိသေသျ·တြ ပရံ ဗဟုံ။**

၅၉။ ယတြ-အကြင်သမာသ်၌၊ ဒုတိယာဒီ- ဒုတိယာအစရှိသော ဝိဘတ်ကျန္တပုဒ်တို့ကို၊ **ပရေဟိ** – နောက်ဖြစ်ကုန်သော၊ **နာမပဒေဟိ**– နာမ်ပုဒ်တို့နှင့်၊ သမသျန္တေ-ချဉ်းစပ်အပ်ကုန်၏၊ **သော**-ထို သမာသ် သည်၊ **တပ္ပုရိသော**–တပ္ပုရိသ်မည်၏၊ အတြ-ဤ **တပ္ပုရိသ်သမာသ်** ၌၊ **ဝိသေသျံ** – **ဝိသေသျပုဒ်သည်**၊ ဗဟုံ - များသောအားဖြင့်၊ **ပရံ**– နောက်၌၊ (ဘဝေ)။

**တာဒိမှိ တဒ္ဓိတော ဝါ**။ ။အဘိန္နတ္ထတ္တ (မကွဲပြားသော တနက်ထည်း)၌ သမာသ်ကို စီရင်ရသကဲ့သို့, ထို့အတူ အဘိန္နတ္ထတ္တ၌ တဒ္ဓိတ်ကိုလည်း စီရင်ရ သည်၊ "ဝသိဋ္ဌဿ+အပစ္စံ"ဟူသော ဝါကျ၌ ဝသိဋ္ဌရသေ့ဟူသော အနက်, သားဟူသောအနက်အားဖြင့် ၂ နက်ရသော်လည်း "ဝါသိဋ္ဌော"ဟု တဒ္ဓိတ် ဖြစ်လာသောအခါ ဝသိဋ္ဌ၏သားဖြစ်သော " သားဒြပ် " အနက်တခုသာ ရခြင်းကို တဒ္ဓိတ်၏ " အဘိန္နတ္ထတ္တ " ဟု ဆိုသည်။ [ သမာသ်နှင့် တဒ္ဓိတ် အထူးကို သမာသ်ရူပသိဒ္ဓိ၌ ရှုပါ။]

---

**၅၉။ ဒုတိယာဒီ၊ပေ၊တပ္ပုရိသော**။ ။တပ္ပုရိသ်သမာသ်၏ လက္ခဏာ ကို ပြသောဂါထာတည်း၊ " ဘူမိံ + ဂတော" ကဲ့သို့ ရှေ၌ ဒုတိယာစသော ဝိဘတ်အဆုံးရှိသော ပုဒ်တို့ကို နောက်က ဂတောကဲ့သို့သော နာမ်ပုဒ်တို့နှင့် စပ်ရာသမာသ်သည် တပ္ပုရိသ်သမာသ်မည်၏။ ["အမာဒယော ပရပဒေဘိ" သုတ်နှင့် သဘောတူပင်တည်း။]

**ပုံစံ**။ ။သုခံ + ပတ္တော သုခပ္ပတ္တော၊ [ပပုဗ္ဗ + အပ ဓာတ်, တပစ္စည်း ဖြစ်၍ ပ ဥပသာရ၌ ဒွေဘော်ရှိရသည်။] "သုခံ+ ဉာတော(ရောက်သူ) သုခိ တော၊ ဤသို့ပြုလျှင် တပ္ပုရိသ်၊ သုခံ+ ဣတံ (ဧာတံ) ယဿာတိ သုခိတော– ဖြစ်သောချမ်းသာရှိသူ၊ ဤသို့ပြုလျှင် ဗဟုဗ္ဗီဟိ " ဟု ဆို၍ " ဒွါဓိပ္ပါယိကံ – ဝဒန္တပုဂ္ဂိုလ်၏အလို ၂ မျိုးရှိရာပုဒ်"ဟု ဆိုကြ၏၊ မောဂ္ဂလ္လာန်၌ကား "သုခံ သဉ္ဇာတံ အဿာတိသုခိတော–လွန်စွာဖြစ်သော သုခရှိသူ"ဟု ပြု၍ သဉ္ဇာတ အဿအနက်၌ ဣတပစ္စည်းသက်"ဟု ဆို၏၊ ဤအလို တဒ္ဓိတ်ပုဒ်တည်း။

ဇမ္ဗုယာ+ပညာတော+ဒီပေါ ဇမ္ဗုဒီပေါ– သပြေပင်ဖြင့် ထင်ရှားသော ကျွန်း(ဇမ္ဗူဒိပ်)၊ [မဇ္ဈေလောပီ တတိယာတပ္ပုရိသ်သမာသ်။] တုမှေန+ ယောဂေါ တယ္ယောဂေါ–တုမှသဒ္ဒါနှင့် ယှဉ်သောသဒ္ဒါ၊ အမှေန ယောဂေါ

www.dhammaransi.com



၆၀။ ဝိသေသနံ ဝိသေသျေန, ဧကတ္တံ ယဒိ တံ ဒွယံ၊
သ ကမ္မဓာရယော တသ္မိံ, ပုံယော ပုဗ္ဗံ ဝိသေသနံ။

၆၀။ (ယတြ – အကြင် သမာသ်၌၊) ဝိသေသနံ – ဝိသေသနကို ဝိသေသျေန-ဝိသေသျနှင့်၊ (သမဿတေ-ချဉ်းစပ်အပ်၏၊)တံဒွယံ-

မယျောဂေ၊ [ သုတ်ကြီးဖြင့် တုမှကို တ, အမှကို(မ)ပြု၊ ] ကထိနဿ + ဒုဿံ ကထိနဒုဿံ၊ ဓမ္မာယ- တရားအလို့ငှါ+ဝိနယော—ဆုံးမရာ သာသနာ တော်တည်း၊ ဓမ္မဝိနယော။

ရာဇတော+ ဥပ္ပန္နံ+ဘယံ ရာဇဘယံ၊ ဥပါဒါနာနံ– တို့၏+ခန္ဓာ—အာရုံ ဖြစ်သော ခန္ဓာတို့တည်း၊ ဥပါဒါနက္ခန္ဓာ၊ သတ္တုနော+ဒဿနံ သတ္တုဒဿ နံ၊ [ တ္တု၌ ဥကို အာရပြု။ ] သကျဿ – သာကီနွယ်ဘွား မြတ်ဘုရား၏+ ဓီတာ သကျဓီတရာ၊ မာတာပိတူသု + သံဝဍ္ဎော မာတာပိတရသံဝဍ္ဎော– မိဘတို့၌ ကြီးပွားသူ၊ (မိနဲ့ ဘနဲ့ ကြီးရသူ)။ [န+မာတာပိတရသံဝဍ္ဎော အ မာတာပိတရသံဝဍ္ဎော–မိနဲ့ ဘနဲ့ ကြီးရသူ မဟုတ်။]

**ဝိသေသျ တြပရံ ဗဟုံ။** ။"ဤသမာသ်၌ များသောအားဖြင့် ဝိသေသျ ပုဒ်က နောက်နေရသည်"ဟု ဆိုသဖြင့် ဝိသေသျပုဒ်က ရှေ့နေသောအရာလည်း အနည်းငယ်ရှိသေး၏–ဟု သိစေသည်၊ ပုံစံကား – ဟံသာနံ + ရာဇာ ရာဇ ဟံသော၊ [ "ဟံသရာဇာ" ပြီးပြီးနောက်မှ တဒနုပရောဓေနဟူသော ပရိ ဘာသာနှင့်အညီ တေသုဝုဒ္ဓိသုတ်ကြီးဖြင့် ရှေ့နောက်ပြန်။] ဒန္တာနံ+ရာဇာ• ရာဇဒန္တော– ဒန္တတိုင်းတို့၏မင်း၊ ကာယဿ+ပုဗ္ဗံ ပုဗ္ဗကာယော– ကိုယ်၏ ရှေ့ပိုင်း၊ ပုဗ္ဗေ+ ဒိဋ္ဌော ဒိဋ္ဌပုဗ္ဗော –ရှေး၌ မြင်လိုက်ဘူးသူ၊ [ " အဒက္ခိတိ ဒိဋ္ဌော–မြင်ဘူးသူ"ဟု ကတ္တုရုပ်ပြု၊] ဒိဋ္ဌပုဗ္ဗာ တထာဂတံ-မြတ်စွာဘုရားကို ရှေး၌ မြင်လိုက်ဘူးကုန်၏၊ သုတပုဗ္ဗော – ရှေး၌ ကြားဘူးသူ၊ ဘူတပုဗ္ဗံ – ရှေး၌ ဖြစ်ဘူးသောဝတ္ထု။ ["အဒက္ခိယိတ္ထာတိ ဒိဋ္ဌော"ဟု ကမ္မရုပ်ဖြင့်လည်း "ဒိဋ္ဌပုဗ္ဗာ–ရှေး၌ မြင်အပ်ဘူးကုန်သောနတ်တို့၊ အဂတပုဗ္ဗာ-ရှေး၌ မရောက် အပ်ဘူးသော၊ ဒိသာ—နိဗ္ဗာန်အရပ်"စသည်ဖြစ်၏။]

**သရဏာဂတော။** ။သရဏံ ဧတိ+ဂတော သရဏာဂတော-ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်သူ၊ သရဏံ၌ ပဉ္စမာဝိဘတ်ကြေသောကြောင့် "ပဉ္စမာတပ္ပု ရိသ် " ဟု သဒ္ဒနီတိဆို၏၊ ဧတိသဒ္ဒါဖြင့် တွဲရသောကြောင့် " အနိစ္စံဧတိ+ သညာ အနိစ္စသညာ"ကဲ့သို့ သမ္ဘာဝနာကမ္မဓာရဲဟုလည်း အပရေဆရာတို့က ဆိုကြသတတ်။

www.dhammaransi.com



ထို ဝိသေသန, ဝိသေသျ ၂ ပါး အပေါင်းသည်၊ ကေတ္တံ - တူသော အနက်ရှိသည်၊ ယဒိ (ဟောတိ) – အံ့၊ (ဝေိသတိ)၊ သ(သော)–ထို သမာသ်သည်၊ ကမ္မဓာရယော-ကမ္မဓာရည်းသမာသ်မည်၏၊ တဿ°- ထို ကမ္မဓာရည်းသမာသ်၌၊ ဝိသေသနံ- ဝိသေသနသည်၊ ပါယော- များသောအားဖြင့်၊ ပုဗ္ဗံ–ရှေ၌၊ ဝါ–ရှေက; (ဘဝေ–၏)။

၆၀။ **ဝိသေသနံ၊ပေ၊ကမ္မဓာရယော။** ။“နီလဥ္စ+တံ+ဥပ္ပလဥ္စာတိ နီလုပ္ပလံ ” ၌ နီလံဟူသော ဝိသေသနနှင့် ဥပ္ပလံ ဟူသော ဝိသေသျသည် တူသော အနက်ရှိ၏၊ “ တုလျာဓိကရဏ ”ဖြစ်၏၊ ထို သမာသ်သည် ကမ္မဓာရည်းသမာသ် မည်၏၊ ချဲ့ဦးအံ့— နီလံသည် အညိုဂုဏ်ကို ပဝတ္တိနိမိတ် (သဒ္ဒါဖြစ်ခြင်း၏ အကြောင်း) ပြု၍ ကြာဒြပ်ကို ဟော၏၊ ဥပ္ပလံ သဒ္ဒါလည်း ကြာဇာတ်ကို ပဝတ္တိနိမိတ် ပြု၍ ကြာဒြပ်ကို ဟော၏၊ ထို့ကြောင့် နီလံနှင့် ဥပ္ပလံ ၂ ပုဒ်သည် (ကြာဟူသောအနက်အားဖြင့်) တုလျာဓိကရဏ–တူသော တည်ရာရှိကြသည်၊ ထိုသို့ တူသောတည်ရာရှိသော သမာသ်ကို ကမ္မဓာရည်း သမာသ် ဟု ခေါ်သည်။

**ပါယော ပုဗ္ဗံ ဝိသေသနံ။** ။ဤ သမာသ်၌ ဝိသေသနသည် များသော အားဖြင့် ရှေကနေ၏၊ အနည်းငယ်အားဖြင့်ကား ဝိသေသနနောက် နေသော သမာသ်လည်းရှိ၏၊ ပုံစံကား–သာရိပုတ္တော စ+သော+ထေရော စာတိ သာရိပုတ္တတ္ထေရော၊ ဤ၌ ထေရောသည် သာရိပုတ္တကို အထူးပြုသော ဝိသေသန ဖြစ်လျက် နောက်ကနေ၏၊ ဤသမာသ်မျိုးကို ဝိသေသနပရပဒ ကမ္မဓာရည်း ဟု ခေါ်၏၊ ဗုဒ္ဓဃောသာစရိယော–ဗုဒ္ဓဃောသဆရာ၊ မဟောသဓပဏ္ဍိတော– မဟောသဓာသုခမိန်၊ ဇိနဝရော– ဘုရားမြတ်၊ ဤသို့ စသည်တည်း၊ [ မြန်မာ စကားလည်း ဤပုဒ်များ၌ ဝိသေသနကို နောက်ထား၍ သုံးစွဲလေ့ရှိသည်။ ]

**ဝိသေသနောဘယပဒ။** ။၂ ပုဒ်လုံး ဝိသေသနချည်း ဖြစ်သော ကမ္မဓာရည်းလည်းရှိနိုင်၏၊ ပုံစံကား–ဂိလာနော ဟုတွာ ဝုဋ္ဌိတော-မကျန်းမာသူ ဖြစ်၍ (ထိုမကျန်း မမာခြင်းမှ) ထမြောက်သော၊ ဘိက္ခု-ရဟန်း၊ ဤသမာသ်၌ ဂိလာနောပုဒ် ဝုဋ္ဌိတောပုဒ် ၂ ပုဒ်လုံးပင် ဘိက္ခု၏ ဝိသေသနပုဒ်များ ဖြစ်ကြ ၏၊ သိတ္တဉ္စ+တံ+ သမ္မဋ္ဌဉ္စာတိ သိတ္တသမ္မဋ္ဌံ – ရေလည်း ဖြန်းအပ် တံမြက် လည်း လှည်းအပ်သော (ရေဖြန်း၍ တံမြက်လှည်းအပ်သော)၊ ဌာနံ-အရပ်၊ အန္ဓဗဓိရော– ကာဏ်းလည်းကာဏ်း နားလည်း ပင်းသော၊ ပုရိသော၊ ခဉ္ဇ ခုဇ္ဇော-ခြေလည်း ခွင်,ခါးလည်း ကုန်းသော၊ ပုရိသော၊ ဤသို့ စသည်တည်း။

**၆၁။ တဒ္ဓိတန္တေ သမာဟာရေ, ဥတ္တရသ္မိံ ပဒေ ပရေ၊**
**သမသျန္တေ ဒိဂု ယတြ, သင်္ချာ သင်္ချေယျဝါစိဘိ၊**

၆၁။ ယတြ – အကြင် သမာသ်၌၊ တဒ္ဓိတန္တေ - တဒ္ဓိတ်ပစ္စည်း၏ အနက်၌ငှင်း၊ သမာဟာရေ-သမာဟာရ အရာ၌ငှင်း၊ ပရေ–ပြဋ္ဌာန်းသော၊ ဥတ္တရသ္မိံ ပဒေ – နောက်ပုဒ်၌ငှင်း၊ သင်္ချာ - သင်္ချာဝါစက သဒ္ဒါတို့ကို၊ သင်္ချေယျဝါစိဘိ - သင်္ချေယျ အနက်ဟော သဒ္ဒါတို့နှင့်၊ (သဟ–တက္ကွ၊) သမသျန္တေ-ချဉ်းစပ်အပ်ကုန်၏၊(သော–ထို သမာသ် သည်၊) ဒိဂု-ဒိဂုသမာသ် မည်၏။

**၆၁။ တဒ္ဓိတန္တေ၊ ပေ၊ ဝါစိဘိ ။** ။ ယတြ သင်္ချာ သင်္ချေယျဝါစိဘိ သမသျန္တေ–အကြင် သမာသ်၌ "တိလောကံ" ဝယ် တိကဲ့သို့သော သင်္ချာ ဝါစကသဒ္ဒါတို့ကို လောကံကဲ့သို့သော သင်္ချေယျဝါစကသဒ္ဒါတို့နှင့် သမာသ် စပ်အပ်ကုန်၏၊ ထို သမာသ်သည် ဒိဂုမည်၏၊ ထို ဒိဂုသည် တဒ္ဓိတတ္ထဒိဂု သမာဟာရဒိဂု, ဥတ္တရပဒပရဒိဂု, အားဖြင့် ၃ ပါး ပြားသည်။

တဿ•တ္ထေ ဝိသယေ ဝါစ္စေ, အပစ္စတ္ထဏိကာဒိကံ၊
ဟိတွာ•ဇာဒေး သမာဟာရေ, ဂေါတိခေတ္တရပဒေ ပရေ။

တဿ-တဒ္ဓိတ်ပစ္စည်း၏၊ အတ္ထေ-အနက်ဖြစ်သော၊ ဝိသယေ-အရာ၌ငှင်း၊ အပစ္စတ္ထဏိကာဒိကံ – အပစ္စအနက်ဟော ဏိ စသောပစ္စည်းကို၊ [ ဏိကာ၌ "က"သည် ဆန္ဒာနုရက္ခဏာ]၊ ဟိတွာ-စွန့်၍၊ [ကျမ်းရင်း၌ "ပြောဇ်ဘျ"ဟု ရှိ၊] အဇာဒေး-သရ အစရှိသော၊ တဿ-တဒ္ဓိတ်ပစ္စည်း၏၊ ဝါစ္စေ-ဟောနက်၌ငှင်း၊ [ဤစကားဖြင့် တဒ္ဓိတတ္ထ ၂ မျိုးပြားကြောင်းကိုပြ၏။] သမာဟာရေ-အပေါင်းအစု ပဓာနပြုရာ သမာဟာရဒိဂု၌ငှင်း၊ ဥတ္တရပဒေ–နေဒ်ပုဒ်သည်၊ ပရေ-နှောင်းလသော်ငှင်း၊ ဝါ-နှောင်းရာ၌ငှင်း၊ (ဘဝန်-ဖြစ်သည်ဖြစ်၍၊) ဂေါ–ဒိဂုသမာသ်သည်၊ တိဓာ-၃ မျိုးပြား၏။.... [မုဒ္ဓဗောဓ]

**တဒ္ဓိတတ္ထဒိဂု။** ။တဒ္ဓိတ်ပစ္စည်း အနက်ရှိသော ဒိဂုသည် တဒ္ဓိတတ္ထဒိဂု မည်၏၊ ဤဒိဂုသည် တဒ္ဓိတ်ပစ္စည်း မသက်ရသော ဒိဂု, သက်ရသော ဒိဂု ဟု ၂ မျိုး ပြားပြန်၏၊ ထိုတွင် "ပဉ္စဟိ ဂေါဟိ ကီတော ပဉ္စဂု–နွား ၅ ကောင် တို့ဖြင့် ဝယ်အပ်သော ဥစ္စာ" ထုံးစံအတိုင်း သမာသ် စီရင်၍ ဝိဘတ်, ကီတ ပုဒ်တို့ကို ချေ၊ "ပဉ္စဂေါ"ဟု ပကတိဖြစ်၏၊ ဤ၌ အသမာဟာရဒိဂုဖြစ်၍ နပုံ ကေတ် မစီရင်ရသော်လည်း ဂေါ၌ ဩကို ဥပြု၍"ပဉ္စဂု"ဟု ဖြစ်၏။

' **မှတ်ချက်။** ။"ပဉ္စဂု"ဟူသော သမာသ်သည်ပင် "ကီတံ" ဟူသော တဒ္ဓိတ်ပစ္စည်း၏ အနက်ကို အမွေခံ၍ ဟောသောကြောင့် တဒ္ဓိတ် ဏပစ္စည်း

www.dhammaransi.com



မသက်ရ၊ ထို့ကြောင့် တဒ္ဓိတ်ပစ္စည်း မသက်ရသော တဒ္ဓိတတ္ထဒိဂုသမာသ် မည်၏။ [သမာသေနေဝ တဒ္ဓိတတ္ထဿ ဥတ္တတ္ထတ္တော ဝုတ္တတ္ထာန မပ္ပယော ဂေါတိ ဉာယတော တဒ္ဓိတပစ္စယဿ အနုပ္ပတ္တိ။—မုဒ္ဒဗောဓဋီကာ။]

**ကစ္စာယနသာရ ဋီကာ။** ။ပဉ္စသု ကပါလေသု သင်္ခတံ (ညြဒနံ) ပဉ္စကပါလံ — ၅ ခုသော ထမင်းခွက်တို့၌ ပြင်ထားအပ်သော ထမင်း၊ သင်္ခတ ပုဒ်၏အနက်ဖြစ်သော ဏပစ္စည်း မသက်ရသော ဒိဂုပင်တည်း၊ "ကပါလံ"ဟု ရှိသောကြောင့် သမာဟာရဒိဂုဟု ထင်စရာရှိသော်လည်း သမာဟာရမဟုတ်၊ အသမာဟာရပင်၊ ညြဒနံပုဒ်က ပုံ— နပုလ္လိင်ရှိသောကြောင့် နပုလ္လိင်ချသည်၊ "ပဉ္စကပါလော (ညြဒနော)" ဟု လည်း ချနိုင်သည်၊ မောဂ္ဂလ္လာန်၌ကား— သမာသ်နောင် ဏပစ္စည်းသက်၍ ကာ၌ ဝုဒ္ဓိရောက်လျှက်"ပဉ္စကာပါလော" ရှိသည်၊ ဤအလို "တဒ္ဓိတ် ဏပစ္စည်းသက်သော တဒ္ဓိတတ္ထသမာဟာရဒိဂု" ဟု ဆိုရသည်။

**ပစ္စည်းသက်သော တဒ္ဓိတတ္ထ။** ။ ဒွိန္နံ မာတရာနံ အပစ္စံ ဒွေမာတရော- မိခင် ၂ ယောက်တို့၏သား၊ "ဒွိ+ မာတု + အပစ္စ"တည်း, သမာသ်စီရင်၍ အပစ္စအနက်၌ ဏပစ္စည်းသက်၊ ဝိဘတ် အပစ္စံပုဒ်တို့ကိုချေ၊ "ဒွိမာတုအ"ဟု ဖြစ်၏၊ ထို့နောက် တု၌ ဥ၏ကို အာရပြု, ဒွိ၌ ဣကို ဧဝုဒ္ဓိပြု၊ သိသက် ညြပြု၍ "ဒွေမာတရော"ဟု ဖြစ်သည်။[ ဒွိန္နံ မာတရာနံ အပစ္စံဣတိ အတြ၊ပေ၊ဒွိမာတြ (ဒွိမာတု) ယဒါကတေ ဒွိဣတ္ထဿ ဝုဒ္ဓိ၊ — မုဒ္ဒဗောဓဋီကာ၊ ဤပုံစံ၌ တဒ္ဓိတ် ပစ္စည်းသက်သော်လည်း တဒ္ဓိတ်သက်သက်မဟုတ်, သချ်ာရှေးရှိသော ၂ ပုဒ် ဖြစ်၍ ဒိဂုသမာသ်လည်း ဟုတ်၏၊ ထို့ကြောင့် "တဒ္ဓိတတ္ထဒိဂု" ဟု အမည် ရသည်၊ ပါဠိ၌ကား ဤဒိဂုမျိုး ရှိခဲ၏။]

**သမာဟာရဒိဂု။** ။ဤဒိဂုကား"တိလောကံ, စတုဿစ္စံ, ပဉ္စ+ဂါဝေါ ပဉ္စဂဝံ, သတ္တဂေါဒါဝရံ" စသည်ဖြင့် နပုံးကေတ်ငဲ့၍ ပြီးရသော ရိုးရာဒိဂု သမာသ်များပင်တည်း။

**ဥတ္တရပဒ ပရ။** ။ပဉ္စ+ဂါဝေါ+ ဓနံ ယဿာတိ ပဉ္စဂဝဓနံ(ကုလံ)— နွား ၅ ကောင်ဥစ္စာရှိသောအမျိုး၊ ပုရိသောငဲ့လျှင်"ပဉ္စဂဝဓနော"ဟုလည်း ဖြစ်၏၊ ဗဟုဗ္ဗိဟိသမာသ်ဟု ဆိုသင့်သော်လည်း သချ်ာရှေးရှိလျှင် "ဒိဂု" ဟု ဆိုလေ့ရှိသော လောကီသဒ္ဒါကျမ်းတို့ အလိုအားဖြင့် "ဒိဂု" ဟု ဆိုရသည်၊ "ဓနံ"ဟု နောက်ပုဒ်အပိုရှိ၍, ထိုပုဒ်၏အနက်သည်ပင် ပြဋ္ဌာန်းသောကြောင့် "ဥတ္တရပဒ ပရဒိဂု"ဟု ခေါ်သည်။ [ပဉ္စ+ ဂါဝေါ ပဉ္စဂဝံ (ဒိဂု)၊ ပဉ္စဂဝံ+ ဓနံ ယဿာတိ ပဉ္စဂဝဓနော-ဟု ဗဟုဗ္ဗိဟိခွဲ၍ ပြုလျှင်ကား ဗဟုဗ္ဗိဟိရိုးရာပင် ဖြစ်သင့်စရာရှိသည်။]

www.dhammaransi.com



၆၂။ ဥဘော တပ္ပုရိသာ ဝုတ္တာ, ကာရိယမ္ဗေ တဒါသယံ၊
လက္ခိတံ လက္ခလက္ခေသု, လက္ခလက္ခဏာဒဿိနာ။

၆၂။ ဥဘော - ကမ္မဓာရဲ ဒိဂု, သမာသ် ၂ ခုတို့ကို၊ တပ္ပုရိသာ- တပ္ပုရိသ်တို့မည်၏ဟူ၍၊ ဝုတ္တာ-ဆိုအပ်ကုန်ပြီ၊ (တသ္မာ-ထို့ကြောင့်၊ ဧတေသု-ထို ကမ္မဓာရဲ ဒိဂု သမာသ် ၂ ခုတို့၌၊) တဒါသယံ- ထို တပ္ပုရိသ်လျှင် အရာရှိသော၊ ကာရိယံ-အ,အန်စသော ပြုစီရင်ဘွယ်သည်၊ စေ(ဟောတိ)-အကယ်၍ရှိအံ့၊(ဧဝံသတိ-သော်၊) လက္ခလက္ခဏေသု-မှတ်အပ်သောဥဒါဟရုဏ်,မှတ်ကြောင်းသုတ်တို့၌၊ ဝါ-အဗြာဟ္မဏော, အနရိယောစသော ဥဒါဟရုဏ်, အတ္တံ နဿ တပ္ပုရိသေ, သရေ အန်ဟူသောသုတ်တို့၌၊ လက္ခလက္ခဏာ ဒဿိနာ- ဥဒါဟရုဏ် သုတ်ကိုမြင်သိ, ပညာရှိသည်၊ တဒါသယံ - ရှိသော၊ ကာရိယံ- ကို၊ **လက္ခိတံ-မှတ်သားအပ်ပါလော**။

၆၃။ ယတြာနေကပဒါ ညတ္တေ, ဗဟုဗ္ဗိဟိ သ ဝုစ္စတေ၊
သရူပါ ယဒိဝါ ယုဒ္ဓေ, ဝိဒိသာယ ဒိသာရဝါ။

၆၃။ ယတြ - အကြင် သမာသ်၌၊ အနေကပဒါ – ၂ ပါး ၃ ပါး စသောအားဖြင့် များစွာသော ပုဒ်တို့ကို၊ အညတ္တေ – အညပုဒ်၏ အနက်၌၊ ဝါ - သမာသ်ပုဒ်မှ တပါးသောပုဒ်၏ အနက်၌၊ ( သမ

၆၂။ **ဥဘော၊ပေ၊ဒဿိနာ** ။ ။ ပြအပ်ခဲ့သော ကမ္မဓာရဲ ဒိဂု သမာသ် ၂ ပါးကို တပ္ပုရိသ်ဟု အရှင်ကစ္စည်းဆရာသည် ဆိုအပ်ပြီ။ [“ဥဘော တပ္ပုရိသာ”ဟု သုတ်တည်၍ ဆိုအပ်ပြီ–ဟူလို။] ထို့ကြောင့် “န + ဗြာဟ္မဏော အဗြာဟ္မဏော, န+အရိယော အနရိယော”စသော (ဥဒါဟရုဏ်),“အတ္တံ နဿ တပ္ပုရိသေ, သရေ အန် ”ဟူသော လက္ခဏ (သုတ်) တို့၌ ထိုတပ္ပုရိသ် အရာရှိသော အစီအရင်ကို သိမြင်သော ပညာရှင်များ မှတ်သားအပ်ပါလေ၊ “စီရင်ပါလေ”ဟူလို။

**မှတ်ချက်**။ ။ပုရိသုတ္တမော—ယောကျ်ားမြတ်၊ ဝစနတ္ထဝရော—စသော ဝိသေသနပရပဒကမ္မဓာရဲတို့၌ ( နောက်ပုဒ် အရ ပဓာန ဖြစ်ခြင်း ဟူသော တပ္ပုရိသ် လက္ခဏာမရှိသောကြောင့် ) သုဒ္ဓကမ္မဓာရဲ ( တပ္ပုရိသ်နှင့် မရောနှောသော ကမ္မဓာရဲ) ဟု သရူပတ္ထ၌ မိန့်သည်။

www.dhammaransi.com



သျှန္တေ-နှ်၏၊) သ (သော)-ထိုသမာသ်ကို၊ ဗဟုဗ္ဗီဟိ-ဗဟုဗ္ဗီဟိဟူ၍၊ ဝုစ္စတေ-ဆိုအပ်၏၊ သရူပါ-သတ္တမျန္တတတိယန္တဖြစ်သော တူသော သုတိရှိသော သဒ္ဒါတို့ကို၊ ယုဒ္ဓေ-အညပဒတ္ထဖြစ်သော စစ်တိုတ်ခြင်း, ရန်ဖြစ်ခြင်းဟူသော အနက်၌၊ ယဒိဝါ ( သမသျှန္တေ ) – အကယ်၍မူလည်း သမာသ်စပ်အပ်ကုန်အံ့၊ (ဧဝံသတိ – သော်၊ သ(သော)-ထိုသမာသ်ကို၊ ဗဟုဗ္ဗီဟိ- ဗျတိဟာရလက္ခဏ ဗဟုဗ္ဗီဟိ ဟူ၍၊ ဝုစ္စတေ–၏၊)ဒိသာရဝါ – တူရူအရပ်မျက်နှာကို ဟောသောသဒ္ဒါတို့ကို၊ ဝိဒိသာယ- အညပဒတ္ထဖြစ်သော အထောင့်အရပ်ဟူသော အနက်၌၊ (ယဒိဝါ သမသျှန္တေ)-နှ်အံ့၊ ဧဝံသတိ-သော်၊ သ(သော)-ကို၊ ဗဟုဗ္ဗီဟိ-ဒိသန္တရာလတ္ထ ဗဟုဗ္ဗီဟိဟူ၍၊ ဝုစ္စတေ-၏။)

၆၃။ **ယတြ၊ ပေ၊ ဝုစ္စတေ။** ။ပုဒ် ၂ပါးဖြစ်စေ ပုဒ် ၃ပါးစသည်ဖြစ်စေ အညပုဒ်၏အနက်၌ သမာသ်စပ်ရာဖြစ်သော သမာသ်သည် ဗဟုဗ္ဗီဟိသမာသ် မည်၏၊ ဤသမာသ်၌ ဒွက္ခရ,တျက္ခရ,ဗဟွက္ခရအားဖြင့် ၃ မျိုးပြား၏-ဟုဆို၏၊ ထိုတွင် အက္ခရာ ၂ လုံးသာ ရှိသော သမာသ်သည် ဒွက္ခရသမာသ် မည်၏၊ သုဓီ– ကောင်းသောပညာရှိသူ၊ [သုန္ဒရာ+ဓီ ယဿာတိ သုဓီ၊] သုဒေါ– ကောင်းသော မယားရှိသူ၊ [သုန္ဒရံ + ဒံ ( မယား )ယဿာတိ သုဒေါ၊] ကုဒေါ–စက်ဆုပ်အပ်သော မယားရှိသူ၊ စသည်တည်း။ [ဒံချည်းသက်သက် မယားအနက်ဟော မရှိ၊ပတိသဒ္ဒါနှောင်းရာ၌သာ ဇာယာသဒ္ဒါကို ဒံပြုသော အစီအရင်ရှိသည်၊ ထို့ကြောင့် ဤပုံစံ ၂ ခုကို စဉ်းစားသင့်၏။]

**တျက္ခရ, ဗဟွက္ခရ။** ။သုဒါရော–ကောင်းသော မယားရှိသူ၊ [“သုန္ဒရော+ဒါရော ယဿ”ဟု ပြု၊] ကုဒါရော – စက်ဆုပ်အပ်သော မယားရှိသူ၊ [“ကုစ္ဆိတော+ဒါရော ယဿ”ဟုပြု၊]အနန္တံ-အဆုံးမရှိသော ဉာဏ်တော်၊ [နတ္ထိ+အန္တော ယဿာတိ အနန္တံ (ဉာဏံ)၊] ဗဟွက္ခရပုံစံကား–အနန္တံ+ဉာဏံ ယဿတိ အနန္တညာဏော၊နိဂြောဓပရိမဏ္ဍလော-ပင်ညောင်ပင်ကဲ့သို့ ဝန်းဝိုင်းသော ကိုယ်ရှိသော မင်းသား၊ ဤသို့ စသည်တည်း၊ အညပုဒ်၏ ဝိဘတ်လိုက်၍ ဒုတိယာဗဟုဗ္ဗီဟိစသည်များကို ရူပသိဒ္ဓိ၌ ရှုပါ။

**သရူပါ ယဒိဝါ ယုဒ္ဓေ ။** ။[ “တတ္ထ ဂဟေတွာ တေန ပဟရိတွာ ယုဒ္ဓေ သရူပံ ” ဟူသော မောဂ္ဂလ္လာန် ၁ – ကဏ္ဍ ( ၁၈ ) သုတ်ကို မှီသော စကားတည်း။ ] သုတိတူသော တတိယန္တ, သို့မဟုတ် သတ္တမျန္တ ၂ ပုဒ်တို့ကို စစ်တိုက်ခြင်း ရန်ဖြစ်ခြင်းဟူသော ယုဒ္ဓအနက်၌ သမာသ်စပ်လျှင် ထိုသမာသ်သည် ယုဒ္ဓဟူသော အညပုဒ်၏အနက်၌စပ်ရသောကြောင့် ဗျတိဟာရလက္ခဏ

ဗဟုဗ္ဗီဟိ မည်၏၊ ပုံစံကား — ဒဏ္ဍောဟိစ ဒဏ္ဍော်ဟိစ ပဟရိတွာ ဇာဒံ ယုဒ္ဓံ ပဝတ္တံတိ ဒဏ္ဍာဒဏ္ဍိ၊ ဇာဒံ ယုဒ္ဓံ— ဤ ရန်ဖြစ်ခြင်းသည်၊ ဒဏ္ဍောဟိစ— ဤဘက်လူတို့၏ ဒုတ်တို့ဖြင့်၎င်း၊ ဒဏ္ဍောဟိစ— ဟိုဘက်လူတို့၏ ဒုတ်တို့ဖြင့်၎င်း၊ ပဟရိတွာ— ပုတ်ခတ်၍၊ ပဝတ္တံ— ဖြစ်၏၊ ဣတိ— ကြောင့်၊ တံယုဒ္ဓံ— ထို ရန်ဖြစ်ခြင်းသည်၊ ဒဏ္ဍာဒဏ္ဍိ—မည်၏။ (ဒုတ်ဖြင့်ရိုက်၍ ဖြစ်သော ရန်ပွဲ)။

**မှတ်ချက်။** ။ "ဗျတိဟာရ" ဟူသည် ဆန့်ကျင်ဘက် အပြန် အလှန် ရိုက်ကြနှက်ကြခြင်းတည်း၊ ထို့ကြောင့် အပြန်အလှန် သတ်ပုတ်ခြင်းကို ဗျတိဟာရ ဟု မှတ်၊ "ဝိဝိတိဟာရေ" ဟူသော မောဂ္ဂလ္လာန်သုတ်ဖြင့် သမာသ် အဆုံး၌ ဝိပစ္စည်းသက်,စအနုဗန်ချေ၊ "ဝိသ္မိံ" ဟူသော မောဂ္ဂလ္လာန်သုတ်ဖြင့် ရှေ့ပုဒ်အဆုံး၌ အကို အာပြု၊ "ဒဏ္ဍာဒဏ္ဍိ" ဟုပြီး၏၊ ကေသေသုစ ကေသေသုစ ဂဟေတွာ ဇာဒံ ယုဒ္ဓံ ပဝတ္တံတိ ကေသာကေသိ—ဟိုဘက် ဒီဘက် ဆံပင်တို့၌ ဆွဲ၍ ရန်ဖြစ်ခြင်း၊ ဤသို့ စသည်တည်း။

**ဝိဒိသာယ ဒိသာရဝေါ။** ။ [ရဝသဒ္ဒါသည် သဒ္ဒ၏ ပရိယာယ်တည်း။] ဒိသာ အနက်ဟော ဒက္ခိဏာ ဥတ္တရာစသော သဒ္ဒါတို့ကို အထောင့် အရပ်ဟောသော အညပုဒ်၏အနက်၌ သမာသ်စပ်လျှင် ဒိသန္တရာလတ္ထ ဗဟုဗ္ဗီဟိ မည်၏၊ "ဒိသာ+အန္တရာလ+အတ္ထ=တူရူအရပ်တို့၏ အကြားအရပ် အနက်ရှိသော ဗဟုဗ္ဗီဟိသမာသ်" ဟူလို၊ ပုံစံကား—ပုဗ္ဗဿာစ ဒက္ခိဏဿာစ ယံ အန္တရာလံတိ ပုဗ္ဗဒက္ခိဏာ၊ ယံ-အကြင် အရပ်သည်၊ ပုဗ္ဗဿာစ-အရှေ့ အရပ်၏၎င်း၊ ဒက္ခိဏဿာစ — တောင် အရပ်၏၎င်း၊ အန္တရာလံ — အကြားကို ယူတတ်၏၊ ဣတိ, သာ-ထို အကြားအရပ်သည်၊ ဝါ— ထိုအထောင့် အရပ်သည်၊ ပုဗ္ဗဒက္ခိဏာ-မည်၏။[ရူပသိဒ္ဓိ-ဗဟုဗ္ဗီဟိသမာသ်ခဏ်းဘာသာဋီကာ၌ အကျယ်ကို ရှုပါ။]

**ယဒိဝါ ဣ ဝါအတွက်။** ။ ဝါကို အတ္ထန္တရဝိကပ္ပန အနက်ကြံ၍ ထို ဝါ သဒ္ဒါဖြင့် သင်္ချာ ၂ ပုဒ်ရှိသော သင်္ချောဘယပဒ ဗဟုဗ္ဗီဟိကို ယူပါ၊ ဒွေဝါ တယောဝါ ပတ္တာ, ဒွတ္တိပတ္တာ၊ ဤ၌ "ဒွေဝါ+တယောဝါ ဒွတ္တယော"သာ လိုရင်းတည်း၊ ဝါ၏ အနက်ဖြစ်သော ဝိကပ္ပန အညပဒတ္ထ၌ သမာသ် စပ်ရသောကြောင့်၎င်း,သင်္ချာ ၂ ပုဒ်ရှိသောကြောင့်၎င်း, သင်္ချောဘယပဒဗဟုဗ္ဗီဟိ ဟု ခေါ်သည်၊ ထို့နောက်"ဒွတ္တယောစ+တေ+ပတ္တာစာတိ ဒွတ္တိပတ္တာ"ဟု ဒိဂုကမ္မဓာရည်း ဆက်ပါ။[ ဒွိဟံဝါ+ တီဟံဝါ ဒွိဟတီဟံ - ၂ ရက် ၃ ရက်၊ ဆပဉ္စဝါစာ— ၆ ခွန်း ၅ ခွန်းသော စကားတို့၊ ဤ၌လည်း "ဆဝါ ပဉ္စဝါ ဆပဉ္စ"ဟု ပဌမပြုပြီးမှ "ဆပဉ္စ+ဝါစာ ဆပဉ္စဝါစာ"ဟု ဆက်၊ "သတ္တဋ္ဌ မာသာ" တို့လည်း နည်းတူ။ [ သမာသ်စပ်ရာတွင် မပါဝင်သောကြောင့် "ဒွေဝါ တယောဝါ"စသည်၌ ဝါကို အညပုဒ် ဟု ခေါ်သည်။]

www.dhammaransi.com



၆၄။ ပုမ္ဗိ ဝိသေသနံ တတြ, သတ္တမီ နိဋ္ဌတံပိစ၊
ပရံ ဘု အာဝုဓတ္ထေဟိ, ဝိဘာသာဂျာဟိတာဒိသု။

၆၄။ တတြ- ထိုဗဟုဗ္ဗီဟိသမာသ်၌၊ ဝိသေသနံ-ဝိသေသနသည်၊ ပုမ္ဗံ- ရှေ့၌၊ ဝါ- ရှေ့က၊ (ဘဝေ- ဖြစ်၏၊) သတ္တမီ နိဋ္ဌတံပိစ– သတ္တမျန္တပုဒ်, နိဋ္ဌမည်သောတပစ္စည်းအဆုံးရှိသော ပုဒ်သည်လည်း၊(ပုမ္ဗံ ဘဝေ)၊ အာဝုဓတ္ထေဟိ တု– လက်နက်ဟူသော အနက်ရှိသောသဒ္ဒါတို့မှကား၊ (သတ္တမီ - သတ္တမျန္တပုဒ်သည်၊) ပရံ - နောက်၌၊ (ဘဝေ)၊ အဂျာဟိတာဒိသု- အဂျာဟိတော အစရှိသောပြယုဂ်တို့၌၊ (နိဋ္ဌတံ- နိဋ္ဌမည်သော တပစ္စည်းသည်၊ ) ဝိဘာသာ- ဝိကပ်အားဖြင့်၊ (ပရံ- နောက်၌၊ ဘဝေ–၏။)

**မဏ္ဍူဝေကာရဗဟုဗ္ဗီဟိ**။ ။ဂါထာ၌ အက္ခရာပြည့်စေခြင်းငှါ အလယ်၌ ဝေအက္ခရာရှိသော ဗဟုဗ္ဗီဟိလည်းရှိ၏၊ ပုံစံကား– "ဝုဋ္ဌိဝေပရမာ" တည်း၊ ဝုဋ္ဌိ + ဝေ + ပရမံ ယေသံတိ ဝုဋ္ဌိဝေပရမာ၊ သရာ– ရေအိုင်တည်း၊ ဝုဋ္ဌိဝေ ပရမာ–မိုဃ်းရေဟူသော အလွန် အတိုင်းအရှည်ရှိကုန်၏။ ["ဝုဋ္ဌိဝေပရမာ သရာ"–ဒေဝတာသံယုတ်။]

**မဏ္ဍူဝေကာရဗဟုဗ္ဗီဟိ**။ ။ဧသော + ဝေ + ပရမော + ယဿာတိ တောဝပရမော-ဤ အရှင်သာရိပုတြာသာလျှင် အလွန်အတိုင်းအရှည်ရှိသော ရဟန်း။ [သာရိပုတ္တောဝ ပညာယ,သီလေနုပသမေနစ၊ ယောပိပါရင်္ဂတော ဘိက္ခု, တောဝပရမော သိယာ၊ .. ] ထိုမှ တပါးသော ဗာဟိရတ္ထဗဟုဗ္ဗီဟိ, တဂ္ဂုဏသံဝိညာဏဗဟုဗ္ဗီဟိ စသည်လည်း ရှိသေး၏၊ ထို အားလုံးကို ဝါ သဒ္ဒါဖြင့်ယူ၍,အဓိပ္ပါယ်ကို ရူပသိဒ္ဓိဘာသာဋီကာ၌ ရှုပါ၊ ဗဟုဗ္ဗီဟိသမာသ် ဟူသမျှကို အပြင်ပဖြစ်သော အညပုဒ်၏အနက်ကို အရကောက်ရသောကြောင့် "ဗာဟိရတ္ထသမာသ်"ဟုချည်း ကျမ်းစာတို့၌ သုံးစွဲသည်။

---

**၆၄။ ပုမ္ဗံ ဝိသေသနံ တတြ**။ ။ ထို ဗဟုဗ္ဗီဟိသမာသ်၌ ဝိသေသနပုဒ် သည် ရှေ့ကနေ၏၊ ပုံစံကား-ဇုတ္တံ+နာမံ ယဿာတိ ဇုတ္တံနာမော-ဤသို့သော နာမည်ရှိသူ၊ ဧဝံ + နာမံ ယဿာတိ ဧဝံနာမော – ဤသို့သောအမည်ရှိသူ၊ ဧဝံဂေါတ္တော-ဤသို့သော အနွယ်ရှိသူ၊ ဧဝံဝဏ္ဏော-ဤသို့သော အဆင်းရှိသူ၊ ဧဝမာဟာရော– ဤသို့သော အစာအာဟာရရှိသူ၊ ယထာန္ဝေါ (ယထာ+ အန္ဝေါ) – အကြင်သို့သော အစာရှိသော (ပုရိသော)၊ တထာန္ဝေါ (ဒေဝတာ)၊ ယထာရူပေါ-အကြင်သို့သောသဘောရှိသူ၊ တထာရူပေါ,ဧဝရူပေါ။

www.dhammaransi.com



အနုံ+ အင္ဂမံ ယေသံဟိ အနုင္ဂမာနိ (ရတနာနိ)-အခွဲဟူသော ရှစ်ခုမြောံ ရှိသောအတောင်တို့၊ အနုင္ဂမာနိ + ရတနာနိ ယဿာတိ အနုင္ဂမရတနော (ဟတ္ထိ) - အခွဲဟူသော ရှစ်ခုမြောက် အတောင်ရှိသော ( ခုနစ်တောင်ထွာ ရှိသော) ဆင်၊ အတ္တာ+စတုတ္ထော ယဿာတိ အတ္တစတုတ္ထော - မိမိဟူသော ၄ ယောံမြောက်ရှိသူ၊ အဟံ+ဒိပေါ စေတေသံဟိ မံဒိပါ – ငါဟူသော မှီခိုရာ ရှိသူတို့၊ အမှကို မပြု , နိဂ္ဂဟိတ်လာ၊ မံပဋိသရဏော, မမုဒ္ဒေသိကော ( မံ+ ဥဒ္ဒေသိကော) –ငါဟူသော ညွှန်ပြစရာရှိသော (ဘိက္ခုသံဃော)၊ ဘဂဝါ+ မူလံ စေတေသံတိ ဘဂဝံမူလကာ-ဘုရားဟူသောအရင်းခံရှိသူတို့၊ [ဘဂဝ န္တု၊ မူလ-ဟု ဖြစ်သောအခါ ( န္တု ) ကို (အ) ပြု၊ နိဂ္ဂဟိတ်လာ၊ ကပစ္စည်းသက်၊ မောဂ္ဂလ္လာန် (၃) ကဏ္ဍ, ၅၇ သုတ်ကြည့်။] ဤသို့စသည်ဖြင့် ဝိသေသနရှေ့က နေသော ပုံစံတွေများ၏–ဟု သရူပတ္ထ၌ ဆို၏။]

**သတ္တမီ နိဒ္ဒတံ ပိ စ။** ။သတ္တမီဝိဘတျန္တ ပုဒ်သည်၎င်း,နိဋ္ဌအမည်ရသော တပစ္စည်းအဆုံးရှိသောပုဒ်သည်၎င်း ရှေ့ကနေ၏၊ပုံစံကား–ဥရသိ+လော္မာနိ ယဿာတိ ဥရသိလောမော–ရင်၌ အမွေးရှိသူ၊ ကဏ္ဌေ+ကာဠော ယဿာ တိ ကဏ္ဌေကာဠော – လည်ပင်း၌ အမဲစက်ရှိသူ၊ [သတ္တမီဝိဘတ် မကြေ။] ဒါနေ+အဇ္ဈာသယော ယဿာတိ ဒါနဇ္ဈာသယော– လှူခြင်း၌+အလိုဆန္ဒ ရှိသူ၊ နိဋ္ဌတပစ္စည်း၏ပုံစံကား – ပရိပုဏ္ဏံ+ဝီသတိဝဿံ ယဿာတိ ပရိပုဏ္ဏ ဝီသတိဝဿော – ပြည့်သောအနှစ် နှစ်ဆယ်ရှိသူ (အသက် ၂၀ ပြည့်သူ)၊ [ပရိပုဏ္ဏံ၌ ပူရဓာတ်, နိဋ္ဌတပစ္စည်း။] ဇိတော+ အရိ ယေနာတိ ဇိတာရိ– အောင်အပ်ပြီးသော ရန်သူရှိသူ၊ ပတ္တော္ဒနော-ရအပ်သော ထမင်း ရှိသူ၊ ဒိန္န သုင်္ကော, စသည်တည်း။

**ပရံတု အာဝုဓတ္ထေဟိ။** ။လက်နက်ကို ဟောသောသဒ္ဒါနှင့် တွဲရာ၌ကား ထိုသတ္တမျန္တပုဒ်သည် နောက်နေရ၏၊ ပုံစံကား-ဒဏ္ဍော+ပါဏိမှိ ယဿာတိ ဒဏ္ဍပါဏိ, အာဝုဓပါဏိ, သတ္ထပါဏိ , ဝဇိရပါဏိ , အသိဟတ္ထော, စသည် တည်း။ ["ဆတ္တပါဏိ, အပ္ပံ+ရဇော+ အက္ခိမှိ ယဿာတိ အပ္ပရဇက္ခော" တို့၌ကား လက်နက်ဟောပုဒ်နှင့် မတွဲဘဲလျက် သတ္တမျန္တ နောက်နေသည်၊ ထို့ကြောင့် အာဝုဓတ္ထေဟိကို နိဒဿနနည်းကြံ။]

**ဝိဘာသာဂျာဟိတာဒိသု ။** ။ "အဂျာဟိတ " စသော ပုံစံတို့ဝယ် အာဟိတ၌ နိဋ္ဌတပစ္စည်း ဆုံးသော်လည်း ရှေ့နေ နောက်နေ အမြဲ မရှိ၊ အာဟိတော+အဂ္ဂိ ယေနာတိ အာဟိတဂ္ဂိ (အဂျာဟိတော) – ညှိထွန်းအပ်သော မီးရှိသူ (မီးထွန်းပြီးသူ)၊ [အာဟိတောတိ-အာဘတော (ဆောင်ယူ အပ်ပြီ)၊ ဇာတိတော – ညှိထွန်းအပ်ပြီ၊— ဓနိယသုတ္တနိပါတဋ္ဌကထာ။] အာဒိဖြင့်"ဆန္နဇာတော(ဇာတဆန္နော) -ဖြစ်သော ဆန္ဒရှိသူ"စသည်ကိုယူ။

www.dhammaransi.com



## ၆၅။ သမာဟာရေ·တရိတရ-ယောဂေ နာမသမုစ္စယော၊ ဒွန္ဒော ပုဗ္ဗံ ဘဝေ အတြ, အစ္စိတ·ပ္ပသရံ ဗဟုံ။

၆၅။ **သမာဟာရေ** — ( များစွာသော အနက်တို့ကို ဉာဏ်ဖြင့် တပေါင်းတည်း ဆောင်ယူရာဖြစ်သော ) သမာဟာရ ဒွန်အရာ၌၎င်း၊ ဣတရီတရယောဂေ -(တပါးတပါးနှင့် ယှဉ်ရာဖြစ်**သော**)အသမာဟာရ ဒွန်အရာ၌၎င်း၊ နာမသမုစ္စယော-၂ ပါးသောနာမ် များစွာ သော နာမ်တို့ကို ပေါင်းစည်းရာဖြစ်သော အနက်ကို၊ ( ဝိဓိယတော-စီရင်အပ်၏၊ သော - ထိုသမာသ်သည်၊) ဒွန္ဒော- ဒွန်မည်၏၊ **အတြ**-ဤ ဒွန်သမာသ်၌၊ **အစ္စိတ·ပ္ပသရံ** - ပူဇော်အပ် မြတ်သော သဒ္ဒါ , နည်း**သော** သရရှိသော သဒ္ဒါသည်၊ ဗဟုံ-များ**သော**အ**ာ**းဖြင့်၊ ပုဗ္ဗံ-ရှေ့၌၊ ဝါ-ရှေ့က၊ **ဘဝေ**။

၆၅။ **သမာဟာရေ၊ ပေ၊ ဒွန္ဒော**။ ။ဤစကားဖြင့် သမာဟာရဒွန်, ဣတရေတရယောဂဒွန် ဟူသော ဒွန်သမာသ် ၂ မျိုးကို ပြ၏၊ ဣတရေတရ ယောဂဒွန်ကို အသမာဟာရဒွန်ဟုလည်း ခေါ်၏၊ ထိုဒွန်သမာသ် ၂ မျိုးကို ၎င်း, ကေဝလ, အန္ဝာစယ , ဣတရေတရယောဂ, သမာဟာရ — ဟူသော သမုစ္စည်း ၄ ပါးကို၎င်း ရူပသိဒ္ဓိစာကိုယ်ဘာသာဋီကာတို့၌ ရှုပါ။

**ပုဗ္ဗံ၊ ပေ၊ အစ္စိတပ္ပသရံ**။ ။ ဤ ဒွန်သမာသ်၌ အစ္စိတ — ပူဇော်အပ် (မြတ်သော)အနက်ဟောပုဒ်သည်၎င်း, အပ္ပသရ — နည်းသောသရရှိသော ပုဒ်သည်၎င်း များသောအားဖြင့် ရှေ့ကနေ၏၊ အစ္စိတပုံစံကား-သမဏောစ+ ဗြာဟ္မဏောစ သမဏဗြာဟ္မဏာ, မာတာစ + ပိတာစ မာတာပိတရော, စသည်တည်း၊ ဤပုံစံတို့၌ ဗြာဟ္မဏထက် သမဏသည် မြတ်၏၊ အဘထက် အမိသည် မြတ်၏၊ ထို့ကြောင့် သမဏနှင့် မာတုတို့ ရှေ့ကနေရသည်။

အပ္ပသရ ပုံစံကား— ယုဂဠ္ဌ+နင်္ဂလဉ္စ ယုဂနင်္ဂလံ၊ ယမောစ+ဝရုဏောစ ယမဝရုဏာ (ယမနတ် ဝရုဏနတ်တို့)၊ ဤပုံစံတို့၌ ယုဂပုဒ် ယမပုဒ်တို့သည် သရ ၂ လုံးစီသာရှိ၍ နင်္ဂလပုဒ် ဝရုဏပုဒ်တို့က သရ ၃ လုံးစီရှိသည်၊ သရချင်း တူနေလျှင်ကား ဣဝဏ္ဏ ဥဝဏ္ဏန္တ ၂ မျိုးတွင် ဥဝဏ္ဏန္တပုဒ်က ရှေ့နေ၏၊ “ ဓာတုလိင်္ဂါနိ ” စသည်တည်း၊ အကာရန္တချင်း တူနေပြန်လျှင် အစ၌ သရ ရှိသော အကာရန္တပုဒ်က ရှေ့နေ၏၊“အတ္ထဓမ္မာ”စသည်တည်း၊ ဤပြခဲ့သော ရှေ့နောက် စဉ်ပုံသည် များသောအားဖြင့် မှတ်ဘွယ်တည်း၊ အကျယ်ကို ရူပ သိဒ္ဓိမှာ ရှုပါ။

www.dhammaransi.com



၆၆။ ဝိဘတျာဒေါ·ဗျယာ ယတြ , သော ဗျယီဘာဝ ဣဿတေ၊
ပရာဒယော ပဉ္စမိယာ, ဆဋ္ဌိယာ ဩရမာဒယော။

၆၆။ ယတြ-အကြင် သမာသ်၌၊ ဝိဘတျာဒေါ - ဝိဘတ် အနက် အစရှိသော အနက်၌၊ အဗျယာ - အဗျယ အမည်ရသော ဥပသာရ နိပါတ်ပုဒ်တို့ကို၊ ( သမသျန္တေ - ချဉ်းစပ်အပ်ကုန်၏၊ ) သော - ထို သမာသ်ကို၊အဗျယီဘာဝေါ-အဗျယီဘောသမာသ်ဟူ၍၊ဣဿတေ-အလိုရှိအပ်၏၊ ပရာဒယော-ပရိအစရှိသော ပုဒ်တို့ကို၊ ပဉ္စမိယာ-ပဉ္စမျန္တပုဒ်နှင့်၊ သမသျန္တေ-နှ်၏၊ ဩရမာဒယော – ဩရံ အစရှိသော ပုဒ်တို့ကို၊ ဆဋ္ဌိယာ-ဆဋ္ဌျန္တပုဒ်နှင့်၊ သမသျန္တေ-ချဉ်းစပ်အပ်ကုန်၏။

**၆၆။ ဝိဘတျာဒေါ၊ပေ၊ဣဿတေ။** ။အဗျယမည်သော ဥပသာရ နိပါတ်ပုဒ်တို့ကို ဝိဘတ်အနက် စသည်၌ သမာသ်စပ်လျှင် ထို သမာသ်သည် အဗျယီဘောသမာသ် မည်၏၊ ဝိဘတျာဒေါ၌ အာဒိဖြင့် သာဒိသျတ္ထ,သမ္ပတ္တိ အတ္ထ, ဝိစ္ဆတ္ထ, ပစ္ဆာတ္ထ, ယထာတ္ထ, ကေတ္ထတို့ကိုရင်း, သမီပ, ,အဘာဝ, သာကလျအနက်တို့ကိုရင်း ယူပါ။

ဝိဘတ္တိ သာဒိသျ သမ္ပတ္တိ, ဝိစ္ဆာ ပစ္ဆာ ယထေကထာ၊
သမီပါဘာဝသာကလျာ, ဒသဓေ၀ သုအာဒယော။

ဝိဘတ္တိ၊ပေ၊ ကတ္ထာ – ဝိဘတ္တိအနက် ၊ပေ ၊ ကေသဒ္ဒါ၏ အနက်တို့ရင်း၊ [ကတ္ထာ—ဟု ဆိုလိုလျက် ဆန်းကြောင့်“ကထာ”ဟု ဆိုထားသည်။] သမီပါဘာဝသာကလျာ – တို့ရင်း၊ ဣတိ – ဤသို့၊ သုအာဒယော – သုဝိဘတ် အစရှိသော အနက်တို့သည်၊ ဒသဓေ၀—ဆယ်ပါးပြားကုန်သည်သာ။

**ဝိဘတ်နက်။** ။ဝိဘတ်၏ အနက်၌ အဗျယပုဒ်နှင့် နာမ်ပုဒ်တို့ကို စပ်ရာ သမာသ်သည် ဝိဘတျတ္ထအဗျယီဘော မည်၏၊ ဣတ္ထီသူတိ အဓိတ္ထိ, ကထာ ပဝတ္တာ၊ “ဣတ္ထီသု ” ဟူသော သတ္တမီဝိဘတ်၏ အနက်၌ အဓိဥပသာရနှင့် ဣတ္ထီနာမ်ပုဒ်ကို သမာသ်စပ်ထား၏၊“အဓိတ္ထိ-မိန်းမတို့၌”ဟု ပေး၊“ကထာ-စကားသည်၊ ပဝတ္တာ-ဖြစ်၏” ကား အဓိဣ၏ စပ်တို့ရာ အပိုထည့်ပါ၍သာ တည်း၊ “ဣတ္ထီသု+အဓိကိစ္စ ယာကထာ ပဝတ္တာ, သာ အဓိတ္ထိ– မိန်းမတို့၌ စွဲ၍ဖြစ်သောစကား”ဟု ပြုကြ၏၊ ထိုအတိုင်းမှန်လျှင်“ယာကထာ”ဟူသော အညပုဒ် အနက်ရသောကြောင့် ထိုဝိဂ္ဂြိုဟ်ကို စဉ်းစားပါလေ။

**မှတ်ချက်။** ။ “ ဝိဘတ်နက် ” ဟူရာ၌ သတ္တမီဝိဘတ်ကိုသာ ယူသော ကြောင့် ဂါထာ၌ “ သုအာဒယော” ဟု ဆိုထားသည်၊ အခြား ကျမ်းများ ၌ကား အခြားဝိဘတ်၏ အနက်ကိုလည်း ယူကြပါသေး၏။

www.dhammaransi.com



**သာဒိသျဿ**။ ။ တူသည်၏ အဖြစ် ( တူခြင်း ) အနက်၌ စပ်သည်၊ သဒိသော + ကိဓိယာ သကိဓိ၊ ကိဓိယာ — မျောက်နှင့်၊ ဝါ — မြွေခွေးနှင့်၊ (နက်သောကင်းမနှင့်)၊ သဒိသော-တူသော သတ္တဝါတည်း၊ သကိဓိ - တွာ၊ [သရူပတ္တ၌ " ကိဓိယာ- ယစ်မနှင့်၊ သဒိသော, သကိဓိ "ဟု ရှိသည်ကား မောဂ္ဂလ္လာန်နှင့် မတူ။] သဒ္ဒနီတိ၌"ရူပေန-သုတိအားဖြင့်၊ ဝါ - ပုံသဏ္ဍာန် အားဖြင့်+သဒိသော—တူသည်တည်း၊ သရူပံ—သုတိတူသည် "ဟု ဆို၏။

**သမ္ဗုတ္တိအဿ**။ ။သမ္ဗုတ္တိသည် အတ္တသမ္ဗုတ္တိ- အတ္တဘော၏ ပြည့်စုံခြင်း, သမိဒ္ဓိ—ဓညစသည်တို့၏ပြည့်စုံခြင်း,ဟု ၂ ပါး ပြား၏၊ သမ္ပန္နံ—ပြည့်စုံသော၊ ဗြဟ္မံ - လက္ခဏဝိမင်းတို့၏ကိုယ်တည်း၊ သဗြဟ္မံ- ကိုယ်၊ ဘိက္ခာန်- တို့၏၊ သမိဒ္ဓိ— ပြည့်စုံခြင်းတည်း၊ သုဘိက္ခံ။ [မဂဓာနံ—မဂဓတိုင်းတို့၏၊ သမိဒ္ဓိ, သုမဂဓံ။]

**ဝိစ္ဆာ,ပစ္စာဿ**။ ။အနုံအနု+အဒ္ဓမာသံ အန္ဝဒ္ဓမာသံ-လခွဲတိုင်း၊["အမ္ဗ မာသံ အမ္ဗမာသံ+အနု အန္ဝမာသံ"ဟုလည်း ပြုကြ၏၊] အနုအနု+ဃရံ အနု ဃရံ— အိမ်စဉ်၊ ယေယေ + ဝုဍ္ဎာ ယထာဝုဍ္ဎံ — အကြင် အကြင် ကြီးသူတို့ (ကြီးစဉ်ငယ်လိုက်)၊ အတ္တနိ အတ္တနိ ပစ္စတ္တံ — မိမိမိမိ၌။ [ " ပစ္စတ္တံ ဝေဒိ တဗ္ဗော ဝိညူဟိ"—ပါဠိ၊ " အတ္တာနံအတ္တာနံ ပတိ ပစ္စတ္တံ- မိမိမိမိကိုစွဲ၍ " ဟု ပြုကြသည်ကား ထိုပါဠိတော်၏အနက်နှင့် မလျော်။] ........ရထဿ+ပစ္ဆာ အနုရထံ— ရထား၏နောက်၊ အနုဝါတံ-လေ၏နောက် (လေစုံ)။

**ယထာဿ**။ ။ယထာသဒ္ဒါ၏အနက်သည် ယောဂ္ဂတာ, ဝိစ္ဆာ, ပဒတ္ထာ နာတိဝတ္တိ, သာဒိဿ, အာနုပုဗ္ဗိယအားဖြင့် များ၏၊ ထိုတွင် "ယောဂ္ဂတာ- သင့်လျော် လျောက်ပတ်သည်၏အဖြစ် " အနက်၌ ပုံစံကား , ယောဂ္ဂံ — သင့်လျော်သော+ ရူပံ-သဘောတည်း၊ အနုရူပံ— သင့်လျော်သောသဘော၊ အနုသည် ယထာအနက်ဟောတည်း၊ ကမဿ+ယောဂ္ဂံ ယထာက္ကမံ—အစဉ် အားလျော်၏၊ ဝိစ္ဆာအနက်ဟော ယထာ၏ပုံစံကို " ယောယော + ကမော ယထာက္ကမံ— အကြင်အကြင် အစဉ်အတိုင်း"ဟု ထုတ်ပါ၊ ပဒတ္ထာနာတိဝတ္တိ- ပုဒ်အနက်ကို မလွန်ခြင်းအနက်၌ ပုံစံကား-သတ္တိံ+အနတိက္ကမ္မ ယထာသတ္တိ- သတ္တိကိုမလွန်မူ၍၊ ဝါ—သတ္တိရှိသလောက်၊ ယထာဗလံ-စွမ်းအားရှိသလော်၊ သာဒိသျကို "သကိဓိ"ဟု ပြခဲ့ပြီ၊ အာနုပုဗ္ဗိယ (အစဉ်အတိုင်း) အနက်၌ ပုံစံ ကား—ဇေဋ္ဌာနုက္ကမေန အနုဇေဋ္ဌံ-ကြီးသူတို့၏အစဉ်အားဖြင့်။

**ကေဿ**။ ။ တပြိုင်နက်သော ကာလအနက်ကို " ကေဿ " ဟု ဆို၏၊ မောဂ္ဂလ္လာန်၌ " ယုဂပဒတ္ထ " ဟု ခေါ်၏၊ စက္ကေန + သဟ သစက္ကံ— စက် လက်နက်နှင့်တပြိုင်နက်၊ နိဓေဟိ — သိုမှီး သိမ်းထားလိုက်လော၊ သဒ္ဒနီတိ၌ "အပုဗ္ဗာစရိမေ ကေက္ခဏော"ဟု ဆို၍"စက္ကေန+သဟ သစက္ကံ-စက်လက်နက်· နှင့်တကွ+ဓာရဏံ—ဆောင်ခြင်း"ဟု ထုတ်၏။

www.dhammaransi.com



**သမီပတ္ထ**။ ။ဝနဿ+ သမီပံ အနုဝနံ – တောအနီး၊ ဂင်္ဂါယ+ သမီပံ အနုဂင်္ဂံ၊ နဒိယာ + သမီပံ အနုနဒံ– မြစ်၏အနီး၊ [သမာသန္တ အပစ္စည်း သက်၍ ပြီးစေ၊] ဂုန္နံ+သမီပံ ဥပဂု။

**အဘာဝတ္ထ**။ ။အဘာဝအနက်လည်း တွဲဘက် (သမ္ဗန္ဓီ) များသလော်ဝ် ဋ္ဌဒ္ဓါဘာဝ စသည်ဖြင့် များ၏၊ ဋ္ဌဒ္ဓိ+ အဘာဝပုံစံကား, သဒ္ဒိကာနံ– သဒ္ဒါ ဆရာတို့၏၊ ဝိဂတာ–ကင်းသော+ ဋ္ဌဒ္ဓိ–ပြည့်စုံခြင်းတည်း၊ ဒုဿဒ္ဒိကံ-သဒ္ဒါ ဆရာတို့၏ မပြည့်စုံခြင်း။ [ သဂ္ဂုပတ္တဉ္ဇကား “ ဒုဿဒ္ဒိကံ – သဒ္ဒါတရားနှင့် ပြည့်စုံသူတို့၏ အာနုဘော်ကင်းပြီ”ဟု ပါဌ်ရောအနက်ပါ တမျိုးဆိုလေသည်၊ စဉ်းစားပါ။]

**အတ္ထာဘာဝစသည်**။ ။အတ္ထ–အနက်ဖြစ်, အရာဝတ္ထု၏+ အဘာဝ– မရှိခြင်း၊ မက္ခိကာနံ+ အဘာဝေါ နိမ္မက္ခိကံ-ယင်ကောင်တို့၏မရှိခြင်း၊ သဂ္ဂုပတ္တဉ္ဇ ဤအနက်ကို “ သမ္ပဒါ အဘာဝ ” ဟု ဆို၏၊ “ အတိက္ကမာဘာဝ– ကုန်လွန်ခြင်းကြောင့်+မရှိခြင်း” ကား – အတိဂတာနိ+တိဏာနိ (ကုန်လွန် ကုန်သော+ မြက်တို့တည်း၊) နိတ္တိဏံ-မြက်မရှိခြင်း၊ “သမ္ပတိ+ အဘာဝ– ပစ္စုပ္ပန် (လောလောဆယ်ဆယ်) မရှိခြင်း”ကား— အတိဂတံ-လွန်သော+ လဟုပါဝုရဏံ – ပေါ့သော ခြုံထည်တည်း၊ အတိလဟုပါဝုရဏံ – ထည်၊ (ပေါ့သောခြုံထည်ကို သုံးစွဲကာလမဟုတ်တော့–ဟူလို။)

**သာကလျတ္ထ**။ ။ “အလုံးစုံ၏အဖြစ် ” ဟူသောအနက်၌ ပုံစံကား — သဟ+တိဏေန သတိဏံ-မြက်နှင့်တကွ အလုံးစုံ (မြက်ပါ မချန်)၊ အဇ္ဈော ဟရတိ – စားမျို၏၊ သဟ+ မက္ခိကာယ သမက္ခိကံ – ယင်ကောင်နှင့်တကွ အလုံးစုံ (ယင်ကောင်ပါ မချန်)၊ အန္နံ– အစာကို၊ အဇ္ဈောဟရတိ။ [မက္ခိ ကာဟိ+သကလံ သမက္ခိကံ”ဟုလည်း သဒ္ဒနီတိပြု၏။]

**ပရာဒယော ပဉ္စမိယာ**။ ။ မောဂ္ဂလ္လာန် “ ပယျပါဗဟိတိရော ပုရေ ပစ္ဆာဝါ ပဉ္စမျာ”ဟူသော (၅) သုတ်ကို မှီသောစကားဖြစ်၍ အာဒိဖြင့် အပ စသည်ကို ယူပါ၊ ထို ဥပသာရနိပါတ် ( အဗျယ ) တို့သည် ပဉ္စမျန္တပုဒ်နှင့် သမာသ်ဖြစ်ကြ၏၊ ပရိပဗ္ဗတံ–တောင်မှထက်ဝန်းကျင်၊ (“ပရိ+ပဗ္ဗတာ”ဟု ဝါကျလည်း ရှိ၏၊) ဒေဝေါ ဝဿိ–မိုးရွာပြီ၊ အပပဗ္ဗတံ (အပ+ပဗ္ဗတာ ဝါ)-တောင်မှ ဖဲ၍၊ အာပါဋ္ဌလိပုတ္တံ (အာ+ပါဋ္ဌလိပုတ္တာ ဝါ) -ပါဋ္ဌလိပုတ် ပြည်တိုင်အောင်၊ ဗဟိဂါမံ (ဗဟိ + ဂါမာဝါ)–ရွာမှအပ၌၊ တိရောပဗ္ဗတံ (တိရော+ပဗ္ဗတာဝါ) -တောင်မှတဘက်၌၊ ပုရေဘတ္တံ (ပုရေ+ဘတ္တာဝါ)- ဆွမ်းမှရှေ့၌၊ [“ဘတ္တဿ+ပုရေ ပုရေဘတ္တံ”ဟုလည်း အခြားနေရာ၌ရှိ၏၊] ပစ္ဆာဘတ္တံ ( ပစ္ဆာ+ဘတ္တာဝါ )–ဆွမ်းမှ နောက်၌၊ [ “ဘတ္တဿ+ပစ္ဆာ ပစ္ဆာဘတ္တံ” ဟုလည်း ရှိ၏။]

www.dhammaransi.com

**၆၇။ ဆဋ္ဌီတပ္ပုရိသေ ရာဇာ- မနုဿေဟိ ပရာ သဘာ၊
ပဏ္ဏကေ သာလမဏ္ဍပေ, ဆာယာ ဗာဟုလ္လပုဗ္ဗိကာ။**

၆၇။ ဆဋ္ဌီတပ္ပုရိသေ - ဆဋ္ဌီတပ္ပုရိသ်သမာသ်၌၊ ရာဇာမနုဿေဟိ - မင်းပရိယာယ်ဟောသဒ္ဒါ , **အမနုဿ**အနက်ဟော သဒ္ဒါတို့မှ၊ ပရာ–နောက်ဖြစ်သော၊ သဘာ – သဘာသဒ္ဒါသည်၊ သာလမဏ္ဍပေ- အိမ် ကျောင်း **စရပ်** , မဏ္ဍပ် ဗိမာန် အနက်၌လည်း၊ ပဏ္ဏကေ – နပုံလိန်၌၊ (ဟောတိ)၊ ဗာဟုလ္လပုဗ္ဗိကာ– များသည်၏အဖြစ် အနက်ရှေ့သွားရှိသော၊ဆာယာ-ဆာယာသဒ္ဒါသည်၊(ပဏ္ဏကေ ဟောတိ)။

**ဆဋ္ဌီယာ ဩရမာဒယော။** ။[ "ဩရေ ပရိပါဠိပါရေ မဇ္ဈေဟေဋ္ဌုဒ္ဓါ ဓောန္တောဝါ ဆဋ္ဌီယာ"သုတ်ကို မှီသောစကားတည်း၊ ] ဩရအစရှိသော သဒ္ဒါတို့ကို ဆဋ္ဌျန္တပုဒ်နှင့်သမာသ်စပ်၍၊ ဂင်္ဂါယ+ဩရေ (ဩရံ) ဩရေဂင်္ဂံ- ဂင်္ဂါမြစ်၏ ဤဘက်ကမ်း၊["ဩရေ–ဩရံ"ဟု ပါဌ် ၂ မျိုးတွေ့ရ၏၊ ဩရံ ဟု ဆိုလျှင် သမာသ်အရာ၌ အကို ပြေ၍"ဩရေ"ဟု ဖြစ်၏၊ ["ဩရံ+ဂင်္ဂါယ" ဟု ဝါကျလည်း ရှိနိုင်၏၊ နေရာ၌လည်း"သမာသ်ဝါကျ ၂ မျိုးရှိ၏"ဟု မှတ်။]

အာဒိဖြင့် ဥပရိ, ပတိ, ပါရေ, မဇ္ဈေ, ဟေဋ္ဌာ, ဥဒ္ဓံ, အဓော, အန္တော တို့ကိုယူ၊ ဥပရိဂင်္ဂံ – ဂင်္ဂါမြစ်၏ အထက်၊ ပါရေဂင်္ဂံ–ဂင်္ဂါမြစ်၏ ဟိုဘက်ကမ်း၊ မဇ္ဈေဂင်္ဂံ–ဂင်္ဂါမြစ်၏ အလယ်၊ [ပါရေ – မဇ္ဈေတို့ကား ကောရန္တ နိပါတ်တည်း၊] ဥပရိသိခရံ- တောင်ထွဋ်၏ အထက်၊ ဥပရိပါသာဒံ-ပြာသာဒ်၏ အထက်ထပ်၊ သောတဿ+ပတိလောမံ ပတိသောတံ-ရေအယဉ်၏ဆန့်ကျင်ဘက် ( ရေညာ )၊ [ ဤ၌ ပတိသဒ္ဒါသည် နိဝတ္တန (ပြန်နစ်ခြင်း– ရေကို ဆန်ခြင်း )အနက်ဟော၊]ပတိပထံ-ခရီးရင်ဆိုင်၊ဟေဋ္ဌာပါသာဒံ-ပြာသာဒ်၏ အောက်ထပ်၊ ဥဒ္ဓံဂင်္ဂံ-ဂင်္ဂါမြစ်၏ အထက်၊ အဓောဂင်္ဂံ-ဂင်္ဂါမြစ်၏ အောက်၊ အန္တောနဂရံ- မြို့၏အတွင်း၊ ဤသို့ စသည်တည်း၊ [တိဋ္ဌဂု, ဝဟဂု,စသော အဗျယီဘောအဆန်းများကို ကစ္စည်းဘာသာဋီကာ၌ ပြထားပြီ။]

---

၆၇။ **ဆဋ္ဌီ၊ပေ၊ပုဗ္ဗိကာ။** ။ဆဋ္ဌီတပ္ပုရိသ်နှင့်စပ်၍ ထူးသော မှတ်ဘွယ် များကို ပြလိုသောကြောင့် "ဆဋ္ဌီတပ္ပုရိသေ "စသည်မိန့်၊ ရာဇသဒ္ဒါ၏ ပရိယာယ်ဖြစ်သော မင်းအနက်ဟော သဒ္ဒါ, အမနုဿအနက်ဟော သဒ္ဒါတို့မှ နောက်ဖြစ်သော သဘာသဒ္ဒါသည် ဗိမာန်, အိမ်, စရပ်, မဏ္ဍပ်, အနက်ကို ဟောရာ၌ နပုလိန်ဖြစ်၏၊ အများဟောသဒ္ဒါရှေ့ရှိသော ဆာယာသဒ္ဒါသည် နပုံလိန်၌ ဖြစ်၏။

www.dhammaransi.com



**ရာဇာမန္နုဿေဟိ သဘာ**။ ။“ ရာဇ+အမနုဿေဟိ ”ဟု ဖြတ်၊ ရာဇ ဆိုသော်လည်း ရာဇသဒ္ဒါတိုက်ရိုက်မဟုတ်,ရာဇ၏ပရိယာယ်ဖြစ်သော(မင်း) အနက်ဟော သဒ္ဒါများတည်း၊ [ “ ရာဇပရိယာယပုဗ္ဗော, အမနုဿပုဗ္ဗောစ သဘာန္တော တပ္ပုရိသော နပုံသကံ ဘဝတိ”—ပါဏိနိဝုတ္တိ။ ] ပုံစံကား — ဣဿရာန်+သဘာ ဣဿရသဘံ— အစိုးရမင်းတို့၏ အိမ်တော်၊ ဝါ-အစိုးရ မင်းတို့၏ ရုံး၊ နရပတိသဘံ—လူမင်း၏ အိမ်တော်၊ ရာဇသဒ္ဒါတိုက်ရိုက်နောင် ဖြစ်မူ “ရာဇသဘာ” ဟု ဣတ္ထိလိင်သာ ဖြစ်၏၊ ရာဇ၏ ပရိယာယ် မဟုတ်ဘဲ မင်းတယောက်ကို ဟောသော သဒ္ဒါနောင်လည်း ဣတ္ထိလိင်သာတည်း၊ စန္ဒဂုတ္တ သဘာ—စန္ဒဂုတ်မင်း၏အိမ်တော်။

**အမနုဿနောင် သဘာ**။ ။ ဗြဟ္မသဘံ-ဗြဟ္မာ၏ ဗိမာန်၊ ဣန္ဒသဘံ— သကြား၏ ဗိမာန်၊ ရက္ခသသဘံ—ရက္ခိုသ်၏ ဗိမာန်၊ သရဘသဘံ - သရဘ မည်သော ရက္ခိုသ်တို့၏ အိမ်၊ ပိသာစ သဘံ-မြေဘုတ်တဆေ၏ အိမ်၊ မနုဿ အနက်ဟော နောင်၌ကား ဣတ္ထိလိင်ပင်၊ ဒေဝဒတ္တသဘာ-ဒေဝဒတ်၏ အိမ်၊ [ သာလာမတ္တေပိ၌ ပိဖြင့် အသာလအနက် ( အိမ် , ဗိမာန် , စရပ် အနက် မဟုတ်သော အပေါင်းအနက်) ကို ဆည်း၍ တရံတခါ “ ဣတ္ထိသဘံ - မိန်းမ အပေါင်း”ဟုလည်းဖြစ်၏၊ ရာဇအမနုဿမှ တပါးသော အခြားသဒ္ဒါနောင် ၌ကား“ဓမ္မသဘာ—တရားသဘင်(တရား မဏ္ဍပ်, ဓမ္မာရုံ)” ဟု ဣတ္ထိလိင် ပင် ဖြစ်၏။ ]

**တတွမေဗဝိနီ**။ ။ သာလဝါစိ သဃာ်တဝါစိစ သဘာသဒ္ဒေါ၊ တတြ ရာဇာမနုဿပုဗ္ဗတ္တော သာလဝါစိနော နပုံသကတ္တံ ဝုတ္တံ။[သံဃာတ-အပေါင်း အနက်ဟောဖြစ်လျှင် နပုံလိင်မဟုတ်၊ ဣတ္ထိလိင်သာ-ဟူလို၊“အနာထသဘာ- ကိုးကွယ်ရာ မရှိသူတို့၏ စရပ်”ဟု ဋီကာ၌ ပြသော ပုံစံလည်း ရာဇအမနုဿ နောင် မဟုတ်သောကြောင့်သာ နပုံလိင် မဖြစ်—ဟု မှတ်။ ]

**ဆာယာ ဗာဟုလ္လပုဗ္ဗိကာ**။ ။အများဟော သဒ္ဒါ၌ရှိသော ဆာယာ သဒ္ဒါလည်း နပုံလိင်၌ ဖြစ်၏၊ သလဘာန်-နှံကောင်တို့၏+ဆာယာ - အရိပ် တည်း၊သလဘစ္ဆာယံ-နှံကောင်ရိပ်၊ [ဤ၌ သလဘအမည်ရှိသော ပိုးကောင် ကလေး အများကို “ ဗာဟုလ္လ ” ဟု ဆိုသည်၊ ထိုသို့ ပိုးကောင်ငယ်အများ ရှေးရှိသောကြောင့် “သလဘစ္ဆာယံ” ဟု နပုလ္လိင်ရှိရသည်။ ] သကုန္တာနံ— ငှက်အများတို့၏+ဆာယာ—အရိပ်တည်း၊ သကုန္တစ္ဆာယံ-ငှက်အများတို့၏ အရိပ်၊ ဤသို့ ဗာဟုလ္လပုဗ္ဗိကာ မဟုတ်သော ဆာယာသဒ္ဒါ၏ အတွက်ကား နောက်ဂါထာ၌ ဝါသဒ္ဒါဖြင့် ဝိကပ် ဟု ပြလတ့်။

www.dhammaransi.com



၆၀။ ဝါ ဩသု သေနာ သုရာ သာလာ, နိသာ ဆာယာ ဃမေ ပနာ၊
ဥပညောပက္ကမာ နိစ္စံ, တဒါဒိတ္တပ္ပကာသနေ။

၆၀။ သေနာ – သေနာသဒ္ဒါသည်၎င်း၊ သုရာ–သုရာသဒ္ဒါသည်၎င်း၊ သာလာ-သာလာသဒ္ဒါသည်၎င်း၊ နိသာ-နိသာသဒ္ဒါသည်၎င်း၊ ဆာယာ-ဆာယာ သဒ္ဒါသည်၎င်း၊ ဃမေပန–ဤ သဒ္ဒါတို့သည်ကား၊ ဝါ–ဝိကပ်အားဖြင့်၊ ( ပဏ္ဍကေ- နပုံလိင်၌၊ ) ဩသု– ဖြစ်ကုန်၏၊ တဒါဒိတ္တပ္ပကာသနေ – ထို တွဲဘက်ပုဒ် အနက်၏ အစ၏ အဖြစ်ကို ထင်ရှားပြခြင်းသည်၊(သတိ- ရှိလသော်၊)ဥပညောပက္ကမာ - ဥပညာ သဒ္ဒါ, ဥပက္ကမသဒ္ဒါတို့သည်၊ နိစ္စံ- အမြဲ၊ ( ပဏ္ဍကေ–၌၊ ) ဩသု– ဖြစ်ကုန်၏။

သမာသနိဒ္ဒေသော-သည်၊ နိဋ္ဌိတော-ပြီးပြီ။

၆၀။ **ဝါသု၊ပေ၊ဃမေ ပန။** ။ဝါဟု ဆိုသောကြောင့် ပုံစံကို နပုံလိင် ဇုတ္တိလိင် ၂ မျိုးထုတ်ရသည်၊ ရာဇသေနံ (ရာဇသေနာဝါ)-မင်း၏ စစ်သည် တော်၊ ယဝသုရံ ( ယဝသုရာဝါ)–မုယောဆန်တို့၏ သေရည်၊ ဂေါသာလံ (ဂေါသာလာဝါ)-နွားတင်းကုပ် (နွားတဲ)၊သွနိသံ(သွနိသာဝါ)-နက်ဖန် ညဉ့်၊ ကုဋ္ဋိစ္ဆာယံ (ကုဋ္ဋိစ္ဆာယာဝါ)-ကုဋိအရိပ်၊ ဃရစ္ဆာယံ ( ဃရစ္ဆာယာ ဝါ), ပါသာဒစ္ဆာယံ ( ပါသာဒစ္ဆာယာဝါ)၊ ဤ “ ကုဋ္ဋိ ”စသည်တို့သည် ဗာဟုလ္လမဟုတ်၊ ထို့ကြောင့် ရှေ့၌ မပါဘဲ ဤဂါထာ၌ ပါရသည်။

**ဥပညော၊ပေ၊ပကာသနေ** ။ ။ နဂိုရ်က ဇုတ္တိလိင်ဖြစ်သော ဥပညာ သဒ္ဒါ, ပုံလိင်ဖြစ်သော ဥပက္ကမသဒ္ဒါတို့သည် မိမိတို့တွဲဘက် ရှေ့ပုဒ်အနက်၏ အစကို ထင်ရှားပြရာ (ဟောရာ)၌ အမြဲ နပုံလိင်ဖြစ်၏၊ ပုံစံကား – ပါဏိ နိယောပညံ (ပါဏိနိယ+ဥပညံ) –ပါဏိနိကျမ်း၏အစ၊ ဝါ–ပါဏိနိကျမ်း၌ အခြေပါဒအဖြစ်ဖြင့် သိအပ် (သင်ယူအပ်)သော အခဏ်း၊ ကစ္စာယနော ပညံ-ကစ္စည်းကျမ်း၏ အစဆုံးသိအပ် သင်အပ်သောသုတ်စဉ်အခဏ်း၊ ပါဏိ နိယောပက္ကမံ–ပါဏိနိကျမ်း၏ ပဌမအားထုတ်အပ်သောအခဏ်း။ [ ဝေဒေါ ပညံ– ဝေဒကျမ်း၏ အစဆုံးသင်ရမည့်အခဏ်း၊ စန္ဒောပညံ – စန်းကျမ်း၏ အစဆုံးသင်ရမည့်အခဏ်း၊ ဝေဒေါပက္ကမာနိ ဓမ္မာနိ – ဝေဒကျမ်း၏ အစစွာ အားထုတ်အပ်သောအကျင့်တို့။]

**သမာသနိဒ္ဒေသအဖွင့် ပြီး၏။**

www.dhammaransi.com



**တဒ္ဓိတနိဒ္ဒေသ**

**၆၉။ သမ္ဗန္ဓေ ကာရကေ ပိဏ္ဍေ, ဘာဝေ ဝေါဂ္ဂေ ပရတြစ၊**
**ကထျန္တေ တဒ္ဓိတာ ရုဠှာ, သမာသန္တာ ဗျယာ အပိ။**

၆၉။ သမ္ဗန္ဓေ- သမ္ဗန်အနက်၌၎င်း၊ ကာရကေ- ကာရကအနက်၌၎င်း၊ ပိဏ္ဍေ-အပေါင်းသမူဟအနက်၌၎င်း၊ ဘာဝေ-ဘောအနက်၌၎င်း၊ ဝေါဂ္ဂေ- အနွယ်ဟူသောအနက်၌၎င်း၊ ဝါ- အပစ္စအနက်၌၎င်း၊ **အ**ပရတြစ–ဆိုအပ်ပြီးသောအနက်တို့မှ တပါးသော "ဣဒံ" **စ**သော အနက်တို့၌၎င်း၊ တဒ္ဓိတာ - တဒ္ဓိတ် ပစ္စည်းတို့ကို၊ ရုဠှာ - တက်ရောက်ကုန်၍ဟူ၍၊ ကထျန္တေ - ဆိုအပ်ကုန်၏၊ သမာသန္တာ- သမာသ်အဆုံး၌ဖြစ်ကုန်သော၊ တဒ္ဓိတာ-တဒ္ဓိတ်ပစ္စည်းတို့သည်၎င်း၊ အဗျယာ - အဗျယ မည်ကုန်သော၊ တဒ္ဓိတာ အပိ - တို့သည်၎င်း၊ ဟောန္တိ-ရှိကုန်၏။.... တဒ္ဓိတနိဒ္ဒေ**သော**- သည်၊ နိဋ္ဌိတော–ပြီ။

ကစ္စာယနသာရပ္ပကရဏံ-ကစ္စာယနသာရကျမ်းသည်၊ နိဋ္ဌိတံ။

**၆၉။ သမ္ဗန္ဓေ** ။ ။ တဒ္ဓိတ်ပစ္စည်းတို့သည် သမ္ဗန် စသောအနက်ကို ဟောကုန်၏၊ ဗုဒ္ဓေါ အဿ ဒေဝတာ ဗုဒ္ဓေါ– ဘုရားဟူသော ကိုးကွယ်ရာ နတ်ရှိသူ။ [အဿပုဒ်၏ သမ္ဗန်အနက်ကို ဏပစ္စည်းကဟောပုံ။]

**ကာရကေ** ။ ။ ကတ္တုကာရကစသော ကာရကအနက်ဟောပုံကား– ဗျာကရဏံ+အဓီတေ ဝေယျာကရဏော၊ [ဏပစ္စည်းက အဓီတေ၏ ကတ္တား အနက်ဟောပုံ။] ကုသုမ္ဘေန+ရတ္တံ ကောသုမ္ဘံ–မာလာကျိကျူဖြင့်ဆိုးအပ် သောအဝတ်၊ [ရတ္တံ၏ ကံအနက်ကို ဏပစ္စည်းကဟောပုံ။] ဤသို့ စသည်ဖြင့် ကရဏစသော ကာရကဟောပုံစံများကိုလည်း ထုတ်ပါ။

**ပိဏ္ဍေ**။ ။သမူဟဋ္ဌေကဏ်ဏာ- သုတ်၌လာသော သမူဟအနက်ကိုပင် ပိဏ္ဍဟု ခေါ်၏၊ ပုံစံကား–မနုဿာနံ+သမူဟော မာနုဿကော–လူတို့၏ အပေါင်း၊ သမူဟအနက်ကို ကဏ်ပစ္စည်းက ဟောပုံတည်း။

**ဘာဝေ**။ ။ သဒ္ဒပ္ပဝတ္တိနိမိတ်ဟူသော ဘာဝအနက်ကိုလည်း တဒ္ဓိတ် ပစ္စည်းသည် ဟော၏၊ သုတ္တဿ + ဘာဝေါ သုက္ကတ္တံ - ဖြူသောအဝတ်၏ ဖြစ်ကြောင်းဖြစ်ရာ အဖြူဂုဏ်၊ ဤသို့ စသည်တည်း။

**ဂေါဂ္ဂေ** ။ ။ အပစ္စတဒ္ဓိတ်ကိုပင် ဂေါတ္တတဒ္ဓိတ်ဟု ဆိုသည်၊ ဝသိဋ္ဌဿ + အပစ္စံ ဝါသိဋ္ဌော – ဝသိဋ္ဌရသေ့၏သား၊ သားစဉ် မြေးဆက်ကို "အပစ္စံ"ဟု ဆိုသည်၊ ထိုအပစ္စအနက်ကို ဏပစ္စည်းက ဟော၏။

www.dhammaransi.com



**ဝါသေဋ္ဌ**။ ။ဝါသိဋ္ဌောပုဒ်သည် ပါဠိ၌ ဏကို ပြေ၍ "ဝါသေဋ္ဌော"ဟု ဖြစ်၏၊ [ သာသနာနုရူပဝသေန ( ပရိယတ်သာသနာ ပါဠိတော်အား လျော်သည်၏ အစွမ်းဖြင့် ) ဏကာရဿ ဧကာရတ္တေ ကတေ ဝါသေဋ္ဌောတိ နိစ္စံ ဘဝတိ၊– သဒ္ဒနီတိ။ ] ကစ္စာယန, ကစ္စာန, ကာတိယာယန – ပုဒ်တို့ ပြီးပုံကို ကစ္စည်းဘာသာဋီကာမှာ ရှု။

**သရူပစ္စ** ။ ။ ကစ္စာယနသရူပတ္တ္၌ ဂေါတ္တ အရတွင် ဘာတာအနက် စသည်ကိုပါသွင်း၍ " ပိတု+ဘာတာ , ပေတ္တေယျော – အဘ၏ ညီ, အကို (ဘထွေး,ဘကြီး)" "ပိတိတော ဘာတရိ ရေယျဏ်"ဟူသောမောဂ္ဂလ္လာန် သုတ်ဖြင့် စီရင်၊ မာတု + ဘဂိနီ, မာတုစ္ဆာ – အမိ၏ညီမ, အမ (ဒေါ်လေး, ဒေါ်ကြီး )၊ " မာတုတော စ ဘဂိနိယံ ဆော " သုတ်ဖြင့် စီရင်၊ မာတု ပိတု အနက်၌ အာမဟာသက်၍ " မာတာမဟော, ပိတာမဟော – အဖိုး၊ မာတာ မဟီ, ပိတာမဟီ – အဖွား"စသည် ပုံစံထုတ်၏။

**အပရတြ** ။ ။ ဆိုအပ်ပြီး အနက်တို့မှ အခြား အနက်များကိုလည်း ဟော၏၊ နဂရေ+ဘဝါ နာဂရာ- မြို့၌ဖြစ်သူတို့၊ နာဂရာနံ ဣဒံ နာဂရံ–မြို့သူ မြို့သားတို့၏ဥစ္စာ၊ ဤပုံစံ၌ ဘဝအနက် ဣဒံအနက်ကို ဏပစ္စည်းက ဟောသည်။

**သမာသန္တ**။ ။သမာသ်အဆုံး၌ တဒ္ဓိတ်ပစ္စည်းသက်ပုံကား–ဒေဝါနံ+ ရာဇာ ဒေဝရာဇာ၊ [ဋီကာဟောင်းပုံစံ၊ တပ္ပုရိသ်သမာသ်အဖြစ်ဖြင့်"ဒေဝ ရာဇာ " ဟု ဖြစ်ပြီးမှ ကွစိ သမာသန္တစသောသုတ်ဖြင့် အပစ္စည်းသက်ရ၏၊ ထို အပစ္စည်းကိုပင် တဒ္ဓိတ်ပစ္စည်း ဟု ဆိုလိုသတတ်။ ] ဋီကာသစ်၌ကား– သကျဿ+ပုတ္တော သကျပုတ္တော–သာကီဝင်မင်းသား မြတ်စွာဘုရား၊ ဤသို့ သမာသ်ဖြစ်ပြီးနောက် တဒ္ဓိတ်ဏိကပစ္စည်းထပ်၍ " သကျပုတ္တဿ + ပုတ္တာ သကျပုတ္တိယာ – သာကီဝင်မင်းသားဖြစ်သော ဘုရား၏+သားတို့"ဟု ပုံစံ ထုတ်၏၊ သမာသ်အဆုံး၌ တဒ္ဓိတ်ပစ္စည်း ထပ်၍သက်သည်ကို "သမာသန္တ" ဟု ဆိုလိုသည်။

**အဗျယာဒိ**။ ။တဒ္ဓိတ်အဗျယပစ္စည်းများလည်းရှိကုန်၏၊ ဣမသ္မိံကာလေ အဇ္ဇ၊ ဤပုံစံ၌ ဇ္ဇပစ္စည်းသည် အဗျယပစ္စည်းတည်း၊ ဧကဓာ-တပေါင်းတည်း၊ ( ဓာပစ္စည်း )၊ အယံ + ပကာရော ဣတ္ထံ ( ပကာရအနက်၌ ထံပစ္စည်း)၊ အညော+ပကာရော အညထာ၊ (ပကာရအနက်၌ ထာပစ္စည်း)၊ ["အည ထာ+ဘာဝေါ အညထတ္တံ"ကား ထတ္တပစ္စည်းဟု ဆိုကြသော်လည်း ဘော အနက်၌ တ ပစ္စည်းဖြစ်သင့်၏။ ] ဤသို့စသည်ကို ရူပသိဒ္ဓိ၌ ရှုပါလေ။

## တဒ္ဓိတနိဒ္ဒေသအဖွင့် ပြီး၏။

www.dhammaransi.com



# ဘာသာဋီကာ နိဂုံး

သိဒ္ဓိတ္ထု ဘော ဘာသာဋီကာ,ဒေသဘာသာယ သခ်တာ၊
ဗျာချာ ကစ္စာနသာရဿ, သာရသဒ္ဒတ္ထသာရဏာ။

ကစ္စာနသာရဿ - ကစ္စည်းကျမ်းမှ, အနှစ်သာရကို, ကျနကျစ်လစ်, ပြုရာဖြစ်၍, ကစ္စာယန - သာရမည်မှန်း, သဒ္ဒါငယ်ကျမ်း၏၊ ဗျာချာ - နိဿယည်း အဓိပ္ပါယ်, ခတ်လွယ်လွယ်ဖြင့်, အကျယ်ဖွင့်ကြောင်း, ခေတ်မှီကောင်းသော၊ သာရသဒ္ဒတ္ထသာရဏာ-အနှစ်သက်သက်, သဒ္ဒါနက်ကို, မဂ္ဂက်ပိုင်ပိုင်, သိစေနိုင်သော၊ ဒေသဘာသာယ-တိုင်းရင်းဒေသ, ပြောနေကျသည့်, မြန်မာ့ဆိုင်ရာ, အမိဘာသာဖြင့်၊ သခ်တာ- တသန့်တသန့်, အကန့်ကန့်လျက်, ခွံခွံစီရရီ, တည်ကြည်စွာ စီရင်အပ်သော၊ ဘာသာဋီကာ - ဘာသာဋီကာ, အမည်သာသည့်, မှီရာသိပ်သည်း, နိဿယည်းသည်လည်း၊ သိဒ္ဓိတ္ထုဘော - ထောင့်သုံးရာကယ်, နှစ်ဆယ်နှင့်သုံး, တန်ဆောင်မုန်း၌, အားလုံးမှန်းသလောက်, ဆုံးခန်းရောက်ပြန်ပြီ တကား။

သမ္ဗုဇ္ဈယာမိ ထေရာနံ, ယေသာဟံ သမ္ပဂ္ဂဟိတော၊
သာရော သဒ္ဒနိက္ခယေပိ, ပဏ္ဍောမှိ ပကတညုတံ။

ယေသံ ထေရာနံ - အထက် ဝေဟင်, နေအသွင်သို့, မြေပြင်ထင်ရှား, အကြင် ဆရာတော်ဘုရားတို့သည်၊ သမ္ပဂ္ဂဟိတော-အထူးစောင့်ရှောက်, ချီးမြှောက်အပ်သည်ဖြစ်၍၊ အဟံ-သာသနာ့အလုပ်, ကိုယ့်အလုပ်ဟု, ကြိုးကုတ်လျက်သာ, ဤခန္ဓာသည်၊ သာရော-ပြောဆိုဝတ်စား, စိတ်နေများ၌, တရားဖြင့်ညှိ, အနှစ်သိသည် ဖြစ်၍၊ သဒ္ဒနိက္ခယေပိ, သဒ္ဒအရာ,မသေချာလျှင်, ဖွေရှာသုံးသပ်,အဆုံးအဖြတ်၌လည်း၊ ပကတညုတံ - သက္ကတသုံး, ပါဠိသုံးဟု, ရှေးထုံး သိမြင်, ကျွမ်းကျင်သူ၏အဖြစ်သို့၊ ပဏ္ဍောအမှိ-ခေတ်အလျောက်, လေးစားလောက်အောင်, မဖေါက်မသွေ, ရောက်ရပေ၏၊ တေသံထေရာနံ- ကျေးဇူးတော်ရင်, ဂုဏ်အင်ကြီးမား, ထို ဆရာတော်ဘုရားတို့အား၊ သမ္ဗုဇ္ဈယာမိ - ကျမ်းစာရေးသား, ကောင်းမှုများဖြင့်, လေးစားကော်ရော်, ပူဇော်ပါ၏။

www.dhammaransi.com



ဉာဏ်ဝီရိယ။ ။မိမိ၏ သမ္ပတ္တိစက် ၄ ပါးလည်နေပုံကို ကစ္စည်းဘာသာဋီကာ နိဂုံး၌ ပြခဲ့ပါပြီ၊ ထို သမ္ပတ္တိစက် ၄ ပါးတွင် ပယောဂသမ္ပတ္တိဟူသည် ဉာဏ်ဝီရိယပင်တည်း၊ ယခုတဘဝ၌ ကောင်းမှုပါရမီဘက်က အချက်ကျအောင် ဉာဏ်ဝီရိယ ထူထောင်လိုက်လျှင် အစဉ့်တစိုက် လိုက်ကာလိုက်ကာ နိဗ္ဗာန်အထိ ထို သမ္ပတ္တိစက်တို့ လည်နေကြမည်သာတည်း၊ ဤအရေးကိုတွေးမိကာ " ဝီရိယဝတော ကိံ နာမ နသိဇ္ဈတိ-ဝီရိယအား ကြီးမားပြင်းပြသူမှာ မပြီးနိုင်သောအရာ မရှိ" ဟူသော အမိန့်တော်ကို ဦးထိပ်ထား၍ သဒ္ဓါ ပညာ ဝီရိယ သတိ သမာဓိဟူသော မိုလ်ချုပ်တရား ငါးပါးတို့သည် သမ္ပတ္တိစက်ခေါင်း ၄ ခုတပ်ထားသော ခန္ဓာအစဉ် မဂ္ဂင်ယာဉ်ကို နိဗ္ဗာနဓာတ် တဘက်ကမ်း ကပ်အောင် မပြတ်အုပ်စီးလျက် အပြီးတိုင် လည်စေနိုင်ဘို့ရာ ဉာဏ်နှင့်တကွ ဝီရိယကို အဆင့်ဆင့် ထူထောင်ပါအံ့ သတည်း။

**စတုစက္ကံ ဝတ္တိယာန, ယာနံ ဗလပရိဂ္ဂဟံ၊**
**ယာနာယ အမတံပါရံ, ကဿံ ပုရိသကာရိယံ။**

စတုစက္ကံ - သမ္ပတ္တိစက်, ၄ ချက်စုပေါင်း, စက်ခေါင်း ၄ ခု ရှိထသော၊ ဗလပရိဂ္ဂဟံ - ရန်ပေါင်း ခွင်းဖြို , ငါးဦးမိုလ်တို့ , ကိုယ်စီစောင့်ကြပ် , အုပ်ချုပ်အပ် ထသော၊ ယာနံ - အသွား လျင်လျင် , အများတင်လည်း , အားအင်ခိုင်ဖြိုး , မဂ္ဂင်တည်းဟူသော ယာဉ်ပျံတော်ကြီးကို၊ ဝတ္တိယာန - မတိမ်း မစောင်း, လည်စေကြောင်းဖြင့်, ကောင်းစွာအစဉ်, မောင်းကာနှင်၍၊ အမတံပါရံ - ဤဘက်မှာနေ, အားလုံးသေလျက်, ဟိုပြေရောက်မှ, ဘေးကင်းရမည့်, အမတခေါ်, နေပြည်တော်သို့၊ ယာနာယ - ကိလေသာဟူ , ရန်သူပစ်ဖေါက် , မိုး အမြောက်တို့ , မကြောက်မနား, အရောက်သွားခြင်းငှါ၊ ပုရိသကာရိယံ - ယောကျ်ားမှန်က , ပြုရဲရမည့် , ကမ္မဋ္ဌာလက်ရိုး, လုံ့လမျိုးကို၊ ကဿံ - ငါးဦးမိုလ်ချုပ်, အဖေါ်လုပ်၍, မဆုတ်ရစေ, .... ပြုလုပ်ပေအံ့ သတည်း။

**ကစ္စာယနသာရ ဘာသာဋီကာ**
**ပြီး၏။**

www.dhammaransi.com